
www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဧပြီလ၊ အတွဲ(၇)၊ အမှတ်(၁၀)

# ရွှေအမြုတေ

မဂ္ဂဇင်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်း

အောင်စေပိုင် စီစဉ်ဖန်တီးသည်

9 MAR 2013

၂၀၁၃ ခုနှစ်၊ ဧပြီလ
အတွဲ(၇)၊ အမှတ်(၁၀)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

### ဗိုလ်တထောင်ရပ်သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်၏အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com


### သက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ၊
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ၊
ဂစ္ဆထ တုမှေ ဘိက္ခဝေ သကံ သကံ သေနာသနံ၊


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ









## ဘာသာရေးဘုရားသမိုင်း


- မွန်ပြည်နယ်မှ ကျိုက်သလ္လံစေတီတော် ... မောင်မိုးဦး ၇
- သသာနာဝေဖြိုး ဦးနန်းချိုး ... ဗေဒသုတေသီဆရာမျိုး ၁၀
- ပုလောမြို့နယ် ကမ္ဘာလုံးတောင်မှ. . . . . ... မြမဥ္ဇူဝေ(ကျုံမငေး) ၁၉
- ကုန်းဘောင်မင်းများနဲ့ မန်းရွှေစက်တော် ... တင်နိုင်တိုး ၃၇
- ဆံတော်ရှင် ကျိုက်ကမော့ ဆုတောင်းပြည့်စေတီတော် ... ချစ်မင်းသူ ၆၈
- သမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်နှင့်. . . ... ခင်ခင်ဝင်း(မောရဝတီ) ၁၁၂


## ဘာသာရေးသုတ/ရသဆောင်းပါး


- ရာဇဂုရှ ပယင်းတွင်းဆရာတော် ... ဓမ္မာစရိယဦးဌေးလှိုင် ၂၄
- ငြိမ်းအေးချမ်းသာ. . . . . ... ခင်(တောင်ကြီး) ၃၉
- အာစရိယပူဇော်ပွဲ ပိဋကပါတ်ဆွမ်းဒါနနှင့်. . . . . ... ယောဂီစောလွင် ၄၇
- တုနှိုင်းမသာ အမေ့မေတ္တာ ... ခင်မောင်ချို(ရေစကြို) ၇၆
- အနှိုင်းမဲ့သော ပန်းတစ်ပွင့် ... စံရိပ်ငြိမ်ဆရာတော် ၈၀
- မြတ်သောနေခြင်းနှင့် မင်္ဂလာဆောင်ပါ ... ထူးအံ့ဝေ ၈၆
- နုပျိုကျန်းမာ အစားအစာ ... မုံရွာနေဇာ ၉၇
- ဝဋ္ဋနာဒီပနီ ... သုခ ၉၆
- သင်ခန်းစာများကို မိတ္တူပွားခြင်း ... ဥဩချောင်မှူး(လှိုင်လင်) ၁၀၇
- စိတ်ဝင်စားဖွယ်ကောင်းသော စာတစ်စောင်နှင့်. . . ... မေတ္တာရှင်ရွှေပြည်သာ ၁၂၆


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- ကြွေးတောင်းမရ စီးပွားကျလို့ ... ကျော်သန်းစံ ၅၂
- ပိတ်ထားလေးအေးရွာ မတော့ချောင်းဆရာတော် ... ချစ်မုန်းခင် ၅၉
- ဗုဒ္ဓနုဂ္ဂဟ (၂၇)လုံး ပုတီးစိပ်နည်း ... ရမည်းသင်းကျော်ထင် ၆၀
- ဂါထာလေးလုံး စမကြီးသုံး ... အမျိုးလှ ၉၀
- မှုလွဲသော်လည်း အစွမ်းသတ္တိချင်းတူမျှသော. . . . . ... အေးရွှေ(ဇီးကုန်း) ၁၂၀


## တိုင်းရင်းဆေး


- ကာလသားရောဂါအတွက်. . . . . ... ဝင်းဇော(သုံးဆယ်) ၇၈
- လေးဘက်နာအတွက် ဆေးမခက်စေရာ. . . . . ... ဧရာမြေကျော်ဝေ ၁၁၉
- စွဲသောက်ဖို့မလိုတဲ့ ချွဲပျောက်ဆေး ... မြလေးဖြူ(ဖြူး) ၁၉၉
- ကလေးအတက်ရောဂါနှင့် တောကင်းခြေများ ... ကိုသက်ရှည် ၂၁၂
- အမျိုးသားကျန်းမာရေး. . . . . ... ကျော်တင့်ဆွေ ၂၄၀
- ကျောက်သလင်းရွက်နှင့် လိပ်ခေါင်းနာ ... ပေါ်လွင်ဦး(. . .) ၂၇၈
- သစ်မြစ်ရွက်ခေါက်. . . . . ... ဆရာမကြီးဒေါ်စိန်သန်း ၂၉၂


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ



## ဗုဒ္ဓဝင်ရသ


| | | | |
|---|---|---|---|
| ...ရဲ့ တေယာကြော | ... | ပန်းမြိုင်လယ်စိန်ဝင်း | ၅၃ |
| ...တေး အေးချမ်းသည့်မေတ္တာ | ... | ဇွဲလုလင်(မအူပင်) | ၆၄ |
| ...ကြီးမား တဲ့ရဲ့စကား | ... | နန္ဒာမိုးကြယ် | ၁၀၇ |
| ...အလွမ်း | ... | မောင်သာမန်(ဖီးကုန်း) | ၁၄၉ |


## အထွေထွေသုတ၊ ရသဆောင်းပါး


| | | | |
|---|---|---|---|
| ...ကျောင်း | ... | ကိုအေးမြင့်(ရွှေ/သု) | ၃၀ |
| ...ကိုရင်း၌ အသက်ဆက်ရှင်စေ | ... | တွင်းကြီးသားတင်ဝင်းဦး | ၁၆၁ |
| ...တျင် တာရာထွန်းပေလိမ့် | ... | မောင်ရဲလူ | ၁၆၆ |
| ...န်မြို့လယ်ရှိ တန်ခိုးကြီးစေတီ | ... | မောင်လင်းအောင် | ၁၇၄ |
| ...ပ်စင် | ... | သုတအံ့ | ၁၈၁ |
| ...ချိန်ဟောနည်းစံနစ် | ... | ဆရာဝေယံဦး | ၁၈၉ |
| ...င်းတမံချောင်းအော်သံ | ... | မောင်စိုးထိုက်(သုံးဆယ်) | ၂၂၃ |
| ...သစ်မင်္ဂလာ ဟောကိန်းအဖြာဖြာ | ... | မှော်စရိယဦးအောင်ကျော်မိုး | ၂၃၄ |
| ...ဟာရနှင့်ကျန်းမာရေး | ... | ရွှေဥဒေါင်း | ၂၅၂ |
| ...နှ၌သကြိန် စကားပြေကျမ်းလာ. . . . . | ... | အောင်ကောင်းမြ(သာကေတ) | ၂၆၅ |


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


| | | | |
|---|---|---|---|
| - အိမ်မည်းလူမည်းနောက်ဆက်တွဲကား | ... | မင်းရဲကျော် | ၁၅၆ |
| - အိပ်မက်ဆန်သောညတစ်ည | ... | မင်းအောင်ကျော် | ၁၈၄ |
| - နှုတ်ဆက်ကြပါစို့ | ... | ပန်းတနော်နောင်လတ် | ၁၉၄ |
| - ဆင်ပေးမရ ဆံမြည္ဘာကေ | ... | ကောင်းသော် | ၂၀၀ |
| - သူတို့လည်းကြောက်တတ်တယ် | ... | မောင်မြင့်မား(ဘိုကလေး) | ၂၁၄ |
| - မေရီမ | ... | အောင်ငြိမ်းလှိုင် | ၂၂၈ |
| - ထူးထွေဆန်းပြား သိမ်ဘုရား | ... | နေမင်းလတ် | ၂၄၁ |
| - ယင်ကောင်ပေးတဲ့ပုစ္ဆာ | ... | ဘနှင်း(မြန်မာပြန်) | ၂၅၅ |
| - အချစ်ဆုံးမို့ခြောက်ပြချင်ပါတယ်. . . . . | ... | ဆွေမြင့်သူ(ကြေး/မြေ) | ၂၆၉ |
| - မဲကြီးအချစ် မဲကြီးမေတ္တာ. . . . . | ... | နေမင်းသူရိန် | ၂၈၃ |
| - ကျိန်စာတိုက်ထားသောကြိုး | ... | တင်မောင်မောင်(ပေါက်ကုန်း) | ၂၉၇ |
| - မြာပွေ့တဲ့ မောင်စေ | ... | မြသိန်း | ၃၀၇ |
| - မီးရှပ်တု | ... | မင်းမြင့်နိုင်(ဘူးသီးတောင်) | ၃၁၁ |
| - မရဏဝိညာဉ် | ... | စိုးဝေ | ၃၂၀ |
| - ကိုယ်ပွားဝိညာဉ် | ... | မြရာပင်မောင်တင်ယုံ | ၃၂၅ |
| - အန္တရာယ်ည | ... | ဆန်းဝင်း(အောင်မြေ) | ၃၃၀ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပဉ္စဂုဏ် အပယ် ဝန္တာမိ

**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ကိုကိုလှ(ကမာမြေ)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ဌေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စက္ကူ၊ ကျော်စိုးညိန်း၊ ဆုးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)


**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |









## အဆောင်၊ အစီအရင်၊ ယတြာ


- နှစ်သစ်မှာ ကျန်းမာချမ်းသာစေရန် ... သက်နှင်းဆွေ(ပုပ္ပါး) ၁၄၂
- နာတာရှည် လူမမာအတွက်ယတြာ ... နတ်မောက်မှတ်ကျောက် ၂၀၇
- ၁၃၇၅ ခုနှစ်၊ မြန်မာနှစ်ကူးယတြာများ ... ဆရာမြတ်ထွဋ်ခေါင် ၂၁၈
- ဤနှစ်သစ်မှာ မင်္ဂလာစကားလက်ဆောင်ကြားအံ့ ... ခေတ္တရာဆရာကျော် ၂၂၀
- မြန်မာသင်္ကြန် ၁၃၇၅ ခုနှစ်မှာ ဘယ်လို........ တက္ကသိုလ်စိုးမိုးနိုင် ၂၇၄
- ကံကောင်းစေမည့် အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၂၈၁
- ၁၃၇၅ ခုနှစ်၊ နှစ်ဆန်း(၁)ရက်၊ ဗုဒ္ဓဟူးနေ့အတွက်... သစ္စာဝါဒီမြတ်စောလင်း ၂၈၉
- ဦးသူတော်၏ နေ့စဉ်အောင်မြင်ရာ ဘဝလမ်းညွှန်... ချစ်ဆိုင် ၃၀၃
- နှစ်ကူးမှာ လာဘ်ထူးဝင်ရန် ... ဝသုန်ဟိန်းထက် ၃၁၈


## အသုံးချပညာရပ်များ


- ၂၀၁၃၊ ဖေဖော်ဝါရီလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု ၁၂ ရာသီ လင်္ဂပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၁၃၂
- ၂၀၁၃၊ ဖေဖော်ဝါရီလ၊ တြင်းရုပ်အဟောစာတမ်းများ ... ဗေဒါစရိယဦးအောင်ကျော်မိုး ၁၇၀
- ၂၀၁၃၊ ဖေဖော်ဝါရီလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၂၄၈
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၇၉
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၉၃
- ၂၀၁၃၊ ဖေဖော်ဝါရီလအတွက် လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွဋ်ခေါင် ၃၃၅


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ကျိုက်သလွံဘုရားရင်ပြင်ရှိ ရန်ပြေမာန်ရှင်း ကြေးသွန်းဘုရား
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# မွန်ပြည်နယ်မှ ကျိုက်သလ္လံစေတီတော်

မောင်မိုးဦး



လူတို့သည် အပန်းဖြေခရီး၊ ဗဟုသုတခရီး၊ ဘုရားဖူးခရီး စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးဖြင့် ခရီးထွက်ကြသည်။ ခရီးထွက်ခြင်းသည် စိတ်ကို လျှော့ဖွပ်ခြင်းဖြစ်သည်ဟုလည်း ဆိုကြသည်။ သို့သော် ခရီးထွက်ချင်တိုင်း ထွက်လို့တော့ မရပေ။ ငွေကြေးလိုသည်။ အချိန်လိုသည်။ တစ်ခါတရံ ငွေကြေးအဆင်ပြေသော်လည်း အချိန်က မအားလပ်။ အချိန်အားသည့်အခါ ငွေက အဆင်မပြေနှင့် ခရီးထွက်ဖို့ ဖြစ်မလာခဲ့ပေ။ ထို့ကြောင့် အချိန်နဲ့ ငွေကြေး တစ်ထပ်ကျမှသာ ခရီးထွက်ဖြစ်ပေသည်။ ထိုအခါ မြင်ကွင်းသစ်တွေနဲ့အတူ ခံစားမှုအသစ်တွေကို ရရှိနိုင်သည်။

ကျွန်တော်သည်လည်း အပေါင်းများကို စိတ်ပျက်သူပီပီ ခရီးထွက်ချင်သည်။ လုပ်နေကျ အလုပ်များကို မေ့ထားချင်သည်။ မိမိ မိသားစုနှင့် သန်းခေါင်စာရင်းတို့ကို ဦးနှောက်ထဲက ယာယီထုတ်ပစ်ချင်သည်။ တကယ်တမ်းမှာတော့ ကျွန်တော်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ တစ်လက်မမှ မခွာဖြစ်ခဲ့ပေ။ ဒီလိုနှင့် တစ်ရက်မှာ ကျွန်တော် ကံကောင်းသွား၏။ မော်လမြိုင်မှ ဆရာဦးလှသောင်း(မင်း သစ္စာ-ကံမ)က ဖိတ်ခေါ်သဖြင့် မော်လမြိုင်ခရီးစဉ်လေးကို စတင်ခွင့်ရခဲ့သည်။

ကျွန်တော်စီးသွားသော "ရာဇာမင်း" အိတ်စ်ပတ်ကားကြီးသည် အောင်မင်္ဂလာအဝေးပြေးမှ နံနက် ၉နာရီထွက်ပြီး ညနေ ၃နာရီတွင် မော်လမြိုင်ဂိတ်သို့ ရောက်ခဲ့လေ၏။ ဆရာကိုယ်တိုင် လာကြိုသဖြင့် ကျေးဇူးတင်ရသလို၊ အားလည်းနာမိသည်။ ထိုညမှာပင် ဆရာက ဦးဇိနဘုရား၊ ဦးခန္တီဘုရားနှင့် ကျိုက်သလ္လံစေတီတို့ကို လိုက်ပို့သည်။ သို့သော် ကင်မရာ



www.burmeseclassic.com

www.burmeseclassic.com

ပါမသွားသဖြင့် အမှတ်တရ ဓာတ်ပုံမရိုက်လိုက်ရပေ။ နောက်တစ်နေ့တွင် ကိုထိန်းလင်းဦးက ဆိုင်ကယ်နှင့် လိုက်ပို့သဖြင့် မဟာမြတ်မုနိဘုရား(မော်လမြိုင်)နှင့် ညက ရောက်ခဲ့သော ကျိုက်သလ္လံစေတီကို ဒုတိယအကြိမ်ရောက်ပြီး ဓာတ်ပုံရိုက်ဖြစ်ခဲ့လေသည်။

•••

မော်လမြိုင်မြို့သည် သံလွင်မြစ်၊ အတ္တရံမြစ်၊ ဂျိုင်းမြစ်တို့ ပေါင်းဆုံရာ မုတ္တမကွေ့၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသော မြို့တစ်မြို့ဖြစ်သည်။ မော်လမြိုင်၏ အလယ်ဗဟိုတွင် တောင်နှင့် မြောက် သွယ်တန်းနေသည့် "နာဂဝီသတောင်" ခေါ် တောင်ရိုးတန်းကို ဖြတ်ကာ အရှေ့နှင့် အနောက် ပိုင်းခြားထားသည်။ တောင်ရိုးတန်းတစ်လျှောက်တွင် ဦးဇိနာ၊ ဦးခန္တီ၊ ကျိုက်သလ္လံ၊ မဟာမြတ်မုနိ စသော တန်ခိုးကြီးဘုရားများနှင့် သာသနိက အဆောက်အအုံများကိုလည်း တွေ့ရသည်။

ကျိုက်သလ္လံစေတီတော်မြတ်သည် မော်လမြိုင်မြို့၏ ကျက်သရေဆောင် အထင်ရှားဆုံး စေတီတစ်ဆူအဖြစ် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ လှိုင်နယ်မြေရှိ နာဂဝံသ ခေါ် သဲလင်းတောင်ထွဋ်တောင်မြတ်တွင် ကိန်းဝပ်တော်မူလျက်ရှိသည်။



* စေတီ၏ ဘွဲ့တော် - သွားတော်ဓာတ်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး။

* တည်နေရာ - နာဂဝံသခေါ် သဲလင်းတောင်ထွဋ် တောင်မြတ်၊ လှိုင်နယ်မြေ၊ မော်လမြိုင်မြို့ မွန်ပြည်နယ်။

* စေတီ၏ ဉာဏ်တော် - ၁၅၀ ပေ။

* ထီးတော်အဝ - ဂ·၅ ပေ။

* ထီးတော်အမြင့် - ၂၅·၅ ပေ။

* အောက်လုံးပတ် - ၃၀၀ ပေ။

* ဗိနပ်အဝန်း - ၄၅၀ ပေ။

* တည်ထားသည့်ခုနှစ် - သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်။

သာသနာသက္ကရာဇ် ၁၅၇ခုနှစ်တွင် မွန်ဘုရင်မင်းမြတ်ဖြစ်သော ရာမညရာဇသည် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်နှင့် သောင်းရင်းမြစ်တို့၏ မြစ်လေးသွယ်ဆုံရာတွင် ရာမညရဲ့ ရမ္မဝတီဟူ၍ မြို့သစ် နန်းသစ်တည်လေသည်။

သာသနာနှစ် ၁၆၁ခုနှစ်တွင် ရာမသုရာဇာဘုရင် နတ်



www.burmeseclassic.com

www.burmeseclassic.com



သလွံ့စေတီတော်မြတ်ကြီးရောင်တော်ကွန့်မြူးနေသောပုံ

ပြီးနောက် သားတော် အိမ်ရှေ့မင်းသားသည် "မွတ်ပိရာဇာ" ဟူသော ဘွဲ့ဖြင့် ထီးနန်းဆက်ခံခဲ့၏။ မြတ်စွာဘုရားသခင် ဓါတ်တော် ၈-ဝါအရ၊ အဋ္ဌနခုနှစ် ၁၁၁၃တွင် မိတ္တီလာပြည်မှ ယ်ခွာပြီး သထုံမြို့သို့ ကြွရောက်တော်မူစဉ် တရားနာလျက် ရှိသော ရသေ့ ၆ပါးက ဘုရားသခင်ကိုယ်စား ပူဇော်ကြည်ညို ရန် ကိုယ်ပွားပေးသနားခဲ့ရန် လျှောက်ထားတောင်းပန်ကြ သောအခါ ဘုရားသခင်က ဆံတော် ၆ဆူ ပေးသနားတော်မူ သဖြင့် မွတ်လအိတောင် တပွရသေ့လည်း ရရှိလေသည်။

ဘုရားသခင် ပရိနိဗ္ဗာန်စံ၍ စန္ဒကူးထင်းပုံထက်၌ ဖုတ် ကျင်းသောအခါ အဓိဋ္ဌာန်ကြောင့် သွားတော်ကို ဂဝမ္ပတိ မထေရ် ပင့်ဆောင်၍ သထုံပြည့်ရှင် မဟာသီရိမဟာသောက မင်းအား ပေးလေသည်။ မင်းကြီးသည် ၃၃ဆူသော သွားတော် ဓာတ်ကို ကျောက်စေတီငယ်ပြုကာ ကိုးကွယ်လေ၏။ မဟာ သီရိမဟာသောကမင်းလွန်သော် သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သထုံပြည်သို့ သာသနာပြု ကြွလာသည့် အရှင် သောတယနှင့် ဥတ္တရမထေရ်နှစ်ပါး၏ ထုတ်ဖော်ပြောပြချက် အရ သထုံပြည့်ရှင် စူဠသီရိမဟာသောကမင်းသည် သွားတော် ဓာတ်တော်တို့ကို ရွှေအိုး ၃၃လုံးဖြင့် သွင်း၍ ရွှေတိုက်သွင်း ပူဇော်ပြီး မည်သူမဆို ကိုးကွယ်လိုလျှင် လာရောက် လျှောက် တိုင်း ယူကြစေဟု အမိန့်ကြေညာ အရပ်ရပ်ကမ်းလှမ်း၍ ယခု မော်လမြိုင်ခေါ်သော ရမ္မာဝတီမြို့က ဒါယကာတစ်ဦး သည် သွားတော်တစ်ဆူရရှိလေသည်။

ရှေးအခါကာလက မြတ်စွာဘုရား ဒေသစာရီ ကြွချီ တော်မူလာစဉ် ရွှေဟင်္သာမင်းဘဝက အစာရှာရာမှ အပြန် အခါတစ်ပါး ရမ္မာဝတီမြို့ ဦး မြို့ဆိပ်ဖြစ်သော နာဂစီသခေါ် သဲလင်းတောင်ထိပ်စွန်းတွင် ရပ်နားခြင်းတို့ကြောင့် မြင့်မြတ် ကောင်းမွန်သော နေရာ၌ မွတ်ပိရာဇာမင်းသည် မှူးမတ်၊ သူဌေးသူကြွယ်၊ ကုန်သည်၊ ဆင်းရဲသားတို့ အစုံအညီ သွား တော်နှင့် ဆံတော်တို့ကို ရွှေကြုတ်၊ ငွေကြုတ်၊ ပတ္တမြားကြုတ် တော်တို့တွင် ရွှေဆင်းတုများ၊ ကြေးပြားရေး ပိဋကတ်သုံးပုံ၊ ရွှေကိုယ်တော်လေးတို့ကို ထည့်သွင်း ဌာပနာပြီး ကျောက်ဖျာ ဖြင့် ပိတ်၍ ဖိနပ်အဖိတောင် ၄၀၊ ဥဿဏှိတော်အတောင် ၅၅ရှိ စေတီကို တည်ခဲ့ကြသည်။

ထို့အပြင် သွားတော်ဓာတ်နှင့် ဆံတော်ရှင် သမိုင်းဝင် စေတီမြတ်ကြီးတွင် ၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်၊ မေတ္တာ အခါတော်နေ့ ၃၀-၈-၂၀၀၄၊ နံနက် ၄နာရီ ၅မိနစ်အချိန်တွင် ရောင်ခြည်တော်ကွန့်မြူးခဲ့သဖြင့် ဂေါပကမှ မှတ်တမ်းတင် ထားသောပုံကိုလည်း ဖော်ပြလိုက်ပါသည်။

ကျိုက်သလွံ့စေတီတော်ကြီး၏ အရှေ့တောင်ထောင့် တွင် ကောဇာသက္ကရာဇ် ၈၈၉ ခုနှစ်တွင် မွန်ဘုရင် သင်္ဂသူရ မင်း လှူဒါန်းခဲ့သော အောင်လံလှွင့် ခေါင်းလောင်းတော်ကို လည်း တွေ့မြင်ခဲ့ရပေသည်။ ထို့နောက် ကျွန်တော်နှင့်အတူ ပါလာသော ကိုခင်မောင်ဦး(ပေါင်)က ပေါင်သို့ အလည်ခေါ် သဖြင့် လိုက်သွားခဲ့သည်။ နောက်တစ်နေ့တွင် ဆရာ ဦးလှ သောင်း၏ အစီအစဉ်ဖြင့် ကျိုက်မရောဘုရား၊ ဖျိုင်းနှစ်ကောင် ဝင်းစိန်တောရနှင့် လျောင်းတော်မူဘုရားကြီး၊ ထိုမှ ဆက်ကာ ဂျုံးဂျုံးကျ ဆရာတော်ကျောင်းနှင့် မုဒုံကန်ကြီးစေတီသို့ သွား ရောက် ဖူးမြော်ခဲ့ကြလေသည်။

(၂၁-၁၀-၂၀၁၂နေ့က သွားရောက်ခဲ့သော မွန်ပြည် နယ် ခရီးစဉ်လေးသို့)■

* * *

မောင်မိုးဦး




www.burmeseclassic.com

www.burmeseclassic.com

# သာသနာဝေဖြိုး ခိုနှန်းချိုး

■ ပေဒသုတေသီ ဆရာမျိုး ■



တောင်ဘက်ခြမ်း လှေကားနေရာမှ ဖူးမြော်ရစဉ်

ဤစာရေးသူ၏ ရွှေညောင်ဖူးသမိုင်း ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်း၌ ပါလာပြီးချိန်တွင် ကျောက်ချပ်ရွာသား ကိုမောင်မောင်မှ စာရေးသူအား ရွှေညောင်ဖူးရွာနှင့် တစ်မိုင်ခန့်အကွာရှိ ကုန်းသာကျေးရွာသို့ ဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ပါလေ၏။ ကုန်းသာရွာ ဦးကျောင်းဆရာတော်မှ ရပ်မိရပ်ဖ ဦးစိန်ကြည်၊ အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဂျပန်တို့နှင့် မိတ်ဖွဲ့ပေးခဲ့လေ၏။ ဦးစိန်ကြည်၏ သားဖြစ်သူ ကိုညီညီ ထပ်မံ၍ ရောက်ရှိလာခဲ့လေ၏။

"ဆရာ··· ရွှေတောင်တော်လေး ဘုရားပွဲတုန်းက ရောက်ခဲ့သေးသလား"

"ဟုတ်ကဲ့၊ ရောက်ပါတယ်။ ကျွန်တော်တောင် ကမ္ဘာလုံးကပ်ကျော် ရွှေတောင်တော်ဆိုတဲ့ ခေါင်းစဉ်နဲ့ သာသနာ့လင်းထိန် ဖေယျသိန်ရဲ့ အခန်းဆက် ဆောင်းပါးအဖြစ် ဆက်လက်ပေးပို့ထားပါတယ်"

"ဟု တ် တ ယ် ၊

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်။ ကျွန်တော်တို့ ဖတ်ရ တယ်။ ဆရာတို့ စာပေပညာရှင်တွေအနေနဲ့ ကျွန်တော် တို့ရပ်ရွာအထိအောင် ကွင်းဆင်းလေ့လာပြီး ကျွန်တော်တို့ ရဲပ်ရွာရဲ့ သာသနာဖွံ့ဖြိုးရေးအတွက် စေတနာနဲ့ ဝါသနာပေါင်း စပ်ပြီး အနစ်နာခံ ဖော်ထုတ်ပေးတဲ့အတွက် ကျွန်တော်တို့ ဆရာ့ကို အထူးပဲ ကျေးဇူးတင်နေကြတာ"


"ဆရာ အဲဒီသမိုင်းရေးဖွဲ့တာ အတော်အောင်မြင်တာဗျ။ ရပ်ရွာရဲ့ စည်းလုံးညီညွတ်ရေးကိုလည်း တစ်ဖက်တစ်လမ်းက အကျိုးဆောင်သွားတဲ့အတွက် ကျွန်တော်တို့က သတင်းကြားပြီး ဝမ်းသာနေကြတာ"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ စာနယ်ဇင်းသမားတွေဆိုတာ ရောက်လေရာမှာ သာသနာအကျိုးအတွက် အမြဲတမ်း ဦးထိပ်ပန်ဆင်လျှက်ပါခင်ဗျာ"


"သာဓုခေါ်ပါတယ် ဆရာရယ်။ ခိုးလည်း ခိုးကျူးကြပါတယ်။ ဒါနဲ့ ဒီည ခိုနန်းချိုဘုရားပွဲရှိတယ်ဗျ။ ရွှေတောင်တော်လေးထက် ပိုစည်တယ်။ သမိုင်းလည်း ပိုပြီးရေးကျလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အဲဒါ ဆရာသွားချင်တယ်ဆိုရင် ကျွန်တော်တို့ရွာ လှည်းကြုံတွေ ရှိပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်ရောက်တုန်း သွားလေ့လာလိုက်ပါ့မယ်"

"မောင်ထွန်းသင်းရေ··· ဆရာ့ကို ခိုနန်းချိုဘုရားဖူးဖို့



ခိုနန်းချိုစေတီ ညနေရှုခင်း




နဂါးစေတီများဝန်းရံထားသော ခိုနန်းချိုဘုရား



www.burmeseclassic.com

www.burmeseclassic.com



လှပသောမုခ်ဦးနှင့် စေတီညီနောင်

BURMESE CLASSIC .com

လှည်းစီစဉ်ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့"

"ဆရာ…ခိုနန်းချိုးရောက်ရင် သဲဗုဓ်က ဆရာလေး ကိုစိုးလွင်နဲ့ ဆက်သွယ်ပါ"

ကုန်းသာရွာမှ သုံးမိုင်အကွာရှိ ခိုနန်းချိုးဘုရားသို့ လှည်းဖြင့် ရောက်ရှိလာကြလေ၏။ ဟိုအဝေးဆီမှ ဈေးဆိုင်တန်းများ၊ အနယ်နယ်အရပ်ရပ်မှ လှည်းများနှင့် ဘုရားဖူးရွာသူရွာသားများ၊ တောင်ပေါ်မှ ရွှေရောင်ဝင်းလက်နေသော ခိုနန်းချိုးစေတီတော်၊ ဒီမြင်ကွင်းတွေကို ပထမဦးစွာ ဓာတ်ပုံမှတ်တမ်းတင်ဖြစ်ပါလေ၏။ ပွဲကလည်း နာမည်ကြီး "ကျောက်ပန်းတောင်း ညီဇော်" ဇာတ်သဘင်အဖွဲ့ပါတဲ့။ ပွဲဈေးတစ်ပတ်ပတ်ကြည့်ပြီး ရွှေညောင်ဖူးရွာသားတွေ ဖွင့်တဲ့ ဆိုင်မှာ လက်ဖက်ရည်သောက်ပြီး ဘုရားစောင်းတန်းဘက်ကို လျှောက်လာခဲ့တယ်။ ဘုရားတောင်ပေါ် တက်တဲ့ အုတ်လှေကားမှာ ထူးခြားဆန်းကြယ်စွာ နဂါးနှစ်ကောင်နဲ့ ခြသေ့နှစ်ကောင် ခံဆောင်ထားတယ်။ လှေကားထိပ်ရောက်တော့ လှပဆန်းကြယ်တဲ့ ခြူးပန်းခြူးနွယ်များနဲ့ အာရုံခံ မုခ်ဦးအပြင် အခင်နဲ့ တင့်တယ်သပ္ပာယ်လှတဲ့ တောင်ထိပ်စေတီညီနောင် မြင်ကွင်းက စာရေးသူရဲ့ အမြင်အာရုံကို ဖမ်းစားလိုက်လေရဲ့။

ဒီနောက် ဘုရားပေါ် တစ်ပတ်ပတ် ဖူးမြော်ပြီး အရှေ့ဘက်ကနေ ခိုနန်းချိုးစေတီရဲ့ ညနေခင်း ရှုခင်းကို ရိုက်ကူးလိုက်တယ်။ ပြီးနောက် ရင်ပြင်ပေါ်သို့ ပြန်ဆင်းလာပြီး အလှူခံဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်နဲ့ ဆက်သွယ်မိတယ်။ ဦးစိုးလွင်က စာရေးသူကို ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ပြီး ဘုရားပရဝုဏ်အနှံ့ကို လိုက်လံ ရှင်းလင်းပြသပေးခဲ့တယ်။


"ဒီဘုရားဟာ ပအိုဝ်းမင်းဆက် ၇ဆက် တည်ခဲ့တဲ့ ဘုရားဖြစ်တယ်။ ခိုနန်းချိုး ဆရာတော်ကြီးဟာ နဂါးဆက်ဖြစ်တာကြောင့် ရင်ပြင်တော် ထောင့်လေးထောင့်မှာ နဂါးစေတီလေးဆူ ဝန်းရံထားတယ်။ ဒီဘုရားဟာ မင်းဟိန္ဒကခေတ်မှာ မကျည်းကန်ရွာသား ကျော့ငဖြေ တည်ခဲ့တဲ့ ဘုရားပေါ့။ မြို့စား ကျော့ငဖြေဟာ ဒီဘုရားကုန်းတော်ပေါ်မှာ ခံတုတ်တွေ လုပ်ခဲ့တယ်။ အုတ်ရိုးမှာ ခိုအိမ်ပုံစံအပေါက်ကလေးတွေ ဖော်ပြီး ကျည်ပစ်ကျည်ကာတွေ စီစဉ်ခဲ့တယ်။ ဒီနေရာဟာ မူလ ခံတုတ် သူ့ရဲခိုနေရာပေါ့။ ဒီနေရာကို အစွဲပြုပြီး ခိုအိမ်ပုံစံချိုးထားလို့ ခိုနန်းချိုးရယ်လို့ ဖြစ်ပေါ်လာတာပဲလေ။ ဒါကြောင့် ဒီခံတုတ်ကို ကျွန်တော့်လက်ထက်မှာ မပျက်စီးရလေအောင် ထိန်းသိမ်းစောင့်ရှောက်ထားခဲ့တာပါ"

ဒါနဲ့ စာရေးသူလည်း ခိုနန်းချိုးဖြစ်ပေါ်လာသည့်သမိုင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



ခိုအိမ်ပုံစံ နန်းချိုးထားတဲ့ ခိုနန်းချိုးဘုရား

BURMESE CLASSIC .com

နေရာအဖြစ်နဲ့ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ဒီနောက် စာရေးသူတို့ အုတ်လှေကားအတိုင်း ပြန်ဆင်းလာကြရင်း…

"ဟိန္ဒူကမင်းက ကျော့ဖြေ သူကို ပုန်ကန်မယ် ဘင်လို့ ဖမ်းဆီးဖို့ ကြိုးစားလို့ ထွက်ပြေးခဲ့တယ်။ တောင်ဘက်မှာ အိုင်စောက်ကန်ကို ထွက်ပြေးတယ်။ အဲဒီကနေ ငှက်မြီး ပေါလံနွယ်မခံရွာတွေကို ပြေးတယ်။ ငှက်မြီးရွာရဲ့ အရှေ့တောင်မှာ ကြွက်မခံတောင်၊ သောက်တဲ့ ရေခွက်ကျန်ခဲ့လို့ ခွက်ဖလားတောင်၊ အဲဒီမှာ နောက်က လိုက်တဲ့ မင်း မျက်စိလည် ကျန်ခဲ့လို့ မင်းဒလယ်တောင်၊ အဲဒီကမှ နန်းခွဲနေလို့ နန်းခွဲလို့ ခေါ်တယ်။"


အောက်ခြေအနေ့စက်မှတ်တွင် ရှေးဟောင်းဘုရားပေါင်း ၂၂ဆူ တည်ရှိသည်။ ထူးခြားချက်မှာ စေတီတော်များ တစ်ဆူနှင့် တစ်ဆူ လုံးဝ ပုံစံမတူခြင်းပင် ဖြစ်ပါသည်။ ထို့နောက် ဦးစိုးလွင်မှ ကျော့ဖြေ တည်ဆောက်ခဲ့သော အောက်ခြေခံတုတ် ကျောက်ဆောင်များကို လိုက်လံ ပြသပေးပါသည်။ ထို့နောက် စာရေးသူတို့ ဘုရားတောင်ပေါ် ပြန်တက်လာကြရင်းနဲ့ ဇာတ်လမ်းဆက်ဖြစ်ခဲ့တယ်။

"ဘုရားပရဝုဏ်မြေနေရာ ၂ကေခွဲလောက် ရှိပါတယ်။ ပုံမှန် ဘုရားပွဲကို အခုလို နတ်တော်လဆန်း ၁၃၊ ၁၄၊ ၁၅ ရက်တွေမှာ နှစ်စဉ် ကျင်းပပါတယ်။ လဆန်း ၁၂ရက်နေ့မှာ အကြိုနတ်ကနားပေးပါတယ်။ ဘုရားနယ်နိမိတ်အနေနဲ့ အရှေ့ဘက်မှာ မိုးကောင်း၊ တောင်ဘက်မှာ တောင်တော်လေး၊ အနောက်ဘက်မှာ ကုန်းသာနဲ့ မြောက်ဘက်မှာ သဲဗုမ်ဖြစ်ပါတယ်။ ကျွန်တော် ဒီဘုရားမှာ ဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ယူစောင့်ရှောက်ခဲ့တာ ၃၂နှစ် ရှိပါပြီ။ ကုန်းသာအုပ်ချုပ်ရေးမှူး ဦးအောင်မိုးနဲ့ နွယ်နွဲရွာ အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့ကလည်း ပူးတွဲ ဥက္ကဋ္ဌများ ဖြစ်ကြပါတယ်။ အခု ကျွန်တော့်အသက် ၇၀ပါ။ ဒီရွာ(သဲဗုမ်)က ဂေါပကအဖွဲ့ဝင် ၁၅ဦးနဲ့ ကျန်တဲ့ ဘေးရွာ ၁၁ရွာက ဂေါပကအဖွဲ့ဝင် ၁၁ဦးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါတယ်။ ရွာသစ်ရွာ ဦးဝင်းမောင်က ဂေါပကအတွင်းရေးမှူးအဖြစ် တာဝန်ယူပါတယ်။ ဘုရားပြန်လည်ပြုပြင်ခဲ့တာက ၂၀၀၅ ခုနှစ်ကပါ။ အုတ်လှေကား ပြုပြင်မွမ်းမံတာကတော့ ၂၀၀၂ခုနှစ်ကပါ။ ဒီကုန်းမြေဟာ နဂါးကုန်းတော်ဖြစ်ပါတယ်။ အရင်က ငှက်မြီး၊ ပေါလန်၊ နွယ်မခံ၊ အိုင်စောက် မင်းဒလယ်။ နန်းအေးနန်းခွဲ အစရှိတဲ့ ရွာတွေကို ပေါင်းစပ်ပြီး မန်ကျည်းပင်မြို့လို့ ခေါ်ခဲ့တယ်။ မြို့အထိမ်းအမှတ် မန်ကျည်းပင်တွေကတော့ မီးသွေးဖုတ်လို့ ကုန်သွားခဲ့ပြီ။ ကျွန်တော်တို့အဖွဲ့ရဲ့ ဦးစီးနာယက ဆရာတော်အဖြစ် ကုန်းသာ




www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေစေတီ (၂၂)ဆူနှင့် ဘုရားတောင်ရှခင်း




ထူးခြားလှပသော တောင်တက်လှေကား




www.burmeseclassic.com

www.burmeseclassic.com



သဲဖုန်ကျောင်းဆရာတော် ဦးသုဇာတ




အောက်ခြေခံတုတ်ကျောက်ဆောင်များ



www.burmeseclassic.com

www.burmeseclassic.com



ခိုနန်းချို၏ မူလခံတုတ် သူရဲခိုနေရာ

အုပ်စု သံ့ယမဟာနာယက ဥက္ကဋ္ဌ သဲဗုမ် သာသနာ့ဝေပုလ္လ ကျောင်းဆရာတော် ဦးသုဇာတက တာဝန်ယူ ဆောင်ရွက်ပါ တယ်။ ဆရာတော်က သက်တော် ၇၅နှစ်၊ ဝါတော် ၅၅ဝါ ရပြီ အခု ကျန်းမာရေးမကောင်းလို့ ဒီဘုရားပွဲကို မလာရောက် နိုင်ပါဘူး။ နောက်နေ့ ဘုရားပွဲပြီးရင် ဆရာတော်ကြီးကို ဖူး မြော်နိုင်ဖို့ ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ဒီလိုနဲ့ ဘုရားတောင်ပေါ် ပြန်ရောက်လာကြတော့ ဦးစိုးလွင်က အခြား သာသနာ့အဆောက်အဦနေရာများကို ထပ်မံ ပြသပေးပါတယ်။ တောင်ဘက် အလှူခံဇရပ်နမှ ဘုရား ပေါ် တက်သော လှေကားအောက်ခြေကို ပြသ၍...

"ဘုရားမှာ မူလအပေါက်ရှိတယ်။ ၁၀တောင်ဝါးထည့် ရင် တစ်ဆုံးဝင်သွားတယ်။ ဒီအပေါက်ကို ပိတ်လို့ မရဘူး။ အလိုလိုပြန်ပွင့်တယ်။ ဘာသဘောလဲတော့ ကျွန်တော်လည်း မသိဘူး"

နောက် တောင်ဘက်အဆင်းလှေကား စောင်းတန်း ဘေးက ဆောက်လက်စ အဆောက်အအုံတစ်ခုကို ပြသ ပေးတယ်။

"ဒီဘုရားက ပြိုကျမလို ဖြစ်နေလို့ အုတ်တံတိုင်းနဲ့ ပိတ်ထိန်းပြီးမှ အပေါ်ပိုင်းကို ပြန်ပြုပြင်ရတယ်။ အောက်ခြေ ပြိုနိုင်မယ့် နေရာကို ကျောင်းတစ်လုံးဆောက်လိုက်တော့ မြေပြိုမယ့်အရေးကိုလည်း ကျားကန်ပြီးသားဖြစ်သွားတယ်။ ဒီကျောင်းပြီးသွားရင် တောင်တော်ကို စောင့်ရှောက်ဖို့ သံဃာ တစ်ပါးပင့်ဆောင်ဖို့ လျာထားပါတယ်"

ဒီနောက် စာရေးသူတို့ အလှူခံဇရပ်နကို ပြန်လည် ဝင်ရောက်လာကြချိန်မှာ ကုန်းသာအုပ်စု ဥက္ကဋ္ဌ ဦးအောင်မိုး နဲ့ သဲဗုမ်ရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့ ရောက်ရှိလာကြ ပြီး ထပ်မံ ဝိုင်းဖွဲ့ ဆွေးနွေးဖြစ်ခဲ့ကြပါတယ်။ အဲဒီမှာ တန်ခိုး ကြီး ခိုနန်းချို မြတ်စွာဘုရားရှင်ရဲ့ အမာခံ အလှူရှင်စာရင်း ကို အောက်ပါအတိုင်း စုဆောင်းရရှိခဲ့ပါတယ်။

(၁) ဦးကောဏ္ဍညကို အမှူးထား၍ ဦးအောင်ညို- ဒေါ်ချောတင် (သဲဗုမ်ရွာ)၊
(၂) ဦးမြင့်ဇော် - မမြင့်မြင့်သန်း (မိုးကောင်းရွာ)၊
(၃) ဦးဇော်ဝင်း - မသိန်းသိန်း (ရမည်းသင်းမြို့)၊
(၄) ကိုရွှေဒုတ် - မခင်ဌေး (သဲဗုမ်ရွာ)၊
(၅) ကိုအောင်မောင်းကြည် - ဒေါ်ပေါ်လှိုင်း(သဲဗုမ်ရွာ)၊
(၆) ကိုချစ်စိန် - ဒေါ်ခင်သန်း (သဲဗုမ်ရွာ)၊
(၇) ဦးအောင်ငွေငြိမ်း - ဒေါ်သန်းခင် (သဲဗုမ်ရွာ)၊
(၈) ဦးထွေး - ဒေါ်ဝင်းအေး (သဲဗုမ်ရွာ)၊
(၉) ဦးစိုးလွင် - ဒေါ်ငြိမ်း (သဲဗုမ်ရွာ)၊
(၁၀) ဦးတင်အေး - ဒေါ်လှပေါ် (သဲဗုမ်ရွာ)၊
(၁၁) ကိုသောကြာ - မတင်လှရီ (ဥသျှစ်ပင်)၊
(၁၂) ဦးကျော်စိန် - ဒေါ်သန်းမြင့် (ပုတီးကုန်းရွာ)

တို့ပဲ ဖြစ်ကြပါတယ်။

အဲဒီအချိန်မှာ နန်းလုံ့ရွာက အသက် ၈၃နှစ်ရှိပြီဖြစ် တဲ့ အဘိုး ဦးထွန်းစိန်ဟာ မြေးတစ်ယောက်၊ တောင်ဝှေး တစ်ချောင်းနဲ့ ရောက်ရှိလာပြီး ကွယ်လွန်သူ အဘွား ဒေါ်စိန် အား ရည်စူး၍ သားသမီးများ လှူဒါန်းထားသော ငွေကြေး ဘလေးကို တစ်ပိုင်တစ်နိုင် လာရောက်လှူဒါန်းပုံ မြင်ကွင်း ကလေးကို ဝမ်းမြောက်နမော် သာဓုခေါ်ရင်း ကြည်နူးမှုနဲ့ အတူ ဓာတ်ပုံမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အဘိုး ဦးထွန်းစိန် မှ လိုအပ်သည်များကို ဖြည့်စွက်ပြောကြားရာတွင်...

"ပျူခေတ်က စတာပဲကွဲ့။ မိုးကောင်း ဒေါ်ဘုတ်ဆုံကန် (အိုင်စောက်ကန်)မှာ ဆင်ဖြူတော် မိတယ်လို့ ရမည်းသင်း သမိုင်းမှာ ပါတယ်။ ခိုအိမ်နေရာလေးက ဗိန္ဓကမင်းက မြို့ ကို ကင်းစောင့်ထားတဲ့ သူရဲခို နေရာလေးပေါ့။ ဟိုတုန်းက



ဆောက်လက်စ ကျားကန်အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



မြို့ကညည်းပင်မြို့ဟာ ရွာဆက်ရှည်လွန်းလို့ ရပ်ရွာကိစ္စရှိလို့ ခွဲဆော်အော်တာတောင် မြင်းနဲ့ လှည့်အော်ရသတဲ့။ ဒီနေရာ က နေပြီး ရွှေညောင်ဖူးတံတားထိပ်ထိအောင် ရွာရှည်တယ်။ ကျော့ငြေ ဆင်နဲ့ ထွက်ပြေးတာ ဆင်မခွပြီး ချော်လဲလို့ "ဆင်မခွ"လို့ ခေါ်တဲ့ နေရာရှိတယ်။ ရန်သူနဲ့ လွတ်လို့ အနိုင်ယှဉ်ပြီးနေလို့ "တံကဲတောင်"၊ ဒီနေရာမှာ မလုံသေးဘူးဆိုပြီး ထပ်ပြေးတော့ ခက်မတောင်၊ တစ်ခါ ဒီနေရာကို ရောက်လာသူတွေဟာ အရင်က တောနက်လို့ ဘာဖျားဒဏ် မခံနိုင်ကြလို့ အသည်းပုပ်ပြီး သေကြလို့ သဲ ပုပ်ဖြစ်နေတာ။ နောက် လူလေးတို့ ဘုရားကြီးကို သေချာ ဖော်ဖူးကြည့်ကြ။ ဘုရားကြီးက ရွှေစေတီတော်ကြီး ဖြစ်နေပါ ရက်နဲ့ ထီးတောက်က ထူးခြားစွာ ငွေထီးတော်ဖြစ်နေတာ ကို တွေ့ကြရမကွဲ့"

စာရေးသူတို့လည်း စေတီတော်မြတ်ကြီးကို ထပ်မံ၍ အားရပါးရ ကြည်ညိုဖူးမြော်ကြပါတယ်။ ဒီနောက် စာရေးသူ တို့ဟာ လူစုံတက်စုံ အင်အားတောင့်တာနဲ့ သဲပုပ်ဆရာတော် ကြီးကို ဖူးမြော်ကန်တော့ရန်အတွက် ဆိုင်ကယ်ကိုယ်စီနဲ့ ဆက်လက်ချီတက်ခဲ့ကြပါတယ်။ သဲပုပ်ရွာဟာ အိမ်ခြေ ၁၅၀ ခန့်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူးကတော့ ဦးသိန်းဝင်းဖြစ်ပါ တယ်။

သဲပုပ်ရွာ သာသနာ့ဝေပုလ္လကျောင်းဆရာတော်ဟာ ဦးသုဇာတဖြစ်ပြီး သက်တော် ၇၅နှစ်၊ ဝါတော် ၅၅ဝါရှိ၍ ဒီရွာမှာ ၄၅ဝါရရှိပြီး ကျောင်းတိုက်၏ စတုတ္ထမြောက် ဆရာ တော်ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ အကြောများ တဆိုင်း နေပြီး လမ်းမလျှောက်ဘဲ ကျန်းမာရေးညံ့နေတာ ၆နှစ်ရှိပြီ ဖြစ်ပါတယ်။ ဆရာတော်ကြီးကို ဓာတ်ပုံမှတ်တမ်းတင် ပူဇော် နိုင်ဖို့ရာအတွက် ဒကာများက ဝိုင်းဝန်းချီပိုးလို့ ဘုရားခန်းရှေ့ ကို ပင့်ဆောင်ခဲ့ပါတယ်။



အလှူခံဂေါပကအဖွဲ့



အသက်(၈၃)နှစ်ရှိ အဘိုးဦးထွန်းစိန်မှ လာရောက်လှူဒါန်းပုံ

ကျောင်းရဲ့ ဧရိယာဟာ ၃ဧက ကျယ်ဝန်းပြီး ဆရာ တော်ကြီးနဲ့ လက်ထွက် ကံကူလက်လှည့် မှော်စရိယက အောင်ဆရာတော် လေးပါးကတော့ . . .

(၁) ဆရာတော် ဦးကုမာရ

(၂) လက်ထောက်စာချ ဦးဝိဇ္ဇောဘာသ(မြို့အေး ပရိ ယတ္တိစာသင်တိုက်၊ အမှတ် ၁၀ရပ်ကွက်၊ ကလေး မြို့)၊

(၃) ဦးပုညနန္ဒ (ဆုတောင်းပြည့်ကျောင်းတိုက်၊ ရှမ်း တန်းရပ်ကွက်၊ ပဲခူးမြို့) နှင့်

(၄) ဆရာတော် ဦးကောဏ္ဍည (တိုက်သစ်ကျောင်း၊ ကလေးမြို့)တို့ပဲ ဖြစ်ပါတယ်။

လက်ရှိ ဆရာတော်ကြီးနံဘေးမှာ ဆရာတော်ကြီးကို ပြုစုစောင့်ရှောက်ဖို့ရာ သာမဏေ ၁၀ပါးသာလျှင် ရှိပါတယ်။ စာရေးသူ ကျောင်းပရိဝုဏ်ကို ခြေလှမ်းလေ့လာသောအခါမှာ သာသနာ့အဆောက်အအုံ များများစားစား မတွေ့ရှိရဘဲ သိမ်ဦးစေတီတစ်ဆူ၊ ကုဋိတစ်လုံးနဲ့ လက်ရှိ ဆရာတော်ကြီး စံမြန်းလျက်ရှိတဲ့ နှစ်ထပ်ကျောင်းဆောင်လေးတစ်လုံးပဲ တွေ့ ရှိရပါတယ်။ ဆရာတော်ကြီးရဲ့ စံကျောင်းတော်ကလေးဟာ လည်း ယိုင်နဲ့လျက်ရှိနေပါပြီ။ ဒါနဲ့ စာရေးသူလည်း စိတ် မကောင်းခြင်းကြီးစွာနဲ့ ဆရာတော်ကြီးကို မေးလျှောက်တဲ့ အခါမှာ . . .


"ဘုန်းဘုန်းဘုရား . . . ဒီကျောင်းနဲ့ ပတ်သက်တဲ့ လိုအပ် ချက်များ ရှိရင် တပည့်တော်ကို မိန့်ကြားတော်မူပါ"

"ကျုပ်အတွက်တော့ဖြင့် ဘာမှမလိုအပ်ပါဘူး ဒကာ ကြီးရယ်။ အားလုံး ပြည့်စုံပါတယ်။ အရေးကြီးတာက ခိုနန်း ချီးဘုရားကြီးပေါ်က သာသနာ့အဆောက်အအုံကြီးကို ပြီးစီး ဖို့အတွက်ပဲ နှိုးဆော်ရေးသားပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ခိုနန်းချိုးဘုရားတောင် အဝေးရှုခင်း

အင်မတန် အလိုနည်းသော၊ မြိုးမြိုစွာ သီတင်းသုံးနေပေသော၊ လက်ရှိ ဝေဒနာအပေါ်တွင် သည်းခံနိုင်စွမ်း ပြည့်ဝပေသော အံ့ဖွယ် ဆရာတော်ကြီးပါပေ။ ဒီသာမဏေတွေနှင့် ဒီယိုင်နဲ့နဲ့ ကျောင်းအနေအထားလေးမှနေ၍ ကလောမြို့နှင့် ပဲခူးမြို့တို့တွင် လျှန်းလျှန်းတောက် အောင်မြင်ကျော်ကြားနေသော ဓမ္မာစရိယ သာသနာ့အာဇာနည်များကို မွေးထုတ်ပေးနိုင်ခဲ့သည်ဆိုခြင်းမှာ အံ့မခန်းရှိလှပေစွ။

စာရေးသူတို့လည်း ဆရာတော်ကြီး သက်သာစွာ သီတင်းသုံး၍ တရားရှုမှတ်နိုင်ရန်အတွက် မူလနေရာသို့ ပြန်လည်ရွှိုပို့ ပို့ဆောင်ကြပြီး ဆရာတော်ကြီးကို အနှောင့်အယှက် မဖြစ်စေခြင်းအလို့ငှာ ရိုကျိုးစွာ ဦးချကန်တော့လိုက်ကြပြီး တိတ်တဆိတ် ပြန်လည်ထွက်ခွာလာခဲ့ကြပါတော့သည်။

အဆွေတော် စာရှုသူများအနေဖြင့် ခိုနန်းချိုးဘုရားကြီးနှင့် သဲဗုဒ်ဆရာတော်ကြီးကို သွားရောက် ဖူးမြော် လျှုဒါန်းကြည်ညို ပူဇော်လိုကြတယ်ဆိုရင်တော့ဖြင့် ပျော်ဘွယ်၊ မြို့မဈေးအတွင်းမှ ဈေးနေ့တွင် သဲဗုဒ်ကားဖြင့် လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ သဲဗုဒ်ကျေးရွာသို့ ကြွရောက်နိုင်ကြပါကြောင်းဖြင့် နိဗ္ဗာန်အကျိုးကို ရည်မျှော်၍ တိုက်တွန်းနှိုးဆော်လိုက်ရပါပေတော့သတည်း။

* * *

ဗေဒသုဓေတသီ ဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

စက်တော်ရာသိမ်အတွင်းမှ ဆုတောင်းပြည့်ရုပ်ပွားတော်များ



## ပုလောမြို့နယ်၊ ကမ္ဘာလှတောင်မှ

# ပလ-ပါဒ စက်တော်ရာ သာသနနယ်မြေ

မြမဥ္ဇူဝေ(ကျုံမငေး)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့သည် ရှေးနှစ်ပေါင်းများစွာအခါကပင် သာသနာစည်ပင်ထွန်းကားရာ အရပ်ဖြစ်ပါသည်။ ရှေးအမွေအနှစ် သာသနိကအဆောက်အအုံများနှင့် တင့်တင့်တယ်တယ် သာသနာကြွယ်ခဲ့သောကြောင့် ယနေ့တိုင် သမိုင်းဝင် ရှေးဟောင်းစေတီဘုရားများနှင့်အတူ ဂုဏ်ကြွယ်ခဲ့သော တိုင်းဌာနီဟု ဆိုရမှာ ဖြစ်ပါသည်။

ပုလောမြို့ကလေးသည် ပင်လယ်ပင်ဖျားဒေသဖြစ်သော်လည်း သွားလမ်းသာ၍ လာလမ်းကောင်းခဲ့သော မြို့ကလေးဖြစ်သောကြောင့် နှစ်ကာလ အဘယ်မျှ ကြာရှည်နေသည်ကို ခန့်မှန်း၍မရသော ပုံစံတူ အရွယ်တူ ရှေးဟောင်းသိမ်ကြီးသုံးလုံးကို တွေ့ရမှာ ဖြစ်ပါသည်။ ထိုသိမ်ကြီးများမှာ -

(၁) ပုလောမြို့နယ်၊ ပလောက်ရွာ၊ ပလောက်မင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

အနီးရှိ ဘုရားကြီးသိမ်၊


(၂) ပုလောမြို့ ပုလောမင်းပြင်အနီးရှိ သီးမားသိမ်၊

(၃) ပုလောမြို့ ပလရွာ၊ ပလမင်ပြင်အနီးရှိ ရွှေမော် သိမ်တို့ဖြစ်ပါသည်။

ထိုသိမ်ကြီးသုံးလုံးသည် ပုံစံတူ၊ အရွယ်တူ၊ အလျား အနံတူရုံသာမက အရှေ့ဘက်အရပ်သို့ မျက်နှာလှည့်နေခြင်းပါ တူညီနေသော သိမ်များ ဖြစ်ပါသည်။ ရဟန္တာကြီးများက သမုဒ်ခဲ့သော သိမ်ကြီးများဟု ဒေသခံများက ဂုဏ်ယူစွာ ဆိုကြပါသည်။ အိုဟောင်းနေပြီဖြစ်သော်လည်း နိုင်ခံ့လွန်းသည့် ပုံဟန်နှင့် တွေ့မြင်ခဲ့ရပါသည်။

တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ပလစက်တော်ရာဟူ၍ လည်းကောင်း၊ ပါဒစက်တော်ရာဟူ၍ လည်းကောင်း အထင်အရှား ကျော်ကြားနေသော စက်တော်ရာဘုရားသည် ရှေးယခင်အခါမှ ယနေ့တိုင် အထင်အရှား တည်ရှိနေခဲ့သော်လည်း သမိုင်းမတင်နိုင် ဖြစ်နေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ သို့သော်လည်း သမိုင်းဝင် ဘုရားဖြစ်သည်မှာတော့ အမှန်ပင်ဖြစ်ကြောင်း တိုင်းဒေသခံများက ပြောကြားပါသည်။

တိုင်းဒေသကြီးအတွင်းမှ ဤကဲ့သို့ တိမ်မြုပ်နေမှုမှိန်နေသော သမိုင်းဝင် စေတီဘုရားများကို ဖော်ထုတ်နိုင်ရန် မြို့နယ် သံဃနာယကအကျိုးဆောင် ဆရာတော်ကြီးများသည် (၂၇-၁၂-၂၀၁၃)နေ့တွင် ပလစက်တော်ရာသမိုင်းကို ရေးသားပြုစုနိုင်ရန် အဖွဲ့ဝင် ၉ဦးအား တာဝန်ပေးခဲ့သောကြောင့် ဦးဆောင်၍ လုပ်ကိုင်ဆောင်ရွက်နိုင်သော ဆရာဦးတင်ညွန့်နှင့် ဆရာ ဦးစင်းရှင်တို့ နှစ်ဦးမှ သမိုင်းဆိုင်ရာ အချက်အလက်များကို ရှာဖွေကာ ပြုစုရေးသားခဲ့သောကြောင့် ယခုအခါ ပလမြို့ကလေး၏ "ပလ-ပါဒစက်တော်ရာ ဘုရားသမိုင်း"အဖြစ် ရှိနေခဲ့ပြီဖြစ်ပါသည်။



ရွှေမော်သိမ်စေတီတော်နှင့် စက်တော်ရာစေတီတော်

သို့ပါ၍ ကျွန်မတို့ ဘုရားဖူးခရီးသွား စာရေးဆရာများအတွက် ကိုယ်တိုင်ရောက်ရှိ လေ့လာခဲ့သော သမိုင်းများကို ဒေသခံများ၏ ပြုစုပြီး သမိုင်းကြောင်းများနှင့် ပူးတွဲရေးသားလိုက်သောအခါ သမိုင်းတွင်ရစ်စေသော အထောက်အကူ စာပေများ ဖြစ်လာတော့မှာ ဖြစ်ပါသည်။

ဘုရားဖူးများ ဖူးတွေ့နေရပြီဖြစ်သော စက်တော်ရာ ပါဒစေတီတော်ကို နိုင်ငံတော်အကြီးအကဲများနှင့် ပုလောမြို့နယ်ရှိ ရဟန်းရှင်လူ ကသိုလ်ရှင်များ၏ စေတနာအားဖြင့်



www.burmeseclassic.com


www.burmeseclassic.com

...တော်ရာကိုလည်း တံတိုင်းကာရံ၍ ထားရှိသည်ကို ဖူးတွေ့...သည်။ ခရီးစဉ်အားဖြင့် ကြည့်လျှင် ကမ္ဘာလှတောင်ခြေ...စက်တော်ရာစေတီအထိ တစ်မိုင် ငါးဖာလုံခန့် ခရီး...တောင်တက်လမ်းကလေးမှ သွားခဲ့ရပါသည်။ ကမ္ဘာ...တောင်ခြေသည် ပုလော-မြိတ်၊ ကားလမ်းနံဘေးတွင် ...ကျရောက်ရှိနေသောကြောင့် ဘုရားဖူးများအတွက် အလွန်...ကောင်းပြေပါသည်။

◆◆◆

နဂါးမင်းနှင့်တကွ သတ္တဝါအပေါင်းတို့သည် ပူဇော်အထူးကို ပြု၍ ပူဇော်ကြ၏။

ထိုအချိန် ဘီလူးမင်းက အစဉ်ကိုးကွယ်ရာကို ပေးသနားရန် ဘုရားရှင်အား လျှောက်ထား တောင်းပန်ခဲ့၏။ ဘုရားရှင်ကလည်း ဒေဝီဋ္ဌရသေ့၏ ဝဲဘက် မျက်ကွင်းနှင့်တူသော ကျောက်သားပြင်ပေါ်တွင် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာနှင့် ပြည့်စုံသော ဝဲဘက် ခြေဖဝါးတော်ကို ချထားချီးမြှင့်တော်မူလေသည်။ ထို့နောက် နောက်တော်ပါးတွင်



ပလ-ပါဒစက်တော်ရာ၏ သမိုင်းဆိုင်ရာ အကြောင်းအရာများကို လေ့လာလိုက်သောအခါ ရှေးအခေါ် တနင်္သာရီမြောက်ဘက်ကမ်းခြေအနားရှိ "ကောသမ္ဗီမြို့ပေါင်း"မှ နာဂသမင်းကြီးနှင့် မိဖုရား မင်းငယ်ညာတ်အပေါင်းအား ဓမ္မဒေသနာတရားတော်များ ဟောကြားချီးမြှင့်ခဲ့ပြီးသော မြတ်ဗုဒ္ဓဘုရားရှင်သည် မူလ ယက္ခတိုင်း ကမ္ဗလာတောင်(ကမ္ဘာလှတောင်)သို့ ဒေသစာရီခရီး ကြွချီခဲ့၏။ တောင်ပေါ်သို့ ရောက်လျှင် ရှေးနှစ်ဥဒါဝ မိမိ ကျေးမင်းဖြစ်စဉ် ဤတောင်တန်း၌ နေထိုင်ခဲ့ဖူးသော ဖြစ်စဉ်ကို သိမြင်၍ ရပ်တန့်တော်မူနေစဉ် အသင့်ရောက်ရှိနေသော ဘီလူးမင်း၊ တောင်ခြေကမ်းစပ်၌ နေသော အတူပါလာတော်မူသော အရှင် ဂဝံပတိမထေရ်နှင့် တကွသော ဘီလူးမင်း၊ နဂါးမင်းနှင့် သတ္တဝါအပေါင်းတို့အား တရားဓမ္မဟောကြား ချီးမြှင့်တော်မူခဲ့ပါသည်။

ဘုရားရှင်၏ စက်လက္ခဏာ တစ်ရာ့ရှစ်ပါးနှင့် ပြည့်စုံသော ခြေတော်ရာ ကိန်းရာတောင်ကို ရှေးအခါက "ရသေ့တောင်"ဟု ခေါ်ခဲ့ပြီး ဘုရားရှင်၏ ခြေတော်ရာကို စတင်တွေ့ရှိခဲ့ရာမှ စ၍ ဒေသခံများက "စက်တော်ရာတောင်"ဟု လည်းကောင်း၊ "ဘုရားတောင်"ဟု လည်းကောင်း ခေါ်လာကြ၏။ တောင်ခြေ၌ နေထိုင်ကြသော နေရာကို "ကမ္ဗလတောင်"ဟု ခေါ်ခဲ့ရာမှ ကာလရွေ့လျားလာသောအခါ "ကမ္ဘာလှ



www.burmeseclassic.com

www.burmeseclassic.com

တောင်"ဟု ခေါ်တွင်လာခဲ့သဖြင့် အမည်နာမ ငါးမည်ရသော စက်တော်ရာ ကိန်းဝပ်ရာတောင် ဖြစ်ခဲ့ရပါသည်။

နှစ်ကာလ ကြာလာသည်နှင့် ချုံနွယ်များ အုပ်မိုးနေသော ဘုရားရှင်၏ ခြေတော်ရာကို တွေ့ မြင်ကြသူများ ပျောက်ကွယ်ခဲ့ရပြီးနောက် ဆရာဖြူအမည်ရ ဆရာတော် ဦးတေဇ၏ ထူးဆန်းသော အိပ်မက်အရ ခြေတော်ရာကို ရှာဖွေကြရန် ကြိုးပမ်းရင်း ကမ္ဘာလှတောင်သို့ ရောက်ခဲ့၏။ ခရီးဆက်ခဲ့ကြရာ ခွေးနက်တစ်ကောင်နှင့် တွေ့၍၊ ထိုခွေးလည်း ရှာဖွေနေကြသောသူများနှင့်အတူ လိုက်ပါခဲ့ရာ တောင်ထိပ် ခြေတော်ရာအနီးသို့ ရောက်သော် ခွေးလည်း ပျောက်သွား၏။


ဤသို့ဖြင့် ခြေတော်ရာအနီးသို့ ရောက်ခဲ့ရာ ခြေတော်ရာမှာ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်အစုံပါနေသည်ကို တွေ့ကြရ၏။ ထိုအခါ ဆရာတော်နှင့်တကွ ရှာသူရှာသား အများစုမှာ ဘုရားရှင်ကိုယ်တော်တိုင်ကို ဖူးတွေ့ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြင့် ရှိခိုးပူဇော်ကြလေ၏။ ခြေတော်ရာကလည်း ရောင်ခြည်တော်များ ကွန့်မြူး၍ ကောင်းကင်သို့ ပျံ့လွင့်ပြီး ခြေတော်ရာသို့ ပြန်ကိန်းဝပ်သည့်အထိ ထူးခြားစွာ မြင်တွေ့လိုက်ကြရ၏။

ဆရာတော်ကလည်း ခြေတော်ရာကို အလွန်ကြည်ညိုသူဖြစ်သည်နှင့် ဖူးမြော်ရန် လာသူများ အိပ်စက်နားခိုနိုင်ရန် ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့၏။ သို့သော် နှစ်ကာလကြာလာသောအခါ တောမီးလောင်ကျွမ်း၍ ပျက်စီးခဲ့ရလေသည်။ ခြေတော်ရာနှင့် ပတ်သက်၍ လူသိများလာခြင်းကြောင့် နားခိုစရာမရှိသော်လည်း အဆင်ပြေသလို သွားလာ၍နေလေသည်။ ဤသို့ဖြင့် ခြေတော်ရာတွေ့ပြီး ကောဇာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာလှတောင်ခြေအနီးအနားမှ နယ်သူနယ်သားများက အရှိုး ၁၂ပေ ၁၀လက်မရှိ ကျောက်ထီးကြီးကို အရွက်အချင်း ၁၈-ပေခန့်ဖြင့် ခြေတော်ရာအား အမိုးမိုးရန် စီစဉ်ခဲ့ကြပါသည်။

မကြာမီအချိန်မှာ ခြေတော်ရာသို့ အဖူးအမြော်လာရောက်သူများ အလွန်များလာသောကြောင့် နေ့ညမပြတ် ပူဇော်မှုများ ပြုကာ သာသနိကနယ်မြေပြုပြင်တည်ဆောက်ခြင်းများကို ရဟန်းရှင်လူ ပြည်သူအများအားဖြင့် ပြုလုပ်ခဲ့ကြပါသည်။ ယခုအခါ စာရေးသူတို့ မျက်မြင်အခြေအနေအရ ပါဒစက်တော်ရာ သာသနမြေသည် အထင်အရှားနှင့် ခန့်ထည်စွာ တည်ရှိနေပြီဖြစ်ပါသည်။

သမိုင်းမတွင်ခဲ့သော်လည်း သမိုင်းဝင်ဖြစ်သည့် ကမ္ဘာလှတောင်၏ ပါဒ စက်တော်ရာတွင် အံ့ဖွယ်ထူးတွေ များစွာ ရှိနေကြောင်း အမြဲနေ ကုသိုလ်ရှင် ဒေသခံ ဥပသကာများက ဆိုပါသည်။ သို့ပါ၍ ဘုရားဖူးခရီးသွား ကျွန်မအဖို့ အဓိကကျသော အံ့ဖွယ်အကြောင်းများကို မှတ်သားခဲ့ပါသည်။ ထိုအံ့ဖွယ်ထူးခြားအကြောင်းများမှာ -

(၁) ပါဒစက်တော်ရာ ကမ္ဘာလှတောင်တွင် ထူးခြားသော စမ်းရေထွက်များ များစွာရှိနေခြင်း။



စက်တော်ရာတည်ရာစေတီ မပြုပြင်မီ

ဖူးတွေ့ရစဉ်

(၂) တောင်ပေါ်ရှိ အဓိဋ္ဌာန်ရေတွင်းထဲသို့ ရေများ စိမ့်ဝင်နေသော်လည်း ပြည့်လျှံလာသည်ဟူ၍ မရှိခြင်း။

(၃) ခြေတော်ရာသည် မတိမ်းမစောင်း မမောက်မခွက်ဘဲ ဖဝါးတော်ညီညွတ်၍ လစ်လပ်သော အရာအထ၀၊ တစ်ပြင်လုံးထိလျှင် တစ်ပြေးညီရှိနေခြင်း။


(၄) ခြေတော်ရာသည် သံသယစိတ်ဖြင့် တိုင်းတာလျှင် တိကျမှန်ကန်မှု မရနိုင်ခြင်း။

(၅) ခြေတော်ရာ ခြေမထိပ်ရှိ တွင်းထဲသို့ ရေများ မည်မျှပင် လောင်းထည့်သော်လည်း ပြည့်လျှံ



www.burmeseclassic.com

www.burmeseclassic.com



ပလ စက်တော်ရာအား ဖူးတွေ့ရစဉ်

သည်ဟူ၍ မရှိခြင်း၊ ထိုတွင်းထဲသို့ အပ်ချည်လုံး ချည်မျှင်ကို ချကြည့်သော် အပ်ချည်ကြိုးကုန်သွားသည့်တိုင် မဆုံးနိုင်ခြင်း။

(၆) လပြည့်၊ လကွယ် အခါကြီး နေ့ကြီးရက်များတွင် ပါဒစေတီတော်တွင် ရောင်ခြည်တော်များ ကွန့်မြူးနေခြင်း။

(၇) ပွဲတော်ရက်အတွင်း ဘုရားဖူးသူတို့ ထောင်သောင်းမက လာသော်လည်း တောင်ထိပ်ရင်ပြင်တွင် ပြည့်ကျပ်သည်ဟူ၍ မရှိခြင်း။

(၈) တောင်စာစ်တောင်လုံး၌ ဆောင်သပြေပင်များ ထူးခြားစွာ ပေါက်နေခြင်း။

(၉) အမြင့်ခုံးဟု ထင်ရသော အခြားတောင်တွင်များကို ကမ္ဘာလှတောင်ထိပ်ပေါ်မှ ကြည့်လျှင် နိမ့်နေသည်ကို မြင်ရခြင်း။

ဤကဲ့သို့ ထူးခြားမှုများနှင့်အတူ အခြားသော ထူးခြားမှုများလည်း ရှိနေသည်ဟု ဒေသခံများက ပြောပါသည်။ ထိုစကားမှန်နိုင်ပါသည်။ မြတ်ဗုဒ္ဓဘုရားရှင်၏ အစစ်အမှန်ခြေတော်ရာဖြစ်သောကြောင့်သာ သာသနာတည်သည်နှင့်အမျှ ကွယ်ပျောက်ခြင်းမရှိ ဖူးတွေ့နေရခြင်းဖြစ်ပါသည်။

ပါဒစက်တော်ရာနှင့်အတူ ပါဒစက်တော်ရာစေတီ၊ စက်တော်ရာ ရုပ်ပွားဆင်းတုတော်များ၊ အရှင် ဂဝံပတိ ဂူပြာသာဒ်စေတီတော်၊ ခြေတော်ရာတည်ရှိရာ ပြာသာဒ်စေတီတော်များအပြင် ကျောင်း၊ ကန်၊ ဇရပ်များ အတင့်အတယ်နှင့် ဝင့်ထည်စွာ တည်ရှိ ကိန်းဝပ်တော်မူနေပါသည်။ နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်ရက်ကိုလည်း အတာကျူးသည့် နှစ်ဦးအခါ နှစ်ဆန်းတစ်ရက်နေ့မှစ၍ စည်ကားစွာ ကျင်းပနေကြောင်း ဒေသခံများ၏ ဖိတ်ခေါ်စကားကို ကြားသိမှတ်သားခဲ့ရပါသည်။

လာချင်လျှင် အနီးကလေးဖြစ်သောကြောင့် မြန်မာပြည် မြေလတ်ပိုင်းမှ မန်းစက်တော်ရာ ဘုရားပွဲကို ဖူးမြော်ပြီးသူတိုင်း မြန်မာပြည်တောင်ဘက်အဖျားဆီမှ ပလ-ပါဒ စက်တော်ရာဘုရားပွဲသို့လည်း တစ်ခါတစ်ခေါက် အရောက်သွားကြပါဟု သတင်းစကားဆိုရင်း ရေးဖွဲ့ပူဇော်လိုက်ပါသည်။

ကျွန်မ သိချင်သမျှ မေးမြန်းသည်ကို စိတ်ရှည်စွာ ဖြေကြားပေးသည့် ဒေသခံ ကုသိုလ်ရှင်များကိုလည်း ကျေးဇူးအထူးတင်ပါသည်။

* * *

မြမဥ္ဇူဝေ(ကျုံမငေး)

မှီငြမ်းမှု

- ၁၅ ・၄ ・၂၀၁၁ ခုနှစ်၊ ထားဝယ် ရှင်ကိုးရှင်ခရီးစဉ်မှ ပလ-ပါဒ စက်တော်ရာဘုရားဖူးသွားခဲ့သော စာရေးသူ၏ ကိုယ်တိုင် ဘုရားဖူးမှတ်တမ်း။
- ပလ ပါဒစက်တော်ရာဘုရားသမိုင်း။
- ကမ္ဘာလှတောင် စက်တော်ရာဘုရားသမိုင်းမှုကြမ်း (ဆီတောင်ဆရာတော်ဘုရား)။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာစရိယ ဦးဒွေးလှိုင်

# ရာဇဂုရု ဖယင်းတွင်းဆရာတော်

မြန်မာနိုင်ငံ၏ အနောက်ဘက် နံရံက သာသနာရေး
ည် လူများစုက မေ့လျော့နေကြသော်လည်း သမိုင်းက
ကားပြောလျက်ပင် ရှိ၏။

ထိုဒေသ၌ ကောင်းကင်မှ ဆင်ဖြူရတနာတို့ပင် သက်
င်းကာ အရှိအသေပြုရသော ပုဂ္ဂိုလ်ထူးများပင် ထွန်းပေါ်
ည်။ ထိုပုဂ္ဂိုလ်ထူးကြီးကား ရာဇဂုရု နှစ်ထပ်ရ ဖယင်းတွင်း
ဆရာတော်ကြီးပင် ဖြစ်၏။

## မြန်မာတို့၏ ပဉ္စာဆက်နိုင်ငံဖြစ်ခဲ့ကြ

စစ်တကောင်း၊ ဘင်္ဂလား၊ မဏိပူရနှင့် အာသံပြည်တို့
သည် မြန်မာတို့နှင့် နှစ်ပေါင်း ရာပေါင်းများစွာ ယဉ်ကျေးမှု
ဖလှယ်ခဲ့ကြ၏။ သာသနာ့အတုံ့အလှယ် ဆက်သွယ်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ အသီးသီး လွတ်လပ်ရေးခေတ်သို့ ရောက်ကာမှ အဆက်အသွယ်ပြတ်ကာ အချင်းချင်း နီးလျက် ဝေးနေကြရသည်။

သမိုင်းကြောင်းအားဖြင့် ကြည့်သော် အနော်ရထာမင်းလက်ထက် အနောက်ဘက် ပဋိက္ကရား(ပတ္တိကေရ၊ ပတိကရ)တိုင်းပြည်၊ ကသည်းပြည်များ ဖြစ်ကြောင်း ထိုခေတ်နယ်နမိတ်ကို ဖော်ပြထား၏။ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးခိုကျင်းတူးရာမှ မမျှော်လင့်ဘဲ ပဋိက္ကရားတိုင်းပြည်နှင့် ကြီးကျယ်သော ပဋိက္ကရားကျောင်းတော်ကြီးကို တူးဖော်တွေ့ရှိခဲ့ကြသည်။ (ပါကစ္စတန်ပြည် ဗုဒ္ဓဘာသာစာအုပ်။)

ရခိုင်မင်းဘင်(မင်းဗားကြီး) မင်းရာဇာကြီးတို့ တန်ခိုးကြီးစဉ်က စစ်တကောင်းမျှလောက်သာမက၊ ဒက္ကာ စသော ဘင်္ဂလား ၁၂မြို့ပင် ရခိုင်လက်အောက်ခံ ဒေသများ ဖြစ်ခဲ့ကြသည်။ မြောက်ဘက်တစ်ကြော မဏိပူရ၊ အာသံပြည်များမှာကား နှစ်ပေါင်းများစွာကပင် မွန်၊ မြန်မာမင်းများ၏ ပဏ္ဏာဆက် လက်အောက်ခံ နိုင်ငံများ ဖြစ်ခဲ့ကြ၏။ နောက်ဆုံး သီပေါမင်း ပါတော်မူသည့် နောက်ကာလမှာပင် နန်းတွင်းအမှုထမ်း အာသံမင်းသား၊ မင်းသမီးများ မြန်မာပြည်၌ ရှိနေခဲ့ကြရာ ထိုအနောက်ဘက်နံရံမှ နိုင်ငံငယ်များသည် မြန်မာတို့နှင့် စဉ်လာမခွဲ လက်တွဲခဲ့ကြသော နိုင်ငံများ ဖြစ်ကုန်၏။

**ဗင်္ဂေါတို့၏ ဌွဲနှင့် မြန်မာကိုပင် ဟိန္ဒူဇာတ်သွင်းရေး**

ပျူခေတ်ကတည်းက တရုတ်နှင့် အိန္ဒိယတို့ မြန်မာပြည်ကို ဖြတ်၍ ကူးလူးဆက်သွယ်ရာ လမ်းနှစ်သွယ်ရှိခဲ့ကြောင်း တရုတ်ထန်ရာဇဝင် စသည်တို့၌ ပြခဲ့ကြ၏။ မြောက်ဘက်လမ်းမှာ ယုန်ချန်နှင့် ကာမရူပခေါ် အာသံပြည်၊ တောင်ဘက်လမ်းမှာ ပျူနေပြည်တော်ကို ဖြတ်သွားသောလမ်းဖြစ်သည်။ ယခု လီဒိုလမ်း၊ တမူး အင်ဖာလမ်း၊ ပတ်ကိုင်တောင်ကြားလမ်း စသည် ရှိသကဲ့သို့ ခေတ်အဆက်ဆက်ကပင် တောင်ပိုင်းရော မြောက်ပိုင်းပါ ကူးလူးဆက်သွယ်ရေးလမ်းများ ရှိခဲ့ကြလေသည်။ ကာမရူပတိုင်း၏ မြို့တော်မှာ ပရာဂဇောတိရ(ပါဠိဇောတိ-နက္ခတ်ပညာထွန်းကားသော ဒေသ)ဟုခေါ်၏။

ယဉ်ကျေးမှု ဆက်သွယ်ထိစပ်နေသော နိုင်ငံများဖြစ်၍ အိန္ဒိယပြည်ကြီး၌ ဗုဒ္ဓဘာသာအလုံးအရင်းနှင့် ကျဆုံးခဲ့ကြရသောအခါ ဘင်္ဂလားသားတို့သည် အိန္ဒိယအရှေ့ပိုင်း၌ ဗုဒ္ဓဘာသာနယ်မြေတစ်ခုအဖြစ် ကြံ့ကြံ့ခံ ရပ်တည်ထားရန် ရည်သန်ခဲ့ကြ၏။ ဘင်္ဂလားမှနေ၍ အရှေ့ဘက်တစ်လွှား ဗီယက်နမ်အထိ ထိုခေတ်အခေါ် "ကောကိ"ဒေသတစ်ခုလုံး ဗုဒ္ဓဘာသာ သာသနာပြုကြသည်။ ရခိုင်၊ ပဲခူး၊ ပုဂံတို့မှာ အရင်းနှီးဆုံး သာသနာပြုဌာနများ ဖြစ်ခဲ့ကြ၏။ သို့သော် ထိုခေတ်ကား မဟာယာန ဗုဒ္ဓဘာသာဖြစ်နေချေပြီ။ (မြန်မာနိုင်ငံ ဆံဆကရစ် ဗုဒ္ဓဘာသာစာအုပ်။)

တိဗက် တာရနာထ ဘုန်းတော်ကြီးမှတ်တမ်းတွင် ထိုအချက်များကို ထင်ရှားတွေ့ရ၏။ ထိုမှတ်တမ်းတွင် တစ်ခု မှတ်ဖွယ်တိုးသည်မှာ သီလမင်းလက်ထက်တွင် မြတ်စွာဘုရားရှင်၏ သွားတော် အာသံပြည်သို့ ရောက်ရာ၊ ထိုသွားတော် ပုဂံ၌ ရှိနေကြောင်းပင်တည်။ တစ်ဖန် မြန်မာရာဇဝင်အရ တစ်ခုမှတ်ဖွယ်ထူးသည်မှာ အင်းဝပျက်ခါနီး ခရစ် ၁၇၃၆ခုနှစ် က ကသည်းဘုရင် "ဂါရစ်နာဝါးစ်"၏ တပ်များ စစ်ကိုင်းအထိ ချီတက်လာကာ ရှင်ဖြူ-ရှင်လှ နှစ်ဆူတွင် ရှင်ဖြူဘုရား (မှန်နန်း၌ ရှင်လှဘုရားဟု ဆိုသည်)ကို ခိုးယူသွားကြကြောင်းပင်တည်း။

ဂါရစ်နာဝါးစ်လက်ထက်ကား ဟိန္ဒူအယူဝါဒဖြစ်၏။ ၎င်း၏ ဗြာဟ္မဏဆရာ "မဟာပရာဘူ"ကား အလွန်အကြံကြီးပုံရ၏။ မဏိပူရမျိုးတဲပြည်သား ကသည်းများအား "ရောဝတီမြစ်ရေကို သောက်သုံးရလျှင် ဘေးဥပါဒ်နှင့် အပြစ်များအားလုံး ကင်းပျောက်သည်"ဟူသော အသိတစ်ခုသွင်းပေးထား၏။ ထိုအသိ၊ ထိုယုံကြည်ချက်ဖြင့် ကသည်းတပ်ကြီး စစ်ကိုင်းအထိ ချီတက်လာခြင်းဖြစ်သည်။ စင်စစ် မဟာပရာဘူ ဆရာကြီး၏ နောက်ခံ ရည်ရွယ်ချက်ကား ဤမျှမကချေ။ အဝဘုရင် မဟာဓမ္မရာဇာဓိပတိကို (ဝါ) မြန်မာနိုင်ငံကိုပင် ဗြာဟ္မဏအယူ၌ သိမ်းသွင်းရန်ဖြစ်လေသည်။ ယခုအခါ အာသံပြည်ရောက် ရှမ်းများ ဟိန္ဒူအယူ ယူဖြစ်သွားကြရသည်မှာ မဆန်းချေ။ (အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်းနှင့် ဒေါက်တာ ရီရီ၏ မြန်မာနိုင်ငံအခြေအနေ ၁၇၁၄-၅၂၊ မဏိပူရစစ်။)

**ဗန္ဓုလမျိုးနှင့် နာမည်ကျော် ကသည်းဆရာတော်များ**

မည်သို့ဖြစ်စေ စစ်တကောင်း၊ ဘင်္ဂလား၊ မဏိပူရ အာသံတို့သည် ဘာသာရေး၊ နိုင်ငံရေး ခေတ်အဆက်ဆက် ပြောင်းလဲခဲ့ကြရစေကာမူ၊ ၎င်းတို့၏ ပင်ကိုယ်ဘာသာရေး စိတ်ဓာတ် ထက်သန်ခြင်း၊ ရခိုင်၊ မွန်၊ မြန်မာတို့နှင့် ထာဝစဉ် နီးစပ်စွာ နေခဲ့ကြရခြင်းတို့ကြောင့် ခရစ် ၁၄ရာစုတွင် အိန္ဒိယ၌ ထေရဝါဒ သာသနာ လုံးဝအမြစ်ပြတ်သွားပြီဆိုသော အချက်ကို ကျွန်ုပ်တို့ စဉ်းစားဆဲပင် ရှိပေသည်။ ပြည်မကြီး၌ အမြစ်ပြတ်ပြီမှန်သော်လည်း ဤကဲ့သို့သော ပြည်စွန်



www.burmeseclassic.com

www.burmeseclassic.com



ပြည်များ၌ အမြစ်ပြတ်ရန်မှာ မဖြစ်နိုင်ချေ။ သို့သော် ဒေသခံ အမိုင်းအထောက်အထားကို ရှာဖွေရပေဦးမည်။

"ကာနယ်အယ်လ်ဒဗလျူ ရိုတ်စပီးယား"ရေး ၁၉၁၄ခု ရိုက် "အာသံမြန်မာအထက်ပိုင်းနှင့် အရှေ့မြောက် အိန္ဒိယ ယ်ခြား ရာဇဝင်"အခန်း (၇)၌ကား ဟာဂျို၊ ဂေါဟတ္တိ၊ င်မာပူဒေသတစ်ဝိုက်၌ တွေ့ရသော ရှေးဟောင်းဗုဒ္ဓဘာသာ အဆောက်အအုံ အပျက်အစီးပုံများ ဖော်ပြထားသည်ကို တွေ့ရ၏။ ဖြပေရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူကိုလည်း တွေ့ရှိ ရကြောင်း ရေးသားထားသည်။ (ယင်းစာမျက်နှာ ၇၂-၇၃ သည်။)

ဤ၌ ဆက်လက်စဉ်းစားရန် တစ်ခုတော့ ရှိပေသည်။

အာသံကို ဝေသာလီဟုလည်း ခေါ်ဆိုရာ ရှမ်းမင်းသား တို့ ပင်းယမြို့တည်ကြစဉ် "ရှင်ဒိဗ္ဗစက်"ခေါ်သော ရဟန္တာ တစ်ပါး ကောင်းကင်ခရီးဖြင့် ဝေသာလီမှ ကြွလာသည်ဆို သော ဖြစ်ရပ်ပါ။ ဝေသာလီသည် မဇ္ဈိမဒေသ ဝေသာလီကြီး ကား မဖြစ်နိုင်။ ရခိုင် ဝေသာလီနှင့် အာသံ ဝေသာလီ တစ်ခုခုဖြစ်ရာသည်။ စိတ်ဝင်စားဖွယ် ကောင်းပေ၏။ (ရှင်ဒိဗ္ဗ စက်အကြောင်း "ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ"နှင့် မဲမီးဆရာ တော်၏ "ဝံသဒီပနီ"ရှု။)

ကုန်းဘောင်ခေတ် ဘကြီးတော်လက်ထက်တွင် စစ်သူကြီး မဟာဗန္ဓုလတို့ စစ်ချီရင်း ပါသွားသူ ဗိုလ်မှူး မဟာသီလဝတပ်သည် မြို့စောင့်တပ်အဖြစ် နေခဲ့ရာ ဂျော် ရဟာတ်မြို့၌ စေတီတစ်ဆူတည်ခဲ့ကြ၏။ တမူးလမ်းရှိ တိမ်း ကရားရွာ၌ "သာနုကျွန်းပေါ်"ဟူသော စေတီတစ်ဆူ၊ တမူး မြို့၌ ဉာဏ်တော် ၁၂တောင်ရှိ "သီရိထိပ်မိုး"ဟူသော စေတီတစ်ဆူကိုလည်း တည်ခဲ့ကြောင်း စစ်ကိုင်း ဦးဘိုးသင်း ၏ "ခရီးသည်ကြီး"စာအုပ်၌ တွေ့ရ၏။ (၁၉၃၅ခုနှစ်ရိုက်။)

ချင်းတောင်၌ ဗန္ဓုလရုပ်ပွားတစ်ဆူ ရောင်ခြည်တော် ကွန့်မြူး၍ လွန်ခဲ့သော ၂နှစ်ကျော်က လူအများ လာရောက် ဖူးမြော်ကြကြောင်း တောင်တန်းအရှင် ဦးဥတ္တမသာရ၏ ဆောင်းပါးတစ်ခု၌ ဖတ်ရှုရဖူး၏။ အာသံ၌ ဗန္ဓုလတို့ ပင့် ဆောင်သွားသော ဉာဏ်တော်တစ်တောင်ခန့်ရှိ ရုပ်ပွားတော် မှာ ယခုအခါ အာသံပြည် ကာလိုနီရွာ စေတီ၌ ပူဇော်ထားရှိ ရာ ဆုတောင်းပြည့်သည်ဟု ဆိုကာ အထူးကျော်ကြားခဲ့၏။ အာသံလျှင်ကြီး မလှုပ်မီက ထိုရုပ်ပွားကိုယ်တော်မြတ်မှ ရောင်ခြည်တော်များ ကွန့်မြူး၍ ပန်ဂျပ်နှင့် နီပေါပြည်များမှ ပင် လူမျိုးပေါင်းစုံ ဘုရားဖူးလာကြရာ အလွန်စည်ကားခဲ့ သည် ဆို၏။ ဗန္ဓုလမျိုးခေါ် ရှေးမြန်မာကြီးများသည် ယခုအခါ ဆီနီမာရီနယ် ဂါရာဟီ၌ တစ်စုတစ်ဝေးတည်း နေကြရာ အာသံများ ဖြစ်နေကြပြီ။

အမရပူရခေတ်၊ မန္တလေးခေတ်တို့တွင် မဏိပူရ အာသံသားများ မြန်မာနိုင်ငံ၌ အများအပြားလာရောက်နေထိုင် ကြရာ မန္တလေး ပုဏ္ဏားကုန်း၊ ပုဏ္ဏားစု ရပ်ကွက်များ၌ ယခုတိုင် အုပ်စုလိုက် ရှိနေကြလေသည်။ ပဌမ သံဃါယနာ ခေတ်က နာမည်ကျော် ရှမ်းကလေးကျွန်းဆရာတော်၊ ၎င်း နှင့် မောင်နှမတော်သူ သီလရှင်ဆရာကြီး မယ်ကင်း၊ ပုသိမ် မိဂဒါယုံ ဆရာတော်၊ နာမည်ကျော် ဘုန်းတော်ကြီး ဦးသီလ ၏ တပည့်ဖြစ်သူ ဘီလူးကျွန်း၊ မရမ်းရွာ တာဝတိံသာ ဆရာ တော်နှင့် ၎င်း၏ နှမ၊ စာတတ်အကျော် သီလရှင်ဆရာကြီး ဒေါ်ခေမဝတီ စသော သာသနာဝင်အကျော် ပုဂ္ဂိုလ်ကြီးများ လည်း မဏိပူရ ကသည်းလူမျိုးများ ဖြစ်ကြလေသည်။

**ကျူးကျော်စစ်ပွဲကြီး သုံးပွဲဒဏ်**

ကျွန်ုပ်တို့၏ အနောက်ဘက်နံရံရှိ သွေးချင်းသားချင်း များ၏ ဒေသများသည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် အောက်မြန်မာနိုင်ငံနှင့်အတူ ဗြိတိသျှလက်အောက်သို့ ရောက်ခဲ့ကြရ၏။ ထိုအချိန်ထိအောင်ပင် မဏိပူရ နန်းတွင်း ရေးကို မြန်မာဘုရင်များက ချုပ်ကိုင်ခဲ့ကြလေသည်။ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

လက်အောက်ခံ နယ်မြေပင်ဖြစ်ခဲ့၏။

၁၁၂၀ ငါးဖြင့် စစ်ချီ၍ "စန္ဒရော် မောနီ" ကို အုပ်ချုပ်ရေး လွှဲအပ်ခဲ့စဉ် မထီပူရ ကသည်း မျဉ်းတဲမြို့လယ်၌ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးသော ကျောက်စာကို ရေးထူထားခဲ့ကြောင်း "ရတနာသိခ ရာဇဝင်" ၂၀ဂ၌ တွေ့နိုင်၏။ ရှင်ဖြူဘုရားကို လည်း အလောင်းဘုရား ပြန်လည်ပင့်ဆောင်ခဲ့ကြောင်း ပလိပ် စားချင်း (၆၁)၌ တွေ့ရသည်။

ဒုတိယကမ္ဘာစစ်တွင် အဆောက်အအုံ၊ စာပေနှင့် စာရိတ္တများ အထွက်အဝင် နစ်နာဆုံးရှုံးခဲ့ကြရသည့်အပြင် လွတ်လပ်ရေးကာလတွင် 'လွတ်လပ်ချင်စိတ်တွေ စောခဲ့ကြ သဖြင့် အစဉ်အလာ မြန်မာပိုင်၊ မြန်မာတို့နေသော ကျွန်းများ ပင် လက်လွှတ်ခဲ့ကြရသည်။

ရှစ်ရာစုက ပျူတို့ကို တိုက်သော နန်းစောခေါ် နန် ကျောင်စစ်ပွဲ၊ ၁၃ရာစုက ပုဂံကို တိုက်သော ကျူးကျော်ရေး မွန်ဂိုစစ်ပွဲနှင့် ၁၉ရာစုက ဗြိတိသျှနယ်ချဲ့စစ်ပွဲ၊ ဤစစ်ပွဲကြီး သုံးခုသည် မြန်မာတို့ ဒေသနယ်ပယ်နှင့် ထိုမြေပေါ်ရှိ လူသား တို့အား သမိုင်းပျောက်နိုင်သည်အထိပင် ကစဉ့်ကလျားဖြစ် စေခဲ့၏။ သို့သော် မြေရေဒေသ၊ လူမျိုး၊ အသွင်အပြင်၊ အယူဝါဒ မည်မျှပင် ကွဲပြားခြားနားနေကြသော်လည်း သွေး က စကားပြောလျက် ရှိနေပါသေးသည်။

## ထရိပူရ ဗုဒ္ဓဘာသာဝင်ဦးရေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မူလကပင် ဗုဒ္ဓဘာသာ ထွန်း ကားခဲ့သော နိုင်ငံဖြစ်ရာ ဗရမာကြီးများ၊ ဘရူးဝါးခေါ် ဗင်္ဂါလီ ဗုဒ္ဓဘာသာ ပညာရှင်များ အများအပြားထွက်ပေါ်ခဲ့၏။ အနောက်၊ အနောက်တောင်ဒေသ၌ ရခိုင်အမျိုးသားများနှင့် အများဆုံး ရောနှောခဲ့ကြရာ ဘင်္ဂလားဒေ့ရှ် ပထမဆုံး လွှတ် တော်၌ပင် ရခိုင်အမျိုးသား အမတ်တစ်ဦး၏ အမည်ကို တွေ့လိုက်ရ၏။ အိန္ဒိယအရှေ့နယ်စပ်ဖြစ်သော ထရိပူရပြည် နယ်၌လည်း ဗုဒ္ဓဘာသာဝင် သုံးသောင်းရှိရာ ချ(က်)မ လူမျိုး ၁၈၀၀၀၊ ရခိုင်လူမျိုးများမှ ဆင်းသက်ပေါက်ဖွားသော မဂ် လူမျိုး ၁၀၀၀၀၊ ဘရူးဝါးဗင်္ဂါလီ ၂၀၀၀ ခန့် ရှိလေသည်။ (ဆင္ဃသံဂါယနာမှတ်တမ်း၊ ဘိက္ခု အရိယ မိတြ၏ သန္ဒေသ ကထာ။)

## အာသံတို့၏ ပင်မမျိုးရိုးဇာစ်

သမိုင်းရှုထောင့်ဖြင့် ကြည့်သော် အာသံနိုင်ငံသည် ၁၆ရာစုကမှ အိန္ဒိယအရှေ့မြောက်၌ နေလာသော အာဟောမ် (အဟုမ်) ရှမ်းများကို အစွဲပြု၍ အာသံနိုင်ငံဟု ဖြစ်ပေါ်လာ ကြောင်း သိရသည်။ (ခေတ်ဟောင်း မြန်မာရာဇဝင်။)

"တာရနာထ" မှတ်တမ်း၌ Hasam စာလုံးပေါင်း၍ ယခု Assam ဟု စာလုံးပေါင်းသည်ကို တွေ့ရ၏။ "ပုဂံမပျက်မီက မြန်မာနိုင်ငံ" စာအုပ်တွင် "ခရစ် ၁၂၂၈ ခုမှာ ထိုင်းရှမ်းတို့ အာသံနယ်ဘက်သို့ ကူးကာ အဟုမ်နိုင်ငံကို တည်ထောင် သောနှစ် ဖြစ်ပေသည်" ဟု ဖတ်ရှုရ၏။ 'The Making of South East Asia' စာအုပ်၌ . . .

"ခမယ်၊ ခမယ်နှင့် စပ်သော စကားများ၊ မွန်နှင့် လောအထက်ပိုင်း တောင်များ၊ မြန်မာတောင်များတွင် ပြော သော စကားများ(ဝ၊ ပလောင်၊ ရီယန်)နှင့် အာသံတွင် ပြောသော ခါဆီစကားတို့သည် မွန်ခမယ်(ခမေရ်)အနွယ်စု ဖြစ်ပေါ်စေသည်။ ယိုးဒယား၊ လော၊ မြန်မာပြည်ရှိ ရှမ်းနှင့် ရှေးအာသံတွင် ပြောသော အဟုမ်စကားတို့သည် ထိုင်း (သျှမ်း)အနွယ်စုတွင် အရေးကြီးသော စကားတို့ ဖြစ်ကြ သည်" ဟု ဘာသာစကားရှုထောင့်မှ စိစစ်ထားသည်ကို တွေ့ ရ၏။ မြန်မာမှာကဲ့သို့ အာသံပြည်၌လည်း ရှမ်းများသာမက၊ မွန်အနွယ်များပင် ရှိနေခဲ့သည်။ သို့ရာတွင် အဟုမ်ရှမ်းများ သည် မြန်မာပြည်တောင်ပိုင်း ရှမ်းများနှင့် စကားပြော၍ မရ၊ မြောက်ပိုင်းနှင့်သာ ရသည်။

ယခုအခါ အာသံပြည် လူမျိုးစု ၅၅မျိုးပင် ရှိသည်ဆို ရာ အာသံမြန်မာမှ ပေါက်ဖွားသော ဂျင်းဖောမျိုးကား များလှ သည်။ အဟုမ်ရှမ်းမှာ ၁၅သန်းခန့်ရှိ၍ ဇာတိုင်းရင်းသားလူမျိုး (အာခံမီယာ)ဖြစ်နေကြပြီ။ ခေတ်ဟောင်း မြန်မာရာဇဝင်၌ အဟုမ်ရှမ်းတို့သည် ၁၂ရာစုမှ စ၍ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသည်ဟု ဆိုသည်။

အိန္ဒိယပြည်၏ အာသံပြည်နယ်တွင် ယနေ့ ဗုဒ္ဓဘာသာ ဝင် ၅၀၀၀၀ ကျော်ရှိသည်။ အာသံဗုဒ္ဓဘာသာအသင်းမှ ရှိလောင်၊ ပန်ဒူး၊ လမ်ဒင်း၊ ဘာဒါပူရ်၊ ဒီဘရူးဂါ၊ ဂျော်ဟတ်၊ ဆစ်ဆာငါ၊ တင်ဆူကီးယား၊ ဂေါဟာတီ၊ တက်ဇပုရ်၊ နောင် ဂေါင်းတို့တွင် ဌာနခွဲများ ထားရှိသည်။

ဆရာတော် အရှင်ဦးဥတ္တမသာရ၏ "ကိုယ်တွေ့ မှတ်တမ်း (၂)၊ ၁၁၉" ၌ ၁၃၃၇-၃၈ ခုနှစ်များတွင် အဟုံရှမ်း ၁၅သန်းတို့ ဗုဒ္ဓအယူသို့ သက်ဝင်လာကြကြောင်း ဖတ်ရှုရ ၏။

ဤ၌ ရှမ်းဟူသော ဝေါဟာရနှင့် သမိုင်းရေစီးကြောင်း ကို အနည်းငယ် ရှင်းပြရန် လို၏။

သျှမ်းဟူသော ဝေါဟာရမှာ မြန်မာတို့က ခေါ်ဝေါ်သော



www.burmeseclassic.com

www.burmeseclassic.com

ဝေါဟာရဖြစ်၏။ တရုတ်တို့က "မဲင်မောပိုင်ယီ"ဟု ခေါ်၏။ မူလမျိုးရိုးကား တိဗက်တရုတ်၊ ထဲတရုတ်နွယ်များ ဖြစ်ကြသည်။ အင်္ဂလိပ်လို Tai နှင့် ရေး၍ ထဲ၊ ထိုင်ဟု အသံထွက်၏။ အင်္ဂလိပ်တို့က ယိုးဒယားကို ခေါ်ရာ၌ မြန်မာအသံထွက်ကိုပင် ယူ၍ အင်္ဂလိပ်လို Sy သို့မဟုတ် Siam ဟု ရေးသည်။ ပါဠိလို "သျှာမ"ဟု ရေးသည်။

သျှမ်းအပါအဝင် လူမျိုးစုများ ခရစ်နှစ်အစလောက်က ယခု ယွန်နန်နယ်၌ နေကြ၏။ ၆ရာစုလောက်တွင် စစ်လိုသားသော နန်စောခေါ် နန်ကျောင် ပြည်ထောင်စုကြီးတစ်ခုအဖြစ် တန်ခိုးထွားခဲ့ရာ ၇၃၂ ခုတွင် ပြူမြို့တော်(သရေခေတ္တရာ)ကိုပင် ဖျက်ဆီးခဲ့ကြသည်။ ၉ရာစုတွင် မွန်ဂိုလ်တို့ တိုက်ခိုက်၍ နန်စောမြို့တော် တာလီကို သိမ်းလိုက်သည်။ သျှမ်းတို့သည် ထိုအချိန်မှစ၍ ဝါးအစည်းပြေသကဲ့သို့ အာသံ၊ မြန်မာ၊ လာအို၊ ယိုးဒယား(ထိုင်း)နိုင်ငံများသို့ တိုးဝင်သွားကြရသည်။ ၁၃ရာစုက မွန်ဂိုလ်တို့ ပုဂံကို တိုက်ခိုက်ရာတွင် ယိုးဒယားတို့က အခိုင်အမာနိုင်ငံတစ်ခု တည်ထောင်လိုက်ကြသည်မှာ ထိုစစ်ပွဲ၏ ရလဒ်ဖြစ်သွားခဲ့၏။ အာသံလည်း မွန်ဂိုလ်တို့၏ ကျေးဇူးကြောင့် ဖြစ်ပေါ်လာရသော တိုင်းပြည်တစ်ခုဟုပင် ဆိုသင့်သည်။

၁၄၃၈-၆၅ ခုနှစ်များက မောသျှမ်းတို့ စစ်ဖြစ်ကြပြန်ရာ မောသျှမ်းတို့ ရှုံး၍ မိုးညှင်းနယ်နှင့် ယခု သျှမ်းပြည်သို့ ပြေးဝင်ကြရ၏။ ၁၄၄၉ ခုနှစ်တွင် မိုးညှင်းကို တရုတ်တို့ သိမ်းပြန်လျှင် ကလေး၊ ခမ္ဘီ(ရွှေမြေ) အထက်ချင်းတွင်းနှင့် အာသံသို့ ဝင်ကြရသည်။ တရုတ်ပြည်၌ ပိုင်ယီခေါ် ရှမ်းအချို့ နေခဲ့၏။ တရုတ်ရှမ်းကို မြောက်ပိုင်းရှမ်း၊ မြန်မာရှမ်းကို တောင်ပိုင်းရှမ်း၊ ရှမ်းကြီးဟု ခေါ်သည်။ ဤကား ၁၅ရာစုအတွင်းက အခြေအနေဖြစ်၏။

မူလက မြန်မာတို့နှင့် အတူတကွ နေခဲ့ကြရသည့် အပြင် မြောက်အာသံရှိ "မိရှမိ"နဂါး၊ ကုကီချင်း၊ သက်၊ ကချင်ခေါ် ဂျိန်ဖော စသည်တို့သည် တိဗက်မြန်မာ၊ အာသံ မြန်မာမျိုးဆက်များဖြစ်ကြောင်း (ဒေါက်တာ သန်းထွန်း၏ ခေတ်ဟောင်း မြန်မာရာဇဝင်၌) တွေ့ရှိရသည်။

ဤကား ဒေသခံတို့၏ သမိုင်းမှတ်တမ်း မပါ။ လက်လှမ်းတမီ လေ့လာ၍ရသော အာသံပြည်အကြောင်း တစေ့တစောင်း ကြည့်ရှုလေ့လာချက်မျှသာ ရှိပါသေးသည်။ ခေတ်အဆက်ဆက် မြန်မာတို့နှင့် ပိုမိုထိတွေ့မှုများကာ အာသံမြန်မာ မျိုးပွားငယ်တစ်ခုပင် ဖြစ်နေချေပြီ။ နှစ်ပေါင်းများစွာ မြန်မာဘုရင်အဆက်ဆက်နှင့် ဖြိတ်သျှတစ်ခေတ်လုံးကပင် သွားလိုက် လာလိုက်နေခဲ့ကြရာ ယခုအခါ ခွဲခြား၍ပင် မရတော့ချေ။

လွတ်လပ်ရေးရပြီးနောက် အာသံ၌ မြန်မာသာသနာပြုဌာနပင် ဖွင့်ထားရှိခဲ့၍ အာသံမှ စာသင်သား ရှင်ရဟန်းများပင် မြန်မာပြည်၌ အပါး ၂၀ခန့် နေထိုင်ခွင့် ရခဲ့ကြလေသည်။ ၁၉၅၀ ပြည့်နှစ်တွင် အဟုမ်ရှမ်းများနှင့် ၎င်းတို့ခေါင်းဆောင် မစ္စတာ ဂိုရာဂိုဟိန်း(အိန္ဒိယ၊ ဒုဝန်ကြီးဖြစ်ခဲ့သူ)တို့၏ မေတ္တာရပ်ခံချက်အရ ဆာဦးသွင် ကြီးမှူးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက ဦးပညာဝံသ၊ ဦးစန္ဒိမာ၊ ဦးတိက္ခ၊ ဦးတိဿတို့ ဦးစီးသော ရဟန်းတော် ၆ပါး၊ ကပ္ပိယ ရွှေပြည်တော် ဦးဘတင်တို့အား ၃နှစ်တိုင်တိုင် အာသံပြည်၌ သာသနာပြုစေရာ ရှင်ပြုခြင်း၊ သိမ်သမုတ်ခြင်း စသည်တို့ ပြုလုပ်နိုင်ခဲ့၏။ လေးသောင်းနီးပါး ဗုဒ္ဓဘာသာသို့ သက်ဝင်လာကြသည်ဟု သိရ၏။ (ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ သမိုင်း၊ ၁၉၇၂။)

ဤသို့လျှင် သျှမ်း မြန်မာတို့၏ ရွှေ့လျားမှုသမိုင်းကို ကြည့်ခြင်းအားဖြင့် အာသံရှိ အဟုမ်သျှမ်းသွေးချင်းတို့အတွက် ယနေ့ စဉ်းစားရန် အချက်တစ်ခုထွက်ပေါ်လာသည်ဟု ထင်၏။ ယင်းကား အခြားမဟုတ်။ ခရစ် နှစ်ဦးလောက်က စ၍ မိမိတို့နှင့် တစ်အူထုံ့ဆင်း၊ တစ်မိသားချင်း၊ နောင်ရင်းညီအစ်ကိုအဖြစ် အတူတကွ နေလာခဲ့ကြရာမှ စစ်ပွဲအဆက်ဆက်ကြောင့် ဦးတည်ရာ ထွက်ခွာခဲ့ကြရလေရာ အရှေ့ဘက်၌ ကျန်ရစ်ခဲ့ကြသည့် ထိုင်း(ယိုးဒယား)၊ လာအို၊ မြန်မာပြည် စသည်ရှိ ဘဝတူ ရှမ်းများ အားလုံးလောက်နီးပါး ရာစုနှစ်အတော်ကြာကပင် ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြလေပြီ။

ဤအချက်ကား အာသံရှိ အဟုမ်ရှမ်းတို့အား သွေးကပြောနေသော ဝိသေသအချက်ပင် ဖြစ်ပေသည်။

* * *

မွှာစရိယ ဦးခွေးလှိုင်

(ဆရာကြီး၊ ဓမ္မာစရိယ ဦးခွေးလှိုင်၏ "ဓမ္မဒူတ"စာအုပ်မှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com


သီရိလင်္ကာနိုင်ငံက ပေါလောနရုဝ (Polonaruva) မြို့ဟောင်းကို မဝင်မီ မြို့တစ်ခွင်လုံးကို ခဏမျှ ခြုံပြီး ငေးကြည့်နေခဲ့မိတယ်။ မင်းကောင်း မင်းမြတ်တစ်ပါးရဲ့ ဦးဆောင်မှုနဲ့ စည်ပင်ဖွံ့ဖြိုးခဲ့တဲ့ အတိတ်ကာလပုံရိပ်တွေကိုလည်း တရိပ်ရိပ်ပြန်မြင်လာသလို ခံစားကြည်နူးရတယ်။ နှစ်ကာလကြာညောင်းခဲ့ပေမယ့် "မဟာပရက္ကမဗာဟု"မင်းကြီးကတော့ ရာဇဝင်ထဲမှာသာ ကျန်ရစ်မနေခဲ့တဲ့နောက်ပိုင်းခေတ်လူသားများရဲ့ နှလုံးသားများသို့တိုင် ရှင်သန်နေဆဲဖြစ်နေလေရဲ့။ သီရိလင်္ကာနိုင်ငံရဲ့ သမိုင်းနဲ့အတူ မင်းတရားကြီးရဲ့ လုပ်ဆောင်ချက်တွေကလည်း မေ့ပျောက်မသွားဘဲ ပြည်သူတွေရဲ့ ရင်ထဲမှာ တွန်းတောက်နေမှာပါ။


"ပရက္ကမဗာဟု"မင်းကြီး၏ နန်းတော်ရာဟောင်းကို ဝင်ရောက်လေ့လာပြီးတဲ့အခါ ဗုဒ္ဓမြတ်စွာရဲ့ စွယ်တော် ကိန်းဝပ်နားခိုခဲ့တဲ့ စွယ်တော်တိုက်ဟောင်းနဲ့ ကျော တော်ရာဟောင်းများရှိရာကို ကားနဲ့ ဆက်လက်ထွက်ခွာ ခဲ့ပြန်ပါတယ်။ ကားနဲ့ သွားနေရပေမယ့် တစ်နေရာ တစ်နေရာက မလှမ်းမကမ်းသာပါပဲ။ အောက်ခြေရှင်းတဲ့ အပင်အုပ်အုပ်များနဲ့ ပြန့်ပြူးတဲ့ သဲမြေပြင်များမို့ အချိ ရလျှင်ဖြင့် ဝတ်မှုန်စီတဲ့၊ "မြက်ခင်းလဲ့လဲ့ မြေညီညီ"မှာ အေးအေးဆေးဆေး လမ်းလျှောက်လို့သာ သွားလိုက်ချ ပါရဲ့။ သည်လိုနဲ့ "ဇာလီပျော်တဲ့" ကျောင်းသင်္ခမ်းတွေဆီကို ရောက်ခဲ့ပေါ့။


ရှေးဟောင်း အဆောက်အအုံပျက်တွေ စုဝေးနေတဲ့ ဒီလေးထောင့် ထောင့်မှန်စတုဂံပုံ မြေကွက်ကြီး (Quadra-


# စေတီကျောင်း

■ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု) ■










သီရိလင်္ကာကျွန်းက စေတီကျောင်းပြင်ရဲ့ ပြင်ပအသွင်အပြင်




www.burmeseclassic.com


www.burmeseclassic.com

ပျူး)မှာတော့ စက်ဝိုင်းပုံ ဓာတ်တော်တိုက် ဝါတာဒေ့ (Vatadage)၊ စွယ်တော်ကျောင်း အတာဒေ့ (Atadage)၊ စွယ်တော်ကျောင်း ဟေတာဒေ့(Hetadage)နဲ့ ကျောက်သား စာအုပ်ကြီး(Stone Book)၊ ဂေါလ်ပေါတ(Gol pota)စတဲ့ အမည်ကျော် အဆောက်အအုံတွေ တစ်စုတစ်ဝေးတည်း အနေး တည်ရှိနေပါတယ်။ တစ်ခုချင်းစီကိုတော့ သီရိလင်္ကာ ရှေးဟောင်းသုတေသနဌာနက နံပါတ်စဉ်အမှတ်အသားလေး တွေ တပ်ထားပေးတယ်။ ဒီမြေကွက်ကျယ်ကြီးအတွင်းမှာ









စေတီကျောင်းပေါ် သို့အတက်လှေကားရင်းမှလကျောက်ဖျာ

ရှိရှိသမျှသော အဆောက်အအုံတွေဟာ စွယ်တော် ဓာတ်တော်(Tooth Relic)ထားရှိရာ ဘုရားကျောင်း(Shrine)များ။ အဲဒီဓာတ်တော်တွေကို လူတွေ ဖူးမြော်ကန်တော့ခြင်းအမှု (worship)ပြုလုပ်ဖို့ တန်ဆောင်းနဲ့ ဇရပ်များချည်းပဲဖြစ်ကြလေရဲ့။ သီဟိုဠ်သားတွေရဲ့ အခေါ်အရ ဒလဒမာလုဝ (Dalada Maluva)တွေပေါ့။

**စေတီကျောင်း ဝါတာဒေ့ (Vatadage)**

အဲဒီထဲကမှ ပုံသဏ္ဍာန်ထူးခြားတဲ့ စက်ဝိုင်းပုံ ကျောက်ထည်အဆောက်အအုံကြီးကို အရင်ဆုံး ဝင်ရောက်ဖူးမြော်ကြပါတယ်။ စွယ်တော်တိုက်အဆောက်အအုံ(Temple of Tooth Relic)(အမှတ်-၃၉)ပါတဲ့။ အဆောက်အအုံအမည်ကမ္ပည်းစာကို ပန္နက်ပုံစံနဲ့တကွ တစ်ပေခွဲသာသာ သံမဏိပြားပေါ်မှာ ရေးထိုးပြီး မတ်တတ်ရပ် ဖတ်နိုင်တဲ့ အမြင့်ရှိတဲ့ အုတ်ခုံလေးပေါ်တွင် ခပ်စောင်းစောင်းလေး ကပ်ထားတယ်။ စာသားတွေကို စာကလေးခွေလို ဝိုင်းဝိုင်းလေးတွေ ပါတဲ့ ဆင်ဟာလီစာ၊ ဟင်ဒီစာနဲ့ အင်္ဂလိပ်စာများနဲ့ ရေးထိုးထားတာပါ။ ဒါဟာ ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းတဲ့ နိုင်ငံတိုင်းမှာ အလေးထား ပြုလုပ်ထားချက်ပေါ့။ ဘုရားဖူးတွေ၊ လေ့လာသူတွေ ဘယ်သူ့ကိုမှ မေးစရာမလိုဘဲ အလွယ်တကူ သိရှိနိုင်လို့ အလွန်ကောင်းတဲ့ အလေ့ပါ။ အဲဒီအဆောက်အအုံဟာလည်း စွယ်တော်တိုက်တစ်ခုပဲ ဖြစ်ခဲ့ပြီး၊ သူ့ကို ထောင့်မှန်စတုဂံပုံ မြေအပြင်ရဲ့ အလယ်ဗဟိုလောက်မှာ အထင်အရှား တည်ဆောက်ထားတာပါ။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးတဲ့နောက် ဗုဒ္ဓရဲ့ စွယ်တော်ဓာတ်မြတ်ဟာ အိန္ဒိယနိုင်ငံ၊ ကလိင်္ဂတိုင်းမှာ ရာစုခေတ်ရှစ်ခုခန့် စံပယ်တော်မူနေခဲ့တယ်။ ကလိင်္ဂရဲ့ အရှင်သခင် ဂုဟာသိဝမင်း(Guhasiva)ဟာ စွယ်တော်ကို အကြောင်းပြုပြီး စစ်မက်ဖြစ်ပွားတဲ့အခါ စစ်ပွဲအတွင်း ပျောက်ဆုံးမှုအန္တရာယ်နဲ့





www.burmeseclassic.com

www.burmeseclassic.com

ရင်ဆိုင်နိုင်တဲ့အတွက် သီရိလင်္ကာကျွန်းက သူ့အဆွေတော် မဟာသေန(Mahasena)(အေဒီ၃၃၄-၃၆၂)မင်းထံ စွယ်တော်မြတ်ကို ပြောင်းရွှေ့ ပို့ဆောင်ပေးခဲ့ပါတယ်။ ၄ရာစုခေတ် ဒုတိယပိုင်းမှာတော့ ကလိင်္ဂမင်းရဲ့ တူ-သမက်တော်၊ ဥဇ္ဇေနီမြို့စား ဒန္တ(Danta)မင်းသားနှင့် သမီးတော် ဟေမာမလ (Hemamala)တို့က တိမ်းရှောင်ပုန်းကွယ်ပြီး နှစ်နိုင်ငံကြားက တောအသွယ်သွယ်၊ တောင်အထပ်ထပ်နဲ့ ရေပြင်ကြီးစတဲ့ အခက်အခဲများကို ရင်ဆိုင်ဖြတ်ကျော်ကြကာ ပင်လယ်ကြီး ကာဆီးနေတဲ့ သီဟိုဠ်ကျွန်းသို့တိုင် လျှို့ဝှက်စွာ ပင့်ဆောင် သယ်ယူလာခဲ့ကြရတာပါ။ ဒီလို စွယ်တော်မြတ် ရောက်ရှိလာခြင်းဟာ ဗုဒ္ဓသာသနာတော် ကြွမြန်းလာခြင်းလည်းဖြစ်ပါရဲ့။ ပေါလောနရုဝခေတ်က အိန္ဒိယပြည်မှ ကြွ
ရောက်ရှိလာတဲ့ ဗုဒ္ဓကိုယ်ပွားစွယ်တော်မြတ်ကို ဒီနေရာမှ
ကိန်းဝပ် စံပယ်စေခဲ့ကြပါတယ်။

ဒီအဆောက်အအုံကတော့ ထူးထူးဆန်းဆန်း စေ
လည်း စေတီ၊ ကျောင်းလည်း ကျောင်းဖြစ်လေရဲ့။ ဒီခေ
စကားနဲ့ဆိုရင် တူး-အင်-ဝမ်း(Two in One)ပေါ့။ အဲဒီစေ
ကျောင်းမျိုးဟာ(ဝဋဒါဂေါ်စေတီတော်)အမျိုးအစားလည်း ဖြ
ပါတယ်။ ဝဋဒါဂေါ်စေတီဆိုတာကတော့ ပါဠိဘာသာ (ဝ
ဓာတုဂေဟ)က ဆင်းသက်လာတဲ့ သီဟိုဠ်နိုင်ငံသုံး-ဆင်ဟာ
လီ(Singha-lese)စကားဖြစ်ပေါ့။ (ဝဋဓာတုဂေဟ = ဝဋ
ဓာတု+ဂေဟ=ဝန်းဝိုင်းသောအချင်းအရာဖြင့် အကာအ








စေတီကျောင်းပေါ် သို့အတက်လှေကားရင်းမှ အစောင့်နတ်ရုပ်



www.burmeseclassic.com

www.burmeseclassic.com

စေတီကျောင်းရဲ့မူရင်းပုံသဏ္ဍာန်ကို ပြတိုက်မှာ ပုံစံငယ်ဖြင့်




စေတီကျောင်း ဒုတိယ ပစ္စယာနံရံမှ ရုပ်တုလေးတွေ

ပြည့်ဝံ့စွာ တည်ဆောက်ထားသော + ဓာတ်တော် + အိမ်-အိုက်-ကျောင်း)ပေါ့။ အတွင်းဘက်မှာ ရှိတဲ့ စေတီနဲ့ ဆင်းတုတော်တွေကို အမိုးအကာနဲ့ လုံခြုံစေဖို့ ဝန်းဝိုင်းတည်ဆောက်ထားတဲ့ စေတီပါ။ ယခု မြင်တွေ့လိုက်ရတဲ့ စက်ဝိုင်းပုံအဆောက်အအုံကြီးဟာ မင်းတရားကြီး မဟာပရက္ကမဗာဟု(အေဒီ ၁၁၅၃-၁၁၈၆)ရဲ့ ကုသိုလ်တော်ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာ တွေ့ခဲ့ရတဲ့ ကျောက်စာကတော့ ဒါကို ဘုရင် နိဿင္ကမောလ(King Nissanka Malla)(အေဒီ ၁၁၈၇-၉၆)က တည်ဆောက်ခဲ့တာလို့ ဆိုထားပြန်တယ်။ အင်း…မဟာပရက္ကမဗာဟုမင်းကြီး တည်ခဲ့ပြီးမှ ဘုရင်နိဿင္ကမောလက သူ့ခေတ်သူ့အခါမှာ ပြန်လည်ပြုပြင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါရဲ့။

ခုလို နှစ်ကာလများစွာ ကြာခဲ့တဲ့တိုင် ပျက်စီးယိုယွင်းနေတဲ့ကြားကပဲ အလွန်လှပ အချိုးအစားကျတဲ့ အဆောက်အအုံပါ။ အင်း…ဒါ့ကြောင့်လည်း ပေါလောနရွဝခေတ်ကျင်ကျောက်သား စေတီကျောင်း(Cetiyaghara)အဖြစ် သီဟိုဠ်တစ်ကျွန်းလုံးမှာ နာမည်ကျော်ခဲ့သော ပုံစံဖြစ်ခဲ့တာပေါ့။ ဒါ့အပြင် အခြားဗုဒ္ဓဘာသာနိုင်ငံများရဲ့ ဘာသာရေးအဆောက်အအုံများမှာလည်း မတွေ့မမြင်နိုင်တဲ့ သီရိလင်္ကာနိုင်ငံရဲ့ ပြိုင်ဘက်ကင်းသော ဗုဒ္ဓဘာသာသာသနိကအဆောက်အအုံပုံစံပါပဲ။

**စေတီကျောင်းရဲ့ ဗိသုကာ**

ဒီစေတီကျောင်းအဆောက်အအုံဟာ စက်ဝိုင်းပုံဓာတ်တော်တိုက်(Round Relic House)ပါ။ အဆောက်အအုံမှာ ဗဟိုတူ စက်ဝိုင်းပုံ ကျောက်သား ပစ္စယံနှစ်ဆင့်ပါဝင်ပြီး တစ်ခုပေါ် တစ်ခုဆင့်လျက် ရှိပါတယ်။ သူ့ရဲ့အလယ်၊ အမြင့်ဆုံးအပိုင်းမှာတော့ အထွတ်အမြတ်ထားရာစေတီငယ်လေးရှိပြီး စေတီတော်ကိုလည်း ကျောက်သားဆင်းတုတော်များက စက်ဝိုင်းပုံ ဝန်းပတ်(En-closing)ထားပါတယ်။ တိုင်တွေကိုတော့ ကျောက်ပေါ်များတဲ့ သီဟိုဠ်ကျွန်းမို့ ကျောက်တိုင်များ ထူခဲ့တာပေါ့။ ကျောက်တိုင်တွေကိုလည်း ကျောက်ဆစ်လက်ရာ အဆင်တန်ဆာတွေ ထွင်းထုထားလို



www.burmeseclassic.com

www.burmeseclassic.com





စေတီကျောင်းအပေါ်ဆင့်မှ ဆင်းတုတော်နဲ့ နောက်ခံစေတီပျက်

ပါ။ အဲဒီအားလုံးအပေါ်မှာမှ သစ်သားထုပ်တန်း ဆင့်တန်းများ လုပ်ပြီး၊ အုတ်ကြွပ်အမိုးများနဲ့ အုပ်မိုးကာ စက်ဝိုင်းပုံ အဆောက်အအုံကြီး ဆောက်လုပ်ထားတာပါ။ ဆင်းတုတော်နဲ့ စေတီတော်တွေကို အမိုးအကာအောက်မှာ လှည့်ပတ်ဝန်းရံထားတဲ့ လျှောက်လမ်းနဲ့ လှည့်လည်ဖူးမြော်လို့ ရနိုင်တဲ့ပုံစံ စေတီကျောင်း ဝါတာဒေ့(Vatadage)ဖြစ်ပါတယ်။ အဲဒီလို စေတီရော၊ ဆင်းတုတော်တွေကိုပါ အမိုးတစ်ခုတည်းအောက်မှာ လုံလုံခြုံခြုံထားနိုင်ဖို့အတွက် စေတီတော်ကိုတော့ သိပ်ကြီးကြီးတည်လို့ မရဘူးပေါ့။ ခုအခါမှာ သစ်သားထုပ်တန်းနဲ့ အမိုးတွေ မရှိတော့ပေမယ့် စေတီတွေ၊ ဆင်းတုတွေ၊ ပတ်လမ်း၊ လှေကားနဲ့ ကျောက်တိုင် ထိုးထိုးထောင်ထောင်တွေ ကျန်နေတာကိုတော့ တွေ့မြင်နိုင်ပါသေးရဲ့။ အလယ်မှာ စေတီချွန်ချွန်ရှိနေတာမို့ အမိုးဟာ အဝိုင်းပေါ်မှာ ထုချွန်ပုံ ဆင့်ထားတဲ့ ခမောက်ပုံသဏ္ဍာန် အဝိုင်းဖြစ်ကြောင်း ပေါ်လောနာရုဝ ရှေးဟောင်း သုတေသနပြတိုက်h(Archaeological Museum)မှာ ပုံစံငယ်ပြုလုပ် ပြသထားတာကို မှတ်မိသွားပါတယ်။ ဒါဟာ ပြတိုက်ကြည့်ရှုရခြင်းရဲ့ အကျိုးကျေးဇူးပေပေါ့။ ဘုရားဖူးအတော်များများဟာ အထူးသဖြင့် မြန်မာတွေမှာ ပြတိုက် ကြည့်ရှုလေ့လာတဲ့ အလေ့ အတော်နည်းပါတယ်။ ပြတိုက်ဝင်လေ့လာရင် ပိုက်ဆံထပ်ကုန်မယ်လို့ တွန့်သွားကြတာလည်းပါရဲ့။ ဒါပေမယ့် ငုံကြေးပေးပြီးရင် ပြတိုက်ဝင်ခ ထပ်မပေးရတာမျိုးလည်း ရှိတတ်ပါတယ်။ ဘာတဲ့ဖြစ်ဖြစ် ပြတိုက်မှာ တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို အနီးကပ်၊ အသေးစိတ် ကြည့်ရှုလေ့လာနိုင်တာ မသိကြလို့ပါ။ သိသူ ဖော်စား၊ မသိသူ ကျော်သွားပေါ့။ ပြီးတော့ ကြည့်တတ်မှလည်း မြင်တာကိုး။

**လကျောက်ဖျာနဲ့ အစောင့်နတ်ရုပ်**

အတက်အဆင်းအတွက်တော့ မြောက်ဘက်မှာပဲ သီဟိုဠ်ရိုးရာဟန် ဝင်ပေါက်လှေကားတစ်ခုတည်းရှိပါတယ်။ အဲဒီ လှေကားကမှ ပထမ ပစ္စယံဆင့်ပေါ်ကို တက်သွားရတာပါ။ အဝင်လှေကားအရင်းမှာ စက်ဝိုင်းခြမ်းပုံ လကျောက်ဖျာ(Moonstone)ရှိပြီး အစောင့်နတ်ရုပ်ပါတဲ့ ကျောက်တုံးပြား(Guard stones)နှစ်ခုကိုလည်း လှေကားဘေးတစ်ဖက်တစ်ချက်စီမှာ ထောင်မတ် တန်ဆာဆင်ထားပါသေးတယ်။ လကျောက်ဖျာနဲ့ အစောင့်နတ်ရုပ် ကျောက်တုံးပြားဟာလည်း ဘယ်မှာမှ မတွေ့နိုင်တဲ့ သီဟိုဠ် သာသနိကအဆောက်အအုံတွေရဲ့ မူပိုင်ဟန်လို့ ပြောနိုင်ပါရဲ့။ မတ်တတ်ရပ်နေတဲ့ နတ်ရုပ်များရဲ့ ခေါင်းမှာ ခေါင်းခုနစ်လုံးပါတဲ့ မြွေပါးပြင်းကြီးက အုပ်မိုးလျက်ပါ။ နတ်ရဲ့ လက်ထဲမှာတော့ တစ်ဖက်က ပန်း၊ တစ်ဖက်က ပန်းစိုက် ရေပြည့်အိုးကို ကိုင်မြှောက်ထားလေရဲ့။ စက်ဝိုင်းခြမ်းပုံ လကျောက်ဖျာဟာ ခြေနင်း ကျောက်ပြား(Semicircular Moonstone)ဖြစ်ပြီး သူ့အပေါ်မှာတော့ ထုံးစံအတိုင်းဘဲ ဆင်၊ မြင်း၊ နွားနဲ့ ခြင်္သေ့ပုံတွေ ထုလုပ်ထားပါတယ်။ ဒါဟာ အသောကမင်းကြီးဆီက အမွေရခဲ့တဲ့ သင်္ကေတအရုပ်တွေပါ။

သန္ဓေယူခြင်း-ဆင်ဖြူတော်၊ ဖွား မြင်တော်မူခြင်း-နွား၊ တောထွက်ခြင်း-မြင်းနဲ့ တရားထူး ဟောကြားတော်မူခြင်း-ခြင်္သေ့တွေကို သင်္ကေတပြု သရုပ်ဖော်ထားတာပေါ့။ လကျောက်ဖျာတွေဟာ ကျောက်သားကောင်းပြီး လက်ရာမြောက်လွန်းလို့ မနင်းရက်စရာပါပဲ။ လကျောက်ဖျာများမှာ ပါဝင်ကြတဲ့ ဒီသင်္ကေတရုပ်တွေဟာလည်း အချို့နေရာတွေမှာတော့ အပြောင်းအလဲရှိတတ်သတဲ့။ ပမာအားဖြင့် တမီးလ် မိဖုရားတွေနဲ့ ပတ်သက်တဲ့ နေရာတွေမှာ နွားပုံကို ထည့်မသုံးဘူးဆိုလား။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် လကျောက်ဖျာပေါ် နင်းတက်မှပဲ ပထမ ယ်အဆင့်ကို ရောက်သွားမှာမို့ မနင်းရက်ရက်နဲ့ နင်း က်ခဲ့ကြရပါတယ်။ နှစ်ပေါင်းများစွာမှာ လူပေါင်းများစွာ တက်ခဲ့ကြလို့လည်း လကျောက်ဖျာရဲ့ ကျောက်သားတွေ ချောပြောင် လှပနေလေရဲ့။ ကျောက်လှေကားထစ်များ ထစ်နဲ့ တစ်ထစ်အကြားမှာတော့ လှေကားထစ်များကို ထားဟန် ချစ်စရာ ဝဝကစ်ကစ် လူပုလေးရုပ်များ စီပြီး ထုလုပ်ထားပါသေးတယ်။ ပထမ ပစ္စယံပေါ်မှာ တော့ ကျိုးပဲ့ကျနေတဲ့ ကျောက်တိုင်များမှ ထိပ်ဖူးတွေကို ထားကာ တစ်ပုံတစ်ခေါင်းပါပဲ။ အဲဒီ ပစ္စယံကမှ ဒုတိယ ဆင့် အပေါ်ပစ္စယံကို ဆက်လက်တက်ရောက် သွားနိုင်ကြ တယ်။ ဒုတိယ ပစ္စယံပတ်လည် ကျောက်သားတံတိုင်း ရဲ့ နေရာအတော်များများကိုတော့ မပျက်မစီးဘဲ ယနေ့ ်င် မြင်တွေ့နိုင်ပါသေးတယ်။ အဲဒီကျောက်တံတိုင်းအပြင် တစ်လျှောက်မှာတော့ ဘဲငန်းရုပ်လေးတွေ၊ ကခုန်နေတဲ့ ည်သူပြည်သားတွေနဲ့ ကျွမ်းထိုး ဆော့ကစားနေတဲ့ လူရုပ် တွေကို ထုလုပ် ထည့်သွင်းထားပြန်တာ အလွန်ချစ်ဖို့ ကောင်း တယ်။ လုံးလုံးကစ်ကစ် ချစ်စဖွယ် ဘဲလေးတွေ တန်းစီ ပုံကလည်း တင်လေးတွေ တလှုပ်လှုပ်နဲ့ ထွက်လာတော့ လို့ သီဟိုဠ်ကျွန်းရဲ့ ဒီသီးခြား လက်ရာဟာ နှစ်သက်စဖွယ်

စေတီကျောင်းရဲ့ အဲဒီ ဒုတိယပစ္စယံအဆင့်မှာတော့ ရပ်လေးမျက်နှာ(Four Cardinal point)မှာ ဝင်ပေါက် လေးပေါက်ရှိလေရဲ့။ ဒီအထက်ပစ္စယံရဲ့ အလယ်ကောင်မှာ တော့ ကျောက်သားစေတီငယ်တစ်ဆူ တည်ထားပါတယ်။ တော့လည်း စေတီတော်လေးရဲ့ စက်ဝိုင်းပုံအောက်ခြေ က်ခုံသာ ကျန်ပါတော့တယ်။ အဲဒီ စေတီတော်ကိုမှ ငြိမ်းအေးခြင်း၊ တည်ငြိမ်ခြင်းသဘောကို ဆောင်တဲ့ သမာဓိ မုဒြာ(Samadhi)ဟန် ဆင်းတုတော်လေးဆူက အရပ်လေး မျက်နှာကနေ ဝန်းပတ်ထားတာပါ။ ဒါ့ကြောင့်လည်း ဝင် ပေါက် လေးပေါက်ကနေ ဝင်ရောက်လိုက်တာနဲ့ ဆင်းတု တော်များကို ကြည်ညိုဖွယ် ဖူးတွေ့လိုက်ရပါတယ်။ မြောက် ဘက် အပေါက်ထိပ်က ဆင်းတုတော်ကြီးကိုတော့ လှေကား အတက်မှပင် လှမ်းမြင် ဖူးမြော်နိုင်လေရဲ့။ သဒ္ဓါတရားကို ညှို့ယူလိုက်တဲ့ မြင်ကွင်းတွေပေါ့။

ပစ္စယံအဆင့်များရဲ့ ကြမ်းပြင်တွေကိုတော့ ကျောက် ဆောင် ကျောက်သား ပေါများတဲ့ သီရိလင်္ကာမို့ သဘာဝ ကျောက်တုံးပြားကြီးများနဲ့ သဘာဝကျကျ ခင်းထားပါတယ်။ ယနေ့ခေတ် ကြွေပြား၊ ကျောက်ပြားတွေ မသုံးထားပါဘူး။ သီဟိုဠ်မှာရော၊ အိန္ဒိယမှာပါ ဗုဒ္ဓသာသနိက အဆောက်အအုံ တွေကို ဘာတစ်ခုမှ မမွမ်းမံ၊ မပြင်ဆင်ဘဲ ရှေးမူမပျက်သာ ထိန်းသိမ်းထားကြတာပါ။ အဲ… အရည်တည်တဲ့ ကြံ့ခိုင်ဖို့ ကိုတော့ ရှေးဟောင်းသုတေသနဌာနရဲ့ မူဝါဒများ၊ လုပ်နည်း လုပ်ဟန်များ၊ စည်းမျဉ်းဥပဒေသများနဲ့အညီ အနုစိတ် ဂရုတစိုက် ပြုပြင်ကြ၊ ထိန်းသိမ်းမှု လုပ်ကြပေသပေါ့။ ဒါ့ကြောင့်လည်း ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် အနှစ်သာရအပြည့်ရှိနေကြတာ ဖြစ်ပါတယ်။ သီဟိုဠ်ကျွန်း တစ်ခွင်က အခြားနေရာများမှာလည်း ဒီလို ဝါတာဒေ့ အဆောက်အအုံမျိုးတွေ များစွာရှိပါသေးသတဲ့။

**စွယ်တော်ကျောင်း-အတာဒေ့(Atadage)**

အဲဒီ စက်ဝိုင်းပုံဓာတ်တော်တိုက် ဝါတာဒေ့ပေါ်ကနေ ကွင်းပြင်ကြီးရဲ့ ရှေ့တည့်တည့်ဆီကို လှမ်းကြည့်လိုက်တဲ့ အခါမှာတော့ စွယ်တော်ကျောင်း အတာဒေ့(Atadage)ကို လှမ်းမြင်နိုင်ပါတယ်။ အဲဒါကို ပထမမြောက်ဘုရင် ဝိဇယ







စေတီကျောင်းရှေ့မှ စွယ်တော်တိုက်ဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ဗာဟု(King Vijayabaha I)ရဲ့ တစ်ခုတည်းသော ဘာသာရေး ကောင်းမှုတော်အဖြစ် မှတ်တမ်းတင်ထားကြတာပါ။ သူကလည်း ဒီအထွတ်အမြတ်ထားရာ လေးထောင့် မြေကွက်ကြီး(Sacred Quadrangle)အတွင်းက စွယ်တော်ကျောင်း ဒလဒါမလုဝ(Dalada Maluwa)တွေထဲက တစ်ခုပဲပေါ့။ အဲဒီကျောင်းတော်ကြီးဟာ အထပ်နှစ်ထပ်ပါတဲ့ အဆောက်အအုံ(Two storied building)ဖြစ်ပြီး ကျောင်းရဲ့ အပေါ်ထပ်မှာ စွယ်တော်မြတ်(Scared Tooth Relic)နဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်တော်(Bowl Relic)များကို ထားရှိပြီး အပူဇော်ခံခဲ့ကြပါသတဲ့။

သူနဲ့ ကပ်လျက်မှာတော့ စွယ်တော်ကျောင်း ဟေတာဒေ(Hetadage)ကိုလည်း မြင်နိုင်ပါတယ်။ အဲဒါကတော့ ဘုရင် နိသင်္ကမာလ တည်ဆောက်ခဲ့တာပါ။ ဒီစွယ်တော်ကျောင်းများနဲ့ ပတ်သက်ပြီး တရုတ်ရဟန်းတော် ခရီးသည် ဖာဟီယန်(Fa-Hien)က မှတ်တမ်းများ တင်ခဲ့ပါတယ်။ "ဗုဒ္ဓ၏ သွားတော် ကိန်းဝပ်ရာ အဆောက်အအုံကြီးနှစ်ခုတို့သည် ရတနာခုနှစ်ပါးတို့၏ အရောင်ဖြင့် တပြောင်ပြောင်တောက်ပလျက် ကြီးကျယ်ခန်းနားလှပါပေ၏"တဲ့။

သြော် . . . ကြီးကျယ် ခမ်းနားခြင်းတွေဟာလည်း တစ်နေ့မှာတော့ ပျက်စီး ညှိုးမှိန်ရတာပါပဲလို့ ဘုရားရှင်က သင်္ခါရ သဘောတရားကို ကိုယ်တော်တိုင် ကြွရောက်ပြီး ဟောကြား ပြနေသလိုပါပဲလား။

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ကျမ်းကိုး ။ ။

- ဓမ္မစက္ကပဝတ္တနသုတ်။
- မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဘုရားဝါဒနှင့် ဓမ္မလုပ်စဉ်ကို အခြေပြု၍ ခံစားပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# ကုန်းဘောင်မင်းများနှင့် မန်းရွှေစက်တော်

တင်နိုင်တိုး



ကုန်းဘောင်မင်းဆက် (၁၁)ဆက်ရှိခဲ့ရာ အလောင်းမင်းတရားမှ သီပေါမင်းအထိ ၁၃၃နှစ် ကြာမြင့်ခဲ့သည်။ ကုန်းဘောင်မင်းများသည် မင်းဘူး မန်းရွှေစက်တော်သို့ ကိုယ်တော်တိုင် ကြွရောက်ခြင်း၊ အလှူတော်များ ပေးပို့လှူဒါန်းခြင်းတို့ ရှိခဲ့ကြကြောင်း သိရှိရသည်။

မင်းဘူး မန်းရွှေစက်တော်က မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်း စကုမြို့နယ်နှင့် ငဖဲမြို့နယ်တို့အစပ်တွင် တည်ရှိပါသည်။ မန်းချောင်းနံဘေး၌ တည်ရှိသဖြင့် မန်းရွှေစက်တော်ဟု ခေါ်ဆိုကြသည်။ ရွှေစက်တော် ပါဒစေတီမှာ ဧရာဝတီမြစ်၏ အနောက်တက်ကမ်းတွင် တည်ရှိသည့်အလျောက် ဧရာဝတီမြစ်ကမ်းနံဘေးရှိ မကွေး၊ မင်းဘူး၊ ရေနံချောင်း၊ ဆင်ဖြူကျွန်းမြို့များမှတစ်ဆင့် သွားရောက်ဖူးမြော်နိုင်ကြပါသည်။ ယခုအခါ မကွေးမြို့မှတစ်ဆင့် ဧရာဝတီမြစ်တစ်ဖက်ကမ်း မင်းဘူးမြို့သို့ သွားရောက်ကာ၊ ထိုမှတစ်ဆင့် အလွယ်တကူ သွားရောက်ဖူးမြော်နိုင်ကြ၏။

ရှေးအခါကဆိုလျှင် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သေးသဖြင့် ဘုရားဖူး ခရီးသည်များသည် နွားလှည်းများဖြင့် ဆည်တော်စခန်းသို့ ဦးစွာလာရောက်ကြရသည်။ ထိုမှတစ်ဆင့် သပြေပင်၊ ရိုးကြီး၊ ကံပေါက် စသည့် စခန်း ၁၀ခုကို ဖြတ်ကျော်ကာ ခရီး ၇မိုင် ၁ဖာလုံခန့် ကွာဝေးသော မန်းစက်တော်ရာသို့ သွားရောက်ကြရသည်။ ဆရာတော် ရှင်မဟာရဋ္ဌသာရ၏ "ရွှေစက်တော်သွား တောလား" သည် အလွန်စိတ်ဝင်စားစရာကောင်းလှသည့် ရွှေစက်တော်ဘုရားဖူးမှတ်တမ်းပင် ဖြစ်ပါသည်။

အင်းဝခေတ် ဒုတိယမင်းခေါင်(၁၄၈၂-၁၅၀၁) လက်ထက်၊ ခရစ်နှစ် ၁၄၈၇ခုနှစ်တွင် ဆရာတော် ရှင်မဟာရဋ္ဌသာရသည် အဖော်ဖြစ်သူ ဦးရိုးနှစ်ယောက်နှင့် ရွှေစက်တော်သို့ ဘုရားဖူးသွားရောက်ခဲ့ခြင်းဖြစ်သည်။ [illegible]ခရီး



www.burmeseclassic.com

www.burmeseclassic.com

တစ်လျှောက် အင်ကြင်းတောကြီးကို ဖြတ်သန်းသွားရပုံ၊ တစ်ခါတစ်ရံ ကျားဟိန်းသံများကိုပင် ကြားရပုံ၊ ဆပ်ပြာစမ်းတွင် ချိုးကင်းပြာ၊ ချိုးလည်ပြောက် စသည့် ငှက်များကို တွေ့ရှိရပုံ စသည်ဖြင့် ဆရာတော်က မှတ်တမ်းတင်ထားပါသည်။

ကုန်းဘောင်ခေတ် မြန်မာမင်းများသည် သာသနာ့ဒါယကာမင်းများဖြစ်ကြသည့်အားလျော်စွာ မန်းရွှေစက်တော်၌ အလှူတော်များ ပြုခဲ့ကြသည်။ အလောင်းမင်းတရား (၁၇၅၂-၁၇၆၀) ထီးနန်းစိုးစံနေစဉ်အတွင်း ၃၀၊ ဩဂုတ်၊ ၁၇၅၉တွင် ရွှေစက်တော်၌ တန်ဆောင်းဆောက်လုပ်လှူဒါန်းခဲ့သည်။ အလောင်းမင်းတရားက ပဒိမ်းမြို့သူကြီး နန္ဒရာဇာနှင့် စတုမြို့သူကြီး သိခ်တတ္တဥဒိန်ဒေဝတို့အား ဘုရင်မင်းမြတ်ကိုယ်စား ဆောက်လုပ်လှူဒါန်းစေခဲ့ခြင်းဖြစ်သည်။ အလှူတော်တန်ဆောင်းမှာ သုံးထပ် လည်ပေါ်အဆောက်အအုံဖြစ်ပြီး အလျားပေ ၃၀၊ အနံ ၂၇ပေရှိကာ အထက်စက်တော်ရာ၌ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဒီပဲယင်းမင်း(နောင်တော်ကြီး) (၁၇၆၀-၁၇၆၃)က ရွှေစက်တော်သို့ ကိုယ်တော်တိုင် ကြွရောက်ဖူးမြော်ခဲ့သည်။ မုံရွေးဆရာတော်မှတ်စုတွင်...

"သက္ကရာဇ် ၁၁၂၄ ခု၊ ပြာသိုလဆန်း ၇ရက်၊ အင်္ဂါနေ့(၂၁၊ ဒီဇင်ဘာ၊ ၁၇၆၂) ရတနာသိယ် ဒုတိယမင်းတရား မန်းစက်တော်ရာသို့ စုန်တော်မူသည်။

တပို့တွဲလဆန်း ၁၀ရက်၊ တနင်္ဂနွေနေ့(၂၃၊ ဇန်နဝါရီ၊ ၁၇၆၃)တွင် ဖူးမြော် ပူဇော်တော်မူ၏။

သတ္တာဟ စေ့နေ၍ တပို့တွဲလပြည့်ကျော်တစ်ရက်(၂၉၊ ဇန်နဝါရီ၊ ၁၇၆၃)တွင် ပြန်ခဲ့၏။ မင်းဘူးမှသည် ပုဂံမြို့သို့ ရောက်လျှင် ကျောက်စာတို့ကို တူးဖတ်ရ၏"

ဟူ၍ တွေ့ရှိရပါသည်။

ဒီပဲယင်းမင်း(နောင်တော်ကြီး)သည် အထက်စက်တော်ရာ၌ စောင်းတန်းဆောက်လုပ် လှူဒါန်းခဲ့သေး၏။ ယင်းအလှူတော်ကို...

"မတ်လျှာ သိန်းသောင်း၊ ဆွေတော်ပေါင်းနှင့်၊ ရေကြောင်းထိမ်းသူ၊ စုန်တော်မူ၍၊ မည်သူမညွန်း၊ ရွှေစောင်းတန်းဖြင့်၊ ရှင်လန်းစိတ်သန်၊ ရင့်ဆုပန်မှ..."

စသည်ဖြင့် နန်းတွင်းစာဆိုတော်တို့က မှတ်တမ်းတင်ခဲ့ကြသည်။

ဆင်ဖြူရှင်(မြေဒူးမင်း)လက်ထက် ၁၇၆၄ ခုနှစ်တွင်လည်း ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရွှေစက်တော်သို့ ကြွရောက် ဖူးမြော်ကာ ရွှေတံခွန်၊ ငွေတံခွန်တော်များ လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။ ဆင်ဖြူရှင်ကို ဆက်ခံသည့် စဉ့်ကူးမင်း(၁၇၇၆-၁၇၈၂)သည်လည်း ၁၇၇၆ခုနှစ်၊ နန်းတက်စ၌ပင် ရွှေစက်တော်၌ တန်ဆောင်းပြာသာဒ်နှစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

အချို့သော ကုန်းဘောင်မင်းများက နန်းတွင်းရေးအရှုပ်တော်ပုံများ၊ အခက်အခဲများကြောင့် မန်းရွှေစက်တော်သို့ လာရောက် ဖူးမြော်နိုင်ခြင်း မရှိကြပေ။ သို့သော် အလှူတော်အနေဖြင့်မူ ရွှေငွေရတနာများ ဆက်ကပ်လှူဒါန်းလေ့ရှိကြပါသည်။ ဗဒုံမင်း(ဘိုးတော်ဘုရား)၊ စစ်ကိုင်းမင်း(ဘကြီးတော်)၊ သာယာဝတီမင်း၊ ပုဂံမင်းတို့သည် မန်းရွှေစက်တော်သို့ အလှူတော်များ ပေးပို့လှူဒါန်းခဲ့ကြပါသည်။

မင်းတုန်းမင်း(၁၈၅၃-၁၈၇၈)လက်ထက်သို့ ရောက်သောအခါ ယခင် စဉ့်ကူးမင်းလက်ထက်က ဆောက်လုပ်လှူဒါန်းခဲ့သည့် ပြာသာဒ်နှစ်ဆောင်မှာ ဟောင်းနွမ်းပျက်စီးလျက်ရှိပြီးဖြစ်ရာ အသစ်တစ်ဖန် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၁၈၅၆ တွင် မင်းတုန်းမင်းက တန်ဆောင်း ပြာသာဒ်နှစ်ဆောင် ဆောက်လုပ်ခဲ့ရာ၌ ရွှေချိန် ကျပ်တစ်ထောင်ကို မျက်ပါးခတ်၍ ရွှေချ မွမ်းမံခဲ့သည်။ ထို့ပြင် ပြာသာဒ်အောက်ခြေ၌လည်း အုတ်-ကျောက် သမံတလင်းခင်း လုပ်ပေးခဲ့သည့်အပြင် အုတ်ကြွပ်မိုး ဇရပ်နှင့် သိမ်တန်ဆောင်းတို့ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့သည်။

မင်းတုန်းမင်းသာမက၊ ညီတော် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကပါ ရွှေစက်တော်ဘုရားရှိ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်၌ အုတ်ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ယင်း မင်းတုန်းမင်း၏ ကုသိုလ်တော်ဇရပ်ကြီးမှာ သီပေါမင်းလက်ထက် ၁၈၈၃ခုနှစ်တွင် ရေတိုက်စား ပျက်စီးသွားပါသည်။ သို့ဖြင့် သီပေါမင်းက ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တန်ဆောင်းပြာသာဒ်အသစ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ကုန်းဘောင်ခေတ်တစ်လျှောက် မြန်မာမင်းများသည် ရွှေစက်တော်ဘုရား၌ အလှူဒါနပြုခဲ့ကြကြောင်း လေ့လာတွေ့ရှိရသမျှ တင်ပြအပ်ပါသည်။

* * *

စောင်နိုင်ဓမ္မ

ကျမ်းကိုး၊

- မုံရွေးမှတ်စု (ဟံသာဝတီ ပုံနှိပ်တိုက်)။



www.burmeseclassic.com

www.burmeseclassic.com



လူတို့လောကတွင် လူတိုင်း တွေ့ကြုံတတ်ကြရမြဲ အဖြစ်သနစ်မျိုးတစ်ခုကို စာရေးသူ တင်ပြလိုပါ၏။ လူတိုင်းဟု ဆိုလိုက်ရသည်ကလည်း မိမိတို့အားလုံးသည် ဘဝတွင် တစ်ကြိမ်တစ်ခါအားဖြင့် ရာထူးရာခံရှိသော အကြီးအကဲတစ်ဦး (သို့မဟုတ်) အသက်အရွယ်ကြီးရင့်သော လူကြီးတစ်ဦးအဖြစ်သို့ မရောက်မရှိ ရောက်ကြရမည်သာ ဖြစ်ပါသည်။ အကြီးအကဲဘဝ မရောက်ရလျှင်ပင် အနည်းဆုံးတော့ မောင်နှမသားချင်းတို့ထဲမှ အကြီးဆုံးအဖြစ်ကိုလည်းကောင်း၊ တူ၊ တူမတို့၏ ဦးလေး၊ ဘကြီး၊ မရီး၊ အဒေါ်ဘဝတို့ကိုလည်းကောင်း၊ ထိုမှဆက်၍ မိဘဘဝ၊ အဘိုးအဘွားဘဝတို့ဖြင့် အကြီးဆုံးသောအရွယ်ရ လူသားအဖြစ်ဖြင့် အောက်လက်ငယ်သူတို့ကို ပယ်သက်ကြရမြဲ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သက်တမ်းတိုတတ်သော သိကြားသနားသနာခေတ်တွင် လူတို့၏ ကျင့်ဝတ်စရိုက် အခြေခံ ယဉ်ကျေးမှုတို့လည်း ပြောင်းလဲတတ်ကြသည်ပင်ဖြစ်လေရာ လူတို့၏ အနေအထားမှာလည်း ရှေးကာလတို့နှင့်မတူ ကွဲပြားခြားနားတတ်ကြသည်ပင် ဖြစ်လေသည်။ လူကြီးနှင့် လူငယ်တို့အကြား၌ ကျေးဇူးသိတတ်ကြသည်လည်းရှိ၍ ကျေးဇူးမသိတတ်ကြသည်လည်း ရှိကြပါလေ၏။

တစ်ကြိမ်တစ်ခါတွင် မိမိကိုယ်တိုင် ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခဲ့ရပါလျက်နှင့် မိမိအား ခြေကန် ထွက်သွားတတ်သော တပည့်များ ကြုံဖူးကြမည်သာ ဖြစ်ပါ၏။ ထို့အတူ တူသားနောင်မြေးတို့ကို ကိုယ်ဖိရင်ဖိ ကူညီစောင့်ရှောက်ခဲ့ရပြီးမှ အတောင်အလက်စုံလင်သွားသောအခါ မိမိအား အပြစ်မြင် ထွက်သွားတတ်သူများကိုလည်း ကြုံဖူးကြမည်သာ ဖြစ်ပါ၏။

ရိုးရိုးတန်းတန်း ထွက်ခွာသွားကြလျှင် ခံသာပါသေး၏။ ထိုသို့မဟုတ်ဘဲ ပို၍ ရာထူးမြင့်သူ၊ ပို၍အရေးပါ အရာရောက်တို့အပေါ် ပိုမိုအားကိုးလိုစိတ်နှင့် မကောင်းမြင်သွားတတ်ကြသည်များက မခံချင်စရာကောင်းလှပါလေသည်။

ပုထုဇဉ်တို့သဘောအရ မိမိတို့ဘဝတိုးတက်ရေးအတွက် ရာထူးဂုဏ်သိမ်အဆင့်အဆန်းတို့ကို တစ်ခုပြီးတစ်ခု ပို၍ တိုးမြင့်သွားအောင် ကြိုးစားရသည်ဖြစ်ကြောင်း အကြီးအကဲဖြစ်သူတိုင်း နားလည်တတ်ကြပါပေ၏။ သို့သော် မူလလူဖြစ်သော ပုဂ္ဂိုလ်အား ကလန်ကဆန်၊ မရိုမကျိုး၊ အမျိုးမျိုးသော ခွင့်မလွှတ်နိုင်သည့် ပြစ်ချက်များကို ဖော်ကျူး၍ ခွာသွားသည်မျိုး ဖြစ်ပါက ပန်းပျိုးမိသူတို့နှလုံး ညှိုး ငြိုကြရသည်သာ ဖြစ်ပါ၏။

မိမိက အကြီးဖြစ်၍ အလျှော့ပေးရသည်မျိုးလည်း ရှိပါလေ၏။ ချစ်၍ အလျှော့ပေးလိုက်ရသည်လည်း ရှိသကဲ့သို့၊ မချစ်သော်လည်း မလျှော့ချင်လျက် လျှော့ပေးလိုက်ရသည်လည်း ရှိပါသည်။ တစ်ခါတစ်ရံ တစ်ပြန်တစ်စီးဖြင့် ကျေးဇူးရှိဖူးသူအား မျက်မာန်စောင်းကြ ရိုင်းပျကြလေသောအခါ ဒေါမနဿ၏ အနောက်မှ အမျက်သိုမိတတ်ကြသလို၊ ထိုမှတစ်ဆင့် အမုန်းမီးတို့ကိုလည်း ပျိုးမိလာတတ်ကြပါလေသည်။ ထိုအခါ မိမိကိုယ်တိုင်လည်း မကောင်း၊ အများအတွက်လည်း မကောင်းကြတော့ဘဲ ဖြစ်ကြရတတ်လေ၏။

စာရေးသူ၏ မိတ်ဆွေတစ်ဦးတွင် တူမလေးတစ်ယောက် ရှိလေ၏။ ချစ်လွန်းလှ၍ နာမည်ရင်းကိုပင် မခေါ်နိုင်ကြ။ "ချစ်ပုံ••ချစ်ပုံ"ဟူ၍ တစ်ဆွေတစ်မျိုးလုံး တစ်သိုက်တစ်အုံလုံး ချစ်လိုက်ကြသည်မှာ အများကပင် ကဲလွန်းလှသည်ဟူ၍ ပြောမိကြပါလေသည်။ အထူးသဖြင့် အဒေါ်အပျိုကြီးဖြစ်သူမှာ ချေးကလူ၊ သေးကလူဖြင့် အိပ်ရေးအပျက်ခံကာ ပိုးမွေးသလို မွေးခဲ့ရပါလေ၏။ ယောက်မဖြစ်သော ကလေးအမေကပင်လျှင်•••

"အပျိုကြီးဆိုတော့ ဒီလိုပါပဲ။ သံယောဇဉ်တို့၊ ချစ်စရာတို့ မရှိဘူးမဟုတ်လား။ တွယ်မိတဲ့ သံယောဇဉ်မျိုးကို စိတ်ရော ကိုယ်ရော နှစ်ထားလိုက်ကြတာပဲပေါ့"

ဟူလေ၏။

ဟုတ်တော့လည်း ဟုတ်ပါပေ၏။ ကလေးမွေးစ အနီးထုပ်ဘဝကပင်လျှင် ည-ည ကလေးမှ "အဲ့"ခနဲ ငိုလာသည်မနှင့် မောင်လုပ်သူနဲ့ ယောက်မတို့၏ ခြင်ထောင်အား လှစ်ခနဲပင့်ကာ ကလေးကို ခေါ်ထုတ်လာခဲ့ပြီဖြစ်တော့၏။ မအေက နို့တိုက်ရန် နောက်မှ လိုက်လာရမြဲဖြစ်လေသည်။ နို့ဖြတ်ချိန်ရောက်သောအခါ ပို၍ဆိုးပါလေတော့၏။ ကလေးကသူနှင့် နေသည်ဟူ၍ လည်းကောင်း၊ သူနှင့်မှ အိပ်သည်ဟူ၍ လည်းကောင်း၊ သူနှင့်မှ ထမင်းစားသည်၊ သူက ရေချိုးပေးပါမှ၊ သူက အပြင်ထွက်လျှင် ခေါ်ပါမှ စသဖြင့် အကြောင်းပြချက် မျိုးစုံစွာ ဖြစ်လာပါလေတော့သည်။

သို့နှင့် နှစ်ပေါင်းများစွာ ထိုချစ်ပုံကလေးနှင့် လုံးလည်နေကြရင်းမှ ကလေး ဆယ်တန်းသို့ ရောက်လာ၏။ ထိုအရွယ်သည် လူ့ဘဝကို မျက်လုံးပွင့်စ၊ ကြည့်မိစ၊ သိလာစအရွယ်ဖြစ်ရာ လူကြီးမိဘတို့ကိုလည်း မြင်လျှင် မြင်သည့်အတိုင်း၊ ထင်လျှင် ထင်သည့်အတိုင်း ပြောဆိုတတ်လေမှ ထိုမိတ်ဆွေ အပျိုကြီး အထိနာပါလေတော့၏။

"ကြီးကြီးက ဘာသိလို့လဲ၊ သမီးသူငယ်ချင်းတွေ ပြောနေတဲ့ဟာကို ဝင်,ဝင်မပြောပါနဲ့ဆို"ဟူ၍လည်းကောင်း•••

"ကြီးကြီးက သမီး ခေတ်အလိုက် ဝတ်ရစားရတာတွေကိုပဲ ပြောနေတော့တာပဲ။ ဖေနဲ့ မေကတောင် ဘာမှ မပြောဘူး"ဟူ၍ လည်းကောင်း•••

"ကြီးကြီးက သမီးကို မွေးထားတာမှမဟုတ်ဘဲနဲ့၊ အလကား လိုက်ပူနေတယ်"ဟူ၍လည်းကောင်း ပြောလာပါလေသည်။

ကြာသော် ထိုမိတ်ဆွေ အပျိုကြီးမှာ မျက်ရည်နှင့်မျက်ခွက်ဖြစ်ပြီး စိတ်အဆင်းရဲကြီး ဆင်းရဲရလေတော့သည်။ နောက်ဆုံး၌ မချိတင်ကဲ ဝမ်းနည်းခြင်း၊ ကြေကွဲ စိတ်နာခြင်းတို့ဖြစ်ကာ မိသားစု သံယောဇဉ်ကို ဖြတ်၍ သီလရှင်ဝတ်သွားပါလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုမိတ်ဆွေ အပျိုကြီးမှာ ကျောင်းဆရာမတစ်ဦးဖြစ်ပြီး စာသင်အလွန်ကောင်းသူလည်း ဖြစ်လေသည်။ ဆံထုံးကြီးကြီးဖြင့် ဘောဂဗေဒဘာသာရပ်အား ရှင်းလင်းသင်ကြားနေလျှင် အလွန်ကျက်သရေရှိကြောင်း တပည့်ကလေးတိုင်းမှ ပြောကြပါလေ၏။

အားလုံးကို သံယောဇဉ်ဖြတ်၍ သီလရှင်ဝတ်သွားသောအခါ လုပ်ဖော်ကိုင်ဖက်တို့ကလည်း နှမြောကြ၏။ တပည့်ကျောင်းသူ၊ ကျောင်းသားတို့ကလည်း ဝမ်းနည်းကြ၏။ မိဘညီအစ်ကိုမောင်နှမ အဆွေအမျိုးတို့ကလည်း အံ့သြကုန်ကြရှာ၏။ မည်သူ ရှုံးပါသည်လဲ။

ပင်ကိုယ်မူလကပင်လျှင် ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် အေးချမ်းတည်ငြိမ်စွာ မွေးမြူလေ့ကျင့်ပေးသင့်သည်သာ မဟုတ်ပါလား။ ထိုအခါ ယခုလိုမျိုး ဒေါမနဿ မာန်မာနတို့ ဖြစ်ပေါ်လာနိုင်ဟုလည်း ထင်မြင်မိပါသည်။ ထိုသည်ကား ဘာမဟုတ်၍ ထားပါဦး။ မိဘဖြစ်သူကတော့ရော လွတ်နိုင်ကြပါသည်လား။ မိမိတို့ကိုယ်တိုင် ဝမ်းနှင့်လွယ်၍ နို့ချိုတိုက်ကျွေး မွေးပေးကြရသည့် ကလေးများပင်လျှင် တစ်ခါတစ်ရံ မိဘရင်ကို စုံကန်တတ်ကြပါသေး၏။

ပြော၍မနိုင်၊ ဆို၍မရ သားဆိုး သမီးဆိုး၊ ကျားမျိုးမိမျိုး ပါလာခဲ့ပါက မိဘတို့မှာ ပြဿနာအိုး ခေါင်းပေါ်ရွက်ထားကြရသည့်အလား ကြုံတွေ့ကြရစမြဲဖြစ်ပါသည်။ သားသမီးဆိုးတို့ကို လျစ်လျူရှုထားလိုက်ပါက အေးချမ်း၏။ သို့သော် လျစ်လျူမရှုနိုင်ကြသည်က မိဘတို့ပင် မဟုတ်ပါသလား။

ထိုအခါ ပူလောင်ကြရပါလေကုန်တော့၏။ အပူလောင်လွန်ကြရသောအခါ ခန္ဓာတို့ပင် ကြွေပျက်ပြုန်းရကုန်သည်အထိ ဖြစ်ကြရကုန်ပါလေသည်။

♦♦♦

တစ်ခါကလည်း မိဘနှစ်ဦးတို့တွင် သားနှစ်ယောက်၊ သမီးတစ်ယောက်ရှိကြလေ၏။ ရေခဲ့နောက်ဆင့် မွေးထားသော သားနှစ်ယောက်တို့ကို ရှင်ပြုကြသောအခါ ရှင်နှစ်ပါးအသ စသည်တို့ဖြင့် ပွဲလယ်တင်ခဲ့ကြလေသည်။ သို့သော် ကလေးများမှာ ဖူးဖူးမှုတ်လွန်းကြသော မိဘတို့၏ မွေးမြူမှုကြောင့် နားလည်သိတတ်မှု မရှိသည့်အပိုင်းတို့သို့ ရောက်လာကြ၏။ ဖခင်က အဆင့်အရာကြီးဘဝနှင့် တင့်တောင့်တင့်တယ် လိုလေသေးမရှိဖြစ်လာချိန်၌ စာမေးပွဲမှန်သမျှ ဘုန်းဗုန်းကျကြလေတော့၏။ သမီးမှာလည်း ရုပ်ရည်ပွင့်လန်း၍ အမိအဖတို့အသွေးအသားမှ ဖြစ်လာသော အလှအပကို ကြည်နူးကျေနပ်နေရင်း ဘဝကို မျှောလိုက်နေခဲ့လေသည်။

မိခင်ကလည်း ဖခင်ဝတ္တရားကို လုပ်ဆောင်ရသည်က တစ်ဖက်၊ အချိန်တန်လျှင် ကြက်၊ ဝက်၊ ဆိတ်၊ ငါး ဟင်း အမျိုးမျိုးတို့ကို ပြင်ဆင်လျက် ပြန်ရောက်လာမည့် သားသမီးများကို ကျွေးမွေးပြုစုရန်သာ နားလည်သူဖြစ်၏။ သားသမီးတို့၏ အခြေအနေကို သိလာ၍ အမောမပြေသော ဖခင်မှ ဆုပ္ပုကြိမ်းမောင်းရသောအခါ သီရိဂေဟာမဖြစ်တဲ့ အဂ္ဂိဂေဟာ ဖြစ်လာရပါလေတော့၏။ စိတ်ဆိုးသောကြောင့် တောက်လောင်ရသော ဒေါသမီးသည် ကျန်သော ဆိုးရွားလှသည့် ရောဂါမျိုးစုံတို့ကို အဖော်ခေါ်လာတတ်စမြဲဖြစ်လေသည်။

တစ်နေ့တွင် သားနှစ်ယောက်တို့၏ ဓားထိုး ရန်ဖြစ်မှု သတင်း။ သမီးငယ်၏ ခိုးရာလိုက်ပြေးသည့် သတင်းနှစ်ခုပေါင်းတို့၏ အရှိန်ဖြင့် ဦးနှောက်သွေးကြောပြတ်ခဲ့ရရှာပါလေ၏။ မည်သူ ရှုံးပါသည်လဲ။

ကိုယ်မွေးသည့် သားသမီးကိုပင် ကိုယ် မပိုင်ပါကြောင်း၊ တရားသဘောကို အခြေခံမှစ၍ နားလည်သဘောပေါက်ထားသင့်ကြရမည်သာ ဖြစ်ပါသည်။

စာရေးသူ မှတ်သားမိသော နိကာယ ငါးရပ်မှ အင်္ဂုတ္တရနိကာယ်လာ ဇာတ်တော်တစ်ခုအကြောင်း တင်ပြလိုပါ၏။ ထိုထိုသော အပူမီးတို့ တောက်လောက်ခံနေရသော၊ တွေ့ကြုံ ရင်ဆိုင်နေရသော စာဖတ်သူတို့အတွက် ဖြေပြေနိုင်စေသော ဆေးတစ်ပွင့်အဖြစ် ခံစားနိုင်ကြရပါလျှင် စာရေးသူလည်း ကုသိုလ်ရပါ၏။

♦♦♦

ရှေးက "ကောရဗျ"အမည်ရှိ မင်းနိုင်ငံတွင်း၌ ထူးခြားလှသော ပညောင်ပင်ကြီးတစ်ပင်ရှိခဲ့ဖူးလေသည် ဟူပါ၏။ ထိုပညောင်ပင်ကြီးသည် အကိုင်းကြီး ငါးကိုင်းဖြစ်နေလျက် ကြည်နူးမွေ့လျော်ဖွယ်ကောင်းသော အရိပ်တို့ကို ဖြစ်ပေါ်စေလျက်ရှိ၏။

ညောင်ပင်၏ အသီးတို့သည်လည်း အလွန်ကြီးမားချိုမြိန်လျက် အရသာကောင်းမွန်လှပါလေ၏။ ထိုပညောင်ပင်အောက်သို့ ရောက်လာကြသော မင်းပရိသတ်တို့သည် ညောင်သီးတို့ကို ဆွတ်ယူ စားသုံးရန် ပြင်ကြလေကုန်သည်။ ထို့ကြောင့် ညောင်ပင်၏ အကိုင်းတစ်ကိုင်းကို ကောရဗျမင်းနှင့် မောင်းမမိဿံအခြွေအရံတို့က လည်းကောင်း၊ အခြားတစ်ကိုင်းကို မြို့သူမြို့သားတို့က လည်းကောင်း၊ တစ်ကိုင်းကို ရွာသူရွာသားတို့က လည်းကောင်း သုံးဆောင်ကြကုန်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျန် ညောင်ကိုင်းတို့မှ တစ်ကိုင်းကို ရဟန်း ပုဏ္ဏားတို့ သုံးဆောင်ကြပြီး ကျန်တစ်ကိုင်းကိုမူ ကျေးငှက်သာရကာ တိရစ္ဆာန်တို့က စားသုံးကြပါလေ၏။

အစဉ်အဆက် ထိုသို့ပင် ရှိခဲ့ကြသော်လည်း တစ်ဦး၏ အသီးကို တစ်ဦးက ဆွတ်ယူခြင်း၊ စားသုံးခြင်းတို့လည်း မရှိကြ။ နှောင့်ယှက်ခြင်းလည်း မရှိကြပါပေ။ ကိုယ့်စည်းကမ်းနှင့် ကိုယ် စောင့်ထိန်းလျက်သာ နေခဲ့ကြကုန်ပါလေ၏။

တစ်နေ့သ၌ ခရီးသွား ယောက်ျားတစ်ဦးသည် အရိပ်ဝင်ခိုကာ ညောင်သီးတို့ကို ဆွတ်ယူစားရုံမျှမက ညောင်ပင်၏ အခက်အလက်တို့ကိုလည်း ချိုးဖဲ့လွှင့်ပစ်ခဲ့ပါလေတော့၏။

ထိုပညောင်ပင်၌ မူလကပင်လျှင် စောင့်ရှောက်နေခဲ့လေသော ပညောင်ပင်စောင့် နတ်သည် ထိုအပြုအမူကို တွေ့လိုက်ရသောအခါ အံ့ဩခြင်းကြီးစွာ ဖြစ်ရပါလေတော့သည်။ ရှေးယခင်က မဖြစ်ခဲ့ မကြုံခဲ့ဖူး၍လည်း စိတ်ထိခိုက်ခြင်းကြီးစွာ ဖြစ်သွားခဲ့ရပါလေသည်။

"အလွန်ယုတ်မာသောသူပေတကား။ အသီးကို ချိုမြိန်စွာ စားလျက်၊ အခက်ကို ချိုးဖဲ့ ဖျက်ဆီးခဲ့သူပေတကား"

ဟူ၍လည်း ရေရွတ်မိလေ၏။ ထို့နောက် ပညောင်ပင်စောင့်နတ်မင်းသည်...

"ဤမျှလောက် စိတ်ထားယုတ်ညံ့သူတို့အား ညောင်သီး မကျွေးမပေးရလျှင် ကောင်းလေစွ"

ဟူ၍ စိတ်ကူးရလျက် သိကြားမင်းထံ သွားရောက်အစီရင်ခံလေသည်။ ပညောင်ပင်၌ ညောင်သီးမရှိလေအောင် ဖန်ဆင်းပေးပါရန်ကိုလည်း တောင်းပန်ခဲ့လေ၏။

ထို့ကြောင့် သိကြားမင်းက ပြင်းထန်သော လေပြင်းမုန်တိုင်းတို့ တိုက်ခတ်စေလျက် ကြီးမားလှသော ပညောင်ပင်ကြီးအား ဦးစောက်ပြောင်းပြန်တည်နေစေပါလေတော့သည်။ ထိုအခါ လူတိရစ္ဆာန်အပေါင်းတို့သည် အရိပ်ခိုရန် မဖြစ်နိုင်တော့သကဲ့သို့ အသီးစားရန်လည်း မဖြစ်နိုင်ကြတော့ဘဲ ရှိကြပါကုန်လေ၏။ ထိုဖြစ်ရပ်နှင့်အတူ ပညောင်ပင် နတ်မင်းသည်လည်း နေထိုင်ရန် ဘုံဗိမာန်ကင်းမဲ့ခြင်းသို့ ဖြစ်ခဲ့ရပါလေတော့၏။ နတ်မင်းသည် သိကြားမင်းထံ ထပ်မံသွားရောက်၍...

"အရှင်သိကြားမင်း...အကျွန်ုပ်၏ ဗိမာန်သည် ပျက်စီးရလေပြီ။ လေပြင်းကြောင့် အမြစ်မှပင် ကျွတ်ကာ ဦးစိုက်ပြောင်းပြန်တည်နေပြီဖြစ်သည်"

ဟူ၍ ငိုကြွေးတိုင်တန်းပါလေသည်။ သိကြားမင်းက-

"အသင် ညောင်ပင်စောင့် နတ်မင်း၊ သစ်ပင်တ[...] သည် သစ်ပင်တို့၏ သဘောတရားအစဉ်အဆက်ဖြစ်[...] ရုက္ခဓမ္မအတိုင်း ကျင့်ကြံကြကုန်ရာ၏"

ဟု ပြောကြားပါလေ၏။ ညောင်ပင်စောင့်နတ်က[...]

"သစ်ပင်တို့၏ သဘောတရားအစဉ်အလာ ရု[...] ဟူသည် အဘယ်သို့ပါနည်း"

ဟု မေးပြန်ပါ၏။ သိကြားမင်းကလည်း...

"အသင် ညောင်ပင်စောင့်နတ်မင်း...ဤလော[...] သစ်ပင်သစ်ရွက် အလိုရှိသူတို့သည် အရွက်ကို ခူးကု[...] အပွင့်အသီး အလိုရှိသူတို့သည် အပွင့်အသီးကို ခူးကု[...] အကိုင်းအခက် အခေါက် အလိုရှိသူတို့သည်လည်း အ[...] အခက် အခေါက်တို့ကို ချိုးဖြတ်ခွာယူကြကုန်၏။ ထိုသ[...] ကို စောင့်သော အပင်စောင့်နတ်သည် ထိုအပြုအမူ[...] မလိုလားခြင်း၊ မနှစ်သက်ခြင်းတို့ မဖြစ်ထိုက်ပါပေ။ အ[...] နတ်မင်း...ဤသည်ကား သစ်ပင်တို့၏ သဘောတ[...] ရုက္ခဓမ္မသာဖြစ်ပေသည်"

ဟူ၍ ပြောကြားပါလေ၏။

အလွန်မှတ်သား လိုက်နာသင့်လှသော ရုက္ခဓ[...] ဖြစ်ပါလေ၏။ လူတို့၏ ဘဝတာတို့တွင်လည်း သာသည့်[...] သာတတ်၍ နာသည့်အခါ နာတတ်ကြမြဲပင် ဖြစ်လေ[...] သတိလက်ကိုင်ဖြင့် တရားအမြင်ကို သဘောပေါက်ကြရ[...] သာ ဖြစ်လေသည်။ ညောင်သီး ညောင်ခက်တို့သည် ညေ[...] ပင်၏ အဆွေအသားများပင် ဖြစ်ပါ၏။ ညောင်သီး ညောင်[...] တို့ကြောင့် ညောင်ပင်ကြီး ပျက်စီးရတတ်သကဲ့သို့ မိမိ[...] ပတ်သက် ဆက်နွယ်သောသူတို့ကြောင့်လည်း မိမိပါ ပျက်[...] တတ်ကြရသည်ပဲ ဖြစ်ပါသည်။

ထို့ကြောင့် ဒုက္ခဆင်းရဲ စသည်တို့ဖြင့် ရင်ဆိုင်လာ[...] တိုင်း မိမိကိုပါ ပျက်စီးစေနိုင်တတ်ကြောင်း နှလုံးသွ[...] ဆင်ခြင်တတ်ကြရန် လိုအပ်လှပါသည်။ ထိုအခါမျိုးတ[...] မိမိမှ တာဝန်ကျေခဲ့ပြီးသည်များကို ပြန်စဉ်းစားရင်း သတ[...] တစ်ခု ကံတစ်ခု ပါလာမြဲဟူသည်ကိုလည်း သတိပြု[...] မိမိ၏ ကိုယ်ကျင့်သီလ၊ နှလုံးအိမ်၊ အတွင်းစိတ် အစရှိသ[...] တို့ကို အပြစ်ကင်းအောင် မွေးမြူထားကြရကုန်မည်ဖြစ်[...] သည်။ သို့ပါမှလည်း နှစ်ဦးနှစ်ဖက်သာမက ပတ်ဝန်းက[...] အားလုံးတို့ကိုပါ အပူငြိမ်းစေတတ်သော သရုပ်သက[...] ရှိတတ်ကြလေမည်မဟုတ်ပါလား။

* * *

ခင်(ဓာတ်ခြ[...]




www.burmeseclassic.com

www.burmeseclassic.com

# အာစရိယပူဇော်ပွဲ ဝိဇ္ဇာပါတ်ဆွမ်းဒါန နှင့် မဟာပဋ္ဌာန်းပူဇော်ပွဲ

ယောဂီ စောလွင်



ဝင်းစိန်တောရရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် ရှင်ဥပဂုတ္တရုပ်တုတော်

**…ော်ပွဲခရီးစဉ်အစ**


မြတ်ဆရာမည်သော အာစရိယ ပူဇော်ပွဲရာသီ။

ယခုနှစ် မုံရွာမြို့၌ အ·ထ·က (၁) နှင့် အ·ထ·က(၂) …၏ အာစရိယ ပူဇော်ပွဲများ အပြိုင်ကျင်းပခြင်း မဟုတ်စေ …မ တိုက်ဆိုင်ခြင်း ရှိနေသည်။ အ·ထ·က(၁)သည် …် တစ်ကြိမ်၊ အ·ထ·က(၂)သည် ၃နှစ် တစ်ကြိမ်ပြုလုပ်ခဲ့ …ရာတွင် ၆နှစ်လျှင် တစ်ကြိမ်အနေဖြင့် တိုက်ဆိုင်ခြင်း …ပါသည်။ ကျင်းပမည့် ရက်စွဲမှာ ရှေ့စဉ် နောက်ဆက် …ရက်သာ ခြားသည်။ အ·ထ·က(၂) ပူဇော်ပွဲက ရှေ့စဉ် ဒီဇင်ဘာလ ၂၆ရက်၊ အ·ထ·က(၁) ပူဇော်ပွဲကား နောက်ဆက် ဒီဇင်ဘာလ ၂၉ရက်ပါတည်း။


စာရေးသူ၏ ဇနီးသည် ပညာရေးဝန်ထမ်း အငြိမ်းစား မုံရွာမြို့ အ·ထ·က(၁)၏ ကျောင်းဆရာမကြီး(ဟောင်း)တစ်ဦး ဖြစ်သည်။ ယခုနှစ် အာစရိယပူဇော်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားစာကို ရရှိသောအခါ အနီးနေ သားသမီးများနှင့် ဆွေးနွေးတိုင်ပင်ဖြစ်ခဲ့သည်။ သားနှစ်ဦးနှင့် သမီးငယ်တို့က မိခင်ကြီးကို လိုက်ပို့ပေးရန် အခြေအနေမရှိကြပါ။

ကွမ်းခြံကုန်းမြို့နယ် ဆရာဝန်ဖြစ်နေသော သမီးကြီးက

www.burmeseclassic.com



အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပရာ
မုဒုံမြို့ ကန်ကြီးစေတီတော်



အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပရာ
မုဒုံမြို့ ကန်ကြီးစေတီ၏ ရွှေမျှော်စင်

ကျောင်းသူဟောင်းတစ်ဦးအနေဖြင့် ထိုပူဇော်ပွဲသို့ တက်ရန် ဆန္ဒရှိပါကြောင်း၊ အ·ထ·က ကျောင်းနေဖော် စီးပွားရေးလုပ်ငန်းရှင်များ၊ ဆေးတက္ကသိုလ်တက်ဖော် မုဒုံသား ဆရာဝန်များကလည်း အထူးဖိတ်ခေါ်ထားကြပုံမှာ ဖုန်းမက်ဆေ့ချ်များ တင်းကျမ်းပြည့်နေကြောင်း၊ မိဘနှစ်ပါးစလုံးကို သူကားနှင့် လိုက်ပို့မည်ဟု စီစဉ်ထားကြောင်း စကားတွဲပြန်လာပါသည်။ စာရေးသူတို့ကလည်း "အေး···အေး"ဟု လက်ခံလိုက်ကြပါ၏။

လက်တွေ့အားဖြင့် ခရီးသွားကြသောအခါ သမီးကြီး၏ ကား၌ စာရေးသူတို့ နှစ်ဦးမပါရှိတော့ဘဲ သမီးကြီး၏ ဝန်ထမ်းများ၊ ညီမများသာ လိုက်ပါဖြစ်လေသည်။ အကြောင်းကား ဆရာမကြီးက သူ့အဖော်၊ သူ့အပေါင်းအသင်းများနှင့် အတူသွား၊ အတူစား၊ အတူစကားပြောခွင့်ရရှိသော ပူဇော်ကော်မတီ၏ အစီအစဉ်၊ ခရီးရှည် တိုးရစ် သီးသန့် မှန်လုံကားကြီးကို စီးနင်းရန် ရွေးချယ်လိုက်သောကြောင့်ပါတည်း။

**အ·ထ·က (၁) အာစရိယ ပူဇော်ပွဲ**

ဒီဇင်ဘာ ၂၈ ရက်ညနေရောက်၍ အ·ထ·က (၁)၊ အိပ်ဆောင်အသီးသီး၌ နေရာယူထားကြသော စာရေးသူတို့အား မုဒုံသို့ တစ်ရက်စောရောက်နှင့်ကာ ကျိုက္ခမီ ရေလယ်ဘုရားဖူးရာမှ ပြန်လာကြသော သမီးကြီးတို့က လာ၍ ကြိုဆိုနှုတ်ဆက်ကြသည်။ နက်ဖြန်သွားလာ ဆောင်ရွက်မည့် အစီအစဉ်အချို့ကို တိုင်ပင်ရေးဆွဲကြသည်။ သမီးကြီးနှင့် အဖွဲ့က သူငယ်ဖော် ဆရာဝန်များနှင့် ဆုံတွေ့ကာ ကျောင်းသားဟောင်းများ၏ အထူးညစာစားပွဲကိစ္စအတွက် ပြောဆိုထွက်ခွာသွားကြပြီ။

ပူဇော်ပွဲ ကော်မတီက တည်ခင်းကျွေးမွေးသော ညစာထမင်းကို ကျောင်းခန်းမထဲ၌ ဆရာကြီး၊ ဆရာမကြီးများနှင့် တကွ စာရေးသူနည်းတူ အဖော်လိုက်ပါသူများလည်း ပါဝင်စားသုံးခွင့်ရရှိခဲ့ပါ၏။ အိပ်ဆောင်ထဲ၌ အနားယူ၍မှ ကျောမပူမီ "အထူး ညစာစားပွဲနှင့် ဖျော်ဖြေရေးသဘင်"သို့ အဖိတ်ကြားခံရပါ၏။ အိပ်ဆောင်မှ ဆရာကြီး၊ ဆရာမကြီးများနှင့် အတူလိုက်ပါရပြန်သည်။ ကျောင်းသူ၊ ကျောင်းသားငယ်များ၊ ဆရာမများ၏ ယိမ်းအကများ၊ တေးသီချင်း သရုပ်ဖော်မှုများ၊ အလှအပနှင့် ဟာသပြကွက်များဖြင့် ဧည့်ခံဖျော်ဖြကြသည်



www.burmeseclassic.com


www.burmeseclassic.com

သွေ့ရ၏။ ကြက်ကောက်ညှင်းထုပ်များ၊ ကြက်ခေါက်ဆွဲ တို့ကို သုံးဆောင်ကြရပြန်ပါ၏။

ချမ်းအေးသည့် ဆောင်းဒဏ်ကို မခံနိုင်၍ အခမ်းအနား တက်မှာပင် ပြန်အိပ်ခဲ့ရပါသည်။ မိုက်ဖြင့် စကားပြောသံ၊ ဆက်တီးလုံး သီချင်းသံများကို ကြားရတစ်ချက်၊ မကြား ချက်သာလျှင် အိပ်တစ်ဝက်၊ နိုးတစ်ဝက် အာရုံတက်ခဲ့ရ ကျောင်း၌ ထားရှိ ကိုးကွယ်သော ဗုဒ္ဓဆင်းတုတော်နှင့် ခန်း ပူးတွဲထားရာ အာစရိယပူဇော်ပွဲကျင်းပမည့် အရပ်

ဘက်စုံ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းခြင်း ဖြစ်ပါ၏။

ဒုတိယအစီအစဉ်ကား ကန်ကြီး ဘိုးဘွားရိပ်သာ၌ ခိုလှုံအားကိုးနေကြသူများအတွက် အလှူငွေကျပ် သုံးသောင်း၊ တတိယအစီအစဉ်အနေဖြင့် ကန်သာယာရပ်၊ ဓမ္မဒူတရိပ်သာ စာသင်တိုက်(မှူး ဓမ္မဒူတ ဆရာတော်)၌ အလှူငွေကျပ် ငါးသောင်းတို့ကို ပေးလှူခဲ့ပါသည်။ မြိုင်ကုန်းရွာ၊ ဝင်းစိန် တောရသို့ သွားရန် အချိန်မကျန်တော့သဖြင့် စတုတ္ထအစီ အစဉ်ကို ရက်ရွှေ့လိုက်ရပါသည်။



ရွှေမျှော်စင်ထက်၌ မဟာပဋ္ဌာန်းပူဇော်ပွဲအခမ်းအနားကျင်းပနေစဉ်

သို့ စုမိသမျှ ဆရာကြီး၊ ဆရာမကြီးများအပါအဝင် လက် ကျောင်းအုပ်ဆရာကြီး အမှူးပြု ကော်မတီဝင်များ ရောက် ကြသည်။ ပင့်ဖိတ်ထားသော ဆရာတော်ကြီးငါးပါးအား ထပ်ခွမ်း အာဟာရနှင့်တကွ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပါ၏။

သမီးကြီးတို့ ရောက်လာကြပြီးနောက် နံနက် ၈-နာရီ သည်နှင့် စာရေးသူတို့မိသားစုသုံးယောက်သည် ပထမ စီအစဉ်ကို အကောင်အထည်ဖော်ကြရပါသည်။ စာရေးသူ မိသားစု ယမန်နှစ်က လှူဒါန်းပေးအပ်ထား မြတ်ဗုဒ္ဓစွယ် တော်ပွားကို ဖူးမြင်၍ ကန်ကြီးစေတီတော် ဂေါပကအဖွဲ့ထံ

စာရေးသူက အိပ်ဆောင်သို့ ပြန်၍ အနားယူနေစဉ် သူတို့သားအမိက ပူဇော်ပွဲ တက်ရောက်ရန် လုံးပမ်းလျက် ရှိကြပါသည်။ ပူဇော်ပွဲအခမ်းအနားကို နေ့လယ်စာ ထမင်းပွဲ ဖြင့် ကလနားသိမ်းခဲ့ပါ၏။ အခမ်းအနားအပြီး မွန်းလွဲပိုင်းတွင် ရပ်ဝေးပြန် ဆရာကြီး၊ ဆရာမကြီးများအတွက် လိုက်ပို့ရန် မော်တော်ယာဉ်များ အစီအရီရောက်ရှိလာကြသည်။ ဆရာ ကြီး၊ ဆရာမကြီးများကား မျက်ရည်ဝဲဝဲ အသံတုန်တုန်ဖြင့် နှုတ်ဆက်ကြ၏။

ရန်ကုန်ပြန်မည့် တိုးရစ်သီးသန့် မှန်လုံကားကြီး၌ စာရေးသူတို့နှစ်ဦး မလိုက်ပါကြဘဲ သမီးကြီး ကားပေါ်တက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းစိန်တောရဆရာတော်ဘုရားစံကျောင်းမှ
ဗုဒ္ဓရုပ်ပွားတော်မြင်ကွင်း



ဝင်းစိန်တောရဆရာတော်ဘုရားထံမှ
အဆုံးအမခံယူနေကြစဉ်

ကာ ကျောင်းနောက်ရပ်ရှိ တူ၊ တူမများ အိမ်ဂေဟာသို့ ခွဲကာ တည်းခိုကြပါ၏။ အလုပ်များသော သမီးကြီးလည်း သူနှင့်အတူ ပြန်မလိုက်သော မိဘများအား စိတ်မကောင်းစွာ ထားရစ်ပြီး ကွမ်းခြံကုန်းသို့ ပြန်သွားခဲ့ပြီ။

**ကွမ်းတုံ ဥပါသကာအဖွဲ့နှင့် ပိဋကပါတ်ဆွမ်းဒါန**

ဒီဇင်ဘာ ၃ဝရက်၊ တနင်္ဂနွေနေ့ နံနက် ၇နာရီ။

စာရေးသူတို့ ဇနီးမောင်နှံ၏ ပဌမအစီအစဉ်ကို ၅ရက်တာမျှ အကောင်အထည်ဖော်ကြရန် စတင်လိုက်ပါပြီ။ ကျောင်းနောက်ရပ်မှ ဆိုက်ကားစီးလျက် မြို့ကို ဖြတ်သန်းကာ ကန်ကြီးစေတီသို့ ဘုရားဖူးသွားခြင်းဖြစ်ပါသည်။ ဘုရားဖူးခြင်းတွင် စေတီတော်အနောက်ဘက် မျက်နှာရှိ ခြင်္သေ့နှစ်ကောင် စောင်းတန်းထိပ်၊ အာရုံခံ တန်ဆောင်းကြီး၌ ကန်တော့ချီးနှင့် ပဋ္ဌသီလခံယူခြင်း။ ပရိတ်တော်တချို့နှင့် ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ ပါဠိတော်တို့ကို ရွတ်ဖတ်ခြင်း၊ ဝင်လေထွက်လေ ရှုမှတ်ခြင်းနှင့် မေတ္တာပို့ အမျှဝေခြင်းတို့လည်း ပါဝင်လျက်ရှိပါသည်။ စေတီတော်သို့ ၅ရက်စလုံး တက်ရောက်ရာတွင် ဤစောင်းတန်းကိုသာ အသုံးပြုခဲ့ပါ၏။

ပထမရက်နှင့် ပဉ္စမရက်တို့တွင် ထိုအာရုံခံ တန်ဆောင်းကြီး၌ ရွတ်ဖတ်ပူဇော်၍ အလယ် သုံးရက်တွင် စေတီတော်ရင်ပြင်မှ အာရုံခံ တန်ဆောင်းကြီးသုံးခုရှိ နေရာအသီးသီး၌ ရွတ်ဖတ်ပူဇော်ခဲ့ကြပါသည်။ ခြင်္သေ့နှစ်ကောင် စောင်းတန်းကို အဘယ့်ကြောင့် ရွေးချယ်ခဲ့ပါသနည်း။ အဖြေကား အဘဦးအုန်းဖေ(ယောကျ္ာမကြီး)ကို အမှတ်တရ ဂုဏ်ပြုရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ အဓိပ္ပာယ်ရှင်းလာစေရန် နောက်ကြောင်းပြန်ပြပါမည်။

ကွမ်းတုံ ဥပါသကာအဖွဲ့သည် မုံရွာမြို့၏ ရှေးအကျဆုံး ပိဋကပါတ်ဆွမ်းလောင်းအဖွဲ့ ဖြစ်ခဲ့၏။ ကွမ်းတုံရပ်ရှိ အမျိုးကောင်းသားတစ်စု(ဦးဆောင်း၊ ဦးအေးရှင်၊ ဦးမြမောင်၊ ဦးဘမင်းနှင့် ဦးထွန်းဝံ)တို့က သူတို့၏ စေတနာ၊ သဒ္ဓါ အလျောက် တစ်ခွဲ၊ တစ်စိတ်စီသောဆန်တို့ကို ထည့်ဝင်စုပေါင်းကာ ဥပုသ်နေ့မှအပ နေ့စဉ် ချက်ပြုတ်စီမံလျက် လောင်းလှူခဲ့ခြင်းဖြစ်သည်။ ကောဇာ ၁၂၈၅ခု(ခရစ်နှစ် ၁၉၂၃



ဝင်းစိန်တောရဆရာတော်ဘုရားအား
စာရေးသူဦးတိုက်ရှိခိုးနေစဉ်



ဝင်းစိန်တောရဆရာတော်ဘုရားအား
ဦးချကန်တော့နေသော ရှိန်းကိုကို

www.burmeseclassic.com

www.burmeseclassic.com



ပဌာန်းအောင်ပွဲအခမ်းအနား၌ ဩဝါဒါစရိယ
ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်စဉ်



ပဌာန်းရွတ်ဖတ်ပူဇော်သောသံဃာတော် ၂၄ပါးတို့အား
နေ့ဆွမ်းဆက်ကပ်လှူဒါန်းနေကြစဉ်

မှ အစပြု၍ လေးနှစ်တိုင်တိုင် မြို့လုံးကျွတ် သံဃာတော် (၁၀၀)ခန့်အား ပိဏ္ဍပါတ်ဆွမ်းအဖြစ် လောင်းလှူနိုင်ခဲ့ကြပါ၏။

၁၂၇၉ ခုနှစ်တွင် ကွမ်တုံ ဥပါသကာအဖွဲ့(တစ်ရပ်ကွက်သားများ)အနေဖြင့် မတတ်စွမ်းသောအခါ တစ်မြို့လုံးရှိ ဗုဒ္ဓဘာသာဝင်များထံမှ , အပတ်စဉ် ဆွမ်းဆန်အလှူခံနိုင်ရန် ရပ်ကွက်များအနှံ့သို့ လှည့်လည်လှုပ်ရှားခဲ့လေသည်။ ရပ်ကွက်များသို့ ရွာလမ်း၊ ကွင်းလမ်း ပိုင်းခြားသတ်မှတ်ကာ ပုံမှန်မျှတ်ဆင်သော ဥပါသကာနှစ်ဦးစီတို့က ဆွမ်းဆန်ဒါနပြုသူများထံ လှည့်လည်သွားလာကြခြင်းဖြစ်ပါသည်။ အဖွဲ့ဝင် လူကြီးများ တွဲဖက်၍ တက်ကြွစွာ ကူညီပါဝင်ခဲ့ကြသော လူရွယ်များတွင် ဦးအုန်းဖေ၊ ဦးထွန်းမြိုင်၊ ဦးပန်းအေး၊ ဦးထွန်းအေး၊ ဦးချစ်၊ ဦးထွန်းလှိုင်၊ ဦးချစ်သွင်၊ ဦးကွန်ပါ စသူများက ရှေ့တန်းပေါ်လွင်ခဲ့ကြသည်။ သူတို့အများစုကား ပန်းထိမ်ဖိုသားများပါတည်း။

ထို့နောက် ၄နှစ်ခန့်အလွန် ၁၂၉၃ခု(ခရစ်နှစ် ၁၉၃၁ခု) သို့ ရောက်သောအခါ ဥပါသကာစုရပ်အဖြစ် သတ်မှတ်ထားသော ဦးပန်းအေး၏ နေအိမ်အစား တခြားနေအိမ်ကို ရွေးချယ်ရန် အကြောင်းပေါ်ပေါက်လာသည်။ ဥပါသကာစုရပ်အင်္ဂါများနှင့် ညီညွတ်သော နေအိမ်ဟူသည် ဆွမ်းဆန်အလှူခံမည့် ဥပါသကာများ စုဝေးလာသည့်အခါ (ရေနွေးကြမ်း ထန်းလျက်စသည်တို့ဖြင့်) ဧည့်ဝတ်ပြုရခြင်း၊ ကြေးစည်၊ ဆန်တောင်း၊ ဆိုင်းထမ်း၊ ဆွမ်းချက်ဒယ်နှင့် ဆွမ်းချက် ကိရိယာများ၊ ဒန်အိုး ဒန်ခွက် စသော ဆွမ်းလောင်းပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဆွမ်းဆန်တော်များကို စုစည်းလက်ခံ၍ စပါးလုံး၊ ခဲ၊ အမှိုက်များ ရွေးသန့်ရခြင်း၊ နံနက် အရုဏ်တက် ဆွမ်းခံချိန်အမီ ဆွမ်းချက်၊ ဆွမ်းလောင်းပေးခြင်းအမှုတို့ကို ဝေယျာဝစ္စကုသိုလ်အဖြစ် ရယူနိုင်စွမ်းရှိရပါသည်။ ဦးပန်းအေးထံမှ လွှဲပြောင်း၍ ရာဇာမိရာဇ်လမ်းနေ ပန်းထိမ်ဆရာကြီး ဦးအုန်းဖေ နေအိမ်က ထိုကုသိုလ်ကို လက်ခံရယူလိုက်ပါသည်။ ဦးအုန်း



ဩဝါဒါစရိယဆရာတော်ကြီးများအား ဆွမ်းအလုပ်
အကျွေးပြုနေသော အတွင်းရေးမှူးဦးရွှေသိန်း



ပဌာန်းပူဇော်ပွဲလှူဒါန်းမှုအစုစုအတွက်
ရေစက်သွန်းချကာ အမျှပေးဝေနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

ဖေ၏ နေအိမ်ကား ဥပါသကာစုရပ်တည်း။

ဦးအုန်းဖေနှင့်တကွ မိသားစုသည် ထိုစုရပ်အင်္ဂါများနှင့်အညီ ဥပါသကာအဖွဲ့၏ ဝေယျာဝစ္စများနှင့် အလုပ်တာဝန်များကို နှစ်ပေါင်း ၄၀ကျော် ကြာရှည်သည့်တိုင်အောင် မညည်းမညူဘဲ တာဝန်ခံယူလျက် ထမ်းရွက်ခဲ့လေသည်။ ဦးအုန်းဖေ၏ နေအိမ်သို့ စုရပ်ပြောင်းလဲရောက်ရှိပြီးနောက် မကြာမီ ကာလတွင် စပါးပွဲစားကြီး ဦးဘရွှေ၏ အကြံပြုချက်အရ ကန်ကြီးစေတီတော်သို့ ဒါနပွဲတစ်ရပ်ကို တိုးချဲ့ပေးလှူနိုင်ခဲ့ပါသည်။ ဒါနပွဲကား ခြသေ့်နှစ်ကောင် စောင်းတန်းထိပ်ရှိ အာရုံခံ တန်ဆောင်းထဲမှ ဗုဒ္ဓဆင်းတုတော်ရှေ့မှောက်၌ အရဏ်ဆွမ်းပွဲ၊ ပန်းနံ့သာ၊ ရေချမ်းရေစင်နှင့် အလင်းတိုင် ဆီမီးပူဇော် ဆက်ကပ်ခြင်းဖြစ်ပါသည်။

ကန်ကြီးစေတီတော်၌ ဥပုသ်နေ့တိုင်း အရဏ်ဆွမ်းပွဲ ဘောဇဉ်ခဲဖွယ်ချိုချဉ်ရသာတို့ကို ဆက်ကပ်ရန် ဦးတည်သွား



ပဋ္ဌာန်းအောင်ပွဲအခမ်းအနားသို့တက်ရောက်လာသော ဂေါပကအဖွဲ့ဥက္ကဋ္ဌဦးပါလေးနှင့်ဌာနဆိုင်ရာအကြီးအကဲများ

ရာ လမ်းတစ်လျှောက်လုံး ဦးဘိုးတ၏ ကိုယ်ပိုင် မီးစက်ဖြင့် မီးထွန်းလင်းစေခြင်း၊ ဦးအုန်းဖေ၏ တယော၊ ဦးသာအုံ၏ ဘာဂျာပါဝင်သော အတီးအမှုတ်တို့ဖြင့် သာယာနာပျော်ဖွယ် ဖြစ်စေခြင်းတို့ကြောင့် လိုက်ပါသူများ စည်ကားလျက်၊ နာကြားသူများ ကြည်ညိုသဒ္ဓါတိုးပွားလျက် ရှိပါတော့၏။ ယင်း အရဏ်ဆွမ်းဒါနပွဲကို စစ်ကြိုတစ်ခေတ်လုံးတွင် တစ်ပတ်မျှ ပျက်ကွက်ခြင်းမရှိအောင် ပေးလှူနိုင်ခဲ့ပါ၏။

ပိဋကပါတ်ဆွမ်းလောင်းပွဲသည်လည်း ကမ္ဘာ့စစ်ကာလတွင် လည်းကောင်း၊ ဂျပန်ခေတ်ကာလတွင် လည်းကောင်း မရမနေ ဆွမ်းဆန်အလှူခံထွက်ခြင်း၊ မဖြစ်မနေ ဆွမ်းချက်ဖလောင်းခြင်းအားဖြင့် ဆောင်ရွက်မှု မပျက်ကွက်ခဲ့ချေ။ အရဏ်ဆွမ်းဒါနပွဲအတွက် အဆက်မပြတ် ထမ်းရွက်ခဲ့သော်လည်း ကမ္ဘာစစ်ဖြစ်ပွားချိန်မှစ၍ တယော၊ ဘာဂျာ အတီးအမှုတ်ကီစွကို ရပ်ဆိုင်းခဲ့ကြရလေ၏။ မြို့လုံးကျွတ် သံဃာတော်များ၏ အရဏ်ဆွမ်းပြည့်စုံရေးအတွက် စစ်ကာလအတွင်းမှာပင် အသက်ကို မငဲ့မကွက်ဘဲ စေတနာ၊ သဒ္ဓါ၊ ဝီရိယ၊ လုံ့လ၊ ဇွဲသတ္တိ ထက်သန်စွာဖြင့် ဘာသာ၊ သာသနာအတွက် ယုံကြည်ချက် ကြံ့ခိုင်စွာဖြင့် ကွမ်တုံ ဥပါသကာအဖွဲ့၏ တာဝန်သိသိ ထမ်းရွက်မှုသည် ပုံနှိုင်းဖွယ် မမြင်၊ နှိုင်းယှဉ်စရာ ဗလာနတ္ထိပေတည်း။

လွတ်လပ်ရေးခေတ်ကာလတွင် ကွမ်တုံ ဥပါသကာအဖွဲ့၏ စွမ်းဆောင်ရည်ဂုဏ်ထူးကို သာဓုအနုမောဒနာပြုလာကြသော ရပ်ကွက်များက တတ်နိုင်သမျှ သီတင်းတစ်ပတ်၊ နှစ်ပတ်၊ တစ်လ စသဖြင့် ပိဋကပါတ်ဆွမ်းလောင်းမှုတာဝန်ယူကာ လုပ်အားပေးလှူလာကြသည်။ လုပ်အားရှင်မပေါ်ပေါက်သော ကာလများတွင် ကွမ်တုံရပ်မှ ဦးရီ-ဒေါ်ငွေရမိသားစုက တာဝန်ယူခဲ့လေ၏။ ဤနည်းအားဖြင့် ပြည်တွင်း



ပဋ္ဌာန်းအောင်ပွဲအခမ်းအနားသို့တက်ရောက်လာသော [illegible]ကအဖွဲ့အတွင်းရေးမှူးဦးရွှေသိန်းနှင့်မြို့မိမြို့ဖများ


,စစ် သောင်းကျန်းမှု အထကြွဆုံးကာလမျိုးမှာပင် ပိဋကပါတ်ဆွမ်း၊ ကန်ကြီးစေတီတော် အရဏ်ဆွမ်းပွဲတို့မှာ ပြုမြဲအချိန်ရောက်တိုင်း လစ်ဟင်းပျက်ကွက်သည်ဟူ၍ မရှိခဲ့ချေ။

ဦးအုန်းဖေ၏ သမီးအငွေးဆုံး(ယခု အငြိမ်းစား ဆရာမကြီး)သည်လည်း အသက်အရွယ်နုနယ်စဉ် ၅နှစ်၊ ၆နှစ်သမီးမှ စတင်၍ ကန်ကြီးစေတီတော် အရဏ်ဆွမ်းပွဲကပ်လှူရာသို့ တီးဝိုင်းနောက်နားမှ လိုက်ပါခဲ့ဖူးလေသည်။ တီးဝိုင်းရပ်ဆိုင်းချိန်တွင်လည်း အရဏ်ဆွမ်းပွဲနှင့်အတူ ဖခင်ကြီးနောက်မှ လိုက်ပါခဲ့ရာ အပျိုအရွယ်အထိ ဖြစ်ပါ၏။ စာရေးသူလည်း ဆရာမကြီးနှင့် လက်ထပ်လိုက်သဖြင့် ၁၉၆၇ခုနှစ်မှ စတင်ကာ အဘ ဦးအုန်းဖေနှင့်အတူ အရဏ်ဆွမ်းပွဲကပ်လှူရန် မကြာခဏ လိုက်ပါနိုင်ခဲ့လေသည်။ ဥပုသ်နေ့နှင့် ရုံးပိတ်ရက်တိုက်ဆိုင်နေမှသာ ထိုသို့ လိုက်ပါပူဇော်နိုင်ခြင်းဖြစ်ပါ၏။




www.burmeseclassic.com

www.burmeseclassic.com



အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်မှုအောင်ပွဲ
အခမ်းအနားကျင်းပစဉ်



ဩဝါဒါစရိယအဖွဲ့ဝင်ကျောင်းသစ်ဆရာတော်
ဘဒ္ဒန္တစန္ဒနဏ်ပဋ္ဌာန်းအောင်ပွဲဩဝါဒတရားချီးမြှင့်စဉ်

စာရေးသူတို့ ဇနီးမောင်နှံ၏ ခြသေ့်နှစ်ကောင် စောင်းတန်းအစွန်မှ အဓိပ္ပာယ်အနေဖြင့် ရှင်းလင်းမြင်သာပါပြီ။

**ရွှေမျှော်စင်ထက်မှ မဟာပဋ္ဌာန်းပူဇော်ပွဲ**

စာရေးသူတို့၏ ၅ရက်တာ ဘုရားဖူးခြင်းအစ ပထမရက် ကန်ကြီးစေတီရောက်ချိန်တွင် မဟာပဋ္ဌာန်းပါဠိတော် ရွတ်ဆိုသံကို ကြည်လင်ပီသစွာ ကြားနေရပါသည်။ စေတီတော်ဝန်းကျင်ရှိ ကျောင်းတိုက်တစ်ခုခု၌ အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ ပြုလုပ်နေပုံပဲဟု စိတ်ထဲက အမှတ်ထားမိလေသည်။ အာရုံခံတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ မိမိ၏ ဘုရားဖူးခြင်းအစီအစဉ်ကိုသာ အာရုံစုစည်းလျက် ဆောင်ရွက်နေလိုက်ပါသည်။

ပစ္စယနိဒ္ဒေသ ပါဠိတော်အပါအဝင် ပရိတ်တော်အချို့ကို ရွတ်ဖတ်ပူဇော်ပြီး၍ အမျှပေးဝေချိန်တွင် အသံချဲ့စက်မှလည်း အမျှပေးဝေသံကို စာရေးသူ ကြားလိုက်မိသည်။ ဗုဒ္ဓသာသန် စိရံ တိဋ္ဌတုကိုလည်း အသံချဲ့စက်မှ ရွတ်ဆိုသံနှင့်အတူ စာရေးသူက လိုက်ပါရွတ်ဆိုနေမိပြန်သည်။ ဩော်-တိုက်ဆိုင်လွန်းပေစွ။ ပဋ္ဌာန်းရေစက်သည် အံ့ဖွယ်သူ့ရဲ ထူးကဲလှပေစွ။

စာရေးသူတို့နှစ်ဦး ဘုရားဖူးခြင်းကိစ္စ ပြီးစီးအောင်မြင်၍ အာရုံခံထဲမှ နေ၍ မျှော်ကြည့်လိုက်သောအခါ ရွှေမျှော်စင်ပေါ်မှ သံဃာတော်တချို့ အပေါ်ဆုံးအလွှာ လှေကားအတိုင်း တရွေ့ရွေ့ ဆင်းသက်လာသည်ကို မြင်တွေ့ကြရသည်။ အင်း... စာရေးသူအတွေးက မှားသွားပြီ။ ကျောင်းတိုက်တစ်ခုခု၏ ပူဇော်ပွဲကား မဟုတ်ခဲ့။ ကန်ကြီးစေတီတော် ဩဝါဒ စရိယ ဆရာတော်များ အမှူးပြုသော ဂေါပကအဖွဲ့၏ နှစ်စဉ်ပူဇော်ပွဲသာလျှင် ဖြစ်နေပေသည်တကား။

စာရေးသူလည်း ကင်မရာကို ကပျာကယာ ထုတ်ယူကာ ပူဇော်ပွဲစာတန်းအနီး ချိတ်ဆွဲထားသော ရွှေမျှော်စင်ကို မှတ်တမ်းတင်ရလေသည်။ ကန်ကြီးစေတီရင်ပြင်တော်သို့ စာရေးသူတို့နှစ်ဦးက လက်ယာရစ် ဝင်ရောက်လှည့်လည်ကာ



ဗုဒ္ဓမြတ်စွယ်တော်ပွားအလှူရှင်ဒေါ်မြမြစိန်နှင့်
ဓောင်ကောင်းမြတ်ဂုဏ်လူငယ်အဖွဲ့ဝင်များ




ပဋ္ဌာန်းအောင်ပွဲတရားနာ
ပရိသတ်များ



www.burmeseclassic.com

www.burmeseclassic.com


မြတ်ဗုဒ္ဓရုပ်တော်များကို ရွတ်ဆိုပူဇော်များခဲ့ပါသည်၊ တောင်ဘက်မျက်နှာရှိ မဟာမြတ်မုနိ ဂန္ဓကုဋိတိုက်တွင်းမှ (စာရေးသူတို့မိသားစု လှူဒါန်းထားသော) ဗုဒ္ဓစွယ်တော်ပွားကို ရှိခိုးကန်တော့ရန် သွားရောက်သောအခါ မဟာပဋ္ဌာန်းပူဇော်ပွဲ အောင်မြင်မှု ရေစက်သွန်းမင်္ဂလာအခမ်းအနားနှင့် ကြုံကြိုက်သွားပါသည်။ ဂေါပကအဖွဲ့ကလည်း တရားနာရန် စာရေးသူတို့ကို ဖိတ်ခေါ်ပါ၏။




ကန်ကြီးစေတီ၌
စာရေးသူတို့မိသားစုလှူဒါန်းထားသော
ဗုဒ္ဓမြတ်စွယ်တော်ပွား

ဩဝါဒ စရိယ ဆရာတော်များအနက် ကျောင်းသစ်ဆရာတော်မှ ပဉ္စသီလနှင့်တကွ တရားတော်ချီးမြှင့်ပေးခြင်း၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးပါလေးနှင့် ကြွရောက်လာသော မြို့မိမြို့ဖအချို့က သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခြင်း၊ ရေစက်သွန်းချ၍ အမျှပေးဝေခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပါသည်။ ပြီးလျှင် ဩဝါဒ စရိယ ဆရာတော်များ အမှူးရှိသော ပဋ္ဌာန်းရွတ်ဖတ် ပူဇော်သော သံဃာတော်များအား နေ့ဆွမ်းအာဟာရဘောဇဉ်ခဲဖွယ် ချိုချဉ်ရသာတို့ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြပါ၏။

ဩဝါဒ စရိယ ဆရာတော်ငါးပါးကား မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတေဇ(ပဏ္ဍိတာရုံကျောင်း၊ ပိုင်ကမာရွာ)၊ ဘဒ္ဒန္တဉာဏုတ္တရာဘိဝံသ(ပညာဝန် ပရိယတ္တိကျောင်း)၊ ဂျုံးဂျုံးကျ ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိဒ္ဓိ၊ ကျောင်းသစ်ဆရာတော် ဘဒ္ဒန္တစန္ဒ၊ ကျောက်ဝိုင်းဆရာတော် ဘဒ္ဒန္တဓမ္မသေနတို့ပါတည်။ စာရေးသူ သိလိုသမျှ ရှင်းပြသူမှာ ကန်ကြီးစေတီဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးရွှေသိန်းဖြစ်ပါ



ကန်ကြီးစေတီရှိ
ရွှေမျှော်စင်နှင့်
ရင်ပြင်ရှခင်းများ

၏။

ဖော်ပြပါ ကျောင်းတိုက်ဆရာတော်များ အမှူးပြုသော သံဃာတော် ၂၄ပါးတို့က အသံမဲ့ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို တစ်ပါးလျှင် အလှည့်ကျ တစ်နာရီစီ ပူဇော်လျက် ၁၃၇၄ ခု၊ နတ်တော်လဆန်း ၁၄ရက်၊ နံနက် ၉နာရီမှ နတ်တော်လပြည့်ကျော် ၂ရက်၊ နံနက် ၉နာရီ(ဒီဇင်ဘာ ၂၇-၃၀ရက်)အထိ ကျင်းပခဲ့ကြပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# မုယာ၏ မာယာကြာ

ပန်းမြိုင်လယ် စိန်ဝင်း




www.burmeseclassic.com

www.burmeseclassic.com

(၁)

"မိန်းမမာယာ သဲကိုးဖြာ"တဲ့။

"မာယာတစ်သိန်း အပလိမ်းအနန္တ"တဲ့။

"ဣတ္ထိဝက် နဒီဝက်"လို့လည်း ပြောကြရဲ့။

"မိန်းမသစ္စာ မုသားသာ၏"လို့လည်း ဆိုရဲ့။

"လျှာနှစ်ခွနဲ့ မြွေဟောက်မ"လို့ ကြောက်စရာကောင်းလောက်အောင်ပဲ အဆိပ်ပြင်းထန်ပြန်သတဲ့။ ပြီးတော့ "သူခိုးကို စားရိုးကမ်း"ဆိုပြီး ရက်ရက်စက်စက် မငဲ့မညှာဆိုကြပြန်ပါတယ်။

ကဲ - အားရကြပြီလား။ ဆိုချင်သလိုဆို၊ ပြောချင်သလိုသာ ပြော။ ရှင်တို့ အလိုမကျ၊ သဘောမတွေ့သမျှကာလပတ်လုံး မိုးလုံးပတ်လည် ကမ္ဘာကုန်ကျယ်သရွေ့ အပြစ်တွေကို ရှုထောင့်အသီးသီးကနေ မြင်ချင်သလိုသာ မြင်ကြပါစေတော့နော်။

ကျွန်မက တစ်ခုတော့ ပြန်ပြောလိုက်ချင်ပါရဲ့။ ရှင်တို့ ပုရိသတွေလို အတောင်နှစ်ဆယ် မဝတ်ကြပေမယ့် လေးတောင်ဝတ်တဲ့ ကျွန်မတို့ မိန်းမသားတွေရဲ့ အတတ်ပညာ၊ လျှို့ဝှက်ခက်ခဲ နက်နဲတဲ့ အသိ၊ အထိအတွေ့ရဲ့ အလှည့်အပြောင်း၊ အဝေ့အဝိုက် အတွန်းအတိုက် အလိမ်အထွက်တွေ၊ မာယာရဲ့ ပဉ္စလက် လှည့်ကွက်အတတ်ပညာတွေနဲ့ "ဌာနုပ္ပတ္တိဉာဏ်"ကိုတော့ ရှင်တို့ယောက်ျားတွေ ဘယ်လိုမှ လိုက်မမီနိုင်ဘူးဆိုတာကိုတော့ အကြွင်းမဲ့ ယုံကြည်လိုက်ကြစမ်းပါနော်။

ဩော်…ဘာလဲ၊ မယုံဘူးလား။ ငြင်းချင်ကြသေးလို့လား။ မယုံမရှိနဲ့၊ မငြင်းချင်ကြစမ်းပါနဲ့ ရှင်တို့ရယ်။ တကယ်လို့များ ကျွန်မစကားကို လေထွားတယ်ထင်ပြီး မယုံချင်ကြရင်လည်း အခိုက်အတန့် တီတီပပကျမ်းကိုးနဲ့ ကျမ်းရွက်ပြီး ဆိုလိုက်ပါရစေတော့ရှင်။

(၂)

ဟောဒီ ရာဇဂြိုဟ်ပြည်မှာဆိုရင် မူယာဟာ တန်းဝင်မင်းပေါက် သူဌေးကြီးတစ်ယောက်ရဲ့ ရင်နှစ်သည်းချာ သမီးကညာတစ်ယောက်ဆိုတာကို ပြည်သူပြည်သား မသိသူတွေ ရှာမှ ရှားကြပါလိမ့်မည်။ ဟိုး ငယ်စဉ်တုန်းကတော့ ဘာသိဘာသာနဲ့ နေခဲ့ရတာမို့ မှတ်မှတ်ထင်ထင် ထည်ထည်ဝါဝါတွေကို လူတကာစုံအောင်တော့ သိပ်သိပုံ မရခဲ့ကြပေဘူးလေ။ မူယာ လူမှန်းသိတတ်စအရွယ်က စလို့ ပူဆာသမျှတွေ၊ လိုချင်တာ၊ ဖြစ်ချင်တာမှန်သမျှတွေကို မဖြစ်နိုင်တာတွေ၊ လုပ်မပေးချင်တာတွေ အလိုမလိုက်၊ အကြိုက်မဆောင်၊ မလိုက်လျောနိုင်ဘူးဆိုတာတွေဟာ မူယာ့မိဘနှစ်ပါးဖြစ်တဲ့ သူဌေးကြီးလင်မယားမှာ မရှိခဲ့ဘူးတဲ့ ဝေါဟာရတွေသာ ဖြစ်ပါလိမ့်မယ်။ မူယာ့ဘဝမှာ ရွှေဒင်္ဂါးကို ထွေခင်းကစားလို့ ရွှေမန်ကျည်းစေ့နဲ့ ဇယ်တောက် ကစားလာခဲ့ရတာဆိုတော့ ကျန်တာတွေဟာ ပမွှားပါပဲ။

ဘယ်လိုပင် အလိုလိုက်မှုတွေ၊ လိုအပ်ချက်မှန်သမျှ ဖြည့်ဆည်းပေးမှုတွေနဲ့ အစစအရာရာကို လိုလေသေးမရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပေမယ့် တစ်ဆယ့်ခြောက်နှစ်ဆိုတဲ့ အပျိုဖြစ်ကောင်ပေါက် လှသွေးကြွယ်စ အရွယ်ရောက်သည်နှင့် စိတ်မချခြင်းဆိုတဲ့ စိုးရိမ်သောကတွေဟာ မိဘနှစ်ပါးကို စိုးမိုးလို့ နေပါတော့တယ်။

ယောက်ျားဆိုတာ ဝေလာဝေး။ ယင်ဖိုသေးသေးလေးတောင် အသမ်းမခံနိုင်တာမို့ သမီးချစ်ကို ဘုံခုနစ်ဆင့်အမြင့်ဆောင်တဲ့ ပြာသာဒ်ထက်မှာ ယုံကြည်စိတ်ချရသော အဖော်အမျိုးသမီးတစ်ယောက်နဲ့ အတူထားခဲ့တာပါ။ အဆင့်အတန်းခွဲခြားတာလို့ပဲဆိုဆို၊ တူတူတန်တန် လက်ခံနိုင်လောက်တဲ့သူ မရှိဘူးလို့ပဲ ပြောပြော၊ စာရေးစာချီအနားတောင် မသီနဲ့တဲ့။

နယ်ပိုင်ဝန်ထောက် တောင်ကံမှောက်မှ ဆိုတဲ့ သူဌေးကြီးလင်မယားကြောင့် ကုန်သည်ပွဲစားဆိုတာ ဝေလာဝေး၊ တော်တန်ရုံ သူဌေးသားတွေပင် ခပ်ဝေးဝေးက ငေးကြရတယ်ဆိုပဲ။ ဒီလို…ဒီလို ယောက်ျားလေး သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပေါင်းသင်းဆက်ဆံပြောဆိုခြင်း မပြုခဲ့ဘူးတဲ့ မူယာဟာ စိတ်ကစားတတ်တဲ့ အရွယ်၊ စိတ်ကူးယဉ်တတ်တဲ့ အရွယ်ပေမို့ ဘုံခုနစ်ဆောင်အမြင့်ထက်က ဟိုဟိုဒီဒီ ကြည့်ငေးလို့သာ နေခဲ့ရရှာသူလေးပါ။

(၃)

တစ်နေ့မှာတော့ သူခိုးဖြစ်တဲ့ ရာဇဝတ်သားတစ်ယောက်ကို လက်ရဖမ်းမိခဲ့ရာမှ တရားစီရင် စစ်ဆေးခဲ့ရာ ပြစ်ဒဏ် ထင်ရှား၍ တောင်စွယ် နေကွယ်လျှင် သတ်စေဟူသော အမိန့်တော်တစ်ရပ်ချမှတ်လိုက်လေတယ်။ မင်းချင်းတို့ကလည်း အဲဒီရာဇဝတ်သားကို လက်ပြန်ကြိုးတုပ်လို့ လမ်းဆုံလမ်းခွရောက်လေတိုင်း ပြည်သူတွေ အတုမများအောင်နဲ့ အလားတူအဖြစ်မျိုး မဖြစ်စေရအောင် ပညာပေးသည့်အနေဖြင့် ကြိမ်ရိုက်ပြီး သေဒဏ်စီရင်ခဲ့သည့် ရာဇဝတ်

www.burmeseclassic.com

www.burmeseclassic.com

သားတို့အား သတ်ရာ သူသတ်ကုန်းသို့ ဆောင်ကြဉ်းသွားကြ သောကုန်သည်။

"ရှမ်း…"

"အောင်မလေး…နာလှချည်ရဲ့ဗျာ"

"ရှမ်း…"

"ကြောက်လှပါပြီဗျာ၊ နောက် မခိုးတော့ပါဘူးဗျ"

ဆူဆူညံညံအသံတွေ၊ ရိုက်ပုတ် နှိပ်စက်သည့်အသံ တွေ အော်ဟစ် ညည်းတွားသံတွေသည် မှူယာနေသည့် ခုနစ်ဆင့်အမြင့်မှ အတိုင်းသား ကြားနေရပေသည်။ ထို ဆူညံသော အသံတွေကြောင့် မှူယာတစ်ယောက် မနေ သာတာမို့ လေသာပြတင်းကို အသာဖွင့်ပြီး ကြာခြည်လုပ် ၍ ကြည့်လိုက်မိသည်။

ဘယ်ရေးဘဝက ရေစက်အထုံသည် ဒီဘဝမှာ လာပြီး ဆုံလေပြီထင့်။ တျားကျားလျားလျား သနားချင်စဖွယ်၊ ချစ်ချင် စဖွယ်ဖြစ်နေသော ရာဇဝတ်ကောင် ခိုးသား၏ မျက်နှာကို မြင်လိုက်ရသည်နှင့်ပင် နေမထိ ထိုင်မသာ ချစ်ခင်စွဲလမ်း သပ်မက်မှု ရာဂစိတ်သည် တားမနိုင် ဆီးမရ ဖြစ်ခဲ့ရချေ သည်။

ဆိုရလျှင် မှူယာတစ်ယောက် ခိုးသားယောက်ျားကို မြင်လိုက်ရသည့်အချိန်မှ စ၍ မရှင်မပျ ညှိုးမှိုင်ကျကာ အစာ ရေစာကိုပင် မသုံးဆောင်ချင်တော့။ ခုတင်ပေါ်ထက် လျောင်း စက်၍သာ ဘယ်လူး-ညာလှိမ့် အိပ်ပါသော်လည်း မပျော် တော့။ ထိုအချင်းအရာကို အတူနေ အမျိုးသမီးက မှူယာ့ မိခင်ကြီးကို မဆိုင်းမတွ အသိပေးရတော့၏။ မိခင်ကြီးက လည်း ချစ်သမီးအဖြစ်ကို ကြည့်ပြီး နေမကောင်း၍လော၊ ဘယ်အခင်းကို မကျေနပ်၍လော၊ မည်သည့်အရာကို ပူဆာ လို၍လော စသည်ဖြင့် မေးလိုက်တယ်ဆိုရင်ပဲ…

"မယ်မယ်ရယ်…သမီးလေ ဟို ဖမ်းဆီးခေါ်ဆောင် သွားကြတဲ့ ခိုးသူယောက်ျား ရာဇဝတ်သားကို မြင်လိုက်ရရုံ မျှကောင်ပဲ စွဲလမ်းချစ်ခင်နှစ်သက်လို့ နေမိပါပြီရှင်။ အဲဒီ ရာဇဝတ်သားကိုမှ မရလျှင်တော့ အစာငတ်ခံပြီး သေပွဲဝင် ပါတော့မယ်"

လို့ ဆိုတဲ့ ချစ်သမီးရဲ့ စကားကို ကြားလိုက်ရတော့ မိခင်ကြီးဟာ သူ့နားကိုတောင် သူ မယုံကြည်နိုင်တော့ပါ။ ထို့ကြောင့် ရင်ကိုသာ မချီး သမီးဖြစ်သူကို အံမျိုးမျိုးဖျောင်းဖျ သို့ နားချပြောဆိုပါသော်ငြားလည်း မရတော့သည့်အဆုံး တစ်နည်းတစ်ဖုံဖြင့် ဖခင် သူဌေးကြီးကို ခေါ်၍ သမီးဖြစ်ပုံ အကြောင်းစုံကို မရှက်မကြောက် ပြောပြလိုက်ရတော့၏။

ဖခင် သူဌေးကြီးလည်း ရင်ဘတ် စည်တီးပြီး သမီး ဖြစ်သူကို နည်းအမျိုးမျိုးသုံး၍ ချော့တစ်ခါ ခြောက်တစ်လှည့် ပြောဆိုကြည့်ပြန်ပါသည်။

"သမီးရယ်…အိမ်ထောင်ပြုချင်ရင် အမျိုးတူ၊ ဇာတ် တူ၊ ဂုဏ်ရည်တူ သူဌေးသားတစ်ယောက်နဲ့ ချက်ချင်းပေးစား ပါ့မယ်ကွယ်။ သမီးလေးက လိမ္မာပါတယ်ကွယ်"

မှူယာသည် ဖခင်စကားကို နားမဝင်နိုင်ဘဲ ခေါင်းကို သာ တွင်တွင်ခါလျက်…

"သမီးကတော့ အဲဒီ ခိုးသူယောက်ျား ရာဇဝတ်သား ကို မှ မရလျှင်တော့ ဟောဒီ ခုနစ်ဆောင်တိုက်ခန်းပေါ်က ခုန်ချပြီး သေပြလိုက်ရမလား။ ဒါမှမဟုတ် ဘယ်လိုနည်းနဲ့ ပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်သတ်ပြီး သေပစ်လိုက်တော့မယ်"

ဆိုတဲ့ မှူယာရဲ့ တဇွတ်မာယာ စကားတွေကြောင့် မိခင်၊ ဖခင်ကြီးတို့မှာ အခက်တကာ့ အခက်ကြီးတွေ့နေရ ပေတော့သည်။ နောက်ဆုံးမှာတော့ ဖြစ်ချင်ရာ ဖြစ်စေပေါ့။ ချစ်ရတဲ့ သမီးလေးတစ်ယောက် မျက်စိအောက်က ပျောက် မသွားဘဲ အသက်ရှင်လျက်နဲ့ မြင်နေရခြင်းက သေဆုံးသွား တာထက်စာလျှင်တော့ တော်ပေသေးသည်ဟု သဘောပိုက် ပြီး မင်းချင်းယောက်ျားတို့အား အသပြာတစ်ထောင်ကို တံစိုး လက်ဆောင်ထိုးလို့ ထိုသူခိုးကို သတ်မည့် တောင်ထိပ်ဆီမှ တိတ်တဆိတ်ခေါ်ဆောင်ကာ သမီးနှင့် ပေးစားလိုက်ရပေ တော့သည်။

(၄)

အချစ်ခြင်းတူရင်တောင် မှူယာတို့က အရှုံးပေးမယ်လို့ ဆိုရလောက်အောင် ဖြစ်လို့ သူဌေးသမီးလေးက သူခိုးလင် ကို အလွန်ပင် ချစ်ခင်မြတ်နိုး စုံမက်လှလွန်းပေသည်။ သူမ ကိုယ်တိုင်ပင်လျှင် စားကောင်းသောက်ဖွယ်တို့ကို စီမံ၏။ အစေအပါးတို့ကိုပင် မခိုင်း။ ကိုယ်တိုင်ချက်ပြုတ်၏။ မယား ဝတ္တရားငါးပါးနှင့်အညီ လိုလေသေးမရှိအောင် ဂရုတစိုက် ပြုစုပေး၏။

သူခိုးလင်ယောက်ျား ဆိုသူကား သူ၏ ပင်ကိုယ်ဗီဇ အရ မည်သို့ပင် ဇနီးကောင်းရပြီး ကြီးပွားချမ်းသာနေစေကာမူ တင်းတိမ်ရောင့်ရဲမှု မရှိနိုင်ခဲ့ပါ။ လောဘရမ္မက်၏ စေစားရာ သူခိုး၏ ခြစားနေသည့် စိတ်အတွင်းဝယ် ကျိတ်၍ ကြံစည် နေမိသည်မှာကား…

"ငါ ဒီတဏှာရမ္မက် ဘီလူးစီးနေတဲ့ သူဌေးသမီး ဇနီး ကို သတ်ပြီး သူမ၏ အဖိုးထိုက်တန်တဲ့ လက်ဝတ်လက်စား ရတနာရွှေငွေတို့ကို ထုခွဲရောင်းချကာ အရက်သေစာ တပေ



www.burmeseclassic.com

www.burmeseclassic.com

တပါး သောက်စား မူးယစ်၍ နေရလျှင် ကောင်းလေစွ"

ဟူသော စိတ်ကူးအကြံဖြစ်ကာ တမှိုင်မှိုင် တတွေတွေ နှင့် ပျော်ရွှင်မှုကို မပြ။ အိပ်ရာထက်တွင်သာ ခွေခေါက်၍ နေလေ၏။ ချစ်လင်ကို အရှင်သခင်အဖြစ် အရိပ်တကြည့်ကြည့်ရှိနေသော သူဌေးသမီးက လင်ယောက်ျားဖြစ်သူဟာ မှိုင်တွေကာ မစားမသောက်နိုင်ဘဲ မပျော်မရွှင် တအုံနွေးနွေး ရှိနေသည်ကို မြင်လေလျှင်···

"မောင်မောင် ချစ်လင်ရယ်၊ ဘာများ အလိုတော်မကျ ဖြစ်ရလို့လဲ ရှင်ရယ်။ ဘာလဲ၊ တစ်စုံတစ်ရာသော ရောဂါ ဝေဒနာများ နှိပ်စက်၍ နေမကောင်း ထိုင်မသာဖြစ်နေလို့လား။ ဒါမှမဟုတ် ကျွန်မ၏ မိခင်၊ ဖခင်တို့ကများ မောင်မောင့်ကို မလိုတမာ တစ်စုံတစ်ရာ မတန်ပြော မတန်ရာ ရင့်သီးစွာ ပြောဆိုလိုက်လို့များ စိတ်မချမ်းမသာဖြစ်ရလေသလား။ ပြောစမ်းပါဦး ရှင်ရယ်၊ နမ ရင်တွေ တုန်လိုက်ပါဘိတော့"

လို့ စိတ်ထင်ရာကို ခွဲတွေးပြီး မေးခွန်းတွေ တစ်သီကြီး မေးလိုက်တော့ ဟန်ဆောင်မှု ညှိုးနွမ်းမျက်နှာနှင့် သူခိုးလင်က ကလိမ်စေ့ ငြိမ်းဆင်လို့···

"ချစ်နမ···အမောင့်ကို ဖမ်းဆီး၍ ရာဇဝတ်သားတို့ကို တွန်းချလို့ သတ်အပ်သော တောင်ထိပ်သို့ ရောက်စဉ်အခါက တောင်စောင့်နတ်မင်းကြီးအား အကျွန်ုပ်၏ အသက်ကို ကယ်တင်ပါလျှင် အသင် နတ်မင်းကြီးအား ကောင်းမွန်သော ပူဇော်ခြင်းအမှုကို ပြုပေးပါမည်ဟု ဝန်ခံလို့ နှုတ်စကားကတိ မောင်မောင် ပြုခဲ့မိတယ်ကွယ်။ နတ်မင်းကြီးရဲ့ သဘောတူ ကူညီစောင်မ ကြည့်ရှုမှုကြောင့်လည်း အမောင့်အသက် ချမ်းသာရာရခဲ့သလို၊ ချစ်နမကိုပင် ဇနီးမယားအဖြစ် ပိုင်ဆိုင်ခွင့် ပေးခဲ့လေပြီရော။ ဒီလို···ဒီလို ကြီးမြတ်ပြီး အာနုဘော်ရှိတဲ့ တောင်စောင့်နတ်မင်းကြီးအား ပူဇော် ပသခြင်းအမှုကို အမောင်ဟာ ယနေ့ထိတိုင် မပြုလုပ်ပေးရသေးတာကြောင့် စိတ်အတွင်းမှာ မသာမယာ မရွှင်မပျ ရှိနေရတယ်ကွယ်။ အမောင်ရဲ့ ကျူးခဲ့တဲ့ နှုတ်စကားကတိတော့ ပျက်များမိပြီ ထင်ပါရဲ့ နမရယ်"

"ဒီအတွက်လောက်နဲ့တော့ စိုးရိမ်သောက ဗျာပါဒတွေ ဖြစ်မနေပါလင့် မောင်မောင်ရယ်။ လိုအပ်သမျှကို ချစ်နမကပဲ စီမံလို့ ပေးပါ့မယ်နော်"

ဟု ဆိုကာ အခါမဆိုင်းစေဘဲ တောင်စောင့်နတ်မင်းကြီးကို ပူဇော်ဖို့ ဖွယ်ဖွယ်ရာရာဖြင့် နို့၊ အဖျော်၊ ထမင်း၊ ပန်း၊ နံ့သာ စုံလင်စွာတို့ဖြင့် ကိုယ်တိုင်စီမံလို့ ပေးပါလေသည်။

## (၅)

နေမင်းသည် အနောက်ဂေါယာကျွန်းကို ယွန်းစပြုလေပြီ။ တောရိပ် တောင်ရိပ်သည် စိမ့်အေး ချမ်းမြလွှမ်းလုသည်။ လေပြည်တစ်သုတ်က ညင်းညင်းညက်ညက်တိုက်လိုက်မှုကြောင့် သစ်ပင်ကြီးများနှင့် ဝါးရုံကိုင်းဖျားများမှာ လှုပ်ရှား ယိမ်းယိုင်လျက် မူယာ၏ ဆံနွယ်ဆံစတို့မှာလည်း လေပြည်နှင့်အတူ တလူလူ တလွင့်လွင့်ဖြစ်လို့ နေ၏။ သူမခန္ဓာကိုယ်မှာလည်း လက်ဝတ်ရတနာ အဖိုးတန်မှန်သမျှတို့ကို တစ်ကိုယ်လုံး ညွတ်နေအောင် ဝတ်ဆင်ထားပါ၏။ သို့ကြောင့် သစ်သစ်လွင်လွင် ပြောင်ပြောင်လက်လက်ပင် ဖြစ်လို့နေသည်။ ဒါကလည်း အကြံသမား ရာဇဝတ်သား လင်ယောက်ျား၏ စီမံ စေခိုင်းချက်ကို တစ်သဝေမတိမ်းနာခံလို့ လိုက်နာလျက်ပင် ရှိနေခြင်းသာ ဖြစ်သည်။

သူသတ်ကုန်း တောင်ထိပ်သည် တကယ့်ကို မြင့်မြင့်မားမား ဖွားဖွားစွင့်စွင့်။ သူမကိုယ်တိုင် ရွက်သယ်လာခဲ့သော စားကောင်းသောက်ဖွယ်တို့ကို ထိုတောင်ထိပ်၌ ကျနသေသပ်စွာ ခင်းကျင်းလို့ အသင့်ပင် ဖြစ်ခဲ့ရချေပြီဖြစ်သည်။

"ကဲ - အမောင်၊ ကျေးဇူးရှင် တောင်စောင့်နတ်မင်းကြီးကို ပူဇော်ကန်တော့ကြပါစို့"

ဇနီး မူယာရဲ့ စကားကို ကြားလိုက်ရတဲ့ သူခိုးလင်ဟာ အကျင့်တန်လို့ အကြံရှိသူပီပီ မျက်နှာထားကို ရုတ်ခြည်း ပြောင်းလဲ တင်းမာလိုက်ပြီး မည်သည့်စကားကိုမျှ မဆိုတော့ ဤအချင်းအရာကို မနေသာသော သူဌေးသမီး ဇနီးဖြစ်သူက မေးလေတော့မှ -

"ဟဲ့ - လင်တရှူးမရဲ့ လောကမှာ နင်ဟာ အလွန် အ,ပေတာပဲ။ ငါ အခုလို စီစဉ်ရခြင်းဟာ တောင်စောင့်နတ်မင်းကို ပူဇော်လိုတာ မဟုတ်၊ အသင့်ကို လှည့်ဖြား၍ ခေါ်ဆောင်လာခြင်းသာ ဖြစ်ပေတယ်။ အသင့်ကို သတ်ပြီး အသင်၏ ကိုယ်၌ ဝတ်ဆင်ထားသော လက်ဝတ်ရတနာတို့ကို ငါ ယူဆောင်ပါအံ့"

ဆိုတဲ့ သူခိုးလင်ရဲ့ မညှာမတာ ဆိုစကားကြောင့် သူဌေးသမီး မူယာလည်း အံ့အားကြီးသင့်ကာ သူ့နားကိုယ် သူ မယုံကြည်နိုင်တော့။ နားနှစ်ဖက်ကို လက်အစုံဖြင့် ပိတ်ကာ ခေါင်းကိုသာ တွင်တွင်ခါယမ်းလို့။ အတန်ကြာမှ စိတ်ကို တည်ငြိမ်အောင် စုစည်းထိန်းချုပ်လိုက်ပြီး ချစ်[illegible] သူခိုးကို တဖြည်းဖြည်းချင်း နားဝင်အောင် ချော့မော့၍ ပြောရှာ၏။

"အမောင် ချစ်လင်၊ ဤလက်ဝတ်[illegible]နှင့်ဆာ ရတနာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

…တို့သည် အမောင်၏ ပစ္စည်းများသာ မဟုတ်ပါလော။ …ပါ၏ ချမ်းသာကြွယ်ဝသမျှသော ဥစ္စာပစ္စည်းအားလုံး …သည်လည်း တစ်ချိန်ကျလျှင် အမောင်ပင် ပိုင်ဆိုင်ရမည် …တ်ပါလော"

"ဟော့ - ငါ ဒီလောက်အထိ အောင့်အီးပြီး မစောင့် …ဘူး အခုချက်ချင်း နင့်ကို သတ်ပြီး နင့်ရဲ့ လက်ဝတ် …နာတွေကို ယူရမယ်။ ပြီးတော့မှ ဝေးရာ အရပ်တစ်ပါး … သွားရမယ်၊ ဟားဟား…ဟား…။ ဒါဆို ဘယ်သူမှ …သည်း မသိနိုင်တော့ဘူး။ မပိုင်လား၊ ဟားဟား…ဟား"

"အို…အမောင် ချစ်လင်၊ ကျွန်မ၏ ပစ္စည်းဥစ္စာများ … ယူလိုက ယူပါ။ ဒါပေမယ့် ကျွန်မရဲ့ အသက်ကိုတော့ …သာပေးပါရှင်"

မည်သို့ပင် အဖန်တလဲလဲ တောင်းပန်သော်လည်း …တော့ပြီ။ သူခိုးလင်မှာကား သတ်ရန်ပင် တကဲကဲလုပ်နေ …သောကြောင့် သူဌေးသမီး မှုယာလည်း မိမိ၏ အသက်ကို …သာရာရစိမ့်သောငှာ တခ်ဏာပ္ပတ္တိဉာဏ်ဖြင့် ကြံဆောင် …လျှင် စိတ်မချမ်းသာစွာ မျက်နှာထားဖြင့်…

"ကဲပါ မောင်ရယ်၊ ဘယ်လိုမှ တောင်းပန်လို့ မရတော့ …လျှင်လည်း ကျွန်မ၏ လက်ဝတ်ရတနာတို့နှင့်တကွ အသက်ကိုပါ ဝကွက်အပ်ပြီး ကြည်ဖြူစွာ ပေးအပ်ပါတော့ …မည်။ ကျွန်မ နောက်ဆုံးအနေနဲ့ တစ်ခုတောင်းဆိုချင်တာ …တော့ ကျွန်မရဲ့ အသက်နဲ့ ထပ်တူ မြတ်နိုးကြည်ဖြူ …ချစ်ခင်ရသော အရှင်သခင် ချစ်လင် မောင့်ကို နောက်ဆုံး …ဆက်သည့်အနေဖြင့် ပူဇော်ကန်တော့ခြင်းအမှုကိုတော့ …သောခင် ပြုခွင့်လေး ပေးသနားပါ ရှင်ရယ်"

လို့ ဆိုလိုက်တော့ သူခိုးလင်၏ စိတ်ထဲမှာ သူ့မယား …သူဌေးသမီးသည် သူ့ကို အလွန်ပင် ချစ်ခင်စုံမက်လွန်းလှပေ …သည်။ သေခါနီးပင်ဖြစ်လင့်ကစား မြတ်မြတ်နိုးနိုး ပူဇော်မှု …ကို ပြုလိုသည်ဟူသော တိုးလျှိုးတောင်းပန်ချက်ကိုတော့ဖြင့် …ခွင့်ပြုမှသာ တော်ကာကျပေမည်ဟု တွေးတောကာ…

"ကဲ - ရှင်မ၊ ကျုပ်ကို ပူဇော်ကန်တော့လိုက အမြန် …သာ ပူဇော်ကန်တော့ပေရော့"

ဟု ခွင့်ပြုချက်ဆိုစကား ကြားလိုက်ရတယ်ဆိုရင်ပဲ [illegible]စိတ်ထဲမှာ ကျိတ်ပြီး ဝမ်းသာမိတာတော့ အမှန်ပါ။

"ကျွန်တော်မသည် အရှင်လင်အား ဤခဏမျှပင် မြင် …တွေ့ရပါတော့မည်။ ထိုနည်းတူစွာ ကျွန်မကိုလည်း အရှင်လင် …က ဤခဏမျှပင် မြင်တွေ့ရပါတော့မည်"

ဟု လက်အုပ်ချီ၍ သူခိုးလင်အား လက်ျာရစ်လှည့်ပတ် ရှိခိုးရင်းက နှုတ်မှလည်း တတွတ်တွတ်ပြောဆိုကာ ဝမ်းနည်းစွာနဲ့ လမ်းခွဲရတော့မှာမို့ မျက်ရည်များလည်း တတွေတွေ စီးကျလို့ပါ။

သူခိုး လင်ဖြစ်သူမှာ ဇနီး၏ ဝမ်းနည်းစွာ ဆိုနေသော စကားနှင့် အငိုအရှိုက် မျက်ရည်တို့တွင် တဒင်္ဂ နစ်မြောစီးဝင်ပြီး သတိလစ်ခိုက် တစ်ချက်အငိုက်မှာပင် ပိုင်ပိုင်နိုင်နိုင် အကွက်ကျကျ တောင်ချောက်ထဲသို့ ဖြုန်းခနဲ တွန်းချလိုက်လေရာ ခိုးသူ ယောက်ျားလည်း မိန်းမတို့၏ မာယာအတတ်ပညာအလှည့်အပြောင်းနှင့်အတူ အလစ်ခံလိုက်ရ၏။ မည်သို့မျှ မဟန်နိုင်တော့သဖြင့် ချောက်ကမ်းပါးအောက်သို့ ဦးစောက်ဇောက်ထိုးကျသွားကာ ကျောက်ဆောင် ကျောက်စွန်းများဖြင့် တိုက်ခိုက် ရိုက်မိပြီး မရှုမလှ သေဆုံးခဲ့ရလေတော့သည်။

ထိုအခါ တောင်စောင့်နတ်မင်းက ဤအခြင်းအရာကို မြင်တွေ့လေ၍ မိန်းမတို့၏ တခ်ဏာပ္ပတ္တိဉာဏ်နှင့်အတူ မာယာမည်သော လှည့်ဖြားခြင်းအတတ်ပညာကို အကြောင်းပြု၍…

"အို…အချင်းတို့၊ နေရာတိုင်းတွင် ယောက်ျားသည်သာ ပညာရှိသည်မဟုတ်။ ထိုသို့သော သေဘေးနှင့် ကြုံ၍ ချောင်ပိတ်မိနေသော်လည်း မာယာ၏ လှည့်ဖြားခြင်းအတတ်ပညာဖြင့် ထွက်ပေါက်ရှာ လွတ်မြောက်နိုင်ခဲ့သော၊ တစ်နည်းအားဖြင့် စိစစ် ဆင်ခြင်တတ်သော မိန်းမတို့သည်လည်း ပညာရှိဖြစ်ပေသည်"

ဟူ၍ ဩဝါဒမြွမ်းထောမနာပြုခဲ့ဖူးလေပြီ။

(၆)

တောကြီးမျက်မည်းမှာ တစ်ယောက်ထီးတည်း ဖြစ်ခဲ့ရပြီ။ အိမ်ကိုလည်း မပြန်ချင်တော့။ ရောက်ရာပေါက်ရာ သွားတော့မည်။ ဒီလက်ဝတ်ရတနာတွေကြောင့် သေတွင်းနှုတ်ခမ်းဝကို ရောက်ခဲ့ရပြီ။ စိတ်နာစရာ ရတနာတွေကို သစ်ပင်တစ်ပင်မှာ ချိတ်ဆွဲလို့ ထားခဲ့ပါပြီ။ တောကြီးကို လွန်မြောက်တော့ တစ်ခုသော ပရိဗိုဇ်ကျောင်းမှာ ဝင်ခိုလှုံရင်း ပရိဗိုဇ်အသွင် ဝတ်ဆင်လို့ ပရိဗိုဇ်တရားတွေ သင်ကြားတတ်မြောက်ခဲ့ရပြန်ပါပြီ။

ဆိုရလျှင် ဉာဏ်ထက်သူပေမို့ ရက်အနည်းငယ်မှာပင် ပရိဗိုဇ်ဝါဒတစ်ထောင် ကုန်စင်အောင် တတ်မြောက်ခဲ့ပြီ။ ပရိဗိုဇ်ဆရာကြီးက -

"ငါတို့၏ တရားအားလုံးကိုပင် ချစ်သမီး သိမြင်ပေပြီ။ ဒီဝါဒတစ်ထောင်ကို ကိုင်စွဲပြီး ချစ်သမီး ဇမ္ဗူဒိပ်ကျွန်းသို့ လှည့်ချေလော့။ ချစ်သမီးမေးသော ဝါဒတစ်ထောင်ကို ဖြေ


www.burmeseclassic.com

www.burmeseclassic.com

ဆိုနိုင်သူရှိက ထိုသူ၏ အထံ၌ တပည့်ခံလေလော့"

သို့လျှင် ဇမ္ဗူဒိပ်ကျွန်းအလုံးမှာ ဝါဒတစ်ထောင်ကို ယှဉ်ပြိုင်လို့ ဖြေဆိုနိုင်သူ မရှိ။ အချို့သော ဂိုဏ်းဂဏဆရာတို့သည်လည်း ဝေးရာမှပင် ရှောင်ရှားပုန်းအောင်းကြကုန်၏။ "ဇမ္ဗူက ပရိဗိုဇ်မ"ဟုပင် အမည်တွင်ခဲ့ရလေပြီ။

ဇမ္ဗူက ပရိဗိုဇ်မကား ရွာတစ်ရွာသို့ ဆွမ်းခံဝင်လေတိုင်း ရွာအဝင်ဝတွင် သဲပုံကို ပုံပြီး ထိုသဲပုံထက်၌ သပြေခက်ကို စိုက်ပြီး ငါနှင့် ဝါဒချင်း ပြိုင်လိုက ဤသပြေခက်ကို နုတ်ပယ်လေလော့ဟု ကြွေးကြော်ကာ ရွာအတွင်းသို့ ဝင်လေ့ရှိ၏။

ဤသို့ လှည့်လည်လာရင်း သာဝတ္ထိမြို့ကို ရောက်ခဲ့ပြီ။ ထုံးစံအတိုင်း မြို့အဝင်မှာ သဲပုံထက် သပြေခက်စိုက်၍ ကြွေးကြော်ကာ ဆွမ်းအလို့ငှာ ဝင်သွားလေ၏။

ထိုအချိန်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်လည်း မြို့တွင်း ဆွမ်းခံရန် ကြွအလာ၊ မြို့တံခါးအနီးကလေးတွင် သူငယ်များ ဝိုင်းအုံနေသည်ကို မြင်ပြီး အကျိုးအကြောင်း မေးမြန်းတော်မူတော့ ဇမ္ဗူက ပရိဗိုဇ်မ ပြောကြားသွားသည့်အတိုင်း လျှောက်ထားကြ၏။

အရှင်သာရိပုတ္တရာလည်း "ဤသပြေခက်ကို နုတ်ပစ်လေလော့"ဟု ကလေးတို့ကိုပင် မိန့်ကြားပြီး မြို့တွင်းသို့ ဆွမ်းခံကြွလေ၏။

ပရိဗိုဇ်မ ပြန်လာတော့ သဲပုံထက်က သပြေခက် မရှိတော့။ အကျိုးအကြောင်းမေးပြီး အတိအကျသိရလေတော့ အရှင်သာရိပုတ္တရာမထေရ် ဆွမ်းခံကြွရာနောက် လိုက်သွားပြီး···

"သပြေခက်ကို နုတ်ပယ်ပစ်စေသည်မှာ မှန်ပါသလော"

ဟု မေး၏။

"သြော်···နှမ၊ ဟုတ်ပေတယ်"

"အသို့ဆိုလျှင် ကျွန်ုပ်နှင့်အတူ ဝါဒပြိုင်၍ ပြဿနာကို ဖြေဆိုအံ့လော့"

"နှမ···ကောင်းပြီ၊ ဖြေဆိုအံ့"

သဘောတူညီချက်တစ်ခုရလိုက်ကြပြီ။ ညနေချမ်းသို့ ရောက်လာတော့ တစ်မြို့လုံး တုန်လှုပ်ချောက်ချားနေကြရဲ့။

အရှင်သာရိပုတ္တရာနှင့် ဇမ္ဗူက ပရိဗိုဇ်မတို့၏ ပြဿနာ ဖြေဆိုပွဲက စည်စည်ကားကား။

ပရိဗိုဇ်မက ဝါဒတစ်ထောင်ကို တစ်ခုပြီး တစ်ခုမေးမြန်း၏။ ရှင်သာရိပုတ္တရာကလည်း တစ်ခုမကျန် ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါ၏။ သူမ၏ ဝါဒတစ်ထောင်မေးခွန်း ကုန်လေတော့ မထေရ်မြတ်က···

"အသင်၏ အမေးပုစ္ဆာများသည် ဤမျှပင်လော။ ကျန်သေးသလော"

ဟု မေးတော့···

"အရှင်ဘုရား···ဤမျှလောက်သာပါ"

ဟု လျှောက်ကြား၏။

"နှမ···အသင်သည် ငါ့အား များစွာသော ပုစ္ဆာတို့ကို မေးခဲ့ပြီးချေပြီ။ ယခု သင့်အား တစ်ခုသော ပုစ္ဆာကို မေးမည်၊ ဖြေဆိုပါမည်လော"

ဟု မေးလိုက်တော့···

"အရှင်ဘုရား၊ ဖြေဆိုပါအံ့"

ဟု လျှောက်၏။

"နှမ···တစ်ခုမည်သည် အဘယ်နည်း"

ပရိဗိုဇ်မသည် ဘာဖြေရမည် မသိနိုင်တော့၍··

"အရှင်ဘုရား···ဤပြဿနာသည် အဘယ်အမည်ရှိသနည်း"

"နှမ···ဗုဒ္ဓပဉှာမည်သော ပြဿနာပေတည်း"

"အရှင်ဘုရား···ထိုပြဿနာကို တပည့်တော်မအားလည်း ပေးသနားတော်မူပါ"

လို့ လျှောက်ထားတော့···

"ငါ့ကဲ့သို့သော ရဟန်းအဖြစ် ဖြစ်ခဲ့လျှင် ပြဿနာပေးအံ့"

"ထိုသို့ဆိုလျှင် တပည့်တော်မကို ရဟန်းပြုပေးတော်မူပါ"

ထိုပရိဗိုဇ်မသည် ရဟန်းပြုပြီး၍ ပဉ္စင်းအဖြစ်တွင် "ကုဏ္ဍလကေသီ ထေရီမ"အမည်ဖြစ်ခဲ့ရပြီ။ တရားစစ်၊ တရားမှန်နှင့် တွေ့ရတော့ နှစ်ရက် သုံးရက်မျှနှင့်ပင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရလေပြီ။

အဲကျိုးမရှိသော ဂါထာတစ်ရာကို ရွတ်ဆိုရခြင်းထက် အကျိုးရှိသော ဂါထာတစ်ပုဒ်က မြတ်၏။ စစ်သားတစ်သန်းကို နိုင်သော စစ်ပွဲထက် မိမိကိုယ်ကို တစ်ကြိမ်မျှအောင်နိုင်အောင် သူရဲကောင်းသည် မြတ်ပေ၏။

အရာခပ်သိမ်းကို အသိနှင့် သတိကပ်၍ ဉာဏ်ဖြင့် ဆင်ခြင်နိုင်ကြပါစေ။

* * *

ဝန်းမြိုင်လယ်စိန်ဝင်း

ကျမ်းကိုး၊

- ဓမ္မပဒ-သဟဿဝဂ်၊ ကုဏ္ဍလကေသီထေရီမ ဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com



# ပိတ်တောင်းပြလေးအေးရှာ မတော့ချောင်းဆရာတော် ပုံတိုပတ်စ

ချစ်မုန်းခင်
(ကြို့ပင်ကောက် -လယ်တီ)

မတော့ချောင်းဆရာတော်ဘုရားကြီးသည် လပွတ္တာမြို့နယ် လက်ခုပ်ကြီးရွာအနီး တောမြိုင်ကြီးအတွင်း၌ အလွန်ကြီးမားသော မတော့ပင်ရင်းတွင် ရက္ခမူရတင်ကို ကျင့်သုံးဆောက်တည်၍ တစ်ပါးတည်း သီတင်းသုံးတော်မူခဲ့သည်။ မေတ္တာကမ္မဋ္ဌာန်းကိုလည်း အထူးစီးဖြန်း ပွားများတော်မူခဲ့၏။

ဆရာတော်ဘုရားကြီးသည် သုသာန်ပေါင်းများစွာသို့ ကြွတော်မူ၍ သုသာန်တစ်ခုလျှင် ကိုးညတိုင်တိုင် သီတင်းသုံးတော်မူလျက် သုသာန်ရုတင်လည်း ကျင့်တော်မူသည်။ ဆရာတော်ဘုရားကြီး လှည့်လည် သီတင်းသုံးတော်မူခဲ့သော သုသာန်ပေါင်းမှာ ၇၃ ခုရှိသည် ဆိုသည်။

ဆရာကော်ဘုရားကြီး မေတ္တာကမ္မဋ္ဌာန်းအား အမြဲဖြန့်ပွားများ အားထုတ်တော်မူခဲ့သော သီတင်းသုံးတော်မူရာ မတော့ပင်အောက်တွင် တောကြီးမျက်မည်းထဲမှ ကျားကြီးတစ်ကောင်နှင့် တောဝက်ကြီးတစ်ကောင်တို့သည် အချင်းချင်း ရန်မမူ၊ ချစ်ခင်ရင်းနှီးစွာ ဆရာတော်ဘုရားကြီးထံပါးတွင် လာရောက်နေလေ့ရှိသည်။ ဆရာတော်ဘုရားကြီး၏ မေတ္တာအေးရိပ်တွင် ခွေးသိပ် နားခိုယှဉ်ပါး ပျော်နေကြခြင်းဖြစ်ဟန်ရှိသည်။

တစ်နေ့သောအခါ အိန္ဒိယလူမျိုး မာမွတ်သည် လယ်ကွင်းထဲတွင် စပါးရိတ်နေလျက်ရှိသည်။ မာမွတ်၏ လယ်ကွင်းသည် ဆရာတော်ဘုရားကြီး သီတင်းသုံးသည့် တောအစပ်တွင် ရှိလေသည်။ မာမွတ် လယ်ကွင်းပြင်နှင့် တောကြီးသည် ချောင်းကလေးတစ်ခုသာ ခြားနေသည်။

မာမွတ်သည် တောကြီးရှိရာဘက်သို့ မျက်နှာမူလျက်



www.burmeseclassic.com

www.burmeseclassic.com

စပါးရိတ်နေစဉ် ကောင်းကင်မှ ကြွ၍လာသော ဆရာတော်တစ်ပါးကို ထူးခြားစွာ မမျှော်လင့်ဘဲ ဖူးတွေ့မြင်လိုက်ရသဖြင့် မာမွတ်သည် ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်သွားလေသည်။

ရိတ်လက်စ စပါးပင်များနှင့် တံဇဉ်ကို ပစ်ချကာ မာမွတ်သည် ဝမ်းသာအားရစွာဖြင့် ရှိခိုးဦးချတော့သည်။ ပါးစပ်မှလည်း···

"အားရိုးရိုး···ဗမာဘုန်းကြီး···အားကီး တန်ခိုးကီးပါကလား"

ဟု ရေရွတ်ရင်း သပိတ်ကို လွယ်လျက် ချောင်းကိုဖြတ်၍ ကောင်းကင်မှ ရွာရှိရာသို့ ဦးတည်ပြီး ကြွချီသွားသော ဆရာတော်ကို မျက်စိတစ်ဆုံး တအံ့တသြ ငေးမောကြည့်နေမိတော့သည်။

ရွာသို့ ရောက်သော် မာမွတ်သည် သူ မျက်မြင်တွေ့ကြုံခဲ့ရပုံ အံ့သြဘနန်း ဖြစ်ရပ်ဆန်းကို ရွာသူရွာသားများအား ပြန်လည်ပြောပြခဲ့သည်။ ရွာသူရွာသားများကလည်း တောကြီးအတွင်းတွင် ဆရာတော်တစ်ပါး ကမ္မဋ္ဌာန်းတရားများ အားထုတ်၍နေတော်မူသည်ကို မကြာခဏ တွေ့ဖူးကြ၏။

ထိုဆရာတော်ဟုတ်, မဟုတ်ကို နောက်ရက်များတွင် လေ့လာကြည့်ကြရာ ထိုဆရာတော်ဖြစ်နေကြောင်း သိရှိရလေတော့သည်။ ထိုအချိန်အခါမှစ၍ မတောပင်ရင်းတွင် သီတင်းသုံးတော်မူ၍ တောရဆောက်တည်ပြီး ကမ္မဋ္ဌာန်းတရားများကို အားထုတ်တော်မူသော ဆရာတော်ဖြစ်၍ ပရိသတ်များက "မတောဆရာတော်"ဟူ၍ ခေါ်ဝေါ်သမုတ်ပြောဆိုခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယလူမျိုး မာမွတ်သည် ဆရာတော်ဘုရားကြီးအား ကြည်ညိုလှသဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်၍လာရုံမျှမကဘဲ ဒုလ္လဘရဟန်းပင် ဝတ်ခဲ့သေးသည်ဆို၏။

တစ်ခါသော် ဆရာတော်ဘုရားကြီးသည် လက်ခုပ်ကြီးရွာအနီး တောကြီးအတွင်း မတောပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မိစ္ဆာ နာနာဘာဝကောင်ကြီးတစ်ကောင်သည် တင်ပျဉ်ခွေ၍ ထိုင်နေတော်မူသော ဆရာတော်ဘုရားကြီး၏ ပေါင်နှစ်ဖက်ကို ခြေထောက်များဖြင့် နင်းထားကာ ဆရာတော်ဘုရားကြီး၏ လည်ပင်းကို ဖျစ်ညှစ်ရန် ကြိုးစား၏။

ဆရာတော်ဘုရားကြီးသည် ကြောက်ရွံ့ခြင်းလည်း မရှိ၊ ရန်းကန်ခြင်းလည်း မပြု၊ ငြိမ်သက်စွာပင် နေတော်မူပြီး မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများတော်မူရင်း "ဇိနံ-ဝန္ဒေ" ဂါထာတော်ကို ရွတ်ဆိုပြီး ရှင်တော်မြတ်ဘုရားကိုသာ အာရုံပြု၍ ရှိခိုးကန်တော့နေတော်မူ၏။ ထိုအခါ၌ မိစ္ဆာ နာနာဘာဝကောင်ကြီးသည် ညှဉ်းပန်းနှိပ်စက်မှု မပြုနိုင်တော့ဘဲ ထွက်ပြေးသွားလေတော့သည်။

ပဋိပတ်အကျင့်မြတ်ဖြင့် ထင်ရှားကျော်ကြားသော မတောချောင် ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ ရုပ်ကလာပ်တော်မှာ ထူးခြားစွာ မပုပ်မသိုး ပကတိအတိုင်း ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရှိကြရသည်။

ဆရာတော်ဘုရားကြီးသည် ဒါယကာ၊ ဒါယိကာမတို့အား အမြဲရွတ်ဆို ပုတီးစိပ်လေ့ရှိသော "ဇိနံ ဝန္ဒက ဂါထာ"ကို ချီးမြှင့်လေ့ရှိသည်။

**"ဇိနံ ဝန္ဒထ ဂါထာ"**

ဇိနံ ဝန္ဒထ ဂေါတမံ၊
ဇိနံ ဝန္ဒာမ ဂေါတမံ၊
ဝိဇ္ဇာ စရဏ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

**အနက်အဓိပ္ပာယ်**

ငါးမာန်အောင်မြင် ဂေါတမဘုရားရှင်ကို သင်တို့ ရှိခိုးကြကုန်လော့။ ငါးမာန်အောင်မြင် ဂေါတမဘုရားရှင်ကို ကြည်လင်မြတ်နိုး အကျွန်ုပ်တို့ ရှိခိုးကြပါကုန်စို့။ ဝိဇ္ဇာရှစ်ပါး စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံ၍ သစ္စာလေးပါးကို ပိုင်းခြားသိမြင်တော်မူသော ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကို ဝပ်တွားရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

ဤပုတီးစိပ် ဂါထာတော်မြတ်သည် အသက်ဘေးအန္တရာယ်အသွယ်သွယ်နှင့်တကွ သူခိုး ဓားပြတို့၏ ရန်မှလည်းကောင်း၊ ဘုတ်တစ္ဆေ, မြေဘုတ် အစရှိသည့် မကောင်းဆိုးရွား နာနာဘာဝ မိစ္ဆာတို့မှ လည်းကောင်း၊ လွတ်ကင်းချမ်းသာအောင်မြင်မြဲဖြစ်ကြောင်း ရေးသားပူဇော်လိုက်ရပါသည်။

(ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ပိတ်ထားလေး အေးရွာကျောင်းတွင် သီတင်းသုံးသွားတော်မူခဲ့သော ဆရာတော် ဦးဝါသဝ(၁၂၅၆-၁၃၁၄)အား ရှိခိုးဦးတင်ကန်တော့အပ်ပါသည်။)■

* * *

ချစ်မုန်းခင်(ကြို့ပင်ကောက်-လယ်ဝေ)

မှီငြမ်း

- သုတေသီ မြင့်ထွန်း၏ အစွမ်းထက်သော ပုတီးစိပ်



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓနုဂ္ဂဟာ (၂၇)လုံးပုတီးစိပ်နည်း

■ ရမည်းသင်းကျော်ထင် ■



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေနှင့် ပုတီးစိပ်နည်းအမျိုးမျိုးကို တွေ့ဖူး၊ ဖတ်ဖူး၊ မှတ်ဖူးပါသည်။ လက်တွေ့ကိုလည်း လုပ်ဖူးခဲ့ပါသည်။ ကျင့်ကြံခဲ့ဖူးပါသည်။ ၉လုံးပုတီး၊ ၂၇လုံးပုတီးနဲ့ ၁၀၈လုံးပုတီး စသဖြင့် ရှိသည့်အနက် တချို့ကျတော့ အမျိုးအစား၊ အရွယ်အစား ပုတီးလုံးအရေအတွက်ကို သူ့ရဲ့ ရည်ရွယ်ချက်နှင့် လည်းကောင်း၊ သက်ဆိုင်ရာ ဆရာသမား၊ ဆရာတော်ကြီးများ၏ ညွှန်ကြားချက်အရ ပုတီးအရေအတွက် သတ်မှတ်ပြီး အမျိုးမျိုးပြုပြင်စိပ်ကြ၊ ကျင့်ကြံကြသော်လည်း စာရေးသူအနေဖြင့် ၂၇လုံး ပုတီးစိပ်နည်းကိုပင် နှစ်သက် သဘောကျခဲ့ရသည်။

၂၇လုံး ပုတီးစိပ်နည်းကို လွန်ခဲ့သော နှစ် ၂၀လောက်က စာရေးဆရာကြီး မင်းသိခ်က ဖန်တီးမှုပြုပြီး မိတ္တူပွား၍ ပျံ့နှံ့ခဲ့သဖြင့် တွေ့ဖူး၊ မြင်ဖူး၊ ဖတ်ဖူး၊ ကျင့်ကြံခဲ့ဖူးပါသည်။ သို့ရာတွင် စာရေးသူအနေနှင့် ဖတ်မှတ်လွယ်ကူမှု၊ ကျင့်ကြံမှု အားနည်းခဲ့သောကြောင့် ထင်ပါသည်၊ အဆင်မပြေဖြစ်ခဲ့ဖူးပါသည်။ ဘာပဲဖြစ်ဖြစ် ကြိုးစားကျင့်ကြံအားထုတ်ခဲ့ပါသေးသည်။ မအောင်မြင်ခဲ့ပါ။ စာရေးသူက လွန်စွာအားနည်းနေချိန်၊ ကျန်းမာရေးအခြေအနေအရလည်း ဖြစ်နိုင်ခဲ့ပါသည်။

ထို့ကြောင့်ပင် စာရေးသူ မူလကျက်မှတ် ကျင့်ကြံနေခဲ့သော ဗုဒ္ဓနုဿတိများကို ပြန်လည်စိစစ်ပြီး စာရေးဆရာကြီး မင်းသိခ်၏ ၂၇လုံး ပုတီးစိပ်ကို ဖန်တီး နမူနာယူ၍ စာရေးသူ ကိုယ်တိုင် ၂၇လုံး ပုတီးစိပ်ကို ပြန်လည် ပြင်ဆင်ပြုပြင်၍ ဖန်တီးခဲ့ပြီးနောက် ဆရာကြီး မင်းသိခ်ထံ ပို့၍ အတည်ပြုရယူခဲ့ပါသေးသည်။ ဆရာကြီးကိုယ်တိုင် ပြန်စာ၊ သဘောတူစာ မရရှိနိုင်ခဲ့သော်လည်း ကန့်ကွက်ခြင်းအလျဉ်းမရှိသောကြောင့် စာရေးသူ၏ ဖန်တီး စီမံမှုပြုထားသော ၂၇လုံးပုတီးကို ယနေ့တိုင် စိပ်လျက် ကျင့်ကြံအားထုတ်ခဲ့သည်မှာ အနှစ် ၅၀ကျော် ၆၀နှစ်အတွင်းသို့ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

စာရေးသူ၏ ၂၇လုံး ပုတီးစိပ်ကို စိပ်ပုတီးဖြင့် စိပ်နိုင်သကဲ့သို့ နှုတ်ကလည်း စိပ်ပုတီးမပါဘဲ ရွတ်ဆိုကျင့်ကြံနိုင်ပါသည်။ ခရီးသွားဟန်လွဲ စိပ်ပုတီးမပါဘဲနဲ့လည်း ဗုဒ္ဓနုဿတိတွေကို ရွတ်ဖတ် သရဇ္ဈာယ်ပါက ကိုယ်ခံပညာ၊ ကိုယ်ပိုင်မေတ္တာ၊ စေတနာထားပြီးသာ ရွတ်ဖတ် သရဇ္ဈာယ်ပေးပါ။ ကိုယ့်အတွက် အကျိုးရှိပါသည်။ လူ၊ နတ်၊ သတ္တဝါအားလုံးလည်း စိတ်ချမ်းသာစေပါသည်။ တကယ်ပါ၊ စာရေးသူ၏ လက်တွေ့ သာဓကတွေပင် ဖြစ်ပေသည်။

"ပြောယုံ၊ ကြုံဖူးမှ သိ"ဆိုတဲ့ စကားအရ ကြုံဖူးတွေ့ဖူးအောင် စာရေးသူပြောသလို ကျင့်ကြံအားထုတ်ကြည့်ပါ။ ခဏကျင့် ခဏပင် အဖြေပေါ်မည်။ နေ့စဉ် ကျင့်ကြံနေစဉ်အတွက် အဖြေပေါ်ပါလိမ့်မည်။ စာရေးသူ ကိုယ်တွေ့ပါ။

စာရေးသူအနေနှင့် ခုချိန်ထိပင် စာရေးသူ၏ ၂၇လုံး ပုတီးစိပ်ကို စိပ်ပါသည်။ ကျင့်ကြံအားထုတ်ပါသည်။ အိမ်တွင်း အိမ်ပြင် ခရီးစထွက်ချိန်၊ ထွက်ခွာချိန်မှာ တစ်နေရာနဲ့ တစ်နေရာ ကူးသန်းသွားလာချိန်၊ လမ်းခရီးတစ်လျှောက် ဒီ ၂၇လုံး ပုတီးစိပ်ကို ရွတ်ဖတ် သရဇ္ဈာယ်သွားနေကျဖြစ်ပါသည်။

မသိသူ၊ သိသူ လူချစ်လူခင်များလာပါသည်။ ကူညီစောင့်ရှောက်မည့်သူများ ပေါ်လာခဲ့ပါသည်။ လမ်းခရီးသွားလျှင်လည်း ကိုယ်နဲ့ မသိပေမယ့် ကူညီရိုင်းပင်းသူများ ပေါ်ပြီး အစားအသောက် အနေအထိုင်က စပြီး ငွေရေးကြေးရေး ပစ္စည်းများအထိ ကူညီမည့်သူ အလိုအလျောက်ရှိလာခဲ့သည်။ လက်တွေ့ပင် ဖြစ်လေသည်။

မည်သည့်နေရာတွင်မဆို ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး သတိတရားမြဲလျက် ၂၇လုံး ပုတီးစိပ်ပါ။ ဗုဒ္ဓနုဿတိတရားများကိုသာ ရွတ်ဖတ် သရဇ္ဈာယ်သွားနိုင်ပါက ပို၍ပို၍ အန္တရာယ်ကင်း ဘေးရှင်း၊ ပြဿနာအပေါင်း ခညောင်းသွားမည်မှာ အမှန်ပင်။ လက်တွေ့ပင် မြင်တွေ့ ခံစားရပါလိမ့်မည်။ စာရေးသူ မေတ္တာ စေတနာ အရင်းခံပြီး စိတ်ဖြူဖြူစင်စင်နဲ့ ပေးကမ်းစွန့်ကြဲ လက်ဆင့်ကမ်းပေးသော ၂၇လုံး ပုတီးစိပ်၏ ဗုဒ္ဓနုဿတိများကို ယုံယုံကြည်ကြည် စိတ်ကြည်ကြည်လင်လင်နဲ့ မေတ္တာများစွာဖြင့် ပေးအပ်ခြင်းကို မေတ္တာအပြည့်အဝဖြင့် လက်ခံကျင့်သုံး လိုက်နာနိုင်ကြပါစေလို့ စာရေးသူ ဆုတောင်းမေတ္တာပို့ရင်း ယနေ့အထိ ရွတ်ဖတ် သရဇ္ဈာယ်မြဲဖြစ်သော ၂၇လုံးပါ ပုတီးစိပ်နည်း ဗုဒ္ဓနုဿတိများကို ဖော်ပြပေးလိုက်ပါသည်။

**ဗုဒ္ဓနုဿတိ ၂၇လုံး ပုတီးစိပ်နည်း**

* ဗုဒ္ဓံ ပူဇေမိ
ဓမ္မံ ပူဇေမိ
သံဃံ ပူဇေမိ

* ဗုဒ္ဓေါမေ သရဏံ အညံ နတ္ထိ
ဓမ္မောမေ သရဏံ အညံ နတ္ထိ
သံဃောမေ သရဏံ အညံ နတ္ထိ

* ဗုဒ္ဓ ဂုဏော အနန္တော
ဓမ္မ ဂုဏော အနန္တော
သံဃ ဂုဏော အနန္တော
မာတာပိတု ဂုဏော အနန္တော



www.burmeseclassic.com

www.burmeseclassic.com

အာစရိယ ဂုဏော အနန္တော
* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
* ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
* ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
* တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
* အာမဘန္တေပါ် အရှင်ဘုရား။
* အမျှ…အမျှ…အမျှ ယူတော်မူကြပါကုန်လော့။
* သာဓု…သာဓု…သာဓု။

**မေတ္တာပို့ ဆုတောင်း**

* လိုအင်ဆန္ဒပြည့်ဝကြပါစေ။
* ကျန်းမာချမ်းသာကြပါစေ။
* ကြံတိုင်းအောင်၊ ဆောင်တိုင်း မြောက်ကြပါစေ။
* လိုရာခရီး ပြီးမြောက် အောင်မြင်ကြပါစေ။
* နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ထိုကဲ့သို့ ဗုဒ္ဓနုဂုဏ ၂၇လုံးပုတီးကို လေးခါ လေးကြိမ် စိပ်ပေးပါက ၁၀၈လုံးပုတီးတစ်ပတ်ကို ပြီးစေပါသည်။ ၁၀၈လုံး ပုတီးကို စိပ်မည်ဆိုလျှင်လည်း ထိုပုတီး ပတ်ကို ၂၇လုံး ပုတီးစိပ် လေးပတ်ရရှိပြီးဖြစ်လေသည်။

* နေ့စဉ်မှန်မှန်စိပ်ပါ။
* လမ်းခရီးသွားနေစဉ်လည်း(ပုတီးမပါ) ရွတ်ဖတ် သရဇ္ဈာယ်သွားပါ။
* အပေါ့အလေးသွားချိန်တွင်လည်း(ပုတီးမပါ) ရွတ်ဖတ် သရဇ္ဈာယ်နိုင်ပါသည်။
* အိပ်ရာဝင်ချိန်/ အိပ်ရာတွင်းမှာလည်း အာရုံပြု ရွတ်ဖတ် သရဇ္ဈာယ်နိုင်ပါသည်။
* ဘာပဲလုပ်လုပ်၊ ဘယ်ပဲသွားသွား၊ ဘယ်ပဲလာလာ နှုတ်မှ အာရုံပြု ရွတ်ဖတ် သရဇ္ဈာယ်နိုင်ပါသည်။

* * *

ရမည်းသင်းကျော်ထင်

လူစင်စစ်မေတ္တာသည်
လူမျိုးမရွေး
ဘာသာမရွေး
လူတိုင်း လူတိုင်း
လိုက်နာကျင့်သုံးလွယ်သော
တရားရှိုး
တရားကောင်းကြီးတစ်ခု
ဖြစ်သကဲ့သို့
သစ္စာသည်လည်း
ထို့အတူ
လူမျိုးဘာသာမရွေး
ကျင့်သုံး၍ရသော
တကယ့်စွမ်းအားကောင်းကြီး
သဘာဝအင်အားကြီး
တစ်ခုပင်ဖြစ်သည်။
ထိုအင်အားကြီးများကို
ထုတ်ဖော်ပေးခဲ့သူမှာ
ဗုဒ္ဓသာလျှင်ဖြစ်၍
ဗုဒ္ဓသည်
လူသားတိုင်းအတွက်
ဖြစ်ထွန်း
ပွင့်တော်မူလာရပေ၏။

ဓမ္မာစရိယဦးဌေးလှိုင်


www.burmeseclassic.com

www.burmeseclassic.com



# ရန်ဘယာဝေး
# အေးချမ်းသည့်မေတ္တာ

ဇွဲကုလင် (မအူပင်)

မြတ်ဗုဒ္ဓဘုရားရှင်သည် ဇေတဝန် ရွှေကျောင်းတော်
ကြီး၌ သီတင်းသုံး စံတော်မူစဉ်ကာလဖြစ်၏။

တစ်နေ့သော နံနက်ယံဝယ် ကျွတ်ထိုက်သော
သတ္တဝါများကို ချေချွတ်တော်မူရန် ကြည့်တော်မူလေသည်
ထိုအခါတွင် ကောသလမင်းကြီး၏ အမှုတော်ထမ်း အမ
စစ်သူကြီးနှစ်ဦးမှာ တစ်ဦးအပေါ် တစ်ဦး ဒေါသအမျက်သ
ကာ မသင့်မြတ်ကြဘဲ ရန်ဆောင်နေသည်ကို မြင်တော်



www.burmeseclassic.com

www.burmeseclassic.com

တော်မူသည်ဖြစ်၍ ဘုရားရှင်သည် မဟာကရုဏာတော် ကာ ချေချွတ်ဆုံးမရန်အရေး ဆွမ်းခံကြွချီချိန်၌ ယောက်သော အမတ်စစ်သူကြီး၏ နေအိမ်ရှေ့တွင် ခံရပ်တော်မူ၏။

ထိုစစ်သူကြီးလည်း မြတ်ဗုဒ္ဓဘုရားရှင်အား ကြည်ညို သူ၏ စံအိမ်တော်အတွင်းသို့ ကြွရောက် သီတင်းသုံး ရိုသေစွာ ပင့်ဆောင်၏။ ထိုအမတ်စစ်သူကြီးအား မေတ္တာ ဝနာအကျိုးကို ဟောပြောဆုံးမကာ ပင်ကိုယ်ဉာဏ်စွမ်း အပေါ် သုံးသပ်ကြည့်ရှု၍ ခွဲခြမ်းစိတ်ဖြာပြီး သစ္စာလေးပါး တရားကိုလည်း ဟောကြားပေးတော်မူလိုက်၏။ ထို တ်စစ်သူကြီးလည်း တရားအမှန်ကို သက်ဝင် ယုံကြည် သောတာပန်တည်ရှိသွားတော့၏။ ဤသို့ ဖြစ်စေခဲ့ပြီး က်···

"ဒါယကာ စစ်သူကြီး···ငါဘုရား၏ သပိတ်တော် နောက်တော်ပါးမှ ထမ်းပိုး၍ ဥပါသကာအဖြစ်နဲ့ ယနေ့ ရှာ ရှက်ဆောင်ရန် ဆန္ဒရှိသည်မဟုတ်တုံလော"

ဘုရားရှင်၏ မိန့်မြွက်စကား ကြားရသည်နှင့် တစ်ပြိုင် ပင် စစ်သူကြီးလည်း မဟာအခွင့်အရေးရလေပြီတကား ဝမ်းမြောက်ဝမ်းသာဖြစ်ကာ···

"မှန်လှပါ အရှင်ဘုရား။ ဒီတစ်နေ့တာမျှ မဟုတ်ပါ၊ ရှင်ဘုရား အလိုရှိပါက တပည့်တော်သည် အချိန်မရွေး ရွက်ပေးပါမည် အရှင်ဘုရား"

ဟု ရိုသေလေးမြတ်စွာ လျှောက်ထားလိုက်တော့၏။

ဤသို့ဖြင့် သောတာပန်တည်ခဲ့ပြီးသော ထိုအမတ် သူကြီးအား မြတ်စွာဘုရားရှင်၏ နောက်တော်ပါးမှ သပိတ် တ်ကို ထမ်းစေလျက် အိမ်စဉ်အလိုက်ပင် ဆွမ်းခံ ကြွချီ ၏။ မြတ်ဗုဒ္ဓဘုရားရှင်သည် ထိုစစ်သူကြီးနှင့် ရန်ဘက် နေခဲ့သော အခြား အမတ်စစ်သူကြီး၏ နေအိမ်ရှေ့သို့ တန်းမတ်မတ်ပင် ဆွမ်းခံရပ်တော်မူပြန်၏။ သပိတ်တော် ထမ်း၍ လိုက်ပါလာခဲ့သော စစ်သူကြီးလည်း သိလိုက် သူနှင့် မသင့်မြတ်သူ ရာထူးတူသည့် အမတ်မင်း စစ်သူ ၏ နေအိမ်အရှေ့သို့ ရောက်လာသော်ငြား သူသည် ယခင် စိတ်ထားမျိုးမဟုတ်တော့။ ယနေ့အဖို့ရာ သောတာပန် လ်အဖြစ်နဲ့ တည်ငြိမ်နေခဲ့လေပြီဖြစ်၏။

ဒုတိယအမတ်မင်း စစ်သူကြီးမှာလည်း မိမိအိမ်ရှေ့သို့ လာသော ဘုရားရှင်အား ဖူးမြင်ရသည်နှင့်ပင် အိမ်တော် သို့ ကြွရောက် သီတင်းသုံးပါရန် ရိုသေလေးမြတ်စွာ င့်ဖိတ်လျှောက်ထားလာပြန်၏။

မြတ်ဗုဒ္ဓဘုရားရှင်လည်း ရှေးယခင်နည်းတူပင် တရား အမှန်များကို ဟောကြား ဆုံးမတော်မူလိုက်ပြန်၏။ ထိုဒုတိယ စစ်သူကြီးလည်း တရားစစ်၊ တရားမှန်ကို သိမြင်သွားကာ သောတာပန်အဖြစ် တည်ပြန်၏။

ထိုအခါ၌ အမတ်မင်း စစ်သူကြီးနှစ်ဦးစလုံးသည် မြတ်ဗုဒ္ဓဘုရားရှင်ကို အဦးအဖျား အမှူးထား ကန်တော့ကြ ပြီးနောက် တစ်ဦးနှင့် တစ်ဦး ဖြစ်ခဲ့သမျှ စိတ်ဒေါသတွေ ကျေအေးကာ အပြန်အလှန် ဝန်ချတောင်းပန်ရင်း ချစ်ခင် သွားခဲ့ကြတော့၏။

"ဒကာတော် အမတ်မင်း စစ်သူကြီးတို့··ငါဘုရားရှင် သည် ယခုဘဝတွင်သာ သင်တို့အား သင့်မြတ်စေခဲ့သည် မဟုတ်ပေ။ ရှေးအတိတ်ကာလ နဂါးဘဝနှင့် ဂဠုန်ဘဝဖြစ်စဉ် ကပင် တစ်ဦးအပေါ် တစ်ဦး ရန်ငြိုးမဖွဲ့ရန် သင့်မြတ်စေခဲ့ဖူး ပြီ ဒကာတော်တို့"

ထိုအခါတွင် အမတ်မင်း စစ်သူကြီး နှစ်ဦးစလုံးသည် ဘုရားရှင်အား ရိုသေစွာ ဦးတင် ခစားလျက်···

"မှန်လှပါ။ ဘုရားတပည့်တော်တို့ နှစ်ဦးသား၏ ရှေးဘဝအတိတ်ကို ဆောင်တော်မူ၍ ပြန်လည်ဟောကြား ပေးပါ ဘုရား"

ဟု သုံးကြိမ်သုံးခါ လျှောက်တင်မှု ပြုခဲ့ကြလေသည်။

♦♦♦

လွန်စွာမှ စည်ကားသိုက်မြိုက်မှု ရှိသော ဗာရာဏသီ ပြည်ကြီးတွင် မင်းဗြဟ္မဒတ်ရာဇာ မင်းပြု စိုးစံသော ကာလ ဖြစ်၏။ ဘုရားအလောင်းတော်မြတ်သည် ရသေ့ဘဝဖြင့် ပါရမီ ဖြည့်ကျင့်နေခိုက်ဖြစ်၏။

ထိုဗာရာဏသီပြည်ကြီး၌ ရာသီအလိုက် ပွဲလမ်းသဘင် များအား စည်ကားသိုက်မြိုက်စွာ ကျင်းပနေမြဲဖြစ်ရာ ပွဲတော် ကြီးတစ်ခုဆီသို့ လူသားများသာမကဘဲ နတ်၊ နဂါးနှင့် ဂဠုန် များပါ လူ့အသွင်ကို ဆောင်ယူ၍ ထိုပွဲတော်များရှိရာသို့ လာရောက် မွေ့ပျော်လေ့ရှိကြပေ၏။

ယခု ကျင်းပနေသော ပွဲတော်ရှိရာသို့ လူ့အယောင် ဆောင်ယူထားသည့် နဂါးသည် ပွဲကြည့်ရှုရန် ရောက်လာ၏။ ထိုသို့ ရပ်ကြည့်နေကြသော လူအုပ်စုထဲ၌ သူ့ရှေ့တည့်တည့် တွင် ရပ်ကြည့်နေသူကား ဂဠုန်ဖြစ်မှန်း သူ မသိ။ မထင်မှတ် စွာ တစ်ဦးနှင့်တစ်ဦး တိုးမိတိုက်မိပြီး ဂဠုန်၏ ပခုံးပေါ်သို့ သူ့လက် တင်မိသားဖြစ်သွားတော့သည်။ ထိုသို့သော အထိ အတွေ့ကြောင့် ဂဠုန်သည် သူ့ကိုယ်ပေါ်သို့ လက်တင်လာသူ မှာ နဂါးတစ်ကောင်ဖြစ်မှန်း သိရှိသွားလေတော့၏။ နဂါးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

မှ လူယောင်ဆောင်ထားသူမှာလည်း သူ့ရှေ့မှ လူသားသည် ဂဠုန်ဖြစ်မှန်း သိသောအခါ ရန်ဘက်ဖြစ်၍ ကြောက်ရွံ့တုန်လှုပ်သွား၏။ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာပြန်ဖြစ်ပြီးလျှင် နဂါးသည် မသိမသာ နောက်သို့ ဆုတ်၍ဆုတ်၍ ပွဲသဘင် လူအုပ်ရှိရာမြို့မှ ထွက်ကာ မြစ်ဆိပ်ကမ်းပါးရှိရာသို့ အပြေးတစ်ပိုင်း သုတ်ခြေတင်ခဲ့တော့၏။ ဂဠုန်အဖြစ်မှ လူယောင်ဆောင်ထားသူကလည်း သူ၏ အစာဖြစ်သော ထိုနဂါးနောက်သို့ မျက်ခြေမပြတ် လိုက်လာတော့၏။

ဤအချိန်တွင် ဘုရားအလောင်းတော် ရှင်ရသေ့သည် ကိုယ်လက်သန့်စင်ရန် ရေချိုးဆင်းနေချိန်ဖြစ်၏။ ကုန်းကမူအစပ်၌ ပြန်လည်ဝတ်ရုံရန် သင်္ကန်းတစ်စုံကို စုပုံ၍ တင်ထား၏။ နဂါးဖြစ်သူမှာ လွတ်လမ်းမမြင်၍ ထိုရသေ့ဝတ်ဆင်မည့် သင်္ကန်းပုံကြားတွင် ပတ္တမြားတစ်လုံးပုံသဏ္ဌာန် ဖန်ဆင်းကာ ဝင်ရောက် ပုန်းအောင်းနေလိုက်တော့၏။ နဂါး၏ နောက်သို့ မျက်ခြေမပြတ်လိုက်လာသော ဂဠုန်သည် နဂါး ထိုသို့ပြုမူကြောင်း ရိပ်စားမိသည်။ သို့သော် ရသေ့ ရဟန်း၏ သင်္ကန်းကို ရိုသေလေးစားစိတ်ဖြင့် သူ၏ အစာဖြစ်သော နဂါးကို မဖမ်းရဲသေးဘဲ ရှင်ရသေ့၏ ရေချိုးပြီးချိန်ကို စောင့်စားကာ လျှောက်ထား ပန်ကြားလိုက်၏။

"အို…မြတ်သော ရှင်ရသေ့၊ ကျွန်ုပ် လိုက်လံ၍ ဖမ်းဆီးနေသော နဂါးသည် ယခုအခါ ပတ္တမြားလုံးဟန်ဆောင်ပြီး သင်္ကန်းတော်အတွင်း ဝင်၍ ပုန်းခိုနေပါသည်။ အရှင်၏ ဆင်မြန်းအပ်သော သင်္ကန်းကို ရိုသေခြင်းကြောင့် ဤနဂါးကို မဖမ်းဝံ့ဘဲ နေရပါသည်"

ဟု ရိုသေစွာ လျှောက်ထားလိုက်၏။ ထိုသို့ လျှောက်ထားမှုကို ကြားနာလိုက်ရသော ရှင်ရသေ့သည် မြစ်ရေထဲမှ မတက်လာသေးဘဲ ဂဠုန်မင်းဖြစ်သူအား ဤသို့ မေတ္တာရပ်ကာ မိန့်ကြားလိုက်၏။

"အို…ဂဠုန်မင်း၊ သင်သည် ဒေါသစိတ်နှင့် ယှဉ်သော်ငြား သူတော်စင်တို့၏ အဆင်းတန်ဆာအပေါ် လေးစားကြည်ညို ရိုသေစိတ်ရှိသူပါတကား။ နဂါးကို ဖမ်းယူစားသောက်လိုပါလျက်နဲ့ သင်္ကန်းတော်အပေါ် ရိုသေလေးစားသော သင့်ကို နတ်ပြဟ္မာများ စောင့်ရှောက်၍ အသက်ရှည်ပါစေ။ နဂါးအသားထက် ကောင်းမွန်သော နတ်သုဒ္ဓါများ ရရှိနိုင်ပါစေ"

ဟု မေတ္တာထုံမွမ်းသော ဆုတောင်း စကားကို မိန့်ဆိုဆုပေးလိုက်၏။

ထိုအခါတွင် ဂဠုန်မင်းသည် မေတ္တာပို့ ဆုပေးစကားသံကို ကြားနာလိုက်ရသည်နှင့်တစ်ပြိုင်နက် ရသေ့၏ မျက်နှာတော်ကို တစိမ့်စိမ့်ကြည့်ကာ ပို၍ ကြည်ညိုလေးစားသွားတော့၏။ ထိုရှင်ရသေ့၏ မေတ္တာစိတ်ဖြင့် ယှဉ်သော ဆုပေးစကားတော်သည် လွန်စွာမှ ဆန်းကြယ်လှပါဘိဟု အထပ်ထပ် အခါခါ စဉ်းစားမိလိုက်၏။ သူ့ရင်ထဲတွင် ရှိနေခဲ့သည့် ဒေါသစိတ်သည်လည်း ရုတ်ခြည်းပင် အေးမြကြည်လင်သွားလေ၏။

"ဘာတဲ့၊ နဂါးအသားထက် ကောင်းမွန်သော နတ်သုဒ္ဓါများ ရရှိနိုင်ပါစေတဲ့လား"

ထိုသို့ သူ၏ နှုတ်မှ စကားသံတို့ ထွက်ရှိ မြည်တမ်းလိုက်ပြန်၏။ ဤသို့ဖြင့် တဒင်္ဂ စိတ်အေးချမ်းသွားသော ဂဠုန်မင်း၏ အမူအရာကို ကြည့်၍ ရှင်ရသေ့လည်း မြစ်ရေထဲမှ ကုန်းအစပ်သို့ တက်ရောက်ပြီး သင်္ကန်းများ ဝတ်ဆင်ကာ ထိုဂဠုန်မင်းနှင့် နဂါးတို့ကို သူ၏ ကျောင်းသင်္ခမ်းရှိရာသို့ ခေါ်ဆောင်သွားပြီးလျှင် မေတ္တာ ဘာဝနာ၏ အကြောင်းတရားနှင့် အကျိုးတရားတို့ကို ဟောကြား ဆုံးမပေးလိုက်ပြန်၏။ ရန်ဘက်ဖြစ်သော ဂဠုန်နှင့် နဂါးတို့လည်း တစ်ဦးနှင့် တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်သွားကြတော့၏။ သင့်မြတ်သော အဆွေခင်ပွန်းများအဖြစ် ကတိများ ပေး၍ ရှင်ရသေ့အား ဦးသုံးကြိမ်ချကာ ရိုရိုသေသေ ရှိခိုးပူဇော်ကြလေသည်။

"သာဓု…သာဓု…သာဓု"

◆◆◆

မြတ်ဗုဒ္ဓဘုရားရှင်သည် အတိတ်ဘဝဇာတ်ကြောင်းတော်အား ဤသို့ အနုသန္ဓေစပ်ကာ ဟောကြားအပြီးတွင် ဇာတ်တော်ကို ပေါင်းစုံပြလိုက်လေ၏။ ထိုစဉ်က ဂဠုန်နှင့် နဂါးသည် ယခုမျက်မှောက်၌ ပြန်လည်သင့်မြတ်သွားသော သင် အမတ်မင်း စစ်သူကြီးနှစ်ပါးပင်ဖြစ်၍၊ ရှင်ရသေ့မှာကား ငါဘုရားပင်တည်း။

* * *

ဖွဲ့လှလင်(မအူပင်)


ကျမ်းကိုး

- ဥရဂဇာတ် (ဒုကနိပါတ်)။
- ငါးရာ့ငါးဆယ် နိပါတ်တော်။



www.burmeseclassic.com


-Neg- GMYSK- Film 2.tif; Plate 1
www.burmeseclassic.com



ကျိုက်ကမော့ဘုရားရင်ပြင်ရှိ ဆုတောင်းပြည့်နဂါးရုံဘုရား
အဒ္ဒတ္တောကျေးရွာ၊ ကျောက်တန်းမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com



# ပါဒ – နေပြည်တော်ပေါင်းကြီးမှ
# သံတော်ရှင် ကျိုက်ကမော့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး

ချစ်မင်းသူ



www.burmeseclassic.com

www.burmeseclassic.com


သန်လျင်မြို့သည် ရန်ကုန်နှင့် မဝေးသော မြို့ဖြစ်သည်။ …တွင် သွားစရာအကြောင်းအဆက်အစပ်မရှိ၍ မရောက် …ခဲ့ပေ။ မိမိရဲ့ စာရေးဖော်များရှိရာအရပ်ဖြစ်သော်လည်း …ကြောင်းကိစ္စပေါ်မှသာ သွားဖြစ်လေ့ရှိသည်။ မိမိက ရွှေ …သာမှာ နေသည်ဖြစ်၍ သန်လျင်သည် တောင်နှင့် မြောက် …လမ်းကွာဝေးခြင်းအကြောင်းရင်းခံကလည်း ရှိသည်။ သို့ …တွင် ညီငယ်ဖြစ်သူ အိမ်ထောင်ကျတော့ ကျောက်တန်းသူ… ဖြစ်၍ ကျောက်တန်းမှာ မင်္ဂလာသွားဆောင်ပေးရသည်။ …ည်အကြောင်းခံနှင့်ပင် သန်လျင်-ကျောက်တန်းကို သွား …ောက်ဖြစ်ခဲ့ရသည်။

ကြီးမားခိုင်ခံ့သော သန်လျင် မြစ်ကူးတံတားကြီးနှင့်

ရောက် ဆောင်ရွက်ပြီးသော မိခင်ကြီးမှ ဘုရားများ လည်ပူး ချင်သည်ဆို၍ ဘုရားဖူး လိုက်ပို့ဖြစ်ပါတော့သည်။ ထိုအခါ မိမိ၏ ဗဟုသုတရှာမှီးမှုက အငြိမ်မနေနိုင်တော့။ မှတ်တမ်း ဓာတ်ပုံများ ရိုက်ယူရင်း ရာဇဝင်သမိုင်းတို့ကို လေ့လာ မေးမြန်းမှတ်သားခဲ့ရသည်။ ထိုမှ အစပြု၍ ဤဆောင်းပါးကို ရေးသားဖြစ်ပါသည်။ ပါဒနိုင်ငံတော်ကြီး၏ ရာဇဝင်ကား ကြီးကျယ်ခမ်းနားလှပါသည်။ ထိုပါဒနိုင်ငံတော်ကြီးအတွင်းရှိ ရှေးဟောင်းစေတီတော်မြတ်တို့၏ သမိုင်းမှာလည်း အလွန်ပင် ကြီးမြတ်လှပါသည်။ တင်ပြရသည်ရှိသော်…

♦♦♦

သုဝဏ္ဏဘူမိ သထုံပြည့်ရှင် မွန်ဘုရင် တိဿမေ့သိ



စေတီတော်ရင်ပြင်ရှိ တန်ဆောင်းတော်အတွင်းမှ သပ္ပါယ်ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ

…ကွ သန်လျင်မြို့အပြင်အဆင်က ဟိုးလွန်ခဲ့သော နှစ်ပေါင်း …ဝက မြင်ကွင်းနှင့် လားလားမျှ မတူတော့။ အားလုံး အရာရာ ပြောင်းလဲကာ သစ်လွင်လှပ ဝေဆာနေလေပြီ။ လမ်းတံတား များ ကောင်းမွန်နေပြီဖြစ်၍လည်း ရန်ကုန်နှင့် သန်လျင်မှာ အချိန်မရွေး ဥဒဟို သွားလာနိုင်ပေပြီ။ အချိန်ကုန်သက်သာ သဖြင့်လည်း သန်လျင်-ကျောက်တန်းမှာ နေထိုင်ဖို့ လူအများ အပြား စိတ်ကူးလာကြသည်မှာ မဆန်းတော့။


မိမိတို့မိသားစု ညီငယ်၏ မင်္ဂလာဆောင်ကိစ္စကို သွား

ရာဇာမင်းကြီး၏ သားတော် တိဿဘောဂသေန မင်းညီနောင် သုံးပါးတို့သည် သီဟဒီပကျွန်းသို့ ရောက်ရှိလာကြရာ ရသေ့ ကြီး ၇၁ဦးတို့၏ အကြီးအမှူးဖြစ်သော "ကရဏ္ဍက"ရှင်ရသေ့ နှင့် တွေ့လေသည်။ ထိုအခါ သောကရဏ္ဍက ရှင်ရသေ့က သီဟဒီပကျွန်း(သားရဲတိရစ္ဆာန်ရိုင်းတို့ ကြီးစိုးသည့်တော)၌ ပင် အသင်မင်းသားတို့ အလိုရှိရာ မြို့တော်သစ်ကို တည် ထောင်ကြကုန်ဟူ၍ ဆိုသည်။ ဤသို့ဖြင့် မင်းညီနောင်သုံးပါး တို့သည် သားရဲတောကြီးကို ခုတ်ထွင်ရှင်းလင်း၍ မြို့တော်



www.burmeseclassic.com

www.burmeseclassic.com




စေတီတော်ရင်ပြင်ရှိ ရှင်ဥပဂုတ္တမထေရ်မြတ်ကျောင်းဆောင်တော်

တည်လေသည်။ မြို့တော်တည်ရာတွင် ပါဒကြီးရွာ ကျုံးဖြင့် ဝန်းရံလျက်ရှိသော နေရာကို ဗဟိုပြု၍ လေးယူဇနာအရပ် တို့ကို ဝန်းရံလျက် ရေကျုံး ညွန်ကျုံး၊ အခြောက်ကျုံးဟု သော ကျုံးကြီးသုံးတန်တို့ဖြင့် ကာရံပြုလုပ်စေသည်။

ထို့နောက် ကရဏ္ဍက ရှင်ရသေ့နှင့် ကဝိစိန္တာအမတ် ကြီးတို့ အစီအမံဖြင့် မြေကျောက်မြို့ရိုးအမြင့် ၁၈-တောင်၊ တံခါးမကြီး ၉၀၊ တံခါးငယ် ၁၆၀၊ ပစ္စင် ၉၃၊ မုခ် ၂၀တို့နှင့် တကွ ဗြဲတိုက်၊ လွှတ်ရုံးမကျန် နန်းတော်အင်္ဂါအဖြာဖြာတို့ နှင့် ပြည့်စုံရန် စီမံပြုလုပ်တော်မူကာ နမတော် စောနန်းကို "လိပ်မွတ်စောနန်း"အမည်ဖြင့် မိဖုရားခေါင်ကြီး မြှောက်၍ မဟာသက္ကရာဇ် ၉ဂ၃ခု၊ သီတင်းကျွတ်လဆန်း ဂ-ရက်၊ စနေနေ့တွင် "ဘောဂသေနတိဿ ဒီပာဒီပဓမ္မရာဇာ"ဘွဲ့တော် ဖြင့် ပါဒနန်းကို သိမ်းမြန်းစိုးစံတော်မူခဲ့သည်။ နိုင်ငံတော်ကို လည်း မွန်ဘုရင်များ ဦးစွာ ရှေ့နန်းတည်ဆောက်သော တိုင်း ပြည်ဖြစ်၍ "ပါဒနိုင်ငံတော်"ဟု သမုတ်တော်မူခဲ့သည်။

ပါဒနိုင်ငံတော်အတွင်း၌ အတွင်းမြို့ပေါင်း ၃ဂ-မြို့ အပြင်မြို့ပေါင်း ၇၅မြို့ နယ်ကြီး ၄နယ်တို့ဖြင့် သတ်မှတ်ကာ မွန်၊ ကရီ၊ ဓနု ဦးကရိတို့ စသည့် လူပေါင်း သုံးသိန်းကျော် နေထိုင်ခဲ့ကြကြောင်း နခွန်ပထုံရာဇဝင်သစ်တွင် ဖော်ပြထားပါ သည်။ ထိုဘောဂသေနတိဿမင်းကြီး ပါဒနိုင်ငံတွင် နန်းစံ သုံးနှစ်မြောက်၊ မဟာသက္ကရာဇ် ၁၀၃ခုနှစ်တွင် မဇ္ဈိမဒေသ



တန်ဆောင်းတစ်ခုအတွင်းရှိ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ ရုပ်တုတော်များ




www.burmeseclassic.com


www.burmeseclassic.com

ဇော်မိဠ် ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်ကာ အဖြစ်သို့ ရောက်တော်မူပါသည်။ ထိုအခါ ဘောဂသေန တရားကြီးသည် ဘုရားရှင်၏ အဆုံးအမတော်၌ တည် ဘုရားသားတော်အဖြစ်နှင့် နေထိုင်ရန် ဆုံးဖြတ်တော်မူ နန်းစံ ၈-နှစ်မြောက်၊ မဟာသက္ကရာဇ် ၁၀၆ခုနှစ်တွင် နန်းစည်းစိမ်ကို ညီတော် "နရသေန"အား လွှဲအပ်ခဲ့ကာ အသွင်ဝတ်၍ ဆွယ်ဝန်းကုန်းတောတန်း၌ ကမ္မဋ္ဌာန်း တော်မူလေသည်။ နောင်အခါ လောကီအဘိညာဉ်ပေါက် ရှန့်တည်းဟူသော ချမ်းသာကို ဆိုက်ရောက်ကာ ၇၁ဦး ရသေ့ခေါင်းဆောင်တို့နှင့် တပည့် ရသေ့ငယ် ၁၀၀၀ အကြီးအမှူးတင်မြှောက်ခြင်း ခံရလေသည်။

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဂဝမ္ပတိမထေရ်၏ လျှောက်ချက်ကြောင့် မြတ်စွာဘုရားရှင်သည် သုဝဏ္ဏဘူမိ "သုဓမ္မပူရ"မည်သော သထုံပြည်သို့ ရဟန္တာနှစ်သောင်း ကြွရောက်တော်မူပါသည်။ ဘုရားရှင် သထုံပြည် ကြွတော်မူလာကြောင်း ကြားသိတော်မူသည့် ပါဒဘုရင် တိဿရှင်ရသေ့နှင့် ရသေ့ကြီး ၇၁ဦးအပြင် တပည့် ၁၀၀၀တို့သည် ကောင်းကင်ခရီးဖြင့် သထုံပြည်သို့ ၍ ဘုရားရှင်အား ဖူးတွေ့ကြလေသည်။ ဘုရားရှင်အား ဝါးထင်ထင် ဖူးတွေ့ရသော တိဿရှင်ရသေ့သည် ကြည် ခြင်း အလွန်အမင်းဖြစ်ကာ အရှည်ကိုးကွယ်ဆည်းကပ်



ကျိုက်ကမော့စေတီတော်ရင်ပြင်ပေါ်ရှိ
ကိုးတောင်ပြည့် ဆုတောင်းပြည့်စေတီတော်




ကျိုက်ကမော့ဆံတော်ရှင်စေတီတော်မြတ်ကြီးရင်ပြင်၌ ပဥ္စဝဂ္ဂီငါးဦးအား ဘုရားရှင်မှ တရားဦးဟောကြားပုံ



www.burmeseclassic.com

www.burmeseclassic.com




တန်ဆောင်းအတွင်းရှိ ထီးချိုင့်စောင့်နတ်သမီးနှင့် မဏိမေခလာနတ်သမီးရုပ်တုတော်

ပူဇော်နိုင်ရန် ကိုယ်ပွားတော်မြတ် ပေးအပ်ချီးမြှင့်ပါရန် လျှောက်ထား တောင်းပန်လေသည်။

ထိုအခါ ဘုရားရှင်သည် ရာမညတိုင်း၌ သာသနာတော် အစွန့်ရှည်စွာ တည်တန့်မည်ကို မြင်တော်မူ၍ ဦးခေါင်းတော်ကို လက်တော်ဖြင့် သုံးသပ်တော်မူ၍ စိန်သား မြရောင် တောက်လောင်ဘနန်း အလွန်ဆန်းကြယ် ကြည်ညိုဖွယ်ဖြစ်သော ဆံတော်တစ်ဆူကို တိဿရှင်ရသေ့လက်သို့ ပေးအပ်တော်မူလေသည်။ တိဿရသေ့လည်း မြကာလပ်ကို ဦးထိပ်၌ ရွက်ကာ ဆံတော်ဓာတ်မြတ်ကို ခံယူလေသည်။ ထို့နောက် ရှင်ရသေ့လည်း "အရှင်မြတ်ဘုရား…ဤဆံတော်တစ်ဆူအား တပည့်တော်တို့ ၇၁ဦးသော တပည့်များ မည်သို့ ပူဇော်ကြရပါအံ့နည်းဟူ၍ မေးလျှောက်သော် ဘုရားရှင်က သင်တို့လက်၌ ရှိသော ဆံတော်တစ်ဆူသည် ၇၁ဆူဖြစ်စေ သတည်းဟူ၍ ဓိဋ္ဌာန်တော်မူရာ ဆံတော်ဓာတ်တစ်ဆူမှ ၇၁ ဆူ ပွားတော်မူပါသည်။ ၇၁ဦးသော ရသေ့ကြီးတို့လည်း မြကာလပ်ကို ဦးထိပ်၌ ရွက်ကာ ဆံတော်မြတ်ကို ခံယူကြလေသည်။

ထို့နောက် ရသေ့ကြီး ၇၁ဦးနှင့် ရသေ့ငယ် ၁၀၀၀တို့သည် မြတ်စွာဘုရားရှင်အား ရှိခိုးပူဇော်ပြီး ကောင်းကင်ခရီးဖြင့် ပါဒ-နေပြည်တော်သို့ ပြန်လည်ကြွရောက်တော်မူခဲ့ကြသည်။ ပါဒနိုင်ငံတော်ရောက်သော် နန်းရင်ပြင်၌ ကြီးစွာသော



တန်ဆောင်းအတွင်းရှိ သူရဿတီမယ်တော်ကြီးရုပ်တု



www.burmeseclassic.com

www.burmeseclassic.com


ချွပ်ကို ဆောက်၍ အလယ်၌ ရွှေပလ္လင်အမြင့် ၇တောင် ခင်း၍ ဆံတော်ဓာတ်မြတ်တို့ကို ပဋ္ဌာန်းကြုတ်တော်၌ ထည့်ပြီး တပ်စံပယ်စေကာ ခုနစ်ရက် ခုနစ်လီ ပူဇော်ပွဲကြီး ကျင်းပ ကြလေသည်။ ပြီးသည့်နောက် ပါဒဘုရင် နရသေနမင်းကြီး သည် တိဿရှင်ရသေ့၊ ကရတ္ထုထေ ရှင်ရသေ့တို့နှင့် တိုင်ပင် ကာ ဆံတော် ၇၁ဆူတို့အား မြို့တော်ပတ်ဝန်းကျင်အရပ်တို့ ၌ ၇၁ဆူသော ဌာပနာတိုက်တို့ကို ပြုလုပ်ကိုးကွယ်ကြပြန် သည်။

ထို့ပြင် နောင်ကာလများတွင် ဆံတော်ဓာတ်မြတ်များ ၏ ဌာပနာနေရာကို သိရှိနိုင်ကြစေခြင်းအကျိုးငှာ မြေပြင်ကို လေးထောင့်ညီစွာခတ်၍ အောက်သို့ အနက် ၇တောင်တူး ပြီးသော်၊ ထိုလေးထောင့်အတွင်း၌ ဂဝံကျောက်တို့ကို လေး ထောင့်ညီစွာဆစ်၍ လေးဘက် ကာရံကြသည်။ ထို့နောက် ထု ၁ပေ၊ ဖြက် ၆ပေ၊ အလျား ၃တောင်၊ အနံ ၂တောင် ရှိက်ရှိ ကျောက်ညီပြား လေးချပ်တို့ကို လေးဘက်ပိတ်ပြီး သော် အတွင်း၌ ဂဝံကျောက်ကြုတ်၊ ထိုအတွင်း၌ ငွေကြုတ်၊ ထိုအတွင်း၌ မြကြုတ် အဆင့်ဆင့်ပြုလုပ်စေလျက် ဆံတော် ဓာတ်တော်ကို မြကြုတ်အတွင်းသွင်းကာ ရွှေ၊ ငွေ၊ စိန်၊ ကျောက် စသော ရတနာခုနစ်ပါးဖြင့် ရစ်ပတ်ကာရံပြီးလျှင် အဖုံးကျောက်ညီပြားပိတ်၍ အပေါ် ဂဝံကျောက်တိုင်အပိုင်း ဆစ်၍ အဆင့်ဆင့်တင်ကာ ကျောက်ညီပြားကို ထီးဖြူလုပ် ၍ အပေါ်၌ စိုက်ထူပြီး ကျောက်သည်တိုင်၊ ကျောက်ထီးပြု လုပ်လေသည်။ ထို့နောက် ကျောက်စာကမ္ပည်းထိုးနှံကာ စေတီအမှတ် ကိုးကွယ်ကြလေသည်။ (ထိုအချိန်က ဆံတော် ဓာတ်များကို စေတီတည်၍ ဌာပနာခြင်း မပြုလုပ်ကြသေးချေ။)

မဟာသက္ကရာဇ် ၁၂၆ခုနှစ်၊ နန်းစံ ၂၀နှစ်တွင် နရသေန မင်းကြီး နတ်ရွာစံရာ သားတော် "မြစောနောင်မင်း" နန်းတက် သည်။ မြစောနောင်မင်း နန်းစံ ၁၀နှစ်၊ မဟာသက္ကရာဇ် ၁၃၆ ခုနှစ်တွင် သားတော် "ဟံသာသေနမင်း" ပုန်ကန်၍ ခမည်း တော်နှင့် အရီးတော် မြသန်လျှင်မင်းသမီးတို့ကို ရေမှာ ချောက်သဖြင့် အနိစ္စရောက်လေသည်။ ဟံသာသေနမင်း နန်းစံ ၁၂နှစ်အရောက်တွင် မြစောနောင်မင်း၏ သား "ရာဇာ စောနောင်မင်း"မှ ဟံသာသေနမင်းနှင့် မိဖုရားတို့ကို ကွပ်မျက် ကာ ခမည်းတော် မြစောနောင်မင်းကြီး၏ ထီးနန်းအရိုက်အရာ ကို သိမ်းပိုက်တော်မူလေသည်။ ထို မဟာသက္ကရာဇ် ၁၄၈ ခုနှစ်တွင် အနောက်မဇ္ဈိမတွင် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီး မဟာသက္ကရာဇ် ၁၄၈ခုနှစ်ကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် အဇာတသတ်မင်းနှင့် အရှင်မဟာကဿပကြီးတို့ တိုင်ပင်၍ သာသနာသက္ကရာဇ်နှင့် အတူဖြစ်စေရန် အကြွင်း မသက္ကရာဇ်ဖြိုရာ ထိုအချိန်မှစ၍ မဟာသက္ကရာဇ် ကုန်ဆုံးတော့သည်။ ထိုသို့ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသော် ပါဒနေပြည်တော်သား ရဟန္တာ အရှင်နှစ်ပါးသည် ဘုရားရှင် မပြတ်သုံးတော်မူသော ဓမ္မ ကရိုဏ်းတော်၊ ခါးပန်းတော်တို့ကို ယူဆောင်ကာ ပါဒဘုရင် ရာဇာစောနောင်မင်းကြီးအား ပေးအပ်ကြလေသည်။ ပြီးနောက် "ဇေယျဒီပ ရန်အောင်မြင်ကုန်း"တွင် ဘောဂသေနတိဿမင်း ကြီး မြှုပ်နှံ ဌာပနာထားခဲ့သော ဆံတော်မြတ်တစ်ဆူကို တူးဖော်၍ ဓမ္မကရိုဏ်းတော်၊ ခါးပန်းတော်ဓာတ်နှစ်ဆူတို့ကို စေတီပြုလုပ် ဌာပနာကာ ကိုးကွယ်ဆည်းကပ်စေသည်။

ထို့ပြင် ရဟန္တာအရှင်နှစ်ပါး ညွှန်ပြသည့် ကျောက်ထီး၊ ကျောက်သည်တိုင်အမှတ်အသားဖြင့် ဆံတော်ဓာတ်မြတ် ၇ဆူ ကို တူးဖော်၍ စေတီတော်တည်ထားရန် မိန့်တော်မူပါသည်။ ထို့ကြောင့် ပါဒကြီး ဆံတော်ရှင်ကို ဓမ္မကရိုဏ်း၊ ခါးပန်းတော်




ဆံတော်ရှင်ကျိုက်ကမော့ဆုတောင်းပြည့်
စေတီတော်မြတ်ကြီး အဝင်မုခ်ဦးတန်ဆောင်းတော်ကြီး




www.burmeseclassic.com

www.burmeseclassic.com



စေတီရင်ပြင်ရှိ ဩဝါဒပါတိမောက်
မမွစေတီကျောက်စာတော်



ပါဒနေပြည်တော်ဟောင်းမှ ရှေးဟောင်းဆံတော်ရှင်
ကျိုက်ကမော့ဆုတောင်းပြည့်စေတီတော်မြတ်ကြီး

တို့ဖြင့် ဌာပနာ၍ ဦးစွာတည်ပါသည်။ ပြီးနောက် ရဟန္တာအရှင်ဗုဒ္ဓဃောနှင့် မဟာဃောတို့ ညွှန်ကြားပြသရာ "ဖွတ်တောကုန်း" တောင်စွန်းထိပ်၌ တောကြီးကို ရှင်းလင်းခဲ့သည်။ ထိုအခါ ထူးဆန်းသော ဝိဇ္ဇာမိုရ် ရှင်ရသေ့လေးပါး လာရောက်ပြီး ဘောဂသေနတိသရှင်ရသေ့ ဌာပနာခဲ့သော မြေနေရာကို ကူညီတူးဖော်ပေးကြသဖြင့် ကျောက်ညိုပြား လေးဘက်ပိတ်ထားသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်တစ်ဆူကို ရရှိလေသည်။

ရာဇာစောနောင်မင်းကြီးသည် ထိုနေရာ၌ပင် ရဟန္တာအရှင်နှစ်ပါး ယူဆောင်လာသော သွားတော်ဓာတ်တစ်ဆူကို ဆံတော်ဓာတ်နှင့်အတူ ပတ္တမြားကြုတ်တွင် ထည့်၍ ဌာပနာပြီး ကျောက်စာကမ္ပည်းခတ်နိုပ်ကာ ဉာဏ်တော်အတောင် ၆၀ ရှိသော စေတီတော်တစ်ဆူကို တည်ထားလေသည်။ စေတီတော်၏ ဘွဲ့တော်ကိုလည်း "ကျိုက်ကမော့ဆန်လွန်"၊ "ကျိုက်ကမော့သံလံ"၊ "တောင်စွန်း ဆံတော်ဦးစေတီတော်" ဟူ၍ သမုတ်တော်မူခဲ့ပါသည်။

(မှတ်ချက်။ ကျိုက် - ဘုရား၊ ကမော့ - အစွန်
ဆန်လွန်(သံလံ) - ဆံတော်ဓာတ်။)

ပြည်သူတို့လည်း ကြီးစွာသော ပူဇော်ပွဲကြီးဖြင့် သုံး
တိုင် ကျင်းပ ပူဇော်ကြသည်။ ထိုစေတီတော်တည်ရှိ
"ဖွတ်တောကုန်း" ကို ယခု "အဖွတ္တော" ဟုခေါ်၍ မြန်မာ
က "ဓာတ်တော်ကုန်း ကျိုက်ကမော့ဘုရား" ဟု ခေါ်ကြ
သည်။ ယနေ့တိုင် အထင်အရှားရှိကာ ကြည်ညိုသပ္ပာယ်စ
ကောင်းပါသည်။ တစ်ခါတစ်ခေါက် သွားရောက်ကြည်
သဒ္ဓါပွားကြစေချင်ပါသည်။

ဝေနေများစွာ သတ္တဝါ ကိုယ်စိတ်နှစ်ပါး ကျန်း
ချမ်းသာကြပါစေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ကာလသားရောဂါအတွက် ဆေး

ဝင်းဇော် (သုံးဆယ်)

ကျွန်တော် အလုပ်လုပ်ကိုင်နေသည့် ရွှေပြည်သာ ကော်မှုရုံမှ အလုပ်ရုံတွင် နေ့စားလုပ်ကိုင်နေကြသူတို့မှာ လူငယ်အများစုဖြစ်သည်။ သည်တော့ စရိုက်မျိုးစုံသည်။ နေ့လယ် အလုပ်နားပြီး ထမင်းစားပြီးသည့်အချိန်တွင် လူငယ်များသည် ထွေရာလေးပါး စကားပြောရင်း နောက်ပြောင်ပြောတတ်ကြလေသည်။ သူတို့ပြောနေသည့် စကားများကို နားထောင်ပြီး အားရပါးရ ရယ်မောရသည်လည်း ရှိသည်။ စိတ်ပျက်သွားရသည်လည်း ရှိသည်။ မည်သို့ပင်ဖြစ်စေ၊ ပျော်စရာကောင်းသည့်အချိန်ကလေးဟု ခံယူထားမိသည်။

တစ်နေ့ နေ့လယ်တွင် သံဂဟေဆက် အလုပ်သမား ကျော်ကြီးသည် ထမင်းစားပြီးသည်နှင့် ကျွန်တော့်ဘေးနားသို့ လာ၍ထိုင်သည်။ ကျော်ကြီးဆိုသည့် လူငယ်နှင့် ကျွန်တော်သည် တစ်နှစ်ကျော်ခန့် အတူလက်တွဲ အလုပ်လုပ်နေသူဖြစ်သဖြင့် ခင်မင်နေကြသည်။ ကျော်ကြီးက အလုပ်သမားတွေကို နောက်ပြောင်နေတတ်သူဖြစ်ရာ ကျွန်တော့်အား ဘာများ နောက်ပြောင်ဦးမလဲဟု တွေးနေမိသည်။ သို့သော် ကျွန်တော်ထင်သလို မဟုတ်ပါ။ ကျွန်တော်၏ အနားတွင် လာထိုင်သော ကျော်ကြီး၏ မျက်နှာသည် ညှိုးနွမ်းနေသည်။

"ကျော်ကြီး၊ မင်း နေမကောင်းဘူးလား"

"ကျွန်တော်တော့ ဒုက္ခတွေ့နေပြီ ဆရာ"

ကျော်ကြီး၏ စကားကြောင့် ကျွန်တော် အံ့သြသွားမိသည်။ သည်ကောင်လေးက ခြေမြန်လက်မြန်သမားမို့ ရပ်ကွက်ထဲမှာ ရန်ဖြစ်ပြန်ပြီလား မသိ။ ကျွန်တော်က မှုခင်းစာရေးဆရာမို့ ဥပဒေနှင့် ပတ်သက်ပြီး အကူအညီတောင်းတော့မှာပဲဟု ထင်မိသည်။

"မင်း ဘယ်သူ့ကို ရိုက်လိုက်ပြန်ပြီလဲ ကျော်ကြီး"

"ကျွန်တော် ရန်မဖြစ်ပါဘူး ဆရာ။ ဟိုးတစ်လောက ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ပျော်ပွဲရွှင်ပွဲတွေ ကျင်းပတာကို ဆရာ့ကို ပြောပြဖူးတယ်မဟုတ်လား"

"အင်း၊ မှတ်မိပါတယ်။ အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒီ ပွဲလမ်းသဘင်ညက သူငယ်ချင်းတွေနဲ့ အပျော်ကျူးမိတာ အခု ကျွန်တော့်မှာ..."

ကျော်ကြီးက ကျွန်တော့်အနားသို့ တိုးကပ်ပြီး ပြောသည်။ ကျွန်တော် မျက်လုံးပြူးသွားရသည်။ ကျော်ကြီးက အပျော်အပါးလိုက်စားတတ်သည်ကို သူ ပြောပြထား၍ ကျွန်တော်က သိနေသည်။ လူပျိုလူလွတ်ဆိုတော့ သူငယ်ချင်းတွေ ဆုံတွေ့ကြသည့်အခါ အပျော်ကျူးတတ်သည်မှာ ဓမ္မတာပင်မဟုတ်လား။ ယခုတော့ မြွေပွေးပိုးထိနေပြီ။

"တော်တော်အခြေအနေဆိုးနေလား"

"အနာတွေက တစ်ဆစ်ဆစ်နဲ့ ကိုက်တယ်"

အပျော်အပါးလိုက်စားခြင်းကြောင့် ကာလသားရောဂါ ခေါ် အနာအဖုအပိန့်များ ထွက်သူတိုင်းကို ကျွန်တော်က တိုင်းရင်းမြန်မာဆေးနည်းများဖြင့် ကုသပေးနေသည်ကို ကျော်ကြီးက သိထားသည်။ ကျွန်တော်က စာရွက်ဖြူတစ်ရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးလိုက်၏။

(၁) အညာချဉ်ပေါင်ရွက် သတ္တုရည်ဖြင့် အနာကို လိမ်းပေးပါ။

(၂) ကြွက်နားပေါင်းမြစ်ကို ဆိတ်နို့နှင့် ကျိုပါ။ ပိတ်ချင်း၊ ချင်းခြောက်၊ ငရုတ်ကောင်း၊ သင့်တင့်ရုံထည့်သောက်ပါ။

(၃) ပင်လယ် ကသစ်ရွက် သတ္တုရည်နှင့် အနာကို လိမ်းပေးပါ။ အမြစ်ကို ကျိုချက်၍ တစ်နေ့နှစ်ကြိမ်သောက်ပါ။

နောက်ရက်များတွင် ကျော်ကြီး အလုပ်မဆင်းသည်ကို ကျွန်တော် သတိထားမိသည်။ သူ့အနာရောဂါတွေ ပိုဆိုးနေသလားဟု စိုးရိမ်နေမိသည်။ ထို့ကြောင့် သူနေထိုင်သည့် ရပ်ကွက်ထဲသို့ ညနေ အလုပ်ဆင်းသည်နှင့် လိုက်သွားသည်။

"ဘယ်လိုလဲ ငါ့လူ၊ အခြေအနေက..."

"အနာက ပြည်ပုပ်တွေ ဆင်းတာတော့ ပျောက်သွားပြီ။ အမေ့ဆီကို ခဏသွားနေလို့ အလုပ်မဆင်းဖြစ်တာပါ"

သည်စကားကြားရတော့မှ ကျွန်တော် ရင်အေးသွားရတော့သည်။ အပျော်အပါးလိုက်စားတတ်သည့် လူကြီးလူငယ်တွေ ကုရာနတ္ထိ ဆေးမရှိသည့် ရောဂါဆိုးကြီးကို ကြောက်ကြစေချင်ပါသည်။ တစ်ခဏတာ ပျော်ရွှင်မှုသည် မိမိ၏ အသက်ကို ရန်ရှာစေတတ်သည်ကို သိရှိစေချင်သည်။ သာမန် အဖုအကြိတ်ရောဂါလောက်ကတော့ တိုင်းရင်းမြန်မာဆေးနည်းများနှင့် ပျောက်ကင်းစေသည်ကို သိစေချင်၍ ရေးသားတင်ပြလိုက်ရပါသည်။ ◻

* * *

ဝင်းဇော်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ ဂုဏော အနန္တော
ဓမ္မ ဂုဏော အနန္တော
သံဃ ဂုဏော အနန္တော
မာတာပိတု ဂုဏော အနန္တော
အာစရိယ ဂုဏော အနန္တော

ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးနှင့်တကွ အမိအဖ ဆရာသမားတို့ကို အတိုင်းအတာ နှိုင်းစရာမရှိအောင် ဂုဏ်ကျေးဇူး အထူးမြင့်မားသဖြင့် အနန္တငါးပါးဟု ခေါ်ဆိုရသည်။


မာတာပိတာ မိနှင့် ဖကို ရတနာမြတ်သုံးပါးနှင့် နှိုင်းတုတစ်ဂိုဏ်းတည်းပြု တန်းတူရည်တူထားခြင်းအားဖြင့် မိဘတို့၏ ဂုဏ်ကျေးဇူး အထူးကြီးမားကြောင်း သိနိုင်ပါသည်။

မာတာပိတာ မိနှင့် ဖဟု မိဘနှစ်ပါးတို့တွင် အမိ-အမေကို အဖရှေ့က ဦးစားပေး ထားရှိခြင်းဖြင့် အမိမေတ္တာ၊ အမိကျေးဇူးသည် အဖထက် သာလွန်ကြောင်း သိသာထင်ရှားလှပါသည်။

အမေ့မေတ္တာ၊ အမေ့ကျေးဇူးကား ရေး၍မကုန်အောင် မြင့်မြတ်ကြီးမား များပြားလှပါသည်။

# တုနိုင်းမသော အမေ့မေတ္တာ

ခင်မောင်ချို (ရခြို)





www.burmeseclassic.com

www.burmeseclassic.com

ပထဝီ ဝေဠုကံပတ္တံ၊ သိနေ ရှဦနဝမ္ဗိကံ၊
စက္ကဝါဠံ့ သူ့စိကာရံ၊ သမုဒ္ဒေါပါဠိုကံယထာ။

ဗုဒ္ဓဝင်တွင် ဘုရားရှင် ဟောတော်မူသည်အရ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသည့် မဟာပထဝီမြေကြီးသည် အမေ့မေတ္တာနှင့် နှိုင်းဆပါလျှင် ဝါးရွက်ကလေးပမာသာ ရှိပါသည်။

ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သည့် မြင့်မိုရ်တောင်ကြီးသည် မည်မျှပင် မြင့်မောက်သော်လည်း အမေ့မေတ္တာနှင့် နှိုင်းဆမည်ဆိုပါလျှင် တောင်ပို့လေးပမာဏသာ ရှိပါသည်။

စကြဝဠာအနန္တသည်လည်း အမေ့မေတ္တာနှင့် နှိုင်းယှဉ်လျှင် အပ်နဖားပေါက်ပမာဏသာ ရှိပါသည်။

မြစ်ချောင်း၊ အင်းအိုင် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေများလှသော ရေပမာဏသည်လည်း အမေ့မေတ္တာနှင့် နှိုင်းယှဉ်ပါလျှင် နှင်းပေါက်၊ မိုးပေါက်ပမာဏသာ ရှိပါသည်။

အထက်အဇဋ္ဌာ ကောင်းကင်ပြာကြီးသည်လည်း မီးနိုး မိုးမဆုံး မည်မျှပင် ကျယ်ပြောလှသော်လည်း အမေ့မေတ္တာနှင့် နှိုင်းပါလျှင် ဆီးရွက်ကလေးပမာဏသာ ရှိပါသည်။

လောကတွင် အကြီးဆုံးဖြစ်သော ဆိုခဲ့ပြီးသည့် မဟာပထဝီမြေကြီး၊ မြင့်မိုရ်တောင်၊ စကြဝဠာ၊ ပင်လယ်သမုဒ္ဒရာ၊ ကောင်းကင်ပြာကြီးတို့တွင် ဘာနှင့်ပင်နှိုင်းနှိုင်း အမေ့မေတ္တာသာ သာလွန်ကြီးမြတ်ပါသည်။

ဖြူဟ္မာဖြူပေမ္မ လျှာကုဋေဖြင့် ကမ္ဘာကမ္ဘေ ကြာရှည်အောင် အမေ့မေတ္တာ ဘယ်ရွေ့ ဘယ်မျှ ရှိပါသည်ဟု ရေတွက်ပြောဆိုပါလျှင်ပင် ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် သက်ရှည်သည့် ဗြဟ္မာမင်း၏ သက်တမ်းသာ ကုန်သွားမည်၊ အမေ့မေတ္တာကား ကုန်နိုင်ဖွယ်ရာ မရှိစါချေ။

ထို့ပြင် "အာကာကို လွှာပုံပြုပါလို့၊ မေရုကိုတဲ့ စုတ်တံ သမုဒ်မင် ရေဖျော်၍ အမေ့မေတ္တာတော်ကို ရေးပါလျှင်လည်း အဇဋ္ဌာ အာကာပြည့်လျှမ်း သမုဒ်ရေခန်းပြီး မြင့်မိုရ်တံသာ ကျိုးသွားမည်ဖြစ်သော်လည်း အမေ့မေတ္တာကမူ ခန်း၊ ရေးမခန်း၊ မကုန်ခန်းနိုင်ပါဟု ရေးပါလျှင် အတိ ဒါသသင့်မည် မဟုတ်တန်ရာ။

ဘာကြောင့်များ အမေ့မေတ္တာသည် နှိုင်းဆစရာမရှိအောင် အခြားအရာတို့ထက် ဤမျှ သာလွန်ရပါသနည်း။

ရေကြည်ကလ,လ တည်ဦးစကပင် အမေသည် မိမိရင်သွေးကို မမြင်ရသေးသော်လည်း မိမိကိုယ်ဝန်ကို ယုယုယယ စောင့်ရှောက်ခဲ့ရ၏။ အပူအအေးကိုလည်း ရှောင်ကြဉ်ရ၏။ အချဉ်အစပ် အငန်အခါးများကို စားချင်ဖြားလည်း မိမိရင်သွေးနှင့် မတည့်မှာ တွေး၍ စားချင်လျက် ရှောင်ကြဉ်ရရှာသည်။ ထိုမျှသာမက လွတ်လွတ်လပ်လပ် မထိုင်နိုင်၊ မထနိုင်ဘဲ အထိုင်အထ အသွားအလာကို တရားအားထုတ်နေသည့် ယောဂီပမာ ဆင်ခြင်၍နေရပြန်ပါသည်။

မမြင်ရသေးသော မိမိရင်သွေးကို ယောကျ်ားကလေးလား၊ မိန်းကလေးလား စိတ်ကူးပုံဖော်၍ ပျော်နေရသူမှာ အမေပါ။ ထို့ပြင် ရုပ်ဆိုးလေးလား၊ ရုပ်ချောလေးလား၊ ခြေလက်အင်္ဂါစုံရဲ့လား စသည့်အတွေးဖြင့် သောကပွား၍ ဗျာများနေရသူမှာ အမေပါ။

အချိန်စေ့မြောက် မွေးချိန်ရောက်၍ မိမိရင်သွေး မွေးဖွားလာသောအခါ၌လည်း ရင်သွေး ရွှေဥကို မြင်ရသောခဏ ခံစားရသော နာကျင်ပင်ပန်းမှု ဒုက္ခဝေဒနာဟူသမျှကိုလည်း မေ့ပျောက်သွားရသည်။ မိမိရင်သွေးသား ရွှေဥကို အရိပ်တကြည့်ကြည့် ပီတိပွားနေသူမှာ အမေမှ အမေပါ။

နို့ချိုတိုက်ကျွေး၊ အညစ်အကြေးသုတ်သင်၊ ရာသီဥတု

"

ဘုရားရှင်လက်ထက်တော်အခါက
ကိသာဂေါတမီအမည်ရှိ အမျိုးသမီးကလေးသည်
သားသေကို ရင်ဝယ်ပိုက်၍ သားဟူသော အမေ၏
ချစ်ခြင်းမေတ္တာဖြင့် ဆောက်တည်ရာမရ
သားကို အသက်ရှင်အောင် ကုသပေးပါရန်
အပြေးအလွှား အိမ်တိုင်းစေ့ရောက်အောင် သွားရှာသည်။
နောက်ဆုံး ဘုရားရှင်ထံရောက်၍
အရှူးမသဖွယ် သားကို အသက်ရှင်အောင်
ဆေးကုသပေးပါရန် လျှောက်ထားတောင်းပန်ရှာသည်မှာ
အမေ့မေတ္တာပါ

"



www.burmeseclassic.com

www.burmeseclassic.com

အလိုက် အဝတ်အထည်ဆင်ယင်၊ မှက်, ခြင်, ယင်တို့မှ ကာကွယ်ပြုစု ယုယပေးခြင်း၊ ဝမ်းလျှားမှောက်တတ်ချိန်၊ မတ်တတ်ရပ်တတ်ချိန်၊ လမ်းလျှောက်တတ်ချိန်၊ ထိုင်ချိန်၊ ထချိန် စသည်ဖြင့် အချိန်တိုင်းမှာ ရင်သွေးသည်သာ အမေ၊ အမေသည်သာ ရင်သွေးပါဟု ခွဲမရအောင် ပြုစုယုယသည့် အမေ့မေတ္တာမှာ ကြီးမြတ်လှပါသည်။

ကျောင်းထားသည့် ကျောင်းသားအရွယ်ရောက်ပြန်တော့လည်း ကျောင်းပို့ရ၊ ကြိုရ၊ စာသင်ပေးရ၊ မိမိရင်သွေးကလေးနှင့်အတူ စာကျက်ရ၊ ဂဏန်းသင်္ချာတွက်ရ၊ မကျန်းမာလျှင် ပြုစုရ၊ အအိပ်ပျက်, အစားပျက်ခံရသူမှာလည်း အမေပါ။

◆◆◆

ဘုရားရှင်လက်ထက်တော်အခါက ကိသာဂေါတမီအမည်ရှိ အမျိုးသမီးကလေးသည် သားသေကို ရင်ဝယ်ပိုက်၍ သားဟူသော အမေ၏ ချစ်ခြင်းမေတ္တာဖြင့် ဆောက်တည်ရာမရ သားကို အသက်ရှင်အောင် ကုသပေးပါရန် အပြေးအလွှား အိမ်တိုင်းစေ့ ရောက်အောင် သွားရှာသည်။ နောက်ဆုံး ဘုရားရှင်ထံ ရောက်၍ အရှုံးမသဖွယ် သားကို အသက်ရှင်အောင် ဆေးကုသပေးပါရန် လျှောက်ထားတောင်းပန်ရှာသည်မှာ အမေ့မေတ္တာပါ။

ငါးရာ့ငါးဆယ်ဇာတ်တော်တစ်ခုတွင် သားအမိ၊ သားအဖသုံးဦးတို့သည် မိမိတို့ ကိုးကွယ်သည့် ဆရာရသေ့ကို ဖူးမြော်ရန် ရသေ့ကျောင်းသို့ သွားကြသည်။ အမိအဖတို့က ဆရာရသေ့နှင့် စကားပြောဆိုနေချိန်တွင် သားဖြစ်သူက ကျောင်းအောက်တွင် ဆော့ကစားနေရာ မြွေကိုက်သဖြင့် မြွေဆိပ်တက်၍ မေ့မြောနေရှာသည်။ သားဖြစ်သူ မြွေဆိပ်ပြယ်၍ အသက်ရှင်လာရန် သုံးဦးသား သစ္စာဆိုကြသည်။

အမေ့အလှည့် သစ္စာဆိုရာတွင် "အကျွန်ုပ်သည် မိမိလင်ကို ယခုတိုင် ပေါင်းသင်းနေထိုင်သော်လည်း ချစ်ခင်ခြင်းလုံးဝမရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် သားဖြစ်သူ မြွေဆိပ်ပြယ်ပျောက်၍ အသက်ချမ်းသာခြင်းသို့ ရောက်ပါစေ" သတည်းဟု သစ္စာပြုသဖြင့် သားဖြစ်သူ အသက်ချမ်းသာရာ ရသွားပါသည်။

သား၏ တစ်သက် ဖုံးကွယ်ထားခဲ့သော လျှို့ဝှက်ချက်ကို မကွယ်မဝှက် အမှန်အတိုင်းပြောဆို၍ သစ္စာပြုလိုက်ခြင်းဖြင့် ကြီးမားမြင့်မြတ်သော အမေ့မေတ္တာကို ဖော်ထုတ်ပြသလိုက်သလိုဖြစ်စေပါသည်။

◆◆◆

စာရေးသူသည် နံနက်တိုင်း "ဆန်းသစ်" လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်လေ့ရှိရာ ဤဆိုင်မှာပင် ၅နှစ်အရွယ် ကလေးနှင့် သူ၏ အမေတို့ လက်ဖက်ရည်လာရောက်သောက်လေ့ရှိပါသည်။ အမေဖြစ်သူသည် သားကို လက်ဖက်ရည်နှင့် အီကြာကွေးတိုက်ကျွေးပြီး အမေဖြစ်သူကမူ လက်ဖက်ရည်လည်း မသောက်၊ မုန့်လည်း မစား၊ သားစားသောက်နေသည်ကိုသာ တစိမ့်စိမ့်ကြည့်၍ ပီတိဖြစ်နေပါသည်။ ပီတိကို စား၊ အားဖြည့်နေသည်မှာ အမေ့မေတ္တာပါ။ ဤလို အမေမျိုး မကြာခဏတွေ့ရပါသည်။

◆◆◆

စာရေးသူ ၅နှစ်သားအရွယ် ဝက်သက်ပေါက်စဉ်အခါ[illegible]က သားအတွက် အမေ့ဆောင်ရွက်ချက်ကို ယခုတိုင် မှတ်မိ[illegible]ပါသေးသည်။

စာရေးသူ၏ ဇာတိရွာသည် အညာဒေသဖြစ်သည[illegible] နွေအခါ အလွန်ပူ၍ လေတိုက်လျှင်ပင် လေပူသာ တိုက်[illegible]သည်။ နွေအခါတွင် ဝက်သက်ပေါက်၍ တစ်ကိုယ်လုံး[illegible] ခြစ်ခြစ်တောက်အောင် ပူနေသည်။ အစာအာဟာရ မမှီဝဲနိုင်[illegible] ရေကိုသာ ဝါဂွမ်းဖြင့် ဆွတ်၍ အစက်ချပေးရသည်။

ဝက်သက်တွေ ထွက်လာသည်။ အဖုအပိန့်တွေ ဖြ[illegible] လာသည်။ ပြည်တည်လာသည်။ ပြည်တည်လာတော့ တ[illegible] ကိုယ်လုံး ကိုက်ခဲလာသည်။ အမေက သားအကိုက်အခဲ[illegible] ပျောက်စေရန် ပြည်တည်နေသော ဝက်သက်ဖုများကို ပါးစ[illegible] ဖြင့် ငုံပေးသည်။ လျှာဖြင့် လျက်ပေးသည်။ ပြည်များ ထွက်[illegible] လာသောအခါ ထွေးမပစ်ဘဲ ဝမ်းထဲ မျိုချသည်။ အနာ[illegible] များကို လျှာဖြင့် လျက်ပေးသည်။ ဝက်သက်နာ မြန်မြ[illegible] ပျောက်အောင် လျက်ပေးခြင်းဖြစ်သည်ဟု ဆိုသည်။ ဩ[illegible] အမေ့မေတ္တာ နှိုင်းစရာမရှိအောင် ကြီးကျယ်မြင့်မြတ်လှ[illegible] တကား။

ဗိမ္ဗိသာရမင်းကြီးက သား အဇာတသတ်၏ လက်ည[illegible] မှ ချွန်ကို မနာအောင် ငုံပေး၍ ပြည်များ ထွက်လာသောအ[illegible] ထွေးမပစ်ဘဲ မျိုချသည်ဟု မှတ်ယူရသောအခါ မဖြစ်နိုင်[illegible] ပိုလွန်းသည်ဟု ထင်ခဲ့သည်။ ယခု မိမိဝက်သက်နာမှ ပြည်မျ[illegible] ကို ထွေးမပစ်ဘဲ မျိုချသည့် အမေ့ကို ကိုယ်တွေ့ကြုံရသေ[illegible] အခါမှ အမှန်ပါလားဟု ယုံကြည်သွားပြီး စာရေးရင်း တွေး[illegible] အမေ့မေတ္တာကို အံ့သြခြင်းကြီးစွာဖြစ်၍ လိုက်လိုက်လှဲ[illegible] ကျေးဇူးတင်မိပြီး အလွန်ပင် ပီတိဖြစ်မိပါသည်။

အမေ့မေတ္တာသည် သာမန်မေတ္တာမျိုးမဟုတ်[illegible] အလ[illegible] နက်နဲ၍ ပြိုင်ဘက်ကင်းသော မေတ္တာဟု [illegible]ချင်ပါသည[illegible]

www.burmeseclassic.com

www.burmeseclassic.com



ညာဒေသသည် နွေအခါတွင် အလွန်ပူ၍ ဆောင်းအခါတွင် အလွန်အေးပါသည်။ စာရေးသူ ကလေးဘဝက အအေးပို၍ အသက်ရှူမရအောင် နှာပိတ်ပါသည်။ အမေ့မှာ သားအဖြစ် ကြည့်၍ နေမထိ ထိုင်မသာဖြစ်သွားပါသည်။ အမေ လုပ်သနည်း။ မရွံမရှာ အမေ့ပါးစပ်ဖြင့် နှာခေါင်းကို အုပ်၍ နှပ်များကို စုပ်ယူပေးပါသည်။ ပိတ်ဆို့နေသော နှပ်တွေ ရှင်းသွားမှ စာရေးသူ အသက်ရှူလာနိုင်သည်။ နှိုင်းစရာမရှိသည့် အမေ့မေတ္တာပါတကားဟု ရေးရင်း တွေးရင်း အလွန် ကျေးဇူးတင်မိပါသည်။

သားသမီးများကို ကျွေးမွေးယုယ ဘေးအန္တရာယ် ကာကွယ်ပေးကြသည်မှာ လူသားအမေများသာမက၊ တိရစ္ဆာန်အမေများကလည်း လူသားအမေများနည်းတူ အမေ့မေတ္တာအပြည့်အဝဖြင့် ကျွေးမွေးပြုစုကြပါသည်။

အမေဖြစ်သူ ကြီးမကြီးသည် အစာရှာဖွေ၍ သားသမီးများကို အမေ့မေတ္တာ ကရုဏာစိတ်အပြည့်ဖြင့် ယုယ အစာကျွေးသည်ကို မြင်ဖူးကြပါလိမ့်မည်။ ထိုနည်းတူ အမေခွေးမကြီးက ခွေးကလေးများကို လည်းကောင်း၊ အမေ ကြောင်မကြီးက ကြောင်ကလေးများကို လည်းကောင်း၊ အမေ နွားမကြီးက မိမိရင်သွေး နွားကလေးများကို လည်းကောင်း အမေ့မေတ္တာ ကရုဏာဖြင့် ယုယစွာ ကျွေးမွေးကြသည်ကို တွေ့ရှိကြရပါမည်။ ရက်စက်ကြမ်းကြုတ်သော အသားစားကျားခြသေ့အမေများပင်လျှင် မိမိတို့ရင်သွေးငယ်များအား အစားအစာရှာဖွေကျွေးကြသည်ကို ကိုယ်တွေ့ပင်မဟုတ်ငြားလည်း တီဗွီဖန်သားပြင်ပေါ်တွင် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကြက်သားအုပ်မကြီးသည် ကြက်ပေါက်စကလေးများကို သိမ်း၊ စွန်၊ ကျီးအန္တရာယ်မှ အသက်စွန့်၍ ကာကွယ်ပေးခဲ့ပုံများသည်လည်း ယုံတမ်းစကားများမဟုတ်ပါချေ။

ဆိုအပ်ခဲ့သည်များမှာ လူနှင့် တိရစ္ဆာန်ဇီဝအားဖြင့် ကွဲပြားလေသော်လည်း သားသမီးအပေါ် ထားရှိသည့် အမေ့မေတ္တာမှာမူ အတူတူပင်ဖြစ်သည်ဟု ဆိုရပါမည်။

အမေ့မေတ္တာ၊ အမေ့စောင့်ရှောက်မှုကြောင့် အမေ့သားကြီး အရွယ်ရောက်၍ လူလားမြောက်လာပြီဖြစ်သည်။ ချစ်သူရည်းစားထားတတ်လာပြီ။ ရည်းစားဖြစ်သူကို အမေ့သားက ချစ်ခွင့်ပန်ရာ အမေ့နှလုံးသားရမှသာ ချစ်နိုင်မည်ဟု သားချစ်သူက ပြောသဖြင့် အမေ့ထံ အပြေးအလွှားလာရောက်၍ အမေ့နှလုံးသားကို တောင်းရာ "ဒါလေးများ သားရယ်၊ ပြောရသေးလား။ ဓားယူလာခဲ့"ဆိုပြီး ရင်ကို ခွဲ၍ အမေ့နှလုံးသားကို သားလက်သို့ အပ်လိုက်သည်။ ဝမ်းသာအားရ အမေ့နှလုံးသားကို ယူ၊ ချစ်သူကို ပေးရန် အပြေးအလွှားလာခဲ့ရာ ခလုတ်တိုက်၍ သားလဲကျရာ အမေ့နှလုံးသား လမ်းဘေးတွင် လွင့်စဉ်ကျသွားခဲ့ပြီး "သား ဘယ်နား နာသွားသေးလဲ" ဟု အမေ့နှလုံးသားက မေးပါသတဲ့။

ပုံပြင်ပဲဆိုဆို၊ ယုံတမ်းစကားလို့ပဲ ပြောပြော၊ လေးစားထိုက်၊ မှတ်သားထိုက်သော အမေ့မေတ္တာဇာတ်လမ်းလေးပါ။

♦♦♦

လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်၏ နစဉ်ဘဝ အဖြစ်အပျက် ဇာတ်လမ်းလေးက ပုံပြင်မဟုတ်ကြောင်း၊ ယုံတမ်းစကားမဟုတ်ကြောင်း သက်သေပြနေပါသည်။

ရှင်မဟာမောဂ္ဂလာန်လျှောင်းလျာသည် မယားဖြစ်သူ၏ သွေးဆောင်တိုက်တွန်းမှုကြောင့် မျက်မမြင် မိဘနှစ်ပါးကို လှည်းဖြင့် တင်၍ တောအရပ်သို့ ခေါ်ဆောင်သွားသည်။ တောစပ်အရောက်တွင် ဓားပြဟန်ဆောင် ရိုက်နှက်သတ်ပုတ်လေရာ အမေက သားရိုက်ပုတ်သည်ကို ဓားပြရိုက်ပုတ်သည်ဟု ထင်မှတ်၍ "အမေတို့ကို ရိုက်ပုတ်ပါ၊ သတ်ဖြတ်ပါ၊ သားကို ချမ်းသာပေးပါ၊ သားကို မသတ်ဖြတ်ပါနှင့်" ဟု



www.burmeseclassic.com

www.burmeseclassic.com

ပျာပျာသလဲပြောဆို တောင်းပန်ရှာသည်။ မိမိအား ရိုက်နှက် ညှင်းဆဲ နာကျင်နှိပ်စက်သည့်ကို အရေးမထားဘဲ သားကို မညှင်းဆဲ၊ မသတ်ဖြတ်ရန် တောင်းပန်ပြောဆိုရှာသည်။ ဤသည်မှာ ယုံတမ်းမဟုတ်သော အမေ့မေတ္တာမှ အမေ့မေတ္တာပါ။

မြတ်စွာဘုရားသော်မှ အခြားတရားများကို မဟောကြားဘဲ အမေ့မေတ္တာအကြောင်းချည်းကိုသာ ဟောလေမည်ဆိုလျှင် ဘုရားရှင်၏ သက်တမ်းသာ ကုန်မည်ဖြစ်သော်လည်း အမေ့မေတ္တာ၊ အမေ့ကျေးဇူးသော်ကား ကုန်နိုင်ဖွယ်မရှိဟု ဆိုကြပါသည်။

သို့ဖြစ်၍ ဤမျှ မြင့်မြတ်များပြား လေးစားထိုက်၊ ချီးကျူးထိုက်သော အမေ့မေတ္တာကို အမေ့သားသမီးများက မည်ကဲ့သို့ တုံ့ပြန်ကျေးဇူးဆပ်ကြပါမည်နည်း။ အမေ့မေတ္တာကို ထိုက်ထိုက်တန်တန် တုံ့ပြန်ကျေးဇူးဆပ်ရန်မှာ သားသမီးတို့၏ တာဝန်သာဖြစ်ပါသည်။

♦♦♦

သင့်တော်သော အစားအစာကို ကျွေးမွေးခြင်း၊ ရာသီဥတုအလိုက် အဝတ်အစားကို ဆင်ယင်ခြင်း၊ ဆေးဝါးများကို ပေးခြင်း၊ ဒါနပြုရန်၊ သီလဆောက်တည်ရန်၊ ဘာဝနာတရားပွားများနိုင်စေရန် လိုလေသေးမရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အမေ့မေတ္တာကို တုံ့ပြန်ရန်မှာ အမေ့သားသမီးတို့၏ ကြီးမားသော မဟာတာဝန်ကြီးသာ ဖြစ်ပါသည်။

ဘုရားရှင်တော်ပင်လျှင် ဘဝခြားသွားသော မိခင်ဟောင်း "သန္တုသိတ"နတ်သားအား တာဝတိံသာ နတ်ပြည်တွင် ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားခြင်းဖြင့် သောတာပတ္တိတည်အောင် ဆောင်ရွက်ပေးတော်မူခဲ့သည်မှာ အမေ့မေတ္တာကို တုံ့ပြန် ပေးဆပ်ရန် တပည့်သားတို့အား နမူနာယူစရာ ပြတော်မူသည်ဟု ဆိုရပါမည်။

လက်ျာတော်ရံ သားတော်ကြီး ရှင်သာရိပုတ္တရာ မထေရ်မြတ်သည်လည်း မိမိဇာတိရွာ၊ မိမိမွေးဖွားရာ တိုက်ခန်းတွင် သီတင်းသုံးတော်မူ၍ မိစ္ဆာအယူရှိ မွေးမိမာတာ သာရီပုဏ္ဏေးမကြီးအား တရားဓမ္မဟောကြားပြသ၍ သောတာပန်တည်စေခြင်းဖြင့် အမေ့မေတ္တာ၊ အမေ့ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခဲ့သည်မှာ အတုယူဖွယ်ရာဖြစ်ပါသည်။

စာရေးသူသည်လည်း အမေ့မေတ္တာကို တုံ့ပြန်ပေးဆပ်ခဲ့ပါသည်။ အမေ့ကို စာရေးသူ နေထိုင်ရာ ရန်ကုန်မြို့သို့ ခေါ်ဆောင်၍ ပျော်သရွေ့ နေထိုင်စေပါသည်။ ရွှေတိဂုံ၊ ကမ္ဘာအေး၊ ဗိုလ်တစ်ထောင်၊ ဆူးလေ အစရှိသော ရန်ကုန်ရှိ ဘုရားများမှအစ သန်လျင်-ကျိုက်ခေါက်၊ ကျောက်တန်း-ရေလယ်ဘုရား။ ပဲခူး-ရွှေမောဓော၊ ရွှေသာလျောင်း၊ မဟာစေတီ စသော ဘုရားတို့ကို ဖူးမြော်ရန် ပို့ဆောင်ပေးပါသည်။ မဟာစည်သာသနာ့ရိပ်သာတွင် တရားဘာဝနာပွားများစေကာ အမေ့မေတ္တာကို တုံ့ပြန်ပေးဆပ်ခဲ့ပါသည်။

အမေ့မေတ္တာကင်းမဲ့ပါလျှင် သတ္တလောက၊ သခါ[ရ] လောက၊ ဩကာသလောကကြီးသည် တည်ရှိနေနိုင်မည် မဟုတ်ပါ။ သာယာမှု ဆိတ်သုဉ်းနေမည်ဖြစ်ပါသည်။ သို့ဖြ[စ်] ၍ ကမ္ဘာလောကကြီး တည်မြဲသာယာစေရန် စာရေးသူနှ[င့်] တကွ အမေ့သားသမီးအပေါင်းတို့သည်လည်း ဘုရားရှင်နှ[င့်] သာရိပုတ္တရာမထေရ်ကြီးတို့၏ နည်းတူ အမေ့မေတ္တာကို တ[ုံ့] ပြန်ရန် မိမိအားအလျောက် တတ်စွမ်းသမျှ ထောက်[...] ပေးကမ်းလှူဒါန်းပါရန် တိုက်တွန်းရင်း ကျေးဇူးတော်ရ[...] လယ်တီ ဆရာတော်ဘုရားကြီး၏ "မာတာပိတု ဂုဏော[...] အနန္တော"အစရှိသော "မာတာပိတု ဂုဏော"ဘုရားရှိခိုးအ[...] ရေးသားပူဇော်ခြင်းဖြင့် "တုမနိုင်းသော အမေ့မေတ္တာ"ဆော[င်] ပါးကြီးကို နိဂုံးချုပ်အပ်၊ အဆုံးသတ်အပ်ပါသည်။

အမေများအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြ[ပါ] စေ။

**"မာတာပိတု ဂုဏော ဘုရားရှိခိုး"**

မာတာပိတု ဂုဏော အနန္တောဟု၊
အပြောကျယ်စွာ သံသရာဝယ်၊
မာတာပိတာ မိနှင့် ဖတို့၊
ရေကြည်ကာလ,လ တည်ဦးစပင်၊
ချီချဉ်ပူစပ် ရှင်းရှင်းပြတ်အောင်၊
မပြတ်ယုယ မိဘတို့မှာ၊
စိုးရိမ်စွာဖြင့် အစာဆိမ့်အေး၊
နို့ချိုပေး၍ ကျွေးသည့်မိခင်၊
မွေးဖခင်ကို အဟံ-တပည့်တော်သည်။
ဝန္ဒေ ဝန္ဒာမိ ရှိသေမြတ်နိုး၊
လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ■


* * *

ခင်မောင်ချို (ရေ[...]



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကျင့်တရားကောင်းတဲ့သူဆိုတာ
ပစ္စုပ္ပန်ဘဝရော၊ တမလွန်ဘဝမှာပါ
မြင့်မြတ်ဖြူစင်တဲ့ စိတ်ဓာတ်နဲ့
လုပ်ရပ်ရှိသူကို ခေါ်တာပါ။
စိတ်ဓာတ်နဲ့ လုပ်ရပ် ကောင်းမွန်တဲ့
လူတစ်ယောက်အဖို့
အောင်မြင်ကြီးပွားဖို့ လွယ်ကူစေသလို
အပါယ် စသော ဆင်းရဲဒုက္ခတွေမှလည်း
ကင်းဝေးစေနိုင်ပါတယ်။

တစ်ခါက ဗာရာဏသီပြည်ကြီးမှာ ဒိသာပါမောက္ခ ဆရာကြီးတစ်ဦးရှိပါတယ်။ အဲဒီဆရာကြီးဟာ ပညာသင်တဲ့ အရာမှာ ထူးချွန်ပါတယ်။ ထူးချွန်တဲ့ ဆရာတစ်ယောက်ထံကို တပည့်ခံဖို့ ရောက်လာတတ်ကြပါတယ်။ ဒီတော့ ဆရာကြီး ထံမှာ တပည့်ပေါင်း ငါးရာရှိပါတယ်။

တစ်ခုထူးခြားတာက အဲဒီဆရာကြီးမှာ အလွန်ချောမော လှပတဲ့ သမီးကလေးတစ်ယောက်ကလည်း ရှိတယ်။ ဆရာကြီးရဲ့ တပည့်တွေကလည်း အဲဒီမိန်းကလေးကို စိတ်ဝင်စားကြတာပေါ့။ အားလုံးသော တပည့်တွေကို ကြည့်လိုက်ရင် အတတ်ပညာတွေက ပြည့်စုံသလို၊ ပစ္စည်းရှိတဲ့ သားသမီးတွေချည်းပဲ ဖြစ်ပါတယ်။ ဆရာကြီးကလည်း တဖြည်းဖြည်း အရွယ်ရောက်လာတဲ့ သူ့သမီးလေးကို သင့်တော်တဲ့သူ တစ်ဦးဦးနဲ့ အိမ်ထောင်ချပေးချင်တယ်။

မိဘဆိုတာမျိုးဟာ မိမိသားသမီးကို ကိုယ်ဝန်ရှိစဉ် (မမြင်ရသော ကာလ)အခါမှ စ၍ မိမိတို့ သေဆုံးသွားတဲ့ (မျက်ကွယ်ကာလ)အချိန်ထိအောင် သားသမီးတွေရဲ့ အပေါ်မှာ ကြီးပွားတိုးတက်ချင်ကြတာ သဘာဝပါ။ အဲဒီ သဘာဝတွေထဲက ဒိသာပါမောက္ခ ဆရာကြီးဟာ သူ့ရဲ့ သမီးကို ကိုယ်ကျင့်တရားကောင်းမွန်တဲ့ လူတစ်ယောက်နဲ့ပဲ ဘဝလက်တွဲဖော်ကို မြင်စေချင်ပါတယ်။

တကယ်တော့ ကိုယ်ကျင့်တရားကောင်းတဲ့သူဆိုတာ ပစ္စုပ္ပန်ဘဝရော၊ တမလွန်ဘဝမှာပါ မြင့်မြတ်ဖြူစင်တဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်ရှိသူကို ခေါ်တာပါ။

စိတ်ဓာတ်နဲ့ လုပ်ရပ် ကောင်းမွန်တဲ့ လူတစ်ယောက်အဖို့ အောင်မြင်ကြီးပွားဖို့ လွယ်ကူသလို အပါယ် စသော ဆင်းရဲဒုက္ခတွေမှလည်း ကင်းဝေးစေနိုင်ပါတယ်။

ဒိသာပါမောက္ခ ဆရာကြီးက သူ့ရဲ့ သမီးကို အဲဒီလို ကိုယ်ကျင့်တရားကောင်းမွန်တဲ့သူနဲ့သာ ဘဝခရီးကို လျှောက် လှမ်းစေချင်ပါတယ်။

တချို့က မိမိသားသမီး ပစ္စုပ္ပန်ဘဝ ချမ်းသာမှုတစ် တည်းကို ရှေ့ရှုပြီး ဘဝလက်တွဲဖော်ကို ရှာပေးတတ်ပါတယ်။

"သောက်စားတတ်တာက အဓိက မဟုတ်ပါဘူး ပိုက်ဆံရှိဖို့က အဓိကပါ"

ဆိုတဲ့ မိဘတွေကြောင့် တချို့သားသမီးတွေ ပိုက်ဆံ ရှိတဲ့ ဘဝမှာပဲ (ကိုယ်ကျင့်တရားမကောင်းသူနှင့် ပေါင်းသင်း ရလို့) စိတ်ဆင်းရဲစွာဖြင့် မိမိတို့ဘဝကို ဖြတ်သန်းနေကြရပါ တယ်။ ဒါဟာ အသေအချာ စဉ်းစားသင့်တဲ့ အချက်ပါ။

ဒိသာပါမောက္ခ ဆရာကြီးကတော့ အဲဒီအမျိုးအစား ထဲမှာ မပါဝင်ပါဘူး။ ဒါကြောင့် ဆရာကြီးဟာ သူ့ရဲ့ သမီး အတွက် ဘဝလက်တွဲဖော်ကို ရွေးချယ်ဖို့ သူက အကောင်း ဆုံး နည်းတစ်ခုကို စီစဉ်ခဲ့တယ်။ သူ့အစီအစဉ်က ပဟေဠိ ပုံစံလေးပါ။

တစ်နေ့ကျတော့ ဒိသာပါမောက္ခ ဆရာကြီးဟာ သူ့ရဲ့ တပည့်ငါးရာကို ခေါ်ပြီး…

"အမောင်တို့… ငါ့မှာ အရွယ်ရောက်နေတဲ့ သမီး တစ်ယောက်ရှိတယ်ဆိုတာကို သင်တို့ သိပါတယ်"

ဆရာကြီးက သူ့ရဲ့ တပည့်တွေကို တစ်ချက်အကဲခတ် ကြည့်တော့ အားလုံးက စိတ်ဝင်တစား နားထောင်နေကြတာ ကို တွေ့တော့…

"အဲဒီသမီးကို သင်တို့ထဲက တစ်ဦးဦးနဲ့ ပေးစားဖို့ ငါစဉ်းစားထားတယ်"

ဆရာကြီးထံက ဒီစကားကြားရတော့ တပည့်တွေ အားလုံးလိုလို ခေါင်းထောင်လာကြတယ်။ ဟုတ်တယ်လေ သူတို့ရင်ထဲမှာ နဂိုကတည်းက ရှိနေတဲ့ ဆန္ဒကလည်း ဆရာကြီးရဲ့ သမီးနဲ့ နှစ်ကိုယ်တူ ဘဝတစ်ခုကိုလေ။

"အဲဒါ သမီးရဲ့ အဝတ်တန်ဆာအလို့ငှာ သင်တို့ဟာ အိမ်မှ အဝတ်တန်ဆာကို ငါ့ထံ ဆောင်ယူခဲ့ကြ။ သင်တို့ ယူလာခဲ့တဲ့ အတတ်တန်ဆာဟာ သင်တို့ မိဘဆွေမျိုးတွေ မမြင်ကွယ်ရာမှာ တိတ်တဆိတ်ယူလာတဲ့ အဝတ်အစားဖြစ် ရမယ်။ မိဘဆွေမျိုးတွေကို ပြပြီး၊ အသိပေးပြီး ယူလာတဲ့ အဝတ်တန်ဆာကို ငါ အလိုမရှိပေ"

ဒိသာပါမောက္ခ ဆရာကြီးရဲ့ စကားဆုံးတော့ အားလုံး ရဲ့ မျက်ဝန်းတွေက အရောင်လက်သွားတယ်။ လွယ်ပိုက် တဲ့ ဖြစ်ခြင်းပေါ့။ ဘာမှလည်း ခက်ခဲတဲ့ဟာမှ မဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ တပည့်တွေဟာ မိမိတို့အိမ်က တန်ဖိုးအရှိဆုံးဆို အဝတ်တန်ဆာတွေကို ရသလောက် ခိုးယူလာပြီး ကြီးကို ပေးကြတာပေါ့။

လေးရာ့ကိုးဆယ့်ကိုးယောက်သော တပည့်တွေက ည်းတွေနဲ့ ဆရာကြီးကို အလုအယက်ပြကြပေမယ့် ယောက်သော တပည့်တစ်ဦးကတော့ မည်သည့်ပစ္စည်း မလာပေ။

အားလုံးသောသူတွေက မိမိတို့ရဲ့ ပစ္စည်းတွေနဲ့ ဆရာ ကြီးမှာ ဂုဏ်ယူနေတာ မြင်ရတာကို ဒိသာပါမောက္ခကြီး တွက် မထူးဆန်းပေမယ့် ဘာပစ္စည်းမှ ပါမလာသူကို တော့ အံ့သြနေပါတယ်။

တစ်ခါတလေကျရင် ဘာတစ်ခုမှ မပိုင်ဆိုင်ခြင်းဟာ ည်း တန်ဖိုးတစ်ခုဖြစ်နေတတ်ပါတယ်။ ဘာ့ကြောင့်လဲဆို တော့ ပိုင်ဆိုင်မှုတွေနဲ့ သောကဖြစ်နေသူတွေကြားမှာ ပိုင်ဆိုင် ရှိသူရဲ့ လွတ်လပ်မှုဟာလည်း ချမ်းသာစရာပါပဲ။

ဒိသာပါမောက္ခ ဆရာကြီးက ပစ္စည်းတစ်ခုမှ မပြနိုင်တဲ့ ည့်ကို ကြည့်ကာ -

"အမောင်···မည်သည့်အဝတ်တန်ဆာကို ဆောင်ယူ သလဲ"

"ဘာမှ မယူခဲ့ပါဘူး ဆရာ"

"ဘာကြောင့် မယူခဲ့တာလဲ"

"ဆရာက အဝတ်တန်ဆာကို သူတစ်ပါးတို့ မသိ အောင် ယူခဲ့ရမယ်လို့ ဆိုထားတယ်လေ။ သူတစ်ပါး မြင်တဲ့ အဝတ်တန်ဆာကို မယူရဘူးလို့ ဆိုခဲ့တာကိုး"

"ဟုတ်တယ်လေ"

"ဆရာ···သူတစ်ပါးတို့၏ အဝတ်တန်ဆာကို ပိုင်ရှင် သိတဲ့ ယူခြင်းဟာ တကယ်တော့ မကောင်းမှုပဲ ဖြစ်ပါတယ်။ ကောင်းမှုကို မမြင်သာသော အရပ်ဆိုတာ မရှိပါဘူး။ ကောင်းမှုဟူက ဆိတ်ကွယ်ရာလည်း မရှိပါ။ ဒါကြောင့် နုပ်ဟာ သူတစ်ပါးရဲ့ အဝတ်တန်ဆာကို မယူခဲ့ပါ"

တပည့်ဖြစ်သူရဲ့ စကားကို ကြားတော့ ဆရာကြီးဟာ ခင်းတဆတ်ဆတ်ညိတ်ကာ···

"တပည့်···ငါက သမီးကို အကျင့်သီလနဲ့ ပြည့်စုံသော သူနှင့်သာ ထိမ်းမြားပေးချင်တာပါ။ ဒါကြောင့် တပည့် ငါးရာ ဟာ မကောင်းမှုကို သိ,မသိ၊ အကယ်၍ မကောင်းမှုကို သိပါက ရှောင်ကြဉ်နိုင်၊ မရှောင်ကြဉ်နိုင် ဆိုတာကို သိချင်၍ အဝတ်တန်ဆာတို့ကို ခိုးယူခိုင်းခြင်း ဖြစ်ပါတယ်"

ဆရာကြီးကပင် ဆက်၍ သူ၏ တပည့်အပေါင်း ကို···

"ဟောဒီ လောကကြီးမှာ မကောင်းမှုဆိုတာ ရှိပါတယ်။ မကောင်းမှုအတွက် ဆိတ်ကွယ်ရာအရပ်ဆိုတာလည်း မရှိ ပါဘူး။ ဒါကြောင့် တပည့်တို့အနေဖြင့် မကောင်းမှုကို ရှောင် ကြဉ်ကြပါ"

ဒိသာပါမောက္ခ ဆရာကြီးဟာ သူ့ရဲ့ တပည့်တွေကို အဆုံးအမပေးပြီး ဘာတစ်ခုမှ ပစ္စည်းဥစ္စာ မယူဆောင်လာခဲ့ သောသူနှင့် သူ၏ သမီးကို ပေးစားလိုက်ပါတယ်။

ဒါဟာ ကိုယ်ကျင့်တရားကောင်းတဲ့သူအတွက် ဆု လာဘ်ဖြစ်သလို၊ ကိုယ်ကျင့်တရားကောင်းသူတို့ရဲ့ ဂုဏ်ယူ စရာ မြင့်မြတ်မှုတစ်ခုပါပဲ။

◆◆◆

ဟောဒီ လောကမှာ လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ ကိုယ်ကျင့်တရားအပေါ် မူတည်ပြီး ကွဲပြားခြားနားသွားပါ တယ်။ ကိုယ်ကျင့်တရားကောင်းတဲ့သူတွေဟာ တန်ဖိုးမြင့်တဲ့ ဘဝကို ပိုင်ဆိုင်ကြပြီး ကိုယ်ကျင့်တရားမကောင်းတဲ့သူတွေ ကတော့ ယုတ်နိမ့်တဲ့ ဘဝတွေမှာပဲ ဘဝကို တန်ဖိုးမဲ့စွာ ဖြတ်သန်းရပါမယ်။

တကယ်တော့ အကောင်းဆုံး ကိုယ်ကျင့်တရားဆိုတာ သီလစောင့်ထိန်းမှုပဲ ဖြစ်ပါတယ်။ သီလစောင့်ထိန်းတယ်ဆို တာ မိမိတို့ရဲ့ ကိုယ်၊ နှုတ်တို့ကို ထိန်းသိမ်းတဲ့ အလုပ်ပါပဲ။ သီလမှာလည်း စာရိတ္တသီလနှင့် ဝါရိတ္တသီလ ဆိုပြီး နှစ်မျိုး နှစ်စားရှိပါတယ်။

ဝါရိတ္တသီလ ဆိုတာ ရှောင်ကြဉ်သင့်တာကို ရှောင် ကြဉ်သော သီလဖြစ်ပြီး၊ စာရိတ္တသီလကတော့ ပြုလုပ်သင့် တာကို ပြုလုပ်တဲ့ သီလကို ခေါ်တာပါ။ တကယ်တမ်းအားဖြင့် သီလစောင့်တယ်ဆိုတာ မိမိတို့ရဲ့ ကိုယ်ကျင့်တရားကို အကောင်းဆုံးနှင့် သန့်ရှင်းစင်ကြယ်အောင် ထိန်းထားတဲ့ အလုပ်ပါပဲ။

တစ်နည်းအားဖြင့်ဆိုရရင် မိမိကိုယ်ကိုယ် မိမိယုံကြည် မှု ပြည့်ဝအောင် ကြိုးစားဆောင်ရွက်တဲ့ အလုပ်ပါပဲ။ ဘာ့ ကြောင့်လဲဆိုတော့ သီလစောင့်ထိန်းထားတဲ့ လူတစ်ယောက် အနေဖြင့် သူတစ်ပါးကို ထိခိုက်နစ်နာစရာ မည်သည့်ကိစ္စ တစ်ခုကိုမျှ မလုပ်ထားလို့ မိမိကိုယ်ကိုယ် မိမိယုံကြည်မှုရှိတဲ့ လူတစ်ယောက်ပဲ ဖြစ်ပါတယ်။

နောက်တစ်ချက်က သီလစောင့်ထိန်းထားတဲ့ လူတွေ ဟာ ကာယကံမှု၊ ဝစီကံမှုတို့မှာ အပြစ်ကင်းနေတဲ့သူတွေပဲ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ်။ သူတစ်ပါးတွေကို မသတ်ဖြတ်၊ သူတစ်ပါးဥစ္စာကို မခိုးယူ၊ သူတစ်ပါးသားသမီးတွေကို မစော်ကားခြင်းစတဲ့ အကုသိုလ်တရားတွေက ကင်းဝေးနေတော့ သူ့ရဲ့စိတ်ဓာတ်တွေဟာလည်း နူးညံ့သိမ်မွေ့နေပါတယ်။ ကိုယ်ကျင့်တရားကောင်းတဲ့သူအဖို့ မကောင်းမှု မပြုလုပ်လို့ စိတ်ဓာတ်နူးညံ့နေပေမယ့် ကောင်းတဲ့ အရာတွေကို ပြုလုပ်ဖို့ကျတော့ စိတ်ဓာတ်တွေ ရဲရင့်နေပြန်ရော။

ဘာကြောင့် ကောင်းတဲ့ နေရာတွေမှာ ရဲရင့်ရသလဲဆိုတော့ မိမိဟာ သူတစ်ပါးတို့ရဲ့ ရှေ့မျက်မြင်မှာရော၊ သူတစ်ပါးတို့ မမြင်ကွယ်ရာအရပ်မှာပါ မကောင်းတာကို တစ်ခုမှ မပြုလုပ်ထားဘူးလို့ ယုံကြည်ထားတဲ့အတွက် ရဲရင့်နေတာပါ။ တစ်နေ့ တစ်နေ့ ကိုယ့်ရဲ့ ဖြတ်သန်းမှုတွေထဲမှာ အဲဒီလို ရဲရင့်မှုမျိုး ဘယ်နှရက်ကြုံရသလဲဆိုတာ မိမိကိုယ်ကို မေးကြည့်ဖူးလား။

တစ်ခါလောက် မေးကြည့်ပါလားနော်။

အကယ်၍ မိမိရဲ့ အဖြေစကားဟာ ကျေနပ်အားရစရာကောင်းလား၊ မကောင်းဘူးလားဆိုတာ စစ်ဆေးကြည့်ပါ။ တကယ်လို့ ကျေနပ်စရာကောင်းတဲ့ ရဲရင့်မှုမျိုး မရသေးဘူးဆိုရင်တော့ ကြိုးစားပြီး စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။ ရဲရင့်မှု မရှိတဲ့ လူတစ်ယောက်ဟာ ဘယ်တော့မှ အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်လာမှာ မဟုတ်ပါဘူး။ အောင်မြင်တဲ့နေရာမှာလည်း သာမန်ကြီးပွားမှုမျိုး မဟုတ်ပါဘူး။ ပစ္စုပ္ပန်၊ တမလွန် ဘဝနှစ်ခုစလုံးမှာ အောင်မြင်တဲ့သူကို ခေါ်တာပါ။ အဲဒီလို အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ (ကိုယ်ကျင့်တရားကောင်းတဲ့ သူတစ်ယောက်ဖြစ်ဖို့) သီလကို စောင့်ထိန်းပြီး ဒုစရိုက်တရားတွေနဲ့ ကင်းဝေးအောင် နေရပါမယ်။

ဒုစရိုက်တရားဆိုတာ မပြုသင့်၊ မပြုထိုက်တဲ့ တရားတွေပါပဲ။ မပြုသင့်၊ မပြုထိုက်တာတွေကို ရှောင်ကြဉ်တဲ့သူတစ်ယောက်အဖို့ ပြုသင့်၊ ပြုထိုက်တာတွေကို ပြုလုပ်ဖို့ အခွင့်အလမ်းရသွားပါတယ်။

ဒါကြောင့် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် စပ်သော ဒုစရိုက် (၁၀)ပါးကို သိထားရပါမယ်။

◆◆◆

ကိုယ်ဖြင့် စပ်သော ဒုစရိုက် (၃)ပါးကတော့ -

(၁) သူတစ်ပါးအသက်ကို သတ်ခြင်း၊

(၂) သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊

(၃) ကာမဂုဏ်တရားတွေမှာ မဖောက်ပြန်ခြင်းတို့ပါပဲ။

နှုတ်ဖြင့် စပ်သော ဒုစရိုက် (၄)ပါးကတော့ -

(၁) မဟုတ်မမှန်သော စကားကို ဟုတ်မှန်သည့်အနေဖြ
လိမ်ညာပြောဆိုခြင်း၊

(၂) ကုန်းတိုက်ခြင်း၊ ချစ်သူနှစ်ဦး ကွဲသွားအောင် (သ
မဟုတ်) မိမိအား ချစ်ခင်လာအောင် ချစ်သူနှစ်ဦး
ရန်တိုက်ပေးခြင်း၊ သင့်တင့်ညီညွတ်နေသော မိတ်
နှစ်ဦးတို့ကို မသင့်မတင့်ဖြစ်အောင်၊ စိတ်ဝမ်း
အောင် ပြောဆိုခြင်း၊

(၃) ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာပြောဆိုခြ

(၄) မိမိ၊ သူတစ်ပါး နှစ်ဦးသား လုံးဝ အကျိုးမရှိသေ
စကားကို ပြောဆိုခြင်းတို့ပါပဲ။

စိတ်ဖြင့် စပ်သော မနောဒုစရိုက် (၃)ပါးကတော့ -

(၁) သူများ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝနေသည်
မြင်သောအခါ ထိုစည်းစိမ်ချမ်းသာများ ငါ၏ ဥစ္စာ
လာပါမူ ကောင်းလေစွဟု သူတစ်ပါး၏ စည်းစိ
ချမ်းသာအပေါ် မကောင်းကြံစည်ခြင်း၊

(၂) သူတစ်ပါးပျက်စီးစေလိုသည့်စိတ် ဖြစ်ပေါ်ခြင်း၊

(၃) လှူခြင်းသည် အကျိုးမရှိ၊ မလှူခြင်းသည် အပြစ်မ
စသည်ဖြင့် ဖောက်ပြန် မှားယွင်းစွာ ယူခြင်းတို့ပါ

အဲဒီလို ဒုစရိုက်တရား (၁၀)ပါးကို ရှောင်ကြဉ်
သူတစ်ယောက်အဖို့ သီလစောင့်ထိန်းတဲ့အခါမှာလည်
အကောင်းဆုံး စောင့်ထိန်းနိုင်ပါတယ်။

တကယ်တော့ သီလစောင့်ထိန်းတယ်ဆိုတာ မြင့်မြ
ကောင်းမွန်တဲ့ အကျင့်များကို စောင့်ထိန်းခြင်းပါပဲ။ ငါးပ
ရှစ်ပါး စသော သီလကို မထိန်းနိုင်သူတွေရဲ့ ကိုယ်၊ နှုတ်
ဟာ ဖရိုဖရဲဖြစ်နေပါလိမ့်မယ်။ ကိုယ်၊ နှုတ် စောင့်စည်
မရှိသူဟာ ကိုယ်ကျင့်တရားလည်း မကောင်းပါဘူး။ ကို
ကျင့်တရား မကောင်းသူအနေဖြင့် မကောင်းသော သတ
စကားတွေပဲ ထွက်လာမှာပေါ့။

သီလစောင့်ထိန်းထားတဲ့သူတွေကတော့ ကိုယ်က
တရားအနံ့တွေဟာ မွှေးပျံ့ လန်းဆန်းနေမှာပါပဲ။ ဘာကြေ
လဲဆိုတော့ ဟောဒီ လောကမှာ ရှိတဲ့ ပန်းတွေအားလုံး
မှာ သီလတည်းဟူသော ပန်းဟာ အမွှေးပျံ့ဆုံးပဲ ဖြစ်
တယ်။ သီလစောင့်ထိန်းတဲ့သူဆိုတာ -

(၁) မမေ့မလျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစု
ရရှိခြင်းအကျိုး၊

(၂) ကောင်းသော၊ ကျော်စော သတင်း ပျံ့နှံ့လွယ်
အကျိုး၊

(၃) ပရိသတ်အလယ်သို့ မကြောက်မရွံ့ မျက်နှာမညှိုးမ



www.burmeseclassic.com

www.burmeseclassic.com

ချုပ်ကောင်းကပ်နိုင်ခြင်းအကျိုး၊

မတွေ့မမြင်ခြင်းအကျိုး၊

အချိန်တန်၍ သေပြီးနောက်၊ နတ်ပြည်ရောက်ရခြင်း စသော အကျိုးတရားတွေ ရရှိပါတယ်။

နောက်ပြီး သီလကို စောင့်ထိန်းထားတဲ့သူရဲ့ စိတ်ဟာ သာယာရွှင်လန်းနေပါတယ်။ သာယာရွှင်လန်းနေသူဟာ ဝမ်းမြောက်ခြင်းတွေ ဖြစ်ပေါ်နေပါတယ်။ (အဲဒါကို နုသောပီတိ ပါမောဇ္ဇလို့ ခေါ်ပါတယ်။)

အဲဒီလို ဝမ်းမြောက်နေတဲ့သူအဖို့ နှစ်သက်ခြင်း(ရင့်သော) ပီတိတွေ ဖြစ်နေပြန်ရော။ ပီတိဖြစ်နေသူအဖို့ ကိုယ်၊ စိတ်တွေဟာ ငြိမ်းအေးနေပါတယ်။ (ပဿဒ္ဓိ)

ငြိမ်းချမ်းခြင်းဖြစ်တဲ့ သူတစ်ယောက်အဖို့ကတော့ ကိုယ်၊ စိတ်ချမ်းသာခြင်း(သုခ)ဖြစ်ပါတယ်။ ကိုယ်၊ စိတ်ချမ်းသာတဲ့သူဆိုတာ တည်ကြည်ခြင်း(သမာဓိ)ဖြစ်ပေါ်၏။

တည်ကြည်ခြင်းဖြစ်သူအဖို့ အရာရာကို ဟုတ်တိုင်းမှန်စွာ သိခြင်း(ယထာဘူတဉာဏ်)ဖြစ်၏။ အဲဒီဉာဏ်ဖြစ်တဲ့သူဟာ သံသရာဝဋ်ဒုက္ခတို့၌ ငြီးငွေ့ခြင်း(နိဗ္ဗိန္ဒ)တည်းဟူသော အကောင်းသည့် ဝိပဿနာဉာဏ်(ဗလဝ ဝိပဿနာဉာဏ်) ဖြစ်ပေါ်၏။

အဲဒီဉာဏ်ဖြစ်သူဟာ တပ်မက် နှစ်သက်ခြင်း ကင်းတဲ့ မဂ်တရားဖြစ်၏။ မဂ်တရားဖြစ်သူမှာ ဝိမုတ္တိခေါ် အရဟတ္တဖိုလ်တရားဖြစ်ပါတယ်။ ယင်းဖိုလ်တရားဖြစ်သူမှာ မဂ်ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်ခြင်း(ပစ္စဝေက္ခဏာ)ဉာဏ်ဖြစ်၏။ ထိုဉာဏ်ဖြစ်သူမှာ အကြွင်းမရှိတဲ့ နိဗ္ဗာန်ချမ်းသာကို ခံယူရရှိနိုင်ပါတော့တယ်။

ဒါဟာ သီလကြောင့် မဂ်ဖိုလ် နိဗ္ဗာန်အထိ အဆင့်ဆင့် တက်လှမ်းသွားပုံပါ။ သီလတရားဟာ မဂ်ဖိုလ် နိဗ္ဗာန်ထိ အောင် ကျေးဇူးပြုနိုင်မှတော့ အခြားသော လူနတ်ချမ်းသာခြင်းအကျိုးတရားတွေကတော့ ထင်မှတ်မထားအောင် ရမှာ မလွဲပါဘူး။

ဒါကြောင့်လည်း သီလကိုပင် ကုသိုလ်အားလုံးတို့၏ အစဟု ခေါ်ဆိုသတ်မှတ်ကြခြင်း ဖြစ်ပါတယ်။ အကယ်၍ မိမိအနေဖြင့် ပစ္စုပ္ပန်၊ တမလွန် ဘဝတွေမှာ ကြီးပွားချမ်းသာချင်တယ်ဆိုရင် သီလစောင့်ထိန်းရုံက လွဲပြီး…■

* * *

စံရိပ်ငြိမ်ဆရာတော်

(အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်)

ခေတ္တာရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

အထူးဟောစာတမ်းများ မှာယူနိုင်ပါသည်။ နယ်မှငွေကြိုပို့ပါ။

သင့်စီးပွားရေး. . . တိုးတက်မှာလား/ဆုတ်ယုတ်မှာလား
သင့်အလုပ်အကိုင်. . . အောင်မြင်မှာလား/ကျရှုံးမှာလား
သင့်အိမ်ထောင်ရေး. . . တည်မြဲမှာလား/ကွဲကွာမှာလား
သင့်အချစ်ရေး. . . ဖြောင့်ဖြူးမှာလား/ရှုပ်ထွေးမှာလား
သင့်နိုင်ငံခြားခရီး. . . ကံကောင်းမှာလား/ကြန့်ကြာမှာလား

အသေးစိတ်ရေးထားသော
အထူးဟောစာတမ်းကြီး ၂၀၀၀ဝိ/-
ဟောစာတမ်းကြီး ၁၀၀၀ဝိ/-

နှစ်,လ,ရက် အထိ တွက်ချက်အဟောထုတ်ပေးသည်။ ထိရောက်သော ယတြာများဖြင့် အကြံပြုပေးသည်။

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄



www.burmeseclassic.com

ပြဟ္မဝိဟာရတရားလေးပါ - မြတ်သောနေခြင်း၊ မြတ်သော နေထိုင်ခြင်းဟု အဓိပ္ပာယ်ရသည်။ လောကထဲမှာ လူဆိုတာ တစ်ဦးတစ်ယောက်တည်း နေထိုင်လို့ ရမည့်သူများမဟုတ်ချေ။ အဖွဲ့အစည်းနှင့် အုပ်စုလိုက် နေထိုင်တတ်တဲ့ သတ္တဝါမျိုးသာ ဖြစ်၏။ ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ ဒီအသိုင်းအဝိုင်းကြားထဲမှာ မြတ်သောနေခြင်းဖြင့် နေထိုင်တတ်ရင် မင်္ဂလာတရားနဲ့လည်း ညီညွတ်ပါတယ်။

မင်္ဂလာဆောင်တယ်ဆိုတာ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် အပြန်အလှန် ချစ်ခင်စုံမက်နားလည်မှု ထပ်တူကျလို့ လက်ထပ်တာထက် ဆင်းရဲဒုက္ခ



# မြတ်သောနေခြင်းနှင့် မင်္ဂလာဆောင်ပါ......

ထူးအိမ်မေ

DESIGN KYAW

www.burmeseclassic.com

...က်နေသော သူတစ်ပါးအပေါ်၌ မေတ္တာတရားနှင့် သနား ...ကရုဏာစိတ်ကလေးရှိခဲ့မယ်ဆိုရင် ဒါဟာ မင်္ဂလာဆောင် ...တစ်မျိုးပါပဲ။ ကိုယ်က သူတစ်ပါးရဲ့ အကျိုးကို ဆောင် ...ပေးတာ၊ ကိုယ့်အကျိုးစွန့်၍ သူ့အကျိုးကို လိုလား ...င့်တ အလိုက်သိတာတို့ဟာ မင်္ဂလာပါပဲ။

တစ်သက်မှာ တစ်မင်္ဂလာတည်းတဲ့။ သဘာဝ ဝန်းကျင် ... အစဉ်အမြဲပြောနေသည့် စကားလေးတစ်ခွန်းပါ။ တစ် ...မှာ တစ်မင်္ဂလာဆိုတာ စာရေးသူအနေနှင့် မငြင်းဆန် ... တစ်သက်မှာ တစ်မင်္ဂလာဆောင်တာထက် ဖြဟ္မစိုဟာရ ...လေးပါးနှင့်အညီ မြင့်မြတ်တဲ့ အလုပ်တွေကို လုပ်နေ ...သူတွေဟာ မင်္ဂလာဆောင်နေတာနဲ့ အတူတူပါပဲ။ မင်္ဂလာ ... နေမယ်၊ မင်္ဂလာရှိတဲ့ အတွေးတွေကို တွေးမယ်၊ မင်္ဂလာ ...မယ့်စိတ်ကလေးနဲ့ နေတိုင်း မင်္ဂလာဆောင်မယ်ဆိုတဲ့ ...တွေးလေးတစ်ခု ဦးနှောက်ထဲ ဝင်လာအောင် ကောင်းတာ ...ပဲ လုပ်မယ်၊ မကောင်းတဲ့ အတွေးတွေကို ပယ်မယ်၊ ...ဟာ မြတ်သောသူတို့ရဲ့ နေထိုင်ခြင်း မင်္ဂလာပါပဲ။ ရှိသေ ...ထိုက်တဲ့သူတွေကို ရှိသေလေးစား၊ ပူဇော်ထိုက်တဲ့သူတွေကို ...ဇော်ခြင်း၊ ချီးမြှောက်ထိုက်တဲ့သူကို ချီးမြှောက်ခြင်း စသည် ... တစ်နေ့မှာ ပုံမှန်လည်ပတ်ချိန်ဟာ ၂၄နာရီတည်းပါ။ ...ယ့်ရဲ့ စိတ်ကို ကောင်းတဲ့ဘက်မှာ ထားကာ အကြိမ်ကြိမ် ...သပ်ကြည့်ပါ။ ငါးပါးသီလတွေ ခန္ဓာကိုယ်မှာ မပြည့်စုံသေး ... ပြည့်စုံအောင် လေ့ကျင့်ဆောက်တည်ပါ။ သဒ္ဓါစွမ်းအား ...ဒ္ဓ ဆုတ်ယုတ်နေရင်လည်း ပြည့်စုံ ကြွယ်ဝလာအောင် ... ကိုယ်ကျင့်တရား နည်းပါးနေရင် အားကောင်းအောင် ...မယ်၊ မင်္ဂလာလမ်းမှာ လျှောက်လှမ်းဖို့ ကိုယ့်ကိုယ်ကိုယ် ...ကောင်းအောင် စိတ်လေးထားတတ်ရင် နေ့စဉ် မင်္ဂလာဆောင် ...ပါပဲ။ လူတိုင်း လူတိုင်း လူ့ကျင့်ဝတ်ကို သိပြီး မေတ္တာ ...ရားနှင့် အချင်းချင်း တတ်စွမ်းနိုင်သမျှ ကူညီစောင့်ရှောက် ...ည်ဆိုလျှင် လူ့လောကကြီးဟာ အစဉ်ထာဝရ သာသာ ...ယာနှင့် အေးချမ်းသွားဖို့ပဲ ရှိသည်။

ဗြဟ္မစိုရ်တရားလေးပါးမှာ -

(၁) မေတ္တာချစ်ခြင်း - သတ္တဝါများ၏ အကျိုးစီးပွားကို လိုလားခြင်း။

(၂) ကရုဏာ - သနားကြင်နာခြင်း၊ ဒုက္ခရောက်နေ သူများကို ကယ်တင် စောင့်ရှောက်ခြင်း။

(၃) မုဒိတာ - ဝမ်းမြောက်ဝမ်းသာ၊ ချမ်းသာသူများ အပေါ်၌ ဝမ်းမြောက်နေခြင်း။

(၄) ဥပေက္ခာ - လျစ်လျူရှုခြင်း၊ ဝမ်းနည်းဝမ်းသာခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းတို့၏အလယ်၌ မယိမ်းမယိုင် နေနိုင်ခြင်း။ ဒီဗြဟ္မစိုရ်တရားလေးပါး လက်ကိုင် ထားမည်ဆိုပါက လူ့ဝန်းကျင်မှာ မြတ်သော နေခြင်းနှင့် မင်္ဂလာဆောင်နေတာပါပဲ။

၁။ **မေတ္တာ** - သူတစ်ပါးအကျိုးကိစ္စ ပြီးမြောက် အောင် စေတနာ့ဝန်ထမ်းသဘောဖြင့် ကူညီစောင့်ရှောက် ဆောင်ရွက်ပေးမည်ဆိုက ဘယ်တစ်ဦးတစ်ယောက်ကမှ လက်မခံဘဲ ရှိမလဲ။ အားလုံး ဝမ်းမြောက်ဝမ်းသာနှင့် လက်ခံ ကြမှာချည်းပဲ။ ချမ်းသာစေလိုတဲ့ မေတ္တာတရားကို လူတိုင်း လက်ခံနိုင်တဲ့အတွက် ဒီမေတ္တာတရားကို လူတိုင်း ကျင့်သုံး သင့်အပ်ပေ၏။ လမ်းမှာ သွားလာနေတဲ့ လူတစ်ယောက်ကို ပြုံးရွှင်တဲ့ မျက်နှာထားနဲ့ ကြည့်ရင် အဲဒီလူကလည်း အပြုံး နှင့် ချိုသာတဲ့ စကားနဲ့ နှုတ်ဆက်ပြုံးပြပါလိမ့်မယ်။

မေတ္တာကာယကံ၊ မေတ္တာ ဝစီကံ၊ မေတ္တာ မနော ကံဆိုပြီး မေတ္တာသုံးမျိုးရှိ၏။ ကိုယ်ချင်းစာ တရားနှင့် တစ်ပါး သောသူအပေါ် ချမ်းသာအောင် သူ့ရဲ့ အကျိုးကို ကိုယ်ထိ လက်ရောက် ကူညီဆောင်ရွက်ပေးတာဟာ ကာယကံမေတ္တာ ပါပဲ။ သူတစ်ပါး နားချမ်းသာအောင် မေတ္တာပို့တာ၊ သူ့အကျိုး ကိစ္စ ပြီးမြောက်အောင် ညွှန်ကြားတာ၊ နှုတ်ဖြင့် စီမံ ဆောင် ရွက်ပေးနေတာဟာ ဝစီကံမေတ္တာမည်၏။ ချမ်းသာစေလိုတဲ့ ဆန္ဒစိတ်သက်သက်နဲ့ နှလုံးသွင်းပါ။ မနောကံမေတ္တာ နေ့စဉ် သာ ပွားများအပ်ပေ၏။

၂။ **ကရုဏာ** - ကိုယ့်အောက်က သူတွေ၊ ဒုက္ခ ရောက် ဆင်းရဲနေတဲ့သူတွေ၊ လူလူချင်း နိုင်ရာညှင်းဆဲ နှိပ်စက်ခံနေရခြင်း။ တစ်နည်းအားဖြင့် အတိဒုက္ခရောက်နေသူ တွေကို မြင်တွေ့၊ ကြား၊ သိရလျှင် သူ့အလိုလို စိတ်နှလုံး မှာ ထိခိုက်တုန်လှုပ်တတ်၏။ ထိုသို့ ထိခိုက်တုန်လှုပ်တတ်တဲ့ သူကို သူတော်ကောင်းလို့ ခေါ်ဆိုနိုင်၏။

ဝိသုဒ္ဓိမဂ်မှာ ပရဒုက္ခေ - သူတစ်ပါး၏ ဆင်းရဲသည် သတိရှိလတ်သော်၊ သာဓုန် - သူတော်ကောင်းတို့၏ ဟဒယ ကမ္ပံ - နှလုံး၏ တုန်လှုပ်ခြင်းကို၊ ကရောတီတိ - ပြုတတ် သောကြောင့် ကရုဏာမည်၏။ သူတစ်ပါးမှာ တွေ့ကြုံ ခံစားနေရတဲ့ ဒုက္ခဆင်းရဲကို ပယ်ဖျောက်ချင်တဲ့ သဘော။ တတ်နိုင်တဲ့ ကိစ္စဆိုလျှင် ဒီဆင်းရဲဒုက္ခတွေ ပျောက်အောင် ဆောင်ရွက်ပေးမည်။ ကိုယ် မတတ်နိုင်တဲ့ ကိစ္စဖြစ်နေရင် တောင်မှ သူတစ်ပါးဆင်းရဲကို ပ,ပျောက်စေချင်နေတာပါပဲ။ အတိဒုက္ခ သောကရောက်နေတဲ့သူကို တွေ့ရသောအခါ သနားကြင်နာတတ်တဲ့သူမှာ ဖြစ်မှုဖြစ်ရလေ၊ စုတ်တသပ်သပ်



www.burmeseclassic.com

www.burmeseclassic.com

နှင့် သနားစိတ်ကလေးဖြစ်နေမယ်ဆိုလျှင် မိမိခန္ဓာမှာ ကရုဏာစိတ်ရှိတယ်လို့ သတ်မှတ်အံ့ပ်ပေ၏။

၃။ **မုဒိတာ** - ပင်ကိုယ်သဘောအားဖြင့် ချမ်းသာသုခနှင့် ပြည့်စုံသော သတ္တဝါတွေအပေါ်၌ ဝမ်းမြောက်ဝမ်းသာခြင်းသည် မုဒိတာ သဘာဝဖြစ်၏။ အဖက်ဖက်မှ ပြည့်စုံနေသူအား မငြူစူခြင်း၊ ကျေနပ်ခြင်းသဘောရှိ၏။ သူတစ်ပါးစည်းစိမ်ချမ်းသာ၌ မပျော်မွေ့နိုင်ခြင်း၊ မရှုဆိတ်ခြင်း၊ မနာလိုခြင်း ပယ်ပျောက်တတ်၏။ မုဒိတာစိတ်ကလေးရှိနေလျှင် အတွင်းသန္တာန်၌ ပညာတတ်တာ သူတော်လို့၊ ရာထူးတွေ တိုးတက်တာ သူရိုးသား ကြိုးစားလို့ စသည်ဖြင့် ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နေမယ်ဆိုရင် ကိုယ်လည်းစိတ်ချမ်းသာ၏။ တစ်ပါးသောသူအပေါ်၌ မုဒိတာပွားရာရောက်စေ၏။ ကြီးပွားချမ်းသာသူအား တွေ့လျှင် သြော်...သူကြီးပွားချမ်းသာနိုင်ပါစေ၊ ကြီးပွားချမ်းသာမှုမှ မဆုတ်ယုတ်ပါစေနှင့် စသည်ဖြင့် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံနေသူအား မြင်တွေ့ရသောအခါ ယောနိသောမာန သိကာရ - သင့်လျော်သော စိတ်နေစိတ်ထားနှင့် ဝမ်းမြောက်ခြင်း စသည့် မုဒိတာဖြစ်၏။

၄။ **ဥပေက္ခာ** - ဤသူကိုတော့ ငါ ဥပေက္ခာပြုထားပြီ စီးပွားရေးမှာလည်း ငါ လျစ်လျူရှုထား၏ စသည့် အရေးမယူ ဂရုမစိုက်ခြင်းသဘောမျိုးကို လျစ်လျူရှုခြင်း ဥပေက္ခာအဖြစ် သုံးစွဲပြောဆိုနေကြသောကြောင့် ဥပေက္ခာသည် အရေးမပါ အရာမရောက် တန်ဖိုးမရှိသကဲ့သို့ဖြစ်နေသည်။ စင်စစ်အားဖြင့် ဥပေက္ခာဖြင့် ရန်သတ္တဝါ ပညတ်ကို အာရုံပြုဂရုစိုက်ရမည်သာဖြစ်သည်။ ဥပေက္ခာ၏ သဘောမှာ အာရုံမပြု၊ ဂရုမစိုက်၊ စွန့်ပစ်ရသော သဘောမျိုးမဟုတ်ဘဲ အာရုံပြု၍ ဂရုစိုက်ရမည့်သဘောထားရှိသည်။ ထိုသို့ ဂရုစိုက်ရာတွင် ငါနှင့်တကွ သတ္တဝါအားလုံး ချမ်းသာစေရန် တစ်စုံတစ်ရာ အားထုတ်မှုပြု၍မရ။ ချမ်းသာထိုက်သော ကံပါသူချမ်းသာမည်၊ ဆင်းရဲထိုက်သော ကံပါသူ ဆင်းရဲမည်။ သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှုသည် မိမိတို့၏ ကံနှင့်သာ သက်ဆိုင်သည်။ တစ်စုံတစ်ရာမျှ ကြောင့်ကြစိုက်ထုတ်၍ မရနိုင်ဟူ၍ သတ္တဝါတို့ကို အာရုံပြုကာ ထင်ထင်ရှားရှား နှလုံးသွင်းနိုင်မှသာလျှင် ဥပေက္ခာစစ်စစ်ဖြစ်သည်။ သတ္တဝါများအတွက် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြမှု မပြုရသဖြင့် ဥပေက္ခာတရားသည် သိမ်မွေ့လှ၏။ တည်ကြည်ငြိမ်သက်လှ၏။ ဥပေက္ခာမှာမူ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း မရှိ။ ချစ်ခြင်း၊ မုန်းခြင်း မရှိ။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းလည်း မရှိ။ သတ္တဝါတစ်ဦး ချမ်းသာမှုသည် သူ့ကံအလျောက်သာ ဖြစ်သည်။ အထူးအဆန်း မဟုတ်။ သတ္တဝါတစ်ယောက် ဆင်းရဲဒုက္ခရောက်နေမှုသည်လည်း သူ့ကံအလျောက်သာ ဖြစ်သည်။ မိမိက တစ်စုံတစ်ရာ ကြောင့်ကြစိုက်ထုန်ရန် မလို။ ဤကဲ့သို့ အစွန်းနှစ်ဖက်သို့ မကျစေဘဲ ထိန်းနိုင်ခြင်းသည် အလယ်လမ်းကြောင်းတည် တည့်သာလျှင် လျှောက်သွားနိုင်သော ကြိုးတန်းလျှောက် သမားနှင့် တူသည်။ ကြိုးတန်းလျှောက်သူသည် ဟန်ချက် ညီညီ ထိန်းထားနိုင်ရန်အတွက် တုတ်ရှည်တစ်ချောင်းက ကိုင်တွယ်၍ ချိန်ဆထားသည်။

ဟန်ချက်ကို ထိန်းထားသည့် ဝဲ-ယာ မည်သည် ဘက်ကိုမျှ အလေးချိန်မပိုစေရအောင် ယင်းတုတ်ရှည်ဖြ အလေးချိန်ကို ညှိပေးထားသည်။ မျက်စိကိုလည်း ဝဲယာ ဘေးနှစ်ဖက်သို့ မကြည့်ဘဲ ကြိုးတန်းကိုသာလျှင် မြင်အော ကြည့်ထားသည်။ ဤနည်းအားဖြင့် ကြိုးတန်းလျှောက် သည် ဝဲယာနှစ်ဖက် ယိမ်းယိုင်မှုမရှိဘဲ အလယ်တည့်တည ဟန်ချက်ကို ထိန်း၍ သွားလာလှုပ်ရှားနိုင်သည်။ ဘုရ အလောင်းတော်များ၏ ဥပေက္ခာပါရမီဖြည့်ကျင့်ပုံကား အလ တရာ ကြက်သီးမွေးညင်းထလောက်အောင် ပြင်းထန်လှ ၏။ ထို့ကြောင့် ဥပေက္ခာပါရမီဖြစ်သော အကျင့်ကို "လော မဟံသ စရိယ"ဟု ခေါ်ဝေါ်လေသည်။ လောမ - မွေးညင် ဟံသ - ရွှင်ခြင်း၊ ထခြင်း၊ ထောင်ခြင်း စရိယအကျင့်။

◆◆◆

ရှေးအခါက ဘုရားလောင်းတော်သည် စည်းစိမ်ဥစ္ တို့ကို ပယ်စွန့်၍ ရဟန်းပြုလိုသော်လည်း အကယ်၍ ရဟ ပြုလျှင် ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်း၊ ထင်ရှားနေမည်ကိုလည မနှစ်သက်။ ရဟန်းမပြုဘဲ လောကဓံတရားများ ခံနိုင်ရည်ရှ ရှိပါမည်ဟုလည်း ကြံစည်မိသည်။ ထို့နောက် အလောင်းတေ သည် အထူးသဖြင့် သူတစ်ပါးတို့၏ အနှိပ်အစက်ဒဏ် သည်းခံခြင်း စသော အကျင့်ဖြည့်ကျင့်လျက် သူတစ်ပါး အပေါ်၌ လျစ်လျူရှုခြင်းတည်းဟူသော ဥပေက္ခာပါရမီအထွ အထိပ်သို့ ရောက်စေအံ့ ကြံစည်လျက် ဝတ်မြဲတိုင်း အဝ အစားဖြင့် အိမ်မှ ထွက်ခွာလာခဲ့သည်။ မြင့်မြတ်လှသ ခေါင်းပါးသော အသက်မွေးခြင်းရှိလျက် အားမရှိတရှိ နုံ နုံအကဲ့သို့၊ သူတစ်ပါးအပေါ် စိတ်မဆိုးတတ်သူကဲ့သို့ ထ မြင် ယူဆလာအောင်၊ အများတကာ၏ မလောက်ေ မလောက်စား ညှဉ်းဆဲနှိပ်စက်စရာဖြစ်အောင် အသွင် ၍ တစ်နေရာတွင် တစ်ညတာအိပ်လျက် မြို့ရွာနိဂုံးအ သွားလာနေထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

အလောင်းတော်သည် ဤကဲ့သို့အားဖြင့် မရှိမသေမှု၊ မောင်းမှုများစွာ အပြုခံရသောနေရာ၌ အချိန်ကြာ နေတော်မူသည်။ စိတ်နေစိတ်ထားနှင့် ကိုယ်နှုတ် မရိုင်းပျသော်လည်း အသွင်အပြင်အားဖြင့်မူ သူ အထင်သေးစရာ၊ မရှိသေပြုစရာ၊ ဆဲဆိုကြိမ်းမောင်း နေသည်။ နေအိမ်မှ ထွက်လာကတည်းက ဝတ်ထား အဝတ်အစားများကလည်း ဟောင်းနွမ်းဆွေးမြည့် နေလေပြီ။ အရှက်လုံရုံမျှသာ ရှိတော့သည်။ အမြင် ၍ သူတစ်ပါးက အဝတ်အပိုင်းအစလေးများ လာ လည်း လက်မခံ။ အရှက်တရားကို ရှာ အရာဝတ္ထု ဖုံးကွယ်လျက် လှည့်လည်သွားလာနေလေသည်။

တစ်နေ့တွင် အလောင်းတော်သည် စရိုက်ကြမ်း၍ သော ကလေးများရှိသည့် ရွာတစ်ရွာသို့ ရောက်ရှိ သည်။ ထိုရွာမှ ကလေးများသည် စရိုက်ကြမ်း၍ နှုတ် ကြမ်း၏။ မိုက်ရိုင်း၏။ ပြောင်လှောင်တတ်၏။ လူအို ဆင်းဆင်းရဲရဲ လမ်းသွားနေသူတို့ကို မြင်လျှင် ကတော့ ပြာထည့်၍ ကျောပေါ်သို့ ပက်လောင်းတတ်ကြသည်။ မချိမဆံ့ဖြစ်နေအောင် ဆပ်သွားရှက် ချိုင်းကြား ထိုး၍ပေးတတ်ကြသည်။ အလောင်းတော်သည် ကလေးများကို တွေ့မြင်ရလျှင် ယခု ငါသည် ဥပေက္ခာ ပြည့်စုံရန် အကြောင်းအထောက်အပံ့ကောင်းကို ရပြီဟု ည်လျက် ထိုရွာတွင် နေတော်မူသည်။ ထိုရွာမှ ဆိုးသွမ်း သော ကလေးအုပ်သည် အသွင်အပြင် မတင့်တယ်ဘဲ သဖွယ်ဖြစ်နေသော အလောင်းတော်ကို မြင်တွေ့လျှင် ကြ ပြောင်ကြ ဆဲဆိုကြ၏။

ပြာ၊ ဖုန်မှုန့်တို့ဖြင့် ပက်ကြ၏။ အလောင်းတော်သည် နိုင်ဟန်၊ ကြောက်ရွံ့ဟန်ဆောင်ကာ ထပြေးတော်မူသည်။ ကလေးများသည်လည်း အလောင်းတော်နောက်သို့ လိုက် ၍ မခံနိုင်အောင် ပြုလုပ်ပြောဆိုကြသည်။ အလောင်းတော် သည် သုသာန်အနီးသို့ ရောက်လျှင် ဤအရပ်၌ ဤကလေး တို့အား တားမြစ်ပြောဆိုမည့်သူ မရှိ။ ငါ၏ ဥပေက္ခာ ရမီကို အောင်အောင်မြင်မြင် ဖြည့်ရတော့မည်ဟု ကြံစည် ကာ သုသာန်အတွင်းသို့ ဝင်၍ လူရိုးတစ်ခုကို ခေါင်းအုံးကာ အိပ်နေတော်မူသည်။ ယင်းသို့ အိပ်နေသော အလောင်းတော် အား ကလေးမိုက်တို့သည် အမျိုးမျိုးပြောဆို ပြောင်လှောင် ပုတ်ခတ်ကြသည်။ ခွဲခန်း၊ တံတွေး၊ နှပ်ချေးတို့ဖြင့် ထွေးပက် ကြသည်။

ကလေးတွေ ထိုသို့ပြုမူခြင်းအပေါ်၌ အလောင်းတော် သည် ဝမ်းသာမှုလည်း မဖြစ်၊ ဝမ်းနည်းမှုလည်း မဖြစ်၊ စိတ်ဆိုးမှု၊ နှလုံးမသာယာမှုလည်း မဖြစ်၊ မိမိအား ဘာမှမပြု သကဲ့သို့၊ ဘာမှမဖြစ်သကဲ့သို့ ပကတိအခြေအနေအတိုင်း အမှုမဲ့ အမှတ်မဲ့ နေတော်မူသည်။

ဤသို့ ပြုလုပ်ခံရသည်ကား တစ်နေ့တည်း၊ တစ်ရက် တည်း မဟုတ်ချေ။ နေ့တိုင်းသာပင်ဖြစ်၍ တစ်နေ့တွင် ထိုရွာ က ပညာရှိ လူကြီးများသည် ထိုအဖြစ်ကို သိမြင်ကြသဖြင့် မပြုလုပ်ကြရန် ကလေးများအား ဝိုင်းဝန်းတားမြစ်ကြ၏။ အလောင်းတော်ကိုလည်း ဤပုဂ္ဂိုလ်ကား အာနုဘော်ကြီးလှ သော ရသေ့သူမြတ်၊ ယောဂီသူမြတ်ဖြစ်သည်ဟု သိရှိကြ ကာ များစွာပူဇော်သက္ကာရပြုကြသည်။ အလောင်းတော်သည် ကား မိုက်ရိုင်းသော ကလေးများ ငါ့ကို စော်ကားကြသည်၊ ပညာရှိသော လူကြီးများက ငါ့ကို ပူဇော်ကြသည်ဟု ကလေး များနှင့် လူကြီးများအပေါ် မုန်းခြင်း၊ ချစ်ခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း လုံးဝမရှိဘဲ အလယ်အလတ်သဘောဖြင့် ထပ်တူညီမျှသော စိတ်သဘောထားလျက် လျစ်လျူရှုကာ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ဆည်းပူးတော်မူလေသည်။ အလောင်းတော်မြတ် ဤကဲ့သို့ ကျင့်တော်မူပုံကို မြင်ရသူ တိုင်း ကြက်သီးမွေးညင်းထကြရသောကြောင့် ဤအကျင့်ကို "လောမဟံသ စရိယအကျင့်" ဟု ခေါ်လေသည်။

ဤကဲ့သို့ ချစ်ခြင်း၊ မုန်းခြင်း ငြိမ်းအေးလျက် ပကတိ အတိုင်း နေနိုင်လျှင် ဥပေက္ခာနှင့် ပြည့်စုံပြီး မြတ်သောနေ့ ဖြင့် မင်္ဂလာဆောင်တာပါပဲ။ ခန္ဓာကိုယ်မှာ ဥပေက္ခာစစ်မှ တစ်စုံတစ်ရာ မသိမမြင်ဘဲ တွေတွေဝေဝေ ငေးမှိုင်နေခြင်း မဟုတ်။ သတ္တဝါတို့ ချမ်းသာကြောင်း၊ ဆင်းရဲကြောင်း အကောင်းအဆိုးကို သိသည်။ သို့သော် ထိုကိစ္စများသည် ငါနှင့် မသက်ဆိုင်။ ထိုသူတို့၏ ကံနှင့်သာ ဆိုင်သည်ဟု ထင်ထင်မြင်မြင် နှလုံးသွင်းခြင်းသာဖြစ်ပါသည်။

ထို့ကြောင့် နေ့တွဲအင်္ဂကထာ၌ ပြင်းစွာ တွေဝေငေးမှိုင် ခြင်းသည် ကောင်းကောင်း ဆိုးဆိုး အာရုံအမျိုးမျိုးတို့၌ လျစ်လျူရှု ဟန်ဆောင်လျက် လှည့်ပတ်သည်။ မောဟ ဥပေက္ခာဟန်ဆောင်၍ လှည့်ပတ်တတ်သည်။ ကုသိုလ်တရား တို့၌ အားမထုတ်လိုခြင်းသည် ဥပေက္ခာဗြဟ္မစိုရ်အယောင် ဆောင်၍ ပျင်းရိခြင်း ကောသဇ္ဇတရားတို့က မိမိတို့အား မလှည့်ပတ်နိုင်အောင် အထူးသတိဆောင်အပ်ပေ၏။

ဗြဟ္မစိုရ်လေးပါးအနက် မေတ္တာသည်လည်း မေတ္တာ စွမ်းအားအလျောက်၊ ကရုဏာသည်လည်း ကရုဏာစွမ်းအား အလျောက်၊ မုဒိတာသည်လည်း မုဒိတာအလျောက်၊ ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com

သည်လည်း ဥပေက္ခာစွမ်းအားအလျောက် အစွမ်းထက်ကြသည်။ တန်ခိုးအာနုဘော် ကြီးမားကြသည်။ ဆယ့်တစ်မျိုးသော အကျိုးအာနိသင်တို့ကို ရရှိရာ၌လည်း တူညီကြသည်။

ဝေါဟာရအနေအားဖြင့် မေတ္တာကို ဦးစားပေးကြသည်။ မေတ္တာကို အထွတ်အထိပ်တင်ထားကြသည်။ ရှင်တော်ဘုရားအောင်ခြင်းရှစ်ပါးကို အောင်တော်မူခြင်းသည်လည်း မေတ္တာအာနုဘော်အစွမ်းကြောင့်ဖြစ်သည်။ သို့ရာတွင် သာမန်လူသားတို့၏ မေတ္တာကို မဆိုထားနှင့်ဦး၊ ဗုဒ္ဓဘုရား၏ မေတ္တာကိုပင် မဟာတပ်၍ မဟာဖြစ် ဝိသေသနပြု၍ မဟာမေတ္တာတော်ဟု ကျမ်းဂန်စာပေတို့၌ အသုံးအနှုန်းဝေါဟာရ မရှိပေ။ ထို့အတူ မုဒိတာ ဥပေက္ခာကိုလည်း မဟာပုဒ်ဖြစ် ဝိသေသနပြု၍ မဟာဥပေက္ခာဟူသော အသုံးအနှုန်းများ မရှိပေ။ အဘယ့်ကြောင့်နည်း။

မေတ္တာသည်ကား သုခိတ၊ ဒုက္ခိတ သတ္တဝါတို့အပေါ် အညီအမျှ ချစ်ခြင်းမေတ္တာစိတ်မျှသာ ဖြစ်၏။ မုဒိတာသည်လည်း သုခိတ၊ ဒုက္ခ သတ္တဝါတို့အပေါ် ဝမ်းမြောက်ခြင်း မုဒိတာစိတ်မျှသာ ဖြစ်၏။ ဥပေက္ခာသည်လည်း သတ္တဝါတို့အပေါ် ကံအတိုင်းသာဟု လျစ်လျူရှုခြင်း ဥပေက္ခာစိတ်ဖြင့်သာ ဖြစ်၏။ ထိုဥပေက္ခာကို သဗ္ဗညုတဉာဏ်အနေဖြ… ဉာဏ်အရာ၌ ထားသော်လည်း ထိုဉာဏ်ကို ဝိပဿနာပွ… လျှင် ရရှိနိုင်ကြသည်။ ထိုမေတ္တာ ဥပေက္ခာတို့သည် အာသ… မာရဏဉာဏ်တော်အရာ၌ မပါဝင်နိုင်ကြပေ။

ဗုဒ္ဓဘုရားရှင်၏ သတ္တဝါအားလုံးအပေါ် သနားကြင်န… တော်မူခြင်း ကရုဏာကိုကား သနားခြင်း ကရုဏာစိတ်မျှသ… မက၊ အာသာဓာရဏဉာဏ်တော် မဟာကရုဏာ သမာပတ္တ… ဉာဏ်တော်ဟူ၍ ခေါ်ဝေါ်သုံးနှုန်းကြလေသည်။ ထို့ကြော… ဖြဟ္မစိုရ်တရားလေးပါးအနက် ကရုဏာဖြဟ္မစိုရ်သည် မဟ… ထိုက်သော ဖြဟ္မစိုရ်ဖြစ်သည်။ ကရုဏာတစ်ခုသည်သ… မဟာကရုဏာတော်ဟု သုံးရလေသည်။

ဒါကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတ… နှင့်အညီ မြတ်သောနေခြင်းဖြင့်သာ နေ့စဉ် မင်္ဂလာဆောင်အ… ပေ၏။

* * *

ထူးဇော်ခေ(နေ့ဒ…

ကျမ်းကိုး

- ဗုဒ္ဓဘာသာလက်စွဲကျမ်း။


အတိတ်က်ဘဝတစ်ခုမှာ

သင်နှင့် ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့…

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၉၃၀ ၂၅၉၉၅

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံပြီ။




www.burmeseclassic.com

www.burmeseclassic.com

ခြံဝန်းတံခါးဂိတ်မှ ခေါင်းလောင်းသံ မြည်တွန်တောက် [illegible]သည်နှင့် မြေးဖြစ်သူ ဝင်းခန့်တစ်ယောက် ခြံတံခါးသော [illegible]၍ ပြေးထွက်သွားသည်ကို နံနက်စာစားနေသော ကျွန်တော်မြင်လိုက်ရသည်။ ခြံထဲသို့ ဝင်လာသည့် အဝှား [illegible]သည် အိမ်မျက်နှာစာသို့ ရောက်လာသည်။ မည်သည့် [illegible]သည်များ အလည်လာသည်ကို သိရှိလိုသည်နှင့် အိမ် [illegible]ဝသို့ ထွက်ကြည့်ပြီး ခရီးဦးကြိုပြုမိသည်။



အမျိုးလှ

# ဂါထာလေးလုံး စမကြီးကိုသုံး



www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ဦးခင်မောင်ကြည်တို့ ဇနီးမောင်နှံပါလား"

"ဟုတ်ကဲ့ ဦးမျိုး၊ ဘုရားဖူးက ပြန်လာတာ။ ဦးမျိုးနဲ့ လည်း တွေ့ချင်တာနဲ့ တစ်ထောက်နားတာပါ"

"ကဲ - ကဲ၊ လာကြ၊ အထဲဝင်ကြ။ မြေးလေး ဝင်းခန့် ရေ မင်းဘကြီးတွေရဲ့ ပစ္စည်းတွေ ကားပေါ်က ဝိုင်းချပြီး အိမ်ထဲ ယူခဲ့ကြ"

"ဆရာ နေကောင်းလား"

"နေကောင်းပါဗျာ။ ဒေါ်ညိုတစ်ယောက်လည်း အတော် ဝနေပါလား"

"ဟုတ်ကဲ့ ဆရာမျိုး။ ဝနေပေမယ့် ခေတ်ပေါ် ရောဂါ တွေက မိတ်ဆက်ခံနေရတယ်"

"ဘာလဲ - ဆီးချို သွေးချိုပေါ့"

"ဟုတ်ပါ့ ဆရာမျိုးရယ်။ အခြေခံက လေးဘက်နာက စတာပဲ"

"ကဲပါ၊ ရောဂါတွေအကြောင်းပြောရင် မောလိမ့်မယ်။ အေးအေးဆေးဆေး အနားယူကြပြီး ထုံးစံအတိုင်း ဟိုအခန်း ထဲမှာ နားကြဗျာ။ ကျွန်တော် ပင်စင်ရုံး ခဏပြေးလိုက်ဦး မယ်"

"သွားပါ ဦးမျိုး။ ကျွန်တော်တို့တော့ နှစ်ညလောက် အိပ်ဦးမယ်။ ရောက်တုန်း စကားလည်း ပြောချင်သေးတယ် ဗျာ"

ကျွန်တော် ဧည့်သည်များကို အားနာနေ၍ မဖြစ်။ ပင်စင်ကိစ္စသည် ချိန်းထားသည့်ရက်၊ အချိန်တို့ကို ရောက်မှ ဖြစ်မည့်မို့ သွားရမည်။ ဧည့်သည်ဆိုသူတွေကလည်း တခြား မဟုတ်။ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာမ ဇနီးမောင်နှံဖြစ်နေသည်က တစ်ကြောင်း၊ ရန်ကုန်သို့ ရောက် လေတိုင်း ကျွန်တော်၏ အိမ်တွင် တည်းခိုလေ့ရှိကြသည်။ ရေးဟောင်းနှောင်းဖြစ်ပြောကြ၊ ဆွေးနွေးနေကျဖြစ်သည်မို့ သူစိမ်းဆန်ဆန် ဆက်ဆံနေသည်မဟုတ်လေတော့ အိမ်မှ မိသားစုများနှင့်သာ ထားခဲ့ရသည်။

◆◆◆

"ဦးမျိုးရေ…ကျွန်တော်တို့လည်း နှစ်ညအိပ်မယ်ဆို ပြီး သုံးညတောင်ဖြစ်သွားပြီ"

"ဟာ…ရပါတယ်၊ ဘာအားနာစရာရှိလို့လဲ။ ရောက် တုန်း အေးအေးလူလူနေသွား။ အခုဟာက ဘုရားဖူးက အပြန် ဝင်တာဆိုတော့ ပင်ပန်းနေကြပြီပေါ့"

"အဲဒါလည်း ပါတယ် ဦးမျိုးရေ၊ အသက်က ကြီးလာ တော့ အရှိန်ယူရတယ်"

"ဒေါ်ညိုတို့ နှစ်ယောက်စလုံး ဘုရားဖူးထွက်တော ကုန်စုံဆိုင်ကို ဘယ်သူ ဦးဆောင်လဲ"

"သမီးအကြီးလေ၊ သမက်ကလည်း ရှိတော့ နောက် ကြောင်းအေးအေး ခရီးထွက်ခဲ့ရတာပါ"

"ဩော်…အဲသည် အကြီးမ မိသားစုရော စီးပွားရေ အခြေအနေကောင်းရဲ့လား။ အိုးပိုင်အိမ်ပိုင်ရော ရှိကြပြီလား"

"အိမ်ခွဲထွက်နိုင်ကြပြီလေ၊ သူတို့စီးပွားရေးနဲ့ သူတို့ တစ်ခါတလေ ကျွန်မတို့ကိုတောင် ပြန်ကြည့်နိုင်သွားပြီ"

"ဩော်…တယ်လည်း အားကိုးရပါလား။ အေး ဗျာ၊ ကျုပ်တို့တွေ အသက်ကြီးလာတော့ သားသမီးတွေ ပြန်ကြည့်သင့်တာပေါ့"

"အောင်မလေး…ဆရာမျိုးရယ်၊ သမီးကြီးက ကျွန် တို့ထက် ဘာသာတရားကိုင်းရှိုင်းပြီး လောကကို အတော သတ်နိုင်တယ်။ ဘာသာရေးနဲ့ ပတ်သက်လာရင် သူ ဆရာမ ပြန်လုပ်နေတယ်"

"ဟားဟားဟား…အခုခေတ် ကလေးတွေ သိပ် ကောင်းတယ်။ ဆရာတော်ကြီးတွေရဲ့ တရားသံ၊ ဟောပြေ သံတွေကို ကြားနေရတော့ ဘာသာတရား ကိုင်းရှိုင်းတတ် ပြီပေါ့"

"ဟုတ်ပါတယ် ဆရာမျိုး။ သူက ကျွန်မကို အန္တရာ ကင်း၊ စီးပွားလာဘ်လာဘ တိုးတက်ပြီး ကြံသမျှ အော လုပ်သမျှကိစ္စ ပြီးစီး အောင်မြင်တယ်ဆိုတဲ့ စမကြီးလေး ဂါထာကို အခေါက်တစ်ထောင်ရွတ်ပြီး ပုတီးစိပ်နိုင်းတ ဆရာရေ"

"ဟင်း…တယ်ဟုတ်ပါလား။ အဲဒီတော့ ဒေါ်ညို လိုက်လုပ်ပြီး အကျိုးသက်ရောက်မှုရော ခံစားရရဲ့လား"

"လာဘ်လာဘကတော့ ဆရာရေ မပြတ်ဝင်တာပေ ထူးဆန်းတယ်"

"ကဲ-ကဲ၊ ဒေါ်ညိုတို့လည်း ပြန်တော့မယ်ဆိုတေ ရော့…ရော့၊ အဲသည်ဂါထာကို ရေးပေးခဲ့ပါဗျာ"

စက္ကုမာစရ မာစိက္ကော၊
မမ္မည၊ မမ္မသာမိကော၊
ဗလုပေတော၊ ဗလရော၊
ဝရဒေါ ဒေဝတုမေဝရံ။ ■

* * *



www.burmeseclassic.com

www.burmeseclassic.com




## နုပျိုတုန်းမှာ အစားအစာ

# ပုံရွာဇော

www.burmeseclassic.com

www.burmeseclassic.com

(က)

အစာအာဟာရဟာ သက်ရှိ သတ္တဝါတို့အတွက် အသက်ပါပဲ။ ထောက်ရာတည်မှာ မှီရာပါပဲ။ အဇီဝလို့ ဆိုတဲ့ အသက်မရှိတဲ့ သစ်ပင်၊ ပန်းမန်တို့မှာလည်း အစာအာဟာရကို မှီဝဲနေကြရတာပဲ ဖြစ်တယ်။ သစ်ပင်များမှာလည်း သူတို့ ရှင်သန်ရပ်တည်နေဖို့အတွက် ဇီဝသဘောတွေ ရှိနေတယ်။ မြေဓာတ်၊ ရေဓာတ်၊ အပူဓာတ်နဲ့ လေတို့ပဲ ဖြစ်တယ်။

ဒီတော့ကာ သက်ရှိ သတ္တဝါမှန်သမျှဟာ "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"ဆိုတဲ့ ဒေသနာတော်အတိုင်း အစာအာဟာရကို တည်မှီပြီး ရှင်သန်နေကြရတယ်ဆိုတာ ထင်ရှားပါတယ်။

ကောင်းပြီ။ လူသားတို့အတွက် အစာအာဟာရဟာ အဓိက လိုအပ်ချက်ဖြစ်သလို၊ တန်ရင် ဆေးဖြစ်တယ်၊ လွန်ရင် ဘေးဖြစ်တယ်ဆိုတဲ့ အဆိုအမိန့်အတိုင်း လိုက်နာကျင့်သုံးရမှာလည်း ဖြစ်ပေတယ်။ ဘယ်လောက်ပင် အာဟာရဓာတ်တွေ ပြည့်ဝပြီး ကောင်းမြတ် မြိန်ရှက်တဲ့ အစားအစာပင် ဖြစ်ပါစေ၊ လိုအပ်တာထက် ပိုပြီးစားသုံးမိရင် ဘေးအန္တရာယ်ဖြစ်စေပါတယ်။ သင့်လျော် မျှတအောင် သုံးဆောင်မယ်ဆိုရင်တော့ဖြင့် အာဟာရဖြစ်ပါတယ်။ ဆေးဖြစ်စေပါတယ်။

ဘုရားရှင် အစရှိတဲ့ အရိယာ သူတော်စင်တွေ ကျင့်သုံးလိုက်နာတော်မူလေ့ရှိတဲ့ စရဏတရားထဲမှာ "ဘောဇနေ မတ္တညုတာ"ဆိုတာ ပါပါတယ်။ ဘောဇနေ မတ္တညုတာဆိုတာ စားသောက်ဖွယ် ဘောဇဉ်တို့ကို စားသုံးရာမှာ အတိုင်းအရှည်သိပါ။ မိမိနှင့် မျှတရုံ ချင့်ချိန်ဘုဉ်းပေး သုံးဆောင်ပါလို့ ညွှန်ကြားချက်ဖြစ်ပေတယ်။

(ခ)

ဘယ်လောက်ပင် ကောင်းမွန်တဲ့၊ မိမိကလည်း ကြိုက်နှစ်သက်တဲ့ အစားအစာပဲ ဖြစ်ပါစေ၊ ဗိုက်ပြည့်တင်းသွားအောင် မစားပါနဲ့။ တနင့်တပိုး အနေအထိုင်ဆိုးလောက်အောင် မစားသောက်ပါနဲ့။ ရေသောက်ရန် ချန်ထားပါ။

"စတ္တာရော ပဉ္စ အာလောပ အဘုတွာ ဥဒကံ ပိဝေ" ဟု ဒေသနာက ညွှန်ပြထားပါတယ်။ အဓိပ္ပာယ်ကတော့ ထမင်းလေးငါးလုတ်စာ ချန်စားပါ။ ပြီးတော့ ရေသောက်ပါတဲ့။ ရေဟာ အစာကို ကျေစေပါတယ်။ ဆရာဝန်တွေကတော့ ရေများများသောက်ပေးရန် အကြံပြုလေ့ရှိကြပါတယ်။ ခန္ဓာကိုယ်မှာ ရေဓာတ်ခန်းခြောက်လို့ ရောဂါဝေဒနာဖြစ်ပွားတာတွေ ရှိပေတယ်။

ယနေ့ ကမ္ဘာပေါ်မှာ အစားအသောက်ကို လွန်ကဲစွာ ခံ့ခံ့မင်မင် စားသောက်လေ့ရှိကြတဲ့အတွက် လူဝကြီးတွေ မြောက်မြားစွာ တွေ့ရတယ်။ အမြင်ရ၊ အကြည့်ရ ဆိုးရုံမှ မက၊ သူတို့ကိုယ်တိုင်မှာလည်း ဝဖြိုးလေးလံလှတဲ့ ခန္ဓာကိုယ်ကြီးကို သယ်ပိုးသွားလာနေရလို့ ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခတွေ ရောက်နေကြလေရဲ့။ ပိုဆိုးတာက အသက်နဲ့ မလိုက်အောင် ငယ်ငယ်ရွယ်ရွယ်နဲ့ အဝလွန်နေသူတွေပါပဲ။

ဝသူတွေကို လမ်းလျှောက်ဖို့၊ ကိုယ်လက်လှုပ်ရှားဖို့ ညွှန်ကြားနေကြတာပါပဲ။ ခေတ်မီနည်းပညာတွေနဲ့ တစ်မျိုး ဆေးဝါးနဲ့ တစ်ဖုံ၊ အစားလျှော့စားနည်းနဲ့ တစ်ပါး၊ အမျိုးမျိုး အစားစားနည်းတွေနဲ့ ဝိတ်ချနေကြတာပါပဲ။ ဒါပေမယ့် ကျေနပ်ဖွယ်ဖြစ်လောက်အောင် ထိရောက်မှု မရှိသေးတာကို တွေ့ရတယ်။ တချို့မှာ နေ့စဉ် လမ်းလျှောက်တော့ ထွက်ကြပါရဲ့၊ လမ်းလျှောက်ပြီး အပြန်မှာ ဆာဆာလောင်လောင်နဲ့ အစားအသောက်ကို ဗိုက်ဝအောင် စားလိုက်တဲ့ အတွက်၊ အဝမပျက်ဘဲ အဝပဲ ဆက်နေတာကို တွေ့ရသေးရဲ့။

(ဂ)

အစာအသောက်လျှော့ပြီး စားလို့ ခန္ဓာကိုယ် အဆီကျ ကာ အသားစစ်သွားတဲ့ ဘုရင်ကြီးတစ်ပါးရဲ့ ဖြစ်စဉ်၊ ဖြစ်ရပ် ကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ကျန်းမာရေး အတွက် အစားလျှော့စားနည်းကို ကျင့်သုံးသွားတာဖြစ်လို့ စိတ်ဝင်စားရုံမှမက၊ လိုက်နာကျင့်သုံးဖို့လည်း ကောင်းပါတယ်။

ဗုဒ္ဓဘုရားလက်ထက်က ပသေနဒီ ကောသလဘုရင် ကြီးဟာ အစားကြီးသူဖြစ်ကြောင်း နာမည်ကျော်ကြားခဲ့တယ်။ တစ်ခါ ပွဲတော်တည်ရင် ဆန်တစ်စိတ်ချက်နဲ့ ဆိတ်တစ် ကောင်စာ ပမာဏညီမျှတဲ့ ဟင်းလျာကို စားသုံးလေ့ရှိ သတဲ့။ (ဆန်တစ်စိတ်၊ ဆိတ်တစ်ကောင်နဲ့ ပွဲတော်တည် တယ်လို့ ပြောလေ့ရှိကြတယ်။) ပွဲတော်တည်ပြီးတာနဲ့ အဲဒီ နေရာမှာပဲ ငိုက်မြည်း ခွေအိပ်သွားလေ့ရှိသတဲ့။

တစ်ခါမှာ ပွဲတော်တည်ပြီးစ ဗုဒ္ဓဘုရားထံပါး တရားနာ သွားရာ တရားကို ကောင်းစွာ မနာယူနိုင်ဘဲ ငိုက်မြည်းလို့ သာ နေပါတော့တယ်။ အဲဒီမှာ မြတ်စွာဘုရားက သိတော်မူ ပြီး• • •

"မင်းကြီး• • •အစားအစာကို များစွာစားခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com

ညီသို့ ဆင်းရဲပင်ပန်း၏။ အစားအသောက်ကို အတိုင်းအရှည် သိကာ ချင့်ချိန်၍ စားခြင်းသည် ချမ်းသာစွာ နေထိုင်ရ၏"လို့ ဟောကြားတော်မူလိုက်တယ်။

ကျန်းမာသက်ရှည် နုပျိုစေရန် စားသုံးနည်းမှာ -

(၁) သတိနဲ့ ချင့်ချိန်စားပါ။

(၂) အစားအစာကို လျှော့စားပါ။

မနုဇဿ သဒါ သတိမတော၊ မတ္တံ ဇာနတော လဒ္ဓ ဘောဇနံ။

တနုကာဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယု ပါလယံ။

အဓိပ္ပာယ်မှာ သတိထား၍ အစားအစာကို ချင့်ချိန် စားသုံးလျှင် အနာရောဂါကင်းရှင်းပြီး အရွယ်တင် နုပျိုစေပါသည်တဲ့။

ကောသလမင်းကြီးဟာ မြတ်စွာဘုရားဟောကြား တော်မူတဲ့ သတိနဲ့ စားခြင်း၊ အစာကို လျှော့၍ လျှော့၍ စားသုံးခြင်းကို နေ့စဉ် ကျင့်သုံးပေရာ ဆန်တစ်စိတ်(လေးပြည်) ချက်မှ ဆန်တစ်စလယ်(နို့ဆီဗူး နှစ်လုံးခန့်)သို့ ကျဆင်းသွား ပါတယ်။ ဟင်းလျာကိုလည်း ဆီတ်တစ်ကောင်ချက်စာမှ မျှတလောက်ရုံ စားသုံးလေရာ ခန္ဓာကိုယ် အဆီကျ၊ အသား ကျစ်ပြီး ပေါ့ပေါ့ပါးပါးဖြစ်သွားပါတော့တယ်။

ဘုရားပေးတဲ့ ကျန်းမာရေးကောင်းအောင် စားသုံးနည်း ကို ကျင့်သုံးလိုက်နာလို့ပါပဲ။

"အာရောဂျ ပရမာ လာဘာ"

ကျန်းမာခြင်းသည် အမြတ်ဆုံး လာဘ်တစ်ပါးဖြစ်၏။ (ဓမ္မပဒ၊ ဂါထာ - ၂၀၂)။

အစားအစာကို ကျန်းမာအောင် စားသုံးခြင်းဖြင့် သက်တမ်းစေ့ နေထိုင်ကြရကာ ဘဝအတွက်၊ ဓမ္မအတွက် (တစ်နည်း)၊ အတ္တဟိတ-မိမိအကျိုး၊ ပရဟိတ-အများအကျိုး စီးပွားများကို စွမ်းနိုင်သလောက် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြု ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

* သတိထားကာ စားသောက်ပါ၊ ကျန်းမာနိုင်ပါသည်။

* မျှတရုံသာ စားသုံးပါ၊ ချမ်းသာနုပျိုသည်။

* အရွယ်နုပျို ကျန်းမာလို၊ မိန့်ဆို လိုက်နာမည်■

* * *

မုံရွာစနေ


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

ညွှန်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟော စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံး များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာ ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်း စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀ကျပ်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက် ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကို နာရီမိနစ်၊စက္ကန့်၊အပါအဝင်လိုအပ်သောယတြာများ:OGဆရာဝန်နှင့်တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည့်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်း များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်း အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/ မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမော သော်လည်းအဆင်မပြေဖြစ်နေသည့်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ် ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင် ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရ မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်း များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့ VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲ လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍မေးမြန်းနိုင်ပါ သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပို့ပေး မည်ဖုန်းသာဆက်လိုက်ပါတိုက်(၄၆)မြေညီထပ်လမ်း(၉၀)မင်္ဂလာတောင်ညွန့်မြို့နယ်

ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01-394727, 0949 312100 , 0949 320960, 01-73009994, 09512521




www.burmeseclassic.com

www.burmeseclassic.com



ယခင်လမှ အဆက်…

**၁၀။ အသံဝိဘာဂ သီလတာက အာဇီဝပါရိသုဒ္ဓိယောင် ဆောင်ခြင်း။**

"အာဇီဝ ပါရိသုဒ္ဓိ ပတိရူပတာယ အသံ ဝိဘာဂ သီလတာ ဝဉ္စေတိ"

**အာဇီဝ ပါရိသုဒ္ဓိ ပတိရူပတာယ** - ဖြူစင်သော အသက်မွေးခြင်းနှင့် တူသဖြင့်၊ **အသံ ဝိဘာဂ သီလတာ** - မိမိပစ္စည်းဉစ္စာတို့ကို ဝေဖန်၍ သုံးဆောင်လေ့ မရှိသော လောဘ၊ မစ္ဆေရ အကုသိုလ်တရားသည်၊ **ဝဉ္စေတိ** - လှည့်ပတ်တတ်၏။

"အရပ်စကားနဲ့ နားလည်အောင် ပြောရရင်တော့ဗျာ သီလ မစင်ကြယ်သူတို့ထံ မိမိပစ္စည်းရောက်သွားမှာ စိုးရိမ် သလိုလိုနဲ့ သင်္ကန်း ပရိက္ခရာ စသည်တို့ကို မဝေဖန်၊ မခွဲ… မပေးမလှူတာကိုပဲ အာဇီဝပါရိသုဒ္ဓိလို့ ထင်နေတတ်ကြသ… တကယ်တော့ တွန့်တိုတဲ့ စိတ်က အယောင်ဆောင်တ… တဲ့။ အဲသည်လောက်ပဲ ဆွေးနွေးကြပါစို့ဗျာ။ နောက်တ… ဆက်ရအောင်"

**၁၁။ မိစ္ဆာဇီဝက သံဝိဘာဂသီလတာယောင်ဆောင်ခြ…**

"သံဝိဘာဂ သီလတာ ပတိရူပေန မိစ္ဆာဇီဝေါ ဝဉ္စေ…



www.burmeseclassic.com

www.burmeseclassic.com

**သံဝိဘာဂ သီလတာ ပတိရူပေန** - မိမိပစ္စည်း ဥစ္စာတို့ကို ဝေဖန်ဖြန့်ဖြူး၍ သုံးဆောင်လေ့ရှိသော သဒ္ဓါမေတ္တာနှင့် တူသဖြင့်၊ **မိစ္ဆာဇီဝေါ** - အလဇ္ဇီပုဂ္ဂိုလ်နှင့် ဝေဖန်ဖြန့်ဖြူး သုံးဆောင်ခြင်းတည်းဟူသော မိစ္ဆာဇီဝ အကုသိုလ်တရားသည်၊ **ဝဍ္ဎတိ** - ခွဲခြမ်းဝေဖန်ခြင်း နာယကဂုဏ်တည်းဟူသော သဒ္ဓါမေတ္တာအယောင် ဟန်ဆောင်လှည့်ဖြားတတ်၏။

"အဲဒါကတော့ အထက်က ဝဍ္ဎနာနဲ့ ပြောင်းပြန်ဖြစ်လိမ့်မယ်ထင်တယ်ဗျို။ အထက်ပါ ဝဍ္ဎနာက သီလမရှိတဲ့ ပုဂ္ဂိုလ်တွေထံ မိမိပစ္စည်းရောက်သွားမှာ စိုးရိမ်သလိုလိုနဲ့ ကိုယ့်ပစ္စည်းများကို မဝေဖန် မခွဲခြားရက်တာ။ အခု ဝဍ္ဎနာကျတော့ သီလ မစင်ကြယ်သူပဲ ဖြစ်ပါစေ၊ ကိုယ့်မှာ နာယကဂုဏ်နဲ့ ပြည့်စုံပြီး သဒ္ဓါမေတ္တာနဲ့ လှူဒါန်း စွန့်ကြဲပေးကမ်းရက်တယ်လို့ အများက ထင်အောင် မိမိပစ္စည်းများကို ဝေ

# ဝဍ္ဎနာဒီပနီ





www.burmeseclassic.com

www.burmeseclassic.com

ခွဲခြမ်းတာလို့ အစိပ်ပွားယ်ကောက်ယူရမယ် ထင်ပါတယ်ဗျာ။ ဒါလည်း သည်လောက်ပဲ ပြောကြပါစို့"

**၁၂။ အသင်္ဂဟာသီလတာက အသံသဂ္ဂဝိပဟာရိတာ ယောင်ဆောင်ခြင်း**

"အသံ သဂ္ဂ ဝိပဟာရိတာ ပတိရူပေန အသင်္ဂဟ သီလတာ ဝဋ္ဋေတိ"

**အသံ သဂ္ဂ ဝိပဟာရိတာ ပတိရူပေန** - ဒါယကာတို့နှင့် မနီးနော၊ ဝိနည်းတရားနှင့် အညီနေလေ့ရှိသော သူတော်ကောင်း ရဟန်းတို့အဖြစ်နှင့် တူသဖြင့်၊ **အသင်္ဂဟ သီလတာ** - တရားနှင့် လျော်သော ဝစနပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရတို့ဖြင့် ဒါယကာတို့အား ချီးမြှောက်လေ့မရှိခြင်းတည်းဟူသော ကရုဏာ မေတ္တာ သဒ္ဓါကင်းသော မသူတော်တရားသည်၊ **ဝဋ္ဋေတိ** - လူတို့နှင့် မရောမနှောခြင်းတည်းဟူသော သီလအယောင် ဟန်ဆောင်လှည့်ဖြားတတ်၏။

"ကိုရေချမ်းရေ…အဲဒီ ဝဋ္ဋနာကျတော့ ဒါယကာတို့နဲ့ မနီးမနော မပြောမဆိုတာကိုပဲ ဝိနည်းတော်ကို ရိုသေစွာ ကျင့်ဆောင်နေသကဲ့သို့ လှည့်ဖြားတတ်ပြန်ရောတဲ့ဗျာ။ သဘောကတော့ ရေငုံဆရာတော်တို့လို အချည်းနှီးသော စကားမျိုး တစ်ခွန်းမှ မထွက်မိ၊ မပြောမိအောင် ခပ်မဆိတ်နေတော်မူတာမျိုးကို ဆိုလိုဟန်မရှိပါဘူး။ ဆရာတော် ဦးဇုမ်တို့လို စာကြည့်ပျက်မှာစိုးလို့ မပြောမဆိုတာမျိုးလည်း မဟုတ်တန်ရာပါဘူး။ ကိစ္စမရှိဘဲ သက်သက်မဲ့ ဒကာ၊ ဒကာမအပေါ်မှာ မေတ္တာသဒ္ဓါ ရေးမရှာဘဲ စကားပြောခြင်း၊ တရားဟောခြင်း မရှိတာ၊ အသိအမှတ်မပြုဘဲ နေတာမျိုးကို ဆိုလိုဟန်ရှိပါတယ်ဗျာ။ ကျုပ်တော့ သည်လောက်ပဲ သဘောပေါက်မိပါတယ်။ အလွန်နူးညံ့တဲ့ ဝဋ္ဋနာတွေဆိုတော့ အသိရ အခက်သားကလားဗျ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အပ်ဖျားပေါ် မုန်ညင်းစေ့ တင်ထားတာပဲဗျို့။ ကဲ - နောက်တစ်ခုက ဆက်ပါဦး"

**၁၃။ အနနုလောမိတဂိဟိသံသဂ္ဂ သီလတာယောင် ဆောင်ခြင်း။**

"သင်္ဂဟ သီလတာ ပတိရူပတာယ အနနုလောမိတ ဂိဟိ သံသဂ္ဂေါ ဝဋ္ဋေတိ"

**သင်္ဂဟ သီလတာ ပတိရူပတာယ** - ဒါယကာတို့အား ဝိနည်းတရားနှင့်အညီ အာမိသပဋိသန္ထာရတို့ဖြင့် ချီးမြှောက်ခြင်းနှင့် တူသဖြင့်၊ **အနနုလောမိတ ဂိဟိ သံသဂ္ဂေါ** - ရဟန်းတရားနှင့် မလျော်သောလူတို့နှင့် ရောနှောခြင်း ဂိဟိသံသဂ္ဂတရားသည်၊ **ဝဋ္ဋေတိ** - လှည့်ပတ်တတ်၏။

"အဲဒါကလည်း အထက်က အသင်္ဂဟာသီလတာ ဝဋ္ဋနာနဲ့ ပြောင်းပြန်ဖြစ်နေပြန်ရော ကိုရေချမ်းရေ၊ အထက်က ဝဋ္ဋနာက ဒကာ၊ ဒကာမတို့နဲ့ မရောနှော၊ မရင်းနှီး အထင်ကြီးလိမ့်မယ်လို့ ဆိတ်ဆိတ်နေတဲ့ သဘော။ အခု ဝဋ္ဋနာကျတော့ ရဟန်းနဲ့ အပ်စပ်တဲ့ စကားမျိုး၊ တရား လောက် ပြောရမယ့်အစား လူအမှု လူကိစ္စတွေထဲသို့ နှ ကွဲပြီး ပြောမှားဆိုမှား စကားကြွယ်လွန်းသွားတာ။ အဲဒါကို အပြစ်ကင်းတဲ့ ချီးမြှောက်မှုလို့ ထင်အောင် လှည့်ဖြားတတ် သတဲ့"

"ဒါကတော့ ကျွန်တော် သဘောပေါက်သဗျို့။ ကဲ နောက်တစ်ခုဆက်ပါဦး"

**၁၄။ ပိသုဏဝါစတာက သစ္စဝါဒိတာယောင်ဆောင်ခြင်း**

"သစ္စဝါဒိတာ ပတိရူပေန ပိသုဏဝါစတာ ဝဋ္ဋေတိ"

**သစ္စဝါဒိတာ ပတိရူပေန** - အမှန်ကို ဆိုလေ့ရှိသော သူ၏ အဖြစ်တည်းဟူသော သူတော်တရားနှင့် တူသဖြ **ပိသုဏဝါစတာ** - သူနှစ်ယောက်တို့၏အကြား ကွဲပြ စိမ့်သောငှာ ကုန်းချောပြောဆိုခြင်းတည်းဟူသော မသူတော် တရားသည်၊ **ဝဋ္ဋေတိ** - လှည့်ပတ်တတ်၏။

"အဲဒီ ဝဋ္ဋနာကတော့ ရဟန်းတော်များအတွက်သ မကဘူး၊ ကျုပ်တို့နဲ့လည်း တိုက်ရိုက်သက်ဆိုင်တာမို့ ဆွေး နွေးဖို့ အလွန်ကောင်းပါလိမ့်မယ်။ မိမိအတွက်ဖြစ်စေ၊ သူ တစ်ပါးအတွက်ဖြစ်စေ၊ မဟုတ်မမှန်ပြောလေသမျှဟာ မုသာ ဝါဒလို့ ဆိုတယ်မဟုတ်လား"

"ဟုတ်တယ်လေ။ ပါဠိဘာသာနဲ့ တွဲပြီး မုသားစကား လို့တောင် မြန်မာလို ပြောနေကြတာပဲ"

"အေးဗျာ၊ ပိသုဏဝါစာကျတော့ လူနှစ်ဦးအကြားမှ (သို့မဟုတ်) အဖွဲ့အစည်းနှစ်ရပ်ကြားမှာ အကျိုးမဲ့စေလိုတဲ့ စိတ်ထားနဲ့ မဟုတ်မမှန်တာပဲ ဖြစ်စေ၊ ဟုတ်မှန်တာပဲ ဖြစ် စေ၊ ကုန်းချောပြောဆိုတာမျိုးဖြစ်တယ်"

"အင်း…ကုန်းချောတယ်ဆိုတာ ခြေထိုးခြင်း၊ ကတုန်း ကတိုက်လုပ်ခြင်း၊ ခလောက်ဆန်ခြင်း၊ တို့မီး ရှို့မီးလုပ်ပေး ခြင်း၊ ပစ်စာရေးသားပို့ခြင်း၊ အဲသည်လို ချစ်ကြည်ညှိနေကြ တဲ့ ပုဂ္ဂိုလ်နှစ်ယောက်အကြားမှာ မိမိက မလိုမုန်းထားသူ တစ်ဦးရဲ့ အကျိုးမဲ့ကို ဖြစ်စေလိုတာကြောင့် တွန်းတာ တိုက် တာမျိုးပေါ့ဗျာ။ အဲသည်လို တွန်းတာ တိုက်တာမျိုးဟာ သတ္တိရှိဖို့လည်း မလိုဘူး။ မဟုတ်မမှန် လုပ်ကြံဆိုင်ပြော တာမျိုးကို မဆိုထားနှင့်၊ သူတစ်ပါးရဲ့ ပြုမိတဲ့ အပြစ်အနာ အဆာကလေးများကိုတောင် အလိုဆိုးနဲ့ ပြောပြလျှင် ပိသုဏ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမှာပဲ ကိုရေချမ်းရေ"

"ကျုပ်ဖြင့် ပိသုဏာဝါစာရဲ့ အကုသိုလ်အပြစ်ဟာ မုသာ ကုသိုလ်အပြစ်ထက်တောင် ကြီးလိမ့်မလားလို့ ထင်မိ လိစ္ဆဝီမင်းတို့အကြားမှာ ဝဿကာရ ပုဏ္ဏားရဲ့ ကာက်ဆန်မှုကြောင့် အပရိဟာနိယတရား ၇ပါးနဲ့ ပြည့်စုံ တဲ့ ဝေသာလီပြည်ကြီး ပျက်စီးရတယ်မဟုတ်လား"

"ဟုတ်ပါရဲ့။ တစ်ဦးနှင့် တစ်ဦး မေတ္တာပျက်ဖို့၊ အယုံ ကင်းဖို့၊ ခွေးခွဲဖို့နေရာမှာ မိမိ၏ လျှာဖျားဟာ ဓား- သက်နက်တို့ထက် ထက်မြက်နေတာမို့ ဝေဇီဘေဒ ထိ ရှုနိုင်ပါတယ်။ ဒီလို စိတ်ဆိုး စိတ်ယုတ်မာမျိုးဟာ တော်တို့တစ်တွေကို လွယ်လွယ်ကလေးနဲ့ ဖျက်ဆီးနိုင် ယ်။ အဆင်းတွန်းကြိတာမျိုးဖြစ်ပါလိမ့်မယ်။ အဲသည်လို ဆိုးမဟုတ်ဘဲနဲ့တောင်မှ ပိသုဏာဝါစာယောင်ယောင် သွားနိုင်ပါသေးတယ်တဲ့"

"အဲဒါက ဘယ်လိုလဲ၊ ရှင်းစမ်းပါဦး"

"သူတစ်ပါး၏ အပြစ်ကို အကျိုးရှိရာ၊ အရာရောက်မှာ မှန်တာပြော သစ္စာဆိုပြီး အမှန်ကို ပြောဆိုပေမယ့် ကျိုးမရှိရာ အရာမရောက်ရာတို့၌ ခဏခဏပြောမိရင် ဏာဝါစာဖြစ်တတ်သတဲ့ဗျို့"

"ဒါလည်း တော်တော်သိမ်မွေ့ပြီး အသိခက်တဲ့ ဝဋ္ဋနာ ဦးမင်္ဂလာရေ"

**၁၅။ အနုတ္တကာမတာက အပိသုဏာဝါစာယောင် ဆောင်ခြင်း။**

"အပိသုဏာ ဝါစာ ပတိရူပေန အနုတ္တကာမတာ ဝဋ္ဋေတိ"

**အပိသုဏာ ဝါစာ ပတိရူပေန** - သူတစ်ပါးတို့ ကွဲပြားကြောင်းကို မပြောမဆိုခြင်းဟူသော အပိသုဏာဝါစာ သုစရိုက်တရားနှင့် တူသဖြင့်၊ **အနုတ္တကာမတာ** - သူတစ်ပါးတို့၏ အကျိုးမဲ့ကို လိုလားခြင်းဟူသော ဣဿာ မစ္ဆေရ ဒေါသမူ အကုသိုလ်တရားသည်၊ **ဝဋ္ဋေတိ** - သူတစ်ပါးတို့ ပျက်ပြားလတ္တံ့သည်ကို သိမြင်လျက် ကုန်းတိုက်ရာ ရောက်မည်ကြောင့် မပြောမဆိုဝံ့သည့်အဟန် ကြံစည်ဖြားယောင်းတတ်၏။

"ဒါကတော့ ရှင်းပါတယ်ဗျာ။ ဥပမာ - မောင်ဘက မောင်လှကို အကျိုးမဲ့ရာမဲ့ကြောင်း ကြံစည်ပြုလုပ်နေတယ် ဆိုတာ မိမိက သိပါလျက်၊ ကြားပါလျက်နှင့် မောင်လှရဲ့ အကျိုးမဲ့ကို မကာကွယ်လိုချင်တဲ့ သဘောကြောင့် မောင်ဘ၏ သဘောထားကို မောင်လှအား သွားပြောလျှင် ပိသုဏာဝါစာဖြစ်လိမ့်မယ်ဆိုပြီး မသိကျိုးကျွံပြုနေလိုက်တဲ့ သဘောပါဗျာ။ အဲဒါ ပိသုဏာဝါစာတော့ မဖြစ်ဘူးပေါ့။ မောင်လှအပေါ်မှာတော့ မိတ်ဆွေကောင်းတို့၏ ဝတ္တရားမှ ပျက်ကွက်ပြီး ဖမ်းတဲ့ ဂဠုန်၊ ခုန်တဲ့ နဂါး၊ တို့ကတော့ အကြည့်သမား ဆိုသလို ကြည့်နေတဲ့ စိတ်ထားမျိုးပေါ့ဗျာ"

"နေသာပ လေညာက ဆိုတဲ့ လူစားမျိုးပေါ့လေ။ ကောင်းတဲ့ စိတ်တော့ မဟုတ်ပေဘူးဗျို့"

"မကောင်းတဲ့ စိတ်တွေက လိမ်တတ်၊ လှည့်ပတ်တတ်လို့ ဝဋ္ဋနာလို့ ခေါ်တာပေါ့ဗျာ"

**၁၆။ ကုလမစ္ဆရိယက ကုလာ နုဒယတာယောင်ဆောင် ခြင်း။**

"ကုလာ နုဒယတာ ပတိရူပတာယ ကုလမစ္ဆရိယံ ဝဋ္ဋေတိ"

**ကုလာ နုဒယတာ ပတိရူပတာယ** - အလုပ် အကျွေး ဒါယကာတို့အား သနား၊ အားနာခြင်းဟူသော ကုသိုလ်တရားနှင့် တူသဖြင့်၊ **ကုလမစ္ဆရိယံ** - မိမိ ဒါယကာ အိမ်တွင် ဝင်ရောက်သူ အလှူခံတို့အား နလုံးမသာခြင်း ဒေါသမစ္ဆေရ တရားသည်၊ **ဝဋ္ဋေတိ** - ဒါယကာတို့အား သနားခြင်း ကရုဏာဟန် ကြံစည်လှည့်ပတ်တတ်၏။

"အဲဒီသဘောက မိမိအား အမြဲထောက်ပံ့ လှူဒါန်းနေသူ ဒါယကာထံ တစ်ပါးသော အလှူခံ ပုဂ္ဂိုလ်က ချဉ်းကပ်


www.burmeseclassic.com

www.burmeseclassic.com

လာရောက် အလှူခံတဲ့အခါ မိမိရသကဲ့သို့ ထိုအလှူခံရသွားမှာစိုးလို့ မလိုမရွှေရဖြစ်သွားတာကို ကိုယ့်ဒါယကာအားအားနာတဲ့ သဘော၊ သနားတဲ့ သဘောကဲ့သို့ ထင်အောင်ပြုတတ်ပါသတဲ့။ ဒါမျိုးက တစ်ခါတစ်ရံသာ အလှူခံတာဆိုရင် မရွှေရပြဋ္ဌာန်းတဲ့ စိတ်ဖြစ်မယ် မထင်သေးပါဘူး။ အမြဲတမ်း အလှူခံနေသူဖြစ်ရင်တော့ မိမိက ကိုယ့်ဒါယကာကိုတာဝန်တက်နေမည်စိုးသလိုလို၊ ကိုယ်က ကြားက အားနာသလိုလိုနဲ့ မရွှေရပြဋ္ဌာန်းတဲ့စိတ် ဖြစ်မှန်းမသိ ဖြစ်နေတတ်ပါသတဲ့"

"ဒီသဘောကို ကုလမရွှေရလို့ ပြောနိုင်လိမ့်မယ် ထင်တယ် ဦးမင်္ဂလာ"

"ပြောနိုင်တာပေါ့ဗျာ။ စိတ်ဆိုသော စိတ်အကြောင်းနဲ့ပတ်သက်ပြီး ငါးရာငါးဆယ် ဇာတ်ကြီး လောသကဇာတ်ကလောသကတိဿရဟန်းရဲ့ မရွှေရပြဋ္ဌာန်းတဲ့ စိတ်အကြောင်းကို ရေးခဲ့ဖူးပါတယ်။ မိမိကို ကြည်ညိုပြီး အမြဲထောက်ပံ့လှူဒါန်းနေတဲ့ ဒါယကာထံ အာဂန္တု ရဟန်းတစ်ပါးက အလှူလာခံတော့ ဆွမ်းသာမက၊ နေစရာကိုပါ မိမိနှင့်အတူ နေရာပေးလို့ မရွှေရပြဋ္ဌာန်းတဲ့ စိတ်ဖြစ်ခဲ့ရတဲ့ အကြောင်းပေါ့"

"အဲဒီစိတ်မျိုးဟာ ကျုပ်တို့တစ်တွေလည်း ဖြစ်တတ်သဗျနော်။ ဥပမာ - မိမိကို ထောက်ပံ့ ချီးမြှောက်လေ့ရှိတဲ့ မိမိရဲ့ ဆရာ၊ မိမိရဲ့ အထက်လူကြီးထံကို တစ်ပါးသူ တစ်ဦးတစ်ယောက်က ဝင်ရောက်ချဉ်းကပ် တပည့်လာခံတဲ့အခါ မလိုတမာဖြစ်လာတတ်ကြတယ်။ အဲဒါကိုပဲ မိမိက ကိုယ့်ဆရာမှာ တာဝန်ပိုလာမည်ကို စိုးရိမ်သလိုလို၊ အားနာသလိုလို၊ ကရုဏာသက်သလိုလိုအထင်နဲ့ ကိုယ့်ကိုယ်ကိုယ် လိမ်နေတတ်ပါသတဲ့။ တကယ်ကတော့ အထက်လူကြီးက မိမိမှတစ်ပါး အခြားသူတစ်ယောက်ကို ချီးမြှောက် မ,စမှာ ဝန်တိုတဲ့ သဘောပဲ"

"ဒါကလည်း ဝဋ္ဋနာပေါ့"

**၁၇။ အာဝါသ မစ္ဆရိယက အာဝါသ စီရတရကာမတာ ယောင်ဆောင်ခြင်း။**

"အာဝါသ စီရတရ ကာမတာ မုခေန အာဝါသ မစ္ဆရိယံ ဝဋ္ဋေတိ"

**အာဝါသ စီရတရ ကာမတာ မုခေန** - မိမိ ကျောင်းတိုက်နေရာ အာဝါသဌ် သံဃာတော်ကို နှလုံးမွေ့လျော် ပျော်ဖွယ်သာယာ ရှည်မြင့်စွာ တည်ရစ်စေသောဟု ဥယျာဉ်သစ်ပင် တီထွင်ပြုစု ကြည့်ရှုစောင့်ရှောက်ခြင်းကို အရင်းမူသဖြင့်၊ **အာဝါသ မစ္ဆရိယံ** - ကွဲပြွား လူသူ လုပ်ယူဖျက်ဆီးသည်များကို မသဒ္ဒါ၊ မကြည်ညို ဝန်တိုခြ အာဝါသ မရွှေရ အကုသိုလ်တရားသည်၊ **ဝဋ္ဋေတိ** - သ မေတ္တာယောင် ဟန်ဆောင်ဖြားယောင်းတတ်၏။

"ယခု ဝဋ္ဋနာကတော့ ရဟန်းတော်များအတွက် ပို၍သက်ဆိုင်ပါလိမ့်မယ်။ မိမိကျောင်းတိုက်ကို အရှည်သ မပျက်မစီး တည်တံ့ပြီး နောင်လာနောက်သား သံဃာတေ များ ချမ်းချမ်းသာသာ နေရအောင် စောင့်ရှောက်ရင အစောင့်အရှောက်လွန်ကဲပြီး ကွဲပြွား လူသူ လုပ်ယူဖျက်ဆီ ကို အစိုးရိမ်လွန်ခြင်း၊ ဝန်တိုခြင်း၊ အဖျက်ဆီးခံရတဲ့အ ဒေါသဖြစ်ခြင်းသဘောကို ပြဆိုတော်မူတာ ဖြစ်ပါလိမ့်မယ်"

"အဲဒီသဘောဟာ သံဃောဇဉ်ကြီးမားလွန်းလို့ အာဝါ မစ္ဆရိယဖြစ်သွားတဲ့ သဘောလို့ ဆိုရမှာပဲ။ ကျုပ်တို့အ အသိခက်လှတဲ့ ဝိနည်းတော်အရာကို နားလည်ဖို့ အ ကြီး လိုပေလိမ့်ဦးမယ်။ လူတွေအတွက်ဆိုရင် ဒီဝဋ္ဋနာမ ညှိုးနွမ်းညစ်ကျုံးခြင်း ဖြစ်နိုင်မယ် မထင်ဘူးနော်"

"ဟာ…လူတွေက သီလဝိသုဒ္ဓိမှ မဖြစ်ဘဲ။ လက် စုတ် အိုးမဲပေလို့ ပိုမဆိုးပါဘူးဗျာ။ ရှင်တော်ဘုရား ဟော ထားတဲ့ ငါးရာငါးဆယ် သိင်္ဃပုပ္ဖဇာတ်ကို ကြည့်လေ။ ရ တစ်ပါးဟာ ကန်ပေါင်မှာ နေပြီး ကန်တွင်းက ကြာပန်း ရဲ့ အနံ့ကို ရှူရှိုက်နေမိသတဲ့။ အဲဒီအခါ ကန်စောင့်နတ်သ က ကြာနံ့တွေကို ခိုးရှူနေရသလားလို့ စွပ်စွဲသတဲ့။ အ အချိန်မှာပဲ ရွာသားတစ်ယောက်က ကန်ထဲ ဆင်းပြီး ကြာ တွေကို ချိုးယူထွက်သွားသတဲ့။ သည်တော့ ရသေ့က န သမီးကို အခုလို ပြောသတဲ့။

"အသင် ကန်စောင့် နတ်သမီး၊ ငါက ကြာနံ့တွေ ရှူရုံသာ ရှူနေမိတာပါ။ ဒါကို ကြာနံ့ခိုးတယ်လို့ စွပ်စွဲ ဆိုတယ်။ အခုန ခရီးသွားက ကန်ထဲ ဆင်းပြီး ကြာ ကြာစွယ်ကို ချိုးယူသွားတာကျတော့ ဘာကြောင့် ကြာ လို့ မပြောမဆို နေလိုက်သလဲ"

ဒီတော့ ကန်စောင့်နတ်သမီးက…

"သီလမရှိတဲ့ လူတွေကို ပြောနေဖို့ မလိုပါဘူး။ အ ရသေ့တို့လို အပြစ်မရှိ၊ အမြဲစင်ကြယ်နေတဲ့ သူတော်ကော တို့မှာတော့ သေးငယ်တဲ့ အပြစ်ကလေးပင် ဖြစ်ပါ အလွန်ကြီးမားပါတယ်"လို့ ပြန်ပြောသတဲ့လေ"

"ဟုတ်တာပေါ့။ လက်နီးစုတ်ကို အိုးမဲပေလို့ ဘာ မထူးပေမယ့် အလွန်ဖြူစင်တဲ့ မျက်နှာသုတ်ပဝါမှာ အ လေးတစ်ကွက် ထင်ရင် အရုပ်ဆိုးသွားတာပဲလေ"

**၁၈။ မစ္ဆမစ္ဆရိယက မစ္ဆပဋိဗန္ဓ ပရိဟာ**

www.burmeseclassic.com

**ဆောင်ခြင်း။**

"ဓမ္မပဋိဗန္ဓ ပရိယာရဏာတာ မုခေန ဓမ္မမစ္ဆရိယံ ဝဒ္ဓေတိ"

**ဓမ္မပဋိဗန္ဓ ပရိယာရဏာတာ မုခေန** - တရားနှင့် ... ဘဏ္ဍာကို သိမ်းဆည်းစောင့်ရှောက်ခြင်းကို အရင်း ... **ဓမ္မမစ္ဆရိယံ** - ဓမ္မမစ္ဆရိယ အကုသိုလ်တရားသည် ... - လှည့်ပတ်တတ်၏။

"တရားနှင့် စပ်သော ဘဏ္ဍာကို သိမ်းဆည်းစောင့် ... ခြင်းကို အရင်းပြုသဖြင့် ဓမ္မမစ္ဆေရစိတ်ဖြစ်တတ်သည်။ ... တ်စာပေ၊ စေတီပုထိုး ကိုးကွယ်ပြုစု ကြည့်ရှု စောင့် ... ခြင်းကို အရင်းပြုသဖြင့် ရွှေပွတ်၊ စာခိုး၊ လူဆိုး၊ လူ ... သည်တို့၌ နှလုံးမသာ မစ္ဆေရစိတ်ဖြစ်သကဲ့သို့ဟု ... သည်။

ရွှေကျင်ဆရာတော်က အဲဒီ ဝဋ္ဋနာနဲ့ ပတ်သက်လို့ ... အကျယ်ဝိတ္ထာရ ချဲ့၍ ပြထားတော်မူပါသေးတယ်။

"နံ့မြောစုံမက် မပေးရက်ကာမျှဖြင့် မစ္ဆေရ မဟုတ်။ ... စုံမက် မပေးရက်ဘဲ အနိုင်အထက်ပေးရတော့မည် ... ဟု လည်းကောင်း၊ ယူသွားကြသည်တကားဟူ၍ ... ကောင်း နှလုံးမသာဖြစ်လျှင်လည်း မစ္ဆေရဟု မှတ်။ ... ဘွာ ကိုင်းကျွန်း လယ်ယာ ပျက်စီးမည်စိုးသောကြောင့် ... ကာဝိတ်ဆို့ ပြုကာမျှဖြင့် မစ္ဆေရ မဟုတ်။ ကျွဲနွားလူသူ ... ဖျက်ဆီးရှိသည့်အခါ မသာနှလုံး ပူချုံးဝမ်းနည်း ဆဲရေး ... ည်သည့်အခါလည်း မစ္ဆေရရန် မာန်နိုင်ငံသို့ ရောက်လေ ... ည် မှတ်။ ယင်းသို့သောအခါ သူတစ်ပါးတွက်တာနှင့် ... ပ်နှံအစီးအပွားသာ ပျက်သည်၊ မိမိတွက်တာနှင့်ကား ... သရာစီးပွားပါ ပျက်ပြားလေခဲ့သည်။ တစ်မတ်တန် ဥစ္စာ ... ောက်၍ ငနီးမောင်နှံနှစ်ယောက် ခိုက်ရန်ဖြစ်ပွားသည့်အခါ ... တ်ပုခဆိုးအိုး အင်ဖျာရိုင် သူထက်ငါ အနိုင်ရအောင် ... ပြိုင်သား ဖျက်ဆီးကြသဖြင့် တစ်အိမ်လုံး ပျက်ကျ၍ ... ပါးကြီးရောက်ရသည့် ဗာလာဗာလီတို့နှင့် ပစ္စုပ္ပန်စီးပွား ... က်ပြားရသည့်အခါတွင် ကိုယ့်တွက်တာနှင့် သံသရာအစီး ... ပွားပါ မပျက်ပြားရအောင် သတိဆောင်အပ်လှတော့သည် ... တ်"ဟု ဖွင့်ပြထားပါတယ်"

**၁၉။ ဘဿာရာမတာက ဓမ္မဒေသနာဘိရတိယောင် ဆောင်ခြင်း။**

"ဓမ္မဒေသနာ ဘိရတိ မုခေန ဘဿာရာမတာ ဝဒ္ဓေတိ"

**ဓမ္မဒေသနာ ဘိရတိ မုခေန** - တရားစကား ဟောပြောခြင်း၌ မွေ့လျော်ခြင်းကို အရင်းပြုသဖြင့်၊ **ဘဿာရာမတာ** - အကျိုးမဲ့သော စကားတို့နှင့်တကွ ကာလရှည်ကြာ ပြောဆိုခြင်း၌ မွေ့လျော်ခြင်းဟူသော ဘဿာရာမ တဏှာသည်၊ **ဝဒ္ဓေတိ** - လှည့်ပတ်တတ်၏။

"ဘဿာရာမ ဆိုတာက အနှစ်မဲ့၊ အကျိုးမဲ့ ပေါက်ကရ စကားတွေနဲ့ ပြောဆိုမွေ့လျော်ခြင်းကို ခေါ်တယ်။ ဒါကြောင့် လူအများကို တရားဒေသနာ ဟောရာမှာ အချိန်ကာလအားလျော်စွာ ဒေသနာမှ မလွတ်သော တရားစကားတို့ကို ဟောပြောပြီး နိဂုံးချုပ်တန် ချုပ်ရမယ်တဲ့။ ဒီလိုမှ မဟုတ်လို့၊ အနှစ်မပါ အကာမြမြ စကားတွေနဲ့ မွေ့လျော်နေရင် ဝဋ္ဋနာဖြစ်တတ်တယ်။ အဲဒီနေရာမျိုးမှာ မြတ်စွာဘုရားကိုယ်တော်တိုင် ကာလမဏ္ဍုတာ - အချိန်အတိုင်းအရှည်ကို ဆင်ခြင်၍ တရားဟောတော်မူလေ့ရှိပါသတဲ့"

"အေးဗျ။ ကျုပ်တို့တစ်တွေလည်း ဟောပြောပွဲမှာ ဖြစ်စေ၊ အစည်းအဝေးမှာ ဖြစ်စေ အတိုင်းထက်အလွန် စကားကြောတွေ ရှည်လွန်းနေရင်း ငြီးငွေ့ပြီး အပြစ်တင်ခံကြရလိမ့်မယ်"

**၂၀။ သင်္ဂဏိကာရာမတာက ဂဏာနုဂ္ဂဟာကရဏတာ ယောင်ဆောင်ခြင်း။**

""ဂဏာနုဂ္ဂဟာကရဏတာ မုခေန သင်္ဂဏိကာရာမတာ ဝဒ္ဓေတိ"

**ဂဏာနုဂ္ဂဟာကရဏတာ မုခေန** - တပည့်သား ဂိုဏ်းသယ်ာကို ချီးမြှောက်ခြင်းကို အရင်းပြုသဖြင့်၊ **သင်္ဂဏိကာရာမတာ** - အပေါင်းအဖော်၌ မွေ့လျော်ခြင်းသည်၊ **ဝဒ္ဓေတိ** - လှည့်ပတ်တတ်၏။

"ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း စသည်တို့ဖြင့် တပည့်သား ဂိုဏ်းသယ်ာကို ချီးမြှောက်၍ သာသနာတော် စည်ပင်ခြင်းသို့ ရောက်အောင် ဆောင်ရွက်သည်အမှတ်နှင့် အပေါင်းအဖော်ကို မစွန့်ခွာနိုင်ခြင်း၊ သင်္ဂဏိကာရာမတဏှာ ဖြားယောင်းလှည့်ပတ်၍၊ စိတ္တေ ကဂ္ဂတာဘာဝနာ(စိတ်၏ တည်ကြည်ခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း) လက်လွှတ်သဖြင့် သံသရာနှုတ်ခမ်းမသတ်နိုင်၊ နိဗ္ဗာန်သောင်ကမ်း မကပ်နိုင်ဘဲ ရှိတတ်သည်တဲ့။

ဆရာတော်အဆိုအမိန့်ကို ဖတ်ရတော့ ဓမ္မာစရိယ ဦးငွေးလှိုင် ရေးတဲ့ ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများ စာအုပ်ထဲက ရွှေဥမင် ဆရာတော်နဲ့ တောင်ဖီလာ ဆရာတော်ကြီး နှစ်ပါး တွေ့ဆုံတော်မူကြတဲ့ အကြောင်း ဖတ်ဖူးတာ သတိရလိုက်မိသဗျို့"

"ဆိုစမ်းပါဦးဗျား ကြားနာရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

“အင်းဝခေတ် သာလွန်မင်းတြားကြီးလက်ထက်မှာ စစ်ကိုင်း ရွှေဥမင် ဆရာတော်ကြီးဟာ ကပ္ပိယ လူ့သူတော် တစ်ဦးကိုသာ အဖော်ပြုပြီး တောထဲ တောင်ထဲ ကမ္မဋ္ဌာန်း ဘာဝနာကျင့်တော်မူနေပါသတဲ့။ တစ်နေ့တော့ သာလွန်မင်း တြားကြီးရဲ့ မင်းဆရာဖြစ်တဲ့ တောင်ဖီလာဆရာတော်ဘုရား ကြီးက နောက်လိုက်နောက်ပါများနှင့် ရွှေဥမင် ဆရာတော် ဘုရားကြီးကို သွားရောက်ဖူးမြော်ပါသတဲ့။ တောကြီး တောင် ကြီးထဲက ဖြစ်သလို၊ ဆောက်ထားတဲ့ ကျောင်းပေါ်မှာ ရွှေဥမင် ဆရာတော်ကို ဖူးရတော့…

“တောကြီးမျက်မည်း လူ့သူတော်တစ်ယောက်တည်း နဲ့ နေရတာ မကြောက်ဘူးလား ဘုရား”

လို့ မေးလျှောက်ပါသတဲ့။ ဒီတော့ ရွှေဥမင် ဆရာတော် ဘုရားက…

“ကြောက်လို့သာ တောထဲမှာ ပရိသတ်နည်းနည်းနဲ့ နေတာပေါ့လို့”

ပြန်လည် မိန့်ကြားပါသတဲ့။ အဲဒီမှာတင် တောင်ဖီလာ ဆရာတော်ဘုရားက…

“သြော်…ငါ့မှာဖြင့် နေပြည်တော်ကြီးမှာ မင်းဆရာ လုပ်ပြီး ပရိသတ်အခြံအရံများစွာနဲ့ နေခဲ့တာ မကြောက်သလို ဖြစ်နေပါပကော”

လို့ သံဝေဂ ကြီးစွာရတော်မူလိုက်ပါသတဲ့။ မကြာခင် မှာပဲ တောင်ဖီလာ ဆရာတော်လည်း တောထွက်တော်မူ သွားပါတယ်”

“ကြည့်ညိုစရာကောင်းလိုက်ပါဘိတော့ ဦးမင်္ဂလာရယ်

အတ္တသမံ ပေမံ နတ္ထိ၊ အတ္တာဟိ အတ္တနော နာထော

ကောဟိ နာထော ပရောသိယာ။

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ နဟာပယေ။

“ဒေသနာတော်မြတ်အရပ်ရပ်ကို နှလုံးထားသဖြ[…] အဆုံးမရှိ ဘေးအတိပြွမ်းသော သံသရာဝဋ် နေသာထိ[…] အား သူတစ်ပါးတွက်တာနှင့် ကာလရှည်လျား၍ တရားလ[…] လွတ် မနေမိရအောင် သတိကြပ်ကြပ်ပြုအပ်လှတော့သည်[…] လို့ ရွှေကျင်ဆရာတော်က အကျယ်ဝိတ္ထာရ ပြထားတော်[…] ပါတယ်”■

ရှေ့လ ဆက်လက်ဖော်ပြပါမည်[…]

* * *

(ဆရာကြီး ဦးသုခ၏ “စိတ်ဆိုသောစိတ်နှင့် ဝဋ္ဋနာဗိပန်” စာအု[…] ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။)


“ အာစရိယဂုဏံ အပာံ ဝန္ဒာမိ ”

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေ[…] အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်[…] ဆန်းကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာ[…] နဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းခါတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကာ[…] အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း[…] စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်နှုပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတ[…] ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။


ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဝိတ်မှတ်တိုင်ဆင်းပါ[…] ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။


www.burmeseclassic.com

www.burmeseclassic.com



# သင်ခန်းစာများကို မိတ္တူပွားခြင်း - ၄၇
(သို့)
# တားဆီးမရနိုင်သော သေခြင်း

www.burmeseclassic.com

www.burmeseclassic.com

### စကားဦး

ငယ်စဉ်က ကြားဖူးတဲ့ သီချင်းတစ်ပုဒ်ရှိတယ်။ "တားဆီးမရနိုင်တာ အချစ်"ဆိုတဲ့ သီချင်းပါ။ ဒီသီချင်းရဲ့ ဆိုလိုရင်းကို လောကီနယ်ပယ်ကနေ ကြည့်မယ်၊ နားထောင်မယ်၊ ဝေဖန်မယ်၊ သုံးသပ်မယ်ဆိုရင် မှန်ပါလိမ့်မယ်။ ဒါပေမယ့် စာရေးသူ အဖို့ အခု အသက်အရွယ်လေး ရလာတဲ့အခါမှာ အဲဒီသီချင်းကို မွေလမ်းကြောင်းပေါ် တင်ကြည့်လိုက်တဲ့အခါ လောကမှာ တကယ်တားဆီးမရနိုင်တဲ့ အရာဟာ အချစ်မဟုတ်ဘဲ အိုခြင်း၊ နာခြင်း၊ သေခြင်းသာလျှင် ဖြစ်တယ်ဆိုတာကို တွေ့ရှိလာပါတယ်။ ဒီဆောင်းပါးကို ရေးရခြင်းအကြောင်းက ဒီလိုပါ။

### ဝါကျစဉ် (က)

တစ်နေ့ စာရေးသူ စာရေးနေချိန် ညနေ ၂နာရီခွဲလောက်မှာ စာရေးသူဆီ ဖုန်းဝင်လာပါတယ်။ စာရေးသူကို ကံထပ်ထားတဲ့ ကျေးသီးမြို့က စာရေးသူရဲ့ ရဟန်းဒကာ တစ်ယောက်ဆီကပါ။

အကြောင်းက မနေ့ညက သူတို့အစ်ကိုကြီး(သူ့အ... သမီးရဲ့ အစ်ကို၊ သူ့ယောက်ဖ)ဖြစ်သူ တောင်ကြီးမှာ ဆုံးသွားတဲ့အကြောင်း၊ တောင်ကြီးကို လိုက်သွားဖို့ သူတို့အဖွဲ့တွေ ပင်လုံမှာ ရောက်နေကြောင်း၊ သူတို့နဲ့အတူလိုက်ဖို့ စာရေးသူကိုလည်း တစ်ပါးတည်း လာပင့်လိုကြောင်း၊ လိုက်နိုင် မလိုက်နိုင် သိလို၍ ကြိုတင် ဖုန်းဆက်ထားတာ ဖြစ်ကြောင်းပါ။ စာရေးသူကလည်း မဆိုင်းမတွဘဲ လိုက်မယ်၊ ဝင်ပင့်လှည့်ပါလို့ အကြောင်းပြန်လိုက်ပါတယ်။

ညနေ ၃နာရီအချိန်မှာ ကားနစ်စီး၊ လူ ၁၅ယောက်၊ ဘုန်းကြီးနစ်ပါး၊ ကိုရင်တစ်ပါးနဲ့အတူ သူတို့အဖွဲ့ စာရေးသူဆီကို ရောက်လာကြပါတယ်။ ချက်ချင်းပဲ စာရေးသူလည်း သူတို့နဲ့အတူ လိုက်သွားဖြစ်ပါတယ်။ စာရေးသူတို့အဖွဲ့ ည ၇နာရီလောက်မှာ တောင်ကြီးကို ရောက်ရှိကြပါတယ်။ ကျေးသီးနဲ့ တောင်ကြီးဆိုတာ မိုင် ၂၀၀ နီးနီးလောက် ရှိတာမို့ အားလုံးက ခရီးပန်းကြတာနဲ့ အဲဒီညမှာတော့ ရောက်ရောက်ချင်း သူ့ဆွေမျိုးသားချင်းတွေက ဝိုင်းကြယိုကြတာက လွဲလို့ ဘာမှထွေထွေထူးထူး မပြောဖြစ်ကြပါဘူး။ စာရေးသူတို့ ဘုန်းကြီးသုံးပါးကတော့ စောစောစီးစီးပဲ ကျိန်းစက်လိုက်ကြတယ်။

နောက်တစ်နေ့ အရုဏ်ဆွမ်းကပ်ပြီးတဲ့ အချိန်မှာတော့ စာရေးသူက တောင်ကြီးမှာ ရှိနေတဲ့ နာရေးရှင် ဒကာကြီး (ဆုံးသွားတဲ့ ဒကာကြီးရဲ့ ညီ)ကို အကျိုးအကြောင်းမေးကြည့်ဖြစ်ပါယတ်။ အဲဒီ ဒကာကြီးရဲ့ ပြောပြချက်အရ အခုဆုံးသွားတဲ့ ဒကာကြီးဟာ အသက် ၄၉နှစ်ပါ။ အခု သူဆုံးတော့ သူ့ဇနီးနဲ့ သမီးလေးနှစ်ယောက် ကျန်ရစ်ခဲ့ပါတယ်။ ဒီဒကာကြီးဟာ ပညာတတ် ဥစ္စာပေါ်တဲ့ အသိုင်းအဝိုင်းထဲကပါ။ ကျေးသီးဘက်မှာ ဝမ်ခုန်ဆိုတဲ့ တိုက်နယ်မှာ တိုက်နယ်ဥက္ကဋ္ဌ အဖြစ် ဆယ်စုနှစ်တစ်ခုကျော်ကျော် တာဝန်ထမ်းဆောင်ခဲ့တာ အခုဆုံးပါးသွားတဲ့ အချိန်ထိပါပဲ။

ဒီဒကာကြီးက ဘာရောဂါနဲ့ ဆုံးတာလဲဆိုတော့ ဆရာဝန်ကြီးတွေကအစ ရေရေရာရာ မပြောနိုင်ကြပါဘူးတဲ့။ ဒီဒကာကြီးဟာ သူမဆုံးခင် တစ်လလောက်အလိုတုန်းက ရွှေတွင်းတစ်ခုမှာ သွားပြီး ရွှေတူးခဲ့တယ်။ အဲဒီရွှေတွင်းကနေ နေမကောင်း ကျန်းမမာဖြစ်လို့ အိမ်ကို ပြန်လာခဲ့တယ်။ အိမ်ရောက်ပြီး သုံးလေးရက်လောက်နေတော့ ရောဂါအခြေ အနေက ပိုဆိုးလာတာနဲ့ ကျေးသီးဆေးရုံကို ပို့လိုက်ကြ တယ်။ နောက်ဆုံး ကျေးသီးဆေးရုံက မနိုင်တော့လို့ တောင် ကြီးကို ရောက်လာတာပါပဲ။

တောင်ကြီးကို ရောက်တော့ နာမည်ကြီး ဆေးခန်း တစ်ခုကို ပြတယ်။ အဲဒီဆေးခန်းက ဆရာဝန်များရဲ့ ပြောပြ ချက်အရ သူတို့ရဲ့ ဆေးစစ်ချက်အရ လူနာရဲ့ ရောဂါက ငှက်ဖျား၊ သွေးတိုး၊ အသားဝါ၊ အဆုတ်ထဲ ရေဝင်၊ ပြီးတော့ သူတို့ အမည်ဖော်မရတဲ့ ပိုးတစ်မျိုးကလည်း လူနာရဲ့ အသည်း ထဲကို ရောက်နေတယ်လို့ ပြောပါတယ်။ လူနာဟာ ရေနဲ့ ပတ်သက်တဲ့ လုပ်ငန်းလုပ်ကိုင်သူလားလို့လည်း မေးပါတယ်။ ဟုတ်ပါတယ်။ ရွှေတွင်းမှာ ရွှေကျင်တဲ့အခါ ရေနဲ့ပဲ ကျင်ရ တာလေ။ ဆရာဝန်များဆီက နောက်ဆုံး ရလိုက်တဲ့ အဖြေ ကတော့ ခင်ဗျားတို့ရဲ့ လူနာနဲ့ ကျုပ်တို့ပညာနဲ့ဟာ တကယ် လို့ လွန်ဆွဲပွဲတစ်ခုသာဆိုရင်တောင် သူတစ်ဝက် ကိုယ် တစ်ဝက်ကို မဟုတ်တော့ပါဘူးဆိုတာပါပဲ။

အဲဒါနဲ့ ညီလုပ်တဲ့သူက အဲဒါဆို သူ့အစ်ကိုကို ရန်ကု... ဆင်းကုမယ်၊ ရန်ကုန်မှာ မရရင် ယိုးဒယားအထိ သွားကုမ... ဆိုပြီး လေယာဉ်လက်မှတ်တွေ လိုက်စီစဉ်တယ်။ လေယာ... လက်မှတ်အရောင်းဌာနက ဆေးလက်မှတ်ပါမှ ရောင်း... မယ်ဆိုပြီး ဖြစ်လာပြန်ပါတယ်။ ဒါနဲ့ပဲ ဆရာဝန်ကြီးတွေ... ကို ဆေးလက်မှတ်ရောင်းပေးပါဆိုတော့ အဲဒီ ဆရာဝန်ကြီး... ပြောလိုက်တဲ့ စကားကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီလောက်အခြေအနေဆိုးနေတဲ့ လူနာကို ဆေးလက်မှတ်ရေးပေးရလောက်အောင် ကျုပ် မမိုက်ရိုင်းသေးဘူး"

ဆိုတာပါပဲ။

ဒါနဲ့ ညီလုပ်တဲ့သူလည်း နောက်ဆုံးတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်တယ်။ ကုလို့ မရတော့ဘူးဆိုရင်လည်း ကျွန်တော့်အိမ်ပဲ ပြန်ခေါ်ပြီး အိမ်မှာပဲ ဆုံးစေတော့မယ်လို့ ပြောပြီး အိမ်ခေါ်လိုက်တယ်။ အိမ်ပြန်ရောက်ပြီး မကြာခင်မှာပဲ ဆုံးပါးသွားပါတယ်။

ဒီဖြစ်စဉ်လေးတစ်ခုကိုပဲ ဓမ္မလမ်းကြောင်းပေါ် တင်ကြည့်ကြရအောင်ပါ။ တားဆီးလို့ မရနိုင်တာက အချစ်မဟုတ်ပါဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းကသာလျှင် တားဆီးမရနိုင်တာပါဆိုတာကို သိမြင်ကြမှာပါ။

ရေဘေး မီးဘေး ပြည်ပျက်ဘေး၊
ဆယ်ရေးတစ်ရေး၊ ကယ်နိုင်သေး၏။
အိုဘေး နာရေး၊ သေခြင်းဘေးကား၊
သားနှင့် အမိ၊ ဖြစ်တုံ့ဘိလည်း၊
မျက်စိအောက်တွင်၊ ရင်ခွင်တင်လျက်၊
သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူ၊
လက်မှိုင်ချကာ၊ နေရစွာရှင့်။ ။

လောကမှာ အင်မတန်မှ ကြောက်စရာကောင်းပါတယ်ဆိုတဲ့ ရန်သူမျိုးငါးပါးဘေးကို ကာကွယ်လို့ ရနိုင်ပါသေးတယ်။ ရှောင်လွှဲလို့ ရနိုင်ပါသေးတယ်။ အနည်းဆုံးတော့ မယဒေဝလင်္ကာမှာ မန်လည်ဆရာတော်ကြီး မိန့်ထားတော်မူခဲ့သလို၊ ဆယ်ရေးတစ်ရေးတော့ တစ်ယောက်ကို တစ်ယောက်က ကယ်နိုင်ကြပါသေးတယ်။

သို့သော် အိုခြင်းဘေး၊ နာခြင်းဘေး၊ သေခြင်းဘေးနဲ့ကြုံလာရင်တော့ ကာကွယ်လို့ မရ၊ တားဆီးလို့လည်း မရနိုင်တော့ပါဘူး။ သားအမိ၊ သားအဖချင်းပဲ ဖြစ်ဖြစ်၊ တအားချစ်ကြတဲ့ ညီအစ်ကိုမောင်နှမတွေပဲ ဖြစ်နေပါစေ၊ တစ်ယောက်ကို တစ်ယောက် မကယ်နိုင်ကြပါဘူး။

အခုဆုံးသွားတဲ့ ဒကာကြီးရဲ့ ညီဆိုရင် ငွေကြေးအတော့်ကို တတ်နိုင်ပါတယ်။ ဒါပေမယ့် အဲဒီငွေကြေးတွေကလည်း ဒီနေရာမှာတော့ ဘာမှအသုံးမဝင်တော့ပါဘူး။ လူတွေ ငမ်းငမ်းတက် ရှာဖွေနေကြတဲ့ ငွေဆိုတဲ့ အရာဟာလည်း အို-နာ-သေနဲ့ ပတ်သက်လာရင် ဆေးဖက်မဝင်တော့ပါဘူး။ အို-နာ-သေရဲ့ ဆေးကတော့ ဝိပဿနာပါပဲ။

**ဝါကျချစဉ် (၁)**

လူဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေဟာ ကြိုတင် မသိနိုင်ခြင်းအရာငါးမျိုးနဲ့ အသက်ရှင် နေထိုင်ကြရတယ်လို့ ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူခဲ့ပါတယ်။

ဘယ်သက်ရှည်မှာ၊ ဘယ်ရောဂါနှင့်၊
ဘယ်ခါကာလ၊ ဘယ်ဒေသ၌၊
ရောက်ရမည်တာ၊ တို့သူငါ
မှန်စွာ မသိပါတကား။ ။

လူဆိုတာ သေမျိုးတွေချည်းပါပဲ။ တစ်နေ့နေ့ သေကြရမယ့် သတ္တဝါတွေချည်းပါပဲ။ ဒါပေမယ့် ဘယ်အသက်၊ ဘယ်အရွယ်မှာ သေကြရမယ်ဆိုတာကိုတော့ မသိနိုင်ကြပါဘူး။ ဘယ်သူ တစ်ဦးတစ်ယောက်ကမှ မိမိတို့ရဲ့ အသက်အပိုင်းအခြားကို မှန်းဆလို့ မရပါဘူး။

ဒါ့အပြင် နွေ့မြင် ညပျောက်၊ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ ဆိုတဲ့အတိုင်း လူဆိုတာအချိန်မရွေး သေဆုံးနိုင်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က ပုဂ္ဂိုလ်သတ္တဝါတွေဟာ ဘယ်လိုအနာရောဂါနဲ့ အသက်ခန္ဓာကို စွန့်ရမယ်ဆိုတာကိုလည်း ဘယ်သူမှ မသိနိုင်ကြပါဘူးလို့ ဟောတော်မူပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က အနာရောဂါ ကိုးဆယ့်ခြောက်ပါးလို့ ဟောခဲ့ပေမယ့် ယခုခေတ်မှာတော့ ကိုးရာ့ခြောက်ပါးလောက် ဖြစ်နေပါပြီ။ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါတွေဟာ ဘယ်အနာရောဂါနဲ့ သေကြရမယ်ဆိုတာကိုလည်း ကြိုတင်ပြီး မသိနိုင်ကြပါဘူး။ ထို့နည်းတူ မိမိသေရမယ့် အချိန်အခါကာလကို ကြိုတင်ပြီး မသိနိုင်ကြပါဘူးတဲ့။

မိမိတို့ရဲ့ ခန္ဓာကိုယ်အလောင်းကောင်ကြီးကိုလည်း ဘယ်တိုင်း၊ ဘယ်နိုင်ငံ၊ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဌာနမှာ မြှုပ်နှံပစ်ရမယ်ဆိုတာကိုလည်း ကြိုတင်ပြီး မသိနိုင်ကြပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာမှာ မွေး၊ တခြားမြို့ရွာတွေမှာ သွားသေကြတာတွေလည်း အများကြီးပါ။ အခု စာရေးသူပြောတဲ့ ဒကာကြီးကိုပဲ ကြည့်ပါ။ ကျေးသီးမှာ မွေးတယ်၊ တောင်ကြီးမှာ ဆုံးတယ်လေ။ သူ့ဘဝဟာ ဒီလိုအဆုံးသတ်ရလိမ့်မယ်လို့ သူ ဘယ်လိုမှ ထင်ထားမှာမဟုတ်ပါဘူး။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီကမ္ဘာပေါ်မှာ မိမိတို့ရဲ့ အလောင်းကို မြေမမြှုပ်ဘူးတဲ့ နေရာမရှိဘူးလို့ ဟောတော်မူခဲ့ပါတယ်။

နောက်ဆုံး လူသားတွေ ကြိုတင်မသိနိုင်တဲ့ အရာတစ်ခုကတော့ မိမိတို့ သေသွားပြီးတဲ့နောက် ဘယ်ဘုံ ဘယ်ဘဝကို ရောက်ရမယ်ဆိုတာကို မသိနိုင်ခြင်းပါပဲ။ ဒီအချက်ကတော့ဖြင့် မိမိတို့ ပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံရဲ့



www.burmeseclassic.com

www.burmeseclassic.com

အားနည်းချက်၊ အားသာချက်နဲ့သာလျှင် သက်ဆိုင်ပါတယ်။ မိမိတို့ရဲ့ ကုသိုလ်ကံက အားကြီးရင် ကောင်းမြတ်တဲ့ သုဂတိဘုံဌာနလို့ ခေါ်တဲ့ လူ့ပြည်နတ်ရွာကို ရောက်ရမှာဖြစ်ပြီး မိမိတို့ရဲ့ အကုသိုလ်ကံက အားကြီးရင်တော့ အပါယ်ဒုဂ္ဂတိကို ရောက်ရှိကြရမှာပဲလေ။ ဘယ်သူမပြု မိမိမှုဆိုသလိုပဲပေါ့။

မသိနိုင်ခြင်းတွေနဲ့ အသက်ရှင်နေရတဲ့ အခိုက်အတန့်မှာ ဉာဏ်အမြော်အမြင်ကို ရှေ့တန်းတင်လို့ သိနိုင်၊ မြင်နိုင်စွမ်းရှိတဲ့ ဓမ္မတရားကို ပြုပွား အားထုတ်နိုင်သူတွေအတွက်တော့ နေခြင်းမှာလည်း အဓိပ္ပာယ်ရှိသလို၊ သေခြင်းကိုလည်း ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲကြတယ်လေ။ အို…စာရှုသူ၊ သင်လည်း တစ်နေ့ ငါလည်း တစ်နေ့ပေမို့ အဲဒီတစ်နေ့အတွက် ရတက်အေးရလေအောင် အခုကတည်းက ကြိုတင်ပြင်ဆင်ထားကြရအောင်လား။

ဝါကျစဉ် (၈)

ဒီတစ်လအတွက်တော့ တိပိဋကရေ မွေတာလျှာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ ရေးသားတော်မူခဲ့သော ဓမ္မသံဝေဂ လင်္ကာတစ်ပုဒ်ကို လက်ဆောင်ပါး မိတ္တူပွားရင်း ရပ်နားပါရစေ စာရှုသူ။

ရပ်နားမ်ဓမ္မ သဒ္ဒါရတို့၊
ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလည်း၊
တစ်ဖုံဆင်ကွဲ၊ သူတစ်နဲဖြင့်၊
ဖောက်လွှဲတတ်စွာ၊ ဓမ္မတာကို၊
ပညာစက္ခု မြော်ထောက်ရှု၍၊
ယခုပင်လျှင် မအိုခင်က၊
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့၊
ယခုပင်လျှင် မနာခင်က၊
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။
ယခုပင်လျှင် မသေခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။
ရတုချိန်ထောက် ဤခါရောက်မှ၊
ချုပ်ပျောက်ခန္ဓာ သေပိမ့်ဌာဟု၊
သတ္တဝါခပင်း ရှင်သေမင်းနှင့်၊
မိတ်သင်းဖွဲ့လျက် ချိန်းအချက်လျှင်၊
တစ်စက်ကမှ မရှိကြဘူး။
အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ၊
ဘုရားစကား လိုက်နာပွားကာ၊
တရားလက်မလွှတ်ကြစေနှင့်။ ■

ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ သာသနာပြုနိုင်ကြပါစေ။

(ဆက်လက်ဖော်ပြပါမည်။)

* * *

ဥသျှောင်မှူး(ဩှင်လင်)


အတိုက်အခံ၊ အနှောင့်အယှက်၊
အခက်အခဲ၊ အမှုပြဿနာဆိုင်ရာများအတွက်

ယခုလက်ရှိကြုံတွေ့နေရသော အတိုက်အခံအနှောင့်အယှက်များ အမြန်ဆုံးကင်းရှင်းသွားစေဖို့ လက်ရှိရင်ဆိုင်နေရသော အခက်အခဲ၊ အကြပ်အတည်းများမှ အမြန်ဆုံးကျော်လွှားလွတ်မြောက်စေဖို့ လက်ရှိဖြစ်ပေါ်နေသော အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်ဆေးကိစ္စများ ဂုဏ်သိက္ခာမထိခိုက်ဘဲ အဆင်ပြေစွာ အမြန်ဆုံးပြီးပြတ်သွားဖို့ ယခုရင်ဆိုင်ဖြေရှင်းနေရသော အမှုအခင်းကိစ္စ အမြန်ဆုံး ကြေအေး၊ ရုပ်သိမ်းပြီးပြတ်သွားဖို့(သို့) အမြန်ဆုံး အနိုင်ရရှိပြီးပြတ်သွားဖို့ (နည်းလမ်းကောင်းများရှိပါတယ်)

ဆရာဦးပိုင်ဇအောင်(ဝိဇ္ဇာဘွဲ့)
(လက္ခဏာဗေဒင်ဟောခန်း)

တိုက်(၄၀)၊ B.1 (မြေညီထပ်)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မဟာမြိုင်အိမ်ရာထိပ်၊
(မဟာရန်ကုန်ဆိုင်ကြီးအနီး)၊ မြောက်ဒဂုံမြို့နယ်။ ၀၉-၇၃၁ ၄၇၀၂၄၊ ၀၉ ၅၀ ၆၂၈၄၃




www.burmeseclassic.com

www.burmeseclassic.com

# အပြစ်ကြီးမား ကဲ့ရဲ့စကား

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်လည်း ပရိနိဗ္ဗာန်စံဝင်ခဲ့ပေပြီ။

ထိုအခါ ဒေါနပုဏ္ဏားက ဘုရားရှင်၏ ကြွင်းကျန်ရစ်သော ဓာတ်တော်တို့အား ဝေခဲ့၏။ သည့်အတွက် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းလည်း မိမိ၏ ဝေစုအဖြစ် ဓာတ်တော်များကို ရရှိခဲ့သည်။ ဤတွင် ဓာတ်တော်များကို ၇နှစ်၊ ၇လ၊ ၇ရက်တိုင်တိုင် ခမ်းနားသိုက်မြိုက်စွာဖြင့် ပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပတော်မူလေ၏။

ဓာတ်တော်ပူဇော်ပွဲကြီးကား မပြီးဆုံးသေး။

အဇာတသတ်မင်းကြီးအဖို့ ဘုရားရှင်အား ကြည်ညိုမဆုံးရှိလှသူမို့ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့အား အာရုံပြု၍ နံနက်အခါတွင် ဆွမ်းကို လည်းကောင်း၊ ညအခါတွင် ပန်းကို လည်းကောင်း၊ မီးပူရား မောင်းမမိဿံ အခြွေအရံတို့နှင့်အတူ နေ့စဉ်မပြတ် မြတ်နိုးစွာ ပူဇော်တော်မူလေသတည်း။

◆◆◆

အဆိုပါ ရာဇဂြိုဟ်မြို့မှာတော့ မိစ္ဆာဝါဒီ သူကြွယ်တစ်ဦးရှိလေ၏။ သူ၏ သားသမီး၊ ဇနီးမယား၊ အိမ်သူအိမ်သားအပေါင်းတို့မှာမူ သူနှင့် ဆန့်ကျင်ဘက်။ ဗုဒ္ဓဘုရားရှင်အား ရိုးတွင်းချဉ်ဆီခိုက်မျှ နှစ်ခြိုက် ယုံကြည် ကိုးကွယ်ကြသည့် ဗုဒ္ဓဝါဒီများ ဖြစ်ကြ၏။

သူကြွယ်ကား သူကိုယ်တိုင် ဗုဒ္ဓဘုရားရှင်ကို မကိုးကွယ်သည်သာမက၊ ကိုးကွယ်နေကြသော သားသမီး၊ ဇနီးမယား၊ အိမ်သူအိမ်သားတို့အား ဟန့်တားလေ့ရှိစမြဲ။

ယခုလည်း ဓာတ်တော်ပူဇော်ပွဲ ကျင်းပရာသို့ သွားကြမည့် သားသမီး၊ ဇနီးမယား၊ အိမ်သူအိမ်သားတို့အား မျက်စောင်းတခဲခဲဖြစ်လျက် ရှိလေ၏။

"ဟော့··· ရှင်မ၊ မင်းတို့ အခု ဓာတ်တော်ပူဇော်ပွဲကို သွားကြဦးမှာပဲ မဟုတ်လား"

"ဟုတ်တယ်လေ"

"မင်းတို့ဟာ မလွန်လွန်းဘူးလားကွ။ နေ့တိုင်းလိုလိုပဲ သွား···သွားနေတာ"

"သွားရမယ်လေ။ ကျွန်မတို့ ကြည်ညိုတဲ့ ဘုရားရှင်ရဲ့ ဓာတ်တော် ပူဇော်ပွဲကို သွားတာ အပြစ်လား။ ရှင့်ဘာသာရှင် မယုံကြည်လို့ မကိုးကွယ်ချင် နေပါ။ ကျွန်မတို့ ယုံကြည်ကိုးကွယ်မှုအပေါ် ဝိတ်ဆို့ တားဆီးမှု မလုပ်ပါနဲ့လား"

"ငါက အကြောင်းမဲ့ တားဆီးနေတာ မဟုတ်ဘူး။ မင်းတို့ဟာက မီးရှို့လို့ မလောင်ဘဲ ကျန်နေတဲ့ အရိုးကို ကိုးကွယ်နေတာ ဘာများ အကျိုးရှိလို့လဲ။ အကျိုးမရှိတဲ့အပြင် အိမ်မှာလည်း အလုပ်ပျက် အကိုင်ပျက်နဲ့။ ဒါ့အပြင် အမွှေးနံ့သာ ဝယ်ရတာနဲ့ ပန်းတွေ ဝယ်ရတာနဲ့ ငွေတွေကို အလကားသက်သက်မဲ့ ဖြုန်းတီးပစ်နေတယ်။ ဟွန်း··· ပြောကို မပြောချင်ဘူး"

သူကြွယ်၏ မြည်တွန်တောက်တီးမှုကို အိမ်သားအားလုံးပင် ဘာမျှ ခွန်းတုံ့မတင်ကြတော့။ အိမ်ရှင်မလည်း သမီးနှင့်သားကို လက်စွဲကာ ပူဇော်ဖွယ်ရာ ပစ္စည်းတို့ ဆောင်ကြဉ်းလျက် ဓာတ်တော်ပူဇော်ပွဲရှိရာ ထွက်လာခဲ့ကြတော့၏။

သည်သို့ဖြင့် နှစ်ကာလများ ကြာညောင်းလာသည့်အခါ သားအမိသုံးယောက်တို့သည် ဘုရားရှင်၏ ဓာတ်တော်တို့အား ရည်မှန်းကော်ရော် ပူဇော်သည့် အကျိုးကြောင့် သေလွန်သည်ရှိသော် နတ်ရွာ သုဂတိသို့ လားကြရပြီး မိစ္ဆာဝါဒီ သူကြွယ်မှာမူကား အကုသိုလ်အကျိုးဆက်ကြောင့် ပြိတ္တာဘဝသို့ ရောက်ရှိသွားလေတော့၏။

◆◆◆

ရှင်မဟာကဿပ၏ စိတ်ကူးထဲမှာတော့ လူတို့၏ အကျိုးဖြစ်ထွန်းရေးအတွက် အတွေးတွေက အစီအရီ။

"လူတွေဆိုတာ နတ်တွေ၊ ဗြဟ္မာတွေကို တွေ့မြင်ကြမယ်ဆိုရင် နတ်ပြည်၊ ဗြဟ္မာပြည်ရောက်ဖို့အတွက် စိတ်အားထက်သန်ကြပြီး ကုသိုလ်အမှုတွေကို ပြုလာကြလိမ့်မယ်။ တကယ်လို့များ နာနာဘာဝတွေ၊ ပြိတ္တာတွေကို တွေ့မြင်ကြမယ်ဆိုရင် ထိတ်လန့်ချောက်ချား သံဝေဂတွေ ပွားကြပြီး ဒုစရိုက်အမှုတွေကို မပြုမိအောင် ရှောင်ကြဉ်ကြပေလိမ့်မယ်"

သည်သို့ အကြံဖြစ်သည်နှင့် ဘုရားရှင်၏ ဓာတ်တော်ပူဇော်ပွဲကြီး၌ နတ်များ၊ ဗြဟ္မာများ၊ နာနာဘာဝများ၊ ပြိတ္တာများကို လူတို့ မြင်တွေ့နိုင်ကြစေရန်အတွက် လောကကြီးတစ်ခုလုံးအား အကာအကွယ် အတားအဆီးတို့ ပွင့်လင်းသွားအောင် တန်ခိုးတော်ဖြင့် ဖွင့်တော်မူခဲ့လေသတည်း။

သည့်အတွက် ဓာတ်တော်ပူဇော်ပွဲသို့ ရောက်ရှိလာသော လူအပေါင်းတို့လည်း ကြေးမုံပြင်၌ ပုံရိပ်လှာတို့ ထင်ဟပ်သည့်အလား။ နတ်၊ ဗြဟ္မာ၊ နာနာဘာဝ၊ ပြိတ္တာအသီးသီးတို့ကို နှစ်သက်ဖွယ်၊ ထိတ်လန့်ဖွယ် မြင်တွေ့ကြလေ၏။ လူတို့ မြင်တွေ့သကဲ့သို့ နတ်၊ ဗြဟ္မာ၊ နာနာဘာဝ၊ ပြိတ္တာတို့



www.burmeseclassic.com

www.burmeseclassic.com

သည်လည်း လူတို့ကို တွေ့မြင်ကြရပြန်လေ၏။

ဤတွင် အရှင်မဟာကဿပသည် ပြိတ္တာဘဝသို့ ရောက်ရှိနေသော သူကြွယ်ကို တွေ့မြင်သွားလေ၏။ ထိုအခါ ပရိသတ်အပေါင်းတို့ သတိ သံဝေဂ ရကြစေရန်အတွက် သူကြွယ် ပြိတ္တာအား ပရိသတ်ရှေ့မှောက်သို့ ရောက်ရှိလာစေ၏။ လူ၊ နတ်၊ ဗြဟ္မာ အသီးသီးတို့လည်း အရှင်မဟာကဿပ၏ ရှေ့မှ လည်းကောင်း၊ အနောက်မှ လည်းကောင်း၊ ဝဲ-ယာတို့မှ လည်းကောင်း ဝန်းရံကြကုန်၏။ ထို့နောက် အရှင်မဟာကဿပ၏ ရှေ့တော်မှောက်တည့်တည့်၌ ရှိနေသော သူကြွယ်ပြိတ္တာကို အာရုံစိုက်ကာ ကြည့်မိကြလေ၏။

ထိုအခါဝယ် အရှင်မဟာကဿပ၏ နှုတ်တော်မှ အမေးစကားတို့သည် စမ်းရေစီးသည့်အလား အဆက်မပြတ် ပေါ်ထွက်လာတော့၏။

"အို···ဒါယကာ ပြိတ္တာ၊ သင့်ကို ငါမေးပါရစေ၊ ပရိသတ်ရဲ့ ရှေ့မှောက်မှာ မှန်တဲ့အတိုင်း ငါ့ကို လျှောက်တင်စေချင်တယ်"

"တင်ပါ့ ဘုရား။ တပည့်တော် ဟုတ်တိုင်းမှန်ရာကို တင်လျှောက်ပါ့မယ် ဘုရား"

"ဟုတ်ပြီ၊ ဒီမှာ ဒကာ···သင်ဟာ အာကာဝေဟင် ကောင်းကင်ပြင်မှာ ဘယ်လိုမျိုး အထောက်အကူမှ မပါဘဲနဲ့ ရပ်တည်နေနိုင်သူ ဖြစ်တယ်။ ဒါပေမယ့်လည်း သင့်ရဲ့ အာခံတွင်းဟာ ပုပ်ပေါင် နံစော်လှပေရဲ့။ တစ်ကိုယ်လုံးမှာလည်း အနံ့ဆိုးတွေ ထွက်လို့၊ သင့်ရဲ့ အာခံတွင်းနဲ့ ခန္ဓာကိုယ်တစ်ခုလုံးပေါ် တွယ်တက်နေတဲ့ ပိုးမွှားလောက်ကောင်တွေဟာ သင့်အသားတွေကိုလည်း စားလို့၊ သောက်လို့၊ ဒါ့အပြင် ရှိပါသေးရဲ့၊ ပိုးမွှား လောက်ကောင်တွေ တဖွဖွစားသောက်ထားတဲ့ သင့်ခန္ဓာကိုယ်ပေါ်က အနာတွေပေါ် ဓားကိုင်တဲ့သူတွေက အနာဝကို ဓားချွန်တွေနဲ့ တစွတ်စွတ်ထိုးကြပြန်သေးတယ်။ အဲသည်လို ထိုးခွပြီးတဲ့နောက် အနာဝကို ဆားငန်ရည်တွေ ပက်ဖျန်းကြပြန်သေးတယ်။

အို···ဒကာ ပြိတ္တာ၊ သည်လောက်တောင် ကြီးမားလှတဲ့ ဆင်းရဲဒုက္ခတွေ ခံစားရအောင် သင်ဟာ ရှေးဘဝက ကိုယ်၊ နှုတ်၊ စိတ် ကံသုံးပါးအနက် ဘယ်ကံတွေ ချိုးဖောက်လို့ မကောင်းမှုကို ပြုခဲ့လေသလဲ။ ဘယ် မကောင်းမှုရဲ့ အကျိုးကြောင့် သင်ဟာ သည်လိုမျိုး ဒုက္ခကို ခံစားနေရတာပါလဲ"

အရှင်မဟာကဿပ၏ အမေးကို ကြားလိုက်ရသည့် ပရိသတ်အဖို့ သူကြွယ် ပြိတ္တာအား စိတ်ဝင်စားခြင်းကြီးစွာဖြင့် စိုက်ကြည့်နေမိသည်။ သူကြွယ် ပြိတ္တာ၏ ဆင်းအင်လက္ခဏာကား တစ်စက်ကလေးမျှ ကြည်မွေ့စရာ မရှိ။

"အရှင်ဘုရား···တပည့်တော်ဟာ ခုလို ပြိတ္တာဘဝကို မကူးပြောင်းခင်က ဟောဒီ ရာဇဂြိုဟ်ပြည်ကြီးမှာ ထင်ရှားတဲ့ သူကြွယ်တစ်ဦးဖြစ်ခဲ့ပါတယ်"

ထိုသို့ အဖြေစကားကို လျှောက်တင်ရင်းမှ ပရိသတ်အား လွှမ်းခြုံသော အကြည့်တို့ဖြင့် ကြည့်လိုက်၏။ ထိုစဉ်မှာပင် ပရိသတ်ထဲ၌ နတ်ကညာသုံးပါးကို ဘွားခနဲ တွေ့လိုက်ရသည်။ တွေ့လျှင် တွေ့ချင်းမှာပင် ထိုနတ်ကညာသုံးပါးဆိုသည်မှာ အတိတ်ဘဝက မည်သူတွေ ဆိုသည်ကိုလည်း သိစွမ်းနေခဲ့သည်။

"အရှင်ဘုရား···အရှင်ဘုရားကို ဝန်းရံနေတဲ့ နတ်ပရိသတ်တွေထဲမှာ ထူးခြားစွာ တောက်ပနေတဲ့ နတ်ကညာသုံးပါးကို တွေ့မြင်ရပါလိမ့်မယ် ဘုရား။ အဲဒီ နတ်ကညာသုံးပါးဆိုတာ အတိတ်ဘဝက တပည့်တော် သူကြွယ်ဖြစ်စဉ် တပည့်တော်ရဲ့ ဇနီးပယား၊ သမီးသားတွေ ဖြစ်ခဲ့ကြပါတယ် ဘုရား"

သည်စကားကြားရတော့ ပရိသတ်အပေါင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားကြလေ၏။

"ဘယ့်နှယ့်ကွယ်၊ အိမ်ထောင်ဦးစီးက ပြိတ္တာ၊ အိမ်သားတွေက နတ်ကညာတွေ၊ ဘယ်လိုက ဘယ်လိုဖြစ်ရတာလဲ"

"အို···ဟုတ်ပါရဲ့၊ နားကို မလည်တော့ဘူး"

သူကြွယ်အဖို့ အရှင်မဟာကဿပမထေရ်ကြီးအား တင်လျှောက်စရာရှိသည်တို့ကို ကုန်စင်အောင် တင်လျှောက်ရပါဦးမည်။

"အရှင်ဘုရား···အဲသည် တပည့်တော်ရဲ့ အိမ်သားသုံးဦးဟာ ရတနာသုံးပါးကို အမြဲပဲ ဦးထိပ်ပန်ကြသူတွေ ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ ဓာတ်တော်ပူဇော်ပွဲကို တစ်ရက်မပျက် နေ့စဉ်သွားရောက်ပြီး ပန်း၊ ဆီမီး၊ နံ့သာတွေနဲ့ ရိုသေစွာ ပူဇော်ခဲ့ကြပါတယ် ဘုရား။ အဲသည်လို သူတို့ နေ့စဉ်သွားနေတဲ့အခါ မိစ္ဆာဝါဒီဖြစ်တဲ့ တပည့်တော်ဟာ "နင်တို့တွေ အရိုးကို သွားသွားလှူနေတာ ဘာမှအကျိုးမရှိဘူးရယ်"လို့ ဟန့်တားမိပါတယ် ဘုရား။ တကယ်တော့ သည်လို ပြောဆိုဟန့်တားတာဟာ ကြီးလေးလှတဲ့ ဒုစရိုက်အမှုဖြစ်တယ်ဆိုတာ တပည့်တော် မသိခဲ့ပါဘူး ဘုရား။

အရှင်ဘုရား···တပည့်တော်ဟာ မိစ္ဆာဝါဒီတွေ လိမ်ကျံလို့ ဘုရားရှင်ရဲ့ ဓာတ်တော်တွေအပေါ် ရှုတ်ချ စော်ကားမိတဲ့အတွက် သေလွန်တဲ့အခါ နှစ်ပေါင်း ရှစ်သောင်းခြောက်



www.burmeseclassic.com

www.burmeseclassic.com

ထောင်တိုင်တိုင် ယခုလိုမျိုး ပြိတ္တာဘဝမှာ ကျင်လည်ကျက်စားနေရပါဦးမယ် ဘုရား။

အရှင်ဘုရား···အဲသည်အတွက် ပရိသတ်အပေါင်းတို့ဟာ တပည့်တော်လိုအဖြစ်မျိုး မကြုံရလေအောင် အပယ်အတား တရားဓမ္မတွေကို ဟောကြားဆုံးမပေးတော်မူပါဘုရား။ တပည့်တော်ရဲ့ အိမ်သားတွေကတော့ ဗုဒ္ဓဝါဒီ ပီသစွာ ကောင်းကျိုးကို လုပ်ဆောင်လို့ ကောင်းတဲ့ ဘုံဘဝမှာ စံမြန်းနေရပါပြီ ဘုရား။

အရှင်ဘုရား···တပည့်တော်ဟာ ကံအားလျော်စွာ ပြိတ္တာဘဝက ကင်းလွင်းပြီးတဲ့နောက် လူ့ဘဝကို ပြန်လည်ရောက်ရှိခဲ့မယ်ဆိုရင် မေ့လျော့ ပေါ့ဆခြင်း မရှိဘဲ ဘုရားရှင်ရဲ့ ဓာတ်တော် မွေတော်တွေ ကိန်းအောင်းနေတဲ့ စေတီ၊ ပုထိုးတော်တွေကို ရိုသေသမှုနဲ့ ပူဇော် ဦးထိပ်ပန်ပါ့မယ် ဘုရား"

သူကြွယ် ပြိတ္တာ၏ လျှောက်ထားချက်အဆုံးမှာတော့ လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်အပေါင်းတို့လည်း သူကြွယ် ပြိတ္တာအား လိုက်လှဲစွာ ကောင်းချီးပေးကြကုန်၏။

အရှင်မဟာကဿပ မထေရ်ကြီးလည်း ဒေသစာရီကြွချီရာအရပ်၌ သီတင်းသုံးရလေတိုင်း ထိုသူကြွယ် ပြိတ္တာ၏ ဖြစ်ရပ်တို့ကို အကြောင်းရင်းခံလျက် တရားဒေသနာတော်တို့ကို ဟောကြား ဆုံးမတော်မူလေ၏။ ထိုဒေသနာတော်၏ အကျိုးကြောင့် တရားနာ ပရိသတ်အပေါင်းတို့လည်း ရတနာသုံးပါးကို ဦးထိပ်ပန်လျက် စေတီပုထိုးများ၊ ဓာတ်တော် မွေတော်များအား ကဲ့ရဲ့ရှုတ်ချခြင်း၊ မထီမဲ့မြင်ပြုခြင်းတို့ကို ရှောင်ကြဉ်ကြလေရာ တမလွန်ဘဝသို့ ရောက်လေသော် ကောင်းမွန် မြင့်မြတ်သော ဘုံဘဝတို့၌ စံမြန်းကြရလေသည်တကား■

* * *

နန္ဒာမိုးကြယ်

ကျမ်းကိုး၊

- ပေတဝတ္ထု။
- စုဠဝဂ်မှ ဓာတုဝိဝဏ္ဏပေတဝတ္ထု။


မြန်မာနိုင်ငံဝေဒသုတေသနပညာရှင်

# ဓမ္မာစရိယ ဆရာဦးအောင်ကျော်မိုး

(နက္ခတ်ဗေဒင်၊ ယတြာ အခါပေးပညာရှင်)

လူသားတို့အတွက်

- အတွဲညီသောအိမ်ထောင်ဖက်
- အကျိုးပြုသောအလုပ်အကိုင်နှင့် နေရပ်
- ရှေးဘဝကတည်းက အထုံပါခဲ့သော ပညာရပ်
- ကျန်းမာရေး၊ ဘာသာရေး စည်တို့ကို နေ့စဉ် ဟောပြောပေးနေသည်။
- အိမ်၊ ခြံ၊ မြေ ပန္နက်ရိုက် အခါပေးနှင့် ရောင်းအဝယ်အစီအမံယတြာများ ပြုလုပ်ဆောင်ရွက်ပေးသည်။

ဟောခန်းလိပ်စာ

စီ- ၅၊ အမှတ် (၁၆၇/၁၇၃) ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

ဖုန်း - ၃၉၂၂၄၃




www.burmeseclassic.com

www.burmeseclassic.com



ရွှေမြင်းဝန်စေတီတော်
တာရင်ပြည်နယ်၊ မြဝတီမြို့။

www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်နှင့် မြစန္ဒီမင်းသမီး

ခင်ခင်ဝင်း (မော်ရဝတီ)



ဆံတော်ရှင်ရွှေမြင်းဝန်ရှေးဟောင်းဘုရားကြီး



ထောင့်လေးထောင့်တွင်းရှိ မနုသီဟ

ကရင်ပြည်နယ်၊ ထိုင်း-မြန်မာနယ်စပ်ရှိ မြဝတီမြို့သည် သောင်းရင်းမြစ်က ရစ်ခွေ စည်းခြားထားသော ထိုင်း-မြန်မာ နယ်စပ် ကုန်သွယ်ရေး မြို့လေးတစ်မြို့ဖြစ်ပါသည်။ ကုန်သွယ် ဖောက်ကား လူစည်ကားလှပါသော်လည်း ထိုမြို့ကလေးသည် ကျွန်မတို့၏ ဂေါတမ မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ် အခါက ကြွရောက် ဒေသစာရီ ဖြန့်ချိခဲ့ဖူးကြောင်းကိုတော့ လူသိနည်းလှပေသည်။ သို့သော် သထုံဘုရင် မနူဟာမင်း၏ သမီးတော် မြစန္ဒီမင်းသမီး၏ အကြောင်းကိုတော့ တစ်မြို့လုံး သိကြပါသည်။ မြစန္ဒီမင်းသမီး အုပ်စိုးစဉ်ကာလတွင် ရှိခဲ့သော မြို့ရိုး၊ ကျုံး၊ မြစန္ဒီရေကန်၊ မြစန္ဒီကုန်း၊ မြစန္ဒီမင်းသမီး တည်ခဲ့သော စေတီကုန်းကို မိကျောင်းကုန်း၊ မြစန္ဒီမင်းသမီး ပြုပြင်ခဲ့သော ရှေးဟောင်းဘုရား စသဖြင့် သထုံဘုရင် မနူဟာမင်း၏ သမီးအလိမ္မာလေး မြစန္ဒီ၏အကြောင်းများကိုတော့ ယနေ့အထိ မြဝတီမြို့မှာ သင်းပျံ့ရနံ့မွှေးလျက်ရှိပါသည်။

"အရှေ့အာရှ ဗုဒ္ဓဘာသာအစ သုဝဏ္ဏဘုမ္မိက" ဆိုရိုး ရှိသည့်အတိုင်း သုဝဏ္ဏဘုမ္မိ၏ သမီးပျို မြစန္ဒီမင်းသမီးသည်



www.burmeseclassic.com

www.burmeseclassic.com

လည်း မိမိရောက်ရှိရာအရပ်မှာ သာသနာပြုခဲ့ပါသည်။ သထုံမြို့နယ်သူဖြစ်သော ကျွန်မသည် သုဝဏ္ဏဘုမ္မိ သာသနာထွန်းလင်းတော်မူရာ အရပ်ဒေသအသီးသီးသို့ သေချာကျနမှတ်တမ်းမှတ်ရာများနှင့်အတူ လေ့လာမှတ်သား ကျင့်ကြံဖွားများခဲ့ဖူးသော်လည်း မြဝတီမြို့ရှိ မြစန္ဒီမင်းသမီး၏ သာသနာကိုကား သေချာကျန မသိရသေးဘဲ ဖြစ်နေပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ခန့်က တစ်ကြိမ်ရောက်ဖူးခဲ့သော်လည်း အမှုမဲ့ အမှတ်မဲ့ဖြစ်ခဲ့ရသည်။ ထိုစဉ်က နယ်မြေက မအေးချမ်းမှု လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်း



သာသနာ့ဗိမာန်တော်အတွင်းမှ နှီးဘုရားကြီး

မှုတို့ကြောင့် နောက်ထပ် မရောက်ရှိတော့ပါပေ။ ယခုဒုတိယအကြိမ် ဘုရားဖူးရန် ပြန်ရောက်ချိန်မှာ မြဝတီမြို့၏ အမှတ်(၅)ရပ်ကွက်၊ မြို့ရှိုးလမ်းတွင် နေသော တူမလေး ဇနီးမောင်နှံမှ ပြောပြသော မြစန္ဒီမင်းသမီး၏ ရာဇဝင်ကဖခင် မနူဟာမင်းကြီး၏ သမီးအလိမ္မာလေးဖြစ်ခဲ့ပြီး ဗုဒ္ဓသာသနာကို သုဝဏ္ဏဒေသွးဟု ပြောစရာမလိုလောက်အောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။ ကျွန်မသည် မြစန္ဒီမင်းသမီးအား ချစ်ခင်စွာဖြင့် ရေးသားဂုဏ်ယူလိုက်ပါသည်။

♦♦♦


သုဝဏ္ဏဘုမ္မိ၏ နောက်ဆုံးမင်းဆက်ဖြစ်သော မနူဟာမင်းသည် တစ်ချိန်က သုဝဏ္ဏဘုမ္မိ၏ မြို့ရံဖြစ်ခဲ့ဖူးသော မြဝတီမြို့ကို ပြန်လည်စိုးမိုးရယူရန် ဆန္ဒပြင်းခဲ့သည်။ ထိုစဉ်က မြဝတီမြို့သည် မင်းဆက်ပြတ်ပြီး ယွန်းသူပုန်တို့ စိုးမိုးအနိုင်ယူနေသော အချိန်ဖြစ်ပါသည်။ ထိုယွန်းသူပုန်တို့ကို နှိမ်နင်းနိုင်မည့်သူကို ရှာဖွေရန် မှူးမတ်များနှင့် တိုင်ပင် တွက်ချက်ရာ အရှေ့အရပ်၌ သူရဲကောင်းတစ်ဦးရှိပြီး၊ ထိုသူရဲကောင်း၏ ဦးဆောင်မှုဖြင့် ယွန်းသူပုန်တို့ကို လွယ်ကူစွာနှိမ်နင်းနိုင်မည်ဖြစ်ကြောင်း လျှောက်ကြသည်။ မနူဟာမင်းလည်း ထိုသူရဲကောင်းအား စည်းရုံးသိမ်းသွင်း၍ ကြည်သာစွာအနုနည်းဖြင့် ခေါ်ဆောင်လာရန် အမိန့်ပေးလိုက်လေသည်။

မှူးမတ်သေနာပတိတို့လည်း ရဲမက်စစ်သည်များနှင့်အတူ သုဝဏ္ဏဘုမ္မိမြို့မှ အရှေ့ရှူးရှူးသို့ သုံးရက် ခြေကျင်လျှောက်၍ ရှာဖွေကြရာ အလွန်သာယာသော ချောင်းတစ်ခုသို့ ရောက်ရှိခဲ့ကြသည်။ မောပန်းနွမ်းနယ်နေကြ၍ တစ်ကြောင်း၊ ချောင်းအနီး ပတ်ဝန်းကျင်မှာလည်း စိမ်းလန်းစိုပြည်သာယာခွတ်ပျံ့သည်က တစ်ကြောင်းကြောင့် ထိုအနီးမှာပင် စခန်းချ အနားယူကြလေသည်။ ၎င်းချောင်းသည် မြရာချောင်းဖြစ်လေသည်။ ချောင်း၏ အနီးတွင် ယာတဲကြီးတစ်လုံးနှင့် ယာခင်းကြီးတစ်ခုရှိလေသည်။ ထိုယာတဲကြီးတစ်လုံးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဥပမိရုပ် ခန့်ညားပြီး ကိုယ်ခန္ဓာထွားကျိုင်းလှသော လူငယ် တစ်ဦးသည် နှစ်ခြိုက်စွာ အိပ်မောကျနေသည်ကို တွေ့ရှိရ လေသည်။ ထိုလူငယ်ကို မှူးမတ်သေနာပတိများက မိမိတို့ ရှာဖွေနေသောသူသည် ဤသူပင် ဖြစ်လိမ့်မည်ဟု ထင်မြင် ယူဆကြလေသည်။

အသင့်ယူဆောင်လာသော ပလွေခွံမင်း လင်းကွင်း ပတ်သာ တူရိယာများကို သုံးကြိမ်တိတိ တီးမှုတ်၍ ညင်သာ စွာ အိပ်ရာမှ နှိုးကြလေသည်။ ထိုသူလည်း အိပ်ရာမှ နိုးထ ၍ မျက်လုံးအစုံကို ဖွင့်ပြီး ကြောက်ရွံ့တုန်လှုပ်မှုကို မပြဘဲ အဝတ်ခြားနား စစ်သည်ဗိုလ်ပါများကို အေးဆေးစွာ ကြည့်ရှု ၍ နှုတ်ခွန်းဆက်စကားပြောဆိုလေသည်။ တည်ငြိမ်ရင့်ကျက် မှုကို ထောက်ရှု၍ မိမိတို့ ရှာဖွေနေသော သူရဲကောင်းသည် ဤသူသာ ဖြစ်ရမည်ဟု သတ်မှတ်လိုက်ကြလေသည်။

၎င်း၏ မိဘများ မရှိတော့၍ တစ်ကိုယ်တည်း နေထိုင် ကာ တောင်ယာလုပ်ကိုင်၍ အမဲလိုက် နေထိုင်စားသောက် သူဖြစ်လေသည်။ ကရင်တို့က မိဘမဲ့ တစ်ကိုယ်တည်း နေထိုင်သူကို "ဖိုးခဲ"ဟု ခေါ်ဆိုလေ့ရှိသည်။ တောတွင်းသား ဖြစ်ပြီး ကရင်တိုင်းရင်းသား ဖိုးခဲသည် တောလိုက်မုဆိုးဖြစ်၍ ဓနုဗေဒါ - အတတ်ပညာဖြစ်သော ဒူးလေး၊ လင်းလေး (လောက်လေးပစ်ခတ်ရာ၌ တစ်ဖက်ကမ်းခတ် တတ်ကျွမ်း သူ ဖြစ်လေသည်။) ၎င်း၏ လေးမြားကို သာမန်လူ ဆွဲငင် နိုင်စွမ်း မရှိပေ။ လောက်စာလုံး သုံးလေးလုံးသာ ယူလေ့ရှိ ပြီး ၎င်းလောက်စာလေးမှန်သည့် တောကောင်သည် နေရာ တွင်ပင် လဲကျနိုင်လောက်အောင် ပစ်ခတ်နိုင်စွမ်း ရှိလေ သည်။

ဖိုးခဲသည် မနူဟာမင်းကြီးက အခေါ်လွှတ်ကြောင်း သိရသောအခါ မိမိအနေဖြင့် မြို့ကြီးပြကြီးတွင် မနေလို၊ တောတွင်း၌သာ တောလိုက်၊ တောင်ယာလုပ်ဖြင့် နေလို ကြောင်း ပြောဆို၍ ငြင်းဆန်လေသည်။ တိုင်းပြည်လုံခြုံရေး အတွက် အခက်အခဲနှင့် ရင်ဆိုင်နေရချိန်တွင် တိုင်းပြည်ကို ကာကွယ်ရန် သင့်တွင် တာဝန်ရှိကြောင်း နားချ၍ စည်းရုံး သိမ်းသွင်းပြောဆိုမှ အမှုထမ်းရန် လက်ခံ သဘောတူခဲ့လေ သည်။ ဖိုးခဲသည် လောက်စာလေး၊ ပေါက်ဆိန်၊ ဓား၊ ကရင် အဝတ်အစားနှင့် လောက်စာလုံး ၇လုံး၊ စုစုပေါင်း ပစ္စည်း ၅မျိုးသာ ယူဆောင်၍ သုဝဏ္ဏဘုမ္မိသို့ လိုက်ပါခဲ့လေသည်။

မနူဟာမင်းကြီးရှေ့မှောက်သို့ ဖိုးခဲ အခစားရောက်သော အခါ ဖိုးခဲ၏ ကြန်အင်လက္ခဏာ ဥပမိရုပ်ကို ကြည့်ပြီး မင်းကြီးသည် လွန်စွာသဘောကျ ကျေနပ်တော်မူလေသည်။ ဖိုးခဲကို စစ်သူကြီးခန့်အပ်ပြီး စစ်သည်ရဲမက်များ ပေးအပ်၍ မြင်းတပ်များဖြင့် အရှေ့ဘက် ယွန်းသူပုန်များအား နှိမ်နင်း တိုက်ခိုက်ရန် တာဝန်ပေးအပ်ရာ ဖိုးခဲ ဦးဆောင်သော စစ်တပ် ကြီးသည် မြဝတီသို့ စစ်ထွက်ခဲ့လေသည်။

ဖိုးခဲသည် နယ်မြေဒေသ အထူးကျွမ်းကျင်၍ ယွန်း သူပုန်များရှိရာသို့ ဦးတည်ပြီး ရောက်မဆိုက် တစ်ခဲနက် အော်ဟစ်၍ တရကြမ်း ထိုးစစ်ဆင် တိုက်ခိုက်လေတော့ သည်။ ယွန်းသူပုန်တို့သည် မကြုံဘူးသော အတိုက်အခိုက်ကို




ရေမှမျောလာသော ပုဂ္ဂိုလ်ပေါင်းစုံ

ကျွန်းသားသစ်မြစ်ဆုံကြီး



www.burmeseclassic.com

www.burmeseclassic.com




ဘုရားအဝင်မုခ်ဝ

ခံရ၍ အထူးတုန်လှုပ်ခြောက်ခြားကာ လက်နက်များကို စွန့်ပစ်၍ လက်လွှတ် ထွက်ပြေးကြလေသည်။ ယွန်းသူပုန်တို့သည် သာမန်လူတစ်ဦးထက် မြင့်မောက်သည့် ကိုယ်ခန္ဓာရှိပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော စစ်သူကြီး ဖိုးခဲအား မြင်ရုံနှင့် ကြောက်လန့် ထွက်ပြေးကြကုန်လေသည်။

သူပုန်စခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခိုက်နှိမ်နင်းသိမ်းပိုက်နိုင်ပြီး ယွန်းသူပုန်တို့၏ ကျူးကျော်တိုက်ခိုက်မှုသည်လည်း လုံးဝချုပ်ငြိမ်းသွားလေသည်။ ပြည်သူပြည်သားများလည်း အေးချမ်းစွာ သွားလာနေနိုင်ကြလေတော့သည်။ မနူဟာမင်းထံတွင် ဖိုးခဲ အမှုထမ်းသည့်ကာလသည် သုံးနှစ်၊ သုံးလ၊ သုံးရက်ကြာသည်ဟု အဆိုရှိပါသည်။

သူရဲကောင်း ဖိုးခဲအား မနူဟာမင်းကြီးသည် လွန်စွာသဘောကျ ကျေနပ်၍ ရာထူး ဆုလာဘ်များ ပေးကာမီးလျက်နန်းတော်တွင် နှစ်သက်သလို နေစေသည်။ ထို့နောက် မှူးမတ်များနှင့် တိုင်ပင်ကာ စစ်သူကြီး ဖိုးခဲအား သမီးတော်စန္ဒီမင်းသမီးနှင့် လက်ထပ်ပေးပြီး လက်ထပ်ပွဲကို နန်းတော်တွင် ဂုရက်တိုင်တိုင် ကြီးကျယ်စည်ကားစွာ ဆင်ယင်ကျင်းပခဲ့လေသည်။ သမီးအလိမ္မာလေး စန္ဒီသည် ဖခင်၏ စကားကို မြေဝယ်မကျ နားထောင်ရှာသည်။

စစ်သူကြီး ဖိုးခဲသည် ဘုရင့်သမီးနှင့် လက်ထပ်၍ဘုရင့်သမက်ဖြစ်လာသော်လည်း သုဝဏ္ဏဘုမ္မိ နန်းတော်တွင် မပျော်ဘဲ မိမိနေထိုင်ရာ တောတောင်သို့သာ ပြန်သွားလိုကြောင်း မကြာခဏ တောင်းပန်လျှောက်ထားလွန်းသဖြင့် တားမြစ်၍ မရသည့်အဆုံး ခွင့်ပြုလိုက်ရလေသည်။ သမီးတော် စန္ဒီမင်းသမီးကိုလည်း ဖိုးခဲနှင့်အတူ လိုက်ပါစေ၍ အခေါင်အယောင်များ၊ အထိန်းတော်များနှင့် သက်တော်စောင့် ကိုယ်ရံတော်များ၊ စစ်သည်များ ၁၀၀ ကိုပါ တစ်ပါတည်း ထည့်ပေးလိုက်လေသည်။

စစ်သူကြီး ဖိုးခဲနှင့် စန္ဒီမင်းသမီးတို့ မြဝတီမြို့သို့ရောက်လာသည့်အခါ မြို့မှာ ပျက်စီးယိုယွင်း၍ အိမ်ခြေအနည်းငယ်သာ ရှိပြီး ဖိုးခဲ၏ ဆွေမျိုးသားချင်းအနည်းငယ်လောက်သာ နေထိုင်လျက်ရှိပေသည်။ ဖိုးခဲသည် ငယ်စဉ်ကလေးဘဝက စ၍ တစ်ဦးတည်း တောတွင်း၌ နေထိုင်ခဲ့သူဖြစ်ပြီး မှဆိုးလိုက်၍ ရှာဖွေစားသောက်သည်မှလွဲ၍ အခြားမည်သည်ကိုမျှ စိတ်မဝင်စားပေ။ လောဘ၊ ဒေါသနည်းပြီးရိုးသားအေးဆေးစွာ နေထိုင်သူဖြစ်လေရာ မြို့ရွာတစ်ခုကိုမင်းလုပ် အုပ်ချုပ်ဖို့ မဆိုထားနှင့်၊ ထီးရိပ် နန်းရိပ်ကိုပင်ခိုလှုံချင်သူ မဟုတ်ခဲ့ပေ။ ထို့ကြောင့် သုဝဏ္ဏဘုမ္မိဘုရင်


www.burmeseclassic.com

www.burmeseclassic.com

မနူဟာမင်း၏ သမီးတော် စန္ဒီသည် အရှေ့ဘက်အစွန်း၌ ရှိသော သုဝဏ္ဏဘုမ္မိ၏ မြို့အရန်ဖြစ်သော မြဝတီမြို့တွင် ထီးရံနန်းရံ မြို့စားမင်းသမီးအဖြစ် စီမံအုပ်ချုပ်ခဲ့ရပေသည်။

စန္ဒီမင်းသမီးသည် မြဝတီမြို့ကို သုဝဏ္ဏဘုမ္မိ နေပြည်တော်အား အတုယူ၍ ပြန်လည်တူထောင်ခဲ့ပေသည်။ စန္ဒီမင်းသမီးအုပ်ချုပ်သည့် မြဝတီတွင် အဖိုးတန် မြကျောက်များ ရှာဖွေတွေ့ရှိ၍ ခမည်းတော်အား မြကျောက် သုံးလုံးဆက်သရာ ခမည်းတော်က သမီးတော်အား "မြစန္ဒီ"ဟု ဘွဲ့မည်ပေးခေါ်စေခဲ့ပါသည်။

မြဝတီမြို့စား မြစန္ဒီမင်းသမီးသည် နှလုံးရည်ပြည့်ဝပြီး မင်းကျင့်တရားနှင့်အညီ စီမံအုပ်ချုပ်ခဲ့သည်။ သုဝဏ္ဏဘုမ္မိသူ ပီပီ ဗုဒ္ဓဘာသာထွန်းကားရန်အတွက် မြို့လယ်ကောင်တွင် ရှိသော ရှေးဟောင်း ဘုရားပျက်ကြီးကို သုဝဏ္ဏဘုမ္မိလက်ရာများနှင့် အံ့လွန်းနီးစပ်စွာ ပြုပြင်ခဲ့သည်။ မနုသီဟများ၊ အုတ်တံတိုင်းများ၊ မြစန္ဒီ ရေကန်တော်ကြီးများသည် ပျူလက်ရာဟန်ပန်များ ပုံစံဖြစ်နေသည်။

မြဝတီမြို့သူမြို့သားများက မြစန္ဒီ မင်းသမီး၏ အကြောင်းကို ယနေ့တိုင် ပါးစပ်ရာဇဝင်အဖြစ် ပြောဆိုမခန်းရှိကြလေသည်။

အကယ်စင်စစ် မြစန္ဒီမင်းသမီးသည် မြဝတီမြို့နှင့် မြဝတီမြို့၏ မြို့လယ်ကောင်တွင် ရှိသော မြတ်စွာဘုရား၏ ဆံတော်စစ် ရှေးဟောင်းဘုရားကြီးကို ပြန်လည်ပြုပြင်သည်မှာ မြန်မာသက္ကရာဇ် ၃၆၈ခုနှစ်တွင် ဘက်စုံ ပြုပြင်မွမ်းမံခြင်း ပထမအကြိမ်ဖြစ်ပြီး ရှေးဦးဆုံး ဘုရားဒကာမှာ သာသနာသက္ကရာဇ် ၁၁၁ ခုနှစ်၊ မြဝတီမြို့၏ နန်းတည်မြို့စား "သုမနမင်း" ဖြစ်ပေသည်။

♦♦♦

ဤဘဒ္ဒကမ္ဘာကြီးတွင် ပွင့်တော်မူသွားပြီးသော မြတ်စွာဘုရားများသည် သမ္ဗုဒ္ဓေဂါထာတော်နှင့် ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်တော်များအရ ဂဏ်ဝါဠ သံခ်ယမက ပွင့်တော်မူခဲ့ပြီးကြောင်း ပြဆိုခဲ့ပါသည်။ ထိုထိုသော ဘုရားရှင်တို့တွင် ပါရမီဖြည့်ကျင့်ပုံခြင်း မတူသောကြောင့် မတူညီသော ခြားနားချက် (၈)ချက်ရှိလေသည်။

(၁) သက်တမ်းပမာဏ မတူညီခြင်း၊

(၂) အလုံးအရပ် မတူညီခြင်း၊

(၃) အမျိုးအနွယ် မတူညီခြင်း၊

(၄) တောထွက်သောအခါ စီးသောယာဉ် မတူညီခြင်း၊

(၅) ဘုရားပွင့်တော်မူရာအပင် မတူညီခြင်း၊



အုတ်တံတိုင်းထောင့်ဌထောင့်တွင်နတ်မင်းကြီးတစ်ပါးလျှင် နဂါးနှစ်ကောင်စီဖြင့်အပြင်ဖက်သို့ကြည့်နေဟန်

(၆) ပလ္လင်တော်ပမာဏ မတူညီခြင်း၊

(၇) ဒုက္ကရစရိယကျင့်သည့် အချိန်ကာလ မတူညီခြင်း၊

(၈) ရောင်ခြည်တော်ပမာဏ မတူညီခြင်းတို့ဖြစ်သည်။

တူညီသော အချက်များမှာ ပဋိသန္ဓေတည်၍ ဖွားမြင်တော်မူသောအခါ၊ သစ္စာလေးပါးတရား ဟောကြားရာ၌၊ ဘုရားအဖြစ်သို့ ရောက်သောအခါတို့တွင် တော်လဲခြင်း၊ ကမ္ဘာမြေတုန်လှုပ်ခြင်း အစရှိသော အံ့ဖွယ်နိမိတ်များသည် တူညီကြသည်။ ဟောကြားသော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးပုံတို့သည် တူညီကြသည်။ ထို့ပြင် မြတ်စွာဘုရား၏ တန်ခိုးတော်များ၊ လက္ခဏာကြီးငယ်များ၊ ဂုဏ်တော်အရာများတို့သည် အတူတူပင်ဖြစ်ကြသည်။ သစ္စာလေးပါး၊ ဝိပဿနာတရား၊ နိဗ္ဗာန်ရောက်ကြောင်း တရားတို့၌ အခဲ့သတ်ခြင်းတို့သည် အတူတူပင်ဖြစ်ကြသည်။

အနှစ်တစ်သိန်း သက်တမ်းရှိသော ကာလတွင် ပွင့်တော်မူသော မြတ်စွာဘုရားသည် တစ်နှစ် (သို့မဟုတ်) တစ်လတွင်မှ တစ်ကြိမ် တရားဟောတော်မူပေလိမ့်မည်။ ကျွန်မတို့ လက်ရှိ ကိုးကွယ်သော ဂေါတမမြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com

သည် ထိုသော အနှစ် ၁၀၀ သက်တမ်းတွင် ပွင့်တော်မူသော ကြောင့် တရားအားလုံး ဟောကြားပြီးဖြစ်ရန် နေ့နေ့ညည ညဉ့်ဦးယံ၊ ညဉ့်လယ်၊ အရုဏ်တက်ချိန် မရှိ။ မနားမနေ တရားဟောပြခဲ့လေသည်။ ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးအချိန် အထိ ဝေဒနာကို ထိန်း၍ ဟောကြားပေးခဲ့လေသည်။ ကျွတ် ထိုက်သူများရှိရာသို့ လည်းကောင်း၊ နောင် သာသနာပွင့်လင်း မည့်နေရာများသို့ ဘုရားရှင်ကိုယ်တော်တိုင် ဒေသစာရီကြွချီ ၍ တရားဟောခြင်း၊ ဆံတော်များ ပေးသနားခြင်း၊ ဗျာဒိတ် များ ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူရာ ခရီးစဉ်တစ်လျှောက်တွင် ဆံတော် များ ပေးသနားတော်မူခဲ့ရာ ထိုဒေသတွင် ဆံတော်စစ်စေတီ များ ယခုတိုင် တည်ရှိပါသည်။

ဂေါတမမြတ်စွာဘုရားသည် ဝါတော် (၈)ဝါရချိန်တွင် မဟာသက္ကရာဇ် ၁၁၁ခုနှစ်၊ ဟေမန္တဥတုတွင် သက္ကတိုင်း၊ သံသုမာရဂီရိမြို့ ဘိသကဠာဝန မိဂဒါယဥ္ဌ ဝါကပ်တော်မူပြီး ရဟန္တာပေါင်း ၅၀၀နှင့်အတူ ဂဝံပတိရဟန္တာအရှင်မြတ်မှ တစ်ဆင့် သထုံဘုရင် တိဿဓမ္မသီဟရာဇာမင်း၏ ပင့် ဆောင်မှုဖြင့် သာသနာထွန်းလင်းမည့် နေရာဖြစ်ကြောင်း သိရှိ တော်မူ၍ ဒေသစာရီကြွချီတော်မူခဲ့လေသည်။



ရှေးဦးစွာ မြတ်စွာဘုရားသည် တရုတ်ပြည်နယ်၊ "မာလက"အမည်ရှိသော မြို့တော်သို့ ရောက်ခဲ့၏။ ၎င်းမှ ယိုးဒယားပြည်(ထိုင်း)၊ သောက္ကဒဲသီ အယုဒ္ဓယဒွါရဝတီသို့ ရောက်ရှိခဲ့ပြီး ယိုးဒယား(ထိုင်း)ပြည်မှ မြတ်စွာဘုရားသည် ထားဝယ်မြို့သို့ ဆက်လက်ကြွချီတော်မူသည်။ မြတ်စွာဘုရား သည် ထားဝယ်မြို့မှ မြောက်အရပ်သို့ ဆက်လက်ကြွချီတော် မူရာ ရွှေလင်ပန်းရွာသို့ ရောက်ရှိတော်မူခဲ့သည်၊ ထိုရွှေလင် ပန်းရွာမှ ကွမ်ဖရဲပတီဟု ခေါ်သော မြဝတီမြို့သို့ ရောက်ရှိ တော်မူခဲ့လေသည်။ မြဝတီမှ ဆက်လက်ကြွချီတော်မူရာ ယောနကတိုင်း၊ ကြင်းမိုင်းသို့ ရောက်တော်မူခဲ့သည်။ ထို ကြင်းမိုင်းမှတစ်ဆင့် လင်းပွန်သို့ ရောက်ရှိခဲ့ပါသည်။ မြတ်စွာ ဘုရားသည် ယောနတိုင်း ကြင်းမိုင်းနှင့် လင်းပွန်မှ တောင် အရပ်သို့ ဒေသစာရီကြွချီတော်မူခဲ့ရာ မော်လမြိုင်မြို့ တောင် ထိပ်သို့ ရောက်ခဲ့ပါသည်။ ၎င်းမှ ခေါင်းဆေးကျွန်းသို့ ရောက် သောအခါ ဤကျွန်းတွင် ငါဘုရား ဟင်္သာမင်းဖြစ်စဉ်က မူကမော့တောင်ရိုး(မုတ္တမတောင်ရိုး)၌ အိပ်တန်းတက်ပြီး ဇယားနက်ကုန်ကြီးသို့ အစာရှာသွားလေရာ လေပြင်းတိုက် ခတ်သဖြင့် ဤခေါင်းဆေးကျွန်းသို့ ဆင်းသက် နားနေခဲ့ဖူး ကြောင်း အမှတ်တရ ဟောကြားတော်မူခဲ့သည်။ အဆိုပါ ခေါင်းဆေးကျွန်းမှ မူကမော့ခေါ် မုတ္တမမှတစ်ဆင့် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ရောက်တော်မူခဲ့ပါသည်။ မြတ်စွာဘုရားသည် ခရီးစဉ်တစ်လျှောက်လုံး၌ တရားဟောခြင်း၊ ဗျာဒိတ်တော် များ ပေးခြင်း၊ ဆံတော်များ ပေးခြင်းတို့ကို ပြုတော်မူခဲ့ပါ သည်။

မွန်ရာဇဝင် စေတီပေါင်းချုပ် စာမျက်နှာ ၁၀မှ ၁၉တွင် မြတ်စွာဘုရားသည် ဖြန့်ချီကြွလာတော်မူရာ အိမ်ခြေပေါင်း ၅၀၀ ခန့်ရှိသော ရွာကြီးတစ်ခုသို့ ရောက်တော်မူ၏။ ၎င်းရွာ ၏ အကြီးအကဲမှာ "သုမန"ဟူသော အမည်ရှိ၏။ သုမန သည် မြတ်စွာဘုရားနှင့် ရဟန္တာ ၅၀၀တို့အား ထူးဆန်းသော ပုံသဏ္ဌာန်၊ အဝတ်အစားခြားနား၍ ဘဲယ်လူမျိုးများဖြစ်သည် ကို စုံစမ်းရာ မဇ္ဈိမတိုင်းမှ ကြွလာသော ဘုရားရဟန္တာများ ဖြစ်ကြောင်း သိရ၍ မိမိရွာသား အိမ် ၅၀၀ကို ဆွမ်းလုပ်ကျွေး ရန် တိုင်ပင်ပြီး ကျောက်ပြား ၅၀၀ ခင်းကျင်း၍ ဆွမ်းလုပ် ကျွေးကြကုန်၏။

မြတ်စွာဘုရားသည် တရားဓမ္မဟောပြ၍ နောင် ငါ ဘုရား ပရိနိဗ္ဗာန်စံယူသည့်နေ့မှစ၍ သာသနာနှစ် ၂၀၀၀ ကျော်သော် ရွာအကြီးအကဲ သုမနသည် ဟံသာဝတီပြည် ကို အုပ်ချုပ် မင်းလုပ်ရမည်ဟု ဗျာဒိတ်တော်ထားပြီး ဆံတော်



www.burmeseclassic.com

www.burmeseclassic.com

လေးဆူကို သုမနမင်းအား ပေးသနားတော်မူခဲ့လေသည်။ သုမနမင်းသည် ဆံတော်တစ်ဆူကို မြဝတီမြို့၏ မြို့လယ်ကောင်တွင် စေတီတစ်ဆူတည်ထား ကိုးကွယ်ခဲ့သည်။ ကျန်သုံးဆူကို မြဝတီအနီး ကော့ကရိတ်မြို့တွင် တည်ထား ကိုးကွယ်ခဲ့သည်။

သုမနမင်း တည်ထားကိုးကွယ်ခဲ့သော မြဝတီမြို့၏ မြတ်စွာဘုရား ဆံတော်စစ် ဘုရားကြီး၏ မူလအမည်မှာ "ကျိုက်မြပတီ"(သဲလုံးများပေါ်တွင် တည်ထားသော ဘုရား)၊ ၎င်းမှတစ်ဆင့် "ကျိုက်မြဝတီ"ဟု ခေါ်ဝေါ်ခဲ့ကြသည်။

◆◆◆

တတိယအကြိမ် ဘုရားကြီးအား ပြုပြင်သူမှာ မြန်မာသက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် မြင်းဝန်မင်းကြီး မဟာမင်းလှခေါင်သည် ဘိုးတော်ဘုရားလက်ထက် ယိုးဒယား(ထိုင်း)သို့ ဘုရင့်နောင် စစ်ချီသည့်လမ်းကြောင်းအတိုင်း ချီတက်တိုက်ခိုက်ရာ မြဝတီမြို့တွင် ရက်ရှည်လများ စခန်းချ ရပ်နားခဲ့စဉ် ဘုရင့်နောင်မင်းတရားကြီး ပြုပြင်တည်ထားခဲ့သော နန်းတော်ရာနှင့် စေတီတော်ကြီးအား ဘက်စုံ ပြုပြင်ခဲ့သည်ကို အစွဲပြု၍ "ရွှေမြင်းဝန် စေတီတော်ကြီး"ဟု ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြလေသည်။

ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီး၏ သက်တမ်းထက် ၈-နှစ်သာ ငယ်သော မြတ်စွာဘုရား၏ ဆံတော်စစ် ဌာပနာထားတော်မူသော ရွှေမြင်းဝန်ဘုရားကြီး ကို ခေတ်အဆက်ဆက် ဘက်စုံ ပြုပြင်ခဲ့ကြသည်။

* ပထမအကြိမ် - မြန်မာသက္ကရာဇ် ၃၆၈ ခုနှစ်၊ မြစန္ဒီမင်းသမီး။
* ဒုတိယအကြိမ် - မြန်မာသက္ကရာဇ် ၉၄၂ ခုနှစ်၊ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီး။
* တတိယအကြိမ် - မြန်မာသက္ကရာဇ် ၁၁၄၇ ခုနှစ်၊ မြင်းဝန်မင်းကြီး မဟာမင်းလှမင်းခေါင်။
* စတုတ္ထအကြိမ် - မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်၊ သစ်ခေါင်းကြီး ဦးတက်ဖော မိသားစု။
* ပဥ္စမအကြိမ် - မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ သာမညတောင်ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိနယ ဆရာတော်နှင့် မြဝတီခရိုင် ငြိမ်ဝပ်ပိပြားရေးအဖွဲ့နှင့် စေတနာရှင်များ။
* ဆဋ္ဌမအကြိမ် - မြန်မာသက္ကရာဇ် ၁၃၆၄ ခုနှစ်၊ သာမညတောင်ဆရာတော်နှင့် မြဝတီခရိုင် ငြိမ်ဝပ်ပိပြားရေးနှင့် စေတနာရှင်များ။
* သတ္တမအကြိမ် - မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်၊ မြို့နယ် သံဃာ့နာယကအဖွဲ့၏ ဩဝါဒကို ခံယူ၍ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကရင်ပြည်နယ် အေးချမ်းရေးအဖွဲ့၊ မြဝတီခရိုင် အေးချမ်းရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ဂေါပကများ၊ ရယကများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပြည်သူများ။

ဤကဲ့သို့ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကတည်းက တည်ထားကိုးကွယ်ခဲ့သော မြဝတီမြို့လယ်ရှိ ရွှေမြင်းဝန်စေတီတော်ကြီး၏ ပသာဒများကို ဓာတ်ပုံများနှင့်တကွ ဖော်ပြအပ်ပါသည်။

နဂါးကြီး ၁၆ကောင်က မဟာရံ အုတ်တံတိုင်းများပေါ်တွင် ၎င်းတို့၏ ကြီးမားသော ကိုယ်လုံးကြီးများဖြင့် ကာရံထားပြီး ထောင့်လေးထောင့်ရှိ သာသနာစောင့် နတ်မင်းကြီးများနှင့် အတူရှိနေပုံ မုခ်လေးဝရှိ ခြင်္သေ့ကြီးများနှင့် အတူရှိနေပုံကလည်း ထူးခြားနေပါသည်။ မနုသီဟ လေးပါးကလည်း သထုံပြည်၏ အငွေ့အသက်များဖြစ်ပါသည်။ စေတီရံများတွင်လည်း သရီယဓာတ်တော်များ ဌာပနာထားကြောင်း သိရှိရပြီး မကြာခဏ ဓာတ်တော်များ ကွန့်မြူး ဖူးတွေ့ရကြောင်း သိရှိရပါသည်။ တစ်ခါ ဖူးမြော်ပြီးလျှင် နောက်တစ်ကြိမ် ထပ်ဖူးရကြောင်း အဆိုရှိပါသည်။

တစ်ဖက်နိုင်ငံ ယိုးဒယား(ထိုင်း)သို့လည်း တံတားကြီးမှ အခွန်ဆောင်၍ တစ်နေ့တာ ဈေးဝယ်ထွက် လည်ပတ်၍ ရနိုင်ပါသည်။ ဤဘုရားကြီးကို ဖူးမြော်ခြင်းအားဖြင့် အမျိုးသမီးတို့၏ ဦးဆောင်မှုအခန်းကဏ္ဍ ထွန်းတောက်သည်ဟု ဆိုစကားရှိပါသည်။

* * *

ခင်ခင်ဝင်း(ဓမ္မာရဝတီ)

မှီငြမ်း၊

- မြို့ မြဝတီနှင့် ရွှေမြင်းဝန်စေတီ (မောင်မောင်ငြိမ်း)။
- ကိုယ်တိုင်သွားရောက်ဖူးမြော် မှတ်တမ်းတင်ခြင်း။
- နှစ်ကျိပ်ရှစ်ဆူဘုရားများ သမိုင်း (ဦးလှ)။



www.burmeseclassic.com

www.burmeseclassic.com

# လေးဘက်နာအတွက် ဆေးမခက်စေရာ

## မဟာကာ

ရောမြေ ကျော်ဝေ

ကျွန်ုပ်သည် စကားစိမ်းချောင်ရပ်ကွက်တွင် နေထိုင်သော သူငယ်ချင်း ထွန်းလှအောင်ထံသို့ အလည်အပတ် ရောက်ရှိသွားပါသည်။ ကျွန်ုပ်၏ သူငယ်ချင်း ထွန်းလှအောင်သည် ဝန်ထမ်းတစ်ယောက်ဖြစ်ပါသော်လည်း ဌာနတွင် ညစောင့်တာဝန်ကို ယူထားပြီးဖြစ်သလို၊ နေ့လယ်ပိုင်းများတွင် ကိုယ်ပိုင် ဆိုက်ကားကို နင်းခြင်းဖြင့် စီးပွားရေးအတန်အသင့် ပြေလည်ပါသည်။

သူငယ်ချင်း၏ အိမ်ရှေ့တွင် အဆိပ်ဖြေပင်ဟု ခေါ်ဆိုသော မဟာကာ ကြံဆစ်ပင်များကို စိုက်ပျိုးထားသည်မှာ ပွားများ၍နေပေသည်။ ကျွန်ုပ်ကပင် စတင်၍ သူ့ကို···

"အဒါးစိန်···မင်း ဒီအပင်တွေက ဘာဆေးဖက်ဝင်သလဲ"ဟု မေးသောအခါ သူငယ်ချင်း အဒါးစိန်က···

"ဟာ···ကျော်ကြီးကလဲ၊ ဆေးဖက်ဝင်ပါပြီကော။ ငါ့မိန်းမ မခင်လှိုင် အစာအိမ်အောင့်တဲ့ ဝေဒနာဖြစ်နေတာကြာပြီ။ အဲဒါ အိမ်ကို ဆွမ်းခံကြွတဲ့ ဦးပဥ္စင်း ဦးသောမက ဆေးနည်းပေးသွားတာနဲ့ ငါလည်း ကနောင်စုက မိတ်ဆွေတစ်ဦးထံမှာ မျိုးယူပြီး စိုက်ထားတာ အခုလို ရှင်သန်ပွားများနေတာ မင်း လက်တွေ့ပဲ"ဟု ပြောပါသည်။

ဒါ့ထက် ဆေးအသုံးပြုပုံကိုလည်း ပြောပြပါဦးဟု ဆိုသောအခါ အဒါးစိန်၏ မိန်းမ မခင်လှိုင်က···

"လွယ်ပါတယ် ဆရာရယ်။ ဆေးရွက်သုံးရွက်မှ ၅ရွက်အထိ ရေစင်အောင် ဆေးပြီး အစိမ်းလိုက် ဝါးစားလိုက်တာနဲ့ သက်သာပါတယ်။ အရသာက ချဥ်ပြုံးပြုံးလေးပါ။ အတို့အမြုပ်ကြိုက်သူတို့ အရွက်ရေနွေးဖျောပြီး ငါးပိရည်ကျိုလေးနဲ့ တို့စားရင်လည်း ထမင်းမြိန်ပြီး အစာအိမ်ဝေဒနာသက်သာစေပါတယ်။ သူ့ရဲ့ အရသာက ကင်မလင်းရွက်လို အရသာမျိုးပါပဲ။ ရောဂါဆိုတာ ချက်ချင်းတော့ ယူပစ်သလို ဘယ်ပျောက်ပါ့မလဲ။ ရက်လကြာအောင်တော့ စွဲပြီးစားရတာပေါ့။ ကျွန်မတူမလေးတစ်ယောက် လေးဘက်နာရောဂါဖြစ်တာ ဒီမဟာကာ ကြံဆစ်နဲ့ပဲ သက်သာပါတယ်။ အရိုးအဆစ်အမျက်ထဲက ကိုက်ပြီး ခံစားရတဲ့ ဝေဒနာကို ဘယ်သူ ခံစားချင်ပါ့မလဲ"ဟု မခင်လှိုင်က ပြောပြသည်။

ကျွန်ုပ်ကလည်း···

"ဆိုစမ်းပါဦး မခင်လှိုင်။ လေးဘက်နာရောဂါအတွက် မဟာကာ ကြံဆစ်ကို ဆေးအသုံးပြုနည်းလေးပါ ပြောပြပါဦး"ဟု ဆိုသောအခါ သူငယ်ချင်း အဒါးစိန်က···

"ဟော့ကောင် ကျော်ကြီး၊ မင်း ဆေးဆရာလုပ်မလို့လား"ဟု နောက်ပြောင်ပါသည်။

"အဒါးစိန်"ဆိုသော နာမည်မှာ သူငယ်ချင်းများ နောက်ပြောင်ခြင်းဖြင့် လွယ်ကူစွာ တွင်သွားသော နာမည်ဖြစ်ပါသည်။ နာမည်ရင်းက ထွန်းလှအောင်ပါ။ မခင်လှိုင်က ကျွန်ုပ်တို့ သူငယ်ချင်းနှစ်ယောက် ရယ်မောစွာ နောက်ပြောင်ခြင်းများကို သဘောကျစွာဖြင့်···

"လေးဘက်နာအတွက်ကလည်း ဆေးမခက်ပါဘူး။ နှစ်ရက်ခြား သုံးရက်ခြားတစ်ခါ မဟာကာ ကြံဆစ်အရွက်နဲ့ ငါးရံ့ကို ချက်စားရပါတယ်။ အစာလည်း ဆေး၊ ဆေးလည်း အစာပေါ့ ဆရာ"ဟု မခင်လှိုင်မှ ပြောပါသည်။

ကျွန်ုပ်လည်း မှတ်သားပြီး သူငယ်ချင်းတို့ ဇနီးမောင်နှံ ညှော်ဝတ်ပြုသော လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို စားသောက်ပြီး ပြန်ခဲ့ပါတော့သည်။ မဟာကာကြံဆစ်နှင့် ပတ်သက်ပြီး မဂ္ဂဇင်းများပေါ်တွင် ရောဂါများ ပျောက်ကင်းပုံကို ရေးသားထားခြင်းများအား ဖတ်ရှုရသလို၊ ကျွန်ုပ်ကလည်း ကျွန်ုပ်သိရှိခဲ့ရသော ရောဂါနှစ်မျိုးပျောက်ကင်းပုံ နည်းလမ်းမှန်ကို မချွင်းမချန် စေတနာ မေတ္တာမှန်ဖြင့် ရေးသားလိုက်ရပါတော့သည်။

* * *

ရောမြေကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်း၌ ဆောင်းပါးရှင် ကောင်းသော် ရေးသော ကျည်လွှဲဂါထာအကြောင်း ဆောင်းပါးဖတ်ရှုလိုက်ရသည်။ အလွန်စိတ်ဝင်စားစရာကောင်းပြီး မှတ်သားလိုက်နာ ရွတ်ဆိုပွားများထိုက်သေ... ဆောင်းပါးဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရသည်။ ဆောင်းပါး၌ ကျည်လွှဲဂါထာအကြောင်း ရေးသား

www.burmeseclassic.com

www.burmeseclassic.com



ညွှန်းဆိုချက်၌…

ဦးဖြူဆိုသူ ပုဂ္ဂိုလ်တစ်ယောက်သည် သားဖြစ်သူ တာဝန်ထမ်းဆောင်လျက်ရှိရာ အနောက်ရိုးမခေါ် ရခိုင်ရိုးမသို့ အလည်အပတ်ရောက်ရှိခိုက် ထိုရိုးမထဲ၌ မှိုတို၊ မျှစ်ရှာ

မှုကွဲသော်လည်း အစွမ်းသတ္တိချင်း တူမျှသော

# ကျည်လွှဲဂါထာနှစ်မျိုး

▌အေးရွှေ (ဗိုးကုန်း)▌

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ခဲ့၏။ တစ်နေ့ ထိုသို့ မိုရှာ၊ မျှစ်ချိုးရင်း ထိုဒေသရှိ ရွာတစ်ရွာမှ သူလိုပင် မိုရှာ၊ မျှစ်ချိုးသူ လူနှစ်ယောက်နှင့် တောထဲ၌ မိတ်ဆွေဖြစ်ခဲ့ကြသည်။

၎င်းတို့ သုံးဦးလည်း စကားတပြောပြောနှင့် မျှစ်ချိုးနေကြစဉ် ထိုတောထဲ၌ ပုန်းအောင်းနေကြသော ဓားပြအဖွဲ့တစ်ဖွဲ့နှင့် တိုးကာ ဖမ်းဆီးခြင်းကို ခံခဲ့ရလေသည်။ ဓားပြတို့သည် ၎င်းတို့သုံးဦးအား အစောင့်များ ချ၍ သစ်ပင်များအောက်တွင် ကြိုးများဖြင့် ချည်နှောင်ထားကြလေ၏။

သို့သော် သူတို့သုံးဦးသည် ဓားပြများ အိပ်ပိုက်နေတုန်း ထွက်ပြေးခဲ့ကြလေသည်။ ထိုသို့ထွက်ပြေးကြသည်ကို ဓားပြများ သိသောအခါ ၎င်းတို့သုံးဦးအား ဓားပြများက နောက်မှ သေနတ်နှင့် လိုက်ပစ်ကြသည်။ ထိုသို့ ဓားပြများ၏ ပစ်ခတ်မှုကြောင့်ပင် ရွာသားနှစ်ယောက်မှာ ဓားပြတို့၏ ကျည်သင့်၍ သေဆုံးခဲ့ကြသည်။ ဦးဖြူတစ်ယောက်သာ လွတ်ခဲ့လေသည်။ ထိုသို့ လွတ်ခဲ့ရသည်မှာ ၎င်းဦးဖြူသည် ဆရာကောင်းသော် ရေးသည့် ကျည်လွှဲဂါထာကို ပြေးရင်းလွှားရင်း ကြောက်ကြောက်လန့်လန့်နှင့် ရွတ်ဆိုခဲ့သောကြောင့်ဟု ဆိုပါသည်။

ဒုတိယ ညွှန်းဆိုချက်တစ်ခုမှာ ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ကြီး ကျော်ဇေယျအကြောင်း ဖြစ်သည်။

ဗိုလ်ကြီး ကျော်ဇေယျသည် ၎င်းကျည်လွှဲဂါထာကို နေ့စဉ် ရွတ်ဖတ်ခြင်း၊ စစ်ဆင်ရေးထွက်တိုင်း အမြဲမပြတ် ရွတ်ဖတ်ခြင်း ပြုခဲ့သဖြင့် မည်သည့်အန္တရာယ်မျှ မတိုးခဲ့ရကြောင်း၊ အခန့်မသင့်၍ တိုးခဲ့ပြန်လျှင်လည်း အန္တရာယ်အပေါင်းမှ လွတ်မြောက်ကြောင်းပင် ဖြစ်ပါသည်။

ကျွန်တော်သည် ဆရာ ကောင်းသော်၏ ဆောင်းပါးကို ဖတ်ရသည်နှင့် ထိုကျည်လွှဲဂါထာကို အမြဲမပြတ် ရွတ်ဆိုခဲ့သဖြင့် သာမန် ရဲတပ်သားအဆင့်မှ မကြာမီ နှစ်အတွင်းမှာပင် ရာထူးအဆင့်ဆင့်တိုးပြီး သူရဘွဲ့အထိ ရခဲ့သော သူရညီလေးအကြောင်းကို ချက်ချင်းသတိရလိုက်မိ၏။ သို့သော် ဂါထာချင်းတော့ အနည်းငယ် ကွာခြားသလို ရှိသော်လည်း သူရညီလေး အမြဲမပြတ် ရွတ်ဆိုခဲ့သော ဂါထာမှာလည်း ထိုကျည်လွှဲဂါထာပင် ဖြစ်ပါသည်။ ထို့ကြောင့် ထိုကျည်လွှဲဂါထာနှစ်ခုနှင့်အတူ သူရညီလေးအကြောင်း ဖော်ပြပါမည်။

◆◆◆

သူရညီလေးကို ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့ မြို့မရပ်ကွက်၌ ဦးဆတ်ထူး၊ ဒေါ်ပုတို့မှ (၁-၁၀-၁၉၃၄)ခုနှစ်တွင် မွေးဖွားခဲ့ပြီး မွေးချင်းလေးယောက်အနက် တတိယမြောက်

> **“**
>
> လွယ်အိတ်ကိုယ်စီလွယ်ထားကြသည့် လူတစ်စု
> ကားဂိတ်သို့ ရောက်လာပြီး
> ပြည်ဘက်ထွက်မည့်ကားကို မေးမြန်းနေသည်။
> ထိုလူတစ်စုကို မောင်ညီလေး သတိထားကြည့်လိုက်တော့
> အဝတ်အစား ဖရိုဖရဲဖြစ်နေကြခြင်း၊
> မျက်တွင်းဟောက်ပက်ဖြစ်နေကြခြင်း၊
> မျက်လုံးများ ဂနာမငြိမ်ကြခြင်း၊
> နောက်ခြေထောက်တို့တွင်လည်း ဖွဲ့သွန်များနှင့်အတူ
> ခြေထောက်များ ရေနွနေကြခြင်းတို့ကို
> တွေ့ရလေသည်

သားကြီးဖြစ်၏။

အသက် ၆နှစ်သားအရွယ်၌ ပေါက်ခေါင်းမြို့ အိုးဘိုကုန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့ကာ (၁-၁၂-၁၉၅၂)ခုနှစ်၌ ပြည်ခရိုင် ရဲတပ်ဖွဲ့တွင် ရဲတပ်သားအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် မော်ဇာရွာမှ ဦးဖိုးသန်း-ဒေါ်အေးကြိုင်တို့၏ သမီး မအုန်းကြည်နှင့် အိမ်ထောင်ကျခဲ့သည်။

၁၉၅၉ခုနှစ်၌ ပေါက်ခေါင်း ရဲတပ်ဖွဲ့စခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် (၁၁-၅-၅၉)နေ့ ည ၁၂နာရီအချိန်လောက်တွင် ပေါက်ခေါင်းမြို့ ညောင်ပင်လေးဈေးရှိ သူဌေးတစ်ဦး၏ အိမ်ကို ဓားပြတိုက်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များ ရောက်သွားချိန်တွင် ဓားပြတို့ မရှိတော့ချေ။ အိမ်သားကို ဓားစာခံခေါ်၍ ထွက်သွားကြပြီဖြစ်၏။ ရဲတပ်ဖွဲ့ဝင်တို့ အတင်းလိုက်မှ ဓားပြတို့လည်း အိမ်ရှင် ဓားစာခံကို သေနတ်နှင့် ပစ်၍ ထွက်ပြေးသွားကြလေတော့သည်။

ထိုသို့ ပေါက်ခေါင်းမြို့ ညောင်ပင်လေးဈေး ဓားပြတိုက်ခံရပြီး နောက်တစ်နေ့နံနက် ၈-နာရီလောက်၌ ရဲတပ်သား



www.burmeseclassic.com

www.burmeseclassic.com

ညီလေးသည် ကိစ္စတစ်ခုနှင့် ပြည်သို့ သွားရန် ကားဂိတ်သို့ ထွက်ခဲ့လေ၏။ ထိုစဉ်က ပေါက်ခေါင်းနှင့် ပြည် ခရီးသည်ပြေးဆွဲသော ကားများမှာ ရှားရှားပါးပါးဖြစ်သဖြင့် စောင့်ကြရလေသည်။ ထို့ကြောင့် မောင်ညီလေးလည်း ကားစောင့်ရင်း အကြော်ဆိုင်ဘေးနားတွင် မီးလှုံနေသည်။

ထိုစဉ် လွယ်အိတ်ကိုယ်စီလွယ်ထားကြသည့် လူတစ်စု ကားဂိတ်သို့ ရောက်လာပြီး ပြည်တက် ထွက်မည့်ကားကို မေးမြန်းနေသည်။ ထိုလူတစ်စုကို မောင်ညီလေး သတိထားကြည့်လိုက်တော့ အဝတ်အစား ကပိုကရိုဖြစ်နေကြခြင်း၊ မျက်တွင်းဟောက်ပက်ဖြစ်နေကြခြင်း၊ မျက်လုံးများ ဂနာမငြိမ်ကြခြင်း၊ နောက် ခြေထောက်တို့တွင်လည်း ရွှံ့ညွှန်များနှင့်အတူ ခြေထောက်များ ရေနူးနေကြခြင်းတို့ကို တွေ့ရလေသည်။

သူတို့ကတော့ အရပ်ဝတ်နှင့် မောင်ညီလေးကို သိပ်ဂရုမထားကြချေ။ ထိုလူစုထဲ၌ လူတစ်ယောက်၏ ပုဆိုးမှာ အစိမ်းကွက်ဖြစ်နေသည်။ ညက ဓားပြအဖွဲ့၌ ပုဆိုးစိမ်းနှင့် လူတစ်ယောက်ပါကြောင်း အိမ်ရှင်တို့ ပြောစကားကို သတိရသဖြင့် မောင်ညီလေး ထိုလူစုကို မသင်္ကာဖြစ်လာ၏။ ထို့ကြောင့် မောင်ညီလေးက "အစ်ကိုတို့ ဘယ်သွားမှာလဲ"ဟု မေးလိုက်သည်။

ထိုအခါ ထိုလူတစ်စုက "ပေါက်ခေါင်းကို သွားမှာ"ဟု ပြောသူက ပြော၊ "ပေါင်းတလည်"ဆိုသူက ဆို၊ "ပြည်"ဟု ဆိုသူက ဆိုနှင့် ကမောက်ကမ ဖြေကြသဖြင့် မောင်ညီလေးသည် ထိုလူစုမှာ ညက ညောင်ပင်လေးဈေးကို တိုက်သည့် ဓားပြများဖြစ်နိုင်ကြောင်း တစ်ထစ်ချ တွက်လိုက်သည်။ စခန်းပြန် သတင်းပို့ရအောင်ကလည်း ထိုလူတွေ လွတ်သွားမှာစိုး၊ ဖမ်းရအောင်ကလည်း သူတို့အဖွဲ့က လေးယောက်၊ မည်သို့ကြံရမှန်းမသိဘဲ ဖြစ်နေစဉ် ပြည်သွားမည့်ကား ထိုးဆိုက်လာလေ၏။ ထိုစဉ် ထိုသူတို့လည်း ကားပေါ် တက်ရန် လုပ်ကြလေသည်။ ထို့ကြောင့် မောင်ညီလေးလည်း ဘာမှ စဉ်းစားမနေတော့ဘဲ အကြော်ကြော်သော ထင်းစတစ်ခုကို ဆွဲ၍ "ချွမ်း...ချွမ်း...ချွမ်း"ဟု ထိုသူတို့၏ ခြေသလုံးတို့ကို ပစ်ရိုက်ချလိုက်ပြီး အတင်းနပန်းလုံး၍ ဖမ်းလေတော့သည်။ ထိုသူတို့လည်း ခြေသလုံးရိုးကို လျှပ်တစ်ပြက် တအားအရိုက်ခံလိုက်ရသည့်အတွက် မပြေးနိုင် မလွှားနိုင်ဖြစ်ကုန်ကြသည်။

ထိုစဉ် ထိုသူတို့ထဲမှ လူတစ်ယောက်က မောင်ညီလေးကို လွယ်အိတ်ထဲမှ သေနတ်ထုတ်၍ ပစ်လေသည်။ သို့သော် ထိုသူ့သေနတ်ကျည်က မောင်ညီလေးကို လုံးဝမမှန်ဘဲ လွဲချော်သွားလေ၏။ ထို့ကြောင့် မောင်ညီလေးက ထိုသူကို အတင်းဝင်လုံး၍ ဖမ်းလိုက်လေသည်။

ဤအဖြစ်၌ သူရညီလေးက ပြောပြသည်မှာ သူ့ကို သေနတ်နှင့် ကပ်ပစ်သော်လည်း မမှန်သည်မှာ ကျည်လွဲဂါထာကို သူ အမြဲတမ်း ရွတ်ဆိုရုံမက၊ ယခုလို ရန်သူနှင့်တိုးရချိန်၌လည်း ထိုဂါထာကိုပင် စိတ်ထဲမှ ရွတ်ဆိုနေသဖြင့် လုံးဝ သေနတ်မမှန်ကြောင်း၊ သေနတ်ကျည်လွဲသွားရကြောင်းဖြစ်သည်။

မောင်ညီလေးသည် ထိုကဲ့သို့ ဓားပြအဖွဲ့ကို ရှုပ်ရှုပ်ချုံချုံ လုံးထွေးသတ်ပုတ်၍ ဖမ်းလိုက်သဖြင့် ခြောက်လုံးပြူးနှစ်လက်၊ ဓားမြှောင်တစ်ချောင်းတို့နှင့်အတူ တိုက်ရာပါ ပစ္စည်းတို့ကို သိမ်းဆည်းရမိခဲ့လေသည်။

သို့ကြောင့် မောင်ညီလေးအား ရဲတပ်သားအဆင့်မှ ရဲကြပ်ကြီးအဆင့် ရာထူးတိုးမြှင့်ပေးလိုက်ကာ လျင်မြန်ဖျတ်လတ်မှု၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းမှု၊ ရဲစွမ်းသတ္တိတို့နှင့် ပြည့်စုံမှုတို့ကြောင့် ရဲတိုက်ကင်းဖွဲ့ကာ တိုက်ခိုက်ရေးတာဝန်များကို ပေးအပ်လိုက်လေ၏။

ရဲတပ်ကြပ်ကြီး ဖြစ်သွားသော ညီလေးသည် (၅-၆-၁၉၅၉)ရက်နေ့တွင် ပေါက်ခေါင်း ရဲစခန်းမှ နေ၍ ပေါင်းတည်မြို့နယ်၊ ငပေါ ရဲစခန်းသို့ ပြောင်းရွှေ့ပြီး တိုက်ခိုက်ရေးတာဝန်များကို ယူခဲ့သည်။ ထိုစဉ်ကာလသည် မြန်မာပြည်အရပ်ရပ်၌ ရောင်စုံ သောင်းကျန်းသူများ အထူထပ်ဆုံးကာလဖြစ်သည်။ ရဲတပ်ကြပ်ကြီး ညီလေး ရောက်လာသောအခါ ငပေါနယ်မှာလည်း ရောင်စုံ သောင်းကျန်းသူတို့ ကြီးစိုးရာ အလယ်ရိုးမတစ်နေရာဖြစ်သည်။ နယ်မြေဒေသတိုင်းလိုလိုသည် အနက်ရောင် နယ်မြေဖြစ်နေ၏။ ထို့ကြောင့် တပ်ကြပ်ကြီး ညီလေး ခေါင်းဆောင်သည့် တိုက်ကင်းအဖွဲ့မှာ စခန်း၌ ကောင်းမွန်စွာ နားရသည်မရှိဘဲ သောင်းကျန်းသူတို့၏ သတင်းထောက်လှမ်း၍ အမြဲတမ်းလို တိုက်ကင်းလှည့်လည်ထွက်နေရပေ၏။

ထိုသို့နှင့် ၆-၅-၁၉၆၁ ရက်နေ့ နံနက် ၆နာရီခန့်အချိန်တွင် ရဲတပ်ကြပ်ကြီး ညီလေး ဦးစီးသော တိုက်ကင်းအဖွဲ့ဝင် ၁၄ဦးတို့သည် ငပေါစခန်း၏ မြောက်ဘက် ၈-မိုင်အကွာရှိ လက်ပန်ကုန်းရွာသို့ ရောက်ရှိခဲ့လေသည်။

ထိုစဉ် သောင်းကျန်းသူ နှစ်ဖြူ (၃၀)ခန့်သည် ဗဟိုအရန်ကော်မတီဝင် မှုကာရီ (ခ) ဖြူဝင်း (ခ) ရဲဘော်မောင်မဲနှင့် ဗိုလ်မှူး မျိုးအုံ၊ တိုင်းမှူး ဗိုလ်မင်းဒင်တို့ ဦးစီး



www.burmeseclassic.com

www.burmeseclassic.com

လျှက် ထိပ်တန်းခေါင်းဆောင်ကြီးများ အစည်းအဝေးပြုလုပ်ရန် လက်ပန်ကုန်းရွာ အနောက်ဘက် ၄မိုင်အကွာခန့်ရှိ မရိုးကျွန်းရွာ ဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေကြကြောင်း သတင်းရရှိလေသည်။

ထို့ကြောင့် ရဲတပ်ကြပ်ကြီး ညီလေးသည် သူ့အဖွဲ့သားအားလုံးအား ကျည်လွဲဂါထာများကို သင်ပေးကာ ရွတ်ဆိုစေ၍ မရိုးကျွန်းရွာအနောက်ဘက်ရှိ ရေပြာကြိုးဝိုင်းအတွင်း၌ တပ်ဖျောက်၍ ချောင်းမြောင်း စောင့်ဆိုင်းနေခဲ့ကြလေသည်။

၇-၅-၁၉၆၁ ရက်နေ့၌ ရဲတပ်ကြပ်ကြီး ညီလေးသည် ရေပြာ ကြိုးဝိုင်းမှ စောင့်ဆိုင်းနေသည်မှာ အကြောင်းမထူးသဖြင့် မရိုးကျွန်းရွာ ဘုန်းတော်ကြီးကျောင်းသို့ ချီတက်ခဲ့ကြ၏။ နံနက် ၅နာရီအချိန်ခန့်တွင် ရောက်ရှိပြီး တိုက်ပွဲဖြစ်ခဲ့ကြလေသည်။

သောင်းကျန်းသူအဖွဲ့မှာ အရေးပါသော လူကြီးများဖြစ်သည့်အတွက် လက်နက်ကောင်း၊ လက်နက်မျိုးစုံပါသည်။ တိုက်ပွဲမှာလည်း တစ်ဦးနှင့် တစ်ဦး ကိုက် ၅၀ခန့်လောက်သာကွာပြီး အပြင်းထန်ဆုံးဖြစ်ကြလေသည်။ တစ်ဦးနှင့် တစ်ဦးလည်း အော်ဟစ်ဆဲဆိုရင်း ပစ်ခတ်နေကြသဖြင့် လူသံနှင့် သေနတ်သံများမှာ ညံနေပေသည်။

ထိုအချိန် နစ်ဖြူတိုက်ခိုက်ရေးမှူး အောင်ဒင်နှင့် အခြားသောင်းကျန်းသူတစ်ဦးတို့ ဒဏ်ရာရရှိသဖြင့် အခြား သောင်းကျန်းသူများက တွဲယူ ထွက်ပြေးကြလေသည်။ သို့သော် ထိပ်တန်းခေါင်းဆောင်များမှာ မပြေးသာရှိသည့်အတွက် ကျောင်းပေါ်မှပင် ဆက်လက်၍ ခုခံ ပစ်ခတ်လျှက်ရှိ၏။ ရဲတပ်ကြပ်ကြီး ညီလေးက လက်နက်ချရန် ပြောသော်လည်း ၎င်းတို့က လက်နက်မချဘဲ ဆက်လက် ပစ်ခတ်နေလေသည်။

သို့အတွက် ရဲတပ်ကြပ်ကြီး ညီလေးသည် ကျည်လွဲဂါထာကို ရွတ်ဆိုရင်း ဘရင်းဂန်းကို ပိုက်၍ တစ်ယောက်တည်း ကျောင်းပေါ် ပြေးတက်ကာ တစ်ယောက်တစ်ပြန် ပစ်ခတ်ကြလေ၏။

ထိုတိုက်ပွဲ၌ ကျောင်းပေါ်ရှိ နစ်ဖြူခေါင်းဆောင် သုံးဦးနှင့် ၎င်းတို့၏ သက်တော်စောင့် နှစ်ဦးအား အမေရိကန်ရိုင်ဖယ်သေနတ် ၇လက်၊ ခြောက်လုံးပြူး ၂လက်တို့နှင့်အတူ အသေဖမ်းဆီးရမိခဲ့၏။ ထို့အပြင် အရေးကြီး စာရွက်စာတမ်းများနှင့် ပါတီရုံးတံဆိပ်တို့ကို သိမ်းဆည်းရခဲ့လေသည်။

ရဲတပ်ကြပ်ကြီး ညီလေးသည် အင်အားများပြားလှသော သောင်းကျန်းသူတို့အား ရှုပ်ရှုပ်ခွံခွံ တိုက်ခိုက်နိုင်ခြင်း၊ မိမိ၏ ရဲဘော်များအား အထိအခိုက်မရှိစေရန် စီမံကွပ်ကဲနိုင်ခြင်း၊ စွန့်စားရမည့်နေရာ၌ ရဲဘော်ရဲဘက်များကို ငဲ့ညှာ၍ တစ်ဦးတည်း အနစ်နာခံပြီး သူရသတ္တိရှိရှိဖြင့် စွန့်စားတိုက်ခိုက်ခြင်း စသည်တို့အတွက် နိုင်ငံတော်မှ ဂုဏ်ပြုသည့်အနေဖြင့် တပ်မတော် "သူရဘွဲ့"တံဆိပ်နှင့် ခြောက်လုံးပြူးတစ်လက် ချီးမြှင့်လေသည်။

ထို့အတူ ရာထူးလည်း တိုးပေးခဲ့၏။ ကျန်တိုက်ကင်းအဖွဲ့ဝင်များကိုလည်း ရာထူးတစ်ဆင့်တိုးနှင့် ဆုငွေ တစ်သိန်းငါးသောင်းကျပ်ကိုလည်း ဆုအဖြစ် ချီးမြှင့်ခဲ့လေ၏။

ဤသို့ တစ်ဖက်ရန်သူတို့ ပစ်ခတ်နေသည့်ကြားမှ မိမိအတင်းတက်ရောက် တိုက်ခိုက်သည်ကို ဘေးမသီ ရန်မခဖြစ်ရခြင်းမှာ မိမိ၏ တိုက်ခိုက်မှုစွမ်းရည်တို့အပြင် ကျည်လွဲဂါထာကြောင့်ဖြစ်ကြောင်း ဆက်လက်ပြောပြပါသည်။

**သူရညီလေး (ခ) ဗိုလ်ကြီး သူရညီလေး**
**အမြဲရွတ်ဆိုခဲ့သော ကျည်လွဲဂါထာ**

ဉ၊ - အသိ သတ္တိ၊ ဓနစေဝ၊
ဘဂ္ဂါ ဘဂ္ဂ၊ ဝိစိန္တာတု။
သဗ္ဗတော၊ အာဝုဒါနိစ၊
လောမမွိမေ၊ နဖုသန္တိ။

**ဆရာ ကောင်းသော်၏ ကျည်လွဲဂါထာ**

အသိ သတ္တိ၊ ဇနစေဝ၊
သဗ္ဗတော၊ အာဝုဒါနိစ။
ဘဂ္ဂါ ဘဂ္ဂဝိ၊ စုဏ္ဏောနိ၊
လောမမွိမေ၊ နဖုသန္တိ။

(မှတ်ချက်။ အနည်းငယ် မူကွဲသည်မှအပ အတူတူပင် ဖြစ်နိုင်ပါသည်။ ဂါထာနှစ်မျိုးလုံးကိုပင် ယုံယုံကြည်ကြည်နှင့် ရွတ်ဆိုကြပါက တူမျှသော အကျိုးကို ပေးမည်မှာ အမှန်ဖြစ်ပါသည်။ ဆောင်းပါးနှစ်ပုဒ်ပါ ဂါထာနှစ်မျိုးမှာ ကျည်လွဲဂါထာများ ဖြစ်ပါသည်။ လက်တွေ့များ ဖြစ်ကြပါသည်။)

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

* * *

အေးရွှေ(စိုးကျွန်း)



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာရှင်(ရွှေပြည်သာ)

စိတ်ဝင်စားဖွယ်ကောင်းသော
စာတစ်စောင်နှင့်
အခက်ဆုံး မေးခွန်းသုံးခု

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စိတ္တသုကြွယ်ဆိုရင် အနာဂါမ်ပဲ။ ဒါပေမယ့် သံဃိက ကျောင်းကြီးတစ်ဆောင် ဆောက်လှူခဲ့တာပဲ။ အရှင်မဟာ ကဿပဆိုရင် ရဟန္တာပဲ။ ဈာန်အဘိညာဉ်တွေ အကုန်ရတယ်။ ဒါပေမယ့် စိတ္တသုကြွယ်လှူတဲ့ ဒါနကုသိုလ်ဟာ လူ့ဘုံ၊ နတ်ဘုံကို ပို့မပေးပါဘူး။ အထက်မဂ်၊ အထက်ဖိုလ် ရဖို့အတွက်ပဲ အထောက်အပံ့ဖြစ်စေတာပါ။ ထို့အတူ အရှင်မဟာကဿပတို့၊ အရှင်မောဂ္ဂလာန်တို့ ရထားတဲ့ ဈာန်အဘိညာဉ်တရားတွေဟာ ဗြဟ္မာဘုံကို ပို့မပေးပါဘူး။ ဘဝကုန်ရာ နိဗ္ဗာန်ကို ပို့ပေးမယ့် အင်အားကိုသာ ဖြစ်စေတာပါ။

ဥပမာပေးရရင် လမ်းခင်းနေတဲ့ လူနှစ်ယောက်ရှိတယ်။ တစ်ဦးက နေ့တွက်ရဖို့အတွက် လမ်းခင်းတာ။ နောက်တစ်ဦးက ကုသိုလ်ရဖို့အတွက် လုပ်အားပေးအနေနဲ့ ခင်းတာ။ ညနေ အလုပ်သိမ်းချိန်ရောက်ပြီဆိုတာနဲ့ ပထမလူက လုပ်ခရတယ်။ ဒုတိယလူက မယူတဲ့အတွက် လုပ်ခမရဘူး။

အလုပ်လုပ်တာချင်း တူရက်နဲ့ တစ်ဦးက လုပ်ခရတယ်။ တစ်ဦးက လုပ်ခ မရဘူး။ ဘာကြောင့် ဒီလိုကွဲပြားရတာလဲဆိုရင် ပထမတစ်ဦးက စလုပ်စဉ်ကတည်းက နေ့တွက်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ။ ဒါ့ကြောင့် သူလိုချင်တဲ့ နေ့တွက်ကို ရတာ။ ဒုတိယလူက စလုပ်စဉ်ကတည်းက လူတွေ လမ်းကောင်းကောင်းမှာ သွားကြရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ။ နေ့တွက်ယူဖို့ ရည်ရွယ်ချက် မပါဘူး။ ဒါကြောင့် နေ့တွက်မရဘူး။

ဒီဥပမာအတိုင်းပဲ ပုထုဇဉ်တွေ ဒါန၊ သီလ ကုသိုလ်လုပ်တယ်ဆိုတာ ဘဝချမ်းသာရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာ။ ဒါ့ကြောင့် ဘဝကို ရတာ။ အနာဂါမ်ပုဂ္ဂိုလ်ကျတော့ ဒါန၊ သီလကုသိုလ်ကို စလုပ်စဉ်ကတည်းက ဘဝချမ်းသာကို လိုချင်လို့ လုပ်ခဲ့တာ မဟုတ်ဘူး။ လောက ကောင်းစားဖို့ အလှူခံ ချမ်းသာဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ လုပ်ခဲ့တာ။

ဒါ့ကြောင့် စလုပ်စဉ်ကတည်းက ဘဝချမ်းသာကို မလိုချင်တဲ့အတွက် ဘယ်ဘဝကိုမှ မရတာပဲ။ အနာဂါမ်ပုဂ္ဂိုလ်ရတဲ့ ဈာန်တရားက ဗြဟ္မာဘဝကို ပို့ပေးတယ်ဆိုတာ ဈာန်တရားကို မှီပြီး ဗြဟ္မာဘဝကို လိုချင်တဲ့ ဘဝတဏှာရှိနေလို့ပဲ။ နေ့တွက်လိုချင်လို့ လမ်းပြင်တဲ့ နေ့စားအလုပ်သမားလိုပဲပေါ့။ အရှင်မောဂ္ဂလာန်တို့၊ အရှင်သာရိပုတ္တရာတို့မှာလည်း ဈာန်အဘိညာဉ်တရားတွေ ရှိနေတာပဲ။

ဒါပေမယ့် အဲဒီဈာန်တရားတွေက ဗြဟ္မာ့ဘုံကို မပို့ဘူး။ ဘာကြောင့်လဲဆိုတော့ ဗြဟ္မာဘဝကို လိုချင်တဲ့ ဘဝတဏှာမရှိတဲ့အတွက်ကြောင့်ပေါ့။ ကုသိုလ်အတွက် လမ်းပြင်တဲ့ လုပ်အားပေးသမားလိုပေါ့။ အခုရှင်းပြခဲ့တာတွေဟာ မဂ်ကုသိုလ်က ဝဋ်သုံးပါးသို့ မကျအောင် ဆောင်ပုံတွေပါပဲ။ မှတ်မိအောင် အကျဉ်းချုပ်ပြီး ပြန်ပြောမယ်။

**မဂ်ကုသိုလ်က ဝဋ်သုံးပါးသို့ မကျအောင် ဆောင်ပုံ**

သောတာပတ္တိ မဂ်ကုသိုလ်က အပယ်ဝဋ်ဆင်းရဲက လွတ်မြောက်အောင် ဆောင်တယ်။ ကာမသုဂတိ ခုနစ်ဘုံ (လူ့ဘုံ၊ နတ်ပြည် ၆ထပ်)မှာ ဘဝပေါင်း မရေနိုင် မတွက်နိုင်အောင် ကျင်လည်ရမယ့် ဝဋ်ဆင်းရဲက လွတ်မြောက်အောင်လည်း ဆောင်တယ်။ ဒါပေမယ့် သောတာပန်ဟာ လူ့ဘုံ၊ နတ်ဘုံမှ ခုနစ်ဘဝကျင်လည်ရမယ့် ဝဋ်ဒုက္ခတော့ ကျန်သေးတယ်။

သကဒါဂါမိ မဂ်ကုသိုလ်က လူ့ဘုံ၊ နတ်ဘုံမှာ ခုနစ်ဘဝကျင်လည်ရမယ့် ဝဋ်ဒုက္ခမှ ဆောင်ပေးတယ်။ ဒါကြောင့် သကဒါဂါမ်ဟာ လူ့ဘုံ၊ နတ်ဘုံမှာ အများဆုံး တစ်ကြိမ်ပဲ ဖြစ်တော့တယ်။ အနာဂါမိမဂ်က လူ့ဘုံ၊ နတ်ဘုံမှာ တစ်ကြိမ် ကျင်လည်ရမယ့်ဘဝမှ ဆောင်တယ်။ ဆိုလိုတာက အနာဂါမ် ဖြစ်လာပြီဆိုရင် လူ့ဘုံ၊ နတ်ဘုံကို တစ်ကြိမ်မှ ပြန်မလာတော့ဘူး။

ဒါပေမယ့် အနာဂါမ်ဟာ ဗြဟ္မာ့ဘုံမှာ ကျင်လည်ရမယ့် ဝဋ်ဒုက္ခကျန်နေသေးတယ်။ အရဟတ္တမဂ်ကုသိုလ်က ဗြဟ္မာ့ဘုံမှာ ကျင်လည်ရမယ့်ဘဝက ဆောင်တယ်။ ဆိုလိုတာက ရဟန္တာဟာ ၃၁ဘုံ၊ ဘယ်ဘဝမှာမှ မဖြစ်တော့ဘူးလို့ ဆိုလိုတာပါ။ ဒီထိအောင် ရေးခဲ့တာက ဓမ္မရဲ့ အဓိပ္ပာယ်အကျယ်ပါပဲ။

ခု ဆက်ဖြေရမှာက နိဗ္ဗာန်ဟာ တရားကျင့်သူတို့ ရရှိမယ့် အကျိုးတရားဖြစ်လို့ ဓမ္မစာရင်းထဲမှာ မသွင်းသင့်ဘူး ဆိုတဲ့ ငါ့ရှင်ရဲ့ အယူအဆပါပဲ။ ဒါဆိုရင် တပည့်တော်က ငါ့ရှင်ကို ပြန်မေးရုံပဲ။ ဓမ္မဆိုတာ ကုသိုလ်ထဲ မသွင်းချင်ရင် အဓမ္မလို့ ခေါ်တဲ့ အကုသိုလ်ထဲ သွင်းချင်တာလား ဆိုတာပါပဲ။

တက္ကသိုလ်မှာ မောင်နီနဲ့ မောင်ဖြူဆိုပြီး သူငယ်ချင်းနှစ်ယောက်ရှိတယ်။ မောင်နီဟာ စာမကြိုးစားဘဲ အလေလိုက်ပြီး မူးယစ်ဆေးဝါးတွေ သုံးစွဲတဲ့အတွက် ဘဝပျက်ပြီး လမ်းဘေးမှာ သူတောင်းစားဖြစ်သွားတယ်။ မောင်ဖြူကတော့ စာကို ကြိုးစားသင်ယူတဲ့အတွက် ဒေါက်တာဘွဲ့ရသွားတယ်။

မောင်ဖြူ ကြိုးစားလို့ ရရှိတဲ့ ဒေါက်တာဘွဲ့ကို မောင်ဖြူ့ကို ပေးအပ်တာ သဘာဝကျပါတယ်။ လမ်းဘေးမှာ တောင်းစားနေတဲ့ မောင်နီကို သွားပေးလို့ ဘယ်လိုမှ သဘာဝ



www.burmeseclassic.com

www.burmeseclassic.com

မကျပါဘူး။ ဒီဥပမာအတိုင်းပဲ နိဗ္ဗာန်ဆိုတာ ကိလေသာတွေ ကုန်သွားတာကို ပြောတာပါ။ ဓမ္မကို ကျင့်ကြံအားထုတ်တဲ့ အတွက် ရရှိတဲ့ ဘွဲ့တံဆိပ်ပါပဲ။ ဒါကြောင့် ဓမ္မစာရင်းထဲမှာ နိဗ္ဗာန်ကို ထည့်ထားတာ သဘာဝကျပါတယ်။

အဓမ္မစာရင်းထဲမှာ နိဗ္ဗာန်ကို ထည့်ထားဖို့ ဆိုတာက တော့ ဘယ်လိုမှ သဘာဝမကျပါဘူး။ ပထမမေးခွန်းရဲ့ နောက်ဆုံးအပိုဒ်က ဖောင်းတာ၊ ပိန်တာ၊ ဝင်တာ၊ ထွက်တာ၊ ရှုမှတ်နေတာကို တရားကျင့်တယ်လို့ မယူဆနိုင်ကြောင်း တင်ပြချက်ပါပဲ။ ဝင်တာ၊ ထွက်တာ ရှုမှတ်နေခြင်းဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးလုံး ဖြည့်ကျင့်ရာရောက်ကြောင်း လက်တွေ့ ရှင်းပြပါမယ်။

မှတ်ခါစတော့ ထွက်လေ၊ ဝင်လေပေါ့။ သမာဓိရင့် လာတဲ့အခါကျတော့ ထွက်တယ်၊ ဝင်တယ်ဆိုတဲ့ ပညတ် တွေ ပျောက်သွားပြီး ထိတဲ့ သဘောလေးကို စကားလုံးမပါ ဘဲ သိနေတယ်။ ဒီလို သိနေတဲ့အချိန်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တွေက လွတ်နေလို့ သီလသာသနာကို ကျင့်သုံး ရာရောက်တယ်။ ထိတဲ့ သဘောလေးမှာ စိတ်စိုက်ပြီး တည် ကြည်နေတာက သမာဓိ သာသနာကို ကျင့်သုံးခြင်းဖြစ်တယ်။

ထိတဲ့ သဘောလေးဟာ လေဝင်တိုင်း၊ ထွက်တိုင်း ဖြစ်နေတာပဲ။ မဖြစ်ချင်လို့ မရပါလားလို့ သိသွားတာဟာ အနတ္တကို နားလည်သွားတာဖြစ်တဲ့အတွက် ပညာသာသနာ ကို ကျင့်သုံးရာရောက်တယ်။ ဖောင်းတာ၊ ပိန်တာကိုလည်း ဝင်လေ၊ ထွက်လေကို နည်းမှီပြီး အခုအတိုင်းပဲ နားလည် လိုက်ပေါ့။ သစ်ပင်ပေါ် တက်တဲ့အခါ သစ်ပင်ဖျားကနေ စတက်လို့ မရဘူး။ အရင်းကနေပဲ စတက်ရတာပါ။

ထို့အတူ ဝိပဿနာတရားကျင့်တဲ့အခါ ဒီလိုအခြေခံ ကနေ စကျင့်ရတာပါ။ အခြေခံရသွားပြီး ဉာဏ်ရင့်သွားပြီဆိုတဲ့ အခါကျတော့ ထွက်တာ၊ ဝင်တာ၊ ဖောင်းတာ၊ ပိန်တာတွေ မလိုတော့ဘူး။ သံယုတ်ပါဠိတော် မာလုကျပုတ္တသုတ်တော်ကို ကြည့်ပါ။ တစ်ခါတော့ "မာလုကျပုတ္တ"အမည်ရှိ ရဟန်း တစ်ပါးဟာ ဘုရားရှင်ထံမှာ တရားကျင့်နည်း တောင်းခံတဲ့ အခါ···

"ချစ်သား မာလုကျပုတ္တ၊ သင်သည် ရှေးဘဝကလည်း မမြင်ဘူးသော၊ ယခုဘဝတွင်လည်း မမြင်ဘူးသော၊ ယခု မြင်ဆဲလည်း မဟုတ်သော အဆင်းအာရုံပေါ်မှာ နှစ်သက် ခြင်း လောဘနဲ့ မနှစ်သက်ခြင်း ဒေါသတို့ ဖြစ်ပေါ်သလား"

"မဖြစ်ပေါ်ပါ ဘုရား"

"သင်သည် အဆင်းအာရုံတစ်ခုကို မြင်တွေ့ရလျှင် လောဘ၊ ဒေါသ မဖြစ်အောင် စိတ်ကို ထိန်းသိမ်းရမည်"

(မှတ်ချက်။ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအာရုံတို့တွင် အထက်ပါအတိုင်း လောဘ၊ ဒေါသ မဖြစ်ဖို့ ဆုံးမသည်။)

လိုရင်းကတော့ အာရုံခြောက်ပါးနှင့် တွေ့တိုင်း လောဘ၊ ဒေါသ မဖြစ်အောင် နေပါလို့ ဟောကြားလိုရင်းပါ ပဲ။ အဲဒီအတိုင်း ကျင့်လိုက်တာ ရက်အနည်းငယ်အတွင်းမှာ မာလုကျပုတ္တဟာ ရဟန္တာဖြစ်သွားတယ်။ အာနပါနထဲမှာ ဝိသုဒ္ဓိခုနစ်ပါး ပါသွားပြီ။ မဂ်-ဖိုလ်ရနိုင်ပုံကို စွန်းလွန်းဆရာ တော်ကြီးက ဖြေဆို ဟောကြားဖူးတယ်။

မေးသူက နိုင်ငံကျော် လက္ခဏာ ဆရာကြီး ဆရာ စန္ဒြပါပဲ။ ဒီအမေးအဖြေကို တပည့်တော် ရေးတဲ့ "ဆရာ ကောင်းကို ရှာဖွေခြင်း"စာအုပ်ထဲက ထုတ်ပြမယ်။

"ရှေးက စာချဆရာတော်ကြီးများက သောတာပန်၊ ရဟန္တာဆိုတာ လွယ်တာမဟုတ်ဘူးဟေ့။ ငါတို့တော့ ဆု တောင်းရုံပဲ။ ဘာ့ကြောင့်တုန်းဆိုရင် ဝိသုဒ္ဓိခုနစ်ပါးတွင် စိတ္တ ဝိသုဒ္ဓိသည် စိတ်၏ စင်ကြယ်ခြင်းဖြစ်လို့ စိတ္တဝိသုဒ္ဓိဖြစ်ဖို့ အလွန်ခက်တယ်။ စိတ္တဝိသုဒ္ဓိမှာ မေထုန်ငယ် ခုနစ်ပါးမှ လွတ်ရတယ်။ ယင်းခုနစ်ပါးမှ လွတ်ဖို့ရန် အလွန်ခက်တယ် ဟု အမိန့်ရှိကြပါတယ်။ ထို့ကြောင့် ဝိသုဒ္ဓိခုနစ်ပါးပြည့်စုံနိုင် ပါသလား ဘုရား"

"ကဲ - မင်း အာနပါန အားထုတ်စမ်း။ ထိုင်၊ မျက်စိကို မှိတ်၊ ထိတဲ့ နေရာတွင်ပင် သိမှတ်နေ၊ ကဲ - လုပ်စမ်း"

ဟု အမိန့်ပေးသည်။

ဆရာတော် အမိန့်ရှိသည့်အတိုင်း ထိသောနေရာလေး ကို သိမှတ်နေသည်။ ထိုအချိန်တွင် ဤသိမှတ်နေသော စိတ်မှတစ်ပါး အခြားစိတ်များ မလာတော့ချေ။ ထို့နောက် ငါးမိနစ်ကြာသောအခါ ဆရာတော်က မေးသည်။

"မင်း အခု အာနာပါန အားထုတ်တော့၊ ထိတဲ့ နေရာ ကို သိမှတ်နေတော့ မင်းမျက်စိက ကြည့်ချင်တဲ့ စိတ်ရှိသေး လား။ နားကလည်း နားထောင်ချင်သေးလား။ ဝမ်းထဲကရော စားချင်တဲ့ စိတ်၊ သွားချင်တဲ့ စိတ်၊ လာချင်တဲ့ စိတ်၊ လိုချင် တဲ့ စိတ်ရှိသေးလား"

ရူပ၊ သဒ္ဒ၊ ဂန္ဓ စသော အာရုံငါးပါး အားလုံးမရှိတော့ပါ။

ငါးပါးအာရုံပိတ်နေသည်။ စိတ်လုံခြုံနေသည်။ လောဘ စိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ မရှိတော့ပေ။ ဤကဲ့သို့ အာရုံငါးပါးမှ လုံခြုံနေခြင်းကိုပင် ဣန္ဒြိယသံဝရ သီလလုံခြုံ နေသည်ဟု ခေါ်၏။ ထို့ကြောင့် စိတ္တဝိသုဒ္ဓိပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ဆက်လက်ကြိုးစားသွားလျှင် ဝိသုဒ္ဓိခုနစ်ပါးလုံး ကြိုးစားရာရောက်ပြီး မဂ်-ဖိုလ်သို့ ရောက်နိုင်သည်တဲ့။

ဒီလောက်ဆိုရင် ပထမမေးခွန်းရဲ့ အဖြေဟာ လုံလောက်ပါပြီ ငါ့ရှင်။ ၈

◆◆◆

**မေးခွန်း (၂)**

ဗုဒ္ဓဘာသာမှာ သီလဟာ အရေးကြီးပါတယ် ဘုရား။ သီလထဲမှာလည်း ငါးပါးသီလဟာ လူတိုင်း စောင့်ထိန်းရမယ့် သီလ၊ လူတိုင်း ခါးဝတ်ပုဆိုးလို မြဲရမယ့် သီလလို့ နားလည်ပါတယ် ဘုရား။ အဲဒီငါးပါးသီလထဲမှာ နံပါတ်တစ်ဖြစ်တဲ့ ပါဏာတိပါတဟာ(သူ့အသက်မသတ်ရ)လို့ သတ်မှတ်ထားပါတယ်။

ဘယ်သူ့အသက်လို့ သတ်မှတ်တာ မတွေ့ရဘဲ သတ္တဝါအားလုံးရဲ့ အသက်လို့ နားလည်ကြပါတယ် ဘုရား။ ပါဏာတိပါတအရ သတ္တဝါအားလုံးရဲ့ အသက်ဟုဆိုခဲ့လျှင် လူသားတစ်ယောက်ဟာ စိတ်ပါ၍ ဖြစ်စေ၊ စိတ်မပါဘဲ ဖြစ်စေ ဘယ်လိုသတ္တဝါမှ မသတ်ဘဲ ရပ်တည်ရှင်သန်လို့ ရပါမည်လား ဘုရား။

ဆိုကြပါစို့။ လူသားတွေ အသက်ရှင် ရပ်တည်ဖို့ စားစရာဖြစ်တဲ့ ဆန်၊ စပါး၊ ဂျုံ၊ ပြောင်း စတာတွေကို စိုက်ပျိုးတဲ့အခါ အပင်တွေ ရှင်သန်ကြီးထွားဖို့ ပိုးသတ်ဆေးတွေ သုံးရပါတယ်။ ဆီရဖို့ နှမ်း၊ မြေပဲ စိုက်ရာမှာလည်း ပိုးမဖျက်ဆီးနိုင်အောင် ပိုးသတ်ဆေးတွေ သုံးရပါတယ်။ လူသားတွေ သွေးလွန်တုပ်ကွေး စတဲ့ ရောဂါတွေ မဖြစ်ဖို့ ခြင်သတ်ဆေးတွေနဲ့ ခြင်တွေကို သတ်ကြရပါတယ်။ ကြွက်၊ ငှက်၊ တုပ်ကွေးရောဂါတွေ လူသားတွေထံ မကူးစက်စေဖို့ ကြွက်တွေကို သတ်ကြရပါတယ်။

လူမှာ ရောဂါရလာတဲ့အခါ ဒီရောဂါပိုးတွေ သေအောင် ဆေးဝါးတွေ မှီဝဲကြရပါတယ်။ ငှက်ဖျားရောဂါဖြစ်တဲ့အခါ ငှက်ဖျားပိုးကို သတ်ကြရပါတယ်။ အဲဒါတွေက ပါဏာတိပါတမှာ အကျုံးဝင်ပါသလား။ သီလပျက်ပါသလား။ အဲဒါတွေကို သီလပျက်တယ်ဆိုရင် ဘယ်သူလုံခြုံနိုင်မှာလဲ။ ဘယ်သူတွေ စောင့်ထိန်းနိုင်မှာလဲ ဘုရား။ ကိုယ် မလုပ်ဖို့ အမိန့်၊ သူများလုပ်တာ ငါတို့နဲ့ မဆိုင်ဘူး။ လူတွေ သွေးလွန်တုပ်ကွေး ရောဂါကင်းဝေးအောင် ခြင်တွေကို သတ်ပေးတာ၊ သတ်တဲ့သူ ခံရလိမ့်မယ်။ "တို့နဲ့ မဆိုင်လို့" လုပ်နေတဲ့သူတွေကိုရော လူကောင်းလို့ သတ်မှတ်ပြီး ချီးကျူးရမှာလား ဘုရား။ ဒီသီလတွေဟာ ဘုရားမပွင့်ခင်ကတည်းက ရှိနေတာလို့လည်း သိရပါတယ်။

မြတ်စွာဘုရားကတော့ သူ့ရဲ့ အဖွဲ့အစည်းဖြစ်တဲ့ သံဃာအဖွဲ့အစည်းအတွက် သတ်မှတ်တဲ့ စည်းကမ်းတွေမှာတော့ လူ့အသက် မသတ်ရလို့ သတ်မှတ်ပြီး လူ့အသက်ကို သတ်ရင် အဖွဲ့အစည်းကနေ ထုတ်ပယ်ပြီး နောက်ထပ် သံဃာ့အဖွဲ့အစည်းထဲကို ဝင်ခွင့်မပြုတဲ့အထိ တတိယမြောက် စည်းကမ်း။ အပြစ်အကြီးဆုံး စည်းကမ်းအဖြစ်နဲ့ သတ်မှတ်ခဲ့ပြီး တိရစ္ဆာန်ရဲ့ အသက်ကို သတ်ခဲ့ရင်တော့ သေးမွှားတဲ့ အပြစ်နဲ့ လူနဲ့ တိရစ္ဆာန်ကို ခွဲခြားထားတာကို တွေ့ရပါတယ် ဘုရား။

လူသားတွေ ကျင့်ရမယ့် လူ့ကျင့်ဝတ် စည်းကမ်းကျတော့ ပါဏာတိပါတအရ သတ္တဝါအားလုံးယူတာကို သဘောမကျဖြစ်မိပါတယ်။ လူသားတွေ လိုက်ကျင့်ကြနိုင်တဲ့ အရာသာ ဖြစ်ရပါမယ်။ ပါဏာတိပါတအရ ပိုးမွှားတိရစ္ဆာန်ကအစ မသတ်ရ၊ သတ်ရင် သီလပျက်တယ်ဆိုလျှင် ဘယ်သူမှ သီလကို ထိန်းနိုင်မည်မဟုတ်ဟု ယူဆမိပါတယ်။ ရဟန်းတွေက သူ့အသက်မသတ်ဖို့ ဘယ်လောက်ဟောဟော၊ လူတွေက ဘယ်လောက် သီလယူယူ၊ ဘယ်လောက်ကြိုးကျယ်တဲ့ အကျိုးတွေ ပြပြ၊ လူသားဘဝ ရပ်တည်ရှင်သန်ဖို့ သတ္တဝါတွေကို သတ်နေရတာ ရှိပါတယ်။ လူသားတွေ စားသောက်ဖို့ အစားအစာမှာလည်း ပိုးတွေ သတ်နေကြရပါတယ်။ လူတွေ ရောဂါဘယတွေ မရောက်ဖို့ ကြွက်တွေ၊ ခြင်တွေ စတဲ့ သတ္တဝါတွေကို သတ်ဖြတ်နေကြရတယ်။

လူတွေမှာ ရောဂါတွေ ရပြန်တော့ ရောဂါပိုးတွေကို သတ်ရပြန်ပါတယ်။ အဲဒါတွေဟာ သီလကျိုးတယ်ဆိုရင် သီလလုံသူ ရှိပါဦးမလား။ လူတွေ လိုက်နာဖို့ သတ်မှတ်ထားတဲ့ လူ့သီလဟာ လူတွေ မကျင့်နိုင်တဲ့ စည်းကမ်းတွေ ဖြစ်နေမလား။ စပါးပင်တွေကို ပိုးသတ်ဆေးဖြန်းတဲ့အခါမှာ ပိုးတွေကို သေစေချင်တဲ့စိတ် အဓိက မဟုတ်ဘဲ၊ လူတွေ စားသုံးဖို့ဆိုတဲ့ စိတ်နဲ့ လုပ်တာ၊ လူတွေ ရောဂါဘယကင်းဖို့ ဆိုတဲ့ စိတ်နဲ့ ခြင်တွေကို သတ်တာ။

လူနာတွေ ငြိမ်းချမ်းဖို့ ရောဂါပိုးတွေ သတ်ပေးနေရတဲ့ ဆရာဝန်တွေလည်း အကုသိုလ်တွေပဲလား ဘုရား။ ဘုရားက ရဟန်းတွေအတွက်ကိုတော့ လူနဲ့ တိရစ္ဆာန် သတ်ဖြတ်မှုမှာ အကျိုးသက်ရောက်မှု အများကြီး ခွဲခြားခဲ့ပါရက်နဲ့ ဒီနေ့လူတွေအတွက်ကျတော့ ပါဏာတိပါတအရ သတ္တဝါအားလုံး တန်းတူသတ်မှတ်တာကို လူသားတွေ မလိုက်နာနိုင်ကြတာ၊ လက်ရှိ လူ့ဘဝရပ်တည်မှုနှင့် အံဝင်ခွင်ကျ မဖြစ်တာကို



www.burmeseclassic.com

www.burmeseclassic.com

မြင်နေရပါသည်။

ယနေ့ ကမ္ဘာတစ်ဝှမ်းလုံးမှာလည်း လူ့အသက်သတ်မှု ဥပဒေနှင့် တိရစ္ဆာန်သတ်ဖြတ်မှု ဥပဒေဟာ ကွာခြားလှပါတယ်။ လူတစ်ယောက် ငှက်ဖျားရောဂါရလို့ အဲဒီငှက်ဖျားပိုးကို သတ်ရင် ပါဏာတိပါတကံထိုက်တယ်ဆိုပြီး ငှက်ဖျားပိုးကို မသတ်ရဘူးလား ဘုရား။ ငှက်ဖျားပိုးနဲ့ လူသား၊ လောကအတွက်၊ ဓမ္မအတွက် တန်ဖိုးချင်း တူပါသလား ဘုရား။ သို့ပါ၍ လူသားတွေနှင့် အံဝင်ခွင်ကျလည်း ဖြစ်အောင် လူမျိုးမရွေး၊ ဘာသာမရွေး၊ လူ့အသိအမြင်ရှိသူတိုင်း ဘယ်သူမှ ငြင်းမရနိုင်တဲ့ ကိုယ်တွေ့ လက်တွေ့ အမြင်များဖြင့် အတ္တ၊ မာန ကင်းရှင်းစွာ ဖြေဆိုပေးပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။ လူသားဘဝရပ်တည်မှုအတွက် ဟောပြော ပြသနေတဲ့ ဆရာတော်တစ်ပါးအနေဖြင့် လူသားဘဝရပ်တည်မှုနှင့် အဓိက ချိန်ဆပြီး သဘာဝကျကျ စာပေကို ရှေ့တန်းမတင်ဘဲ ညွှန်ပြပေးစေလိုပါတယ် ဘုရား။

**အဖြေ (၂)**

ပါဏာတိပါတကံထိုက်ဖို့အတွက် အင်္ဂါငါးချက် လိုအပ်ကြောင်း ခုဒ္ဒကပါဠိ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ အဲဒါတွေက -

(၁) သတ္တဝါတစ်မျိုးမျိုးဖြစ်ခြင်း။

(၂) သတ္တဝါမှန်း သိခြင်း။

(၃) သေစေလိုသော စေတနာဆိုးရှိခြင်း။

(၄) ကိုယ်တိုင်သတ်ခြင်း၊ သူတစ်ပါးကို သတ်ခိုင်းခြင်း။

(၅) ထိုသတ္တဝါသေသွားခြင်းတို့ပါပဲ။

အဲဒီ အင်္ဂါငါးချက်ထဲမှာ ၁၊ ၂၊ ၄၊ ၅ အင်္ဂါတွေ ညီနေပေမယ့် နံပါတ်(၃) အင်္ဂါမပါတာနဲ့ အပြစ်က လွတ်သွားပါတယ်။ သေစေလိုတဲ့ စေတနာဆိုး မပါတဲ့အတွက် ဆရာဝန်တွေ ဆေးကုတာဟာ ဘယ်လိုမှ အပြစ်မရှိနိုင်ပါဘူး။ စပါးပင်တွေ၊ ငရုတ်ပင်တွေ ပိုးမကျအောင် ဆေးဖြန်းတဲ့အခါမှာလည်း ပိုးတွေကို အသေဆိုးနဲ့ သေစေလိုတဲ့ စေတနာဆိုးကြီး မဖြစ်ပေါ်စေဘဲ တိုင်းသူပြည်သားတွေ ဆန်ရေစပါးပေါများစွာ သုံးဆောင်နိုင်ကြပါစေဆိုတဲ့ စေတနာကောင်းလေးထားလိုက်ရင် အပြစ်မဖြစ်နိုင်ပါဘူး။

တစ်ခါတစ်ရံ ဒေါသစိတ်လေး ပါသွားလို့ အပြစ်ဖြစ်ရင်တောင် အသေးစား ပေါ့ပေါ့ပါးပါးလောက်သာ ဖြစ်မှာပါ။ ဒီအကုသိုလ်လောက်ကတော့ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ လောကီကုသိုလ်တွေ များများဖိလိုက်ရင် ခေါင်းမပြူနိုင်တော့ပါဘူး။ ဒီအချက်ကို အထောက်အထားနဲ့ ပြောပါ့မယ်။ မြန်မာမှာ အနော်ရထာ၊ သီရိလင်္ကာမှာ ဒုဋ္ဌဂါမဏိ ဆိုတာ ဗုဒ္ဓဘာသာတိုင်းနီးပါး သိကြပါတယ်။

သီရိလင်္ကာနိုင်ငံရဲ့ ဗုဒ္ဓဘာသာကို ဖျက်ဆီးခဲ့တဲ့ ကျေးလူမျိုးပေါင်း နှစ်သိန်းကျော်ကို ဒုဋ္ဌဂါမဏိမင်းကြီးဟာ တိုက်ခိုက် သတ်ဖြတ်ခဲ့ရတယ်။ လူတွေကို သတ်တဲ့ ပါဏာတိပါတကံဖြစ်တဲ့အတွက် တိရစ္ဆာန်သတ်တာထက် အပြစ်ကြီးတာကတော့ အမှန်ပဲ။ သူ ဘုရင်ဖြစ်တဲ့အချိန်ကျတော့ ဒီအကြောင်းတွေးပြီး စိတ်မကောင်းဖြစ်တယ်။

ဘယ်လောက် စိတ်မကောင်းဖြစ်သွားသလဲဆိုရင် စားမဝင် အိပ်မပျော်တဲ့အထိ ဖြစ်သွားတယ်။ ဒုဋ္ဌဂါမဏိမင်းကြီး အိပ်ရာပေါ်မှာ တဗိန်ဗိန်တလိမ့်လိမ့်နဲ့ ဖြစ်နေချိန်မှာပဲ ပိယင်္ဂုကျွန်းမှာ သီတင်းသုံးတော်မူတဲ့ ရဟန္တာရှစ်ပါးကြွလာပြီး အောက်ပါ ဩဝါဒ နှစ်ဂါထာကို ဟောကြားပေးလိုက်တာ ဒုဋ္ဌဂါမဏိမင်းကြီး စိတ်ချမ်းသာသွားပြီး သာသနာပြုလုပ်ငန်းတွေကို ထိရောက်အောင် လုပ်နိုင်သွားတယ်။ ရဟန္တာရှစ်ပါး ဟောပေးခဲ့တဲ့ ပထမဂါထာက -

သဂ္ဂ မဂ္ဂန္တရာ၊ ယောစ။

နတ္ထိတေ တေန ကမ္မုနာ။

ဒိယဍ မနုဇာ ဝေတ္ထ၊ -

ယာတိတာ မနုဇာဒိပ-တဲ့။

အဓိပ္ပာယ်က -

"အို…ဒုဋ္ဌဂါထာမင်းကြီး၊ သင်သည် သာသနာတော်အတွက် မိစ္ဆာကျေးလူမျိုးများကို နှစ်သိန်းကျော်အောင် တိုက်ခိုက်သတ်ဖြတ်ခဲ့သည်မှာ မှန်၏။ သို့သော် ထိုအကုသိုလ်ကံသည် နတ်ပြည်၏ အန္တရာယ်၊ မဂ်-ဖိုလ်၏ အန္တရာယ်ကို မပြုနိုင်ပေ။

(ဒါန၊ သီလ၊ သမထကုသိုလ်တို့ကို အားထုတ်မည်ဆိုလျှင် နတ်ပြည်ကိုလည်း ရောက်နိုင်သည်။ ဝိပဿနာကို နာကြားအားထုတ်မည်ဆိုလျှင် မဂ်-ဖိုလ်ကိုလည်း ရနိုင်သည်။)

အဘယ့်ကြောင့်ဆိုသော် အပေါ်ယံအားဖြင့် ကြည့်လျှင် သင်သည် လူပေါင်း နှစ်သိန်းကျော်ကို သတ်ဖြတ်ခဲ့သည်မှာ မှန်၏။

သို့သော် နက်နဲစွာ စစ်ကြည့်လိုက်သောအခါ သင်သည် လူတစ်ယောက်နဲ့ တစ်ခြမ်းကိုသာ သတ်ခဲ့ရာရောက်၏။

(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)

* * *

မေဋ္ဌာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၃၊ ဧပြီလ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၃၊ ဧပြီလ၏ ကောင်းကင်ထက်၌ မိန်ရာသီရောက် တနင်္ဂနွေဂြိုဟ် ဧပြီ ၁၅ရက်တွင် မိဿရာသီသို့ ပြောင်းရွှေ့ဝင်ရောက်မည်ဖြစ်ပြီး မိန်ရာသီမှ အင်္ဂါဂြိုဟ် ဧပြီ ၁၃ရက်နေ့တွင် မိဿရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ကုမ်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဧပြီ ၁၀ရက်နေ့၌ မိန်ရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ကြာသပတေးဂြိုဟ် ပြိဿရာသီအတွင်း ပုံမှန်သွားလာနေသည်ကို တွေ့မြင်နိုင်၍ တူရာသီမှ စနေဂြိုဟ် ဆက်လက်၍ ဖောက်ပြန်သွားလာနေမည်ဖြစ်သည်။မိန်ရာသီမှ သောကြာဂြိုဟ် ဧပြီ ၁၀ရက်နေ့တွင် မိဿရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါလိမ့်မည်။ ရာဟုနှင့် ကိတ်ဂြိုဟ်များ တူနှင့် မိဿရာသီများတွင် ရပ်တည်နေပါမည်။ ယူရေးနပ်(စ်)၊ နက်(ပ်)ကျွန်းဂြိုဟ်များ မိန်ရာသီ၊ ကုမ်ရာသီတွင် ပုံမှန်သွားလာနေသည်ကို တွေ့ရပါလိမ့်မည်။ ဓနုရာသီမှ ပလူတိုဂြိုဟ် ဧပြီ ၁၃ရက်နေ့တွင် ဂြိုဟ်ပတ်လမ်းကြောင်း၌ ဖောက်ပြန်၍ သွားလာပါမည်။

ထူးခြားသော ဂြိုဟ်ဖြစ်စဉ်များအဖြစ် ဧပြီလ ၆ရက်၊ မြန်မာစံတော်ချိန် ည ၈နာရီ ၁၄မိနစ်၌ အင်္ဂါနှင့် သောကြာဂြိုဟ်များ ပူးယှဉ်၍ ဂြိုဟ်စစ်ထိုးသော ဖြစ်စဉ်ဖြစ်ပေါ်ပါမည်။ အဆိုပါ ပူးယှဉ် စစ်ထိုးမှုသည် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်း ထဲတွင် ဖြစ်ပေါ်မည်ဖြစ်သည့်အတွက် ကမ္ဘာအတွက် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာ မရှိနိုင်ပါ။ နေ၏ အနောက်ဘက်တွင် အဆိုပါ ဂြိုဟ်နှစ်လုံးရောက်ရှိနေသည့်အတွက် ကမ္ဘာမှ မြင်တွေ့ လေ့လာခွင့် မရရှိနိုင်ပါ။ ဧပြီ ၁၈ ရက်နေ့တွင် အင်္ဂါဂြိုဟ် ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိနေသည့်အတွက် အကျိုးသက်ရောက်မှု မရှိနိုင်ပါ။ ယင်းဖြစ်စဉ်အား အင်္ဂါဂြိုဟ် အတ္တမိသောဖြစ်စဉ်အဖြစ် ခေါ်ဆိုပါသည်။ ဧပြီ ၂၆ရက်နေ့ နံနက် ၃နာရီ ၂၇မိနစ်မှ နံနက် ၃နာရီ ၅၂မိနစ်အတွင်း လတစ်စိတ်တစ်ပိုင်း ကြတ်သော ဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ ယင်းဖြစ်စဉ်အား မြန်မာနိုင်ငံမှ မြင်တွေ့ လေ့လာခွင့်ရရှိမည်။


မြန်မာစံတော်ချိန် နံနက် ၃နာရီ ၃၉မိနစ်တွင် ဖမ်းလယ်ဖြစ်စဉ် ဖြစ်ပေါ်ပြီး အာရှ၊ ဥရောပ၊ ဩစတြေးလျနှင့် အာဖရိကဒေသများမှ တွေ့မြင် လေ့လာပါမည်။ မြန်မာနိုင်ငံမှ တွေ့မြင်ရသော်လည်း လကြတ်ချိန်၌ လမင်းသည် အရှေ့လောင်ဂျီတွဒ် ၄၅ ဒီဂရီ ၂၆ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၃၉ ဒီဂရီ ၂၆ မိနစ်အတွင်းနှင့် တောင်လတ္တီတွဒ် [illegible] ဒီဂရီ ၃၂မိနစ်လမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသွားပါမည်။ ဧပြီ ၂၈ရက်နေ့တွင် စနေဂြိုဟ် ကမ္ဘာဖြင့် တစ်တန်းတည်းကျရောက်




www.burmeseclassic.com

www.burmeseclassic.com


သောဖြစ်စဉ် ဖြစ်ပေါ်လာမည်။ မြန်မာစံတော်ချိန် နေ့လယ် ၃ နာရီ ၄၃ မိနစ်၌ အနောက်လောင်ဂျီတွဒ် ၁၃၈ ဒီဂရီ ၀၂ မိနစ်မှ တောင်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၂ မိနစ် တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်စဉ်ဖြစ်ပွားမည်ဖြစ်ပြီး အလက်စကာ၊ ဩစတြေးလျနှင့် ရုရှားအရှေ့ပိုင်းဒေသများ၌ တစ်ပတ်အတွင်း လျှောင်ဖြစ်စဉ် ဖြစ်ပေါ်နိုင်သည်။



အင်္ဂါဂြိုဟ်နှင့် သောကြာဂြိုဟ်များ နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ပူးယှဉ်နေပုံ



ကမ္ဘာဂြိုဟ်နှင့် နေနှင့် လကြားထဲသို့ လမ်းကြောင်းတည့်မတ်စွာ ရောက်ရှိပြီး လကြတ်သောဖြစ်စဉ် ဖြစ်ပေါ်လာပုံ



ကမ္ဘာနှင့် စနေဂြိုဟ် တစ်တန်းတည်း ကျရောက်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ဧပြီလ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ဟောကြမ္မာ

## ARIES



## မိဿလဂ်

စိတ်ပင်ပန်းဖိစီးမှုများ ယှဉ်တွဲပြီးမှ မိမိရည်မှန်းချက်၊ ဖန်တီးချက်များ ပြည့်ဝ အောင်မြင်လာမည်။ ဧပြီ ၁၅အတွင်း ကျန်းမာရေးအညံ့ဖြစ်စဉ်များနှင့် မတော်တဆ ထိခိုက်မှုများ တွေ့ကြုံနိုင်သည်။ ဆောင်ရွက်ကြိုးပမ်းမှုများ၌ လွဲချော်မှားယွင်းမှုများ ယှဉ်တွဲနေတတ်ပြီး မကြာခဏ ပဋိပက္ခများ ယှဉ်တွဲနေတတ်သည်၊ ဧပြီ ၁၅နောက်ပိုင်း ကံဇာတာ မြင့်မားတိုးတက်၍ ကံကောင်း အောင်မြင်မှုများ ဆင့်ကဲဆင့်ကဲ တွေ့ကြုံလာမည်။ လုပ်ငန်းတာဝန်များ၌ အခွင့်အလမ်းသစ်များ ပေါ်ပေါက်တွေ့ကြုံလာမည်။ လုပ်ငန်းရှင်များ ဧပြီ ၁၅နောက်ပိုင်း စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းမှုကံ အထူးကောင်းမွန်မည်။ ပညာသင်ကြားနေသူများ စိတ်ညစ်နွမ်းမှုများကြား ကံအညံ့ရှိချိန်။ အိမ်ထောင်ရှင်များ ငွေကြေးပိုင်းဆိုင်ရာ ပဋိပက္ခပြဿနာများ တွေ့ကြုံနိုင်သည်။ ဧပြီ ၁၅အတွင်း ချစ်သူနှင့် အရာရာနားလည်မှု လွဲချော်၍ ဧပြီ ၁၅နောက်ပိုင်း အချစ်ကံ ကောင်းမွန်ချိန်။


## TAURUS



## ပြိဿလဂ်

ဧပြီ ၁၅အတွင်း ငွေကြေးအကျိုးပေးကံ ကောင်းမွန်ပြီး ထီကံစမ်းပေးသင့်သော အချိန်ကာလ။ လုပ်ငန်းတွင် လုံ့လ ဝီရိယအကျိုး ခံစားရမည်။ ကံကောင်းမည့် အခွင့်အရေးသစ်များ ပေါ်ထွန်းလာမည်။ လုပ်ငန်းနှင့် ပတ်သက်၍ အတိုက်အခံကြားမှ တိုးတက် အောင်မြင်ချိန်။ ထူးခြားစွာ မျက်နှာပွင့်လန်းတတ်သော အချိန်ကာလ။ ဧပြီ ၁၅နောက်ပိုင်း ကံဇာတာအညံ့ဘက်သို့ ဦးတည်နေပြီး ကျန်းမာရေးတွင် အပူ-အဖျားနှင့် ပတ်သက်၍ အညံ့တွေ့ကြုံတတ်သည်။ အတိုက်အခံများပြားသည့် လုပ်ငန်းတာဝန်များ ဆောင်ရွက် လုပ်ကိုင်ရတတ်သည်။ လူမှုရေးအနှောင့်အယှက်များကြောင့် စိတ်သောက များပြားရမည်။ လုပ်ငန်းရှင်များ အမှုပြဿနာများ တွေ့ကြုံ ဖြေရှင်းရတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေး ကံဇာတာ မှေးမှိန် အားနည်းချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ ပြဿနာများအောက်မှ ရုန်းထွက်ရန် ခက်ခဲနေမည်။ ချစ်သူအတွက် ငွေကုန်ကျမှု များပြားနေချိန်။

## GEMINI



## မေထုန်လဂ်

ဆန္ဒနှင့် ဘဝ စည်းချက်ကိုက်ညီချိန်။ သက်သာစွာဖြင့် လုပ်ငန်းများ တိုးတက် အောင်မြင်လာမည်။ လုပ်ငန်းတွင် လုံ့လအကျိုး ခံစားခွင့်ရှိမည်။ ဘုန်းကံသြဇာအရှိန်အဝါမြင့်မားတိုးတက်ချိန်။ မှန်ကန်သော ဆုံးဖြတ်ချက်များဖြင့် လုပ်ငန်းသစ်များ ပုံဖော်နိုင်မည်။ ငွေကြေးကံ ကောင်းမွန်မည်။ ရွှေရောင်အနာဂတ်အတွက် အိပ်မက်သစ်များ လုပနေမည်။ အဖိုးတန်ပစ္စည်းများ လက်ဆောင်ရရှိမည်။ အကျိုးရှိမည့် ခရီးဝေးများ သွားလာရတတ်သည်။ ထီကံစမ်းသင့်သည့်အချိန်ကာလဖြစ်ပြီး မထင်မှတ်သည့် ကံကောင်းမှုများ လက်ဝယ်သို့ ရောက်ရှိလာမည်။ လုပ်ငန်းရှင်များ ကြိုးစားသလောက် လုပ်ငန်းပိုင်း တိုးတက် အောင်မြင်ချိန်။ ပညာသင်ကြားနေသူများ အခွင့်အရေးသစ်များ ပေါ်ပေါက်တွေ့ကြုံလာမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး ကံဇာတာလှပလင်းလက်ချိန်။ ချစ်သူများ အရာရာ အဆင်ပြေ ချောမွေ့သည့် အချစ်ခရီးလမ်းထက် လျှောက်လှမ်းရချိန်။

## CANCER



## ကရကဋ်လဂ်

ကံဇာတာ ပြန်လည်မြင့်မားတိုးတက်၍ အောင်မြင်တိုးတက် ကြီးပွားမှုများ ဖန်တီး ပုံဖော်နိုင်မည်။ မထင်မှတ်ထားသော အခွင့်အရေးကောင်းများ ပေါ်ထွက်လာမည်။ ဆောင်ရွက်ကြိုးပမ်း ပုံဖော်မှုများတွင် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုများ ပိုင်ဆိုင်ခွင့်ရရှိချိန်။ ပြည့်စုံကြွယ်ဝမှုများ လင်းလက် တောက်ပချိန်။ အောင်မြင်မှုလမ်းမများထက် ပျော်ရွှင်သောနေ့ရက်များ ကျော်ဖြတ်ရချိန်။ ကောင်းသော လုပ်ငန်းတာဝန် အပြောင်းအရွှေ့ကိစ္စများ ပေါ်ပေါက်တွေ့ကြုံနိုင်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းသစ်များ တိုးချဲ့ ဆောင်ရွက်သင့်သည့်အချိန်ကာလဖြစ်ပြီး ငွေကြေးအကျိုးအမြတ်များ ထူးခြားစွာ ရရှိမည်။ ပညာသင်ကြားနေသူများ အောင်မြင်မှု အခွင့်အရေးကောင်းများ ဖန်တီး ပုံဖော်နိုင်ချိန်။ အိမ်ထောင်ရှင်များ အေးချမ်းတည်ငြိမ်သော မိသားစုဘဝ တည်ဆောက်နိုင်ချိန်။ ချစ်သူများ အေးချမ်းသည့် နေ့ရက်များ ရယူပိုင်ဆိုင်ခွင့်ရှိချိန်။



www.burmeseclassic.com

www.burmeseclassic.com

LEO



သိဟ်လဂ်

ဧပြီ ၁၅အတွင်း ကံဇာတာအညံ့ရှိပြီး မိမိ၏ဆုံးဖြတ်ယူဆချက်များ လွဲချော်၍ ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံနိုင်သည်။ စိတ်လိုက်မာန်ပါ ဆောင်ရွက်မှုများ သတိပြု ဆင်ခြင်သင့်ပြီး ခိုက်ရန်ဒေါသ ပြဿနာများ ဝန်းရံနေတတ်သည်။ လုပ်ငန်းတာဝန်များအတွက် စိတ်သောက များပြားမည့်အချိန်ကာလ။ ဧပြီ ၁၅ နောက်ပိုင်း၌ ကံဇာတာ ပြန်လည်မြင့်မားတိုးတက်ပြီး ဘုန်းကံသြဇာအရှိန်အဝါကြီးမြင့်လာမည်။မိမိရည်မှန်းချက်များ လွယ်ကူစွာ ပြည့်ဝအောင်မြင်ပြီး အောင်မြင်မှုများ ရယူပိုင်ဆိုင်ခွင့်ရှိချိန်။ အကြီးအကဲ ဆရာသမားများထံမှ အကူအညီ အခွင့်အရေးကောင်းများ ရရှိတတ်သည်။ လုပ်ငန်းရှင်များ ဧပြီ ၁၅ နောက်ပိုင်း လုပ်ငန်း၊ စီးပွားဖြစ်ထွန်းမှုကံ အထူးကောင်းမွန်လာမည်။ ပညာသင်ကြားနေသူများ ကျန်းမာရေးအညံ့ကြောင့် ပညာရေးပိုင်း အားနည်းချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်မှုကိစ္စအဝဝအတွက် စိတ်ပင်ပန်းမှု များပြားနေမည်။ ချစ်သူများ ကတောက်ကဆ ပြဿနာအသေးအဖွဲ့များ မကြာခဏ တွေ့ကြုံတတ်သည်။

---

VIRGO



ကန်လဂ်

မိမိ၏ ကံဇာတာ ဆက်လက်အညံ့ရှိတတ်ပြီး ဆောင်ရွက်ကြိုးပမ်းမှုများ၌ အခက်အခဲ အတားအဆီးများ ရင်ဆိုင်ကျော်ဖြတ်ရမည်။ လူမှုရေးပိုင်းဆိုင်ရာ ပြဿနာအနှောင့်အယှက်များ တွေ့ကြုံ ရင်ဆိုင်ရတတ်သည်။ ငွေကြေးဆုံးရှုံးနစ်နာမှုနှင့် အခက်အခဲများ ဝန်းရံနေတတ်သည်။ ဧပြီ ၁၅နောက်ပိုင်း ကျန်းမာရေးပိုင်းဆိုင်ရာ အညံ့ကိစ္စများအတွက် ငွေကြေးပိုင်းဆိုင်ရာ သုံးစွဲကုန်ကျမှု များပြားတတ်သည်။ စိတ်ဆန္ဒ ဆောလျင်စွာ ဆောင်ရွက်ကြိုးပမ်း ပုံဖော်မှုကြောင့် လွဲမှားဆုံးရှုံးမှုများ တွေ့ကြုံ ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းတွင် ကြီးမားသော ဆုံးရှုံးနစ်နာမှုများ သတိပြုသင့်သည့် အချိန်ကာလ။ ပညာသင်ကြားနေသူများ စိတ်လေလွင့်မှု ပြင်းထန် များပြားတတ်သော အချိန်ကာလ။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးပဋိပက္ခ ပြင်းထန်နေတတ်ပြီး ဆောင်ရွက်ပုံဖော်မှုများ သောကကြုံမည်။ ချစ်သူများ အမုန်းမီးတောက်များ ကျွမ်းလောင်၍ စေ့စပ်ညှိနှိုင်းမရနိုင်သည့် ပြဿနာအနှောင့်အယှက်များ ရင်ဆိုင်ရမည်။

---

LIBRA



တူလဂ်

ဧပြီ ၁၅ရက်အတွင်း လုပ်ငန်းတွင် အတိုက်အခံများပြားပြီး ပဋိပက္ခပြဿနာများဖြင့် ထိပ်တိုက်ရင်ဆိုင်တွေ့ကြုံရမည်။ စိတ်ပင်ပန်းမှုများ မကြာခဏ တွေ့ကြုံတတ်ပြီး ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးနစ်နာမှုများ ရင်ဆိုင်ရတတ်သည်။ မောင်နှမသားချင်းများဖြင့် နားလည်မှု လွဲချော်တတ်သည့် အချိန်ကာလ။ ဧပြီ ၁၅နောက်ပိုင်း ကံဇာတာမြင့်မားတိုးတက်၍ ငွေကြေးအစုလိုက်အပုံလိုက် ရရှိမှုများ တွေ့ကြုံတတ်သည်။ လုပ်ငန်းတွင် ကြီးစားသလောက် အကျိုးခံစားခွင့်များရရှိပြီး အခွင့်အရေးသစ်များ ပေါ်ပေါက်တွေ့ကြုံလာမည်။ လုပ်ငန်းရှင်များ ဧပြီ ၁၅နောက်ပိုင်း ငွေကြေးအကျိုးအမြတ် ထူးခြားစွာ ရရှိမည့် လုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိမည်။ ပညာသင်ကြားနေသူများ အတိုက်အခံ အပြိုင်အဆိုင်ပေါ်များသည့် အချိန်ကာလ။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးသောက ပြဿနာများ ယှဉ်တွဲနေချိန်။ ချစ်သူများ မိမိချစ်သူအပေါ် အလျှော့ပေး အနစ်နာခံရချိန်။

---

SCORPIO



ဗြိစ္ဆာလဂ်

ပြဿနာ သောကရပ်ဝန်းများထက် အခက်အခဲ အတားအဆီးများ ကျော်ဖြတ်ရချိန်။ အပူများပြီး ကျန်းမာရေးအညံ့ တွေ့ကြုံတတ်ချိန်။ အမှုပြဿနာများ ရင်ဆိုင်ရပြီး ကံဇာတာအညံ့ကြုံတတ်သော ကာလ။ အောက်လက်နှင့် ပတ်သက်၍ ဒုက္ခရောက်တတ်သည်။ ကြံဆချက်များ လွဲချော်နေပြီး ဆုံးရှုံးနစ်နာမှုများ စောင့်ကြိုနေတတ်သည်။ ကြီးမားသော ဘေးဥပါဒ်နှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများ ဝန်းရံထားချိန်။ ဒုက္ခထရားနှင့် ရင်ဆိုင် ကခုန်ရမည့် ကာလ။ လုပ်ငန်းရှင်များ အမှုပြဿနာများ ရင်ဆိုင်ဖြေရှင်းရပြီး ဆုံးရှုံးမှုများ တွေ့ကြုံနိုင်သည်။ ပညာသင်ကြားနေသူများ ပညာရေးရှုံးနိမ့်မှုကြား စိတ်ဓာတ်ပြိုလဲတတ်သည်။ အိမ်ထောင်ရှင်များ မကြာခဏ ကတောက်ကဆ ပြဿနာအသေးအဖွဲ့များ တွေ့ကြုံရတတ်သည်။ ချစ်သူများ သံသယအကြောင်းတရားများ လွှမ်းမိုးမှုကြောင့် ယုံကြည်မှု လျော့ပါးမည့်အချိန်ကာလ။



www.burmeseclassic.com

www.burmeseclassic.com

## SAGITTARIUS



**ဓနုလဂ်**

စိတ်ပင်ပန်းမှု များပြားသော်လည်း ကြိုးစားမှုအတွက် အခွင့်အရေးများ နီးထရှင်သန်ချိန်။ ရည်မှန်းချက် အတွေးအခေါ် အကြံအစည်အမျိုးမျိုးကြား ရွေးချယ်ရန် ခက်ခဲနေမည်။ စိတ်ဆိုး ဒေါသနှင့် မာန်မာနများ ထိန်းချုပ်၍ အောင်မြင်ခြင်းလမ်းမများ ခရီးဆက်သင့်ချိန်။ အဆက်အသွယ်ကောင်းများ ရရှိချိန်။ ကံကောင်းမှုများ လွှမ်းခြုံ၍ အနာဂတ် စိတ်ကူးသစ်များဆီသို့ အင်တိုက်အားတိုက် ရှက်လှုံ့နိုင်ချိန်။ ငွေကြေး။ စီးပွားကိစ္စများ အကျိုးပြုချိန်ဖြစ်ပြီး ထီကံစမ်းသင့်သောကာလ။ ခရီး ဝေးသွားလာမှု များပြားတတ်သည်။ လုပ်ငန်းရှင်များ တရားမဝင် ငွေကြေးအကျိုးအမြတ်များ ထူးခြားစွာ ရရှိမည်။ ပညာသင်ကြားနေသူများ ပညာရေးကံဇာတာ သင့်တင့်မျှတချိန်။ အိမ်ထောင်ရှင် များ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ ငွေကြေးအကျိုးပေးကံ ကောင်းမွန်မည်။ ချစ်သူများ နားလည်မှု လွဲချော်သည့် ပြဿနာများ ဆက်လက်တွေ့ကြုံ၍ စေ့စပ်ညှိနှိုင်းမှုများ ကြန့်ကြာနေမည်။

## CAPRICORN



**မကာရလဂ်**

မျှော်လင့်ခြင်းအလင်းရောင်များ ထွန်းလင်းတောက်ပချိန်။ အဆိုးများ လွင့်ပျောက်၍ ကြိုးစားမှု၏ အသီးအပွင့်များ ဝေဆာဖြစ်ထွန်းချိန်။ အမည်နှင့် ဂုဏ်သတင်းကျော်ကြား အောင်မြင်ချိန်။ လိုအင်ဆန္ဒများ မဖန်တီးဘဲ ပြည့်စုံလာမည်။ ငွေကြေးအများအပြားရရှိမည်။ ထီကံစမ်း ပေးသင့်သော ကာလ။ ဧပြီ ၁၅နောက်ပိုင်း ကံဇာတာ ပိုမိုတိုးတက်မြင့်မားပြီး လုပ်ငန်းတွင် ထူးခြားစွာ အကျိုးရှိ ကြီးပွားအောင်မြင်မည်။ လုပ်ငန်းသစ်များ ဆောင်ရွက်ရန် အခွင့်အရေးသစ်များ ပေါ်ပေါက်တွေ့ကြုံ လာမည်။ မိမိ၏ ဆုံးဖြတ်ယူဆချက်များ တည့်မတ် မှန်ကန်သည့်အတွက် ကောင်းကျိုးတရားများ ရရှိချိန်။ လုပ်ငန်းရှင်များ လုံ့လစိုက်ထုတ် ကြိုးစားသလောက် အကျိုးခံစားခွင့်များ ရရှိမည်။ ပညာသင်ကြားနေသူများ ပညာရေးအောင်ပွဲများ ရရှိပိုင်ဆိုင်ချိန်။ အိမ်ထောင်ရှင်များ အေးချမ်းသော နေ့ရက်များ ဖန်တီးရယူနိုင်မည်။ ချစ်သူဖြင့် အရာရာပြည့်စုံ အဆင်ပြေမည့်အချိန်။

## AQUARIUS



**ကုမ်လဂ်**

ငွေကြေးအကျိုးပေးကံ ကောင်းမွန်၍ ရွှေရောင်ကံကောင်း အောင်မြင်မှုများ ဆက်လက်ဖန်တီး ပုံဖော်နိုင်မည်။ ပြဿနာအချို့ ရင်ဆိုင်ရသော်လည်း အောင်မြင်စွာ ဖြေရှင်းကျော်ဖြတ်နိုင်မည်။ ဇွဲ၊ လုံ့လ၊ ဝီရိယအကျိုးခံစားရပြီး အကျိုးအမြတ်ရရှိမည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခွင့် ရရှိချိန်။ မိသားစုဥ္စ အိမ်ခြံမြေ၊ ယာဉ်ကိစ္စများအတွက် အကျိုးရှိ ကံကောင်းမည်။ လုပ်ငန်း၊ ငွေကြေး၊ စီးပွားဥစ္စာ တိုးတက်ဖြစ်ထွန်းမှုကံ အလွန်ကောင်းမွန်မည်။ ကံကောင်းခြင်းလက်ဆောင်များ ပြည့်နှက်၍ အေးချမ်းသော ခရီးလမ်းများ လျှောက်လှမ်းရချိန်။ အခွင့်အရေးကောင်းများအနီး၌ လိုအင်ဆန္ဒများ ပြည့်ဝလာမည်။ လုပ်ငန်းရှင်များ ငွေကြေးကြွေးမြီကိစ္စများအတွက် အနှောင့်အယှက်ကြုံမည်။ ပညာသင်ကြားနေသူများ ပင်ပန်းကြိုးစားသလောက် အခွင့်အရေးများ စောင့်ကြိုနေချိန်။ အိမ်ထောင်ရှင်များ စိတ်ကူးဆန္ဒများ တိုက်ဆိုင်ညီညွတ်နေမည်။ ချစ်သူအတွက် စိတ်ပင်ပန်းဖိစီးမှု ပြင်းထန်ချိန်။

## PISCES



**မိန်လဂ်**

မှောင်မိုက်သော လမ်းမများထက် ကြယ်ရောင်ပျောက်သော ညမိုက်ဆိုးများ လွှမ်းခြုံထားချိန်။ လူမှုရေးတိုက်ပွဲများကြား မောပန်းနွမ်းလျ ညှိုးငယ်ရသော ကာလ။ ကျန်းမာရေးအညံ့ကိစ္စများအတွက် ငွေကုန်ကျမှု များပြားချိန်။ လိမ်ညာကောက်ကျစ်သူများဖြင့် တွေ့ကြုံမည်။ အရာရာ အဆင်မပြေမှုများ ကျော်ဖြတ်ရချိန်။ ကံဇာတာအညံ့ဆီသို့ ဦးတည်ပြောင်းလဲ ရွေ့လျားနေချိန်။ မျှော်လင့်ရည်မှန်း ပုံဖော်မှုများ၊ ကြန့်ကြာခက်ခဲမှုများ ယှဉ်တွဲနေချိန်။ ဦးခေါင်းကိုက်ခဲမှု ရောဂါဝေဒနာများ ခံစားရချိန်။ မတော်တဆ ထိခိုက်မှုများ သတိပြုပါ။ လုပ်ငန်းရှင်များ စီးပွားရေးပိုင်း နစ်နာပျက်စီး ဆုံးရှုံးမှုများ ရင်ဆိုင်ရချိန်။ ပညာသင်ကြားနေသူများ ပညာရေးအရှုံးများ ထွေးပိုက်ရချိန်။ အိမ်တွင်းရေး တိုက်ပွဲများ ကြား ပြင်းထန်သည့် ပဋိပက္ခပြဿနာများ လွှမ်းမိုးထားချိန်။ အချစ်အတွက် မျက်ရည်မြစ်များ စီးဆင်းချိန်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃၊ ဧပြီလ မွန်းတည့် နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လဂ် (၁၂)လဂ်ဖြင့် လူတန်းစား ၁၂ပိုင်း ခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်လေးလုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန်(၂)နာရီကို လဂ်တစ်လဂ်အဖြစ် သတ်မှတ်၍ လဂ် (၁၂)လဂ်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် လဂ်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ(Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။နက္ခတ်တစ်လုံး ပိုင်ဆိုင်မှုကို ၁၃ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လဂ် အလွယ်တကူ ရှာဖွေနိုင်ရန်အတွက် လဂ်ရှာဖွေနည်းဇယားအား ထည့်သွင်း ဖော်ပြပေးထားပြီး လအလိုက် အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ်လဂ်နှုန်းဖြင့် လဂ် (၁၂)လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ- ဧပြီ ၁၃ မှ မေ ၁၃အတွင်း နံနက် ၅း၄၅ မှ ၇း၄၅ နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅ မှ ၁၁း၄၅ အတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် (၁၂)ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှုဇယားတွင် ဦးစွာ ရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ်မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာ အရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။လဂ်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

ဦးဝေဿကို (B.Sc)(D.S.A)
နက္ခတ်သိပ္ပံအဖွဲ့

***



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ပြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ပြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ပြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ပြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ပြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ပြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ပြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှ ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၂၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၈ : ၂၆ | ၀၈ : ၅၈ | ၁၀ : ၀၄ | ၁၀ : ၃၄ | ၁၂ : ၂၅ | ၁၂ : ၅၅ | ၁၄ : ၁၃ | ၁၄ : ၄၅ | ၁၅ : ၀၁ | ၁၅ : ၃၄ | ၁၈ : ၄၉ | ၁၉ : ၂၂ |
| ၂ | ၀၈ : ၂၂ | ၀၈ : ၅၄ | ၁၀ : ၀၀ | ၁၀ : ၃၀ | ၁၂ : ၂၁ | ၁၂ : ၅၁ | ၁၄ : ၀၉ | ၁၄ : ၄၁ | ၁၄ : ၅၇ | ၁၅ : ၃၀ | ၁၈ : ၄၅ | ၁၉ : ၁၈ |
| ၃ | ၀၈ : ၁၈ | ၀၈ : ၅၀ | ၀၉ : ၅၆ | ၁၀ : ၂၆ | ၁၂ : ၁၇ | ၁၂ : ၄၇ | ၁၄ : ၀၅ | ၁၄ : ၃၇ | ၁၄ : ၅၃ | ၁၅ : ၂၆ | ၁၈ : ၄၁ | ၁၉ : ၁၄ |
| ၄ | ၀၈ : ၁၄ | ၀၈ : ၄၆ | ၀၉ : ၅၂ | ၁၀ : ၂၂ | ၁၂ : ၁၃ | ၁၂ : ၄၃ | ၁၄ : ၀၁ | ၁၄ : ၃၃ | ၁၄ : ၄၉ | ၁၅ : ၂၂ | ၁၈ : ၃၇ | ၁၉ : ၁၀ |
| ၅ | ၀၈ : ၁၀ | ၀၈ : ၄၂ | ၀၉ : ၄၈ | ၁၀ : ၁၈ | ၁၂ : ၀၉ | ၁၂ : ၃၉ | ၁၃ : ၅၇ | ၁၄ : ၂၉ | ၁၄ : ၄၅ | ၁၅ : ၁၈ | ၁၈ : ၃၃ | ၁၉ : ၀၇ |
| ၆ | ၀၈ : ၀၇ | ၀၈ : ၃၈ | ၀၉ : ၄၄ | ၁၀ : ၁၄ | ၁၂ : ၀၅ | ၁၂ : ၃၅ | ၁၃ : ၅၃ | ၁၄ : ၂၅ | ၁၄ : ၄၁ | ၁၅ : ၁၄ | ၁၈ : ၂၉ | ၁၉ : ၀၃ |
| ၇ | ၀၈ : ၀၃ | ၀၈ : ၃၄ | ၀၉ : ၄၀ | ၁၀ : ၁၀ | ၁၂ : ၀၁ | ၁၂ : ၃၁ | ၁၃ : ၄၉ | ၁၄ : ၂၂ | ၁၄ : ၃၇ | ၁၅ : ၁၀ | ၁၈ : ၂၅ | ၁၈ : ၅၉ |
| ၈ | ၀၇ : ၅၉ | ၀၈ : ၃၀ | ၀၉ : ၃၆ | ၁၀ : ၀၆ | ၁၁ : ၅၇ | ၁၂ : ၂၇ | ၁၃ : ၄၅ | ၁၄ : ၁၈ | ၁၄ : ၃၃ | ၁၅ : ၀၆ | ၁၈ : ၂၁ | ၁၈ : ၅၅ |
| ၉ | ၀၇ : ၅၅ | ၀၈ : ၂၆ | ၀၉ : ၃၂ | ၁၀ : ၀၂ | ၁၁ : ၅၃ | ၁၂ : ၂၃ | ၁၃ : ၄၂ | ၁၄ : ၁၄ | ၁၄ : ၂၉ | ၁၅ : ၀၂ | ၁၈ : ၁၇ | ၁၈ : ၅၁ |
| ၁၀ | ၀၇ : ၅၁ | ၀၈ : ၂၃ | ၀၉ : ၂၈ | ၀၉ : ၅၈ | ၁၁ : ၄၉ | ၁၂ : ၁၉ | ၁၃ : ၃၈ | ၁၄ : ၁၀ | ၁၄ : ၂၅ | ၁၄ : ၅၈ | ၁၈ : ၁၃ | ၁၈ : ၄၇ |
| ၁၁ | ၀၇ : ၄၇ | ၀၈ : ၁၉ | ၀၉ : ၂၄ | ၀၉ : ၅၄ | ၁၁ : ၄၆ | ၁၂ : ၁၅ | ၁၃ : ၃၄ | ၁၄ : ၀၆ | ၁၄ : ၂၁ | ၁၄ : ၅၅ | ၁၈ : ၀၉ | ၁၈ : ၄၃ |
| ၁၂ | ၀၇ : ၄၃ | ၀၈ : ၁၅ | ၀၉ : ၂၁ | ၀၉ : ၅၀ | ၁၁ : ၄၂ | ၁၂ : ၁၁ | ၁၃ : ၃၀ | ၁၄ : ၀၂ | ၁၄ : ၁၇ | ၁၄ : ၅၁ | ၁၈ : ၀၅ | ၁၈ : ၃၉ |
| ၁၃ | ၀၇ : ၃၉ | ၀၈ : ၁၁ | ၀၉ : ၁၇ | ၀၉ : ၄၆ | ၁၁ : ၃၈ | ၁၂ : ၀၇ | ၁၃ : ၂၆ | ၁၃ : ၅၈ | ၁၄ : ၁၃ | ၁၄ : ၄၇ | ၁၈ : ၀၁ | ၁၈ : ၃၅ |
| ၁၄ | ၀၇ : ၃၅ | ၀၈ : ၀၇ | ၀၉ : ၁၃ | ၀၉ : ၄၂ | ၁၁ : ၃၄ | ၁၂ : ၀၄ | ၁၃ : ၂၂ | ၁၃ : ၅၄ | ၁၄ : ၁၀ | ၁၄ : ၄၃ | ၁၇ : ၅၇ | ၁၈ : ၃၁ |
| ၁၅ | ၀၇ : ၃၁ | ၀၈ : ၀၃ | ၀၉ : ၀၉ | ၀၉ : ၃၈ | ၁၁ : ၃၀ | ၁၂ : ၀၀ | ၁၃ : ၁၈ | ၁၃ : ၅၀ | ၁၄ : ၀၆ | ၁၄ : ၃၉ | ၁၇ : ၅၄ | ၁၈ : ၂၇ |
| ၁၆ | ၀၇ : ၂၇ | ၀၇ : ၅၉ | ၀၉ : ၀၅ | ၀၉ : ၃၅ | ၁၁ : ၂၆ | ၁၁ : ၅၆ | ၁၃ : ၁၄ | ၁၃ : ၄၆ | ၁၄ : ၀၂ | ၁၄ : ၃၅ | ၁၇ : ၅၀ | ၁၈ : ၂၃ |
| ၁၇ | ၀၇ : ၂၃ | ၀၇ : ၅၅ | ၀၉ : ၀၁ | ၀၉ : ၃၁ | ၁၁ : ၂၂ | ၁၁ : ၅၂ | ၁၃ : ၁၀ | ၁၃ : ၄၂ | ၁၃ : ၅၈ | ၁၄ : ၃၁ | ၁၇ : ၄၆ | ၁၈ : ၁၉ |
| ၁၈ | ၀၇ : ၁၉ | ၀၇ : ၅၁ | ၀၈ : ၅၇ | ၀၉ : ၂၇ | ၁၁ : ၁၈ | ၁၁ : ၄၈ | ၁၃ : ၀၆ | ၁၃ : ၃၈ | ၁၃ : ၅၄ | ၁၄ : ၂၇ | ၁၇ : ၄၂ | ၁၈ : ၁၅ |
| ၁၉ | ၀၇ : ၁၅ | ၀၇ : ၄၇ | ၀၈ : ၅၃ | ၀၉ : ၂၃ | ၁၁ : ၁၄ | ၁၁ : ၄၄ | ၁၃ : ၀၂ | ၁၃ : ၃၄ | ၁၃ : ၅၀ | ၁၄ : ၂၃ | ၁၇ : ၃၈ | ၁၈ : ၁၂ |
| ၂၀ | ၀၇ : ၁၂ | ၀၇ : ၄၃ | ၀၈ : ၄၉ | ၀၉ : ၁၉ | ၁၁ : ၁၀ | ၁၁ : ၄၀ | ၁၂ : ၅၈ | ၁၃ : ၃၀ | ၁၃ : ၄၆ | ၁၄ : ၁၉ | ၁၇ : ၃၄ | ၁၈ : ၀၈ |
| ၂၁ | ၀၇ : ၀၈ | ၀၇ : ၃၉ | ၀၈ : ၄၅ | ၀၉ : ၁၅ | ၁၁ : ၀၆ | ၁၁ : ၃၆ | ၁၂ : ၅၄ | ၁၃ : ၂၆ | ၁၃ : ၄၂ | ၁၄ : ၁၅ | ၁၇ : ၃၀ | ၁၈ : ၀၄ |
| ၂၂ | ၀၇ : ၀၄ | ၀၇ : ၃၅ | ၀၈ : ၄၁ | ၀၉ : ၁၁ | ၁၁ : ၀၂ | ၁၁ : ၃၂ | ၁၂ : ၅၀ | ၁၃ : ၂၃ | ၁၃ : ၃၈ | ၁၄ : ၁၁ | ၁၇ : ၂၆ | ၁၈ : ၀၀ |
| ၂၃ | ၀၇ : ၀၀ | ၀၇ : ၃၁ | ၀၈ : ၃၇ | ၀၉ : ၀၇ | ၁၀ : ၅၈ | ၁၁ : ၂၈ | ၁၂ : ၄၆ | ၁၃ : ၁၉ | ၁၃ : ၃၄ | ၁၄ : ၀၇ | ၁၇ : ၂၂ | ၁၇ : ၅၆ |
| ၂၄ | ၀၆ : ၅၆ | ၀၇ : ၂၇ | ၀၈ : ၃၃ | ၀၉ : ၀၃ | ၁၀ : ၅၄ | ၁၁ : ၂၄ | ၁၂ : ၄၃ | ၁၃ : ၁၅ | ၁၃ : ၃၀ | ၁၄ : ၀၃ | ၁၇ : ၁၈ | ၁၇ : ၅၂ |
| ၂၅ | ၀၆ : ၅၂ | ၀၇ : ၂၄ | ၀၈ : ၂၉ | ၀၈ : ၅၉ | ၁၀ : ၅၀ | ၁၁ : ၂၀ | ၁၂ : ၃၉ | ၁၃ : ၁၁ | ၁၃ : ၂၆ | ၁၄ : ၀၀ | ၁၇ : ၁၄ | ၁၇ : ၄၈ |
| ၂၆ | ၀၆ : ၄၈ | ၀၇ : ၂၀ | ၀၈ : ၂၅ | ၀၈ : ၅၅ | ၁၀ : ၄၇ | ၁၁ : ၁၆ | ၁၂ : ၃၅ | ၁၃ : ၀၇ | ၁၃ : ၂၂ | ၁၃ : ၅၆ | ၁၇ : ၁၀ | ၁၇ : ၄၄ |
| ၂၇ | ၀၆ : ၄၄ | ၀၇ : ၁၆ | ၀၈ : ၂၂ | ၀၈ : ၅၁ | ၁၀ : ၄၃ | ၁၁ : ၁၂ | ၁၂ : ၃၁ | ၁၃ : ၀၃ | ၁၃ : ၁၈ | ၁၃ : ၅၂ | ၁၇ : ၀၆ | ၁၇ : ၄၀ |
| ၂၈ | ၀၆ : ၄၀ | ၀၇ : ၁၂ | ၀၈ : ၁၈ | ၀၈ : ၄၇ | ၁၀ : ၃၉ | ၁၁ : ၀၉ | ၁၂ : ၂၇ | ၁၂ : ၅၉ | ၁၃ : ၁၄ | ၁၃ : ၄၈ | ၁၇ : ၀၂ | ၁၇ : ၃၆ |
| ၂၉ | ၀၆ : ၃၆ | ၀၇ : ၀၈ | ၀၈ : ၁၄ | ၀၈ : ၄၃ | ၁၀ : ၃၅ | ၁၁ : ၀၅ | ၁၂ : ၂၃ | ၁၂ : ၅၅ | ၁၃ : ၁၁ | ၁၃ : ၄၄ | ၁၆ : ၅၈ | ၁၇ : ၃၂ |
| ၃၀ | ၀၆ : ၃၂ | ၀၇ : ၀၄ | ၀၈ : ၁၀ | ၀၈ : ၄၀ | ၁၀ : ၃၁ | ၁၁ : ၀၁ | ၁၂ : ၁၉ | ၁၂ : ၅၁ | ၁၃ : ၀၇ | ၁၃ : ၄၀ | ၁၆ : ၅၅ | ၁၇ : ၂၈ |



www.burmeseclassic.com

www.burmeseclassic.com

| | တုလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၂၀ : ၀၈ | ၂၀ : ၄၀ | ၂၁ : ၁၇ | ၂၁ : ၄၈ | ၀၀ : ၄၀ | ၀၁ : ၁၀ | ၀၀ : ၄၃ | ၀၁ : ၁၃ | ၀၃ : ၁၃ | ၀၃ : ၄၇ | ၀၆ : ၁၇ | ၀၆ : ၅၁ |
| ၂ | ၂၀ : ၀၄ | ၂၀ : ၃၆ | ၂၁ : ၁၃ | ၂၁ : ၄၄ | ၀၀ : ၃၆ | ၀၁ : ၀၆ | ၀၀ : ၃၉ | ၀၁ : ၀၉ | ၀၃ : ၀၉ | ၀၃ : ၄၃ | ၀၆ : ၁၃ | ၀၆ : ၄၇ |
| ၃ | ၂၀ : ၀၀ | ၂၀ : ၃၂ | ၂၁ : ၀၉ | ၂၁ : ၄၀ | ၀၀ : ၃၂ | ၀၁ : ၀၂ | ၀၀ : ၃၅ | ၀၁ : ၀၅ | ၀၃ : ၀၅ | ၀၃ : ၃၉ | ၀၆ : ၀၉ | ၀၆ : ၄၃ |
| ၄ | ၁၉ : ၅၆ | ၂၀ : ၂၈ | ၂၁ : ၀၅ | ၂၁ : ၃၆ | ၀၀ : ၂၈ | ၀၀ : ၅၈ | ၀၀ : ၃၁ | ၀၁ : ၀၁ | ၀၃ : ၀၁ | ၀၃ : ၃၅ | ၀၆ : ၀၅ | ၀၆ : ၃၉ |
| ၅ | ၁၉ : ၅၂ | ၂၀ : ၂၄ | ၂၁ : ၀၁ | ၂၁ : ၃၂ | ၀၀ : ၂၄ | ၀၀ : ၅၄ | ၀၀ : ၂၇ | ၀၀ : ၅၇ | ၀၂ : ၅၇ | ၀၃ : ၃၁ | ၀၆ : ၀၁ | ၀၆ : ၃၅ |
| ၆ | ၁၉ : ၄၉ | ၂၀ : ၂၀ | ၂၀ : ၅၈ | ၂၁ : ၂၈ | ၀၀ : ၂၀ | ၀၀ : ၅၀ | ၀၀ : ၂၃ | ၀၀ : ၅၃ | ၀၂ : ၅၄ | ၀၃ : ၂၇ | ၀၅ : ၅၇ | ၀၆ : ၃၁ |
| ၇ | ၁၉ : ၄၅ | ၂၀ : ၁၇ | ၂၀ : ၅၄ | ၂၁ : ၂၄ | ၀၀ : ၁၆ | ၀၀ : ၄၆ | ၀၀ : ၁၉ | ၀၀ : ၄၉ | ၀၂ : ၅၀ | ၀၃ : ၂၃ | ၀၅ : ၅၃ | ၀၆ : ၂၇ |
| ၈ | ၁၉ : ၄၁ | ၂၀ : ၁၃ | ၂၀ : ၅၀ | ၂၁ : ၂၀ | ၀၀ : ၁၂ | ၀၀ : ၄၂ | ၀၀ : ၁၅ | ၀၀ : ၄၆ | ၀၂ : ၄၆ | ၀၃ : ၁၉ | ၀၅ : ၄၉ | ၀၆ : ၂၃ |
| ၉ | ၁၉ : ၃၇ | ၂၀ : ၀၉ | ၂၀ : ၄၆ | ၂၁ : ၁၆ | ၀၀ : ၀၈ | ၀၀ : ၃၈ | ၀၀ : ၁၂ | ၀၀ : ၄၂ | ၀၂ : ၄၂ | ၀၃ : ၁၅ | ၀၅ : ၄၅ | ၀၆ : ၁၉ |
| ၁၀ | ၁၉ : ၃၃ | ၂၀ : ၀၅ | ၂၀ : ၄၂ | ၂၁ : ၁၂ | ၀၀ : ၀၀ | ၀၀ : ၃၄ | ၀၀ : ၀၈ | ၀၀ : ၃၈ | ၀၂ : ၃၈ | ၀၃ : ၁၁ | ၀၅ : ၄၁ | ၀၆ : ၁၆ |
| ၁၁ | ၁၉ : ၂၉ | ၂၀ : ၀၁ | ၂၀ : ၃၈ | ၂၁ : ၀၈ | ၂၃ : ၅၆ | ၀၀ : ၃၀ | ၀၀ : ၀၀ | ၀၀ : ၃၄ | ၀၂ : ၃၄ | ၀၃ : ၀၇ | ၀၅ : ၃၇ | ၀၆ : ၁၂ |
| ၁၂ | ၁၉ : ၂၅ | ၁၉ : ၅၇ | ၂၀ : ၃၄ | ၂၁ : ၀၄ | ၂၃ : ၅၂ | ၀၀ : ၂၆ | ၂၃ : ၅၆ | ၀၀ : ၃၀ | ၀၂ : ၃၀ | ၀၃ : ၀၃ | ၀၅ : ၃၃ | ၀၆ : ၀၈ |
| ၁၃ | ၁၉ : ၂၀ | ၁၉ : ၅၃ | ၂၀ : ၃၀ | ၂၁ : ၀၀ | ၂၃ : ၄၉ | ၀၀ : ၂၃ | ၂၃ : ၅၂ | ၀၀ : ၂၆ | ၀၂ : ၂၆ | ၀၂ : ၅၉ | ၀၅ : ၂၉ | ၀၆ : ၀၄ |
| ၁၄ | ၁၉ : ၁၇ | ၁၉ : ၄၉ | ၂၀ : ၂၆ | ၂၀ : ၅၇ | ၂၃ : ၄၅ | ၀၀ : ၁၉ | ၂၃ : ၄၈ | ၀၀ : ၂၂ | ၀၂ : ၂၂ | ၀၂ : ၅၆ | ၀၅ : ၂၆ | ၀၆ : ၀၀ |
| ၁၅ | ၁၉ : ၁၃ | ၁၉ : ၄၅ | ၂၀ : ၂၂ | ၂၀ : ၅၃ | ၂၃ : ၄၁ | ၀၀ : ၁၅ | ၂၃ : ၄၄ | ၀၀ : ၁၈ | ၀၂ : ၁၈ | ၀၂ : ၅၂ | ၀၅ : ၂၂ | ၀၅ : ၅၆ |
| ၁၆ | ၁၉ : ၀၉ | ၁၉ : ၄၁ | ၂၀ : ၁၈ | ၂၀ : ၄၉ | ၂၃ : ၃၇ | ၀၀ : ၁၁ | ၂၃ : ၄၀ | ၀၀ : ၁၄ | ၀၂ : ၁၄ | ၀၂ : ၄၈ | ၀၅ : ၁၈ | ၀၅ : ၅၂ |
| ၁၇ | ၁၉ : ၀၅ | ၁၉ : ၃၇ | ၂၀ : ၁၄ | ၂၀ : ၄၅ | ၂၃ : ၃၃ | ၀၀ : ၀၇ | ၂၃ : ၃၆ | ၀၀ : ၁၀ | ၀၂ : ၁၀ | ၀၂ : ၄၄ | ၀၅ : ၁၄ | ၀၅ : ၄၈ |
| ၁၈ | ၁၉ : ၀၁ | ၁၉ : ၃၃ | ၂၀ : ၁၀ | ၂၀ : ၄၁ | ၂၃ : ၂၉ | ၂၃ : ၅၉ | ၂၃ : ၃၂ | ၀၀ : ၀၆ | ၀၂ : ၀၆ | ၀၂ : ၄၀ | ၀၅ : ၁၀ | ၀၅ : ၄၄ |
| ၁၉ | ၁၈ : ၅၇ | ၁၉ : ၂၉ | ၂၀ : ၀၆ | ၂၀ : ၃၇ | ၂၃ : ၂၅ | ၂၃ : ၅၅ | ၂၃ : ၂၈ | ၂၃ : ၅၈ | ၀၂ : ၀၂ | ၀၂ : ၃၆ | ၀၅ : ၀၆ | ၀၅ : ၄၀ |
| ၂၀ | ၁၈ : ၅၃ | ၁၉ : ၂၆ | ၂၀ : ၀၃ | ၂၀ : ၃၃ | ၂၃ : ၂၁ | ၂၃ : ၅၁ | ၂၃ : ၂၄ | ၂၃ : ၅၄ | ၀၁ : ၅၈ | ၀၂ : ၃၂ | ၀၅ : ၀၂ | ၀၅ : ၃၆ |
| ၂၁ | ၁၈ : ၅၀ | ၁၉ : ၂၂ | ၁၉ : ၅၉ | ၂၀ : ၂၉ | ၂၃ : ၁၇ | ၂၃ : ၄၇ | ၂၃ : ၂၀ | ၂၃ : ၅၀ | ၀၁ : ၅၅ | ၀၂ : ၂၈ | ၀၄ : ၅၈ | ၀၅ : ၃၂ |
| ၂၂ | ၁၈ : ၄၆ | ၁၉ : ၁၈ | ၁၉ : ၅၅ | ၂၀ : ၂၅ | ၂၃ : ၁၃ | ၂၃ : ၄၃ | ၂၃ : ၁၆ | ၂၃ : ၄၇ | ၀၁ : ၅၁ | ၀၂ : ၂၄ | ၀၄ : ၅၄ | ၀၅ : ၂၈ |
| ၂၃ | ၁၈ : ၄၂ | ၁၉ : ၁၄ | ၁၉ : ၅၁ | ၂၀ : ၂၁ | ၂၃ : ၀၉ | ၂၃ : ၃၉ | ၂၃ : ၁၃ | ၂၃ : ၄၃ | ၀၁ : ၄၇ | ၀၂ : ၂၀ | ၀၄ : ၅၀ | ၀၅ : ၂၄ |
| ၂၄ | ၁၈ : ၃၈ | ၁၉ : ၁၀ | ၁၉ : ၄၇ | ၂၀ : ၁၇ | ၂၃ : ၀၅ | ၂၃ : ၃၅ | ၂၃ : ၀၉ | ၂၃ : ၃၉ | ၀၁ : ၄၃ | ၀၂ : ၁၆ | ၀၄ : ၄၆ | ၀၅ : ၂၀ |
| ၂၅ | ၁၈ : ၃၄ | ၁၉ : ၀၆ | ၁၉ : ၄၃ | ၂၀ : ၁၃ | ၂၃ : ၀၁ | ၂၃ : ၃၁ | ၂၃ : ၀၅ | ၂၃ : ၃၅ | ၀၁ : ၃၉ | ၀၂ : ၁၂ | ၀၄ : ၄၂ | ၀၅ : ၁၇ |
| ၂၆ | ၁၈ : ၃၀ | ၁၉ : ၀၂ | ၁၉ : ၃၉ | ၂၀ : ၀၉ | ၂၂ : ၅၇ | ၂၃ : ၂၇ | ၂၃ : ၀၁ | ၂၃ : ၃၁ | ၀၁ : ၃၅ | ၀၂ : ၀၈ | ၀၄ : ၃၈ | ၀၅ : ၁၃ |
| ၂၇ | ၁၈ : ၂၆ | ၁၈ : ၅၈ | ၁၉ : ၃၅ | ၂၀ : ၀၅ | ၂၂ : ၅၄ | ၂၃ : ၂၄ | ၂၂ : ၅၇ | ၂၃ : ၂၇ | ၀၁ : ၃၁ | ၀၂ : ၀၄ | ၀၄ : ၃၄ | ၀၅ : ၀၉ |
| ၂၈ | ၁၈ : ၂၂ | ၁၈ : ၅၄ | ၁၉ : ၃၁ | ၂၀ : ၀၂ | ၂၂ : ၅၀ | ၂၃ : ၂၀ | ၂၂ : ၅၃ | ၂၃ : ၂၃ | ၀၁ : ၂၇ | ၀၂ : ၀၀ | ၀၄ : ၃၀ | ၀၅ : ၀၅ |
| ၂၉ | ၁၈ : ၁၈ | ၁၈ : ၅၀ | ၁၉ : ၂၇ | ၁၉ : ၅၈ | ၂၂ : ၄၆ | ၂၃ : ၁၆ | ၂၂ : ၄၉ | ၂၃ : ၁၉ | ၀၁ : ၂၃ | ၀၁ : ၅၇ | ၀၄ : ၂၇ | ၀၅ : ၀၁ |
| ၃၀ | ၁၈ : ၁၄ | ၁၈ : ၄၆ | ၁၉ : ၂၃ | ၁၉ : ၅၄ | ၂၂ : ၄၂ | ၂၃ : ၁၂ | ၂၂ : ၄၅ | ၂၃ : ၁၅ | ၀၁ : ၁၉ | ၀၁ : ၅၃ | ၀၄ : ၂၃ | ၀၄ : [illegible] |



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

နွေရောက်ပြန်ပြီ။

အိမ်ရှေ့ရှိ သစ်ပင်မှ ရွက်ဝါတွေက နွေဦး လေပွေရိုင်းတို့ ဝှေ့ယမ်းတိုက်ခတ်လိုက်တိုင်း တဖြုတ်ဖြုတ်ကြွေကျနေပြီ။ ရိုးတံကျဲကျဲ သစ်ပင်လေးက သံဝေဂ တေးတစ်ပုဒ်ကို ဆိုညည်းပြနေသယောင် ထင်ရသည်။ အင်းလျားဘက်ကို ရောက်သွားစဉ် ဥဩတွန်သံကို ခပ်မြိုင်မြိုင် ကြားခဲ့ရသည်။ ဝန်းကျင်တွင် မြူတွေ ဆိုင်းလာသည်။ သင်္ကြန်တေးသံလေးတွေက ဟိုမှသည်မှ လှုပ်ခတ် နိုးထလာကြလေပြီ။ မကြာမီ သင်္ကြန်ရောင်စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်လာဦးတော့မည်။

“ဟော့လူ…ကိုသက်နှင်းဆွေ၊ သင်္ကြန်အမီ ဆောင်းပါး ... ဘာလေး ရေးတော့လေဗျာ။ ခင်ဗျားကို စာမူတောင်း ရပဲ့ဘာကလည်း တကယ့်ကို အကြွေးတောင်းရသလိုပါပဲ”

ကျွန်တော့်သူငယ်ချင်း မောင်ညိုအေး(ပန်းတော)က သင်္ကြန်အမီ စာမူတစ်ပုဒ်တောင်းနေတာ ဘယ်နှကြိမ်ရှိပြီပင် မသိ။ သူက ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းအတွက် ထောင့်

# နှစ်သစ်မှာ ကျန်းမာချမ်းသာစေရန်

သက်နှင်းဆွေ(ပုပ္ပား)



www.burmeseclassic.com

www.burmeseclassic.com

စုံ၊ ကဗျာစုံမှ လစ်လပ်မှုမရှိအောင် စီစဉ်နေတတ်သည်။ ကျွန်တော်ကမူ စိတ်လိုလက်ရရှိသည့်အခါမျိုးမှ စာရေးချင်တတ်သူ။

"ဟုတ်တယ် ကိုသက်နှင်းဆွေရေ၊ ကျွန်တော့်နေလဂျာနယ်အတွက်လည်း သင်္ကြန်ဆောင်းပါးတစ်ပုဒ်ရေးတော့ဗျာ။ ခင်ဗျားစာမူကို စောင့်ရတာက တစ်မျိုး၊ ဂျာနယ်နှစ်စောင်နဲ့ အလုပ်များတာက တစ်မျိုး၊ မောပါ့ဗျာ"

ကိုနွယ်ဦးလှိုင်ကလည်း စာမူကိစ္စကို နားပူနားဆာလုပ်နေသည်။ ကိုနွယ်ဦးလှိုင်က နေလဂျာနယ်သာမက ရီပိုတာဂျာနယ်ကိုပါ တွဲပြီးလုပ်နေသဖြင့် အလုပ်တွေနှင့် လုံးချာလည်နေတတ်သည်။ အမှန်တော့ ကိုညီအေးကလည်း ဂမ္ဘီရဆန်းကြယ်နှင့် နရသိန်မဂ္ဂဇင်းကြီးနှစ်စောင်ကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ထွက်နိုင်အောင် စီစဉ်ရင်း အလုပ်များနေတတ်မြဲပင်ဖြစ်သည်။

ကျွန်တော်ကမူ စိတ်ပါမှ ဆောင်းပါးလေးတွေ ကောက်ရေးလိုက်၊ ကဗျာလေးတွေ ကောက်ရေးလိုက်နှင့် အေးအေးလူလူနေဖြစ်ခဲ့တာ ကြာပြီ။ ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်က တစ်ပတ်လျှင် နှစ်ကြိမ်သုံးကြိမ်လောက်တော့ ဆုံပြီး လက်ဖက်ရည်အတူသောက်ဖြစ်ကြသည်။ တစ်ခါတစ်ခါတော့ သူတို့နှစ်ယောက် ရုံးဆင်းချိန် ညနေ ၅နာရီနောက်ပိုင်းတွင် ဆူးလေဘုရားအနီးမှ ညနေပိုင်း ဖွင့်သည့်အကြော်ဆိုင်လေးတွေမှာ ထိုင်ပြီး အကြော်စားရင်း စကားပြောဖြစ်တတ်ကြသည်။

ထိုနေ့ညနေက ကျွန်တော်တို့သုံးယောက် အကြော်စားရင်း စကားပြောဖြစ်ခဲ့ကြသည်။

"ပြော…ပြော…ဟေ့လူ။ စာမူ ဘယ်နေ့ပေးမှာလဲ၊ ဘာအကြောင်းရေးမှာလဲ၊ ပြော"

"ဒီရက်ထဲ ပေးမှာပေါ့ဗျာ။ သင်္ကြန်ဆိုတော့ ခေါင်းဆေးမင်္ဂလာအကြောင်းကိုပဲ ရေးပေးရမှာပေါ့၊ နှစ်ဆန်းတစ်ရက်နေ့မှာ ခုနှစ်ရက်သားသမီးတွေ သူ့အချိန်နဲ့ သူ ခေါင်းဆေးမင်္ဂလာပြုနိုင်အောင် ရေးပေးမယ်ဗျာ"

ကျွန်တော်က ထိုသို့ ယထာ သေချာစွာ ပြောလိုက်တော့မှ ကိုညီအေးက ပြုံးဖြီးဖြီးနှင့် ကျေနပ်သွားလေသည်။

"ဒါဆို…နေလဂျာနယ်အတွက်ကရောဗျာ"

ကိုနွယ်ဦးလှိုင်ကလည်း အပူတပြင်း တောင်းနေပြန်သည်။

"ရေးမှာပါ ဆရာနွယ်ရယ်။ နေလအတွက်က ဂမ္ဘီရမှန်လုံးရေပေါ်ဆိုပြီး ရေးပေးမယ်"

သူငယ်ချင်းနှစ်ယောက်က ထိုအခါမှ ကျေနပ်သွားကြလေတော့သည်။

(၂)

နေလဂျာနယ်မှာရော၊ ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းမှာပါ နှစ်စဉ်သင်္ကြန်ဆောင်းပါးလေးတွေ ကျွန်တော်ရေးပေးဖြစ်ခဲ့သည်။ ကျွန်တော့်ဆောင်းပါးလေးတွေကို တကူးတကစောင့်ဖတ်ပြီး လိုက်နာကျင့်သုံးနေကြသည့် စာဖတ်ပရိသတ်တွေလည်း များစွာရှိနေသည်။ တချို့ကတော့ သင်္ကြန်ရက်နီးလာတာနှင့်ပင် ကျွန်တော့်ထံ ဖုန်းဆက်ပြီး အချိန်မီဆောင်းပါးရေးဖို့ တောင်းဆိုတာမျိုးတွေလည်း ရှိသည်။

အမှန်တော့ စာဖတ် ပရိသတ်အတွက်သာမက၊ ကျွန်တော်ကိုယ်တိုင်လည်း သင်္ကြန်ကာလ နှစ်သစ်အချိန်တွင် လောကီမှုနှင့်ဆိုင်သော ကျင့်စဉ်အချို့ကို ကျင့်သုံးဖို့ ပြင်ဆင်ရတတ်မြဲဖြစ်သည်။ ကျွန်တော်သည် လောကီပညာတို့ကို ထိုသို့ ကိုယ်တိုင်သုံးစွဲနိုင်ဖို့အတွက် လေ့လာသင်ယူထားခဲ့ခြင်းဖြစ်သည်။ ကိုယ်တိုင်သုံးစွဲဖြစ်သည့် ကျင့်စဉ်တို့ကိုသာ စာဖတ်ပရိသတ်အတွက် ဆောင်းပါးတွေ ပြန်ရေးပေးဖြစ်ခဲ့ခြင်းသာဖြစ်သည်။

အထူးသဖြင့် သင်္ကြန်ကာလတွင် ခေါင်းဆေးမင်္ဂလာဆောင်ရွက်ခြင်းကို ကျွန်တော်ကိုယ်တိုင် နှစ်စဉ် တကူးတကဆောင်ရွက်ဖြစ်ခဲ့တာ နှစ်တွေ များစွာကြာခဲ့လေပြီ။

အမှန်တော့ ခေါင်းဆေးမင်္ဂလာသည် သင်္ကြန်တွင်းမှသာ ဆောင်ရွက်သင့်သည် မဟုတ်။ တစ်နှစ်တာပတ်လုံး အလျဉ်းသင့်သလို ဆောင်ရွက်သင့်သည့် ကုသိုလ်ကံမြင့်ကျင့်စဉ်တစ်ခုပင်ဖြစ်သည်။

"ခေါင်းဆေးမင်္ဂလာကိစ္စကို ဆရာက တော်တော်အလေးအနက်ထားတာပဲနော်"

ကျွန်တော် စာရေးနေသည့်ဘေးနားတွင် ထိုင်စောင့်နေသည့် ကျွန်တော့်တပည့် စိုင်းငွေလင်းဦးက မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော်က တစ်ခါတရံ "မွန်းဘက်ကရီ"လိုဆိုင်မျိုးတွေမှာ ကော်ဖီသောက်ရင်း အေးအေးလူလူ စာရေးဖြစ်တာတွေ ရှိသည်။ စိုင်းငွေလင်းဦးက ဘဏ်ကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် အရာရှိငယ်လေးတစ်ဦးဖြစ်သည်။ လောကီပညာတွေကို စိတ်ဝင်စားမှု သိပ်မရှိ။ သို့သော် ကျွန်တော့်အပေါ် ပုဂ္ဂိုလ်ရေးအရ လေးစားမှု၊ ခင်မင်မှုတို့ဖြင့် အချို့ ရုံးပိတ်ရက်တွေမှာ ကျွန်တော် စာရေးနေသည့်နေရာသို့ ရောက်လာပြီး စာဖတ်ရင်း အဖော်ပြုပေးနေတတ်လေသည်။

"ဟုတ်တယ်ကွာ။ ဆရာ လက်စွဲထားတဲ့ ပညာခန်းထဲမှာ ခေါင်းဆေးမင်္ဂလာကိစ္စက ထိပ်ဆုံးမှာ ပါတယ်လို့ ဆိုရမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ မင်း မှတ်မိဦးမလား မသိဘူး။ ဆရာတို့ ဟိုပုံးမြို့လေးမှာ နေခဲ့တုန်းက ဆရာ့အိမ်မှာပဲ အဲဒီခေါင်းဆောင်းမင်္ဂလာကို လနဲ့ချီပြီး နေ့စဉ် မပျက်မကွက် လုပ်ကြည့်ခဲ့ဖူးတယ်။ ထူးလည်း ထူးခဲ့ပါတယ်။ အဲဒီအထောက်အပံ့တွေနဲ့ ရန်ကုန်ကို ပြောင်းလာပြီး စာပေနယ်ထဲ ပြန်ဝင်လာနိုင်ခဲ့တယ်လို့ ဆရာယုံကြည်ထားတာလေ"

တာ့မွေအဝိုင်းထိပ်ရှိ မွန်းဘက်ကရီဆိုင်၏ အပေါ်ထပ်တွင် ကျွန်တော်တို့ ထိုင်နေကြခြင်းဖြစ်၏။ ကျွန်တော်တို့ ဝိုင်း၏ရှေ့တွင် မှန်နံရံသာရှိသည်။ ဗညားဒလလမ်းမကြီးပေါ်တွင် ကားတွေက စီတန်းသွားလာနေကြသည်။ မီးပွိုင့်မိနေချိန်တွင် ရပ်ထားသည့် ကားတန်းကြီးက တမျှော်တခေါ်ဖြစ်နေသည်။

"ကျွန်တော်လည်း ဆရာ့ညွှန်ပြမှုနဲ့ သုံးလေးခါလောက် လုပ်ကြည့်ခဲ့ဖူးတယ် ဆရာ။ ခေါင်းဆောင်းမင်္ဂလာကို ဆောင်ရွက်လိုက်တဲ့အချိန်မှာ ပထမဆုံး လက်တွေ့ ခံစားလိုက်ရတဲ့ အကျိုးကျေးဇူးကတော့ စိတ်ထဲမှာ လတ်ဆတ်ပေါ့ပါးသွားတယ် ဆရာ။ စိတ်ထဲမှာ အရမ်းကြည်လင်သွားတယ်။ ကောင်းကျိုးလည်း ထူးပါတယ် ဆရာ"

ကျွန်တော်က ရေးလက်စ ဆောင်းပါးကို ချထားပြီး ကက်ပချီနို ကော်ဖီခါးခါးကို တစ်ငုံသောက်လိုက်မိသည်။ ပြီးမှ မာဘိုလို စီးကရက်ကို တစ်ဖွာချင်း ဖွာရှိုက်နေမိ၏။ သည်ဆိုင်မှာက စီးကရက်သောက်ခွင့်ရှိနေသည်။ အခန်းက ကျယ်ဝန်းသဖြင့် မီးခိုးမွန်တာမျိုး မရှိ။

"ဟိုးရှေးတုန်းက ဘုရင်ကောရာဇ်တွေ၊ မင်းညီမင်းသားတွေဟာ ဒီခေါင်းဆောင်းမင်္ဂလာကို တမြတ်တနိုး ဆောင်ရွက်ခဲ့ကြတယ်တဲ့။ ဥပမာ- အိမ်ရှေ့မင်းရာထူးနေရာကို ရဖို့ အခွင့်အရေးရှိတဲ့အခါမျိုး၊ ထီးနန်းရာထူးရဖို့ အပြိုင်အဆိုင် အခွင့်အရေးမျိုးဖြစ်တဲ့ အချိန်တွေမှာ ခေါင်းဆောင်းမင်္ဂလာကို ကျကျနန ဆောင်ရွက်ပြီး ကိုယ့်တုန်းကိုယ့်ကံကို မြှင့်တင်ပေးလိုက်တာမျိုးပေါ့ကွာ။ အဲဒီလို အားကိုးအားထားပြုခဲ့ရတဲ့ ပညာခန်းကြီးတစ်ခုပဲ။ သာမန်မဟုတ်ဘူး"

အပြင်တွင် နေရိန်က ပြင်းပြင်းရှရှဖြစ်နေသည်။ လူတွေ၊ ကားတွေက နွေနေရှိန်ထဲမှာ တရွေ့ရွေ့လှုပ်ရှားသွားလာနေကြသည်။

"အထူးသဖြင့်တော့ တို့မြန်မာ့ရိုးရာနှစ်သစ်ကူးအချိန်ဖြစ်တဲ့ သင်္ကြန်ကာလမှာ ခေါင်းဆောင်းမင်္ဂလာကိစ္စကို မြန်မာတိုင်း တထွင့်တမြှတ် ဆောင်ရွက်တဲ့ အစဉ်အလာရှိခဲ့တယ်။ ဒါပေမယ့် ခေါင်းဆောင်းမင်္ဂလာကို စနစ်တကျ ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com

ကြတာကတော့ နည်းပါတယ်။ အများစုကတော့ တရော်ကင်ပွန်းနဲ့ပဲ လျှော်လိုက်ကြတာပဲ များတယ်။ အဲဒီလို တရော်ကင်ပွန်းနဲ့ သမားရိုးကျနည်းအတိုင်း ရိုးရိုးလေး ခေါင်းလျှော်နိုင်တာကိုကလည်း ကောင်းကျိုးဖြစ်စေနိုင်တာပါပဲ။ ဆရာတို့ လောကီပညာမှာ သနချေတယ်ဆိုတာရှိတယ်။ အဓိပ္ပာယ်ကတော့ မကောင်းတဲ့ ဟိတ်တွေ ပျောက်သွားတယ် ဆိုပါတော့"

စိုင်းငွေလင်းဦးက ကျွန်တော့်စကားကို နားစိုက်ထောင်နေရင်း သဘော်သီးဖျော်ရည်ကို တစ်ငုံချင်းသောက်နေတာ တွေ့သည်။ ကျွန်တော်က ကက်ပချီနို ကော်ဖီကို သောက်လိုက်၊ ထိုဆိုင်၏ အခေါ် ဂျက်စမင်တီးဟု ခေါ်သည့် ရေနွေးကြမ်းကို သောက်လိုက်၊ မာဘိုလို စီးကရက်လေးကို ဖွာလိုက်ဖြင့် အပြင်လောက၏ အပူလှိုင်းတွေနှင့် ခွဲ အဆက်ပြတ်နေသည်။ မွန်းဘက်ကရီဆိုင်ထဲတွင် အဲယားကွန်း လေအေးပေးစက်ကို အပြည့်အဝဖွင့်ပေးထားသဖြင့် အေးအေးမြမြရှိနေသည်။

"အဲဒီလို တရော်ကင်ပွန်းနဲ့ ရိုးရိုးရှင်းရှင်း ခေါင်းလျှော်တာ မဟုတ်ဘဲနဲ့ ကိုယ့်မွေးနံအလိုက် အချိန်ကောင်း၊ အခါကောင်းတွေ ရွေးချယ်ပြီး နင်းကြမ်းတွေ၊ ဆောင်ပန်းတွေနဲ့ စနစ်တကျ ခေါင်းဆေးမင်္ဂလာ ဆောင်ရွက်ပေးတာကျတော့ အဲဒီထက်ပိုပြီး ထိရောက်တဲ့ ကောင်းကျိုး အာနိသင်တွေကို ခံစားရတော့တာပေါ့ကွာ။ ဟိုတုန်းကလည်း မင့်ကို ဆရာ မကြာခဏပြောပြဖူးပါတယ်။ ဆရာရေးတဲ့ စာတွေထဲမှာလည်း ထည့်ရေးခဲ့ဖူးတာ ဘယ်နှကြိမ်ရှိပြီလဲ မသိတော့ဘူး"

နွေဦး၏ ညနေခင်းအချိန်ကို ရောက်ပြီ။ အပြင်တွင်ကားတွေ၊ လူတွေ ပိုပြီးစည်ကားနေတာ တွေ့ရသည်။ ကျွန်တော်က ရေးလက်စ ဝတ္ထုတိုလေးကို ဆက်ရေးဖို့ အာရုံဝင်စားနေလိုက်သည်။ သို့သော် စိုင်းငွေလင်းဦးက ပြောလက်စ အကြောင်းအရာမှာ ဆက်ပြောချင်နေသေးဟန်ရှိ၏။

"ဟုတ်···၊ ကျွန်တော် မှတ်မိနေတယ် ဆရာ။ ဟိုတစ်နှစ်တုန်းကလည်း ဆရာပြောပြခဲ့တာလေ။ သင်္ကြန်ကာလမှာ ခေါင်းဆေးမင်္ဂလာကို စနစ်တကျ ဆောင်ရွက်လိုက်နိုင်ရင် လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က အခိုက်အတဲ့တွေကအစ ပြေပျောက်နိုင်စွမ်းတယ် ဆိုတာလေ"

စိုင်းငွေလင်းဦးက ကျွန်တော်ပြောပြခဲ့ဖူးသည့် စကားတွေကို သတိတရ ပြန်ပြောပြနေပြန်၏။

"ရှေးက ဆရာသခင်တွေက အဲဒီလို ဆိုမိန့်ခဲ့တာ အတိအကျရှိတာပဲ။ ပြောရရင်တော့ ကံဇာတာအခိုက်အတဲ့တွေ ပြေပျောက်စေနိုင်စွမ်းသလို၊ ကျန်းမာရေးကောင်းပြီး မျက်နှာပွင့်လန်းတာ၊ ဩဇာအာဏာထွန်းတောက်တာ၊ ရာထူးဂုဏ်ရှိန်တိုးတက်တာ၊ စီးပွားဥစ္စာတိုးတက်တာတွေကို တကယ်အထောက်အပံ့ဖြစ်စေနိုင်ပါတယ်။ ဆရာကတော့ ခေါင်းဆေးမင်္ဂလာကို အလွန်ပဲ ယုံကြည်ပါတယ်။

ကြုံတုန်း တစ်ခုပြောချင်တာက ခေါင်းဆေးမင်္ဂလာလည်း လုပ်သင့်ပါတယ်။ ဥပုသ်သီလဆောက်တည်တာမျိုး၊ ခေါင်းဆေးမင်္ဂလာလိုမျိုး အထူးတလည် မလုပ်နိုင်ရင်တောင် သင်္ကြန်လို အခါကြီး ရက်ကြီးအချိန်မျိုးမှာ သတ္တဝါတွေရဲ့ အသက်ကို သတ်ဖြတ်တာ၊ အရက်သေစာတွေ မူးယစ်သောက်စားတာ၊ မေထုန်မှုတွေ ပျော်ပါးတာ၊ ဒေါသအမျက်တွေနဲ့ ရန်ဖြစ်တာမျိုးတွေကို အထူးရှောင်ကြဉ်ရမယ်လို့ ရှေးလူကြီးသူမတွေက မိန့်ဆိုထားတယ်ကွ။ သစ်ပင်ပန်းပင်တွေကို ခုတ်ဖြတ် ရိုက်ချိုးတဲ့ အလုပ်မျိုးကိုတောင် သင်္ကြန်ကာလမှာ မပြုအပ်ဘူးတဲ့။

အဲဒါကြောင့်လည်း ရှေးမြန်မာကြီးတွေ သင်္ကြန်ကာလမှာ ဥပုသ်သီတင်းတွေ ဆောက်တည်ကြ၊ ဘေးမဲ့လွှတ်ခြင်းဆိုတဲ့ ဇီဝိတကုသိုလ်တွေ ပြုကြ၊ စေတနာအလှူတွေ ပြုပြီး ကောင်းမှုတွေ ဖြည့်ဆည်းကြတာပေါ့။ အခု တို့ခေတ် သင်္ကြန်မှာ ပျော်နေကြတာတော့ တော်တော်လေး လွဲချော်နေတယ် ဆိုရမှာပဲ။ ရှေးမြန်မာကြီးတွေက နှစ်တစ်နှစ်ရဲ့ အစအဦး အကူးအပြောင်းဖြစ်တဲ့ သင်္ကြန်ကာလမှာ မကောင်းမှုအကုသိုလ်တွေကို အထူးရှောင်ကြဉ်ပြီး ကုသိုလ်ရေးအလုပ်တွေကို စွမ်းစွမ်းတမံ ဖြည့်ဆည်းထားလိုက်တာနဲ့ တစ်နှစ်တာလုံးမှာ ကြုံလာနိုင်တဲ့ အခိုက်အတဲ့ ရန်ဘေးတွေ၊ အခက်အခဲတွေက ကင်းလွတ်ပြီး ကောင်းကျိုးသုခတွေ ခံစားရနိုင်တယ်လို့ ယုံကြည်ထားကြတယ်။ နေ့တစ်နေ့ရဲ့ အစအဦးဖြစ်တဲ့ နံနက်စောစောအချိန်မှာ ကုသိုလ်ကောင်းမှုစိတ်လေးနဲ့ ကြည်ကြည်လင်လင် နိုးထနိုင်တာနဲ့ တစ်နေ့လုံး ကံကျက်သရေမင်္ဂလာရှိရှိ အဆင်ပြေပြေ ချောချောမွေ့မွေ့ ဖြတ်သန်းနိုင်သလိုမျိုးပေါ့"


ကျွန်တော်က စကားကို ရှည်လျားစွာ ပြောပြီး စကားလက်စသတ်ကာ ဆက်ရေးဖို့ ပြင်ဆင်လိုက်သည်။ စိုင်းငွေလင်းဦးကလည်း ဖတ်လက်စ စာအုပ်တစ်အုပ်ကို ဆက်ဖတ်ဖို့ ပြင်ဆင်လေသည်။

အပြင်တွင် နွေဦး နေရောင်ခြည်က နွေစွယ်ကျိုးသွားလေပြီ။ အံ့ပူပူ အပူလှိုင်းတို့ လျော့ကျသွားလေပြီ။ ဆိုင်ကြီးထဲမှ တီဗီတွင် သင်္ကြန်တေးသံတို့ တငြိမ့်ငြိမ့် ပျံ့လွင့်လာပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

(၃)

**၁၃-၄-၂၀၁၃ရက် တနင်္ဂနွေနေ့ နံနက် ၄နာရီ ၆မိနစ် ၂၈စက္ကန့်တွင် သင်္ကြန်ကျသည်။ ၁၆-၄-၂၀၁၃ အင်္ဂါနေ့ နံနက် ၇နာရီ ၁၀မိနစ် ၄၄စက္ကန့်တွင် သင်္ကြန် တက်သည်။**

၁၃၇၅ခုနှစ်၏ နှစ်ဆန်းတစ်ရက်ဖြစ်သည့် ၁၇-၄-၂၀၁၃ ဗုဒ္ဓဟူးနေ့တွင် ခေါင်းဆေးမင်္ဂလာ ယတြာကို ခုနစ်ရက်သားသမီးများ မဖြစ်မနေ ဆောင်ရွက်သင့်ပါသည်။ခေါင်းဆေးမင်္ဂလာ၏ ပင်မ ပညာခန်းမှာ အင်္ဂဝိဇ္ဇာပညာရပ်ကြီးကို အခြေခံထားလေသည်။ ကုန်းဘောင်ခေတ်တွင် လွန်စွာကျော်ကြားခဲ့သည့် (မဟာရလောပ-ဘွဲ့ရ) အတုလ ဆရာတော် ခင်ကြီးဖျော်၏ နည်းစနစ် ပညာကောင်းဖြစ်၏။

အင်္ဂဝိဇ္ဇာပညာတွင် "မင်းကုသကို ဆောင်မှ ကောင်းလင့်ရာ"၊ "စေတီယကို ရှောင်မှ ကြောင်းသင့်စွာ"ဟု လည်းကောင်း၊ "အောက်မှာ နင်းကြမ်း၊ ထက်ဆောင်ပန်း၊ တစ်ခန်း ယှဉ်မိုးကြ"ဟူ၍ လည်းကောင်း အခိုင်အခန့် ပြဋ္ဌာန်းထားသည့် ပညာခွင်ကို အခြေခံ၍ ဆောင်ရွက်ရခြင်းလည်း ဖြစ်၏။ လွန်စွာ ထက်မြက်လှသည်။ လွန်စွာ အကျိုးထူးလှသည်။

အခက်အခဲတစ်စုံတစ်ရာ တွေ့နေသူတို့သည် ဤနည်းစနစ်အတိုင်း တိကျစွာ ဆောင်ရွက်ရာ အခက်အခဲများ လွန်မြောက်သွားသည်ကို အံ့သြဖွယ် တွေ့ရလေသည်။

ထို့အပြင် ကံဇာတာညံ့နေသူများအတွက် အခိုက်အတံ့ပြေပျောက်စေရုံသာမက ကံကောင်းနေသူများအတွက်လည်း ပိုပြီး ကံကောင်းစေနိုင်ပါသည်။ အချို့သူများသည် ကံဇာတာအကောင်းနှင့် အဆိုး ဒွန်တွဲနေချိန်မျိုး ကြုံရတတ်၏။ ထိုအချိန်မျိုးတွင် ရရှိမည့်အခွင့်အရေးကောင်းကိုးစီးပွားတို့ ဖင့်နှေးနေတတ်၏။ ထိုအချိန်မျိုးကို "ဇာတာမသန့်"ဟု ပညာရှင်တို့က ဆိုကြလေသည်။ ထိုသို့ ဇာတာမသန့်ချိန်တွင် ခေါင်းဆေးမင်္ဂလာ ယတြာကို ထိမိစွာ ဆောင်ရွက်လိုက်သည်နှင့် အခွင့်အလမ်းတို့ သိသာစွာ ပွင့်လန်းသွားတတ်ပါသည်။

ရာထူးတက်ရန် အကြောင်းရှိပါလျက်နှင့် ဖင့်နှေးနေခြင်း၊ ပြဿနာအမှုအခင်းတစ်စုံတစ်ရာ ကြုံနေခြင်း၊ ရန်အတိုက်အခံတွေ များစွာရှိနေခြင်း၊ အပြိုင်အဆိုင်တွေ များနေခြင်း၊ အကြီးအကျယ် လာဘ်ပိတ်နေခြင်း၊ နိုင်ငံခြားခရီးသွားရန် အခက်အခဲရှိနေခြင်း၊ အခက်အခဲ ဒုက္ခ သုက္ခတွေ တစ်ခုပြီးတစ်ခု ကြုံနေရခြင်းတို့တွင် ခေါင်းဆေးမင်္ဂလာ ယတြာကို မဖြစ်မနေ လုပ်သင့်ပါသည်။ ထူးခြားစွာ ကံဇာတာ ပွင့်လန်းလာသည်တို့ကို ခံစားရပါမည်။

(၄)

**"ခေါင်းဆေးမင်္ဂလာဆောင်ရွက်ရန် အစီအစဉ်အသေးစိတ်"**

(၁) ခေါင်းဆေးမင်္ဂလာအတွက် တရော်ကင်ပွန်းနှင့် ပြုလုပ်ထားသည့် ခေါင်းလျှော်ရည်စစ်စစ် လိုအပ်ပါသည်။ ဆပ်ပြာ၊ ရှန်ပူတို့ကို မသုံးရပါ။

(၂) မိမိ၏ မွေးနံအလိုက် ဆောင်ပန်းအဖြစ် ဆောင်ရန် အညွန့်အရွက်တို့နှင့် နင်းကြမ်းအဖြစ် နင်းရန် အညွန့်အခက်တို့ကို လိုအပ်ပါသည်။

(၃) ခေါင်းလျှော်သည့် နေရာမှာလည်း အိမ်ရှေ့ အိမ်ခေါင်းရင်းဘက် စသည့် သန့်ပြန့်သော နေရာဖြစ်ရပါမည်။ တိုက်ခန်းနှင့် နေသူများမှာ တိုက်ခန်း ဝရံတာမှာ ဖြစ်စေ၊ ညေ့ခန်းမှာ ဖြစ်စေ သင့်သလို ခေါင်းဆေးပါ။

(၄) ခေါင်းလျှော်ရန် တရော်ကင်ပွန်း ခေါင်းလျှော်ရည်နှင့် အညွန့်အရွက်တို့ အဆင်သင့်ဖြစ်အောင် စီစဉ်ထားပါ။ အားလုံးအဆင်သင့်ဖြစ်လျှင် ခေါင်းလျှော်မည့် နေရာတွင် စားပွဲခုံကဲ့သို့ ခုံတစ်လုံး အဆင်သင့် ပြင်ထားပါ။ ၎င်းခုံပေါ်တွင် ဆောင်ပန်းအညွန့်အရွက်တို့ကို (အရေအတွက် အတိအကျ) ပန်းကန်ပြား (သို့မဟုတ်) လင်ပန်းတစ်ချပ်ဖြင့် ထည့်ပြီးခုံပေါ်မှာ တင်ထားပါ။ ခေါင်းလျှော်ရည်ဖလားကိုလည်း ခုံပေါ်မှာ တင်ထားပါ။ (ဆောင်ပန်းအညွန့်တွေကို မြေပေါ်မှာ မချရပါ။) ထို့အပြင် ၎င်းခုံအနီးတွင် ရေသန့်သန့်တစ်ပုံးကို လည်း အဆင်သင့်ထားပါ။

(၅) နင်းကြမ်းအညွန့်အရွက်တွေကို မြေပြင်ပေါ်မှာ၊ (သို့မဟုတ်) ကြမ်းပြင်ပေါ်မှာ ချထားပါ။ ခုံပေါ်ကို မတင်ရပါ။ ၎င်းအညွန့်အခက်တွေကို မိမိမွေးနေ့အရ မျက်နှာမူရမည့် အရပ်သို့ အဖျားလှည့်ပြီး စနစ်တကျ ချထားပါ။ ဘယ်ခြေဖြင့် နင်းရမည့် အရွက်၊ ညာခြေဖြင့် နင်းရမည့် အရွက်ဟူ၍



www.burmeseclassic.com

www.burmeseclassic.com

စနစ်တကျချွဲပြီး ချထားပါ။

(၆) အားလုံး အဆင်သင့်ပြင်ထားပါ။ မိမိခေါင်းလျှော်ရမည့်အချိန်သို့ ကျရောက်ပါက နင်းရမည့်အရွက်တွေပေါ်မှာ ဘယ်-ညာ မှန်စွာနင်းပြီး (ငုတ်တုတ်)ထိုင်ပါ။ မျက်နှာမူရမည့် အရပ်အတိအကျဖြင့် ထိုင်ပါ။ ပြီးလျှင် "သမ္ဗုဒ္ဓေဂါထာတော်" ကို နှုတ်မှရွတ်ဆိုပြီး တရော်ကင်းပွန်းဖြင့် စတင်ခေါင်းလျှော်ပါ။ ခေါင်းလျှော်ရည်တွေ မြေပေါ်မှာ ကျသွားပါမည်။ ကျကျနနလျှော်ပါ။ သမ္ဗုဒ္ဓေဂါထာတော်ကိုလည်း တတွတ်တွတ် ရွတ်ပွားနေပါ။ ခေါင်းတွင် ကြေးညှော်ကင်းစင်ပြီဆိုက ရေသန့်သန့်ဖြင့် ထပ်လောင်းချပြီး ဆေးပါ။ ခေါင်းလျှော်နေရင်း ခြေမကြွစေရပါ။ ငုတ်တုတ်ထိုင်ပြီး လျှော်နေရမည်။

(၇) ရေသန့်သန့်နှင့် ဆေးချ လောင်းချပြီး သန့်စင်သွားပြီဆိုက လင်ပန်းကို ယူပြီး ခေါင်းမှ ရေတွေကို လင်ပန်းထဲရှိ ဆောင်ပန်း အညွန့်တွေပေါ်သို့ ညှစ်ချပါ။ ခေါင်းတွင် သန့်စင်သွားပြီဆိုမှ ထိုင်ရာမှထပြီး မျက်နှာမူရာ အရပ်ခပ်လှမ်းလှမ်းသို့ တည့်တည့်သွားပါ။ လင်ပန်းကို ကိုင်ပြီးသွားပါ။ ခပ်လှမ်းလှမ်း သင့်တင့်သော နေရာတွင် လင်ပန်းထဲမှ ဆောင်ပန်း အညွန့်တွေကို မြေပြင်ပေါ်သို့ သွန်ချလိုက်ပါ။ ပုံလိုက်ပါ။ (တိုက်ခန်းပေါ်မှာ ဆောင်ရွက်သူများ ကြမ်းပြင်ပေါ်မှာ ပုံပါ) ထိုသို့ သွန်ချလိုက်စဉ် "ဘေးရန်ကင်းဖို့၊ စီးပွားတက်ဖို့၊ ရာထူးတက်ဖို့၊ အောင်မြင်ဖို့" လို့ရာကို ဆုဆောင်းပါ။ လေးနက်စွာ ဆုတောင်းပါ။

(၈) ပြီးလျှင် နင်းထားသော အရွက်တွေကို တခြားတစ်ယောက်က ယူပြီး မိမိမွေးနံအလိုက် စွန့်ရမည့်အရပ်တွင် သွားပြီး စွန့်ပစ်ပါ။ နင်းထားတာတွေကို ကိုယ်တိုင်လက်ဖြင့် မယူရ၊ မထိမကိုင်ရ။ ကိုယ့်ထက် ကြီးသူကိုလည်း မကိုင်စေရ၊ ကိုယ့်ထက် ငယ်သူကိုသာ ခိုင်းရမည်။ အကယ်၍ ခိုင်းရန် လူမရှိပါက ကိုယ်တိုင် လက်ဖြင့် မထိဘဲ မီးညှပ် စသည့် အရာတစ်ခုခုဖြင့် ကိုင်ပြီးယူကာ စွန့်ပစ်ရမည်။

(၉) ပြီးက ရေချိုးပါ။ ခေါင်းကို ရေထပ်လောင်းဖို့ မလိုတော့ပါ။ ရေချိုးပြီးက အဝတ်သစ်တို့ သန့်ပြန့်စွာ ဝတ်စားဆင်ယင်ပြီးလျှင် ဘုရားကျောင်းဆောင်တွင် ပန်းရေချမ်းတို့ ကပ်လှူခြင်းပြုကာ မိမိမွေးနံအရ အလင်းတိုင်တို့ကို တိကျစွာ ထွန်းညှိပူဇော်ပါ။ အမွှေးတိုင်ကိုလည်း ထွန်းညှိ ပူဇော်နိုင်၏။ အလင်းတိုင်ကိုမူ အတိအကျ ပူဇော်ပါ။ ပူဇော်လှူဒါန်းပြီးက ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်ဖြင့် သီလခံယူကာ ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်၊ ဓမ္မစကြာသုတ်တော်၊ ဂါထာတော်များ၊ ဘုရားဂုဏ်တော်များကို စွမ်းနိုင်သလောက် ထိမိစွာ အာရုံပြုလျက် ရွတ်ပွားပူဇော်ပါ။ ၃၁ဘုံသားများနှင့် လောကစောင့်ကြပ် နတ်ပြဟ္မာတွေကို အမျှဝေပါ၊ မေတ္တာပို့ပါ၊ အထူးသဖြင့် ရတနာသုံးပါး၊ မိဘ ဆရာများ၊ ခင်ပွန်းကြီးဆယ်ပါးတို့ကို အထူးလေးနက်စွာ ကန်တော့ပါ။ မေတ္တာပို့ပါ။

## ခေါင်းဆေးရမည့်အချိန်

(၁) တစ်နှစ်တာပတ်လုံး မိမိတို့၏ မွေးနေ့တိုင်း နံနက် ၉နာရီ ၄၅မိနစ်တွင် ခေါင်းဆေးမင်္ဂလာပြုနိုင်သည်။ ဥပမာ- တနင်္ဂနွေသားသမီးများသည် တနင်္ဂနွေနေ့နံနက် ၉နာရီ ၄၅ မိနစ်တွင် ပြုလုပ်ပါ။ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြုနိုင်၏။ ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးတို့ကမူ ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီ ၄၅မိနစ်မှာပင် ပြုလုပ်ရမည်။ (ရာသက်ပန် သုံးစွဲနိုင်၏)။

(၂) ယခု ၁၃၇၅ခု၊ နှစ်ဆန်းတစ်ရက်ဖြစ်သည့် (၁၇-၄-၂၀၁၃) ဗုဒ္ဓဟူးနေ့တွင် ခေါင်းဆေးမင်္ဂလာယတြာကို ခုနစ်ရက်သားသမီးများ စနစ်တကျဆောင်ရွက်ရန် အချိန်ကောင်းများမှာ -

* တနင်္ဂနွေသားသမီးများ နံနက် ၆နာရီ ၁၀မိနစ်။
* တနင်္လာသားသမီးများ နေ့ ၁၀နာရီ ၃၀မိနစ်။
* အင်္ဂါသားသမီးများ နံနက် ၈နာရီ (သို့မဟုတ်) ညနေ ၃နာရီ။
* ဗုဒ္ဓဟူး/ရာဟုသားသမီးများ နံနက် ၉နာရီ။
* ကြာသပတေးသားသမီးများ နေ့ခင်း/နံနက် ၆နာရီ ၄၅မိနစ် (သို့မဟုတ်) နေ့ခင်း ၁နာရီ ၃၀မိနစ်။
* သောကြာသားသမီးများ နံနက် ၇နာရီ ၄၅မိနစ်။
* စနေသားသမီးများ နေ့ ၁၂နာရီ။

(မှတ်ချက်။ အင်္ဂါသားသမီးတွေက ညနေ ၃နာရီမှာလည်း ခေါင်းဆေးနိုင်ပါသည်။ သို့သော် နံနက်ပိုင်းတွင် ခေါင်းဆေး၊ ဘုရားရှိခိုးတာက ပိုသင့်လျော်သဖြင့် နံနက်ပိုင်းမှာ ဆောင်ရွက်ရန် ရနိုင်သည့် အချိန်ကောင်းကို ရွေးချယ်ပေးထားခြင်းဖြစ်သည်။ ကြာသပတေးသားသမီးများလည်း ထို့နည်းအတူဖြစ်၏။)


(၃) သင်္ကြန်အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့တို့တွင် မည်သည့် နေ့သားသမီးမဆို သီးခြားအချိန်နာရီရွေးချယ်မနေဘဲ နံနက် ၉နာရီ ၄၅မိနစ်တွင် ခေါင်းဆေးနိုင်ပါသည်။ (နှစ်ဆန်းတစ်ရက်နေ့တွင် စနစ်တကျဆောင်ရွက်နိုင်လျှင်ပင် လုံလောက်ပါသည်။)

(၄) ဤယတြာကို တစ်နှစ်တာပတ်လုံး ပြုလုပ်နိုင်ပါသည်။ ဘဝသက်တာတစ်လျှောက်လုံး ပြုလုပ်နိုင်ပါသည်။ အကြောင်းကိစ္စအထူးပေါ်လာက ပေါ်လာသလို ပြုလုပ်နိုင်ပါသည်။ အရွက်အညွန့်တို့ကို ယခု ဤဆောင်းပါးတွင် ရေးသားသည့်အတိုင်းသာ ဆောင်ရွက်ပါ။ ပျဉ်းတော်သိမ်၊ ကုက္ကို



www.burmeseclassic.com

www.burmeseclassic.com



လောက်သေ စသည့် အမည်ပညတ်ချက် ဖြူပွတ်မကောင်းသော အရွက်များကို မသုံးသင့်ပါ။

(၅) ခေါင်းဆေးမင်္ဂလာတော်ဝင် ယတြာတွင် ခုနစ်ရက်သားသမီးတို့ မျက်နှာမူရာအရပ်သည် "နဝင်း"အရပ်ဖြစ်၏။ နင်းကြမ်းအရွက်တို့ကို စွန့်ရာအရပ်သည် "ဘုမ္မိ"အရပ်ဖြစ်၏။ အညွန့်အရွက်တို့ကိုမူ အမည်၏ အရင်းနံကိုသာ အဓိကယူပါသည်။ ဥပမာ - သပြေဆိုလျှင် သောကြာနံကိုသာ ယူပါသည်။ မာလကာဆိုလျှင် ကြာသပတေးနံအဖြစ် သုံးစွဲပါသည်။ ကျွန်တော်သည် ဤမူအတိုင်းသာ သုံးစွဲပါသည်။

ဤမူအတိုင်း သုံးစွဲခြင်းမှာလည်း နိုင်ခန့်သည့် ပညာခွင်အဆုံးအမများ ရှိနေပါသည်။ ဤအတိုင်းပင် သုံးနိုင်ပါသည်။ တချို့ အညွန့်များကိုမူ အညွန့်အခိုင်လိုက် ရေတွက်ပါ။ တချို့ကိုမူ အရွက်ဖြင့်သာ အရေအတွက်ပြုပါ။ ဥပမာ- မာလကာကို တစ်ရွက်နှစ်ရွက်ဟု ခြွေပြီး ရေတွက်ကာ သုံးစွဲနိုင်ပါသည်။

(၆) အိမ်ပေါ်တွင်(အိမ်ထဲတွင်)၊ တိုက်ခန်းတွင် ခေါင်းဆေးမင်္ဂလာပြုလိုသူများ၊ ခေါင်းဆေးချသည့်ရေများကို အောက်မှ ဇလုံကြီး၊ ခွက်ကြီးတစ်ခုခုဖြင့် ခံထားပါ။ ကြမ်းပေါ်တွင် စွန့်ပစ်သော ဆောင်ပန်းများကိုလည်း နှမ်းသွားချိန်တွင် ယူပြီး ရှင်းလင်းပစ်နိုင်ပါသည်။ ကျွန်တော်ကမူ ထိုအတိုင်းပင် ကျင့်သုံးပါသည်။

(၇) အလွန်စွမ်းအားကြီးမားသည့် ခေါင်းဆေးမင်္ဂလာယတြာကို မြန်မာ့လောကီယ ဆရာတို့ လက်စွဲထား၍ အသုံးပြုကြောင်း အကြိမ်ကြိမ်မှတ်သားရဖူးပါသည်။ ဆရာများစွာတို့၏ အဆုံးအမကိုလည်း ခံယူ မှတ်သားခဲ့ရဖူးပါသည်။ ဆရာကြီး ဒီးဒုတ် ဦးဘချို့ကလည်း စစ်ခေတ်မတိုင်မီက ဒီးဒုတ်မဂ္ဂဇင်းတွင် "မဟိန္ဒ"ကလောင်အမည်နှင့် ဤစနစ်ကို ရေးသားဖော်ပြခဲ့ဖူးကြောင်း မှတ်သားရဖူးပါသည်။ ကျွန်တော်ကိုယ်တိုင် တန်ဖိုးထား ကျင့်သုံးသည့် ပညာခွင်ကို ပရိသတ်များအတွက် စေတနာရှေ့ထား၍ အပြည့်စုံနိုင်ဆုံးဖြစ်အောင် ကြိုးစားပြီး တင်ပြလိုက်ရပါသတည်း။

**ခေါင်းဆေးမင်္ဂလာပြုရန် အသေးစိတ် လိုအပ်ချက်များ**

| နေ့သား | နင်းကြမ်း | ဆောင်ပန်း | မျက်နှာမူရန် အရပ် | နင်းကြမ်း စွန့်အရပ် | အမွှေးတိုင် အရေအတွက် |
|---|---|---|---|---|---|
| တနင်္ဂနွေ | ထန်း/အုန်း ၁၁ | ကံ့ကော် ၁၅ | အနောက် | တောင် | ၆တိုင် |
| တနင်္လာ | အုန်း - ၆ | ငှက်/စွယ်တော် ၈ | မြောက် | အနောက် - တောင် | ၁၅တိုင် |
| အင်္ဂါ | ကြံ - ၁၅ | ရွက်လှ - ၁၇ | အနောက် - တောင် | အနောက် | ၈တိုင် |
| ဗုဒ္ဓဟူး | သီး - ၈ | ပေါက်ပန်းဖြူ | အရှေ့မြောက် | အနောက် - မြောက် | ၁၇တိုင် |
| ကြာသပတေး | ရွက်လှ - ၁၇ | သီဟိုဠ်/သစ္စာ | အရှေ့ | အရှေ့မြောက် | ၁၉တိုင် |
| သောကြာ | ပေါက်/ပေါက်ပန်းဖြူ-၁၉ | နှင်းဆီ - ၁၀ | အရှေ့တောင် | အနောက် | ၂၁တိုင် |
| စနေ | သီဟိုဠ် - ၂၁ | အုန်း - ၆ | တောင် | မြောက် | ၁၀တိုင် |

**မှတ်ချက်။** ရာဟုသားသမီးများ ဗုဒ္ဓဟူးနှင့် အတူတူပင်ဖြစ်သည်။

*အားလုံးသဏ္ဍာဝါ ချမ်းသာပါစေ*

* * *

သက်နှင်းဇော်(မှော်ဘီ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(၁)

ရတုခြောက်ပါး၊ သို့တည်းမဟုတ် ဥတုခြောက်ပါးထဲတွင် အကျုံးဝင်နေသည့် ဂုဏာစန္ဒြမာသလများဖြင့် "ဂိမှာန" ဟု ခေါ်ဆိုသည့် နွေရာသီ။ တစ်နည်းဆိုသော် မုချစန္ဒြမာသလများဖြင့် အညီအမျှခွဲခြားထားသည့် "ဝသန္တ"ဟူသည့် တပေါင်း၊ တန်ခူးလများမှသည် "ဂိမှာန်ဥတု"ဟု ခေါ်ဆိုသည့် ကဆုန်လသို့တိုင် ရောက်လုဆဲဆဲကာလများတစ်လျှောက် ကျွန်ုပ်၏ရင်ထဲ၌ မွန်းကျပ်နေမိပါ၏။ နှလုံးသားတို့သည်လည်း ပြိုလဲနွမ်းယိုင်နေခဲ့ပါ၏။ ကျွန်ုပ်၏ ပုထုဇဉ်ဆန်သော နှလုံးကြေကွဲဝမ်းနည်းမှုများသည် ကျွန်ုပ်၏ အတော်အတန်ပြည့်ဝနေသည့် အသိတရား၊ သတိတရားတို့အား ချုပ်ချော်တိမ်းပါးနေသည်ဟု ကျွန်ုပ်ကိုယ် ကျွန်ုပ် ဝန်ခံရပေတော့မည်။

နွေရာသီ တပေါင်း၊ တန်ခူးလများ၌ ကျရောက်နေသည့် နေ၏ ပူလောင်ပြင်းပြသော အပူရှိန်တို့သည် သဘာဝပတ်ဝန်းကျင်ရှိ သစ်ပင် သစ်ခက်တို့မှ ရွက်ဟောင်းများကြွေလွင့်စေလျက်ရှိနေပေ၏။ ပုရစ်ဖူးလေးများ ထွက်သည့်တိုင် နွေဦးရာသီ၏ ပူလောင်ပြင်းပြမှုတို့သည် ကျွန်ုပ်၏ ရင်တွင်း နှလုံးသားထဲသို့ ကူးစက်လောင်ကျွမ်းနေပြီလား ဆိုသည်ကို မှန်းဆ၍ မရနိုင်အောင် ဖြစ်ခဲ့ရသည်။

ကြည့်မည်ဆိုပါက မြင်နိုင်ပါ၏။ မြင်နိုင်သမျှ အရာရာသည် မြူခြေယှက်သန်းလျက် မှိုင်းမှုန်ပြာဝေလျက် ရှိနေပါ၏။ ဟိုးအဝေးတွင် ကျန်ရစ်လေသော ရာဇဂြိုဟ်ပြည်ကြီးကားတံလျှပ်များ၊ မြူများကြားတွင် မှုန်ရီပိုးတဝါးဖြင့် ခပ်ရေးရေးသာ ရှိချေတော့သည်။

ဂင်္ဂါမြစ်ထဲ၌ တသွင်သွင်စီးဆင်းနေသော မြစ်ရေတို့၏ ရေစီးသံသည် သာယာငြိမ့်ညောင်းသည့် ဂီတသံထက် လွမ်းစဖွယ် တေးတစ်ပုဒ်အား ဖော်ကျူးနေသလိုပင် ရှိလှချေ၏။ လွမ်းဆွေးစရာ နွေသရုပ်သဏ္ဌာန်နှင့်အတူ သံသရာကို မလွန်ဆန်နိုင်ချေသော သာဝကကြီးနှစ်ပါး၊ ပရိနိဗ္ဗာန်စံဝင်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်အဖို့ မည်သို့ပြောရမည်မသိအောင် ဝမ်းနည်းကြေကွဲရ၏။ စိတ်မကောင်းခြင်းနှင့် ထိုသာဝကကြီးနှစ်ပါးအား နမြောတသခြင်း၊ လေးစားရိုသေခြင်း၊ နောင်တော်ဘုရားရှင်၏ အစားထိုးမရသည့် လက်ရုံး သာဝကကြီးများဖြစ်ခြင်းကြောင့် ကျွန်ုပ်သည် မထိန်းမသိမ်းနိုင်အောင် ရှိုက်ကြီးတငင် ငိုကြွေးခဲ့ရသည်။

နောင်တော် မြတ်စွာဘုရားရှင်သည် ကျွန်ုပ်အား အကြောင်းတရားကြောင့် အကျိုးဖြစ်၍၊ ထိုအကျိုးသည်ပင်လျှင် အကြောင်းတရားဖြစ်ပြီး တစ်ဖန် အကျိုးတစ်ခုဖြစ်ပြန်၏။ သို့ဖြင့် အကြောင်းကြောင့် အကျိုးဖြစ်၍၊ ထိုအကျိုးပင် အကြောင်းဖြစ်ပေါ်ခြင်းနှင့် ခန္ဓာငါးပါးအစုအဝေးရှိလေသမျှ မမြဲနိုင်သော သံသရာသဘောသည် အစဉ်ရှိနေမည်ဖြစ်ကြောင်း ဟောကြားသွန်သင်ခဲ့ပြီးဖြစ်သော်လည်း ပုထုဇဉ်သဘောသဘာဝ၌သာ ရှိသေးသော ကျွန်ုပ် ထိန်းမနိုင် သိမ်းမရ ဝမ်းနည်းပူဆွေးခြင်းအပြည့်ဖြင့် မျက်ရည်မဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။

ကျေးဇူးရှင် နောင်တော် မြတ်စွာဘုရားသည် လက်ရုံးသဖွယ် အားကိုးအားထားပြုရလေသော သာဝကကြီးများဖြစ်ကြသည့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် နှစ်ပါး ပရိနိဗ္ဗာန်စံဝင်ခြင်းအပေါ် မည်သို့မျှ မမြွက်ကြားသကဲ့သို့ ရှင်တော်ဘုရား၏ စိတ်သန္တာန်၌ မည်သို့ရှိမည်ကိုလည်း ကျွန်ုပ် မမှန်းဆနိုင်ပါချေ။

ကျွန်ုပ်သည် ပူဆွေးဝမ်းနည်းခြင်းများစွာဖြင့် ငိုကြွေးမိခြင်းအပေါ် နောင်တော် ဘုရားရှင်မှ တရားဓမ္မအားဖြင့် ဟောပြော နှစ်သိမ့်စေခဲ့ပေသည်။

"အချင်း အာနန္ဒာ…ဟိုးယခင်ကတည်းက သင့်အား ငါဘုရားဟောကြားခဲ့ဖူးပြီ မဟုတ်ပါလော။ သင် အဘယ့်ကြောင့် ငိုကြွေးနေရပါသနည်း။ အမိ၊ အဖ၊ အစ်ကို၊ နမအစရှိသော ချစ်ခင်အပ်သောသူတို့နှင့် နာနာဘာဝ၊ ဝိနာဘာဝဟု ဆိုအပ်သော ရှင်သဖြင့် ကွေကွင်းရခြင်း၊ သေသဖြင့် ကွေကွင်းရခြင်းသဘောသည် ဤလောက၌ အထင်အရှားရှိနေပြီမဟုတ်လော။ ထိုသဘောတရားကို ခန္ဓာငါးပါးရှိနေသေးသရွေ့ တွေ့ရမည်သာဖြစ်၏။ ငါဘုရားသော်မှ တောင့်တ၍ မဖြစ်သော အရာပေ။ သို့ဖြစ်ခြင်းကြောင့် သင့်အနေဖြင့် ငိုကြွေးမြည်တမ်းခြင်းသည် မသင့်သည်သာ"

ဟု နောင်တော်မှ တရားပြသည်ကြောင့် ကျွန်ုပ် သံဝေဂအားဖြင့် ဖြေသိမ့်ခဲ့ရပေသည်။

သို့ဖြစ်သည့်တိုင် ကျွန်ုပ်သည် ရဟန္တာမဟုတ်သေးသည့် ပုထုဇဉ်သာသာ သံဃာတစ်ပါးဖြစ်နေခြင်းကို ကျွန်ုပ်၏ ဝမ်းနည်းကြေကွဲတတ်သည့် နှလုံးသားအိမ် ခိုင်ကျည်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

မရှိနိုင်ခြင်းက သက်သေပြလျက်ရှိနေပါ၏။ ကျွန်ုပ်အတွက်နှင့် နောင်တော်ဘုရား ရတက်မအေးဖြစ်မည်ဆိုက ဖြစ်နိုင်ပါ၏။ သို့ကြောင့်ပင် နောင်တော်ဘုရားရှင်အား အလုပ်အကျွေးပြုနေသော ကျွန်ုပ်အား နောင်တော်ဘုရားရှင်မှ မကြာခဏဆိုသကဲ့သို့ တရားဓမ္မများ နားလည်သဘောပေါက်၍ ကျင့်ဆောင်နိုင်ရန် ဟောပြောသွန်ပြလေ့ရှိပေသည်။

မည်သို့ပင်ဆိုစေ၊ ကျွန်ုပ် လေးစားကြည်ညို ရှိသေရလေသော ဆရာတော် သာဝကကြီးများအား နောက်ထပ်တစ်ဖန် ပြန်လည်ဆုံဆည်းနိုင်ရန် အကြောင်းမရှိနိုင်သည်ကြောင့် ကျွန်ုပ်သည် ပွင့်လင်းစွာ ကြေကွဲမိပါသည်။ လွမ်းဆွေးရပါသည်။ သည်းလှိုက်အူလှိုက် ငိုကြွေးမိပါသည်။

ယခုတစ်ဖန် လာပြန်ပါချေပြီ။ ကျွန်ုပ် မလိုလားဆုံးသော၊ မဖြစ်ချင်ဆုံးသော ပြဿနာတစ်ခုသည် ကျွန်ုပ်၏ သည်းပွတ်နှလုံးဆီသို့ မသိမသာမှ သိသိသာသာ ဆိုက်ရောက်လာခဲ့ပြန်ပါသည်။ ထိုပြဿနာသည် ကျွန်ုပ်၏ ရင်တွင်းနှလုံးသားဆီသို့ သောကအပူမီးများ ကူးစက်လောင်ကျွမ်းနိုင်ပါ၏။ ထို့ပြင် ကျွန်ုပ်၏ ခံနိုင်ရည်မရှိသော နှလုံးအိမ်တစ်ခုလုံးပေါက်ကွဲလွင့်စဉ်သွားသလို ဘဒ္ဒကမ္ဘာကြီး ပျက်မတတ် သည်းလှိုက်အူလှိုက် ရှိုက်ကြီးတငင် ငိုကြွေးခံစားရမည်မှာ အသေအချာပင် ဖြစ်ပေသည်။

(၂)

သာဝကကြီးနှစ်ပါး ပရိနိဗ္ဗာန်စံဝင်ရာတွင် ကျွန်ုပ် ဖော်မပြနိုင်အောင် ခံစားခဲ့ရပါလျှင် အကယ်၍များ နောင်တော်ဘုရားရှင်သာ ပရိနိဗ္ဗာန်စံဝင်တော့မည်ဆိုပါက ကျွန်ုပ်ကိုယ်ကျွန်ုပ် မည်သို့ခံစားရမည်ကို မတွေးရဲအောင်ပင် ဖြစ်ခဲ့ရပေသည်။

ဤကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်အနေဖြင့် ပထမ လေးလေးနက်နက် မတွေးမိခဲ့ပေ။ နောင်တော်ဘုရားရှင်တော်ပြုမြဲကိစ္စဖြစ်သော ဝေယျာဝစ္စများသာ ပြုမူဆောင်ရွက်ခဲ့ပါ၏။

လောကသုံးပါးရှာ၌ သတ္တဝါတို့၌ ပညာစက္ခုကို ပြုတတ်ပေသော မြတ်စွာဘုရားသည် သက်တော် ၇၉နှစ်၊ ဝါတော် ၄၅ဝါပြည့်တော်မူ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှသည် ဝေသာလီပြည်သို့ ဒေသစာရီကြွချီတော်မူ၍ ထိုပြည်၌ မွေ့လျော်သမျှ ဘုရားရှင် နေတော်မူပြီးနောက် ဝေသာလီပြည်နှင့် ရာဇဂြိုဟ်ပြည်၏ အကြား ဂင်္ဂါမြစ်ကမ်းပါး၌ တည်ရှိသော ဝေဠုဝရွာသို့ ကြွတော်မူပေသည်။ ထိုဝေဠုဝရွာသားများမှ ဘုရားရှင်ကြွလာမည်ကို မြင်လျှင် ရွှင်လန်းဝမ်းမြောက်ကျောင်းကန်ဆောက်၍ ပင့်လျှောက်ကြသည်နှင့် ဘုရားရှင်သည် ထိုရွာ၌ပင် ဝါကပ်တော်မူလေ၏။

ထိုစဉ်အခါက ဘုရားရှင်သည် ပြင်းပြစွာသော ဒေသွင့်ဝေဒနာဖြစ်လျက်ရှိ၏။ ထိုဝေဒနာအား ဘုရားရှင်သည် သတိသမ္ပဇဥ်အမြဲယှဉ်လျက် ငြိုငြင် စိတ်ဆင်းရဲမှု မရှိ၊ သည်းခံလျက် ရှိပါ၏။ ဘုရားရှင်သည် ထိုဝေဒနာသက်သာစေရန် ဖလသမာပတ်၊ ကာလပရိစ္ဆေဒဖြင့် ခဏိတ သမာပတ်ထက်အဆင့်မြင့်သည့် မဟာဝိပဿနာရှု၍ သမာပတ်ဝင်စားမှုပင် ဘုရားရှင် သက်သာရာရပေ၏။

ဘုရားရှင် ဝေဒနာသက်သာစေရန် မဟာဝိပဿနာ စီးဖြန်းမှုအား မသိရှိသေးသော ကျွန်ုပ်သည် ဘုရားရှင် ကျန်းမာသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်မိပေ၏။ ကျွန်ုပ်သည် ဘုရားရှင် ရောဂါသက်သာလာခြင်းအား ကြည်နူးစွာဖြင့် နောင်တော်ဘုရားရှင်၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော မျက်နှာတော်အား ဖူးမြော်လျက်...

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ကိုယ်တော်မြတ်သည် ကျန်းမာချမ်းသာစွာဖြင့် အနာမှ သက်သာပျောက်ကင်းခြင်းကို တပည့်တော် မြင်ရပေပြီ။ အရှင်ဘုရား ဝေဒနာဖြင့် လေးလံပင်ပန်းခြင်းအား မြင်ရသည့်အခိုက် တပည့်တော်ကိုယ်တိုင် ပင်ပန်းစွာ ခံစားရသကဲ့သို့ ရှိခဲ့ပါသည်။ ကိုယ်တော်မြတ် ပြင်းပြသော ဝေဒနာခံစားနေရစဉ် တပည့်တော်တို့မှာ အရပ်မျက်နှာတို့သည် မထင်မြင်နိုင်သကဲ့သို့ တရားဓမ္မများ မပွင့်လင်းနိုင်ဘဲ ရှိခဲ့ရသည်။ အမှန်စင်စစ် ထွက်သက်ဝင်သက်ကိုမျှ တပည့်တော်တို့ မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါ ဘုရား။ အရှင်ဘုရား၏ တရားတော်တို့ကို ဟောနိုင်သမျှ ဟောကြားသွန်သင်ပေးတော်မူပါ အရှင်ဘုရား။ ရှေ့ပြည်နိဗ္ဗာန်ကို စံဝင်သွားမည်ကို တပည့်တော် စိုးရိမ်လှပါသည် ဘုရား"

အမှန်အားဖြင့် နောင်တော် ဘုရားရှင်အား ဤကဲ့သို့ လျှောက်ထားခြင်းမှာ ကျွန်ုပ်တစ်ယောက်တည်း ကြမ်းတမ်းခက်ထန်သည့် လောကကြီးအား ရင်မဆိုင်ရဲသည်ကြောင့် ဆိုပါက မှန်ပါလိမ့်မယ်။ ကျွန်ုပ်အဖို့မှု နောင်တော်ဘုရားရှင်မှလွဲ၍ အခြားအားကိုးစရာမရှိဟု ထင်မြင်မိပေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်သည် စိုးရိမ်တကြီး လျှောက်ထားခြင်းအပေါ် ဘုရားရှင် ဘဝင်ကျလိမ့်မည် မထင်ပါပေ။ ထို့ကြောင့် ဘုရားရှင်မှ...

"ချစ်သား အာနန္ဒာ...ငါဘုရားအား အဘယ်ကြောင့် ဤမျှလောက် တောင့်တဘိသနည်း။ သတ္တဝါတို့၏ အကျိုးစီးပွားအား မျှော်ကိုးလျက် ငါဘုရားသည် အတွင်း၌ လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊ အပြင်၌ လည်းကောင်း ခြွင်းချက်မထား။ ငါ ဟောကြားတော်မူခဲ့ပေပြီ။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့အား အကြွင်းမထား ငါ ဟောတော်မူခဲ့လေပြီ။ ချစ်သား အာနန္ဒာ-ငါဘုရားသည် ရှည်လျားသော အစွန်းကို ရောက်ခဲ့ပေပြီ။ အိုမင်းရင့်ရော် မှည့်ပျော်သောအရွယ်သို့ တိုင်ခဲ့ပေပြီ။ ဘုရားဒကာတို့ တည်မြဲမမှုတာဖြစ်သော အာယုကပ်ကို ငါးစုပြု၍ လေးစုကုန်လျက် သက်တော် ရှစ်ဆယ်ပြည့်ခဲ့ပြီ။ လှပတင့်တယ်စွာ စီရင်အပ်သော လှည်းသည် အိုမင်းဟောင်းနွမ်းဆွေးမြည့်သောအခါကာလတွင် စီးကြခြင်းဟု လည်းကောင်း၊ ဝန်တင်ခြင်းဟု လည်းကောင်း မလျောက်ပတ်သကဲ့သို့၊ ထိုနည်းတူ ငါ၏ ရူပကာယတော်သည် အိုမင်း၍ ယိုယွင်းပျက်စီးချေပြီ။ ချစ်သား အာနန္ဒာ…အကြင်အခါ၌ ငါဘုရားသည် အလုံးစုံသော အာရုံခြောက်ပါးကို မလိုက်စားမူ၍ သခ်ိရတိုင်ကို အာရုံပြုသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိဖြစ်စေ၍ နေတော်မူခဲ့သည်။ ထိုအခါ ငါ၏ကိုယ်တော်သည် အထူးချမ်းသာ၏။ သို့ကြောင့် ငါ၏ သာသနာ၌ တည်သောသင်တို့သည်လည်း မိမိတို့၏ ကိုယ်ကိုသာ မှီ၍နေကြကုန်လော့။ လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ အစရှိသော ကိလေသာတို့ကို ဖျောက်၍ ရူပကာယ၌ ဆံ အစရှိသော ကောဋ္ဌာသအပေါင်းကို အဖန်ဖန်အလဲလဲ ရှု၍ ပွားများနေကြကုန်လော့"

နောင်တော်ဘုရားရှင် ကျွန်ုပ်အား ဆုံးမခဲ့သည်မှာ အထူးပင် မှန်ကန်ပါသည်။ နောင်တော်ဘုရားမှ လမ်းညွှန်ပြသ ဟောကြားပေးခဲ့ပြီးသော တရားအစုစုတို့သည် မိမိကိုယ်သာ မိမိအားကိုးကျင့်ကြံရမည်ဖြစ်သည်။ ခက်သည်က ကျွန်ုပ်ပင်။ ကျွန်ုပ်သည် မောဟဆိုက်နေသည်လား မပြောတတ်။ နောင်တော်၏ တရားဓမ္မများအား အမြဲတစေ နာကြားချင်ပါ၏။ နောင်တော်ဘုရားရှင်အား ပြုစုကြည့်ရှုလျက် ခွမ်းလုပ်ကျွေးလိုပါ၏။ နောင်တော်ဘုရားရှင်၏ ဝေယျာဝစ္စများအား နေ့စဉ်နှင့်အမျှ လုပ်ဆောင်လိုပါ၏။ နောင်တော်ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော့မည်ဆိုသော စကားကို ကျွန်ုပ် လားလားမျှပင် မကြားလိုပေ။ ဘုရားရှင် ဤလောကတွင် မရှိပါက မိမိ မည်သို့အခြေစိုက်မည်နည်းဟူသော ပူပင်သောကသည် ကျွန်ုပ်ရင်တစ်ခုလုံးအား ပူလောင်ကျွမ်းစေပါ၏။

ဘုရားကိုယ်တော်မြတ်သည် သတိသမ္ပဇဉ် ယှဉ်တော်မူလျက် အာယုသင်္ခါရကို လွှတ်ခြင်းဟု အာရုံရှိသော သမာပတ်ဝင်သည့်အခါတွင် ထိုသမာပတ်၏ အာနုဘော်ကြောင့် မြေပေါ်၌ ကောင်းကင်၊ ရေပြင် သမုဒ္ဒရာ၌ သတ္တဝါအပေါင်းတို့၏ ကြောက်မက်ထိတ်လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းတို့ ထခြင်းကို ဖြစ်စေခြင်းဟု မဟာပထဝီမြေကြီးသည် မြည်ဟည်းတုန်လှုပ်၏။ ဘဝက်မိုးပြင် ပဲ့တင်ထပ်မျှ တော်လဲ၏။ ထိုသို့သော နိမိတ်သင်္ကေတနများနှင့် ပတ်သက်၍ ကျွန်ုပ် သိလိုသဖြင့် နောင်တော်ဘုရားရှင်အား…

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား…ယခု မြေပြင်းစွာ လှုပ်ခြင်းကား အဘယ့်ကြောင့်ပါနည်း"

ကျွန်ုပ်မေးခွန်းနှင့် ပတ်သက်၍ နောင်တော်ဘုရားရှင်မှ မြွက်ကြားသော စကားတော်များအား စိစစ်ကြည့်လိုက်သည့်အခါတွင် ကျွန်ုပ် မကြားချင်ဆုံးသော စကားတော်များဖြစ်နေပါ၏။ ကျွန်ုပ်၏ ရင်ထဲ၌ အစိုးရိမ်ဆုံးသော အရာသည် အမှန်တကယ်ပင် ဆိုက်ရောက်လာခဲ့ပြီလား။

မြတ်စွာဘုရားရှင်မှ ကျွန်ုပ်အား မဟာပထဝီလှုပ်ခြင်း၏ အကြောင်းတရားရှစ်ပါးရှိကြောင်းနှင့် ထိုရှစ်ပါးအား ရှင်းလင်းသိသာစွာ ဟောကြားခဲ့ပါ၏။ ထိုအချက် ရှစ်ချက်မှ နောက်ဆုံးအချက်သည် အမှန်တကယ်ဆိုက်ရောက်ခဲ့ပြီဖြစ်ကြောင်း ဟောကြားသည့်အခါတွင် ကျွန်ုပ်သည် ဘုရားရှင်အား လွန်စွာသော စိုးရိမ် ရင်ထိတ်မှုများဖြင့် မော်ဖူးခဲ့ပေ၏။ ထိုအချက်မှာ ဘုရား သဗ္ဗညုတို့သည် အနုပါ ဒိသေသနိဗ္ဗာန်စံတော်မူသောအခါ ထိတ်လန့်လေသော အခြင်းအရာ မဟာပထဝီလှုပ်သည်လည်း အကြောင်းတစ်ပါးဖြစ်ကြောင်းပင်။ ဘုရားရှင်မှ…

"ချစ်သား အာနန္ဒာ…ငါဘုရားသည် သဗ္ဗညုတဉာဏ်ကို ရဦးအစ သတ္တသတ္တာဟတို့တွင် အဇပါလ၌ နေတော်မူသောအခါကပင် ယုတ်မာသော မာရ်နတ်သားသည် ငါဘုရားထံ ကပ်၍ "အရှင်မြတ်သည် ပရိနိဗ္ဗာန်စံဝင်တော်မူပါ"ဟု လျှောက်လာဖူး၏။ ငါဘုရားမှလည်း "ဟယ်…မာရ်နတ်၊ သတ္တဝါအပေါင်းကို ကောင်းမြတ်သော အမြိုက်ရေအေးဖြင့် တိုက်ကျွေး ကယ်တင်လို၍ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီ ငါဖြည့်ခဲ့သည်။ ယခု ငါဘုရားဖြစ်မြောက်သော်လည်း တစ်စုံတစ်ယောက်သောသူကိုမျှ ငါသိသော ဓမ္မရသကို မတိုက်ကျွေးရသေး။ ငါ၏ သာသနာသည် ပြန့်ပွားစွာ မရှိသေး။ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမတို့ကို ဝဲရဲဘေးမှ ဖိတ်ပင်လျက် နတ်ရွာ နိဗ္ဗာန်လမ်းမှန် ကောင်းရာကို ငါ မပြရသေး။ ထိုမျှလောက်သော ကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်စံတော်မမူလိုသေး" ဟု ဆိုလိုက်သတည်း။ ချစ်သား အာနန္ဒာ…ယခု စာပါလ



www.burmeseclassic.com

www.burmeseclassic.com



စေတီအနီး သစ်ပင်ကြီးရင်း၌ နေစဉ် ထိုမာရ်နတ်သည် ငါ့ထံ ကပ်၍ ပရိနိဗ္ဗာန်စံတော်မူပါဟု လျှောက်လာပြန်သည်။ ယင်းသို့ လျှောက်ရကား "ဟယ်…မာရ်နတ်ယုတ်၊ သင် မစိုးရိမ်လင့်။ ဤကာလမှ သုံးလမြောက်လွန်သောအခါ ငါဘုရားသည် ပရိနိဗ္ဗာန်စံတော့အံ့"ဟု အာယုသင်္ခါရကို လွှတ်တော်မူလိုက်သည်။ ယင်းအကြောင်းကြောင့်ပင် မဟာပထဝီ ဤမြေနှစ်သိန်းသည် ကြောက်ကြိမ်းဖွယ်ပြု၍ လှုပ်သတည်း"

နောင်တော် ဘုရားရှင်၏ စကားတော်သည် ကျွန်ုပ်၏ နှလုံးသားအား ကြေမွသည့်တိုင် ဆုပ်ခြေလိုက်သည့်အတိုင်း ကျွန်ုပ်၏ ရင်သည် ကတုန်ကယင်ဖြစ်လျက် ကျွန်ုပ်သည် ပြုံလဲမတတ်ဖြစ်နေသော စိတ်အစဉ်အား မနည်းကြိုးစား ထိန်းမတ်လျက်…

"မဟာမေ့ရှာင်ဖြစ်တော်မူသော မြတ်စွာဘုရား။ လူတို့၏ အကျိုးစီးပွားများစိမ့်သောငှာ ပါရမီဖြည့်ခဲ့ပါလျက် လျင်စွာ ပရိနိဗ္ဗာန်ပြုတော် မမူပါလင့်။ အာယုကပ်ပတ်လုံး တည်တော်မူပါ"

ကျွန်ုပ်၏ လျှောက်ထားလေသော စကားသံသည် တုန်ယင်လှိုက်မောလျက် ငိုသံပင် ပါသွားခဲ့လေသလား မပြောတတ်နိုင်တော့ပေ။

(၃)

ကျွန်ုပ်အား နောင်တော်ဘုရားရှင်မှ စူးစူးစိုက်စိုက်ကြည့်လျက်မှ…

"ချစ်သား အာနန္ဒာ…ယခုအခါ သင်တောင်းပန်လာခြင်းသည် အခွင့်မဟုတ်ပြီ"

ဟု မိန့်ဆိုခဲ့ပါ၏။

ကျွန်ုပ်သည်လည်း ဘုရားရှင်အား သုံးကြိမ်သုံးခါမျှ ထပ်ခါထပ်ခါ တောင်းပန်သည့်အခါတွင် မြတ်စွာဘုရားရှင်မှ…

"ချစ်သား အာနန္ဒာ…သင်သည် ငါဟောကြားသော မဂ်ဉာဏ်လေးပါးကို နိဗ္ဗာန်ရောက်ကြောင်း တရားဟူ၍ ယုံကြည်ပါသလော"

ကျွန်ုပ်မှလည်း…

"ယုံကြည်ပါ၏။ တပည့်တော်သည်လည်း စိုးစဉ်းမျှ မြင်မိပါ၏"

ဟု ဖြေကြားခဲ့ပါ၏။

"အာနန္ဒာ…အကြင်သူသည် ဣဒ္ဓိပါဒ်လေးပါး ဗောဓိပက္ခိယ ခုနစ်ပါး တရားကို ပွားစေ၍ အာယုကပ်ပတ်လုံးကို လည်းကောင်း၊ ထို့ထက်အလွန် လည်းကောင်း၊ တည်လိုသော် တည်နိုင်ရာ၏။ ထို့အတူ ငါဘုရားသည်လည်း ဣဒ္ဓိပါဒ်လေးပါး ဗောဓိပက္ခိယ ခုနစ်ပါး တရားတို့ကို များစွာပွားစေ၍ အာယုကပ်ပတ်လုံး ဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ နေတော်မူလိုသော် အလိုရှိသမျှ နေနိုင်၏။ ငါမိန့်တော်မူသည်ကို သင် ယုံကြည်၏လော"

ဟု မိန့်တော်မူသည့်အခါတွင် ကျွန်ုပ်မှလည်း…

"အရှင်ဘုရား…ယုံကြည်ပါ၏"

ဟု လျှောက်ထားလိုက်သည်။ ဘုရားရှင်မှ…

"ချစ်သား အာနန္ဒာ…သင်သည် ငါဘုရားဒေသနာကို ပညာဖြင့် နှစ်လို၍ သက်ဝင်ယုံကြည်သောသူဖြစ်လျက် နိမိတ်ဩဘာစကား မြွက်ကြားတော်မူသောအခါ ငါဘုရားကို မတောင်းပန်။ ထိုသို့ မတောင်းပန်ခြင်းသည် သင်၏ ဝန်၊ သင်၏ ချွတ်ယွင်းခြင်းပင်တည်း။ အကယ်၍ သင် တောင်းပန်ခဲ့သော် ငါဘုရားသည် သင်၏ စကားကို နှစ်ကြိမ်သာ ပယ်ရာ၏။ သုံးကြိမ်မြောက် မပယ်ပေရာ။ လိုက်နာသည်သာ ဖြစ်လတ္တံ့။ ယခုမှ တောင်းပန်ခြင်းသည် သင်၏ ချွတ်ယွင်းခြင်းပင် ဖြစ်တော့သည်"

ကျွန်ုပ်၏ မျက်လုံးအိမ်၌ မျက်ရည်များဖြင့် မှုန်ဝါးနေရ၏။ ဝမ်းနည်း ယူကျုံးမရခြင်းတို့သည် အထွတ်အထိပ်သို့ ရောက်နေခဲ့တော့သည်။

"ချစ်သား အာနန္ဒာ…ငါဘုရားသည် အသက်ဟူသော အကြောင်းကြောင့် ဆိုအပ်ပြီးသော စကားအား တစ်ဖန်ပြန်ပြင်ခြင်းသည် အကြောင်းမသင့်၊ အခွင့်မဟုတ်ချေ"

ကျွန်ုပ်၏ ရင်ထဲ၌ ရှိုက်နေမိ၏။ ကျွန်ုပ်၏ မျက်လုံးအိမ်များမှ စီးဆင်းလာသော မျက်ရည်များအား နောင်တော်ဘုရား မရိပ်မိခင် လျင်စွာ သုတ်သင်လျက် လွန်ခဲ့သောရက်များက ဘုရားရှင် ဟောပြောသော နိမိတ်ဩဘာစကားအား ပြန်လည်တွေးတောနေမိပေသည်။

ထိုစဉ်က ဘုရားရှင်မှ…

"ချစ်သား အာနန္ဒာ…ငါဟောတော်မူသော ဗောဓိပက္ခိယ တရားခုနစ်ပါးတို့ကို ပွားစေ၍ လည်းကောင်း၊ အဖန်ဖန် အလဲလဲ အလေ့အလာပြု၍ လည်းကောင်း နေခြားအံ့၊ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ဆိုသော် အာယုကပ်ပတ်လုံး လည်းကောင်း၊ အသက်တစ်ရာကျော်သည့်တိုင်ရုံ လည်းကောင်း တည်နိုင်ရာ၏။ ချစ်သား အာနန္ဒာ…ငါဘုရားသည်လည်း အလိုတော်ရှိ၍ ဣဒ္ဓိပါဒ်လေးပါး၊ အဓိပတိလေးပါး၊ ဗောဓိပက္ခိယ ခုနစ်ပါး တရားကိုသာ လေ့လာပွားစည်း၍ နေသည်ရှိသော် အာယုကပ်ပတ်လုံး တည်တော်မူနိုင်၏။ ထို့ထက်



www.burmeseclassic.com

www.burmeseclassic.com

အလွန် တစ်ကမ္ဘာပတ်လုံး တည်းတော်မူနိုင်၏”ဟု သုံးကြိမ်တိုင်တိုင် မိန့်တော်မူခဲ့ပါ၏”

ယခုမှပင် သတိတရဖြစ်ရတော့၏။ ကျွန်ုပ်သည် ထိုစဉ်က ဘုရားရှင်အား အာယုကပ်ပတ်လုံး တည်တော်မူပါဟု မတောင်းပန်ခဲ့ပါတကား။ မည်သည့်အတွက် ကျွန်ုပ်သည် ဘုရားရှင်အား မတောင်းပန်ခဲ့ပါသနည်း။ ကျွန်ုပ်တွင် ထိုကိစ္စနှင့် ပတ်သက်၍ အဖြေမထွက်ခဲ့ပါပေ။ မည်သို့ပင်ဆိုစေ၊ ဘုရားရှင်အား မတောင်းပန်ခဲ့ခြင်းကိုက ကျွန်ုပ်၏ အပြစ်၊ ကျွန်ုပ်၏ တာဝန်၊ ကျွန်ုပ်၏ ချွတ်ယွင်းမှု။ ကျွန်ုပ် မည်သို့ ဖြေရပါမည်နည်း။ ထိုကိစ္စသည် လောကသတ္တဝါများအတွက် အရေးအကြီးဆုံးဆိုသည်ကို ကျွန်ုပ်ကိုယ်တိုင် သိပါ၏။ ကျွန်ုပ်တစ်သက်တာတွင် မိမိကိုယ်မိမိ အပြစ်တင်ရမည်မှာ မလွဲကေန်ပင် ဖြစ်ပါ၏။ “စာပါလ”စေတီသည် သပ္ပာယ်စွာ တည်ငြိမ်လျက် ရှိနေပါ၏။

သို့သော် နွေသည် ပူလောင်လှချေ၏။ ပူလောင်ပြင်းပြသော နေ၏ အပူရှိန်သည် ကျွန်ုပ်၏ နှလုံးသားထက်တိုင် ဝင်ရောက်ကူးစက်နေခဲ့ပေပြီ။ ကျွန်ုပ်၏ ဆွေးမြည့်ဖွယ်အလွမ်းမျက်ရည်တို့သည် တသွင်သွင်ကျနေမည်ကဲ့သို့၊ သံသရာတစ်ဆုံး ငိုကြွေးလို့ပင် ဆုံးပါမည်လားဟု သံသယများစွာဖြင့် တွေးတော၍ ဝမ်းနည်းနေမိသာ ဖြစ်ပေတော့သည်။

အဝေး၌ လှမ်းမြင်နေရသော ဝေသာလီပြည်ကြီးကား ကျွန်ုပ်၏ မျက်ရည်များဖြင့် ပြည့်လျှံနေသော မျက်ဝန်းတို့ဖြင့် လှမ်းကြည့်သည့်အခါတွင် မပီဝိုးတဝါး မှုန်ပျပျဖြင့်သာ။ အာယုကပ်ပတ်လုံး တည်နိုင်ရန် နောင်တော်ဘုရားရှင်အား ကျွန်ုပ် မတောင်းပန်မိခဲ့ခြင်း၏ နောင်တကား ကမ္ဘာအဆက်ဆက် ဖြေသိမ့်နိုင်တော့မည်မဟုတ်ဟု ကျွန်ုပ်၏ ပူလောင်သော နှလုံးသားနှင့်အတူ ဝန်ခံရမည်သာ ဖြစ်ပေတော့သည်■

* * *

မောင်သာမန်(ဒီးကုန်း)

ကိုးကား ။

- ဇိနတ္ထပကာသနီ။
- ဗုဒ္ဓဝင်။


ဆရာမကြီး ဒေါ်လှလှကြွယ်၏

ဘုန်းကြွယ် (အမှတ်တံဆိပ်)

ဝမ်းမှန်ဆေး

ပင်ရင်း - ဘုန်းကြွယ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ်(၉၆)ဘီ၊ ခရေပင်လမ်းမ၊ (၂/က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၆၃၅၅၀၃၊ ၀၉-၇၃၁၇၈၄၅၂




www.burmeseclassic.com


www.burmeseclassic.com




ပွဲရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်

မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊

**E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com**

## ယနေ့နာမည်ကျော်များ မေးကြပြီ

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ ဒါရိုက်တာများဖြစ်ကြသော ရန်အောင်၊ လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ဇင်ဝိုင်း၊ လူမင်း၊ စိုးသူ၊ စိုးမြတ်သူဇာ၊ မင်းမော်ကွန်း၊ ဆုပိုပိုအောင်၊ မျိုးသန္တာထွန်း၊ ဆုဆုစန္ဒီ၊ ခတ်ပုံရဲမြင့်လွင်၊ ရီဝေယံ၊ သင်းရှန့်၊ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ စုလှိုင်နှင်း၊ ဒါရိုက်တာမောင်ဝဏ္ဏ၊ ညီနန္ဒ၊ မေသန်းနု၊ သျှားညို၊ နီကိုရဲ၊ မင်းဟိဏ်း၊ မော်ဒယ်ပုစွန်၊ စမိုင်းလ်၊ ကိုကိုလင်းမောင်၊ ဝေဠုကျော်၊ နှင်းဝတ်ရည်သောင်း၊ စိုးမြတ်နန္ဒာ၊ စတီရီအဆိုတော်ချစ်ကောင်း၊ ကြည်လဲ့လဲ့ဦး၊ မြတ်ဟေသီ၊ မောင်ပြည့်ဝ(ပန်းဝေသီ)၊ ယမင်းကိုကို၊ ဒါရိုက်တာမိုးပွား၊ ကိုဇော် (အာရုဏ်ဦး)၊ ဒါရိုက်တာမိုက်တီး၊ မျိုးစန္ဒီကျော်၊ ရာဇာနေဝင်း၊ ဟေမာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ မေဝင်းမောင်၊ မီးမီး(ရတနာ)၊ Best Time Beauty Parlour ၊ ရတနာခင်၊ အေးဝတ်ရည်သောင်း၊ ဇင်မာဦး၊ စာရေးဆရာမ လွန်းထားထား (ဆေးတက္ကသိုလ်)စသော နာမည်ကျော်အနုပညာရှင်များအကြောင်း လက္ခဏာ ဗေဒင် ဆောင်းပါးများကို ရေးသားဖော်ပြပြီး ဖြစ်ပါသည်။

ထို့ကြောင့် သင်သည်လည်း 'ဆရာဒေဝ'ထံ မေးကြည့်ဖို့ အချိန်တန်ပြီ။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(၁)

"ဦးသောင်းလား"

"ဗျာ…ဟုတ်တယ် ဆရာ"

"တိုးမောင်နဲ့ မောင်မြရော"

"ရှိပါတယ် ဆရာ"

"မဟုတ်သေးဘူး။ စောစောက အိမ်မည်းကြီးဘက် လူတစ်ယောက် သွားတာ တွေ့လိုက်တယ်ဗျ"

"ဩော်…ဟုတ်တယ် ဆရာ။ မီးဆရာလေ၊ မီးပြန်လာလို့ မီးသွားဖွင့် နေတယ်"

စက်ရုံအတွင်း လျှပ်စစ်မီးမလာသည့်အတွက် မီးစက်နိုးကာ ဖွင့်ထားသော မီး၊ ယခု လျှပ်စစ်မီး ပြန်လာသဖြင့် စက်ရုံမီးနှင့် ချိန်းရန် မီးဆရာ (လျှပ်စစ်ဝန်ထမ်း) သွား၏။ စက်ရုံမီးနှင့် လျှပ်စစ်မီးအတွက် လွှမနေတော့သည့် စက်ရုံထောင့် အိမ်မည်းကြီးရှေ့ သရက်ပင်ပျိုနှင့် ကပ်နေသော မီးတိုင်သို့ မီးသွားဖွင့်သည်ကို တာဝန်မှူး ဦးရဲရင့် မြင်၍ ဂိတ်လုံခြုံရေးများအား မေးနေခြင်းဖြစ်သည်။

"ခင်ဗျားတို့ကလည်းဗျာ၊ တစ်ယောက်လောက် အဖော်လိုက်သွားရောပေါ့။ မီး ဖွင့်/ပိတ်တာ မခက်ခဲပေမယ့် အဖော်…"

"အောင်မလေးဗျ၊ ကြောက်ပါပြီဗျ"

"လာကြပါဦး၊ ကြောက်တယ်၊ ကြောက်တယ်"

မီးသွားဖွင့်သော မီးဆရာဆိုသည့် ကိုသက်လွင် အော်ဟစ်ကာ ပြေးလွှားလာနေသဖြင့် တာဝန်မှူး ဦးရဲရင့်နှင့် လုံခြုံရေးဂိတ်ထဲမှ တိုးမောင်တို့ အပြေးအလွှား မတ်တိုင်ရှိရာ မီးဆရာ ကိုသက်လွင်ထံ အရောက်မှာတော့ မီးတွေက ထိန်ထိန်လင်းသွားပါပြီ။

"ဆရာ…ဆရာ ဓာတ်လိုက်ပြီထင်တယ်"

"မင်းကလည်း ဓာတ်လိုက်ရင် အော်နိုင်ပါ့မလားကွ"

"ကိုသက်လွင်…ကိုသက်လွင်၊ မကြောက်နဲ့…မကြောက်နဲ့ တောက်…ကွာ"

"ကိုသက်လွင် သတိရပြီလား"

"ဟုတ်…ဟုတ်…ဟုတ်ကဲ့၊ ကြောက်…ကြောက်တယ်၊ ကြောက်တယ်၊ သွား…သွားမယ် ဆရာ"

"မကြောက်ပါနဲ့၊ ကျွန်တော်တို့ ရောက်ပါပြီဗျ။ ဒီအိမ်မည်းကြီးကတော့ကွာ၊ တောင်းပန်လည်း မရ၊ အမိန့်ပေးလည်း မရ၊ ခက်တော့ ခက်နေပြီ"

"ဆရာရယ်…ခုမှ ခြောက်နာရီလေးဆယ်ပဲ ရှိပါသေးတယ်။ မီးဆရာ သွားတာ လင်းလင်းရှင်းရှင်းမို့ ကျွန်တော်တို့ မလိုက်တာပါ"

"တိုးမောင်…မှတ်ထား၊ ဒီအချိန်ဟာ နွားရိုင်းသွင်းချိန်ကွ။ မပေါ့နဲ့။ ကဲ-ဦးသောင်း ရေတိုက်လိုက်ဗျာ၊ ကိုသက်လွင် မကြောက်ပါနဲ့တော့"

"ဟုတ်…ဟုတ်၊ တော်ပြီ…တော်ပြီ နောက် ဘယ်တော့…ဘယ်တော့မှ ကျွန်တော် မီးသွားမချိန်းတော့ဘူး ဆရာ"

"မကြောက်ပါနဲ့ဗျာ။ နောက် မီးချိန်းမယ်ဆိုရင် ဒီက လုံခြုံရေး တစ်ယောက်နဲ့ အတူသွား။ ဟော့ - လုံခြုံရေးအဖွဲ့တွေ မီးချိန်းစရာရှိရင် အမြဲတစ်ယောက်လိုက်ပေးကြ၊ ညပိုင်းကျသူတွေကို မှာထား၊ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ - ကိုသက်လွင်၊ ပြန်တော့မလား။ ကဲ - မောင်မြ ဒီမီးဆရာကို စက်တီးနဲ့ အိမ်အထိ လိုက်ပို့လိုက်ကွာ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မီးဆရာ ကိုသက်လွင် တစ်ယောက် ဇောချွေးတွေ ချွေးသီးချွေးပေါက်ကြီးများပင် ကျရှာသည်။ အသက် ၃၀ကျော် လူငယ်သာသာ၊ လူလတ်ပိုင်းတစ်ယောက်ဖြစ်၍သာ အသက်အန္တရာယ် မဖြစ်ရ။ ကြောက်လန့်ပြီး နှလုံးထိခိုက်ပါက အသက်ပင် ပါသွားနိုင်စေသည်ကို တွေးရင်း တာဝန်မှူး ရုံးခန်းရှိရာသို့ ပြန်ခဲ့ပါသည်။

(၂)

"ဆရာ"

"အေး"

"မီးဆရာ ခုရပြန်ပြီထင်တယ်"

"အေး၊ ဂိတ်ကင်းကလည်း ၆နာရီ ၄၀ ဆိုတော့ မြင်သာထင်သာရှိတယ် ဆိုပြီး အကူလိုက်မသွားဘဲ တစ်ယောက်တည်း လွှတ်လိုက်တာပေါ့ကွာ"

"ဟုတ်တယ်လေ။ မီးဆရာလည်း သွားနေကျဆိုတော့ ဩော်…သူ မသိသေးဘူးနော် ဆရာ"

"အေး၊ ဟုတ်တယ်ကွ။ ပထမလူကတော့ သိပြီးသား။ ခု ကိုသက်လွင်ဆိုတာ လေးငါးရက်ပဲ ရှိသေးတယ် နော်"

"ဟုတ်တယ် ဆရာ"

"အင်း… အထက်ကို တင်ပြတော့လည်း ဘာအမိန့်မှ မချတော့ ငါလည်း ဘာတတ်နိုင်မှာလဲ။ ဒီအဆောက်အအုံက နိုင်ငံပိုင် အဆောက်အအုံလေ။ ငါ့သဘောနဲ့ ဖျက်ရင်လည်း ပြည်သူပိုင်ပစ္စည်း ဖျက်ဆီးမှုနဲ့ အရေးယူခံရမှာကွ။ ခက်တာပဲကွာ"

"ဆရာ… ဒီအိမ်မည်းကြီးရဲ့ သမိုင်းကို ဆရာသိလားဟင်"

"ငါလည်း အသေးစိတ် ဘယ်သိမလဲ။ စဉ်ဆက် အရာရှိတာဝန်ခံတွေ



www.burmeseclassic.com

www.burmeseclassic.com

လွဲတော့ အခြေအနေပြောပြတာ လောက်ပဲ သိတာ"

"ကျွန်တော်တို့ သိတာကတော့ သရဲမက ကပ်ပလီမပုံစံတဲ့။ ဆံပင်ကောင်းပေမယ့် တစ်ခေါင်းလုံး ကောက်ကွေးနေတယ်ဆိုပဲ"

"ဟုတ်တယ်၊ ကပ်ပလီလား၊ ကုလားလားတော့ မသိဘူးကွ။ ငါ ကြားတာကတော့ ဒီအိမ်ကြီးမှာ နေသွားတာက မျက်နှာဖြူကြီးမိသားစုတဲ့။ အဲဒီမိသားစုမှာက…"

(၃)

စက်ရုံပိုင်ရှင် မျက်နှာဖြူလူမျိုး မစ္စတာ ဂျက်ကင်းနှင့်အတူ ဇနီး မစ္စအယ်ရစ်ဂျက်ကင်း၊ သား ဂျိုးနှင့် သမီး ခရစ္စတီတို့သည် အသက် ၁၆နှစ်အရွယ် လူမည်းမလေး မာဂရက်နှင့် အတူနေကြ၏။ လူမည်းမလေး မာဂရက်မှာ အိမ်ဖော်လည်း ဖြစ်၊ မွေးစားသမီးလည်း ဖြစ်ပြီး စိတ်ထားဖြူစင်၏။ သို့သော် စိတ်မြန်လက်မြန် ကလေးမ။

မြန်မာပြည်တွင် နေပြီး ၆နှစ်ခန့်အကြာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် မစ္စ အယ်ရစ်ဂျက်ကင်းနှင့် သားသမီးတို့ သူတို့နိုင်ငံသို့ ခေတ္တဟုဆိုကာ ပြန်သွားကြ၏။ ကလေးနှစ်ယောက်ကို ကျောင်းအပ်ပြီး ပြန်လာခဲ့မည်ဟု လူမည်းမကလေး မာဂရက်အား ပြောပြီး ထားခဲ့၏။

အိမ်ရှင်လည်း ဖြစ်၊ ဖခင်လိုခင်တွယ်အားကိုးရသော မစ္စတာ ဂျက်ကင်းက လူမည်းမလေး မာဂရက်အား ဇနီးသားမယားအဖြစ် သိမ်းပိုက်လိုက်၏။ ကလေးမမွေးအောင် ဆေးဝါးတွေဖြင့် ဖန်တီးထားသည်။ မစ္စတာ ဂျက်ကင်းသည် သူ၏ စက်ရုံအား မာဂရက်မသိအောင် လျှို့ဝှက်စွာ ရောင်းစားပြီး ဇနီးသည်နှင့် ကလေးတွေ ရှိရာသို့ ပြောင်းရွှေ့ထွက်ခွာသွားခဲ့သည်ကို လူမည်းမလေး မာဂရက်တစ်ယောက် မသိရှာ။

ပြန်လာမည်ဟု ထင်နေရာမှ စက်ရုံဝယ်သည့် ပိုင်ရှင်မှ အကျိုးအကြောင်းပြောပြီး အိမ်မှ ဖယ်ရှားပေးရန် ပြောသည်တွင် လူမည်းမလေးခမျာ သနားစရာ။ ဘယ်သွားလို့ ဘယ်လာရမှန်း မသိ။ နောက်ဆုံး အရက်တွေမူးအောင် သောက်ပြီး ထိုအိမ်မည်းမည်းကြီး၏ တံခါးတွေအားလုံးကို အလုံပိတ်ကာ ဆွဲကြိုးချ သေသွားလေ၏။

လေးငါးရက်ခန့်အကြာ အပုပ်နံ့ရ၍ အိမ်တံခါးများကို ရိုက်ဖွင့်သောအခါ အလောင်းကောင်ကြီးမှာ ပုပ်ပွစဖြစ်နေ၏။ သို့အတွက် ပုလိပ်အဖွဲ့ ဂိတ်တိုင်ကာ အသုဘအား ဖြစ်သလို ပိုင်ရှင်မဲ့ ချလိုက်ရတော့သည်။

"မည်သူ တစ်ဦးတစ်ယောက်မျှ
မသွားမလာ၊
အနားပင် မကပ်ကြတော့။
နိုင်ငံတော်မှ စက်ရုံကြီးအား
ပြည်သူပိုင် သိမ်း၍
စက်ရုံလည်ပတ်မှုတွေ
တွင်တွင်ကျယ်ကျယ်လုပ်နိုင်သကဲ့သို့၊
ထိုစက်ရုံဝင်းအတွင်း
အိမ်မည်းမည်းကြီးတွေ
ခြောက်လုံးတိတိရှိသည့်အတွက်
ထိုအိမ်ကြီးကို
မည်သူမျှ ဂရုမစိုက်ကြ။
မနေကြ။"

(၄)

ထိုအိမ်မည်းမည်းကြီးအား နောက်ထပ် စက်ရုံပိုင်ရှင် တရုတ်ကြီးတို့ သန့်ရှင်းရေးလုပ်သောအခါ အလုပ်သမားတွေအား တံမြက်စည်းဖြင့် လိုက်ရိုက်သဖြင့် ထွက်ပြေးကြရသည်။ ထို့ကြောင့် ထိုအိမ်ကြီးကို မရှင်းမလင်းဘဲ ထားလိုက်ကြ၏။

မည်သူ တစ်ဦးတစ်ယောက်မျှ မသွားမလာ၊ အနားပင် မကပ်ကြတော့။ နိုင်ငံတော်မှ စက်ရုံကြီးအား ပြည်သူပိုင်သိမ်း၍ စက်ရုံလည်ပတ်မှုတွေ တွင်တွင်ကျယ်ကျယ်လုပ်နိုင်သကဲ့သို့၊ ထိုစက်ရုံဝင်းအတွင်း အိမ်မည်းမည်းကြီးတွေ ခြောက်လုံးတိတိ ရှိသည့်အတွက် ထိုအိမ်ကြီးကို မည်သူမျှ ဂရုမစိုက်ကြ။ မနေကြ။

တာဝန်ကျ အရာရှိငယ်တစ်ဦးအား တာဝန်ပေးရင်း အိမ်ပေးစဉ် ထိုအရာရှိလည်း သုံးရက်မခံ။ မိသားစုလိုက် ထွက်ပြေးရ၏။

သို့အတွက် ထိုအိမ်ကြီးပေါ်တွင် သံဃာတော်တွေ ပင့်ဖိတ်ပြီး တရားနာခြင်း၊ ပရိတ်တရားတော်များ ရွတ်ဆိုခြင်း၊ နောက်ဆုံး ၇ရက်တိတိ ပဋ္ဌာန်းဒေသနာတော်များ အသံမစဲ ပြုလုပ်ပါသော်လည်း မရ။

သို့အတွက် စက်ရုံမှူးအဆက်ဆက်၏ ပစ်ပယ်ထားသော အိမ်မည်းကြီးကား ရှိနေမြဲ တည်နေမြဲ၊ ညအခါ အိမ်အနီးကပ်သူတွေအား အမြဲခြောက်လှန့်တတ်သည့်အတွက် အနားမကပ်ရဲကြတော့ပါ။

ထို့အပြင် စက်ရုံမှ အလုပ်သမား အသက် ၂၁နှစ်အရွယ် မောင်[illegible]သည် ထိုအိမ်မည်းကြီးနှင့် က[illegible]လျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိသည့် သရက်ပင်ပို့မှ အသီးတွေ ဝင်းမှည့်နေ၍ သရက်သီးတက်ခူးစဉ်···

"အား···"

"ဗုန်း···ဗုန်း···"

"အား···ကယ်ကြပါ၊ ကယ်ကြပါ၊ သရဲ···သရဲ···သရဲ···အင့်"

အချိန်မှာ အလုပ်သိမ်းချိန် ညနေ ခြောက်နာရီခွဲဖြစ်သည်။ သရက်သီး တက်ခူးစဉ် အော်ဟစ်လိမ့်ကျပြီး သတိမရတော့သဖြင့် ဝိုင်းဝန်းပြုစုရင်း ဆေးရုံကြီးသို့ ပို့ရ၏။ ဆေးရုံကြီးရောက်မှ သတိ တစ်ချက်လည်လာ၏။

"ကြောက်ပါပြီဗျာ၊ ကြောက်ပါပြီဗျ၊ အား"

"ဟေ့ - မောင်အေး၊ မောင်အေး၊ ဘာ ကြောက်တာလဲ၊ မင်း အခု ပြည်သူ့ဆေးရုံကြီးကို ရောက်နေပြီကွ၊ ဘာမှ မကြောက်နဲ့၊ ဘာဖြစ်တာလဲ၊ ပြော-ပြော"

"ဟို···ဟို···အိမ်မည်းကြီးပေါ်က ကပ်ပလီမကြီးက ပြောတယ်။ ယောက်ျား···ယောက်ျားတွေကို မုန်းတယ်။ နင်လည်း သေရမယ်ဆိုပြီး အပင်ပေါ်က တွန်းချ···တွန်းချ··· ကြောက်ပါပြီ၊ လာပါ့မယ်ဗျာ၊ လာပါ့မယ်။ ကျွန်တော့်ကို ခေါ်နေပြီ။ သူ··· သူ့ဆီ လာရမယ်တဲ့။ ဟုတ်···ဟုတ် ··လာ···လာခဲ့···လာခဲ့ပါပြီဗျာ"

"ဟာ··မောင်အေး၊ မောင်အေး၊ မောင်အေး"

"အသက်မရှိတော့ဘူး ဆရာတို့"

"ဟာ···သွားပါပြီ၊ ဟူး···"

ဦးရဲရင့်တစ်ယောက် စိတ်မကောင်းဖြစ်ရပြန်လေပြီ။ ထိုသို့ စိတ်မကောင်းဖြစ်ရသည့်ကာလ အတွေးထဲသို့ ထိတ်လန့်ဖွယ်ရာ အတွေးတွေက တစ်သီကြီး ပြေးဝင်လာ၏။ အကြောင်းမှာ မောင်အေး နောက်ဆုံးစကား၊



ယောက်ျားတွေကို မုန်းတယ်၊ နင်လည်း သေရမယ်ဆိုတဲ့ စကား။ တစ်ဖန် အဆိုးဆုံးကား မောင်အေးမှ "ကျွန်တော့်ကို ခေါ်နေပြီ။ သူ··သူ့ဆီ လာရမယ်တဲ့။ ဟုတ်···ဟုတ်···လာ···လာခဲ့ ···လာခဲ့ပါပြီဗျာ" ဟူသော နောက်ဆုံးစကားတွေက ဦးရဲရင့်၏ အသိစိတ်ထဲ တစ်ပူပေါ် တစ်ပူဆင့်ခဲ့လေပြီလား။ လူမည်းမကလေး မာဂရက်သည် ဆွဲကြိုးချ သေဆုံးခဲ့သည့် သောကဝေဒနာမှ ဒေါသ၊ မောဟတွေဖြင့် ယောက်ျားတွေကို မုန်းခဲ့သူ။ ယခု သူ တွန်းချသည့် မောင်အေးမှာ အလွန်အေးပြီး အလွန်ကြောက်တတ်သူလေး။ သူလည်း အစိမ်းသေ သေရလေပြီ။

ဒီအိမ်မည်းကြီးကား အမြဲဒုက္ခပေးနေလေသော အိမ်မည်းကြီး။ သံဃာတော်တွေဖြင့် ပရိတ်တရားနာ၍ နှင်ပါသော်လည်း နှင်မရ၊ နှင်မရသည့်ကြားမှ ယခုတစ်ဖန် သူ့ဝန်ထမ်း လူငယ်လေးအား အရခေါ်ယူသွားလေပြီ။ လူမည်းမ သရဲအပြင်း လူငယ် သရဲပေါင်းမိသွားပါက···

"အို···ဒုက္ခပါပဲ၊ တောက်"

(၅)

ဦးရဲရင့်သည် သူ့ရုံးမှ စာရေး တင်မောင်ထွေးကို ခေါ်ကာ သူကိုယ်တိုင် ကားမောင်းပြီး ယမန်နေ့က သရဲအခြောက်ခံရလေသော လျှပ်စစ်ဝန်ထမ်း ကိုသက်လွင်အိမ်သို့ လိုက်သွားပြီး ကိုသက်လွင်၏ ကျန်းမာရေးအား မေးတော့···

"ဆရာ··· ကျွန်တော် ညက ဖျားတယ်။ ဆေးထိုး ဆေးသောက်ပေါ့။ အဘရဲ့ ရေမန်းတွေလည်း သောက်ပြီးမှ အိပ်ပျော်သွားတယ်။ ဒီမနက်တော့ သက်သာသွားပါပြီ။ ရုံးကိုတော့ အကျိုးအကြောင်းပြောပြီး ဒီနေ့ ခွင့်တိုင်လိုက်တယ် ဆရာ"

"အေးကွာ၊ စိတ်မကောင်းပါဘူး။ လုံခြုံရေးအဖွဲ့က ပြောလို့ လိုက်လာခဲ့တာ။ ဘာလိုလဲ ကိုသက်လွင်"

"ကိစ္စမရှိပါဘူး ဆရာ။ သက်သာပါပြီ"

"အေး၊ မင်း သက်သာပေမယ့် ငါ မသက်သာဘူးကွ"

"ဗျာ"

"ဪ···ဒီ···ဒီလိုပါကွ။ မနေ့က အဖြစ်အပျက်ကို သိချင်လို့။ ဒါမှ ငါ ဘာဆက်လုပ်ရမယ်ဆိုတာ အဖြေရှာလို့ ရမှာ။ ဆိုလိုတာကကွာ၊ မင်းကို ခြောက်လှန့်တာ မင်း ဘယ်လိုမြင်သလဲ၊ ဘာ့ကြောင့် လန့်သွားတာလဲဆိုတာ သိချင်လို့ပါ။ ဟို···စိတ်အေးအေးထားပြီး ပြောလို့ ရမယ်ဆိုရင်ပေါ့ကွာ"

"ရပါတယ် ဆရာ။ ကျွန်တော် အားလုံး ပြန်သတိရနေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ၊ ပြောပြပါဦး"

"ဒီလိုပါ ဆရာ။ ကျွန်တော် မီးတိုင်နားရောက်တော့ အေးအေးဆေးဆေးပါ။ မီးခလုတ်ကိုင်မယ်အလုပ်မှာ အပင်ပေါ်က လူငယ်တစ်ယောက် ခုန်ချပြီး ကျွန်တော့်ကို တွန်းမလို့အလုပ်၊ သူ့··သူ့နောက်က···သူ့နောက်က ဆံပင်ဖားလျား ကွေးကွေးကောက်ကောက်နဲ့ မျက်လုံးပြူးပြူး ဂါဝန်အမည်းကြီးနဲ့ မိန်းမကြီးဟာ အဲဒီလူငယ်ကို ဆောင့်ဆွဲလိုက်တယ်"

ထိုသို့ သရဲမကြီး၏ ဆောင့်ဆွဲမှုကြောင့် ထိုယောကျ်ားသား လူငယ်ရဲ့ ဦးခေါင်းအုပ်ခွံကြီးဟာ ကျွတ်ပါသွားပြီးနောက်၊ ကိုသက်လွင်သည် မီးခလုတ်အား ဘယ်လိုက ဘယ်လိုဖွင့်လိုက်မိသည် မသိတော့ဘဲ၊ မီးလည်း ပွင့်ရောကိုသက်လွင်ရဲ့ အပါးရောက်လာပြီး ကိုသက်လွင်ရဲ့ မီးခလုတ်ကိုင် လက်အား ဆောင့်အဆွဲမှာ ကိုသက်လွင်က လျှင်လျှင်မြန်မြန် နောက်သို့ ခုန်ဆုတ်ရင်းမှ သတိရ၍ လန့်အော်လိုက်သည်။

"အောင်မလေးဗျ၊ ကြောက်ပါပြီဗျ"

"လာကြပါဦး၊ ကြောက်တယ်၊ ကြောက်တယ်"

လို့ အော်ဟစ်သည်တွင် သရဲမကြီးသည် ကိုသက်လွင်အား ထပ်မံမဆွဲတော့ဘဲ သူ့ဝဲလက်ထဲမှာ ရှိသော ထိုလူငယ်၏ ဆံပင်တွေနှင့် အုပ်ခွံကြီးအား ယာဘက်လက်ဖြင့် ကိုင်ပြီး ထိုလူငယ်၏ လည်ကုပ်မှ ဆွဲကာ အိမ်မည်းမည်းကြီးဘက် ဆွဲယူပျောက်ကွယ်သွားသည်။

"ဆရာရယ်···ဟူး··· ပြောသာပြောရတယ်။ အရမ်းကြောက်နေတယ် ဆရာ။ မျက်စေ့ထဲမှာ ကွင်းကွင်းကွက်ကွက်ကြီးကို မြင်လိုက်ရတာပါ။ ကျွန်တော် သရဲ တစ္ဆေ မကြောက်ပါဘူး။ ဟို အခြောက်ခံရဖူးပါတယ်။ အရိပ်တွေ့တာ၊ အပင်တွေ လှုပ်ပြတာ၊ ဖြတ်လျှောက်သွားတဲ့ ခြေသံတရှပ်ရှပ်တွေလောက်သာ ကြားရတာ ဆရာရဲ့။ ခုဟာက သရဲမကြီးဟာ ဗမာ မဟုတ်ဘူး။ ကုလားလည်း မဖြစ်နိုင်ဘူး။ ဟို ကပ်ပလီမကြီးပဲ ဆရာ။ ဆရာတို့ သံဃာတွေ ပင့်ပြီး နှင်လွှတ်သင့်တယ် ဆရာ။ ဟို လူငယ်က ဘယ်သူလဲ မသိဘူး ဆရာ။ သူက ကျွန်တော့်ကို ကူညီ ကယ်တင်ချင်တဲ့ သဘောလို့ ထင်တယ် ဆရာ။ ဟူး···ပြောရင်း··ပြောရင်း ကြက်သီးထလာတယ် ဆရာ။ ကျွန်တော်တို့အနီးများ ရောက်နေသလား မသိဘူး"

"မဟုတ်တာဗျာ။ အဲဒီအိမ်မည်းကြီးက တစ္ဆေ သရဲဟာ အပြင်မထွက်ပါဘူး။ အေးပေါ့ဗျာ၊ နှင်ရဦးမှာပေါ့"

"ကဲ - ပြန်တော့မယ် ကိုသက်လွင်၊ လိုတာရှိ မှာပါ"

ဟု ပြောပြီး ကားမောင်းကာ ပြန်ခဲ့၏။ စက်ရုံထဲ ရောက်သောအခါ ထိုအိမ်မည်းမည်းကြီးဘက်သို့ ကားမောင်းသွားစဉ် သူတပည့် တင်မောင်ထွေးမှ-

"ဆရာ···ဘယ်လဲ၊ အိမ်မည်းကြီးဆီလား"

"အေး"

"နေ့ခင်းကြောင်တောင်ဆိုတော့ ထူးမှာမဟုတ်ပါဘူး ဆရာရဲ့"

"ဘာလဲ၊ မင်း ကြောက်နေပြီလား"

"မကြောက်ပါဘူး ဆရာ။ ဆရာလည်း ပါတယ်လေ··ဟဲဟဲ။ နောက်ကျောတော့ အချမ်းသား"

"မင်းကတော့ကွာ"

"ဟူး···"

ဦးရဲရင့်စိတ်ထဲမှာ ယောကျ်ားတွေကို မုန်းတယ်ဆိုသော သူ ကြားဖူးသည့် ပုံပြင်ဆန်သော ဇာတ်လမ်းထဲက အသားမည်းမလေး မာဂရက်အား သနားသလိုလို၊ ရက်စက်သော ယောကျ်ားမဆန်သည့် လူဖြူ စက်ရုံပိုင်ရှင်ကြီး မစ္စတာ ဂျက်ကင်းအားလည်း ဒေါသဖြစ်ရသလိုလို။

သို့ပါသော်လည်း သူတို့ဇာတ်လမ်း၊ သူတို့အတ္ထုပ္ပတ္တိတွေကို မေ့ထားလို့ ရပေမယ့် သူ့စက်ရုံထဲမှ ယနေ့တိုင် ရှိနေသေးသော ထိုအိမ်မည်းကြီးအား ဖျက်ခွင့်လည်း မရ၊ အလေးမထား၊ ဘေးမဲ့ထားနေမှုအပေါ် မကျေမချမ်း ဖြစ်နေရလေသည်။

"အင်း··· အထက်က လူကြီးတွေ သူတို့အခြောက်မခံရလို့လား ခက်လိုက်တာ။ ငါ့ရဲ့ ဝန်ထမ်းတစ်ယောက်လည်း အဆံစ်ပါသွားပြီ။ တင်ပြတော့လည်း ဝန်ထမ်းဟာ အပင်ပေါ်က ကျသေတာ၊ ဝန်ထမ်းတွေ အပင်ပေါ် မတက်ရဆိုတဲ့ အမိန့်က လွဲလို့···လွဲလို့···ဟူး···"

"အိမ်မည်း···လူမည်း··· နောက်ဆက်တွဲကား ဘာတွေ ဖြစ်လာပေဦးတော့မည် မသိပဲ" တွေးရင်း တွေးရင်း အိမ်မည်းကြီးအား ကျောပေးကာ ကားလေးအား မောင်းထွက်ခဲ့လေတော့သည်။■

* * *

မင်းရဲကျော်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(၁)

လောကတွင်ရှိ လူဟူသမျှသည် မည်သည့်ယုံကြည်မှုတွေ၊ ကိုးကွယ်မှုတွေ ဘယ်လိုပင် စည်းခြားနေသည်ဖြစ်စေ၊ လူသည် အခွင့်အရေးနှင့် အသက်ရှင်ရေးသည် အတူတူသာဖြစ်ပြီး အချိန်အပိုင်းအခြားပေးထားခြင်းသည်လည်း အတူတူပင်ဖြစ်သည်။

ထို့အတူ မည်သည့်လူမျိုး၏ ဘာသာတရားပင်ဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့ရိုးရာ ယဉ်ကျေးမှုပင် ဖြစ်စေ၊ ကိုယ့်လူမျိုးတို့ ပိုင်ဆိုင်ထားသော ကိုယ့်ဘာသာ၊ ကိုယ့်ယုံကြည်မှုကိုတော့ ချစ်မြတ်နိုးတတ်၊ တန်ဖိုးထားတတ်၊ ထိန်းသိမ်းစောင့်ရှောက်တတ်ရမည်သာ ဖြစ်သည်။ လူသားများ၏ ယဉ်ကျေးမှုသည် လူသားများ၏ အသက်ဖြစ်ပြီး ထိုယဉ်ကျေးမှုကို ဘာသာတရားဆိုမှနေ၍ ဆင်းသက်လာရခြင်းသာဖြစ်သည်။ ထို့ကြောင့် လူသားတိုင်း ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းလျှင် ကိုယ့်ဘာသာကို ထိန်းသိမ်းရာရောက်ပြီး ကိုယ့်လူမျိုးကိုပါ ထိန်းသိမ်းရာရောက်ပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုး၊ မြန်မာဗုဒ္ဓဘာသာဝင်တို့သည် မြန်မာဓလေ့နှင့် မြန်မာ့ယဉ်ကျေးမှုကို ချစ်ခင်တတ်၊ မြတ်နိုးတတ်၊ ထိန်းသိမ်းတတ်ဖို့ လိုလာပြီဖြစ်သည်။ အခြေအနေနှင့် အချိန်အခါသည် ပြောင်းလဲခြင်းများဖြင့် ပြောင်းလဲခြင်းများဖြင့် လူသားတို့၏ သဘာဝ ဓလေ့များ၊ ယဉ်ကျေးမှုများ၊ ကိုးကွယ်မှုများ၊ ရိုးရာများကို ပြောင်းလဲဖို့ အကြောင်းများ ဖန်တီးနေပြီဖြစ်သည်။ နိုင်ငံရေးအပြောင်းအလဲဟူသည် သမိုင်းက တောင်းဆိုခဲ့၍ ပြောင်းလဲပေးရခြင်းသည် သဘာဝကျသော်လည်း မိမိတို့၏ ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့ရိုးရာများသည် အခြေအနေအရ၊ အချိန်အခါအရ ပြောင်းလဲသွားမည်ဆိုလျှင် လုံးဝ မဖြစ်သင့်သော အရာသာဖြစ်ပါသည်။

အဘယ့်ကြောင့် အခြေအနေနှင့် အချိန်အခါအရ ပြောင်းလဲသွားမည်နည်းဟု ကျွန်တော်ဆိုလိုက်ခြင်းမှာ ယနေ့အချိန်အခါသည် ကျွန်တော်တို့ မြန်မာလူမျိုးတို့၏ အပေါ်ယံအသိအမြင်များကြောင့် မိမိယုံကြည် သက်ဝင်ရာ၊ ကိုးကွယ်ရာ ဘာသာတရားအပေါ် နက်နက်နဲနဲ မရှိဘဲ အပေါ်ယံအသိဖြင့်သာ ရှိနေသည်ဟု ဆိုချင်ပါသည်။ မိရိုးဖလာ ဘာသာတရားမျိုးမဟုတ်ဘဲ တကယ့်လက်တွေ့ကျကျသဘောမျိုးဖြင့် သက်ဝင် ယုံကြည်မှု ရှိစေချင်ပါသည်။ လက်သည်းဆိတ်တော့ လက်ထိပ်နာခိုသလို ကိုယ့်ဘာသာကို ထိပါးလျှင် လုံးဝ ခေါင်းငုံ့မခံသင့်သော စိတ်ထားမျိုး၊ ကိုယ့်ဘာသာကို ကာကွယ်တတ်သော သတ္တိမျိုးဖြင့် အရန်သင့် ရှိနေသင့်သည့် အချိန်လည်း ဖြစ်ပါသည်။

ယနေ့ မြင်တွေ့နေရသည့် အခြေအနေကို ကြည့်ပါ။

မြန်မာမိန်းကလေးအချို့၏ သရုပ်ပျက် ဝတ်စားဆင်ယင်မှု၊ အခြားလူမျိုး၊ အခြားဘာသာအပေါ် အားကိုးမှု၊ ကိုယ့်အားကိုယ် မကိုးချင်မှု၊ ထိုအရေးကို ခပ်ပေါ့ပေါ့တွေးပြီး မိမိဘာသာကို လျစ်လျူရှုမှုအချို့ ရှိနေခြင်းသည် ယဉ်ကျေးမှု ပျက်သုဉ်းခြင်းဖြစ်ပြီး မိမိဘာသာကို စော်ကားနေခြင်းသာ ဖြစ်သည်။ ယဉ်ကျေးမှုဟူသည် လူတစ်မျိုး၏ ရေသောက်မြစ်ဖြစ်ပြီး ဘာသာရေးဟူသည် လူတစ်မျိုး၏ အရိပ်ရ အကိုင်းအခက်အလက်များသာ ဖြစ်သည်မဟုတ်ပါလား။

ကျွန်တော်တို့၏ ဘာသာတရားနှင့် ယဉ်ကျေးမှုများကို အချိန်ကာလကြာမြင့်စွာဖြင့် တည်ဆောက်အရယူထားရသော တန်ဖိုးမဖြတ်နိုင်သည့် အရာများ ဖြစ်သည်ကိုတော့ ငြင်းစရာမလိုတော့ပါ။ ဘိုးစဉ်ဘောင်ဆက်၊ ရေးခေတ်အဆက်ဆက်ကတည်းက သန္ဓေစွဲလာသည့် ဘာသာတရားကို အားကိုးပြီး တည်ဆောက်လာသော ယဉ်ကျေးမှုဓလေ့များကိုလည်း ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်မှာ ကြာညောင်းလာခဲ့ပြီဖြစ်ပါသည်။ ဆက်လက်ထိန်းသိမ်းဖို့သည် ယနေ့သက်ရှိထင်ရှားရှိသူများ၏ တာဝန်သာဖြစ်ပြီး ထိုသူများ၏ လက်ထဲတွင်သာ ရှိနေပါသည်။

အခြေအနေနှင့် အချိန်ကာလဟူသည် တိုးတက်မှုဟူသော အရာများကို ခေါ်ဆောင်၍ ဝတ်စားဆင်ယင်မှုများ၊ ဓလေ့ရိုးရာများ၊ ကိုးကွယ်မှုများ ရောထွေးယှက်နွယ်လာအောင် ဖန်တီးပေးလာသည်။ ထိုဖန်တီးမှုများထဲတွင် ယဉ်ကျေးမှုကွန်ယက်၊ ဝတ်စားမှုကွန်ယက်၊ ကိုးကွယ်မှုကွန်ယက်များအပြင် တေးဂီတကွန်ယက်၊ အနုပညာကွန်ယက်များသည်လည်း ဝဲယာ-ရှေ့နောက်မှ နေ၍ ကျွန်တော်တို့လူမျိုးများအတွက် ဖြစ်တည်နေပြီဖြစ်ပါသည်။

အထူးအဆန်းဆိုလျှင် ယုံကြည်ချင်သော ကျွန်တော်တို့လူမျိုးအကျင့်အတိုင်း စမ်းသပ်ကြည့်ရာမှ ယနေ့ဆိုလျှင် အချို့မိန်းကလေး(အချို့)ဆိုလျှင် ခေတ်လွန်ရောဂါစွဲနေပြီဖြစ်သည်။ ယိုသူ မရှက်၊ မြင်သူ ရှက်ရမည့် ခေတ်လွန်ဝတ်စားဆင်ယင်မှုကို ကြည့်ပါက ဘာသာတရားကင်းမဲ့လာခြင်းကို မီးမောင်းထိုးပြလိုက်ခြင်းသာ ဖြစ်ပါသည်။ မိမိတို့၏ ယဉ်ကျေးမှုကို မချစ်တတ်တော့လျှင် မိမိဘာသာကိုလည်း ချစ်သည့်စိတ်များ လျော့ပါးလာမည်။ မိမိယဉ်ကျေးမှုကို စော်ကားရဲလျှင် ဘာသာတရားကိုလည်း စော်ကားဝံ့လာပေလိမ့်



www.burmeseclassic.com

www.burmeseclassic.com

မည်။ ယဉ်ကျေးမှုထိန်းသိမ်းခြင်း အားမနည်းအောင် ကျွန်တော်တို့ မြန်မာလူမျိုးများအနေဖြင့် အရေးတကြီး တာဝန်စာစစ်ရပ်အဖြစ် ကြိုးစားကြမှသာ ဘာသာ၊ သာသနာ ထိန်းသိမ်းရာရောက်ပါလိမ့်မည်။

ကမ္ဘာပေါ်တွင် ဘာသာငါးမျိုးတည်ရှိရာ ကိုးကွယ်မှု အင်အားစာရင်းကို ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။ ခရစ်ယာန်ဘာသာ ကိုးကွယ်သူ သန်း ၁၆၀၀၊ အစ္စလာမ် ဘာသာကိုးကွယ်သူ သန်းပေါင်း ၁၃၀၀၊ ဟိန္ဒူဘာသာကိုး ကွယ်သူ သန်းပေါင်း ၉၀၀၊ မဟာယာနဗုဒ္ဓဘာသာကိုးကွယ် သူ သန်းပေါင်း ၆၅၀၊ ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်သူ သန်းပေါင်း ၁၅၀သာ ရှိသည်။ လေ့လာမိသောအခါ ကျွန်တော့် အနေနှင့် အတော်ပင် တုန်လှုပ်မိပါသည်။ မိမိအနားဝန်းကျင် လေးတွင် ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်ဘာသာကိုယ် အထင်ကြီးနေမိသည့် ကျွန်တော့်အနေနှင့် ကမ္ဘာချီပြီး ယှဉ် ကြည့်မိသည့်အခါ ကျွန်တော်တို့၏ ဗုဒ္ဓဘာသာဝင်အင်အား သည် ပင်လယ်နှင့် နွားခြေရာခွက်လို ကွာခြားနေပါသည်။

သို့ကြောင့် အင်အားနည်းသည့်အထဲ ဘာသာရေး အခြေခံတရားဖြစ်သည့် ယဉ်ကျေးမှုမှ အစပြု၍ ချွတ်ချော် တိမ်းပါးနေကြမည်ဆိုလျှင် မကြာခင်အချိန်အတွင်း လက်ရှိ အင်အားထက် များစွာ အနုတ်လက္ခဏာပြနေပါလိမ့်မည်။ မိမိဘာသာကို မိမိမထိန်းလျှင်၊ မချစ်လျှင်၊ တန်ဖိုးမထားလျှင် မိမိတို့၏ ဘာသာတရားသည် ကမ္ဘာပေါ်မှာ လုံးဝရှာရတော့ မည်မဟုတ်ဘဲ အရှိုးပေါ် အရေတင်ဖြစ်သွားပါလိမ့်မည်။

(၂)

ကျွန်တော့်အနေနှင့် ဘာသာတရားနှင့် ပတ်သက်ပြီး ဝမ်းသာစရာသတင်းတစ်ခု တင်ပြချင်ပါသေးသည်။ ကျွန်တော် တို့၏ ထေရဝါဒ ဗုဒ္ဓဘာသာသည် ကမ္ဘာ့ဘာသာကြီးများထဲ တွင် "ကမ္ဘာ့အကောင်းဆုံး ဘာသာဆု"ရခဲ့ခြင်းဖြစ်ပါသည်။ ဤဆုကို ၂၀၀၉ခုနှစ်၊ ဇူလိုင်လ ၁၅ရက်နေ့တွင် ဂျီနီဗာမြို့ ၌ အခြေစိုက်သည့် နိုင်ငံတကာ ဘာသာပေါင်းစုံ မဟာမိတ် ဖြစ်ပေါ်တိုးတက်ရေးအသင်းကြီး(ICARUS)က နိုင်ငံတကာ မှ ဘာသာရေးခေါင်းဆောင်များကို ဖိတ်ကြားခဲ့ပြီး မိမိတို့၏ ယုံကြည်သက်ဝင်ရာ ဘာသာအကြောင်းကို ဆွေးနွေးစေခဲ့ သည်။ ထို့နောက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို အခြေခံ၍ ဘာသာအလိုက် ဘာသာရေးခေါင်းဆောင်များကို ကမ္ဘာ့အမွန်မြတ်ဆုံး ဘာသာရွေးချယ်ပွဲအတွက် မဲဆန္ဒပေး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဤသို့ ရွေးချယ်ခဲ့ရာတွင် ကမ္ဘာ့ ဘာသာကြီးများ၏ ဘာသာရေးခေါင်းဆောင် ၂၀ကျော်သည် မဲဆန္ဒပေး ဆုံးဖြတ်ခဲ့ရာ ကျွန်တော်တို့၏ ဗုဒ္ဓဘာသာကို ထောက်ခံခဲ့ကြပါတော့သည်။

ထိုအမွန်မြတ်ဆုံး ဘာသာဆုရွေးချယ်ပွဲတွင် တက် ရောက်လာသူ ၂၀ထဲ၌ ဗုဒ္ဓဘာသာဝင်ခေါင်းဆောင်အင်အား သိပ်မပါပါ။ အခြားဘာသာများသာ အင်အားအများဆုံး ပါဝင် ခဲ့ပါသည်။ သို့သော် အခြားဘာသာဝင်များ၊ ခေါင်းဆောင်များ သည် ဗုဒ္ဓဘာသာကို အမွန်မြတ်ဆုံးဆုပေးလိုက်ခြင်းသည် မယုံကြည်နိုင်စရာဖြစ်ခဲ့ရပြီး အတိုင်းထက်အလွန် ဝမ်းသာ အားရဖြစ်မိခြင်းပင်။

ထိုအမွန်မြတ်ဆုံးဆု ပေးအပြီးတွင်…

"ဗုဒ္ဓဘာသာဟာ ကမ္ဘာ့အမွန်မြတ်ဆုံး ကိုးကွယ်ရာ ဘာသာဖြစ်လာတာက အံ့သြစရာမဟုတ်ပါဘူး။ ဘာ့ကြောင့် လဲဆိုတော့ အခြားအခြားသော ဘာသာတွေမှာ ဘာသာရေး စစ်ပွဲတွေ ဖြစ်ခဲ့ပေမယ့် ဗုဒ္ဓဘာသာနဲ့ ဆိုင်တဲ့ ဘာသာရေး စစ်ပွဲဆိုတာ ဘယ်စာပေကျမ်းဂန်မှာမှ အရိပ်အမြွက်တောင် မတွေ့ခဲ့ရလို့ပါပဲ။ အခြားအခြားသော ဘာသာတွေမှာ ကိုး ကွယ်ရာ ဘုရားသခင်က အမှားတစ်ခုလုပ်ခဲ့ရင် တိုက်ခိုက် ဖို့ လက်နက်ကို အသင့်ပြင်ထားရပါတယ်။ ဗုဒ္ဓဘာသာဝင် တွေဟာ ဘာသာရေးအတွက် စစ်ရေးမပြင်ကြပါဘူး။ အခြား အခြားသော ဘာသာဝင်တွေမှာ မတွေ့ရတဲ့ ငြိမ်းချမ်းရေး လမ်းစဉ်ကို ဗုဒ္ဓဘာသာဝင်တွေ လိုက်နာလေ့ကျင့်နေလို့ပါ ပဲ"လို့ ထို(ICARUS) အဖွဲ့ကြီး၏ သုတေသနညွှန်ကြား ရေးမှူး ဂျိုနာဟာ့(Jonna Hult)က တင်ပြခဲ့ပါသည်။ ထို့ အတူ ကက်သလစ်ဘာသာ ဘုန်းတော်ကြီးဖြစ်သော ဘဲလ် ဖတ်(Belfast)မှ ဖာသာတက်အိုရှောင်နက်ဆီ(Father Tecl O'shaungnessy)ကလည်း…

"ကျုပ်က ကက်သလစ်တရားကျောင်းကို ချစ်ပါတယ်။ ဒါပေမယ့် ကျုပ်တို့က လူသားအချင်းချင်း သတ်ဖြတ်တဲ့အခါ ဒါဟာ ဘုရားသခင်ရဲ့ အလိုတော်ကျဖြစ်တယ်လို့ ပြောရပြီး ကျမ်းစာထဲမှာ ပါတဲ့ ချစ်ခြင်းမေတ္တာတရားတွေကိုတော့ မဆုံးနိုင်အောင် ဟောပြောပို့ချနေရတယ်။ ဒီအချက်ကို ကျုပ် စိတ်ထဲမှာ ဘဝင်မကျဘူး။ ဒါကြောင့် ကျုပ်ရဲ့ ဆန္ဒမဲကို ဗုဒ္ဓဘာသာကို ပေးလိုက်ရတယ်"

BURMESE CLASSIC .com

ဟူ၍ ရင်ဖွင့်ခဲ့ပါသည်။

လောကတွင် ဘယ်သူတွေ ဘယ်ဘာသာပဲ ယုံကြည် ပါစေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိပါသည်။ သို့သော် စစ်မှန်သော ကျွန်တော်တို့၏ ဘာသာအတွက်ကိုမူ စစ်မှန် သော ဘုရားအရိပ်၊ တရားအရိပ်၊ သံဃာ့အရိပ်တို့ကြောင့် တုံ့ပြန်ရရှိသည့် သစ္စာတရားဟူ၍သာ နားလည်မိပါသည်။ ပတ္တမြားမှန်၍ နွံမနစ်ခြင်းဖြစ်ပြီး ထင်ပေါ်၍ စင်ဝေ…

www.burmeseclassic.com

www.burmeseclassic.com

ကောက်လိုက်ခြင်းသာ ဖြစ်ပါသည်။

ထို့နောက် အမွန်မြတ်ဆုံး ဘာသာဆုနှင့် ပတ်သက်၍ ပါကစ္စတန်နိုင်ငံမှ မူဆလင်ဘာသာရေးခေါင်းဆောင် တယ်လ်ဗင်ဝါဆက်(Tal Bin Wassad)က…

"ကျွန်တော်က မူဆလင်ဘာသာကို ယုံကြည်ကိုးကွယ်သူပါ။ ဒါပေမယ့် မူဆလင်ဘာသာမှာ ပုဂ္ဂိုလ်ရေးထက် ဘာသာရေးအပေါ်မှာ အခြေခံပြီး သွေးမြေကျမှုတွေ၊ ဒေါသ အာဃာတများမှုတွေ ဖြစ်ခဲ့တယ်။ ဗုဒ္ဓဘာသာမှာ ဒါတွေ မရှိခဲ့ဘူး။ ကျွန်တော့်ရဲ့ အကောင်းဆုံး မိတ်ဆွေတချို့က ဗုဒ္ဓဘာသာဝင်တွေပါ"

ဟု အခြေခံသဘောတရားအမြင်ကို ရင်ဖွင့်ပြရင်း အမှန်တရားကို ထောက်ခံစကားဖြင့် ပြောခဲ့ပါသည်။

ဂျေရုဆလင်မြို့မှာ ဂျူးဘာသာခေါင်းဆောင် ရက်ဆီဂျက်မြူရယ်ဝက်ဆာကိုန်းကလည်း …

"ဟုတ်ပါတယ်။ ကျွန်တော်က ဂျူးအယူဝါဒကို ချစ်ပါတယ်။ ဂျူးဝါဒဟာ ကမ္ဘာ့အကောင်းဆုံး ဝါဒလို့ ထင်ပါတယ်။ ဒါပေမယ့် ရိုးသားစွာ ပြောရမယ်ဆိုရင် ကျွန်တော်ဟာ နေ့စဉ် ဂျူးဘာသာကိုးကွယ် ဆုတောင်းမှု လုပ်ပြီးတိုင်း ဗုဒ္ဓဘာသာရဲ့ ဝိပဿနာတရားကို ကျင့်ကြံမှု လုပ်လာတာ ၁၉၉၃ ခုနှစ်ကနေ ယနေ့အထိပါပဲ"

ဟူ၍ အမှန်ကို အမှန်ဟု ရဲရဲကြီး ထောက်ပြခဲ့သည်။

သို့ဖြစ်၍ ကျွန်တော်တို့ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ဗုဒ္ဓဘာသာဝင် လူမျိုးဖြစ်ခွင့်ရခဲ့ခြင်း၏ အတိတ်ဘဝကံကို ကျေးဇူးတင်မဆုံး ဖြစ်ရပါတော့သည်။

ကျွန်တော်တို့၏ ဗုဒ္ဓဘာသာအယူဝါဒအပေါ် အခြားအခြားသော ဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့ဝင်များက ကမ္ဘာ့အလယ်တွင် ဤမျှ ယုံကြည်မှု ပေးနေပါလျက် ယနေ့ ကျွန်တော်တို့ မြန်မာလူမျိုးများအနေဖြင့် ပို၍ ပို၍ ထိန်းသိမ်းသင့်ပါသည်။ တိုး၍ တိုး၍ ယုံကြည်သင့်ပါတော့သည်။

ပါဠိပညာရှင် ဒေါက်တာ ရိုင်းစ်ဒေးဗစ် ဆိုသူသည် ပညာရှင်တစ်ဦးဖြစ်ပြီး ခရစ်ယာန် ဓမ္မဆရာတစ်ဦး၏ သားဖြစ်သည်။ သူသည် ဗုဒ္ဓကျမ်းစာများကို ဖတ်ရင်းနှင့် ဗုဒ္ဓဘာသာကို အင်္ဂလိပ်ဘာသာပြန်ဆိုရင်း ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာခဲ့သည်။ ၎င်းက ကျွန်တော်တို့ ဗုဒ္ဓဘာသာနှင့် ပတ်သက်၍-

"ကျွန်ုပ်သည် ကမ္ဘာ့ဘာသာကြီးများကို လေ့လာခဲ့သည်။ ဗုဒ္ဓဘာသာ၏ သစ္စာလေးပါး တရားတော်သည် လုပမှုနှင့် ပြည့်စုံမှုရှိသည်။ ထိုအချက်ကို ကျော်နိုင်သောအရာ မည်သည့်ဘာသာတွင်မှ မတွေ့မိပါ။ ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ ဘဝကို ထိုဗုဒ္ဓဘာသာလမ်းကြောင်းအတိုင်း ပုံဖော်ခဲ့ပါသည်။ ဤသို့ ကျွန်ုပ်၏ ဘဝလမ်းကြောင်းကို ပုံဖော်ရသဖြင့် မိမိကိုယ်မိမိ နှစ်သိမ့်ကျေနပ် အားရမိပါသည်"

ဟူ၍ ဝန်ခံထားခြင်းကလည်း ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တိုင်းအတွက် ပို၍ကျေနပ်ပေးကြရမည်သာ ဖြစ်ပါသည်။ သို့သော် ဆိုခဲ့သည့်အတိုင်း အခြေအနေနှင့် အချိန်အခါသည် ပြောင်းလဲခြင်း နိယာမ တရားထဲ ဝဲလည်နေပြီ ဖြစ်သည်။

ခေတ်၏ တိုးတက်မှုကို အကြောင်းပြု၍ အခွင့်အရေးယူကာ ခေတ်လွန် ယဉ်ကျေးမှု သရုပ်ပျက်ခြင်းဖြင့် မိမိဘာသာတရားကို ထိပါးစေသည့် အပြောအဆို၊ အနေအထိုင်၊ အသွားအလာ၊ ဝတ်စားဆင်ယင်မှုမျိုးများကိုတော့ ရှောင်ရှားသင့်သည်ဟု မှတ်ချက်ပေးလိုပါသည်။

ယဉ်ကျေးမှုကို မလေးစားဘဲ ခေတ်နှင့် အမီလိုက်နေကြမည်ဆိုပါက ဘာသာရေးကို စော်ကားသလိုမျိုး ဖြစ်နေမည်ဖြစ်သည်။ ကျွန်တော်တို့၏ ဘာသာကို အခြားဘာသာကြီးများက နံပါတ်တစ်ပေးထားသည်ကိုလည်း သတိရနေရမည်သာ ဖြစ်ပါသည်။ အခြားဘာသာဝင်တွေ အထင်သေးမသွားအောင်လည်း ထိန်းသိမ်းနေကြရမည်သာ ဖြစ်သည်။

ဘာသာရေးသည် ယုံကြည်မှုကို အခြေခံသည်။ ထို့နောက် ကိုးကွယ်မှုကို ထပ်ဆင့်အခြေခံပြီး တန်ဖိုးထားမှုဖြင့် ထိန်းချုပ်ထားရပါသည်။ ဘုရားရှင်၏ တရားတော်များကို ကျင့်ကြံပွားများရင်းဖြင့်သာ ထိန်းချုပ်ပါမှ ဘာသာရေး၊ သာသနာရေးသည် ကမ္ဘာတည်သရွေ့ ရှင်သန်ခွင့်ရမည်သာ ဖြစ်ပါသည်။

(၃)

ယခု ကျွန်တော်တင်ပြနေသည်မှာ ဝါးလုံးသိမ်း ရမ်းပြီး ဘာသာတရားကင်းနေသည်၊ ပျက်နေသည်ဟု မဆိုလိုပါ။ ဗုဒ္ဓဘာသာဝင်တွေ ဘာသာရေးမရှိဟု ပြောနေခြင်း မဟုတ်ပါ။ အပေါ်ယံအသိ ခပ်ပါးပါးလေးနှင့် သက်ဝင်ယုံကြည်မှုမျိုးမဟုတ်ဘဲ နက်ရှိုင်းစွာဖြင့် ယုံကြည်မှုရှိသည့် တကယ့်ဗုဒ္ဓဘာသာဝင်ကောင်း ဖြစ်စေလိုပါသည်။ ထို့ကြောင့် ဘာသာရေး၏ အခြေခံ အချက်အလက်များကို လေ့လာ၊ ထို့နောက် ကျယ်ပြန့်စွာ လိုက်စားပြီး မိမိဘာသာကို ထိန်းသိမ်းလိုပါသည်။

ယနေ့အချိန်တွင်တော့ ဘာသာရေးကို အကြောင်းပြုကာ အလှူခံအတုတွေ ပေါ်နေသည့်ကိစ္စ၊ ဘုရားပရိဝုဏ်ပေါ် မဖွယ်မရာပြုမူသည့်ကိစ္စ၊ ဘုရားခေါင်းဖြတ်ပြီး ရောင်းစားသည့်ကိစ္စ၊ ဘာသာရေးကို ခုတုံးလုပ်ပြီး စီးပွားရှာနေသည့်


www.burmeseclassic.com

www.burmeseclassic.com

ကိစ္စများသည် လုံးဝ မရှိသင့်သောအရာများ ဖြစ်သည်။ မိမိဘာသာကို အခြားဘာသာက ဖျက်ချင်ရင်တောင်မှ အဝေးကသာ လှမ်းပြီး ဖျက်နိုင်မည်။ မိမိတို့ဘာသာဝင်စစ်စစ်များက ဖျက်မှသာ ဘာသာပျက်မည်ဖြစ်သည်။ သို့သော် ဗုဒ္ဓဘာသာဝင်များ သိထားဖို့ကတော့ လူမျိုးပါက လူမျိုးပျောက်ဆိုသော စကားကို အမှတ်မထား၍ မရပါ။

ဤနေရာတွင် ဖြစ်ရပ်တစ်ခုကို တင်ပြလိုပါသည်။ ဘာသာရေးနှင့် ပတ်သက်သည့်အကြောင်းဖြစ်ပါသည်။ ဗဟုသုတကင်း၊ မိမိဘာသာတရားအပေါ် လေးနက်မှုမရှိသည့် မိဘကြောင့် သမီးဖြစ်သူ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းဖြစ်သည်။ မိဘဖြစ်သူကိုက ဘာမှမသိ၍ သားသမီးကိုလည်း သိအောင် သင်ပေးဖို့ ခက်ပါလိမ့်မည်။ ထို့ကြောင့် ဒုက္ခတွေ့ကြရသည်လည်း ရှိပါသည်။ လူနာသည် ဆရာဝန်၏ သားကောင်၊ လူအသည် လူလည်၏ သားကောင်၊ ဘာသာတရားကင်းမဲ့သူသည် အခြားလူမျိုးခြား၏ သားကောင်ဟု ဆိုပါသည်။

တင်ပြလိုသည့်အကြောင်းမှာ မြန်မာပြည်အလယ်ပိုင်းရှိ မြို့တစ်မြို့ပေါ်က မိသားစုအကြောင်း။

မိသားစုတစ်စုတွင် မိန်းမပျိုလေးတစ်ဦးရှိသည်။ ဆင်းရဲကြသည်။ ပညာဉာဏ်အတွေးအခေါ်ကင်းသည်။ မိဘများမှာ နာမည်ခံ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပြီး တစ်နေ့တွင် မိခင်ဖြစ်သူက သမီးဖြစ်သူအား အိမ်ထောင်ချပေးဖို့ ပြောလာသည်။ အိမ်ထောင်ချပေးမည့်သူမှာ ဘာသာခြားဖြစ်နေသည်။ သမီးဖြစ်သူက အသက်ငယ်သေးကြောင်း၊ အိမ်ထောင်မပြုချင်သေးကြောင်း ပြောလည်း မရပေ။ သမီးကို ရောင်းစားသည့် သဘောမျိုးဖြစ်နေသည်။ သမီးဖြစ်သူက ငြင်း၊ မိခင်က ခြိမ်းခြောက်၊ နောက်ဆုံးတွင် မိခင်ဖြစ်သူက သမီးဖြစ်သူကို ဘာသာခြားနှင့် အဓမ္မပေးစားဖို့ ကြံသည့်အခါ အမျိုးသမီးခမျာ ပဋာမြေလူး အရူးမီးဝိုင်းဖြစ်သွားသည်။ နောက်ဆုံး မိခင်စကားအကြံအစည်ကို စွန့်ကာ မိမိဘာသာအတွက်သာ ငဲ့ပြီး ထိုမိန်းကလေးမှာ သူ့ဘဝသူ ကြိုးပေးကွပ်မျက်လိုက်တော့သည်။

ထိုအဖြစ်အပျက်ကလေးသည် တကယ့်အဖြစ်အပျက်ဖြစ်သည်။ ကျွန်တော်ဆိုလိုသည်မှာ အခြေခံကျကျ အနှစ်သာရရှိရှိ ဘာသာဝင်မဟုတ်ဘဲ၊ ဆီပေါ်ရေပွမာ အနှစ်မရှိသည့် ဘာသာဝင်ဖြစ်နေသည့် မိခင်ဖြစ်သူကို ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်သည့် သမီးက သင်ခန်းစာပေးသွားခြင်းသာ ဖြစ်

သို့သော် ထိုမိန်းကလေးသည် သူ့မိဘတွေသာမက၊ မြန်မာပြည်ရှိ မိန်းကလေးအားလုံးကိုပါ ဘာသာရေးနှင့် ပတ်သက်၍ သင်ခန်းစာပေးသွားခြင်းသာ ဖြစ်ပါတော့သည်။

အချုပ်အားဖြင့် ယနေ့ ဗုဒ္ဓဘာသာဝင်တွေအားလုံး ယောက်ျားသား၊ မိန်းမသားအပါအဝင် အားလုံး တကယ့်ဗုဒ္ဓဘာသာစစ်စစ်များဖြစ်အောင် လုပ်ကြဖို့ အချိန်ရောက်နေပါပြီ။ ကိုယ့်ဘာသာကို ထိန်းသိမ်းဖို့၊ စောင့်ရှောက်ဖို့ အချိန်ကျနေပါပြီ။ ပြောင်းလဲနေသည့်ခေတ်ကိုလည်း အမီလိုက်ရင်း မိမိတို့ရဲ့ ဘဝ၊ မိမိတို့ရဲ့ ယဉ်ကျေးမှု၊ မိမိတို့ရဲ့ ဘာသာရေးကိုလည်း ကာကွယ် တန်ဖိုးထားကြရပါမည်။

အသွားအလာ၊ အနေအထိုင်၊ အပြောအဆို၊ အမူအရာများကို ဆင်ခြင်၍ ဗုဒ္ဓဘာသာ၏ နက်နဲမှု၊ ဖြူစင်မှု၊ မှန်ကန်မှုတို့ကိုလည်း လေ့လာလိုက်စား၍ မိမိအသက်နှင့်လဲ၍ ကာကွယ်နိုင်သည်အထိ ယုံကြည်မှုရှိအောင် နေကြရပါမည်။

လူသည် ယုံကြည်မှုနှင့် အသက်ရှင်နေကြသည်။

လူသည် ဘာသာရေးကို အခြေခံ၍ အသက်ရှင်နေကြရသည်။

လူသည် ယဉ်ကျေးမှုကို အခြေခံ၍ အသက်ရှင်နေကြရသည်။

လူသည် အရက်တရားနှင့် အသက်ရှင်နေကြရပါသည်။

မှန်ပါသည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် ဗုဒ္ဓဘာသာဝင်အားလုံးကို ဗုဒ္ဓဘာသာဝင်စစ်စစများဖြစ်ပြီး ကိုယ့်ဘာသာကို ထိန်းသိမ်း၊ ကာကွယ်၊ စောင့်ရှောက်၍ တန်ဖိုးထားသူများ ဖြစ်ပါစေ။ ဘာသာတရားကို အရက်တံရားဖြင့် ကာကွယ်စောင့်ရှောက်ပြီး အသက်ဆက်ရှင်ပါစေဟု ဆန္ဒပြုရင်း အိန္ဒိယ ဝန်ကြီးချုပ် နေရူးစ်၏ အဆိုအမိန့်တစ်ခုဖြင့် ဆောင်းပါးကို နိဂုံးချုပ်အပ်ပါသည်။ ဗုဒ္ဓဘာသာဝင်များ အရက်ကို ရင်း၍ အသက်ဆက်ရှင်နိုင်ကြပါစေ။

"ဗုဒ္ဓ၏ တရားတော်သည်၊
ကမ္ဘာပေါ်ဝယ်...
အဏုမြူဗုံးများ၊ ဟိုက်ဒရိုဂျင်ဗုံးများ
ရှိနေသည်ထက်...
ပို၍ လိုအပ်သောအရာဖြစ်သည်"တဲ့။

* * *

ဗွေဒင်းကြီးသားတင်ဝင်းဦး

(ရည်ညွှန်း။ ။ မေတ္တာရှင်(ရွှေပြည်သာ)၊ မေတ္တာရှင်(ကြယ်တစ်ပွင့်)တို့၏ "ဘုရားမတည်ခြင်းအပြစ်"နှင့် "အရှည်ကိုက်၍ သေရခြင်း"စာအုပ်ကို မှီငြမ်းပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဆံကျင် တာရာထွန်းပေလိမ့်

မောင်ရဲလှ

"ယုဂန်လမ်းမြင်၊ လမ်းထိပ်သခမ္ဘူ၊
စိန်းစိတြာ ဆံကျင်မင်း၊
နန်းမိတ်သဟာ သဘင်ကျင်းလို့၊
ယှဉ်ပြိုင်မယွင်း၊ ထွန်းလျံချိန်။"

သည်တေးထပ်ကလေးက စလေ ဦးပုညရဲ့ "မြရစ်ခွေ ချီ"အစချီတဲ့ တေးကဗျာလေးထဲကပါ။ တန်ခူးလဟာ စန်းခေါ်တဲ့ လမင်း၊ စိတြနက္ခတ်နဲ့ ဆံကျင်တာရာတို့ ယှဉ်ပြိုင်ထွန်းတဲ့ လပါ။ လပြည့်ည သန်းခေါင်ယံအချိန်မှာ အတူမွန်းတည့်ကြတယ်လို့ ဆိုပါတယ်။ မွန်းတည့်ဆိုတာ လူငယ်တွေ နားလည်ပါ့မလား။ နက္ခတ်ဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်တယ်။ မွန်းတည့်ဆိုတာ ကောင်းကင်အလယ်တည့်တည့်မှာ ဒီသုံးခု ယှဉ်ပြီး လင်းနေတယ်လို့ ဆိုတာပါ။ ညမှာ သန်းခေါင်ဆိုလျှင် ဒီသုံးခုထွန်းပြီး နံနက်လင်းတော့ အတူဝင်သွားတယ်လို့ ဆိုလိုခြင်းပါ။ ဒါကိုပဲ ရာသီဖွဲ့စာဆို ဦးပုညက ဆိုခဲ့တာဖြစ်တယ်။

တန်ခူးလရဲ့ စန်းယှဉ်နက္ခတ် "စိတြနက္ခတ်"ကိုတော့ လူသိများပါတယ်။ ဗေဒင် ၁၂ရာသီခွင်တွေ ခေတ်စားတော့ အတော်အတန် သိနေကြမှာပါ။ ရာသီဖွဲ့ သီချင်းတွေ၊ တေးကဗျာတွေမှာ မကြာခဏတွေ့ရတတ်ပေတယ်။ ဒါပေမယ့် ဆံကျင်တာရာကိုတော့ အကျယ်တဝံ့ ရှင်းမပြတတ်ကြပေဘူး။ အမည်ပဲ သိပြီး တာရာက ဘာ-ညာမသိ ဖြစ်ကြရပါတယ်။

ဆံကျင်တာရာ ဆိုတာ ဘာလဲ။ ဆံကျင်တာရာဟာ နက္ခတ်ယှဉ် စန်းယှဉ်တာရာပဲ ဖြစ်တယ်။ ပါဠိဘာသာ "ရုဋ္ဌ"ကို မြန်မာမှုပြုထားတာပါ။ တိုက်ရိုက် အဓိပ္ပာယ်ကတော့ ဦးစွန်း၊ ဦးစွန်းဖုတ်၊ အမောက်လို့ ဆိုရပါ့မယ်။ ဒါကို မခေါ်ကြဘဲ ဆံကျင်လို့ပဲ မြန်မာမှုပြုကြတယ်။ အခုခေတ်မှာတော့ "ဆံကျင်"ဆိုတဲ့ ဝေါဟာရဟာ အတော်အသုံးနည်းနေပါပြီ။ သည်တော့ ဆံကျင်ကို ရှေးဦးစွာ ရှင်းပြပါရစေ။

"နားတောင်းဆံကျင်၊ သျှောင်ဆံကျင်၊ ဆံကျင်မျိုးတစ်ချက်"လို့ သတ်ပုံအလင်္ကာမှာ ပါတယ်။ နားမှာ ဝတ်တဲ့ နားတောင်းတန်ဆာကို ဆံကျင်လို့ခေါ်တဲ့ အကြောင်းပါ။ သျှောင်မှာ၊ ဆံထုံးမှာ ထိုးထားတဲ့ တန်ဆာကိုလည်း ဆံကျင်လို့ ခေါ်ပါတယ်။ ဦးဩရဲ့ ကဗိလက္ခဏာ သတ်ပုံမှာတော့ "ဆံကျင်မြိတ်ချပ်၊ ရွှေနားကပ်၊ စွပ်ကပ်ဆင်၊ တန်ဆာ"လို့ ဖွဲ့ထားတယ်။ ဆံကျင်တာရာ ဆိုတာကတော့ ဆံကျင်နဲ့ သဏ္ဌာန်တူတဲ့ ကြယ်အစုအဖွဲ့အစည်းလို့ အဓိပ္ပာယ်ရပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဆံကျင်နဲ့ တူတဲ့ ကြယ်စုဟာ ဆံကျင်တာရာပါ။ "ပမာနှိုင်းသင့်၊ ပုံတူဖွင့်သော်၊ ဆံကျင်သဘော တူလမော၏"လို့ အာဂာသစာရီ နက္ခတ်လင်္ကာမှာ ညွှန်းထားပေတယ်။

သို့ဆိုလျှင်တော့ နှာပန်းတန်ဆာ ဆံကျင်လား။ သျှောင်မှာ ထိုးတဲ့ ဆံကျင်လား၊ ဝေခွဲကြည့်စို့။ ရှေးခေတ် နက္ခတ်ပညာရှင် ကျမ်းပြုပုဂ္ဂိုလ်တို့ဟာ ဆံကျင်တာရာကို ကြယ်လုံးရေသတ်မှတ်ပြီး ပုံဖော်ခဲ့ကြတယ်။ ဆံကျင်နှစ်မျိုးလုံးကိုပဲ ပုံဖော်လေ့လာခဲ့ကြောင်း တွေ့ရသဗျ။

ရှာရှာဖွေဖွေနဲ့ လေ့လာရင်းက တာရာများပုံ ပါတဲ့ ပုရပိုက်နှစ်ဆူကို ရှာဖွေတွေ့ခဲ့ပါတယ်။ ပုရပိုက်ဆိုတာကို ယနေ့ခေတ် လူငယ်တွေ နားလည်ပါ့မလားဘဲ။ ပုရပိုက်ဆိုတာ ရေးတုန်းက စာရေးတဲ့ မှိုင်းခံ စက္ကူအဖြူကို ဆေးသုတ်ကန့်ကူဆံနဲ့ ရေးတဲ့ စာပါ။ စာအုပ်ပေါ့။ ပေစာ၊ ပုရပိုက်စာဆိုတာ ရှေးက စာရွက်မပေါ်ခင်(စက္ကူမရှိခင်)က ရေးခဲ့ရတဲ့ စာပေတွေပေါ့။ အဲဒီ ပုရပိုက်နှစ်ဆူစလုံးမှာ ဆံကျင်တာရာကို တွေ့ခဲ့ရတယ်။ ပုံတွေနဲ့ခင်ဗျ။ အဲဒီမှာတော့ ဆံကျင်တာရာကို သျှောင်နဲ့ ဆံထုံးမှာ ထိုးတဲ့ ဆံကျင်ပုံအတိုင်း ရေးဆွဲထားတာ တွေ့ရတယ်။ သို့သော် တစ်ခုနဲ့ တစ်ခု မတူပြန်ပေ။ ကြယ်စုအနေအထားကတော့ ကြယ်ငါးလုံးစီ ပါဝင်တယ်။ အတူတူပင်။

BURMESE CLASSIC .com



တာရာ

တာရာနဲ့ ပတ်သက်ပြီး မြန်မာအဘိဓာန်အကျဉ်းချုပ်မှာ ပုရပိုက်မူဆိုပြီး ပုံတူကူး ရေးဆွဲဖော်ပြထားတယ်။ အဲဒီမှာတော့ နားဝတ်တန်ဆာ ဆံကျင်ပုံသဏ္ဍာန်အတိုင်း ရေးထားတယ်။ "ဆံကျင်တာရာ သုံးလုံးသာတည်း"လို့ အာဂာသစာရီ နက္ခတ်လင်္ကာအတိုင်း ကြယ်လုံးရေသတ်မှတ်ထားတာ တွေ့ရပါတယ်။

နေမိတ္တ ဝိဇ္ဇာကျမ်းမှာတော့ ဆံကျင်တာရာသုံးလုံး ဆံကျင်သဏ္ဍာန်လို့ လာရှိတယ်။ ဆံကျင်တာရာကို ကောင်းကင်မှာ လက်တွေ့ရှာနိုင်တယ်။ တန်ခူးတစ်လလုံး ဆံကျင်တာရာ ထွန်းလင်းတယ်။ လမင်းနဲ့ ယှဉ်တဲ့ ကာလဖြစ်သဖြင့် ရှာဖွေဖို့ အကောင်းဆုံးလည်း ဖြစ်ပေတယ်။

ရှေးဦးစွာ အများသူငါ ရှာနေတဲ့ ခုနစ်စဉ်ကြယ်ကို မြောက်ဘက် ကောင်းကင်ပြင်မှာ ရှာပါ။ ခုနစ်စဉ်ကြယ်ရဲ့ အမြီးကောက်သုံးလုံးမှ စပြီး အလိုက်သင့် စိတ်ကူးမျဉ်းကွေးဆွဲလိုက်ပါ။ ရှေးဦးစွာ ကြယ်ပြောင်ကြီးတစ်လုံးတွေ့ပေလိမ့်မယ်။ အဲဒီကြယ်ပြောင်စကြီးဟာ နက္ခတ် ၂၇သွယ်အနက် ၁၆လုံးမြောက် သွာတိနက္ခတ်ဖြစ်ပါတယ်။ မျဉ်းကွေးကို အလိုက်သင့် ဆက်ဆွဲပါ။ ကြယ်ပြောင်တစ်လုံးတွေ့ပါလိမ့်မယ်။ အဲဒီကြယ်ဟာ ၁၄ခုမြောက် စိတြနက္ခတ်ဖြစ်ပါတယ်။ ဆက်ဆွဲပါလေ။ ကြယ်ငါးလုံးအစုအဝေးတစ်စု တွေ့ပေလိမ့်မယ်။ အဲဒီကြယ်စုဟာ လက်ဝါးသဏ္ဍာန် ဟာဿတနက္ခတ်ဖြစ်တယ်။ နက္ခတ် ၂၇လုံးအနက် ၁၃လုံးမြောက် နက္ခတ်ပါ။ အဲဒီမှ အနောက်တောင်ယွန်းယွန်း မလှမ်းမကမ်းမှာ ဆံကျင်တာရာကို တွေ့ပါလိမ့်မယ်။ ကြယ်တာရာဟာ မှိန်မှိန်ပဲ မြင်ရပါတယ်။ လမိုက်ညနဲ့ မြူတိမ်ကင်းရှင်းသော ကာလတွေမှာ ဂရုစိုက်ရှာလျှင် တွေ့ရတတ်တဲ့ ကြယ်စုပါ။

တန်ခူးလပြည့်ကျော် ရက်တွေမှာ ရှာဖွေရအကောင်းဆုံးပါပဲ။ နွေရာသီဖြစ်လို့ တိမ်မရှိ၊ မြူတွေ ကင်းနေလို့ ဌှဲနဲ့စောင့်ရှာလျှင် တွေ့ရတတ်ပါတယ်။ နက္ခတ်တာရာကျမ်းတွေမှာ သုံးလုံး။ ငါးလုံးလို့ ပြထားပေမယ့် လက်တွေ့မှာတော့ မှုန်ရီရီ ကြယ်စုလေးသာ တွေ့ရပါတယ်။


ဆံကျင်တာရာဟာ အတွင်းတာရာ ၉လုံးမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အတွင်းတာရာဆိုတာ ဘာလဲ။ နေလ နက္ခတ်တာရာတို့ အရှေ့အနောက်ရွေ့လျားကြဟန်ကို လမ်းသုံးသွယ် သတ်မှတ်ထားပါတယ်။ ရာသီစက်ဝန်းကို မြောက်နဲ့ တောင် ညီမျှစွာ ခြားပြီး အလယ်တည့်တည့်နေရာကို အရှေ့-အနောက် တန်းလျက်ရှိတဲ့ စက်ဝိုင်းနဲ့ သတ်မှတ်ထားတယ်။ အဲဒါကို မဇ္ဈေစက်လို့ ခေါ်ပေတယ်။

ကမ္ဘာရဲ့ အီကွေတာပေါ်မှာ တည့်တည့်တည်ရှိရကား ကောင်းကင် အီကွေတာလို့လည်း ဆိုနိုင်ပေတယ်။ နေလ နက္ခတ်တာရာ ထိုမဇ္ဈေစက်မျဉ်းတစ်လျှောက် သွားတာကို

www.burmeseclassic.com

www.burmeseclassic.com

မစ္ဆေဝီထိ အလယ်လမ်းက သွားတယ်လို့ ဆိုပါတယ်။ တောင်ဘက်လမ်းက သွားလျှင် အပြင်လမ်း "ဗာဟိရဝီတိ" လို့ ခေါ်တယ်။ မြောက်ဘက်က သွားလျှင်တော့ အတွင်းလမ်းသွားခြင်း၊ ဒါကို "အဗ္ဘောဝီထိ" အတွင်းလမ်းသွားမှုလို့ သတ်မှတ်ပါတယ်။ နေလ နက္ခတ်တွေဟာ ယုဂန္ဓိုရ်တောင်ကို အခြေတည်ပြီး လှည့်ပတ်တယ်လို့ နက္ခတ်ဆိုင်ရာ ယူဆချက်ရှိပါတယ်။ ဒါကြောင့် မြောက်ဘက်မှာ သွားတဲ့ နက္ခတ်တာရာတွေဟာ အတွင်းလမ်းကျတယ်။ အတွင်းလမ်းက သွားတာက တာရာကိုးလုံးရှိပါတယ်။ သည်ကိုးလုံးမှာ ဆံကျင်တာရာ ပါနေပါတယ်။



ဆံကျင်တာရာ

ဆံကျင်တာရာဟာ သွာတိ၊ စိတြ၊ ဟဿတ၊ နက္ခတ်တို့ရဲ့ အတွင်းဘက် သုံးလုံးနဲ့ ယှဉ်နေတယ်။ ယှဉ်တယ်ဆိုတာကတော့ အတူတကွ၊ မကွဲမကွာ၊ ရင်ပေါင်တန်းသွားခြင်းကို ဆိုတာပါ။ လက်တွေ့ မျက်မြင်မှာလည်း ဆံကျင်တာရာဟာ သွာတိနက္ခတ်ရဲ့ အရှေ့မြောက်ယွန်းယွန်း စိတြနဲ့ ဟဿတတို့နဲ့ တောင်-မြောက် တစ်တန်းတည်းမှာ တည်ရှိနေပါတယ်။

စိတြဟာ တန်ခူးလရဲ့ စန်းယှဉ်နက္ခတ်ပါ။ တန်ခူးလတစ်လလုံး စိတြနက္ခတ်ဟာ လမင်းနဲ့ ယှဉ်ပြီး ထွန်းနေတာကို ပြောတာပါ။ တန်ခူးလပြည့်ညတွင် သန်းခေါင်ယံအချိန် လမင်းဟာ ဦးခေါင်းထိပ်မှာ မွန်းတည့်သလို၊ စိတြနက္ခတ်လည်း မွန်းတည့်ပါတယ်။ သည်လိုပဲ လမင်းနဲ့ ယှဉ်တဲ့ တာရာကလည်း ဆံကျင်တာရာပါ။ သူလည်း သန်းခေါင်ယံ လမင်းနဲ့ ယှဉ်ပြီး မွန်းတည့်ပေတယ်။ ဒါကြောင့် တန်ခူးလမှာ နက္ခတ်က စိတြ၊ တာရာက ဆံကျင်တာရာလို့ ရာသီဘွဲ့တွေမှာ တွေ့ရတာပါ။

ကိုင်း…ဘယ်တေး လင်္ကာတွေမှာ တွေ့ရလဲ။

ဖိုးသူတော် ဦးမင်းရဲ့ ကွန့်ကွန့်သာ ဆန်းတော့တယ်၊ ချီလေးချိုးမှာ -

"ဆံကျင်ကြက်ငယ်၊ ခါဝယ်တိတ်ပြု၊
ကြယ်စိတြလည်း၊ လရတနာ၊
ငွေယုန်ဖြာကို၊ ပဏ္ဏာဆက်စဉ်၊
ပူးယှဉ် နှင်လို့"

လို့ ရေးဖွဲ့သလိုပဲ။ ဦးပုညရဲ့ မြဝန်းရစ်ခွေချီတေးထပ်မှာ "ယုဂန်နန်းမြင့်၊ လမ်းထိပ်သင့်မူ၊ စိတြဆံကျမင်း"လို့ တွေ့ရတယ်။ ရှေးမြန်မာမင်းလက်ထက်တွေက ဆံကျင်တာရာကို ကြည့်လျက် ကောသမ္ဗီပြည်နဲ့ ဝေသာလီပြည်တို့ ကံကြမ္မာကို နိမိတ်ယူခဲ့ကြတယ်။ မယ်ခွေရဲ့ နေနတ်ကယ်မှ ရာဇာလေချီ တန်ခူးလဘွဲ့မှာ -

"မြတ်ဆံကျင်၊ တာရာက၊
တေဇာတော် မချိပါနှင့်တော့၊
ဝေသာလီပြည်ကြီးက၊ ထိန်ညီးရဲ့လေ"

လို့ ရေးဖွဲ့ပြန်တယ်။ သည်လိုပါပဲ၊ တိမ်လုံးပျိုးလို့ချီ တန်ခူးလဘွဲ့ တေးထပ်မှာလည်း…

"ဆံကျင်ငယ်ထွန်းလို့၊
ချိန်ယွန်းပကာ၊ ကြယ်တာရာကို၊
ဝေသာလီ၊ ကောသမ္ဗီမှာ၊
ယှဉ်မီရှောင်ရှိန်၊ လျှံဝင်းထိန်"

လို့ ရေးထားပေတယ်။

ကဲ - ဒီလောက်ဆို တာရာထဲက ဆံကျင်တာရာအကြောင်းကို လုံလောက်ရောပေါ့၊ နက္ခတ်ဆိုင်ရာ ဗဟုသုတလေးတွေကို ရှာဖွေတွေ့သျှ တင်ပြသွားပါဦးမည်။

မောင်ရဲလှ

* * *

ကိုးကား

- ဖခင်ကြီး၊ စာရေးဆရာ ကြူရတနာ မောင်မြကြိုင်၏ "နက္ခတ် တာရာမှတ်စုများ။



www.burmeseclassic.com

www.burmeseclassic.com

# နေစေး စာပေမှ

သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက်ဖွင့်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ်ဝင်ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား "နေစေး"စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက်ပါသည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိပ္ပံ၊ သုတ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ ဝတ္ထုစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းချပေးနေပါသည်။

## ဆက်သွယ်ရန်လိပ်စာ

ပင်ရင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ – ၀၁–၂၅၄၆၂၅

ဆိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ဆိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုးလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com

# ကောင်းကင်အမြင် နက္ခတ်ဂြိုဟ်စဉ်များအရ

## ၂၀၁၃ ခု၊ ဧပြီလ၊ ခုနစ်နေ့သားသမီးများအတွက်

# ကြွင်းရုပ်အဟောစာတမ်းများ

ဓမ္မာစရိယ ဦးအောင်ကျော်မိုး

## တနင်္ဂနွေသားသမီးများ

**ယခုလ မိဿရာသီ ပထမကြွင်းရုပ် အဟောထွက်သည်။**



**စီးပွားရေး။** အလုံးစုံ ရင်းနှီးမြှုပ်နှံထားရမည်။ ငွေ၊ အချိန်၊ လုပ်အားအားလုံး တစ်ယောက်တည်း ကုန်းရုန်းလုပ်နေရမည်။ ဆရာတစ်ဆူကဲ့သို့ သူတစ်ပါးအား အကြံပေးနည်း လုပ်ပြ၊ အလုပ်ရှာပေးဖြစ်မည်။ တပည့်များနှင့်ပတ်သက်၍ ငွေအချိုကြီး တစ်ကြိမ်ဝင်မည်။ မိတ်ဟောင်းနှင့် ပတ်သက်၍ငွေဝင်ပြီး၊ မိတ်သစ်နှင့် ပတ်သက်၍ မိတ်ပျက်မည်။ အလုပ်တွေ ပုံကျလာမည်။ ငွေဝင်နည်းသော်လည်း အများ၏ အားကိုးမှု ခံရမည်။ မြင့်သော ရာထူးနေရာမှာ အလုပ်လုပ်ဖြစ်မည်။

**အိမ်ထောင်ရေး။** သာယာသော အိမ်ထောင်ရေးဖြစ်သော်လည်း ရံခါ တွက်ကပ်ပြီး အရှုံးအမြတ်တွက်လိမ့်မည်။ ပတ်ဝန်းကျင် ဆူညံသံများကြောင့် မိသားစုစိတ်အနှောင့်အယှက်ဖြစ်မည်။ ကိုယ့်အဝတ် ကိုယ်လျှော်၊ ကိုယ့်ထမင်း ကိုယ်ခူးစားပြီး လွတ်လွတ်လပ်လပ်နေမိမည်။ သို့မဟုတ်လျှင် အစားအသောက်နှင့်ပတ်သက်၍ လင်မယား စကားများဖြစ်မည်။

**ပညာရေး။** အုပ်ချုပ်ရေးနည်းပညာနှင့် ကျောက်မျက် ပညာများ စိတ်ဝင်စားနေမည်။ သင်္ချာဆိုင်ရာများ အားနည်းမည်။ မိတ်ဆွေများနှင့် ပတ်သက်၍ပညာရပ်မည်။ ၎င်းပညာမှ ငွေဝင်မည်။

**အချစ်ရေး။** အမိန့်ပေးသူ၏ အချစ်ကို ရလိမ့်မည်။ မချစ်သော်လည်း အားကိုးနေမိမည်။ စိတ်တူကိုယ်တူ အရွယ်တူအချစ်ကို ရလိုသော်လည်း ဝေးနေမည်။ ကြီးလျှင် အရမ်းကြီး၍ ငယ်လျှင် အရမ်းငယ်နေမည်။

**ကျန်းမာရေး။** ဆေးစားမှားမည်။ အစားမှားမည်။ အလကားရ အစားအစာများ၊ သွန်ပစ်ရမှာ နမြော၍ စားမိသော အစားအစာများကြောင့် ရောဂါရမည်။

**ကံကောင်းသောအရောင်** - အနက်၊ အညို၊ အနီရင့်ရောင်များ။

**ကံကောင်းသောဂဏန်း** - ၃၊ ၀၊ ၇ ဂဏန်းများ။

**ယတြာ** - သက်ကြီးရွယ်အိုဆရာများထံမှ အဆောင်တစ်ခုခုရအောင် စွန့်ခိုင်းပြီး ဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ



ယခုလ ဗြိစ္ဆာရာသီ တတိယတြင်းရပ် အဟောထွက်သည်။

**စီးပွားရေး။** အကျိုးဆောင်လုပ်ငန်းများ။ ပူးပေါင်းလုပ်ဆောင်မှုများ အောင်မြင်မည်။ မိမိ၏ ပညာရပ်ကို ထိရောက်စွာ ပြသခွင့်ရမည်။ ပြည်သူများအကြား မိမိနာမည် ပျံ့သင်းနေမည်။ နေအိမ်နှင့် မြေယာများအတွက် ရင်လေး ပူပင်နေလိမ့်မည်။ ဝန်ထမ်းများ အလုပ်ပြောင်း၊ နေရာပြောင်းရှိသည်။ ပုံမှန်လုပ်ငန်းထက် ပြင်ပအလုပ်များ ဝင်ငွေပိုရမည်။

**အိမ်ထောင်ရေး။** အိမ်ထောင်ဘက်၏ စီးပွားရေး ရက်တရက် ကောင်းလာမည်။ ပို၍ အားကိုးယုံကြည်လာမည်။ ခိုင်မြဲသော အိမ်ထောင်ရေးအဖြစ် ယုံကြည်နေမိမည်။ သားသမီးများ၏ ပညာရေးအတွက် ငွေများစွာ ကုန်ကျမှုကြောင့် စကားများဖြစ်မည်။

**ပညာရေး။** အများ၏ ပံ့ပိုးမှုကို ရသော်လည်း ဆရာများ၏ အထင်လွဲမှု၊ မျက်နှာလိုက်မှုကြောင့် အခက်အခဲများစွာ ကြုံမည်။ ပတ်ဝန်းကျင် ဆူညံမှုကြောင့် စာကျက်အနှောင့်အယှက်ဖြစ်မည်။ တွက်စာ လွယ်သမျှ၊ ကျက်စာ ခက်နေမည်။

**အချစ်ရေး။** ငယ်ရွယ်သူများ ချစ်သူဝိုင်းဝိုင်းလည်နေမည်။ ရွေးချယ်ရ ခက်မည်။ သို့သော် နီးစပ်သူ၊ လက်ဦးသူနောက် ပါသွားမည်။ ယခုလ တွေ့သူသည် သင်၏ ဖူးစာမှန်ဖြစ်လိမ့်မည်။

**ကျန်းမာရေး။** အလိုက်မသိသူ၊ လူရိုင်းစိတ်ဝင်သူများကြောင့် စိတ်အနှောင့်အယှက်ဖြစ်မည်။ ဒူးခေါင်းနာမည်။ ဥပဒေအကြောင်းအရာများကြောင့် စိတ်ပျက်မိမည်။ အမျိုးသမီးများ မီးယပ်ဆိုင်ရာ ရောဂါရမည်။

**ကံကောင်းသောအရောင်** - အဝါရောင်နုနုနှင့် အဖြူရောင်များ။
**ကံကောင်းသောဂဏန်း** - ၆၊ ၅။
**ယတြာ** - ဆေးရုံနှင့် အမျိုးသမီးဆိုင်ရာများသို့ အလှူဒါနပြုပြီး ဆုတောင်းပါ။

BURMESE CLASSIC .com

## အင်္ဂါသားသမီးများ



ယခုလ မိန်ရာသီ တတိယတြင်းရပ် အဟောထွက်သည်။

**စီးပွားရေး။** ခြေလှမ်းတွေ များ၊ ခရီးတွေ ဆက်နေရသော်လည်း ငွေဝင်နည်းမည်။ ရုံခါ မဝင်သလောက်ဖြစ်မည်။ ဆရာ၊ မိတ်ဆွေတို့၏ အကူအညီနှင့် အနီးနေသူ၏ အားပေးမှုကို ရရှိမည်။ အလုပ်ထဲမှာ မပျော်ပိုက်သော်လည်း ပေကာ လုပ်နေဖြစ်မည်။ မာနနှင့် ငွေ လဲယူနေရချိန်ဖြစ်သည်။ အလုပ်ယစ်များစွာကို ကြံစည်မိမည်။ ရသည့်နေရာမှာ တည်ငြိမ်စွာ လုပ်သင့်သည်။

**အိမ်ထောင်ရေး။** ပြဿနာတကျက်ကျက်။ ညှိနှိုင်းမရမှုတွေ များနေမည်။ မိဘဆွေမျိုးများကြားမှာ ကြိတ်မှိတ် သည်းခံနေရမည်။ ဘဝခရီးကို ပင်ပန်းစွာ ဖြတ်သန်းနေရချိန်ဖြစ်၍ သည်းခံနေရမည်။

**ပညာရေး။** အပေါက်ဆိုး၍ နားလည်မှုမရှိသော ဆရာများနှင့် တွေ့မည်။ ကိုယ်တိုင်ကလည်း ပညာရေးကို စိတ်မဝင်စား။ အပျော်အပါးနှင့်သာ အချိန်ကုန်နေမည်။ နှုတ်အပြောစကားသင်တန်းတက်မိလျှင် ငွေကုန်ရုံသာ။

**အချစ်ရေး။** ချစ်သူက ဘာသာရေးကို စိတ်ဝင်စားနေမည်။ ချစ်သူ၏ အားနည်းမှု၊ အားငယ်မှုများကို အကူအညီပေးမိမည်။ နူနယ်လှပသော အချစ်များ ရောက်လာမည်။ နှလုံးသား ရင်ခုန်မှုတွေ များနေမည်။ စိတ်နှစ်ခွဖြစ်မည်။

**ကျန်းမာရေး။** ဝဒူရောင်၊ အူနာမည်။ အပူရုပ် ဖျားနာမည်။ ကမ်းနားမှာ ရေနစ်မည်။

**ကံကောင်းသောအရောင်** - အနီရောင်၊ ပန်းရောင်နှင့် အဝါနုရောင်များ။
**ကံကောင်းသောဂဏန်း** - ၂၊ ၃၊ ၅။
**ယတြာ** - ရေထဲရှိ သတ္တဝါများအား အစာကျွေး၍ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများ



**ယခုလ ကုမ်ရာသီ ဒုတိယတြင်းရုပ် အဟောထွက်သည်။**

**စီးပွားရေး။** ဆရာများ၊ အရောင်းအဝယ်ကိစ္စများနှင့် ပတ်သက်၍ အကျိုးအမြတ်ရမည်။ စက်ပစ္စည်း၊ မြေယာကိစ္စများအတွက် စာချုပ်ရာမှ အကျိုးအမြတ်ရမည်။ မြေအဟောင်းနှင့် ရေကန်အဟောင်း၊ အဆောက်အအုံအဟောင်းတို့မှ ငွေဝင်မည်။ ဖြည်းဖြည်းနှင့် မှန်မှန်လုပ်နေသောအလုပ်များ အောင်မြင်မည်။ ကံကောင်းသော အချိန်ဖြစ်သည်။

**အိမ်ထောင်ရေး။** သာယာသော အိမ်ထောင်ရေးဖြစ်သည်။ အိမ်ထောင်ဖက်သည် တက်ကြွ၍ အောင်မြင်မှုတွေ ရနေမည်။ အိမ်ထောင်ဖက်အတွက် ဝမ်းသာဂုဏ်ယူဖြစ်မည်။ မိသားစု စကားဝိုင်း၊ စားသောက်ဝိုင်းတို့ဖြင့် စည်ကားနေမည်။ ဧည့်သည်ကောင်း ရောက်လာမည်။

**ပညာရေး။** ငယ်ရွယ်သူများ အချက်အပြုတ်နှင့် ဟိုတယ် ခရီးသွားဆိုင်ရာ ပညာရပ်များ သင်ယူဖြစ်မည်။ ဘာသာစုံ လေ့လာဖြစ်မည်။ နှုတ်အပြော ပညာရပ်များမှ ထူးချွန်မည်။ သင်ယူချင်စိတ်ရှိလျှင် မည်သည့်ပညာဖြစ်ဖြစ် သင်ယူဖြစ်မည်။

**အချစ်ရေး။** နှလုံးသား မခုန်ရသော်လည်း ပျော်ရွှင်ကြည်နူးဖွယ် မိတ်ဆွေလိုခင်မင်ရသူ ပေါ်လာမည်။ ဘဝ ထာဝရလက်တွဲဖော်အဖြစ် စိတ်ကူးနေမိမည်။ လက်ထပ်လျှင် လွယ်ကူမည်။

**ကျန်းမာရေး။** ဆေးစားများမည်။ ရေချိုးရာမှ ထိခိုက်ဒဏ်ရာရမည်။ ခြင် စသော ပိုးမွှားတို့၏ ကိုက်ခဲမှု ခံရမည်။

**ကံကောင်းသောအရောင်** - ရေညှိရောင်၊ အစိမ်းရင့်၊ အနက်ရောင်များ။
**ကံကောင်းသောဂဏန်း** - ၄၊ ဝ၊ ၇။
**ယတြာ** - ရှေးဟောင်းရုပ်ပုံတစ်ခုကို အခ◌ောင်ထားပါ။

BURMESE CLASSIC .com

## ကြာသပတေးသားသမီးများ



**ယခုလ ပြိဿရာသီ ဒုတိယတြင်းရုပ် အဟောထွက်သည်။**

**စီးပွားရေး။** အရောင်းအဝယ်ကိစ္စများ ဆက်တိုက်ဖြစ်နေမည်။ ဆန့်ကျင်ဘက်လိင်ကို အထင်ကြီးရာမှ ငွေခုံးရှုံးလိမ့်မည်။ ယုံကြည်လွန်း၍ စီးပွားရေးပါ ဆုတ်ယုတ်မည်။ ဆရာများကြောင့် စီးပွားတက်မည်။ အလုပ်သမား၊ နွမ်းပါးသော မိတ်ဆွေများကြောင့် အမြတ်နည်းပါးမည်။ အကျိုးဆောင်လုပ်ငန်းများ ဖြစ်သော်လည်း ရငွေနည်းပါးမည်။

**အိမ်ထောင်ရေး။** ခွဲခွာရတတ်သည်။ တစ်အိမ်တည်းရှိသော်လည်း နေရာခွဲအိပ်ဖြစ်မည်။ စည်းကမ်းတင်းကျပ် ချုပ်ချယ်လွန်းမည်။ အစစ သူ့မျက်နှာကြည့်၍ လုပ်ကိုင်နေရသဖြင့် ဘဝကို မကျေမနပ်ဖြစ်မည်။ ရံခါ ခွဲရန်အထိ စိတ်ကူးဖြစ်မည်။

**ပညာရေး။** ပညာသင်ရာ တစ်ဝက်ရောက်မှ ပျက်သွားလိမ့်မည်။ အပေါင်းအသင်းများမည်။ တစ်ယောက်တည်းရှိလျှင် ပုံမှန်ဖြစ်နေသော်လည်း အပေါင်းအသင်းနှင့် အပျော်အပါးတွေ့လျှင် စိတ်လွတ်မည်။ ရံခါ လောင်းကစားဘက် စိတ်ဝင်စားမိ၍ သတိပြုစေချင်သည်။

**အချစ်ရေး။** မရေရာသော အချစ်၊ အားကိုးခံရသော အချစ်များသာ ရနေမည်။ အချစ်နှင့် အိမ်ထောင်ရေး တခြားစီဖြစ်နေမည်။ လွတ်လပ်စွာ နေလိုစိတ်များမည်။ ခုချစ် ခုမေ့အချစ်ကို မယုံကြည်ဘဲ ဖြစ်နေမည်။

**ကျန်းမာရေး။** ဆီးရောဂါဖြစ်လွယ်မည်။ ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ်မှုများ ကြုံမည်။

**ကံကောင်းသောအရောင်** - အဖြူရောင်နှင့် အဝါရောင်များ။
**ကံကောင်းသောဂဏန်း** - ၅၊ ၆။
**ယတြာ** - ဘာသာရေးလုပ်ငန်းများတွင် ပါဝင်၍ ဝေယျာဝစ္စဆောင်ရွက်ပြီး ဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



### ယခုလ မိန်ရာသီ တတိယတြင်းရှစ် အဟောထွက်သည်။

**စီးပွားရေး။** ကံကောင်းနေချိန်ဖြစ်သည်။ ခရီးသွား၊ ဟိုတယ်၊ စားသောက်ကုန်၊ အနုပညာ၊ အဝတ်အထည်၊ လက်ဝတ်ရတနာ စသဖြင့် များစွာအကျိုးပေးနေမည်။ စက်ပစ္စည်း၊ မြေယာ စသဖြင့် ကိုယ်တိုင် ဦးဆောင်ပါဝင် လုပ်ကိုင်သော အလုပ်များ အကျိုးပေးမည်။ အလုပ်သမား၊ ဝန်ထမ်းများ အကျိုးမပေး။ ၎င်းတို့အတွက် ကုန်ကျစရိတ်ကြီးမားမည်။

**အိမ်ထောင်ရေး။** စကားဆက်တိုင်များရချိန်။ အကျအနကောက်လွန်းမည်။ နေရာတကာ ဝင်ပါနေ၍ စိတ်ပျက်ရမည်။ ရှုးချင်လောက်အောင် စိတ်ပျက်နေရချိန်ဖြစ်သည်။

**ပညာရေး။** ဝတ်ကျေတန်းကျေသာ သင်နေရမည်။ ပညာရေးကို စိတ်ဝင်စားမှုနည်းမည်။ အချက်အပြုတ်၊ အချုပ်အလုပ်ပညာများ သင်ယူခွင့်ရမည်။

**အချစ်ရေး။** အပြစ်အနာအဆာရှိသူကိုမှ သနားလွန်း၍ အချစ်ပိုမိမည်။ လက်ထပ်လိုသော်လည်း စိတ်ကြိုက်မတွေ့ ဖြစ်မည်။ ခရီးသွားရင်း ချစ်သူတွေ့မည်။

**ကျန်းမာရေး။** စိတ်မငြိမ်၊ ခန္ဓာကိုယ် ယားယံမည်။ ဆံပင်ကျွတ်၊ ခေါင်းယားမည်။ ယောက်ျားကလေးများ ဥရောင်၊ ဥတွဲဖြစ်မည်။

**ကံကောင်းသောအရောင်** - စပ်ကြား၊ အကွက်များ။

**ကံကောင်းသောဂဏန်း** - ၁၊ ၃၊ ၀။

**ယတြာ** - တိတ်ဆိတ် လိုဏ်ဂူ (သို့မဟုတ်) တဝဂူဘုရားအတွင်းမှာ စိတ်ငြိမ်အောင် ပုတီးစိပ်၍ဖြစ်စေ၊ တရားထိုင်၍ဖြစ်စေ ပြုလုပ်ပါ။

## စနေသားသမီးများ



### ယခုလ တူရာသီ ဒုတိယတြင်းရှစ် အဟောထွက်သည်။

**စီးပွားရေး။** အခက်အခဲများစွာ ကြုံရသောအချိန်ဖြစ်သည်။ စကားများစွာပြောဖြစ်မည်။ ရင်းနှီးမြှုပ်နှံသူ များမည်။ လိုအပ်တာထက် ပို၍ငွေကုန်မည်။ ကိုယ်တိုင်ကြိုးစားလုပ်ကိုင်ဖြစ်မည်။ ဤလ အစစည့်သဖြင့် သတိထားသင့်သည်။

**အိမ်ထောင်ရေး။** တကျက်တက် စကားများ၊ ရန်ဖြစ်၊ အငြင်းပွားနေရမည်။ ပြင်ပပြဿနာများ ဝင်လာမည်။ အပိုရန်တွေ ရှင်းနေရမည်။ ရန်ဖြစ်ပြီးမှ ငွေဝင်မည်။

**ပညာရေး။** လေးနက်သော အဘိဓမ္မာများ သင်ယူဖြစ်မည်။ ပရဟိတနှင့်ဆက်သွယ်ရေး ပညာရပ်များ သင်ယူဖြစ်မည်။ အလုပ်တစ်ဖက်ကြောင့် ပညာရေး အနှောင့်အယှက်ဖြစ်မည်။

**အချစ်ရေး။** အသက်ကြီးသူများ၏ ချစ်ခင်မှုကို ရရှိမည်။ မိခင်ပမာ ဂရုစိုက်သူဖြစ်မည်။ လေးနက်တည်ကြည် ခန့်ညားသောအချစ်ကို ရရှိသော်လည်း စကားပြောအဆင်မပြေမှုတွေ များမည်။

**ကျန်းမာရေး။** ခါးနာမည်။ သည်းခြေပျက်၍ စိတ်မငြိမ်ဖြစ်မည်။ မီးလောင်ခံရလွယ်သည်။

**ကံကောင်းသောအရောင်** - အညို၊ အနက်၊ မီးခိုးရောင်များ။

**ကံကောင်းသောဂဏန်း** - ၇၊ ၉၊ ၀။

**ယတြာ** - ရေထဲရှိ သတ္တဝါများအား အစာကျွေးပြီး ဆုတောင်းပါ။

*****




www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်မြို့လယ်ရှိ တန်ခိုးကြီးစေတီ

■ မောင်လင်းအောင် ■






မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သည်နှင့်အညီ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုး အစရှိသော သာသနိကအဆောက်အအုံများကို နိုင်ငံတစ်ဝှမ်းရှိ ဒေသအသီးသီးတွင် ဖူးမြော်၍ ရနိုင်ပါသည်။ ထိုနည်းတူစွာ ရန်ကုန်မြို့တွင်လည်း ထင်ရှားသော တန်ခိုးကြီးဘုရားများကို ဖူးမြော်နိုင်သည်။ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများအနက် ဆူးလေစေတီတော်သည်လည်း ထင်ရှားကျော်ကြားသော တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည်။ ဆူးလေစေတီတော်သည် ရန်ကုန်မြို့၏ အချက်အချာကျသော မြို့လယ် ဗဟိုတွင် တည်ရှိသည်။

စေတီတော်ကို ဗဟိုမဏ္ဍိုင်ပြု၍ အရှေ့ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်လိုင်းများသည်လည်း ဆူးလေစေတီတော်ကြီးအနီးတွင် ခရီးစဉ် ဂိတ်ဆုံးကြသည်။ ဆူးလေဘုရားသည် ရွှေတိဂုံဘုရားမှ (၉၂၇၅)ပေခန့် ကွာဝေး၍ ဗိုလ်တထောင်ဘုရားမှ (၅၁၀၂) ပေခန့် ကွာဝေးသည်။ ရုံးများ၊ ဘဏ်များ၊ ဈေးများ၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဘူတာကြီး စသည်တို့သည် ဆူးလေဘုရားအနီး တစ်ဝိုက်တွင် တည်ရှိကြပြီး ရန်ကုန်မြို့၏ အချက်အချာ ဗဟိုအဖြစ် ထင်ရှားသည်။

ဆူးလေဘုရားသမိုင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဘွဲ့အမည်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အယူအဆ အမျိုးမျိုး



၁၉၅၂ ခုနှစ် ရန်ကုန်မြို့ ရှိ ဆူးလေဘုရား

အနောက်ဘက်သို့ မဟာဗန္ဓုလလမ်း၊ တောင်ဘက်မှ မြောက်ဘက်သို့ သွယ်တန်းကာ စေတီတော်၏ ဘွဲ့အမည်ကို အစွဲပြု၍ ခေါ်တွင်သော ဆူးလေဘုရားလမ်းတို့ အသီးသီးဖြတ်သန်း တည်ရှိသည်။ ဆူးလေဘုရား၏ အရှေ့မြောက်ဘက်တွင် မြို့တော်ခန်းမ တည်ရှိ၍ အရှေ့တောင်ဘက်တွင် လွတ်လပ်ရေးကျောက်တိုင်စိုက်ထူထားသော ဗန္ဓုလပန်းခြံနှင့် တရားလွှတ်တော်ချုပ် စသည်တို့ တည်ရှိသည်။ စေတီတော်၏ တောင်ဘက်တွင် ကမ်းနားလမ်းမြောက်ဘက်သို့ ဆက်သွားလျှင် ရန်ကုန်-ဘူတာကြီးတို့ တည်ရှိသည်။

ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များသို့ ပြေးဆွဲသော







www.burmeseclassic.com


www.burmeseclassic.com











ကွဲပြားလျက်ရှိသည်။ လူအများ သိရှိထားပြီးသော ဘုရားသမိုင်းမှာ ရွှေတိဂုံဘုရားသမိုင်းတွင် ထည့်သွင်း ဖော်ပြထားသည့်အတိုင်း ဖြစ်၏။ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရား ပေးသနားတော်မူလိုက်သော ဆံတော်ရှစ်ဆူကို ဥက္ကလာပမင်းကြီးထံ ဆောင်ယူလာ၍ စေတီတော်တည်ထားကိုးကွယ်ရန် ဘူမိနက်သန်မြေဖြစ်သော သိင်္ဂုတ္တရကုန်းတော်ကို ရှာဖွေကြသည်။ သို့ရာတွင် အလွယ်တကူ မတွေ့နိုင်ကြသဖြင့် သိကြားမင်းသည် ဝိသကြုံနတ်သားကို စေလွှတ်၍ တောရှင်းစေသည့်တွင် သိင်္ဂုတ္တရကုန်းမြေကို တွေ့ရှိကြ၏။ သို့ရာတွင် ဤဘဒ္ဒကမ္ဘာတွင် ပွင့်ခဲ့လေပြီးသော ရှေးဘုရားသုံးဆူတို့၏ ပရိဘောဂတော်များကိုပါ ဆံတော်များ





www.burmeseclassic.com

www.burmeseclassic.com

နှင့်အတူ ဌာပနာ၍ စေတီတည်ရမည်ဖြစ်ရာ ထိုပရိဘောဂတော်များ တည်ရာနေရာကို မသိကြပေ။ ထိုအခါတွင် ဆူးလေစေတီတော်တည်ထားမည့် ကုန်းနေရာ၌ ဥက္ကလာပမင်းကြီးနှင့်တကွ လူနတ်အများ စုဝေးကြပြီးလျှင် ဆူးလေနတ်ကြီးအပါအဝင် နတ်ကြီးလေးပါးကို ပင့်ခေါ်၍ မေးသည်မှ ထိုပရိဘောဂတော်များ ကိန်းအောင်းရာ နေရာကို တွေ့ရှိကြသည်။ ထိုမှ ရွှေတိဂုံစေတီတော်ကို တည်ကြ၏။ ထို့နောက် နတ်လူအများ စုဝေးကြရာ ကုန်းမြေပေါ်၌ အထိမ်းအမှတ်စေတီတစ်ဆူတည်ကြကာ "စုဝေးစေတီ"ဟု ခေါ်တွင်လေသည်။ ဆူးလေ"ဟူသော အမည်မှာ "စုဝေး"မှတစ်ဆင့် ကာလရွေ့လျားသဖြင့် ပြောင်းလဲလာသော အမည်ဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် ဓမ္မစေတီမင်းလက်ထက် သက္ကရာဇ် ၈၃၈ ခုနှစ်လောက်တွင်(ခရစ်သက္ကရာဇ် ၁၄၇၅ ခုနှစ်) ရေးထိုးခဲ့သော ရွှေတိဂုံသမိုင်းကျောက်စာ၌ စုဝေးစေတီ(ဆူးလေစေတီ) အကြောင်း ပါဝင်ခြင်း မရှိပေ။ တစ်ဖန် ကျိုက္ကစံ ဘုရားသမိုင်းနှင့် အရှင်တိလောကဉာဏ ရေးသားပြုစုသော ဆူးလေစေတီတော်သမိုင်းတွင် မှတစ်မျိုးဆိုထားသည်။

သာသနာသက္ကရာဇ် ၂၃၉ ခုတွင် သီဟိုဠ်မှ လာသော ရဟန္တာရှစ်ပါးထံမှ ချီးမြှင့်သော မြတ်စွာဘုရားရှင်၏ ဆံတော်နှင့် ဓာတ်တော်များကို စေတီတည်ကြရာတွင် ရှေးဦးစွာ သိင်္ဂုတ္တရကုန်းတော်၏ အရှေ့မြောက်ယွန်းယွန်းတွင် ဆံတော်ဖြဆူနှင့် ဓာတ်တော်အချို့ကို ဌာပနာ၍ ကျိုက္ကစံစေတီတော်










www.burmeseclassic.com

www.burmeseclassic.com

တည်၏။ ထို့နောက် ရွှေတိဂုံဘုရားတောင်ဘက်အနီးတွင် ရဟန္တာသိမ်တော်ကြီးတစ်ခုနှင့် ယခုအခါ သိမ်ကြီးဈေးအနီး ရှိ သိမ်တော်ကြီးတစ်ဆောင်ကို တည်ဆောက်ကြသည်။ ရွှေတိဂုံဘုရားအနီးရှိ ရဟန္တာသိမ်တော်ကို တည်ဆောက်ဆဲ ကာလ၌ ရဟန္တာတစ်ပါး ပျံလွန်တော်မူသဖြင့် တာဝန်ယူ ဦးဆောင်နေသော သံလျင်မင်းသည် စိတ်ပျက် အားလျော့ ပြီးလျှင် ဆူးလေစေတီတော်တည်ထားရန်ကိစ္စကို "အသုတ်" အမည်ရှိ အမတ်ကြီးအား တာဝန်လွှဲတော်မူသည်။ အသုတ် အမတ်ကြီး ဦးစီး၍ တည်ခြင်းကြောင့် စေတီတော်၏ ဘွဲ့ အမည်မှာ "ကျိုက်အသုတ်"ဟု ခေါ်တွင်လေသည်။ ထိုကျိုက် အသုတ်စေတီကိုပင် ယခုအခါ "ဆူးလေစေတီ"ဟု ခေါ်ကြ သည်။

"ကျိုက်အသုတ်"ဟူသော အမည်ကို မှန်ဘုရင် ရာဇာ ဓိရာဇ်အရေးတော်ပုံကျမ်း၌ ဟံသာဝတီမင်း ဆင်ဖြူရှင်အမည် ခံ ဗညားဦးသည် ဒဂုံဆံတော်ရှင်သို့ ဖူးမြော်ရန်အလာ အသုတ် ဘုရားရှင် ဗျာဒိတ်ပြတော်မူ၏ဟူ၍ လည်းကောင်း၊ ဗညားနွဲ့ ၏ ခမည်းတော် ဗညားဦးကို ပုန်ကန်၍ ဒဂုံသို့ ထွက်ပြေး ခိုးဝင်လာသော် ကျိုက်အသုတ်ဘုရားနှင့် ပါရမီဘုရားအကြား တွင် တိုင်ပင်လွှဲ ရုံးတဲဆောက်၏ဟူ၍ လည်းကောင်း တွေ့ ရသည်။ တစ်ဖန် ဟံသာဝတီဘုရင်မကြီး ရှင်စောပုသည် ဒဂုံစေတီတော်ကို ရွှေချပြီးနောက် ကျိုက်အသုတ်စေတီကို လည်း ထပ်မံပြုပြင် ချဲ့ထွင်ခဲ့သည်ဟု တွေ့ရပြန်သည်။ ကျိုက် အသုတ်စေတီတော်၏ သမိုင်းအထောက်အထားများအရ စေတီတော်၏ တည်နေရာသည် ယခု ဆူးလေစေတီတော် တည်နေရာပင် ဖြစ်နေသည်။ ထို့ကြောင့် ယခု ဆူးလေစေတီ တော်သည် ရှေးက ကျိုက်အသုတ်စေတီတော်ဖြစ်ခဲ့သည်ဟု လည်း ယူဆကြသည်။

အချို့က ရွှေတိဂုံဘုရားသမိုင်းတွင် ဆက်စပ်ဖော်ပြထား သည့်အတိုင်း စုဝေးစေတီမှ ဆူးလေစေတီဖြစ်လာသည်ဟု ဆိုကြသည်။ စေတီတော်၏ တည်နေရာမှာ ထိုခေတ်အချိန် အခါက မွန်တို့ဒေသဖြစ်သဖြင့် မြန်မာအမည်ဖြင့် စတင်ခေါ် ဝေါ်ခဲ့မည်မဟုတ်ကြောင်းလည်း ထောက်ပြ ပြောဆိုကြသည်။ ဆူးလေဟူသည်မှာ မွန်စကား "စဲလေဟ်"ဟူသော စကားမှ ဆင်းသက်လာသည်ဟူ၍ လည်းကောင်း၊ "ရှုလေ"နားနေ






www.burmeseclassic.com

www.burmeseclassic.com

ရန်)ဟူသော မွန်စကားမှ ဆင်းသက်လာသည်ဟုလည်း အဆိုရှိပြန်သည်။

အချို့ကလည်း ကျိုက်အသုတ်စေတီတော်သည် ရှေးအခါက မင်းပြောင်းမင်းလွဲ ခေတ်အမျိုးမျိုးနှင့် ကြုံခဲ့ရသဖြင့် ပြုပြင်ထိန်းသိမ်းမည့်သူမရှိဘဲ ဆူးလေပင်များ ဝန်းရံဖုံးကွယ်နေသည်ကို နောင်အခါတွင် မြန်မာတို့က ထိုဒေသကို ဆူးလေကုန်း၊ ထိုစေတီကို ဆူးလေစေတီဟု ခေါ်တွင်ကြောင်း ယူဆကြပြန်သည်။ ရွှေတိဂုံဘုရားထက် ငယ်သဖြင့် "စူဠစေတီ"ဟု မူလက ခေါ်ဝေါ်ခဲ့ဟန်ရှိသည်ဟုလည်း ထင်မြင်ကြသည်။



"စူဠ"ဟူသော ပါဠိမှာ "ဆံတော်"ဟူသော အနက်ကို ရသည်။ မူလဘွဲ့တော် "ကျိုက်အသုတ်"တွင်လည်း အသုတ်ဟူသော မွန်စကားမှာ ဆံတော်ကိုပင် ဆိုလေသည်။ ထို့ကြောင့် "စူဠစေတီ"(ဆံတော်စေတီ)မှ "ဆူးလေစေတီ"ဖြစ်လာသည်ဟုလည်းကောင်း ယူနိုင်ပေသည်။

ဆူးလေဘုရား၏ ပုံသဏ္ဌာန်မှာ ရန်ကုန်မြို့ရှိ ဘုရားများအနက် တမူထူးခြားလှသည်။ အောက်ခြေမှစ၍ ဝိန်နဲ့တိုင်သို့တိုင်အောင်ပင် ရစ်မြောင့် ထောင့်ချိုးများသာ ဖြစ်သည်။ ပန်းတင်ခုံ၏ အောက်ခြေသည် ရှေးက ရစ်မြောင့်ပုံဖြစ်ခဲ့ဟန်တူသော်လည်း ယခုအခါ အဝိုင်းသဏ္ဌာန်ဖြစ်နေသည်။ စေတီတော်၏ ဉာဏ်တော်မှာ ပန်းတင်ခုံမှ စိန်ဖူးတော်သို့ တိုင်အောင် ၁၄၄ ပေနှင့် ၉လက်မခွဲ ရှိသည်။ ဆူးလေစေတီတော်၏ ရင်ပြင်တော်မှာ စေတီအောက်ခြေရင်းမှ ရင်ပြင်အစွန်းပတ်လည်နံရံသို့ တိုင်အောင် ပေ ၂၀ခန့် ကျယ်သည်။ စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်တင်ပွဲကို ၁၃၀၉ ခုနှစ်တွင် ကြီးကျယ်စွာ ဆင်ယင်ကျင်းပခဲ့သည်။ ထိုအသစ်မွမ်းမံထားသော စိန်ဖူးတော်နှင့် အလေးချိန် နှစ်ပိဿာခွဲခန့်ရှိသော ရွှေအစစ် ငှက်မြတ်နားတော်တို့တွင် စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြား စသည့် အဖိုးတန် ကျောက်မျက်ရတနာများဖြင့် ပူဇော်ထားသည်။

၁၉၄၇ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် စေတီတော်၏ ကြေးစလောင်းနှင့် ၁၂ပေအကွာမှစ၍ ကိုယ်လုံးပြည့် ရွှေပြားသင်္ကန်းကပ်လှူခဲ့သည်။ စေတီတော်ရှိ ရှေးက သစ်သားဖြင့် ဆောက်လုပ်ခဲ့သော သာသနိကအဆောက်အအုံများကို ယခုအခါ ခေတ်မီအဆောက်အအုံများအဖြစ် ပြန်လည်မွမ်းမံထားသည်။ မုခ်ဦးတန်ဆောင်းများလည်း လေးမျက်နှာလုံးတွင် ရှိသည်။ ရင်ပြင်တော် အောက်ခြေပတ်လည်တွင်



www.burmeseclassic.com

www.burmeseclassic.com







ရှေးက သံပန်း တံတိုင်းများ ထားရှိခဲ့သော်လည်း ယခုအခါ ဆိုင်ခန်းများ ဆောက်လုပ်ထားရှိသည်။ ဆူးလေစေတီတွင် အသစ်စိုက်ထူထားသော ဘုရားသမိုင်းကျောက်စာတိုင်တွင် ရွှေတိဂုံဘုရားသမိုင်းနှင့် ဆက်စပ်နေသော စုဝေးစေတီမှ ဆူးလေစေတီဖြစ်လာပုံကိုသာ ရေးထိုးထားသည်။

ဆူးလေဘုရားနှင့်အတူ ဆူးလေနတ်ကြီး(ဆူးလေ ဘိုဘိုကြီး)မှာလည်း ထင်ရှားသည်။ ဆူးလေနတ်ကြီးသည် လောကီရေးရာကိစ္စများတွင် စောင်မ ကူညီနိုင်သည်ဟု အယူရှိကာ အထူးပင် ပူဇော်ပသကြသည်။ ဗြိတိသျှတို့ အောက်မြန်မာပြည်ကို သိမ်းယူပြီးသည့်နောက်တွင် ဆူးလေနတ်ကြီးရုပ်တုသည် ယခုကဲ့သို့ ဘုရားရင်ပြင်တော်ပေါ်၌ မရှိသေးပေ။ ဆူးလေဘုရားလမ်းနှင့် ဗဟာဗန္ဓုလလမ်း၏ အနောက်မြောက်ထောင့်၊ ယခု ဗလီကြီးရှိရာ နေရာ၌ ဆူးလေနတ်ရုပ်ကြီးရှိသည်ဟု မော်တီ ဆရာသိန်း၏ "ရန်ကုန်မြို့ဟောင်း" ဆောင်းပါးတွင် ဖော်ပြထားသည်။ ၁၉၃၀ ခုနှစ်တွင်ပင် ဆူးလေနတ်ကြီးမှာ ထိုနေရာ၌ပင် ရှိနေသေးသည်ဟု သိရလေသည်။ နောက်ပိုင်းတွင်မှ ဘုရားရင်ပြင်တော်ပေါ်သို့ ရောက်ရှိလာကာ ပိုမိုထင်ရှားလာသည်။

ဆူးလေဘုရားကို ဖူးမြော်နိုင်ရန် တကူးတကပင် သွားရန် မလိုပေ။ အချက်အချာကျသော ရန်ကုန်မြို့လယ်တွင် တည်ရှိနေသောကြောင့် ကိစ္စရှိ၍ မြို့တွင်းသို့ သွားလာရင်းနှင့်ပင် တက်ရောက် ဖူးမြော်နိုင်သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ပြည်သူများသာမက၊ နိုင်ငံခြား ခရီးသွား ဧည့်သည်များလည်း လာရောက် ဖူးမြော်ကြသည်။ ရန်ကုန်မြို့တွင်း ကိစ္စရှိ၍ သွားရတိုင်း ဆူးလေဘုရားကို ဖူးမြင်နိုင်ပေသည်။ သို့သော် မည်သူမဆိုပင် ခရီးသွားရင်း ဦးခိုက်ကြပြီး ဘုရားရင်ပြင်တော်ပေါ်သို့ တက်၍ သေသေချာချာ ဖူးမြော်ကြသူရှားပါးလှသည်။ အဓိဋ္ဌာန်ဝင်လိုသူများနှင့် ပန်း၊ ရေချမ်း ဆီမီး ကပ်လှူပူဇော်လိုသူများသာ ရင်ပြင်တော်ပေါ်တွင် တွေ့ရသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများပီပီပင် မည်သည့်အကြောင်းကြောင့်မဆို မြို့တွင်းသို့ ရောက်ရင် တန်ခိုးကြီးသော ဆူးလေစေတီတော်မြတ်ကြီးကို အလျဉ်းသင့်ပါက တက်ရောက် ဖူးမြော်ကြပါစေလိုကြောင်း ဆန္ဒပြုအပ်ပါသည်။

* * *

မောင်လင်းအောင်

မှီငြမ်း ။ ။ မြန်မာ့စွယ်စုံကျမ်း




www.burmeseclassic.com

www.burmeseclassic.com



# ဂျမိုရာဆန်းကြယ် စာအုပ်စဝင်

သုတအုံ




## မောင်စိန်ဝင်း (ပုတီးကုန်း) ပဋ္ဌာန်းတရား စွမ်းအားဖြစ်စေ

"ပဋ္ဌာန်းတရား စွမ်းအားဖြစ်စေ"နှင့်အတူ မိုးကုတ်ဆရာတော်ဘုရားကြီး၏ သံဝေဇနိယ လေးဌာန ဓမ္မပူဇာခရီးစဉ်စာအုပ် အမှာစာ၊ ဓမ္မိကာရာမ ပေါက်တော ကျောင်းတိုက်တွင် ဆရာ ဟောပြောခဲ့သော "အမှောင်-အလင်း" ဟောပြောချက်များကို စုစည်းထုတ်ဝေထားခြင်းဖြစ်သည်။

ပဋ္ဌာန်းနှင့် ပတ်သက်ပြီး ဓမ္မဘေရီ အရှင်ဝီရိယ(တောင်စွန်း)၏ ပညတ်သွားရာ ဓာတ်သက်ပါ အမှာစကားမှာလည်း စိတ်ဝင်စားစရာကောင်း၏။

မိုက်မဲသူတို့သည် မှောင်သောအရပ်မှ လာ၍၊ မှောင်သောအရပ်မှာ နေ၍၊ အမှောင်ရှိရာအရပ်သို့ သွားကြ၏။

ပညာရှိသူတို့သည် မှောင်သောအရပ်မှ လာ၍၊ မှောင်သောအရပ်မှာ နေ၍၊ အလင်းရှိရာအရပ်သို့ သွားကြသည်တဲ့။

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | ဇေယျာလင်းထွန်း |
| စာပေတိုက် | - | အရိန္ဒမာစာပေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၃၊ ဇန်နဝါရီ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁,၂၀၀ ကျပ်။ |




## ကလောင်စုံ အမေနေ့ အမှတ်တရ မဂ္ဂဇင်း

ရေစကြိုမြို့နယ်၊ အဓိပတိ စာပေအနုပညာနှင့် စာချစ်သူ လူငယ်များအဖွဲ့မှ အမေနေ့ အမှတ်တရအဖြစ် စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

အမေဟူရာ၌ ဥစ္စာဓနပေါများခြင်း၊ မဝှရဲခြင်း၊ အမျိုးမြင့်ခြင်း၊ အမျိုးနိမ့်ခြင်း၊ ပညာရှိခြင်း၊ ပညာမဲ့ခြင်း၊ ရုပ်ရည်တင့်တယ်ခြင်း၊ ကိုယ်ကျင့်တရားပြည့်ဝခြင်း၊ ကိုယ်ကျင့်တရားချို့ငဲ့ခြင်း၊ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ မိခင်တို့ဝတ္တရားကျေပွန်ခြင်း၊ ဝတ္တရားပျက်ကွက်ခြင်း စသည်တို့က ပမာနမဟုတ်။ အမေသည် အမေသာဖြစ်၏ ဟူသော ဆရာကြီး ဦးသုခ၏ စကားစုလေးဖြင့် နိဒါန်းပျိုး ဖွင့်လှစ်ထားသည်။

အမေကို ချစ်သူများ၊ မိခင်နို့ရည်ကို သောက်စို့ခဲ့ဖူးသူများအားလုံး အမေ့မေတ္တာ အကြောင်းများကို အားပါးတရ ဖတ်ရှုရမည့် အမှတ်တရထုတ် မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။

အမေနှင့် မကင်းကြသော ကလောင်စုံတို့၏ လက်ရာကို မြင်တွေ့ရမည် ဖြစ်သည်။

| | | |
|---|---|---|
| စာပေတိုက် | - | အဓိပတိအနုပညာ |
| မျက်နှာဖုံးဒီဇိုင်း | - | CHAN MIN. |
| ပုံနှိပ်ခြင်း | - | ၂၀၁၃၊ ဇန်နဝါရီ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၁၀၀၀ |



www.burmeseclassic.com

www.burmeseclassic.com




## ကြည်မိုးငြိမ်း မမြင်နိုင်စွမ်းသော ဆုံဆည်းရာအရပ်သို့


ကြည်မိုးငြိမ်း ရေးသော ရသဝတ္ထုလုံးချင်း ထွက်ရှိလာသည်။ "မြစုရတနာ" စာပေမှ ထုတ်ဝေဖြန့်ချိထားသည်။

မော်လမြိုင် ဘီလူးကျွန်းနယ်တစ်ဝိုက်ကို အခြေခံပြီး ရေးဖွဲ့ထားသော မေတ္တာဇာတ်လမ်း လုံးချင်းဖြစ်သည်။ လူ့ဘဝတွင် ဖြစ်တတ်သော သဘာဝများ၊ တွေ့ဆုံကြုံကွဲ ဖြစ်မြဲမမှုတာများကို သံယောဇဉ်အခင်းအကျင်းဖြင့် ဇာတ်လမ်းဆင်ထား၏။

ပရိသတ်များ အံလုံးစုံ အကြိုက်တွေ့မည်ဟု မဆိုသာသော်လည်း ရိုးရှင်းသော၊ သဘာဝကျသော ရေးဖွဲ့ဟန်တို့ကြောင့် ဖတ်၍ကောင်းသော ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း ပြောချင်သည်။ ချစ်ငယ်နှင့် နောင်နောင်တို့နှစ်ဦး၏ ချစ်ခြင်းမေတ္တာကို သဘာဝကျကျ စကားလုံးအနုအလှများဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။

အချစ်စစ်၊ အချစ်မှန်ဆိုတာ သာယာဖြောင့်ဖြူးခြင်း မရှိပေမယ့်လည်း ထိုထိုသော ချစ်သူတိုင်းအတွက် ဆုံမှတ်တစ်ခုတော့ ရှိနေလိမ့်မယ်ဆိုတာ အသေအချာပါပဲဟု ကြည်မိုးငြိမ်းက ဆိုထားသည်။

မျက်နှာဖုံးပန်းချီ - မင်းထက်နိုင်
ဖြန့်ချိရေး - မြစုရတနာစာပေ
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇန်နဝါရီ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၂၀၀ကျပ်။




## မာန်ဟိန်းကျော် အဘ မင်းသိခ်နှင့် တစ်ထောင့်တစ်ည ယတြာများ

စာရေးသူ ဆရာ မာန်ဟိန်းကျော်မှာ ပေတောလေလွင့်နေရင်း ဆရာ မင်းသိခ်နေထိုင်ရာ မော်ဘီမြို့အစွန် မရမ်းတလင်း အယူတော်မင်္ဂလာခြံကြီးဆီသို့ ရောက်သွားခဲ့ရာမှစပြီး ဘရာ မင်းသိခ်ထံတွင် နီးနီးကပ်ကပ် ပညာသင်ယူခဲ့သော အတွေ့အကြုံများကို ပြန်လည်ရေးသားထားခြင်းဖြစ်၏။

ဆရာ မင်းသိခ်၏ နှုတ်ထွက်စကားများ၊ ဂမ္ဘီရပညာများ၊ ယတြာများကို ဆရာ မာန်ဟိန်းကျော်မှ ပေထက် အက္ခရာဖြစ်အောင် စာရေးခြင်းအတတ်ပညာဖြင့် ရေးသားထားခြင်းဖြစ်သည်။

လူတိုင်းအတွက် အသုံးဝင်၊ အသုံးတည့်သော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ တစ်ထောင့်တစ်ည ယတြာများကို လေ့လာဖတ်ရှုသင့်ကြောင်း သတင်းကောင်းပါးလိုက်ပါရစေ။


စာပေတိုက် - မြစုရတနာ
မျက်နှာဖုံးဒီဇိုင်း - လှိုင်ဝင်းနိုင်
ပုံနှိပ်ခြင်း - ၂၀၁၃၊ ဇန်နဝါရီ၊ ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ကျပ်။

*****



www.burmeseclassic.com

www.burmeseclassic.com
February 16, 2013 8:59:29 PM




www.burmeseclassic.com

www.burmeseclassic.com


"ကလင်…ကလင်…ကလင်"

ဟူသော ဖုန်းမြည်သံကြောင့် ဦးအောင်မျိုးကျော် ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို… ပြောပါခင်ဗျာ၊ ကျွန်တော် အောင်မျိုးကျော်ပါ"

"ဩော်…အောင်မျိုးကျော်လား၊ သူငယ်ချင်း…ငါပါကွ၊ မျိုးထွဋ်ခေါင်လေကွာ"

"ဩော်…သူငယ်ချင်း မျိုးထွဋ်၊



www.burmeseclassic.com

www.burmeseclassic.com





ပြောလေ"

"ငါ သဘော်ပြန်တက်တော့မယ် ကွ။ ဒါကြောင့် ငါတို့ ဒီည ဆုံကြရအောင်ကွာ။ ဝေထွန်းနဲ့ လှမြင့်လည်း ငါ ဖုန်းဆက်ပြောထားပြီးပြီ။ ဘယ်လိုလဲ၊ ဖြစ်တယ်မဟုတ်လား"

"ဩော်...ဖြစ်ပါတယ်။ ဒါနဲ့ ငါ့ကို ပြောဦး။ ဆုံကြမယ့်နေရာနဲ့ အချိန်ကို"

"ဩော်...ဆည်းဆာရိပ်မြုံ စားသောက်ဆိုင်ပဲပေါ့ကွာ။ အချိန်ကတော့ ည ၇နာရီ"

"အေးအေး။ ကောင်းပြီ..ကောင်းပြီ"

စကားဆုံးတော့ ဦးအောင်မျိုးကျော် ဖုန်းကို ချလိုက်သည်။

ဦးအောင်မျိုးကျော်မှာ မြင်သာယာမြို့လေးတွင် မြို့မျက်နှာဖုံးလုပ်ငန်းရှင်တစ်ဦးဖြစ်လေသည်။ မြို့လယ်တွင် "ပန်းတော်ဝင်"ဟူသော ဂျာနယ်တိုက်လေးတစ်ခုကို ထောင်ထား၏။ ဂျာနယ်တိုက်သည် မြို့လယ်တွင် ရှိသော်လည်း ဦးအောင်မျိုးကျော် နေသည်ကတော့ မြင်သာယာမြို့ထဲတွင် မဟုတ်။ မြင်သာယာမြို့နှင့် ၇မိုင်ခန့်ဝေးသော မြို့စွန်ရပ်ကွက်လေးတစ်ခု၌သာ ဖြစ်လေသည်။

နေ့စဉ် ဦးအောင်မျိုးကျော် တစ်ယောက် ရုံးဆင်းချိန်ဖြစ်သည့် ၆နာရီခန့်တွင် အိမ်သို့ ပြန်တတ်၏။ သို့သော် ယနေ့တွင်တော့ ဦးအောင်မျိုးကျော် ပြန်နေကျအချိန်တွင် မပြန်နိုင်တော့။ ငယ်သူငယ်ချင်းဖြစ်သူ မျိုးထွဋ်ဆွေမှ ယနေ့ မိမိရှိနေသော ဂျာနယ်တိုက်ဆီသို့ ဖုန်းဆက်လာသည်။ သင်္ဘောပြန်တက်တော့မည်ဖြစ်၍ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

များ ပြန်ဆုံကြရန်ဖြစ်လေသည်။

ထို့ကြောင့် ယနေ့ညတွင် အိမ်ပြန်နောက်ကျမည့်အကြောင်းကိုလည်း ဇနီးသည် စိတ်မပူစေရန် ဖုန်းဆက်အကြောင်းကြားထားလိုက်၏။ သူငယ်ချင်းတွေ ဆည်းဆာရိပ်မြို့ စားသောက်ဆိုင်လေးဆီမှ လူစုခွဲကြတော့ ည ၁၀ နာရီခန့်ရှိလေပြီ။ မျိုးထွင့်၊ ဝေလင်း၊ လှမြင့်တို့အားလုံးက မိမိအား အိမ်အရောက် လိုက်ပို့ပေးမည်ဟု ပြောကြ၏။

သို့သော် မိမိမှာ ဂျာနယ်ဖောင်ပိတ်ရက်ဖြစ်၍ ဂျာနယ်တိုက်သို့ ခေတ္တဝင်ရောက်လိုသောကြောင့် သူငယ်ချင်းတစုပြောကြားလာသော စေတနာစကားတို့ကို ငြင်းဆိုလိုက်သည်။

"ကဲ - သူငယ်ချင်း အောင်မျိုးကျော်၊ ဒါဆို ငါတို့သွားတော့မယ်။ မင်းဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်ကွာ။ ငါ ဘာမှမဖြစ်ပါဘူး"

"ကောင်းပြီ သူငယ်ချင်း၊ ဂွတ်နိုက်"

◆◆◆

ဦးအောင်မျိုးကျော်တစ်ယောက် မြိုင်သာယာမြို့လယ်လမ်းလေးအတိုင်း ကားကို ဖြည်းဖြည်းမောင်း၍ ထွက်လာသည်။ မိမိ၏ ဂျာနယ်တိုက်ဆီသို့ ဖြစ်၏။ ဂျာနယ်တိုက်ဆီသို့ ဦးအောင်မျိုးကျော် ရောက်သွားတော့ ဝန်ထမ်းများ မအိပ်ကြသေး။ တာဝန်ခံ အယ်ဒီတာစိုးသူရအား မှာကြားရန်ရှိသည့်ကိစ္စများကို မှာကြား၍ ဦးအောင်မျိုးကျော် ဂျာနယ်တိုက်ဆီမှ ထွက်လာခဲ့သည်။

အချိန်မှာ ည ၁၁နာရီခန့်ရှိပြီဖြစ်လေသည်။ သူငယ်ချင်း မျိုးထွင့်ဆွေ နောက်ဆုံး ထည့်ပေးရင်း တိုက်လိုက်သော ဘလက်လေဘယ် အရက်လေး တစ်ခွက်က မြို့ထဲမှ ထွက်လာစကသိပ်၍မသိသာ။ မြို့ပြင်သို့ ရောက်၍ လေတဖြူးဖြူးတိုက်လာခဲ့သည်မှ တဖိန်းဖိန်းအရှိန်တက်၍လာရင်း ရီဝေဝေဖြစ်စပြုလာ၏။ သို့သော် ဦးအောင်မျိုးကျော် မမူးလေပါ။ အရာရာသည် သတိအပြည့်နှင့် ရှိနေ၏။

မြိုင်သာယာမြို့ပြင်သို့ တဖြည်းဖြည်းရောက်၍လာ၏။ မြို့ပြင်သို့ရောက်လာသည်နှင့် လျှပ်စစ်မီးများက မရှိတော့၊ လရောင်သည်လည်း လဆန်းရက်တစ်ရက်မို့ ထိန်ထိန်လင်းလင်းမသာလေကြ။ မှုန်မှုန်ပျပျအလင်းရောင်တချို့နှင့်သာ မနည်းအားယူ လင်းနေကြ၏။

မြို့နှင့် သုံးမိုင်လောက်အကွာ အဝေးတွင် "ဗောဓိကုန်း"ဟူသော တစ်ချိန်က ဆေးရုံဟောင်းကြီးတစ်ခုရှိခဲ့ဖူးသည့် နေရာရှိသည်၊ ဤနေရာသည် တခြားနေရာများနှင့်မတူ မယ်ဇလီ၊ ကုက္ကိုတောများ လွှမ်းမိုးဖုံးအုပ်နေသည်ဖြစ်၍ သစ်ပင်သစ်ရိပ်များနှင့်အတူ မှောင်မည်းနေသည်၊ ဗောဓိကုန်းနယ်စပ်ဝင်လိုက်သည်နှင့် မှုန်မှုန်ပျပျလင်းနေခဲ့သော လရောင်လရိပ်များက အမှောင်ထုဖြင့် ဖုံးလွှမ်းသွားသည်။

ဤနေရာသည် ယုံတမ်းစကားတချို့နှင့်လည်း သတင်းကြီးနေသောနေရာဖြစ်၏။ ဆေးရုံကြီးမှာ ဂျပန်ခေတ်က ရေးဟောင်း ဆေးရုံကြီးဖြစ်၍ ယခုအခါတွင်တော့ မရှိတော့။ ဆေးရုံဟောင်းကြီးအစား လုပ်ငန်းရှင်တစ်ဦးပိုင်ဆိုင်သည့် အမည်းရောင် ဂိုဒေါင်ကြီးတစ်လုံးနှင့် မယ်ဇလီပင်များ၊ ကုက္ကိုပင်၊ သရက်ပင်များကသာ စိမ်းစိမ်းစိုစိုညို့ညို့ မင်းမူနေကြသည်။

တစ်ခါတစ်ခါတွင် ထိုနေရာမှ လူမမာတစ်ဦးဦးထွက်၍ အကူအညီတောင်းလေ့ရှိသည်ကို လည်းကောင်း၊ တစ်ခါတစ်ရံ ဆရာဝန်မတစ်ဦး ထိုဆေးရုံဟောင်းရှေ့တွင် ကားရပ်ခိုင်း၍ ဆင်းသွားတတ်သည်ဟူသော သတင်းများကြားခဲ့ရဖူးသည်။ သို့သော် ဦးအောင်မျိုးကျော်ကိုယ်တိုင်သည်ကတော့ ထိုအဖြစ်အပျက်မျိုး တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ရဘူးပေ။

ထိုနေရာနှင့် နီးလာသည်နှင့် ဦးအောင်မျိုးကျော် အနည်းငယ် စိတ်အားငယ်သလိုတော့ဖြစ်သွားသည်၊ သို့သော် ဤနေရာ၊ ဤဒေသများသည် မိမိ အမြဲတစေဆိုသလို ဖြတ်သွားဖြတ်လာပြုနေသော နေရာဖြစ်၏။ အားကို တင်းရင်း လီဗာကို မြှင့်လိုက်သည်။ ကားလေးက မြားတစ်စင်းလို ပြေးထွက်သွားသည်။

ဆေးရုံဟောင်းရှေ့တည့်တည့်သို့ အရောက် ကောက်ကာငင်ကာ ဘာဖြစ်သွားလေသည်မသိ၊ ကားက တတောက်တောက်မြည်ကာ စက်ရပ်သွားတော့သည်။

"အဲဒါမှ ဒုက္ခပဲကွာ"

ဦးအောင်မျိုးကျော် ညည်းညူရင်း ကားပေါ်မှ ဆင်းလိုက်သည်။ အသင့်ဆောင်ထားသော ဓာတ်မီးဖြင့် ကားပေါ်မှ ဆင်းကာ စက်ဖုံးကို ဖွင့်ရင်း ကြည့်မိ၏။ သို့သော် ပြစ်ချက်ကို မတွေ့၊ ကားမှာလည်း စက်နှိုး၍မရတော့ပေ။

"မတတ်နိုင်ဘူးကွာ။ ခုမှတော့ ဘာလုပ်လို့ရမှာလဲ။ ဖြတ်သွားဖြတ်လာမယ့် ကားတစ်စီးစီးကိုပဲ စောင့်ပြီး အကူအညီတောင်းရတော့မှာပေါ့"

အတွေးဆုံးတော့ ဦးအောင်မျိုးကျော်တစ်ယောက် သက်ပြင်းမောတစ်စကို ခပ်ပြင်းပြင်းချလိုက်၏။

"ဟင်း- - -"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ရိပ်အောက် ကားထဲတွင် တစ်ယောက်တည်း ထိုင်မနေလို၍ ဦးအောင်မျိုးကျော် ကားပေါ်မှ ဆင်းကာ ကားဘေးတစ်ဝိုက်ပတ်ရင်းက လမ်းလျှောက်နေခဲ့သည်။ တစ်ဆက်တည်း ကားလမ်းတစ်လျှောက် တောင်မြောက် ဝဲယာဆီသို့လည်း မကြာမကြာ လှမ်းမျှော်ကြည့်မိ၏။ ထိုစဉ် မြောက်ဘက်ဆီမှ မီးထိုး၍ မောင်းနှင်လာနေသော အရာတစ်ခုကို တွေ့ရသည်။ ဦးအောင်မျိုးကျော် ပျော်သွားသည်။

ထိုကားကို တား၍ အကူညီတောင်းခံရတော့မည်ဖြစ်လေသည်။ ဦးအောင်မျိုးကျော် အားလည်း တက်၍သွား၏။ ဦးအောင်မျိုးကျော်၏ လက်ပြတားမှုကြောင့် မီးထိုး မောင်းနှင်လာသော အရာက အနားသို့ အရောက်တွင် စက်ရှိန်ကို လျှော့လိုက်ရင်း ရပ်၍သွား၏။ ကားမဟုတ်ဘဲ ဆိုင်ကယ်တစ်စီးဖြစ်ကြောင်း တွေ့ရလေသည်။ ဆိုင်ကယ်ပေါ်တွင် လူငယ်တစ်ဦးမှ ရှေ့က မောင်းနှင်လာကာ နောက်တွင်တော့ ချောမောလှပသော မိန်းကလေးတစ်ဦးက လိုက်ပါလာလေသည်။ ဆိုင်ကယ်ကို ရပ်ရပ်ချင်း ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော မိန်းကလေးမှာ ဆင်းလာပြီး ဦးအောင်မျိုးကျော်ထံသို့ ပြေးလာလေတော့သည်။

"ဦး…ဦး…သ…သမီးကို ကယ်ပါရှင်၊ ကယ်ပါဦး"

မိန်းကလေး၏ အပြုအမူကြောင့် ဆိုင်ကယ်မောင်းနှင်လာသော လူရွယ်က ဆိုင်ကယ်ကို ရပ်လိုက်ပြီး ဆင်းလာသည်။ ဦးအောင်မျိုးကျော်ကို အကူအညီတောင်းခံနေသော မိန်းကလေးအားလည်း…

"ဟဲ့ - မိစန္ဒီ လာ…ခုချက်ချင်း ပြန်လာခဲ့"



"ဦး…ဦး၊ သမီးကို ကယ်ပါရှင်။ သမီးကို ကယ်ပါ။ သမီးက မိကောင်းဖခင်သားသမီးပါ။ သမီးကို ဆိုင်ကယ်ပေါ် အတင်းဆွဲတင်ရင်း ခေါ်လာခဲ့တာပါ"

"ဟဲ့ - မိစန္ဒီ နင့်ပါးစပ် ခုပိတ်၊ ဘာမဟုတ်မဟပ် စကားတွေ ပြောနေတာလဲ။ ခု လာခဲ့စမ်း"

"သမီးပြောနေတာတွေဟာ အမှန်တွေပါရှင်။ သူကသာ လိမ်နေတာပါ။ သမီးကို ကယ်ပါ ဦးရယ်၊ ဦး မကယ်ရင် သမီး ဒုက္ခရောက်တော့မှာ"

အခါခါတောင်းဆိုရင်း တောင်းပန်နေလေသော မိန်းကလေး၏ စကားကြောင့် ဦးအောင်မျိုးကျော် အကျပ်ရိုက်သွားသည်။ ချက်ချင်း သတိတစ်ချက်လည်း ဝင်၍သွား၏။ ညကြီးမင်းကြီးဟူသည် ဤဇာတ်လမ်းမျိုးတွေ ခင်းကျင်းရင်း ဂွင်ဆင်လေ့ရှိသော မှုခင်းဖြစ်ရပ်ကိစ္စတွေ ဦးအောင်မျိုးကျော် ကြားဖူး၏။ အထူးသဖြင့် မိမိဂျာနယ်တွင်ပင် ထိုပြစ်မှုမျိုးတွေ ထည့်ပေးခဲ့ရသည်မှာ မနည်းတော့။

မယုံတစ်ဝက် ယုံတစ်ဝက်စိတ်များဖြင့်…

"နေ…နေကြပါဦးဗျ။ ခင်ဗျားတို့ နှစ်ယောက် ဘာတွေဖြစ်လာကြသလဲ ဆိုတာ ကျုပ်ကို ရှင်းပြကြပါဦး"

"ခင်ဗျားကို ရှင်းပြရအောင် ခင်ဗျားက ဘာမို့လို့လဲ။ ခင်ဗျားကို ကူညီပေးဖို့ ကျုပ်ရပ်ပေးခဲ့တာ။ ခုတော့ ခင်ဗျားကို ကျုပ် လုံးဝ မကူညီတော့ဘူး။ ခင်ဗျားကလည်း ကျုပ်အတွက် အမိုက်တစ်စဖြစ်သွားပြီ"

"မဟုတ်…မဟုတ်ပါဘူး ငါ့ညီရာ။ ဦးက ကောင်းကောင်းမွန်မွန်ပြောပြတာပါ"

"အိုဗျာ… ကောင်းကောင်း၊ မကောင်းကောင်း ကျုပ် နားမလည်ဘူး။ ခင်ဗျားနဲ့လည်း ဘာမှမဆိုင်ဘူး။ ဟောဒီမှာ ကြည့်၊ မသေချင်ရင် အသာနေ"

စကားဆုံးတော့ လူရွယ် ထုတ်ပြသော တစ်ထွာသာသာရှိ သားလှီးဓားတစ်ချောင်းကို တွေ့ရ၏။ မိန်းကလေးမှာ မိမိဆီ အပြေးတိုးဝင်လာရင်း တစ်ဖက်လမ်းနံဘေးရှိ ယူကလစ်တောထဲသို့ ပြေးဝင်သွားတော့၏။ လူရွယ်က နောက်က လိုက်၏။ မိမိမှ တားမည် အပြု လက်ထဲတွင် ကိုင်ထားသော ဓားဖြင့် တစ်ချက်တွတ်ထည့်လိုက်သည်။ ဦးအောင်မျိုးကျော် မူခနဲဖြစ်သွားသည်။ ရှောင်လိုက်သည့်ကြားမှပင် ဓားချက်က ဦးအောင်မျိုးကျော် လက်ဖျံနံဘေးကို ရှပ်၍ထိသွားသည်။ လူရွယ်မှာ ဆိုင်ကယ်ပေါ် ပြန်တက်၍ ယူကလစ်တောထဲသို့ ပြေးဝင်သွားသော မိန်းကလေးနောက်သို့ လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ထုအောက်တွင် ပျောက်ကွယ်သွားတော့သည်။

ဦးအောင်မျိုးကျော် ထိသွားသော ဓားဒဏ်ရာကို တစ်ချက်ကြည့်လိုက်၏။ သွေးများက စိမ့်ယိုကျနေ၏။ မိမိအိတ်ထဲမှ မျက်နှာသုတ်ပဝါကို ထုတ်၍ သွေးတိတ်စေရန် ချည်နှောင်စည်းထားလိုက်၏။ တဆစ်ဆစ်နာကျင်လာသော လက်မှ ဒဏ်ရာကြောင့် ကားခေါင်းထဲသို့ ဝင်ကာ မှိန်းနေလိုက်၏။

"ဗျို့…ဗျို့ ဆရာကြီး၊ ထ…ထပါဦးဗျ။ ကားက ဘာဖြစ်သွားလို့လဲ"

မျက်နှာပေါ်သို့ ရှူးရှူးရှရှကျရောက်လာသော မီးရောင်များကြောင့် ဦးအောင်မျိုးကျော် မေးခနဲ အိပ်ပျော်သွားရာမှ လန့်နိုးသွားတော့သည်။ ပတ်တရောင်လှည့်လာသော ရဲကင်းများ ဖြစ်လေ၏။ ကျိန်းစပ်နေသော မျက်လုံးအစုံကို အားယူဖွင့်လိုက်၏။

ကျွန်တော့်ကား ဒီနားမှာ မောင်းလာရင်းက ထိုးရပ်သွားလို့ဗျာ"

ထိုမှ ရဲများက သေသေချာချာ ကြည့်ကြ၏။

"ဟင်…ဘယ်သူများလဲလို့၊ လက်စသတ်တော့ သူဌေး ဦးအောင်မျိုးကျော်ပဲ။ ဘယ်လိုဖြစ်ရတာလဲ ဦးအောင်မျိုးကျော်ရယ်"

ဦးအောင်မျိုးကျော်မှာ မိမိကြုံတွေ့ ဖြစ်ပျက်ခဲ့သော အကြောင်းများကို စေ့စေ့ငငပြောပြလိုက်၏။ ဦးအောင်မျိုးကျော် စကားကြောင့် ရဲသားများ အားလုံး အံ့အားသင့်သွားကြ၏။

"ဟုတ်ရဲ့လား ဦးအောင်မျိုးကျော်ရယ်"

"ဩော်… ရဲသားကြီးတို့ရယ်၊ ကျုပ်က မဟုတ်ဘဲ ဘယ်ပြောပါ့မလဲ။ ဟောဒီမှာ ကြည့်၊ လူရှယ်ထိုးလိုက်တဲ့ ဓားက ကျုပ်လက်မောင်းကို ရှပ်ထိသွားလို့ လက်ကိုင်ပဝါနဲ့တောင် စည်းထားရတယ်။ ဟောဒီမှာကြည့်"

စကားဆုံးတော့ လက်တွင် စည်းထားသော လက်ကိုင်ပဝါလေးကို ဖြုတ်လိုက်၏။

"ဟင်…"

ဦးအောင်မျိုးကျော် အံ့ဩသွားသည်။ မကြာခင်က ရှပ်ထိသွားသော ဓားဒဏ်ရာသည် သွေးများပင် ထွက်နေ၍ သွေးတိတ်စေရန် မိမိလက်ကိုင်ပဝါနှင့်ပင် စည်းထားခဲ့ရလေသည်မဟုတ်လား။ ယခုတော့ ဒဏ်ရာဟူ၍ ဘာတစ်ခုမှမရှိတော့။ မိမိအဖြစ်ကို ကြည့်၍…

"ကဲ - ဘယ်မှာလဲ ဦးအောင်မျိုးကျော်ပြောတဲ့ ဓားဒဏ်ရာဆိုတာ။ ဘာတစ်ခုမှလည်း မရှိပါလား"

မိန်းကလေး ဆင်းပြေးသည်ဆိုသော ယူကလစ်တောစပ်မှ ဆိုင်ကယ်ဘီးရာများကို ရှာဖွေကြည့်ကြပြန်တော့လည်း သဲလွန်စဟူ၍ ဘာတစ်ခုမျှပင် မတွေ့ခဲ့ရ။

"ကဲ - ဘယ်လိုလဲ ဦးအောင်မျိုးကျော်၊ ခင်ဗျား အိပ်ပျော်သွားပြီး အိပ်မက်များ မက်သွားတာလားဗျာ"

"အိပ်မက်,မက်တာ မဟုတ်ဘူးဆိုတာတော့ သေချာတယ်။ အဲဒီကိစ္စတွေ ဖြစ်ပျက်ပြီးမှ ကျုပ် မေးခနဲအိပ်ပျော်သွားတာ။ အင်း…ကျုပ်ကိုယ်ကျုပ်လည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူးဗျာ"

ဦးအောင်မျိုးကျော်စကားဆုံးတော့ ရဲသားကြီးတစ်ဦးက စဉ်းစဉ်းစားစားပြုလိုက်ရင်း…

"ဩော်… ကျုပ်မေ့နေတာ သေချာပြီဗျာ။ တကယ့်ကို သေချာသွားပြီ"

ရဲသားကြီး၏ စကားကို နားမလည်သော ဦးအောင်မျိုးကျော်မှ -

"ဘာတွေလဲဗျ၊ ကျုပ်ကိုလည်း ရှင်းအောင် ပြောပါဦး"

"ဒီလိုဗျ။ ဒီဇောဓိကုန်းဆေးရုံ ဟောင်းကွေ့မှာ လွန်ခဲ့တဲ့ တစ်လလောက်က ချစ်သူစုံတွဲတစ်တွဲ ဆိုင်ကယ်မှောက်ပြီး ပွဲချင်းပြီး သေဆုံးခဲ့ကြတယ်။ အဲဒီကိစ္စပဲ ဖြစ်မယ်"

"ဩော်…ဟုတ်လား"

"ကဲ-ကဲ…အချိန်လည်း မရှိဘူး။ ခင်ဗျားကားကိုတော့ ပိတ်ထားခဲ့ပြီး မနက်ကျမှပဲ အိမ်ကို ယူဖို့လုပ်ဗျာ။ ခင်ဗျားကိုတော့ ကျွန်တော်တို့ အိမ်ရောက်တဲ့အထိ လိုက်ပို့ပေးမယ်"

စကားဆုံးတော့ ရဲသားများက ဦးအောင်မျိုးကျော်အား လိုက်ပို့ကြသည်။

မကြာမြင့်မီက ဖြစ်ပျက်ကြုံတွေ့ခဲ့သော အိပ်မက်ဆန်သော ညတစ်ညကို အတွေးဝက်ပါတွင် မြင်ယောင်ရင်း အဖြေရှာနေမိလေတော့သည်။

* * *

မင်းအောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com

# ဝေယံဦး

## မွေးချိန်ဟောနည်းစနစ် (လောကစံရှစ်ပါး)
## မြန်မာ့ဗေဒင်ကို ရှာဖွေတွေ့ရှိသူ
## (သို့မဟုတ်) ဆရာ ပရမတ်



### မြန်မာဗေဒင်နှင့် ဆရာ ပရမတ်

အစက မြန်မာဗေဒင်အပေါ် ကျွန်ုပ် လုံးဝ အထင်မကြီးပေ။ နက္ခတ္တဗေဒင်ပညာသာလျှင် ဗေဒင်ဟု တစ်ဖက်စွန်းရောက် ယုံကြည်မှု ရှိခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း မဟာဘုတ်ပါ၊ အင်္ဂဝိဇ္ဇာ အလိမ်အညာ၊ သက်ခတ် သုံးမရပါ ဆိုသော လူတန်းစားတချို့တွင် ကျွန်ုပ်သည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ စာပေပုံနှိပ်တိုက်ပိုင်ရှင်ဟောင်းတစ်ဦးဖြစ်သူ နက္ခတ်ဗေဒင်ဝါသနာအိုး ဦးမြင့်လွင်(ထားဝယ်)က မြန်မာဗေဒင်အပေါ် အောက်ကျမ်းဟု နှိမ့်ချပြောဆိုသော ကျွန်ုပ်အား မကျေမနပ် ဝေဖန်ပြစ်တင်ခဲ့ဖူးသည်။

တစ်နေ့ ကျွန်ုပ်နှင့် ဦးမြင့်လွင်သည် ရွှေတိဂုံဘုရားအား ဝတ်ပြုပြီးနောက် အရှေ့မုခ်မှ ဆင်းလာရင်း စကားစပ်မိ၍ ကျွန်ုပ်က -

"နက္ခတ်ဗေဒင်နောက် လိုက်ရတာ မပြီးနိုင်ဘူးဗျာ။ ခရစ်ရှနားမူတီးဗေဒင်မှာတော့ နောက်ဆုံးဖြစ်လောက်ပါပြီ။ ဒီဗေဒင်က တော်တော့်ကို ကောင်းတော့ ပြီးလောက်ပြီထင်တယ်ဗျ"

ဒီတော့ ဦးမြင့်လွင်က -

"ခင်ဗျားအနေနဲ့ ခရစ်ရှနားမူတီးဗေဒင်ကို ဥပမာအား



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အခုံးလို့ထင်ရင် အစဆိုတာ ပြန်ရောက်သွားလိမ့်မယ်။ အဲဒါက ဘာလဲဆိုတော့ မြန်မာပြည်မှာ အဆိုတစ်ခုရှိတယ်ဗျ။ ဗေဒင်အစ မဟာဘုတ်ကတဲ့။ ဗေဒင်ကို ဝါသနာပါလာပြီဆိုရင် မဟာဘုတ်က စသင်ကြရတာ များတယ်။ ဒီတော့ ခင်ဗျား မဟာဘုတ်ကို ပြန်ဆင်းပြီး စရမယ်"

ကျွန်ုပ်က -

"ဟာ...အဓိပ္ပာယ်မရှိတာ။ ဒီလောက် နက္ခတ်တွေ လိုက်ထားပြီးမှ မဟာဘုတ်ပြန်ဆင်းရမယ်လို့၊ တောက်တီးတောက်တက်"

ဦးမြင့်လွင် သဘောကျလို့လား မသိ၊ အားရပါးရရယ်သည်။

၁၉၇၉ ခုနှစ်ထဲတွင် သူနှင့် ကျွန်ုပ် ပြန်ဆုံမိကြသည်။ သူက ကျွန်ုပ်ကို ကြည့်ပြီး အားရပါးရ ရယ်ပြန်သည်။ ဒီတစ်ခါတော့...

"ဖြစ်မှဖြစ်ရလေ ပရမတ်ရယ်။ နက္ခတ်တွေ ဒီလောက် လိုက်ပြီးမှ မဟာဘုတ်ပြန်ဆင်းရတယ်လို့။ ဒါကြောင့် ငါပြောတာပေါ့။ အောက်ကျမ်း...အောက်ကျမ်းနဲ့ မစော်ကားပါနဲ့လို့။ ခုတော့ ဝင့်လည်ပြီမဟုတ်လား။ အဲဒါ ဗေဒင်ငရဲကြီးတယ် ခေါ်တယ်။ ဒီဘဝမှာ ဝင့်ကြွေးကုန်အောင် ဆပ်သွား၊ နောက်ဘဝတွေအထိ လိုက်နေဦးမယ်"

သူပြောသွားတာ အမှန်ဖြစ်လာသည်။ ကျွန်ုပ်သည် ယခုအခါ မြန်မာ့ရိုးရာဗေဒင်နှင့် ပတ်သက်၍ အကောင်းဆုံး အနေအထားဖြစ်အောင် ဆောင်ရွက်နေရပါပြီ။

ခေတ်အဆက်ဆက်မှ ယနေ့တိုင်အောင် ထွက်ခဲ့ပြီးသမျှ မြန်မာဗေဒင် မဟာဘုတ်၊ သက်ရောက်၊ အင်္ဂဝိဇ္ဇာ ကျမ်းအမျိုးမျိုးတွင် လူတစ်ဦးတစ်ယောက်၏ မူလမွေးဖွားချိန်ဖြင့် ဟောပြောသော နည်းစနစ်ကိုမူ အမှန်အတိုင်း ဝန်ခံကြမည်ဆိုလျှင် ထင်ထင်ရှားရှား မှတ်သားလောက်အောင် မတွေ့ရှိခဲ့ကြပေ။

ဤမျှ ကာလရှည်ကြာ ပုန်းအောင်းနေသော မြန်မာ့ရိုးရာဗေဒင်မွေးချိန်ဟောနည်းစနစ်ကို ကျွန်ုပ်ဆရာ ပရမတ်သည် ကံကောင်းထောက်မ၍ ရှာဖွေတွေ့ရှိခဲ့ပေသည်။

ငွေကြေးဥစ္စာခနေ ချမ်းသာမှုကို မမက်မောနိုင်။ ကျွန်ုပ်၏ ဘဝတစ်ခုလုံးကို အဆင်းရဲခံ၍ ဗေဒင်ပညာ၌ နစ်မြုပ်လျက် ဆရာကောင်းများထံ တပည့်ခံ သင်ယူပြီး ရှာဖွေထိုးဖောက် တွေးခေါ် ကြံဆရကျိုးနပ်လေပြီ။

မွေးချိန်ဟောနည်းစနစ်ကို ရှာဖွေတွေ့ရှိလိုက်ရသော ပုတီဖွားဖြစ်သော ကျွန်ုပ်၏ ဉာဉ်ဆိုးများ ပေါ်လာပြီး ဖုံးထားဝှက်ထားလိုစိတ်နှင့် ဖြန့်ဝေပေးရမည်ကို နှမြောတွန့်တိုစိတ်များ တဖွားဖွားဖြစ်ပေါ်လာမိပြန်သည်။

ပညာရှင်စစ်စစ်တွင် မဖြစ်ပေါ်အပ်သော အတ္တဆန်သည့် စိတ်ကူး စိတ်ရိုင်းများပင် ဖြစ်သည်။ ပညာအပေါ် သစ္စာမဲ့သော စိတ်ဓာတ်မျိုးပင်ဖြစ်သည်။ အများသူငါအပေါ်၌ ပညာဖြန့်ဝေခြင်းသည်လည်း ပညာသစ္စာတစ်ခုပင်ဖြစ်သည်။ ထိုသို့ဖြစ်ပေါ်လာသော ပုတီစိတ် အဆိုးဉာဉ်များကို ချိုးနှိမ်၍ မိမိကိုယ်မိမိ ဆုံးမပြီး တပည့်ရင်းအချို့အား စတင် သင်ကြားပေးခဲ့သည်။ သို့သော် အများသူငါလက်ထဲသို့ ပီပီပြင်ပြင် ကျမ်းတစ်စောင်အဖြစ် ထုတ်ဝေလိုစိတ်ကား ဖြစ်မလာသေးပေ။

မွေးချိန်စနစ်မပါသေးသော မဟာဘုတ်၊ သက်ခက်၊ အင်္ဂဝိဇ္ဇာ၊ ဓာတ်ယတြာ ကျမ်းလေးကျမ်းကို အရင်ထုတ်မည်။ နောင်သောအခါမှ မွေးချိန်ဟောနည်းစနစ်ကို ထုတ်မည်။ ကြားနှစ်များတွင် ရှာဖွေတွေ့ရှိသော မွေးချိန်ဟောနည်းစနစ်ဖြင့် နှစ်ကြာကြာလေး ဟောစားမည်ဟု စဉ်းစားခဲ့မိသည်။

ဤသည်လည်း မှားသော စဉ်းစားမိခြင်းပင်။ သည်လိုနှင့် မွေးချိန်စနစ်အသုံးပြု ဟောခြင်းသည် လေးနှစ်နီးပါးမျှ ရောက်ရှိခဲ့ပေသည်။

ကျွန်ုပ်၏ တပည့်ဖြစ်သူ ဗေဒင်ဝါသနာအိုး ပန်းထိမ်ဆရာကြီး ဦးရွှေက -

"ဆရာ...လူ့သက်တမ်းတစ်ဝက်ကျိုးနေပြီ။ ဆရာတို့ ရှာထားဖွေထားတာတွေ ကျမ်းမြန်မြန်ထုတ်ခဲ့ဖို့ အရေးကြီးတယ်။ မသေခင်လေး တန်ဖိုးရှိအောင် လုပ်ခဲ့ပါ ဆရာ။ ငွေကြေးစီးပွား ရှာဖွေမှုတွေကို စွန့်ပြီး ဒီလောက် အပင်ပန်းခံ ဘဝရင်းရှာထားတဲ့ ပညာတွေ သေရွာယူသွားရင် အဓိပ္ပာယ်မရှိ ဖြစ်နေပါ့မယ်။ ပညာလိုလားသူ အများအကျိုးရှိအောင် လုပ်ခဲ့စေချင်တယ်"

ဟု တင်ပြခြင်းတစ်ချက်။

တစ်ဖန် ဤမွေးချိန်စနစ်ကို နှစ်သက်၍ အချိန်ကုန်ခံ၊ လူအပင်ပန်းခံ၊ ရက်ရှည် လရှည် ဇွဲရှိရှိဖြင့် သင်ယူခဲ့သော ဆရာ ဦးလင်းအောင်၏ တပည့်ဖြစ်ခဲ့သူ ဗေဒင်ဝါသနာအိုး ဦးပေါ်ထွန်းကလည်း ဤသို့အကြံပြုခဲ့သည်။

"ဆရာ့ကို ကျွန်တော် တစ်ခုတင်ပြချင်တယ်။ ဆရာ့အနေနဲ့ လုပ်သင့်တယ်ထင်မှ လုပ်ပါ။ ကျွန်တော့်အနေနဲ့က ဆရာ ပထမဆုံးထုတ်မည့်ကျမ်းကို ပေါက်မြောက် အောင်မြင်စေချင်တယ်။ ဒါကြောင့် အကြံပြုချင်တာက ဆရာတွေ့ထားတဲ့ မွေးချိန်စနစ်ကို ကျမ်းအဖြစ် အရင်ထုတ်လိုက်စေချင်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကောင်းများ ပိုကောင်းမလားလို့ အကြံပေးကြည့်တာပါ"

သူတို့ ပြောဆိုမှုသည် အမှန်စကား၊ အကြံပေးခြင်းများသာ ဖြစ်သည်။ ရှေးဆရာကြီးတချို့သည် သူတို့ ရှာဖွေတွေ့ရှိသော ပညာကောင်းများကို လျှို့ဝှက်ကြရင်းနှင့် သေသွားကြသဖြင့် ကျွန်ုပ်တို့ မြန်မာဗေဒင်သည် ခေတ်နောက်ကျနေခဲ့ရသည်။

ယခုလောလောဆယ် အတွေ့အကြုံတစ်ခုတင်ပြရလျှင် ကျွန်ုပ်ထံသို့ မရောက်မီ ဦးပေါ်ထွန်း ပညာသင်ယူခဲ့ဖူးသည့် ဆန်းပညာရှင် ဆရာကြီးတစ်ဦးသည် ကျွန်ုပ် ဆရာပရမတ်နှင့် သက်တူ၊ နေ့တူပင် ဖြစ်သည်။ သူ ရှာဖွေတွေ့ရှိခဲ့သည့် ဆန်းနည်း စနစ်ကောင်းများကို လျှို့ဝှက်လိုစိတ်ပြင်းထန်သူဖြစ်သည်။ ယခု သေဆုံးသွားလေပြီ။ သူ ပင်ပန်းစွာ ရှာဖွေတွေ့ရှိခဲ့သည့် ပညာကောင်းများလည်း ကွယ်ပျောက်သွားလေပြီ။

သက်တူရွယ်တူ ထိုဆရာသေဆုံးသည်ကို ကြားရသောအခါ ကျွန်ုပ်သည်လည်း အချိန်ဆွဲမနေနိုင်တော့။ ဤမြန်မာ့ရိုးရာမွေးချိန်ဟောနည်းစနစ်ကျမ်းကို အမြန်ရေးသားထုတ်ဝေလိုစိတ် ဖြစ်ပေါ်လာရပေသည်။

ကျွန်ုပ်၏ စိတ်ထဲတွင် ပညာကောင်းတစ်ခုကို လူသားတို့အတွက် အကျိုးရှိအောင် အသုံးပြုနိုင်မည့်သူများလက်ထဲကိုသာ ရောက်စေချင်သည်။ တပည့်ခံရမှာ ကြောက်၊ သည်ဆရာရဲ့ ပညာလို့ ပြောရမှာ ရှက်၊ သူကိုယ်တိုင်ရှာဖွေတဲ့ ပညာလိုလိုနဲ့ ဟန်ဆောင်၊ နောက်ပြီး ဗေဒင်လာကြည့်သူ့အားကိုးတကြီးသူတွေအပေါ် မတော်မတရား လောဘများဖြင့် အသပြာငွေ ရိတ်လို။ အကြံအဖန် ဗေဒင်ဇတိုက်သည့် ဆရာဆိုးတွေလက်ထဲ ကျွန်ုပ်ရှာဖွေထားသော ပညာရပ်များ ရောက်ရှိသွားမည်ကို စိုးရိမ်စိတ်များရှိသော်လည်း မတတ်နိုင်။

ပညာလိုလား အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ထံ ရောက်ရှိစေရန် အဓိက စိတ်ထားဖြင့် အခြေခံနှင့် အလယ်တန်းအဆင့် မွေးချိန်ဟောနည်းစနစ်(လောကခံရှစ်ပါး) မြန်မာ့ရိုးရာဗေဒင် လက်စွဲကျမ်းကို ရေးသားပြုစု ထုတ်ဝေလိုက်ရပါသည်။

*(၄-၄-၁၉၉၅၊ အင်္ဂါနေ့ ည ၉နာရီ ၂၀မိနစ်)*

*ဆရာ ပရမတ်*

*(အေးချမ်းသူတို့ စံပျော်ရာ)*

*နက္ခတ္တဗေဒ-မြန်မာ့ဗေဒင်*

ယခုတစ်ဖန် ဆရာ ပရမတ်(အေးချမ်းသူတို့ စံပျော်ရာ)၏ မွေးချိန်ဟောနည်းစနစ်(လောကခံရှစ်ပါး) မြန်မာ့ရိုးရာဗေဒင်လက်စွဲကျမ်းတွင် ပါရှိသော မဟာဘုတ်အကြွင်းတွက်နည်းကို တင်ပြလိုပါသည်။ မြန်မာသက္ကရာဇ်ဖြင့် တွက်နည်းကို ဗေဒင်ဝါသနာရှင်များ သိရှိပြီးဖြစ်၍ မဂ္ဂဇင်းစာမျက်နှာကို ငဲ့ပြီး မဖော်ပြတော့ပါ။ ခရစ်သက္ကရာဇ်ဖြင့် မဟာဘုတ်တွက်နည်းကို ဖော်ပြပေးပါမည်။

**နှစ်သစ်ကူးချိန်**

မြန်မာသက္ကရာဇ်တစ်ခုသည် ခရစ်သက္ကရာဇ်နှစ်ခုနှင့် ပူးတွဲနေပါသည်။

ခရစ်သက္ကရာဇ်တစ်ခုသည် မြန်မာသက္ကရာဇ်နှစ်ခုနှင့် ပူးတွဲနေပါသည်။

ဆိုလိုသည်က မြန်မာသက္ကရာဇ် ၁၃၅၅ခုနှစ်သည် ခရစ်သက္ကရာဇ် ၁၉၉၃-၁၉၉၄ နှစ်ခုနှင့် ပူးတွဲနေပါသည်။

ခရစ်သက္ကရာဇ် ၁၉၉၃သည် မြန်မာသက္ကရာဇ် ၁၃၅၄-၅၅နှင့် ပူးတွဲနေပါသည်။

ခရစ်သက္ကရာဇ် ၁၉၉၄ သည် မြန်မာသက္ကရာဇ် ၁၃၅၅-၅၆နှင့် ပူးတွဲနေပါသည်။

**ခရစ်သက္ကရာဇ်ကူးပြောင်းချိန်**

ခရစ်သက္ကရာဇ် တစ်နှစ်မှ တစ်နှစ်သို့ ကူးပြောင်းချိန်သည် ဒီဇင်ဘာလ ၃၁ရက်နေ့ ညသန်းခေါင် ၁၂နာရီ (သို့မဟုတ်) ၀-နာရီပြည့်ပြီးသည်နှင့် နောက်တစ်နှစ်သို့ ကူးပါသည်။ အပြောင်းအလဲမရှိ။ နှစ်စဉ် ပုံမှန်ဖြစ်ပေသည်။

**မြန်မာသက္ကရာဇ်ကူးပြောင်းချိန်**

မြန်မာသက္ကရာဇ် တစ်နှစ်မှ တစ်နှစ်သို့ ကူးပြောင်းချိန်သည် ဧပြီလထဲမှ ဖြစ်ပါသည်။ နေ့အားဖြင့် သင်္ကြန်အတက်နေ့ဖြစ်ပါသည်။ အချိန်နာရီအားဖြင့် အတာတက်သော အချိန်ဖြစ်ပေသည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးသော ထိုနေ့ရက်အချိန်သည် မဟာဘုတ်ဇာတာဖွဲ့ရာ၌ လွန်စွာအရေးကြီးပါသည်။

ကျွန်ုပ် သတိထားမိသလောက်မှာ မြန်မာ့ရိုးရာ ဗေဒင်ပညာရှင်၊ လက်ဆံန်းပညာရှင်အတော်များများသည် မဟာဘုတ်ကို ကိုင်တွယ်ဟောပြောနေကြသော်လည်း မြန်မာသက္ကရာဇ်အကူးအပြောင်းကို သိရှိသူ ရှားပါးပြီး ယောင်ဝါးဝါးဖြစ်နေသည်သာ များကြပေသည်။ နက္ခတ္တဗေဒပညာ တွက်ချက်မှုပိုင်းဆိုင်ရာ (ဂဏိတ) ပညာတတ်ကျွမ်းသူတို့သာလျှင်



www.burmeseclassic.com

www.burmeseclassic.com

နှစ်သစ် အတာကူးချိန်ကို မှန်ကန်စွာ တွက်ချက် သိရှိနိုင်ကြပေသည်။

နက္ခတ္တဗေဒပညာ မသင်ယူခဲ့ဘူးသောသူတို့သည် မြန်မာသက္ကရာဇ် တစ်နှစ်မှ တစ်နှစ်သို့ ကူးပြောင်းမည့် ရက်၊ နေ့ အချိန်အတိအကျကို မြန်မာပြည်တွင်းမှ ထုတ်ဝေသည့် နှစ်စဉ် သန္နိဋ္ဌ ပြက္ခဒိန်မှာ ကြည့်လျှင် အတိအကျသိရှိနိုင်ကြပေသည်။ ကောဇာ မြန်မာသက္ကရာဇ်ပြောင်းလဲချိန်ကိုမူ နှစ်စဉ် ထုတ်ဝေသော မဟာသင်္ကြန်စာတွင်လည်း ကြည့်ရှုခြင်းဖြင့် သိနိုင်ပေသည်။

သန္နိဋ္ဌ ပြက္ခဒိန် သုံးအုပ်ရှိပါသည်။

(က) ဆရာကြီး ကာလာစန်၊

(ခ) ဆရာကြီး ဦးကျော်ငြိမ်း၊

(ဂ) ဆရာကြီး ဦးဗိုလ်ထွေးတို့၏ သန္နိဋ္ဌပြက္ခဒိန်များ ဖြစ်ပါသည်။

၎င်းပြက္ခဒိန်များတွင် ဧပြီလဆိုင်ရာ ဇယားအောက်ဘက်မှာ (တာ/တက်)ဟု တွေ့ရပါမည်။ နာရီ၊ မိနစ်၊ စက္ကန့် အားဖြင့် သင်္ကြန်တက်ချိန် နှစ်သစ်သို့ ကူးချိန်ကို ဖော်ပြထားပါသည်။

၎င်း "တက်"ဟု ဖော်ပြထားသောနေရာမှာ အထက်သို့ တည့်တည့်မတ်မတ် အပေါ်ဆုံးတွင် မြန်မာ နှစ်၊ လ၊ ရက်၊ နေ့အားဖြင့် လည်းကောင်း၊ ခရစ် နှစ်၊ လ၊ ရက်၊ နေ့အားဖြင့် လည်းကောင်း တွေ့မြင် သိရှိနိုင်ပေသည်။

ထို့ကြောင့် အထူးသဖြင့် နှစ်ဆန်းတစ်ရက်နေ့မတိုင်မီ သင်္ကြန်အတက်နေ့တွင် မွေးဖွားသူများအတွက် မွေးဖွားသော အချိန်၊ နာရီ၊ မိနစ်ကို ကြည့်၍ နှစ်မကူးမီ မွေးဖွားသူ၊ နှစ်ကူးပြီးမှ မွေးဖွားသူဟူ၍ သိရှိနိုင်ပေသည်။

သို့မှသာ သူ၏ မူလ မဟာဘုတ်အကြွင်းမှန်ကို ရရှိနိုင်ပါမည်။ သို့မဟုတ်က ယောင်ဝါးဝါးဖြစ်နေပါမည်။

**ခရစ်သက္ကရာဇ်ဖြင့် မဟာဘုတ်တွက်နည်း**

အပိုင်းနှစ်ပိုင်းရှိပေသည်။

(၁) ခရစ်သက္ကရာဇ် နှစ်ကူးချိန် ဒီဇင်ဘာ ၃၁ရက်နေ့ ညသန်းခေါင် ၁၂နာရီမှ ဧပြီလ ၁၅/၁၆ရက် သင်္ကြန်အတက်နေ့ မြန်မာသက္ကရာဇ် နှစ်ကူးချိန်အထိ တစ်ပိုင်း။

(၂) ဧပြီလ ၁၅/၁၆ရက် သင်္ကြန်အတက်နေ့ မြန်မာသက္ကရာဇ် နှစ်ကူးချိန်မှ ခရစ်သက္ကရာဇ် ပြီးဆုံးချိန်ဖြစ်သော ဒီဇင်ဘာ ၃၁ရက် ညသန်းခေါင် ၁၂နာရီအထိ တစ်ပိုင်း။

ထို့ကြောင့် ၁၉၀၀ ပြည့်နှစ်မှ ၁၉၉၉ နှစ်အတွင်း မွေးဖွားသောသူများသည်...

(၁) ဒီဇင်ဘာ ၃၁ရက် ညသန်းခေါင် ၁၂နာရီမှ ဧပြီလ ၁၅/၁၆ရက် သင်္ကြန်အတက်နေ့ မြန်မာသက္ကရာဇ် နှစ်ကူးချိန်အတွင်းဖြစ်မူ ခရစ်သက္ကရာဇ်ကို ထောင်ရာ ပယ်၍ ဆယ်နှင့် ခုတွင် ကိန်းသေ ၁-ပေါင်းပြီး ၇နှင့် စားလျှင် မဟာဘုတ် အကြွင်းရ၏။

(ဆယ်ခု + ၁) + ၇ = အကြွင်း

(၂) ဧပြီ ၁၅/၁၆ရက် သင်္ကြန်အတက်နေ့ မြန်မာ နှစ်ကူးချိန်မှ ဒီဇင်ဘာ ၃၁ရက် ညသန်းခေါင် ၁၂နာရီအတွင်း ဖြစ်မူ ထောင်ရာပယ်၍ ဆယ်နှင့် ခုတွင် ကိန်းသေ ၂ပေါင်း ပြီး ၇နှင့် စားလျှင် မဟာဘုတ် အကြွင်းရ၏။

(ဆယ်ခု + ၂) + ၇ = အကြွင်း

ဥပမာ (၁) -

၁၉၄၆၊ ဖေဖော်ဝါရီလ

ဆယ်နှင့် ခု = ၄၆

ကိန်းသေ = ၁

၇ ၄၇ ၆

၄၂

၅ ကြွင်း

ဥပမာ (၂) -

၁၉၄၆၊ အောက်တိုဘာလ

ဆယ်နှင့် ခု = ၄၆

ကိန်းသေ = ၂

၇ ၄၈ ၆

၄၂

၆ ကြွင်း

ခရစ်သက္ကရာဇ် ၂၀၀၀ မှ ၂၉၉၉ အတွင်း မွေးဖွားသူများသည်...

(၁) ဒီဇင်ဘာ ၃၁ရက် ညသန်းခေါင် ၁၂နာရီမှ ဧပြီလ ၁၅/၁၆ သင်္ကြန်အတက်နေ့ မြန်မာသက္ကရာဇ် နှစ်ကူးချိန်အတွင်းဖြစ်မူ -

(ဆယ်ခု + ၃) + ၇ = အကြွင်း

(၂) ဧပြီလ ၁၅/၁၆ သင်္ကြန်အတက်နေ့ မြန်မာနှစ် ကူးချိန်မှ ဒီဇင်ဘာ ၃၁ရက် ညသန်းခေါင် ၁၂နာရီအတွင်း ဖြစ်မူ -

(ဆယ်ခု + ၄) = အကြွင်း

ဥပမာ (၁) -

၂၀၀၁၊ ဖေဖော်ဝါရီလ



www.burmeseclassic.com

www.burmeseclassic.com

ဆယ်နှင့် ခု = ၁၀
ကိန်းသေ = ၃
၇ ၁၃ ၁
?
၆ ကြွင်း

ဥပမာ (၂) -
၂၀၁၀၊ မေလ
ဆယ်နှင့် ခု = ၁၀
ကိန်းသေ = ၄
၇ ၁၄ ၁
?
၀ ကြွင်း

**ခရစ်သက္ကရာဇ် ၁၉၃၉ မှ ၂၀၄၃ ခုနှစ်အထိ**
**ဒီဇင်ဘာ ၃၁ရက်၊ ည ၁၂နာရီမှ**
**ဧပြီ ၁၅/၁၆ အတာကူးချိန်အထိ**
**မဟာဘုတ် အကြွင်းဇယား**
**ခရစ်သက္ကရာဇ် ၁၉၃၉ မှ ၂၀၄၃ ခုနှစ်အထိ**

| ၅ကြွင်း | ၆ကြွင်း | ၀ကြွင်း | ၁ကြွင်း | ၂ကြွင်း | ၃ကြွင်း | ၄ကြွင်း |
|---|---|---|---|---|---|---|
| ၁၉၃၉ | ၁၉၄၀ | ၁၉၄၁ | ၁၉၄၂ | ၁၉၄၃ | ၁၉၄၄ | ၁၉၄၅ |
| ၁၉၄၆ | ၁၉၄၇ | ၁၉၄၈ | ၁၉၄၉ | ၁၉၅၀ | ၁၉၅၁ | ၁၉၅၂ |
| ၁၉၅၃ | ၁၉၅၄ | ၁၉၅၅ | ၁၉၅၆ | ၁၉၅၇ | ၁၉၅၈ | ၁၉၅၉ |
| ၁၉၆၀ | ၁၉၆၁ | ၁၉၆၂ | ၁၉၆၃ | ၁၉၆၄ | ၁၉၆၅ | ၁၉၆၆ |
| ၁၉၆၇ | ၁၉၆၈ | ၁၉၆၉ | ၁၉၇၀ | ၁၉၇၁ | ၁၉၇၂ | ၁၉၇၃ |
| ၁၉၇၄ | ၁၉၇၅ | ၁၉၇၆ | ၁၉၇၇ | ၁၉၇၈ | ၁၉၇၉ | ၁၉၈၀ |
| ၁၉၈၁ | ၁၉၈၂ | ၁၉၈၃ | ၁၉၈၄ | ၁၉၈၅ | ၁၉၈၆ | ၁၉၈၇ |
| ၁၉၈၈ | ၁၉၈၉ | ၁၉၉၀ | ၁၉၉၁ | ၁၉၉၂ | ၁၉၉၃ | ၁၉၉၄ |
| ၁၉၉၅ | ၁၉၉၆ | ၁၉၉၇ | ၁၉၉၈ | ၁၉၉၉ | ၂၀၀၀ | ၂၀၀၁ |
| ၂၀၀၂ | ၂၀၀၃ | ၂၀၀၄ | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ |
| ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
| ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
| ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ |
| ၂၀၃၀ | ၂၀၃၁ | ၂၀၃၂ | ၂၀၃၃ | ၂၀၃၄ | ၂၀၃၅ | ၂၀၃၆ |
| ၂၀၃၇ | ၂၀၃၈ | ၂၀၃၉ | ၂၀၄၀ | ၂၀၄၁ | ၂၀၄၂ | ၂၀၄၃ |

**ဧပြီ ၁၅/၁၆ အတာကူးချိန်မှ**
**ဒီဇင်ဘာ ၃၁၊ ည ၁၂နာရီအထိ**
**မဟာဘုတ်အကြွင်းဇယား**

| ၆ကြွင်း | ၀ကြွင်း | ၁ကြွင်း | ၂ကြွင်း | ၃ကြွင်း | ၄ကြွင်း | ၅ကြွင်း |
|---|---|---|---|---|---|---|
| ၁၉၃၉ | ၁၉၄၀ | ၁၉၄၁ | ၁၉၄၂ | ၁၉၄၃ | ၁၉၄၄ | ၁၉၄၅ |
| ၁၉၄၆ | ၁၉၄၇ | ၁၉၄၈ | ၁၉၄၉ | ၁၉၅၀ | ၁၉၅၁ | ၁၉၅၂ |
| ၁၉၅၃ | ၁၉၅၄ | ၁၉၅၅ | ၁၉၅၆ | ၁၉၅၇ | ၁၉၅၈ | ၁၉၅၉ |
| ၁၉၆၀ | ၁၉၆၁ | ၁၉၆၂ | ၁၉၆၃ | ၁၉၆၄ | ၁၉၆၅ | ၁၉၆၆ |
| ၁၉၆၇ | ၁၉၆၈ | ၁၉၆၉ | ၁၉၇၀ | ၁၉၇၁ | ၁၉၇၂ | ၁၉၇၃ |
| ၁၉၇၄ | ၁၉၇၅ | ၁၉၇၆ | ၁၉၇၇ | ၁၉၇၈ | ၁၉၇၉ | ၁၉၈၀ |
| ၁၉၈၁ | ၁၉၈၂ | ၁၉၈၃ | ၁၉၈၄ | ၁၉၈၅ | ၁၉၈၆ | ၁၉၈၇ |
| ၁၉၈၈ | ၁၉၈၉ | ၁၉၉၀ | ၁၉၉၁ | ၁၉၉၂ | ၁၉၉၃ | ၁၉၉၄ |
| ၁၉၉၅ | ၁၉၉၆ | ၁၉၉၇ | ၁၉၉၈ | ၁၉၉၉ | ၂၀၀၀ | ၂၀၀၁ |
| ၂၀၀၂ | ၂၀၀၃ | ၂၀၀၄ | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ |
| ၂၀၀၉ | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
| ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
| ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ |
| ၂၀၃၀ | ၂၀၃၁ | ၂၀၃၂ | ၂၀၃၃ | ၂၀၃၄ | ၂၀၃၅ | ၂၀၃၆ |
| ၂၀၃၇ | ၂၀၃၈ | ၂၀၃၉ | ၂၀၄၀ | ၂၀၄၁ | ၂၀၄၂ | ၂၀၄၃ |

(မှတ်ချက်။ မွေးချိန်ဟောနည်းစနစ်(လောကခံရှစ်ပါး) မြန်မာ့ရိုးရာဗေဒင် လက်စွဲကျမ်းပြုသူ စာရေးသူ၏ အစ်ကိုကြီး ဆရာ ပရမတ်(အေးချမ်းသူတို့ စံပျော်ရာ)အား ဤစာစုဖြင့် ကန်တော့အပ်ပါသည်။)■

မြန်မာဗေဒင်ကို ချစ်နိုင်ကြပါစေ။

* * *

ဆရာဝေယံဦး



www.burmeseclassic.com

www.burmeseclassic.com




တိုင်း ပြောတတ်သော စကားက ထပ်တူ။

"သူသူငြိမ်းနဲ့ သင်းသင်းဆွေကို ခေါ်ပေးပါ" တဲ့။

ဘယ်က သူသူငြိမ်းလဲ။ သည်ရွာမှာ သူသူငြိမ်း သုံးယောက်ရှိသည်။ တစ်ယောက်က ကိုစောငြိမ်းနဲ့ မဆွေဆွေဝင်းရဲ့ သုံးနှစ် သမီးလေး။ နောက်တစ်ယောက်က ဦးအောင်ကိုး၏ ဇနီး ဒေါ်သူသူငြိမ်း။ နောက်တစ်ယောက်က ဆရာ ဖိုးပြည့်၏ ဇနီး မသူသူငြိမ်း။

(၁)

အမေပု သေချင်နေပြီ။ ဝေဒနာကို မခံစားနိုင်တော့။ တိုင်းရင်းသမားတော် ဆရာအောင်ကလည်း မကယ်နိုင်တော့။ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ဇော်ဌေးဦးကပင် အိမ်ကို ပြန်ခေါ်ချင်ရင် ပြန်ခေါ်နိုင်ပါပြီဟု ခေါ်ခွင့်ပြုလိုက်သည်အထိ။

ဆေးရုံတက်ရင်း အမေပုရောဂါက ဖောက်ခဲ့သည်။ သတိရလိုက်၊ မြော သွားလိုက်ဖြစ်သည်မှာ သုံးလေးကြိမ်။ သည်တော့ ဘကြီးသောင်းက သူ့မိန်းမကို အိမ်ပြန်ခေါ်ခဲ့ရသည်။

အိမ်ရောက်တော့ အိပ်ရာထဲမှာ အမေပုက ပက်လက်။ အသက်ရှူသည် ဆိုရုံလေး။ မြောသွားပြီး သတိပြန်ရလာ

ကိုစောငြိမ်းက အမေပု၏ တူ။ ထို့ကြောင့် ကိုစောငြိမ်း၏ သမီးလေး သူသူငြိမ်းကို ခေါ်ပြီးပြသည်။

"ဘွားဘွား"

သုံးနှစ် သမီးလေး၏ ခေါ်သံကြောင့် အမေပု မျက်စိဖွင့်ကြည့်ပြီး မျက်စိပြန်မှိတ်သွားသည်။ အမေပုက သတိရသောအခါ သတိရသည့် မေ့

www.burmeseclassic.com

မြောလျှင် ခေါ်၍ မရ။ လှုပ်၍ မသိ။

ဦးအောင်ကိုး၏ ဇနီး ဒေါ်သူသူ ငြိမ်းရောက်လာပြီး သတင်းမေးသည်။

"ဒေါ်ပု သက်သာသလို နေနော်။ ဘုရား တရားကို အာရုံပြု။ ကျွန်မကို တွေ့ချင်တယ်ဆို"

အမေပုက ကိုစောငြိမ်း၏ သမီးလေး သူသူငြိမ်း လာတုန်းကလိုပင် သတိပြန်လည်ရနေသောကြောင့် ခေါင်းခါပြသည်။ ခါသည်ဆိုရုံလေး။ ငါတွေ့ချင်တဲ့ သူသူငြိမ်းက နင်မဟုတ်ဘူး ဆိုတဲ့ သဘော။

ထိုအခါ ဆရာ ဖိုးပြည့်က ဆရာကတော် ဒေါ်သူသူငြိမ်းကို အမေပုနှင့် ပေးတွေ့ခဲ့သည်။

"အမေပု သူသူငြိမ်း ရောက်လာပါပြီ"

သည်တစ်ခါတော့ အမေပု မြောနေတုန်း။ လူနာ လာကြည့်ကြသော ဦးလုံးရွှေတို့ ဦးမောင်ကဲတို့ ဒေါ်မကြီးတို့က ဘကြီးသောင်းအနီးမှာ။ ၁၀မိနစ်ခန့်ကြာမှ အမေပု သတိပြန်ရသည်။

"အင်း..."

အင်းခနဲ သက်ပြင်းချပြီးမှ အမေပု မျက်လုံးကို ဖြည်းဖြည်းဖွင့်သည်။ ပွင့်သည်ဆိုရရုံလေး။

"သမီးကို တွေ့ချင်တယ်ဆို အမေပု"

ဆရာကတော် ဒေါ်သူသူငြိမ်းက အမေပု မြင်သာအောင် မျက်နှာချင်းဆိုင် မေးလိုက်သည်။ အမေပုက ခေါင်းညိတ်ပြသည်။

"အမေပု ဘာပြောချင်လဲ၊ ပြောပါ။ သမီး ဘာလုပ်ပေးရမလဲ"

အမေပု နှုတ်ခမ်းတဆတ်ဆတ် တုန်ပြီး အသံထွက်လာသည်။

"သင်း...သင်းသင်း...သင်းသင်းဆွေ"

ပြောရင်း သတိလစ်သွားပြန်သည်။ ဘကြီးသောင်းက တရားသမား ဖြစ်သည့်တိုင် မျက်ရည်မခိုင်။

"တရားနဲ့ ဖြေမှပေါ့ ဒကာကြီးရဲ့။ ကိုယ်တိုင်လည်း တရားမမ္မကို ဦးတိုက်၊ ဒကာမကြီးကိုလည်း သတိရတိုင်း တရားမမ္မကို ဦးတိုက်ခိုင်း။ တရားမမ္မကို မမေ့နဲ့"

အိမ်ခေါင်းရင်းတွင် ထိုင်နေသော ရွာကျောင်းဆရာတော် ဦးနေမိန္ဒသည် အမေပု၏ အစ်ကိုအရင်း။ အမေပု သတိရလာတိုင်း တရားမမ္မဦးတိုက်ရန် ကောင်းမှုလမ်းညွှန်ဖို့ ရောက်နေခြင်းဖြစ်သည်။

သင်းသင်းဆွေမှာ သည်ရွာတွင် တစ်ယောက်တည်း။ ဆရာကတော် ဒေါ်သူသူငြိမ်းနှင့် ငယ်သူငယ်ချင်း။

(၂)

သူသူငြိမ်းနှင့် သင်းသင်းဆွေမှာ တစ်ယောက်ထမင်း တစ်ယောက်လုစားသည်အထိ ရင်းနှီးခဲ့ကြသော ငယ်သူငယ်ချင်းများဖြစ်သည်၊ သင်းသင်းဆွေက သူသူငြိမ်းထက် အသက် ၂နှစ်ငယ်သည်။

အသက်အကြီးဆုံးက ဘုန်းနိုင်ကျော်။ ဘုန်းနိုင်ကျော်ထက် အငယ်က ဆရာ ဖိုးပြည့်၊ သူတို့ လေးယောက်က ကျောင်းတုန်းက သူငယ်ချင်းတွေ။ အချိန်တန် အရွယ်ရောက်သောအခါ ဘုန်းနိုင်ကျော်က ရုံးအုပ်ကြီးဖြစ်လာသည်။ သူ့ဇနီးက သင်းသင်းဆွေ။

ဖိုးပြည့်ကတော့ အလယ်တန်းပြ ကျောင်းဆရာ။ ဆရာကတော်က သူသူငြိမ်း။ ဆရာ ဖိုးပြည့်က ဘီအီးဒီ တက်နေချိန်။

သူသူငြိမ်းတို့အိမ်သို့ သင်းသင်းဆွေရောက်ခဲ့သည်။

"မမငြိမ်းရေ"

သင်းသင်းဆွေက သူသူငြိမ်းကို မမငြိမ်းဟု ခေါ်သည်။ သူသူငြိမ်းက သင်းသင်းဆွေကို မဆွေဟု ခေါ်သည်။

"မဆွေရေ...လာဟေ့"

"ဘာလုပ်နေတာလဲ မမငြိမ်း"

"ငါးခူ ငါးပိကောင်တွေ ကြော်နေတာ၊ မဆွေအကြိုက်ပဲ"

"ဟာ...အတော်ပဲ၊ ထမင်းစားသွားရမယ်။ မမငြိမ်း ထမင်းတွေ ဟင်းတွေ ချက်ပြီးပြီလား"

"ချက်ပြီးပါပြီတော်၊ ငါးဘတ်သားဆီပြန်"

အိမ်ပေါ် တက်ပြီး မီးဖိုဆောင်ထဲ ဝင်လာသော သင်းသင်းဆွေက ရင်းရင်းနှီးနှီး ထမင်းစားရင်း...

"မမငြိမ်းက ဘီအီးဒီတက်နေတဲ့ မောင်တော့်ဆီပို့ဖို့ ငါးခူငါးပိကောင်တွေ ကြော်တာထင်တယ်"

သူသူငြိမ်းကလည်း...

"ဟုတ်တာပေါ့ မဆွေရဲ့၊ ဆရာပြည့်က ငါးခူငါးပိကောင်ကြော်နဲ့ ငါးဘတ်သားဆီပြန် ကြိုက်တတ်လို့ ပို့မလို့"

ပြန်ခါနီး၌ သင်းသင်းဆွေက သူသူငြိမ်းကို...

"မမငြိမ်း၊ လကုန်လို့ လခသွားထုတ်ရင် ကျွန်မကို ခေါ်နော်။ ကျွန်မလည်း ဈေးလိုက်ဝယ်ဖို့ ရှိလို့"

ဟု ပြောခဲ့သည်။

(၃)

လစာထုတ်သွားသောနေ့တွင် သူသူငြိမ်းနှင့် သင်းသင်းဆွေမှာ တတွဲတွဲ။ သူသူငြိမ်းကို ရုံးထဲ ထားခဲ့ပြီး သင်းသင်းဆွေက...

"မမငြိမ်း...ကျွန်မ ဈေးလိုက်ဝယ်မယ်။ ကားဂိတ်မှာ စောင့်မယ်"

ဟု ပြောရင်း ထွက်သွားသည်။

သူသူငြိမ်းတို့ လစာထုတ်ပြီးချိန်မှာ ညနေစောင်းပြီ။ သည်အချိန်တွင် ကားဂိတ်၌ စောင့်မည်ဆိုသော သင်းသင်းဆွေ ရောက်လာပြန်သည်။

"မမငြိမ်း လခထုတ်ပြီးပြီလား။ ပြီးရင် အတော်ပဲ။ ကျွန်မ ဈေးဝယ်တာ ပိုက်ဆံလိုလို့ ချေးပါ။ အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ ပြန်ပေးပါ့မယ်"

လစာတစ်ဝက်ကျော်သောငွေကို သင်းသင်းဆွေ ချေးယူသည်။ သူသူငြိမ်းက မပေး၍ မဖြစ်၊ ပေးလိုက်ရသည်။

(၄)

ချေးယူထားသော ပိုက်ဆံကို အိမ်ပြန်ရောက်သည်နှင့် ပေးမည်ဆိုသော်လည်း သင်းသင်းဆွေက မပေး။ သူသူငြိမ်းကလည်း ခရီးသွားက ပြန်ရောက်ရောက်ချင်းဖြစ်၍ မတောင်း။

တစ်ရက်မဟုတ်၊ နှစ်ရက်မဟုတ်၊ ရက်သတ္တတစ်ပတ်တိတိ သူသူငြိမ်းက ပြန်မတောင်းခဲ့။ နေ့စဉ် တွေ့နေရသောသူများဖြစ်၍ သူ့အသိဖြင့် သူပြန်ပေးမည်ဟု တွေး၍ မတောင်းခဲ့ခြင်းဖြစ်သည်။

သို့သော် လဝက်ကျော်သောအခါ ချေးငွေကို သူသူငြိမ်းက ပြန်တောင်းလိုက်သည်။

"မဆွေရေ...လစာထုတ်သွားတုန်းက ယူထားတဲ့ ပိုက်ဆံကို ပြန်ပေးဖို့ မေ့နေတယ်ထင်လို့ ပြောတာ စိတ်မဆိုးနဲ့နော်"

ထိုအခါမှ သင်းသင်းဆွေက -

"ဟာ...ဟုတ်ပါရဲ့။ ကျွန်မ မေ့နေလို့ ညနေမှ လာပေးမယ်နော်"

ဟု ပြောခဲ့သော်လည်း ထိုညနေ၌ သူသူငြိမ်းတို့အိမ်သို့ သင်းသင်းဆွေ ရောက်မလာ။ နောက်နေ့တွင်လည်း မလာ။ သင်းသင်းဆွေမှာ ထိုမျှလောက်သောငွေကို ချက်ချင်းပြန်မပေးနိုင်စရာမရှိ။ ယောက်ျားဖြစ်သူ ဘုန်းနိုင်ကျော်ကလည်း ရုံးအုပ်ကြီး၊ သူကိုယ်တိုင်ကလည်း အိမ်ဆိုင်ကြီးနှင့်၊ ကုန်မျိုးစုံရောင်းသည်။ လူရင်းများဖြစ်၍ တစ်နေ့ရောင်းရငွေ အနည်းဆုံး တစ်သိန်းဟု သင်းသင်းဆွေက သူသူငြိမ်းကို ပြောခဲ့ဖူးသည်။

တစ်နေ့ရောင်းရငွေ တစ်သိန်းဆိုလျှင် တစ်နေ့ အနည်းဆုံး အမြတ်ငွေ တစ်သောင်းရမှာ သေချာသည်။ သင်းသင်းဆွေဆိုသော သူငယ်မက စီးပွားရေးသမားဖြစ်၍ သတိမေ့တာ ဖြစ်နိုင်သည်ဟု ယူဆပြီး နောက်တစ်ပတ်လောက်အရောက်တွင် သူသူငြိမ်း တောင်းပြန်သည်။ မတောင်း၍လည်း မဖြစ်တော့။ ပြုတ်တုန်း လပ်တုန်း နှစ်ဆယ့်သုံးဆိုသလို ရက် ၂၀ ပဲ ကျော်ပြီ။ သည်ကြားထဲ ဆရာပြည့်ကလည်း ငွေလိုတယ်၊ ပို့ပါဟု မှာ၍ ပို့ရဦးမည်။

"အားတော့ နာရပြန်ပြီ မဆွေရေ၊ လစာထုတ်ထားတဲ့ ငွေလာယူတာပါ"

သည်တစ်ခါတော့ သူသူငြိမ်းက သင်းသင်းဆွေ အိမ်တိုင်ရာရောက် လာပေးသည်ကို မစောင့်တော့။ ကိုယ်တိုင် သူ့အိမ်ကို သွားတောင်းတော့သည်။

သူသူငြိမ်းကလည်း ဆရာကတော်ဖြစ်၍ အလိုက်ကန်းဆိုးသိပါသည်။ ဈေးဝယ်သူရှိစဉ် မတောင်း၊ ဈေးဝယ်သူမရှိသောအခါမှ တောင်းသည်။

သို့သော် သင်းသင်းဆွေက ဒေါသဖြစ်သော မျက်နှာဖြင့် သူသူငြိမ်းကို ကြည့်၍ မငြိမ်းဟု မခေါ်တော့ဘဲ...

"ဒီမှာ သူသူငြိမ်း...ဒီငွေလောက်ကို ငါက အရေးစိုက်တာ မဟုတ်ဘူး။ သူငယ်ချင်းဆိုတာ တစ်ယောက်ကို တစ်ယောက် ကူညီရတယ်။ ငါက နင့်လို မဟုတ်ဘူး။ စီးပွားရေးသမား။ ဒီငွေလောက်များ သူတောင်းစားတွေတောင် ပေးပစ်နိုင်တယ်။ မေ့နေလို့၊ မအားလို့ လာမပေးတာ။ ကြီးကြီးကျယ်ကျယ် လုပ်ပြီး လာတောင်းတယ်။ တော်သေးတာပေါ့။ တရားစွဲပြီး ပြန်မတောင်းလို့။ ရော့၊ နင့်ပိုက်ဆံ"

သူသူငြိမ်းက သင်းသင်းဆွေ ဘယ်လိုဖြစ်သွားတာပါလိမ့်ဟု အံ့အားသင့်သွားသည်။ ပြီးတော့ ရှက်သွားသည်။ ကိုယ့်ပိုက်ဆံနှင့် ကိုယ် အပြောခံရလေခြင်းဟု။

သူငယ်ချင်းအပေါ်တော့ စိတ်မကောင်းပါ။ ငိုရှိုက်ရင်း အိမ်ပြန်လာသည်။

အင်း... လခစားရဲ့ ဘဝကို စီးပွားရေးသမားဆိုတဲ့သူမှ မသိတာကိုး။

(၅)

သူသူငြိမ်းနှင့် သင်းသင်းဆွေ တရင်းတနှီးမရှိကြတော့။ အတူတူ အသွားအလာမရှိကြတော့။ အခေါ်အပြော မရှိကြတော့။ ထိုအခါ ဘုန်းနိုင်ကျော်က သင်းသင်းဆွေကို မေးသည်။

"သူသူငြိမ်းနဲ့ နင်နဲ့ ဘာဖြစ်တာလဲ"

သင်းသင်းဆွေ၏ အဖြေက ခပ်ပြတ်ပြတ်။

"မခေါ်ချင်တော့လို့ မခေါ်တာ။ သူ့အကြောင်းမပြောနဲ့၊ သူ့နာမည် မကြားချင်ဘူး"

ဘုန်းနိုင်ကျော်က ချော့မေးသော်လည်း သင်းသင်းဆွေက မဖြေ။ ထိုအခါ ဘုန်းနိုင်ကျော်က ဆရာပြည့်ဆီ စာရေးလိုက်ရသည်။

ဆရာပြည့်က ဘုန်းနိုင်ကျော်၏ စာကို ဖတ်ပြီး ဇနီးဖြစ်သော သူသူငြိမ်းဆီ စာရေးခဲ့သည်။ စာပါ အကြောင်းအရာမှာ သူသူငြိမ်းနှင့် သင်းသင်းဆွေမှာ ငယ်သူငယ်ချင်းတွေဖြစ်၍ ရှေးတုန်းကလို အတူတူ ပျော်ပျော်ပါးပါး ခင်ခင်မင်မင်ပြန်နေကြဖို့၊ တစ်ယောက်အမှားကို တစ်ယောက်ခွင့်လွှတ်ကြဖို့၊ အထူးသဖြင့် သူသူငြိမ်းက အသက်ကြီးသူဖြစ်၍ ကိုယ်က မှားနေလျှင် သင်းသင်းဆွေကို တောင်းပန်ဖို့၊ ကိုယ်က မှန်ပြီး သင်းသင်းဆွေက မှားလျှင် ခွင့်လွှတ်ဖို့ဖြစ်သည်။

သို့သော် သူသူငြိမ်းထံမှ ပြန်စာတွင် ပါရှိသည်မှာလည်း ပြတ်ပြတ်သားသား။

"ဆရာပြည့် အဲဒီမိန်းမအကြောင်း ကျွန်မကို ဘာမှမပြောတော့နဲ့"

ဆိုသော စကား။ ဘီ[illegible]ပြီးသွား



www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် အိမ်ပြန်ရောက်သည်မှာ ကြာပြီဖြစ်သော ဆရာပြည့် (သို့မဟုတ်) ဖိုးပြည့် ခုထက်တန်းပြ ဆရာ ရာထူးတိုးခဲ့သည်မှာ ၂နှစ်ပင် ကျော်ပြီ။

ဘာလိုလိုနှင့် သူသူငြိမ်းနှင့် သင်းသင်းဆွေတို့ မခေါ်မပြောကြသည်မှာလည်း သုံးနှစ်ကျော်ပြီ။

(၆)

အစက အမေပုအိမ်တွင် သူသူငြိမ်းရှိနေသည် ဆိုခြင်းကြောင့် သင်းသင်းဆွေ မလိုက်ချင်။

"အဲဒီမိန်းမရောက်နေရင် ကျွန်မ မလိုက်ချင်ဘူး ဦးလေး မောင်ကဲ"

ဦးလုံးရွှေနှင့် ဦးမောင်ကဲက ဆရာတော်အမိန့်ဖြင့် သင်းသင်းဆွေကို သွားခေါ်ခြင်းဖြစ်သည်။

"ဆရာတော် ခေါ်ခိုင်းတာ တူမရဲ့"

ထိုအခါမှ သင်းသင်းဆွေက အမေပုအိမ်သို့ လိုက်ခဲ့သည်။

သူသူငြိမ်းက အမေပု၏ ညာဘက်တွင် ထိုင်ပြီး သင်းသင်းဆွေက အမေပု၏ ဘယ်ဘက်တွင် ထိုင်သည်။

ဆရာတော်က စကားစသည်။

"ဒကာမတို့ကို ဘုန်းကြီး မေတ္တာရပ်ခံပါတယ်။ ဘုန်းကြီးရဲ့ ညီမ ဒကာမကြီးက ဒကာမလေးတို့ နှစ်ယောက်ကို သိပ်တွေ့ချင်နေရှာတယ်။ သူ ဘာပြောတယ်ဆိုတာ ငြိမ်ငြိမ်သက်သက် နားထောင်ပေးပါ။ သူ့လမ်းကို သူသွားနိုင်ဖို့ သူပြောသလို လုပ်ပေးကြပါ။ သူဘာပြောမယ်ဆိုတာ ဘယ်သူမှ မသိပါဘူး။ ဘုန်းကြီးလည်း မသိပါဘူး။ ဘာပဲဖြစ်ဖြစ် သူ့စိတ်သဘောကို လိုက်လျောကြပါလို့ မေတ္တာရပ်ခံပါတယ်"

"နာခံပါ့မယ် ဘုရား"

နှစ်ယောက်သား ပြိုင်တူ ဖြေလိုက်မိကြသောကြောင့် သူသူငြိမ်းနှင့် သင်းသင်းဆွေ တစ်ယောက်ကို တစ်ယောက် ကြည့်မိပြီးမှ ခေါင်းငုံ့လိုက်ကြသည်။

"သာဓု…သာဓု…သာဓု"

ဆရာတော် ဦးနေမိန္ဒက သာဓုခေါ်ပြီးမှ အမေပုကို ပြောသည်။

"ဒကာမကြီး သတိရပြီလား။ ဒကာမကြီး တွေ့ချင်တဲ့ ဒကာမလေး နှစ်ယောက်ရောက်နေတယ်။ ပြောချင်တာ ပြောတော့။ မှာချင်တာ မှာတော့"

အမေပုက မျက်စိနှစ်လုံးကို ကြိုးစားဖွင့်သည်။ သူ့မျက်နှာကို ကရုဏာသက်စွာ ကြည့်နေကြသော သူသူငြိမ်းနှင့် သင်းသင်းဆွေကို ကြည့်၍ စကားကို အားယူပြောသည်။ ကြားသာရုံ။ တိုးတိတ်နေသော အိမ်၊ အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်သက်နေသော အိမ်၊ ထိုအိမ်ပေါ်တွင် အမေပု၏ လေသံက တိုးတိုးလျလျ။

"သ…သ…သမီးတို့၊ အ…အမေ့…အမေ့ကို ခွင့်လွှတ်ပါ။ သမီးတို့အချင်းချင်း ချစ်…နဲ့…ချစ်ခင်တာကို ကွဲအောင် အမေ…အမေက မဆွေကို သူ…သူသူငြိမ်းဆီမှာ ငွေ…ငွေချေးခိုင်း…ခိုင်းပြီး ပြန်မပေး…ပြန်မပေးဘဲထား…ထားခိုင်းတာ။ ဒီလို…ဒီလို လုပ်ရင် သမီး…သမီးတို့ စိတ်ဝမ်းကွဲမယ် သိပြီး ကွဲ…ကွဲအောင် လုပ်…လုပ်မိတာ။ အ…အမေ့အပြစ်ကို ခွင့်လွှတ်ကြပါ။ သမီးတို့ ခွင့်…ခွင့်လွှတ်မှ အ…မေ…အမေ…အသေ…ဖြောင့်…ဖြောင့်မှာ"

တော်တော့်ကို အမေပု မောသွားသည်။ သူသူငြိမ်းနှင့် သင်းသင်းဆွေတို့ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး မျက်ရည်ဝဲနေကြသည်။

နှစ်ယောက်သား အမေပု၏ လက်တစ်ဖက်စီကို ကိုင်ရင်း ပြိုင်တူ-

"ခွင့်လွှတ်ပါတယ် အမေရယ်"

ဟု ပြောလိုက်သည်နှင့် ပက်လက်အနေအထားတွင် ရှိသော အမေပု ခေါင်းစောင်းကျသွားသည်။ မျက်လုံးမှိတ်သွားသည်။

အမေပုသေသွားပေပြီ။ သူသူငြိမ်းနှင့် သင်းသင်းဆွေတို့ မနေနိုင်တော့။ အမေပု၏ အလောင်းကို ဖက်ပြီး ငိုရှိုက်လိုက်ကြတော့သည်။

"အီး…ဟီး…ဟီး…ဟီး။ ဖြစ်မှဖြစ်ရလေ အမေပုရယ်။ သမီး ခွင့်လွှတ်ပါတယ်"

"အမေပု ကောင်းရာမွန်ရာ ရောက်ပါစေ။ ခွင့်လွှတ်ပါတယ်…အီး…ဟီး…ဟီး…ဟီး"

သူတို့နှစ်ယောက်ထက် အသံကျယ်စွာ ငိုယိုလိုက်သူက ဘကြီးသောင်း။

"မပုရေ…ငါ့ကို ထားခဲ့ပြီလား။ ကလေးမတွေက နင့်အမှားတွေကို ခွင့်လွှတ်တယ်တဲ့၊ ကြားရဲ့လား…အီး…ဟီး…ဟီး…ဟီး"

ထိုစဉ် ရွာကျောင်းဆရာတော် ဦးနန္ဒောဘာသက -

"သဗ္ဗေသတ္တာ ကမ္မသကာတဲ့။ အကုသိုလ်ကို မွေးမြူတာ တယ်ကြောက်စရာကောင်းတယ်။ ဒကာမကြီးခမျာ ဒကာမလေးတွေကို စိတ်ဝမ်းကွဲအောင် ဆောင်ရွက်ခဲ့တဲ့ အကုသိုလ်ကြောင့် မသေနိုင်သေးဘဲ ခံစားသွားလိုက်ရရှာတာ ဘယ်လောက်ကြောက်စရာကောင်းလဲ။ ဒါကြောင့် မငိုကြတော့နဲ့။ အကုသိုလ်ကို နှုတ်၊ ကုသိုလ်ကို ဆက်နှုတ်ဆက်ဖို့ ကြိုးစားကြ"

ဟု ပြောဆိုဆုံးမလိုက်တော့သည်။■

* * *

ပန်းတာနော်နောင်လော်



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး

# စွဲသောက်ဖို့ မလိုတဲ့ ချွဲပျောက်ဆေး

မြလေးဖြူ (ဖြူး)

နေပြည်တော် တပ်ကုန်းတွင် အမြတ်ဆုံး တရားဒေသနာတွေ သေွမခွာ ကျင့်ကြံအားထုတ်ပြီးသကာလ အညာမှ အပြန်တွင်ဖြင့် ဖြူးမြို့နယ် "ရေသုံလေး ဘုန်းတော်ကြီး ဦးသြဘာသ"ကျောင်းတွင် အများဝေနေယျာတို့အတွက် ကို လည်းကောင်း၊ တရားဒေသနာတို့ကို မိမိအကျိုးမျှော်ကိုး၍ လည်းကောင်း အသိတွေရဖို့ ပဋိဝေဒသာသနာ့အကျိုးမျှော်ကိုး၍ ဝိပဿနာကျင့်နည်းများ ကျင့်ကြံကြိုးကုတ်လျက်နေခဲ့စဉ် ဝါတွင်းကာလ၌ ရေသုံလေး ဘုန်းတော်ကြီးကျောင်း၌ နှစ်စဉ် ပြုလုပ်မြဲ နဝမအကြိမ်မြောက် ပဋ္ဌာန်းရွတ်ပွဲ(အဖိတ်နေ့တိုင်း)၌ ကြုံတွေ့ခဲ့ရသူ ရေသုံလေး(မြောက်ရွာ)မှ တိုင်းရင်းမြန်မာဆေးဆရာကြီး ဦးအောင်သန်းထံမှ စွဲသောက်စရာမလိုတဲ့ ချွဲပျောက်ဆေးနည်းကို စာရေးသူ ရရှိခဲ့ပါ၏။

လွန်ခဲ့သော ၂၀၁၀ ခုနှစ်၏ ဩဂုတ်လ ၂၄ရက်နေ့ ညအချိန် ၁၂နာရီ ၄၅မိနစ်အချိန်ခန့်မှ တစ်ရွာတည်း အတူနေ ကိုကိုဖြူ-မတင်လေးခိုင်တို့ရဲ့ ဩရသ သားကြီး မောင်သင်းကြိုင်ဆိုသူမှာ ချွဲကြပ် ချောင်းဆိုးဝေဒနာဖြစ်ရာ "သေရွာသို့ သွားရပါတော့မည်။ ဆရာ ဦးအောင်သန်းမှ မကုလျှင်တော့ ကျုပ်တို့သားလေး ပစ်ရပါတော့မယ်"လို့ ငိုကြီးချက်မနှင့် ပြောဆို ငိုနေကြသဖြင့် မောင်သင်းကြိုင်နှင့်အတူ ဘဝတူ ဝေဒနာရှင် ၉ဦးတို့ကို ကုသပေးခဲ့ရာမှ ယခုအချိန်ထိ ကျန်းမာရေးကောင်းနေသူကို မြင်တွေ့ခဲ့ရာမှ အစွမ်းထက်လှသည့် မြန်မာ့တိုင်းရင်းဆေးတစ်ဖုံကို အရေးကြုံက သုံးစွဲနိုင်ကြပါရန် ရည်သန်လျက် ရေးသားရခြင်း ဖြစ်ပါ၏။

ချွဲပျောက်ဆေးကို လင်္ကာလေးနှင့် ရေးသီထားပါ၏။

*ကြ၊ နွယ်၊ ပိတ်ချင်း၊ သိန္ဓောသွင်း၊*
*ဆေးရင်း၊ တစ်ကျပ်စီ၊*
*ဇဝက်သာမူ၊ လေးကျပ်ပြူ၊*
*ယခု တိုက်ကျွေးပါ၊*
*စွဲလို့ မသောက်၊ ဝမ်းထဲရောက်၊*
*ချွဲပျောက် ကေန်ဖြစ်မည်မှန်။*

ကြ - သစ်ကြပိုးတစ်ကျပ်သား။
နွယ် - နွယ်ချိုတစ်ကျပ်သား။
ပိတ်ချင်း - ပိတ်ချင်းတစ်ကျပ်သား။
သိန္ဓော - သိန္ဓောဆား တစ်ကျပ်သား။
ဇဝက်သာ - ဇဝက်သာ လေးကျပ်သား။

စသည့် အထက်ဖော်ပြပါ ဆေးအမယ် ၅မျိုးတို့ကို သန့်ရှင်းသည့် သံဆုံ (သို့) ငရုတ်ဆုံ တစ်ခုခုတွင် စု၍ ထောင်းထုပါ။ ကလေးဆိုလျှင် လက်ဖက်စားဇွန်းနှင့် တစ်နေ့ သုံးကြိမ်၊ သုံးနာရီခြား၍ တိုက်ကျွေးပါ။ လူကြီးဖြစ်လျှင် လက်ဖက်စားဇွန်းနှင့်ပင် တစ်နေ့ လေးငါးကြိမ် သုံးနာရီခြား၍ သောက်ပေးပါလေ။

ဆိုလိုသည်မှာ အညွှန်းအတိုင်း သောက်ပါ။ ပျောက်မှာ သေချာ၏။

ဤဆေးဆောင်းပါးစာမူ ရေးသားနိုင်အောင် ဇီဝိတဒါန အဖြစ် ကူညီပံ့ပိုးပေးခဲ့သည့် တိုင်းရင်း မြန်မာဆေးဆရာကြီး ဦးအောင်သန်း(ရေသုံလေး-မြောက်ရွာ၊ ဖြူးမြို့နယ်)အားလည်း ကျေးဇူးဥပါသကာယ တင်ရှိပါကြောင်း···□

* * *

မြလေးဖြူ(ဖြူး)



www.burmeseclassic.com

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX-ဓာပေဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်-

Ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com




# ကောင်းသော်

## ဆင်မပေးရ ဆံမြိုညှာတော

www.burmeseclassic.com

www.burmeseclassic.com



(၁)

တပေါင်းလပြည့်ညဖြစ်၍ လမင်းကြီးက ပြည့်ပြည့်ဝဝ ထိန်ထိန်သာလျက် ရှိပါသည်။ နွေဦးကာလ ခြောက်သွေ့လာပနေသောအခါမျိုးတွင် ပတ်ဝန်းကျင်ကို လရောင်က ငွေရောင်သမ်းပေးခဲ့ရာ သာမော့ဖွယ်အတိဖြစ်နေပါသည်။ ကောင်းကင်က ကြည်လင်လျက် ကြယ်ပေါင်းစုံသော အခါသမယဖြစ်ပါသည်။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်၏ ရင်ပြင်တွင် လပြည့်၏ အလင်းရောင်နှင့် ဘုရားမီးရောင်တို့ ပေါင်းစပ်ထားသဖြင့် ညအမှောင်ကာလဟုပင် မသိနိုင်လောက်အောင် လင်းလက် ဝင်းပနေပါသည်။ ညဦးနက်ဘက်သို့ ကူးပြောင်းတော့မည်ဖြစ်ရာ ဘုရားအပေါ်တွင် တစ်စတစ်စ လူရှင်းစ ပြုနေပါသည်။ ဘုရားကို အာရုံယူပြီး ပုတီးစိပ်သူ၊ တရားထိုင်သူ တစ်ဦးစ နှစ်ဦးစ လောက်သာ ကျန်ပါတော့သည်။

မောင်မောင်ဆွေသည် အဘိုးနှင့် အဘွားကို တနင်္ဂနွေနေ့တိုင်း ညဘက် ပို့ဆောင်ပေးနေကျဖြစ်သည်။ ယနေ့ညလည်း အဘိုးတို့ကို ပို့ပေးပြီး အဘိုးနှင့် အဘွား ရေသပ္ပာယ်နေစဉ် ဘုရားကို လက်ျာရစ် ပတ်ကာ လမ်းလျှောက်နေခဲ့သည်။ အသက် ၈၀ ကျော်နေပြီဖြစ်သော အဘိုးနှင့် အဘွားတို့မှာ ဘုရားရောက်ခိုက် ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း ပြုလုပ်ပြီးမှ ဘုရားရှေ့တွင် အတူထိုင်ကာ အာရုံပြုလေ့ ရှိပါသည်။

မောင်မောင်ဆွေမှာ အငယ်ဆုံးနှင့် အချစ်ဆုံးမြေးဖြစ်သဖြင့် အဘိုးနှင့် အဘွား သွားလာရာကို ပို့ပေးနေကျဖြစ်သည်။ ယနေ့ ဘုရားသို့ ပို့ရမည့်ရက်ဖြစ်သည်ကို သတိထားမိသော်လည်း အပေါင်းအသင်းများနှင့် အဖွဲ့ကျကာ လေကြောရှည်နေခဲ့သဖြင့် အိမ်ပြန်နောက်ကျခဲ့သည်။ အိမ်ရောက်သည့်အခါ အဘိုးနှင့် အဘွားတို့က အသင့်စောင့်နေကြောင်း တွေ့ရသဖြင့် ထမင်းပင် မစားတော့ဘဲ ရေအမြန်ချိုးကာ ထွက်လာခဲ့ခြင်းဖြစ်သည်။ ဘုရားသို့ ခါတိုင်းထက် နောက်ကျမှ ရောက်သော်လည်း အဘိုးက လုံးဝ အပြစ်မတင်ပါ။

“နောက်ကျမှ ရောက်တော့ လူရှင်းတာပေါ့။ ဘုရားကို အာရုံပြုလို့ ပိုကောင်းတာပေါ့ ငါ့မြေးရယ်”

အဘိုးက မြေးလေး စိတ်ချမ်းသာအောင် ပြောတတ်သည်။ ဘုရားတွင် အဆင်းသာ လူများပြီး အတက်မှာ မရှိသလောက်သာ တွေ့ရသည်။

မောင်မောင်ဆွေသည် ဘုရားကို တစ်ပတ်ပတ်လိုက်သည်။ ဘုရားဖူးများ ဘုရားဖူးသည့် သတ်မှတ်ကာလပြည့်တော့မည်ကို သတိထားမိသည်။ ဘုရားပေါ်တွင် လမ်းလျှောက်ရင်း လူကျဲသွားသည်ကို သတိထားမိသည်။ အရှေ့ဘက်တွင် ရှိသော တနင်္ဂနွေ တနင်္လာနှင့် အင်္ဂါထောင့်များတွင် လူရှင်းနေပြီဖြစ်သည်။ မောင်မောင်ဆွေသည် စနေထောင့်ရှိ နေလဘုရားကို ဝင်ရောက်ဖူးစဉ် ဘုရားဖူးများပင် မရှိတော့ပါ။ နေလဘုရားမှ အထွက်တွင် အနောက်ဘက်လေကားမှ တက်လာသော အပြာရောင် အပေါ်အောက် ဝတ်ဆင်ထားသည့် အမျိုးသမီးနှစ်ဦး အမြန်လျှောက်လာနေကြသည်ကို သတိထားမိသည်။ အမျိုးသမီးနှစ်ဦး၏ နောက်မှ ဆယ်ကိုက်အကွာက လိုက်ခဲ့ရသော်လည်း အမျိုးသမီးများထံမှ ပျံ့လွင့်ကျန်ခဲ့သော သင်းရနံ့များက မွှေးမြလျက်ရှိပါသည်။ အနီးသို့ ကပ်၍လျှောက်မိမှ အလွန်ချောမောသော အမျိုးသမီးများဖြစ်ကြောင်း တွေ့ရသည်။ ကြာသပတေးထောင့် ဂြိုဟ်တိုင်တွင် ရေများ ကပ်လှူနေကြောင်း တွေ့ရသည်။ အမျိုးသမီးနှစ်ဦးမှာ သာမန်ချောရုံမျှမက ဝတ်စားဆင်ယင်ပုံကလည်း နန်းဆန်လှပါသည်။ မောင်မောင်ဆွေသည် အမျိုးသမီးနှစ်ဦးကို ငေးမောနေစဉ် အမျိုးသမီးတစ်ဦးက မောင်မောင်ဆွေအား လှမ်းခေါ်၍ အကူအညီတောင်းပါသည်။

“အစ်ကို . . . အစ်ကို တစ်ခုလောက် ကူညီပါ”

ပတ်ဝန်းကျင်တွင် မိမိတစ်ဦးသာ ရှိသဖြင့် မိမိကို အကူအညီတောင်းသည်ဖြစ်၍ မောင်မောင်ဆွေက သူတို့နှစ်ဦးရှိရာသို့ သွားလိုက်ရသည်။

“အစ်ကို့မှာ မီးခြစ်ပါသလားလို့ပါ။ ဖယောင်းတိုင် ထွန်းချင်လို့ပါ”

မောင်မောင်ဆွေက ကူညီချင်ပါသည်။ သူသည် ဆေးလိပ်မသောက်တတ်သူဖြစ်သဖြင့် မီးခြစ်မရှိပါ။ မောင်မောင်ဆွေသည် တစ်စုံတစ်ရာ စဉ်းစားမိ၍ ပြန်လည်ပြောလိုက်သည်။

“ခဏလောက် စောင့်ပေးပါလား။ တနင်္ဂနွေထောင့်မှာ မီးခြစ်ရှိပါတယ်။ ကျွန်တော်သွားယူပြီး ချက်ချင်းပြန်လာခဲ့ပါ့မယ်”

မောင်မောင်ဆွေသည် အမျိုးသမီးထံမှ အဖြေကို မစောင့်တော့ဘဲ တနင်္ဂနွေထောင့်သို့ အမြန်လျှောက်လာခဲ့သည်။ အဘွားမှာ ပုတီးစိပ်နေတုန်းဖြစ်သော်လည်း အဘိုးမှာ ပုတီးစိပ်ပြီး၍ နှုတ်မှ ပရိတ်ရွတ်ရင်း အဘွား၏ အနီးတွင် ရပ်နေသည်ကို တွေ့လိုက်ရပါသည်။ အဘိုးထံမှ မီးခြစ်ယူကာ အဘိုးကို တောင်ပန်ပြီး အမြန်ပြန်ခဲ့ပါသည်။

“အဘိုး ခဏကလေးစောင့်



www.burmeseclassic.com

www.burmeseclassic.com

နော်၊ ချက်ချင်းပြန်လာခဲ့ပါ့မယ်"

အမျိုးသမီးနှစ်ဦးထံသို့ ပြန်ရောက်သည့်အခါ မီးခြစ်တောင်းသည့် အမျိုးသမီးအား မီးခြစ်ကမ်းပေးလိုက်ပါသည်။ ထိုအမျိုးသမီးမှာ ဂြိုဟ်တိုင်ကို ရေလောင်းလျက်ရှိပြီး မီးခြစ်ရသည်နှင့် ကျန်အမျိုးသမီးကို လှမ်း၍ပြောလိုက်ပါသည်။

"ညီမလေး...မမကို ကူပါဦး။ မမအတွက် ဖယောင်းတိုင် သက်စေ့ကူပြီး ထွန်းပေးပါဦး။ ဒီမှာ ဖယောင်းတိုင် ၁၈-တိုင်"

အမျိုးသမီးနှစ်ဦးမှာ အချိန်နောက်ကျနေသဖြင့် ဘုရားပူဇော်ခြင်းကိစ္စကို အလျင်အမြန်ဆောင်ရွက်နေသည်ကို တွေ့ရသဖြင့် မောင်မောင်ဆွေ သူတို့ကို ကူညီရန် စိတ်ကူးမိသည်။

"ကျွန်တော် ကူညီပါ့မယ်။ ဖယောင်းတိုင် ၁၈-တိုင်ပေါ့နော်။ ကျွန်တော် ထွန်းပေးပါ့မယ်။ ရေသက်စေ့ကို ပြီးအောင် ဆက်လုပ်ပါခင်ဗျ"

မောင်မောင်ဆွေက ဖယောင်းတိုင်များကို ယူပြီး ထွန်းပေးပါသည်။ ၁၀တိုင်ခန့် ထွန်းပြီးချိန်တွင် အမျိုးသမီးအနားသို့ ရောက်လာပြီး ဖယောင်းတိုင်ထွန်းရန် ပြင်ဆင်နေသည်ကို တွေ့ရသဖြင့် ကျန်ဖယောင်းတိုင် ရှစ်တိုင်အနက် လေးတိုင်ပေးလိုက်ပြီး သူကိုယ်တိုင် လေးတိုင်ထွန်းပေးလိုက်ပါသည်။ မကြာခင် ဖယောင်းတိုင် သက်စေ့ထွန်းပြီးသွားပါသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်။ အစ်ကိုသာ မကူညီရင် ဖယောင်းတိုင် သက်စေ့ထွန်းဖြစ်ဖို့ မလွယ်ပါဘူး။ ရွှေတိဂုံဘုရားကို ရောက်ဖို့ကလည်း အလွန်ခက်လှပါတယ်။ မြစိမ်းတို့ အချိန်မရလို့ပါ။ ဒီည ပြန်ရတော့မှာပါ"

"ညီမတို့က ဘယ်ကို ပြန်ရမှာလဲ။ ပြန်ရမှာ ဝေးသလား"

"မြန်အောင်မြို့နယ် ပိတောက်တောင်အထိ ပြန်ရမှာပါ"

"ပိတောက်တောင်...ဟုတ်လား"

"ဘာလဲ၊ ပိတောက်တောင်ကို အစ်ကိုရောက်ဖူးလို့လား"

"ရောက်တော့ မရောက်ဘူးသေးပါဘူး။ လာမယ့် သင်္ကြန်ရက်မှာ သွားဖို့ ရှိပါတယ်"

"ပိတောက်တောင်ရောက်ရင် မြစိမ်းတို့ခြံကို ဝင်ခဲ့ပါ အစ်ကို။ ပိတောက်ဝါဝါခြံလို့ မေးရင် ရပါတယ်။ အစ်ကို ဆက်ဆက်လာနော်။ သင်္ကြန်ရက်မှာ မျှော်နေတော့မယ်နော်။ ဒါနဲ့ အစ်ကို့နာမည် သိပါရစေ၊ ညီမနာမည်က မြစိမ်း၊ ဟို ညီမလေးနာမည်က မြငြိမ်းပါ အစ်ကို"

"မောင်မောင်ဆွေလို့ ခေါ်ပါတယ်"

"ကျေးဇူးတင်ပါတယ် အစ်ကိုမောင်မောင်ဆွေ။ ဘုရားက ပိတ်တော့မယ်ထင်တယ်။ အချိန်မီအောင်လည်း ပြန်ရဦးမယ်။ အောက်မှာ ကားက စောင့်နေလောက်ပြီ။ မြစိမ်းတို့ သွားပြီ အစ်ကို၊ သင်္ကြန်ရက်သာ ဆက်ဆက်လာခဲ့ပါ အစ်ကို"

> မမြစိမ်းနှင့် တွေ့ပြီးနောက် မမြစိမ်းကို သတိရနေမိပါသည်။ အဘိုး၏ ညီက ပိတောက်တောင်တွင် ရဟန်းဝတ်နှင့် တရားကျင့်ကြံနေသည်မှာ အနှစ် ၄၀ကျော်ခဲ့ပါသည်။ ယခုနှစ် သင်္ကြန်တွင် အစ်ကိုနှစ်ယောက်က အဘိုးလေးရှိရာ ပိတောက်တောင်သို့သွားပြီး ဒုလ္လဘ ရဟန်းဝတ်ရန် တိုင်ပင်ပြီး မောင်မောင်ဆွေကို ရအောင် ခေါ်နေကြပါသည်

မမြစိမ်းတို့ ညီအစ်မသည် လာလမ်းအတိုင်း အနောက်ဘက်မှ ဆင်းသွားပါသည်။ မမြစိမ်းတို့ ညီအစ်မကို ငေးကြည့်ရင်း မြင်ကွင်းက ပျောက်သွားမှ မောင်မောင်ဆွေ အဘိုးတို့ဆီ ပြန်လာခဲ့ပါသည်။ မျက်လုံးထဲတွင် မမြစိမ်းတို့ ညီအစ်မကို မြင်ယောင်လျက် ရှိနေပါသည်။

မမြစိမ်းနှင့် တွေ့ပြီးနောက် မမြစိမ်းကို သတိရနေမိပါသည်။ အဘိုး၏ ညီက ပိတောက်တောင်တွင် ရဟန်းဝတ်နှင့် တရားကျင့်ကြံနေသည်မှာ အနှစ် ၄၀ကျော်ခဲ့ပါသည်။ ယခုနှစ် သင်္ကြန်တွင် အစ်ကိုနှစ်ယောက်က အဘိုးလေးရှိရာ ပိတောက်တောင်သို့ သွားပြီး ဒုလ္လဘ ရဟန်းဝတ်ရန် တိုင်ပင်ပြီး မောင်မောင်ဆွေကို ရအောင် ခေါ်နေကြပါသည်။ မောင်မောင်ဆွေမှာ သင်္ကြန်ရက်တွင် မဏ္ဍပ်များ၌ သီချင်းဆိုချင်သဖြင့် လိုက်ရန် ငြင်းဆန်ခဲ့ပါသည်။ အဘိုးနှင့် အဘွားကလည်း ပိတောက်တောင်သို့ လိုက်ရန် တိုက်တွန်းနေကြပါသည်။ ယခု မမြစိမ်းနှင့် တွေ့ပြီးနောက်ပိုင်း မောင်မောင်ဆွေမှာ ပိတောက်တောင်သို့ လိုက်ရန် သဘောတူလိုက်ပြီဖြစ်ပါသည်။

မောင်မောင်ဆွေ လိုက်မည်ဆို၍



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီးနှစ်ယောက်မှာလည်း ဝမ်းသာလျက် ရှိနေကြပါသည်။ အစ်ကိုကြီး မောင်မောင်ဖေမှာ ဆရာဝန်ကြီးတစ်ဦးဖြစ်ပြီး အစ်ကိုလတ် မောင်မောင်ဝေမှာ အင်ဂျင်နီယာတစ်ဦးဖြစ်ပါသည်။ မောင်မောင်ဆွေမှာလည်း ဆရာဝန်ပညာသင်ကြားလျက်ရှိရာ စတုတ္ထနှစ်အောင်မြင်ပြီးဖြစ်ပါသည်။ မောင်မောင်ဆွေက အစ်ကိုကြီးတို့နှင့် လိုက်မည်ဖြစ်သော်လည်း ရဟန်းမဝတ်လိုကြောင်း ပြောပြီး သူ့စိတ်ကူးနှင့်သူ ကျေနပ်လျက်ရှိနေပါသည်။

(၂)

ညီအစ်ကိုသုံးယောက် လင်ရိုဗာကားဖြင့် နံနက်စောစော ရန်ကုန်မှ ထွက်ခွာခဲ့ကြပါသည်။ ပိတောက်တောင်အရောက်သွားရမည်ဖြစ်၍ ဗိုလ်မြတ်ထွန်းတံတားကို ဖြတ်ပြီး နေ့ဖြူ၊ ဇလွန်မြို့များကို ကျော်ကာ ဟင်္သာတသို့ လာရသည်။ ဟင်္သာတတွင် နေ့လယ်စာစားပြီး ဆက်လက်ထွက်ခဲ့ရာ မြို့ကွင်းကို ကျော်၍ ကွင်းကောက်သို့ ရောက်သည်နှင့် မုံရွာ-ပုသိမ်လမ်းကို တွေ့ရပါသည်။ ထိုကားလမ်းအတိုင်း မြန်အောင်ဘက်သို့ လာခဲ့ရာ မြင်ဝါးတောင်ရွာသို့ ရောက်ခဲ့ကြသည်။ ပုသိမ်-မုံရွာ ကားလမ်းဖောက်လိုက်သည်နှင့် ယခင်က မြို့နှင့် ဝေးကွာပြီး အလွန်ခေါင်သော မြင်ဝါးတောင်ရွာသည် စည်စည်ကားကားဖြစ်လာပါသည်။ မြင်ဝါးတောင်မှ အနောက်တည့်တည့်သို့ သွားရသော လမ်းမှာ လမ်းကြမ်းသဖြင့် တော်ရုံကား သွား၍မရနိုင်ပါ။ လင်ရိုဗာကားဖြစ်၍ လမ်းမကောင်းသော်လည်း ထိန်း၍ မောင်းနိုင်ခဲ့ပါသည်။ မြင်ဝါးတောင်မှ ပိတောက်တောင်သို့ ၆မိုင်ခန့်သာ ဝေးကွာသော်လည်း ၂နာရီခန့် ကားမောင်းခဲ့ရသည်။ လမ်းကြမ်းသည့်အပြင် တောင်တက်လမ်းဖြစ်ပါသည်။ တောင်ခြေသို့ ရောက်သည်နှင့် ကားလမ်း မရှိတော့ပါ။ ပိတောက်တောင်မှာ မတ်စောက်သဖြင့် ကားမသွားနိုင်တော့ပါ။ တောင်ခြေတွင် ဘုန်းကြီးကျောင်းသားတစ်စု လာရောက်စောင့်ကြိုနေသည်ကို တွေ့ရပါသည်။ အသက် ၁၆နှစ်ခန့်ရှိ ကျောင်းသားကြီးတစ်ယောက်က ခေါင်းဆောင်ပြီး ကြိုဆိုနေကြပါသည်။

"ကျွန်တော့်နာမည် မောင်ဗျိုင်းပါ။ ဆရာတော်ကြီးက အကြိုခိုင်းလို့ လာကြိုကြတာပါ။ တောင်ပေါ် သယ်ရမယ့် ပစ္စည်းများ ပေးပါ။ ကားကိုတော့ ရှေ့က ယာတဲမှာ အပ်ခဲ့ရမှာပါ။ အမြဲတမ်း အစောင့်ရှိပါတယ်"

ကားပေါ်တွင် ပါလာသော ပရိက္ခရာများနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းသားများအား ခွဲဝေပေးလိုက်ရာ ကျောင်းသားများသည် ပစ္စည်းများ သယ်ယူပြီး တောင်ပေါ်သို့ တက်သွားကြပါသည်။ ယာတဲတွင် ကားကို မောင်ဗျိုင်းကိုယ်တိုင် အပ်နှံခဲ့ပြီး သူက ဦးဆောင်ကာ အစ်ကိုကြီးကို တွဲ၍တက်သွားပါသည်။ ပိတောက်တောင်ခြေမှ ဆရာတော်၏ ကျောင်းအထိ တစ်မိုင်ခန့် အတက်ခရီးဖြစ်ပါသည်။ လမ်းတွင် ရွာဟူ၍ မတွေ့ရဘဲ ယာတဲကလေးများကိုသာ တွေ့ရပါသည်။ ပိတောက်တောင်သည် အနောက်ရိုးမနှင့် ထိစပ်နေသည်။ တောင်ပေါ်သို့ ရောက်လာလေလေ အအေးဓာတ်ကို ရရှိလေဖြစ်လာပါသည်။ တောင်ထိပ်တွင် ဘုန်းကြီးကျောင်းကို မြင်ရသည်။ ကျောင်းပတ်လည်တွင် မြေနှစ်ဧကခန့် ကျယ်ပြီး ပိတောက်ပင်များစွာကို တွေ့ရပါသည်။ တောင်ထိပ်မှာ ပုပ္ပားတောင်ကဲ့သို့ တည်ရှိ၍ ပတ်ပတ်လည်မှာ အလွန်နက်သော ချောက်ကမ်းပါးများကို တွေ့ရပါသည်။ ပတ်ဝန်းကျင်ကို ကြည့်ပါ၊ တောင်များ ပတ်ချာဝိုင်းနေသကဲ့သို့ ရှိပါသည်။ တောင်ထိပ်များပေါ်တွင် ထုံးဖြူဖြူ စေတီများကို မြင်တွေ့ရပါသည်။ ဆရာတော်ကြီး၏ ရှေ့မှောက်ရောက်သည်နှင့် အားလုံးခြေကုန်လက်ပန်းကျလျက် ရှိကြပါသည်။

"ဘယ့်နှယ့်၊ ငါ့မြေး မောင်ဆွေက မလိုက်ဖြစ်ဘူးလိုနဲ့ ပါလာပါလား။ ဘာလဲ၊ မင်းလည်း ရဟန်းဝတ်မှာလား"

ဆရာတော်ကြီးက မောင်မောင်ဆွေကို ကြည့်၍ ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ရဟန်းတော့ မဝတ်သေးပါဘူး။ မရောက်ဘူးလို့ လိုက်ခဲ့တာပါ ဘုန်းဘုရား"

"အေးပေါ့ကွာ။ ရဟန်းမဝတ်နိုင်သေးရင်လည်း တရားတော့ ထိုင်ပါ။ ပုတီးပါရင်လည်း ပုတီးစိပ်ပေါ့၊ သင်္ကြန်ရက်ဆိုတော့ ကုသိုလ်ရတာပေါ့ကွယ်။ ရဟန်းလောင်းနှစ်ပါးကိုတော့ ဒီညနေ ကိုရင်ဝတ်ပေးမယ်။ မနက်ရောက်မှ သိမ်ဝင်ပြီး ရဟန်းဘောင် တက်ကြပေရော့"

ဆရာတော်၏ မိန့်ကြားချက်များကို နားထောင်ပြီးသည်နှင့် မောင်မောင်ဆွေ ကျောင်းအောက်သို့ ဆင်းခဲ့သည်။ ကျောင်းဝင်းနယ်မြေကို လှည့်ကြည့်ခဲ့သည်။ အနောက်ရိုးမကြီးက ပြာမှိုင်းလျက် ရှိပါသည်။ အနီးဝန်းကျင်တွင် ရွာဟူ၍ မတွေ့ရဘဲ ကြည့်လေရာရာတွင် တောင်များကိုသာ မြင်နေရသည်။ ကျောင်းသို့ လာမည်ဆိုပါက လာစဉ်က လမ်းတစ်ခုသာ တွေ့ရပြီး ကျန်သုံးဘက်မှာ ချောက်ကမ်းပါးကြီးများသာ ဖြစ်ကြသည်။ အနောက်ရိုးမသို့ ကြည့်လိုက်ရာ ညနေစောင်းရုံရှိသေးသော်လည်း နေဝင်တော့မည့် မြင်ကွင်းကို တွေ့လိုက်


www.burmeseclassic.com

www.burmeseclassic.com

ရသည်။ အလွန်မြင့်မားသော တောင်တန်းကြီး၏ အနောက်သို့ နေလုံးက ဝင်သွားခြင်းဖြစ်သည်။

"အစ်ကိုက နေဝင်တာကို ကြည့်နေတာလား"

ရုတ်တရက် နောက်မှ အသံကြောင့် လန့်သွားသည်။ နောက်သို့ ကြည့်လိုက်မှ မောင်ဖျိုးကို တွေ့လိုက်ရသည်။

"မောင်ဖျိုး··· မင်းတို့ကျောင်းတစ်ဝိုက်မှာ ရွာမရှိဘူးလားကွ"

"တောင်အောက်မှာတော့ ရွာရှိတယ် အစ်ကိုရ။ ဒါပေမယ့် သိပ်ဝေးလွန်းတယ်။ ဘာလဲ၊ အစ်ကိုက ရွာကို သွားချင်လို့လား။ အနောက် ချောက်ကမ်းပါးဘက်ကိုတော့ လုံးဝ မသွားကြဖို့ ဆရာတော်က ပိတ်ပင်ထားတယ် အစ်ကိုရ"

"ဘာပြုလို့ ပိတ်ပင်တာလဲ"

"တောင်အောက်မှာ အခြားကမ္ဘာရှိတယ်။ တောင်အောက်ကို ဆင်းရင် အန္တရာယ်ရှိတယ်လို့ ပြောတာပဲ အစ်ကိုရာ"

ထိုစဉ် ကျောင်းသားတစ်ယောက် ရောက်လာပြီး အစ်ကိုနှစ်ယောက် ကိုရင်ဝတ်နေပြီဖြစ်ကြောင်း လာပြောသဖြင့် ကျောင်းဆီသို့ ပြန်ခဲ့ကြသည်။ ကျောင်းသို့ ရောက်သည့်အခါ ဆရာတော်က ဩဝါဒ မိန့်ကြားနေသည်ကို တွေ့ရပြီသည်။

"နံနက် ၄နာရီ အိပ်ရာထရမယ်။ လေးနာရီခွဲက ခြောက်နာရီအထိ တရားမှတ်ရမယ်။ တရားနာရင် အာရုံဆွမ်းစားရမယ်။ ရှစ်နာရီက စပြီး တစ်နာရီ တရားထိုင်၊ တစ်နာရီ နား။ ည ကိုးနာရီမှာ ကျောင်းတံခါးပိတ်ပြီး အားလုံး အနားယူကြရမယ်။ နောက်ပြီး အထူးမှာချင်တာက ကျောင်းနယ်မြေက ကျော်ပြီး အပြင်ကို သွားခွင့်မရှိဘူး။ ကျောင်းနယ်မြေဟာ လုံခြုံမှုရှိသလောက် အပြင်လောက,က မာယာထူပြောလွန်းတယ်။ ကျောင်းမြေက အောက်ကို ဆင်းလိုက်တာနဲ့ အောက်ကမ္ဘာသားတွေနဲ့ တွေ့တတ်တယ်။ အဲဒီအချက်ကို အလေးအနက်ထားကြပါ။ ဒီနေ့တော့ ဒါလောက်ပါပဲ"

ဆရာတော်၏ စကားအဆုံးတွင် မိမိနေရမည့်နေရာအသီးသီးသို့ ပြန်ခဲ့ကြရသည်။ မောင်ဖျိုးကို သိလိုသမျှ မေးမြန်းလိုသော်လည်း နောက်နေ့ ရဟန်းခံပွဲအတွက် မောင်ဖျိုးအလုပ်များနေသဖြင့် မေးခွင့်မရဘဲ အိပ်ရာဝင်ခဲ့ရသည်။ အိပ်ရာထဲသို့ ရောက်မှ ပိတောက်တောင်သို့ ရောက်သည်မှစ၍ တွေ့ကြုံရသည်များကို စဉ်းစားနေမိပါသည်။ ယခုအချိန်အထိ မမြစိမ်းကို စုံစမ်း၍ မရသေးပါ။

(၃)

နောက်တစ်နေ့နံနက် လေးနာရီ အိပ်ရာထရသည်။ သင်္ကြန်အကျနေ့ဖြစ်သည်။ ဘုရားစင်တွင် ဦးပဉ္စင်းများ၊ ကိုရင်များနှင့် ရော၍ တရားမှတ်ရသည်။ မောင်ဖျိုး ပုတီးစိပ်နေသည်ကို တွေ့ရ၍ မောင်မောင်ဆွေက အိမ်မှ ယူခဲ့သော ပုတီးကို ထုတ်၍စိပ်နေမိပါသည်။ တရားနာပြီး အရုဏ်ဆွမ်းစားရပါသည်။ ၇နာရီတွင် အစ်ကို ကိုရင်နှစ်ပါးနှင့် ကျောင်းမှ ကိုရင်တစ်ပါးတို့ကို သိမ်ဝင်ပြီး ရဟန်းဘောင်သို့ ပို့လိုက်ကြပါသည်။ ဦးပဉ္စင်းအသစ်နှစ်ပါး၏ ဝေယျာဝစ္စများကို ကူညီပေးရင်း နေ့လယ်စာစားချိန်သို့ ရောက်ခဲ့သည်။ နေ့လယ်စာစားပြီး နံနက်က စောစောအိပ်ရာထရသဖြင့် အိပ်ချင်နေသောကြောင့် အိပ်ရာပေါ် လှဲနေမိသည်။ ခဏအကြာတွင် အိပ်ပျော်သွားရာမှ နားထဲတွင် သီချင်းသံကို ကြားနေရသည်။ သေသေချာချာ နားထောင်မှ နတ်သျှင်နောင်၏ ရတုဖြစ်သည်။ တေးသံမဟုတ်ဘဲ မယ်ဒလင်လက်သံဖြစ်ပါသည်။

"ပေါ်နွေလလျှင် ××× တောင်ကခြိမ့်မြူး ××× မင်းလွင်ဦးနှင့် ××× ပျံ့ပျူးချုပ်ထိုင်း××× မှန်တိုင်းဆင်လို×××"

မယ်ဒလင်သံမှာ ကောင်းလွန်းသဖြင့် ရုတ်တရက် ထထိုင်လိုက်မိသည်။ နေ့လယ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ အိပ်ရာမှ ထလိုက်ပြီး မယ်ဒလင်သံလာရာသို့ မျှော်ကြည့်လိုက်မိရာ ပိတောက်ပင်ကြီးမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

ပိတောက်ပင်ရှိရာသို့ လျှောက်ခဲ့မိသည်။ ပိတောက်ပင်ကြီးကို ကျောမှီလျက် ရိုးမတောင်ကြီးကို မျက်နှာမူပြီး မယ်ဒလင်ကို အားပါးတရ တီးခတ်နေသော မောင်ဖျိုးကို တွေ့လိုက်ရပါသည်။ မောင်မောင်ဆွေမှာ ဂီတတွင် နှစ်မြောရင်း သီချင်းရောက်သည့် နေရာမှ လိုက်၍ဆိုလိုက်မိပါသည်။

"တောင်က ညှို့ ပြိုတော့မယ်×× မှိုင်းမှိုင်းမှုန်ဝေ×××မိုးသက်တွေ လေငေ့လို့×××တရွေ့ရွေ့ယူသလေ×××"

မောင်ဖျိုးက အသံကြား၍ နောက်သို့ လှည့်ကြည့်ပြီး မောင်မောင်ဆွေကို သီချင်းဆက်ဆိုပေးရန် မျက်ရိပ်ပြ၍ မယ်ဒလင်ကို ဆက်တီးနေပါသည်။ မောင်မောင်ဆွေမှာလည်း ဂီတဝါသနာရှင်ဖြစ်၍ သီချင်းကို ပြီးဆုံးသည်အထိ စိတ်ပါလက်ပါ ဆိုလိုက်သည်။ မောင်ဖျိုးမှာ ထိုမျှနှင့် အားမရနိုင်၍ ထိုသီချင်းကိုပင် နောက်တစ်ခေါက် ပြန်ကျော့နေသဖြင့် မောင်မောင်ဆွေကလည်း နောက်တစ်ကြိမ် အစအဆုံး ဆိုလိုက်ရပြန်သည်။

"မင်းလက်သံ သိပ်ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com

လား မောင်ဖျိုင်းရယ်"

"ကျွန်တော့်လက်သံထက် အစ်ကို့အသံက ပိုကောင်းပါတယ် အစ်ကိုရယ်"

နှစ်ဦးသား သဘောကျ၍ ပြိုင်တူ ရယ်မောလိုက်ကြသည်။

"ဒီပိတောက်ပင်က မနက်ဖြန်ဆိုရင် ပွင့်တော့မှာ အစ်ကိုရဲ့။ ကျွန်တော်က ပိတောက်ပန်းကို သိပ်ချစ်တာ။ ပိတောက်ပန်းဖွဲ့ ကဗျာတွေကိုလည်း သိပ်ကြိုက်တာ"

အနုပညာရှင်တစ်ဦးနှင့် တွေ့နေရသဖြင့် မောင်မောင်ဆွေ အံ့ဩနေမိပါသည်။

"မင်းက ဘယ်ကဗျာတွေ ကြိုက်လို့၊ ဘယ်ကဗျာတွေကို ရသလဲ"

*လတန်ခူးပေမို့ အလှထူးပါတဲ့၊*
*မြမြဖူးရယ်တဲ့ နိုင်ရွှေဝါ၊*
*တကာယ်တမ်းသာဖြင့် . . .*
*ဘယ်ပန်းသော် စံမတူနှင့်*
*နန္ဒမူ ဖန်ဂူထိပ်မှာလ၊*
*ပရွှေကာ ချွေးတော်သိပ်ရတယ်၊*
*အေးရိပ်သာယာ။ ။*

*မြူမင်းလွှင်ထန်*
*ကြူသင်းတာ ချိန်ယံမတော့၊*
*ငွေဝတ်ဆံ ငုံတဲ့ညောက်ကယ်နှင့်၊*
*ခါသကြံန် ချိန်မှန်ရောက်ပြန်တော့*
*သိန်သရေ*
*ထိန်ဝေလို့ တောက်တဲ့ပြင်၊*
*လမ်းတစ်လျှောက်သင်းတာမို့၊*
*ဆန်းသလောက် မလင်းနိုင်ဘု၊*
*ပန်းပိတောက်မင်း။ ။*

မောင်ဖျိုင်း ကဗျာများ ရွတ်ပြနေသည်ကို နားထောင်ရင်း မောင်မောင်ဆွေ အံ့ဩနေမိသည်။

"ကြည့်စမ်း . . . ကြည့်စမ်း။ မင်းက ဘုန်းကြီးကျောင်းသားဖြစ်ပြီး ဒီကဗျာ



တွေ ရသကိုး"

"ကျွန်တော်က ရှစ်တန်းအထိ ကျောင်းနေခဲ့ဖူးတယ် အစ်ကိုရဲ့။ ကဗျာပန်းကုံးစာအုပ်သင်ခဲ့ရတော့ ပိတောက်ပန်းဖွဲ့ ကဗျာတွေ အကုန်ရခဲ့တာပေါ့။ နောက်ပြီး မယ်ဒလင်တီးတတ်လာတော့ နတ်သျှင်နောင်ရဲ့ ရတုကို ခံစားမိပြန်ရော။ ဒီတော့ နတ်သျှင်နောင်ရဲ့ ရတုတွေ ရှာဖတ်ဖြစ်ခဲ့တာပေါ့"

"ဘယ်ရတုတွေများ မင်း ဖတ်ခဲ့၊ စွဲလမ်းခဲ့သလဲ ပြောပါဦး"

"ဟို . . . *နွေလတ်ရတု၊ စိမ်းနုညိုပြာ၊ လွတ်နိုင်သာသည့်၊ သွယ်ဖြာညောင်းသစ်၊ မြတကား* ဆိုတာမျိုးကို သိပ်ကြိုက်ခဲ့မိတယ် အစ်ကို။ နောက်ပြီးတော့ ရှိသေးတယ်။

*တာရက်လကို၊ ရှက်ကွန့်လို့ရှု၍၊*
*ရစ်ညှိုပြကာ၊ သည်မျှသာနှင့်၊*
*တစ်ရွာမမြူး တန်ပါဦးလေ* ဆိုတာမျိုးတွေပေါ့"

"မင်းကိုတော့ ငါ သိပ်အံ့ဩသွားပြီ မောင်ဖျိုင်းရေ။ ငါ့ကို သူငယ်ချင်းတွေက ဆရာဝန်မလုပ်ဘဲ ကဗျာဆရာလုပ်ပါလို့ နောက်လေ့ရှိတယ်။ ငါ့ကိုယ်ငါလည်း ကဗျာတွေ၊ အထူးသဖြင့် နတ်သျှင်နောင်ရဲ့ ကဗျာတွေ ရလှပြီ မှတ်နေတာ။ မင်းနဲ့ တွေ့မှ ငါ အရှုံးပေးရတော့မယ်ထင်တယ်"

"ဒါလောက်လည်း မဟုတ်ရပါဘူး အစ်ကိုရယ်။ ကျွန်တော်က နွေကို ချစ်တတ်ပြီး ပိတောက်ပန်းကို မြတ်နိုးတတ်လို့ လေ့လာထားခဲ့တာပါ"

"အေးကွာ၊ မင်းနဲ့ တွေ့ရတာ ငါ သိပ်ဝမ်းသာတယ်။ ဒီနှစ် သင်္ကြန်မှာ ငါ သီချင်းမဆိုရတော့ဘူး မှတ်နေတာ၊ မင်းနဲ့ တွေ့ရတော့ သီချင်းဆိုဖြစ်ဦးတော့မယ်။ မနက်ဖြန် ဒီနေရာမှာ တို့ သီချင်းဆိုကြရအောင်"

မောင်မောင်ဆွေသည် မောင်ဖျိုင်းကို နှုတ်ဆက်ပြီး ကျောင်းသို့ ပြန်ခဲ့ပါသည်။

## (၄)

ထိုညက မောင်ဖျိုင်းတို့နှင့်အတူ ဘုရားရှိခိုးပြီး ဦးပဥ္စင်းများ တရားရှုမှတ်နေချိန် ပိတောက်ပင်ရှိရာသို့ ထွက်ခဲ့သည်။ နေ့လယ်က မောင်ဖျိုင်းထိုင်သကဲ့သို့ ပိတောက်ပင်ကို ကျောမှီကာ အနောက်ရိုးမ ညို့ညို့မှိုင်းမှိုင်းကြီးကို ငေးကြည့်နေမိပါသည်။ ရိုးမကို ကြည့်ရင်း တောင်အောက်သို့ ကြည့်လိုက်ရာ မမျှော်လင့်ဘဲ အဆောက်အအုံတစ်ခုကို မြင်လိုက်ရသည်။ ရောင်စုံမီးများ လင်းလျက် လှပခမ်းနားသော အဆောက်အအုံတစ်ခုဖြစ်သည်။ စောင်းသံနှင့်အတူ တောင်အောက်မှ လွင့်တက်လာသော သီချင်းသံကိုပါ ကြားမိပါသည်။ သေသေချာချာ စူးစိုက်နားထောင်မှ "မယ်ခမျှော်" သီချင်းသံဖြစ်ကြောင်း သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"မှန်ရှေ့ပြတင်းငယ်နော်×××ချော်ကာ ရမ်းလို့ မှန်းဆမျှော်×××အာရုံတော်ကျူးလို့ လင်းသော×××ပျို့မေစောင့်လို့မျှော်×××"

တေးသံကို နားထောင်ရင်း မောင်မောင်ဆွေ ရင်ဖိုနေမိသည်။ တိတ်ဆိတ်နေသော ညချမ်းတွင် တေးသံက သူ့နှလုံးသားကို လှုပ်ရှားစေနိုင်ခဲ့ပါသည်။ နေ့လယ်က ဂီတကို အစပျိုးမိခဲ့ရာမှ ယခု မယ်ခုမျှော်တေးသံကို ကြားရသဖြင့် မမြစိမ်းကို ရုတ်တရက် သတိရနေမိပါသည်။ အချိန်မှာ ကျောင်းတံခါး ပိတ်ရန် နီးသဖြင့် ကျောင်းသို့ ပြန်ခဲ့ရသည်။

အိပ်ရာပေါ် လှဲရင်း အိပ်ပျော်အောင် ကြိုးစားသော်လည်း ရုတ်တရက် အိပ်မပျော်နိုင်ပါ။ သန်းခေါင်တိုင်ခဲ့သော်လည်း အိပ်မပျော်သဖြင့် ကျောင်းတံခါးကို ဖွင့်၍ အပြင်သို့ ထွက်လိုက်သည်။ အားလုံး အိပ်မောကျပြီး ဆိတ်ငြိမ်နေသော်လည်း အပြင်တွင် လမင်းက ထိန်ထိန်သာလျက် ရှိနေပါသည်။ ပိတောက်ပင်ဆီသို့ လျှောက်ခဲ့သည်။ ပိတောက်ပင်၏ အနောက် ပေ ၂၀ခန့် လျှောက်မိသည်နှင့် အောက်သို့ ငုံ့ကြည့်လိုက်ရာ အောက်ခြေရှိ ၁၀ပေခန့် နိမ့်သောနေရာရှိ ကျောက်လှာပေါ်ဝယ် အလွန်လှပသော အမျိုးသမီးတစ်ဦးကို ရုတ်တရက် တွေ့လိုက်ရသည်။ ထိုအမျိုးသမီးက မောင်မောင်ဆွေကို လက်ရပ်ပြီး ခေါ်နေသယောင် မြင်ရသည်။ မောင်မောင်ဆွေသည် ထိုအမျိုးသမီးရှိရာသို့ လျှောက်သွားမိသည်။ အောက်ထပ် ကျောက်သားပေါ်တွင် အမျိုးသမီးမှာ ရပ်လျက်ရှိပြီး မောင်မောင်ဆွေကို လက်ပြ၍ တစ်စုံတစ်ရာပြောလိုက်သည်ကို ကြားမိသည်။

"ကိုကိုကြီး • • • ဒီဘက်ကို လျှောက်ခဲ့ပါ။ ဒီမှာ အောက်ကို ဆင်းတဲ့ လမ်းရှိပါတယ်။ အမျိုးသမီးက သူ့ကို သိနေသဖြင့် မောင်မောင်ဆွေ အံ့ဩနေမိသည်။ အမျိုးသမီး ညွှန်ပြရာဘက်သို့ လျှောက်ခဲ့ရာ လက်မောင်းလုံးသာသာ နွယ်ကြိုးတစ်ချောင်းက ထိုအမျိုးသမီး ရပ်ရာ နေရာသို့ ခွေကျနေသည်ကို တွေ့လိုက်ရသည်။ မောင်မောင်ဆွေသည် ဖြစ်လိုရာ ဖြစ်စေဟု အားခဲလိုက်ပြီး ထိုနွယ်ကြိုးကို ဆွဲ၍ အောက်ထပ်ကျောက်လှာပေါ်သို့ လျှော၍ဆင်းလိုက်သည်။ နွယ်ကြိုးကို ကိုင်ရင်း ကျောက်လှာပေါ်သို့ အသင့်ရောက်ရှိသွားပါသည်။ အနီးသို့ ရောက်မှ အမျိုးသမီးက ထပ်၍ မိတ်ဆက်ပြန်သည်။

"ညီမက မြင့်မြင့်မိမ်းပါ။ ဟိုဘက်ကျောက်လှေကားထိပ်မှာ မမစိမ်းစောင့်နေပါတယ်"

မောင်မောင်ဆွေ အံ့အားသင့်လျက်ရှိရာမှ အနောက်ဘက်သို့ ကြည့်လိုက်ရာ ကျောက်လှေကားထိပ်တွင် ရပ်လျက်ရှိသည့် မမြစိမ်းကို ဝမ်းသာစရာ တွေ့လိုက်ရပါသည်။ မမြစိမ်း၏ နောက်တွင် အောက်သို့ ဆင်းသည့် လှေကားကြီးတစ်ခုကို တွေ့ရပြီး လှေကားထစ်ပေါင်း မရေတွက်နိုင်အောင် ရှိပါသည်။ မမြစိမ်းမှာလည်း လရောင်နှင့် လှပလျက်ရှိနေပါသည်။

"အစ်ကိုရောက်နေတာကို မြစိမ်းတို့ သိပါတယ်။ နေ့လယ်က အစ်ကိုရဲ့ နတ်သျှင်နောင် သီချင်းသံကိုလည်း ကြားရပါတယ်"

"ဟုတ်လား၊ အစ်ကိုလည်း ညနေက မယ်ခုမျှော်သီချင်းကို စောင်းသံနဲ့ ကြားရမိတယ်။ အဲဒါ မမြစိမ်းဆိုတာလားဟင်"

"မြစိမ်းလည်း ပိတောက်တောင်ကို ပြန်ရောက်ကတည်းက အဲဒီသီချင်းကို မကြာခဏ ဆိုနေမိပါတယ်"

အောက်သို့ ဆင်းသည့် လှေကားထစ်များအတိုင်း နှစ်ယောက်သား ဆင်းခဲ့ကြပါသည်။ လှေကားထစ်များမှာ များလွန်းသဖြင့် မမြစိမ်း၏ လက်ကလေးကို ကိုင်ရင်း ဆင်းခဲ့ပါသည်။ မမြစိမ်းနှင့်သာ လက်တွဲ၍သွားရပါက လှေကားထစ်ပေါင်း သိန်းသန်းမက ရှိစေဦးတော့ မငြီးမငြူလျှောက်ရဲပါသည်။ မကြာမီ မမြစိမ်းတို့နေရာ အိမ်ဂေဟာသို့ ရောက်ပါသည်။ တိုက်ကြီးမှာ နန်းတော်ကြီးတမျှ ခမ်းနားလှပလျက် ရှိပါသည်။ တိုက်ကြီးထဲသို့ မဝင်ဖြစ်ဘဲ အိမ်ရှေ့တွင် ထိုင်ခုံများဖြင့် ထိုင်မိကြသည်။ လရောင်ကြောင့် မီးထွန်းစရာမလိုအောင် လင်းထိန်လျက်ရှိပါသည်။ ခေါင်းပေါ်တွင် ပိတောက်ပင်မှ ပိတောက်ကိုင်းကြီးတစ်ကိုင်းက ကွေးညွတ်လျက်ရှိပါသည်။ ဆယ်နှစ်ခန့် ကလေးတစ်ဦးက သစ်သီးများနှင့် အချိုရည်များ လာချပေးပါသည်။

"အိမ်ကို အလည်ရောက်တုန်း အမှတ်တရဖြစ်အောင် အစ်ကို သီချင်းတစ်ပုဒ်ဆိုပြပါ"

"အစ်ကို မဆိုတတ်ပါဘူး"

"နတ်သျှင်နောင်သီချင်းဆိုတာ ကြားရပြီးပါပြီ။ အခြားသီချင်းမရရင်လည်း အဲဒီသီချင်းပဲ ဆိုပေါ့။ ညီမက စောင်းတီးပါ့မယ်"

မမြစိမ်းသည် ပြောပြောဆိုဆို စောင်းကောက်ကြီးကို ကောက်ယူပွေ့ပိုက်လိုက်ပါသည်။ ငြင်းဆန်လို့ မရတော့ပြီဖြစ်၍ သီချင်းဆိုရန် ပြင်ဆင်ရတော့သည်။ မမြစိမ်းက စောင်းကြိုးကို ညှိလိုက်ပြီး သီချင်းကို စတင် တီးခတ်ပါတော့သည်။

"တပ်တော်ဦးဆီး မျှော်လိုက်ပြီ တော့×××ရဲတံခွန်တွေ×××လေ့[illegible]စား



www.burmeseclassic.com

www.burmeseclassic.com

ကြွားတလူလူဝေ×××"

မမြစိမ်းတို့ ညီအစ်မမှာလည်း မောင်မောင်ဆွေ၏ သီချင်းသံတွင် ခံစားမှုဖြင့် နစ်မြောနေခဲ့ကြပါသည်။

"ကဲ - အစ်ကို တဝကြီးကျေပြီနော်။ ဒီတစ်ခါ ညီမအလှည့်ပေါ့"

မောင်မောင်ဆွေက အဆိုတင်လိုက်သည်နှင့် မမြစိမ်းက စောင်းကို ကောက်ကိုင်ကာ လက်သံစမ်းနေပါသည်။ မမြစိမ်းကလည်း သီချင်းကို စ၍ သီဆိုလိုက်ပါသည်။

"မောင့်မျက်နှာ×××တစ်ရှာမှတ်ထင်×××အချစ်မာတ် ရစ်ပတ်မိရင်××× ကြာလေလေ နိုင်မြဲလေလေ×××အမြစ်ဖြတ်မရသေး×××အသည်းထဲ စွဲကာပင်×××"

မမြစိမ်းကလည်း အဆိုပိုင်ပါသည်။ ရင်တွင်းခံစားချက်ကို ဖွင့်၍ ပြလိုက်သကဲ့သို့ ရင်ထဲမှ လာသောအသံဖြင့် အကောင်းဆုံး ဆိုပြလိုက်ပါသည်။ သီချင်းဆုံးသည်နှင့် မောင်မောင်ဆွေက လက်ခုပ်တီး၍ အားပေးလိုက်ပါသည်။ သီချင်းဆိုသည့်ကိစ္စရပ်များ ပြီးပြတ်သွားသည်နှင့် မမြစိမ်းက မောင်မောင်ဆွေကို မေးလိုက်ပါသည်။

"ဒါနဲ့ အစ်ကိုက ဘယ်ရက်လောက် ရန်ကုန်ပြန်မှာလဲ"

"အစ်ကိုနှစ်ယောက် ရဟန်းဝတ်နေကြတယ်။ သင်္ကြန်အတက်နေ့မှ လူထွက်ပြီး နှစ်ဆန်းတစ်ရက်နေ့မှ ပြန်ရပါမယ်"

"မြန်လှချည်လား အစ်ကိုရယ်။ ရောက်တုန်း အေးအေးဆေးဆေးနေပါဦးလား"

"အစ်ကိုဆန္ဒကတော့ နေချင်ပါတယ်။ အခုလို ညီမတို့နဲ့ တွေ့ပြီး သီချင်းတွေဆိုနေရတော့ ပြန်တောင်မပြန်ချင်ပါဘူး။ ဒါပေမယ့် အစ်ကို နှစ်ယောက်က ဝန်ထမ်းတွေဆိုတော့ အစ်ကို့မှာ အလုပ်ခွင်ပြန်ဝင်ရဦးမယ်လေ"

"ဟိုပြန်ရောက်ရင် အစ်ကို့မှာ ဘာအလုပ်ရှိလို့လဲ။ အစ်ကိုနေခဲ့လို့ မရဘူးလား"

"ကျောင်းဖွင့်ဖို့က တစ်လလောက်တော့ လိုပါသေးတယ်။ ရန်ကုန်ပြန်ရောက်ရင် ညီမတို့ကို လွမ်းရတဲ့ အလုပ်တစ်ခုပိုလာမယ် ထင်ပါတယ်"

"လွမ်းမယ်ဆိုတဲ့လူက ပြန်ချင်လှနေပြီ"

"ကဲ - စကားကောင်းနေလိုက်တာ၊ ညဉ့်နက်လှပြီ၊ အစ်ကိုပြန်မှ ဖြစ်မယ်"

"မိုးဖွဲတွေ ကျနေတယ် အစ်ကိုရဲ့ ခဏနေပါဦးလား"

> "တိတ်ဆိတ်နေသော ညတွင်
> ကြေးစည်သံ ဟိန်း၍ထွက်လာသည်။
> အရုဏ်တက်ပြီဖြစ်၍
> အိပ်ရာထရန် နှိုးဆော်လိုက်သော
> ကြေးစည်သံမှန်း သိလိုက်ရသည်။
> ကြေးစည်သံကြောင့်
> ကျောင်းအတွင်းရှိ ဦးပဉ္စင်းများ၊
> ကိုရင်များ၊ ကျောင်းသားများအားလုံး
> အိပ်ရာထလိုက်ကြခြင်းဖြစ်ပေသည်။
> မမြစိမ်းနှင့် တွေ့ခဲ့သည်မှာ
> တကယ်မဟုတ်ဘဲ အိပ်မက်မှန်း
> သိလိုက်ရတော့သည်။
> ချက်ချင်း အိပ်ရာမှထ၍
> မျက်နှာသစ် လိုက်သည်"

"ဒီမိုးလောက်က ကိစ္စမရှိပါဘူး။ နောက်နေ့မှာ တစ်ခါလာခဲ့ဦးမယ်။ ဒီနေ့တော့ ခွင့်ပြုပါဦး။ ကဲ - ပြန်ပြီနော်"

မောင်မောင်ဆွေသည် ညီအစ်မနှစ်ယောက်ကို နှုတ်ဆက်၍ ကျောင်းသို့ အမြန်ပြန်ရန် အိမ်အပြင်ထွက်လိုက်သည်။ ကျောက်လှေကားထစ်ကို အပြေးတက်လိုက်သည်။

(၅)

"နောင်"

တိတ်ဆိတ်နေသော ညတွင် ကြေးစည်သံ ဟိန်း၍ထွက်လာသည်။ အရုဏ်တက်ပြီဖြစ်၍ အိပ်ရာထရန် နှိုးဆော်လိုက်သော ကြေးစည်သံမှန်း သိလိုက်ရသည်။ ကြေးစည်သံကြောင့် ကျောင်းအတွင်းရှိ ဦးပဉ္စင်းများ ကိုရင်များ၊ ကျောင်းသားများအားလုံး အိပ်ရာထလိုက်ကြခြင်းဖြစ်ပေသည်။ မမြစိမ်းနှင့် တွေ့ခဲ့သည်မှာ တကယ်မဟုတ်ဘဲ အိပ်မက်မှန်း သိလိုက်ရတော့သည်။ ချက်ချင်း အိပ်ရာမှ ထ၍ မျက်နှာသစ်လိုက်သည်။ ယနေ့ သင်္ကြန်အကြတ်နေ့သို့ ရောက်ခဲ့ပြီဖြစ်သည်။ အရုဏ်ဆွမ်းစားပြီးသည်နှင့် ကျောင်းအပြင်သို့ ထွက်ခဲ့သည်။ ပိတောက်ပင်ကြီးဆီသို့ မျှော်ကြည့်လိုက်ရာ တစ်ပင်လုံး ထိန်ထိန်တောက်နေသည်ကို တွေ့ရပါသည်။ ညက သင်္ကြန်မိုးရွာလိုက်သဖြင့် ပိတောက်လှိုင်လှိုင်ပွင့်ခဲ့သည်။ ပိတောက်ပင်ပေါ်မှ မောင်ဖိုးဆင်းလာသည်ကို တွေ့လိုက်ရသည်။ လက်တွင် ပိတောက်ပန်းများ ပွေ့ပိုက်လျက် ရှိပါသည်။

"အစ်ကို ဒီမှာ ခဏစောင့်နေနော်။ ပန်းတွေ ဘုရားကပ်ပြီးရင် မယ်ဒလင်ယူပြီး ပြန်ခဲ့ပါ့မယ်"

မောင်ဖိုးက ပြောပြီး ကျောင်းဆီသို့ ပြေးပါတော့သည်။ မောင်မောင်ဆွေသည် ပိတောက်ပင်အောက်



www.burmeseclassic.com

www.burmeseclassic.com

ယမန်နေ့ညက မြင်ခဲ့ရသော အဆောက်အအုံဆီသို့ မျှော်ငေးကြည့်မိပါသည်။ တောင်အောက်တွင် မြူခိုးများ ဝေနေသဖြင့် ဘာမှမမြင်ရပါ။ အိမ်မက်တွင် အောက်သို့ ဆင်းသည့် နွယ်ကြိုးကို လှည့်လည်ရှာသော်လည်း မတွေ့ရပါ။ ကျောက်လှေကားရှိရာသို့ ကြည့်နေစဉ် မောင်ဗျိုင်း ပြန်ရောက်လာသည်။

"ပိတောက်တွေ ပွင့်တာ သိပ်လှတယ်ကွာ။ တစ်ကျောင်းလုံး ပိတောက်ရနံ့တွေ သင်းနေတာပဲ"

ပိတောက်ပန်းများကို ကြည့်၍ မောင်မောင်ဆွေက ပြောလိုက်ပါသည်။

"ဟုတ်တယ် အစ်ကို။ ဒီကျောင်းဝင်းထဲမှာ ပိတောက် ၁ဝပင်ရှိတယ်။ ပိတောက်တောင်တစ်တောင်လုံး ဟိုတုန်းက ပိတောက်တောကြီးလို့ ပြောကြတယ်။ အခုတော့ အပင်အိုတွေက လေတိုက်လို့ လဲပြိုကြတော့ တောင်ပေါ်မှာ ပိတောက်ပင်အရေအတွက် လျော့သွားပါပြီ။ ပိတောက်ပွင့်ရင် ကျွန်တော် သိပ်ပျော်တာ အစ်ကိုရ။ ပိတောက်နဲ့ ပတ်သက်တဲ့ သီချင်းဆိုလည်း ကြိုက်တယ်။ နတ်သျှင်နောင် သီချင်းထဲကလို ပိတောက်ပန်းတွေ လှိုင်လှိုင်ပေါပေမယ့် ပန်မပေးရ ဆံမြည့ာကေ ဆိုသလို ပန်ပေးရမယ့်သူ မရှိတာ နာတယ် အစ်ကိုရာ။ အစ်ကို့မှာရော ပန်ပေးရမယ့်သူ ရှိသလားဟင်"

မောင်ဗျိုင်း၏ စကားမှာ ရိုးရိုးလေးဖြစ်သော်လည်း မောင်မောင်ဆွေ၏ ရင်မှာ လှုပ်ရှားသွားပါသည်။ မောင်ဗျိုင်းကို ပြန်မဖြေတော့ဘဲ မယ်ဒလင်ဆီသို့ အာရုံပြောင်းလိုက်သည်။ မောင်ဗျိုင်းက မယ်ဒလင်ကို စတင်တီးခတ်လိုက်သည်နှင့် မောင်မောင်ဆွေက အောင်မြင်သော အသံဖြင့် သီချင်းကို ဟစ်လိုက်ပါတော့သည်။

"ပိတောက်တွေ ရွှေရည်လူးကြတဲ့အနေ×××ပုလဲငုံ×××စပယ်ဖြူ×××ဖူးခိုက်ဓာဝေ×××"

မောင်မောင်ဆွေက သူ့ အကြိုက်ဆုံး အပိုဒ်ကို ရင်ထဲမှ ခံစားချက်နှင့် ပိုင်ပိုင်နိုင်နိုင် သီဆိုလိုက်ပါသည်။

ထိုနေ့ညတွင်လည်း အိပ်မပျော်သည့် မောင်မောင်ဆွေသည် ကျောင်းမှ တိတ်တဆိတ်ထွက်ခဲ့ပါသည်။ သွားစဉ်က ပိတောက်ပင်ဆီသို့သာ ဦးတည်ခဲ့ပါသည်။ ပိတောက်ပင်အောက်မှ ကြည့်မိသည်နှင့် ယမန်နေ့က သွားရောက်ခဲ့သည့် မမြစိမ်းတို့၏ အိမ်ကို ထင်ထင်ရှားရှား မြင်နေရပြန်သည်။ ထိုအိမ်မှ လွင့်ပျံ့လာသော စောင်းသံကိုလည်း ကြားလိုက်ရပါသည်။ မောင်မောင်ဆွေမှာ စိတ်ကို မထိန်းနိုင်တော့ဘဲ ယခင်နေ့က သွားသည့်အတိုင်း အောက်သို့ ဆင်းကာ ကျောက်လှေကားမှ တစ်ဆင့် မမြစိမ်းတို့အိမ်သို့ ရောက်ခဲ့ပြန်သည်။

အိမ်ထဲသို့ မဝင်မီ စောင်းသံက သာယာငြိမ့်ပြောင်းလွန်းသဖြင့် အိမ်ထဲသို့ ဝင်လိုက်ရာ မမြစိမ်းတို့ ညီအစ်မက အသင့်ကြိုနေသည်ကို တွေ့လိုက်ရပါသည်။ အိမ်ရှေ့တွင်ပင် နေရာပြင်ဆင်ထားသည်ကို တွေ့ရ၍ ကိုင်းညွတ်နေသော ပိတောက်ကိုင်းကြီးမှာ ရွှေဖြင့်ကွပ်ထားသည့်အလား ဝါရောင်လက်နေပါသည်။ မမြစိမ်းတို့ ညီအစ်မခေါင်းတွင်လည်း ပိတောက်ပန်းတွေနှင့် ဝေနေပါသည်။ ထိုင်မိသည်နှင့် မောင်မောင်ဆွေကို သီချင်းဆိုရန် တိုက်တွန်းကြတော့သည်။ ယနေ့ညတွင် သီချင်းဆိုရန် ပြင်ဆင်လာသဖြင့် အသင့်ဆိုရန်အတွက် စောင်းကြိုးညှိနေသော မမြစိမ်းကို ပပဝင်းဟု ပြောလိုက်သည်။

"ဆွတ်ချူရန် ခက်ပါဘိ××× မှာပေါ်နဲ့ သက်လယ် ××× အုံ့ပုံး မောင့်မျက်နှာငယ်မှာ ××× ကွက်မလည်နိုင်သေး××× ရွှေငုံးမင်း အမြီးမျှော်သလို ×××ခရီးတော် နီးရက်နဲ့ ဝေး×××"

မောင်မောင်ဆွေ သီချင်းဆိုပုံမှာ ခံစားချက်အပြည့်ပါသဖြင့် ကြားရသူအတွက် ရင်မောစရာဖြစ်ပါသည်။ မောင်မောင်ဆွေ၏ ခံစားချက်သည် မမြစိမ်းသို့ ကူးစက်ပုံရသည်။ မမြစိမ်းသည် စောင်းတီးရင်း မောင်မောင်ဆွေကို ကြည့်နေမိသည်။ သီချင်းဆုံးသွားသည့်တိုင် မောင်မောင်ဆွေကို ကြည့်လျက်ပင် ရှိနေပါသည်။

မမြစိမ်း ကျေနပ် ကြည်နူးပုံရသဖြင့် ဆိုရကျိုးနပ်သည်ဟု တွေးရင်း ရင်ပိုမောနေရသူမှာ မောင်မောင်ဆွေသာ ဖြစ်ပါသည်။ အားလုံး ငြိမ်သွားသည်နှင့် မမြငြိမ်းက စောင်းကို ပိုက်၍ ပြောလိုက်သည်။

"မမတို့နှစ်ယောက် အဆိုရော အတီးပါ ပြောစရာမရှိအောင် ကောင်းပါတယ်။ ဒီတစ်ခါ ညီမလေးအတွက် စုံတွဲသီချင်းတစ်ပုဒ်လောက် ဆိုပြပေးဖို့ တောင်းဆိုပါရစေ"

မည်သည့်သီချင်းဆိုရမည်ကို မသိရသော်လည်း စောင်းသံ၏ တီးလုံးတေးသွားအရ သက်ဝေဖြစ်သည်။ စောင်းသံအရ မမြစိမ်းက အရင်ဆိုရသည်။

"သစ္စာမဏ္ဍိုင် မြဲခိုင်ခဲ့ပေ××× မေတ္တာမိုးတွေ သွန်းဖြိုးရွာစွေ××× အသည်းမှာ စွဲတယ်×××အသက်ကို ပုံမယ်လေ×××တစ်ကိုယ်လုံး သိမ်းကြုံးလိုရာသုံး သက်ဝေ×××"

မမြစိမ်း သီဆိုပုံမှာလည်း အပျော်တမ်း သီဆိုပုံနှင့် မတူဘဲ ပရိသတ်ရှေ့ဝယ် သည်းလှိုက်အူလှိုက် ဆိုနေပုံဖြစ်သည်။ စောင်းသံက





www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ဆွေ၏ အလှည့်သို့ ရောက်ရှိလာသဖြင့် အလှည့်ကျသော် မင်္ဂလာတံမ်း သီဆိုလိုက်ရပါသည်။

"ရွှဝံကြယ် မြေမှာ ခကြွေ××× ကောင်းကင်မှာ နေလတွေ ကွယ်စေ× ××မြူမြင့်မိုရ် ပြိုအက်ကာ ကြွေ××× သွေကွက်မယ် စိတ်ဝယ်မပြေ××× ချစ်တဲ့သူ အမှုတုံးကလေးက တိမ်စင်လနယ် အလှမြင်ကြွယ်ရှာပေ×××"

"အစ်ကိုက ပိတောက်တောင်ကို တစ်ခေါက်ရောက်ဖို့ မလွယ်ပါဘူး။ ရောက်တုန်း ကြာကြာလေး နေရင် သိပ်ကောင်းမှာ။ ရုပ်တရက် တွေ့ဆုံရင်းနှီးပြီး ပြန်ခွဲရမှာ စိတ်မကောင်းလိုက်တာ အစ်ကိုရယ်"

"အစ်ကိုလည်း ဘယ်စိတ်ကောင်းပါ့မလဲ မမြစိမ်းရယ်။ အစ်ကိုရဲ့ သဘောအရဆိုရင် ပိတောက်တောင်မှာ ပျော်နေပါတယ်။ မမြစိမ်းတို့နဲ့လည်း မခွဲချင်ပါဘူး"

"အစ်ကို မြစိမ်းတို့နဲ့ တကယ် မခွဲချင်တာလား။ မြစိမ်းတို့နဲ့ အမြဲနေနိုင်ပါ့မလား"

"မမြစိမ်းကသာ လက်ခံရင် တစ်သက်လုံး နေနိုင်ပါတယ်။ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်သလဲ အစ်ကို"

မောင်မောင်ဆွေမှာ ရင်ထဲမှ စကားများ ပွင့်အံတော့မည့်ဆဲဆဲ ရပ်လိုက်ရသည်။ ပြောမည့် စကားများကို ရင်ထဲတွင် ပြန်သိမ်းထားလိုက်ရသည်။

"ဘာမှမဟုတ်ပါဘူး မမြစိမ်းရယ်၊ အစ်ကိုပြန်ဖို့ တော်ပြီထင်တယ်"

မမြစိမ်းတို့ ညီအစ်မကို နှုတ်ဆက်၍ ပြန်ရန် ပြင်ဆင်လိုက်ချိန် "နောင်"ဟူသော ကြေးစည်သံကို ရုတ်တရက် ကြားလိုက်ရသည်။ ကြေး



စည်သံကြောင့် ရင်ထိတ်မိလိုက်သည်။ မောင်မောင်ဆွေ လန့်နိုးပြီး အိပ်မက်မက်မှန်း သိလိုက်ရသည်။ ဒုတိယမြောက် အိပ်မက်ဖြစ်၍ အိပ်ရာမှ ထလိုက်ရသည်။

(၆)

ယနေ့သည် သင်္ကြန်အတက်နေ့ဖြစ်သဖြင့် မနက်ဖြန် ပြန်ရတော့မည် အသိကြောင့် စိတ်မကောင်းဖြစ်ရပြန်သည်။ မမြစိမ်းနှင့် လူကိုယ်တိုင် မတွေ့ရဘဲ နှစ်ညတိတိ အိပ်မက်တွင် တွေ့ရသည်မှာ ထူးခြားလျက်ရှိပါသည်။

ပိတောက်ပင်အောက်သို့ ရောက်ချိန် မောင်ဖျိုးက အရင်ရောက်နေသည်ကို တွေ့လိုက်ရပါသည်။ မောင်ဖျိုးမှာ ပိတောက်ပန်းခူးရန် ပြင်ဆင်နေသည်ကို တွေ့ရပါသည်။

"မောင်ဖျိုးရေ. . .တစ်နှစ်တွင် သည်တစ်လ၊ တစ်လတွင် တစ်ရက်တည်းလိုပါပေမယ့် ဒီကနေ့ ပိတောက် ပွင့်ပြန်ပါပကောကွယ်"

"ဒါက ပိတောက်ကြွင်းလေ အစ်ကိုရဲ့။ ဟိုနေ့က သင်္ကြန်မိုးနဲ့ မမီလိုက်ဘဲ ကျန်ရစ်ခဲ့တဲ့ ပိတောက်ဖူးတွေပေါ့။ ဒါပေမယ့် အစ်ကိုရယ်၊ ပိတောက်တွေ ဘယ်နကြိမ်ပဲ ပွင့်ပွင့် ကိုယ်တိုင် လုရာရွေးလို့ ဆင်မပေးနိုင်တဲ့ ဘဝကတော့ အဖြစ်ဆိုးပါတယ် အစ်ကိုရာ"

မောင်ဖျိုး၏ စကားသည် မောင်မောင်ဆွေ၏ ရင်ဝသို့ တိုက်ရိုက်မှန်ခဲ့သည်။ မမြစိမ်း ဖိတ်ခေါ်၍ ပိတောက်တောင်သို့ လာခဲ့ရသည်။ မနက်ဖြန် ပြန်ရတော့မည်ဖြစ်သော်လည်း လူကိုယ်တိုင် မတွေ့ရသေးသည်ကို ရင်နာလှပါသည်။

"မောင်ဖျိုး. . .ဒီအောက်ဘက်ရွာတွေကို သွားလို့ရတဲ့ လမ်းမရှိဘူးလား"

"အစ်ကိုတို့ လာခဲ့တဲ့ လမ်းအတိုင်း ပြန်ဆင်းပြီး အနောက်ဘက်ကို သွားရင်တော့ ရတယ် အစ်ကို။ ဒါပေမယ့် သိပ်ဝေးပါတယ်"

"တောင်အောက်က စောင်းသံကြားနေရတယ်၊ မင်း မကြားမိဘူးလား"

"တစ်ခါတစ်ရံတော့ ကြားရတတ်ပါတယ်။ သီချင်းသံလည်း ကြားရတတ်ပါတယ်။ အဆိုရော အတီးပါ ကောင်းပေမယ့် သိပ်ဝေးတော့ ခပ်သဲ့သဲ့ပဲ ကြားရတယ်"

ထိုနေ့ညနေက နောက်ဆုံးညမို့ ဦးပဉ္စင်းနှစ်ပါးက ဆရာတော်နှင့် စကားပြောနေကြရာ မောင်မောင်ဆွေပါ နားထောင်နေရသဖြင့် ညဉ့်နက်မှ အိပ်ရာသို့ ဝင်ရသည်။ အလွန်အိပ်ချင်နေသဖြင့် အိပ်ရာပေါ် လှဲလိုက်သည်နှင့် အိပ်ပျော်သွားပါသည်။

ညဉ့်နက်နေသော်လည်း လရောင်ရှိသေးသဖြင့် ပတ်ဝန်းကျင်ကို



www.burmeseclassic.com

www.burmeseclassic.com

မြင်နေရသည်။ နောက်ဆုံးညဖြစ်သဖြင့် မမြစိမ်းကို နှုတ်ဆက်ရန် ထွက်ခဲ့သည်။ သွားနေကျ လမ်းသိနေသဖြင့် အလွယ်တကူပင် မမြစိမ်းတို့အိမ်သို့ ရောက်ခဲ့သည်။

အိမ်ရှေ့တွင် မမြစိမ်းတစ်ဦးတည်းကိုသာ တွေ့ရသည်။ အိမ်ရှေ့ ပိတောက်ကိုင်းမှ ပိတောက်ခက်များ ကျန်နေသေးသည့်ကို တွေ့ရသည်။ ပိတောက်ရနံ့ သင်းပျံ့လျက် ရှိပါသည်။

"မမြစိမ်းတို့ ပိတောက်ပင်က ဒီနေ့လည်း ပွင့်သေးတာပဲလား"

"ဒါက နှုတ်ဆက် ပိတောက်ပါ အစ်ကို"

"ဘယ်လို နှုတ်ဆက်ပိတောက်လဲ မမြစိမ်း"

"သင်္ကြန်မိုးရွာတုန်းက ပွင့်ခွင့်မရလိုက်တဲ့ ပိတောက်ငုံကလေးတွေက အခုမှ ပွင့်ရတာပါ။ သင်္ကြန်ရက်က ကုန်ပြီဆိုတော့ ဒီနှစ်အတွက် နှုတ်ဆက်ပိတောက်ပေါ့ အစ်ကိုရယ်။ နှုတ်ဆက်ပိတောက်ကို ကြည့်ပြီး မြစိမ်း ဝမ်းနည်းမိတယ် အစ်ကို။ ဧည့်သည်ဆိုတာ အချိန်တန်တော့ အိမ်ပြန်ရမြဲ မဟုတ်လား။ သူတို့ဟာ သင်္ကြန်မှာ လာနေကျ ဧည့်သည်တွေလေ။ သင်္ကြန်ရက်ကုန်တော့ ပြန်ကြပြီပေါ့။ ပိတောက်ချစ်တဲ့ မြစိမ်းကို တစ်ယောက်တည်း ထားခဲ့ပြီပေါ့ အစ်ကိုရယ်"

"အို…မမြစိမ်းကလည်း အစ်ကိုပြန်ခါနီး စိတ်မကောင်းအောင် ပြောနေပြန်ပါပြီ"

မမြစိမ်းမှာ မျက်ရည်များ စီးကျရင်း မောင်မောင်ဆွေ၏ ရင်ခွင်သို့ မှီလိုက်သဖြင့် မောင်မောင်ဆွေက အလိုက်သင့် ဖက်ထားလိုက်မိသည်။ တမင်ရည်ရွယ်ထားခြင်း မရှိသော်လည်း ရတ်တရက်အတွေ့ကြောင့် နှစ်ဦးလုံး ရင်ခုန်လိုက်မောလျက် ရှိကြပါသည်။

"မမြစိမ်းကို အစ်ကိုတစ်ခုပြောချင်တယ်၊ မမြစိမ်း စိတ်ဆိုးမှာလား"

"ပြောပါ အစ်ကို၊ မြစိမ်း စိတ်မဆိုးပါဘူး"

"ဒီနေ့ နောက်ဆုံးတွေ့ရတာဆိုတော့ ဒီနေ့မှ မပြောရင် နောက်ပြောခွင့်ကြုံတော့မှာ မဟုတ်တော့ဘူးလေ"

ပြောမည်ဆိုပြန်တော့ နှုတ်က ပြောမထွက်အောင် ရှိနေပြန်သည်။

"အစ်ကိုပြောစရာရှိတာ ပြောလေ၊ မြစိမ်း နားထောင်နေပါတယ်"

"ဟို…ဟို…"

မောင်မောင်ဆွေက ပြောရန် ကြိုးစားသော်လည်း ပြောမထွက်ပါ။ ထိုစဉ် ရုတ်တရက် "နောင်"ဟူသော ကြေးစည်သံက ထွက်ပေါ်လာသည်။

(၇)

မောင်မောင်ဆွေ အမြန်ထလိုက်သည်။ ယနေ့ နှစ်ဆန်းတစ်ရက်နေ့ ဆွမ်းစားပြီးပါက ပြန်ကြရတော့မည်။ ပြန်ခါနီး နောက်ဆုံး အိပ်မက်ကို မက်လိုက်ရသေးသည်။ မောင်မောင်ဆွေ၏ ကိုယ်တွင် မမြစိမ်း၏ အငွေ့အသက် ကျန်နေသည်ဟု ထင်ရသည်။ ယခုအခါသည် နောက်ဆုံးအချိန်ဖြစ်သည်။ အချိန်ရှိတုန်း မမြစိမ်းကို တွေ့ရန် ဆုံးဖြတ်လိုက်သည်။ ပိတောက်ပင်အောက်သို့ ပြေးလာခဲ့သည်၊ မမြစိမ်းတို့ အိမ်ရှိရာသို့ မျှော်ကြည့်လိုက်သည်။ မြူတွေဝေနေသဖြင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရပါ။ ပတ်ဝန်းကျင်တစ်ခုလုံး မြူတွေ ဖုံးနေသည်၊ တစ်ခုတော့ ကောင်းသည်။ မိမိ၏ လှုပ်ရှားမှုကို မည်သူမှ မတွေ့နိုင်သဖြင့် မောင်မောင်ဆွေ ကျေနပ်မိပါသည်။ ဖြစ်ချင်ရာ ဖြစ်၊ တောင်အောက်သို့ ဆင်းရမည်။ မမြစိမ်းကို မတွေ့ရဘဲ မပြန်ဟု စိတ်ပိုင်းဖြတ်ပြီး၍ တောင်အောက်သို့ ဆင်းရန် လမ်းရှာလိုက်ပါသည်။

အောက်ထပ်သည် ဆယ်ပေကျော်ကျော်အမြင့်ရှိပြီး ကျောက်ထပ်ကျောက်သားလွှာဖြစ်၍ ခုန်ချလိုက်လျှင် အကျမတော်ပါက ခြေကျိုးနိုင်ပါသည်။ အခြားနည်းလမ်း မရှိတော့သဖြင့် အောက်ထပ်သို့ ခုန်ချလိုက်ပါသည်။ ရင်ထဲတွင် အေးပြီး လေထဲတွင် လွင့်ကာ ကျောက်သားပြင်သို့ ကျပါသည်။ ခြေထောက်ကျိုးပဲ့ခြင်း မရှိသဖြင့် နောက်တစ်ဆင့် အောက်သို့ ခုန်ချရန် အဆင်ပြေမည့်နေရာ ရှာနေမိသည်။ ယခုတစ်ကြိမ် ခုန်ချရမည့်အနေအထားမှာ ပေသုံးဆယ်ခန့်ရှိသဖြင့် နေရာကောင်း ရှာ၍၊ နေရာတွေ့သည်နှင့် နောက်တစ်ဆင့် ခုန်ချရန် ဟန်ပြင်လိုက်သည်။

"အစ်ကို…အစ်ကို မလုပ်ပါနဲ့"

မောင်ဖျိုး၏ အသံကို ကြားလိုက်ရ၍ ခြေလှမ်းတုံ့သွားပါသည်။ အောက်ဆုံး မြေပြင်သို့ မျှော်ကြည့်လိုက်ရာ နှင်းမှုန်တွေကြားမှာ မမြစိမ်း၏ ဟန်ကို မြင်လိုက်ရသလို ထင်မိပါသည်။ ယခုအချိန်ရောက်မှ မထူးတော့ပြီဖြစ်၍ နောက်ဆုံး အသက်စွန့်ရန်အထိ အားတင်းလိုက်သည်။ မောင်ဖျိုးအောက်သို့ ခုန်ချလိုက်ပြီး မောင်မောင်ဆွေ၏ ခါးကို တင်းတင်းဖက်ထားလိုက်သည်။ မောင်မောင်ဆွေမှာ မောင်ဖျိုး၏ လက်မှ ရုန်းကန်ကာ အောက်သို့ ခုန်ချရန် ကြိုးစားခဲ့သည်။ နောက်ဆုံး အသက်ကိုပင် ပဓာနမထားတော့သဖြင့် ဖြစ်သိုရာ ဖြစ်စေတော့ဟု ဆုံးဖြတ်ကာ အောက်သို့ ရောက်ရန်သာ ဆန္ဒရှိနေပါသည်။ မောင်ဖျိုးနောက်က ဖက်ထားသဖြင့် ရုန်း၍မရအောင် ရှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - မောင်ဆွေ၊ ဒီကို ကြည့်လိုက်စမ်း"

ဆရာတော်ကြီး၏ အသံကို ကြားလိုက်ရသည်။ မောင်မောင်ဆွေ ထိတ်လန့်မိပါသည်။ ရုတ်တရက် ဆရာတော်ကြီးက အော်လိုက်သဖြင့် မောင်ဖျိုးက လှွတ်ပေးသော်လည်း ဘာမှမလုပ်နိုင်အောင် ရှိပါသည်။ ဆရာတော်ကြီးနှင့် လူ၀တ်လဲပြီးစ အစ်ကိုနှစ်ယောက်ကို မြင်ရသည်။ မကြာမီ လှေကားရှည်တစ်ခု အောက်သို့ ကျလာပြီး ထိုလှေကားဖြင့် ဆရာတော်နှင့် အစ်ကိုနှစ်ယောက် ဆင်းလာကြပါသည်။ အနားသို့ ရောက်သည်နှင့် ဆရာတော်က ပြောလိုက်သည်။

"မောင်ဆွေ・・・မင်းကို အဘိုး ပြောခဲ့ပါတယ်။ တောင်အောက်မှာ အခြားကမ္ဘာရှိတယ်ဆိုတာလေ။ အဘိုးစကား နားမထောင်လို့ ငါ့မြေး ဒုက္ခရောက်ဖို့ သီသီလေးလိုတော့တယ်။ မောင်ဖျိုး လာပြောလို့ အဘိုး အမြန်လိုက်ခဲ့တာ။ မင်းကို အဘိုး ပြစရာရှိတယ်၊ လာ-လိုက်ခဲ့"

ဆရာတော်က အပေါ်သို့ ပြန်မတက်သေးဘဲ ကျောက်တောင်နံရံကို ပတ်၍ ရှေ့က ဦးဆောင်ပြီး ခေါ်သွားပါသည်။ ပေတစ်ရာခန့် သွားမိသည်နှင့် အုတ်ဂူကလေးများကို အစီအရီတွေ့လိုက်ရပါသည်။ အုတ်ဂူအလုံးရေ ၃၀ ခန့်ရှိမည် ထင်ရသည်။ ဂူတိုင်းတွင် ကမ္ပည်းထိုးထားသဖြင့် ကွယ်လွန်သူ၏ နာမည်ကို အလွယ်တကူ ဖတ်၍ရပါသည်။ အမည်၊ အသက်နှင့် ကွယ်လွန်ရက်စွဲကိုပါ တွေ့မြင်ရပါသည်။

*မောင်သိန်းသန်းထွန်း။ အသက် ၁၈နှစ်။*

*မောင်ထွန်းထွန်း။ အသက် ၂၀နှစ်။*

*ဦးဉာဏဘာသ၊ အသက် ၄၂နှစ်။*

*ရသေ့ကြီး ဦးသီလ၊ အသက် ၅၁နှစ်။*



*ဦးသူတော် အသက် ၅၁နှစ်။*

ဆရာတော်နှင့် အစ်ကိုနှစ်ယောက်က ဂူများထိပ်မှ စောင့်နေစဉ် မောင်မောင်ဆွေက ဂူများကို လိုက်လံဖတ်နေပါသည်။ မောင်မောင်ဆွေသည် အပြင်ဘက်က ဂူများကိုသာ ကြည့်ပြီး အတွင်းသို့ တိုး၀င်မကြည့်တော့ဘဲ ဆရာတော်ရှိရာသို့ ပြန်ခဲ့ပါသည်။

"အဲဒီဂူက လူတွေထဲမှာ မင်းတို့အရွယ်တွေလည်း ပါတယ်။ တရားရှာဆဲ ရဟန်းတွေ၊ ရသေ့တွေလည်း ပါတယ်။ တရားရနေတဲ့ ဘုန်းကြီးတောင် ပါသေးတယ်။ အောက်ကမ္ဘာက ဖြားယောင်းတာ ခံလိုက်ရပြီး နောက်ဆုံးအသက်ပေးလိုက်ရတဲ့ လူတွေပဲ။ ဒါကြောင့် ငါ့မြေးကို ကံကောင်းသွားတာလို့ အဘိုးပြောခဲ့တာပေါ့။ ကဲ- ရန်ကုန်ပြန်ဖို့က ရှိနေသေးတော့ အားလုံး အပေါ်ပြန်တက်ကြပါ"

ဆရာတော်၏ စကားအဆုံးတွင် လှေကားဖြင့် အားလုံး အပေါ်သို့ တက်ခဲ့ကြသည်။

ကျောင်းရှေ့တွင် ကျောင်းသားကလေးများမှာ ပစ္စည်းများကို သယ်ယူလျက် တောင်အောက် ကားရှိရာသို့ လိုက်ပို့ရန် ပြင်ဆင်နေသည်ကို တွေ့ရပါသည်။ မောင်မောင်ဆွေတို့ ညီအစ်ကိုသုံးယောက်မှာ ဆရာတော်ကို ၀တ်ဖြည့်ပြီး တောင်အောက်သို့ ဆင်းခဲ့ကြပါသည်။

မောင်ဖျိုး ခေါင်းဆောင်သည့် ကျောင်းသားအဖွဲ့သည် ပစ္စည်းများကို သယ်ရင်း နောက်မှ တပျော်တပါးလိုက်လာကြပါသည်။ ကားဆီသို့ ရောက်ရှိပြီး ပစ္စည်းများ တင်ပြီးသည်နှင့် မောင်ဖျိုးတို့အဖွဲ့ကို လက်ပြ၍ ကားထွက်ခဲ့ပါတော့သည်။

မောင်မောင်ဆွေသည် အစ်ကိုများနှင့် လိုက်ပါလာရသော်လည်း သူ၏ စိတ်သည် ပိတောက်တောင်ဆီတွင် တ၀ဲလည်လည်ရှိနေပါသည်။ ပိတောက်တောင်ကို ကျောခိုင်းခဲ့ရသည်။ ကားသည် ပိတောက်တောင်နှင့် တစ်စတစ်စ ဝေးသွားသော်လည်း မောင်မောင်ဆွေ၏ နားထဲတွင် မောင်ဖျိုး၏ မယ်ဒလင်သံနှင့်အတူ သီချင်းသံကို ကြားယောင်နေဆဲ ဖြစ်ပါတော့သည်။

"ချစ်သူကို ရည်စူး×××စူးတဲ့လိုခြွေ×××ကိုယ်တိုင် လှရာရာရွေး××× ဆင်မပေးရ ဆံမြည္ဘာကေ×××ဆင်မပေးရ ဆံမြည္ဘာကေ×××"■

＊ ＊ ＊

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

# ကလေးအတက်ရောဂါနှင့် တောကင်းခြေများ

ကိုသက်ရှည်

အချို့သော ကလေးငယ်တို့သည် မွေးကင်းစအရွယ်မှစ၍ အငိုအလွန်သန်သည်ကို တွေ့ရသည်။ ထိုကဲ့သို့ အငိုသန်သည့် ကလေးငယ်တို့မှာ အရွယ်ကြီးလာသည့်အခါတွင်လည်း အငိုများလွန်း၍ ချက်တိုင်တို့ စူထွက်ပြီး ချက်စူကလေးများ ဖြစ်နေတတ်သည်။ တချို့ ကလေးများကား အငိုသန်၊ အငိုများတာထက် တစ်ခါတစ်ခါ အထိတ်တလန့်ဖြစ်၍ ငိုလိုက်တာနဲ့ အသက်ရှူဖို့ကို အချိန်မရ၊ သတိမရတော့ဘဲ မေ့ကာ တက်၍သွားတတ်သည်။ အကြောကြီးသည်၊ စိတ်ကြီးသည်ဟု ဆိုသည်။ ထိုကလေးများ အသက်အရွယ်ကြီးလာသည့်အချိန်တွင်လည်း စိတ်တို စိတ်ဆတ်ကြသူများဖြစ်၍နေတတ်သည်။

စာရေးသူ၏ ညီအငယ်ဆုံးတစ်ယောက်မှာလည်း ထိုကဲ့သို့ စိတ်တိုစိတ်ဆတ်သူတစ်ဦးဖြစ်ကာ ငယ်စဉ်က ငိုလိုက်သည့်အချိန်တိုင်းလိုလို၌ ငိုရင်း ရှိုက်လိုက်သည့်အခါ တော်တော်နဲ့ အသက်မရှူတော့ဘဲ သတိမေ့ကာ ပြောသွားသည့်အပြင် တက်၍သွားလေ့ရှိပါသည်။ ကလေးငယ်ငယ်က မတော်တဆ လွတ်ကျသည့်အခါ၊ ရုတ်တရက် လဲသည့်အခါ၊ တခြား ကလေးတစ်ယောက်ယောက်နဲ့ ပုတ်မိ ရိုက်မိသည့်အခါတို့တွင် ငိုတာနဲ့ တစ်ပြိုင်နက် မတက်သည့်အခါရယ်လို့ လုံးဝမရှိဘဲ ငိုရင်းရှိုက်ရင်း တက်သွားရာ အသံပင်ပျောက်လျက် မျက်ဖြူတို့ပင် လန်သည့်တိုင် တက်တတ်သူဖြစ်ရာ ထိုသို့တက်သည့်အခါတိုင်း ခြေသလုံးကြော၊ စကောက်ခွက်ကြောတို့အား တအားဖိနှိပ်ဆွဲပေးရသည်။ ထိုအခါမှပင် ဟားခနဲ သက်ပြင်းတစ်ချက်ချသံနဲ့အတူ သတိဝင်လာတတ်သည်။ ထိုအချိန်တွင် လူကလည်း ငိုစဉ်၊ တက်စဉ်ကလို တောင့်တင်းနေသော အကြောတွေအားလုံး ပြေလျော့ကာ ပျော့ခွေကျသွားတော့သည်။ ထိုအခါမှပင် ကလေးက အသက်ရှူမှန်ပြီး သတိပြန်ဝင်လာသည်။

ထိုကလေးအား မည်သူမှပင် တော်တော်တန်တန် မစဝ့်၊ မနှောက်ဝံ့ကြပေ။ စိတ်ဆိုး စိတ်တိုလွယ်ကာ ငိုတာနဲ့ တစ်ပြိုင်နက် တက်၍သွားတတ်သူဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

တက်တတ်သည့် ကလေးငယ်တို့အား အချို့က ဘုရားဆွမ်းတော်တင်သည့်ဆွမ်းကို စွန့်ပြီးကျွေးရသည်ဟု ပြော၍ ကျွေးတဲ့အခါ ကျွေးရသည်။ စာရေးသူ၏ ညီဖြစ်သူ အတက်ရောဂါမှာ အသက်အနည်းငယ်ရလာချိန် မတ်တတ်ပြေးအရွယ်ရောက်ချိန်တွင် အရင်ကလို တက်ခြင်း သိပ်မရှိတော့ဘဲ ပျောက်ကင်းသွားခဲ့သည်ကို တွေ့ရှိရပါသည်။

ငယ်ငယ်က တက်တတ်သူတို့မှာ သူတို့၏ စရိုက်အရ အသက်အရွယ်ကြီးလာလို့ လူပျိုဖော်ဝင်စအရွယ်ရောက်ချိန်တွင်လည်း စိတ်တို စိတ်ဆတ်သူများဖြစ်ကာ မဟုတ်မခံပြောဆိုတတ်သူများဖြစ်၍နေတတ်ပါသည်။

ထိုကဲ့သို့ ကလေးငယ်တို့ ငိုသည့်အခါတိုင်း တက်တတ်သည့် ကလေးငယ်တို့အား တက်သည့်ရောဂါ ပျောက်ကင်းစေသည့် ဆေးနည်းမှာ တောတောင် သစ်ပင်ကြီးများ၊ ချုံနွယ်ပင်များတွင် ရှိသော ကင်းခြေများပင်ဖြစ်သည်။ အကောင်အရွယ်အစားမှာ လူ၏ လက်ခလယ်အရွယ်ဖြစ်သည်။ အကောင်၏ အရှည်မှာ ၆လက်မမှ ၁၀လက်မအရွယ်ရှိသည်။ ကင်းခြေများကြီးအား မီးဖုတ်၍ ပျားရည်နှင့် ဖြစ်စေ၊ ထမင်းနှင့် ဖြစ်စေ၊ တက်သည့် ကလေးအား ကျွေးပေးရပါသည်။ မီးနှင့် ဖုတ်၍ထားလျှင် ပုစွန်ထုပ်အား မီးနဲ့ ဖုတ်သကဲ့သို့ အနံ့က မွှေးကြိုင်လျက်ရှိပါသည်။

စာရေးသူ၏ ညီဖြစ်သူတစ်ဦးမှာ ဤဆေးနည်းနှင့် အတက်ရောဂါ လုံးဝ သက်သာခဲ့သဖြင့် ဗဟုသုတအဖြစ် ရေးသားဖော်ပြလိုက်ရပါသည်။

တောကင်းခြေများကြီးများမှာ အကောင်အရွယ်ကြီးလာသည့်အခါ ငယ်ငယ်ကလို အဖြူရောင်မဟုတ်တော့။ ကျောက အနီရောင်(နီညိုရောင်ရင့်ရင့်)၊ ဝမ်းဗိုက်က အဝါရောင်ကင်းကြီးများအဖြစ် တွေ့ရှိရတတ်ပါသည်။

* * *

ကိုသက်ရှည်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ (တိုး) ၁၀၂၄

# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စားရေးဆရာများဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက. . "လာထိုင်. . ကိုဇော်ရဲနိုင်၊ မတွေ့ရ တာကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ၊ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့ သုံးယောက် ခံစားနေရတဲ့ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ. . ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေခံစားနေရတယ်၊ ဒါပေမဲ့ ဖြစ်စဉ်တူ သလိုလိုနဲ့ နည်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်. . ဆီးရောဂါနဲ့ပတ်သက်တဲ့ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်၊ ဘယ်သူက ဘယ်လိုလက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်. . . နေပူမိုးရွာ မရှောင်သွားတဲ့သူတွေ အပူအစပ် အဖန် ချုပ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများတဲ့သူတွေဟာ ဆီးပူ ညောင်းကျရောဂါဖြစ်တတ်တယ်၊ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများသွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်. . တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လိုကျလာတတ်တယ်. . ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွားအားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်းယားယံခြင်း၊ လက္ခဏာတွေခံစားရတတ်တယ်။ ဆီးအောင့်ဆီးချုပ် ရောဂါကို အခြေခံပြီး သည်းခြေ၊ လေဒါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ၊ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်. . ကဲ. . ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာ နဲ့တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး. .

"ကဲ. . ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခု. . လောလောဆယ်တော့ <u>ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား</u> ကို နီးစပ်ရာ မြန်မာဆေး မျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ. . <u>ကန္တရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား</u> ဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များ ခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျင် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ. . ကျွန်တော့်မိတ်ဆွေ <u>ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး</u> ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသ နေတာဆိုတော့ အဲဒီ <u>ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်</u> ကို သွားပြီး ဆရာနဲ့တိုင်ပင် ဆေးစား. . ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ. <u>ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့. .ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည်. . .ကိန္နရီ. .တဲ့ဗျ. . .</u>"

## ပင်ရင်းဌာန– ကန္တရဝတီဆေးတိုက်

အမှတ် (၇၄၁)၊ မဟာသီရိလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမာအေး)၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁-၄၀၁၀၄


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တော့ မမီလိုက်။ မိဘများလက်ထက်က ကြုံဖူးတာကလေးကို ပြောပြချင်ပါသည်။ မကြာဘူးပေမယ့် သမိုင်းစာအုပ်တွေ၊ ကိုယ်တွေ့ ဖြစ်ရပ်မှန်တွေထဲက ဖတ်ဖူးခဲ့ပါသည်။ ဂျပန်ခေတ်တွင် "ကွဲညီနောင်"ဟု ခေါ်သော လေယာဉ်ပျံကို ကြားဖူးကြပါလိမ့်မည်။ အင်္ဂလိပ် မဟာမိတ် လေယာဉ်ပျံများ ဖြစ်၍ မြန်မာပြည်တွင် ဂျပန်များ ကြီးစိုးစဉ်က ဂျပန်များကို ဒုက္ခပေးခဲ့သော လေယာဉ်ပျံများ ဖြစ်သည်။

လေယာဉ်ပျံက မည်းမည်းကြီး ဖြစ်၍ နိမ့်နိမ့်ကလေးသာ ပျံသည်။ ထန်းပင်နှင့် လွတ်ရုံလောက်သာ ပျံသည်ဟု သိရသည်။ မြစ်များ၊ ချောင်းများတစ်လျှောက် ကွဲညီနောင်က ပျံသွားကာ မြစ်ထဲ ချောင်းထဲတွင် ရှိသော လှေသမ္ဗန်၊ မော်တော်များကို စက်သေနတ်နှင့် ပစ်ကာ ဖျက်ဆီးသည်။ မြို့ရွာများကိုလည်း မထင်လျှင် မထင်သလို ပစ်သည်။ ကွဲညီနောင်လာပြီဟု ဆိုလျှင် ပြေးကြရသည်။ အိမ်ပေါ်မှ အောက်ကို ဆင်းကာ၊ တချို့လည်း ပုန်းကျင်းထဲ၊ တချို့လည်း နီးစပ်ရာ အကာအကွယ်နေရာကို ပြေးကြရသည်။

ကျွန်တော်၏ မိဘများ နေသော ရွာက အိမ်ခြေတစ်ရာကျော်ရှိသော ရွာကြီးဖြစ်သည်။ ထို့ပြင် မြစ်ကမ်းပါးက ရွာကြီးဖြစ်၍ မကြာခဏ ကွဲညီနောင်၏ ဒုက္ခပေးခြင်းကို ခံရသည်။ မြစ်ထဲက လှေသမ္ဗန်၊ မော်တော်များကို ပစ်ပြီး ရွာထဲကိုလည်း အလွတ်မပေး၊ စက်သေနတ်နှင့် ဆွဲတော့သည်။

တစ်ရက် နေဝင်ရီတရောအချိန် ဖြစ်သည်။ ခပ်ဝေးဝေးက ကွဲညီနောင် လာသည့်အသံကို ကြားသောကြောင့် ရွာထဲက လူများ အထုပ်အပိုးဆွဲ၊ ကြုံရာ ပစ္စည်းဆွဲ၊ တချို့လည်း ကလေးများကို ဆွဲကာ ကွဲညီနောင်ရန်က လွတ်ရန် ပြေးကြ၊ ပုန်းကြသည်။ ကျွန်တော့်အဖေက ကျွန်တော့်အစ်ကိုကို ဆွဲကာ ပခုံးပေါ် ထမ်းရင်း အမေ့အား...

"မိန်းမရေ...သားကို ငါခေါ်သွားပြီ၊ မင်း နောက်က လိုက်ခဲ့"

ဟု ဆိုကာ အိမ်ပေါ်က ဆင်းပြေးသွားသည်။

စက်သေနတ်သံ တဒက်ဒက်က အဝေးကြီးကတည်းက ကြားနေရသည်။ ရွာလမ်းရိုးတစ်လျှောက် လူများ ပြေးကြ၊ ပုန်းကြသည်။ အဖေက ကျွန်တော့်အစ်ကိုကို ပခုံးပေါ် ထမ်းရင်း ရွာပြင်ရောက်လာသည်။ အမေက ဘယ်ဆီတွင် ကျန်နေခဲ့သည် မသိ။ အဖေက အပြေးမြန်သောကြောင့် အတော်ဝေးဝေးကို ရောက်လာသည်။ ခပ်လှမ်းလှမ်းတွင် တောတန်းကလေးတစ်ခုရှိသည်။ ထိုတောတန်းကို ဦးတည်ကာ အဖေက ပြေးနေခြင်းဖြစ်သည်။

ထိုစဉ် အဖေ့ကို ကျော်၍ ရှေ့ ၁၀ပေအကွာလောက်တွင် ဖုန်းခနဲ ပြည့်သံနှင့်အတူ ကြီးမားသော ခြေထောက်ကြီးတစ်ခုကျလာသည်။

ထိုခြေထောက်ကြီးက ဖုန်းခနဲ ကျလာပြီး ပြန်မြောက်တက်သွားသည်။ ခပ်ဝေးဝေးတွင် ဖုန်း...ဖုန်းအသံများ ကြားကာ ဝေး၍ ပျောက်ကွယ်သွားသည်။ အဖေကတော့ ကျွန်တော့်အစ်ကိုကို ပခုံးပေါ်မှ ချကာ နားလိုက်သည်။

ထိုတောတန်းထဲတွင် အဖေတို့လိုပဲ ကွဲညီနောင် ရန်ကို ကြောက်၍ ရှောင်တိမ်းနေကြသော ရွာသား ဆယ့်လေးငါးယောက်ကို တွေ့ရသည်။ ကွဲညီနောင်အသံပျောက်ကာ အတော်ကြီးကြာမှ အဖေတို့ ပြန်လာကြသည်။ ချက်ချင်း ပြန်မလာရဲ။ တစ်ခါတစ်ရံ ကွဲညီနောင်က တစ်ပတ်ကျော့ကာ ပြန်ရောက်လာတတ်သောကြောင့် ဖြစ်သည်။

ညဘက် အိမ်ရောက်တော့ ကျွန်တော့်အစ်ကိုက အဖေ့ကို ညနေက တွေ့ခဲ့သော ခြေထောက်ကြီး အကြောင်းကို မေးသောအခါ...

"မသိချင်ပါနဲ့ကွာ"

ဟု ဖြေသည်။

"မင်း မကြောက်ဘူးလား"

ဟု မေးသည်။

"မကြောက်ပါဘူး။ ဘာကြီးလဲလို့ သိချင်တာပါ"

ဟု ပြောတော့...

"အေး၊ မင်း မကြောက်ရင်လည်း နောက်တော့ သိလာမှာပါ"

ဟုပဲ ပြောသည်။

◆◆◆

လေးငါးလလောက် ကြာသောအခါ ရန်ကုန်တွင် နေသော အဖေ့ညီအစ်ကို မောင်နှမများက လာခေါ်သောကြောင့် မိသားစု ရန်ကုန်ကို ပြောင်းလာကြသည်။ ရန်ကုန်တွင် နေသော ကျွန်တော့်ဦးလေးအခေါ်များ နေထိုင်ရာ ရပ်ကွက်က စက်ရုံ၊ အလုပ်ရုံ၊ ဂိုဒေါင်များ ပေါသည်။ အဖေ့ကို ဂိုဒေါင်တစ်ခုတွင် ညစောင့်အလုပ်သွင်းပေးထားသည်။

ဂျပန်ခေတ်ဖြစ်၍ ဖောက်သည်များ အလွန်ပေါသည်။ ဖောက်သည်ဆိုတာက ခေတ်ပျက်ကာလတွင် အချောင်သမားများက ဂိုဒေါင်များကို ဖောက်ကာ ပစ္စည်းများ သယ်ကြခြင်းဖြစ်သည်။ အဖေစောင့်နေသော ဂိုဒေါင်က စည်သွတ်ဘူးများ ထားသော ဂိုဒေါင်ဖြစ်သည်။

တစ်ညတွင် အဖေ့ဂိုဒေါင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အခြား ဂိုဒေါင်များကို ဖောက်သည်များက လာဖောက်ကြသည်။ လူအုပ်ကြီးနှင့်ဖြစ်၍ လက်နက်ကိရိယာများ ပါလာသောကြောင့် မိမိကို ရန်မလုပ်ရန်ပင် အဖေက ပုန်းနေရသည်။ အဖေက မှောင်ရိပ်ကျသော တံတားတစ်ခုပေါ်တွင် ပုန်း၍ ကြည့်နေရသည်။ ထိုအချိန်တွင် သေနတ်သံများ ဆက်တိုက်ပေါ်လာကာ လက်နက်ကိုင်များက ဖောက်သည်များကို ပစ်တော့သည်။ သေနတ်သံများကြောင့် ဖောက်သည်များ ခြေဦးတည့်ရာ ကစဉ့်ကလျားပြေးတော့သည်။

လက်နက်ကိုင်များက မည်းမည်းမြင်ရာကို ပစ်နေသောကြောင့် မှန်သည့်လူများလည်း မှန်၍ အော်ဟစ်သံများ ဆူညံနေသည်။ အဖေပုန်းနေသော တံတား၏ သံလက်ရန်းများကို ကျည်ဆန်များ လာမှန်သည့်အသံများကိုပင် ကြားနေရသည်။ သေနတ်သံများ ဆူညံနေခဲ့။

ထိုအချိန်တွင် အဖေပုန်းနေသော တံတားက ငြိမ့်ခနဲ ငြိမ့်ခနဲဖြစ်သွားကာ ကုန်းပေါ်ကနေ တံတားပေါ်သို့ ပြေးဆင်းလာသလို ခြေသံများ ကြားနေရသည်။ ခြေသံများက တံတားတစ်လျှောက် ပြေးဆင်းသွားကာ တံတားထိပ် ဘောပေါ်ကနေ ရေထဲသို့ ဝုန်းခနဲ ဝုန်းခနဲ ခုန်ဆင်းသွားသံများကို ကြားလိုက်ရသည်။

အဖေက တံတား သံပေါင်ကြီးတစ်ခုဘေးတွင် ပြားနေအောင် ကပ်ထား၍ ရပ်နေသောကြောင့် မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ တံတားက ငြိမ့်ခနဲ ငြိမ့်ခနဲသာ ဖြစ်သွား၍ ခြေသံတဖုတ်ဖုတ်နှင့် ရေထဲသို့ တဝုန်းဝုန်းဆင်းသွားသည်ကို အသံပဲ ကြားနေရသည်။ အကောင်အထည်ကို မတွေ့ရ။

နောက်တစ်နေ့မနက် အဖေအိမ်ပြန်ရောက်လာမှ ထိုအဖြစ်အပျက်ကို မိသားစုအား ပြောပြသည်။ ကျွန်တော့်အမေနှင့် အစ်ကိုက ထိုအကြောင်းကို မေးသောအခါ• •

"တို့ လူတွေက တစ္ဆေ သရဲတို့၊ နာနာဘာဝတို့ကို ကြောက်ကြတယ် မဟုတ်လား။ အေး၊ သူတို့လည်း သေနတ်ကိုတော့ ကြောက်ပုံရတယ်ကွ။ ဒါကြောင့် သူတို့လည်း ပြေးကြတာပေါ့ကွာ။ တောတွေမှာ နွားကျောင်းသားကို သရဲ၊ တစ္ဆေတွေက ကြောက်သလိုပေါ့။ နွားကျောင်းသားက လက်ထဲမှာ ကိုင်ထားတဲ့ လေးခွနဲ့ မြင်မြင်ကရာကို လှော်ပစ်နေတော့ ကြောက်ကြမှာပေါ့။ အဲဒါကြောင့် တို့က သူတို့ကို ကြောက်သလို၊ သူတို့ကလည်း ကြောက်လို့ ပြေးတာပေါ့ကွာ"

ဟု အဖေက ပြောပါသည်■

* * *

မောင်မြင့်မှား(နှိုင်းကာလေး)

ဇနီးမောင်နှံများသိချင်တဲ့ စုံတွဲအဟော

- ထီဆုကြီး၊ ဆုလတ် ပေါက်နိုင်တဲ့ ကံမျိုးရှိပါသလား။ ဘယ်တော့ပေါက်နိုင်တာလဲ။
- ကိုယ်ပိုင်တိုက်တာခြံမြေယာဉ်ကားပြည့်စုံစွာနဲ့ သူဌေးအခေါ်ခံရလောက်အောင်ချမ်းသာနိုင်မယ့်အချိန်ကာလကို ဘယ်တော့ရောက်မှာလဲ။
- ဘယ်လိုအလုပ်အကိုင်မျိုးနဲ့ ပိုပြီးအကျိုးပေးစီးပွားဖြစ်ထွန်းနိုင်မလဲ။
- ဘယ်လိုတိုင်းပြည်၊ မြို့ရွာဒေသမျိုး၊ ဘယ်လိုအိမ်နံပါတ်မျိုး၊ ဘယ်လိုအရပ်မျက်နှာအလှည့်မျိုးက ပိုပြီးအဆင်ပြေကံကောင်းနိုင်မလဲ။ အိမ်ထောင်ရေးရာသက်ပန် သာယာပျော်ရွှင်နိုင်မြဲပြီး၊ အိုဇာတာကောင်းနိုင်ပါသလား။

စသည်ဖြင့်••••••••

ဆရာကြီးဦးအောင်မြိုင်(ဥပဒေတွဲ့)
(လက္ခဏာဗေဒဝိဇ္ဇာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
☎ - ၀၁-၅၈၆၇၀၄၊ 📱 - ၀၉-၅၀-၆၂၈၄၃၊ ၀၉-၅၁-၇၇၆၂၂။

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ (နေ့စဉ်နံနက်(၇)နာရီမှ ညနေ(၅)နာရီအထိဖွင့်သည်)



www.burmeseclassic.com

www.burmeseclassic.com



# နာတာရှည် လူမမာအတွက် ယတြာ

**နတ်မောက်မှတ်ကျောက်**

ရက်ရှည် လကြာ ဖျားနာ မကျန်းမာသော နာတာရှည် လူနာ၊ လူမမာများအတွက် ရှေးမြန်မာရိုးရာ ပြုဖွယ် ယတြာ တစ်မျိုး တင်ပြအပ်ပါသည်။

ဤယတြာသည် အခြားမည်သည့်ဆရာထံမှာ သွားပြရန် မလိုဘဲ မိမိနေအိမ်တွင် ကိုယ်တိုင် စီရင်ပြုလုပ်နိုင်သော ရှေးမြန်မာ့ဆေးဆရာကြီးများ၏ သမားယတြာလည်း ဖြစ်ပါသည်။ ပညာကို သေရွာ မယူသွားဘဲ ပေထက်အက္ခရာတင် မှတ်သားရေးထားခဲ့သည်ကို နောင်းလူများ လက်တွေ့ အသုံးချနိုင်စေခဲ့ပါသည်။ ရှေးက ဘိုးဘွားမိဘ ဆရာသမားတို့ကို ကျေးဇူးတင် ရှိခိုးမိရပါသည်။

ပြုဖွယ် ယတြာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

* ငွေဖလားစစ်စစ်ရှိလျှင် ငွေဖလားနှင့် ပြုလုပ်ပါ။ ငွေဖလား မရှိလျှင် အခြားရေဖလားတစ်ခုကို ငွေမင်သုတ်၍ အသုံးပြုပါ။

* ၎င်းငွေဖလားအတွင်းသို့ အောင်သပြေပန်းအညွန့် ၁၈-ညွန့် (သို့မဟုတ်) လူမမာ၏ အသက်ထက် တစ်ညွန့်ပို၍ ထိုးစိုက်ပြီး ဘုရားတွင် လှူဒါန်းပါ။ ထို့နောက် ငွေဖလားကို ကိုင်ပြီး အောက်ပါ ဂါထာကို ရွတ်ပွားလှူဒါန်းရပါမည်။ ၁၈-ခေါက် ရွတ်ပွားရပါမည်။

"ကုဋ္ဌိမဏ္ဍော စ ယေ ဒေဝါ၊ ဝသန္တာ ကုဋေ သာသနေ၊
တေပိအမေ့ နရက္ခန္တု၊ အရောဂေန သုခေနစ"

**အနက်**

လွန်ကဲသော တန်ခိုးရှိကြကုန်သော အကြင်နတ်တို့သည်လည်း ရှိကုန်၏။ ထိုနတ်တို့သည်လည်း ငါတို့ကို ရောဂါကင်းရေးအားဖြင့် လည်းကောင်း၊ ချမ်းသာရေးအားဖြင့် လည်းကောင်း အစဉ်စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

အနက်မြန်မာပြန်မှာ ရွတ်ရန် မလိုပါ။ သိထားရန်သာ ဖြစ်ပါသည်။ အထက်ပါ ယတြာကို သုံးရက် တစ်ကြိမ်၊ သုံးခါပြုလုပ်ပါ။ လူနာသည် ရောဂါနှင့် ဆေး၊ ရောဂါနှင့် ဆရာတွေ့ပြီး သင့်မြတ်စွာ အမြန်ဆုံး ကျန်းမာသွားရမည်။

* * *

နတ်မောက် မှတ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ မြတ်ထွန်းခေါင်
(မြန်မာရိုးရာ ဗေဒင်ပညာရှင်)

# ၁၃၇၅ ခုနှစ်၊ မြန်မာနှစ်ကူး ယတြာများ

သာသနာသက္ကရာဇ် ၂၅၅၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်အတွက် ဗေဒင်ချစ်မြတ်နိုးသူများ လေ့လာစေရန် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

၂ - ဇေယျ
၅ - ၀ရ
၁ - လာဘ
၄ - ဒွါရ
၀ - ဗျာယ
၃ - မာရဏ
၆ - ကိစ္စ

| | | |
|---|---|---|
| | တန်ခူး | |
| | လ | |
| | | |

၁၃၇၅ ခုနှစ်သည် ၃-ကြွင်းသော ခုနှစ်ဖြစ်သောကြောင့် ခရီးသွားလာမှုများ အန္တရာယ်ရှိသောနှစ် ဖြစ်ပါသည်။ ၎င်းနှစ်တွင် မွေးဖွားသော ကလေးငယ်များကို ဘုန်းကြီး၊ မိကြီး ဖကြီး၊ အဘိုးအဘွားများထံ ကိုယ်တား ယတြာအဖြစ် ရောင်းပါ။ (ခရီး၊ စကား၊ လှုပ်လျှား) မရဏ ခတ်နေသောကြောင့် ဖြစ်ပါသည်။ ဘုမ္မိသက်ရောက်သို့ ရောက်ရှိနေသော ၇နေ့နံ သားသမီးများ ခရီးဝေးမသွားလျှင် ကောင်းပါသည်။ အရက် သေစာသောက်စားခြင်းကို အထူးရှောင်ကြဉ်ပါ။ ဘာသာရေး အထူးလိုက်စားလျှင် ကောင်းပါသည်။ စီးပွားရေးလုပ်ငန်းများ အတွက် အောက်ဖော်ပြပါ လများကို ဆင်ခြင်၍ ပြုလုပ်ကြလျှင် ပိုကောင်းပါသည်။

**တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို**

၎င်းလများတွင် အိမ်၊ ခြံ၊ မြေဈေးနှုန်းများ ကျ၍ အရောင်းအဝယ် မဖြစ်သေးပါ။ ကားများ ဈေးပေါ်၍ အရောင်း အဝယ်အေးမည်။

ဆီ၊ ဆန်၊ ဆား၊ စက် အစရှိသော အဂ္ဂိနံပစ္စည်းများ ဈေးတက်မည်။ ခရီးသွားလုပ်ငန်းများ ကောင်းသော်လည်း အခက်အခဲများ ကြုံနေလိမ့်မည်။ နို့နှင့် နို့ထွက်ပစ္စည်းများ ဈေးတက်မည်။

**ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း**

၎င်းလများတွင် ကားဈေးနှုန်း ပုံမှန်ရှိနေမည်။ ခရီးသွား လုပ်ငန်းများ မကောင်းပါ။

ဆီ၊ ဆန်၊ ဆား၊ စက် အဂ္ဂိနံပစ္စည်းများ ဈေးကျမည်။ နို့နှင့် နို့ထွက်ပစ္စည်းများ ဈေးကျမည်။ အိမ်၊ ခြံ၊ မြေ ဈေးနှုန်းများ တက်မည်။

**နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း**

၎င်းလများတွင် ကားဈေးများ ကျမည်။ ခရီးသွားလုပ်ငန်းများ မကောင်းသေးပါ။

ဆီ၊ ဆန်၊ ဆား အဂ္ဂိနံ ပစ္စည်းများ ဈေးကျမည်။ မြေဈေး ပုံမှန်ဖြစ်၍ အိမ်၊ တိုက်ခန်းဈေးများ တက်မည်။ နို့နှင့် နို့ထွက်ပစ္စည်းများ ဈေးတက်မည်။

**တနင်္ဂနွေသားသမီးများအတွက် ယတြာ**

တနင်္ဂနွေသားသမီးများသည် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း မိမိနေအိမ်ရှိ ဘုရားစင်ရှေ့



www.burmeseclassic.com

www.burmeseclassic.com

တွင် ခြေစုံရပ်လျက် ဇော်စိမ်း ၈-ညွှန့်ကို တစ်ဖက်လျှင် ၄ညွှန့်စီ ခွဲ၍ နင်းထားပါ။ အမျိုးသားဖြစ်ပါက အုန်းညွှန့်ကို ညာဘက်လက်တွင် ထောင်၍ ကိုင်ထားပြီး သောကြာသား/သမီး တစ်ဦးဦးမှ သီဟိုဠ် ၂၁ရွက်နှင့် တစ်ရွက်ချင်း ဦးခေါင်းမှ ခြေဖျားထိအောင် ဘယ်-ညာ ရိုက်ချပါ။ ပြီးလျှင် ၎င်းအရွက်များအားလုံးကို အပ်ချည်အသန့်အဖြူနှင့် ကိုးပတ်ပတ်၍ ရေစီးသန်သောချောင်းတွင် မျှောပါ။

**တနင်္လာသားသမီးများအတွက် ယတြာ**

တနင်္လာသားသမီးများသည် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် ခြေစုံရပ်လျက် ရွက်လှ ၁၇ညွှန့်ကို ဘယ်-ညာ တစ်ဖက်စီ ခွဲနင်းလျက် အမျိုးသားဖြစ်က ညာဘက်လက်၊ အမျိုးသမီးဖြစ်က ဘယ်ဘက်လက်တွင် ကံ့ကော်တစ်ညွှန့်ကို ထောင်၍ ကိုင်ထားပြီး စနေသားတစ်ဦးဦးမှ ထန်း ၁၀ညွှန့်နှင့် တစ်ညွှန့်နှင့် တစ်ညွှန့်ချင်း ဦးခေါင်းမှ ခြေဖျားထိ ရိုက်ချပါ။ ပြီးလျှင် ၎င်းအရွက်များကို အပ်ချည်ဖြူသန့်သန့်နှင့် ကိုးပတ် ပတ်၍ ရေစီးသန်သောချောင်းတွင် မျှောပါ။

**အင်္ဂါသားသမီးများအတွက် ယတြာ**

အင်္ဂါသားသမီးများသည် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၇နာရီခွဲမှ ၉နာရီအတွင်း မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် ခြေစုံရပ်လျက် ပျဉ်းမ ၁၉ရွက်ကို ဘယ်-ညာ တစ်ဖက်စီခွဲ နင်းလျက် အမျိုးသားဖြစ်က ညာဘက်၊ အမျိုးသမီးဖြစ်ပါက ဘယ်ဘက်လက်တွင် ဇော်စိမ်းတစ်ညွှန့်ကို ထောင်၍ ကိုင်ပြီး တနင်္ဂနွေသားတစ်ဦးဦးမှ အုန်း ၆ညွှန့်ကို ဦးခေါင်းမှ ခြေဖျားထိ တစ်ရွက်ချင်း ရိုက်ချပါ။ ပြီးလျှင် ၎င်းအရွက်များအားလုံးကို အပ်ချည်ဖြူသန့်သန့်နှင့် ကိုးပတ် ပတ်ချည်၍ ရေစီးသန်သောချောင်းတွင် သွားရောက်၍ မျှောပါ။

**ဗုဒ္ဓဟူးသားသမီးများအတွက် ယတြာ**

ဗုဒ္ဓဟူးသားသမီးများသည် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် ခြေစုံရပ်လျက် သီဟိုဠ် ၂၁ရွက်ကို ဘယ်-ညာ တစ်ဖက်စီခွဲ နင်းလျက် အမျိုးသားဖြစ်က ညာဘက်၊ အမျိုးသမီးဖြစ်ပါက ဘယ်ဘက်လက်တွင် ရွက်လှတစ်ညွှန့်ကို ထောင်၍ ကိုင်ပြီး တနင်္လာသားတစ်ဦးဦးမှ ကံ့ကော် ၁၅ညွှန့်နှင့် ဦးခေါင်းမှ ခြေဖျားထိ တစ်ရွက်ချင်း ရိုက်ချပါ။ ထို့နောက် ၎င်းအရွက်များအားလုံးကို အပ်ချည်ဖြူသန့်သန့်နှင့် ကိုးပတ် ပတ်ချည်၍ ရေစီးသန်သောချောင်းတွင် မျှောပါ။

**ကြာသပတေးသားသမီးများအတွက် ယတြာ**

ကြာသပတေးသားသမီးများသည် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် ခြေစုံရပ်လျက် ထန်း **၁၀ရွက်ကို** ဘယ်-ညာ ခြေထောက်နှင့် တစ်ဖက်စီခွဲနင်းလျက် အမျိုးသားဖြစ်က ညာဘက်၊ အမျိုးသမီးဖြစ်ပါက ဘယ်ဘက်လက်နှင့် ပျဉ်းမ တစ်ညွှန့်ကို ထောင်၍ ကိုင်ပြီး အင်္ဂါသား/သမီး တစ်ဦးဦးမှ ဇော်စိမ်း ၈-ညွှန့်ကို ဦးခေါင်းမှ ခြေဖျားထိ တစ်ရွက်ချင်း ရိုက်ချပါ။ ထို့နောက် အရွက်များအားလုံးကို အပ်ချည်ဖြူသန့်သန့်နှင့် ကိုးပတ် ပတ်ချည်၍ ရေစီးသန်သောချောင်းတွင် မျှောပါ။

**သောကြာသားသမီးများအတွက် ယတြာ**

သောကြာသားသမီးများသည် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၇နာရီခွဲမှ ၉နာရီအတွင်း မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် ခြေစုံရပ်လျက် အုန်း ၆ရွက်ကို ဘယ်-ညာ ခြေထောက်နှင့် တစ်ဖက်စီ ခွဲနင်းလျက် အမျိုးသားဖြစ်က ညာဘက်၊ အမျိုးသမီးဖြစ်ပါက ဘယ်ဘက်လက်တွင် သီဟိုဠ်တစ်ညွှန့်ကို ကိုင်လျက် ဗုဒ္ဓဟူးသား/သမီး တစ်ဦးဦးမှ ရွက်လှ ၁၇ညွှန့်နှင့် ဦးခေါင်းမှ ခြေဖျားထိ တစ်ရွက်ချင်း ရိုက်ချပါ။ ထို့နောက် အရွက်များအားလုံးကို အပ်ချည်ဖြူသန့်သန့်နှင့် ကိုးပတ် ပတ်ချည်၍ ရေစီးသန်သောချောင်းတွင် သွားရောက်၍ မျှောပါ။

**စနေသားသမီးများအတွက် ယတြာ**

စနေသားသမီးများသည် နှစ်ဆန်းတစ်ရက်နေ့ နံနက် ၇နာရီခွဲမှ ၉နာရီအတွင်း မိမိနေအိမ်ရှိ ဘုရားစင်ရှေ့တွင် ခြေစုံရပ်လျက် ကံ့ကော် ၁၅ညွှန့်ကို ဘယ်-ညာ တစ်ဖက်စီခွဲ နင်းလျက် အမျိုးသားဖြစ်က ညာဘက်၊ အမျိုးသမီးဖြစ်ပါက ဘယ်ဘက်လက်တွင် ထန်းတစ်ညွှန့်ကို ကိုင်ပြီး ကြာသပတေးသား/သမီး တစ်ဦးဦးမှ ပျဉ်းမ ၁၅ရွက်နှင့် ဦးခေါင်းမှ ခြေဖျားထိ တစ်ရွက်ချင်း ရိုက်ချပါ။ ပြီးလျှင် ၎င်းအရွက်များအားလုံးကို အပ်ချည်ဖြူသန့်သန့်နှင့် ကိုးပတ် ပတ်ချည်၍ ရေစီးသန်သောချောင်းတွင် မျှောပါ။

၇နေ့နံ သားသမီးများ သဗ္ဗသုခအလုံးစုံ ပြည့်စုံကြပါစေ။

* * *

ဆရာမြတ်ထွန်းဦးဝေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းကြီးရဲ့ အယ်ဒီတာချုပ် (ဆရာ) မောင်ညိုအေး(ပန်းတော)က နှစ်စဉ်နှစ်တိုင်းပင် ကျွန်ုပ်အား မမေ့မလျော့ သင်္ကြန်အတွက် ဆောင်းပါး တစ်ပုဒ်ကို တောင်းနေကြဖြစ်ရာ ဤနှစ်တွင်လည်း ဆောင်းပါး တစ်ပုဒ်ရေးပေးပါရန် ဖုန်းဖြင့် တောင်းခံပြန်ပါ၏။

ကျွန်ုပ်အနေဖြင့် ဤနှစ်ထဲတွင် ခရီးများစွာထွက်နေရသောကြောင့် ဆောင်းပါးများ ရေးရာတွင် စိတ်ကူးထားသည်က တစ်မျိုး၊ ရေးဖြစ်တော့ တစ်မျိုး ဖြစ်ဖြစ်နေရလေရာ ယခုလည်း သင်္ကြန်အတွက် ဆောင်းပါးကို စဉ်းစားထားသည်က တစ်မျိုးဖြစ်၍၊ ယခုရေးမိသည်က တစ်မျိုးဖြစ်နေရပြန်လေပြီ။

ဆရာ မောင်ညိုအေး(ပန်းတော)မှ ဆောင်းပါးတောင်းစဉ် ကျွန်ုပ်က ရွှေတောင် ရဟန္တာ(ဂ၀) ကျောင်းတိုက်သို့ ရောက်ရှိနေချိန်ဖြစ်သည်။ အိမ်မှ ဇနီးသည်က ဖုန်းဝင်လာကြောင်း ပြောသဖြင့် "ဟာ…ဟုတ်ပေသားပဲ"ဟူ၍ အမှတ်ရကာ "ဘာအကြောင်းရေးရပ"ဟု တွေးတောရာမှ ဤဆောင်းပါးလေး ဖြစ်ခဲ့ရပေသည်။

ဟံသာဝတီမင်းလက်ထက်တွင် ဝန်ကြီး မင်းရာဇာသည် လောက၌ လူများ ဆောင်ရန်၊ ရှောင်ရန်၊ ပူဇော်ရန်၊ သုမင်္ဂလာကိစ္စ, ဒုမင်္ဂလာကိစ္စများ သိနိုင်ရန်၊ တစ်ဖန် လူတို့မှာ ဖြစ်တတ်, ရှိတတ်သော အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ စသည့်ကိစ္စများ၌ အကျိုးအပြစ်များ သိရှိကြစေရန်အလို့ငှာ ကျမ်းတစ်စောင်ရေးခဲ့သည်။ "ဟိတကာရီလင်္ကာကျမ်း"ဖြစ်ပါသည်။ ထို့နောက် အခါပေးကျမ်းဖြစ်သော "ရာဇမတ္တဏ်ကျမ်း"သည်လည်း လူတို့ ပြုလုပ်ရန် ကိစ္စရပ်များကို ညွှန်ပြထားသောကျမ်းဖြစ်သည်။

သို့ဖြစ်လေရာ ထိုသို့သော ကျမ်းများမှ ရယူ၍ ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်ကြီး တစ်နှစ်တာလုံး အကျိုးများစေဖို့ရာ မင်္ဂလာစကား လင်္ကာကြားလိုက်ရပါသည်။ လိုက်နာမှတ်သား ကျင့်ပွား အားထုတ်နိုင်ကြပါစေ။

မင်္ဂလာစကား၊ လင်္ကာကြားအံ့၊
ကြောင်းလျားစုံစေ့၊ သင်္ကြန်နေ့တွင်၊
မတွေ့ဝေးစွာ၊ ရှောင်ရန်ရာသား၊
မသာ နှလုံး၊ ညိုးချုံး စိုးရိမ်၊
မငြိမ် ပူဆွေး၊ ငိုကြွေးကုန်ထ၊
ကာမအရာ၊ မေထုန်နှာနှင့်၊
ပါဏာ သတ်သုတ်၊ သောက်ထုတ် သေရည်၊
မျက်ထွက် မာန၊ ပဋိဃနှင့်၊
ဒေါသ မလွတ်၊ ဆီပွတ်လိမ်းဆင်၊
သစ်ပင်ခုတ်ဖြတ်၊ သတ်ခတ်ကုန်ရှောင်၊
အရှောင်းအဝယ်၊ ဤတစ်ဆယ်ကို၊
လူနတ် လူခွင်၊ လူ့ကို ဝင်တား။
မြင်းမိုရ်ဖျားဝယ်၊ သိကြားသော်မှ၊
မပြုရရာ၊ ရှောင်ကြဉ်ရာဟု၊
ကျမ်းလာသောအား၊ လင်္ကာကြားသည်။ ။

စကားပြေမှာ ရိုးရှင်းပါသည်။

သင်္ကြန်ကာလအတွင်း ငိုကြွေးမှု၊ ပူဆွေးမှုများ မပြုရခြင်း၊ မေထုန် သံဝါသ မပြုရခြင်း၊ သားကြီးငါးကြီး အသားများ မစားသောက်ရခြင်း၊ သေရည်အရက်သောက်သုံးမှု ရှောင်ကြဉ်ရခြင်း၊ ဒေါသအမျက် မဖြစ်သင့်ခြင်း၊ သွေးဖောက်ခြင်း, သွေးထုတ်ခြင်းမှ ရှောင်ကြဉ်ရခြင်း၊ ဆီ, ဆေး, နံ့သာတို့ မလိမ်းကျံရခြင်း၊ သစ်ပင်ခုတ်ဖြတ်ခြင်းကို ရှောင်ရခြင်း၊ မတရားသော အရောင်းအဝယ်မလုပ်ရခြင်းဟူ၍ဖြစ်သည်။

ရှေးပညာရှင် သူတော်ကောင်းတို့သည် အကြောင်းမဲ့ ရေးခဲ့သည် မဟုတ်ပါ။ လိုက်နာနိုင်လျှင် အကျိုးများနိုင်ကြပါမည်။

ကံတွင် ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူ၍ နှစ်မျိုးသာ အဓိကရှိသည်။ နေ့တစ်ရက် ထိုကံနှစ်မျိုးဖြင့်သာ ကျွန်ုပ်တို့ ဆက်ဆံနေကြရသည်။ ကုသိုလ်ကံထက် အကုသိုလ်ကံက ပိုလိမ့်မည်ဟု တွက်ဆနိုင်သည်။

ထို့ကြောင့် ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ခွဲခွဲခြားခြားသိအောင် ကြိုးစား၍ ရှောင်ကြဉ်သင့်သည်ကို အသိဖြင့် ရှောင်ကြဉ်အပ်ပါသည်။ လက်တွေ့ရှောင်ကြဉ်နိုင်မှသာ လက်တွေ့ အသုံးချခြင်းဖြစ်ပေလိမ့်မည်။ သီအိုရီအပိုင်းလောက်နှင့် ကျွန်ုပ်တို့ မကျေနပ်နေသင့်ပေ။ ကျွန်ုပ်တို့မှာ အပြော၊ အဟောနှင့် အရေးသာ များသည်။ လက်တွေ့ လိုက်နာကျင့်ပွားသူ နည်းပါးလှပါသည်။ တကယ်တမ်း လက်တွေ့လိုက်နာပါက တကယ်အကျိုးများလှပါသည်။ အကုသိုလ်ကံကို ရှောင်ကြဉ်၍ ကုသိုလ်ကံဖြစ်အောင် လုပ်ကြပါဟု တိုက်တွန်းနေခြင်းမှာ ရိုးစင်းပြီး ရိုးအီနေလေပြီ။ သို့သော် အရေးကြီးလှပါပေသည်။

အဘယ့်ကြောင့်ဆိုသော် ကံ၌ ကံ၏ အစွမ်း၊ ကံ၏



www.burmeseclassic.com

www.burmeseclassic.com

သတ္တိဟူ၍ ရှိသည်။ ကံအတိုင်း အကျိုးပေးသည်။

ကံနှင့် ကံ၏ အရင်းအမြစ်ကို သိပြီဆိုလျှင် သမ္မာဒိဋ္ဌိ ဖြစ်လေတော့သည်။ (မူလ ပဏ္ဏာသ ပါဠိတော်၊ သမ္မာဒိဋ္ဌိ သုတ်။)

ထို့ကြောင့် နှစ်ဦးနှစ်စတွင် အကုသိုလ် ကမ္မပထ တရားများကို နိုင်သရွေ့ လက်တွေ့ကျကျ ရှောင်ကြဉ်ကြည့် လိုက်စမ်းပါ။ မကောင်းကျိုးများ ကင်းပျောက်၍ ကောင်းကျိုး များ ရောက်လာပါလိမ့်မည်။

တစ်ဖန် ကောဇာ မဟာဘုတ်ဗေဒင်ပညာအလိုအရ ကောဇာ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်သည် ၃-ကြွင်းနှစ် ဖြစ်ပါသည်။ "မိရုံ-ဖရုံနှစ်"ဟု ခေါ်ပါသည်။

| | | |
|---|---|---|
| | ၇ | |
| မိဂြိုဟ် (၂) | ၅ | (၁) ဖဂြိုဟ် |
| ၆ | ၃ | ၄ |

အထွန်းအိမ်တွင် တနင်္လာ(မိဂြိုဟ်)ရှိ၍ ရာဇအိမ်၌ တနင်္ဂနွေဂြိုဟ်(ဖဂြိုဟ်)ရှိကြောင်း တွေ့နိုင်မည်။ သို့ဖြစ်လေရာ ၁၃၇၅ ခုနှစ်၊ နှစ်ဦးနှစ်စ နှစ်ဆန်းတစ်ရက်နေ့တွင် ကျေးဇူးရှင် မိဘနှစ်ပါးအား တတ်အားသရွေ့ ကျေးဇူးဆပ်ကြရပါမည်။ ပူဇော်ကြရပါမည်။

တကယ်တမ်းတွင် အခြားသောအရာ၌ အတုအယောင် ရှိကောင်း ရှိနိုင်သော်လည်း မိဘအတုဟူ၍ မရှိနိုင်ပါ။ ငယ်စဉ် တောင်ကျေး ကလေးဘဝမှ လူလားမြောက်သည်အထိ ပြုစု ယုယ ကျွေးမွေးစောင့်ရှောက်ခဲ့သော မိဘတို့၏ ကျေးဇူးမှာ အနန္တပင် ဖြစ်ပါသည်။ မသိ၍ မိုက်ခဲ့သည် ထား၊ ယခုပင် အသိဝင်၍ ကောဇာ ၁၃၇၅ ခုနှစ်၊ မြန်မာနှစ်ဦးတွင် နှစ်ထူး ဟူ၍ဖြစ်ကာ မင်္ဂလာရှိစေသော အကျိုးငှာ အနန္တော အနန္တ ငါးပါးကို ဝန်ချ ကန်တော့၍ ဂါရဝပြု ပူဇော်ကြပါဟု လေးနက်စွာ အကြံပြုလိုက်ရပါသည်။

ထို့အပြင် နှစ်ဆန်းတစ်ရက်နေ့မှ စကာ တန်ခူးလ တစ်လလုံး・・・

(၁) ဒါနပြုပါ။ ပေးကမ်းလှူဒါန်းပါ။

(၂) သီလစောင့်ထိန်းပါ။ ကာယကံ၊ ဝစီကံ၊ မနောကံ ကို အကုသိုလ်မဖြစ်အောင် ထိန်းသိမ်းပါ။

(၃) ဘာဝနာ ပွားများပါ။ တတ်နိုင်သရွေ့ ဆောင်ရွက်ပါ။

(၄) "အပစာယန"ဟု ဆိုသော မိဘဆရာသမား စသည့် မိမိထက် အသက်၊ ဂုဏ်သိက္ခာ၊ ဝါကြီး သူတို့ကို အရိုအသေပြု ဆက်ဆံပါ။ လေးစားပါ။

(၅) "ဝေယျာဝစ္စ"ဟု ဆိုသော အပြစ်ကင်းသောအလုပ် တို့၌ အခြားသူများကို ကူညီဆောင်ရွက်ပါ။

(၆) ပတ္တိဒါနပြုပါ။ အမျှပေးဝေပါ။

(၇) "ပတ္တာ နုမောဒနာ"ဟု ဆိုသော သာဓုခေါ်ယူခြင်း လည်း ပြုပါ။

(၈) "ဓမ္မသာဝန"ဟု ဆိုသော တရားနာခြင်းများ ပြုပါ။

(၉) "ဓမ္မဒေသနာ"ဟု ဆိုသော တစ်ပါးသူအား တရား ဟောခြင်း ပြုပါ။ ဓမ္မအလှူပြုပါ။

(၁၀) "ဒိဋ္ဌိဇုကမ္မ"ဟု ဆိုသော ဖြောင့်မှန်သော အယူ ကို ယူ၍နေပါ။

ကံအကြောင်းကို လေ့လာခြင်း၊ ကြံစည် စဉ်းစားခြင်း သည် ဒိဋ္ဌိဇုကမ္မ ကုသိုလ်ဖြစ်ပါသည်။ အယူမှန်ဖြစ်ရန် ကြိုးစားခြင်းဖြစ်ပါသည်။ ကံ-ကံ၏ အကျိုးကို လုံးဝ အမှန် တကယ် ယုံကြည်နေ၍ ကမ္မသကတာဉာဏ်ဖြစ်လျှင် ဒိဋ္ဌိဇုကမ္မကုသိုလ်ဖြစ်ပါသည်။ တကယ်တမ်းတွင် ကံ၏ အကျိုးကို ဘုရားရှင်တစ်ပါးသာ အလုံးစုံ သိနိုင်ပေမည်။

ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်တွင် ဘေးရန် ကင်းပျောက် ချမ်းသာရောက်နိုင်ကြစေရန် ဖော်ပြပါ သုညကြိယာ ကုသိုလ်ကောင်းမှု ၁၀ပါးကို ကံအကြောင်းပြုပါဟု ဆန္ဒပြု တိုက်တွန်းလိုက်ရပါလေသည်။

နှစ်ကူး နှစ်ပြောင်း ကံကောင်းကြပါစေ။

* * *

ဓမ္မဒေ့ရာဇာဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁၉၅၇ ခုနှစ်လောက်က ဖြစ်ပါသည်။ အဖေမရှိတဲ့ ကျွန်တော့်ကို အမေက ချုပ်ချယ်လွန်သည်။ ဘာပဲပြောပြော ကျေးလက်နေ လူငယ်တစ်ယောက်အနေနဲ့ လယ်ယာတော ရဲ့ အရသာကို ကျွန်တော် ခံစားကြည့်ချင်မိသည်။ လယ်ထဲ တွင် ထယ်ထိုး၊ လယ်ထွန်း၊ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်၊ ကောက်ရိတ်၊ တလင်းနယ်၊ စပါးသိမ်းမှအစ ငါးပက်၊ ငါးဖမ်း၊ ပုစွန်နှိုက်အထိ သိချင်မိသည်။ အမေက ခွင့်မပြု။ ခွင့်မပြုပေ မယ့် အဖေ မရှိတဲ့ တစ်နေ့ ၇နှစ်/၈နှစ်သားတွေ ဖြစ်တဲ့ ကျွန်တော့်သူငယ်ချင်းတွေအားလုံးက လယ်ယာလုပ်ငန်း ကျွမ်းကျင်သည်။ ကျွန်တော်ကတော့ ဘာမှမသိတော့ သိချင် ဇောနဲ့ သူငယ်ချင်း သောင်းဟန်ကို ဆရာတင်ရသည်။

ယနေ့ သောင်းဟန်က ကျွန်တော့်ဆရာဖြစ်သွားပြီ။

"ဟော့ကောင်…စိုးရှိန်၊ ဟောဒီတွင်းမျိုးဟာ ပုစွန်တွင်း။ တွင်းထဲကို ဟောဒီလို လက်ထည့်ရတယ်။ လက်ဖမိုးကို တွင်းအပေါ်ပိုင်း ကပ်နိုင်သလောက် ကပ်ထား။ ကိုယ့်လက် ဖဝါးကို ဖြတ်ကြမ်းကြမ်းထိပြီဆို မကြောက်နဲ့ အုပ်ပြီး ကိုင် ထား။ နည်းနည်းပါးပါးညှပ်လို့ရှိရင်လည်း မလွှတ်နဲ့။ နည်းနည်း အနာခံပြီး ဆွဲထုတ်။ ဟောဒီမှာ ကြည့်…"

ဆိုပြီး သောင်းဟန်က ပုစွန်လုံး နှိုက်ပြသည်။ တယ် ဟုတ်တဲ့ သောင်းဟန်ပါလားဟု ချီးမွမ်းမိသည်။

ကျွန်တော့်ကို သောင်းဟန်က နောက်တစ်ကျင်းပြပြီး နှိုက်ခိုင်းသည်။ သူပြောတဲ့အတိုင်း ဆောင်ရွက်သည်။ ဟုတ် ပြီ၊ ကျွန်တော့်လက်ဖဝါးတွင် ဖြတ်ကြမ်းကြမ်းလေး ထိလာ ပြီ။ ကံကောင်းသည်၊ မညှပ်။ အားရပါးရ ဆုပ်ကိုင်လိုက် သည်။ ပိုင်ပြီဆိုပြီး ဆွဲထုတ်လိုက်တော့…

"အမလေး…မြွေကြီးဗျ"

ဟု တစ်ခွန်းတည်းသာ အော်လိုက်နိုင်သည်။ အိမ် ရောက်သည်အထိ သတိမေ့လာလိုက်တာ။ သတိရတော့ အမေက ကျွန်တော့်ကို ရိုက်မည်တကဲကဲ။ အရပ်ထဲမှ အမျိုး တွေ၊ လူကြီးတွေ ဝိုင်းတောင်းပန်လို့ တော်ပါသေးရဲ့။

***

ကျွန်တော်တို့ခြံကြီးက ကေအကျယ်ကြီးပါ။ ရှေ့ဘက် မှာဆိုလျှင် မြို့ဘက် ကတ္တရာလမ်းပေါ် နဖူးတင် ထိစပ်နေ သည်။ နောက်ဘက်မှာ သုံးဆယ်ချောင်းသာ ရှိသည်။ သုံးဆယ် ချောင်းက မိုးတွင်း၌ အလွန်ရေစီးသန်သည်။ နွေအခါ ရေ မခန်းရုံတမယ်ရှိသည်။ နွေဘက် ချောင်းထဲ၌ ရေနည်းသွား ချိန် လောက်တွင်…

"ငှက်ပျောတုံးကို ဗိုက်နဲ့ ကပ်ထား။ လက်က အားရ ပါးရယက်၊ ခြေလည်း ခတ်လေကွာ"

ဟု လှမြင့်က တစာစာအော်ဟစ် သင်ကြားပေးသဖြင့် အတော်ခရီးရောက်နေပြီ။

လှမြင့်က ကျွန်တော့်ကို သေသေချာချာ ညွှန်ပြ သင်ပြပြီး ကျွန်တော် ကူးခတ်နေသည်ကို နောက်ပိုင်း သဲခုံ ပေါ်မှ စိတ်ချစွာ ထိုင်ကြည့် အားပေးနေသည်။

"ဝုန်း"

ကျွန်တော် ငှက်ပျောတုံးပေါ်မှ ပြုတ်ကျသွားသည်။ ရေနည်းချိန်ဖြစ်သဖြင့် ကံကောင်းလို့ မသေခဲ့။ ရေအန်အောင် လုပ်သူက လုပ်ပေးကြသော်လည်း အမေက ရိုက်မည် တကဲကဲ။

***

"သန်းဝင်း"တော်ပုံက တစ်မျိုး။ လေးခွ အပစ်တော် ခြင်းဖြစ်သည်။ သစ်ပင်ပေါ်ရှိ သစ်ရွက်၊ သစ်ကိုင်းများကြား တွင် ပုန်းကွယ်နေတဲ့ ငှက်ကို တစ်ချက်တည်းထိအောင် ပစ်နိုင်စွမ်းရှိသည်။ သစ်ပင်ပေါ်မှ သစ်သီးတွေ ပစ်ခတ်တာ လောက်တော့ အထူးပြောရန်မလို။ သန်းဝင်းကလည်း သူ တတ်တဲ့ ပညာ ကျွန်တော့်ကို သင်ပေးရှာသည်။

"လေးခွကို ညာလက်နဲ့ ပိုင်ပိုင်နိုင်နိုင်ကိုင်၊ ဘယ်လက် က လောက်စာလုံးထည့်ထားတဲ့ သားရေကို မိမိရရဆွဲကိုင်၊ ကိုယ်ပစ်ချင်တဲ့ နေရာကို မျက်စိက ချိန်သားကိုက်အောင် ကြည့်၊ လောက်စာလုံးသွားရာ လမ်းကြောင်းနဲ့ ကိုယ်ပစ်ချင် တဲ့နေရာ တည့်လောက်ပြီဆိုရင် တင်းတင်းဆွဲထားတဲ့ သားရေကြိုးက လောက်စာလုံးကို လွှတ်လိုက်"

သန်းဝင်း သင်ကြားချက်အတိုင်း သေချာစွာ လိုက်နာ ပြီး ကျွန်တော် ပစ်ချင်နေတဲ့ သူကြီးအိမ်နားမှ ဘဂ်လား သရက်သီးကို သေချာလောက်ပြီဟုသောအတွေးဖြင့် လောက် စာလုံးကို လွှတ်လိုက်တော့ သူကြီးအိမ်မှ ဘုရားစင်တွင် ကပ်ထားသည့်မှန်ကို တည့်တည့်ကြီးကိုမှ ထိမှန်သွားသည်။ အမေ့ခမျာ မျက်နှာငယ်နဲ့ တောင်းပန်ရတဲ့အပြင် ထိုက်တန် တဲ့ လျော်ကြေးငွေပါ ပေးခဲ့ရပြန်သည်။

***

အမေ အကြော်ကြော်တော့ ကျွန်တော်လည်း အကြော်သည်ဖြစ်ရသည်။ ကျွန်တော်က အကြော်ရောင်း အောင်ဘက ကောက်ညှင်းထုပ်၊ ကုလားမ(မစိန်မြင့်)က



www.burmeseclassic.com

www.burmeseclassic.com

ကောက်ညှင်းထုပ်၊ ငွေမြင့်က ကွမ်းယာဆိုင်၊ ကျွန်တော်နှင့် အတူတူ နေစဉ် ဈေးရောင်းရသူများဖြစ်သည်။ သူငယ်ချင်းများမို့ ခင်မင်ကြသည်။

နေစဉ် နေပူမရှောင်၊ မိုးရွာမရှောင် ဈေးရောင်းရသည်။ အချိန်တန်လျှင် ကျောင်းတက်၊ ကျောင်းပြန် ဈေးရောင်းနှင့် လုံးလည်လိုက်နေသည်။ ထူးခြားသည်က ကျွန်တော်က လွဲလျှင် ကလေးအရွယ်တွေဖြစ်တဲ့ သူတို့က ဆေးလိပ်သောက်တတ်ကြသည်။

တစ်နေ့ မိုးတွေက သဲသဲမဲမဲ တစ်နေ့လုံး ရွာသည်။ လမ်းဘေး ဈေးသည်ဖြစ်တဲ့ ကျွန်တော်တို့ ကလေးတွေအားလုံး ထီးအမိုးအောက်ရှိနေပေမယ့် တစ်ကိုယ်လုံး ရွှဲစိုနေကြသည်။ ကျန်တဲ့ သူငယ်ချင်းများက ဆေးလိပ်ကိုယ်စီသောက်ပြီး မိုးအေးဒဏ်ကို ဂရုမစိုက်သည့်အလား။ ကျွန်တော်ကတော့ ခိုက်ခိုက်တုန်နေပြီ။ ထိုအချိန်တွင် အောင်ဘုက-

"ဟေ့ကောင်···စိုးရှိန်၊ မင်း သိပ်ချမ်းနေပြီလား။ ရော့ ဒီဆေးလိပ်ကို လေနဲ့ စုပ်ဖွာလိုက်။ ပြီးတော့ မှုတ်ချလိုက်။ နှာခေါင်းထဲက မီးခိုးတွေ ထွက်လာလိမ့်မယ်။ အဲဒီအခါ မင်းချမ်းနေတာ ပျောက်သွားလိမ့်မယ်"



ဟု ဆိုကာ ဆေးလိပ် မီးညှိပေးသည်။ ဘာပဲဖြစ်ဖြစ် ချမ်းတာပျောက်သွားရင် ပြီးရောဆိုပြီး အောင်ဘုပြောသည့်အတိုင်း ပထမ ဖွာသည်။ နောက် မှုတ်ချလိုက်တော့သည်။

"ခူး···ခူး···ခူး···ခွီး···ခွီး···ခွီး"

အသံထွက်လာပြီး သီးသွားလိုက်တာ ကျွန်တော့် တစ်သက် ဆေးလိပ်မသောက်ဖြစ်တဲ့အထိ ကြောက်သွားခဲ့သည်။

ကလေးဆိုတာ အသိစိတ်ကလေး အားနည်းလေတော့ ဆရာသမား မိဘတွေရဲ့ ဆုံးမသွန်သင်မှုကို မကျေမနပ်ဖြစ်တတ်စမြဲပါ။ ကျွန်တော်ကိုယ်တိုင် ခံစားခဲ့ဖူးသည်။ အမေကလည်း ကျွန်တော်ငယ်ငယ်ကတည်းက ဟိုဟာ မလုပ်ရဘူး၊ ဒီဟာ မလုပ်ရဘူးနဲ့ ဟန့်တား ဆုံးမခဲ့သည်။ ခိုးပြီးခွတ်လုပ်မိတော့ ကိုယ်ပဲ ဒုက္ခနှင့် ကြုံရပြန်သည်။ ဆရာတွေကလည်း သင်ကြားဆုံးမကြသည်။ ထိုစဉ်က ဆုံးမသည်မထင်၊ ကိုယ့်ကို ချုပ်ချယ် နှိပ်စက်နေသလို ထင်မိ၊ ခံစားမိသည်။

♦♦♦

အမေက စလူခေါင်းရှက်သည်။ အကြော်လေး ပြန်ကြော်သည်။ ပြောရဦးမည်။ တစ်နေ့ အမေက ကြီးလူးရွာကို စလူခေါင်းသွားရှက်နေတုန်း တောင်ကျရေကြမ်းပြီး ချောင်းအော်သံနှင့်အတူ ချောင်းရေတွေ လျှံတက်လာတာကို သုံးဆယ်သားတိုင်း မှတ်မိဦးမည်ထင်ပါသည်။

သုံးဆယ်ချောင်းဆိုတာက ပဲခူးရိုးမတောင်ပေါ်ကနေ စံရွှေး၊ ဖိုးခေါင်၊ ခေါဝိ စသည်ဖြင့် လှိုင်မြစ်မှတစ်ဆင့် ရောဝတီမြစ်ထဲအထိ စီးတဲ့ ချောင်းဖြစ်သည်။ သုံးဆယ်ချောင်းဟု ခေါ်ကြသည်မှာ မိုင် ၂၀ခန့်ရှိမည် ထင်ပါသည်။ ချောင်းတစ်လျှောက်တွင် ရွာပေါင်း ၂၀/၃၀ လောက် ရှိပါသည်။

ဝါး လေးငါးရိုက်လောက် နက်သည့် သုံးဆယ်ချောင်းကို လျှံလာတဲ့ ရေက ပထမတော့ ကျွန်တော်တို့အိမ်လေး ကြမ်းပြင်တောင် မထိ။ အိမ်မှာက အမေ မရှိ။ စလူဖူး စလူခေါင်းသွားရှက်နေသည်။ အစ်ကိုကြီးရယ်၊ မမလေးရယ်၊ ကျွန်တော်ရယ်ပဲ ရှိသည်။ အစ်ကိုကြီးက ကျွန်တော်တို့ မောင်နှမနှစ်ဦးကို ဦးလေးတို့နေတဲ့ နှစ်ထပ်အိမ်ကြီးကို ပြောင်းပေးလိုက်ရင် ကောင်းမှာလို့ ကျွန်တော်က တွေးမိပေမယ့် အစ်ကိုကြီးက ပြောင်းမပေး။ ဘာဆုံးဖြတ်ချက်မှလည်း မပေး။

ရေက အိမ်ကြမ်းပြင်ကို တဖြည်းဖြည်းကျော်လာသည်။ အစ်ကိုကြီးက ကျွန်တော်တို့ မောင်နှမနှစ်ဦးကို ခံတော



www.burmeseclassic.com

www.burmeseclassic.com

သေတ္တာတွေ စုထပ်ပြီး တင်ထားပေးသည်။ မကြာပါ။ ခဏလေးအတွင်းမှာပဲ ရေက အိမ်ထုပ်တန်းကို တက်တော့မည်။ အစ်ကိုကြီးက ကျွန်တော်တို့ မောင်နှမကို ထုပ်တန်းပေါ် တင်ထားပြန်သည်။ ထုပ်တန်းမှာ မတ်တတ်ရပ်ပြီး တိုင်ဖက်ထားရသည်။ ရေက အိမ်ခေါင်တက်တော့မည်။ ကျွန်တော်တို့ မောင်နှမသုံးယောက် အိမ်အမိုးဖောက် အိမ်ခေါင်ပေါ် တက်ထိုင်ပြီး ဦးလေးကို တအားကျုံးခေါ်ကြသည်။ အိမ်ထဲမှာတုန်းက သိပ်မကြောက်ဘူး၊ အိမ်ခေါင်ပေါ် ရောက်တော့ အလွန်ကြောက်မက်ဖွယ်ဖြစ်တော့သည်။ အမေနဲ့လည်း ဘယ်တော့မှ မတွေ့ရတော့ဘူးလို့တောင် တွေးနေမိသည်။

ဒီလောက်များတဲ့ ရေတွေထဲ အမေလည်း ဘယ်လာရဲတော့မလဲ။ လာလို့လည်း ဘယ်ရမလဲ။ ဦးလေးကလည်း သူ့အိမ်မှာ အသင့်မရှိ။ လှေတစ်စင်းနဲ့ ကယ်ဆယ်ရေးတွေ လိုက်လုပ်နေသည်ဟု ဦးလေးမိန်းမ ဒေါ်လေးက ပြန်အော်ပြောသည်။ မကြာပါ။ ဦးလေး ရောက်လာပါသည်။ လှေနဲ့ခေါ်ပြီး အိမ်ကြီးဆီ ပို့ပေးသည်။ အိမ်ကြီးအပေါ်ထပ်ကိုလည်း ရေကျော်နေပြီ။ ဒါပေမယ့် အိမ်ကြီးအပေါ်ထပ် ကြမ်းပြင်ပေါ်ရှိ စားပွဲတွေက ရေလွတ်သေးသည်။ အိမ်ကြီးမှာ အပေါ်ထပ်အပြင် ထပ်ခိုးရှိတော့ ထပ်ခိုးပေါ်မှာ နေရင်လည်း ရေလွတ်သည်။

တခြား ရေလွတ်တဲ့ ရွာတွေက လှေတွေနဲ့ ထမင်းထုပ်လိုက်ပို့ကြသည်။ ပင်စိမ်းရွက်ကလေးအုပ်ပြီး ချက်ထားတဲ့ ငါးလေးဟင်း၊ ပုစွန်ဆိတ်လေးဟင်း၊ ပုစွန်လုံး မီးဖုတ်တွေ ပါသည်။ ဆာဆာနဲ့ စားလိုက်တော့ စားကောင်းလိုက်တာ။

ညနေပိုင်းကျတော့ ရေက ဆင်းသွားသည်။ ချောင်းအပြည့်လောက်ပဲ ကျန်သည်။ ကျွန်တော်တို့လည်း ကိုယ့်အိမ်ကိုယ်ပြန်ပြီး အဆင်ပြေသလို နေ့နေကြရသည်။ ညအခါ အိပ်နိုင်အောင် မမလေးက ရှင်းလင်းစီစဉ်နေသည်။ အမေလည်း ရေကျကျချင်း ပြန်ရောက်လာသည်။

အမေက ကျွန်တော်တို့မောင်နှမတွေ ရေနစ်သေပြီလို့ တွေးပြီး အပြေးရောက်လာခြင်းဖြစ်မည်။ ကျွန်တော်တို့ကိုလည်း မြင်ရော အမေ့ခမျာ ငိုချလိုက်ပါတော့သည်။ ငိုသည်ဆိုတာ အော်ဟစ်ငိုတာ မဟုတ်။ ရင်ထဲမှာ ငိုတာ၊ မျက်ရည်တွေပဲ ကျနေတာ။

ညကျတော့ အိပ်ခန်းလေးထဲမှာ အဆင်ပြေသလို အိပ်ကြရသည်။ အအေးဓာတ်ကလည်း ရှိတော့ ကျွန်တော် အိပ်မပျော်။ ကျွန်တော့်မျက်လုံးတွေလည်း ကြောင်နေသည်။ အိပ်မရတာနဲ့ ဟိုဒီကြည့်လိုက်တော့ ခေါင်းရင်းဘက် ထုပ်တန်းကို မျက်လုံးရောက်သွားသည်။ ပြူးပြူးပြောင်ပြောင်ကို အတော်ကြာကြာ ကျွန်တော်က မြင်လိုက်မိတော့ မနေနိုင်တော့ဘူး။ အိပ်ရာက ထ၊ တံခါးကို ထိုးတဲ့ မင်းတုံးကို ဖြုတ်ပြီး ပြူးပြူးပြောင်ပြောင်နေရာကို တံခါးမင်းတုံးနဲ့ ထိုးကြည့်မိလိုက်သည်။

“ဝုန်း…ဝုန်း”ဆိုတဲ့ အသံနဲ့အတူ ဘေးနားကျလာတဲ့ အရာကို အားယူကြည့်လိုက်တော့ မြွေကြီးက နည်းတာကြီးမဟုတ်။ ရန်မရှာဘဲ ထွက်သွားလို့ တော်ပါသေးရဲ့။ ကျွန်တော်လည်း မြွေမြင်ပြီး သတိလစ်သလိုဖြစ်သွားသည်။

ကျွန်တော့်အရွယ် အခြားကလေးများသည် ရေတက်စက ကလေးသဘာဝ ပျော်လိုက်ကြတာ မပြောပါနဲ့တော့။ အိမ်ထဲက ဆင်း၊ ခြံတွင်းဆော့၊ ခြံတွင်း ဆော့ရင်း ခြံပြင်ရောက်၊ ခြံပြင်ရောက်တော့လည်း အဆော့မပျက်ကြ။ ရေကူးကျွမ်းတဲ့ ကလေးများမို့ အတော်အတန် ရေကို ဂရုမစိုက်။ ကုန်းပေါ်က ရေမို့ သိပ်မနက်ဟု ထင်ကြရင်း တရိပ်ရိပ်တက်လာတဲ့ ရေ၊ အသံဆိုးကြီးနဲ့ အော်တက်လာတဲ့ ပြင်းထန်တဲ့ ရေလှိုင်းတွေကြောင့် သစ်ပင်တွေ လဲ၊ အိမ်တွေ ပြို၊ မျောပြီဆိုမှတော့ မည်မျှ ရေကူးကျွမ်းကျွမ်း လူကြီးရော၊ ကလေးပါ ရေနှင့် မျောပြီး အသက်ဆုံးခဲ့ရသည်။ အများစုသည် သုံးဆယ်ချောင်းတစ်လျှောက်ရှိ ရွာနေပေါင်းများစွာမှ ကလေးငယ်များ ဖြစ်ပါသည်။

ထိုချောင်းအော်သံဆိုးကြီးကို ကြောက်ကြ၍ ထင်ပါရဲ့၊ ကျွန်တော်တို့လို ကလေးရှိတဲ့ အိမ်တွေမှာ တချို့က မီးသွေးနဲ့၊ တချို့က မြေကျစ်စာခဲနဲ့ …

“ကလေးအသား ခါးသည်၊ ခွေးအသား ချိုသည်”

ဟု ရေးထားတတ်ကြသည်။ သိသိသာသာတွေနိုင်သည်က မိုးဦးကာလမှ သီတင်းကျွတ်၊ တန်ဆောင်မုန်းအထိ ဖြစ်ပါသည်။

ချောင်းအော်သံသည် “အမင်္ဂလာနိမိတ်…အတိတ်ကောင်းမဟုတ်”ဟု ဒေသခံတို့က ယုံကြည်ခဲ့ကြသည်■

* * *

ခမောင်စိုးဆိုက်(သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်

## ဆေးစွမ်းကောင်းများ

= ဂျပန်နားသန့်ဆေးကြီး

= ဂျပန်နားရောဂါပျောက်ဆေးကြီး

= ဂျပန်မျက်စိကြည်ဆေးကြီး

= ဂျပန်မျက်စိရောဂါပျောက်ဆေးကြီး

= ဂျပန်သွားရောဂါပျောက်ဆေးကြီး

= ဂျပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၂(၁၀၂၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၄၅၉

အမြို့မြို့ဆိုင်တိုင်းမှာ မေးဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com




# မေရီမှ အောင်ငြိမ်းလှိုင်

(ဥက္ကလာ)

(၁)

"မေရီ"

မေရီဆိုတာ ကျွန်တော်တို့အိမ်မှာ ၁-နှစ်ကျော်ကျော် ၂နှစ်နီးပါး ကျွန်တော်တို့မိသားစုနှင့် အတူနေထိုင်သွားခဲ့ဖူးတဲ့ ခွေးမလေးတစ်ကောင်ရဲ့ အမည်ပါ။ ဘာရည်ရွယ်ချက်မှ မရှိဘဲ မထင်မှတ်တဲ့ နေ့တစ်နေ့မှာ သူရောက်လာခဲ့တယ်။ ရောက်လာပုံက ဘောလုံးကန်သွားခဲ့တဲ့ ကလေးတစ်သိုက်က သူ့ကို မြောက်ဥက္ကလာပ မဏ္ဍိုင်အားကစားကွင်းထဲမှာ တွေ့လို့ ဖမ်းလာခဲ့တာ။ ရက်သားလောက်ပဲ ရှိဦးမယ် ထင်ပါရဲ့။ နို့ညိုရောင်အမွေးလေးနဲ့ ဝဝကစ်ကစ် ချစ်စရာလေး ဖြစ်ပါတယ်။ သူ ဦးစွာရောက်ရှိခဲ့တာက ကျွန်တော်တို့အိမ် မဟုတ်ပါဘူး။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရဲ့ ခြေရင်းဘက်မှာ ရှိတဲ့ မစန်းရီတို့အိမ်ကို ရောက်ခဲ့တာပါ။ မစန်းရီဆိုတာက ကျွန်တော်တို့ နေထိုင်ရာ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်မှာ ရှိတဲ့ "မြတောင်ညို" ဈေးမှာ အသုပ်စုံရောင်းပါတယ်။ ဈေးထဲမှာ သူ့ကို တွေ့လို့ ခေါ်လာတာဖြစ်ပြီး ခေါ်လာတဲ့ ညမှာပဲ မစန်းရီတစ်ယောက် သူ့ကို လက်မြှောက် အရှုံးပေးခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သူက တစ်ညလုံး အော်လိုက်···ပြေးလိုက်၊ ပြေးလိုက်··· အော်လိုက်လုပ်နေတာ မိုးလင်းတဲ့အထိ ဆူတုန်းညံတုန်းဆိုတော့ ဈေးရောင်းတစ်ဖက်နဲ့ မစန်းရီ သူ့ဒဏ်ကို မခံနိုင်တော့ပါဘူး။

"အန်တီ ယူမလား၊ ပေးမယ်"

ဆိုလာတော့ တိရစ္ဆာန်ချစ်တတ်တဲ့ ကျွန်တော့်ဇနီးက -

"အေး၊ ပေးပါ စန်းရီရယ်၊ ငါ သူ့ကို သေသေချာချာ မွေးပါ့မယ်။ ကျေးဇူးတင်တယ်ဟယ်၊ ပေးပါ"

ဆိုပြီး အားရဝမ်းသာနဲ့ အိမ်ကို ခေါ်လာခဲ့ပါတယ်။ ဒီလိုနဲ့ မေရီမ တစ်ကောင် ကျွန်တော်တို့အိမ်ကို ရောက်လာခဲ့တယ်ဆိုပါတော့။

သူ ကံကောင်းပါတယ်။ ရောက်ရောက်ချင်း သူ့အတွက် နို့ဆီတစ်ဘူးနဲ့ လှူပွဲတော်ပတ္တမြားသွေးဆေးတစ်ဘူးကို ကျွန်တော့်ဇနီးက အပြေးကလေး သွားဝယ်ပြီးတော့ ဖျော်တိုက်လိုက်တာ ဗိုက်ဆာနေတယ်ထင်ပါရဲ့ ခေါင်းမဖော်ဘူး။ ဗိုက်ကလေး ပူထွက်လာတဲ့အထိ သောက်နေပါတယ်။ ပြီးတော့မှ လျှာပေါ်တက်ပြီး ခွေအိပ်နေတယ်။

"ကြည့်ပါဦး မောင်ရယ်၊ သနားစရာလေးပါ။ ဗိုက်ကလေးဝသွားတော့ အိပ်ပျော်သွားလိုက်တာ ငြိမ်လို့"

ဆိုပြီး ကျွန်တော့်ဇနီးက သူ့ကို ကြည့်ပြီး ဝမ်းသာနေတယ်။ ပြီးတော့ ပြောသေးတယ်။

"မန့်အတွက် အဖော်ရပြီ မောင်၊ မောင်က အလုပ်သွား၊ သမီးလေးကလည်း အဝေးမှာ တာဝန်ထမ်းဆောင်နေရတာဆိုတော့ အိမ်မှာ မန့်တစ်ယောက်တည်း။ ကဲ - အခုတော့ ဒီကလေးလေး ရောက်လာပြီ အတော်ပဲပေါ့ မောင်ရယ်။ ဪ···ဒါ့ထက် မောင်ရေ ကလေးလေးအတွက် အမည်ပေးပါဦး၊ လှလှလေးနော်"

လို့ ပြောပြီး ကျွန်တော့်ကို အမည်ပေးဖို့ ပြောနေပါတယ်။

ကျွန်တော် ခေါင်းရှုပ်သွားတယ်။ ခွေးလည်း တစ်ခါမှ မမွေးဘူးပါ။ ခွေးအမည်လည်း တစ်ခါမှ မပေးဘူးပါ။ ဘာပေးရမလဲလို့ တွေးတောရင်း၊ စဉ်းစားရင်း နောက်ဆုံး အဖြေတစ်ခုတော့ ထွက်လာခဲ့ပါတယ်။ ဒါနဲ့···

"ဒီနေ့ ဘာနေ့လဲ မိန်းမရေ"

လို့ ကျွန်တော်မေးလိုက်တယ်။

"ဒီနေ့ ကြာသပတေးနေ့လေ မောင်ရဲ့"

"အေး၊ ဟုတ်ပြီ။ ဒီနေ့ ကြာသပတေးနေ့ဆိုတော့ ပ-ဖ-ဗ-ဘ-မ··· ဟုတ်ပြီ သူ့ရဲ့ ဘဝလေး အရှည်တည်ရအောင် "မေရီ"လို့ ခေါ်ပေတော့ မိန်းမရေ"

လို့ ကျွန်တော်ပြောလိုက်တော့-

"ဟုတ်ပြီ···မောင်ရေ၊ ကောင်းလိုက်တာ၊ မေရီတဲ့"

မေရီတဲ့ သမီးရေ၊ မေရီတဲ့လို့ ဆိုပြီး ခွေးကလေးကို အားရဝမ်းသာ ပွေ့ချီရမ်းလိုက်တာ အိပ်ပျော်နေတဲ့ မေရီမ လန့်နိုးသွားပြီး အော်ပါလေရော။

(၂)

ဒီလိုနဲ့ မေရီမတစ်ကောင် တဖြည်းဖြည်း အရွယ်ရောက်လာခဲ့ပါတယ်။ အရွယ်ရောက်လာတာနဲ့အမျှ သူ့အလှတွေကလည်း အံ့မခန်းဖြစ်ခဲ့ပါတယ်။ ငယ်ရုပ်ပျောက်ပြီး အမြီးလေး တယမ်းယမ်းနဲ့ လမ်းလျှောက်သွားရင် တဖွားဖွားလှုပ်ခါနေတဲ့ အမွေးအမျှင်တွေက ကြည့်လို့ အလွန်ကောင်းလှသလို၊ ကိုယ်လုံးကိုယ်ထည်မှာ ပေါက်နေတဲ့ အမွေးအမျှင်တွေကလည်း ရွှေအိုရောင်ဘက်ကို လှနေတဲ့ အဝါရောင်နုနုမှာ အညိုရောင်အမွေးပါးပါးလေး ယှက်လိုက်တော့ သန့်သန့်လေးနေတဲ့ မေရီမ လှချင်တိုင်း လှနေပေါ့။ တစ်ပတ်မှာ နှစ်ခါရေချိုးတယ်။ ပေါင်ဒါ သန့်သန့်လူးတယ်။ အိမ်ပေါ်က အိမ်အောက်ကို အပေါ့-အလေးသွားရုံမှ တစ်ပါး အခြားသို့ သူ မဆင်းခဲ့။ သေသေချာချာကြည့်လေလေ သူ့ခြေထောက်လေးတွေကြားမှာ ပေါက်နေတဲ့ အမွေးလေးတွေတောင် ချစ်စရာကောင်းလှတယ်။ ဒါကြောင့်လည်း တိရစ္ဆာန်ဆရာဝန်က ပြောတာ။

"သူ့ကို သားကြောမဖြတ်ပါနဲ့ဦးဗျာ။ မျိုးကောင်းကောင်းနဲ့ တစ်သားလောက် ဖောက်ပါဦး။ နောက်မှ ဖြတ်လည်း နောက်မကျသေးပါဘူး"

လို့ နမြောတသစွာ တားရှာပါတယ်။

"မဖြစ်ဘူး ဆရာ။ ခုတောင် သူ့ကို ထိန်းရတာ မလွယ်ဘူး။ သားသမီးသာ ရှိခဲ့ရင် ဒီကောင်မ ဘယ်လိုမှ ထိန်းလို့ရမှာ မဟုတ်ဘူး။ ဖြတ်ပေးပါ ဆရာရယ်"

လို့ တောင်းတောင်းပန်ပန်ပြောမှ···

"အေးဗျာ၊ နမြောစရာကောင်းလှတယ်။ အယ်ဇေးရှင်းနဲ့ အင်းစပ်တာတွေ ကျွန်တော် တော်တော်တွေ့ဖူးပါတယ်။ ဒါပေမယ့် သူ့လောက် မလှကြ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ဒီကောင်မ တော်တော်လှတယ်ဗျ”

လို့ ပြောပြီး စုတ်တသပ်သပ်နဲ့ သားကြောဖြတ်ပေးခဲ့ပါတယ်။

ပြောရရင် မေရီမဟာ ခွေးတစ်ကောင်ဆိုပေမယ့် လူလောက်နီးနီး အသိဉာဏ်ရှိပါတယ်။ ပါးလိုက်တာလည်း လှစ်လို့။ မျက်နှာရိပ် မျက်နှာကဲလည်း နားလည်တယ်။ ပြီးတော့ အတေးအမှတ်လည်း ကြီးတယ်။ မနာလို အူတိုတတ်တယ်။ ကျွန်တော့်ပြောစကားဆို နားထောင်တယ်။ ထူးတာက ဘုရား၊ တရား၊ သံဃာကို သူသိနေတယ်။ အုံ့ဩစရာလုပ်ရပ်တွေကို သူ မထင်မှတ်ဘဲ လုပ်တတ်လေတော့ တစ်ခါတစ်ခါ အံ့ဩမှုတွေနဲ့ ကြုံရတယ်။

သူက အိမ်ကို ဘယ်သူလာတာမှ မကြိုက်ဘူး။ ကလေးတွေနဲ့ အိမ်ကိုလာပြီး စားသောက်တတ်သူတွေကို သူ ပိုမုန်းတယ်။ ပြီးတော့ သူ့ကို ရိုက်မယ်ဆိုတဲ့သူတွေနဲ့ သူ့ကို “ခွေးမ”လို့ ခေါ်တဲ့သူတွေကို သူ မှတ်ထားတယ်။ သူက ခွေးတစ်ကောင်ဖြစ်ပေမယ့် သူ့ကို ခွေးမလို့ ခေါ်ရင် အသည်းနာတတ်သလို၊ ခွေးတွေကိုလည်း သူ ကြောက်ပါတယ်။ အဲ - အိမ်ကို နေ့စဉ် ဆွမ်းခံကြွတဲ့ ကိုယ်တော်ကိုတော့ သူ့အမြီးလေးနှံ့ပြီး ကြိုဆိုတတ်တယ်။ သူ တေးမှတ်ထားတဲ့သူတွေကိုတော့ လစ်တဲ့အချိန်မှာ သူကိုက်တော့တာပါပဲ။ အိမ်နားတစ်ဝိုက်က လူတွေ သူ မကိုက်ဘူးသူ မရှိပါ။ ကုန်ကုန်ပြောရင် ကျွန်တော်မှတ်စပါး သူ့ကို သားသမီးတစ်ယောက်လို ချစ်တဲ့ ကျွန်တော့်ဇနီးနဲ့ သမီးကိုတောင် ချမ်းသာမပေးပါဘူး။ ဒါကြောင့် ကလေးသာရှိရင် ပိုဆိုးမှာတွေးပြီး သူ့ကို သားကြောဖြတ်ပေးခဲ့တာပါ။

သူ ကျွန်တော့်ကို အရမ်းချစ်တယ်။ ကျွန်တော် အလုပ်သွားရင် အိမ်ဝအထိ လိုက်ပို့ပြီး ကျွန်တော့် အရိပ်ပျောက်တဲ့အထိ အိမ်ဝကနေ ထိုင်ကြည့်နေတတ်တယ်။ ပြီးတော့ ညနေစောင်းပြီးဆိုတာနဲ့ ကျွန်တော် အိမ်ပြန်ချိန်ကို မှန်းပြီး အိမ်ဝကပဲ ထိုင်မျှော်နေတတ်ပြန်ပါတယ်။ အိပ်တော့လည်း အတူတူ။ အိပ်ရင်လည်း ခြင်ထောင်ထဲမှာ ရှိတဲ့ ကျွန်တော့်အသားနဲ့ ထိအောင် တိုးကပ်ပြီးမှ အိပ်တတ်သူပါ။ သြော်…ပြောရဦးမယ်၊ တစ်ခါတလေ သူနဲ့ အတူထိုင်ပြီး တီဗွီကြည့်တဲ့အခါ ရုတ်တရက် ကျွန်တော့်ပါးကို သူ့နှာခေါင်းနဲ့ ထိုးပြီး နမ်းသွားတတ်ပါတယ်။ ပထမ သတိမထားမိပေမယ့်

အသံလည်းကြားရော
မီးဖိုချောင်ဘက် ပြေးသွားပြီး
ရှက်ရှက်နဲ့ ပုန်းနေပါတော့တယ်။
ပြီးတော့ သူက မျက်စောင်းလည်း
ထိုးတတ်တယ်။
မျက်မှောင်လည်း ကျုံ့တတ်တယ်။
ရှက်ကိုးရှက်ကန်းအမူအရာလည်း
ပြတတ်တယ်။ သူ ဘယ်လောက်အထိ
လူစကား နားလည်သလဲဆိုရင်
တစ်နေ့ ကျွန်တော် ဘုရားရှိခိုး
ပုတီးစိပ်နေတဲ့ အချိန်၊
သူ ဘောလုံးတစ်လုံးနဲ့
ခုန်ပေါက်ပြေးလွှား
ဆော့ကစားနေတယ်

သုံးလေးကြိမ်ကျတော့ သတိထားမိလာတယ်။ ဒါနဲ့ ဒီအကြောင်းကို ကျွန်တော့်အား ပြောပြတော့ -

“ဒါတော့ မောင်က ပိုပြီ”

လို့ ပြောတယ်။ ဒါနဲ့…

“ဘာလဲ…မနွဲ့ မယုံဘူး ဟုတ်လား။ မောင် လက်တွေ့ပြမယ်”

ဆိုပြီး တစ်နေ့ ဇနီးကို အဝေးကနေ မသိမသာကြည့်ခိုင်းပြီး မေရီနဲ့ ကျွန်တော် အတူထိုင်နေလိုက်တယ်။ သူ့လည်ပင်းလေးကို ကျွန်တော့်ဘယ်လက်နဲ့ ဖက်ထားပြီး လည်ဆံမွေးလေးတွေကို ပွတ်သပ်ပေးနေတုန်း လစ်ပြီအထင်နဲ့ ကျွန်တော့်ဘယ်ဘက်ပါးကို သူ ဆတ်ခနဲ နမ်းလိုက်ပါတယ်။

“ဟော…တွေ့လား မနွဲ့ရေ၊ မေရီမ ငါ့ကို နမ်းပြီး ထသွားပြီ”

လို့ လှမ်းအော်ပြောလိုက်တော့-

“ဟုတ်ပါရဲ့ဟယ်။ မေရီမနော် ငါ့ယောက်ျားကို…”

လို့ ဆိုတဲ့ အသံလည်း ကြားရော မီးဖိုချောင်ဘက် ပြေးသွားပြီး ရှက်ရှက်နဲ့ ပုန်းနေပါတော့တယ်။ ပြီးတော့ သူက မျက်စောင်းလည်း ထိုးတတ်တယ်။ မျက်မှောင်လည်း ကျုံ့တတ်တယ်။ ရှက်ကိုးရှက်ကန်းအမူအရာလည်း ပြတတ်တယ်။ သူ ဘယ်လောက်အထိ လူစကား နားလည်သလဲဆိုရင် တစ်နေ့ ကျွန်တော် ဘုရားရှိခိုး ပုတီးစိပ်နေတဲ့အချိန်၊ သူ ဘောလုံးတစ်လုံးနဲ့ ခုန်ပေါက်ပြေးလွှား ဆော့ကစားနေတယ်။ ကျွန်တော် ဘုရားရှိခိုး မဖြောင့်တော့။ ဒါနဲ့…

“မေရီ…ဆော့လှချည့်လား။ ငါ ဘုရားရှိခိုးနေတယ်လေ။ နင် မသိဘူးလား။ ဒါကြောင့် နင် ဒီဘဝရောက်နေတာ တိရစ္ဆာန်မ”

လို့ ပြောပြီး…



www.burmeseclassic.com

www.burmeseclassic.com

"လာခဲ့၊ ဒီနားမှာ ထိုင်။ နောက်ဆို ငါ ဘုရားရှိခိုးရင် နင်ငြိမ်ငြိမ်လေးနေ။ ဘုရားသံ၊ တရားသံကို အာရုံပြု။ ဒါဆို နင်လည်း ကုသိုလ်ရမယ်၊ ငါလည်း ကုသိုလ်ရမယ်။ နောင်ဘဝ ခွေးတစ်ကောင် ထပ်မဖြစ်စေချင်ရင် ငြိမ်ငြိမ်နေပြီး အာရုံပြု"

လို့ ပြောလိုက်တော့ သူ ကျွန်တော့်ကို မျက်လုံးလေး တဖျတ်ဖျတ်လှုပ်ခတ်ပြီး ကြည့်နေတယ်။ ပြီးတော့ ငြိမ်သွားတယ်။ အဲဒီအချိန်က စပြီး နောက်ရက်တွေဆို ကျွန်တော် ဘုရားရှိခိုး ပုတီးစိပ်ချိန်တိုင်းမှာ သူ နောက်ကျောမှာ လာဝပ်ပြီး ငြိမ်နေရှာတယ်။ ကျွန်တော် ဘုရားရှိခိုးပြီးလို့ နိစ္စပတ်ဝတ်ဖြစ်တဲ့ အမျှဝေ၊ သာဓုခေါ်ပြီဆိုရင် သူလည်း လိုက်ပြီး သာဓုခေါ်တော့တာပါပဲ။ ဒါက တစ်နေ့ တစ်ရက် မဟုတ်ပါဘူး။ နေ့စဉ် သူပြုနေတဲ့ ကောင်းမှု တစ်ခုပါ။ ထူးခြားတာက သူ သာဓုခေါ်တတ်ပါတယ်။ အဲဒီလိုခေါ်တတ်အောင် ဘယ်သူမှ သူ့ကို သင်ထားမပေးသော်လည်း သူ့အလိုလို သိလာတဲ့ ထူးခြားမှု ဖြစ်စဉ်တစ်ခုမို့ အံ့ဩစရာကောင်းလှပါတယ်။

ပြီးတော့ ရှိသေးတယ်။ နံနက်ပိုင်း တီဗွီက လာတဲ့ တရားတော်တွေထဲမှာ ရေဆူဆရာတော်ဘုရားကြီး အရှင်ဦးဥတ္တမသာရ ဟောတဲ့ ပရိတ်တရားတော်တွေကို သူ နှစ်သက်တယ်။ တရားပြီးလို့ မေတ္တာပို့ အမျှဝေတဲ့အခါ တီဗွီရှေ့ကို လှမ်းသွားပြီး သူ့လည်ကို ဆန့်လို့ သာဓုသုံးကြိမ်ခေါ်တော့တာပါပဲ။ တခြားကိုယ်တော်တွေ ဟောရင် သူ သာဓုမခေါ်ပါ။ ဒါကို အနီးအနားက လူတွေအားလုံး သိကြပါတယ်။ ဘယ်လို အကြောင်းကြောင့်ဆိုတာ ကျွန်တော် မသိပါ။ ရေဆူဆရာတော်ဘုရားကြီးနဲ့ ကျွန်တော်ပို့တဲ့ မေတ္တာတွေကို သူ သာဓုခေါ်ပါတယ်။ ဒါကလည်း သူ့ဘဝ တစ်လျှောက်ဆိုပါတော့။

သူက တစ်ခါတစ်ခါ ရယ်စရာတွေလည်း လုပ်တတ်ပါတယ်။ တစ်နေ့ ကျွန်တော် ရေချိုးမယ် ပြင်တော့ ဆပ်ပြာက မရှိဘူး။ ဒါနဲ့ ကျွန်တော့်ဇနီးကို . . .

"မန္တဲ့ရေ . . . ဆပ်ပြာမွှေးတစ်တုံးပေးပါ၊ ရေချိုးမလို့"

ဆိုပြီး လှမ်းတောင်းလိုက်ပါတယ်။ ဒီအချိန်မှာ ဖြူနီဆို မေရီမ လှစ်ခနဲ ထပြေးသွားပြီး စားပွဲခုံအောက်မှာ ပုန်းလိုက်တာ ကျွန်တော်တွေ့လိုက်တယ်။ ဒီကောင်မ ဘာဖြစ်တာလဲလို့ ကျွန်တော်တွေးပြီး ဟိုဟိုသည်သည် ကြည့်လိုက်တော့ ဘာမှလည်း မတွေ့ဘူး။ နောက်မှ ကျွန်တော် သဘောပေါက်သွားတယ်။ သူ့ကို ရေချိုးပေးမယ်ထင်ပြီး ဆပ်ပြာသံကြားတာနဲ့ သူ ရေမချိုးချင်လို့ ဝင်ပုန်းလိုက်တာလေ။ ဩော် . . . တော်တော်ပါးတဲ့ မေရီမ။ ဒီအဖြစ်ကို ပြောပြီး ကျွန်တော်တို့ လင်မယား ရယ်လိုက်ရတာ။

ပြီးတော့ ရှိသေးတယ်။ တစ်နေ့ ကျွန်တော် အလုပ်က ပြန်လာတယ်ထင်ပြီး အားရဝမ်းသာ အိမ်ထဲကနေ ပြေးထွက်လာတယ်။ ပြီးမှ ကျွန်တော် မဟုတ်မှန်းလည်း သိရော ရှက်ကိုးရှက်ကန်းနဲ့ ပြန်လှည့်လာတယ်။ ဒီအဖြစ်ကို တွေ့လိုက်တဲ့ ကျွန်တော့်ဇနီးက-

"မေရီမ . . . ရှက်ပါတယ်ဟော့၊ သူ့အဖေလည်း မဟုတ်ဘဲနဲ့၊ ကုလားကြီးကို သွားကြိုတယ်။ ရှက်ပါတယ်၊ ရှက်ပါတယ်"

လို့ သရော်လိုက်တော့ သူ မျက်စောင်းထိုးပြီး ကြည့်သွားတယ်ဆိုပဲ။

ပြောရရင် သူက ခွေးတစ်ကောင်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် တခြားခွေးဆို သူ ကြောက်တယ်။

တစ်နေ့ သူ အပေါ့အပါးသွားဖို့ ဇနီးက လည်ပတ်လေးမှာ သံကြိုးချိတ်၍ အောက်ကို ခေါ်လာပြီး ခြံတံခါးဖွင့်အထွက်မှာ တခြားခွေးလေးတစ်ကောင်က သူ့ဆီ ပြေးလာတာကို သူတွေ့ပြီး ကြောက်ကြောက်လန့်လန့်နဲ့ နောက်ပြန်လှည့်အပြေး၊ သူ့ကို ဆွဲထားတဲ့ ကျွန်တော့်ဇနီးက သူ့အားကို မတားနိုင်တော့ဘဲ မှောက်ရက်လဲပါလေရော။ ဒီအဖြစ်ကို တွေ့လိုက်ရတဲ့ ကျွန်တော် ပြေးလာပြီး ဇနီးကို ထူ၊ သူ ဘယ်မှာလဲလို့ ကြည့်လိုက်တော့ အိမ်ရှေ့ လှေကားထစ်ပေါ်မှာ ငုတ်တုတ်လေး ထိုင်ပြီး သေးတွေ တဖြန်းဖြန်းထွက်နေလေရဲ့။

"ဟိုမှာ ကြည့်စမ်း မန္တဲ့၊ မေရီမ ခွေးကြောက်တာ သေးကို ထွက်ရော"

လို့ ကျွန်တော်ပြောလိုက်တော့-

"ဟုတ်ပါရဲ့ မောင်ရယ်။ မေရီမ . . . မေရီမ . . . နင် တော်တော်ရယ်ရတဲ့ ကောင်မ"

ဆိုပြီး ကျွန်တော့်ဇနီးလည်း ရယ်နေလိုက်တာ သူ့လက်နဲ့ ဒူးမှာ ပွန်းပဲ့နေတဲ့ ဒဏ်ရာတွေကိုတောင် မေ့နေလေရဲ့။

(၃)

သူက စားသောက်တော့လည်း လူတစ်ယောက်နဲ့ မခြား စားချင်သူပါ။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့နဲ့အတူ ထမင်းတစ်ဝိုင်းထဲ ဝင်ပြီး စားချင်ပါတယ်။ သူ့ကို သီးခြားခွဲပြီး ကျွေးရင် သူ မကြိုက်ပါ။ ထမင်းတွေကို နို့တ်သီးနဲ့ ထိုးကော်ချပြီး ဆန္ဒပြတတ်ပါတယ်။ အနားခေါ်ပြီး အတူစားမှ သူကျေနပ်တယ်။ သူ့အတွက် ပင်လယ်ငါးကို ဆား၊ နနွင်း၊ အချိုမှုန့်ခတ်ပြီး ပြုတ်ပေးရပါတယ်။ ပြီးတော့မှ လူပုံ့ဝေ

www.burmeseclassic.com

ပတ္တမြားသွေးဆေးနဲ့ နှီဆီဖျော်ထားတာကို သောက်တယ်။ ဒါက နေ့စဉ် စားနေကျ အစားအစာ။ သီးခြားစားတာတွေက ပြောရင် ယုံနိုင်စရာ မရှိပါဘူး။ ခေါက်ဆွဲသုပ်ဆို ချဉ်ငန်စပ်မှ ကြိုက်တယ်။ လက်ဖက်စားတယ်။ ဖရဲသီးစားတယ်။ ဖရဲသီးဆို ရဲရဲနီတဲ့ အပိုင်းကို ကြိုက်တယ်။ အဖြူပိုင်းကို မစားပါ။ ပဲကြီးလှော်နဲ့ နေကြာစေ့ကို အခွံချွတ်ပြီး စားတတ်တယ်။ ရေခဲချောင်းနဲ့ ရေခဲခြစ်၊ မုန့်ဟင်းခါးဆို လာထားဆိုတဲ့ သူပါ။ သူ အထူးအကြိုက်ဆုံးက ကြက်သား ဒံပေါက်။ ရေးပြရရင် အများကြီးမို့ နောက်ဆုံး ဆီးထုပ်ပါ မချန်။ မိန်းကလေးပီသပါရဲ့၊ ချဉ်ငန်စပ်ဆို အကုန်ကြိုက်တယ်။

တချို့က ပြောတယ်။ လူဝင်စားတဲ့ ခွေးဆိုရင် ကွမ်းယာစားတယ်။ ကွေးကြည့်ပါလားဆိုလို့ ကွေးကြည့်ဆော့ ကွမ်းယာကိုလည်း သူ စားတယ်။ ကဲ - ဘယ်လိုပြောရမလဲ မသိတော့။ လူနဲ့ နီးတာကတော့ အမှန်ပဲ၊ လူစကား မပြောတတ်ပေမယ့် ပြောတဲ့ စကားအားလုံးကို မှတ်သားသိနိုင်တယ်။ သူ့အကြောင်းပြောရင် နားရွက်လေး ထောင်ပြီး နားထောင်လေ့ ရှိတယ်။ မကြိုက်တာကို ရှောင်တယ်။ ချစ်စရာကောင်းအောင် နေတတ်တယ်။ အောက်ကို ကျသွားတဲ့ အစားအစာဆို ဘယ်တော့မှ ကောက်မစားတတ်ဘူး။ အသန့်ကြိုက်တာလည်း လွန်ရော၊ မိသားစုကိုလည်း ခင်တွယ်တယ်။

တစ်နေ့ ကျွန်တော့်ဇနီး အင်္ကျီချုပ်နေတာ ခေါင်းမှာ တစ်နေတယ်။ ဒါကို အိမ်နားက ကောင်မလေး တစ်ယောက်က ကူချုပ်ပေးတယ်။ ဒါကို မြင်တဲ့ မေရီမက သူ့သခင်မကို တစ်ခုခုလုပ်နေတယ်ထင်ပြီး ဝင်ကိုက်ပါလေ



ရော၊ ပြီးတော့ ပြောရဦးမယ်၊ ကျွန်တော်နဲ့အတူ သူ့အိပ်တဲ့အခါ ကျွန်တော့်အနားကို ဘယ်သူမှ မလာနဲ့၊ သူ မကြိုက်ပါ။ ကျွန်တော့်ဇနီးကို ကိုက်တာ ကျွန်တော့်အနားလာပြီး ကျွန်တော့်ကို နိုးလို့တဲ့။ ကဲ - အဲဒီလောက် အဖြစ်သည်း၊ အချစ်သည်းတဲ့ မေရီမပါ။ အိမ်နားကို လူကပ်တာလည်း သူ မကြိုက်ဘူး။ ကျွန်တော့်အိမ်ရှေ့က လမ်းကျယ်လေးတစ်ခု ဖြစ်ပါတယ်။ ရပကွက်၊ သံဃာ၊ ဈေးသွား ဈေးပြန် ကလေးတွေနဲ့ ကျောင်းသားလေးတွေ စုံအောင် သွားလာနေကြတဲ့ လမ်းတစ်ခုပါ။ လူသွားလူလာ များပါတယ်။ လူသွားလူလာများတဲ့ အချိန်ဆိုရင် သူ အိမ်ရှေ့တံခါးပေါက်ကို ထွက်ထိုင်လိုက်ပြီး သွားလာနေတဲ့သူတွေကို ကြည့်နေပါတယ်။ ခြံစည်းရိုးနား ကပ်လျှောက်လာတဲ့သူကို တွေ့ရင် "မကပ်နဲ့ မကြိုက်ဘူး" ဆိုတဲ့ သဘောနဲ့ ထိုးဟောင်တော့ ဒါပါပဲ။ ဒါကလည်း သူ့နေ့စဉ်ပြုနေကျ ဝတ္တရားတစ်ခုပါ။ ဒီလိုနဲ့ နေ့ရက်၊ နာရီ အချိန်တွေကို အေးအတူ ပူအမျှ ဖြတ်သန်းရင်း...။

(၄)

ဒီနေ့ ကျွန်တော် အလုပ်က ပြန်လာတော့ ကြိုနေကျ မေရီမကို မတွေ့ရပါ။

"ဟေ့ - တိတ်ဆိတ်လှချည်လား။ သမီးရေ...မေရီရေ"

လို့ ခေါ်ရင်း ကျွန်တော် အိမ်မှ်ာ လှမ်းတက်လိုက်ပါတယ်။

"မောင်ရေ...မေရီ ဒီမှာ အိပ်နေတယ်။ နေမကောင်းဘူး မောင်။ ဝမ်းလည်း သုံးလေးခါလောက် သွားတယ်။ ဝမ်းကိုက်တဲ့ ပုံစံမျိုး။ မနေ့လည်း နေလို့ ထိုင်လို့ သိပ်မကောင်းချင်ဘူး။ အဲဒါကြောင့် ဆေးခန်းလည်း မသွားဖြစ်ပါဘူး။ မောင်ပဲ သွားပြလိုက်ပါနော်။ မေရီ ဒီနေ့ ဘာမှလည်း မစားဘူး မောင်ရယ်"

လို့ ကျွန်တော့်ဇနီးက လှမ်းပြောပါတယ်။ ကျွန်တော်လည်း မေရီလို့ ခေါ်ပြီး အနားကပ်သွားတော့ မျက်လုံးလေး ဖွင့်ကြည့်တယ်။ ပြီးတော့ ပြန်မှိတ်သွားတယ်။

"သမီး နေမကောင်းဘူးလား၊ မှန်း"

ဆိုပြီး သူ့နဖူးလေးကို ကိုင်ကြည့်လိုက်တော့...

"ဟယ်...ကိုယ်တွေ ပူနေတယ်။ သြော်...တစ်ကိုယ်လုံးကို ပူနေတာ။ မဖြစ်တော့ဘူး"

ဆိုပြီး မေရီကို ပွေ့ချီလို့ ကျွန်တော် ဆိုက်ကားဂိတ်ကို ထွက်ခဲ့တယ်။ အဲဒီအချိန်က ကျွန်တော်တို့ ကြခင်းစုမှာ တိရစ္ဆာန်ကုတဲ့ ဆေးခန်း မရှိသေးဘူး။ မြောက်ဥက္ကလာပ ဆေးခန်း ဝီလမ်းဆုံမှာပဲ ရှိတာ။ တော်တော်လေး


www.burmeseclassic.com

www.burmeseclassic.com

အလုပ်ဝေးပါတယ်။ တစ်ခုခုဖြစ်ရင် အဲဒီဆေးခန်းမှာပဲ သွားပြပါတယ်။

ဆေးခန်းရောက်တော့ ဆရာဝန်က မေးတယ်။

"မေရီ...ဘာဖြစ်တာလဲ"

"ဝမ်းကိုက်တယ် ဆရာ။ ဒီနေ့ သုံးလေးကြိမ်လောက် ဝမ်းသွားတယ်။ ပြီးတော့ ကိုယ်တွေလည်း ပူနေတယ်"

လို့ ပြောလိုက်တော့ ဆရာဝန်က သူ့ကို သေသေချာချာစမ်းသပ်ပါတယ်။ ပြီးတော့...

"ကျွန်တော် ဆေးသုံးလုံးထိုးပေးမယ်။ သက်သာသွားမှာပါ"

လို့ ပြောပြီး အသားကို နှစ်လုံးထိုးတယ်။ အကြောကို တစ်လုံးထိုးပေးတယ်။

အပြန်လမ်း ဆိုက်ကားပေါ်မှာ ကျွန်တော် ပွေ့ချီထားရင်း သတိထားမိတာက မေရီမ အသားလေးတွေ တဆတ်ဆတ်တုန်နေတယ်။ ပြီးတော့ အင်း...အင်း...နဲ့ ငြီးနေတယ်။ ရောဂါဒဏ်လား၊ ဆေးဒဏ်လားတော့ မသိပါ။ မေရီမ ခံစားနေရတာ အမှန်ပဲဖြစ်ပါတယ်။ အိမ်ပြန်ရောက်တော့လည်း မျက်လုံး မဖွင့်ပါ။ မှိန်းနေရှာပါတယ်။

"ဘာတဲ့လဲ မောင်"

"ဆေးသုံးလုံးထိုးပေးလိုက်တယ်။ ကောင်းသွားမှာပါကွာ"

လို့ ကျွန်တော့်ဇနီးကို နှစ်သိမ့်လိုက်ရပေမယ့် ကျွန်တော့်ရင်ထဲမှာ စိုးရိမ်မှုတွေ ရှိနေတယ်။ ပြီးတော့ ကျွန်တော့်ဇနီးကလည်း သွေးတိုးနဲ့ နှလုံးရောဂါရှိနေသူ။ မေရီမ တစ်ခုခုသာ ဖြစ်သွားခဲ့ရင် သူလည်း အနည်းနဲ့ အများတော့ ခံစားရမှာ အမှန်ပဲ။ ဒါတွေ တွေးပြီး အဲဒီညက ကျွန်တော် အိပ်မပျော်ခဲ့။ မိုးလင်းတော့ ကျွန်တော် အလုပ်သွားခါနီး မေရီကို နှုတ်ဆက်ပါတယ်။ ဒီမနက် ဆေးထိုးလိုက်လို့လား မသိဘူး။ မနေ့ကထက်တော့ လန်းနေတယ်။

"မေရီ...အဖေကြီး အလုပ်သွားဦးမယ်။ ဒါပေမယ့် စောစောပြန်လာမှာပါ။ သမီးအတွက် မုန့်ဝယ်ခဲ့မယ်။ စောင့်နေနော်"

လို့ ကျွန်တော်ပြောလိုက်တော့ သူ မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ကြည့်နေတယ်။

ကျွန်တော် ဒီနေ့ အလုပ်လုပ်ရတာ စိတ်မပါဘူး။ စိတ်က အိမ်ကိုပဲ ရောက်ရောက်နေတယ်။ ဒါနဲ့ စောစောသိမ်းပြီး ပြန်ခဲ့တယ်။ အိမ်ရှေ့ တံခါးပေါက်ကနေ ကျွန်တော် လှမ်းကြည့်လိုက်တော့ မေရီမ သူ့အိပ်ရာပေါ်မှာ ခွေခွေရလေး အိပ်နေတယ်။ ဘေးနားမှာ အတူရှိပြီး လှဲနေတာက ကျွန်တော့်ဇနီး။

ကျွန်တော် "မေရီ"လို့ ခေါ်လိုက်တော့ သူ့အမြီးကလေး နှစ်ကြိမ်လှုပ်ပြပြီး သူသိတယ်ဆိုတဲ့ သဘောကို ပြပါတယ်။ ပြီးတော့ ငြိမ်သက်သွားတယ်။ ကျွန်တော် သူ့အနားရောက်တော့ သူ အသက်မရှိတော့ပါ။ "မြန်လိုက်တာ မေရီရယ်"လို့ ဝမ်းနည်းကြေကွဲသံကြီးနဲ့ ပြောပြီး အင့်ခနဲ တစ်ချက်ရှိုက်ကာ ကျွန်တော့်ဇနီးက ငိုပါလေရော။

"မောင့်ကို သူစောင့်နေတာ မနဲ့ရဲ့၊ မောင်ပြန်လာတဲ့အထိ သူ စောင့်နေတာ။ သနားလိုက်တာ မေရီရယ်၊ ခုတော့ တကယ်သွားပြီနော်။ သွားရက်လိုက်တာ မေရီရယ်...သွားရက်လိုက်တာ"

လို့ ပြောပြီး မျက်ရည်တွေ တသွင်သွင်စီးကျနေပါတယ်။

ကျွန်တော်လည်း ဝမ်းနည်းကြေကွဲရပါတယ်။

"သွားပေဦးတော့ မေရီရေ၊ သွားပေဦးတော့။ ဒါပေမယ့် ငါ့သမီးလေး ကောင်းရာမွန်ရာ ရောက်မှာပါ။ ဘုရား၊ တရား၊ သံဃာသိတဲ့ သမီး၊ သာဓု အကြိမ်ကြိမ်ခေါ်ဆိုတတ်တဲ့ သမီးလေး လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောကကို ရောက်ပါစေ။ ရောက်ရှိရာ ဘဝတိုင်းမှာလည်း သူတော်ကောင်းများနဲ့သာ တွေ့ပါစေလို့ အဖေတို့၊ အမေတို့ ဆုတောင်းနေပါ့မယ်။ သမီးလေးအပေါ်မှာ တို့များ အပြစ်တစ်စုံတစ်ရာရှိခဲ့ရင်လည်း သမီးလေးက ခွင့်လွှတ်ပေးပါ။ တို့များအပေါ်မှာ သမီးလေးက အပြစ်တစ်စုံတစ်ရာ ရှိခဲ့ရင်လည်း အဖေတို့၊ အမေတို့ ခွင့်လွှတ်ပါတယ်။ ဒီဘဝမှာ ဒီမျှဖြစ်ပေမယ့် ထာဝရ သတိရနေမှာ အမှန်ပါ သမီးရယ်"

ကျွန်တော် နှုတ်က တဖွဖွပြောရင်း စီးကျလာတဲ့ မျက်ရည်တွေကို သုတ်လိုက်ပါတယ်။

နောက်တစ်နေ့မနက်ကျတော့ ကျွန်တော့်ဇနီးကို မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှာ အရေးပေါ် လူနာအနေနဲ့ ဆေးရုံတင်လိုက်ရပါတယ်။ ကျွန်တော့်ရင်ထဲမှာလည်း မေရီမ ပေးသွားတဲ့ အလွမ်းဒဏ်ရာ ဒဏ်ချက်တွေက ရင်နင့်အမှုဖြစ်နေတယ်။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုချလိုက်ပါတယ်။ နောက်နောင် ကျွန်တော် ဘယ်သောအခါမှ ခွေးမမွေးတော့ပါ■


* * *

အောင်ငြိမ်းလှိုင်(ဥက္ကလာ)



www.burmeseclassic.com

www.burmeseclassic.com




# နှစ်သစ်မင်္ဂလာ ဟောကိန်းအဖြာဖြာ

■ ဓမ္မာစရိယဦးအောင်ကျော်မိုး ■

**သင်္ကြားမဆင်း ဂြိုဟ်မင်းဆင်းပြီ**

ကလေးအရွယ် ၁၂နှစ်၊ ၁၃နှစ်က သင်္ကြန်ကျတော့မည်ဆိုလျှင် ပျော်ရွှင်နေမိသည်။ လွတ်လွတ်လပ်လပ် ရေပက်ခွင့်ရ၏။ တွေ့မြင်သမျှ ကြီးကြီးငယ်ငယ် ကျား/မ မရွေး ရေ့ဖြတ်လာသူအားလုံး ရေစောင့်ပက်သည်။ သင်္ကြန်ကျချိန်ကို မျှော်မိသည်။ သင်္ကြားမင်း ဆင်းလာမှ သင်္ကြန်ကျသဖြင့် သင်္ကြားမင်းဆင်းချိန်ကို မျှော်မိသည်။ တောရွာဆိုတော့ ဒီမိုတိုင်း သင်္ကြန်စာ မဖတ်ကြ။ တစ်ရွာလုံးကိုယ်စား ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းက ဖတ်၍ သင်္ကြန်ကျချိန်ရောက်လျှင် ဘုန်းကြီး ကျောင်းက ကြေးစည်အုန်းမောင်း အကုန်တီး၍ သင်္ကြန်ကျပြီဖြစ်ကြောင်း အသိပေးသည်။

ကျွန်ုပ်တို့ ကလေးများသည် ရေခွက်ကိုယ်စီဖြင့် ဘုန်းကြီးကျောင်းက ကြေးစည် အုန်းမောင်းများ တီးသံကြားလျှင် သိကြားမင်း ဆင်းလာပြီအထင်နှင့် ကောင်းကင်ကို မော့ကြည့်ကြသည်။ ကျောင်းက ကြေးစည်တီးသံသာ ဆုံးသွားသည်၊ သိကြားမင်း မတွေ့လိုက်။ သိကြားက မြန်လို့ မတွေ့တာ ဖြစ်လိမ့်မည်ဟု ကလေးအတွေးဖြင့် အဆုံးသတ်ကာ ရေခွက် မတွေ့နိုင်။ မြင်သမျှ ရေလိုက်ပက်တော့သည်။

အရွယ်ရောက်ပြီး နက္ခတ်ပညာလေ့လာတော့ သိကြားမင်းမဟုတ်၊ ကျွန်ုပ်တို့အား နေ့စဉ် အလင်းရောင်ပေးနေသော နေမင်းကြီးသည် ၁၂ရာသီစက်ဝန်းကို ဖြတ်၍ တစ်ပတ်ပတ်ကာ နောက်ထပ် တစ်ပတ်ပြန်ပတ်ရန် ရာသီအစသို့ ရောက်ချိန်ကို ဆိုမှန်း သိလိုက်ရသည်။

နေမင်းဟု ခေါ်သော တနင်္ဂနွေဂြိုဟ်မင်းသည် ရာသီအစသို့ ဝင်စဉ် သည်နေ့ ခုနစ်နေ့တို့တွင် တစ်နေ့နေ့မှာ စတင်ရသည်။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဟူ၍ တစ်ကမ္ဘာလုံးရှိ လူသားအားလုံး တူညီစွာ သုံးစွဲသော နေ့ခုနစ်နေ့ပင် ဖြစ်သည်။

နေမင်းကြီးသည် တနင်္ဂနွေနေ့မှာ ရာသီအစ နှစ်အစသို့ ရောက်လိုသော်လည်း ရောက်နိုင်သည်။ တနင်္လာ၊ အင်္ဂါ စသဖြင့် နေ့ခုနစ်နေ့ တစ်နေ့နေ့၌ နှစ်အစသို့လည်း ရောက်နိုင်သည်။

ထိုတွင် နေမင်းခေါ် တနင်္ဂနွေဂြိုဟ်မင်းသည် တနင်္ဂနွေနေ့မှာ မိဿရာသီ နှစ်အစသို့ ကူးပြောင်းရောက်လျှင်(သင်္ကြန်ကျလျှင်) နဂါးစီး ဆင်းပေလိမ့်မည်။

တနင်္လာနေ့(သင်္ကြန်ကျလျှင်) မိဿရာသီအစရောက်လျှင် မြွေစီးဆင်းလိမ့်မည်။

အင်္ဂါနေ့ဖြစ်လျှင် ဂဠုန်စီး ဆင်းလိမ့်မည်။

ဗုဒ္ဓဟူးနေ့ဖြစ်လျှင် ကျွဲစီးဆင်းလိမ့်မည်။

ကြာသပတေးနေ့ဖြစ်လျှင် မြင်းစီးဆင်းလိမ့်မည်။

သောကြာနေ့ဖြစ်လျှင် နွားစီးဆင်းလိမ့်မည်။

စနေနေ့ဖြစ်လျှင် ဘီလူးစီးဆင်းလိမ့်မည်။

ဤကား နှစ်စဉ်နှစ်တိုင်း ဤအတိုင်းသာ ဖြစ်သည်။ ဤနေ့ခုနစ်နေ့မှတစ်ပါး အခြားမရှိသလို ဤစီးတော်ယာဉ် ခုနစ်ကောင်မှတစ်ပါး အခြားစီးစရာ မရှိပြီ။

သို့သော် ခေတ်တွေပြောင်း၍ လူတွေလည်း အသိဉာဏ်တိုးလာပြီ။ ကောင်းကင်မှ သိကြားမင်းသည် တကယ် မဆင်းကြောင်း သိလာကြပြီ။

(ဖုဋ - တနင်္ဂနွေနေမင်း မိဿရာသီ စတင်လျှင် သင်္ကြန်ကျ၏။

မဈ တနင်္ဂနွေနေမင်း မိဿရာသီ စတင်လျှင် သင်္ကြန်တက်၏။)

သင်္ကြန်စာရေးသူတို့၏ ထူးခြားအောင် "သိကြားမဆင်း၊ ဂြိုဟ်မင်းဆင်းပြီ"ဟူသော အသံဖြင့် သင်္ကြန်စာရေးသံ ကြားရတော့ ခေတ်တွေပြောင်းလို့ လူတွေလည်း အသိဉာဏ်တွေ တိုးတက်လာပြီဟု သိလိုက်ရသည်။

**တစ်သက်တာ သင်္ကြန်ဟောစာတမ်း**

တနင်္ဂနွေဂြိုဟ်မင်း စီးဆင်းသော စီးတော်ယာဉ် နေ့အလိုက် ဟောကိန်းမှာ တစ်နှစ်နှင့် တစ်နှစ် မတူ။ သို့သော်...

**တနင်္ဂနွေနေ့ သင်္ကြန်ကျပါမူ** - မည်သည့်အခါဖြစ်ဖြစ် နဂါးစီးဆင်းလိမ့်မည်။

အဟောမှာ မိုးဦး၊ မိုးလယ်ကောင်းအံ့။ မိုးနှောင်း အ (မိုးနည်းအံ့)၊ စစ်မက်များအံ့၊ ပြည်ကြီးကို ပြည်ငယ်နိုင်စပြုအံ့၊ မင်းဥပဒ်ဖြစ်အံ့၊ ပြည်ရွာ မီးလောင်ဖန် များအံ့၊ သူဌေး သူကြွယ် ကုန်သွယ်လယ်လုပ်တို့သည် ဥပဒ်ဖြစ်ကုန်အံ့၊ ကျွဲ နွား စသော အခြေလေးခု အသေများအံ့၊ ထိုအသားကို စား၍ လူတို့ အသားမာပေါက်ပြီး သေသည် များကုန်အံ့၊ လူတို့ ဝတ်မွတ်ကုန်အံ့၊ ထိုနှစ်၌ အမျိုးအမတ်တို့ မင်းအမျက်သင့်ကုန်အံ့၊ ရေပိုး သားငါးများအံ့၊ အတောင်ရှိသော ကျေးငှက်တို့သည် ဥပဒ်ဖြစ်ကုန်အံ့၊ ကွမ်းသီး၊ ရေတတ်စွံအံ့၊ စိန့် ပြည်ပျက်အံ့၊ (တရုတ်ပြည် ပျက်အံ့ဟု ဆိုသည်။)

(ဤအဟောမှာ ကန်ဦးဆရာတော်၏ တပည့် အရှင်ကောသလ္လ ရေးသားသည့် ကန်ဦးမှ သန္နိဋ္ဌ သင်္ကြန်စကားပြေကျမ်းအတိုင်း အပြည့်အစုံ အတိအကျပင် ဖြစ်သည်။ မဖြတ်မဖြတ်၊ အရှိအတိုင်း ကူးယူဖော်ပြလိုက်သည်။ အဘယ့်ကြောင့် ဖော်ပြရသနည်း။ စာဖတ်သူ ပြည်သူအများ မဖြတ်မတောက်ဘဲ သိစေလိုသောကြောင့်ပင် ဖြစ်သည်။ ကျန်သင်္ကြန်စာများလည်း မဖြတ်မတောက် အရှိအတိုင်း သိစေလိုပါသည်။)

**တနင်္လာနေ့ သင်္ကြန်ကျပါမူ** - မည်သည့်နှစ်ဖြစ်ဖြစ် အမြဲတမ်း မြွေစီးဆင်းလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

အဟောမှာ မိုးဦးတန်အံ့။ မိုးလယ်၊ မိုးနှောင်း ကောင်းအံ့။ မိုးတဖျင်းသုံး ရွာအံ့။ လူတို့ အနာအဖျားများကုန်အံ့။ အဆိပ်ထန်သော မြွေထူအံ့။ မြွေခဲ၍ သတ္တဝါတို့ ဘေးဖြစ်ကုန်အံ့။ ပြည်ရွာ ပူသမှု ဥပဒ်ဖြစ်ကုနအံ့။ ကုန်သည်တို့ကား ဒဏ်ရှိအံ့။ ပြည်ရှင်မင်း နှိပ်စက်အံ့။ မင်းမိန်းမတို့ အမှုအခင်း ဖြစ်သည်များအံ့။ ဗြဟ္မာပြည်ပျက်အံ့။ ဆား၊ ဆေး ရှားအံ့။

**အင်္ဂါနေ့ သင်္ကြန်ကျမှု** - မည်သည့်နှစ်ဖြစ်ဖြစ် ဂဠုန်စီးဆင်းလိမ့်မည်။

အဟောမှာ မိုးဦးတန်အံ့။ မိုးလယ်၊ မိုးနှောင်း ကောင်းအံ့။ ကျိုင်းပိတုံး စသော အတောင်ရှိသော သတ္တဝါတို့ ထူကုန်အံ့။ စစ်မက်များအံ့။ ပြည်သူတို့ စိတ်နှလုံး မသာ၊ ချောက်ချားကုန်အံ့။ ပြည်ရွာ မီးလောင်ဖန်များအံ့။ သူဆင်းရဲ သူကြွယ်တို့ ဒဏ်သင့်ကုန်အံ့။ ခရီးသွား ကုန်သွယ်သောသူတို့ ဥပဒ်ဖြစ်ကုန်အံ့။ စပါးအသီးအနှံမြောက်အံ့။ အဖျင်းများအံ့။ လူတို့ မွတ်သိပ်ကုန်အံ့။ ပဒေသရာဇ်ပြည်ပျက်အံ့။ ရဟန်း၊ ပုဏ္ဏားတို့ ဒဏ်သင့်ကုန်အံ့။ စစ်သူကြီးတို့ ပြေးထွက်ကုန်အံ့။ အုန်းသီး၊ ရေတတ်သီးရှားကုန်အံ့။

**ဗုဒ္ဓဟူးနေ့ သင်္ကြန်ကျမှု** - မည်သည့်နှစ်ဖြစ်ဖြစ် ကျွဲစီးဆင်းမည်။

အဟောမှာ မိုးဦး မိုးလယ်တန်အံ့။ မိုးနှောင်း ကောင်းအံ့။ ကျွဲ နွား စသော အခြေလေးခု အသေများအံ့။ မုန်တိုင်းလေဖွေထန်အံ့။ စပါး၊ အသီးအနှံ မကောင်း။ မြတ်သော ရဟန်း၊ ပုဏ္ဏား မင်း၊ မိဖုရား မင်းသားတို့ ဒဏ်သင့်ကုန်အံ့။ အမျိုးအမတ်၊ သူကြီးဟူသမျှ မကောင်း။ တလိုင်းပြည်ပျက်အံ့။ ဆား၊ ဝါရှားအံ့။

**ကြာသပတေးနေ့ သင်္ကြန်ကျမှု** - မည်သည့်နှစ်ဖြစ်ဖြစ် မြင်းစီးဆင်းမည်။

အဟောမှာ မိုးဦးတန်အံ့။ မိုးလယ်၊ မိုးနှောင်း ကောင်းအံ့။ ခရီးသွားတို့ ဘေးသင့်ကုန်အံ့။ ဆင်၊ မြင်း စသော အခြေလေးခု ဘေးဖြစ်ကုန်အံ့။ မင်း၏ ဆရာ၊ သံဃရာဇာ၊ ရဟန်း၊ ပုဏ္ဏား ပညာရှိ သုခမိန်တို့ အငြင်းအခုန်များကုန်အံ့။ မင်း၊ မိဖုရား၊ မင်းမိန်းမတို့ ဥပဒ်ရှိကုန်အံ့။ ပြည်သူတို့ ဒဏ်သင့်ကုန်အံ့။ တရုတ်ပြည်ပျက်အံ့။ စပါးရှားအံ့။

**သောကြာနေ့ သင်္ကြန်ကျမှု** - မည်သည့်နှစ်ဖြစ်ဖြစ် နွားစီးဆင်းမည်။

အဟောမှာ မိုးဦး မိုးလယ် တန်အံ့။ မိုးနှောင်းကောင်းအံ့။ လူတို့ ဘုရား ပုထိုး ကျောင်းကန် ကုသိုလ်ကောင်းမှု ပြုသည် များကုန်အံ့။ ယုတ်သော ထဘီဝတ်ကြောင့် မြတ်သော ထဘီဝတ်တို့ ပျက်စီးကုန်အံ့။ သူကြီးဟူသမျှ ဥပဒ်ဖြစ်အံ့။ ကျွဲ၊ နွား စသော အခြေလေးခုတို့ ဥပဒ်ဖြစ်အံ့။ ပြည်ကြီးပြည်ငယ် ချောက်ချားအံ့။ ရှမ်းတို့ ပြည်ပျက်အံ့။ ပိုးချည်ရှားအံ့။

**စနေနေ့ သင်္ကြန်ကျမှု** - မည်သည့်နှစ်ဖြစ်ဖြစ် ဘီလူးစီးဆင်းမည်။

အဟောမှာ မိုးဦး၊ မိုးနှောင်း ကောင်းအံ့။ မိုးလယ် တန်အံ့။ မိုးကြိုးကြား တဖျင်းသုံးရွာအံ့(ကွက်ကြားမိုး)။ ကောက်ပဲသီးနှံ မကောင်း။ ပိုး၊ တောက်တဲ့၊ ဖောက်ဖက်ထူအံ့။ အရွက်၊ အခက်၊ အဖူ၊ အမြစ် ကောင်းအံ့။ ပြည်ရွာ မီးလောင်ဖန်များအံ့။ လူတို့ အနာအဖျားများကုန်အံ့။ ကျွဲ နွား အသေအပျောက်များကုန်အံ့။ ထိုအသားကို စား၍ လူတို့ အသားမာပေါက်များအံ့။ ပိဋကတ်၊ ဗေဒင်တတ်သော ရဟန်း ပုဏ္ဏားတို့ ဒဏ်သင့်ကုန်အံ့။ ထိုနှစ် သူပုန်သူကန်များအံ့။ မင်းဥပဒ်ဖြစ်အံ့။ မြေကြီးလှုပ်အံ့။ ဘုရား ပုထိုး ပြိုပျက်အံ့။ ကုလားပြည်ပျက်အံ့။ ဆား၊ ရေတတ်စွံ့အံ့။

ဤကား သင်္ကြန်အကျဟောဖြစ်သည်။

•••

သင်္ကြန်အတက်အဟောသည် နှစ်သစ်ကူးဆိုသည့် အတိုင်း နှစ်တစ်နှစ် စတင်ရောက်ရှိသည်ဖြစ်၍ နှစ်အဟော ပင်ဖြစ်သည်။

ယခုနှစ်သည် မည်သည့်နှစ်ဖြစ်ကြောင်း ပုဂံခေတ်မှ စ၍ ကုန်းဘောင်မင်းဆက်ထိ သုံးစွဲကြောင်း ကျောက်စာများအရ သိရသည်။ ဥပမာ - ဖုသျှနှစ်၊ သရဝဏ်နှစ်၊ ဝိသာခါနှစ် စသဖြင့် ကျောက်စာများအရ ရေးက ရက်စွဲ၊ နှစ်စွဲအဖြစ် သုံး ကြောင်း ထင်ရှားသည်။

ယခုခေတ်မှာ နှစ်အဟောကို အများသုံး ရက်စွဲအဖြစ် မသုံးစွဲကြ။ သင်္ကြန်စာမှာသာ သုံးစွဲကြတော့သည်။

နှစ်အဟောကို သိလိုလျှင် ရောက်သော သက္ကရာဇ်ကို တည်၊ နှစ်ခုနုတ်၊ ၁၂ခုနှင့် စား။ ၁-ကြွင်းလျှင် ဇေယျနှစ်၊ ၂-ကြွင်းလျှင် ဝိသာခါနှစ်၊ ၃-ကြွင်းလျှင် ဇေဋ္ဌနှစ်၊ ၄-ကြွင်းလျှင် အာသဠ္ဌနှစ်၊ ၅-ကြွင်းလျှင် သရဝဏ်နှစ်၊ ၆-ကြွင်းလျှင် အဒြနှစ်၊ ၇-ကြွင်းလျှင် အဿယုဇ္ဇနှစ်၊ ၈-ကြွင်းလျှင် ကြတ္တိကာနှစ်၊ ၉-ကြွင်းလျှင် မိဂသီနှစ်၊ ၁၀-ကြွင်းလျှင် ဖုသျှနှစ်၊ ၁၁-ကြွင်းလျှင် မာဃနှစ်၊ ၀-ကြွင်းလျှင် ဘဂ္ဂုနှစ်တို့ ဖြစ်ကြသည်။

**၁-ကြွင်း ဇေယျနှစ်အဟော**

နှစ်ကို နွားလားဥသဘစောင့်၏။ လကို ကျေးစောင့်

www.burmeseclassic.com

www.burmeseclassic.com

၏။ (စသဖြင့် အစောင့်တွေ၊ အမြတ်တွေ၊ အရှင်သခင်တွေ ထုတ်ပြီးနောက်။)

မြေသြဇာမရှိ။ ကောက်ပဲသီးနှံ မကောင်း။ မွတ်သိပ်ကုန်အံ့။ မိုးအကြိမ် ၅၀ရွာအံ့။ မိုးဦးနည်းအံ့။ တန်ခူးလဆန်း မိုးသံကြားအံ့။ နယုန်လမှာ မိုးရွာအံ့။ မိုးလယ်ရောက်သော် မိုးထန်အံ့။ မိုးကြီးကျယ်အောင် ရွာအံ့။ ရေကြီးအံ့။ မုန်တိုင်းလာအံ့။ အခြေလေးခုရှိဗသာ သတ္တဝါ၊ အတောင်ရှိသော ကျေးငှက်သတ္တဝါတို့သည် ဘေးကြီးစွာ ဖြစ်ကုန်၍ သေကုန်အံ့။ လူတို့အချင်းချင်း ညှင်းဆဲကုန်လတ္တံ့။ စစ်မက်များအံ့။ မင်းနှလုံး မသာမယာဖြစ်အံ့။ ပြည်ရွာ မီးလောင်ဖန်များအံ့။ လူတို့ အနာအဖျားများကုန်အံ့။ လူတို့ လုပ်ဆောင်သမျှ ပျက်စီးကုန်အံ့။ သစ်မြစ်၊ သစ်ဖု၊ သစ်သီး အလုံးကြီးအံ့။ ဥတ္တရ(မြောက်အရပ်)၊ သေံ(အရှေ့မြောက်)၊ အဝ္ဂိ(အရှေ့တောင်အရပ်)ရှိ ပြည်ရွာတို့ သုဉ်းကုန်အံ့။ ရှားပါးငတ်မွတ်အံ့။

ထိုနှစ်ဖွားသော သားကား အဆင်းလှအံ့။ ပညာရှိအံ့။ ဟူးရားသမား တတ်အံ့။ ချမ်းသာရအံ့။ အသက် ၇၀ နေရအံ့။

## ၂-ကြွင်း ဝိသာခါနှစ်အဟော

နှစ်ကို ကျားစောင့်၏။ လကို နွားစောင့်၏။ စသည် စသည်များ။

မြေသြဇာတက်အံ့။ မိုးကြီးစွာရွာအံ့။ မိုးအကြိမ် ၅၀ရွာအံ့။ မိုးဦး အလွန်ကောင်းအံ့။ တန်ခူးလဆန်း မိုးသံကြားအံ့။ ကဆုန်လမှာ မိုးရွာအံ့။ ကောက်ပဲသီးနှံ မြောက်အံ့။ သစ်သီးပန်းမာလ်များအံ့။ သစ်ရွက်ဟူသမျှ ကောင်းအံ့။ လူတို့ ဝပြောကုန်အံ့။ ပြည်ထဲ သာယာအံ့။ သမီး၊ လုလင်ပျိုတို့ ချစ်ကြကုန်အံ့။ ဦးချိုရှိသော သတ္တဝါ၊ အစွယ်ရှိသော သတ္တဝါတို့ ချမ်းသာရကုန်အံ့။ သစ်ကျား၊ မိကျောင်း ရဲအံ့။ ဝါဆို၊ ဝါခေါင် ဤနှစ်လကား ရောဂါများကုန်အံ့။ ကဆုန်၊ တန်ဆောင်မုန်း၊ တပေါင်း ဤသုံးလကား လူတို့ အနာအဖျား၊ ကျောက်၊ ဝက်သက်များကုန်အံ့။ စစ်မက်နည်းအံ့။

ထိုနှစ် ဖွားသော သားကား ရန်အောင်အံ့။ ဘုန်းပညာရှိအံ့။ ပညာသင်သော်တတ်လွယ်၏။ သတင်းကောင်းရှိအံ့။ ဥစ္စာရှိအံ့။ သတင်းကောင်းရှိအံ့။ ဥစ္စာရှိအံ့။ စိုးမင်း ယုံကြည်အံ့။ သူချစ် များအံ့။ တရားစောင့်အံ့။ သစ္စာစောင့်အံ့။ အသက် ၈၀ နေရအံ့။

## ၃-ကြွင်း ဇေဋ္ဌနှစ်အဟော

နှစ်ကို ကျားစောင့်၊ လကို လင်းတစောင့်၏။ စသည် စသည်များ။

မြေသြဇာတက်၏။ မိုးဦး၊ မိုးနှောင်း နာအံ့။ မိုးလယ်ရွာအံ့။ မိုးအကြိမ် ၄၀ ရွာအံ့။ ကျေးတောင် မကောင်း။ ချိုင့်ဝှမ်းရာ ကောင်းအံ့။ ကောက်ပဲအပင် မကောင်း၍ အသီးအနှံမကောင်း။ အဖျင်းများအံ့။ မြေတကာ ဖြစ်သမျှ သစ်ပင်နာအံ့။ အရွက်ကြွေကျလတ္တံ့။ မိုးကြည်းကြောင်းရွာအံ့။ ကဆုန်လ မိုးသံကြားရအံ့။ နယုန်လမှာ မိုးရွာအံ့။ လူတို့ အနာအဖျားများကုန်အံ့။ ပြည်သူတို့ ခိုက်ရန်များကြကုန်အံ့။ အချင်းချင်း ညှင်းဆဲကြလတ္တံ့။ သေန်-အရှေ့မြောက်၊ အဂ္ဂိ-အရှေ့တောင်မှ စစ်ဖြစ်ကြလတ္တံ့။ ကျောက်ဝက်သက် ထွက်အံ့။ အနာထူပြောအံ့။ တန်ခူး၊ ကဆုန်၊ ဝါခေါင်၊ သီတင်းကျွတ်၊ နတ်တော်၊ ဤ ၅လကား လူတို့ ရှားပါးငတ်မွတ်ကုန်အံ့။ သမီး၊ လုလင်ပျိုတို့ မြူးတူးခြင်း လွန်ကုန်အံ့။

ထိုနှစ် ဖွားသောသားကား သူချစ်များအံ့။ အမျိုးများအံ့။ ကျော်စောထင်ရှားအံ့။ မယားများအံ့။ သားမြေးများအံ့။ စိတ်နှလုံး မဖြောင့်၊ ကောက်ကျစ်အံ့။ အကြံအစည်နက်အံ့။ လူတကာတို့ မိခိုရာဖြစ်အံ့။ အသက် ၅၀ နေရအံ့။

## ၄-ကြွင်း အာသဠ္ဌနှစ်အဟော

နှစ်ကို မဂါရ်းစောင့်အံ့၊ လကို ငါးစောင့်အံ့၊ စသည် စသည်များ။

မြေသြဇာ မရှိ။ မိုးဦး၊ မိုးလယ် ကောင်းအံ့။ မိုးနှောင်းတန်အံ့။ မိုးတဖျင်းသုံးရွာအံ့။ မိုးအကြိမ် ၆၀ ရွာအံ့။ ကျေးတောင်တော မကောင်း။ ချိုင့်ဝှမ်းရာ ကောင်းအံ့။ ကောက်ပဲနာအံ့။ အရွက်ဟုန်အံ့။ အသီးအနှံ အရွက်အဖု မကောင်း။ ရေကြီးအံ့။ မိုးနှောင်း တန်အံ့။ ကဆုန်လဆန်း မိုးသံကြားအံ့။ နယုန်လမှာ မိုးရွာအံ့။ ပန်းမာလ်အနံ့အမွှေး မကောင်း။ ကဆုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ ပြာသို၊ ဤလေးလကား ခိုးသူထ၍ ခိုက်ရန်များအံ့။ မင်းကား ရန်သူကို အောင်အံ့။ အဝေးသားရောက်အံ့။ လူတို့ အနာအဖျာများကုန်အံ့။ မွတ်သိပ်ကုန်အံ့။ သမီး၊ လုလင်ပျို စသော သူကြီးသူမတို့ ချစ်ခင်သောသူတို့နှင့် ကွေကွင်းချင်း များကုန်အံ့။ လူတို့ ပွဲသဘင်အလှူကောင်းမှု ပြုသူ နည်းအံ့။

ထိုနှစ် ဖွားသောသားကား ပညာရှိအံ့။ ဥစ္စာသခင်ဖြစ်အံ့။ စိုးမင်းသိထင်အံ့။ ချစ်သူများအံ့။ ကောင်းသော ကျော်စောခြင်း ရှိအံ့။ စောင်းညှင်းတတ်အံ့။ ဘုန်းရှိအံ့။ ယဉ်ကျေးအံ့။ လူတကာတို့ မှီရာဖြစ်အံ့။ ဆုလာဘ်ကြီးစွာရအံ့။ အသက် ၈၀ နေရအံ့။

## ၅-ကြွင်း သရဝဏ်နှစ်အဟော

နှစ်ကို မိကျောင်းစောင့်၏၊ လကို ယုန်စောင့်၏၊ စသည် စသည်များ။



www.burmeseclassic.com

www.burmeseclassic.com

မြေသြဇာတက်၏။ မိုးဦးတန့်အံ့။ မိုးလယ်၊ မိုးနှောင်း ကောင်းအံ့။ ရေကြီးအံ့၊ ငါးသားရှားအံ့။ မိုးအကြိမ် ၇၀ရွာအံ့။ မိကျောင်း ရဲအံ့။ မြွေထူအံ့။ ကဆုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ ပြာသို၊ တပို့တွဲ၊ ဉာ်ငါးလကား ပြည့်ရှင်မင်းတို့ ထံ လာဘ်သပ်ပကာရောက်အံ့။ ကောက်ပဲအသီးအနှံကောင်း အံ့။ ဝပြောအံ့။ လူတို့ အနာအဖျားများကုန်အံ့။ တပေါင်းလ ဆန်း မိုးသံကြားအံ့။ ကဆုန်လမှာ မိုးရွာအံ့။ အပျက်အစီးများ အံ့။ ပြည်ရွာ မီးလောင်ဖန်များအံ့။ ဇန္နပုဒ်တိုင်းကား ပုန်ကန် အံ့။ ခိုက်ရန်များအံ့။ မင်း, ရဟန်း, ပုဏ္ဏား မကောင်း။ အချင်းချင်းသတ်ပုတ်ကြလတ္တံ့။ မုဒိမ်း ထူပြောအံ့။

ထိုနှစ် ဖွားသောသားကား ပညာလျင်အံ့။ ထက်မြက် အံ့။ ပိဋကတ်ဗေဒင်တတ်အံ့။ ဘုန်းတန်ခိုး အာနုဘော်ကြီးအံ့။ စောင်းမာန်ကြီးအံ့။ အခြေလေးခုသခင်ဖြစ်အံ့။ အသက် ၉၀ နေရအံ့။

**၆-ကြွင်း ဘဒြနှစ်အဟော**

နှစ်ကို မြင်းစောင့်၏။ လကို ကြက်စောင့်၏။ ရက်ကို ကြွက်စောင့်၏။ စသည်···စသည်များ။

မြေသြဇာတက်အံ့။ မိုးဦး၊ မိုးလယ်တန့်အံ့။ မိုးနှောင်း ကောင်းအံ့။ မိုးအကြိမ် ၆၀ ရွာအံ့။ မိုးတဖျင်းသုံး ရွာအံ့။ မြစ်ရေ မြောက်အံ့။ ကျေးကုန်းတောတောင် ကောင်းအံ့။ ချိုင့်ဝှမ်းရာ မကောင်း။ ကောက်ပဲသီးနှံ ကောင်းအံ့။ စပါး စသော အသီးမျိုးတို့သည် အဖျင်းမရှိ၊ မာကုန် အနှစ်ရှိကုန် အံ့။ လူတို့ အနာအဖျားများကုန်အံ့။ ဝဲဆွေ ဝဲလောင်(ဝဲခြောက်၊ ဝဲစို)၊ ကျောက်ဝက်သက်ထွက်ကုန်အံ့။ လူတို့ ဝပြောသာယာ ကုန်အံ့။ အမတ် စစ်သူကြီးတို့ စစ်မက်သွားရကုန်အံ့။ ပြည်ရွာ ချောက်ချားအံ့။ မြောက်အရပ်မှ မုဒိမ်းထလတ္တံ့။ သမီး၊ လုလင် ပျိုတို့ ရှင်မြူးကြအံ့။ ရမ္မက်ကြီးအံ့။ ပြည့်ရှင်မင်းကား ဘေး ကင်းအံ့။ မိဖုရားသစ် မြောက်အံ့။ တပေါင်းလဆန်း မိုးသံ ကြားအံ့။ တန်ခူးလဆန်း မိုးရွာအံ့။ လေမုန်တိုင်းထအံ့။ အခြေ လေးခုပေါ်အံ့။ ဆင်၊ မြင်း နာအံ့။

ထိုနှစ် ဖွားသောသားကား သူချစ်များအံ့။ သိမြင် လိမ္မာ အံ့။ နှုတ်-လက် ယဉ်ကျေးအံ့။ စည်းစိမ်ချမ်းသာများအံ့။ အဆင်းလှအံ့။ ပညာရှိအံ့။ အသက်ရှည်အံ့။ သတင်းကောင်း ရှိအံ့။ အသက် ၈၀ နေရအံ့။

**၇-ကြွင်း အဿယုဇနှစ်အဟော**

နှစ်ကို ဆင်စောင့်၏။ လကို သမင်စောင့်၏။ ရက်ကို သကြ်န်စောင့်၏။ စသည်···စသည်များ။

မြေသြဇာတက်အံ့။ မိုးဦးတန့်အံ့။ မိုးလယ်၊ မိုးနှောင်း ကောင်းအံ့။ မြစ်ရေ၊ ချောင်းရေ ကောင်းအံ့။ မိုးအကြိမ် ၉၀ ရွာအံ့။ လေမုန်တိုင်းထန်အံ့။ ကောက်ပဲ အကောင်းညီအံ့။ အခွံအနက်ထွက်အံ့။ သစ်မြစ် သစ်ပွင့် သစ်သီး အကောင်း ညီအံ့။ မင်းတို့ တရားဆယ်ပါး စောင့်ကုန်အံ့။ ပြည်သူတို့ ဝပြော သာယာကုန်အံ့။ စည်းစိမ်ဥစ္စာတိုးတက်များအံ့။ အလှူ ကောင်းမှုပြုသည် များအံ့။ တန်ခူးလ မိုးသံကြားအံ့။ ကဆုန် လမှာ ရွာအံ့။ လေရှည်အံ့။ မိုးအကောင်းညီအံ့။ ကျေးတော တောင်နှံ့အံ့။ ကန်ချောင်းပြည့်အံ့။

ထိုနှစ် ဖွားသောသားကား ကုသိုလ်ကောင်းမှု အလိုရှိ အံ့။ ဟူရား၊ ဗေဒင်၊ ယတြာ ယာယီတတ်အံ့။ အလွန် သုခမိန်ဖြစ်အံ့။ မင်း စသော ပြည်သူတို့ ချမ်းသာကို ရာပေ လတ္တံ့။ အသက် ၈၀ နေရအံ့။

**၈-ကြွင်း ကြတ္တိကာနှစ်အဟော**

နှစ်ကို မျောက်စောင့်၏။ လကို ခွေးစောင့်၏။ ရက်ကို ကြောင်စောင့်၏။ စသည်···စသည်များ။

မြေသြဇာတက်၏။ မိုးဦး၊ မိုးလယ် ကောင်းအံ့။ မိုး နှောင်း နာအံ့။ ရေလယ်၊ ရေနှောင်း ကောင်းအံ့။ မိုးအကြိမ် ၁၀၀ ရွာအံ့။ မိုး ထက်ဝန်းကျင်အညီရွာအံ့။ ရွာတာရှည်အံ့။ လေထန်အံ့။ စပါး, ပြောင်း, ပဲ, ချိုင့်ဝှမ်းရာ ကောင်းအံ့။ ကောက်ပဲသီးနှံ မြောက်အံ့။ ပန်းမာလ်အနံ့မွှေးအံ့။ သူကြွယ် တို့ ပျက်စီးကုန်အံ့။ တိုင်းကား ပုန်ကန်အံ့။ ကဆုန်၊ သီတင်း ကျွတ်၊ တပို့တွဲ၊ တပေါင်း၊ ဉာ်လေးလကား လူတို့ အနာ အဖျားများကုန်အံ့။ လူတို့ မွတ်သိပ်ကုန်အံ့။ အခြေလေးခု ဥပဒ်ရှိအံ့။

ထိုနှစ် ဖွာသောသားကား စိတ်လက်ကြွအံ့။ နှုတ် လက်ဆော့အံ့။ မယားများအံ့။ သားသမီးနည်းအံ့။ ဥစ္စာများ အံ့။ ယာဉ် သံလျှင်းမကွာ စီးရအံ့။ အသက် ၇၀ နေရအံ့။

**၉-ကြွင်း မိဂသီနှစ်အဟော**

နှစ်ကို ကြက်စောင့်၏။ လကို အဘယနတ်စောင့်၏။ ရက်ကို သကြ်န်စောင့်၏။ စသည်···စသည်များ။

မြေသြဇာတက်အံ့။ မိုးဦး၊ မိုးလယ် ကောင်းအံ့။ မိုး နှောင်းတန့်အံ့။ ကောက်ပဲ၊ ဗူး၊ ဖရုံ၊ ဖရဲ ခရမ်းကား ချိုင့်ဝှမ်း ရာ ကောင်းအံ့။ အသီးအနှံပွင့်မြောက်အံ့။ အခွံအနက်နေအံ့။ ကြွက်ဖျက်အံ့။ ကဆုန်၊ သီတင်းကျွတ်၊ နတ်တော်၊ တပို့တွဲ၊ တပေါင်း၊ ဉာ်ငါးလကား ပြည်ရွာရှုပ်ထွေးပ်မွတ်အံ့။ လူတကာ တို့ ဘေးဥပဒ်ဖြစ်ကုန်အံ့။ မိုးမရွာမိသော အရပ်ကား တင်း ပေါက်မျှ မကျ။ ခေါင်အံ့။ မီးလောင်ဖန်များအံ့။ မင်းပြည် အမျက်ထွက်ဖန်များအံ့။ ဆင်၊ မြင်း၊ ယာဉ်တို့ဖြင့် စီးသွားရ



www.burmeseclassic.com

www.burmeseclassic.com

အဲ့။ ဗိုလ်ပါ ထိတ်လန့်အဲ့။ လူတို့ စိတ်နှလုံး မသာယာရှိကုန်အဲ့။ ဧနပုဒ် တိုင်းကားပြည်ရွာ သောင်းကြမ်းအဲ့။ ပုန်ကန်အဲ့။ ဘေးများအဲ့။ လူတို့ စည်းစိမ်ချမ်းသာ ပျက်စီးခြင်းများကုန်အဲ့။ ကဆုန်လ မိုးသံကြားအဲ့။ နယုန်လမှာ ရွာအဲ့။ သတ္တဝါတို့ ဥပဒ်များကုန်အဲ့။

ထိုနှစ် ဖွားသောသားကား ပညာရှိအဲ့။ အခြေလေးခု သခင်ဖြစ်အဲ့။ စိတ်နှလုံး ကောက်ကျစ်အဲ့။ ဆင်၊ မြင်းစီး၍ သွားရအဲ့။ အသက် ၅၀ နေရအဲ့။

**၁၀-ကြွင်း ဖုဿျှနှစ်အဟော**

နှစ်ကို ခွေးစောင့်၏၊ လကို ကြောင်စောင့်၏၊ ရက်ကို ကြွက်စောင့်၏၊ စသည်···စသည်များ။

မြေသြဇာတက်အဲ့။ မိုးဦး၊ မိုးလယ် နာအဲ့။ မိုးနှောင်း ကောင်းအဲ့။ မိုးအကြိမ် ၁၀၀ ရွာအဲ့။ ရေကြီးအဲ့။ တောတောင် မကောင်း။ ချိုင့်ဝှမ်းရာ ကောင်းအဲ့။ မြေထက် ရောက်သော ကောက်ပဲဟူသမျှ အမြစ်၊ အဖု၊ အရွက်၊ အသီးအနှံ မကောင်း။ လူတို့ မွတ်သိပ်ကုန်အဲ့။ အချင်းချင်းလုယက်ကြကုန်အဲ့။ ငါးသေအဲ့။ လူတို့ စကားမမှန်ကျင့်ကုန်အဲ့။ ထူးပြားသော အနာတို့ ပေါက်၍ သေပျောက်ကုန်အဲ့။

ကဆုန်၊ ဝါဆို၊ နတ်တော်၊ တပေါင်း ဤလေးလကား စပါးရှားအဲ့။ လူတို့ ငတ်မွတ်ကုန်အဲ့။ မီးလောင်ဖန်များအဲ့။ မင်းလည်း အမျက်ထွက်ဖန်များအဲ့။ ဗိုလ်ပါထိတ်လန့်အဲ့။ စစ်ရောက်အဲ့။ ဥပဒ်ကြီး ဖြစ်ကြအဲ့။ ကဆုန်လကား မိုးသံကြားအဲ့။ နယုန်လမှာ ရွာအဲ့။ ကောက်ရင်း၊ ကောက်လတ် ကောင်းအဲ့။ သစ်သီး၊ ကွမ်းသီးနည်းအဲ့။

ထိုနှစ် ဖွားသောသားကား အနာအဖျားနည်းအဲ့။ စည်းစိမ်ချမ်းသာနည်းအဲ့။ စိတ်နှလုံးဆင်းရဲအဲ့။ ပညာနည်းအဲ့။ သူ့အသက်ကို မချစ်တတ်။ သူ့အိမ်ရာကို ပြစ်မှားတတ်အဲ့။ အသက် ၆၀ နေရအဲ့။

**၁၁-ကြွင်း မာဃနှစ်အဟော**

နှစ်ကို ဝက်စောင့်၏၊ လကို ကျီးစောင့်၏၊ ရက်ကို ခွေးစောင့်၏၊ စသည်···စသည်များ။

မြေသြဇာမရှိ။ မိုးဦးနာအဲ့။ မိုးလယ်၊ မိုးနှောင်း ကောင်းအဲ့။ ရေကြီးအဲ့။ လေနှောင်းအဲ့။ မုန်တိုင်းလေပွေထန်အဲ့။ မိုးအကြိမ် ၆၀ ရွာအဲ့။ ကောက်ပဲသီးနှံတို့ အဖျင်းမရှိ။ ကျေးတောင်တော မကောင်း။ သစ်ပင်ဟူသမျှလည်း မကောင်း။ အမြစ်အဖု အရွက်နာအဲ့။ အပွင့်အသီးနည်းအဲ့။ လူတို့ အနာအဖျားများကုန်အဲ့။ အသေအပျောက်နည်းအဲ့။ မိုးကြည်းကြောင်းရွာအဲ့။ ငါးသားများအဲ့။ တန်ခူးလဆန်း မိုးသံကြား၏။ နယုန်လမှာ ရွာအဲ့။ ဝါခိုလ မိုးမှန်အဲ့။ လူတို့ ဝပြောကုန်အဲ့။ စစ်မက်မရှိ။ ပြည့်ရှင်မင်း နှလုံးချမ်းသာအဲ့။

ထိုနှစ် ဖွားသောသားကား ဥစ္စာပရိက္ခရာများအဲ့။ ပညာ အဆင်အခြင်မရှိ။ လောဘရမ္မက်ကြီးအဲ့။ အင်္ဂါလက္ခဏာ ချို့တဲ့အဲ့။ အဆင်းအဝါတန့်အဲ့။ အမူအကျင့်ညစ်အဲ့။ ချစ်သူခင်သူနည်းအဲ့။ အသက် ၇၀ နေရအဲ့။

**၀-ကြွင်း ဘဂ္ဂုနှစ်အဟော**

နှစ်ကို ကြွက်စောင့်၏၊ လကို ဝမ်းဘဲစောင့်၏၊ ရက်ကို ဝက်စောင့်၏၊ စသည်···စသည်များ။

မြေသြဇာတက်အဲ့။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း အကောင်း ညီအဲ့။ မိုးရွာ တာရှည်အဲ့။ ရေနှောင်းအဲ့။ မိုးအကြိမ် ၆၀ ရွာ အဲ့။ ကောက်ပဲသီးနှံ ကောင်းအဲ့။ ကောက်ရင်း၊ ကောက်လတ် ကောင်းအဲ့။ သစ်မြင်၊ သစ်ဖု၊ သစ်ရွက်၊ သစ်ပွင့်သစ်သီး အကောင်းညီအဲ့။ ကွမ်းသီး၊ ကွမ်းရွက် အကောင်းညီအဲ့။ စပါး ပြောင်းတို့သည် အခွံနက်ကုန်အဲ့။ ကြွက်ဖျက်အဲ့။ လူတကာ တို့ ဝပြောချမ်းသာကုန်အဲ့။ သမီး၊ လုလင်ပျိုတို့ စိတ်လက် မရွှင်၊ ကိုယ်နာကိုယ်ဖျား များကုန်အဲ့။ မင်းလည်း သူတစ်ပါးမှ ဖြစ်သော ဥစ္စာတို့ကို ရအဲ့။ စိတ်နှလုံးချမ်းသာရအဲ့။ တန်ခူးလ ဆန်း မိုးသံကြားအဲ့။ ကဆုန်လမှာ ရွာအဲ့။ မိုးရန့်အဲ့။ လေ နှောင်းအဲ့။ ရေရန့်အဲ့။ အခြေလေးခု အနိအပြောက်အကျား စွဲအဲ့။

ထိုနှစ် ဖွားသောသားကား ဥစ္စာများအဲ့။ လျှပ်ပေါ်အဲ့။ ပညာလျင်အဲ့။ အဆင်းအဝါလှအဲ့။ နှုတ်သစ္စာစောင့်အဲ့။ သားသမီးမြေးမြစ်တိုင်အောင် အဆင်းအဝါ စည်းစိမ်းချမ်းသာ မချို့တဲ့ ပြည့်စုံအဲ့။ လူတကာတို့ကို သနားစုံမက်အဲ့။ မရောက်ဘူးသော အရပ်တို့ကို ရောက်အဲ့။ သူ့ကို နိုင်ထက်ပြုတတ်အဲ့။ အသက် ၉၀ နေရအဲ့။

•••

အရှင်ဇောသလ္လ ဆရာတော်သည် အထက်ပါ သင်္ကြန်စကားပြေစာကို ရှေးဟောင်းအတာစက္ကူအတိုင်း ကိုးကား၍ ရေးသားခဲ့သည်။

ယခုခေတ် သင်္ကြန်စာများကလည်း ၎င်းကို ကိုးကား၍ ရေးကြသည်။ အပြည့်အစုံမရေးကြ။ ကောင်းတာ ကွက်၍၊ မကောင်းတာကို ခေတ်အရ ချန်ထားခဲ့ကြသည်။

ယခု စာဖတ်သူသည် သင်္ကြန်အဟောကို အပြည့်အစုံ သိရှိနိုင်ပေပြီ၊ ကိုယ့်ဘာသာ တွက်ချက်၍ ရှေ့ဆက် ဟောနိုင်ပေပြီ။

* * *

မွှာစေရိယ ဦးအောင်ကျော်မိုး



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသားကျန်းမာရေး ဆေးဖက်ဝင်မဥ္ဇူပန်းပင်

ကျော်တင့်ဆွေ

စာရေးသူနဲ့ အလွန်ရင်းနှီးတဲ့ ဆရာကြီး ဦးစံဝင်း(ယခု ကွယ်လွန်ပါပြီ)ဟာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျန်းမာရေး စကားဝိုင်းအဖြစ် အာယုဗေဒ ဆေးပညာအပါအဝင် အခြား တိုင်းရင်းဆေးပညာရပ်များကို တွေ့ဆုံ ဆွေးနွေးလေ့ရှိပါတယ်။ ဆရာကြီးနဲ့ ဆွေးနွေးချက်ကို အပတ်စဉ် မှတ်တမ်းပြုထား ခဲ့ပါတယ်။ ဒီမှတ်တမ်းတွေထဲမှ အမျိုးသားတွေအတွက် အထူးအသုံးဝင်မယ့် မှတ်တမ်းလေးကို စာဖတ်ပရိသတ်တွေ အတွက် ရေးသားတင်ပြထားပါသည်။

## ကျေးလက်ဒေသအသုံး

ဆေးပညာနဲ့ ပြည့်စုံကြွယ်ဝလှတဲ့ ကျေးလက်ဒေသမှ ပုဂ္ဂိုလ်တွေကတော့ မဥ္ဇူပန်းပွင့်ကလေးများကို အခြောက် လှန်းကာ ဆိတ်သား၊ ဝက်သားတို့နဲ့ ကြော်စားတတ်ကြပါ တယ်။ ဒီလိုကြော်စားပေးခြင်းအားဖြင့် လိင်မှာ မညှိုးနွမ်းဘဲ အမြဲလိုလို လန်းဆန်းတက်ကြွမှုကို ရရှိခံစားရပြီး အချို့ မှာ မဥ္ဇူပန်းဥမြစ်ကို မနူးတနူးပြုတ်၍ ချေပေးကာ ပျားရည်၊ ထောပတ်တို့နဲ့ စားသုံးလေ့ရှိကြပါတယ်။ လူကို ရွှင်လန်း တက်ကြွစေကာ ကာမစိတ်ကုန်ခန်းသော အခြေအနေတို့မှ ကင်းဝေးစေပါတယ်။

## အရေပြားရောဂါ

မကြာခဏ လူတိုင်း ဖြစ်တတ်တဲ့ အရေပြားရောဂါ ကတော့ ရေယုန်ရောဂါနဲ့ အင်ပျဉ်ရောဂါတွေအတွက် မဥ္ဇူ ပင်ရဲ့ အရွက်ကို ထုထောင်းပြီး ရတဲ့ အရည်နဲ့ ပွတ်တိုက် ပေးနိုင်ပါတယ်။ ကုသရာမှာ လွယ်ကူစေနိုင်ပါတယ်။

## မကွရအဖြူ၊ အနီ ကုသနည်း

ကလေးသူငယ်တွေမှာ မကွရပေါက်လေ့ရှိကြပါတယ်။ မကွရမှာ အနီပေါက်ခဲ့ရင်တော့ မဥ္ဇူပန်းအနီရောင်ပွင့်တဲ့ အပင်ရဲ့ အရွက်ကို နမ်းဆီနဲ့ ကြိတ်ပြီး ရတဲ့ အရည်နဲ့ မကြာခဏ ဆွတ်ပေးပါ။ မကွရအဖြူပေါက်ရင်တော့ မဥ္ဇူ ပန်းအဖြူပွင့်တဲ့ အပင်ရဲ့ အရွက်ကို နမ်းဆီနဲ့ အထက်ပါ အတိုင်း ဆောင်ရွက်ပေးရပါတယ်။

## ခံတွင်းပျက်ခြင်း

မဥ္ဇူပန်းရဲ့ အရွက်ကို ဆားနဲ့ ကြိတ်ပြီး လျှာကို နှိုက် ပေးပါက ခံတွင်းအရသာကို ပြန်ပြီးတွေ့စေပါတယ်။

## မဥ္ဇူငါးပါးပြုတ်ဆေးရည်အသုံး

အထက်ပါ ပဥ္ဇငါးပါးပြုတ်ဆေးရည်ကို သောက်ပေး ပါက အစားအသောက်ပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ ညောင်း ညာကိုက်ခဲခြင်း၊ ကာမစိတ်ကုန်ခန်းခြင်း၊ အသားအရေခြောက် ကပ်လာခြင်း၊ ယားယံခြင်း၊ ဝဲ၊ အနာအဆာ၊ ဆီးအိမ်တွင်း ဖြစ်သော ရောဂါများ၊ ဆီးပူ ဆီးအောင့်၊ ဆီးကျရောဂါ၊ မျိုးပွားလမ်းကြောင်းတွင် ဖြစ်သော ရောဂါများ၊ ဝမ်းတွင်း ထိုးအောင့်သော ရောဂါများ၊ ဝမ်းချုပ်မှုလွန်ကဲသော ရောဂါ၊ ကျား-မ မရွေး သောက်ပေးပါက ဆီး၊ ဝမ်း၊ လေ မှန်ကာ ရောဂါဘယများအားလုံး ကင်းဝေးစေနိုင်ပါတယ်□

* * *


ကျော်တင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

# ထူးထွေဆန်းပြား သိမ်ဘုရား



(၁)

"သိမ်ဘုရား ပါတယ်ဗျို့"

သီဟတို့အဖွဲ့ ကားပေါ်မှ ဆင်းတော့ နံနက် ၄နာရီခန့်မျှသာ ရှိသေးသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်နေပြီး ညဥ့်ငှက်များ၏ အော်သံမှအပ တိတ်ဆိတ်ခြင်းက ကြီးစိုးလျက်။ လက်နှိပ်ဓာတ်မီးများ ပါ၍ တော်သေး

www.burmeseclassic.com

www.burmeseclassic.com

သည်။ အထုပ်အပိုးတွေ မနိုင်မနင်းဖြင့် သဲလမ်းတစ်လျှောက် ရုန်းနေရသဖြင့် တစ်ဖွဲ့လုံး မြန်မြန်ရောက်ပါစေဟု ဆုတောင်းနေမိကြသည်။

သိမ်ဘုရားမှာ ကျောက်ပန်းတောင်းမြို့ မရောက်ခင် ဂုမိုင်ခန့်အလို၌ တည်ရှိသော "အင်တောကျယ်ရွာ" နှင့် "အင်တောရွာ" နှစ်ရွာကြား၌ ကိန်းဝပ် စံပယ်တော်မူလျက် ရှိသည်။ လူသူအရောက်အပေါက်နည်းပြီး နှစ်ပေါင်းများစွာ ပြုပြင်မွမ်းမံမည့်သူ မရှိသောကြောင့် ယိုယွင်းပျက်စီးလျက် ရှိနေသည်။ ထို့ကြောင့် ရန်ကုန်မြို့ ကန်ဈေးတန်းလမ်းရှိ "အိရှွေစင်" ရတနာရွှေဆိုင်မှ မ,တည် လှူဒါန်းပြီး ကျောက်ပန်းတောင်းမြို့မှ သဲအင်းဂူ ဆရာတော်ကိုယ်တိုင် ကြီးကြပ်၍ ဘုရားထီးတော်တင်ရန်နှင့် ပြုပြင်မွမ်းမံရန်အတွက် သီဟတို့ကို တာဝန်ပေး၍ လာရောက်ရခြင်းပင်။

"ကဲ - ဘုရားကိုတော့ ရောက်ပြီ ဘယ်မှာ နေရာချရင် ကောင်းမလဲ"

"သိမ်ထဲမှာပဲ အိပ်တာ ကောင်းမယ်။ အပြင်မှာဆို အန္တရာယ်များတယ်ကွ။ ဒီနေရာက မြွေအရမ်းပေါတယ်ကွ"

အလှူရှင် ကိုကျော်စွာနှင့် လူယုံ ဆရာကြီး(မျိုးကြီး)တို့ နှစ်ယောက် နေရာရွေးနေချိန်မှာပင် သီဟတို့ ငါးယောက်ကတော့ သိမ်ထဲမှာ နေရာပင်ယူပြီးနေပြီဖြစ်သည်။ သီဟတို့ ငါးယောက်မှာ အလုပ်သမားခေါင်းဆောင် ဆရာတိုး၊ ကျော်သူရ၊ ငြိမ်းချမ်း၊ စောငွေးနှင့် သီဟတို့ ဖြစ်သည်။

"ဆရာတိုး . . . အိပ်ပြီလားဗျ"

"အိပ်ပြီ ကိုကျော်စွာရေ ပင်ပန်းနေပြီဗျ"

"ကောင်းပါတယ်ဗျာ။ ပင်ပင်ပန်းပန်းနဲ့ အိပ်လိုက်ရင်တော့ တစ်ရေးပဲ"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပ"

သိပ်မကြာလိုက်ပါ။ စကားသံများ တိတ်ဆိတ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး ပုံမှန်အတိုင်း ပြန်လည်လှုပ်ရှားလျက်။

ပင်ပန်းသည်ကို အကြောင်းပြပြီး အိပ်လိုက်ကြရာ အချိန်မည်မျှကြာသွားသည်ကို မသိ။ မျက်နှာပေါ်ကို နေရောင်ထိုးတော့မှ သီဟတစ်ယောက် နိုးလာတော့သည်။ ကားပေါ်မှ ယူလာသည့် ရေသန့်ဘူးဖြင့် မျက်နှာသစ်ရင်း ပတ်ဝန်းကျင်ကို လှေ့လာကြည့်လိုက်မိသည်။ အရပ်ရှစ်မျက်နှာစလုံး ထန်းပင်များက ပြည့်နှက်နေပြီး လူနေအိမ်ဟူ၍ အရိပ်အယောင်မျှပင် မတွေ့။ အတော်ခေါင်သည့် နေရာပဲဟု သီဟ စိတ်ထဲ မှတ်ချက်ချလိုက်မိသည်။

"ကိုသီဟ . . . ဟိုမှာ ကြည့်ပါဦး၊ လှလိုက်တာဗျာ"

"ဘာလဲကွ၊ ဘာကို ကြည့်ရမှာလဲ"

"ဟိုမှာလေဗျာ"

စောငွေး ညွှန်ပြသည့် နေရာကို ကြည့်လိုက်မိတော့ . . .

"ဟာ . . . လှလိုက်တာဗျာ။ ရန်ကုန်မှာဆို ဒီလိုရှုခင်းမျိုးကို တွေ့ဖို့ မလွယ်ပါဘူးကွာ။ တကယ်ပါပဲ"

မှန်ပါသည်။ သီဟတို့အဖို့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေထဲမှာသာ မြင်ဖူး၊ တွေ့ဖူးခဲ့ရသည့် ရှုခင်းမျိုးကို ယခုမှပင် မျက်ဝါးထင်ထင် တွေ့မြင်ရတော့သည်။ မြူတွေ ရစ်ဆိုင်းနေသည့် ပုပ္ပါးတောင်မကြီးနှင့် တောင်ကလပ်မှာ သဘာဝတရား၏ ရင်ခွင်ထဲမှ ခြယ်သ ပုံဖော်ထားသည့် ပန်းချီကားတစ်ချပ်အလား လှပလွန်းနေသည်။

"ဒီဘုရားက တောင်ကုန်းပေါ်မှာ တည်ထားတာနဲ့ တူတယ်နော် ကိုသီဟ"

"မဟုတ်ဘူးကွ။ ကျောက်တုံးကြီးပေါ်မှာ တည်ထားတာ။ မင်း မယုံရင် မြေကြီးကို တူးကြည့်"

"ကိုသီဟက ဘယ်လိုလုပ်ပြီး သိတာလဲ"

"သိမ်သမုတ်ထားတဲ့ တိုင်တွေကို ကြည့်လေ။ တူးလို့ မရလို့ ကျောက်တုံးကြီးတွေကို ဒီအတိုင်းချထားတာပေါ့ကွ"

"အင်း . . . ဖြစ်နိုင်တယ်ဗျ"

"ဟေ့ကောင်တွေ . . . ဘာလုပ်နေကြတာလဲ၊ လာကြလေကွာ"

ဆရာကြီး လှမ်းခေါ်မှ သီဟတို့ နှစ်ယောက် စကားဖြတ်ပြီး ဘုရားရင်ပြင်တော်ပေါ်မှ ဆင်းလာလိုက်ကြသည်။ လှေကားအတိုင်းဆင်းလာရင်း မြေပေါ်ရောက်တော့မှာ ဘုရားတည်ထားသည့် ကုန်းတော်မှာ တော်တော်မြင့်မှန်းသိရသည်။

"ရော့ . . . ကော်ဖီသောက်"

ဆရာကြီး လှမ်းပေးသည့် ကော်ဖီကို ရေနွေးနှင့် ဖျော်ရင်း သီဟက စပ်စုလိုက်သည်။

"ဆရာကြီး ရွာထဲက သွားဝယ်လာတာလား"

"ဘယ်က ရွာထဲကို သွားဝယ်ရမှာလဲကွ။ ရွာကို ရောက်ဖို့ နာရီဝက်လောက် လမ်းလျှောက်ရမယ့်ဟာကို"

"ဒါဆို ဒီကော်ဖီတွေက . . ."

"ရန်ကုန်က ယူလာတာလေ။ နေ့လယ်ရောက်ရင် ရွာက လူတွေ ထမင်းလာပို့လိမ့်မယ်။ ငါတို့ ကြိုပြီး ဖုန်းဆက်ထားတယ်"

"ဩော်"

"ဟိုရေကန်တွေက ဘယ်သူ ဆောက်ထားတာလဲ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ရွာသားတွေပေါ့ကွာ။ ငါတို့အလုပ်လုပ်ရင် သုံးဖို့တဲ့။ ရေကတော့ ထော်လာဂျီနဲ့ တိုက်ရမှာ"

"ဒီနားမှာ လူနေအိမ် မရှိဘူးလား ဆရာကြီး"

"ထန်းတဲက လွဲပြီး ဘာမှမရှိဘူး"

"ဟုတ်လား၊ ဒါဆို..."

"ငါ သဘောပေါက်ပါတယ်ကွာ။ အရှေ့ဘက်တည့်တည့်ကို သွားရင် ထန်းတဲတစ်တဲရှိတယ်။ ဒီနေ့ကလည်း အလုပ်မရှိသေးတော့ သွားကြပေါ့ကွာ"

"ကျေးဇူးပါပဲ ဆရာကြီး"

(၂)

"ဗျို့...အိမ်ရှင်တို့"

"ဘယ်သူတွေလဲကွ"

"ကျွန်တော်တို့က ရန်ကုန်ကပါ။ ဘုရားပြူပြင် မွမ်းမံဖို့ လာတဲ့သူတွေပါ။ ခွေးကြည့်ပေးပါဦး"

"ဩော်...ဧည့်သည်တွေပဲ၊ လာကြ၊ လာကြ။ ခွေးက မကိုက်ပါဘူး"

"ဟုတ်ကဲ့ခင်ဗျ"

တဲပိုင်ရှင် လူကြီးခေါ်မှ သီဟတို့ ငါးယောက် ရဲရဲဝံ့ဝံ့ ဝင်ရဲတော့သည်။ တဲအတွင်းကို ရောက်တော့...

"လာကွာ၊ ထိုင်ကြ"

"ဟုတ်ကဲ့ အစ်ကို"

"မင်းတို့က ဘုရားကို မွမ်းမံဖို့ လာကြတာလား"

"ဟုတ်ပါတယ်ခင်ဗျ"

သီဟက သွက်လက်စွာ ဖြေလိုက်သည်။ တဲပိုင်ရှင်ကမူ ဝမ်းသာအားရဖြင့်...

"အေး၊ ကောင်းတယ်ကွာ။ ကုသိုလ်ရတာပေါ့။ အကူအညီလိုရင်လည်း ငါ့ကို ပြော၊ ဘာမှအားမနာနဲ့"

"ဟုတ်ကဲ့"

"အဖန်ရည်လေး သောက်လိုက်ပါဦး"

တဲပိုင်ရှင်၏ ဇနီးဖြစ်ဟန်တူသည့် အမျိုးသမီးက ရေနွေးကြမ်းလာချပေး၏။ ရေနွေးကြမ်းခွက်ကို ကောက်ကိုင်လိုက်ရင်း တဲပိုင်ရှင်က သီဟတို့အား မိတ်ဆက်ပေးလေသည်။

"အဲဒါ ကျုပ်ရဲ့ အိမ်သူလေ၊ ဝင်းမော်တဲ့။ ကျုပ်နာမည်ကတော့ သိုက်အုန်းတဲ့။ ဘီအီးဒီ ...ခင်သိုက်ကို ကြိုက်လို့ဆိုပြီး ...ပ်အမေက သူ့နာမည် ဒေါ်အ...မြင့်နဲ့ ပေါင်းပြီး မှည့်ထားတာ...ဝ...ဟဲဟဲ"

ကိုသိုက်အုန်းက ပျော်တတ်...ယ်နော်"

"ဒီလိုပါပဲကွာ။ အဖော်ရှိတုန်းလေးပေါ့"

"ပျော်ပါဗျာ။ ပျော်ပျော်နေတတ်တယ်...တာ ကောင်းတဲ့ အကျင့်တစ်ခုဗျ"

"ကဲ-ကဲ...စကားလေးလည်း ပြော၊ အဖန်ရည်လေးလည်း သောက်ကြပါဦး"

"ဒါနဲ့ ကိုသိုက်အုန်းက ထန်းတောအပိုင်လား"

"ဆိုပါတော့ကွာ။ အားလုံးပေါင်း ၇၅ပင် ရှိတယ်"

"ဟာ...ရှယ်ပဲ"

"မလွယ်ပါဘူးကွာ။ တစ်နေ့ကို ထန်းနှစ်ခါလှီးရတယ်။ ၇၅ပင်ဆိုတော့ စဉ်းစားသာ ကြည့်ပေတော့"

"နေ့တိုင်း လှီးရတာလား"

"နေ့တိုင်းပေါ့။ ပုံမှန်လှီးတာဆိုရင်တော့ အပင် ၅၀နီးပါးပဲကွ။ ကျန်တာကတော့ ရှင်းလင်းပြီး ထန်းနို့သ,ဖို့ လုပ်ရတာပေါ့"

"သ,တယ်ဆိုတာ ဘာလဲဗျ"

"သ,တယ်ဆိုတာက ထန်းရည်များများရအောင် လှီးရ၊ ဖြတ်ရတာပေါ့ကွာ"

"အားပါး...မလွယ်ပါလား"

"မင်းတို့အဖွဲ့က အခု ဘယ်မှာ တည်းလဲ၊ ရွာထဲမှာလား"

"ဘယ်ကလာ ရွာထဲမှာ တည်းရမှာလဲ။ အခုအချိန်အထိ ရွာတောင် မရောက်ဘူးသေးဘူး"

သီဟ၏ စကားကြောင့် ကိုသိုက်အုန်းတစ်ယောက် ကြောင်သွားသလို အမူအရာဖြစ်သွား၏။

"ဒါဆို မင်းတို့ ညက ဘယ်မှာ အိပ်လဲ"

"ဘုရားရင်ပြင်တော်ပေါ်က သိမ်ထဲမှာ အိပ်တာလေ"

"ဟေ...သိမ်ထဲမှာ အိပ်တာ"

မျက်စိ မျက်နှာပျက်သွားပြီး အလန့်တကြား ထအော်လိုက်သည်

အလန့်တကြား အော်ဟစ်ရင်း
နောက်သို့ ခုန်ဆုတ်လိုက်ရသည်။
အဝါစင်းနှင့်
အနက်ပြောက်ကြီးများပါသည့်
မြွေကြီးက လက်မောင်းလုံးခန့်
ရှိမည်ထင်သည်။
ဘယ်အချိန်ကတည်းက
ဝင်ခွေနေမှန်းတော့ မသိချေ။
သီဟ၏ အော်သံကြောင့်
ကျော်သူရနှင့်
ငြိမ်းချမ်းတို့နှစ်ယောက်
ပြေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုသိုက်အုန်းကို ကြည့်ပြီး သီဟတို့ အားလုံး အံ့အားသင့်သွားသည်။ လူကြီး ပီပီ ဆရာတိုးက ဝင်၍ ထိန်းလိုက် သည်။

"ဘာဖြစ်လို့လဲ ကိုသိုက်အုန်းရဲ့"

"ဘာ・・・ဘာမှမဖြစ်ပါဘူးကွာ။ ငါက အံ့ဩသွားလို့ပါ"

"ဘာအံ့ဩစရာရှိလို့လဲဗျ"

ဆရာတိုး၏ အမေးကို လေးပင်စွာ ခေါင်းခါရင်း ကိုသိုက်အုန်းက・・・

"မင်းတို့ နောက်တော့ သိလာမှာ ပါကွာ"

"ကဲ -.ကိုသိုက်အုန်း၊ ကျွန်တော် တို့ ပြန်လိုက်ဦးမယ်"

"အေး・・・အေး၊ ညနေကျရင် လာခဲ့၊ ထန်းရည်နဲ့ အမြည်းလုပ်ထား မယ်"

"ဟုတ်ကဲ့"

ကိုသိုက်အုန်းကို နှုတ်ဆက်ပြီး ပြန်လာကြတော့ မွန်းတည့်ချိန်လောက် ဖြစ်နေပြီ။ ဘုရားကို ပြန်ရောက်တော့ ဆရာကြီးနှင့် ကိုကျော်စွာက ထမင်းစားဖို့ စောင့်နေကြသည်။ အင်တော်ကျေးသ် ရွာမှ လာပို့သည့် ကြက်သား ကာလ သားချက်နှင့် ပုန်းရည်ကြီးဟင်းက ဗိုက်ဆာနေသည့် သူတို့အဖို့ ဆန်တစ်ပြည် ချက်ကို အသာလေးပင်။ စားသောက် ပြီးတော့ ကိုကျော်စွာနှင့် ဆရာတိုးက ရွာမှ ထော်လာဂျီငှား၍ လုပ်ငန်း အတွက် ပစ္စည်းများဝယ်ရန် သွားကြပြီး သီဟတို့ လေးယောက်က လုပ်ငန်းစရန် ပေတိုင်းကြသည်။ ဆရာကြီးက တော့ တစ်ရေးတစ်မောအိပ်ဖို့ နေရာ ရှာနေလေသည်။

လုပ်ငန်းကတော့ ပင်ပန်းလှသည်မဟုတ်။ နည်းနည်းတော့ အလုပ် ရှုပ်သည်။ ရင်ပြင်တော်ကို ကျောက် လောင်းပြီး ကြွေပြားခင်းရန်ပင်။ ကျောက်

နေမွှမ်းလင်း

ထူးထွေဆန်းပြားသိမ်ဘုရား



လောင်းရန်အတွက် နေရာရှင်းရန် သီဟနှင့် စောဌေးက တာဝန်ယူရသည်။ စေတီဟောင်းမှ အုတ်ခဲကျိုးများကို ဖယ်ရှားနေရင်း အုတ်ခဲများ လှုပ်သွားသည်ကို သီဟတို့နှစ်ယောက် သတိပြုမိလိုက်ကြသည်။

"ကိုသီဟ・・・အုတ်ခဲပုံကြီး လှုပ်သွားတယ်နော်"

"အေးကွ၊ အောက်မှ ဘာရှိလဲ မသိဘူး။ သတိထား"

ပြောဆို သတိပေးရင်းနှင့် သီဟက အုတ်ခဲပုံကို ဝေါ်ပြားဖြင့် ထိုးလှန် ကြည့်လိုက်သည်။

"ရှူး・・・ရှူး・・・ရှူး"

နှာမှုတ်သံကို ကြားလိုက်ရသည်။

"ဟာ・・・မြွေ・・・မြွေ"

ဟု အလန့်တကြား အော်ဟစ်ရင်း နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

အဝါစင်းနှင့် အနက်ပြောက်ကြီးများ ပါသည့် မြွေကြီးက လက်မောင်းလုံးခန့် ရှိမည်ထင်သည်။ ဘယ်အချိန်ကတည်း က ဝင်ခွေနေမှန်းတော့ မသိချေ။ သီဟ ၏ အော်သံကြောင့် ကျော်သူရနှင့် ငြိမ်းချမ်းတို့နှစ်ယောက် ပြေးလာကြသည်။

"ဘာဖြစ်တာလဲ သီဟ"

"မြွေတွေ့လို့ဗျ။ နည်းတာကြီး မဟုတ်ဘူး"

"ဟာ・・・ဒါ ငန်းတော်ကျားကွ။ ဘုရားမြွေနဲ့ တူတယ်။ အန္တရာယ်မပေး ကြနဲ့၊ မေတ္တာပို့ပေးလိုက်ကြ"

ပြောပြောဆိုဆိုပင် ကျော်သူရက မြွေကြီးအား မေတ္တာပို့၍ ဘေးလွတ်ရာ သို့ သွားဖို့ ပြောနေလေသည်။ သိပ် မကြာလိုက်ပါ။ မြွေကြီးမှာ နှာမှုတ်သံ ရပ်သွားပြီး ဘုရား၏ မြောက်ဘက်ရှိ ဝါးရုံတောထဲသို့ ဆင်းသွားတော့သည်။

"သတိ ဝီရိယထားပြီးတော့ လုပ် ကြကွာ။ ကောင်းမှုကုသိုလ်လုပ်နေတာ မို့လို့ အန္တရာယ်တော့ မရှိလောက်ပါ ဘူး"

"ဟုတ်ကဲ့"

ည မိုးသာ ချုပ်သွားသည်။ မည် သည့်အရာမှု ထပ်မတွေ့ရတော့ပေ။ ပထမဆုံးရက်မှာပင် မြွေတွေ့လိုက်ရ သောကြောင့် နည်းနည်းတော့ လန့်သွား မိကြသည်။ လူသူအရောက်အပေါက် နည်း၍ မြွေတွေ ခိုအောင်းနေကြခြင်း ဖြစ်နိုင်သည်ဟုသာ တွေးရင်း နောက် ရက်များအတွက် သတိရှိဖို့ လိုသည် ဟုသာ အားလုံးက မှတ်ချက်ချလိုက် ကြတော့သည်။

သီဟနှင့် ငြိမ်းချမ်းတို့နှစ်ယောက် လောင်းချသွားသည့် ဘိလပ်မြေ မဆလာသားကို ညီအောင် ညိုက်ညှိ ပေးနေရသည့် ကျော်သူရအဖို့ နည်း နည်းတော့ လက်ဝင်သည်။ ကျောက်သား



www.burmeseclassic.com

www.burmeseclassic.com

ညီညာစေရန် မျှင်းတံဖြင့် လိုက်ညှိပေး နေရင်း သူ့စိတ်ထဲ တစ်မျိုးခံစားလိုက်ရသည်။ တစ်ရုံတစ်ယောက်က နောက်မှ စိုက်ကြည့်နေသလိုပင်။ မသင်္ကာ၍ လှည့်ကြည့်လိုက်မိတော့ အရုပ်တစ်ရုပ်က လွဲ၍ လူမရှိ။ မင်းသားလိုလို၊ ရှာသားလိုလိုပင်။ လက်ရာကတော့ နှစ်သိမ့်မကြာသေးသည့်ပုံ။ သို့ပေမယ့် ရုပ်ထုက အသက်ဝင်နေသလိုမျိုးပင်။ ဘာရယ်ညာရယ်တော့ မဟုတ်၊ ကျောထဲ စိမ့်သွားပြီး ကြက်သီးများ ထသွားသည်။

"ကိုကျော်သူရ"

သီဟရဲ့ ခေါ်သံကြားမှ သတိဝင်လာပြီး ရုပ်ထုကို ကျောခိုင်းလိုက်မိသည်။

"ဘာလဲ သီဟ၊ ဘာပြောမလို့လဲ"

"ဟိုအရုပ်ကြီးကို ကြည့်ရတာ ကျွန်တော့်စိတ်ထဲ တစ်မျိုးပဲ"

"ဟုတ်တယ်ဗျ။ မသိရင် နောက်ကပဲ တစ်ယောက်ယောက်က စိုက်ကြည့်နေသလိုမျိုး။ စိတ်မလုံလို့ လှည့်ကြည့်လိုက်ရင်လည်း အဲဒီအရုပ်ပဲ တွေ့တယ်"

သီဟ၏ စကားကို ကြားလိုက်ရတော့ ကျော်သူရတစ်ယောက် ခေါင်းမွေးထောင်သွားသည်။ ထူးဆန်းလှချည်လား။ သီဟလည်း မိမိလို ခံစားလိုက်ရကြောင်း သိလိုက်ရ၍ ကျောချမ်းသွားသည်။ သူတို့နှစ်ယောက် စကားပြောနေစဉ်မှာပဲ စောဌေးရောက်လာပြီး သူတွေ့ကြုံခဲ့ရသည်များကို ဖောက်သည်ချတော့သည်။

"ဖြစ်နိုင်တယ်ဗျ။ ကျွန်တော်လည်း ညတုန်းက ထူးဆန်းတာ ကြုံလိုက်ရတယ်"

"ဘာထူးဆန်းတာလဲကွ"

"ဒီလိုဗျ။ ညတုန်းက ကျွန်တော် အိပ်မပျော်လို့ ဟိုတွေးဒီတွေးလုပ်နေတုန်း မိန်းမတစ်ယောက် သီချင်းဆိုတဲ့ အသံကြားလိုက်ရတယ်ဗျ"

စောဌေး၏ စကားကြောင့် နှစ်ယောက်သား မျက်လုံးပြူးပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိသည်။

"သေချာလို့လားကွာ"

ကျော်သူရ၏ အမေးကို ခေါင်းညှိတ်ပြရင်း စောဌေးက ဆက်ပြော၏။

"သေချာတာပေါ့ဗျာ။ ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတာ။ ကျွန်တော်တောင် ကြောက်ပြီး စောင်ခေါင်းမြီးခြုံ အိပ်နေတာ"

စောဌေး၏ စကားကို ခေါင်းတဆတ်ဆတ်ညှိတ်ရင်း သီဟက -

"

ဒီစေတီလေးကို

စပြီးတွေ့စဉ်က သိမ်ပျက်လေးနဲ့

ထုံးစေတီလေးပဲ တွေ့ရတာကွယ်။

ဘွဲ့တော်ကို မသိရလို့

သိမ်ဘုရားရယ်လို့ သမုတ်လာကြတာ

ဒီနေ့ အချိန်ထိပဲ။

အရင်တုန်းကဆိုရင်

လူကလည်းပြတ်၊ မြေကလည်း

ပေါလွန်းလို့ နေ့ခင်းဘက်တောင်

လူတွေ မလာရဲကြဘူး။

သိုက်ဆရာတွေကတော့

တဖွဲဖွဲပေါ့ကွယ်

"

"ထူးတော့ ထူးဆန်းတယ်ကွ။ ဒီနေရာက ခေါင်လည်း ခေါင်တယ်။ လူလည်း ပြတ်တယ်။ ညကြီးအချိန် မတော် မိန်းမတစ်ယောက် သီချင်းဆိုတဲ့ အသံကြားရတယ်ဆိုတော့..."

"ဒီအကြောင်းကို သေချာသိချင်ရင် သဲအင်းဂူဆရာတော် ကြွလာမှပဲ လျှောက်တင်ကြည့်ရင် ကောင်းမယ်"

"အဲဒါ ကောင်းတယ် ကိုကျော်သူရ"

"ကဲ - အလုပ်ဆက်ပြီး လုပ်ကြရအောင်"

"ဟုတ်ကဲ့"

(၃)

"ဒကာလေးတို့ သိချင်ရင်တော့ ဘုန်းကြီး ပြောပြပါ့မယ်ကွယ်"

"တင်ပါ့ ဘုရား"

"ဒီလိုကွယ့်။ ဟောဒီ သိမ်ဘုရားလေးက လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀၀ လောက်က တည်ထားကိုးကွယ်ခဲ့တာလို့ လူကြီးသူမတွေက ပြောခဲ့ကြတယ်။ ရာဇဝင်ရယ်လို့တော့ ဘယ်သူမှ တိတိကျကျ မသိကြပါဘူးကွယ်"

"တင်ပါ့"

"ပုပ္ပားတောင်မကြီးကနေ ဟောဒီသိမ်ဘုရားပရဝဏ်အဆုံးထိ မြေကြီးအောက်မှာ ကျောက်ဖျာကြီးရှိတယ်ကွယ့်"

"မြေအောက် ကျောက်ဖျာ... ဟုတ်လား ဘုရား"

သီဟ၏ အမေးကို ဆရာတော်က ပြုံး၍ ဆက်မိန့်သည်။

"အိမ်း... ဟုတ်သကွဲ့၊ အဲဒီကျောက်ဖျာကြီးရှိလို့လည်း ဒီနေရာမှာ ရေတွင်းတူးလို့ မရတာပေါ့"

သီဟတို့အားလုံး အံ့ဩသွားသည်။ ပုပ္ပားတောင်မကြီးနှင့် သည်နေရာဆိုလျှင် ပျမ်းမျှအားဖြင့် မိုင် ၂၀ ဝန်း



www.burmeseclassic.com

www.burmeseclassic.com

ကျင်ခန့်ရှိမည်ထင်သည်။ ဤမျှ ကြီးမားလှသည့် ကျောက်ဖျာကြီး ရှိနေသည်ဟု မည်သူက ယုံကြည်နိုင်မည်နည်း။

"တင်ပါ့ ဘုရား။ ပေဘာဒီ သိမ်ဘုရားလေးမှာ ထူးခြားဆန်းကြယ်မှုတွေ ရှိတယ်လို့ ထင်ပါတယ် ဘုရား"

"ဒကာ ကျော်သူရ လျှောက်ထားလို့ ဘုန်းကြီး အကုန်သိထားပြီးပါပြီ"

"ဖြစ်နိုင်ရင် တပည့်တော်တို့ ရှင်းလင်းသွားအောင် မိန့်ဆိုပါဦး ဘုရား"

ကိုကျော်စွာ၏ လျှောက်တင်မေးမြန်းမှုကို ချောင်းတစ်ချက်ဟန့်ရင်း ဆရာတော်က ဆက်၍မိန့်ကြား၏။

"ဒီစေတီလေးကို စပြီးတွေ့စက သိမ်ဖိုျက်လေးနဲ့ ထုံးစေတီလေးပဲ တွေ့တာကွယ့်။ ဘွဲ့တော်ကို မသိရလို့ သိမ်ဘုရားရယ်လို့ သမုတ်လာကြတာ ဒီနေ့အချိန်ထိပဲ။ အရင်တုန်းကဆိုရင် လူကလည်း ပြတ်၊ မြွေကလည်း ပေါလွန်းလို့ နေ့ခင်းဘက်တောင် လူတွေ မလာရဲကြဘူး။ သိုက်ဆရာတွေကတော့ တဖွဲ့ဖွဲ့ပေါ့ကွယ်"

"သိုက်ဆရာ"

"အိမ်း…ဟုတ်သကွယ်။ စစ်ကြိုခေတ်တုန်းက သိုက်ဆရာတွေဆိုရင် အတိတ်တဘောင်နဲ့ကွဲ့။ မြောက်ဘက်ဝါးတစ်ရိုက် သိမ်ဘုရားသိုက်ဆိုပြီး လာတူးကြတာ မနည်းဘူး။ မြွေကိုက်လို့ သေကြတာလည်း သောက်သောက်လဲပဲ"

ပြောရင်း မောသွားဟန်ဖြင့် ဆရာတော်က ရေနွေးတစ်ကျိုက် ဘုဉ်းပေးရင်း အမောဖြေနေလေသည်။ အတန်ကြာ၍ အမောပြေသွားဟန်ရှိမှ…

"သိုက်ဆရာတစ်ယောက်ကတော့ ဉာဏ်ကောင်းတယ်ကွယ့်"

"ဘယ်လို ဉာဏ်ကောင်းတာလဲဘုရား"

"အရင်တုန်းက ဒီဘုရားရဲ့ လေးဘက် လေးနံမှာ အရုပ်လေးရုပ်ရှိတယ်ကွယ့်။ မျောက်ရုပ်၊ ခြင်္သေ့ရုပ်၊ ဘီလူးရုပ်တွေပေါ့။ အဲဒီအရုပ်လေးရုပ်ကို သတိပြုမိသွားတဲ့ သိုက်ဆရာက ထူးဆန်းတယ်ဆိုပြီး လေ့လာတော့ မျောက်ရုပ်ရဲ့ ပါးတစ်ဖက်က အရိုက်ခံထားရတဲ့အတိုင်း ဖောင်းကားနေတာ တွေ့ရတယ်တဲ့။ အဲဒီမှာတင် ???သချာပြီဆိုပြီး မျောက်ရုပ်ကို ခွဲလိုက်တာ ရွှေတွေ မနည်းဘူး ရသွားတယ်တဲ့"

ဆရာတော်၏ စကားအဆုံး၌ အားလုံး သက်ပြင်းချလိုက်မိကြသည်။ ဆရာတော်ကတော့ ဆက်ပြီး မိန့်ကြားသည်။

"လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဒီဇရပ်ရဲ့ ဘေးမှာ ဆိုင်ကယ်လုပြီး လူသတ်သွားတဲ့ ဖြစ်ရပ်တောင် ရှိသေးတယ်ကွဲ့"




"လူသတ်မှု…ဟုတ်လား ဘုရား"

လူသတ်မှုဆိုသည့် စကားကြောင့် အားလုံး၏ စိတ်ထဲ နည်းနည်းလန့်သွားသည်။ လူပြတ်သည့်နေရာမို့ လူနည်းစုဆိုလျှင်တော့ မလွယ်။

"ဒကာလေးတို့လည်း သတိဝီရိယထားပြီးတော့ နေကြပေါ့ကွယ်။ ကောင်းမှုကုသိုလ်လုပ်ဖို့ လာတဲ့သူတွေဖြစ်လို့ အန္တရာယ်တော့ မရှိပါဘူး"

"တင်ပါ့ ဘုရား"

"ကဲ - ကဲ… ဘုန်းကြီးလည်း ပြန်ကြွတော့မယ်"

"တင်ပါ့ ဘုရား"

ဆရာတော်ကို ရှိခိုးကန်တော့ရင်း လိုက်ပို့ပေးကြလေသည်။ ဆရာတော် ပြန်ကြွသွားတော့မှ အားလုံး ကိုယ်စီစဉ်းစားမိကြ၏။ ဆရာတော်၏ မိန့်ကြားချက်အရ ဥစ္စာစောင့် (သို့) နာနာဘာဝတို့ ကျက်စားပျော်မွေ့ရာဒေသဖြစ်သည့် သိမ်ဘုရားကိုမှ လာရောက် ပျော်ပြင်နေသည့် သူတို့အဖွဲ့ နောက်ကျော မလုံသလိုပင်။

"ဆရာတော်ပြောတာ မှန်တယ်ဗျ။ ဟိုးအရင်ကဆို ပိုဆိုးတယ်။ ကျုပ်ကိုယ်တွေ့ပဲ"

ကိုသိုက်အုန်း၏ စကားကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။ သီဟက သိချင်လွန်းသဖြင့်…

"ဘာတွေ့လို့လဲဗျ"

"ဒီလိုဗျ။ အဲဒီအချိန်တုန်းက ကျုပ်က ကျောက်ပန်းတောင်းမှာ ထန်းလျက်သွားရောက်တာ။ ပြန်လာတော့ အရက်ဝင်သောက်ရင်း မိုးချုပ်သွားပါရော"

ပြောနေရင်း ထန်းရည်တစ်ခွက် မော့သောက်နေသည့် ကိုသိုက်အုန်းကို ကြည့်ပြီး အားလုံး၏ စိတ်ထဲ မရိုးမရွ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာသည်။ ထန်းရည်ခွက်ကို အသာချရင်း ကိုသိုက်အုန်းက ဆက်ပြောပြန်သည်။

"မိုးကလည်း ချုပ်၊ လူကလည်း မူးနေပြီဆိုတော့ လမ်းတောင် မလျှောက်နိုင်တော့ဘူး"

"အဲဒါနဲ့ ဘာဖြစ်သွားတာလဲ"

"ဘာဖြစ်ရမှာလဲဗျ။ လမ်းမလျှောက်နိုင်တော့တာနဲ့ ဘုရားပေါ်တက်ပြီး သိမ်ထဲမှာ ဝင်အိပ်လိုက်မိတယ်"

"ဝင်အိပ်တယ်...ဟုတ်လား"

"ဟုတ်တယ်ဗျ။ အိပ်လို့ကလည်း ကောင်းလိုက်တာဗျာ။ လေကတဟူးဟူးနဲ့။ သန်းခေါင်ကျော်လောက်ကျတော့ ကျုပ်ရဲ့ ခြေထောက်ကို ဆွဲချတာဗျာ၊ ကျောတွေတောင် နာတယ်။ ကျုပ်လည်း ဘယ်သူနောက်နေတာလဲဆိုပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ လက်မည်းမည်းကြီးပဲ တွေ့တယ်။ လူမရှိဘူး။ ကျုပ်လည်း လန့်ပြီး သတိလစ်သွားတာ နှစ်ရက်တောင် ကြာတယ်"

"ကိုသိုက်အုန်းရော ဘယ်လိုလုပ်ပြီး သတိပြန်ရလာတာလဲ"

"ကျုပ်ပြန်မလာလို့ ကျုပ်ရဲ့ အိမ်သူက လိုက်ရှာရင်း မနက်လင်းမှ ဘုရားရဲ့ လှေကားရင်းမှာ ကျုပ်ကို တွေ့တာတဲ့"

"အခုတော့ သိမ်ပြီး မဆိုးတော့ပါဘူးကွာ။ သဲအင်းဂူ ဆရာတော်ကလည်း မေတ္တာပို့ အမျှဝေပြီး မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံထားပါတယ်"

ကိုသိုက်အုန်း၏ နှစ်သိမ့်စကားကြောင့် သီဟတို့အားလုံး စိတ်သက်သာရာ ရသွား၏။

(၄)

ဆရာတော်၏ မေတ္တာရပ်ခံမှုကြောင့်လား၊ အဖွဲ့သားများ၏ ရတနာသုံးပါး ဦးထိပ်ထားမှုကြောင့်လား မသိ၊ အလုပ်ပြီးဆုံးသွားသည်အထိ မည်သည့်အသံမျှ မကြားရတော့။ ပြန်မည့်ရက်ရောက်ဖို့ တစ်ရက်အလို ညတွင်တော့...

"ဒုန်း...ဝုန်း...ဝုန်း"

အသံတွေက ဆူညံစွာ ထွက်ပေါ်လာသည်။

"ဘာသံတွေလဲ"

"ခဲနဲ့ ပေါက်တဲ့ အသံကွ။ ဘာဖြစ်တာလဲ ထွက်ကြည့်စမ်း"

သိမ်ခေါင်မိုးကို ခဲနှင့် ပေါက်သည့် အသံများကြောင့် အားလုံး လန့်နိုးကုန်သည်။ အသံများက တရစပ်ထွက်ပေါ်နေသဖြင့် ပေါက်သည့် တရားခံကို ရှာရန် ထွက်လာကြသော်လည်း ပတ်ဝန်းကျင်က မှောင်အတိ။ သိမ်ပတ်ပတ်လည်ကို ရှာကြသော်လည်း မထူးခြား။ ထူးခြားသည်က ခဲတစ်လုံးမျှ မတွေ့။ ခုနစ်ယောက်လုံး ပိုက်စိပ်တိုက်ရှာကြသော်လည်း ခဲနှင့်တူတာဆို၍ ကျောက်စရစ်ခဲပင် မရှိ။

"ဘယ်လိုဖြစ်တာလဲကွ။ ပစ်တဲ့လူလည်း မတွေ့၊ ခဲလည်း မတွေ့နဲ့၊ မဟုတ်သေးဘူး"

"ကိုကျော်စွာ...ဒါ နာနာဘာဝတွေ နှောင့်ယှက်တာလား မသိဘူးနော်"

"အာ...နှောင့်ယှက်ရအောင် ငါတို့က သူငယ်ချင်းမှမဟုတ်တာ"

ကိုကျော်စွာက စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလိုက်သည်။ အဖွဲ့သားအားလုံး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ ရသမျှ ဘုရားစာတွေ ရွတ်ပြီး မေတ္တာပို့ အမျှဝေကြသည်။ အမျှဝေပြီး နာရီဝက်လောက်ကြာတော့ အသံဗလံများ တိတ်ဆိတ်သွား၏။ ထိုညအဖို့ မည်သူမှ မအိပ်ရဲကြတော့။ ငုတ်တုတ် မိုးလင်းခဲ့ကြရသည်။ မနက်မိုးလင်းလို့ ရန်ကုန်ပြန်ခါနီးမှ ကိုသိုက်အုန်းရောက်လာပြီး...

"ညက မင်းတို့ ဘာဖြစ်တာလဲ၊ ဆူညံ ဆူညံနဲ့"

ကိုသိုက်အုန်း၏ အမေးကို သီဟတစ်ယောက် သက်ပြင်းရှည်ကြီး ချရင်း ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်ရာ -

"မင်းတို့ကို အသိပေးတာ ဖြစ်မယ်"

"ဘာကို အသိပေးတာလဲ"

"ဒီလိုဗျ ကိုကျော်စွာရဲ့ ကိုကျော်စွာတို့က အလှူရှင်ဆိုတော့ ဘုရားထီးတော်တင်ပြီး ရေစက်ချရင် သူတို့ကို အမျှဝေပေးဖို့ အသိပေးတာနေမှာပေါ့"

"ဖြစ်နိုင်တယ်ဗျ။ ဒီကိစ္စကို ရန်ကုန်ပြန်ရောက်ရင် အဖေနဲ့ အမေကို ပြောပြရမယ်။ ကဲ - ကားလည်း လာပြီ၊ ကျွန်တော်တို့ သွားတော့မယ် ကိုသိုက်အုန်း"

ကိုသိုက်အုန်းကို နှုတ်ဆက်ပြီး ကားပေါ် တက်လာလိုက်ကြသည်။ ကားပေါ်သာ ရောက်လာကြသော်လည်း သူတို့အားလုံး၏ စိတ်ထဲ သိမ်ဘုရားအကြောင်းက ကြီးစိုးနေသည်။ တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံခဲ့ဖူးသည်မို့ ထိုအဖြစ်အပျက်ကို ဘယ်သောအခါမှ မေ့ပျောက်နိုင်တော့မည် မဟုတ်ပေ။ ဘုရားထီးတော်တင်ဖို့က သုံးလခန့် လိုသေးသည်။ အကယ်၍များ ထီးတော်တင် အလှူပွဲတွင် ပါဝင်ကူညီရန်အတွက် နောက်တစ်ကြိမ် လိုက်ခဲ့ကြပါဆိုလျှင်...■

* * *

နေဝင်းထင်

(မှတ်ချက်။ ကျွန်ုပ်၏ ကိုယ်တွေ့ ဖြစ်ရပ်မှန် ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၃ ခုနှစ် ဧပြီလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတာရာ

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

အတွေးထူးခြားပြီး အရှေ့ဦးသွားမည့် ကာလဖြစ်သည်။ သင့်ကို မျက်ခြေမပြတ် စောင့်ကြည့်နေသူများ ကြားမှကြီးမားကျယ်ပြန့်သော စီးပွားရေးဈေးကွက်ကြီးတွေ့ရှိမည်။ လုပ်ငန်းတူ၊ စီးပွားတူတို့၏ ခြေလှမ်းကို ကွက်ကျော်မြင်နေမည်။ စီးပွားဥစ္စာ တိုးချဲ့လုပ်ကိုင်ခွင့်ရမည်။ အနှစ်နှစ်အလလက ခွဲခွာသွားသူ တစ်ဦးနှင့် ပြန်လည်ဆုံဆည်းရမည်။ ကျန်းမာရေးအနေဖြင့် ဇိမ်ကျကျ နေထိုင်တတ်ခြင်း၊ အစားအသောက်ကောင်းများကို ခုံမင်တတ်ခြင်းတို့ကြောင့် ချူချူချာချာဖြစ်ရတတ်သည်။

**ထီထိုးသင့်သောနေ့** - သောကြာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး၊ (၅)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့မှာ တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး ပန်း၊ ရေချမ်းကပ်လှူကာ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

စားရက်ကြံ့ပြီး မုတ်ဆိတ်ပျားစွဲသော ကာလဖြစ်သည်။ စီးပွားရေးအောင်မြင်မှု၏ လျှို့ဝှက်ချက်မှာ မည်သူမှ မသိသောအရာကို သင် ကြိုတင်ပြီး ဝီရိယရှိရှိ လေ့လာသိရှိထားရန်ဖြစ်သည်။ တစ်ကွက်ကျော် လုပ်ဆောင်ထားရန်ဖြစ်သည်။ ယခုကာလတွင် သမားရိုးကျမှ လမ်းခွဲပြီး ဆန်းသစ်တီထွင်ကြည့်ပါ။ လတ်တလော ကိစ္စရပ်အတွက် မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ထားလိုက်ပါ။ ကျန်းမာရေးကောင်းမွန်စေရန်အတွက် ဗီတာမင်စီ၊ ဗီတာမင်ဘီ ပါဝင်သည့် အဆီအအိမ့်နည်းသော အစားအစာကို စားပါ။ ဟင်းခတ်အမွှေးအကြိုင်များကို ရှောင်ပါ။ သွားကျန်းမာရေးအတွက် အစားစားပြီးတိုင်း သွားပွတ်တံနှင့် စနစ်တကျ သွားတိုက်ပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၆)အဆုံး၊ (၉)အစ (၀)အဆုံး။

**ယတြာ** - နံနက်တိုင်း မေတ္တာသုတ်ရွတ်ဖတ်ကာ သတ္တဝါအပေါင်းအပေါ် မေတ္တာဖြန့်ကျက်ထားပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

လက်ညှိုးညွှန်ရာ ရွှေဖြစ်နေတတ်သော ကာလဖြစ်သည်။ ယခုကာလမှာ မိမိကိုယ်မိမိ အထင်မသေးပါနှင့်။ သူတစ်ပါးကိုလည်း ချီးမွမ်းဖို့ရန် မမေ့ပါနှင့်။ စီးပွားရေးလုပ်ငန်းရပ်တိုင်းကို ချိန်ဆပြီး လေ့လာ သုံးသပ်တတ်ရန် အထူးလိုအပ်ပါသည်။ ပျင်းရိခြင်း ခြောက်ပါးကို ရှောင်လျက် ဝီရိယကူခဲ့လျှင် မုချ ချမ်းသာကြွယ်ဝပေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဝမ်းချုပ်ခြင်းဝေဒနာကို ခံစားရတတ်သည်။ ဝမ်းမချုပ်စေရန် အမျှင်များသော အစာများကို စားပါ။ နို့နှင့် ရေများများသောက်ပါ။ စိတ်လှုပ်ရှားသော အချိန်များတွင် အစာအစားပါနှင့်။ အစာစားသောအချိန်များတွင် စိတ်အေးချမ်းမှုရှိရန် လိုအပ်သည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၄)အဆုံး၊ (၇)အစ (၂)အဆုံး။

**ယတြာ** - မိတ်ဆွေအပေါင်းအသင်းများကို ကြာဆံကြော်ကျွေးမွေးကာ ဒါနပြုပါ။



www.burmeseclassic.com

www.burmeseclassic.com




( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

အောင်မြင်ခြင်း မီးမောင်းက သင့်ကို လိုက်ရှာဖွေနေသော ကာလသို့ ရောက်ပြီ။ ထို့ကြောင့် "တစ်နေ့ တစ်လံ ပုဂံ ဘယ်ရွှေ့မလဲ" ဆိုသော စကားကို နှလုံးသွင်းလျက် အောင်မြင်မှုလမ်းမကြီးပေါ် ငွေ၊ အားမာန်အပြည့်ဖြင့် လျှောက်လှမ်းသင့်ပြီ။ ကံလည်း ရှိ၊ ဝီရိယလည်း ကျူခဲ့လျှင် အောင်မြင်ခြင်းက မြေကြီး လက်ခတ်မလွဲ ရောက်ရှိပေမည်။ အိမ်၊ ခြံ၊ မြေကိစ္စကြောင့် အကျိုးအမြတ်ကြီးကြီးရရှိမည်။ ကျန်းမာရေးအတွက် ဗီတာမင် ကြွယ်ဝသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်များကို စားပါ။ တာရှည်ခံအောင် လုပ်ထားသော အစာများကို မစားပါနှင့်။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၄)အစ (၁)အဆုံး။
**ယတြာ** - အိမ်ရှိ ဘုရားမှာ သီလခံယူပြီး နှင်းဆီပွင့် (၁၀)ပွင့်၊ အောင်သပြေနှင့် မုန့်လုံးရေပေါ် ကပ်လှူပါ။




( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

"တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်" အောင်မြင်သော ကာလဖြစ်သည်။ သင် ပစ်လွှတ်လိုက်သော မြှားက တစ်ပြိုင်နက်တည်း ငှက်နှစ်ကောင်ကို ထိမှန်သွားပေလိမ့်မည်။ ငွေ၊ ဝီရိယ၊ သတ္တိ၊ သိက္ခာတို့အပေါ်မှာ အရင်းတည်လျက် ကြိုးစားမှုတို့က နှစ်ထပ်ကွမ်း အောင်မြင်လာပါလိမ့်မည်။ နိုင်ငံရပ်ခြားကံ အထူး ကောင်း၏။ လာဘ်ရွှင် ငွေရ ထီပေါက်ကိန်းရှိသည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းစေရန် အဆီနှင့် ကော်လက်စထရောနည်းပြီး အမျှင်များသော အစာများကို စားပါ။ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်၊ ပဲသီး ပဲတောင့်များကို စားပါ။

**ထီးထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၁)အဆုံး၊ (၂)အစ (၇)အဆုံး။
**ယတြာ** - သီလရှင်များကို ဆန်၊ ဆီ၊ ဆေးနှင့် ငွေကြေးလောင်းလှူပြီး လိုရာဆု တောင်းပါ။




( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

"မျက်နှာကြီးရာ ဟင်းဖတ်ပါ" နေသော ကာလဖြစ်သည်။ ကံကြမ္မာဇာတ်ဆရာက သင့်ဘက်မှာ လုံးဝ မရှိပါ။ ရက်စက်လွန်းသော ကံကြမ္မာကို အပြစ်မတင်ရက်ဘဲ ဘယ်သူမပြု မိမိမှုဆိုပြီး နှလုံး သွင်းလျက် ရင်နင့်အောင် ခံစားနေရတတ်သည်။ ကင်းခြေများမှာ ခြေတစ်ဖက်ကျိုးသွားလျှင်တောင် အသွားမပျက်သကဲ့သို့ သင်လည်း ဘဝမှန်တိုင်းကြောင့် မည်မျှဆုံးရှုံးစေကာမူ အားငယ်စိတ်လျှော့ မနေဘဲ ရှေ့သို့ ဆက်ချီတက်ပါ။ တစ်နေ့ လုပ်သော ဘဝပန်းတိုင်ကို ရောက်ရှိပေမည်။ ကျန်းမာရေးက ကောင်းတစ်ခါ၊ ဆိုးတစ်လှည့်ကြုံနေပေမည်။ မတည့်သောအစာကို ရှောင်ပါ။ တည့်သော အစာကို သင့်တင့်မျှတရုံသာ စားပါ။

**ထီးထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၈)အဆုံး၊ (၇)အစ (၀)အဆုံး။
**ယတြာ** - မွေးနေ့တွင် သီလခံယူပြီး သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို သက်စေ့ရွတ်ဖတ် ပူဇော်ပါ။


www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

### ( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

အတိတ်၏ အရိပ်ကို ခံစားနေရသော ကာလဖြစ်သည်။ ကံ-ကံ၏ အကျိုးကို ယုံကြည်သက်ဝင်နေပေလိမ့်မည်။ သင် စိုက်ပျိုးထားသော အပင်၏ အသီးကို စားသုံးခွင့်ရပေလိမ့်မည်။ ကြိုးစားမှုရလဒ်ကောင်းများကို ခံစားခွင့်ရမည်။ စီးပွားဥစ္စာကို "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ကြိုးစား စုဆောင်းမိမည်။ နိုင်ငံရပ်ခြားခရီးတစ်ခုကို သွားရပြီး အံ့သြလောက်စရာ တိုးတက်ကြီးပွားမှု ကြုံမည်။ ကျန်းမာရေးကောင်းသည်ထက် ကောင်းမွန်စေရန် ကော်ဖီ၊ လက်ဖက်ရည်၊ အရက်တို့ကို ရှောင်ပါ။ ပရိုတင်းကြွယ်ဝသော အစားများကို လုံလုံလောက်လောက်စားပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ အင်္ဂါ။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၉)အဆုံး၊ (၉)အစ (၆)အဆုံး။
**ယတြာ** - မိမိပတ်ဝန်းကျင်ရှိ ကလေးများကို သာကူတိုက်ကျွေးကာ ဒါနပြုပါ။

## ဗြိစ္ဆာရာသီ



SCORPIS

### ( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

တောက်ပသော နေရောင်ခြည် ဖြာဝင်းသော ကာလဖြစ်သည်။ စိတ်ဝင်းစားစရာ အတွေ့အကြုံသစ်များ ရရှိမည်။ လုပ်ငန်းကိစ္စမှာ စိတ်ကူးကောင်းသလောက် အကျိုးအမြတ်ဖြစ်ထွန်းမည်။ ပရိယာယ်ကြွယ်ဝခြင်းကြောင့် အရောင်းအဝယ်ကိစ္စရပ်များ အဆင်ချောနေပေလိမ့်မည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်ရခြင်း၊ ခေတ်မီ နည်းပညာနှင့်ဆိုင်ရာ ပညာရပ်များ ဆည်းပူးရခြင်းတို့ ကြုံမည်။ ပညာကကောင်းနေ၏။ ကျန်းမာရေးအတွက် တစ်နေ့လျှင် ရေ ၆ခွက်မှ ၈-ခွက်ထိ ဝဝသောက်ပါ။ တစ်နေ့လျှင် အစာ သုံးကြိမ်စားပါ။ နံနက်စာကို များများ၊ နေ့လယ်စာကို သင့်သင့်၊ ညစာကို နည်းနည်းစားပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၁)အစ (၂)အဆုံး။
**ယတြာ** - မိမိအိမ်ရှိ ဘုရားစင်ကို သန့်ရှင်းရေးလုပ်ပါ။ သံဃာတော်များကို စတုမဓု လောင်းလှူပါ။

## ဓနုရာသီ



SAGITTARIUS

### ( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

လမင်းမှာ တိမ်ဖုံးနေသော ကာလဖြစ်သည်။ စိတ်မကြည်မလင်စရာ ကိစ္စရပ်အချို့နှင့် တွေ့ခံရတတ်သည်။ အလွဲလွဲအချော်ချော်ဖြစ်နေသည်များကြောင့် ကသီကအောက်ဖြစ်ရတတ်သည်။ ဝမ်းနည်းကြေကွဲစရာအချို့ ကြုံတွေ့ရတတ်သည်။ ယခုကာလမှာ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းများကို ရှာဖွေပေါင်းသင်းပါ။ လုပ်ငန်းသစ်ကိစ္စကို မလောပါနှင့်။ ကျန်းမာရေးအတွက် အဆီနည်းသော အစားအစာများကို စားပါ။ ဝက်သား၊ အဆီများသော အသားများ၊ တိရစ္ဆာန်အဆီများ၊ အရေခွံများကို ရှောင်ပါ။ အသားအစား ငါး၊ ပဲနှင့် အသီးအနှံများကို စားပါ။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၀)အဆုံး၊ (၅)အစ (၇)အဆုံး။
**ယတြာ** - သံဃာတော်များကို သင်္ကန်း(သို့မဟုတ်) ယပ်လှူဒါန်း ကုသိုလ်ပြုပါ။

www.burmeseclassic.com

www.burmeseclassic.com

**မကာရရာသီ**



CAPRICORN

( ဒီဇင်ဘာလ (၂၂) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ကုမုဒြာကြာပွင့်ကဲ့သို့ လရောင်ဆမ်းမှုကြောင့် လန်းဆန်းခွင့်ရရှိသော ကာလဖြစ်သည်။ ဘုရားတန်ခိုး မိဘမေတ္တာ၊ ဆရာသမားဂုဏ်ကျေးဇူးကြောင့် လန်းဆန်းခွင့်ရရှိမည်။ လတ်တလောကိစ္စမှာ "ငါ တတ်နိုင်သလောက် လုပ်ပြီးပြီ"ဟု ပြောလျှင် အကျိုးမရှိနိုင်ပါ။ လုပ်ဖို့ လိုအပ်သည်ကို လုပ်မှ အကျိုးဖြစ်ထွန်းမည်။ ယခုကာလမှာ ငွေဝင်ပြီး စိန်ဆင်ခွင့်ရရှိပေလိမ့်မည်။ ကျန်းမာရေးအတွက် အစာကို အေးအေးဆေးဆေးစားပါ။ စိတ်လှုပ်ရှားနေစဉ် အစာမစားပါနှင့်။ စိတ်ချမ်းချမ်းသာသာဖြင့် အစာကို စားပါ။ အလောတကြီး မစားပါနှင့်။ အစာကို ကြေညက်စွာ ဝါးစားပါ။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း**- (၄)အစ (၂)အဆုံး၊ (၉)အစ (၆)အဆုံး။

**ယတြာ** - မွေးနေ့တွင် မွေးနံထောင့်မှာ ရေသပ္ပာယ်ပြီး တံခွန်၊ ကုက္ကားနှင့် ထီးဖြူ ထီးနီလှူဒါန်းပါ။

**ကုမ်ရာသီ**



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

သင့်ထံပါးမှာ ကံကောင်းစေမည့် လိပ်ပြာကလေး ဝေ့ဝဲနေသော ကာလဖြစ်သည်။ ဆန်းသစ်တီထွင်လို စိတ် ပြင်းပြနေပေလိမ့်မည်။ ပါရမီကုသိုလ် ထူးခြားပြီး ဘာသာရေးဆိုင်ရာ အလှူမင်္ဂလာကိစ္စရပ်များ လုပ်ဆောင်ခွင့်ရရှိမည်။ ဝီရိယရှေ့ဆောင်နေခြင်းကြောင့် သာယာလှပသော ဘဝကို တည်ဆောက်ခွင့် ရရှိပေလိမ့်မည်။ အဖိုးတန် လက်ဝတ်ရတနာရရှိမည်။ ကျန်းမာရေးအတွက် ဝမ်းချုပ်မခံသင့်ပေ။ ဝမ်းမချုပ်စေရန် ပန်းသီး၊ ငှက်ပျောသီး၊ သဘော်သီး၊ နာနတ်သီး၊ ဆီးသီး၊ လိမ္မော်သီး၊ ဖရဲသီးတို့ကို စားပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း**- (၃)အစ (၇)အဆုံး၊ (၅)အစ (၇)အဆုံး။

**ယတြာ** - အသက်ဂုဏ်ဝါကြီးသူများကို ဆေးဝါး၊ သစ်သီး၊ မုန့်နှင့် ငွေကြေးလှူဒါန်းပါ။

**မိန်ရာသီ**



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

မိမိကိုယ်မိမိ တိုးတက်အောင် အမြဲတစေ ကြိုးပမ်းဆောင်ရွက်နေသော ကာလဖြစ်သည်။ လုပ်ငန်းတွေ များ၏ အထင်ကြီး လေးစားမှုကို ရရှိမည်။ စားသောက်ကုန်လုပ်ငန်းနှင့် အကျိုးပေး အထူးကောင်း သည်။ သင့်စေတနာက သင့်ကို အကျိုးပေးပြီး ထီပေါက်သကဲ့သို့ ဝင်ငွေကောင်းများ ရရှိပေလိမ့်မည်။ နိုင်ငံရပ်ခြားကိစ္စက ဝေးမလိုလိုနှင့် အနီးလေးကို ရောက်ရှိလာမည်။ ကျန်းမာရေးအတွက် စားသင့် သောအစာကို စားသင့်သောအချိန်တွင် စားသင့်သော အချိုးအစားအတိုင်း စားသုံးပါ။ အချိုလွန်ကဲ သော မုန့်နှင့် ချောကလက်များ မစားပါနှင့်။ လတ်ဆတ်သော သစ်သီးများကို စားပါ။ သဘာဝအတိုင်း ရှိနေသော အစားအစာများကို စားပါ။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၆)အဆုံး၊ (၆)အစ (၁)အဆုံး။

**ယတြာ** - အိမ်မှိရှိ ဘုရားမှာ အဖြူရောင်ပန်း၊ ရေချမ်းနှင့် ကောက်ညှင်းပေါင်းတို့ ကပ်လှူကာ သီလခံယူပါ။

***



www.burmeseclassic.com

www.burmeseclassic.com

လူတို့ မှီဝဲ စားသောက်ကြသော အစာအာဟာရမျိုးတို့ကို အကြမ်းနည်းအားဖြင့် ပိုင်းခြားလိုက်သော် သုံးမျိုးသုံးစားရှိ၏။ ၎င်းတို့မှာ -

(၁) အစေးပါရှိသည့် ထမင်း၊ ပေါင်မုန့် ကောက်ညှင်း၊ အာလူး စသည်တို့နှင့် ထန်းလျက်၊ သကြား အစရှိသည့် ကာဘိုဟိုက်ဒြိတ်ခေါ် အစားအစာများတို့သည် အပူငွေ့ ရေ စသည်တို့နှင့် ထိတွေ့သည့်အခါ ကစော်ပေါက်တတ်သော သတ္တိရှိလေသည်။ ထို့ကြောင့် ၎င်းတို့မှ မူးယစ်စေတတ်သည့် အရက်ချက်၍ ရနိုင်လေသည်။

(၂) သား၊ ငါး၊ ကြက်ဥ၊ နွားနို့ ထောပတ် စသည့် ပရိုတင်းခေါ် အစားအစာများတို့သည် ရက်ကြာသည့်အခါ ပုပ်သိုးတတ်သော သတ္တိရှိလေသည်။



## မတွဲဖက်ထိုက်သော အစာအာဟာရမျိုးများ



www.burmeseclassic.com

www.burmeseclassic.com

(၃) ဟင်းသီးဟင်းရွက် အသီးအနှံ အစရှိသည့် ဗီတာမင်ဓာတ်ပါရှိသည့် အစားအစာများ။

ပထမအစာအာဟာရမျိုးသည် အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း အစာအိမ်ထဲတွင် လည်းကောင်း၊ အူသိမ်အူမတို့အထဲတွင် လျှောက်သောအခါ၌ လည်းကောင်း၊ ကြေကျက်မှုအတွက် အယ်လ်ကာလီဓာတ်ကို အလိုရှိကြလေသည်။ မည်သည့်နေရာ၌ ရှိစဉ်ဖြစ်စေ အက်စစ်ခေါ် အချဉ်ဓာတ်နှင့် တွေ့သည့်အခါ ကစော်ပေါက်၍ ကြေကျက်ခြင်းကို အနှောင့်အယှက်ဖြစ်စေ၏။

သား၊ ငါး စသော ပရိုတင်းခေါ် အစားအစာမျိုးသည် အစာအိမ်ထဲ၌ ရှိစဉ်အခါ အက်စစ်ခေါ် အချဉ်ဓာတ်ကို အလိုရှိ၍ အူသိမ်အူမတို့သို့ လျှောက်သည့်အခါ၌ကား၊ အယ်လ်ကာလီဓာတ်ကိုပင် အလိုရှိကြ၏။ ထို့ကြောင့် အစာအိမ်ထဲသို့ ၎င်းအစာမျိုးရောက်သည်နှင့် တစ်ပြိုင်နက် အစာအိမ်သည် မိမိ၌ရှိသော အချဉ်ရည်ကို ထွက်စေ၍ ထိုအစားအစာကို နူးနပ်ကြေကျက်စေအောင် ရောနှောမွှေနှောက်ပေးလေသည်။ သား၊ ငါး စသော အစားအစာမျိုးတို့သည် ထိုအချဉ်ရည်နှင့် ရောပွမ်းမွှေနှောက်ခြင်း မခံရပါလျှင် ကောင်းစွာ ကြေကျက်ခြင်း မရှိနိုင်ချေ။ အချို့သောသူတို့၏ အစာအိမ်မှာ အဆိုပါ အချဉ်ရည်မျိုး ခေါင်းပါးသောကြောင့် သား၊ ငါးတို့ကို မချေချက်နိုင်သည်ဖြစ်၍ ပုန်းရည် စသော အချဉ်ရည်တို့ကို အပြင်မှ စားသုံးစေရလေသည်။

အစေးပါသော အစားအစာများနှင့် သကြားပါသော အစာမျိုးတို့သည် ကြေကျက်ရန်အတွက် အယ်လ်ကာလီဓာတ်ကို အလိုရှိ၍ သား၊ ငါးတို့သည် အစာအိမ်ထဲတွင် အက်စစ်ဓာတ်ကို အလိုရှိရကား ထိုဓာတ်နှစ်ခုတို့သည် အလင်းနှင့် အမှောင်ကဲ့သို့ ဆန့်ကျင်ဘက် သဘောရှိသောကြောင့် ထိုအာဟာရနှစ်ခုတို့ တစ်နပ်ထဲတွင် တွဲဖက်စားသုံးခြင်း၏ မလျော်ခြင်းအကြောင်းကို သဘောပေါက်လောက်ပေပြီ၊ မတွဲဖက်သင့်သော အစားအစာမျိုးကို တွဲဖက်စားသုံးခြင်းသည် ဝမ်းထဲတွင် အက်စစ်ဓာတ်ခေါ် အညစ်အကြေးတင်စေခြင်းအတွက် အရေးကြီးလှသော အကြောင်းကြီးတစ်ရပ်ဖြစ်လေရကား ဤအချက်ကို စိတ်ထဲတွင် စွဲမြဲမိစေရန် ထပ်ခါတလဲလဲဖော်ပြရခြင်းဖြစ်ပေ၏။

ထိုအခါ အာဟာရနှစ်မျိုးကို တစ်နပ်တည်းအတူ တွဲဖက် စားသုံးလိုက်ပါလျှင် အစာအိမ်ထဲတွင် အယ်လ်ကာလီဓာတ်အားကောင်းသူဖြစ်ပါက သား၊ ငါးတို့သည် ကောင်းကောင်း မကြေကျက်နိုင်ဘဲ ပုပ်သိုးရချေမည်၊ အက်စစ်ဓာတ်အား ကောင်းသူဖြစ်ပါလျှင်လည်း ထမင်းနှင့် သကြားတို့က ကောင်းစွာ မကြေကျက်နိုင်ဘဲ ကစော်ပေါက်ကြရချေမည်။ ဓာတ်နှစ်မျိုးလုံး အားကောင်းသည် ထားပါဦး၊ ဓာတ်တစ်မျိုးသည် တစ်မျိုးကို ဆန့်ကျင်ဘက်ပြုခြင်းအားဖြင့် အစားအစာနှစ်မျိုးလုံး မကြေတကြေဖြစ်၍ အချို့ကား ပုပ်သိုးခြင်း၊ အချို့ကား ကစော်ပေါက်ခြင်းတို့ကို ဖြစ်ကြရချေသည်။ လူတိုင်းပင် ရောနှော၍ စားနေကြသည်ဆိုစေဦး၊ လူတိုင်းသည် လေလည်သောအခါ နံစော်ကြသည်မဟုတ်ပါလော။ ပထမတန်းကျန်းမာနေသူတစ်ယောက်သည် လေလည်ရန်လည်း မလိုချေ။ လေလည်ခြင်းကား ကစော်ပေါက်ခြင်း၏ အထိမ်းအမှတ်ပေတည်း။

ပဲ အစရှိသော အစာမျိုးသည် ကစော်ပေါက်စေမှုအတွက် ပထမတန်းဖြစ်ပေရကား၊ ပဲကြီးလှော်စားသောအခါ မကြာခဏ လေလည်ရခြင်းမှာ အံ့ဖွယ်ရာမဟုတ်ချေ။ လေလည်ရအောင် ပဲကြီးလှော်ကို တမင်စားသော အလေ့အကျင့်သည် မှန်ကန်သော အလေ့အကျင့်မဟုတ်ချေ။ အလွန်ကျန်းမာနေခဲ့လျှင် တစ်ခါတစ်ရံ လေလည်စေကာမူ သည်းမခံနိုင်လောက်အောင် ပုပ်စပ်နံစော်ခြင်း မရှိသင့်ချေ။

သကြားနှင့် ထမင်း၊ ပေါင်မုန့် စသော အစားအစာမျိုးကို သား၊ ငါး စသည်တို့နှင့်သာမက၊ ချဉ်သီးများနှင့် တွဲဖက်စားသောက်ခြင်းကိုပင် ရှောင်ကြဉ်ကြရပေမည်။

အချို့သော ဓာတ်ဆရာများက အချဉ်သည် လူကို ခွန်အားယုတ်လျော့စေတတ်သည်ဟု ပြောကြ၏။ ထိုစကားသည် မှန်၏။ မှန်ပုံကား လူတို့၌ အယ်လ်ကာလီဓာတ်သည် ခွန်အားကို ဖြစ်စေသော ဓာတ်မျိုးဖြစ်ပေရာ အချဉ်ကို စားလိုက်သောအခါတွင် ကိုယ်ခန္ဓာမှ အယ်လ်ကာလီဓာတ်ကို ထုတ်၍ သမအောင် ပြုပြင်ပေးရန် လိုပေရကား၊ အယ်လ်ကာလီဓာတ်လျော့သွားသည့်အတွက်ကြောင့် ခွန်အားလျော့သွားခြင်း ဖြစ်ချေ၏။ ထို့ကြောင့် အစာအိမ်တွင် အချဉ်ရည် ခေါင်းပါးနေသူတို့အဖို့မှတစ်ပါး အချဉ်တို့သည် အခါခပ်သိမ်း မသင့်လျော်ချေ။ မနေနိုင်၍ စားရလျှင် တတ်နိုင်သမျှ နည်းစွာ စားသုံးအပ်ကြပေသည်။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်သည် အတွင်း၌ စုအောင်းကြွင်းကျန်လျက်ရှိသော အက်စစ်ဓာတ်တို့ကို သမအောင် အခါခပ်သိမ်း တွန်းလှန်ပြုပြင်ပေးလျက်ရှိရာ ထိုကဲ့သို့ တွန်းလှန်ပြုပြင်ခြင်းကို အယ်လ်ကာလီဓာတ်ဖြင့် ဆောင်ရွက်ရ၏။ ယင်းကဲ့သို့ တွန်းလှန်ပြုပြင်ပေးနိုင်လောက်အောင် အယ်လ်ကာလီဓာတ်လုံလောက်စွာ မရှိသည့်အခါ ရောဂါအမြ



www.burmeseclassic.com

www.burmeseclassic.com

အကျယ်ဖြစ်ရသည်ဖြစ်စေ၊ သေရသည်ဖြစ်စေ ဒဏ်ခံကြရ၏။ အက်စစ်ဓာတ်တို့သည် မွေးဖွားသောနေ့မှစ၍ မလျော်သော အာဟာရအမျိုးမျိုးတို့ကြောင့် ဖြစ်စေ၊ အာဟာရများလွန်းသောကြောင့် ဖြစ်စေ၊ ကိုယ်ခန္ဓာထဲတွင် တစ်နေ့တခြား တိုးပွား များပြားလျက်ရှိရာ ထိုအခြင်းအရာကိုပင် ရင့်အိုခြင်းဟု ခေါ် ကြ၍ သေခြင်းမှာလည်း ထိုကိစ္စသည်ပင် အကြောင်းရင်းဖြစ်လေသည်။ ထို့ကြောင့် ဆရာဝန်ကြီးတစ်ဦးက လူတို့သည် ပကတိ သဘာဝတရားအလျောက် သေကြသည်မဟုတ်၊ ကိုယ့်ကိုယ်ကိုယ် သတ်၍ သေကြသူသာ များသည်ဟု ရေးသားထားဖူးလေသည်။ ထိုသူတို့ကား ဓားလုံကို ကိုင်စွဲ၍ ရုတ်တရက် သတ်ခြင်းမဟုတ်သော်လည်း မိမိတို့ကိုယ်ကို တဖြည်းဖြည်းညှဉ်းပန်းလာခဲ့ပြီး နောက်ဆုံးတွင် အညာပြုတ်၍ ကြွေရခြင်းဖြစ်လေသည်။

များယွင်းစွာ စားသောက်လာခဲ့သည့် အလေ့အကျင့်ရှိသူတို့သည် ထိုအလေ့ကို ပြင်ဆင်ရန် ကြိုးစားလိုကြပါလျှင် မတွဲဖက်ထိုက်သော အစာအာဟာရမျိုးကို မတွဲမဖက်ဘဲ စားသုံးသည့်နည်းဖြင့် ရှေးဦးစွာ အကျင့်ပြုထိုက်ကြပေသည်။ အတော်အတန် အကျင့်ရသောအခါတွင် သား၊ ငါး စသော အပုပ်ဖြစ်စေတတ်သော အာဟာရမျိုးကို တဖြည်းဖြည်းလျှော့၍ လျှော့၍ သုံးဆောင်ထိုက်ကြပေသည်။ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တို့ကိုမူ ခပ်များများစားသုံး မှီဝဲအပ်ကြပေသည်။

ဤနည်းအားဖြင့် မတွဲဖက်ထိုက်သည်ကို မတွဲဖက်ဘဲ ရှောင်ကြဉ်လိုက်ကာမျှနှင့် အခြေအမြစ် အတော်အတန်ကြီးသော ရောဂါများ ပျောက်ကင်းခဲ့ကြသည်မှာ များပြားစွာ ရှိခဲ့လေပြီ။

ဝမ်းထဲ၌ ထိုး၍ မကြာခဏနာတတ်ကြသော လူတို့အနက် အချို့မှာ မတွဲဖက်ထိုက်သော အစားအစာကို တွဲဖက် စားသုံးသောကြောင့်ဖြစ်၍၊ အချို့မှာလည်း သား၊ ငါး စသော အပုပ်အစပ်ဖြစ်စေတတ်သည့် အစားအစာမျိုးကို အလွန်အမင်း စားသုံးတတ်ခြင်းကြောင့်လည်း ဖြစ်တတ်၏။ မျက်မြင်အားဖြင့် အလွန်အမင်း မဟုတ်စေကာမူ ထိုသူတို့အဖို့ သည်းမခံနိုင်လျှင် အလွန်အမင်းဟူ၍ပင် ခေါ်ဆိုရပေမည်။

သား၊ ငါး စားလွန်းသောသူအချို့၌ အစာအိမ်သည် အချဉ်ရည်ကို ထုတ်ပေးရန် အကျင့်ပါလျက်ရှိ၍ စားတိုင်းစားတိုင်း အချဉ်ရည် အလွန်အမင်းထွက်နေသဖြင့် အစာအိမ်မှ ငံလေချဉ်တက်တတ်လေသည်။ အချို့ဆရာများက အချဉ်ရည်၏ အလုပ်သည် သား၊ ငါးတို့ကို ချေချက်ပေးရန်ဖြစ်သောကြောင့် အစာအိမ်၌ အချဉ်ရည်များများထွက်နေလျှင် သား၊ ငါးတို့ကို များများစားပေးမှ တော်မည်ဟု သဘောပေါက်ကြ၏။ သား၊ ငါးတို့ကို တိုး၍တိုး၍ အဆုံးမရှိ စားသွားနိုင်လျှင် တော်ကောင်း တော်ပေလိမ့်မည်။ သို့သော် နောက်ဆုံးတစ်နေ့တွင် တိုး၍တိုး၍ထွက်သော အချဉ်ရည်အဖို့ သား၊ ငါးတို့ကို လုံလောက်စွာ သွတ်သွင်းမပေးနိုင်သော အခြေအနေမျိုးသို့ ဆိုက်ရောက်ရမည်ဖြစ်ရကား ရောဂါသည်မှာ ထိုအခါမှ သာ၍ဆိုးပေလိမ့်မည်။

သို့ဖြစ်ရကား ထိုရောဂါမျိုးကို ကုသရန်မှာ အချဉ်ရည်ဖြင့် ချေချက်ရန် မလိုသည့်(သား၊ ငါးကင်းသည့်) အာဟာရမျိုးဖြစ်သော အသီးအနှံ ဟင်းသီးဟင်းရွက် စသည့် အစာအာဟာရမျိုးဖြင့် ကျွေးမွေးသင့်ပေသည်။ ပထမ၌ အစာအိမ်မှ အချဉ်ရည်သည် ပိုလျှံနေကျဖြစ်၍ ထွက်ဦးမည်ဖြစ်သော်လည်း အချဉ်ရည် အသုံးမလိုသည့်အဖြစ်ကို သိသည်နှင့် တစ်ပြိုင်နက် အချဉ်ရည်ထွက်စေခြင်းအလုပ်ကို ရပ်စဲ၍ လူနာမှာ သက်သာရာရပေလိမ့်မည်။

သား၊ ငါး စသည်တို့သည် အပုပ်အစပ်ဖြစ်စေတတ်သောကြောင့် ရောဂါဖြစ်စေတတ်သည်ဟု တစ်ချက်လွှတ်ယူဆရန် မထိုက်သော်ငြားလည်း ၎င်းတို့ကို ရှောင်ကြဉ်သောသူတို့သည် မတွဲမစပ်အပ်သည်ကို တွဲစပ်စားသုံးခြင်းမှ ရှောင်ကြဉ်ပြီးကဲ့သို့ ဖြစ်နေသောကြောင့် သက်သတ်လွတ်စားသူများသည် ရောဂါအနာကင်းတတ်သည်ဟူသော အယူဝါဒသည် မမှားလှချေ။ သို့သော် ကျွန်ုပ်တို့အဖို့မှာ သက်သတ်စားလိုလျှင်လည်း စားတတ်အောင် စားဖို့ နားလည်ကြပြီးဖြစ်သောကြောင့် များများကြီး ခြိုးခြံကြရန် မလိုတော့ပေ။

ဤစာကို ဖတ်ရှုသူတို့သည် ဖော်ပြပါရှိသော စားသုံးနည်းများအနက် မတွဲဖက်အပ်သည်ကို တွဲဖက်စားခြင်းမှာ တနင်္ဂနွေတစ်ပတ်၊ နှစ်ပတ် စသည်ဖြင့် ရှောင်ကြဉ်လိုက်လျှင်ပင် ကိုယ်၏ ပေါ့ပါးခြင်း၊ စိတ်၏ ပေါ့ပါးခြင်း၊ နေထိုင်၍ အတူကောင်းခြင်း၊ စားသောက်၍ အတူမြိန်ယှက်ခြင်း စသော အကျိုးကျေးဇူးတို့ကို လက်တွေ့ ခံစားကြရမည်ဖြစ်သောကြောင့် ထိုထက်ပင် တိတိကျကျ တိုး၍လိုက်နာဖို့ ပြင်ဆင်ကြလိမ့်မည်ဟု မျှော်လင့် ယုံကြည်မိပေသတည်း■

* * *

ရွှေဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com

ဘနှင်း (မြန်မာပြန်)

# ယင်ကောင်ပေးတဲ့ ပုစ္ဆာ



the Riddle of the Fly by
Elizabeth Eniright

www.burmeseclassic.com

www.burmeseclassic.com

သားအကြီးဆုံး ငယ်စဉ်က ကျွန်မတို့လင်မယားဟာ အနောက်ပိုင်း (၁၀)လမ်းထဲမှာ ရှိတဲ့ အိမ်တစ်အိမ်ကို ပြောင်းရွှေ့နေထိုင်ခဲ့ကြပါတယ်။ ကျွန်မတို့အိမ်ဟာ တစ်ပုံစံတည်းဆောက်ထားတဲ့ အနီရောင် အုတ်တိုက်တွေရဲ့ ပထမဆုံး အိမ်ဖြစ်ပါတယ်။ ထောင့်အိမ်ပါ။ အိမ်ရှေ့ လှေကားအောက်မှာ သစ်ပင်ငယ်ငယ်တစ်ပင် ကပ်ပေါက်နေပါတယ်။

အိမ်ဟာ ကျယ်ဝန်းပြီး အိမ်သားတိုင်းအတွက် သီးခြားအခန်းရှိပါတယ်။ အိမ်ဆောက်ခဲ့တာ တစ်ရာစုလောက်ကြာပြီဖြစ်ပေမယ့် ခိုင်ခံ့ပါတယ်။

အိမ်အပေါ်ထပ် ကလေးတွေအိပ်တဲ့ အခန်းပြတင်းပေါက်တွေဟာ နိမ့်ပြီး တောင်ဘက်ကို မျက်နှာပြုထားပါတယ်။ မနက်ပိုင်းမှာ နေရောင်ဟာ ပြတင်းပေါက်က ဝင်လာပြီး ကြမ်းပေါ်မှာ ထိုးကျနေတတ်တယ်။

တစ်နေ့မှာ ကျွန်မဟာ သားကြီးရဲ့ အခန်းကို ရှင်းလင်းပေးနေပါတယ်။ အဲဒီအချိန်မှာ သားက ကျွန်မကို လာပြောပါတယ်။

"ပြတင်းပေါက်မှန်ပေါ်မှာ စာရေးထားတယ် မေမေ။ သား မဖတ်တတ်ဘူး"

"စာတွေ ရေးထားတယ်"

ကျွန်မ အံ့ဩစွာ ရေရွတ်ပြီး ပြတင်းပေါက်ကို သွားကြည့်ပါတယ်။ မှန်ပေါ်မှာ ရေးဆန်ဆန် လက်ရေးနဲ့ သေသပ်လှပစွာ ရေးထားတဲ့ စာတစ်ကြောင်းကို တွေ့ရပါတယ်။ လက်တင်စာလုံးနဲ့ ရေးထားတာပါ။

"ဒီစာကို စိန်နဲ့ ရေးခဲ့တာပဲ"

ကျွန်မ ပြောပြလိုက်ပါတယ်။

"ဘာတွေ ရေးသလဲ မေမေ"

"မေမေ မသိဘူး"

ကျွန်မ အမှန်မသိပါ။

"တစ်ယောက်ယောက်က မေမေတို့ကို အဓိပ္ပာယ်ပြောပြနိုင်မှာပါ"

လက်တင်ဘာသာဖြင့် 'Habet et musca splenem' ဟု ရေးထားသော ထိုစာကြောင်းကို ဟားဘတ်တက္ကသိုလ်ရှိ မိတ်ဆွေတစ်ဦးထံသို့ ရေးသားပေးပို့၍ အဓိပ္ပာယ်မေးမြန်းခဲ့၏။ ထိုမိတ်ဆွေက "ယင်ကောင်မှာလည်း ဒေါသရှိသည်"ဟု အဓိပ္ပာယ်ပြန်ပေးပါတယ်။

ထိုစာကြောင်း၏ အဓိပ္ပာယ်ကို ကျွန်မ မကြာခဏ စဉ်းစားခဲ့ပါသည်။ အခန်းမှာ ကျဉ်းမြောင်းပြီး အပေါ်ထပ်နောက်ပိုင်းတွင် ရှိလေသည်။ ကိုယ်ပိုင်အိမ်ဆိုပါက အစေခံများ နေသည့် အခန်းဖြစ်နိုင်၏။ မိသားစုအတွင်းမှ စိတ်မနှံ့သူတစ်ဦးအား ထိန်းသိမ်းထားရာလည်း ဖြစ်နိုင်၏။ ဟိုတယ်တစ်ခုဖြစ်ခဲ့ပါက ဆင်းရဲသားတစ်ဦး တည်းခိုခဲ့သော အခန်းဖြစ်ပေလိမ့်မည်။

ဤစာကြောင်းကို ရေးခဲ့သူမှာ ဆင်းရဲသားတစ်ဦး၊ စိတ်ဓာတ်ပျက်ပြားနေသူတစ်ဦး၊ ချစ်ခြင်းမေတ္တာကို မခံစားရသူတစ်ဦး၊ တစ်နည်းအားဖြင့် ထိုသုံးမျိုးပေါင်းစပ်ထားသူတစ်ဦးဖြစ်နိုင်၏။ ထိုသူသည် ပညာတတ်တစ်ယောက်။ ထိုအချိန်လောက်က ဥရောပတွင်၊ အထူးသဖြင့် အမေရိကားတွင် စာတတ်သူ အမျိုးသမီးနည်းပါးသဖြင့် စာရေးသူမှာ ယောကျ်ားတစ်ယောက်ဖြစ်ဖို့ များပါသည်။

ကျွန်မအနေဖြင့် ထို့ထက်ပို၍ မမှန်းဆတတ်ပါ။ သို့သော် ထိုစာကြောင်း၏ အဓိပ္ပာယ်ကို မကြာခဏ စဉ်းစားနေမိသည်။ ထိုစာကြောင်း၏ အဓိပ္ပာယ်ကို ဖော်ဆောင်သည့်အနေဖြင့် အောက်ပါအတိုင်း မတူညီသော အဖြေသုံးမျိုးကို ထုတ်ယူခဲ့ပါသည်။

◆◆◆

**စတယ်လာ**

တစ်ညလုံး ကျနေသော နှင်းသည် အရုဏ်ချိန်တွင် ရပ်သွားသည်။ လမ်းပေါ်တွင် နှင်းခဲများ ဖုံးလွှမ်းနေပြီး လေမှာ ငြိမ်သက်နေ၏။ သစ်ကိုင်းများမှာ ဖြူဖွေးသော လက်တံနှင့် တူနေ၏။ စတယ်လာသည် ပြတင်းမှန်အပြင်ဘက်တွင် တဖွဲဖွဲကျနေသော ဆီးနှင်းများကို ကြည့်နေ၏။ မည်သည့်လူသားမှ ဤကဲ့သို့ လှပသော သဘာဝတရားကို ဖန်တီးနိုင်မည်မဟုတ်ပေ။ သဘာဝတရားသည် မည်သည့်အကြောင်းကြောင့် ဤအလှတရားများကို ရေစက်ရေပေါက်များအဖြစ် ပြောင်းလွဲစေခဲ့ပါသလဲ။

လူများက ဘုရားသခင်အလိုအတိုင်းပါပဲဟု လွယ်လွယ်ပြောကြ၏။ ထိုအဖြေသည် သူမကို ကျေနပ်မှုမပေးနိုင်ခဲ့ပါ။ အချို့က တန်ခိုးရှင်တစ်ယောက်သည် ကောင်းကင်ထက်မှနေ၍ ဤအရာများကို ဖန်တီးနေသည်ဟု ယူဆကြသည်။ ဤသည်မှာလည်း သူ မသိလိုသော အဖြေမဟုတ်ပေ။ ဆီးနှင်းများကို နောက်ဆုံး မြင်ခဲ့ရသည့်အချိန်ကို သူမ ပြန်စဉ်းစားကြည့်၏။ သူမ ငယ်စဉ်ဘဝတွင် နှင်းကျသောနေ့များကို ကြုံခဲ့ဖူး၏။ ကျောင်းနေစဉ်ကလည်း နှင်းကျသောနေ့များကို ကြုံခဲ့ဖူး၏။ ထို့နောက်ပိုင်းကိုတော့ မမှတ်မိတော့ပေ။

အခြားသူများလိုပင် အတိတ်ဘဝသည် သူမထံသို့ မကြာခဏ ရောက်လာတတ်၏။ ပြီးတော့ အချိန်ကာလဟူ၍ ရှိသေး၏။ သူမဘဝတွင် အချိန်ကာလဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါ။ အိပ်မက်ထဲမှာပင် ထိုအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

သူမ မစဉ်းစားခဲ့ပါ။

သူမ နေသောအခန်းမှာ အလင်းရောင် ကောင်းစွာရလေသည်။ ဆီးနှင်းများ၏ အရောင်ဟပ်မှုကြောင့် အခန်းမှာ အလင်းရောင် အားကောင်းနေ၏။ ဒါကို သူမ သဘောကျလေသည်။ ယခုအခါ သူမတွင် အခြားသူများလိုပင် အချိန်ဆိုသည့်အရာ ရှိလာပြန်၏။

သူမတွင် အပေါင်းအသင်းအနည်းငယ်သာ ရှိ၏။ မီးဖိုရန် မီးသွေးလာပို့သော "အက်မီးစ်"မှာ သူမအတွက် အလွန်ကောင်းသော အဖော်ဖြစ်၏။ အက်မီးစ်သည် ရာသီဥတုအကြောင်းကို အများကြီး ပြောပြ၏။ မည်သူမျှ ရာသီဥတုအကြောင်းကို သူလောက် ပြောနိုင်မည်မဟုတ်ပါ။ သူ့တွင် ပြောစရာ အကြောင်းတွေ အများကြီး ရှိနေသည်။ သူ့ခွေးအကြောင်း။ မင်းသားအကြောင်း။ လိမ္မာသော အိမ်မွေး တိရစ္ဆာန်များ အကြောင်း။ အန်တီ ဘက်စလေ မရှိသောနေ့တွင် မင်းသားကို အလည်ခေါ်လာမည်ဟု သူ ကတိပေးထားသည်။

စတယ်လာထံသို့ အစားအသောက်များ လာပို့သော အက်ဖီမှာ သူမ၏ အခြားမိတ်ဆွေတစ်ယောက်ဖြစ်၏။ သူမဆံပင်မှာ နီနီကောက်ကောက် ဖြစ်သည်။ သူမအား ပိုးပန်းနေသော ယောက်ျားကလေးများအကြောင်းကို အမြဲပြောလေ့ရှိသည်။ သူမ စကားပြောသည်ကို စတယ်လာ ငေးပြီး နားထောင်ရ၏။

အန်တီ ဘက်စလေမှာ သူမ မိတ်ဆွေမဟုတ်ပါ။ သို့သော် စတယ်လာကို ထိန်းသိမ်းထားသူဖြစ်၏။ ဒီလောက်ပါပဲ။ သူမအနေဖြင့် စတယ်လာကို စိတ်ဝင်စားရန်၊ သနားကြင်နာရန် မလိုပါ။

တစ်ဖက်ခြံမှ ကလေးနှစ်ယောက် အပြင်ထွက်လာသည်ကို သူမ လှမ်းမြင်ရ၏။ ကလေးများသည် နှင်းခဲများဖြင့် တစ်ယောက်ကို တစ်ယောက် ပစ်ပေါက် ဆော့ကစားနေကြ၏။ စတယ်လာသည် ကလေးများကို စိတ်ဝင်စားစွာ စိုက်ကြည့်နေ၏။ ကလေးများ ရယ်လျှင် သူမ ရယ်၏။ သူမကိုယ်တိုင် ကလေးများနှင့်အတူ ပါဝင်ကစားနေသလို ခံစားနေရ၏။

တံခါးခေါက်သံပေါ်လာ၏။

"ဂွတ်(ဒ်)မောနင်း…မစ္စ"

အက်ဖီသည် လက်တစ်ဖက်ဖြင့် တံခါးဖွင့်ပြီး အခြားလက်တစ်ဖက်ဖြင့် အစားအသောက်ဗန်းကို ကိုင်၍ဝင်လာ၏။

"အပြင်မှာ နှင်းတွေ ကျနေတယ်"

သူမ ပြောပြသည်။

"ဟုတ်တယ်၊ နှင်းတွေ အရမ်းကျနေတယ် အက်ဖီ"

"နံနက်စာကို ပူတုန်း စားပါ မစ္စ။ ကျွန်မကိုယ်တိုင် ချက်လာတာပါ။ နီရာ ချက်တာထက် ပိုကောင်းမှာပါ။ များများ စားစမ်းပါ မစ္စ။ မစ္စ် ဘက်စလေဟာ ရှင့်ကို နည်းနည်းပါးပါး အပြင်ထွက်ခွင့် ပေးသင့်တယ်။ လေကောင်း လေသန့် ရှူရရင် အစာပိုပြီး စားနိုင်လိမ့်မယ်"

"မကြာခင် ထွက်ခွင့်ပေးမှာပါ အက်ဖီ"

သို့သော် စူးရဲတောက်ပသော နေရောင်အောက်သို့ သူမ မထွက်လိုပါ။

အို…မထွက်ဘူး၊ ဘယ်တော့မှ မထွက်ဘူး။

"ဒီမနက် သူ စိတ်တိုနေတယ်"

အက်ဖီက ဝမ်းသာနေသော လေသံဖြင့် ပြောပြသည်။

"အန်တီ ဘက်စလေလား"

"ဟုတ်တယ်။ မစ္စ် ဘက်စလေပေါ့။ အို…သူ အရမ်းစိတ်ဆိုးနေတယ်။ သူ့လက်စွပ်က စိန်တစ်လုံးပျောက်သွားတယ်လေ။ ရှာလို့ မတွေ့ဘူး။ ဒီပြင် စိန်တွေသာ မကျန်ခဲ့ရင် ကျွန်မတို့ ခိုးတယ်လို့ သူစွပ်စွဲမှာ။ အိမ်ထဲမှာ နေရာအနှံ့ရှာပြီးပြီ၊ ဘယ်မှာမှ မတွေ့ဘူး"

"တစ်နေရာရာမှာ ရှိပါလိမ့်မယ်"

စတယ်လာက လက်ဖက်ရည်ငှဲ့ရင်း ပြောနေသည်။

အက်ဖီသည် သိမ်းစရာရှိသည်များကို သိမ်းပေးနေ၏။ သူမသည် ပြတင်းပေါက်မှ လှမ်းကြည့်နေ၏။

"နှင်းကျရင် ကလေးတွေ ပျော်ကြတယ်။ မြင်းတွေကတော့ သဘောကျမှာမဟုတ်ဘူး"

သူမက ပြောပြန်သည်။

"သူ မနေ့ညက ကျွန်မကို လက်ထပ်ခွင့်တောင်းတယ်"

"ဘယ်သူလဲ၊ ဂျင်လား"

"ဟုတ်တယ်။ ဒါဆို သုံးကြိမ်ရှိပြီ။ တချို့က လက်ထပ်ခွင့်တောင်းခံရတဲ့ အကြိမ်ကို မှတ်ထားသင့်တယ်လို့ ပြောတယ်။ ကျွန်မကို လက်ထပ်ခွင့် တောင်းတာ ကိုးကြိမ်ရှိပြီ"

သူမက ဂုဏ်ယူစွာ ပြောလေသည်။

"ကိုးကြိမ်တောင်လား အက်ဖီရယ်"

"ကိုးကြိမ်။ ဒါပေမယ့် ကျွန်မ စဉ်းစားရဦးမယ်။ ဂျင်ဟာ လက်သမားတစ်ယောက်ရဲ့ လက်ထောက်ပဲ ဖြစ်တယ်"

အက်ဖီ ထွက်သွားပြီးနောက် စတယ်လာသည် လက်ဖက်ရည် သောက်နေခဲ့၏။ ငှက်တစ်ကောင်သည် သစ်ကိုင်းပေါ်တွင် နား၍ မြည်ကြွေးနေ၏။ ကလေးများသည် နှင်းခဲများကို



www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးကြီးတစ်လုံးဖြစ်အောင် လုပ်နေ၏။ နှင်းလူလုပ်မည်ကို သူမ သိလိုက်သည်။

ထိုအခိုက် ထူးဆန်းသော အသံတစ်သံထွက်ပေါ်လာသည်။ စတယ်လာ အံ့ဩသွား၏။ ဇန်နဝါရီလတွင် ယင်ကောင်တစ်ကောင်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ယခု နှင်းထူထပ်စွာ ကျနေချိန်တွင် သူ ဘယ်က ရောက်လာသလဲ။ ယင်ကောင်တွေ သေကြေပျက်စီးသည်မှာ ကြာလေပြီ။ ယင်ကောင်သည် ခပ်တိုးတိုးအော်ရင်း ပြတင်းပေါက်ဆီသို့ ပျံသွားလေသည်။ မှန်ပေါ်တွင် အတန်ကြာအောင် နားနေ၏။ ထို့နောက် အခန်းထဲသို့ ဝင်ပြီး လှည့်လည် ပျံသန်းနေပြန်သည်။

ယင်ကောင်သည် နွေရာသီ၏ အမှတ်အသားဖြစ်သည်ဟု စတယ်လာ ယူဆ၏။ သူမ ငယ်တဝက်ို ပြန်သတိရမိပြန်သည်။

• • •

အတန်းပိုင် ဆရာမသည် ပျားအုံမှ ပျားရည်များ ညှစ်ယူနေ၏။ သူမနှင့် အခြားမိန်းကလေးများသည် သစ်ပင်များတွင် ကြောက်ရွံ့ တုန်လှုပ်စွာ ပုန်းနေကြ၏။ ဆရာမကို မရဲတရဲချောင်းကြည့်ရင်း လေသံဖြင့် စကားပြောနေကြ၏။

"မင်းတို့အားလုံး ကြောက်နေကြတယ်၊ အားလုံးပဲ. . ."

ဆရာမက ရယ်မောရင်း ပြောသည်။

"ဒါဆို မင်းတို့ကို ပေါင်မုန့်နဲ့ တို့စားဖို့ ပျားရည် မပေးတော့ဘူး"

ဒါကို ပျော်စရာကောင်းတယ်လို့ ဘာကြောင့် ငါ မထင်သလဲဟု စတယ်လာ တွေးနေ၏။ သူမ မျက်လုံးမှိတ်ပြီး တွေးနေ၏။ အရာအားလုံးကို ပြတ်ပြတ်ထင်ထင် သူမ မှတ်မိနေသည်။ ဩဂုတ်လ၏ အနံ့အသက်များကို ရှူရှိုက်နေရသလို ထင်မိသည်။ သစ်တော်သီးနံ့၊ မြက်ခင်းပြင်နံ့၊ ကောက်ရိုးနံ့၊ ပျားများ၏ အော်သံ၊ နွေးထွေးသော ချောင်းရေစီးဆင်းသံ။

"မင်းလည်ပင်းမှာ ပျားတစ်ကောင်"

သူမသူငယ်ချင်း ဖာရီဖာနေးက ထိတ်လန့်တကြား အော်ပြောလေသည်။ အခြားမိန်းကလေးများ၏ ကြောက်လန့်စွာ အော်သံများကိုပါ ကြားယောင်နေ၏။

• • •

စတယ်လာ မျက်လုံးပြန်ဖွင့်လာသည်။ ပြတင်းပေါက်မှန်တွင် နားနေသော ယင်ကောင်ကို မမှိတ်မသုန်ကြည့်နေပြန်၏။

"မင်း ဆာနေပြီလား ယင်ကောင်လေး။ မင်းကို ငါ အစာကျွေးပါ့မယ်ကွာ"

သူမသည် ပန်းကန်ပြားပေါ်တွင် သကြားအနည်းငယ်ပုံ၍ အပေါ်မှ လက်ဖက်ရည်တစ်စက် ချလိုက်၏။ ယင်ကောင်သည် ပန်းကန်ပြားဆီသို့ တော်တော်နှင့် ရောက်မလာပေ။ အခန်းထဲတွင် လှည့်ပတ် ပျံသန်းနေ၏။ နောက်ဆုံးတွင် သကြားပုံကို မြင်သွားပြီး လာနားလေသည်။

စတယ်လာသည် ယင်ကောင်၏ လှုပ်ရှားမှုကို ကြည့်ရင်း စဉ်းစားနေ၏။ သူမ ဘာကို တွေးနေမိပါလိမ့်၊ တစ်ခုခုလား။ တစ်စုံတစ်ယောက်ကိုလား။

ထိုခဏတွင် သူမစိတ်သည် အန်တီ ဘက်စလေ လာမခေါ်ခင်က သူခ ခဏနေခဲ့ရသော အရပ်နှင့် ထိုနေရာမှ မြို့စားကတော်ထံသို့ ပျံလွင့်ရောက်ရှိသွားပြန်သည်။ မြို့စားကတော်၏ ဆံပင်များမှာ နက်မှောင်ပြီး မျက်လုံးများသည် စူးရှ တောက်ပြောင်လှသည်။ သူမမျက်လုံးများသည အမြဲလှုပ်ရှားနေ၏။ အရာဝတ္ထုတစ်ခုကို စူးစိုက်ကြည့်နေချိန်တွင်သာ ထိုမျက်လုံးများ ငြိမ်သက်သွား၏။ မည်သူမျှ မမြင်သောအရာကို သူမ မြင်ရလေသည်။

"ငါ ဘာကြောင့် မြို့စားကတော်အကြောင်း တွေးနေမိပါလိမ့်"

"ဆရာမ မစ္စစ် ဂလိုင်ရယ် အကြောင်းကိုလည်း မတွေးဘူး"

"ဥယျာဉ်ထဲမှာ ကစားတဲ့ အကြောင်းပဲ တွေးသင့်တယ်"

သူမခန္ဓာကိုယ်အတွင်းမှ အသံက ပြောနေလေသည်။

ရတ်တရက် နေပွင့်လာ၏။ စတယ်လာ မျက်လုံးဖွင့်ကြည့်လိုက်ပြန်၏။ အခန်းကြမ်းပြင်ပေါ်တွင် တောက်ပသော အရာတစ်ခုကို သူမ မြင်ရလေသည်။ အန်တီ ဘက်စလေ၏ လက်စွပ်မှ စိန်ဖြစ်လေသည်။ မနေ့ညက ပြတင်းပေါက်ဘေးတွင် သူထိုင်နေစဉ် အန်တီ ဘက်စလေရောက်လာခဲ့သည်။

"အမှောင်ထဲမှာ ငုတ်တုတ်ထိုင်ပြီး တွေးချင်ရာ တွေးနေပေတော့ စတယ်လာ။ ဒါဟာ ကျန်းမာရေးနဲ့ မညီညွတ်ဘူး"

အန်တီက ထုံးစံအတိုင်း မြည်တွန် တောက်တီးလေသည်။ ထို့နောက် မှန်အိမ်ကို ယူ၍ မီးထွန်းပေးလေသည်။ ထိုအချိန်တွင် အန်တီ၏ လက်သည် နံရံနှင့် တိုက်မိသွား၏။

စတယ်လာသည် စိန်ကို ကောက်ယူရင်း သူမအဒေါ် မည်မျှ ဝမ်းသာသွားမည်ကို စဉ်းစားနေ၏။

"စတယ်လာ. . .တူမလေး၊ မင်း သိပ်လိမ္မာပါလားကွယ်"

အန်တီက ပြောပြီး သူမ၏ နမ်း



www.burmeseclassic.com

www.burmeseclassic.com

ပေလိမ့်မည်။

သို့သော် စတယ်လာသည် ခေါင်းယမ်းပြီး စိန်ကို သူမအိတ်ထဲသို့ ထည့်လိုက်သည်။

တစ်ဖက်ခြံမှ ကလေးများ၏ အသံကို ကြားနေရ၏။ ပြီးတော့ နှင်းခဲ လှောပေါ်တွင် လျှောက်သွားသော လူ ခြေသံများ။

ယခုအခါ ယင်ကောင်သည် ပြတင်းပေါက် ခန်းစီးပေါ်တွင် တက်နေ၏။

♦♦♦

အက်ဖီ ဝင်လာပြန်၏။ သူမလက် ထဲတွင် စာအိတ်တစ်အိတ်ကိုင်ထား၏။

"ရှင့်အတွက် စာရောက်လာ တယ် မစ္စ။ ဘုရားသခင်…၊ ဒါ ဘာ လဲ။ ဟင်…ယင်ကောင်တစ်ကောင်ပါ လား။ ဆောင်းတွင်းကြီးမှာ။ အို… ဘယ်လောက် ညစ်ပတ်တဲ့ သတ္တဝါ လဲ"

"အက်ဖီ…သူ့ကို မသတ်ပါနဲ့"

သို့သော် နောက်ကျသွားလေပြီ။ အက်ဖီသည် စက္ကူခေါက်ဖြင့် ယင် ကောင်ကို ရိုက်လိုက်ပြီးဖြစ်၏။ ယင် ကောင် လဲကျ သေဆုံးသွားသည်။ စတယ်လာ ငိုလေပြီ။

"ဘာဖြစ်လို့လဲ မစ္စ၊ ဒါဟာ ယင် ကောင်လေ"

"ဒါပေမယ့် သူဟာ အသက်ရှိ တယ် အက်ဖီ။ သက်ရှိ သတ္တဝါ တစ်ကောင်ဖြစ်တယ်"

အက်ဖီမှာ အံ့အားလည်း သင့်၊ ဝမ်းလည်း နည်းသွားသည်။ သူမက ရှင်းပြပြန်သည်။

"ယင်ကောင်တွေဟာ ညစ်ပတ် တဲ့ သတ္တဝါတွေပါ။ ဒါကို မစ္စ သိပါ တယ်။ သူတို့စားတဲ့ အစားအစာတွေ ကို ကြည့်ပါ။ ယင်ကောင်တစ်ကောင် အတွက် မငိုသင့်ပါဘူး"

"အို…အက်ဖီ ထွက်သွားစမ်းပါ ကွယ်။ ငါ့ဘာသာ ငိုပါရစေ"

"သွားပါ့မယ် မစ္စ။ နေပါဦး၊ မစ္စ ဘယ်လိုခံစားနေရလို့လဲ"

သူမ ထွက်သွားပြီးနောက် စတယ်လာသည် စိတ်မချမ်းမြေ့စွာ ငို နေခဲ့၏။

ထို့နောက် မျက်ရည်သုတ်ရန် အိတ်ထဲသို့ လက်နှိုက်၍ လက်ကိုင်ပဝါ ရှာလေသည်။ စိန်ကို ဒုတိယအကြိမ် စမ်းမိပြန်သည်။ သူမသည် ပြတင်း ပေါက်သို့ လျှောက်သွားပြီး ထိုင်ချ လိုက်သည်။ ယင်ကောင်မှာ ပက်လက် လန်နေသည်။ သတ္တဝါသည် ခြေ ထောက်များကို ရင်ဘတ်ပေါ်တွင် ဆု တောင်းနေသလို ကြက်ခြေခတ်ထား သည်။

"မင်းရဲ့ အုတ်ဂူပေါ်မှာ ငါ စာရေး မယ် မိတ်ဆွေလေး။ ဘာရေးရမယ်ဆို တာ ငါ သေသေချာချာသိထားပြီးပြီ"

စာကို ခက်ခဲစွာ ရေးရလေသည်။ စိန်သည် သူမလက်ချောင်းများကြား



တွင် လည်နေ၏။ အောက်သို့ နှစ်ခါ လွတ်ကျခဲ့သည်။ သို့သော် စိန်၏ တစ်ဖက်ထိပ်မှာ ချွန်နေသဖြင့် မှန်သား ကို စူးဝင်နိုင်၏။ ရေးပြီးနောက် သူမ ရေးသောစာကို ပြန်ဖတ်ကြည့်သည်။ နှင်းခဲအချို့ကို ယူ၍ အုတ်ဂူလုပ်ပြီး ယင်ကောင်ကို မြှုပ်နှံလိုက်၏။

ကလေးများ၏ နှင်းလူရုပ်မှာ ပြီးခါနီးလေပြီ။ ခေါင်းတွင် ဦးထုပ်ဆောင်း ထား၏။ မျက်နှာမှာ မပီသသေးပေ။ စတယ်လာသည် လက်ထဲမှ စိန်ကို စူးစိုက်ကြည့်နေ၏။ ထို့နောက် ပြတင်း ပေါက်မှနေ၍ နှင်းထုအတွင်းသို့ ဝေးနိုင် သလောက် ဝေးအောင် လွှင့်ပစ်လိုက် တော့၏။ စိန်သည် ကလေးများအနီးသို့ ကျသွား၏။ သို့သော် ကလေးများသည် စိန်ကျလာသံကို သတိမပြုမိကြပေ။

စိန်ကို လွှင့်ပစ်ပြီးနောက် သူမ စိတ်ထဲတွင် နောက်ထပ် ပစ္စည်းများကို လွှင့်ပစ်လိုစိတ် ပေါ်လာပြန်၏။ ပထမ ဆုံး နာရီကို လွှင့်ပစ်လိုက်၏။ ထို့နောက် ဆုတောင်းစာအုပ်၊ ထို့နောက် ငွေ ဘရုပ်(ချ်)နှင့် ငွေဘီး။ ပစ္စည်းများကို လွှင့်ပစ်တိုင်း ပါးစပ်မှ "သွားလေရော့ ဟယ်"ဟု အော်ဟစ်နေလေသည်။ ထို့ နောက် အားရကျေနပ်စွာ ရယ်နေတော့ ၏။

ကလေးနှစ်ယောက်နှင့် မျက်နှာ မပီသသော နှင်းလူက သူမကို မော့ ကြည့်လေသည်။ အခြားအိမ်များမှ လည်း ပြတင်းပေါက်မှ ကြည့်နေ၏။

မကြာခင် စတယ်လာသည် သူမ အမှန်တကယ်လုပ်ချင်သောအရာ ကို သေသေချာချာသိသွား၏။ ထို့ ကြောင့် ထိုအရာကို လုပ်ရန် ပြင်ဆင် လေတော့သည်။

သူမ၏ ခြေတစ်ဖက်ကို ပြတင်း ပေါက်အပြင်သို့ ထုတ်လိုက်ချိန်တွင်

www.burmeseclassic.com

တံခါးပွင့်လာပြီး လူများ ဝင်လာ၏။ ထို့နောက် သူမကို ဆွဲတင်လေသည်။

"ဘုရားသခင်…အန်တီ ရင်တုန်လိုက်တာ တူမလေးရယ်"

အန်တီ ဘက်စလေက သူမကို ဖက်ရင်း ပြောလေသည်။

"အက်ဖီ…အက်မီးစ်ကို အခု သွားခေါ်စမ်း။ နောက် ဒါမျိုးမဖြစ်အောင် လုပ်ရမယ်"

မကြာခင် စတယ်လာသည် အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့၏။ သို့သော် ပြတင်းပေါက်အပြင်တွင် လူတစ်ယောက်ရပ်နေ၏။

"ရှင် ဘာလုပ်နေတာလဲ အက်မီး(စ်)"

စတယ်လာက သူကြားအောင် အော်ပြောလေသည်။

"ဝမ်းနည်းပါတယ် မစ္စ။ ကျွန်ုပ်ကို အမိန့်ပေးထားပါတယ်။ ပြတင်းပေါက်ကို အပြင်က သစ်သားတန်းရိုက်ပြီး ပိတ်ဖို့ အမိန့်ပေးထားပါတယ်"

သူက အားနာသံဖြင့် ပြောလေသည်။ သို့သော် သူမကို မကြည့်ပေ။ သူမတို့နှစ်ယောက်သည် ပိုမိုရင်းနှီးလာပြီဟု စတယ်လာ ထင်မိ၏။

မကြာခင် မှောင်နေသော အခန်းထဲတွင် သူမသည် လူတစ်ယောက်နှင့် အတူ ထိုင်နေတော့၏။ သူမကို မှန်အိမ် ထွန်းခွင့်မပေးတော့ပါ။

♦♦♦

**အဲဖရက်နှင့် ထရေစာ**

တစ်ဖက်ခြံထဲတွင် သစ်တော်ပင် တစ်ပင်ရှိနေသည်။ မိုးစင်စင်မလင်းသေးသော်လည်း အမှောင်ထဲတွင် ထိုသစ်ပင်ကို လှမ်းမြင်နေရသည်။ ပန်းရနံ့များကိုပင် ရှူရှိုက်နေရ၏။ သူသည် အဝတ်အစားအပြည့်အစုံဖြင့် ပြတင်းပေါက်ဘေးတွင် ထိုင်နေ၏။ ထရေစာမှာ အိပ်မောကျနေသည်။

တစ်ဖက်ခြံမှ ချောင်းဆိုးသံ ရပ်သွားလေပြီ။ သူ အိပ်ရာမှ နိုးလာချိန်တွင် ထိုအိမ်မှ အခန်းတစ်ခန်း မီးလင်းနေသည်ကို သတိပြုမိ၏။ တစ်ညလုံး မီးထွန်းထားဟန်တူ၏။ ချောင်းဆိုးသံကို တစ်မိနစ်ခြား နှစ်မိနစ်ခြား ကြားနေရ၏။ တစ်မြို့လုံးတွင် သူနှင့် ချောင်းဆိုးသူသာ နိုးနေမည်ဟု သူ ထင်၏။

တစ်အိမ်လုံး တိတ်ဆိတ်နေ၏။ အစေခံများ နေသောအခန်းမှ ဘာအသံမှ မကြားရ။ အောက်ထပ်ရှိ သူ့ဇနီး အခန်းမှလည်း အသံထွက်မလာ။ ကလေးများလည်း အိပ်ရာမှ နိုးလာသော်လည်း ငိုယိုသံ မကြားရ။

သူ့ဇနီးအကြောင်းကို စဉ်းစားမိပြန်၏။ သူ့ဇနီးမှာ အမြဲ မမာမကျန်းဖြစ်နေလေသည်။ သူနှင့် လက်ထပ်ပြီးနောက် မကြာခင်က သူ့ဇနီး မကျန်းမာဖြစ်ခဲ့၏။ သူနှင့် လပ်မထပ်ခင်က ချောမောလှပခဲ့သော်လည်း ယခုအခါ အသားအရေ ဖျော့တော့သော မကျန်းမာသည့် မိန်းမတစ်ယောက်ဖြစ်နေလေပြီ။ အိပ်ရာပေါ်တွင် အမြဲလဲနေပြီး ယဲ့ယဲ့သာ ပြုံးနိုင်တော့၏။

သူ့အကြည့်သည် အိပ်ပျော်နေသော ထရေစာထံ ရောက်သွားပြန်၏။ သူမ၏ ဆံပင်များမှာ မဲနက်နေ၏။ အံ့သြစရာတော့ ကောင်းသည်။ ထရေစာ အလုပ်လုပ်နေသည်မှာ နှစ်ဝက်လောက်ရှိလေပြီ၊ သို့သော် လွန်ခဲ့သော တစ်ပတ်ခန့်ကမှ သူမကို သူ သတိပြုမိခဲ့၏။ ထိုနေ့က မီးဖိုခန်းထဲသို့ သူ ဝင်လာခဲ့၏။ မီးဖိုပေါ်တွင် ထရေစာ ငုံ့နေသည်ကို တွေ့လေသည်။

"ဘာလုပ်နေတာလဲ ထရေစာ။ မီးဖိုကြည့်ပြီး ဆုတောင်းနေတာလား"

သူမ ရုတ်တရက် လှည့်ကြည့်လေသည်။ သူ့ကို တွေ့သောအခါ ရယ်နေ၏။

"မဟုတ်ပါဘူး ဆရာ။ ဆံပင်ကောက်ဖို့ ရေနွေးကျိုနေတာပါ။ ဘုရားကျောင်းသွားမလို့ပါ"

ရေနွေးငွေ့များ ဟပ်ထားသောကြောင့် သူမ၏ မျက်နှာမှာ ပန်းရောင်တောက်နေသည်။ နဖူးပေါ်သို့ ဝဲကျနေသော ဆံပင်များမှာ ရေစိုနေသည်။ သူမ၏ မျက်လုံးများမှာ အပြာရင့်ရောင်ဖြစ်လေသည်။

ထိုနေ့က ထရေစာ ရပ်နေပုံနှင့် လွတ်လပ်ပေါ့ပါးစွာ ရယ်မောသံကို သူ မမေ့နိုင်ခဲ့ပါ။ ထိုနေ့က စ၍ သူ့ဘဝတွင် မျှော်လင့်ချက်အသစ်များ ရှိလာခဲ့၏။ သူ့ဘဝတွင် စိတ်ပျက် ငြီးငွေ့စရာများဖြင့် နေခဲ့ရသည်မှာ နှစ်အတော်ကြာခဲ့လေပြီ။

မကြာခင် နွေသစ်များ ရောက်လာပေတော့မည်။ မြို့ထဲမှ အသံများ ထွက်ပေါ်လာ၏။ မြင်းခွာသံများ၊ လှည်းသမားများ၏ အော်ဝေါက်သံများ၊ ငှက်မြည်သံများ၊ အလင်းရောင် တဖြည်းဖြည်းပေါ်လာသည်နှင့်အမျှ အသံများ ပိုဆူလာ၏။ မြို့တော်သည် ရက်စက်ခြင်း၊ ပျော်ရွှင်ခြင်းများဖြင့် အသက်ဝင်လာ၏။ သူကိုယ်တိုင်လည်း ရက်စက်မှုနှင့် ပျော်ရွှင်ခြင်းကို တစ်ပြိုင်တည်း ခံစားနေရလေသည်။

ရုတ်တရက် သူ့အင်္ကျီအိတ်ထဲမှ ဖောင်တိန်ကို ဖြုတ်ယူလိုက်၏။ ဖောင်တိန်နစ်မှာ အဝါရောင်သတ္တုဖြစ်ပြီး ချွန်မြထက်မြက်နေ၏။ ထို့နောက် ပြတင်းပေါက် မှန်ပေါ်တွင် ငုံ့၍ စာရေးလေသည်။ သူ မနှစ်သော သူ့ဇနီးအကြောင်း မဟုတ်ပါ။ ဘဝ၊ ကံကြမ္မာနှင့် သူ့ရန်သူများကို ရည်ညွှန်းသော

www.burmeseclassic.com

စာပိုဒ်များ ဖြစ်ပါသည်။

ထရေစာက မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဘာလုပ်နေတာလဲ ဆရာ"

သူက သူမထံ လျှောက်သွားပြီး ဘေးတွင် ဝင်ထိုင်လေသည်။

"မင်း သိပ်လှတာပဲ"

ပိုးသားလို ချောမွေ့ တောက်ပြောင်နေသော မိန်းကလေး၏ ဆံပင်များကို သူ့လက်ဖြင့် ယုယစွာ ကိုင်တွယ်ကြည့်နေ၏။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်၊ ဆရာရော"

"သုံးဆယ်"

သူက သက်ပြင်းချရင်း ဖြေလိုက်သည်။

"ဆရာက သိပ်နုတာပဲ"

သူမမျက်နှာမှာ ပြုံးနေ၏။ ထို့နောက် ကလေးတစ်ယောက်လို အပြင်းဆန့်နေ၏။

"ဆရာ…အောက်ထပ်ကို သွားသင့်ပြီ"

"အို…ထရေစာရယ်၊ ကိုယ့်ကို ဆရာလို့ မခေါ်ပါနဲ့။ ကိုယ်တို့ နှစ်ယောက်တည်း ရှိချိန်မှာ အဲဖရက်လို့ပဲ ခေါ်ပါ"

"အို…ကျွန်မ မခေါ်ရဲပါဘူး"

"ဘာဖြစ်လို့လဲ ထရေစာရယ်"

မိန်းကလေးက သူ့ကို မြတ်နိုးစွာ ကြည့်နေ၏။ ဘာမှ ပြန်မဖြေပေ။

အိမ်အောက်ထပ်မှ စကားသံများ ကြားရ၏။

"မေရီ…မီးထွန်းနေပြီ"

ထရေစာက ပြောရင်း အိပ်ရာမှ ထ,ထိုင်လေသည်။

"ပြန်ပါတော့ ဆရာရယ်။ သူတို့ မြင်သွားရင် မကောင်းဘူး"

"မမြင်ပါဘူး။ ကိုယ် သတိထားမှာပါ။ ကဲ - ဒီကို လာဦး၊ မင်းကို ကိုယ် ပြစရာရှိတယ်"

သူက မိန်းကလေး၏ ခါးကို ဖက်ပြီး ပြတင်းပေါက်သို့ ခေါ်ဆောင်လာ၏။

"ဟိုမှာ ကြည့်စမ်း၊ ဘာလဲ"

"သစ်တော်ပင်"

"ဒါဆို မပြည့်စုံသေးဘူး"

"သစ်တော်သီးက စားရတယ်။ ဒါပဲ ကျွန်မ သိတယ်"

"စားစရာ…ဟုတ်လား ထရေစာ။ ဘာကြောင့် မင်း ဒီလို လွယ်လွယ် ပြောရတာလဲ။ ဒါဟာ ဟိမဝန္တာတောင်ပေါ်က ဆီးနှင်းတွေနဲ့ တူတယ်။ ဒါမှမဟုတ် လှပတဲ့ တိမ်တိုက်တစ်ခု…"

"အာလူးတွေလိုပဲလား"

ထရေစာသည် ပြောရင်း ဆာလောင်လာ၏။ ထို့နောက် မှန်ပေါ်မှ စာကြောင်းကို မြင်သွား၏။

"ဒါကို ဆရာရေးတာလား။ ဒီစာတွေလေ။ မှန်ပေါ်မှာ ထင်အောင် ဘာနဲ့ ရေးသလဲ"

အဲဖရက်က သူမကို ဖောင်တိန် ထုတ်ပြလိုက်သည်။

"ဒီစာက ဘာအဓိပ္ပာယ်လဲ"

"လှပတဲ့ အိုင်းရစ် မိန်းကလေး တစ်ယောက်ကို ချစ်မိတဲ့အကြောင်း ရေးထားတာပါ"

အဲဖရက်က ခပ်မြန်မြန်ပြောလေသည်။ ထရေစာမှာ စာမဖတ်တတ်ပေ။ ထိုသို့ပြောခြင်းဖြင့် သူမ စိတ်ကျေနပ်မှု ရှိမည်ကို သူသိလေသည်။ အဲဖရက်က သူမကို ဖက်ထားလိုက်၏။

"သွားပါတော့ ဆရာ။ အားလုံး အောက်ဆင်းသွားကြပြီ။ လှေကားမှာ ဘယ်သူမှ မရှိတော့ဘူး"

"ကိုယ်သိပါတယ်။ ကဲ - ကိုယ် သွားတော့မယ်။ မင်းကို ကိုယ် ကတိမပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး။ ဒါပေမယ့် သိပ်ကြာမှာမဟုတ်ပါဘူး"

"ကိစ္စမရှိပါဘူး။ ဂွတ်ဒ်ဘိုင် ဆရာ။ ဩော်…မှားလို့၊ ဂွတ်ဒ်ဘိုင် အဲဖရက်"

"ဒါက ပိုကောင်းပါတယ်ကွယ်"

လှေကားထိပ်သို့အရောက်တွင် အဲဖရက်က နောက်ပြန်လှည့်ကြည့်သည်တွင် သူမကို မတွေ့ရတော့ပေ။

ထိုအချိန်တွင် ထရေစာသည် ပြတင်းပေါက်မှာ ရပ်၍ အပြင်သို့ လှမ်းကြည့်နေလေသည်။ နေရောင်သည် ပါးလွှာသော ညဝတ်အပေါ်အင်္ကျီကို ထွင်းဖောက်၍ သွယ်လျသော ကိုယ်လုံးပေါ်သို့ ထိုးကျနေသည်။

အဲဖရက်သည် စဉ်းစားရင်း လှေကားမှ ဆင်းလာ၏။ မှန်ပေါ်မှာ ငါ ဘာတွေ ရေးခဲ့ပါလိမ့်။ သူမကို ဘာတွေ ပြောခဲ့ပါလိမ့်။ ဒါဟာ အမှန်ပဲလား။ ဒီလိုဖြစ်လာမည်ဟု သူ မမျှော်လင့်ခဲ့ပါ။ လှေကားအလယ်တွင် သူ အတန်ကြာအောင် ရပ်နေမိပြန်၏။ ထို့နောက် ဆက်ဆင်းလာခဲ့၏။

သူ့အသွင်မှာ အပြင်ပန်းတွင် တည်ငြိမ်နေသော်လည်း အတွင်းစိတ်မှာ ပျော်ရွှင်နေ၏။ အိုင်းရစ် မိန်းကလေးကို သူချစ်နေသည်ဟု ပြောခဲ့သည်။

ထရေစာသည် ပြတင်းပေါက်တွင် အတန်ကြာအောင် ရပ်နေ၏။ မှန်ပေါ်မှ စာများကို ကြည့်နေ၏။ လှပတဲ့ အိုင်းရစ် မိန်းကလေးတစ်ယောက်ကို ချစ်တယ်တဲ့။

သူမက အသံထွက်ပြောလိုက်သည်။

"စာလုံးတွေ ကြည့်ရတာ ဟုတ်မယ့်ပုံ မပေါ်ဘူး။ မဟုတ်ဘူး၊ သူပြော



www.burmeseclassic.com

www.burmeseclassic.com

တာ မဟုတ်ဘူး"

ထို့နောက် သူမလက်ချောင်းများဖြင့် မှန်ပေါ်မှ စာလုံးများကို စမ်းကြည့်လေသည်။ ကြမ်းရှသော အထိအတွေ့ကို သူမ ခံစားရလေသည်။

ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းထိုးသံ ထွက်ပေါ်လာ၏။

"အို . . . ဘုရားသခင်၊ ၆နာရီ ထိုးပါရောလား။ ထမင်းချက်တော့ ငါ့ကို စိတ်ဆိုးတော့မှာပဲ"

သူမသည် အဝတ်အစား ကပျာကယာလဲနေလေတော့၏။

♦♦♦

**ကောစတီဂန်**

ကောစတီဂန်၏ အခန်းမှာ တစ်အိမ်လုံးတွင် ဆောင်းတွင်း၌ အအေးဆုံးဖြစ်သလို၊ နွေအခါတွင်လည်း အပူဆုံးဖြစ်သည်။ တစ်ခါတစ်ရံတွင်တော့ အလင်းရောင်ရသော ပြတင်းပေါက်များ၊ သာယာသော ဂီတသံများနှင့် ပူနွေးသော ကမ်းခြေမှ လှိုင်းရိုက်သံများကို သူ တောင့်တမိလေသည်။

ညဥ့်လေပြေတွင် သစ်ပင်များ ပြေငြိမ့်စွာ လှုပ်ရှားနေပြီး မိန်းမချောလေးတစ်ယောက်ကို ကြင်နာစွာ ထွေးပွေ့ထားရသည့်ဘဝကို မျှော်လင့်မိသေးသည်။ ထိုသို့ နေထိုင်နိုင်မည့်အချိန် နီးကပ်နေပါပြီ။ သူ ကြာကြာစောင့်ရတော့မည်မဟုတ်ပါ။

သူသည် မှန်ထဲမှ သူ့အရိပ်ကို ကြည့်နေ၏။ ပိန်ချုံးပြီး အရုပ်ဆိုးသော မျက်နှာကို တွေ့နေရ၏။ ပါးစပ်ဖြဲ၍ သွားများကို ကြည့်နေပြီး လျှာထုတ်ကြည့်၏။ ထို့နောက် သူ ခေါင်းဖြီးလေသည်။ ထိုအချိန်တွင် ခေါင်းလောင်းမြည်သံကို ကြားရလေသည်။

ခေါင်းလောင်းသံကို သူ မကြားချင်ပါ။ ထိုအသံကြောင့် သူ့စိတ်ကျုံ့ပျက်ရသည့်အကြိမ် များလှပြီ။

"ငါ ဒီက ထွက်မသွားခင် ဒါကို ဖျက်ဆီးခဲ့ရမယ်"

လှေကားမှ ခပ်သွက်သွက်ဆင်းလာရင်း စိတ်ထဲမှ ပြောမိလေသည်။

ဧည့်ခန်းဆောင်တွင် ဘာဒိုင်း တံမြက်စည်းလှဲနေ၏။

"သခင်မ ဘယ်မှာလဲ"

"အခန်းစိမ်းထဲမှာ လက်ဖက်ရည်သောက်ဖို့ စောင့်နေပြီ"

"ဘာကြောင့် သူက လက်ဖက်ရည်ဆင်းမသောက်တာလဲ၊ မင်းကို မပြောဘူးလား"

ဘာဒိုင်းကို ပွေ့ဖက်ထားချင်စိတ်များ ပေါ်လာ၏။ သူ့စိတ်ကို ထိန်းချုပ်လိုက်သည်။ နံရံတွင် ချိတ်ထားသော မှန်ထဲကို ကပျာကယာ လှမ်းကြည့်မိပြန်သည်။ ပုံမလာသော သူ့ရုပ်သွင်ကို တွေ့ရပြန်သည်။

"ငွေပါပဲ။ ငွေရှိရင် လူတွေဟာ ကြည့်ကောင်းနေတာပဲ"

သူ့ကိုယ်သူ အားပေးလေသည်။

ကော်ဇောထူထူကြီးများကို နင်း၍ အခန်းစိမ်းသို့ သူလျှောက်သွားခဲ့သည်။

ကြီးကျယ်သော အမျိုးသမီးကြီးသည် ထိုင်နေကျ ကုလားထိုင်ပေါ်တွင် ထိုင်နေ၏။ ပတ်ဝန်းကျင်တွင် ငှက်ကလေးများ ပျံဝဲရင်း မြည်ကြွေးနေကြသည်။ ပန်းများ၏ အရောင်မှာ သူမ အသားအရောင်ထက် ပိုပြီး စိုပြည်တောက်ပလေသည်။ အိမ်ရှင် အမျိုးသမီးကြီး၏ သီးသန့်ကမ္ဘာတစ်ခုဖြစ်လေသည်။

"ဂွတ်(ဒ်)မောနင်း ကောစတီဂန်၊ ပါဝါ ဘယ်မှာလဲကွယ်"

"ဂွတ်(ဒ်)မောနင်း သခင်မ၊ ဒီနေ့ သူ နေမကောင်းပါဘူး"

ထိုစကား၏ အဓိပ္ပာယ်ကို သူတို့နှစ်ယောက်လုံး သိကြ၏။

"ငါ သဘောပေါက်ပါတယ်။ ၁၁ နာရီမထိုးသေးဘူးလား ကောစတီဂန်"

"ထိုးပါပြီ သခင်မ။ လက်ဖက်ရည် ယူရတော့မလား"

"ကျေးဇူးပဲ။ ပြီးတော့ ကောစတီဂန် . . ."

"ပြောပါ သခင်မ"

"ပုလင်းကို စားပွဲပေါ် တင်ထားခဲ့ဖို့ မမေ့နဲ့နော်၊ နားလည်ရဲ့လား"

"ဝိုင်ပုလင်းကို ပြောတာလား သခင်မ"

သူသည် အမျိုးသမီးကြီးထံ အစားအသောက် ပို့ပေးရသူဖြစ်၏။ အမျိုးသမီးကြီးက ဝိုင်ပုလင်းအကြောင်း ပြောတိုင်း သူ့စိတ်ထဲတွင် ထူးဆန်းသလို ခံစားရသည်။

"ကဲ - သွားတော့"

မီးဖိုခန်းသို့ လျှောက်လာရင်း သူ့အကြံအစည်အတွက် အဖက်ဖက်မှ အဆင်ပြေနေသဖြင့် ပျော်နေ၏။ တေးတစ်ပုဒ်ကိုပင် ခပ်တိုးတိုးဆိုလာမိသည်။

မီးဖိုခန်းမှာ ခါတိုင်းလိုပင် ဆူညံနေ၏။ ထမင်းချက်ဖြစ်သူ မစ္စစ် ဒက်ဂေးလ်မှာ ဝဖိုင့်လွန်းသဖြင့် လမ်းလျှောက်လျှင် မီးဖိုခန်းမှာ လှုပ်ယမ်းနေလေသည်။ ထမင်းချက်အကူ မိန်းကလေး ဂျင်နီသည် စားပွဲပေါ်တွင် ညှိုးငယ်စွာ ထိုင်၍ အာလူးများကို အခွံသင်နေ၏။ မစ္စစ် ဒက်ဂေးလ်က သူမကို ဆူထားဟန်တူ၏။

"ဂွတ်(ဒ်)မောနင်း ချစ်ချစ်"

ကောစတီဂန်က နှုတ်ဆက်လေသည်။ မစ္စစ် ဒက်ဂေးလ်က သူ့ကို ပြန်နှုတ်ဆက်ပြီး လုပ်စရာရှိသည်များကို ဆက်လုပ်နေ၏။ သူ့ကိုယ်ပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားများဖြင့် သင်္ဘောတွင် ရွက်လွှင့်နိုင်မည်ဟု ကောစတီဂန် တွေးနေ၏။

“ဒီနေ့ နှင်းဆီပန်းလေးတစ်ပွင့်လို လှနေပါလား ချစ်ချစ်”

ကောစတီဂန်မှာ အူမြူးနေ၏။ အမျိုးသမီးကြီးက သူ့ကို အဖက်လုပ် စကားမပြောပေ။ မကြားသလို လုပ်နေ၏။ သူမ ရယ်မောပါရဲ့လားဟု သူ သံသယဖြစ်နေ၏။ မည်သူမှ သူမ ပြုံးသည်ကို မမြင်ဘူးပေ။

မစ္စစ် ဒက်ဂေး(လ်)က သူ့ကို လှမ်းကြည့်ပြီး မေးလေသည်။

“သခင်မက ဘာမှာသလဲ”

“၁၁နာရီထိုးပြီ ချစ်ချစ်၊ လက်ဖက်ရည်ပို့ရမယ်”

“လက်ဖက်ရည်ပဲလား။ ဝိုင်ပုလင်းပါ ယူသွားပါ။ ပြည့်တဲ့ ပုလင်းကို ယူသွား”

“ကျွန်တော့်ကို ပေးပါ ချစ်ချစ်”

◆◆◆

ကောစတီဂန်သည် ဘယ်တော့မှ ဝိုင်မသောက်ပေ။ မစ္စတာ ပါဝါမှာ အရက်အလွန်သောက်လေသည်။ သို့သော် အရက်မူးပြီး သွေးမဆိုးတတ်။ သီချင်းတအေးအေး၊ စကားတပြောပြော နေတတ်၏။ မကြာခဏ အမူးလွန်ပြီး နေမကောင်းဖြစ်တတ်၏။

“အရက်သမားတွေ”

သခင်မက စားပွဲကို လက်ဖြင့် ပုတ်၍ အော်ပြောနေသည်။

“ဟိုအခန်းကလည်း အရက်သောက်၊ ဒီအခန်းကလည်း အရက်သောက်နဲ့၊ ဒီအိမ်ဟာ ရက်ဖို့ ကောင်းနေပြီ”

စိတ်ဆိုးစရာအကြောင်း တွေ့သဖြင့် သူမ ကျေနပ်နေ၏။

နေ့သည် တဖြည်းဖြည်းကုန်ဆုံးနေ၏။ မွန်းတည့်ချိန်ကျော်လွန်လေပြီ။ အိမ်ထောင့်တွင် အဝါရောင် ငှက်ကလေးများသည် တကျိုကျိုအော်နေကြသည်။

“ဒီငှက်တွေကို ကြောင်ခုတ်စေချင်တယ်”

မစ္စစ် ဒက်ဂေး(လ်)က အမဲရိုးမှ အသားများကို သွားဖြင့် ကိုက်ဖဲ့ရင်း ပြောလေသည်။

ကောစတီဂန် စိတ်ပျက်နေ၏။ နေ့၏ ကျန်သောအချိန်ကို မည်ကဲ့သို့ ကုန်ဆုံးစေရမည်ကို သူ မသိပေ။

ညနေ ၃နာရီအချိန်တွင် အခန်းစိမ်းအတွင်းသို့ သူ ပြန်ဝင်လာ၏။ သစ်ပင်များကို ရေလောင်းရန်ဖြစ်သည်။ ဘာဒိုင်းက အဝတ်စတစ်စဖြင့် ဖုန်သုတ်နေသည်။

မကြာခင် နေဝင်သွား၏။ ငှက်များ အသံတိတ်သွား၏။ အခန်းထဲတွင် မှောင်လာ၏။

“ငရဲပြည်မှာဆိုရင် အမြဲတမ်း ၃နာရီအချိန်ဖြစ်နေလိမ့်မယ် ဘာဒိုင်း”

ကောစတီဂန်က ပြောလေသည်။

“ငရဲပြည်မှာ အချိန်မရှိဘူးလို့ ကြားဖူးတယ်”

“ဒါ မဖြစ်နိုင်ဘူး။ အချိန်မရှိရင် အဆုံးဆိုတာ မရှိနိုင်ဘူး။ တစ်နေရာမှာ အဆုံးရှိရမယ်”

“အို··ကျွန်မတာသာ နေပါရစေ။ ဒါတွေ ကျွန်မ နားမလည်ဘူး”

“နေ့ခင်း ၃နာရီဟာ မဆုံးနိုင်တော့သလိုပဲ။ ဒီအချိန်ဟာ အဆိုးဆုံးလို့ ငါထင်တယ်”

သို့သော် ညနေ ၃နာရီသည် သူ့အတွက် အဆိုးဆုံးမဟုတ်နိုင်ပေ။ နံနက် ၆နာရီသည် သူ့အတွက် အဆိုးရွားဆုံးဖြစ်နိုင်၏။ ထိုအချိန်တွင် ကောင်းကင်သည် ဝိုင်အရက်ကဲ့သို့ နီရဲတောက်ပနေပေလိမ့်မည်။ ငှက်များသည် အကျယ်လောင်ဆုံးအသံဖြင့် မြည်ကြွေးနေလိမ့်မည်။ ထိုအချိန်တွင် သူသည် အသက်လုပြီး ထွက်ပြေးနေရလိမ့်မည်။ သူ့နောက်မှ လူအုပ်သည် ကျောက်ခဲများ ပစ်ခတ်ပြီး လိုက်နေ၏။ သူ မျက်စိမှိတ်၍ စဉ်းစားနေလေသည်။

“ရှင် နေကောင်းရဲ့လား။ ငရဲပြည်ကို ရောက်နေတာတော့ မဟုတ်ပါဘူးနော်”

ဘာဒိုင်းက ကြင်နာစွာ မေးနေသည်။

“ပန်းပင်တွေကို ရေလောင်းပါစတီ”

သူမက သူ့ကို ပြုံးပြလေသည်။

သူ့လက်များကို သူမ ပခုံးပေါ် တင်ပြီး သူပြောမိသည်။

“မင်းဟာ သိပ်ကြင်နာတတ်တဲ့ မိန်းကလေးပါ ဘာဒိုင်း”

သူ့အသံမှာ တုန်ယင် လှုပ်ရှားနေ၏။ ထို့နေ့နောက်ပိုင်းတွင် သူမနှင့် တွေ့ရတော့မည်မဟုတ်သောကြောင့် ဝမ်းနည်းနေမိ၏။

ည ၁၁နာရီတွင် တစ်အိမ်လုံး တိတ်ဆိတ်သွား၏။ ညနေက သခင်မသည် ဝိုင်သောက်ရင်း တစ်ယောက်တည်း ညစာစားလေသည်။ သခင်မသည် ဝိုင်ကို အလွန်သောက်လေသည်။

“လာပါ သခင်မ၊ အိပ်ရာဝင်ကြပါစို့”

သူမ၏ ကိုယ်ပိုင်အစေခံ နဲ(လ်)က ချော့မော့ပြောလေသည်။ သူမသည် သူနာပြု ဆရာမတစ်ယောက်က ကလေးငယ်ကို ကြင်နာစွာ ပြုစုသကဲ့သို့ သခင်မအား လှေကားမှ ယုယစွာ တွဲခေါ်သွား၏။

ကောစတီဂန်မှာ သူ့အခန်းမှ စောင့်နေ၏။ ၁၂နာရီထိုးသံကြားသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် တံခါးကို အသံမကြားရအောင် ဖွင့်လိုက်သည်။

ဟောက်သံများမှအပ တစ်အိမ်လုံး တိတ်ဆိတ်နေ၏။ မစ္စစ် ဒက်ဂေးလ်၏ ကျယ်လောင်သော ဟောက်သံနှင့် မစ္စတာ ပါ၀ါ၏ အ၀တ်ဆုတ်ဖြဲသံနှင့်တူသော ဟောက်သံမှာ တစ်လှည့်စီ ပေါ်ထွက်နေ၏။

သူသည် လှေကားမှ ဆင်းလာပြီး သခင်မ၏ အခန်းတွင်းသို့ ဝင်ခဲ့၏။ စားပွဲပေါ်တွင် မှန်အိမ်အနီ ထွန်းထားသဖြင့် အခန်းမှာ နီရဲနေ၏။ ထိုအခန်းကို သူ ကောင်းကောင်းသိထားသည်။ ဆောင်းရာသီနံနက်များတွင် နဲလ်က သူ့အား မီးဖိုရာတွင် ကူညီရန် ခေါ်သွားသောကြောင့်ဖြစ်သည်။

သခင်မထံမှ ဘာသံမှ ထွက်မလာပေ။ သူမသည် အရက်မူးလွန်ပြီး အိပ်ပျော်နေ၏။ အခန်းမှာ လှောင်ပြီး ဝိုင်အရက်နံ့များ လွှမ်းနေလေသည်။ ကောစတီဂန်၏ အရိပ်သည် နံရံပေါ်တွင် ထိုးကျနေ၏။ သူ့အခန်းကို ဖြတ်သွားသောအခါ အရိပ်က သူ့ရှေ့မှ ဦးဆောင်သွား၏။ သူ ရတနာသေတ္တာကို ငုံ့ကြည့်သောအခါ အရိပ်ကပါ ငုံ့ကြည့်လေသည်။

သူ တုံ့ဆိုင်းမနေပါ။ လုပ်စရာရှိသည်များကို ခပ်သွက်သွက်လုပ်လေသည်။

ရတနာသေတ္တာ၏ အပေါ်ဆုံးမှာ ပုလဲလုံးများ ရှိလေသည်။ သူသည် ပုလဲလုံးများ၏ ချောမွတ် မာကျောသော အတွေ့အထိကို လက်ဖြင့် အတန်ကြာ ခံစားနေလေသည်။ ထို့နောက် ပုလဲများကို ယူ၍ သူ့အိတ်ထဲသို့ ထည့်လေသည်။ အောက်တွင် ကျောက်စိမ်း လက်ဝတ်တန်ဆာများကို တွေ့ရ၏။ ထိုအရာများကိုလည်း သူ ယူလေသည်။ နောက်ထပ် အနီရောင် ကျောက်များနှင့် အခြား အဖိုးတန် ရတနာများကို တွေ့လေသည်။ သူသည် အဖိုးမတန်သော ကျောက်အသေးလုံးများကို မယူဘဲ ကျန်ရတနာများအားလုံးကို သူ့အိတ်ထဲသို့ ထည့်လေသည်။ သူ အကောင်း လုပ်ပြီးလေပြီ။ သို့သော် လုပ်စရာအလုပ်တစ်ခုကျန်သေး၏။

သူသည် အိပ်ရာဆီသို့ လျှောက်လာ၏။ သခင်မ၏ လက်ကို ညင်သာစွာ ဆွဲယူလိုက်၏။ တတိယ လက်ချောင်းပေါ်မှ စိန်ကြီးမှာ အရောင်တလက်လက် တောက်ပနေ၏။ လက်စွပ်ကို ချွတ်ဖို့ မလွယ်မှန်း သိသဖြင့် အသာပြန်ချလိုက်၏။ ထို့နောက် အခန်းတစ်ဖက်သို့ လျှောက်သွားပြီး ဆပ်ပြာရှာလေသည်။ လက်ချောင်းကို ဆပ်ပြာပွတ်ခြင်းဖြင့် လက်စွပ်သည် အလွယ်တကူ ကျွတ်ထွက်ခဲ့၏။ သခင်မသည် တစ်ဖက်သို့ ခေါင်းစောင်းသွား၏။ ဒါပါပဲ။

အခန်းတံခါးကို ပြန်ပိတ်ပြီး သူ့အခန်းသို့ ပြန်လာခဲ့၏။ သူသည် စိန်ကို ထုတ်၍ အလင်းရောင်တွင် ကြည့်နေလေသည်။ အပြာ၊ အစိမ်း၊ အနီ၊ ဝိုင်အရက်ရောင်။

သူ ထွက်ခွာဖို့ သင့်လေပြီ။ သူသည် စာရေးရန် ဖောင်တိန်ကို ထုတ်လိုက်၏။ ဖောင်တိန်စနစ်မှာ မာသောသတ္တုတစ်မျိုးဖြစ်လေသည်။ ထို့နောက် ပြတင်းမှန်ပေါ်တွင် စာရေးလေသည်။

စာရေးပြီးသောအခါ သူ့အဝတ်အစားအိတ်ကို ယူ၍ အခန်းမှ ထွက်ခဲ့၏။ ထို့နောက် တံခါးဖွင့်ပြီး အိမ်ပြင်သို့ ထွက်လာခဲ့တော့၏။

♦♦♦

ကျွန်မတို့ (၁၀)လမ်းအိမ်မှ ပြောင်းလာသည်မှာ ကြာလေပြီ။ ဝယ်လင်တန် စကွဲယားရှိ အိမ်တစ်အိမ်တွင် နှစ်ပေါင်းများစွာ နေခဲ့၏။ မကြာခင် ဤအိမ်မှ ပြောင်းရွှေ့ရပေဦးမည်။ နယူးယောက်တက္ကသိုလ်မှ ဤအိမ်ကို ဝယ်ယူလိုက်ပြီဖြစ်၏။ ထိုအိမ်ကို စာသင်ခန်းနှင့် ကျောင်းရုံးခန်းလုပ်မည်ဟု သိရ၏။

ကျွန်မသည် ကျယ်ဝန်း၍ အေးချမ်းသောအခန်းများကို နှမြောတမ်းတစွာ ကြည့်နေမိသည်။ ထိုအခန်းများတွင် စာသင်ခုံများ ပြည့်နေမည်ကို မြင်ယောင်နေမိသည်။ လှပခန့်ညားသော လှေကားကိုလည်း ကြည့်နေမိသည်။ ကျွန်မတို့ခွေးသည် မျက်စိကွယ်နေသော်လည်း ထိုလှေကားကို သူ မျက်စိကောင်းစဉ်ကလို လျင်မြန်စွာ တက်နိုင်၊ ဆင်းနိုင်လေသည်။

ကျွန်မ၏ အခန်းပြတင်းပေါက်သည် ပန်းခြံကို မျက်နှာပြုနေ၏။ ညအခါ ကျွန်မ အိပ်မပျော်ခင် ထိုပြတင်းပေါက်မှ အပြင်သို့ ကြည့်နေလေ့ရှိပါသည်။ နံနက်အရုဏ်လင်းစအချိန်မှာလည်း ကြည့်နေခဲ့ပါသည်။

ယခုအချိန်မှာ နွေဦးရာသီဖြစ်၏ ရွက်သစ်စိမ်းများဖြင့် ခြံဝင်းတစ်ခုလုံး စိမ်းလန်းနေ၏။ နှင်းဒဏ်ကြောင့် သစ်ရွက်များ ကြွေနေပုံကို ကျွန်မအတွေးဖြင့် မြင်ယောင်မိပါသည်။ မိုးညများကိုလည်း လွမ်းဆွတ်နေမိပါသည်။

ထိုအခါ ယင်ကောင်ပဟေဠိကို ကျွန်မ သတိရလာပါသည်။ အဖြေကိုလည်း လွယ်ကူစွာ သိလာ၏။ ထိုစာကြောင်းကို ပြတင်းပေါက်မှန်ပေါ်တွင် ရေးခဲ့သူသည် ထိုအိမ်၊ ထိုအခန်းမှ မထွက်ခွာလိုဘဲ အကြောင်းတစ်စုံတစ်ရာကြောင့် ထွက်ခွာရသူဖြစ်မည်ဟု ကျွန်မထင်ပါသည်။■

* * *

ဘာနှင်း



www.burmeseclassic.com

www.burmeseclassic.com

# သန္နိဋ္ဌာ သင်္ကြန်စကားပြေကျမ်းလာ မဟာသင်္ကြန်စာ

■ အောင်ကောင်းမြေ (သာကေတ) ■







မြန်မာနိုင်ငံတွင်း နေထိုင်ကြကုန်သော ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတို့သည် တစ်နှစ်တစ်ကြိမ်ထွက်ရှိသော မဟာသင်္ကြန်စာကို နှစ်စဉ် ဝယ်ယူ ဖတ်ရှုလေ့ရှိကြပါသည်။ စာရေးသူ မှတ်မိသလောက် လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်က စာရေးသူ၏ အဘွားဖြစ်သူသည် သင်္ကြန်စာဝယ်တာ ဝါသနာပါခဲ့သည်။ အဘွားဖြစ်သူမှာ စာရေးစာဖတ် မတတ်၍ စာရေးသူမှ ဖတ်ပြရသည်။ ထိုစဉ်က စာရေးသူမှာ မူလတန်း ကျောင်းသားဘဝဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မည်သည့်အချိန်က စ၍ သင်္ကြန်စာ ထုတ်ဝေခဲ့သည်ကို အတိအကျ မသိရပေ။ မန္တလေးမြို့ မြန်မာဘုရင် ကောင်းမင်းမြတ် ချီးမြှင့်တော်မူသော ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ၊ ထို့နောက် မြန်မာနိုင်ငံ ဘုရင်ခံ မင်းမြတ် ချီးမြှင့်တော်မူသော ရွှေနာရီနှင့် ဂုဏ်ထူးဆောင် လက်မှတ်ရ ပုဏ္ဏားတော်ပညာရှိ ဆရာကြီး ဦးစိန္တာလက်ထက်က ပထုတ် ခဲ့သည်ဟု ဆိုသောကြောင့် မြန်မာဘုရင်လက်ထက်က စထုတ်ခဲ့သည်ဟု ခန့်မှန်းနိုင်ပါသည်။ ဆရာကြီး ဦးစိန္တာ၏



www.burmeseclassic.com

www.burmeseclassic.com

သား ပုဏ္ဏားတော် နက္ခတ်ဗေဒင်ပညာရှိ ဆရာကြီး ဦးလော ကေသရနှင့် သား စာရာလင်း၊ မြေး ဆရာ အောင်သန်းတို့ ရေးသားသော မန္တလေး မဟာသင်္ကြန်စာဟု ဖော်ပြထုတ်ဝေ လေ့ ရှိပါသည်။

မဟာသင်္ကြန်ကျသောရက်မှာ မြန်မာသက္ကရာဇ်အရ နေ့ ရက်၊ လ ပြောင်းလဲလေ့ရှိသော်လည်း အင်္ဂလိပ် ခရစ်နှစ် အရ ပုံသေယူထားတာ လေ့လာတွေ့ရှိရပါသည်။ နှစ်စဉ် ဧပြီ ၁၃ရက်၊ သင်္ကြန်ကျပြီး ၁၇ရက်မှာ နှစ်ဆန်းတစ်ရက်ဖြစ် နေပါသည်။ တစ်ဖန် မဟာသင်္ကြန်စာတွင် နတ်သမီးနှစ်ပါး ဖြဟ္မာဦးခေါင်းကို အလှည့်ကျ ပေးနေပုံ အမြဲပါရှိသည်။ ထိုဖြဟ္မာဦးခေါင်း အလှည့်ကျပေးနေပုံ မြင်တွေ့နေကျဖြစ်၍ အများအားဖြင့် စိတ်မဝင်စားကြပေ။ အများစိတ်ဝင်စား ကြသည်မှာ "ဒီနှစ် သိကြားမင်း ဘာစီးဆင်းလဲ၊ လက်ထဲမှာ ဘာကိုင်ထားလဲ"ဆိုတာကို စိတ်ဝင်တစား ကြည့်ကြပါသည်။

အမှန်မှာ သိကြားမင်းမဟုတ်၊ တနင်္ဂနွေဂြိုဟ်မင်း ဖြစ် ပါသည်။ စာရေးသူ လောကီပညာ မလေ့လာခင်က တစ်နှစ် တစ်ကြိမ် စီးတော်ယာဉ်ပြောင်းလဲပြီး လက်ထဲက ကိုင်ထား တာကို နက္ခတ်ဗေဒင်ပညာနည်းဖြင့် တွက်ချက်ပြောင်းလဲ နေသည်ဟု ထင်မိပါသည်။ သို့သော် ကနဦးမှ သိန္နိဋ္ဌ သင်္ကြန် စကားပြေကျမ်းကို လေ့လာမိသောအခါ သင်္ကြန်ကျသော နေ့နှင့် တနင်္ဂနွေဂြိုဟ်မင်း စီးတော်ယာဉ်ကို ပုံသေတွက်ချက် ဖော်ပြထားတာ တွေ့ရပါသည်။ ဂြိုဟ်ရှစ်ခွင် အလှည့်ကျ ပြောင်းနေပုံနှင့် တူပါသည်။ ထိုသို့ ဖော်ပြရာတွင် ကောင်း သော အချက်များကိုသာ ရွေးချယ်ဖော်ပြပေးလေ့ရှိပါသည်။ မူရင်းအတိုင်း မဖော်ပြကြပါ။ အချို့ကလည်း မဟာသင်္ကြန်စာ ရုံးတင်ရသောကြောင့် ဆင်ဆာဖြတ်သည်ဟု ပြောပါသည်။ ယခုနှစ်လည်း ယခင်ပုံစံအတိုင်းသာ ထွက်လာပါသည်။

လောကတွင် လောကဓံရှစ်ပါး တစ်လှည့်စီ ဖြစ်ပေါ်နေ သည်။ အဆိုးလောကဓံ တွေ့ရပါက အဆိုးသက်သာအောင်၊ ဂြိုဟ်အဆိုးအညံ့၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း ပျောက် အောင် ဆောင်ရွက်နိုင်ပါသည်။ မဟာသင်္ကြန်ကာလတွင် ဦးခေါင်းဆေးမင်္ဂလာကို အထူးပြုလုပ်ပါက အညံ့ပြေပျောက် စေကာ၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ နဝင်း ယတြာချေ ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ဒုလ္လဘဝတ်ခြင်း၊ တရားစခန်းဝင် ခြင်းဖြင့် မကောင်းသော ဂြိုဟ်အညံ့များ ပြေပျောက်စေသည်။ မဟာသင်္ကြန်ကာလတွင် ဥပုသ်စောင့်၊ သီလစောင့်ထိန်း၊ နှစ်ဆန်းတစ်ရက်မှာ သတ္တဝါ ဘေးမဲ့လွှတ်၊ ဇီဝိတဒါန ပြုလုပ်ပေးပါက အဆိုးမတွေ့နိုင်ပါ။

၁၃၇၅ ခုနှစ်၊ မန္တလေး မဟာသင်္ကြန်စာ

ဇေယျတု သဗ္ဗမင်္ဂလံ၊ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ရက်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၄ရက်၊ တနင်္ဂနွေနေ့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ စံတော်ချိန် နံနက် စက် ၄နာရီ ၆မိနစ် ၂၈စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ရက်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၅ရက်၊ တနင်္လာနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်သည်။

နှောင်းတန်ခူးလဆန်း ၆ရက်၊ ဧပြီလ ၁၆ရက်၊ အင်္ဂါနေ့ စံတော်ချိန် နံနက် ၈-နာရီ ၁၀မိနစ် ၄၄ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်၍ ၁၃၇၅ ခုနှစ်သို့ ကူး၏။

၁၃၇၅ ခုနှစ်၊ ဦးတန်ခူးလဆန်း ၇ရက်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၇ရက်၊ ဗုဒ္ဓဟူးနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်ဖြစ် သည်။ ယခုနှစ်တွင် မဟာဘုတ်တွက်ကိန်းအရ တနင်္လာဂြိုဟ်



သည် အထွန်းအိမ်တွင် ရှိသောကြောင့် တနင်္လာနံထွန်း၍၊ ဗုဒ္ဓဟူးဂြိုဟ်သည် ပုတိအိမ်တွင် ရှိသောကြောင့် ဗုဒ္ဓဟူးနံ ပုပ်သည်။

ယခုနှစ်တွင် အင်္ဂါနေ့ အတာတက်သောကြောင့် အင်္ဂါ သားသမီးများ အတာစားသည်။ (အင်္ဂါသားသမီးအားလုံး ကျန်းမာရေးညံ့မည်။ ကံဇာတာ အဆိုး-အညံ့ဟူ၍ ပုံသေ သတ်မှတ်၍မရပါ။ သက်ရောက်ဂြိုဟ်စားနှင့် နှိုင်းယှဉ်ကြည့် သင့်ပါသည်။)

မိမိ၏ မူလ မဟာဘုတ်သည် (၃)ခုကြွင်းဖြစ်ပြီး သောကြာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးဖြစ်နေပါက ကျန်းမာရေး ဂရုစိုက် သင့်ပါသည်။

၃-ကြွင်း မဟာဘုတ်နှစ် ဇေယျတု သဗ္ဗမင်္ဂလံ။ အချင်း ယူဇနာ ၅၀၊ လုံးဝန်းယူဇနာ ၁၅၀ရှိသော အတွင်းက ရွှေ အပကား ဖန်သားဖြင့်ပြီးသော ရောင်ခြည်တစ်ထောင် အလင်း ဆောင်သော "ဘဏ္ဍာရာဇ"မည်သော တနင်္ဂနွေဂြိုဟ်မင်းသည် တပေါင်းဖြစ်သော မိန်ရာသီ ရေဝတီနက္ခတ် ဘော့တ္တပါဒ်



www.burmeseclassic.com

www.burmeseclassic.com

အခုံးအဝသည် နဝင်းထက်မှသည် တန်ခူးဖြစ်သော မိဿရာသီ အဿဝတီနက္ခတ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၄ရက်၊ တနင်္ဂနွေနေ့ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ စံတော်ချိန် နံနက် စက် ၄နာရီ ၆မိနစ် ၂၈စက္ကန့်အချိန်တွင် ဘာဏုရာဇာမည်သော တနင်္ဂနွေဂြိုဟ်မင်းသည် ကြာဝတ်ဆံ အဆင်းနှင့်တူသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် နဂါးကို စီး၍ လက်တစ်ဖက်ကား မြား၊ လက်တစ်ဖက်ကား လှွားကို ကိုင်လျက် အရှေ့မြောက်ထောင့်မှသည် အနောက်ထောင့်သို့ ဝင်၏။ "နန္ဒာဒေဝီ"နတ်သမီးကား အလှည့်စေ၍ "ပရမိသွာ"နတ်မင်း၏ သား "အာသီ"အမည်ရှိသော ဗြဟ္မာမင်း၏ ဦးခေါင်းကို ကမ်းသည်ရှိသော် "ကညာဒေဝီ"နတ်သမီးက ခရီးဦး ကြိုဆို၍ ရပ်စောင့်နေလျက် လှမ်းလင့်၏။ "ဓံသီဒေဝီ"



နတ်သမီးကား အဖြူ၊ အနီ၊ အစိမ်း၊ အပြာ၊ အဝါအားဖြင့် ငါးပါးသောအဆင်းဖြင့် ပြီးသော အဝတ်တန်ဆာကို ဝတ်ဆင်လျက် သင်္ကြန်မင်းကို စောင့်လင့်၏ဟု ရေးသားဖော်ပြထားပါသည်။

ယုံကြည်သည် ဖြစ်စေ၊ ဓလေ့ထုံးတမ်းစဉ်လာအရ လုပ်ကြသည်ဖြစ်စေ၊ သင်္ကြန်ပန်းဖြင့် အတာအိုးထဲ ထည့်ကာ သင်္ကြန်မင်းကို ကြိုဆိုခြင်းသည် အပြစ်မဆိုသာ။ ဗုဒ္ဓဘာသာဝင် အိမ်တိုင်း သင်္ကြန်အကြိုနေ့တွင် အိုးတစ်လုံးဌ ရေထည့်၊ သင်္ကြန်ပန်း ၇နေ-၇နံ အရွက်အညွန့်များဖြင့် တင်လှူ ကြိုဆိုလေ့ရှိသည်။ ထိုသို့ ကြိုဆိုပါက အရှေ့မြောက် အရပ်တွင် ထား၍ လှူဒါန်းကြိုဆိုပါဟု အကြံပြုလိုပါသည်။

မန္တလေးမြို့ မိုယ်းကောင်းတိုက် ကန်ဦးဆရာတော် ဘုရားကြီး၏ တပည့်ရင်း ဘဒ္ဒန္တကောသလ္လထေရ် စီရင်ရေးသားအပ်သော "ကန်ဦးမူ"သန္နိဋ္ဌ သင်္ကြန်စကားပြေစာအုပ်တွင် ရေးသားဖော်ပြထားချက်များကို မူရင်းအတိုင်း ရေးသားတင်ပြပါမည်။

ထိုစာအုပ်ကို မည်သည့်ခုနှစ်က ထုတ်ကြောင်း ခုနှစ် မတွေ့ရပေ။ လက်လီ/လက်ကား၊ ပင်ရင်းဌာန ဦးလုံး ကဝိလက္ခဏာစာအုပ်ဆိုင် နံပါတ်(၁၀)၊ စီရုံ၊ ဈေးချို၊ မန္တလေးမြို့ဟု မျက်နှာဖုံးတွင် ရေးထားပါသည်။ ပညာဗလ ပိဋကတ်တော် ပုံနှိပ်တိုက်၊ ၂၆-ဘီလမ်း၊ ဆိုင်းတန်း၊ မန္တလေးမြို့က ပုံနှိပ်သည်။ အင်္ဂလိပ်စာဖြင့် REGISTERD ဟု ရေးထားသောကြောင့် တရားဝင် မှတ်ပုံတင် ထုတ်ဝေထားသည်ဟု ဆိုနိုင်ပါသည်။ ၁၃၀၀ ပြည့်နှစ်ကို ဥပမာပေး တွက်ပြထား၍ လွန်ခဲ့သော နှစ်ပေါင်း ၇၄နှစ်က ထုတ်ဝေထားခြင်းဖြစ်နိုင်သည်။

သင်္ကြန်သုံးပါးတွင် သမန္တသင်္ကြန်ဖြစ်သောကြောင့် မဟာသင်္ကြန်ကျသောအချိန်တွင် အဂ်ီ ဗုဒ္ဓဟူး ကြာသပတေးသောကြာ၊ စနေသားသမီးတို့သည် မိမိတို့၏ ဂဟပတိအရပ်သစ်ပင်ရင်းသို့ သွား၍ မိမိတို့နံ၏ အမြစ်ဖြစ်သော ပန်းပွင့်အညွန့် အရွက်တို့ကို အခင်းပြု၍ မိမိတို့၏ အညွန့်ဖြစ်သောပန်းကို ဆောင်လျက် သင်္ကြန်အကျ ဂြဟာဇာပွင့်ရာဖြစ်သော အရပ်သို့ မျက်နှာမူပြီးလျှင် ရတနာသုံးပါး၊ မိဘဘိုးဘွား၊ ဆရာသမား၊ သိကြား ဗြဟ္မာ၊ စတုလောကပါလ သာသနာတော်စောင့် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တို့အား တိုင်ကြား ပူဇော်ပ,သပြီးလျှင် ဦးခေါင်းဆေးမင်္ဂလာပြုကုန်ရာသည်။ ဂဟပတိအရပ် မျက်နှာမူ၍ တရော်ကင်ပွန်းဖြင့် ဦးခေါင်းဆေးမင်္ဂလာပြုနိုင်ပါသည်။ အမြစ်ဆိုသည် မွေးနံတစ်ခွင်ဆုတ်နေ့နံဖြစ်သည်။ တနင်္ဂနွေ၏ အမြစ်သည် စနေနံ(ထန်း၊ ဒါန်းခနီ၊ ဒေါနှ၊ နာနတ်) တစ်မျိုးမျိုးကို ခြေဖြင့် နင်း၊ အညွန့်တစ်ခွင်ထိုး(ကံ့ကော်၊ ကြံ၊ ကျည်းရွက်၊ ငွေပန်း)တစ်မျိုးမျိုးကို တရော်ကင်ပွန်းတွင် ထည့်ကာ ဦးခေါင်းဆေးမင်္ဂလာပြုနိုင်သည်။ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်းပုံစံဖြစ်သည်။

**စကားပြေကျမ်းတွင် ဖော်ပြထားပုံ**

နံ၏ အမြစ်ပန်းဟူသည်ကား…

| | |
|---|---|
| တနင်္ဂနွေ | - ဒန်း၊ |
| တနင်္လာ | - အုန်း၊ |
| အဂ်ီ | - ကံ့ကော်၊ |
| ဗုဒ္ဓဟူး | - ဇော်စိမ်း၊ ဆီး၊ |
| ကြာသပတေး | - ဝါး၊ ရွက်လှညွှန့်တစ်မျိုးမျိုး |



www.burmeseclassic.com

www.burmeseclassic.com

သောကြာ - ပျဉ်းမ၊

စနေ - သီဟိုဠ်ညွန့်တို့တည်း။

နံ၏ အညွန့်ပန်းဟူသည်ကား…

တနင်္ဂနွေ - ကံ့ကော်၊

တနင်္လာ - ဇော်စိမ်း၊ ဆီး၊

အင်္ဂါ - ရွှက်လှ၊

ဗုဒ္ဓဟူး - ပျဉ်းမ၊

ကြာသပတေး - သီဟိုဠ်၊

သောကြာ - ဒန်း၊ ထန်း၊

စနေ - အုန်း စသော နံတူ ပန်းပွင့် ပန်းညွန့်တည်း။

ဂဟာပတိအရပ်ဟူသည်ကား…

တနင်္ဂနွေ - အနောက်တောင်အရပ်၊

တနင်္လာ - အနောက်အရပ်၊

အင်္ဂါ - အနောက်မြောက်အရပ်၊

ဗုဒ္ဓဟူး - မြောက်အရပ်၊

ကြာသပတေး - အရှေ့အရပ်၊

သောကြာ - တောင်အရပ်၊

စနေ - အရှေ့မြောက်အရပ်၊

ရာဟု - အရှေ့တောင်အရပ်တို့တည်း။

(အဋ္ဌော၊ ဂဏ္ဌော၊ စကု၊ ဝံသေဟူသော ဓာတ်ဘက် အရ မိမိမွေးနံဂြိုဟ် အစိုးရသောအရပ်နှင့် သမသတ် မျက်နှာ ချင်းဆိုင်ကျသောအရပ်ကို မိမိ၏ ဂဟာပတိအရပ်ဟု မှတ်။)

တေသံ - ထိုဦးခေါင်းဆေးကုန်သော သူတို့အား၊ သတ္တဘင်္ဂီ - ခုနစ်နှစ်က ဖြစ်ကုန်သော၊ ရောဂီ - အနာမျိုး တို့သည်၊ ဝိနာသေယျုံ - ကင်းပျောက်ကုန်၏။ သုခဘာဂီ- ချမ်းသာခြင်း၏ အဖို့ဖြစ်ကုန်သော၊ သတသဟဿနိ- တစ်သိန်းသော အကျိုးတို့သည်၊ ဘဝေယျုံ - ဖြစ်ကုန်ရာ၏။

ဦးခေါင်းဆေးမင်္ဂလာပြုလုပ်ခြင်းဖြင့် ကောင်းကျိုးချမ်းသာ သုခမင်္ဂလာများစွာ ပြည့်စုံရာ၏။ မိဘဘိုးဘွား ဆရာသမား အား ဦးခေါင်းဆေးမင်္ဂလာ ကုသိုလ်ပြုပေးပါက တူသော အကျိုးကျေးဇူး မုချ ခံစားကြရပေမည်။

မဟာသင်္ကြန်အခါ ရှောင်ကြဉ်ရန် အမှုများကား ပါဠိ မဖော်ပြတော့ဘဲ စကားပြေဖြင့်သာ ဖော်ပြပေးလိုက်ပါသည်။

အိမ်ရာမမှား၊ သားငါးသုတ်သင်၊ သစ်ပင်ခုတ်ဖြတ်၊ ပုတ်ခတ်ဒိုကြေ၊ ကိုယ်သွေးထုတ်ခြင်း၊ ဆီ၊ နနွင်းခါးသောက် ခြင်း၊ သေရည်သေရက်၊ သူတစ်ပါးအသက်၊ ပစ္စည်းဥစ္စာ ထုတ်သွင်းရောင်းဝယ်ခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ငွေဖြန့်



တီးခြင်း စသော ဆယ်ပါးသော အမှုတို့ကို ရှောင်ကြဉ်ရာ၏။ (ဤကား သိဒ္ဓိ မဟာသင်္ကြန် စကားပြေကျမ်းအလိုတည်း။)

**သင်္ကြန်အဟောများကို ပြဆိုရာဖြစ်သောအပိုင်း၊**

တနင်္ဂနွေ သင်္ကြန်ကျအဟောတွင် မိုယ်းဦး၊ မိုယ်း လယ် ကောင်းအံ့။ မိုယ်းနှောင်း တန့်အံ့။ စစ်မက်များအံ့။ ပြည်ကြီးကို ပြည်ငယ်နိုင်စပြုအံ့။ မင်းဥပဒ်ဖြစ်အံ့။ ပြည်ရွာ မီးလောင်ဖန်များအံ့။ သူဌေးသူကြွယ်၊ ကုန်သွယ်လယ်လုပ် တို့သည် ဥပဒ်ဖြစ်ကုန်အံ့။ ကျွဲ၊ နွား စသော အခြေလေးခု အသေများအံ့။ ထိုအသားကို စား၍ လူတို့ အသားမာပေါက် ၍ သေသည်များကုန်အံ့။ လူတို့ ငတ်မွတ်ကုန်အံ့။ ထိုနှစ်၌ အမှုူးအမတ်တို့ မင်းအမျက်သင့်ကုန်အံ့။ ရေပိုး၊ သား၊ ငါး များအံ့။ အတောင်ရှိသော ကျေးငှက်တို့သည် ဥပဒ်ဖြစ်ကုန် အံ့။ စိန့်ပြည်ပျက်အံ့။ ကွမ်းသီး၊ ပြောတ်စွံအံ့။

(ဤကား ကန်ဦးမူ သန္နိဋ္ဌ သင်္ကြန်စကားပြေကျမ်းအဆို တည်း။)

ထို့ကြောင့် စာဖတ်ပရိသတ် ပြည်သူအများတို့သည် ဗုဒ္ဓရှင်တိုင်း ဟောကြားသော တရားတော်အရ မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကို ထားကာ၊ ကုသိုလ်ကောင်းမှု များများပြုနိုင်ကြပါစေ။ ဒါန၊ သီလ၊ ဘာဝနာ အားထုတ်ခြင်းဖြင့် မကောင်းမှုများ ပ,ပျောက်စေမည် ဟု ယုံကြည်နိုင်ကြပါစေသတည်း■

* * *

ခအောင်ခကောင်းမြဲ(သာကေတ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မိသက်တစ်ယောက် စိတ်ဒုက္ခရောက်ရချေပြီ။ မူလကတည်းက သရဲကြောက်ပါသည်ဆိုမှ ကွယ်လွန်သူ အဖေ့က သမီးကိုချည်း ခြောက်လှန့်နေတော့သည်။ မခြောက်တဲ့ နေမလား။ သည်အိမ်မှာက နေ့ဘက်ဆို မိသက်တစ်ယောက်တည်းလေ။

ရပ်ကွက်ထဲက လမ်းထိပ်မှာ ဈေးဆိုင်ဖွင့်ထား၍ အမေနှင့် အစ်မလတ်တို့က ဆိုင်မှာ တစ်ယောက် တစ်လှည့်စီ ထိုင်သည်။ အစ်မကြီးက ရန်ကုန်မြို့ထဲမှာ ဝန်ထမ်းအလုပ်လုပ်သဖြင့် မနက်သွားပြီး ညနေ မိုးချုပ်မှ အိမ်ပြန်ရောက်သည်။ အမေကလည်း ဈေးသွားလိုက်၊ အိမ်ပြန်လာ ထမင်းဟင်းချက်ပြုတ်လိုက်နှင့် အနားမနေရ။ အဖေ့အသုဘချပြီးသည့်နောက် အိမ်မှာ ခဏလာနေပေးသည့် အဒေါ်နှင့် အစ်မဝမ်းကွဲတို့ လင်မယားကလည်း အလုပ်ကိုယ်စီနှင့်မို့ အစ်မကြီးကဲ့သို့ပင် ညကျမှ အသီးသီးပြန်ရောက်ကြသည်။

နေ့ဘက်…နေ့ဘက် အိမ်မှာ အမေ (သို့မဟုတ်) အစ်မတစ်ဦးဦးရှိနေ၍ စာကျက်ရအောင် အိမ်ပေါ်ထပ်တက်သည့်အခါတိုင်း အဖေက အမျိုးမျိုးခြောက်လှန့်နေတော့သည်။ ဟိုနားက ချွတ်ချွတ်၊ သည်နားက ချွတ်ချွတ် အသံလည်း ကြားရ၊ ခဲကလေးတွေလည်း ကျလာလိုက်၊ အိမ်ခေါင်မိုး(သွပ်)ပေါ်မှ ဝုန်းခနဲအသံကြားရပြန်နှင့် တော်တော်ဆိုးသည့် အဖေ။

ဆိုး၍လည်း အဖေသေရသည် မဟုတ်ပါလား။

◆◆◆

အဖေကို ဆိုးသည်ဆို၍ အပြစ်မမြင်လိုက်ပါနှင့်။

တကယ်လည်း အဖေက သမီးစကား နားမထောင်၍ ထူထူထောင်ထောင်ဖြစ်လျက်နှင့် ရုတ်တရက် ကွယ်လွန်ဆုံးပါးခဲ့ရသည်။

မှတ်မှတ်ရရ၊ အဖေ မကွယ်လွန်မီ ညက ပူလှအိုက်လှချည်ဆိုကာ ည ၁၁နာရီတွင် ရေဆင်းချိုးသည်။ မိသက်ရော အစ်မကြီးတို့ပါ အဖေ့ကို တားပါသေးသည်။

"အဖေကလည်း ညအချိန်မတော်ကြီး ရေမချိုးပါနဲ့လား။ တော်ကြာ နေထိုင်မကောင်းဖြစ်နေပါဦးမယ်။ အမေရေ…အဖေ့ကို ကြည့်ပြောဦး"

"ငါ့ဟာငါ ဘာဖြစ်ဖြစ်၊ နင်တို့အပူမပါဘူး။ ငါ အသက် ၆၀ကျော်ပြီ၊

❝

အခါကြီး ရက်ကြီးမို့
ဆေးရုံမှာ ဝန်ထမ်းအစုံအလင်မရှိ။
အပြာဝတ် သူနာပြုဆရာမကြီး
တစ်ယောက်ကသာ
အောက်ဆီဂျင်ဘူး သယ်လာပြီး
လူနာ သတိရသည်အထိ
ပြုစုပေးရှာသည်။
ဦးသိန်းခင်၏ သွေးခုန်နှုန်းက
အတော်ကျဆင်းနေပေမယ့်
အောက်ဆီဂျင်ပေး၍
သတိပြန်လည် လာသည်။
သို့သော် စကားလုံးဝ မပြောနိုင်ဘဲ
ကိုယ်တစ်ခြမ်းလည်း
မလှုပ်နိုင်တော့ချေ

❞

ဘယ်တုန်းက ဘာဖြစ်ဖူးလို့လဲ၊ ကျန်းမာရေးဝန်ထမ်းဟာ"

"ပြောမနေနဲ့ သမီးရေ၊ သူလုပ်ချင်တာ လုပ်ပါစေ။ နောက်မှ တစ်ခုခုဖြစ်ရင်တော့ လှည့်ကို မကြည့်ဘူး"

ဟု အမေက ဝင်ပြောသည်။

"အေး၊ ငါ့ဟာငါ ဘာဖြစ်ဖြစ် လှည့်မကြည့်ကြနဲ့"

အဖေက သမီးတို့စကား နားမထောင်ဘဲ အရွဲ့တိုက်၍ ပိုပြီးရေချိုးပြလိုက်သေးသည်။ ပြီးတော့ ရေချိုးပြီး နွေးနွေးထွေးထွေးမနေဘဲ ပန်ကာလေခံကာ ဗွီဒီယိုကား ဆက်ကြည့်ပြန်သည်။

အမေရော မိသက်တို့ ညီအစ်မတစ်တွေ အဖေနှင့် စကားဆက်မပြောတော့ဘဲ အိပ်ရာဝင်လိုက်ကြသည်။ ကံကောင်းထောက်မစွာဖြင့် ထိုညက အဖေ ဘာမှဖြစ်သံ မကြားရ။

နောက်တစ်နေ့မနက်ကျတော့ အမေက ဈေးသွား၊ အစ်မကြီးက ရုံးသွား၊ အစ်မလတ်က ဆိုင်ထိုင် စသည်ဖြင့် ထုံးစံအတိုင်း အဖေက အိမ်နောက်ဖေးမှာ ထမင်းဟင်းချက်ပြုတ်နေသည်။ အဖေက ရန်ကုန်ဆေးရုံကြီး အမှုထမ်းဘဝမှ သက်ပြည့် ပင်စင်ယူပြီးနောက်ပိုင်း အိမ်မှာပဲ အေးအေးဆေးဆေးနေသည်။ အချက်အပြုတ်ဝါသနာလည်းပါ၊ ချက်တတ် ပြုတ်တတ်သူလည်းဖြစ်တော့ မိသားစုအားလုံး စားရေးသောက်ရေးအတွက် အဖေတစ်ယောက်တည်း ဒိုင်ခံချက်သည်။

ထိုအချိန်တွင် မိသက်က အောက်ထပ်မှာ သီချင်းတိုးတိုးဖွင့်၍ နားထောင်ရင်း စာကြည့်နေသည်။ မနက် ၁၀နာရီခန့်တွင်မှု…

"သမီး…အဖေ မူးတယ်…မူးတယ်"

ဟု ဆိုကာ ရုတ်တရက် လဲကျ



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ မိသက်တစ်ယောက်တည်း ဘာလုပ်ရ ဘာကိုင်ရမှန်း မသိ၍ ဘေးအိမ်မှ အိမ်နီးနားချင်းများကို အော်ဟစ်၍ အကူအညီတောင်းသည်။

အိမ်ချင်းကပ်နေကြတော့ အိမ်နီးနားချင်းများ အလျင်အမြန်ရောက်ရှိလာကြသော်လည်း မည်သို့ပြုစုကြရမည်မသိ။ ဘေးတစ်အိမ်ကျော်ရှိ ရပ်ကွက်ဥက္ကဋ္ဌဟောင်း ဦးရွှေအုန်းရောက်ရှိလာမှ အဖေ့အနေအထားကို ကြည့်ပြီး -

"ဦးသိန်းခင် လေဖြတ်သွားတာ၊ ဆေးရုံအမြန်ပို့မှ ကောင်းမယ်"

ဟု အကြံပေးသည်။

မကြာမီ ဈေးမှ ပြန်လာသော အမေနှင့် အဖေ၏ ညီမ ဒေါ်ညွန့်ကြည်တို့ ရောက်ရှိလာပြီး ဦးရွှေအုန်း၏ အကြံပြုချက်အတိုင်း အဖေ့ကို နီးစပ်ရာ မြောက်ဥက္ကလာပ မြို့နယ်ဆေးရုံသို့ ကားငှား၍ ပို့ကြသည်။

ဖြစ်ချင်တော့ အခါကြီး ရက်ကြီးမို့ ဆေးရုံမှာ ဝန်ထမ်းအစုံအလင်မရှိ။ အပြာဝတ် သူနာပြု ဆရာမကြီး တစ်ယောက်ကသာ အောက်ဆီဂျင်ဘူး သယ်လာပြီး လူနာ သတိရသည်အထိ ပြုစုပေးရသည်။ ဦးသိန်းခင်၏ သွေးခုန်နှုန်းက အတော်ကျဆင်းနေပေမယ့် အောက်ဆီဂျင်ပေး၍ သတိပြန်လည်လာသည်။ သို့သော် စကားလုံးဝ မပြောနိုင်ဘဲ ကိုယ်တစ်ခြမ်းလည်း မလှုပ်နိုင်တော့ချေ။

ထိုနေ့ညနေတွင် မိသားစုနှင့် ဆွေမျိုးသားချင်းများ စုံညီစွာ ရောက်လာကြသည့်အခါ ဆေးရုံမှ ဂရုစိုက်မှု အားနည်းသည်ကို အကြောင်းပြု၍ လူနာကို အိမ်သို့ ပြန်ခေါ်လာသည်။ ပြီးတော့ အကြောပြင်ဆရာကို အိမ်သို့ ဝင့်၍ နှိပ်နယ်စေရာ နည်းနည်းပြန်ကောင်းလာသလိုရှိသည်။



သို့သော် နောက်တစ်နေ့ကျတော့ အရင်အတိုင်း အိပ်ရာထက် ပက်လက်နှင့် ကိုယ်လက်လှုပ်ရှားမှု မပြုနိုင်။ အစာလည်း မစားနိုင်။ လက်ဖက်ရည်ကိုပင် ဇွန်းငယ်နှင့် တဖြည်းဖြည်းချင်း တိုက်ရသည်။ အားမရှိ၍ ဆေးခန်းမှ ဆရာဝန်ပင့်ပြီး အကြောဆေးသွင်းရသည်။

နှစ်ရက် သုံးရက်နေတော့ အခြေအနေက ဆိုးလာသည်။ သို့အတွက် မိသားစု တိုင်ပင်ပြီး ရန်ကုန်မြို့ထဲရှိ ဂျပန်ဆေးရုံသို့ ပို့သည်။ သွေးပေါင်ကကျလာသည်။ ဂျပန်ဆေးရုံတွင် နှစ်ရက်ခန့် တက်ရောက်ကုသသော်လည်း ရောဂါဖိစီး၍ နောက်တစ်နေ့နံနက် ၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်လေသည်။

◆◆◆

ထူးဆန်းသည်ကား ဘဝတစ်ပါးသို့ ကူးပြောင်းခဲ့သော အဖေက အငယ်ဆုံး သမီးကိုသာ ခြောက်လှန့်နေခြင်းဖြစ်သည်။ အချစ်ဆုံးမို့ ခြောက်ပြချင်သည်လား မပြောတတ်ပါ။ တစ်ခါတစ်ခါတော့ ဆန်အိုးထဲမှ ဆန်ကို နို့ဆီဘူးဖြင့် ခြင်၍ ခပ်သည့်အသံကို အမေရော အစ်မကြီးတို့ပါ ကြားကြပေမယ့် မိသက်ကြောက်မှာစိုး၍ မပြောခဲ့ကြပေ။

သည်လိုနှင့် တစ်လပြည့်ခါနီးလေ မိသက်ကို ပိုခြောက်လေမို့ ဒေါ်တင်ရီနှင့် ယောက်မ ဒေါ်ညွန့်ကြည်တို့က ၄ဂ-ရပ်ကွက်မှ အကြားအမြင်ဆရာကြီး(ဘိုးတော်)ကို သွားမေးကြသည်။

"အေး၊ မင်းတို့ ဦးသိန်းခင်က တကယ်ပဲ မကျွတ်မလွတ်ဖြစ်နေရှာတာကွဲ့။ သူက မင်းတို့အိမ်ကြီးကိုလည်း ခင်တွယ်တယ်။ အငယ်ဆုံးသမီးကိုလည်း အချစ်ဆုံးမို့ စိတ်မချနိုင်ဘူး ဖြစ်နေတယ်။ ဒါကြောင့်မို့ မင်းတို့အိမ်မှာ ခုလိုတွယ်ကပ်နေတာကိုး"

"အဲဒါဆိုရင် ကျွန်မတို့ ဘာလုပ်ရမလဲ ဆရာကြီး။ လာမယ့် တနင်္ဂနွေနေ့မှာ လလည်ဆွမ်းသွတ်ဖို့တော့ စီစဉ်ပြီးပါပြီ ဆရာကြီး"

"ကောင်းတယ်၊ ကောင်းတယ်။ လလည်ဆွမ်းသွတ်ပြီးရင် ဦးသိန်းခင်ကို ရည်စူးလို့ အမျှအတန်းပေးဝေမှ သူ လွတ်ရာကျွတ်ရာကို သွားနိုင်မှာကွဲ့။ နောက်တစ်ခုရှိသေးတယ်။ သူ သံယောဇဉ်တွယ်တဲ့ ယောကျ်ားကလေးတစ်ယောက်ရှိလိမ့်ဦးမယ်။ အဲဒီကောင်လေးကို သူ ရှင်ပြုပေးချင်တဲ့ ဆန္ဒရှိတယ်။ အဲဒါကိုရော မင်းတို့ လုပ်ပေးနိုင်ကြပါ့မလား"

ဒေါ်တင်ရီနှင့် ဒေါ်ညွန့်ကြည်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငေးငိုင်မိကြသည်။ ဦးသိန်းခင် သံယောဇဉ်တွယ်သူကို သူတို့သိသည်။ ဒေါ်ညွန့်ကြည်၏ သမီးကြီး မငွေ



www.burmeseclassic.com

www.burmeseclassic.com

ရှည်ရဲ့ သား "ဖိုးရွှေလ"ကို ဦးသိန်းခင် အတော်ချစ်သည်။ ဦးသိန်းခင်နှင့် ဒေါ်တင်ရီတို့တွင် သားယောကျ်ားလေး လုံးဝ မထွန်းကားလေတော့ မြေးယောကျ်ားလေးအပေါ် သံယောဇဉ် တွယ်သည်မှာ မဆန်းလှပါ။ သို့သော် သူ့ကို ရှင်ပြုပေးဖို့တော့ လောလော ဆယ် မစီစဉ်ရသေး။ ရှင်ပြုအလှူလုပ်ဖို့ကလည်း လက်ထဲမှာ ငွေလုံးလုံး လောက်လောက်ရှိဖို့ လိုသည်။

"ကဲ-ကဲ၊ ရှင်ပြုဖို့ မစီစဉ်နိုင်သေးရင်လည်း ဆွမ်းသွတ်တဲ့နေ့ကျရင် အဲဒီကောင်လေးကို ဖိုးသူတော်ပဲ ဝတ်ပေးလိုက်။ စိတ်သဘောမျိုးပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ ဆရာကြီး"

◆◆◆

သို့နှင့် လလည်ဆွမ်းသွတ်မည့်နေ့မတိုင်မီ အလုပ်အကိုင်နေ့တွင် ဒေါ်တင်ရီသည် သား၊ ငါး၊ ဟင်းလျာများနှင့် အခြား လိုအပ်မည့်ပစ္စည်းများ ဝယ်ယူပေးပြီးနောက် သစ္စာပန်းတစ်ခက်ကိုင်ဆောင်ပြီး လွန်ခဲ့သော တစ်လခန့်က ပန်းခက်ချည်ခဲ့သော ညောင်ပင်ကြီးအောက်သို့ သွားရောက်ကာ ဦးသိန်းခင်ကို တိုင်တည်ပြီး အိမ်သို့ ပင့်ဖိတ်သည်။ အိမ်ရောက်တော့ စားပွဲကလေးတစ်ခုပေါ်တွင် ဦးသိန်းခင်ကိုယ်စား သစ္စာပန်းခက်ကို တင်၍ သူကြိုက်တတ်သော လက်ဖက်ရည်၊ ဆေးပေါ့လိပ်များ တည်ခင်းပေးသည်။ ထမင်းချိန်တွင် ထမင်းဟင်း ခူးခပ်ပေးသည်။

အလုပ်အကိုင်ညဆိုတော့ အိမ်တွင် ဆွေမျိုးသားချင်းများဖြင့် စည်ကားနေပြီး လူစုံတက်စုံရှိသည်။ ထို့ကြောင့် သရဲခြောက်သည့်အသံ မကြားရတော့ချေ။

လလည် ဆွမ်းသွတ်သည့်နေ့။

ထိုနေ့က ဆရာကြီး မှာကြားသည့်အတိုင်း ဖိုးရွှေလကို ခေါင်းတုံးရိတ်ပြီး ပိတ်ဖြူစင်ကြယ်နှင့် ဖိုးသူတော်ပြုပေးသည်။ ထို့နောက် သံဃာတော် ၅ပါး ဆွမ်းကပ်လှူအပြီး အနုမောဒနာတရား ချီးမြှင့်သည့်အခါတွင်မူကား ထူးထူးခြားခြားဆိုသလို ဦးသိန်းခင်၏ ညီအရင်းဖြစ်သူ ဦးရွှေညွန့်၏ သမီးပျိုအား ဝင်ပူးပါလေတော့သည်။ ကလေးမလေးသည် ရုတ်တရက် နတ်ပူးသလို တုန်တုန်ယင်ယင်ဖြစ်ပြီး တရားရေအေး တိုက်ကျွေးနေသည့် ဘုန်းတော်ကြီးကို ပြာပြာဝပ် ဦးခိုက်ကန်တော့ရင်း…

"အရှင်ဘုရား…တပည့်တော် ဒီအိမ်ကြီးက မထွက်ပါရစေနဲ့ ဘုရား။

"
ကဲ - ဒကာကြီး ဦးသိန်းခင်ရေ၊
ဒကာကြီးအနေနဲ့
ဒီအိမ်ကြီးနဲ့သော်လည်းကောင်း၊
ဒီမိသားစုနဲ့သော်လည်းကောင်း
ဘဝချင်းခြားသွားပြီမို့
လွတ်ရာ ကျွတ်ရာကို သွားနိုင်ပါပြီ၊၊
ဒီအိမ်ကြီးမှာ ဆက်နေလို့
မရတော့ပါဘူး၊၊
ပြုပြုသမျှ ဒါနကုသိုလ်ဘာဝနာကိုသာ
သာဓုခေါ် လိုက်ပါတော့၊၊
ဒကာကြီး ကောင်းရာ
သုဂတိလားပါစေ၊၊
သာဓု . . .သာဓု . . . သာဓု
"

တပည့်တော်ကို ကယ်ပါဦး ဘုရား။ တပည့်တော် ဒီမှာပဲ ဆက်နေပါရစေ ဘုရား"

ဟု ဆိုကာ ကြုံကြုံပါအောင် ငိုချလိုက်ရာ အိမ်ထဲရှိသမျှ လူအားလုံး အံ့အားသင့် ကြက်သေသေပြီး ကြောက်လန့်တကြားဖြစ်ကုန်သည်။

"ဟဲ့…ဟဲ့…ဒကာမကြီး၊ ရေစက်ခွက်ကိုင်ပြီး အမျှဝေတော့လေ။ ဘာလုပ်နေတာလဲ"

သည်တော့မှ ဒေါ်တင်ရီသည် ကယောင်ကတမ်းဖြင့် ရေစက်ခွက်ကို ကောက်ကိုင်ပြီး…

"ကိုသိန်းခင်ရေ…အမျှ…အမျှ…အမျှ၊ ဒီနေ့ ဒီရက်မှာ ကိုသိန်းခင်အတွက် ရည်စူးပြီး ဆွမ်းကျွေးတဲ့ ကောင်းမှုကုသိုလ်အဝဝကို အမျှပေးဝေပါတယ်။ ရောက်တဲ့ နေရာက သာဓုခေါ်ပါ။ အားလုံး ကြားကြားသမျှ အမျှ…အမျှ…အမျှ"

"သာဓု…သာဓု…သာဓု"

"ကဲ - ဒကာကြီး ဦးသိန်းခင်ရေ၊ ဒကာကြီးအနေနဲ့ ဒီအိမ်ကြီးနဲ့သော်လည်းကောင်း၊ ဒီမိသားစုနဲ့သော် လည်းကောင်း ဘဝချင်းခြားသွားပြီမို့ လွတ်ရာ ကျွတ်ရာကို သွားနိုင်ပါပြီ၊ ဒီအိမ်ကြီးမှာ ဆက်နေလို့ မရတော့ပါဘူး။ ပြုပြုသမျှ ဒါနကုသိုလ်ဘာဝနာကိုသာ သာဓုခေါ်လိုက်ပါတော့။ ဒကာကြီး ကောင်းရာ သုဂတိလားပါစေ၊ သာဓု…သာဓု…သာဓု"

ဦးသိန်းခင် ဝင်ပူးသော အပျိုမလေးမှာ ဘုန်းတော်ကြီးအပါအဝင် တရားနာ ပရိသတ်အားလုံးက အမျှဝေ သာဓုခေါ်ပြီးသောအခါကျမှ ဘုန်းတော်ကြီးရှေ့တွင် ဒူးထောက် မှောက်လျက်သာ ငြိမ်ကျသွားသည်။ ကလေးမလေးကို သူ၏ မိခင်နှင့် အဒေါ်များက အိပ်



www.burmeseclassic.com

www.burmeseclassic.com

ခန်းထဲ ဆွဲခေါ်သွားရသည်။

အိပ်ခန်းထဲ ရောက်တော့လည်း ဦးသိန်းခင်က ကလေးမလေးကို ပူးကပ်တုန်းပင်။ သို့အတွက် တုန်တုန်ယင်ယင်ဖြစ်နေသော ကလေးမလေးမှာ နဂို ရောဂါအခံရှိသည့်မို့ တအားမောဟိုက်နေရှာသည်။

"အဖေရယ်··· သွားပါတော့ မိဆွေလေး သနားပါတယ်။ သူ့ခမျာ ရောဂါသည်လေးပါ။ ကြာရင် သေသွားလိမ့်မယ်"

မိသက်က ရှိုက်တောင်းပန်တော့ မိသက်ကို စိုက်ကြည့်ပြီး···

"အဖေ သမီးကို လုံးဝ စိတ်မချဘူး။ အဖေ မသွားပါရစေနဲ့ သမီးရယ်"

ဟု ဦးသိန်းခင် ဝင်ပူးနေသော မိဆွေက ယောက်ျားသံ ခပ်သြသြနှင့် ပြန်ပြောသည်။ ပြီးတော့ တစ်စုံတစ်ယောက်ကို ရှာဖွေသလို ခေါင်းရမ်းကြည့်သည်။

"အဖေ··ဘယ်သူ့ကို ရှာနေတာလဲ။ အမေလား၊ အစ်မကြီးလား"

မေးသည့်အခါ ခေါင်းညိတ်ပြသည်။

မကြာမီ ဒေါ်တင်ရီနှင့် သမီးကြီးတို့ ရောက်လာကြပြီး မိဆွေကို လာကြည့်ကြသည်။ သူတို့ကို မြင်တော့ မျက်ရည်တွေတွေကျပြီး သနားစဖွယ် မြည်တမ်းရှာသည်။

"မသွားချင်ဘူး၊ မသွားချင်ဘူး"

"မသွားချင်လို့ မရဘူး။ အဖေကြီးနဲ့ တို့နဲ့က ဘဝချင်းခြားသွားပြီ။ သွားလိုရာကို အမြန်သွားပါတော့။ မိဆွေလေးလည်း မောလှပြီ"

တူမကြီး မစန်းရီက ဝင်ပြောတော့ သူမကို မျက်စောင်းတခဲခဲနှင့် မကျေနပ်သည့် အမူအရာပြသည်။ ညီမဖြစ်သူ ဒေါ်ညွန့်ကြည်ကလည်း မနေသာတော့ဘဲ ခုလို ဝင်ရောက် တောင်းပန်သည်။

"အစ်ကိုရယ်···ကောင်းရာမွန်ရာကိုသာ စိတ်ဖြောင့်ဖြောင့်နဲ့ သွားပါတော့။ မိသက်ကိုလည်း စိတ်ချစမ်းပါ။ အမေတွေ၊ အစ်မတွေ၊ ညီမတို့တစ်တွေ အကုန်ဝိုင်းပြီး စောင့်ရှောက်မှာပါ။ နောက်ဆံမတင်းနဲ့ သွားတော့နော် အစ်ကို"

သို့ပေမယ့်···

"မသွားချင်ဘူး၊ မသွားချင်ဘူး"

ဟုပဲ ပြောပြီး ခေါင်းရမ်းပြသည်။

ကြာတော့ စိတ်မရှည်သော ဦးရွှေညွန့်က···

"အစ်ကို မသွားချင်လို့ မရဘူးနော်။ မသွားရင်တော့ နဖူးကို ပိတ်ရိုက်ပြီး လိပ်ပြာလွင့်အောင် လုပ်လိုက်ရမလား"

ဟု ခြိမ်းခြောက်သည်။

ဟုတ်လည်း ဟုတ်သည်။ သမီးဖြစ်သူ မိဆွေ၏ ဖြစ်စဉ်ကို မကြည့်ရက်သော ဖခင်တစ်ယောက်အနေဖြင့် ဒေါသထွက်ပြီး အစ်ကိုကြီးကို ငေါက်လိုက်မိသည်။ ထိုစဉ် အိမ်ရှေ့ခန်းမှ ကြေးစည်ထုသံ ကြားရသည်။

ဦးသိန်းခင် ဝင်ပူးနေသော မိဆွေက ဦးရွှေညွန့်ကို အံကြိတ်ပြီး ခပ်ထန်ထန်ပြန်ကြည့်သည်။ ပြီးတော့မှ ငြိမ်ကျသွားသည်။

"ကဲ-ကဲ၊ ဦးသိန်းခင်ကို ပြန်ပို့လိုက်ကြတော့လေ။ ဘာလုပ်နေတာလဲ။ သစ္စာပန်းခက်လေ၊ သစ္စာပန်းခက်"

ဦးသိန်းခင်၏ ညီမတစ်ဝမ်းကွဲ ဒေါ်ငွေးက ဝင်ပြောတော့မှ ခေါင်းရင်းစားပွဲခုံပေါ်မှ သစ္စာပန်းခက်ကို သတိရကြသည်။

သို့နှင့် စက်ဘီးနှစ်စီးဖြင့် တစ်စီးကို မစန်းရီက ဒေါ်ငွေးအား တင်၍နင်းပြီး၊ တစ်စီးကို တူလေး မောင်မျိုးကြီးက ဒေါ်တင်ရီကို တင်၍ နင်းသည်။ သစ္စာပန်းခက်ကိုမူ ဒေါ်ငွေးက ကိုင်ဆောင်သည်။ ဒေါ်တင်ရီက သစ္စာပန်းခက် ကိုင်ရမည်ကို ကြောက်နေမိသည်။

သို့သော် မောင်မျိုးကြီးခမျာ ဒေါ်တင်ရီကို တင်နင်းရသည်မှာ လူနှစ်ကိုယ်စာ တင်နင်းရသလို လေးလံနေသည်။ (ဦးသိန်းခင် စက်ဘီးနောက်က လိုက်စီးနေသည်ကို မောင်မျိုးကြီး သဘောပေါက်သည်။)

သစ္စာပန်းခက်ကို မူလ ညောင်ပင်ကြီးအောက်တွင် ပြန်ထားလိုက်သည့်အခါကျမှ အပြန်ခရီးတွင် စက်ဘီးနင်းရတာ ပေါ့ပါးသွားသည်။

နောက်ဆုံးတော့ သည်ဇာတ်သည်တွင် ဆုံးချေပြီ။ ဗုဒ္ဓရှင်ကိုယ်စား သံဃာတော်များ၏ တရားရေအေး အမြိုက်ဆေးကား ဘေးအမှောင့်ပယောဂဟူသမျှနှင့် နာနာဘာဝ၊ ဝိနာဘာဝ အစရှိသည့် ပရလောကသားများကို သာဝရ ငြိမ်းချမ်းစေပါသည်။

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတည်းဟူသော စွဲလမ်းခြင်းပြဿနာကိုလည်း ဒါန၊ သီလ၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းခြင်းဖြင့် ဖြေရှင်းလိုက်ပေသည်။

သို့အတွက် ထိုနေ့ ထိုအချိန်မှစ၍ မိသက်အား သရဲခြောက်သည့် အသံ လုံးဝ မကြားရသော်လည်း ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည့် အဖေ့ကို မိသက် အောက်မေ့ သတိရ လွမ်းဆွတ်မိပါသည်။ ခါတိုင်း အပေါ်ထပ်တက် စာကျက်လျှင် သရဲခြောက်ခံနေကျမို့ ယခုတော့···

"အဖေရယ်··· သမီး ပျင်းလှချည့်" ■


* * *

ဆွေမြင့်သူ(ကြား/ဓနိ)

www.burmeseclassic.com

တန်ခူးလသည် နှစ်၏ အစ၊ နှစ်ဦးလဖြစ်သည်။ ထုံးစံအားဖြင့် မြန်မာနှစ်သစ်သည် တန်ခူးလမှ အစပြုသည်။

တန်ခူးလတွင် သင်္ကြန်ကျရောက်၍ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းလေရာ ထိုလတွင် တစ်နိုင်ငံလုံး၌ သင်္ကြန်ပွဲတော်ကို ကျင်းပကြသည်။ မြန်မာနှင့် ယဉ်ကျေးမှုချင်း ဆက်စပ်နေသော လောနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလားတူပင်။ ဧပြီလ၌ သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ သင်္ကြန်ပွဲတော်သည် ယင်းပွဲတော်တို့ထက် ကြီးကျယ်၍ ရှေးအင်းဝခေတ်က




# မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်မှ [illegible]

■ တက္ကသိုလ်စိုးမိုးနိုင် ■



www.burmeseclassic.com

www.burmeseclassic.com

ပင်လျှင် အင်္ဂလိပ် စသော တိုင်းတစ်ပါးသားတို့က နှစ်သက် ဖွယ်ရာမှ မှတ်တမ်းတင်ခဲ့ကြသည်။

သင်္ကြန်ဟူသော စကားသည် သင်္ကန္တဟူသော ပါဠိမှ ဆင်းသက်၍ ရွတ်ဆိုသောအခါ သင်္ကတန် ရှိသော ရရစ်သံဖြင့် ရွတ်ဆိုရသော စကားဖြစ်သည်။ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်၏။ ဤကမ္ဘာမြေကြီးသည် နေကို ဗဟိုပြု၍ မိဿ ရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကင့်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်ဟူသော ရာသီခွင်တို့သို့ အစဉ်လိုက် ကူးပြောင်းလှည့်လည်ပြီးနောက် သူရိယသိဒ္ဓန္တ ကျမ်းအလို ၃၆၅ရက်၊ ၆နာရီ၊ ၁၂မိနစ်၊ ၃၇ စက္ကန့်ပြည့်သော အခါ တနင်္ဂနွေ ရဝိဖဂ္ဂုကြိုဟ်စင်သည် မိဿရာသီအစ သုညအသာသို့ ဝင်၏။

ဤသင်္ကြန်ပွဲတော်တွင် မြန်မာတိုင်းရင်းသားတို့သည် ပျော်ရွှင်စွာ ရေပက်စကားကြသည်။ သင်္ကြန်ရေ ပက်ဖျန်းခြင်းသည် လေးနက် မွန်မြတ်သော အဓိပ္ပာယ်ရှိသည်။ ရေသည် မေတ္တာစာတ်ကို တင်စားသည်။ ရေကစားကြသည်မှာ "ရေလို အေး၍ လန်းပါစေ"ဟူသော မေတ္တာစာတ်ဖြင့် ကစားခြင်းဖြစ်သည်။ ရေးက ဤအနက်အဓိပ္ပာယ်ကို ဝိသေသထူးစေခြင်းငှာ "ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္ပာကရမက်၊ ပန်းပေါင်းဖက်"သော အမွှေးအကြိုင်တို့ကို ဖလားတွင် ထည့်၍ ဂွမ်းဆွတ်ပြီးလျှင် ရေလောင်းကြသည်။ ဤကဲ့သို့ ရေကစားခြင်း၌ ကလေးလူကြီးမရွေး အလွန်ပျော်ရွှင်ကြသည်။

သို့သော် လူကြီးများကား သင်္ကြန် နှစ်သစ်ကူးအခါတော်တွင် ကိုယ်-နှုတ်-နှလုံး သုံးပါးစုံ စင်ကြယ်စေသည်ဟူသော အထိမ်းအမှတ်ဖြင့် ဦးခေါင်းကို ဆေးကြ၊ လျှော်ကြသည်။ မြန်မာမင်းတို့၏ လက်ထက်တွင်မူ ဘုရင်မင်းမြတ်တို့ကိုယ်တိုင် ဦးခေါင်းဆေးမင်္ဂလာကို ကြီးမှူး၍ ကျင်းပသည်။ ထိုဦးခေါင်းဆေးမင်္ဂလာနှင့် စပ်လျဉ်း၍ လူငယ်တို့က လူကြီးတို့၏ ဦးခေါင်းကို တရော်ကင်ပွန်းတို့ဖြင့် ဆေးလျှော်ပေး၍ ကုသိုလ်ယူကြသည်။ ဤမင်္ဂလာအမှုနှင့် တစ်ဆက်တည်း ဂါရဝ နိဝါတ တရားကို ရည်မှန်း၍ လူငယ်တို့ အသက်ကြီးရွယ်ကြီးတို့ကို ကန်တော့ကြသည်။

သင်္ကြန်သည် တစ်နှစ်ပြီး တစ်နှစ် ကာလရွေ့လျားပြောင်းလဲလာခြင်းကို သတိရစေသည်။

**မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်အတွက် အကျိုးရှိရာ အကျိုးရှိကြောင်း လမ်းညွှန်**

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်တွင် ကန်ဦးမူ သင်္ချိုင်း သင်္ကြန်ဟောကိန်းအယူအဆမှာ ထိုနှစ်တွင် မိုးဦး၊ မိုးလယ် ကောင်းပြီး မိုးနှောင်းကာလတွင် မိုးနည်းမည်ဟု ဆိုသည်။ ကျွဲ နွား စသော ခြေလေးချောင်းသတ္တဝါများ အသေအပျောက်များမည်ဟု အဟောဖွင့်သည်။ ထို့ကြောင့် ထိုအသားများကို စားမိသောလူတို့သည် အနာရောဂါများ ဖြစ်တတ်သည်ကို ပြဆိုသည်။

မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်တွင် သားကြီးငါးကြီးနှင့် ခြေလေးချောင်းသားများကို ရှောင်ပါက အနာရောဂါကင်းမည်ဖြစ်သည်။ သားကြီးငါးကြီး ခြေလေးချောင်းသား အစားများ၌ ရောဂါဘယများ ကျရောက်နိုင်သည်။

အမျက်ဒေါသ ခက်ထန်မှုနှင့် ဆက်စပ်မှုကို တွေ့ရသည့်နှစ်။ ဤကာလတွင် အမျက်ဒေါသ၏ လွတ်ကင်းရာသည် မေတ္တာတရားသာ ဖြစ်သည်။ ဤကာလတွင် (မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်တစ်နှစ်လုံး) ကြိမ်ဖန်များစွာ သက်သတ်လွတ်စားခြင်း၊ မေတ္တာ ဘာဝနာပွားခြင်းဖြင့် သင့်ဆန္ဒများ ပိုမိုပြည့်စုံလာမည်မှာ သေချာသည်။

ဘဝရပ်တည်မှုအတွက်၊ ဘဝအောင်မြင်ရေးအတွက် ဆန္ဒစော လုပ်ကိုင်မှုကြောင့် အကျိုးရှိမည်မဟုတ်သောနှစ်ဟု ဖွင့်ဆိုသည်။ ဆင်ခြင်စဉ်းစား ဝေဖန်သုံးသပ်ပြီးမှ ရင်းနှီးလုပ်ကိုင်ဆောင်ရွက်ပါ။

**မှန်ကန်သော အတွေးအခေါ်နှင့် ဘဝအောင်မြင်ရေးသို့**

ဟောကိန်းတစ်ခုသည် ရှေးပညာရပ်မှ ဆင်းသက်လာ၍ သူ့နည်းနှင့်သူ မှန်ကန်ပါသည်။ အထက်ပါ လမ်းညွှန်မှုတွင် ဟောကိန်းထုတ်ခြင်းထက် မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်ကို အကောင်းဆုံး ဖြတ်ကျော်နိုင်ရန် စေတနာရှေ့ထား၍ ဖော်ပြခြင်းဖြစ်သည်။

ကျွန်ုပ်သည် ဤမှုဖြင့် စာဖတ်သူအား လမ်းညွှန်မှုကို အားမရနိုင်သေးသဖြင့် မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်မှ စတင်ကာ အောင်မြင်မှု ခြေလှမ်းသစ်ကို စတင်နိုင်အောင် အောင်မြင်ရေးခြေလှမ်း (၆)ချက်ကို အောက်တွင် ဖော်ပြမည်ဖြစ်ပါသည်။ လိုက်နာကျင့်သုံးသူများအနေဖြင့် ယခုပင် အောင်မြင်ခြင်းခရီးကို စတင်နိုင်မည်မှာ ကေန်ပင်ဖြစ်သည်။

**အောင်မြင်ခြင်းခြေလှမ်း (၁)**

ဘဝအောင်မြင်ရေးကိစ္စ၊ ကြီးပွားတိုးတက်ရေးကိစ္စ လိုရာပန်းတိုင်ရောက်ဖို့ ဆိုတာ အတွေးအခေါ် အယူအဆ



www.burmeseclassic.com

www.burmeseclassic.com

မှန်ကန်သန့်စင်ဖို့ အရေးကြီးပါတယ်။

**အောင်မြင်ခြင်းနေဲလုမ်း (၂)**

ဘဝအောင်မြင်ရေးအပေါ်မှာ ယုံကြည်ချက်အမျိုးမျိုး ရှိတတ်ကြပါတယ်။ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး၊ အနွယ်တစ်ခုနဲ့ တစ်ခု၊ လူတစ်ယောက်နဲ့ တစ်ယောက်ရဲ့ ယုံကြည်ချက်ချင်းက တူညီဖို့ မလွယ်ပါဘူး။ ခေတ်ကာလတစ်ခုရဲ့ လွှမ်းမိုးချက်ကလည်း တစ်ခေတ်နဲ့ တစ်ခေတ် အယူအဆချင်း တူကြမှာမဟုတ်ပါဘူး။ ဒါကြောင့် ရှေးရိုး အဖေ၊ အမေ၊ အဘိုး၊ အဘွားတွေနဲ့ ယနေ့ခေတ်သစ် မျိုးဆက်သစ်တွေရဲ့ အယူအဆ အငြင်းပွားမှု ငြင်းခုန်သံဟာ ကမ္ဘာပေါ်မှာ ဆူညံလှပါတယ်။

**အောင်မြင်ခြင်းနေဲလုမ်း (၃)**

တချို့က ဘဝအောင်မြင်ရေး၊ တိုးတက်ရေးအတွက် ကံ-ကံ၏ ကြောင်းကျိုးကို ယုံကြည်တယ်။

တချို့ကျပြန်တော့ လောကီပညာရဲ့ လုပ်ကိုင် ဆောင်ရွက်မှုတွေ၊ ဘိုးတော်တွေ၊ နတ်တွေရဲ့ အမအစတွေကြောင့် ဘဝအောင်မြင်နိုင်တယ်လို့ ယုံကြည်ပြီး ဘိုးတော်တွေ၊ နတ်တွေကို ကိုးကွယ်လို့ ပူဇော် ပ.သတတ်ကြပါတယ်။

တချို့ကျပြန်တော့ အနောက်တိုင်း အတွေးအခေါ်နဲ့ ဘဝကို အဆင့်ဆင့် ပုံစံချပြီး တိုးတက်အောင် ကြိုးစားတတ်ကြပါတယ်။

ကမ္ဘာကြီးမှာကိုက ရာသီဥတုတွေက အမျိုးမျိုး၊ အသားအရောင်တွေက အမျိုးမျိုး၊ ပထဝီနေရာဒေသတွေက အမျိုးမျိုးမို့ ယုံကြည်ချက်ချင်း ကွဲပြားတာ မဆန်းပါဘူး။ အခုလည်း ရှိမယ်၊ နောင်လည်း ရှိနေဦးမှာပါပဲ။

**အောင်မြင်ခြင်းနေဲလုမ်း (၄)**

အယူအဆမှန်ကန်ဖို့က ပထမဆုံး အရေးကြီးပါတယ်။ ယနေ့ခေတ်မှာ ဈေးရောင်းကောင်းဖို့ တချို့က ဇီးကွက်ရုပ် ဆောင်ကြပါတယ်။ တချို့ကျတော့ သူတို့ရဲ့ သက်ဆိုင်ရာဆရာတွေရဲ့ လမ်းညွှန်မှုနဲ့ အဆောင်အမျိုးမျိုးကို ဆောင်တတ်ကြပါတယ်။ အဲဒီလို တချို့က ပုံသေကားကျ ယူမှတ်တတ်ကြပါတယ်။

"ဝိဇ္ဇာနည်းကျ"နယ်ပယ်မှာ အဲဒီအယူအဆကို လက်မခံပါဘူး။ ဘာကြောင့်လဲဆိုတော့ သဘာဝကြောင်းကျိုးကွင်းဆက်တွေ ကင်းမဲ့ပြီးနေလို့ပါပဲ။ ဖွံ့ဖြိုးတဲ့စွာက အကြောင်းကြောင့် ကျိုးကွင်းဆက်တွေ ကင်းမဲ့ပြီးနေလို့ပါပဲ။ ကိစ္စတစ်ရပ် အောင်မြင်ဖြစ်ထွန်းဖို့အတွက် အချက်အလက်တွေ လိုအပ်ပါတယ်။

အဲဒီအချက်အလက်တွေကို စုဆောင်းလိုက်တဲ့အခါ-

(၁) ကိုယ်လုပ်မယ့် အလုပ်အကြောင်းသိဖို့ ပထမ အရေးကြီးဆုံးပါပဲ။ သိတယ်ဆိုရုံမျှနဲ့ အလုပ်မဖြစ်ပါဘူး။ ဂဃနဏ သေသေချာချာသိဖို့ လိုပါတယ်။ မသိတာ လုံးဝ မရှိအောင် ပြည့်စုံမှု လိုပါတယ်။

(၂) အဲဒီလို ကိုယ်လုပ်မယ့် အလုပ်အကြောင်းသိရုံနဲ့ မပြီးသေးပါဘူး။ အဲဒီအလုပ်အပေါ်မှာ ဝီရိယစိုက်လို့ မပျင်းမရိ ကိုယ်တိုင်ကိုယ်ကျပဲ ဖြစ်ဖြစ်၊ တစ်ဦးတစ်ယောက်ကို လိုအပ်တဲ့ နေရာမှာ ခန့်ခွဲဖို့ စီစဉ်ဖို့ပဲ ဖြစ်ဖြစ် ဆောင်ရွက်နိုင်ပါတယ်။ မပျင်းဘဲ အားကျိုးမာန်တက် ဆောင်ရွက်ရပါမယ်။

(၃) ဝန်းကျင်နဲ့ အဆင်ပြေဖို့လည်း လိုအပ်ပါတယ်။ ကိုယ်လုပ်တဲ့ အလုပ်မှာ ပတ်ဝန်းကျင်နဲ့ အဆင်မပြေရင် အခက်အခဲနဲ့ ရင်ဆိုင်ရပါတယ်။ ဝန်းကျင်နဲ့ အဆင်ပြေရေးဆိုတဲ့ နေရာမှာ ဉာဏ်ပညာကပ်လို့ စဉ်းစားတွေးခေါ်တတ်ဖို့ လိုအပ်ပါတယ်။ ကိုယ်လုပ်တဲ့ အလုပ်က လျှပ်စစ်လိုင်းမရှိတဲ့ နေရာဆိုရင် ဘယ်လိုလုပ် ကြီးပွားတိုးတက်လာနိုင်ပါ့မလဲ။ ကိုယ် အလုပ်လုပ်နေတဲ့ နေရာက ရေအခက်အခဲရှိတဲ့ နေရာမျိုးဖြစ်နေရင်လည်း အလုပ်ဖြစ်မှာ မဟုတ်ပါဘူး။ ဒီတော့ မိမိအလုပ်နဲ့ မိမိပတ်ဝန်းကျင် အပ်စပ်ဖို့ လိုတယ်ဆိုတာ ထင်ရှားနေပါပြီ။ ဒါ့အပြင် အလုပ်ရဲ့ ပတ်ဝန်းကျင်မှာ ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံတဲ့ နေရာမှာ အဆင်ပြေဖို့လည်း လိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ရင် စိတ်ပျက်စရာကိစ္စတွေ ပေါ်လာတတ်ပါတယ်။

(၄) မိမိလုပ်တဲ့ အလုပ်ကိစ္စတစ်ခုဟာ ဘယ်လိုကြိုးစားလို့မှ မအောင်မြင်ဘူးဆိုရင် အကြောင်းရှိနေလို့ပဲ။ အဲဒီအကြောင်းက ဘာတွေဖြစ်မလဲ သုံးသပ်ကြည့်ရအောင်။

(က) အကုသိုလ်တွေ များနေလို့လား။

(ခ) နတ်တွေ နှောင့်ယှက် ဖျက်ဆီးနေလို့လား။

(ဂ) အသိဉာဏ် သေးနံ့လို့လား။

(ဃ) လုပ်ထုံးလုပ်နည်း နေရာမကျလို့လား ဆိုတာတွေကို သုံးသပ်ဖို့ ဝိဇ္ဇာနည်းကျ နယ်ပယ်က ပညာရှင်ကြီးတွေက တိုက်တွန်းပါတယ်။

* တကယ်လို့ အကုသိုလ်တွေဖြစ်မယ့် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သောက် တာတို့ ငွေကြေးကိစ္စမှာ လိမ်ညာသလို မရှင်းမလင်း ဖြစ်တာတို့ သူတစ်ပါးသားမယားနဲ့ ဖောက်ပြန်တာတွေ မဖြစ်ဖို့ အထူးကြိုးစား ထိန်းသိမ်းနေထိုင်ရပါမယ်။ ကိုယ်ကာယအားဖြင့် ဖြစ်စေ၊ နှုတ်အားဖြင့် ဖြစ်စေ၊ နှလုံးခံစားမှုနဲ့ ဖြစ်စေ မကောင်းတဲ့ ကိစ္စ၊ မကောင်းတဲ့ အလုပ်ကို တတ်နိုင်သလောက် ရှောင်ရပါမယ်။ ကောင်းမြတ်တဲ့ အကျင့်သီလရှိမှု ကိစ္စတွေ၊ အလှူဒါနပြုမှုတွေ၊ တရားအခုံအမ နာယူမှုတွေကို ပြုရပါမယ်။ ဒါဆိုရင် မကောင်းတဲ့ အကုသိုလ်တွေ ပ,ပျောက်လို့ ကံကောင်းလာပါလိမ့်မယ်။

* ဉာဘ်ကို သိနိုင်တဲ့ အသိဉာဏ် မိမိမှာ မရှိသေးပါဘူး။ မမြင်အပ်တဲ့၊ မမြင်ရတဲ့ အနှောင့်အယှက်ဆိုတာ လောကမှာ ရှိပါတယ်။ အဲဒီအတွက် အကောင်းဆုံး ဖြေရှင်းရမည့်နည်းက အမှုအတန်းဝေခြင်း၊ မေတ္တာပို့သွတ်ခြင်း၊ သူတို့အတွက် အလှူဒါနပေးခြင်းတွေပါပဲ။ ဒါဆိုရင် မမြင်ရတဲ့၊ မမြင်အပ်တဲ့ အနှောင့်အယှက်တွေက ကင်းလွတ်မှာ ဖြစ်ပါတယ်။

* ယနေ့ခေတ်မှာ အသိဉာဏ်ပညာ အထူးလိုအပ်တဲ့ခေတ်ဖြစ်ပါတယ်။ အသိဉာဏ်ပညာက နည်းနေရင် အသိဉာဏ်ပညာဖြစ်ရာ ဖြစ်ကြောင်းတွေကို လုပ်ရပါမယ်။ ဒီနေ့ခေတ်မှာ လေ့လာစရာတွေ အများကြီး တိုးလာပါတယ်။ ဥပမာ - ဘာသာစကားကိစ္စရပ်တွေ၊ ဥပဒေပညာတွေ၊ စာရင်းအင်းပညာတွေနဲ့ ကွန်ပျူတာ စသည်ဖြင့်ပေါ့။

အပျော်အပါး မများပါနဲ့။ အချိန်မဖြုန်းပါနဲ့။ တစ်နေ့တစ်နေ့ ခေတ်ကြီးနဲ့ မျက်ခြေမပြတ် ခေတ်ကြီးကို သိနိုင်ဖို့အတွက် သုတမယဉာဏ်တွေ ဝင်လာဖို့ ဖတ်ပါ၊ ကြံပါ။ လုပ်ကိုင်ဆောင်ရွက်ပါ။

* ကိုယ် ဘာလုပ်မလဲဆိုတာ အရင်ဆုံး သိအောင်လုပ်ပါ။ နောက် အဲဒီလုပ်မယ့်အလုပ်ရဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိအောင် လုပ်ရမှာ ဖြစ်ပါတယ်။ ဘယ်အလုပ်မှာမဆို လုပ်ငန်းစဉ်မှာ နေရင် အောင်မြင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အရင်ဆုံး လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိအောင် ကြိုးစားရပါမယ်။ အဲဒီ အင်္ဂါရပ် (၄)ချက်ကို သုံးသပ်ပြုပြင် ပြင်ဆင်ခဲ့ရင် အရင်က မအောင်မြင်ခဲ့တဲ့ အလုပ်တွေဟာ မုချ အောင်မြင်လာမှာပဲ။

**အောင်ခြင်ခြင်းခြေလှမ်း (၅)**

သမထ၊ ဝိပဿနာအလုပ်လုပ်လို့ အောင်မြင်ချင်၊ ဖြစ်ထွန်းချင်တယ်ဆိုရင်လည်း အင်္ဂါငါးရပ်နဲ့ ညီညွတ်မှုတာဖို့ လိုပါတယ်။ အဲဒါတွေကတော့ . . .

(၁) ဘုရားကို ယုံကြည်ခြင်း၊
(၂) ကိုယ်လက်အင်္ဂါ ကျန်းမာကြံ့ခိုင်ခြင်း၊
(၃) ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်း၊
(၄) ဝီရိယ ထက်သန်ခြင်း၊
(၅) ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပွားမှု၊ ချုပ်ကွယ်မှုတို့၌ ဉာဏ်၏ စူးရခြင်း စတဲ့ အင်္ဂါရပ်တွေဟာ အဓိကပါပဲ။

**အောင်ခြင်ခြင်းခြေလှမ်း (၆)**

လောကီဘဝ အောင်မြင်ချင်ရင်လည်း သူ့နည်း သူ့လမ်းရှိပါတယ်။ နေ့စဉ် လူတွေဟာ ရောင်းဝယ်ဖောက်ကားစားသောက်နေကြတယ်။

တချို့က ကုန်ပစ္စည်းတွေကို ရောင်းတယ်။

တချို့ကျပြန်တော့ သူတို့ရဲ့ အတတ်ပညာကို ရောင်းတယ်မဟုတ်လား။

ဘာပဲပြောပြော လူတွေဟာ ဈေးသည်တွေချည်းပါပဲ။ အဲဒီလို ဈေးရောင်းလို့ ဈေးသည်တွေအတွက် "ပါပဏိကတရားတော်"ကို သိဖို့ လိုပါတယ်။

လူတစ်ယောက်မှာ ဘဝအောင်မြင်ဖို့ အင်္ဂါသုံးရပ် အရေးကြီးပါတယ်။ အဲဒါတွေကတော့ . . .

(၁) **စက္ခုမာစဟောတိ** - အမြင်ကျယ်ရမယ်၊ ဉာဏ်မျက်စိ အမြင်ကျယ်ရမယ်တဲ့။
(၂) **ဝိဓူရောစဟောတိ** - ထူးခြားတက်ကြွတဲ့ လုံ့လဝီရိယလည်း ရှိရမယ်တဲ့။
(၃) **နိဿယ သမ္ပန္နောစ ဟောတိ** - မှီခိုအားထားရာနဲ့လည်း ပြည့်စုံရမယ်တဲ့။

အဲဒီလိုဆိုရင် မနေ့က မအောင်မြင်ခဲ့တဲ့ ကိစ္စတွေဟာ ယနေ့ ၁၃၅၇ ခုနှစ်မှာ သင် မုချအောင်မြင်မှု ရလာမှာပါပဲ။

* * *

တက္ကသိုလ်စိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်သလင်းရွက်

## နှင့်

# လိပ်ခေါင်းနာ

ပေါ်လွင်ဦး (ရေး)

ကျွန်ုပ်သည် တစ်နေ့တွင် မိတ်ဆွေဖြစ်သူ လှစိုးအောင်က အဖော်ခေါ်သဖြင့် ဆေးဆရာကြီး ဦးဖြိုးထံသို့ ရောက်လာခဲ့သည်။

ဆရာ ဦးဖြိုးက အကျိုးအကြောင်းမေးရာ လှစိုးအောင်က သူ့တွင် အပြင်လိပ်ခေါင်းရောဂါဖြစ်နေသည်မှာ သုံးလေးလရှိပြီဖြစ်ကြောင်း၊ ယခုအခါ သွေးစများပင် ပါလာကြောင်းကို မရှက်ဝံ့တော့ဘဲ ပြောပြရာ ဆေးဆရာကြီး ဦးဖြိုးက လိပ်ခေါင်းရောဂါနှင့် ပတ်သက်၍ လှစိုးအောင်အား အသေးစိတ် မေးမြန်းလေသည်။

ဆရာ ဦးဖြိုးသည် အသက် ၇၀နီးပါးခန့်ရှိပြီး တိုင်းရင်းဆေးဆရာကြီးတစ်ဦးဖြစ်သည်။ ထို့နောက် ဆရာ ဦးဖြိုးသည် ခြံထဲသို့ ဆင်းသွားပြီး သစ်ရွက် လက်တစ်ဆုပ်ခန့်ကို ခူးလာပြီး ထုထောင်းကာ လှစိုးအောင်အား အခန်းထဲသို့ ခေါ်သွားပြီး စအို၀ကို လိမ်းပေးလေသည်။ ထို့နောက် သုံးရက်ဆက်တိုက် ဆရာ ဦးဖြိုးထံသို့သွားပြီး ကုသရာ လှစိုးအောင် ခံစားနေရသော ဝေဒနာသည် အမြစ်ပြတ်သွားလေသည်။

ကျွန်ုပ်က စာရေးသူပီပီ စပ်စုမေးမြန်းသော် ထိုအပင်သည် ကျောက်သလင်းပင်ဟု ခေါ်ကြောင်း၊ ဘီလူးကျွန်းချောင်းဆုံမြို့နယ်ရှိ မိတ်ဆွေတစ်ဦးထံမှ ရရှိသဖြင့် စိုက်ပျိုးထားကြောင်း ရှင်းပြလေသည်။

အပင်၏ အမြင့်မှာ သုံးတောင်ကျော်ခန့်သာ ရှိပြီး အရွက်မှာ ဖြက်ကား၍ အဖျားချွန်သည်။ ဘီလူးကျွန်းမြို့နယ်တွင် ကျောက်သလင်းပင်ဟု မေးလျှင် လူတိုင်းနီးပါး သိနိုင်ပါသည်။ ကျွန်ုပ်တို့ မြန်မာတိုင်းရင်းသားများသည် အများအားဖြင့် ဆေးမြီးတို ပရဆေးကို အထင်သေးတတ်ကြသည်။

ယခု ကျွန်ုပ်၏ မျက်စိရှေ့မှာပင် သုံးရက်ဆက်တိုက်ကုပြီး မနာမကျင်ဘဲ လိပ်ခေါင်းရောဂါကို ငွေကြေးအကုန်အကျမရှိဘဲ သစ်ရွက်ကို ထုထောင်းပြီး ကုသ၍ လှစိုးအောင်၏ လိပ်ခေါင်းရောဂါသည် ပျောက်ကင်းသွားသည်ကို တွေ့ရ၍ ကျွန်ုပ်သည် မြန်မာဆေးမြီးတို ပရဆေးကို လေးလေးနက်နက် ယုံကြည်မိသဖြင့် ဆေးပင်ကို ဓာတ်ပုံရိုက်ကာ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှတစ်ဆင့် ရေးသား ဖော်ပြလိုက်ပါသည်□

(မှတ်ချက်။ ရေးမြို့နယ်၊ ကလော့ကျေးရွာမှ ဆေးဆရာကြီး ဦးဖြိုးအား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။)

* * *

ပေါ်လွင်ဦး(ရေး)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃၊ ဧပြီလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

(ဂမ္ဘီရ ဆရာလှမျိုး (B.Sc))

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဉ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရမည်။ စပ်တူရှယ်ယာ ပူးတွဲပေါင်းစပ်လုပ်ရမည်။ အိုးအိမ်အဆောက်အအုံ ဆိုင်ခန်း အထူးပြုပြင်မွမ်းမံရမည်။ ဝင်ငွေထက် ထွက်ငွေများနေမည်။ ပြည်တွင်း၊ ပြည်ပခရီးဝေးသွားရမည်။ ရင်းနှီးသော မိတ်ဆွေနှင့် သဘောထားကွဲလွဲမည်။ ချစ်သူနှင့် ခွဲခွာနေရမည်။ လူမျိုးခြား၊ နိုင်ငံရပ်ခြားနှင့် ဆက်နွယ်သောအလုပ် အဆင်ပြေခြင်း၊ နိုင်ငံခြားမှ ငွေ၊ အဆက်အသွယ်ရောက်ရှိလာမည်။ သားသမီး အိမ်မှ ထွက်မည်။ လမ်းသွားရင်း ကားပျက်တာ ကြုံလျှင် ယတြာကျေသည်ဟု မှတ်ယူပါ။ ငွေချေးငှား၊ ပစ္စည်းရောင်း၊ ပေါင်နှံပြီး ရင်းနှီးမှု မပြုလုပ်သင့်ပါ။

**ကောင်းကျိုးပြုယတြာ** - ဤလတွင် (သကြံန်ရက်များ) မုန့်လုံးရေပေါ် ဘုရားကပ်၊ ပတ်ဝန်းကျင် ဝေငှလှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိဆောင်ရွက်နေကျအလုပ် ပုံမှန်ဆက်လုပ်နေခြင်းသည် အကောင်းဆုံးဖြစ်သည်။ ငွေရင်းနှီးမြှုပ်နှံသော အလုပ် မလုပ်သင့်သေးပါ။ အကြွေးကိစ္စ၊ ငွေ၊ ကား၊ ကျောက် စသည့် တနင်္လာနံပစ္စည်းနှင့် ပတ်သက်၍ အမှုပြဿနာပေါ် တတ်သည်။ မည်သည့်ကိစ္စမဆို တနင်္လာနှင့် ကြာသပတေးနေ့ ရှောင်၍ ပြုလုပ်ပါ။ အကြီးအကဲ ဆရာသမားထံမှ အကူ အညီရမည်။ ခင်ပွန်း၊ ညီအစ်ကိုမောင်နှမနှင့် ပတ်သက်၍ လာဘ်ငွေ ဝင်ကိန်းရှိသည်။ ဆန်၊ ဆီ၊ ဆေး၊ စက်၊ တအုပ် စသည့် အင်္ဂါနံများ ဝင်မည်။ ပညာရေးနှင့် ပတ်သက်၍ အခက်အခဲကြုံမည်။ စာမေးပွဲ၊ သင်တန်း၊ အင်တာဗျူး စိတ်မပါ၊ စိတ်မဝင်စားဖြစ်နေမည်။ အထူးကြိုးစားမှ အောင်မြင်မည်။ ရေလမ်းခရီးသွားခြင်း တစ်လတာ ရှောင်ပါ။ ခေါင်းမူး ခေါင်းကိုက် ဝေဒနာ ခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် အုန်းသီးပါသော မုန့်၊ အုန်းနို့ခေါက်ဆွဲ၊ ဩဇာညွန့်၊ မုန့်လုံးရေပေါ် ဒါနပြုပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အကြံအစည်၊ ရည်ရွယ်ချက် အောင်မြင်မည်။ စပ်တူရှယ်ယာ လုပ်ကိုင်ဆောင်ရွက်ရမည်။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် အဆင်ပြေမည်။ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံရမည်။ အိမ်၊ ခြံ၊ မြေ၊ ကား ရောင်းထွက်မည်။ ကြားပွဲစား အထူးသတိထားပါ။ မိမိကိုယ်တိုင်လည်း ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ပါ။ လူလိမ် လူညာ သတိထားပါ။ နေအိမ်သို့ ဘိုးတော်၊ မယ်တော်အတုအယောင် ရောက်လာတတ်သည်။ အနီးကပ် ရန်သူ သတိ ထားပါ။ ပြည်ပအလုပ်အကိုင်၊ သင်္ဘောသား၊ နိုင်ငံရပ်ခြား ခရီးသွား အဆင်ပြေမည်။ ထီဝါသနာပါက ၁အစ ၃အဆုံး ၃အစ ၁အဆုံး ထီထိုးပါ။ အင်္ဂါနံအစ ဗုဒ္ဓဟူးနံအဆုံး အမည်ပိုင်ရှင်များ ကျန်းမာရေး ဂရုစိုက်ပါ။

**ကောင်းကျိုးပြုယတြာ** - ရေသန့်ဘူး၊ ရေအိုး၊ ရေစစ်၊ တံမြက်စည်း၊ ရေသန့်စက် စသည့် ပစ္စည်းများ ဘုန်းကြီးကျောင်း စာသင်ကျောင်းသို့ ဒါနပြုပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိလုပ်ဆောင်နေသော ပုံမှန်အလုပ်သာ ဆက်လုပ်ပါ။ အလုပ်လုပ်ချိန်ထက် အနားယူချိန်များနေမည်။ ဘာသာရေး၊ လူမှုရေး၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရမည်။ ဆိုင်ခန်းရောင်း၊ ဝယ်၊ ငှားရမည်။ ငွေ၊ လှံ၊လ၊ ဝီရိယအကျိုးကျေးဇူး ခံစားရမည်။ မည်သည့်အလုပ်ကိစ္စမဆို အပြိုင်အဆိုင်ကြုံတွေ့ပြီးမှ အောင်မြင်မည်။ စိတ်ရှည် သည်းခံစွာ ပြုလုပ်ပါ။ ဤလတွင် စီးပွားရေးထက် ဘာသာရေး၊ အမိတ္တာန်၊ ကုသိုလ်ကောင်းမှုကိစ္စ ဦးစားပေး ဆောင်ရွက်ပါ။ ထွက်ပြီး ရွှေ၊ ငွေ၊ ရတနာ၊ လျှပ်စစ်ပစ္စည်း ပြန်ဝင်ကိန်းရှိသည်။ ချစ်သူနှင့် ခွဲခွာနေထိုင်ရမည်။ အိမ်ထောင်ရေးသာယာမည်။ အစာမကြေ၊ လေရောဂါ ခံစားရမည်။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့် ဘုရားတွင် ရေသပ္ပာယ်၊ ဆီမီး၊ အမွှေးတိုင် ပူဇော်ပြီး အုန်း(၆)ညွန့် လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အကြံအစည်လွဲချော်နေတတ်သည်။ ရတာ မလို၊ လိုတာ မရဖြစ်နေမည်။ ရယူလိုစိတ်ဖြင့် လိုက်လေ ဝေးလေ ဖြစ်နေတတ်သည်။ လောင်းကစား၊ အပျော်အပါးကိစ္စ ရှောင်ပါ။ လောင်းကစားလုပ်လျှင် ဆုံးရှုံးမည်။ ပြည်တွင်းပြည်ပ ခရီးဝေး သွားလာရမည်။ ကွဲကွာနေသော မိသားစု၊ ညီအစ်ကိုမောင်နှမ ပြန်ဆုံရမည်။ စနေနံ ထီး၊ နာရီ၊ ဖိနပ်၊ အထည် အရောင်းအဝယ် အဆင်ပြေမည်။ စနေနံပစ္စည်းဝင်ကိန်းရှိသည်။ ဇနီး ကျန်းမာရေးညံ့ (သို့မဟုတ်) မိခင်၊ အဘွား၊ အဒေါ် တစ်ဦးဦး ကျန်းမာရေး ညံ့မည်။ ငွေကုန်ကျမည်။ ဘာသာရေးအမိတ္တာန်တစ်ခု မပျက်မကွက် ပြုလုပ်ပါ။ သရဏဂုံသုံးပါး ပုတီးစိပ်လျှင် ပိုကောင်းသည်။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် ဆွမ်းသုံးပွဲ၊ ဖယောင်းတိုင်သုံးတိုင်၊ သပြေညွန့် (၁၀)ညွန့်လှူပြီး သရဏဂုံသုံးပါး ပုတီး (၉)ပတ်စိပ်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လုပ်ငန်းသစ် ပြုလုပ်ရမည်။ လုပ်ငန်းတိုးချဲ့ ဆောင်ရွက်ရမည်။ အကြီးအကဲ ဆရာသမားထံမှ အကူအညီရရှိမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ်၊ စပ်တူရှယ်ယာအလုပ် ကောင်းကျိုးပြုမည်။ မိသားစုဝင် ပြည်ပတွင် ရှိပါက ငွေလက်ဆောင်၊ အဆက်အသွယ်ရောက်ရှိလာမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ဘာသာရေး၊ လူမှုရေး ပရဟိတ ပါဝင်ဆောင်ရွက်ရမည်။ အရာရာတွင် ဆရာ မပြုလုပ်သင့်ပေ။ စေတနာသည် ဝေဒနာဖြစ်တတ်သည်။ ခရီးသွားလာရင်း ချစ်သူတွေ့၊ အိမ်ထောင်ကျကိန်းရှိသည်။ အပျော်အပါး၊ လောင်းကစား၊ အရှုပ်အထွေးပြုလုပ်သူများ အမှုပြဿနာပေါ်မည်။

**ကောင်းကျိုးပြုယတြာ** - ဤလတွင် သမ္ဗုဒ္ဓေဂါထာသက်စေ့ နေ့စဉ်ရွတ်ဆိုပါ။ မွေးနံထောင့်တွင် နှင်းဆီပန်း(၁၀)ပွင့်၊ ထီးဖြူ (၁၀)လက် လှူပါ။ ထီဝါသနာပါသူများ (၇၀၄)ပါသော ထီလက်မှတ်ရွေးထိုးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဎ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ခြင်း၊ ကံစမ်းမဲပေါက်ခြင်း၊ လုပ်ငန်းရာထူးတိုး/ပြောင်းရွှေ့ခြင်း ကြုံတွေ့ရမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်းအသစ်ဝင်မည်။ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံမည်။ နေရာဌာန(အိုးအိမ်၊ အလုပ်) ပြောင်းရွှေ့ရကိန်းရှိသည်။ ကား၊ ခြံမြေရောင်းထွက်မည်။ ခရီးသွားလာရင်း ကား ပျက်၊ အိမ်မှာ မီးလုံးပျက်၊ ပန်းကန်ကွဲ စသည့် နိမိတ်တွေ့ပါက ယတြာကျေသည်ဟု ယုံကြည်ပါ။ လူငယ်များ (အထူးသဖြင့် မိန်းကလေးများ) အပျော်ခရီးထွက်ရင်း အရှက်တကွဲဖြစ်ရတတ်သည်။ ထီဝါသနာပါက (၁၃၇)ပါသော ဂဏန်းရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - နေအိမ်တွင် ဘုရားရုပ်ပွားတော်ကို အမွှေးနံ့သာဖြင့် ရေသပ္ပာယ်၊ ကျောင်းဆောင် သန့်ရှင်းရေး ပြုလုပ်ပါ။ ဂုဏ်တော်ကိုးပါး ပုတီးစိပ်ပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ - ဧပြီလအတွက်

## ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ခေတ္တရာ ဆရာကျော်

နှစ်ဟောင်းကုန်လို့ နှစ်သစ်ကို ကူးပြောင်းပြန်လေပြီ။ ဂမ္ဘီရဆန်းကြယ် စာချစ်သူများအားလုံး ကိုယ်-စိတ် နှစ်ပါး ရွှင်လန်းချမ်းမြေ့သာယာခြင်း ရှိကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။

ဒီစာမျက်နှာဟာ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ ဂုရက်သားသမီးတို့ရဲ့ ဘဝကံပွင့်လန်းစေဖို့ အထောက်အကူပြု လမ်းညွှန်မှု ပြုပေးမှာ ဖြစ်ပါတယ်။

"မျက်စိမကန်းသောသူသည် မညီညွတ်သော လမ်းဆိုးကို ရှောင်ဖယ်၍ လျှောက်၏။ ပညာရှိသောသူသည် မကောင်းမှု ဒုစရိုက်တို့ကို မပြုလုပ်ပေ"

(ဥဒါန်းပါဠိတော်၊ သောဏဝဂ်၊ သုပ္ပဗုဒ္ဓ ကုဋ္ဌိသုတ်)

### ၂၀၁၃၊ ဧပြီလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၈၊ ၉၊ ၁၈၊ ၁၉၊ ၂၇၊ ၂၈ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၂၊ ၃၊ ၁၀၊ ၁၁၊ ၁၂၊ ၂၀၊ ၂၁၊ ၂၂၊ ၂၉၊ ၃၀ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၁၃၊ ၁၄၊ ၂၃၊ ၂၄ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၁၅၊ ၁၆၊ ၁၇၊ ၂၅၊ ၂၆ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |


အထက်ပါ ဇယားအတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။ အကြံအစည်ပြုခြင်း၊ ခရီးစတင်ထွက်ခြင်းနှင့် အကျိုးစွမ်းအား ထက်သန်ရန် ဂါထာမန္တန်ရွတ်ဆိုခြင်းများတွင် ထိရောက်လှပါသည်။ ထို့အပြင် ဉာဏ်ရှိသလိုလည်း သုံးစွဲနိုင်သည်။

ဥပမာ - (၁-၄-၂၀၁၃)ရက်နေ့တွင် မြောက်အရပ်သို့ မျက်နှာမူပြီး ဂါထာ မန္တန် ရွတ်ပွားနိုင်ပါသည်။ သိဒ္ဓိတင်ခြင်း၊ ဆေးသက်ဝင်အောင် ဂါထာရွတ်ပွားသရဇ္ဈာယ်ခြင်းများ ပြုသင့်ပါသည်။ ခရီးထွက်သူများအနေဖြင့် ဆိုင်ရာ စန်းပွင့်ထောင့် အရပ်ကို မျက်နှာမူပြီး ခရီးစတင်ထွက်သင့်ပါသည်။

မိဿ၊ သိဟ်၊ ဓနုတွင် စန်းရှိပါက အရှေ့အရပ်စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရတွင် စန်းရှိပါက တောင်အရပ် စန်းပွင့်သည်။ မေထုန်၊ တူ၊ ကုမ်တွင် စန်းရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်တွင် စန်းရှိပါက မြောက်အရပ် စန်းပွင့်ပါသည်။

စန်းပွင့်အရပ်ကို မျက်နှာမူကာ ဉာဏ်လွှာအသုံးပြုနိုင်ကြပါသည်။

**ထီးကံ**






www.burmeseclassic.com

www.burmeseclassic.com

ဤဇာတာမှာ ဧပြီလ ထိုးခဲ့သောထီ၏ ထီဖွင့်ဇာတာ (သို့မဟုတ်) ကောဇာ ဇာတာဖြစ်သည်။ သူဌေးလောင်းရွေးမည့် ဇာတာဟု ပြောနိုင်သည်။ ဧပြီလထဲတွင် (၁၊ ၃၊ ၄၊ ၆) ဂဏန်းများများပါအောင် ထိုးပါ။ တနင်္ဂနွေနေ့တွင် ထိုးပါ။

အာရုံပြု အဓိဋ္ဌာန်ဂဏန်းမှာ (၁၊ ၇၊ ၉)ဖြစ်သည်။ ထီမထိုးခင် ငွေကြေး ပံ့သကူစွန့်ပါ။ ကလေးများကို မုန့်ဖိုးငွေ တတ်နိုင်သရွေ့ ပေးပါ။

## အဆောင်ရတနာ

ဧပြီလတစ်လလုံး စိန်ကို အဆောင်ပြု၍ ကြံဆောင်ပါ။ ရန်ပြေငြိမ်း၍ စိတ်အေးချမ်းပါမည်။ သန္တာကျောက်ကိုလည်း ဒုတိယ ဦးစားပေးအနေဖြင့် ဆောင်ထားနိုင်ပါသည်။

## အိမ်သစ်ဆောက်ခြင်း

ဒီလထဲမှာ အိမ်သစ် မဆောက်ပါနဲ့။ ရေရှည်မှာ အကျိုးပေးနည်းလိမ့်မယ်။ အဖျားအနာပေါလိမ့်မယ်။

## ဆံလေးပါးရှောင်

ဒီလထဲမှာ ဆံလေးပါးကို အခါမယူကောင်းဘူး။ အကြံအစည်ပဲ ပြုပြု နေထွက်ခါစဆံဆံ၊ မွန်းတည့်ဆံဆံ၊ နေဝင်ဆံဆံ၊ သန်းခေါင်ဆံဆံတွင် မပြုလုပ်ကောင်းပါ။

## မင်္ဂလာဆောင်မှု

ဒီလထဲမှာ မင်္ဂလာဆောင်မှု ရှောင်ပါ။ မဖြစ်မနေဆောင်ရမယ်ဆိုရင်တော့ နက္ခတ်ဗေဒင်ပညာရှင်များနှင့် တိုင်ပင်သင့်ပါတယ်။

## နှစ်ကူးနှစ်ပြောင်း ကံကောင်းမယ့်သူတွေ

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်ထဲမှာ ကံကောင်းမည့်သူများကတော့ တနင်္ဂနွေ တနင်္လာ၊ ကြာသပတေးနဲ့ စနေသားသမီးများ ဖြစ်ပါတယ်။

ကံအားငယ်သူများကတော့ အင်္ဂါ၊ ဗုဒ္ဓဟူးနဲ့ သောကြာသားသမီးများ ဖြစ်ပါတယ်။ ထိုနေ့နံသားသမီးများအနေဖြင့် ၁၃၇၅မှာ ကုသိုလ်ကောင်းမှုတွေ များများလုပ်ပါဟု အကြံပြုပါရစေ။

## အကြံပြုချက်

ဂရက်သားသမီးများအားလုံး ဥပုသ်သီတင်းစောင့်ခြင်း၊ ကံငါးပါးထိန်းခြင်း၊ သက်သတ်လွတ်စားခြင်းနှင့် မေတ္တာနှင့် ယှဉ်သောစိတ်ကို မွေးမြူသင့်ပါတယ်။ သမ္ဗုဒ္ဓေဂါထာ၊ မေတ္တသုတ်နှင့် ပုဗ္ဗာဏှသုတ်တို့ကို အထူးရွတ်ပွားသင့်ပါသည်။ တတ်နိုင်လျှင် ဝိပဿနာအားထုတ်ခြင်းကို နေ့စဉ်မှန်မှန် ကျင့်ပွားသင့်ပါတယ်။

အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ၍ ကပ်ကြီးသုံးပါးဘေးမှ လွတ်ကင်းကြပါစေ။

ဧပြီလအတွင်း အထူးအကြံပြုလိုသည်မှာ အေးငြိမ်းချမ်းမြေ့ သာယာပြီး သိမ်မွေ့ယဉ်ကျေး၍ အဓိပ္ပာယ်ပြည့်ဝကောင်းမွန်သော တေးသီချင်းများ၊ တေးသံသာများကို ရွေးချယ်ဖွင့်ပါ။ ကြမ်းတမ်းခက်ထန်ပြီး ပေါက်ကွဲသံစဉ်များ ဖြစ်သည့် နားမလည်နိုင်သော၊ မယဉ်ကျေးသော၊ အကြမ်းဖက်သော၊ အဓိပ္ပာယ်မကောင်းသော ဆူညံပွက်လောရိုက်သည့် သီချင်းများကို တစ်လလုံး မဖွင့်ပါနှင့်။ အထူးသဖြင့် မနက်ပိုင်း လုံးဝ မဖွင့်မိပါစေနှင့်။

နှစ်ပြောင်းမှာ ကံကောင်းဖို့ အကျင့်ကောင်းတွေနှင့် ကူးပြောင်းသင့်ပါကြောင်း။

* * *

ဓေဒ္ဒ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com



နေမင်းမိုက်

မကြီးအချစ်
မကြီးမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ညောင်ပိုင်းရွာမှာ "မဲကြီးဟော့"ဆိုလျှင် တစ်ရွာလုံးရှိ လူကြီးရော လူငယ်ပါ ရှောင်သွားကြသည်က များ၏။ မဲကြီးမှာ အသက် ၃၀နီးပါးရှိသူဖြစ်ပြီး နာမည်နှင့် လိုက်အောင် အသားမည်းသူဖြစ်သည်။ လူကောင်ကလည်း ထွား အားကလည်း ကောင်းသည်။ သာမန် နွားတစ်ကောင်လောက်ကို ချိုကိုင်ပြီး ပစ်လှဲချနိုင်သည့် အင်အားကို ပိုင်ဆိုင်ထားသူ။

အသားမည်းမည်း၊ ဗလကောင်းကောင်း၊ ရုပ်ဆိုးဆိုးနှင့် တစ်ရွာလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ကြသည်။ ကြောက်မယ့်သာ ကြောက်ကြသော်လည်း မဲကြီး အရက်မူးမနေသည့် အချိန်များတွင် စိတ်ကောင်းရှိပြီး သူများကိုလည်း အကူအညီပေးတတ်သည်။ သူ့ကိုယ်သူ အနစ်နာခံဖို့ရာလည်း ဝန်မလေးတတ်။ သူ စိတ်ကောင်းဝင်နေချိန်နှင့် ခုံသူများက မဲကြီး ဆိုးသည်ဟု ပြောလျှင် "ကောင်းတဲ့ အချိန်လည်း ရှိပါသေးတယ်"ဟု မဲကြီးဘက်က ကာကွယ်ပြောပေးတတ်သည်။ မည်သို့ပင် ကာကွယ်ပြောစေကာမူ မဲကြီး မူးလာချိန်မှာတော့ မတွေ့အောင် ရှောင်နိုင်ဖို့သာ ကြိုးစားကြ၏။

တစ်ရွာလုံးမှာ မဲကြီးကြောက်တာ ရွာဦးကျောင်းဆရာတော်ဖြစ်သည်။

လွန်ခဲ့သည့်နှစ်များက အသက် ၇၀ကျော် ဆရာတော်က မဲကြီး သောင်းကျန်းနေလျှင် ကြိမ်လုံးနှင့် ရောက်လာပြီး ခုံးမလေ့ရှိသော်လည်း လွန်ခဲ့သည့် သုံးလေးလက လေဖြတ်သွားသောကြောင့် မဲကြီးနောက် မလိုက်နိုင်တော့ပေ။ မဲကြီး သောင်းကျန်းလျှင် ထိန်းမည့်သူ မရှိတော့။

သို့သော် ကံအားလျော်စွာ မဲကြီးကို ထိန်းနိုင်မည့်သူတစ်ယောက် ပေါ်လာသည်။ ၎င်းမှာ ရွာလယ်ပိုင်းမှ မခင်မှူ ဖြစ်သည်။

မခင်မှူက အသက် ၂၀ ဝန်းကျင်ခန့်ရှိပြီး ဖြူဖြူသွယ်သွယ်။ တောသူဆိုသော်လည်း တောပုံမပေါက်။ မြို့မှ မော်ဒယ်ကလေးများလို သွယ်လျသော ခန္ဓာကိုယ်နှင့် အသားက ဖွေးအောင်ဖြူနေသည်။ သူမအမည် မခင်မှူပျောက်ပြီး တစ်ရွာလုံးက "ဖြူမ"ဟုသာ ခေါ်ကြ၏။

မဲကြီးကို ဖြူမ ထိန်းနိုင်ကြောင်း သိလိုက်ရသည်က...

တစ်နေ့ ညနေပိုင်း မဲကြီး မူးပြီး သောင်းကျန်းနေသည်။ ထို့ကြောင့် ထန်းရည်ဆိုင်မှ နှင်ထုတ်လိုက်သဖြင့် ရွာအနောက်ပိုင်း ကန်ပေါင်အတိုင်း ရွာထဲသို့ ပြန်လာနေသည်၊ ကန်ပေါင်အဝပ်တွင် ကာလသားနှစ်ယောက်နှင့် တွေ့ပြီး သူက စတင်၍...

"မင်းတို့ ဘာကောင်တွေလဲ"

"ရွာသားတွေလေ၊ ညောင်ပိုင်းက ရွာသားတွေပါ။ ကိုမဲကြီး ဘယ်က ပြန်လာလဲ"

"ညောင်ပိုင်းရွာသားတွေ ဆိုတော့ ငါတို့ရွာကို ဘာလာလုပ်တာလဲ"

"ဗျာ"

လူငယ်များ ရယ်ချင်စိတ်ကို မျိုသိပ်ထားလိုက်ကြသော်လည်း မျက်နှာများက ပြုံးဖြဲဖြဲဖြစ်နေကြ၏။

"ပြောလေကွာ၊ ငါတို့ရွာကို ဘာလာလုပ်တာလဲ။ ဘယ်ကောင်မလေးကို လာကြည့်တာလဲ"

"ဖြူမကိုပါ"

"ဘာကွ"

မူးနေသော မဲကြီး ကာလသားနှစ်ယောက်ကို အတင်းအဓမ္မဝင်ရောက် ထိုးကြိတ်ပါလေတော့သည်။ လူငယ်နှစ်ယောက် ကြောက်ပြီး ထွက်ပြေးသွား၏။ မပြေးခင် တစ်ယောက် တစ်ချက် အထိုးခံလိုက်ရသေးသည်။ လူငယ်နှစ်ယောက်က ပြေး၊ မဲကြီးက လိုက်နှင့် ကန်ပေါင်ကို ကျော်ပြီး ရွာထဲဝင်သည့်လမ်းတွင် ရေခပ်ဆင်းလာသော ဖြူမ၊ ညိုထွေးတို့နှင့် ထိပ်တိုက်တွေ့ကြသည်။

"ဟင်...ဘာဖြစ်တာလဲ၊ နင်တို့..."

စကားမဆုံးခင် မဲကြီး သူတို့အနားရောက်လာသည်။

"ကိုမဲကြီး"

ဖြူမလည်း ကြောက်ကြောက်နှင့် မဲကြီးရှေ့မှ ဝင်ရပ်လိုက်သည်။

"ဒါ ဘာဖြစ်တာလဲ၊ ကိုယ့်ရွာသားအချင်းချင်း ဘာလုပ်တာလဲ"

"ဘာ ကိုယ့်ရွာသားလဲ၊ ဒီကောင်တွေ ညောင်ပိုင်းရွာသားတွေ၊ နင့်ကို လာကြည့်တာတဲ့"

"ဩော်...ကိုမဲကြီးကလဲ...၊ မူးရင် ကိုယ့်ရွာနာမည်တောင် မေ့နေပြီလား။ ညောင်ပိုင်းဆိုတာ ကျွန်မတို့ရွာလေ"

"ဟေ...ဟုတ်သားပဲ၊ ညောင်ပိုင်းက တို့ရွာပဲ။ ဟော့ကောင်တွေ မင်းတို့ ငါ့ရွာသားတွေမို့ ဆက်မလိုက်တော့ဘူး။ ဒါပေမယ့် ဖြူမကို ကြည့်လို့ကတော့ သေပြီသာမှတ်"

ညိုထွေးက မဝံ့မရဲ ရယ်လိုက်ပြီး...

"ကိုမဲကြီးကလည်း ကြည့်တာ ပဲ့ပါသွားတာမှတ်လို့"

"ပဲ့ပါရင် ဒီကောင်တွေ သေပြီပေါ့။ ငါ တစ်ရွာလုံးကို ပြောင်းထားမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဖြူမကို ထိကပါး ရိကပါးလုပ်လိုက တော့ သေပြီသာမှတ်"

"ကိုမဲကြီး ဘာတွေ လျှောက် အော်နေတာလဲ။ မူးရင်လည်း သွားအိပ် တော့"

"အေးပါ၊ အေးပါ။ နင်အိပ်ဆို ငါသွားအိပ်ပါ့မယ်"

မဲကြီးတစ်ယောက် မီးနှင့် တွေ့ ရသော ဖယောင်းနယ် ပျော့ပျောင်းစွာ ပြောဆိုပြီး လှည့်ထွက်သွားပါတော့ သည်။ မဲကြီးအတွက် အိပ်စရာနေရာ ကား ရွာအနောက်ပိုင်း သင်္ချိုင်းဇရပ်ဖြစ် သည်။

"ဟဲ့ - ဖြူမ၊ ကိုမဲကြီးကြည့်ရ တာ နင့်ကို ကြိုက်နေလား မသိဘူး"

"မဖြစ်နိုင်ပါဘူးဟာ။ ဒီလောက် မူးရူးနေတဲ့သူက ချစ်တာ ကြိုက်တာ သိပါ့မလား"

"ဟယ်···နင်ကလည်း မူးတာ တခြား၊ ချစ်တာက တခြားပါဟာ။ ငါ့ အထင်တော့ သူ နင့်ကို ချစ်နေတာ သေချာတယ်"

ထိုရက်နောက်ပိုင်း ရွာထဲမှ ထွက် လာသော သတင်းက ဖြူမကို ဘီလူး စောင့်သည်ဟူ၍ဖြစ်သည်။

ရွာမှ ကာလသားများ ဖြူမအနီး သို့ မည်သူမှ မကပ်ရဲကြ။ လမ်းမှာ တွေ့၍ နှုတ်ဆက်ချင်ပါက ဘေးပတ် ဝန်းကျင်ကို ဦးစွာအကဲခတ်ရသည်။ မဲကြီးမရှိမှ ပြောဆိုနှုတ်ဆက်ဝံ့ကြ၏။ ဖြူမနှင့် ပတ်သက်လျှင် လူငယ်အားလုံး အနေအထိုင် ဆင်ခြင်ရသည်။

မဆင်ခြင်မိသော တစ်ဖက်ရွာ သားတစ်ယောက် ဖြူမ ရေခပ်ဆင်းချိန် ချစ်စကားလိုက်ပြောမိ၏။

"ဖြူမ···ညနေတိုင်း ရေခပ်ဆင်း တယ်နော်"

ဖြူမ ဘာမှပြန်မပြောသော်လည်း ညှိုထွေး အရမ်းကြောက်နေပြီ။ ရေခပ် ဆင်းချိန်ဆိုလျှင် မဲကြီးတစ်ယောက် တစ်နေရာရာမှ သူတို့ကို စောင့်ကြည့် နေတတ်၏။

"ဒီမှာ···ရှင် ခုပဲ လှည့်ပြန်သွား တော့၊ ခု ဖြူမသတင်း ဘာမှမကြားဘူး လား"

"ကြားတာပေါ့၊ ဒီနယ်တစ်ကြော မှာ··ဒီနယ်မဟုတ်ပါဘူး၊ မြို့ပေါ်အထိ ဖြူမအလှကို မိတဲ့သူ တစ်ယောက်မှ မရှိဘူးဆိုတဲ့ သတင်းလေ။ အဲ့ဒါကြောင့် ရောက်လာရတာပေါ့"

"ဟာ···ဒုက္ခပါပဲ၊ ဖြူမ ပြောဦး"

"မပြောပါဘူး၊ သူ့ထိုက်နဲ့ သူ့ကံ ပဲ"

"မိုးခြိမ်းသံလို အသံနက်ကြီးနှင့် ပြေးဝင်လာပြီး လူငယ်ကို ထိုးချလိုက်သည်။ သူ့အားကြီးနှင့် လက်ကုန်ထိုးလိုက်သောကြောင့် တစ်ရွာသားခမျာ လွင့်ခနဲဖြစ်ပြီး ပုံလျက်သား လဲကျနေ၏။ ပါးစပ်မှ သွေးများကျလာသည်။ 'ဖြူမကို စောင့်တဲ့ ဘီလူးဆိုတာငါပဲ၊ မင်းဘာလုပ်မလဲ၊ ပြောလေ' တရှေ့ရှေ့လျှောက်သွားသော မဲကြီးရှေ့တွင် ဖြူမ ဝင်ရပ်လိုက်သည်"

"နင် မပြောရင် ငါပြောမယ်။ ဒီမှာ ဖြူမကို ဘီလူးစောင့်တယ်ဆိုတာ ရော မကြားမိဘူးလား"

"ဟားဟားဟား···ကြားပါ့ဗျာ၊ ကြားပါ။ အဲဒီ ဘီလူးနဲ့ တွေ့ချင်တာ။ မဖြစ်နိုင်တာ လာပြောနေတယ်။ ဘယ် မှာလဲ၊ ဖြူမကို စောင့်တဲ့ ဘီလူး"

"ဒီမှာကွ"

မိုးခြိမ်းသံလို အသံနက်ကြီးနှင့် ပြေးဝင်လာပြီး လူငယ်ကို ထိုးချလိုက် သည်။ သူ့အားကြီးနှင့် လက်ကုန်ထိုး လိုက်သောကြောင့် တစ်ရွာသားခမျာ လွင့်ခနဲဖြစ်ပြီး ပုံလျက်သား လဲကျနေ ၏။ ပါးစပ်မှ သွေးများ ကျလာသည်။

"ဖြူမကို စောင့်တဲ့ ဘီလူးဆိုတာ ငါပဲ။ မင်း ဘာလုပ်မလဲ၊ ပြောလေ"

တရှေ့ရှေ့လျှောက်သွားသော မဲကြီးရှေ့တွင် ဖြူမ ဝင်ရပ်လိုက်သည်။

"တော်ပြီ ကိုမဲကြီး၊ ဒီလောက် ဆို သူ သဘောပေါက်လောက်ပါပြီ"

"နင့်ကို ငါပြောတယ်၊ ပြန်တော့ ဆိုတာ။ နင် မပြန်တော့ ခုလိုဖြစ်တာ ပေါ့။ သွား···သွား နင်ပြန်တော့"

တစ်ရွာသားက နေရာမှာ ထ,ရပ် ပြီး ပါးစပ်ထဲမှ သွေးများကို ထွေးထုတ် လိုက်၏။

"အေး၊ ငါ့နာမည်မှတ်ထား။ သွေးကုန်းရွာက ဘမောင်တဲ့။ နင့်ဘီလူး ကို ငါသတ်ပြမယ်"

"အောင်မယ်···ဒီကောင်···"

မဲကြီး ရှေ့တစ်လှမ်းတိုးလိုက် သည်နှင့် ဖြူမက သူ့လက်မောင်းကြီး ကို လှမ်းကိုင်လိုက်ပြီး ရေကန်ဆီ ဆွဲ ခေါ်သွားသောကြောင့် မဲကြီး လိုက်သွား ခဲ့ရသည်။ တစ်ရွာသားမှာ ပြေးပြေး ပြေးပြေး ထွက်ပြေးသွား၏။

ကန်ထဲမှ ရေကို မဲကြီးကိုယ်တိုင် ဆင်းခပ်ပြီး ကန်ပေါင်ပေါ်မှ ဖြူမနှင့်



www.burmeseclassic.com

www.burmeseclassic.com

ညှိုထွေးတို့ကို ပေးသည်။ ဖြူမနှင့် ညှိုထွေး ရေအိုးကလေးများ ခေါင်းရွက်ပြီး ပြန်သွားချိန်မှာတော့ မဲကြီးတစ်ယောက် ကန်ပေါင်ပေါ်တွင် ရပ်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

မဲကြီးရင်ထဲမှာ ဖြူမကို ချစ်နေသည်။

သူချစ်ပုံက တစ်မျိုး။

ဖြူမကို လက်ဖျားကလေးနှင့်တောင် မထိရက်။ ဖြူမအတွက် သူ့ဘဝကို မြှုပ်နှံထားသကဲ့သို့ ဖြစ်သည်။

(၂)

တစ်နေ့ ဖြူမ သူ့မိဘနှစ်ပါးနှင့် တခြားရွာမှ အလှူတစ်ခုသွားရန် လှည်းကလေးနှင့် ထွက်လာသည်။ သူတို့နှင့်အတူ ညှိုထွေးလည်း ပါလာ၏။ ဖြူမမိဘများဖြစ်သော ဦးထွေးရီ-ဒေါ်မပုတို့မှာ ရွာတွင် မရှိမရှား အဆင်ပြေနေကြသူများဖြစ်၏။ ဦးထွေးရီမှာ အမွေရထားသော လယ် (၁၀)ကေကို ကိုယ်တိုင်ဦးဆောင် လုပ်ကိုင်နေသူဖြစ်သည်။ အသက်က ၄၅နှစ်ဝန်းကျင်သာ ရှိကြသေးသည်။

လှည်းကလေးကို ခပ်ဖြည်းဖြည်း မောင်းလာစဉ် ရွာထွက် လမ်းပေါ်၌ မဲကြီးတစ်ယောက် ငုတ်တုတ်ကြီး ထိုင်နေသည်။

"ကိုထွန်း…ဟိုမှာ…ဟိုမှာ မဲကြီးမဟုတ်လား"

"အေး၊ ဟုတ်တယ်။ ဒီကောင် ပြဿနာရှာပြန်ပြီကွာ"

"ဟဲ့ - ဖြူမ၊ ပြောဦး"

ဦးထွန်းရီ လှည်းရပ်ပြီး လှည်းပေါ်တွင် ထ,ရပ်လိုက်ကာ…

"ဟေ့ကောင် မဲကြီး၊ မင်း ဒါ ဘာလုပ်တာလဲကွ"

မဲကြီး ဘာမှပြန်မပြော။ နေရာမှ ထ,ရပ်လိုက်ပြီး…



"ကျုပ် လိုက်မလို့"

ဟု ပြော၏။

ထူးထူးခြားခြား အရက်သောက်မထားသော မဲကြီးသည် ခပ်လတ်လတ် ရှပ်အင်္ကျီနှင့် လုံချည်ကို ဝတ်ထားသည်။

"ဟာ…ဘယ်ကို လိုက်မှာလဲ၊ တို့က အလှူသွားမှာကွ။ မင်းနဲ့ ဘာဆိုင်လို့လဲ"

"ကျုပ် လိုက်ချင်တယ်"

"မဟုတ်ဘူးလေ မဲကြီးရယ်၊ တို့က လူလူသူသူ…"

"ဘာမှ ရှင်းပြမနေနဲ့ ကျုပ်လိုက်ချင်တယ်။ အဲဒီရွာမှာ ဖြူမကို ကျုပ် စိတ်မချဘူး"

"တို့ မိဘနှစ်ပါးစလုံး ပါတာပဲကွာ၊ ဘာစိတ်မချစရာရှိလို့လဲ"

"ကိုမဲကြီး…ရှင်လိုက်ရင် ကျွန်မ စကား နားထောင်ရမယ်နော်"

"ဟဲ့ - ဖြူမ…သမီး…"

"သမီး အမေတို့ အရက်ကွဲပါ့မယ်ကွယ်"

"ရပါတယ် အမေ။ ဒီအတိုင်းထားခဲ့ရင် သမီးတို့ မသိအောင် လိုက်လာပြီး သူများရွာမှာ မူးရူးသောင်းကျန်းနေမှ ပိုဆိုးမယ်။ သူ့ကို ချော့ပြောရင် ရပါတယ်။ စကားနားထောင်မှာလားလို့ ကျွန်မ မေးနေတယ်လေ"

"နားထောင်မှာပေါ့"

"ဒါဆို သူများရွာမှာ အရက်မသောက်ရဘူး။ ရန်မဖြစ်ရဘူး။ ဘာပြဿနာမှ မရှာရဘူး။ ဘယ်လိုလဲ"

"အားလုံး လိုက်နာမယ်"

"ကောင်းပြီ၊ ဒါဆို တက်"

"ကျုပ် လှည်းနဲ့ မလိုက်ဘူး၊ ခြေကျင်လျှောက်မယ်"

"ရှင်လျှောက်နိုင်ပါ့မလား။ လှည်းနဲ့တောင် မွန်းတည့်လောက်မှ ရောက်မှာ"

"ကျုပ် မဲကြီး၊ ဖြူမရဲ့ ဘီလူးကြီးပဲ၊ ဘာလို့ မလျှောက်နိုင်ရမှာလဲ"

"ဒါဆိုလည်း ဒီအတိုင်းသာ လိုက်ခဲ့၊ မောင်း အဘ၊ မောင်းတော့"

ဦးထွန်းရီ သမီးဆန္ဒကို မဆန့်ကျင်ဘဲ နွားပြာနှစ်ကောင်ကို ကြိမ်တို့လိုက်သည်။

နွားများ ခပ်ဖြည်းဖြည်းထွက်သွားသည်နှင့် မဲကြီး လမ်းဘေးမှ ဝါးစိမ်းတုတ် တစ်ကိုက်လောက်ကို ကောက်ယူပြီး လှည်းနံဘေးမှ လိုက်လာခဲ့သည်။

ဖြူမ မိဘနှစ်ပါး လက်ဖျားခါလောက်အောင် အံ့သြခဲ့ရသည်။ လူ့ဘီလူးကြီးဟု တင်စားရသော အရက်သမားကြီး မဲကြီးတစ်ယောက် သူများရွာမှာ အရက်လည်း မသောက်၊ ရန်လည်း မဖြစ်၊ ဖြူမတို့ မိသားစုနှင့် ၁၀ ကိုက်ခန့်အကွာမှာ ဖြူမကို ရပ်ကြည့်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ညဘက် ပွဲကြည့်ကြတော့လည်း ဖြူမတို့နှင့် မလှမ်းမကမ်းမှာ ထိုင်ကာ ပွဲကြည့်ခဲ့၏။

"မဲကြီးဆိုတာ ညောင်ဝိုင်းရွာက ဘိလူးကြီးဆိုကွ၊ ခုတော့ ယုန်ကလေး ပါလား"

မကြားတကြား ပြောလိုက်သံကြောင့် မဲကြီး ဒေါသဖြစ်သွားပြီး ခုတိုင်ထားသော ဝါးစိမ်းတုတ်ဆီ လက်ရောက်သွားသည်။ ဖြူမက မလုပ်ရန် လက်ကာပြလိုက်သည့်အတွက် တုတ်ပြန်ချကာ ဆက်ကြည့်နေ၏။

အလှူနေ့မှာ ဦးထွန်းရီ၏ ပုဆိုးနှင့် အင်္ကျီတစ်ထည်ပေးဝတ်လိုက်သည်။ ပုဆိုးဝတ်၍ရသော်လည်း အင်္ကျီကျပ်နေ၍ ဝတ်မရ။ အလှူပြီးသည့်နေ့တွင် ဦးထွန်းရီတို့ မပြန်ဖြစ်။ ဆွေမျိုးများ ဆွဲထား၍ နှစ်ညအိပ်ခန့် ဆက်နေပြီးမှ ပြန်ခဲ့ကြသည်။

(၃)

ခင်တန်းတစ်ခုကို အဖြတ်မှာ မျက်နှာအဝတ်စည်းထားသူ သုံးယောက် လှည်းရှေ့မှ ဝိတ်ရပ်လိုက်ပြီး…

"တစ်ယောက်မှ မလှုပ်နဲ့နော်။ ညောင်ဝိုင်းက သူဌေးတွေဆိုတာ သိတယ်။ အလှူတုန်းက ဝတ်တဲ့ လက်ဝတ်လက်စားတွေ ထုတ်ပေး"

"မလုပ်ပါနဲ့ကွယ်၊ ဦးကြီးတို့မှာ ဒါလေးပဲ ရှိတာပါ"

"အောင်မယ်…အဲဒီလောက် အများကြီး ဝတ်ထားပြီး လိမ်ချင်နေသေးတယ်။ ချွတ်၊ ပစ္စည်းတွေ မချွတ်ရင် အားလုံးသေပြီသာ မှတ်"

"လူ…လူကိုတော့ မသတ်ပါနဲ့ရှင်၊ ပေးဆို ပေး…"

ဖြူမစကားမဆုံးခင် မဲကြီးက အသံပြကြီးနှင့်…

"မပေးနိုင်ဘူး။ မင်းတို့ ပစ္စည်းတွေတော့ မရဘူး၊ ဟောဒီ ဝါးလုံးပဲ ရမယ်"

မဲကြီး လှည်းဦးဘက်သို့ လျှောက်လာသည်။ ဓားတဝင့်ဝင့်ဖြစ်နေသူ သုံးယောက်ကို ဖုတ်လေတဲ့ ငါးပိ ရှိတယ်လို့တောင် ထင်ဟန်မတူ၊ ဝါးစိမ်းတုတ်ကို ပခုံးထမ်းပြီး ဓားသမားသုံးယောက်ရှေ့တွင် ရပ်လိုက်၏။

"မင်းက ဘယ်သူလဲ၊ ဘာဖြစ်လို့ တို့အလုပ်ကို ဝင်နှောင့်ယှက်တာလဲ"

"ငါက ညောင်ဝိုင်းက မဲကြီးပဲ။ လှည်းပေါ်က လူတွေကို ထိရင် မင်းတို့ သေပြီ။ ခု ပြန်လှည့်သွားရင် အချိန်မီ သေးတယ်နော်"

"အောင်မယ်…မင်းဘာသာ မဲကြီးပဲဖြစ်ဖြစ်၊ ခွေးကြီးပဲဖြစ်ဖြစ် မဖယ်ရင် မင်းလည်း သေပြီ"

"နေရောင်အောက်မှာ လက်ခနဲ ဖြစ်သွားသော ဓားသွားကို မဲကြီး ဝါးစိမ်း တုတ်နှင့်ကာပြီး ခုန်ထွက်လိုက်သည်။ နောက်တစ်ယောက်က လှမ်းပိုင်းလိုက်ပြန်သဖြင့် မြေကြီးပေါ်လှဲချပြီး ပြန်အထမှာ သဲတစ်ဆုပ်ကို ဘယ်လက်ဖြင့်ယူလာ၏။ နောက်ထပ်ပြေးဝင်လာသော ဓားသမီးဆီသို့ သဲနှင့်အရင်ပက်လိုက်သည်။ မျက်စိထဲ သဲဝင်ပြီး ပျာယာခတ်သွားသော ဓားသမားခေါင်းပေါ်သို့ မဲကြီး ဝါးစိမ်းတုတ် ခပ်ဆတ်ဆတ်ကျသွား၏"

"ဦးထွန်းရီ လှည်းနည်းနည်း နောက်ဆုတ်လိုက်။ ရှုပ်ပါတယ်ဗျာ၊ ဒီကောင်တွေကို ကျော်ပြီး ရွာအရောက်သာ မောင်းပေတော့။ သူတို့ကို ကျုပ်ကြည့်ရှင်းထားလိုက်မယ်"

"ကျေး…ကျေးဇူးပါပဲ မောင်…မောင်မဲကြီးရယ်"

ဦးထွန်းရီ လှည်း စရွေ့သည်နှင့် မဲကြီးက စပြီး ဓားသမားများကို တိုက်ခိုက်တော့သည်။

"ကိုမဲကြီး သတိထားနော်"

ဖြူမ လှမ်းအော်လိုက်သေးသည်။ သုံးယောက် တစ်ယောက် တိုက်ခိုက်နေချိန်မှာ လှည်းကို ခပ်သွက်သွက် ကျော်ပြီး နွားနှစ်ကောင်ကို ကြိမ်တို့ကာ အပြင်းမောင်းသွားပါတော့သည်။

နေရောင်အောက်မှာ လက်ခနဲ ဖြစ်သွားသော ဓားသွားကို မဲကြီး ဝါးစိမ်းတုတ်နှင့် ကာပြီး ခုန်ထွက်လိုက်သည်။ နောက်တစ်ယောက်က လှမ်းပိုင်းလိုက်ပြန်သဖြင့် မြေကြီးပေါ် လှဲချပြီး ပြန်အထမှာ သဲတစ်ဆုပ်ကို ဘယ်လက်ဖြင့် ယူလာ၏။ နောက်ထပ် ပြေးဝင်လာသော ဓားသမီးဆီသို့ သဲနှင့် အရင်ပက်လိုက်သည်။ မျက်စိထဲ သဲဝင်ပြီး ပျာယာခတ်သွားသော ဓားသမားခေါင်းပေါ်သို့ မဲကြီး ဝါးစိမ်းတုတ် ခပ်ဆတ်ဆတ်ကျသွား၏။

"အား"

သွေးမြင်လိုက်ရသောကြောင့် ဓားသမားနှစ်ယောက် ရဲရဲမဝင်တော့။

မဲကြီး သဲတစ်ဆုပ်ကောက်ပြီး ရှေ့တည့်တည့်မှ ဓားသမားဆီ လှမ်းပက်လိုက်ပြန်သည်။ ထိုဓားသမားနှင့် မဲကြီး တိုက်ခိုက်စဉ် ကျန်တစ်ယောက် ဝင်အခုတ်ထဲမှာ ရိပ်ခနဲ မြင်၍ ရှောင်လိုက်သော်လည်း ဓားဦးက လက်မောင်းရင်းကို လှီးသွား၏။ သွေးအသားထိတော့



www.burmeseclassic.com

www.burmeseclassic.com

မဲကြီးစိတ်က ကြွတက်သွား၏။

ဝါးစိမ်းတုတ်ဖြင့် မြင်မြင်ရာကို လိုက်ရိုက်တော့သည်။ နှစ်ယောက်က လည်း သဲကြောင့် မျက်စိမမြင်ဖြစ်နေချိန်၊ တစ်ယောက်ကလည်း မဲကြီး၏ ကြမ်းတမ်းသော ရိုက်ချက်များကို အသေအလဲရှောင်နေရ၏။

ထိုစဉ် အဝေးဆီမှ လှည်းလမ်းကြောင်းအတိုင်း ဖုန်တထောင်းထောင်းနှင့် အော်ဟစ် ပြေးလာသော လူအုပ်ကြီးကို တွေ့လိုက်ရ၏။ ဓားသမား သုံးယောက် တောထဲ ဝင်ပြေးသွားတော့သည်။ မဲကြီး ခြေကုန်လက်ပန်းကျပြီး နေရာမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

အနီးရောက်သည်နှင့် ဦးထွန်းရီကိုယ်တိုင် လှည်းပေါ်မှ ပြေးဆင်းလာပြီး…

"မောင်မဲကြီး…မောင်မဲကြီး ဘာဖြစ်သွားသေးလဲ"

"ကျုပ် ဘာမှမဖြစ်ပါဘူး။ ဒီကောင်တွေ ဟောဒီဘက် ပြေးသွားတယ်"

မဲကြီး သတ္တိရှိပုံ၊ ဖြူမတို့မိသားစုကို အသက်ရင်းပြီး ကာကွယ်ခဲ့ပုံတို့သည် ညောင်ပိုင်းရွာ၌ ပြောစမှတ်တစ်ခုဖြစ်သွားလေသည်။

ထို့အပြင် ဖြူမကို မဲကြီး ကြိတ်ပိုးနေကြောင်းလည်း တစ်ရွာလုံးက သိသွားကြ၏။

သို့သော် ပညာမတတ်သော မဲကြီးကို ဖြူမ လက်ထပ်ယူမည်မဟုတ်ကြောင်း မဲကြီးကိုယ်တိုင်လည်း သိနေပုံရသည်။ ဖြူမ မြို့မှ အရာရှိကလေးနှင့် လက်ထပ်သွားတော့ မဲကြီး မည်သို့မျှ မနှောင့်ယှက်။ သူ ချစ်နေကြောင်း ညိုထွေးကို ပြောပြပြီး ချုံးပွဲချ ငိုခဲ့သည်။

"ငါ…ဖြူမကို အရမ်းချစ်တယ် ညိုထွေး။ ဒါပေမယ့် သူ့ကို ငါ ပိုင်ဆိုင်ခွင့်ရမှာ မဟုတ်ဘူးလို့တော့ အစောကတည်းက ငါသိထားပါတယ်။ ငါက သူ့ကို ဗိုလ်မရုပ်ကလေးလို ချစ်တာ။ သူ့အတွက်ဆို ဘာမဆို ငါလုပ်ရဲတယ်။ ခုလည်း သူတို့ကို ငါ မနှောင့်ယှက်ပါဘူး။ သူတို့ဘာသာ ပျော်ပျော်နေကြပါစေ၊ ငါ ဘယ်လောက်ချစ်တယ်ဆိုတာ တစ်နေ့ သူတို့ သိရမှာပါ"

ဟု ပြောပြီး ငိုခဲ့သည်။

(၄)

နောက်နေ့မှစ၍ မဲကြီး တစ်ယောက် ယစ်ထုပ်ကြီးဘဝ ပြန်ရောက်သွားရရှာသည်။

ခြောက်လခန့်ကြာသော် ဖြူမတို့ ဇနီးမောင်နှံ ရွာသို့ လာလည်၏။

ရွာပြင် ဘုရားလေးသို့ အသွား ဘမောင်နှင့် အဖွဲ့ရောက်လာကာ ဖြူမတို့ကို နှောင့်ယှက်စဉ် မူးနေသော မဲကြီးရောက်လာပြီး ဘမောင်တို့ကို ဝင်ရောက် ရင်ဆိုင်သည်။

"ဖြူမ…နင်တို့ ရွာထဲ သွားတော့၊ ငါ ဒီကောင်တွေကို ဆော်လိုက်မယ်"

ဖြူမတို့ ရွာထဲ ပြေးအသွားမှာ ဘမောင်တို့နှင့် မဲကြီး တိုက်ခိုက်နေသည်။ မူးနေသော မဲကြီးကို မနိုင်သည့်အဆုံး ဘမောင်က အသင့်ဆောင်လာသော ဓားမြှောင်ကို ထုတ်ကာ မဲကြီး ဗိုက်ကို ထိုးချလိုက်သည်။ ဒူးထောက်ကျသွားသော မဲကြီးကို နောက်တစ်ယောက်က ဓားရှည်နှင့် ပိုင်းလိုက်၍ ကျောမှာ ကန့်လန့်ဖြတ် ဓားဒဏ်ရာကြီးမှ သွေးများ ထွက်ကာ မဲကြီး မှောက်လဲကျသွားရှာသည်။

ရွာထဲမှ တာဝန်ရှိသူများ၊ ရွာသူရွာသားများ လိုက်လာပြီး တရားခံများကို ဝိုင်းဖမ်းလိုက်ကြသည်။ မဲကြီးခမျာ နေရာတွင် ပွဲချင်းပြီး သေဆုံးသွားသည်။

(၅)

ဆယ်လခန့် ကြာသော တစ်နေ့။ ဖြူမ ကလေးမီးဖွားသည်။

"ယောကျ်ားလေးဟေ့ … ·ယောကျ်ားလေး"

ညိုထွေးတစ်ယောက် ဝမ်းသာအားရ သူငယ်ချင်းနံဘေးမှ အားပေးစကားပြောလိုက်သည်။

လက်သည် အဒေါ်ကြီးက ကလေးကို သန့်စင်ပေးရင်း စိတ်မကောင်းစွာဖြင့်…

"ကလေးရဲ့ ဗိုက်မှာ ဒဏ်ရာတစ်ခု၊ ကျောမှာလည်း ကန့်လန့်ဖြတ် ဓားခုတ်ရာကြီး ပါလာတယ်"

"ရှင်"

ဖြူမ ထိတ်လန့်သွား၏။ ညိုထွေးကို လှည့်ကြည့်လိုက်သည်။

ညိုထွေး ဘာမှမပြောနိုင်ဘဲ ကြက်သေ သေနေသည်။ ဖြူမ အိမ်ထောင်ပြုတော့ မဲကြီး သူ့ကို ပြောခဲ့သော စကားကို ပြန်လည်ကြားယောင်နေပါတော့သည်။

"ဖြူမကို ငါ ဘယ်လောက် ချစ်တယ်ဆိုတာ တစ်နေ့ကျ သူတို့သိရမှာပါ"■

စာပေသစ္စာမွန်ဖြင့်…

* * *

ခနမင်းသူရိန်



www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်တာ၏ ဆန်းစကာလဖြစ်သော နှစ်ဆန်းတစ်ရက်နေ့သည် မြန်မာတို့၏ ယဉ်ကျေးမှုအရ မင်္ဂလာယူသောနေ့ထူးနေ့မြတ်တွင် တစ်ခုအပါအဝင်ဖြစ်၏။ ထို့ကြောင့် နှစ်ဆန်းတစ်ရက်နေ့တွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ရှေးအစဉ်အဆက်မှ စတင်ခဲ့သော လူ့ယဉ်ကျေးမှုအဖြစ် သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့ခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်း၊ ကျွေးမွေးသော အာဟာရဒါနဖြင့် မင်္ဂလာယူခြင်း စသဖြင့် အမျိုးမျိုးသော မင်္ဂလာဖြစ်ဖွယ်များကို ပြုလုပ်ကြ၏။

"မင်္ဂပါပံ၊ လူနာတိ၊ ဆိဒေးတီတိ မင်္ဂလာ"

မင်္ဂ - မင်္ဂလာသည်၊ ပါပံ - မကောင်းမှု ဟူသမျှတို့ကို၊ ဆိဒေးတိ - ပြတ်တောက်စေတတ်၏။ လူနာတိ- ထိုမကောင်းမှုဟူသမျှတို့ကို ပယ်ပျောက်စေတတ်သော အကြောင်းကြောင့်၊ မင်္ဂလံ - မင်္ဂလာမည်၏ဟု ဝိဂြိုဟ်ဝစနသည် ရှိ၏။ သို့ကြောင့်ပင်လျှင် လူသားအပေါင်းတို့သည် ထိုမင်္ဂလာဖြစ်ဖွယ်တို့ကို စုံလင်စွာ ပြုလုပ်ကြခြင်းဖြစ်ပေ၏။

ထို နှစ်ဆန်းတစ်ရက်နေ့သည် တစ်နှစ်တာကာလ၏ မင်္ဂလာအဖွင့်နေ့ ဖြစ်သဖြင့် ကောင်းသော၊ ချမ်းမြေ့သာယာဖွယ်သော သဘောတို့ဖြင့် လူသားတို့၏ နှလုံးသည်းပွတ်တို့၌ ချမ်းမြေ့မှု ဖြစ်စေသည်။ တစ်နှစ်တာကာလ၏ အစအဦးမှပင် မင်္ဂလာရှိထားလျှင် ရက်ပေါင်း ၃၆၅ရက်အတွင်း ကောင်းသော ဖြစ်ခြင်းများနှင့် ကြုံတွေ့စေနိုင်၏ဟု မြန်မာတို့ ယုံကြည်ကြ၏။

သို့ကြောင့်ပင်လျှင် ဂုရက်သားသမီးများ ဖြစ်ကြသော ကျွန်ုပ်၏ စာဖတ် ပရိသတ်တို့အတွက် ကျွန်ုပ် သိကျွမ်းတတ်မြောက် နားလည်ထားသော နှစ်ဦးမင်္ဂလာ ယတြာများ



သင်္ချာဝိဒူ
ဆရာမြတ်စောလင်း

**၁၃၇၅ ခုနှစ်၊ နှစ်ဆန်းတစ်ရက်၊ ဗုဒ္ဓဟူးနေ့အတွက်**

# အောင်ဓာတ်ဖွင့် ယတြာ



www.burmeseclassic.com

www.burmeseclassic.com

ထဲမှ ကောင်းနိုးရာရာတို့ကို စဉ်းစားလျက် ထုတ်နုတ်ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပေသည်။ နှစ်ဦးမင်္ဂလာ နှစ်ဦးဒါနအဖြစ် ကျွန်ုပ် ရေးသားတင်ပြလိုသည်မှာ အင်္ဂဝိဇ္ဇာဒီကာကြီးကျမ်းလာ သစ်ဆိမ့်၊ ပန်းယျှအမြစ်အညွန့် စသော ဓာတ်ပန်းတို့ဖြင့် ပြုလုပ်စီရင်သော အောင်ဓာတ်ပွင့် ယတြာပင် ဖြစ်၏။

ထိုနှစ်ဦးမင်္ဂလာ အောင်ဓာတ်ဖွင့် ယတြာသည် လူကိုပြုလုပ်သော် အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်ရာထူး စသည်တို့၌ အနိဋ္ဌမဖြစ်စေဘဲ စိတ်ချမ်းမြေ့သာယာမှုကို ရရှိစေနိုင်၏။ ဆိုင်ကို ပြုလုပ်သော် အရောင်းအဝယ် ပို၍ကောင်းစေ၏။ လာဘ်ပွင့်စေ၏။ အိမ်ခြံတို့ကို ပြုလုပ်သော် အိမ်တွင်းနေ မိသားစုအားလုံး ကောင်းသော အမှုကို ကြုံစေ၏။ လုပ်ငန်း၌ ပြုလုပ်စီရင်သော လုပ်ငန်းတိုးတက် အောင်မြင်ခြင်းကို ဖြစ်စေ၏။ သို့ကြောင့် ၁၃၇၅ခုနှစ်၊ နှစ်ဆန်းတစ်ရက်ဖြစ်သော နှောင်းတန်ခူးလပြည့်ကျော် ၇ရက်(၁၇-၄-၂၀၁၃)၊ ဗုဒ္ဓဟူးနေ့တွင် ၇ရက်သားသမီးများ မိမိတို့ အောင်ဓာတ်ကျသော အခါမင်္ဂလာချိန်ကို ရွေးချယ်လျက် အောက်ပါ အစီအရင်ကို ပြုလုပ်ကြရမည်ဖြစ်၏။

**အောင်ဓာတ်ဖွင့် ယတြာအတွက်**
**လိုအပ်သော ပစ္စည်းများ**

(၁) ချည်မန်းကွင်းပြုလုပ်ရန်အတွက် မြန်မာချည် အဖြူရောင်အပ်ချည် ၉လုံး။

(၂) မွေးနံအလိုက် နံသင့်ပန်းကို မိမိလက်နှင့် နှစ်မိုက်အရှည် တစ်ထွာ။

(၃) ထိပ်ဦးဆံပင် ၇ပင်ကို စက္ကူအဖြူနှင့် ကျစ်လျစ်စွာ ထုပ်ပါ။

(၄) လက်ဆယ်ချောင်းမှ လက်သည်းများကို စက္ကူအဖြူနှင့် ကျစ်လျစ်စွာ ထုပ်ပါ။

(၅) ခြေဆယ်ချောင်းမှ ခြေသည်းများကို စက္ကူအဖြူနှင့် ကျစ်လျစ်စွာ ထုပ်ပါ။

(၆) ကျန်းမာရေး မကောင်းသူနှင့် အပူသောက ပြဿနာကြီးမားစွာ ရှိနေသူများအတွက် အုန်းစိမ်းအခွံချွတ်တစ်လုံး(နုတ်ပေါက်မှ အပေါက်ဖောက်ထားပါ)။

(၇) ၎င်းအုန်းပေါက်ဆို့ရန် အုန်းလက်ဖြင့် အဆို့တစ်ခုပြုလုပ်ထားပါ။

**ပြုလုပ်ဆောင်ရွက်ပုံ**

(က) အပ်ချည်ဖြူ ၉လုံးမှ ချည်ကိုးမျှင်ကို တစ်ပြိုင်တည်းဆွဲယူ၍ မိမိတစ်ရပ် တိုင်းပါ။ ပြီးလျှင် အဆက်နေရာအပါအဝင် အထုံးကိုးထုံး ပြုလုပ်ပါ။ ထိုအောင်ဓာတ်ဖွင့် ယတြာပြုလုပ်ခံယူမည့် နေ့သား၏ ဖြခုမြောက် (ဆပွတ်)နေ့သားက ၎င်းချည်ကိုးမျှင်ကို ကိုးထုံး ထုံးထားသော ချည်မန်းကွင်းကို ဘုရားရှေ့တွင် ထိုင်စေပြီး ခေါင်းမှ စွပ်ပါ။ စွပ်သောအခါ ရှေ့မှနေ၍ စွပ်ရမည်။

(ခ) မွေးနံပန်း၏ ထိပ်ဖျားတွင် ဆံပင်ထုပ်ကို လည်းကောင်း၊ အလယ်တွင် လက်သည်းထုပ်ကို လည်းကောင်း၊ အောက်ခြေတွင် ခြေသည်းထုပ်ကို လည်းကောင်း အပ်ချည်ဖြင့် စက္ကူထုပ်လေးများကို ခိုင်မာစွာ ချည်ထားရမည်။ ယတြာ မပြုလုပ်ခင်တွင် ဆံပင်၊ လက်သည်း၊ ခြေသည်းချည်နှောင်ထားသော မွေးနံပန်းကို မိမိ၏ ညာဘက်မှထား၍ ၁၀မိနစ်ခန့် ထိုင်ရမည်။

(ဂ) ထိုင်သောအခါ မိမိနှင့် သက်ဆိုင်သော ဓာတ်ပန်းနှစ်မျိုးကို ရှာရပါမည်။ ရှာထားသော ကြိုတင် စီမံထားသည့် ပန်းနှစ်မျိုးကို ဇယားတွင် ပြထားသည့်အတိုင်း ဘစ်ခုကို ခင်း၍ တင်ပါးအောက် ထားပြီး ထိုင်ရပါမည်။ တစ်ခုကို ခေါင်းရင်းတွင် ထားရမည်။

(ဃ) ပန်းနှစ်မျိုးသည် အကြောင်းအရာကိစ္စတစ်ခုအတွက်သာဖြစ်၍ အားလုံးအတွက် ပြုလုပ်လိုလျှင် ပန်း ၆မျိုး ရှာကြရမည်ဖြစ်၏။

(င) အိမ်တစ်အိမ် မိသားစုအတွက် အောင်ဓာတ်ပွဲပြုလုပ်ထားရမည်။ ထိုအောင်ဓာတ်ပွဲမှာ လင်ဗန်းတစ်ချပ်တွင် ဆန်နို့ဆီ ၉လုံးထည့်ထားပါ။ ဆီတစ်ဆယ်ကျပ်သားပုလင်း ၉ပုလင်းကို လင်ဗန်းတွင် ဝန်းရံထားပါ။ ဆန်ကိုမျက်နှာပြင်ညှိ၍ ပန်းကန်ပြားအလတ်တစ်ချပ်တင်ထားပါ။ ၎င်းပန်းကန်ပြား၏ အလယ်တွင် ဖန်ခွက်တစ်လုံးထည့်၍ ရေပြည့်အောင် ထည့်ပါ။ ဖန်ခွက်ဘေး ပန်းကန်ပြားထဲတွင် လက်ဖက်အသား ၉ကျပ်သားကို တစ်ကျပ်သားစီ ၉ပုံ ပုံထားပါ။ ထုံး ၉ချက်တို့ထားသော ကွမ်းရွက်ဖြင့် ကွမ်းသီး ၉စိတ်ပါသော ကွမ်း ၉ယာကို အရိုးအညွန့် မပယ်ဘဲ ကန်တော့ထိုး၍ ယာပြီး ဖန်ခွက်ဘေးတွင် ထောင်ထားပါ။ အမွှေးတိုင် ၉တိုင်ကို ကွမ်းယာကြားတွင် မီးညှိ၍ စိုက်ပါ။ ဖယောင်း ၉တိုင်ကိုလည်း မတ်စေ့ပေါ်တွင် စိုက်၍ မီးထွန်းပါ။ တစ်ဦးလျှင် တစ်နာရီခွဲအချိန်အတွင်း ပြုလုပ်ရမည်ဖြစ်၍ နံနက် ၆နာရီမှ ညနေ ၆နာရီအတွင်း မိသားတစ်စုလျှင် ၈-ယောက် ပြုလုပ်နိုင်၏။ တစ်ပြိုင်နက်တည်းလည်း ပြုလုပ်နိုင်သည်။

ငွေကြေးခက်ခဲသူများ ဆန်၊ ဆီ ပွဲမပြင်နိုင်လျှင် အစိဋ္ဌာန်ပြု၍ ပွဲမပြင်ဘဲ ပြုလုပ်နိုင်သည်။ ၁၀မိနစ်ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အောင်ဓာတ်ပေါ်ချိန်ရောက်သည်နှင့် တင်ပါးအောက်က ပန်းပေါ်တွင် မတ်တတ်ရပ်စေ၍ နေ့သားအလိုက် သီရိအရပ်ကို မျက်နှာမူစေလျက် ခေါင်းရင်းတွင် ထားသော ပန်းဖြင့် ထိပ်ဦးခေါင်းမှ အောက်ခြေဖျားအထိ ပန်းညွှန့်များကို ပြုလုပ်ပေးသူ ဆပွတ်နေ့သား၏ ညာလက်မှကိုင်၍ မျက်နှာမှ တစ်ကြိမ်၊ ညာဘက်မှ တစ်ကြိမ်၊ နောက်ကျောမှ တစ်ကြိမ်၊ ဘယ်ဘက်မှ တစ်ကြိမ် ပန်းညွှန့်များဖြင့် ရိုက်ချပြီး ဆုတောင်း၍ ဖွပ်ထားသော ခြေမန်းကွင်းကို တဖြည်းဖြည်းချင်း ခြေဖျားထိအောင် ချွတ်ချပါ။ ဗိုင်းစက်သော ခြေမန်းကွင်းကို ကျော်၍ ထွက်သွားရမည်။ နောက်သို့ ပြန်လှည့်မကြည့်ဘဲ ထွက်စေရမည်။ ပြုလုပ်စီရင်ပေးသူက နံ့ညွှန့် မွေးနံပန်းနှင့်အတူ ငင်းနင်းထားသော ပန်းများ။ ရိုက်ချသော ပန်းများကို အားလုံးပေါင်း၍ ခြေမန်းကွင်းဖြင့် ကျစ်လျစ်စွာ ချည်နှောင်ပြီး ရေစီးသန်သော ချောင်း၊ မြစ်တို့တွင် ညနေ ၅နာရီခန့်အချိန်တွင် ဆုတောင်း၍ မျှောချလိုက်ရမည်ဖြစ်ပေသည်။

ကျန်းမာရေးမကောင်းသူများအတွက် ဆံပင်၊ လက်သည်း၊ ခြေသည်းများကို နံ့ညွှန့်ပန်းတွင် မချည်ဘဲ အုန်းစိမ်းအခွံကျွတ်တွင် ဖောက်ထားသော နတ်ပေါက်မှ ထည့်၍ အုန်းလက်အဆို့ဖြင့် ပိတ်ပြီး ရေတွင် မျှောရန်ပင် ဖြစ်၏။ ထိုသို့ပြုလုပ်သောအခါ အုန်းအခွံကျွတ်ကို ကာယကံရှင်၏ ညာဘက်ဘေးတွင် ထားရမည်။ စီရင်ပြီးလျှင် အုန်းသီးအခွံကျွတ်နှင့်အတူ နင်းပန်း၊ ရိုက်ပန်း၊ မွေးနံပန်းများနှင့်အတူ အိတ်တစ်လုံးတွင် ထည့်၍ ရေတွင် မျှောချလိုက်ရမည်ဖြစ်ပေသည်။

ငင်းအစီအမံကို ဆပွတ်နေ့သား(မိမိမွေးနံမှ ခြောက်ခုမြောက်)က ပြုလုပ်ပေးရမည်။

**ဇေယျဓာတ်ပန်းဇယား**

| စဉ် | နေ့သား/ သမီး | မွေးနံပန်း | နင်းပန်း/ ခါးအောက် | ရိုက်ပန်း/ ခေါင်းရင်း |
|---|---|---|---|---|
| ၁။ | တနင်္ဂနွေ | အုန်းညွှန့် | ဒန်း ၁၀ညွှန့် | ကံ့ကော် ၁၅ညွှန့် |
| ၂။ | တနင်္လာ | ကံ့ကော် | အုန်း ၆ညွှန့် | ဆီး ၈-ညွှန့် |
| ၃။ | အင်္ဂါ | ဆီး | ကံ့ကော် ၁၅ညွှန့် | ဝါး ၁၇ညွှန့် |
| ၄။ | ဗုဒ္ဓဟူး | ဝါး | ဆီး ၈-ညွှန့် | ပျဉ်းမ ၁၉ညွှန့် |
| ၅။ | ကြာသပတေး | ပျဉ်းမ | ဝါး ၁၇ညွှန့် | သီး/သီဟိုဠ် ၂၁ညွှန့် |
| ၆။ | သောကြာ | သီး/သီဟိုဠ် | ပေါက်/ပျဉ်းမ ၁၉ | ဒန်း/ထန်း ၁၀ညွှန့် |
| ၇။ | စနေ | ထန်း/ဒန်း | သီး/သီဟိုဠ် ၂၁ | အုန်း ၆ညွှန့် |

**ဂြိုဟ်သားသမီးများ၏ သီရိအရပ်များ**

(၁) တနင်္ဂနွေသားသမီး - သောကြာ - မြောက်အရပ်၊
(၂) တနင်္လာသားသမီး - တနင်္ဂနွေ - အရှေ့မြောက်အရပ်၊
(၃) အင်္ဂါသားသမီး - တနင်္လာ - အရှေ့အရပ်၊
(၄) ဗုဒ္ဓဟူးသားသမီး - အင်္ဂါ - အရှေ့တောင်၊
(၅) ကြာသပတေး - စနေ - အနောက်တောင်၊
(၆) သောကြာ - ရာဟု - အနောက်မြောက်ထောင့်၊
(၇) စနေသားသမီး - ဗုဒ္ဓဟူး - တောင်အရပ်တို့ပင်ဖြစ်၏။

ဤ အင်္ဂဝိဇ္ဇာဓာတ်ပန်းပညာအစီအရင်သည် အမြစ်အညွှန့် မတွန့်စေရဟူသော ဆောင်ပုဒ်အရ ပြုလုပ်ခြင်းပင် ဖြစ်၏။ အသေးစိတ် ခွဲခြားစီရင်သော် အမြစ်အညွှန့်သည် ကျန်းမာရေး ဆပွတ်နှင့် တြိရမ်းသည် အတိုက်အခံရန်နှင့် စုတ်ကိစ္စ၊ လာဘ်လာဘကိစ္စ၊ အရောင်းအဝယ်ကိစ္စများပင် ဖြစ်၏။ ပဋ္ဌွတ်နှင့် စတုရန်သည် အလုပ်ရာထူးအပြိုင်အဆိုင်မှုခင်းများအတွက်ဖြစ်၏။ သို့ဖြစ်၍ အသေးစိတ်ကိစ္စများ သိးသန့်ဆောင်ရွက်လိုသော် တတ်ကျွမ်းသော ပညာရှင်များနှင့် ဆွေးနွေး၍ ဆောင်ရွက်သင့်ပေသည်။

**နှစ်ဆန်းတစ်ရက် ဗုဒ္ဓဟူးနေ့တွင် ဂြိုဟ်သားသမီးများ ယတြာပြုရန် အချိန်ဇယား**

(၁) တနင်္ဂနွေသားသမီး - နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း။
(၂) တနင်္လာသားသမီး - နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း။
(၃) အင်္ဂါသားသမီး - ညနေ ၃နာရီမှ ၄နာရီ ၂၀မိနစ်အတွင်း။
(၄) ဗုဒ္ဓဟူးသားသမီး - နံနက် ၉နာရီမှ ၁၀နာရီ ၂၀မိနစ်အတွင်း။
(၅) ကြာသပတေး - နေ့ ၁နာရီ ၂၀မိနစ်မှ ၃နာရီအတွင်း။
(၆) သောကြာ - နံနက် ၇နာရီ ၂၀မိနစ်မှ ၉နာရီအတွင်း။
(၇) စနေသားသမီး - နေ့လယ် ၁၂နာရီမှ ၁နာရီခွဲအတွင်း။

**ဂြိုဟ်သားသမီးများ၏ ဆပွတ်နေ့သားသမီးများ**

(၁) တနင်္ဂနွေသားသမီး - သောကြာ၊
(၂) တနင်္လာသားသမီး - စနေ၊
(၃) အင်္ဂါသားသမီး - တနင်္ဂနွေ၊
(၄) ဗုဒ္ဓဟူးသားသမီး - တနင်္လာ၊
(၅) ကြာသပတေး - အင်္ဂါ။
(၆) သောကြာ - ဗုဒ္ဓဟူး။
(၇) စနေသားသမီး - ကြာသပတေး။

(မှတ်ချက်။ မည်သည့်နှစ်၊ မည်သည့်မဂ္ဂဇင်းမှ ဖော်ပြခြင်း မရှိသော ၂၀၁၃ ခုနှစ်အတွက် ဆောင်းပါးသစ်ဖြစ်သည်။)■

* * *

သစ္စာဝါဒီဆရာမြတ်စောင်း



www.burmeseclassic.com

www.burmeseclassic.com

# သီးမြစ်ရှက်ခေါက် ရောဂါပျောက်

ဆရာမကြီး ဒေါ်စိန်သန်း

**ဒူးနာရောဂါဆေးနည်း**

ဒူးနာရောဂါကင်းရှင်းလိုပါက ကြက်ဥအခွံကို အရိပ်မှာ လှန်း၍ ခြောက်လျှင် ညက်စွာ ကြိတ်ပြီး လက်ဖက်ရည်ဇွန်းအသေးတစ်ဇွန်းမျှ နွားနို့ပူပူလေး လက်ဖက်ရည်ပန်းကန်တစ်လုံးထဲမှာ ထည့်ပြီး နှံ့စပ်အောင် မွှေပေးပါ။ ပြီးသော် ရက်တစ်ပတ်လျှင် နှစ်ကြိမ်မျှ မှီဝဲပါက ဒူးနာသာမက၊ ခြေသလုံး မကြာခဏ ကိုက်ခဲခြင်းပါ သက်သာပျောက်ကင်းစေပါသည်။

**သွေးဆုံးကိုင် အမောရောဂါဆေးနည်း**

ရဲယိုသီးအမှည့် ၁၀လုံးကို ဆန်ခါခုံးထဲ ထည့်ပြီး အောက်က လင်ပန်းခံထား၍ အနှစ်ကို တိုက်ယူပါ။ ပြီးလျှင် ရဲယိုသီးအနှစ်ကို ဖန်ပုလင်းထဲ ထည့်ပါ။ ထန်းဖိုးထန်းလျက်ခဲ ၁၀ကျပ်သား ထည့်ပြီးလျှင် ဖန်ပုလင်းကို လုံအောင် ပိတ်၍ နေလှန်းပါ။ ၎င်းဆေးကို ဟင်းစားဇွန်းသေးတစ်ဇွန်းနှင့် တစ်နေ့ နှစ်ကြိမ်မှီဝဲပါက သွေးဆုံးကိုင်၊ ဒူလာကိုင်၊ အမောရောဂါ ကင်းစင်စေပါသည်။

**ရေယုန်သက်သာပျောက်ဆေးနည်း**

ရေယုန်ဖြစ်ပါက လက်ဖက်ရည်အကြမ်းပန်းကန်ထဲတွင် ကလေးအမေ၏ နို့ရည်ကို ကျောက်ပျဉ်ပေါ် ထည့်၍ ဆင်အံသွားဖြင့် သွေးပြီး ရေယုန်ကွက်ပေါ်တွင် လိမ်းပေးပါက သက်သာပျောက်ကင်း၍ ယားယံခြင်း ကင်းဝေးစေသည်။

**ဆီးချုပ်သက်သာပျောက်ဆေးနည်း**

ဆီးချုပ်ခြင်းသည် ကြောက်မက်ဖွယ်ကောင်းသော ရောဂါဖြစ်သည်။ အသက်ပင် သေစေနိုင်သည်။ အထူးသဖြင့် ယောကျ်ားများတွင် ဖြစ်ပါက ပို၍ဆိုးသည်။ ဆီးချုပ်ပါက ကြက်သွန်နီအနေတော် သုံးလုံးကို သုံးစိတ် စိတ်ပါ။ စိတ်ပြီးသား ကြက်သွန်နီ ကိုးစိတ်ကို သကြား လက်ဖက်ရည်ဇွန်း ကိုးဇွန်းနှင့် နယ်ပြီး စားပါက မကြာမီအချိန်အတွင်း ဆီးများ သွားပြီး သက်သာပျောက်ကင်းစေပါသည်။

**လေးဘက်နာဆေးနည်း**

လေးဘက်နာဖြစ်လာပါက သွားလာမရ၊ ထိုင်မရ၊ ထိမရ၊ လမ်းလျှောက်၍ မရပါ။ လူကြီးသာမက လူငယ်လူရွယ်များပါ ဖြစ်နေကြပါသည်။ ထိုသို့ဖြစ်ပါက ရဲယိုသီးပင်မှည့်ကို ဆန်ခါခုံးဖြင့် တိုက်ချပြီး ရဲယိုသီးအနှစ်သားကို ထန်းဖိုဦး ထန်းလျက်ဖြင့် ရောမွှေစားခြင်းဖြင့် လေးဘက်နာရောဂါများ သက်သာပျောက်ကင်းစေပါသည်။

**ဆီးချိုသွေးချိုဆေးနည်း**

ဆီးချို၊ သွေးချိုဖြစ်လာလျှင် ဝဖြိုးနေသော ခန္ဓာကိုယ်မှာ ပိန်၍သွားပါသည်။ အစားအသောက်ပျက်၊ အိပ်ရေးပျက်လာပါသည်။ ထိုသို့ဖြစ်လျှင် ဒန့်ကွဲစေ့ကို လှော်၍ လက်ဖက်ရည်ကြမ်းထဲတွင် လက်ဖက်ခြောက်ခတ်သကဲ့သို့ ခတ်၍ တစ်နေ့လျှင် မတ်ခွက်တစ်ခွက် ၁၅ရက်ခန့်သောက်သုံးပါက ဝေဒနာများ သက်သာလာနိုင်ပါသည်။

**အပူငုပ်၊ အအေးဖွဲ့ပြီး ထုံထုံထိုင်းထိုင်းဖြစ်ပါက သက်သာနည်း**

အပူငုပ်၊ အအေးဖွဲ့ပြီး ထုံထုံထိုင်းထိုင်းဖြစ်နေလျှင် ထုံး တစ်ပဲသား၊ နနွင်းနှစ်ပဲသား၊ ဆားအနည်းငယ်၊ ကျပ်ခိုးကို အမှုန့်ကြိတ် နှစ်ပဲသားတို့ကို ပန်းကန်ဇောက်ထဲ ထည့်ပြီး ရေနွေးထည့်ပါ။ ဇွန်းဖြင့် သမကြေသွားအောင် မွှေပါ။ ပြီးလျှင် အနည်ထိုင်အောင် ထားပါ။ ဆေးအနည်ကို မပါစေပါနှင့်။ အပေါ်မှ အရည်ကြည်ကို အကြမ်းပန်းကန်ဖြင့် ပူပူနွေးနွေး မှုတ်သောက်ပါ။

**အဆုတ်ဝေဒနာများအတွက် ဆေးနည်း**

အရိပ်တွင် လှန်းသော ဟောက်သေချုပင်၏ အရွက်ခြောက်ကို လက်ဖက်ခြောက်ခတ်သကဲ့သို့ ခတ်ပြီးသောက်ပေးလျှင် ဝမ်းတွင်းပိုးကင်းစင်၍ အဆုတ်ရောဂါများကို ကာကွယ်ပေးပါသည်။

**လေထိုးလေအောင့်ဆေးနည်း**

ရှိုင် ဝိစပ်ပင်အရွက်ကို လှော်ပြီး ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးပါက လေထိုးလေအောင့်ရောဂါများ ပျောက်ကင်းပါသည်□

* * *

ဆရာမကြီးဒေါ်စိန်သန်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ် စိုးမိုးနိုင်

# ဘဝပုစ္ဆာ အဖြေရှာကဏ္ဍ

H.M

**သာစည်မြို့ မန္တလေးတိုင်း။**

**မေး။ ။ ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။**

**ဖြေ။** ။ H.M သည် တရုတ်ရိုးရာကမ္ဘာ့ရဝေဒ ဗေဒင်ပညာရပ်အရ ယုန်(မီး)နှစ်ဖွား ဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီးကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၆)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ဗြိစ္ဆာရာသီဖွား (Scorpio) ဖြစ်ပါသည်။ ထို့ကြောင့် ဇာတာရှင်သည် ပင်ကိုယ်ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူ၊ အခက်အခဲရှိလာလျှင် လွတ်မြောက်အောင် ကြံဆောင်တတ်သူဖြစ်သည်။ ချစ်စဖွယ်ဟန်ပန်ဖြင့် ဆွဲဆောင်နိုင်စွမ်းရှိသည်။ အနုပညာ၊ တေးဂီတတို့ကို အထူးပင် ဝါသနာပါပြီး အလှအပကို မြတ်နိုးသည်။ မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်ကို လှပအောင် အမြဲလုပ်ဆောင်နေသူဖြစ်သည်။

H.M အတွက် ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်ကို ဖော်ပြပေးလိုက်ပါသည်။

ဘဝတွင် ကြီးပွား အောင်မြင်သူတိုင်းသည် မိမိတို့၏ အိပ်မက်ကို ရဲဝံ့စွာ အကောင်အထည်ဖော်ခဲ့သူများပင်ဖြစ်သည်။ ဇာတာရှင်အနေဖြင့် ဘဝတွင် ထိုက်ထိုက်တန်တန်အောင်မြင်လိုလျှင် မိမိအတွက်၊ အများအတွက် အကျိုးရှိမည့် အိပ်မက်(ရည်မှန်းချက်)ကို ရဲဝံ့စွာ ဇွဲနဘဲအပြည့်နှင့် အကောင်အထည်ဖော်လိုက်ပါ။

ဇာတာရှင်အတွက် စိတ်ဓာတ်ခွန်အားဖြစ်စေသည့်



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ကို အကောင်အထည်ဖော်သူ "မဒမ်ကျူရီ" အကြောင်းကို ဖော်ပြပေးလိုက်ပါသည်။

### အိပ်မက် (Dream)

၁၈-ရာစုနှောင်းပိုင်း ၁၉ရာစုအစလောက်မှာ လုပလွန်းသော အိပ်မက်ပိုင်ရှင် အမျိုးသမီးတစ်ဦး ပေါ်ထွန်းခဲ့ပေသည်။

လူသားမျိုးနွယ်စုတစ်စုလုံး၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသော ကင်ဆာရောဂါကို ပျောက်ကင်းအောင် ကုသပေးနိုင်မည့် တန်ဖိုးမဖြတ်နိုင်သော ရေဒီယမ် (Radium) ကို ရှာဖွေပေးခဲ့သော မဒမ်ကျူရီ(Madamecurie) ပင် ဖြစ်သည်။ မဒမ်ကျူရီ၏ ရေဒီယမ် တီထွင်လိုခြင်း စိတ်ကူးအိပ်မက်သည် သာမန် ဖြစ်ရိုးဖြစ်စဉ် ပေါ်ပေါက်လာခြင်း မဟုတ်ပေ။

သူမ၏ ငယ်ရွယ်စဉ်ဘဝမှာ သူမ၏ ဇာတိမြို့ ပိုလန်၌ ချမ်းသာပြီး လူပါးဝသော မိသားစုတစ်စုက စော်ကားခဲ့လေသည်။ သူမ၏ လှသွေးကြွယ်သော ၁၉နှစ်အရွယ်တွင် ချမ်းသာသော မိသားစုမှ မွေးဖွားလာသူ ၁၀နှစ်အရွယ် ကလေးမလေးအတွက် ဂိုက်ဆရာမ လုပ်ပေးရလေသည်။ ထိုအချိန်တွင် သူမ၏ ဘဝဇာတ်လမ်းသည် အချိုးအကွေ့မရှိ၊ ငြိမ်သက်နေလေပြီ။

သို့သော် မဒမ်ကျူရီ၏ အိပ်ပျော်နေသော နှလုံးသားကို လှုပ်နှိုးပေးသည့်သူ ဝင်ရောက်လာသောအခါ မဒမ်ကျူရီ၏ ဘဝဇာတ်လမ်းသည် တစ်မျိုးတစ်ဖုံပြောင်းလဲခဲ့ရလေသည်။ မဒမ်ကျူရီ၏ နှလုံးသားကို လှုပ်နှိုးပေးသော သူမှာ တခြားသူမဟုတ်ပေ။ သူမ စာသင်ပေးရသော မိသားစုမှ သားအကြီးဆုံးဖြစ်သည်။ ထိုသူသည် ခရစ္စမတ် အားလပ်ရက် ကော်လိပ်မှ ခေတ္တခဏ အိမ်သို့ ပြန်လာခိုက်၊ သူ့ညီမအတွက် ဂိုက်ဆရာမ လုပ်ပေးနေသော မဒမ်ကျူရီကို အစွဲလမ်းကြီး စွဲလမ်းသွားခဲ့လေပြီ။

ဘဝကို ပျော်ရွှင်လွတ်လပ်စွာ ဖြတ်သန်းနေသော မဒမ်ကျူရီသည် ထိုအချစ်ဦးနှင့်အတူ ကခုန်ရင်း၊ စကိတ်စီးရင်း၊ ကဗျာအတူရွတ်ရင်း ပျော်ရွှင်ကြည်နူးခဲ့လေသည်။ သို့သော် ထိုချမ်းသာသော မိသားစုသည် သူတို့၏ သားနှင့် မဒမ်ကျူရီကို မတူဘူး၊ မတန်ဘူးဟု နှိမ်ချ အထင်သေးပြောဆိုသောအခါတွင် သူမသည် ထိုစော်ကားမှုကြောင့် ချစ်သူကို ချစ်လျက် စွန့်လွှတ်လိုက်လေသည်။ ဒီတစ်သက်မှာ အပျိုကြီးလုပ်တော့မည်ဟု ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချမှတ်လိုက်လေသည်။

သို့သော် သည်မျှနှင့်တော့ သူမက မကျေနပ်နိုင်ပေ။ လက်တုံ့ပြန်လိုသည်။ သူမသည် ငွေကြေးဆင်းရဲသော်လည်း အရည်အချင်းကောင်းများကို ပိုင်ဆိုင်သူဖြစ်ကြောင်း ပြသလိုသည်။ ထို့ကြောင့် မီးခဲ ပြာဖုံးနေသော သူမ၏ အစွမ်းအစများကို ထုတ်ဖော်လိုက်လေသည်။ အသည်းကွဲခြင်းကြောင့် ဖြစ်ထွန်းလာသော ဒဏ်ရာ၊ ချစ်သူ၏ လူကုံတန်အသိုင်းအဝိုင်းမှာ အထင်သေး နှိမ့်ချကြည့်သော မျက်ဝန်းတို့က သူမအတွက် စိတ်ကူးအိပ်မက် ရည်မှန်းချက်တစ်ခု ချမှတ်နိုင်ရန် တွန်းအားများစွာပေးလေသည်။ ထိုတွန်းအားများကြောင့်၊ ဖြစ်ပေါ်လာသော အိပ်မက်ကြောင့် သူမသည် ကမ္ဘာလောကကြီးပေါ်တွင် အထင်ရှား အကျော်ကြားဆုံး အမျိုးသမီး သိပ္ပံပညာရှင်တစ်ဦးဖြစ်လာလေသည်။ သူမ အိပ်မက်ရည်မှန်းချက်အတွက် ဖြတ်သန်းခဲ့ရသော ခရီးလမ်းသည် မဖြောင့်ဖြူး၊ မချောမွေ့ပါ။

သူမသည် ချစ်သူနှင့် လမ်းခွဲလျှင် လမ်းခွဲခြင်းပင် စော်ကားမှုကြောင့် ဖြစ်ထွန်းလာသော အိပ်မက်ကို အကောင်အထည်ဖော်ရန် ပဲရစ်တက္ကသိုလ်တွင် သိပ္ပံပညာသင်ယူရန် စာရင်းသွင်းလိုက်သည်။ သူမသည် ရက်ကြောက်လွန်းခြင်း၊ သိပ္ပံပညာတွင် အလွန်အကျွံ စိတ်အားထက်သန်ခြင်းတို့ကြောင့် မိတ်ဆွေ သူငယ်ချင်းတစ်ယောက်မျှ မရှိခဲ့ပေ။ ကျောင်းတက်နေရသော လေးနှစ်တာ ကာလအတွင်း ဂိုက်ဆရာမ လုပ်စဉ်က ရရှိခဲ့သော ငွေကြေးအနည်းငယ်၊ ပိုလန်တွင် ရှိသော အဖေက ပို့ပေးသော ငွေကြေးအနည်းငယ်တို့ကို ခြိုးခြံချွေတာစွာ သုံးစွဲခဲ့ရလေသည်။

သူမ၏ အခန်းခ၊ သူမ၏ စားသောက်စရိတ်၊ တခြားစရိတ်၊ ကျောင်းသုံးစရိတ် စသည်တို့အတွက် တစ်နေ့ ပြားသုံးဆယ်သာ သုံးခွင့်ရှိလေသည်။ ထိုစရိတ်ထဲတွင် အေးသော နိုင်ငံဖြစ်သောကြောင့် အပူပေးရန် စရိတ်လည်း ပါဝင်ပေသည်။ အပူနှင့် အလင်းရောင်အတွက် ဂက်စ်လည်း မရှိသကဲ့သို့၊ လျှပ်စစ်လည်း မသုံးနိုင်ပေ။ ဆောင်းတွင်းတစ်တွင်းလုံး ဖြတ်သန်းရန် မီးသွေးနှစ်အိတ်ကို အနိုင်နိုင်ဝယ်ရလေသည်။ သူမအတွက် ရတနာနှင့် တူသော မီးသွေးများကို ဆောင်းညတိုင်း မီးမွေးမသုံးနိုင်ခြင်းကြောင့် သူမ၏ လက်ချောင်းများနှင့် ပခုံးများသည် ခိုက်ခိုက်တုန်နေချေပြီ။ သူမသည် ချမ်းပြီး ခိုက်ခိုက်တုန်မှုကို ကာကွယ်ရန် အိပ်ရာပေါ်တွင် သူမ၏ အဝတ်အားလုံးကို စုပုံလျက်၊ ဆိုဖာခုံကို စောင်အဖြစ် ကိုယ်ပေါ်တွင် ခြုံ၍ ဆောင်းညများကို ဖြတ်သန်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူမသည် ငွေကြေးအခက်အခဲ၊ သင်ခန်းစာများအတွက် အချိန်ပေးရသောကြောင့် မချက်ပြုတ်နိုင်ဘဲ ထောပတ်-ပေါင်မုန့်အနည်းငယ်နှင့် လက်ဖက်ရည် ခပ်ကျဲကျဲကိုသာ နေ့စဉ်ရက်ဆက် စားသောက်ခဲ့ရလေသည်။ အာဟာရချို့တဲ့ခြင်းကြောင့် ခေါင်းမူးဝေဒနာကို ခံစားရလျက် မကြာခဏ သူမ၏ အိပ်ခန်းတွင်းတွင် သတိမေ့ခဲ့ဖူးသည်။ တစ်ခါက စာသင်ခန်းအတွင်းတွင် သတိမေ့ခဲ့ပြီး သတိပြန်ရသောအခါ တက္ကသိုလ် ဆရာဝန်ထံ တခြား ဘာမျှမစားသုံးဘဲ ချယ်ရီသီးအနည်းငယ်သာ နေ့စဉ်ရက်ဆက် စားသုံးခဲ့ရကြောင်း ဝန်ခံခဲ့ဖူးသည်။

သူမသည် ပြင်သစ်သို့ ရောက်ပြီး သုံးနှစ်အကြာမှာ သူမဘဝအတွက် နွေးထွေးသော မေတ္တာများကို ပေးမည့်သူ သိပ္ပံပညာရှင် ပီရယ်ကျူရီနှင့် တွေ့ဆုံခဲ့လေသည်။ သူမသည် ပျားရည်ဆမ်းခရီးကို စက်ဘီးတစ်စီးဖြင့် လည်ပတ်ခဲ့လေသည်။

သုံးနှစ်ခန့်အကြာမှာ မဒမ်ကျူရီသည် ဒဿနိကဗေဒဖြင့် ဒေါက်တာဘွဲ့ယူရန် သိပ္ပံနည်းကျ သုတေသနတစ်ခုကို ပြုလုပ်လေသည်။ မဒမ်ကျူရီသည် ယူရေနီယမ်မှ ဘာ့ကြောင့် ရောင်ခြည်ထွက်သလဲဆိုသော သုတေသနတွင် သူမ၏ ဘဝတစ်ခုလုံးကို မြှုပ်နှံလိုက်လေပြီ။ ထိုကိစ္စသည် ဓာတုဗေဒဆိုင်ရာ သုတေသနလုပ်ငန်းစဉ်၏ ခရီးအစပင်ဖြစ်သည်။ ထို့နောက် ခင်ပွန်းဖြစ်သူ ပီရယ်ကျူရီသည် သူ၏ လုပ်လက်စ သုတေသနလုပ်ငန်းကို ပစ်ချထားပြီး မဒမ်ကျူရီ၏ လုပ်ငန်းကို ကူညီရလေပြီ။

ကျူရီဇနီးမောင်နှံ၏ ရှာဖွေစမ်းသပ်မှုက သိပ္ပံလောကကြီး ဗုံးဖောက်လိုက်သကဲ့သို့ တုန်လှုပ်သွားစေခဲ့သည်။ ကျူရီဇနီးမောင်နှံနှစ်ယောက် ရှာဖွေရင်း ယူရေနီယမ်၏ ရောင်ခြည်ထက် အဆပေါင်း နှစ်သန်း ပိုမိုအင်အားကောင်းသည့် ရောင်ခြည်ထုတ်လွှတ်ပေးနိုင်သော သတ္တုတစ်မျိုးကို ရှာဖွေတွေ့ရှိလေပြီ။

စမ်းသပ်မှုမှ ပေါ်ထွက်လာသော အံ့ဩစရာ သတ္တုကို ရေဒီယမ်(Radium)ဟု အမည်ပေးလိုက်လေတော့သည်။

သိပ္ပံပညာရှင်များက အခြားသတ္တုများနှင့် မတူကွဲပြားခြားနားသော ရေဒီယမ်ရှိနေကြောင်း သံသယရှိကြလေသည်။ ထို့ကြောင့် ထိုသံသယကို ဖယ်ရှားနိုင်ရန် ကျူရီဇနီးမောင်နှံနှစ်ဦး ပဲစေ့တစ်ဝက်ခန့်ထက် သေးသော ရေဒီယမ်စစ်စစ်ကို ဖော်ထုတ်နိုင်ရန် နောက်ထပ် ၄နှစ် အလုပ်လုပ်ခဲ့ရလေသည်။

ကျူရီ ဇနီးမောင်နှံ၏ သုတေသနခန်းမှာ ဆေးကျောင်းသားများ ခွဲစိတ်ခန်းအဖြစ် အသုံးပြုပြီး စွန့်ပစ်ထားသော တဲစုတ်လေးပင် ဖြစ်သည်။ မဒမ်ကျူရီသည် သတ္တုရိုင်းများနှင့် ဓာတ်ဆေးကျိုခြင်းကြောင့် ထွက်ပေါ်လာသော မီးခိုးကြောင့် မျက်လုံးစပ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ကို ခံစားရသော်လည်း မိမိ၏ အိပ်မက် ရည်မှန်းချက်သို့သာ ရှေ့သို့ ဆက်လက်ချီတက်လေပြီ။ ဆောင်းတွင်းမှာ ခိုက်ခိုက်တုန်အောင် ချမ်းပြီး ဒုက္ခအတိရောက်ရသောကြောင့် ခင်ပွန်းဖြစ်သူက ရည်မှန်းချက်အိပ်မက်ကို စွန့်လွှတ်လိုက်ချင်ပြီ။ သို့သော် သူမက ခင်ပွန်းဖြစ်သူ ပီရယ်ကျူရီကို ဖျောင်းဖျကာ ရည်မှန်းချက်ဆီ ဆက်လက်ချီတက်သောကြောင့် ကင်ဆာရောဂါဆိုးကြီးကို တိုက်ဖျက်နိုင်သော ရေဒီယမ်ကို ထုတ်လုပ်နိုင်ပြီ။ တစ်ကမ္ဘာလုံးတွင် သူမတို့ ဇနီးမောင်နှံမှလွဲပြီး ရေဒီယမ်ထုတ်လုပ်နည်းကို မည်သူမှ မသိကြချေ။ လူ့အသက်ကို ကယ်တင်နိုင်သော ရေဒီယမ် ထုတ်လုပ်နည်းကို စီးပွားရေးအရ ရောင်းချပါက မဒမ်ကျူရီသည် သန်းကြွယ်သူဌေးကြီးပင် ဖြစ်နိုင်လေသည်။ သို့သော် မြင့်မြတ်သော နှလုံးပိုင်ရှင် မဒမ်ကျူရီသည် သူမ၏ ရှာဖွေတွေ့ရှိမှုအတွက် တစ်ပြားတစ်ချပ်တောင် လက်မခံခဲ့ပေ။

သူမ၏ အိပ်မက်သည် မြင့်မြတ်လွန်းသည်။

ဇာတာရှင်အနေဖြင့် မိမိအိပ်မက်ကို အမြန်ဆုံးအကောင်အထည်ဖော်ပါ။ ငွေ၊ ဝီရိယ၊ ဉာဏ်ပညာကို အသုံးချပါ။ အိပ်မက်က ဘဝအောင်မြင်မှုကို ဖန်တီးပေးလိမ့်မည်။

ဇာတာရှင်သည် နံနက်တိုင်း စောစောထပြီး အိမ်ရှိဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်လှူကာ မင်္ဂလသုတ်ကို ရွတ်ဖတ်ပြီး အောင်ဓာတ်ရယူပါ။

မင်္ဂလသုတ်အတိုင်း ကျင့်ကြံနေထိုင်ပြီး ဘဝကိုဖြတ်သန်းကာ အိပ်မက်များကို အကောင်အထည်ဖော်လျှင် အောင်မြင်မှု ကြီးကြီးမားမားရရှိပါလိမ့်မည်။

* * *

ဘဏ္ဍာသိုလ်မိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်
# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒသနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါကြောင့် . . . ဒသနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- [A] ဒီနှစ်ထဲမှာ ကံကောင်းမလား။
- [B] ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- [C] ကျန်းမာရေးဇာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- [D] ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- [E] အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- [F] ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။
- [G] အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ______________________

မွေးခုနှစ်၊လ၊ရက် ။ ။ ______________________

နေရပ်လိပ်စာ ။ ။ ______________________

______________________

______________________

မိမိမေးလိုသည့် ။ ။ ______________________

မေးခွန်းအကြောင်းအရာ ______________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်( ✓ )ခြစ်၍ ဖော်ပြပါ။

[A] ( ) [B] ( ) [C] ( ) [D] ( ) [E] ( ) [F] ( ) [G] ( )

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)
ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်။

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း
ဘဝပုစ္ဆာအဖြေရှာကဏ္ဍ
အမှတ် - ၁၇၉ (မြေညီထပ်)၊ ၃၁ - လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(၁)

"ခလောက်ပတုပ်"ဆိုသည်က ကရင်ရွာလေးတစ်ရွာဖြစ်သည်။ ကရင်ရွာဆိုသော်လည်း ဗမာတချို့လည်း ရှိသည်။ ရွာ၏ အစွန်ဘက်တွင် သင်္ချိုင်းအဟောင်းတစ်ခုရှိသည်။ သင်္ချိုင်းဆိုသော်လည်း ရွာသားတို့ မြှုပ်နှံသင်္ဂြိုဟ်သည့် သင်္ချိုင်းမဟုတ်ပေ။ ဟိုးရှေးယခင်ကတည်းက တသီးတခြား တည်ရှိနေခဲ့သော သင်္ချိုင်းဖြစ်သည်။ ရွာလေးကနေချင့်စဖွယ် သာယာလှသော်လည်း ထိုသင်္ချိုင်းဟောင်းကြောင့် ကြည့်ရသည်မှာ အရုပ်ဆိုးလှသည်။ ထိုသင်္ချိုင်းနှင့်ပတ်သက်သော ရှေးယခင်ကတည်းက ကြားခဲ့ရသည့် ဒဏ္ဍာရီဆန်ဆန်အဖြစ်အပျက်တို့ကလည်း ထိတ်လန့်ဖွယ်ကောင်းသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာကဟု ဆိုသည်။

ခလောက်ပတုပ်ရွာလေး၏ အစွန်တွင် အလွန်ခမ်းနားတင့်တယ်သော အိမ်ကြီးတစ်လုံးရှိသည်။ ထိုအိမ်ကြီးတွင် အထက်အညာဒေသမှ မင်းပြစ်မင်းဒဏ်ဖြင့် ထွက်ပြေး တိမ်းရှောင်လာခဲ့သော မိသားစုတစ်စုနှင့် အခြွေအရံများ နေထိုင်ကြသည်။ ထိုမိသားစုကတသီးတခြားနေထိုင်ပြီး ထိုအိမ်ကြီးသို့ ရွာသားတစ်ဦးတစ်ယောက်မျှ သွားရောက်ခွင့်မရှိပေ။

ထိုအိမ်ကြီး၏ အနောက်ဘက်တွင် တောအုပ်တစ်ခုရှိပြီး ထိုတောအုပ်ထဲတွင် အိမ်လေးတစ်လုံးကလည်း တိတ်ဆိတ်စွာ တည်ရှိနေသည်။ အိမ်ကြီးဆီမှ မိသားစုများနှင့် အိမ်လေးအတွင်းမှ လူကြီးတစ်ဦးတို့ အဆက်အဆံ အသွားအလာရှိသည်ကို ရွာသားတို့ တွေ့ကြသည်။

အိမ်လေးအတွင်းမှ လူကြီး၏ ပုံစံက ထူးခြားသည်။ ရင်ဘတ်ထိ ရှည်သော မုတ်ဆိတ်နှင့် ဦးခေါင်းတွင် သျှောင်ထုံးကြီးကိုလည်း ထုံးထားသည်။ ဥပဓိရုပ်မှာ ကြမ်းတမ်း၍ ကြောက်စရာကောင်းသည်။

နှစ်အနည်းငယ်ကြာသောအခါ တောအုပ်အတွင်း အိမ်လေးအနီး၌ အုတ်ဂူနှစ်လုံးကို တွေ့ရသည်။ ရွာသားများကလည်း စိတ်ဝင်တစား သိလိုကြသည်။ သို့သော်လည်း မည်သူမျှ သိခွင့်မရကြပေ။

တစ်နေ့တွင် အိမ်ကြီးဆီမှ အမျိုးသမီးငယ်တစ်ဦး ကြောက်လန့်တကြားဖြင့် ရွာထဲသို့ ထွက်ပြေးပုန်းခိုလာသည်။

"
လွန်ခဲ့သောနှစ်တို့က
စော်ဘွားကြီး၏ ခမည်းတော်နှင့်
မယ်တော်တို့ ဆုံးပါးစဉ်အခါက
သူတို့အစေခံတချို့လည်း
လိုက်သေခဲ့ရကြောင်းနှင့်၊
ယခုလည်း စော်ဘွားကြီး၏ မိဖုရား
ကွယ်လွန်ပြီဖြစ်သဖြင့် သူမနှင့်
အခြားအစေခံ ငါးဦးတို့
မိဖုရားကြီး တမလွန်ဘဝတွင်
အခိုင်းအစေရှိစေရန်
လိုက်သေကြရသည်။
ထို့အတွက် သေရမည်ကို
ကြောက်သဖြင့်
ထွက်ပြေးလာခဲ့ကြောင်းပြောပြသည်
"

ရွာသားများကလည်း ထူးခြားသည့် မိသားစုအကြောင်း သိလိုကြသူများဖြစ်၍ ထိုအမျိုးသမီးအား အကူအညီပေးကာ ပုန်းခိုခွင့်ပြုခဲ့သည်။ ထိုမိသားစုအကြောင်းကိုလည်း မေးမြန်းစုံစမ်းကာ သိခွင့်ရခဲ့လေသည်။

ထိုထူးခြားသော မိသားစုသည်ကား ရှမ်းစော်ဘွားတစ်ဦး၏ မိသားစုနှင့် အခြွေအရံ မိသားစုများဖြစ်ကြောင်း သိရသည်။ အနောက်ဘက် တောအုပ်တွင်း အိမ်လေးမှ လူကြီးသည် လောကီပညာတွင် တစ်ဖက်ကမ်းခတ်တတ်သော ရှမ်းအဘိုးအိုတစ်ဦးဖြစ်ကြောင်းကိုလည်း သိရသည်။ စော်ဘွားကြီး၌ သမီးသုံးယောက်ရှိပြီး ထိုမိန်းမငယ်က အစေခံ မိသားစုဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်တို့က စော်ဘွားကြီး၏ ခမည်းတော်နှင့် မယ်တော်တို့ဆုံးပါးစဉ်အခါက သူတို့အစေခံတချို့လည်း လိုက်သေခဲ့ရကြောင်းနှင့်၊ ယခုလည်း စော်ဘွားကြီး၏ မိဖုရား ကွယ်လွန်ပြီဖြစ်သဖြင့် သူမနှင့် အခြားအစေခံငါးဦးတို့ မိဖုရားကြီး တမလွန်ဘဝတွင် အခိုင်းအစေရှိစေရန် လိုက်သေကြရသည်။ ထို့အတွက် သေရမည်ကို ကြောက်သဖြင့် ထွက်ပြေးလာခဲ့ကြောင်း ပြောပြသည်။

သို့သော်လည်း ထိုမိန်းမငယ်ကံမကောင်းရှာခဲ့ပေ။ ရွာသားတစ်ဦး၏ သတင်းပေးမှုကြောင့် မိန်းမငယ်အား စော်ဘွားကြီး၏ လူများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။ ထို့နောက်တော့ မိန်းမငယ်သည်လည်း မိဖုရားကြီး၏ အဖော်အဖြစ် သေမင်းနိုင်ငံသို့ လိုက်ပါသွားခဲ့ရပေသည်။ ထိုမိန်းမငယ်သည် ရွာသားတို့၏ သတင်းပေးမှုကြောင့် သေရတော့မည့်အရေးတွင် ရွာသားတို့အား

www.burmeseclassic.com

မှန်းတီးနာကြည်းကာ ကျိန်စာဆိုခဲ့သည် ဟု သိရပေသည်။

(၂)

တစ်နေ့ညနေ ကိုမောင်ထွန်း၊ သူ၏ လယ်တဲမှ အိမ်သို့ ပြန်လာသည်။ စပါးရိတ်သိမ်းချိန်ဖြစ်၍ တလင်းထဲရှိ ကောက်လှိုင်းပုံကို ညစောင့်အိပ်ရသည်။ ညနေစာ ထမင်းစားပြီးလျှင် တလင်းသို့ ပြန်ရသည်။ စပါးသိမ်းချိန်အတွင်း ထိုကဲ့သို့ ဒုက္ခများကို ခံကြရသည်။ ကိုမောင်ထွန်း၏ လယ်များက သချိုင်းဟောင်းနှင့် မလှမ်းမကမ်းတွင် ရှိသည်။ သူ၏ လယ်တဲသို့သွားသည့်အခါ ထို သချိုင်းဟောင်းနှင့် မနီးမဝေးမှ ဖြတ်သွားဖြတ်လာလုပ်ရသည်။

ကိုမောင်ထွန်း အိမ်သို့ ရောက်လျှင် ဇနီးဖြစ်သူ မအေးခင်က ခရီးရောက်မဆိုက်ပင်...

"ကိုထွန်း...ဒီမှာ ကြည့်စမ်း"

ဇနီးဖြစ်သူ မအေးခင်၏ လက်ထဲ၌ ရွှေဆွဲကြိုးတစ်ကုံး။ ဆွဲကြိုး၌ အဝိုင်းပုံ ဆွဲပြားလေးကိုလည်း တွေ့ရသည်။ ကိုမောင်ထွန်း အံ့ဩသွားသည်။ သူတို့ မိသားစုက ပြေလည်ကြသူများ မဟုတ်။ သူတို့၌ ရွှေထည်လက်ဝတ်လက်စားဆို၍ မအေးခင်၏ နား၌ ဝတ်ထားသည့် နားကပ်တစ်ရံသာ ရှိသည်။ ရွှေဆွဲကြိုး လုပ်နိုင်ဖို့ဆိုသည်မှာ အိပ်မက်မျှပင် ဖြစ်သည်။ ထို့ကြောင့်...

"အေးခင်...ဒီဆွဲကြိုး နင် ဘယ်က ရလာတာလဲ။ နင် မဟုတ်မဟတ်တွေ မလုပ်နဲ့နော်"

"ဩော်...ကိုထွန်းကလဲ၊ ကျွန်မ မဟုတ်တာ မလုပ်ရဲပါဘူးတော်။ နေ့ခင်းက ကျွန်မ ကိုထွန်းကို ထမင်းပို့ပြီး အပြန်မှာ သချိုင်းအစပ်နားမှာ ကင်ပွန်းချဉ်ရွက်ခူးရင်းနဲ့ အပင်အောက်နားက တွေ့တာ။ ဆွဲကြိုးက မြေကြီးထဲ တစ်



ဝက်၊ အပြင်တစ်ဝက်ပေါ်နေလို့ ကောက်ရခဲ့တာပါတော်"

"ဟဲ့ - နင့်ဆွဲကြိုးက ရွှေရော ဟုတ်ရဲ့လား"

"ရွှေဆွဲကြိုးမှ ရွှေဆွဲကြိုးအစစ်ပါတော်။ ဆွဲပြားလေးမှာ လူခေါင်းရုပ်လိုလို ဘီလူးခေါင်းရုပ်လိုလိုလည်း ပါသေးတယ်။ ကျွန်မကံနဲ့ ထိုက်လို့ ရတာပါ ကိုထွန်းရယ်

ကိုမောင်ထွန်းက ဆွဲကြိုးကောက်ရလာပုံနှင့် ဆွဲပြားပေါ်က အမှတ်အသားတို့ကို ဘဝင်မကျ။ သို့သော်လည်း ဇနီးဖြစ်သူက လိုချင်မက်မောနေသဖြင့် မပြောသာဘဲ ရှိခဲ့သည်။ မိန်းမဆိုသည်က လိုချင်မက်မောစိတ် ရှိတတ်ကြသည်ပင်။

နှစ်ပတ်ခန့်အကြာ တစ်ညတွင် ကိုမောင်ထွန်းတို့ အိမ်နောက်ဘက်ရှိ နွားတင်းကုပ် မီးလောင်ကျွမ်းခဲ့သည်။ ထူးဆန်းသည်မှာ နွားများကို နွားတင်းကုပ်တွင် မထားတော့ဘဲ တလင်းအနီး၌ ခေါ်ယူထားခဲ့သည်မှာ ရက်အတန်ပင် ရှိခဲ့ပြီ။ ထို့ကြောင့် နွားတင်းကုပ် မီးနှိုထည့်သော မီးကြောင့် လောင်ရသည့် ပေါ့ဆမီးလည်း မဟုတ်၊ ရှို့မီးလည်း မဖြစ်နိုင်သည့်အတွက် စဉ်းစားရခက်နေသည်။

တစ်နေ့ မအေးခင်တစ်ယောက် ရွာနီးချုပ်စပ်က အလှူပွဲတစ်ခုသို့ သွားခဲ့သည်။ မအေးခင်က မိန်းမတို့သဘာဝ ဝတ်ချင်စားချင်သည့်မို့ ကောက်ရထားသည့် ဆွဲကြိုးကို ဝတ်ဆင်၍သွားခဲ့သည်။ အိမ်သို့ ပြန်ရောက်သော်လည်း ဝတ်ဆင်လျက်နှင့်ပင် နေ့ခင်းဘက် တစ်ရေးတစ်မော အိပ်မိသည်။ အတန်ကြာ အိပ်ပျော်သွားပြီး နီးတစ်ဝက်၊ အိပ်တစ်ဝက်ရှိနေစဉ်တွင် သူမထံသို့ အမျိုးသမီးတစ်ယောက်ရောက်လာပြီး သူမလည်ပင်းမှ ဆွဲကြိုးကို အတင်းဝင်လုသည်။ သူမနှင့် အမျိုးသမီးတို့ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြသည်။ မအေးခင်တစ်ယောက် သူ၏ ဆွဲကြိုးပါမသွားအောင် ကာကွယ်လိုက်ရသည်မှာ မောကြီးပန်းကြီးပင်။ ထိုစဉ် ကိုမောင်ထွန်း၏ အသံကို ကြားလိုက်ရသည်။

"ဟဲ့ - အေးခင်...အေးခင်၊ ဒီမိန်းမ နေ့ခင်းကြောင်တောင် အိပ်ပြီး ဘာတွေ ယောင်အော်နေမှန်းမသိဘူး"

ထိုအခါမှ မအေးခင် နိုးလာပြီး-

"ဟင်း...တော်ပါသေးရဲ့ ကိုထွန်းရယ်၊ ကိုထွန်း နှိုးလို့သာပေါ့။ နို့မို့ဆို ဒီမိန်းမနဲ့ ကျွန်မ ဘယ်လောက်ကြာအောင် ဆက်ပြီး နပန်းလုံးနေရဦးမလဲ မသိဘူး"

ဟု အစချီကာ အကြောင်းစုံကို ပြောပြလိုက်သည်။

"အေးခင်...နင့်ဆွဲကြိုးကို ငါ သိပ်ပြီး မသင်္ကာတော့ဘူး။ ကောက်ရတယ်ဆိုတုန်းကလည်း ငါ ဘဝင်မကျ



www.burmeseclassic.com

www.burmeseclassic.com

တာ မဟုတ်ဘူး။ ဟိုတစ်လောကလည်း နွားတင်းကုပ် မီးထလောင်တယ်၊ အခုလည်း အိပ်မက်ထဲမှာ ဆွဲကြိုးဝင်လုတယ်ဆိုတော့ ဒီဆွဲကြိုးကို တစ်ခုခုစီရင်ထားတာ ဖြစ်နိုင်တယ်နော်။ ငါ့အထင်တော့ မရိုးဘူးလို့ ထင်တယ်"

"အယူမသည်းပါနဲ့တော်။ ဒါတွေက တိုက်ဆိုင်တာလည်း ဖြစ်နိုင်ပါတယ်"

မအေးခင်တစ်ယောက် ကိုမောင်ထွန်းပြောသော်လည်း လက်မခံပေ။ ထိုဆွဲကြိုးက သူ့အတွက် အမက်မောဆုံး အရာဖြစ်သည်။ ထို့နောက်ပိုင်း ကိုမောင်ထွန်း၏ အိမ်ပေါ်၌ တစ်ခါတစ်ရံ လမ်းလျှောက်သံလိုလို အသံတို့ကို ကြားရတတ်သည်။ အဆိုးဝါးဆုံးဖြစ်ခဲ့သည်က ကိုမောင်ထွန်း-မအေးခင်တို့၏ ၄နှစ်အရွယ် အချွေးဆုံး သမီးလေး အပြင်းဖျားကာ ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။ မအေးခင်လည်း ထိုအဖြစ်ဆိုးအတွက် အလွန်ပင် ကြောက်ရွံ့သွားပေသည်။

(၃)

ခလောက်ပတုပ်ရွာတွင် ကိုရွှေညွန့် - မမြသီ ဆိုလျှင် မသိသူ မရှိပေ။ ကိုရွှေညွန့်တို့ မိသားစုက အတန်ငယ် ကြွယ်ဝကြသည်။ လယ်ကေ အတော်များများနှင့် ဥယျာဉ်ခြံတို့ ပိုင်ဆိုင်ကြသည်။ သူတို့က ငွေရဖို့ဆိုလျှင် လက်ရောင်သူများ မဟုတ်ပေ။ လောဘလည်း ကြီးကြသည်။ သူတစ်ပါးထံမှ ရယူဖို့ဆိုလျှင် တစ်ကျပ်တစ်ပြားပင် အရေးထားတတ်သည်။ ထို့ကြောင့် ရွာသားတို့က ထိုလင်မယားကို စူဇကာ လင်မယားဟု အမည်တပ်ကြသည်။

တစ်နေ့ ကိုရွှေညွန့်တစ်ယောက် သူပိုင် ဥယျာဉ်ကြီးထဲတွင် အလုပ်များ လုပ်နေခဲ့သည်။ ဥယျာဉ်ကြီးက သစ်ပင်ဝါးပင်အုပ်ဆိုင်းကာ အလွန်သာယာသည်။ ထိုဥယျာဉ်က ရွာသားတစ်ဦးထံမှ ဈေးချိုသဖြင့် ဝယ်ထားသော ဥယျာဉ်ဖြစ်သည်။ သို့သော်လည်း ဥယျာဉ်နှင့် မလှမ်းမကမ်းတွင် ရွာစွန် သင်္ချိုင်းဟောင်းက ရှိနေသည်။ ထို့ကြောင့်ပဲ ဈေးချိုချိုနှင့် ပြန်ရောင်းခဲ့လေသလား မသိ။ ရွာသားအများစုက ထိုသင်္ချိုင်းဟောင်းကို ရှောင်ကြသည်။ ထိုအနီးဝန်းကျင်သို့လည်း အသွားအလာနည်းကြသည်။ ရွာသားတချို့ပြောကြသည်က သင်္ချိုင်းဟောင်းမြေထဲတွင် ဖုန်းဆိုးမြေရှိသည်ဟု ဆိုကြသည်။

ကိုရွှေညွန့်က ဥယျာဉ်ကြီးအတွင်း ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း၍ အမှိုက်သရိုက်များ သန့်ရှင်းနေစဉ်

> “
> ကျွန်တော် နိုင်ငံခြားကို
> ရောက်နေပေမယ့်
> အားရင် စာအမြဲဖတ်တယ်အစ်ကို။
> အထူးသဖြင့် အစ်ကို့စာတွေ
> အမြဲဖတ်တယ်။ အစ်ကိုရေးတဲ့
> ထူးဆန်းသော ပုတီးတစ်ကုံးနှင့်
> အံ့ဖွယ်ဖြစ်ရပ်ဆန်းများစာအုပ်ကို
> သူငယ်ချင်းတစ်ယောက်ဆီမှာတွေ့လို့
> ငှားပြီး ဖတ်လိုက်တယ်။
> အဲဒီစာအုပ်ထဲက
> အဖြစ်အပျက်တွေလိုပဲ ကျွန်တော့်ရဲ့
> ကိုယ်တွေ့ထူးဆန်းတဲ့
> အကြောင်းလေးကို ပြောပြချင်လို့ပါ
> ”

တစ်နေရာ၌ ပစ္စည်းတစ်ခုကို တွေ့လိုက်ရသည်။ ရွှေဆွဲကြိုးတစ်ကုံး။ ကိုရွှေညွန့်က ကောက်ယူလာခဲ့ဉည်။ ကိုရွှေညွန့်၏ ဇနီး မမြသီက နှုတ်ဖွာသူဖြစ်သည်။ ထို့ကြောင့် နောက်တစ်နေ့တွင် ကိုရွှေညွန့် ဆွဲကြိုးကောက်ရလာခဲ့ကြောင်း မမြသီ ပြော၍ တစ်ရွာလုံး သိသွားကြသည်။ ထိုအကြောင်းကို ရွာသားတို့က ထင်ကြေးအမျိုးမျိုးပေးကာ ဝေဖန်ကြသည်။ ဥစ္စာစောင့်က ပေးသလိုလို၊ ကိုရွှေညွန့် ခြံထဲ၌ ရွှေအိုးကြီးများ မြှုပ်နှံထားသလိုလို ပြောဆိုနေကြသည်။

တစ်နေ့ ကိုမောင်ထွန်းတို့ လင်မယားနှင့် တစ်ရွာတည်းနေ ကိုဝင်းနောင် ဆိုသူတို့ စကားလက်ဆုံကျရာမှ ကိုရွှေညွန့် ဆွဲကြိုးကောက်ရသည့် အကြောင်းသို့ ရောက်သွားသည်။

"အစ်ကိုကြီး မောင်ထွန်း ကြားပြီးရောပေါ့။ ကိုရွှေညွန့်တို့များ ကံကောင်းပြီးရင်း ကံကောင်းနေပါရောလား။ ဒီလူ အတိတ်ဘဝက ကုသိုလ်ကောင်းမှု အတော်ပြုခဲ့ပုံ ရတယ်။ အခုကြည့်စမ်း၊ သူ့ခြံထဲက ဆွဲကြိုးကောက်ရတယ်။ တချို့ပြောနေတာတော့ ဥစ္စာစောင့်က ပေးတာဆိုလားပဲ"

"အေးလေ၊ ဥစ္စာစောင့်က ပေးတာလား၊ မကောင်းဆိုးဝါးက ပေးတာလားဆိုတာကို စောင့်ကြည့်ကြပေါ့။ ငါက မပြောကောင်းလို့ မပြောတော့ပါဘူး"

"ဟင်…ဒါဆို အစ်မက ဒီဆွဲကြိုးအကြောင်း သိနေတာလား"

"ဒီလို ဝင်းနောင်ရေ၊ ဒီစကားကို သူတို့ကိုလည်း သွားမပြောနဲ့ဦး။ ဘယ်သူ့ကိုမှလည်း မပြောနဲ့။ အခု ငါပြောပြမယ့်အကြောင်းတွေက အမှန်တွေပဲကွ။ မင်းသွားပြောရင်လည်း သူတို့ ယုံချင်မှ ယုံကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ကိုမောင်ထွန်းက ကိုဝင်းနောင်အား အကြောင်းစုံကို ပြောပြလိုက်သည်။ ကိုဝင်းနောင် အံ့ဩနေသည်။

ထို့နောက် ကိုဝင်းနောင်သည် သူသိထားသည့် အကြောင်းအရာတို့ကို ကိုရွှေညွှန့်အား ပြောပြချင်သည်။ သို့မှသာ သူတို့မိသားစု ဘေးအန္တရာယ်ကင်းကြပေမည်။

သို့သော်လည်း ကိုရွှေညွှန့်အား ပြောပြရန် သင့်၊ မသင့် စဉ်းစားနေရသည်။ ထိုသို့ဖြင့် အချိန်တွေ ကြာသွားသည်။ ကိုဝင်းနောင်နှင့် ကိုရွှေညွှန့်တို့ မဆုံဖြစ်ကြသည်လည်း ပါသည်။

(၄)

"မြသီရေ…အက်ထရီ အားကျသွားပြီ၊ မီးတိုင်ခွက် ထွန်းစမ်းပါ"

ထို့ကြောင့်ပင် မမြသီက မီးတိုင်ခွက်ကို ယူလာပြီး မီးညှိလိုက်သည်။ မီးတိုင်ခွက်က ခဏသာ မီးတောက်လောင်ပြီးနောက် မီးတောက်က တဖြည်းဖြည်းသေးသွားသည်။ ထို့နောက် မမြသီက မီးတိုင်ခွက်ကို ကိုင်၍ လှုပ်ကြည့်လိုက်သည်။

"ရေနံဆီမှ မရှိဘဲ။ ခဏနေဦး ကိုရွှေညွှန့်၊ ကျွန်မ မီးတိုင်ခွက်ထဲ ရေနံဆီ သွားထည့်လိုက်ဦးမယ်"

မမြသီက ပြောပြောဆိုဆို မီးတိုင်ခွက်ကို ယူ၍ ရေနံဆီပုံးများ ရှိရာသို့ ရောက်သွားသည်။ မီးတိုင်ခွက်မှ မီးတောက်မှိန်မှိန်၏ အလင်းရောင်ဖျော့ဖျော့ကို အားပြုကာ ရေနံဆီပုံးထဲမှ ရေနံဆီကို မီးတိုင်ခွက်ထဲသို့ ထည့်ရန် ပုံးကို စောင်း၍ ငုံ့ကြည့်သည်။ အဆင်မပြေသဖြင့် ပုလင်းအလွတ်ကို ကြည့်သော်လည်း အလွယ်တကူ မတွေ့နိုင်သည့်အဆုံး ပုံးကို စောင်းငဲ့ထည့်ရန်သာ ဆုံးဖြတ်လိုက်သည်။ ထို့နောက် မီးတိုင်ခွက်၏ အဝနှင့် ရေနံဆီပုံး၏ နှုတ်ခမ်းကို တေ့ကာ ငဲ့ထည့်လိုက်သည်။ မီးတိုင်ခွက်ထဲသို့ ရေနံဆီ အနည်းငယ်ရောက်သွားသည့်တွင် မီးတောက်က အနည်းငယ် ကြီးလာသည်။

ထိုစဉ် ရေနံဆီပုံးကို တစ်ဦးတစ်ယောက်က တွန်းလိုက်သကဲ့သို့ ဖြစ်သွားပြီး ရေနံဆီများ အရှိန်နှင့် မီးတိုင်ခွက်ပေါ်သို့ ကျလာသည်။ ကြမ်းပြင်ပေါ်တွင်လည်း ရေနံဆီများ အိုင်ထွန်းသွားသည်။ ထို့နောက် လက်ထဲမှ မီးတိုင်ခွက်၏ မီးတောက်သည်လည်း ကြီးမားလာသည်။ ထိုကာင်မက မီးတိုင်ခွက်တစ်ခုလုံး မီးစွဲလောင်သွားသည်။ မမြသီက မီးစွဲလောင်နေသော မီးတိုင်ခွက်ကို လွှတ်ချလိုက်သည်။ ထိုအခါ ကြမ်းပြင်ပေါ်တွင် မီးတောက်ကြီးတစ်ခုဖြစ်ပေါ်လာသည်။

ထို့နောက် ဝိုင်းဝန်းငြိမ်းသတ်ကြသော်လည်း နောက်ဆုံး အိမ်ပေါ်ရှိ



လောင်စာဆီများ၏ အရှိန်ကြောင့် တစ်အိမ်လုံး ပြာပုံအတိဖြစ်ခဲ့ရသည်။ ကိုရွှေညွှန့်နှင့် မမြသီတို့တွင်လည်း မီးလောင်ဒဏ်ရာတို့ ရခဲ့ကြလေသည်။

ထို့နောက် များမကြာမီ တစ်နေ့ ကိုဝင်းနောင်တစ်ယောက် ကိုရွှေညွှန့် အိမ်သို့ အလည်အပတ်ရောက်သွားသည်။

"ရွှေညွှန့်・・・ မင်းဒဏ်ရာက သက်သာရဲ့လား။ မြသီက မီးလောင်ဒဏ်ရာ ပိုများတယ်ဆို။ သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဒီလိုဖြစ်ဖို့ အကြောင်းပါလာတယ်လို့ပဲ ဖြေသိမ့်ပေါ့ကွာ"

"မင်းကတော့ ပြောတာပဲ။ ငါ့မှာ အနှစ်နှစ် အလလက စုဆောင်းခဲ့သမျှ အချိန်ပိုင်းအတွင်း ဘာမှမကျန်အောင် ဆုံးရှုံးခဲ့ရတာ"

"အေး ဒါကြောင့်လည်း လူကြီးသူမတွေ ဆိုခဲ့ကြတယ် မဟုတ်လား။ ဥစ္စာပစ္စည်းဆိုတာ ရန်သူမျိုးငါးပါးက အချိန်မရွေး ဖျက်ဆီးနိုင်တယ်တဲ့။ စိတ်တော့မကျပါနဲ့ကွာ၊ ပစ္စည်းဥစ္စာ လူတွေ အသက်ရှင်နေသရွေ့ အချိန်မရွေး ပြန်ရှာနိုင်တာပဲလေ"

"အေးကွာ၊ ငါတို့မှာ တစ်ခု ကံကောင်းသွားတာက မြသီက အတွင်းပစ္စည်းတွေကို အမိအရယူလိုက်နိုင်လို့သာပေါ့"

"ဒါနဲ့ ရွှေညွှန့်၊ မင်း ကောက်ရခဲ့တဲ့ ဆွဲကြိုးဆိုတာရော ရှိသေးလား။ ငါမေးတာ ဘာသဘောနဲ့မှ မေးတာမဟုတ်ဘူးနော်၊ ငါသိထားတဲ့ အကြောင်းအရာလေးတစ်ခုရှိနေလို့"

"ဘာကိစ္စလဲ ဝင်းနောင်၊ ဒီဆွဲကြိုးနဲ့များ ပတ်သက်နေလား။ ငါ့စိတ်ထဲမှာလည်း ဒီဆွဲကြိုးနဲ့ ပတ်သက်ပြီး မသင်္ကာစရာတွေ ဖြစ်နေလို့။ အဲဒီဆွဲ

www.burmeseclassic.com

www.burmeseclassic.com

ကြိုး ကောက်ရပြီးတဲ့နောက်ပိုင်း အိပ်မက်တစ်ခုတည်းကို နှစ်ကြိမ်သုံးကြိမ်လောက် မက်တယ်။ အိပ်မက်ထဲမှာ မိန်းမတစ်ယောက်က ဒေါသထွက်နေတဲ့ မျက်နှာနဲ့ ငါ့ကို ကြည့်ပြီး နင်တို့အားလုံးကို မီးလောင်တိုက်သွင်းပစ်မယ်လို့ ကြိမ်းဝါးတယ်"

"အေး၊ ဒီလို အကြောင်းတိုက်ဆိုင်လာတော့ ပြောရမှာပေါ့။ အဲဒီ ဆွဲကြိုးဟာ ကိုမောင်ထွန်းတို့ စွန့်ပစ်လိုက်တဲ့ ဆွဲကြိုးကွ"

ဟု အစချီကာ ကိုဝင်းနောင်က ကိုရွှေညွန့်တို့ ဇနီးမောင်နှံအား ထိုဆွဲကြိုးနှင့် ဆက်စပ်သော ကိုမောင်ထွန်းတို့မိသားစု၏ အဖြစ်အပျက်အကြောင်းစုံကို ပြောပြလိုက်လေသည်။

ကိုရွှေညွန့်တို့ လင်မယားလည်း ကိုဝင်းနောင်၏ စကားတို့ကို နားထောင်ပြီး ငိုင်သွားကြသည်။ တိုက်ဆိုင်မှုလား၊ တကယ်လားဆိုသည်ကို မဝေခွဲနိုင်ကြပေ။ လောက၌ မယုံနိုင်စရာ ဆန်းကြယ်မှုတို့ ရှိနေကြသည်။ အထူးသဖြင့် မမြင်နိုင်သော၊ မမြင်အပ်သော လောက၏ သက်ရောက်မှုတို့ကို အကြောင်းတိုက်ဆိုင်တိုင်း ခံစားကြရသည်။ တချို့လည်း ယုံကြည်မှုအားနည်းသောအခါ ပျက်စီးဆုံးရှုံးခြင်းတို့နှင့် ရင်ဆိုင်ကြရပေသည်။

(၅)

နှစ်လခန့်အကြာ တစ်နေ့နံနက် ကိုဝင်းနောင်တစ်ယောက် မြစ်ဆိပ်သို့ ရေချိုးရန် လာခဲ့သည်။ မြစ်ဆိပ်က ရွာ၏ တောင်ဘက်ပိုင်းတွင် ရှိပြီး မြစ်ဆိပ်နှင့် မလှမ်းမကမ်းတွင် ဘုန်းကြီးကျောင်းရှိသည်။ ရွာသားအများစုက မြစ်ရေကိုသာ အဓိကထား သုံးစွဲကြရသည်။ ရေချိုး၊ ရေခပ်ရန် မြစ်ဆိပ်သို့သာ သွားကြသည်။

မြစ်ဆိပ်သို့ ဆင်းရာလမ်းတွင် စာသင်ကျောင်းရှိပြီး စာသင်ကျောင်းနှင့် မနီးမဝေးတွင် စေတီပျက်ကြီးတစ်ခုရှိသည်။ ထိုစေတီပျက်ကြီးသည် ရွာလမ်းဘေးတွင် ရှိပြီး ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးအုပ်နေပေသည်။

ကိုဝင်းနောင် စေတီပျက်အနီးသို့ ရောက်လာသည့်တွင် စေတီပျက်ကြီးဆီသို့ အကြည့်ရောက်သွားသည်။ ဆူးပဒေါင်းပင်များ၊ ကိုင်းပင်များနှင့် ချုံနွယ်ပိတ်ပေါင်းတို့က စေတီပျက်ကြီးကို ဖုံးအုပ်လုနီးပါး ရှိနေကြသည်။ အကြည့်က တစ်နေရာအရောက် ဆူးပဒေါင်းပင်တို့အကြား တွဲလဲကျနေသော ရွှေဆွဲကြိုးတစ်ကုံးကို တွေ့လိုက်ရသည်။ ထို့နောက် ခက်ခက်ခဲခဲဖြင့် သွား၍ ထိုဆွဲကြိုးကို ကောက်ယူ၍ ကြည့်လိုက်သည်။ ရွှေဆွဲကြိုးနှင့် တွဲလျက် ရွှေဆွဲပြားလေးတစ်ခု။ ရွှေဆွဲပြားကို အသေအချာကြည့်မိသည့်အခါ မျက်လုံးပြူးသွားသည်။ ကိုမောင်ထွန်းနှင့် ကိုရွှေညွန့်တို့ကို ဒုက္ခပေးခဲ့သော ဆွဲကြိုးဖြစ်ကြောင်း သိလိုက်သည်။

ထိုဆွဲကြိုးကို ဒီအတိုင်းထားခဲ့၍ မဖြစ်။ အကြောင်းမသိသော ရွာသားတစ်ဦးဦးက တွေ့၍ ကောက်ယူသွားလျှင် ဒုက္ခရောက်ရပေဦးမည်။ ထိုပစ္စည်းကို ရေ၌ စွန့်ပစ်မှသာ အားလုံးဘေးဒုက္ခလွတ်ကြပေမည်။ ထို့နောက် မြစ်ဆိပ်သို့ ယူလာခဲ့ပြီး ရေထဲသို့ စွန့်ပစ်ရန် လက်တွင်းမှ ဆွဲကြိုးကို တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက် မြစ်ရေပြင်ဆီသို့ ဆွဲကြိုးကို စွန့်ပစ်လိုက်လေသည်။

ကိုဝင်းနောင်၏ လုပ်ရပ်ကို မနီးမဝေးဆီမှ ကြည့်နေသော ကျောင်းထိုင်ဆရာတော်က ကိုဝင်းနောင်အနီးသို့ ရောက်လာပြီး...

"ဒကာလေး...ရေထဲကို ဘာတွေ စွန့်ပစ်နေတာလဲ"

"အဲ...ဟို...ဟို မသုံးလိုတော့တဲ့ ပစ္စည်းပါ ဘုရား"

"အေးအေး၊ ဥစ္စာပစ္စည်းဆိုတာက ပုထုဇဉ်တွေအတွက်လည်း ရန်သူပဲကွဲ့။ သူ့ကြောင့် သံသရာမှာ ဒုက္ခဆင်းရဲကိုသာ ရကြတယ်။ အရိယာပုဂ္ဂိုလ်တွေအတွက်တော့ အဆိပ်နဲ့ တူတယ်။ သတိတရားနဲ့ သုံးရတယ်"

ဆရာတော်၏ မိန့်မှာစကားကို နားထောင်ပြီးနောက် ကိုဝင်းနောင်က သူ၏ လုပ်ရပ်ကို ကျေနပ်သွားသည်။ ဆရာတော်လည်း ကျောင်းရှိရာသို့ ပြန်ကြွသွားသည်။ ထို့နောက် ကိုဝင်းနောင်တစ်ယောက် ရေချိုးရန် မြစ်ရေပြင်သို့ ဆင်းသက်ခဲ့ပေသည်။

ထို၏နောက်တွင် မမျှော်လင့်သော သတင်းစကားတစ်ခုကို ရွာသားတို့ ကြားကြရပေသည်။

"ကိုဝင်းနောင်... မြစ်ဆိပ်မှာ ရေချိုးရင်း ရေနစ်သေဆုံးသွားပြီ" ■

* * *

ဇာင်မောင်မောင်(ပေါက်ကူန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဦးသုတော်၏ နေ့စဉ် အောင်မြင်စေရာ ဘဝလမ်းညွှန် ယတြာများ

ချစ်ဆိုင်



၁၉၈၈ ခုနှစ်က ဖြစ်ပါသည်။

ကော့ကရိတ်မြို့၏ တောင်ဘက်အခြမ်းတွင် ရှိသော စံပြကျေးရွာနှင့် ရွာတန်းရှည်ရွာအကြားရှိ တောင်ကုန်းတစ်ခုကို ဒေသခံ ပြည်သူများက ကျောက်ပုံတောင်ဟု ခေါ်ကြပါသည်။ ထိုတောင်ထိပ်ပေါ်တွင် ကျောက်ခဲပုံ သုံးပုံအား တစ်ပုံနှင့် တစ်ပုံ ဝါးနှစ်ပြန်ခန့်အကွာအဝေးဖြင့် တြိဂံပုံစံအနေအထားမျိုး စုပုံထားသည်ကို တွေ့ရပါသည်။

အသက် ၆၀ကျော် ၇၀အရွယ်ရှိသော ဒေသခံ ပြည်သူများ၏ ပြောပြချက်အရ အဆိုပါ ကျောက်ခဲပုံအား မည်သည့်ခေတ်၊ မည်သည့်အခါက မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သူက စုပုံထားကြောင်းကိုမူ မသိကြဟု ဆိုပါသည်။

ဒေသခံ လူများအနေဖြင့် ညနေပိုင်းသို့ ရောက်သောအခါ ကျွဲနွားရှာရင်း၊ အိမ်မိုးရန် အင်ဖက်ကောက်ရင်း အဆိုပါ တောင်ထိပ်ပေါ်သို့ မကြာခဏ ရောက်လာတတ်ကြသည်ဟု ဆိုပါသည်။ တောင်တစ်ခုလုံးမှာ အင်တိုင်းတောဖြင့် ဖုံးလွှမ်းထားပြီး ချုံနွယ်တို့ဖြင့် အောက်ခြေရှုပ်သော တောဖြစ်ပါသည်၊ အချို့သောသူများသည် တော၏ လှည့်စားမှုကြောင့် မျက်စိလည် လမ်းမှားပြီး ဘယ်နေရာကိုပဲ တိုးပြီး ဖောက်ထွက်ထွက် ယခင်နေရာသို့သာ တဝဲလည်လည်ဖြင့် ပြန်လည်ရောက်ရှိလာတတ်ကြသည်ဟု ဆိုပါသည်။ ထိုအခါမျိုးတွင် ကြာပန်းမျိုးစုံတို့ဖြင့် သာယာလှပသော ရေအိုင်ကြီးများကိုပင် တွေ့ကြရတတ်သည်ဟု ဆိုပါသည်။ ဒေသအသုံးအနှုန်းအရ တောကြမ်းသည်၊ နတ်ကြမ်းသည် ဆို၏။

အဆိုပါ တောင်ထိပ်ပေါ်သို့ လူအနည်းငယ် စမိကြသည်နှင့် စုပုံထားသော ကျောက်ခဲပုံမှ ကျောက်ခဲများကို အပျင်းပြေ စကားပြောရင်း တစ်လုံးပြီး တစ်လုံး တောင်အောက်သို့ ပစ်ချ ဆော့ကစားကြသည် ဆို၏။ ထပ်ပြီး စုပုံပေးမည့်သူကား မရှိ။ ထိုကဲ့သို့ ကာလအတန်ကြာအောင် ပစ်ချ ဆော့ကစားခဲ့သော်လည်း ကျောက်ခဲပုံ၏ အနေအထားမှာ လျော့သွားခြင်း မရှိ။ ပုံစံမပျက် ရှိနေမြဲဟု ဆိုပါသည်။ သို့ဆိုလျှင် ပစ်ချလိုက်သော ကျောက်ခဲလုံးကလေးများသည် တောင်အောက်မှ တောင်ပေါ်သို့ ပျံတက်လာ၍သာ ပုံစံမပျက်



www.burmeseclassic.com

www.burmeseclassic.com

ရှိရသည်ဟု ယူဆကာ ယိုတောင်ကို ကျောက်ပုံတောင်ဟု ခေါ်ကြသည် ဆို၏။

ကျွန်ုပ်တို့ ရေ့တန်းအမှတ်(၂) ခြေမြန်တပ်ရင်း စစ်ကြောင်း (၂)အား ကော့ကရိတ်မြို့၏ တောင်ဘက်အခြမ်းတွင် လှုပ်ရှားရန် တာဝန်ပေးအပ်ခြင်း ခံရသောအခါ ဗိုလ်ဝင်းမြင့် ဦးစီးသော တပ်စုတစ်စုကို ၃၃ဆူရွာတွင် စခန်းတစ်ခု၊ ဗိုလ်နိုင်ဝင်း ဦးစီးသော တပ်စုတစ်စုကို နန်းရွေမှုံရွာတွင် စခန်းတစ်ခု၊ ကျွန်ုပ် ဦးစီးသော တပ်စိတ်တစ်စိတ်ကမူ တင်ပြခဲ့သော ရွာမရှိသည့် ကျောက်ပုံတောင်တွင် စခန်းတစ်ခု တည်ဆောက်ရပါသည်။

တောင်ကုန်းပေါ်သို့ ကျွန်ုပ်တို့ ရောက်ရှိသွားသောအခါ လွန်ခဲ့တဲ့နှစ်ကမှ ဝတ်ဖြူစင်ကြယ်နှင့် ဦးသူတော်တစ်ပါးတည်း သက်သတ်လွတ်စားကာ တရားအားထုတ်နေကြောင်း တွေ့ရပါသည်။ အင်ဖက်မိုး၊ အင်ဖက်ကာ၊ ဝါးခြမ်းခင်းထားသော တဲကလေးဖြင့် နေထိုင်ခြင်းဖြစ်ပါသည်။ ရွာနှင့် အလှမ်းဝေးသော အဆိုပါ တောင်ကုန်းတွင် တစ်ဦးတည်း လာရောက်တရားကျင့်နေခြင်းမှာ တော်ရုံ သမာဓိဖြင့် မလွယ်ကူလှပါ။

ကျွန်ုပ်တို့ စခန်းတည်ဆောက်လိုက်သောအခါ ဦးသူတော်၏ တဲမှာ ကျွန်ုပ်တို့၏ စခန်းအလယ်သို့ ရောက်သွားရပါသည်။

ညချမ်းအချိန်ခါသို့ ရောက်လာပြီဆိုသည်နှင့် ကျွန်ုပ်တို့၏ စခန်းမှာ ဦးသူတော်၏ ပရိတ်တရား၊ ဂါထာ၊ မန္တန် အစရှိသည့် ရွတ်ဖတ်သံတို့ဖြင့် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြီးပြည့်စုံသော စခန်းဖြစ်ရတော့သည်။

နံနက်ချိန်ခါသို့ ရောက်ပြန်လျှင်လည်း အရုဏ်ကျင်းပြီး အလင်းရောက်ပြီဆိုသည်နှင့် ဦးသူတော်၏ ပရိတ်တရား ဂါထာ မန္တန်ရွတ်ဖတ်သံတို့ဖြင့် တစ်နေ့တာ၏ အစကို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နိုးထခြင်းများဖြင့် အစပျိုးခဲ့ရပြန်ပါသည်။

အားလပ်သော နေ့ခင်းဘက်အချိန်များတွင် ကျွန်ုပ်တို့ စစ်သည်များက ဦးသူတော်ထံ ကောင်းနိုးရာရာ ဂါထာ မန္တန်များကို သင်ယူကြပါသည်။ ဦးသူတော်သည် လောကီ၊ လောကုတ် နှစ်ဖွာနှစ်လုံးတွင် အတော်ကလေး ဆည်းပူးလေ့လာထားကြောင်း သိရပါတော့သည်။

သို့ဖြင့် တစ်နေ့တွင် ဦးသူတော်နှင့် တွေ့ရာလေးပါး စကားပြောဆိုဖြစ်ကြရာမှ အောက်ပါ "နေ့စဉ် အောင်မြင်စေရာ ဘဝလမ်းညွှန်ယတြာများ" ဆိုသည့် ဇယားကွက်ကလေးနှစ်ကွက်ကို ရေးပြခဲ့ပါသည်။

ဇယား (၁)

**နေ့စဉ် အချိန်ပိုင်းအလိုက် ကံကောင်းစေသော နေ့သားများနှင့် ယတြာချေရမည့် နံသင့်ပန်းဇယား**

| နေ့ / အချိန် | ၆ | ၇း၃၀ | ၉ | ၁၀း၃၀ | ၁၂ | ၁း၃၀ | ၃ | ၄း၃၀ |
|---|---|---|---|---|---|---|---|---|
| | ၇း၃၀ | ၉ | ၁၀း၃၀ | ၁၂ | ၁း၃၀ | ၃ | ၄း၃၀ | ၆ |
| တနင်္ဂနွေ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| တနင်္လာ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| အင်္ဂါ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |
| ဗုဒ္ဓဟူး | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| ကြာသပတေး | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| သောကြာ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| စနေ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |

မှတ်ချက်။ ညဘက် အချိန်အပိုင်းအခြားကိုလည်း နေ့ဘက်ကဲ့သို့ မှတ်ယူရမည်။

ဇယား (၂)

**ခုနစ်ရက်သားသမီးများ ဆောင်သင့်၊ ရှောင်သင့်သော အချိန်ပိုင်းဇယား**

| နေ့သား / ဆောင်ရှောင်ရန် | ဆောင်သင့်သောအချိန် | | | ရှောင်သင့်သောအချိန် | | | |
|---|---|---|---|---|---|---|---|
| | ဗယ် | သုခ် | လာဘ် | သာမန် | ဘယ | ဒုက္ခ | မရဏ |
| တနင်္ဂနွေသား | ၁ | ၄ | ၀ | ၅ | ၂ | ၆ | ၃ |
| တနင်္လာသား | ၂ | ၅ | ၁ | ၆ | ၃ | ၀ | ၄ |
| အင်္ဂါသား | ၃ | ၆ | ၂ | ၀ | ၄ | ၁ | ၅ |
| ဗုဒ္ဓဟူးသား | ၄ | ၀ | ၃ | ၁ | ၅ | ၂ | ၆ |
| ကြာသပတေးသား | ၅ | ၁ | ၄ | ၂ | ၆ | ၃ | ၀ |
| သောကြာသား | ၆ | ၂ | ၅ | ၃ | ၀ | ၄ | ၁ |
| စနေသား | ၀ | ၃ | ၆ | ၄ | ၁ | ၅ | ၂ |

အထက်ပါ ဇယားနှစ်ခုကို ရေးပြပြီးနောက် ဦးသူတော်က -

"အဲဒီဇယားသုံးနည်းကတော့ ဇယား(၁)မှာ ခုနစ်ရက်သားသမီးတွေရဲ့ ကံအကောင်းဆုံး နေ့သားတွေကို ဖော်ပြထားတာပါ။ ၁-ဂဏန်းပြထားတဲ့ အကွက်တိုင်းမှ တနင်္ဂနွေ



www.burmeseclassic.com

www.burmeseclassic.com

သားသမီးတွေ ကံအကောင်းဆုံး အချိန်တွေပါပဲ။ ဒီလိုပဲ ၂-ဂဏန်းပြထားရင် တနင်္လာ၊ ၃-ဂဏန်းပြထားရင် အင်္ဂါ၊ ၄-ဂဏန်းဆိုရင် ဗုဒ္ဓဟူး။ ၅-ဂဏန်းဆိုရင် ကြာသပတေး၊ ၆-ဂဏန်းဆိုရင် သောကြာ၊ ၀-ဂဏန်းဆိုရင် စနေသားသမီးတွေလို့ မှတ်သွားရမယ်။

ဒီတော့ တနင်္ဂနွေနေ့မှာ ၆နာရီကနေ ၇နာရီခွဲအထိ ကြာသပတေးသားသမီး ကံအကောင်းဆုံးအချိန်ဖြစ်ပြီး ၇နာရီခွဲကနေ ၉နာရီအတွင်းဆိုရင် အင်္ဂါသားသမီးတွေ ကံအကောင်းဆုံးအချိန်တွေပေါ့။ အဲဒီက ကျော်ပြီး ၁၀နာရီခွဲအတွင်းဆိုရင်တော့ တနင်္ဂနွေသားသမီး ကံအကောင်းဆုံးဖြစ်သွားပြီ။

အခြားနေ့သားသမီးတွေလည်း ဒီအတိုင်းပဲ။ နေ့နဲ့ အချိန်ကို ကိုယ့်မွေးနေ့ဂဏန်းနှင့် တိုက်ဆိုင်ကြည့်သွားရမယ်။

ဇယား(၂)ကို အသုံးပြုပုံကတော့ ခုနစ်ရက်သားသမီးများအားလုံး မည်သည့်နေ့မှာမဆို ဆောင်သင့်တဲ့ အချိန်နဲ့ ရှောင်သင့်တဲ့ အချိန်ကို ပြထားတဲ့ ဇယားပါ။

တနင်္ဂနွေသားဆိုတော့ ဇယ်ဆိုတဲ့ အကွက်ထဲမှာ (၁)၊ သုခံဆိုတဲ့ အကွက်ထဲမှာ (၄)၊ လာဘ်ဆိုတဲ့ အကွက်ထဲမှာ (၀)၊ ဒီလိုမျိုးတွေ့ရမယ်။ ဒီအခါ ဇယား(၁)ကို ကြည့်ပါ။ ဇယား(၁)မှာ ဘယ်နေ့မှာမဆို အခုပြောခဲ့တဲ့ ၁-ဂဏန်းပါတဲ့ အကွက်တွေတိုင်းမှာ တနင်္ဂနွေသားသမီးများအတွက် ဇယ်အချိန်ပေါ့။ ၄-ဂဏန်းပါတဲ့ အကွက်တိုင်းဟာ သုခံအချိန်ဖြစ်ပြီး ၀-ဂဏန်းပါတဲ့ အကွက်တိုင်းဟာ လာဘ်အချိန်တွေပါပဲ။

ဒီလိုပဲ တနင်္လာသားသမီးကို ကြည့်ရင် သာမန်အကွက်ထဲမှာ (၆)၊ ဘယ်အကွက်ထဲမှာ (၃)၊ ဒုက္ခအကွက်ထဲမှာ (၀)တို့ကို တွေ့ရမယ်။ ဒီတော့ ဇယား (၁)ကို ကြည့်ပါ။ အဲဒီဇယား(၁)ထဲမှာ ဘယ်နေ့မှာမဆို ၆ပါတဲ့ အကွက်တိုင်းဟာ တနင်္လာသားသမီးများအတွက် သာမန်အချိန်ပါပဲ။ ၃ပါတဲ့ အကွက်တိုင်းဟာ ဘယ်အချိန်။ (၀)ပါတဲ့ အကွက်တိုင်းဟာ ဒုက္ခအချိန်တွေပဲပေါ့။ ဒီလောက်ဆိုရင် အခြားနေ့သားတွေလည်း တနင်္ဂနွေ၊ တနင်္လာသားသမီးတွေ ကြည့်တဲ့အတိုင်း တိုက်ဆိုင်ကြည့်တတ်လောက်ပါပြီ"

ဦးသူတော်မှာ ရေနွေးကြမ်းသောက်ရင်း စိတ်ရှည်လက်ရှည် ရှင်းပြနေပါသည်။ ကျွန်ုပ်၏ စစ်သည်များမှာလည်း တိုက်ကင်းလှည့်သူနဲ့ ကင်းစောင့်သူမှလွဲပြီး ကျွန်ုပ်နှင့် ဦးသူတော်တို့၏ စကားဝိုင်းတွင် လာပြီး နားထောင်ကြသည်။ ရေနွေးကြမ်းကုန်လျှင် ထပ်ပြီး ထည့်ပေးကြသည်။

ထိုအခါ ကျွန်ုပ်က • • •

"ကြည့်တတ်ပါပြီဗျာ။ အကယ်၍ စနေသားဆိုရင် (၀)ဂဏန်းက ဇယ်အကွက်ထဲမှာ၊ ၃-ကတော့ သုခံအကွက်ထဲမှာ၊ ၆-ကတော့ လာဘ်အကွက်ထဲမှာလေ။ ဒီတော့ ဇယား (၁)မှာ ပါတဲ့ ၀၊ ၃၊ ၆တွေဟာ စနေသားအတွက် ဇယ်၊ သုခံ၊ လာဘ်ကို ရောက်နေတဲ့ အကွက်တွေပဲပေါ့။ အဲဒီ ဇယ်၊ သုခံ၊ လာဘ် စတဲ့ အကြောင်းအရာ၊ တစ်နည်းအားဖြင့် သူ့ရဲ့ အကျိုးအပြစ်တွေကို သိချင်တယ်ဗျ"

ဟု ပြောလိုက်လျှင် ဦးသူတော်က -

"ပြောပြပေးပါ့မယ်"

**ဇယ်**ဆိုတဲ့ အချိန်ကာလအတွင်းမှာ ရောက်နေရင် ဒီလိုအချိန်မျိုးမှာ ကောင်းမြတ်တဲ့ ဘယ်လိုလုပ်ငန်းမျိုးမှာမဆို လုပ်ကိုင်ရင် အောင်မြင်မယ်။ ယှဉ်ပြိုင် ရင်ဆိုင်ပြီး လုပ်ရတဲ့ လုပ်ငန်းမှန်သမျှ ထင်ပေါ် ကျော်စောမယ်။ အကျိုးများစေတဲ့ အခါပါပဲ။ နံ့သင့် သစ်ပင်တွေ၊ အမြစ်အညွန့်တွဲတဲ့ အပင်တွေကို အစီအရင်လုပ်ပြီး စိုက်သင့်တယ်။ အပင်စိုက်တာကတော့ မွေးနေ့မှာ ဖြစ်သင့်တယ်။

**သုခံ**ဆိုတဲ့ အခါမှာတော့ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက် ပြီး ရောင်းတာ၊ ဝယ်တာ၊ သိုလှောင်တာတွေ လုပ်ရင် အကျိုးစီးပွားများစေတယ်။ ကြီးပွားချမ်းသာစေမယ့် အစီအရင် တွေ၊ အဆောင်တွေ ပြုလုပ်သင့်တယ်။ စိတ်ချမ်းသာ ကိုယ် ကျန်းမာဖို့အတွက် ဓာတ်သစ်ပင်တွေ စိုက်သင့်တယ်။

**လာဘ်**ဆိုတဲ့ အခါထဲမှာ ရောက်နေရင်တော့ လှုပ်ရှားလှုပ်ပြီး ဆောင်ရွက်ရတဲ့ ကိစ္စတွေမှာ အကျိုးပေးတယ်။ အချစ်ရေးကိစ္စတွေ၊ လာဘ်ဝင် ငွေရှင်အစီအရင်တွေ ပြုလုပ်သင့်တယ်။ ဒီအချိန်ဟာ လာဘ်ရစေမယ့်အချိန်အခါကောင်းပါပဲ။

သာမန်အချိန်ထဲ ရောက်နေရင်တော့ ငြိမ်နေတာကောင်းပါတယ်။ ထသွားမှ ကျိုးမှန်းသိသလိုဖြစ်တတ်တယ်။ သူများကိစ္စတွေကို ဝင်ပြီး မဆောင်ရွက်ပါနဲ့။ မျက်နှာမရ၊ ခြေထောက်ရ ဘဝမျိုးဖြစ်တတ်တယ်။

ကျန်တဲ့ **ဘယ်အခါ၊ ဒုက္ခအခါ၊ မရဏအခါ**တွေမှာလည်း ဒီအတိုင်းပဲ။ မကောင်းဘူး။ အည့်ပိုင်းကို ရောက်နေတဲ့ အခါကိုပဲ လွယ်လွယ်ကူကူ မှတ်ထားပေးပါ။ တစ်ခုလေးပဲ ထည့်ပြီး ပြောချင်တာက မရဏအခါမှာ ကိုယ့်အပေါ် ကပ်ညိစွဲကပ်နေတဲ့ ရောဂါတွေကို အနိုင်ယူ ကုသဖို့အတွက်တော့ ကောင်းပါတယ်။ ခွဲစိတ်ကုသတာ၊ ဆေးထိုး ဆေးသောက်တာ အစရှိသဖြင့်ပေါ့။ ဒီလိုအခါမျိုးမှာ ကောင်းကျိုးနှင့် ယှဉ်တဲ့ အစီအရင်တွေ မရပ်သင့်ဘူး။

လူတစ်ယောက်မှာ တစ်နေ့ကုန် အမြဲတမ်း ကံမကောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလို၊ တစ်နေကုန်၊ ဒါမှမဟုတ် ၂၄နာရီစလုံး အမြဲတမ်း ကံမနိမ့်ကြဘူး။ ဖဲသမားတစ်ယောက်ကိုပဲ ကြည့်ပါ။ နိုင်လိုက်၊ ရှုံးလိုက်နဲ့ တစ်နေ့တာမှာ တွေ့ကြုံနေရတယ်။ ဒါဟာ တစ်နေ့တာရဲ့ ကံကြမ္မာအတက်အကျကို ဖော်ပြနေတာပါပဲ။

အခုဆိုရင် ကံကောင်းပြီး ဆောင်သင့်တဲ့ အချိန်အခါတွေရယ်၊ ကံကြမ္မာနိမ့်ပြီး ရှောင်သင့်တဲ့ အချိန်အခါတွေရယ် ပြောခဲ့ပြီးပါပြီ။ လူ့လောကမှာ တစ်ခါတစ်ရံ အချိန်အခါကောင်းကို စောင့်ပြီး လုပ်ဆောင်ဖို့ဆိုတာ တိုက်ဆိုင်တဲ့အခါလည်း ရှိသလို၊ မတိုက်ဆိုင်တဲ့အခါလည်း ရှိနိုင်တာပေါ့။

ဥပမာ - ခရီးဝေးက လာရတဲ့ အထက်လူကြီးက ကိုယ်ရှိတဲ့ နေရာကို မနက်ပိုင်းမှာ ရောက်လာပြီး၊ အဲဒီမနက်ပိုင်းမှာပဲ ပြန်ရမယ်။ ဒီအခါ ကိုယ်က အခွင့်အရေးတစ်ခု တောင်းချင်တယ်။ ဒါပေမယ့် အချိန်အခါအရ ကိုယ်က အညံ့ပိုင်းကို ရောက်နေတယ်။ ညနေပိုင်းလောက်ရောက်မှ ကံက ကောင်းလာမယ်။ ဒီတော့ ကံကောင်းလာမယ့် အချိန် အထိစောင့်ပြီး မနေနိုင်တော့ဘူးပေါ့။ သွားပြီး ပြောမှဆိုမှ အခွင့်အရေးတောင်းမှ ဖြစ်တော့မယ့်အနေအထားဖြစ်နေပြီ။

အဲဒီလိုအခြေအနေမျိုး ကြုံတွေ့နေရပြီဆိုရင် ဇယား (၁)မှာ ပါတဲ့ ဂဏန်းအက္ခရာအတိုင်း ယတြာချေပြီး ကိုယ့်ရဲ့ ပြုဖွယ်ကိစ္စမှန်သမျှ လုပ်ဆောင်ရမယ်။ ၁-ဂဏန်းမှာ ပါတဲ့ အကွက်နှင့် တိုက်ဆိုင်နေရင် တနင်္ဂနွေနံသင့် အသီးအရွက်၊ အခက်အပွင့်တွေနဲ့ ဘုရားကို လှူသွားတာမျိုး၊ ဒါမှမဟုတ် ဆောင်သွားတာမျိုး၊ စားသွားတာမျိုးတွေနဲ့ ယတြာချေသွားရမယ်။ ဒီလိုပဲ ၂-ဂဏန်းပါတဲ့ အကွက်နဲ့ တိုက်ဆိုင်နေရင် တနင်္လာနံသင့် ကြံ၊ ကံ့ကော်၊ ကြံသကာ။ ၃-ဂဏန်းဆိုရင် အင်္ဂါနံ ဆီး၊ ညောင်၊ ဇော်စိမ်း။ ၄-ဂဏန်းဆိုရင် ရေ၊ ယို။ ၅-ဂဏန်းဆိုရင် မြေပဲ၊ ပေါက်ပေါက်။ ၆-ဂဏန်းဆိုရင် သောကြာနံ သီဟိုဠ်။ ၀-ဂဏန်းဆိုရင် စနေနံ နှီ နာနတ် တစ်မျိုးမျိုးပေါ့။ အစားအသောက်နှင့် ပတ်သက်ပြီး ဘုရားရှင်ကို လှူမယ်ဆိုရင်တော့ နံနက်ပိုင်းမှာပဲ လှူရမှာပေါ့။

ဒါက ဥပမာသဘောလေးကိုပဲ ပြောပြလိုက်တာပါ။ ကိုယ်က ကံကောင်းနေတဲ့ အချိန်မှာပဲ ဖြစ်စေ၊ ကံညံ့နေတဲ့ အချိန်ပိုင်းမှာပဲ ဖြစ်စေ၊ အချိန်အခါကို လိုက်ပြီး ယတြာချေ လုပ်ဆောင်သွားမယ်ဆိုရင် ကံညံ့နေတဲ့ အချိန်မှာ ကံကောင်းသွားမယ်။ ကံကောင်းနေတဲ့ အချိန်ဆိုရင် ပိုပြီးကောင်းသွားမယ်။

အခြားသော လူမှုရေးကိစ္စတွေလည်း အများကြီး ရှိကြတာပေါ့။ အထက်အကြီးအကဲတွေဆီ သွားပြီး ပြောဆိုတင်ပြရတဲ့ ကိစ္စတွေ၊ စာမေးပွဲ အင်တာဗျူး အကြွေးတောင်း၊ ယှဉ်ပြိုင် ရင်ဆိုင်ပြီး ပြောဆိုရတဲ့ ကိစ္စ၊ အခွင့်အရေးကိစ္စ၊ သမီးရည်းစားကိစ္စ၊ လှေပြိုင်၊ မြင်းပြိုင်၊ အနိုင်ရလိုမှုကိစ္စတိုင်းကို အခုပြောခဲ့တဲ့ နည်းနဲ့ ယတြာချေပြီးမှ ပြောဆိုလုပ်ကိုင်ပေးပါ။

အချိန်ကလည်း ကောင်းနေမယ်။ ယတြာလည်း ချေသွားမယ်ဆိုရင် အတိုင်းထက် အလွန်ပေါ့။ တစ်ခုတော့ ရှိတာပေါ့။ လူတစ်ဖက်သားအပေါ် မတရားသက်သက် အနိုင်ယူလိုတာမျိုးတော့ မဖြစ်သင့်ဘူး။ တရားသဖြင့်တော့ ဖြစ်ဖို့လိုပါတယ်။ တရားတယ်၊ မတရားဘူးဆိုတာ ကိုယ့်ဘာသာကိုယ် အသိဆုံးပါ။

ကဲ - ဒါဟာ ကိစ္စများမြောင် လောကီဘောင်မှာ နေ့စဉ်နှင့်အမျှ အချိန်အခါကို လိုက်ပြီး ဆောင်သင့်၊ ရှောင်သင့်တဲ့ လုပ်ငန်းစဉ်များနဲ့ ပတ်သက်လို့ ပြုလုပ်ရမယ့် အောင်မြင်စေရာ ဘဝလမ်းညွှန် ယတြာများပါပဲ"

ဦးသူတော်၏ စကားအဆုံးတွင် ကျွန်ုပ်က သီလ၊ သမာဓိ၊ အကျင့်စရဏ၊ ဘာဝနာတို့နှင့် ပြည့်စုံသော ဦးသူတော်အား ဦးသုံးကြိမ်ချပြီး တဲအပြင်သို့ ထွက်ခဲ့ပါတော့သည်။■

(မှတ်ချက်။ ဇယံအခါသည် စတုရန်း၊ သုခံအခါသည် အမြစ်၊ လာဘံသည် တြိရန်း၊ သာမန်သည် အချာ၊ ဘယံသည် ပဉ္စပွတ်၊ ဒုက္ခံသည် အညွန့်၊ မရဏံသည် ဆပွတ်အခါများသာ ဖြစ်ပါသည်။) -

* * *

ချစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



# မြသိန်း

# မြှာပွေတဲ့ အောင်စေ

(၁)

သူ့အမည်မှာ အောင်ပိုင်။

သူသည် မြန်မာပြည်တောင်ပိုင်း မြို့တစ်မြို့မှ သူဌေးသားတစ်ယောက်။

သူ၏ ဇာတိမြို့သည် မြစ်တစ်မြစ်၏ နံဘေးတွင် တည်ရှိပြီး မြစ်၏ အလယ်တွင် တောအုပ်ထူသော ကျွန်းငယ်လေး တစ်ကျွန်းရှိသည်။ မြို့နှင့် ကျွန်းအကြားရှိ မြစ်ရေမှာ ရေစီးအလွန်သန်သည်။ ကျွန်းပေါ်တွင် လူများ မနေ။ တောအုပ်ထူသော ထိုကျွန်းကို "မကောင်းဆိုးရွားကျွန်း" ဟု မြို့ပေါ်က လူများက ပြောကြသည်။ မည်သည့်အတွက်ကြောင့် မကောင်းဆိုးရွားကျွန်းဟု ပြောရသည်ကိုလည်း မည်သူကမျှ သက်သေမပြနိုင်ကြပါ။

အောင်ပိုင်မှာ အသက် ၄၀ကျော်ခန့်။ အရပ်မြင့်မြင့်၊ အသားမဖြူမညို

www.burmeseclassic.com

www.burmeseclassic.com

နှာခေါင်းချွန်ချွန်ပိုင်ရှင် အောင်ပိုင်သည် ရန်ကုန်တွင် ငယ်စဉ်က ကျောင်းအိပ်ကျောင်းစားနေ၍ ပညာသင်ခဲ့ရသည်။ တက္ကသိုလ်သို့ မရောက်ဘဲ ဆယ်တန်းတွင် တဘုန်းဘုန်းကျပြီး ကျောင်းမှထွက်ကာ မိဘများထံ ပြန်လာရသည်။ သူသည် ဉာဏ်ကောင်း၏။ သို့သော် ငွေကလည်း ရှိ၊ ရုပ်ကလည်း ဖြောင့်သောကြောင့် မိန်းမများ၏ ချစ်ခင်ခြင်းခံရသည့်အတွက် မိန်းမများနှင့်သာ အချိန်ကုန်နေသူ ဖြစ်သောကြောင့် ဆယ်တန်းမအောင်ခြင်းဖြစ်သည်။

အောင်ပိုင် အသက် ၃၀အရွယ်တွင် သူ့မိဘများ မရှိကြတော့။ တစ်ဦးတည်းသောသားဖြစ်သည့် အောင်ပိုင်သည် မိဘများ ထားရစ်ခဲ့သော ငွေကြေးများ၊ ပစ္စည်းဥစ္စာများဖြင့် နေချင်သလို နေ့နေလေတော့၏။

လူလည် အောင်ပိုင်သည် မိန်းမကို အတည်တကျ မယူ။ ဟောတစ်ယောက်၊ ဟောတစ်ယောက် ထည်လဲတွဲသည်။ ငွေရှိသူကိုး။

မြာပွေသော အောင်ပိုင်၏ အကျင့်ဆိုးကို မိန်းမများ သိကြသော်လည်း အောင်ပိုင်နှင့် တွေ့ပြီဆိုလျှင် တော်ရုံတန်ရုံ မိန်းမသည် အရည်ပျော်သွား၏။

လူလည် အောင်ပိုင်သည် လင်ရှိမိန်းမကို ရှောင်၏။

"ပွေချင်ပွေရင် လင်မရှိတဲ့ မိန်းမတွေနဲ့ ပွေရတာ စိတ်ချလက်ချရှိတယ်"

ဟု အောင်ပိုင်က သူ့အပေါင်းအသင်းများကို ပြောလေ့ရှိသည်။

ယခုလောလောဆယ်တွင် အောင်ပိုင်၏ မိန်းမဖော်မှာ ဆံပင်အနက်ပိုင်ရှင် ချောချောလှလှ အမျိုးသမီးတစ်ယောက်။ "ဝေဝေ"ဟု ခေါ်သော ထိုအမျိုးသမီးကို အောင်ပိုင်သည် ရေချိုးဆိပ်၌ ရေသွားချိုးရင်း တွေ့ခဲ့ခြင်းဖြစ်သည်။

ဝေဝေက သူသည် ဟိုးအဝေးတစ်နေရာက ရောက်လာခြင်းဖြစ်ကြောင်း၊ အလုပ်လုပ်လိုကြောင်း အောင်ပိုင်ကို ပြောသည်။ မိမိထက် အသက် ၂၀ခန့် ငယ်သော ဝေဝေကို အောင်ပိုင်သည် အိမ်သို့ ခေါ်သွားလေတော့၏။

မြစ်ဆိပ်၌ မနက် တစ်ခါ၊ ညနေ တစ်ခါ ရေချိုးလေ့ရှိသော ဝေဝေသည် အောင်ပိုင်၏ အိမ်မှုကိစ္စများကို လိုလေသေးမရှိအောင် ပြုလုပ်ပေးနိုင်၏။ အောင်ပိုင့်အလိုကျ ပြုလုပ်ပေးနိုင်၏။

"ငါ့အိမ်မှာ လာနေတဲ့ မိန်းမတွေထဲမှာ မင်းဟာ ငါ့ရဲ့ အိမ်မှုကိစ္စတွေကို အလုပ်ပေးနိုင်ဆုံးပဲ"

"ဝေဝေတစ်ယောက်
အောင်ပိုင့်အိမ်သို့ ရောက်လာပြီး
တစ်လကျော်ကျော်ခန့် အကြာ
အောင်ပိုင်သည် အရက်ကို
သောက်နေကျထက်
ပိုသောက်နေ၏။
ဤသည်ကို
ဝေဝေ သတိပြုမိသည်။
အရက်များများ သောက်မိလျှင်
သွေးဆိုးသော အောင်ပိုင်ကို
ဝေဝေက ဆက်မသောက်ဖို့
ပြောသည်။ ပြော၍မရ။"

အောင်ပိုင်က ဝေဝေကို ချီးကျူးလေ့ရှိသည်။

သို့နှင့် ဝေဝေတစ်ယောက် အောင်ပိုင့်အိမ်သို့ ရောက်လာပြီး တစ်လကျော်ကျော်ခန့်အကြာ အောင်ပိုင်သည် အရက်ကို သောက်နေကျထက် ပိုသောက်နေ၏။ ဤသည်ကို ဝေဝေ သတိပြုမိသည်။ အရက်များများ သောက်မိလျှင် သွေးဆိုးသော အောင်ပိုင်ကို ဝေဝေက ဆက်မသောက်ဖို့ ပြောသည်။ ပြော၍မရ။

ဝေဝေသည် အရက်ပုလင်း အလွတ်တစ်လုံးကို ယူ၍ ရိုက်ခွဲလိုက်ပြီး . . .

"ရှင် ဆက်မသောက်နဲ့။ သောက်ရင် ကျွန်မ သည်းမခံတော့ဘူး"

ဟု အသံကျယ်ကျယ်နှင့် ပြောလိုက်သည်။ အရောင်တောက်ပြီး နီနေသော ဝေဝေ၏ မျက်လုံးများကို ကြည့်ပြီး အောင်ပိုင်သည် သူ့ရှေ့မှ အရက်ဖန်ခွက်ကို မှောက်ချလိုက်သည်။

ထိုအခါ ဝေဝေသည် သူ၏ လက်တွင် ကိုင်ထားသော အရက်ပုလင်းကို စားပွဲပေါ် တင်လိုက်သည်။

ထိုအခိုက် အောင်ပိုင်သည် ထိုင်ရာမှ ရုတ်တရက် လျှင်မြန်စွာ ထလိုက်ပြီး ဝေဝေ၏ မျက်နှာကို လက်သီးဖြင့် ထိုးလိုက်သည်။ ဝေဝေ၏ မေးရိုးတစ်ဖက်ကို ထိပြီး ဝေဝေ လဲကျသွား၏။

အောင်ပိုင်နှင့် ဝေဝေသည် မကြာမကြာ ရန်ဖြစ်လေ့ရှိရာ ရန်ဖြစ်ပြီးလျှင်လည်း အောင်ပိုင်က ပြန်ချော့သောအခါ ဝေဝေပျော့သွား၏။

(၂)

ထိုဖြစ်ရပ်ဖြစ်ပြီး တစ်ပတ်ကျော်ကျော်အကြာတွင် ဝေဝေသည် ကိုယ်ဝန်တစ်ခုရှိသည်ဟု ဆိုကာ အခြား



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာသို့ သုံးညအိပ် ထွက်သွားသည်။

စတုတ္ထနေ့ ညနေတွင် ဝေဝေ အိမ်ပြန်ရောက်လာသည်။

အိမ်ပြန်ရောက်လာသော ဝေဝေသည် ဧည့်ခန်း၌ အောင်ပိုင်နှင့် အမျိုးသမီးငယ်တစ်ယောက် အတူတူတွဲထိုင်နေသည်ကို တွေ့လိုက်ရသည်။ ဝေဝေသည် သူတို့နှစ်ယောက် ရှိရာသို့ လျှောက်သွားသည်။

အောင်ပိုင်သည် ထိုင်ရာမှ ထ၍ အမျိုးသမီးငယ်၏ ရှေ့၌ ကာဆီး၍ ရပ်နေလိုက်သည်။

"ဝေဝေ··· သူဟာ ဒုက္ခသည် တစ်ယောက်။ နေစရာမရှိလို့ ငါ ကယ်ဆယ်ထားတာပါ"

အောင်ပိုင်က ပြောသည်။

"ကျွန်မ သူ့မျက်နှာကို မကြည့်ချင်ဘူး"

ဝေဝေသည် ထိုသို့ပြောပြီး အိမ်ပေါ်ထပ်သို့ တက်သွားသည်။ ခဏအကြာတွင် ဝေဝေသည် လှေကားထိပ်မှ နေပြီး သေတ္တာငယ်တစ်လုံးကို ပစ်ချလိုက်သည်၊ အမျိုးသမီးငယ်၏ သေတ္တာဖြစ်သည်။

အောင်ပိုင်သည် အမျိုးသမီးငယ်ကို ခေါ်၍ အိမ်မှ ထွက်ခွာသွားသည်။ ညမိုးချုပ်သောအခါ အောင်ပိုင် အိမ်ပေါ်သို့ တက်လာသည်။

"ကိုကို·· ရှင် တခြား ဘာလုပ်လုပ်၊ ကျွန်မရှိနေသမျှ ကာလပတ်လုံး ရှင် ဘယ်အမျိုးသမီးနဲ့မှ ရှုပ်ရှုပ်ယှက်ယှက် မနေရဘူး၊ ဒါပဲ။ ကျွန်မ လုံးဝသည်းမခံနိုင်ဘူး"

ဝေဝေက ငိုယိုပြီး ပြောသည်။

အောင်ပိုင်က နောက်နောင် ဒီလိုမဖြစ်စေရပါဟု ပြောပြီး ဝေဝေကို ချော့သည်။



အောင်ပိုင်သည် ခွေးမြီးကောက်နှင့် တူ၏။ သူ့အကျင့်ကို မဖျောက်။

ဝေဝေ၏ နောက်ကွယ်၌ အောင်ပိုင်သည် ငယ်ရွယ်သော ထိုအမျိုးသမီးငယ်နှင့် ဆက်သွယ်မြဲ ဆက်သွယ်၏။

ဝေဝေ၏ ဒေါသအရှိန်သည် မြင့်မြင့်တက်လာကြောင်း အောင်ပိုင်တွေ့ရသည်။ အောင်ပိုင်သည် ဝေဝေကို တဖြည်းဖြည်းကြောက်လာ၏။ အောင်ပိုင်တွင် ယခင်က ထိုကြောက်စိတ်မျိုး မရှိခဲ့။

အောင်ပိုင်၏ ဘဝတစ်လျှောက်လုံးတွင် မိန်းမတစ်ယောက်ကို ကြောက်သောစိတ်မျိုး တစ်ခါဖူးမျှ မပေါ်ခဲ့။ ဒေါသထွက်နေသော ဝေဝေ၏ မျက်နှာသည် အလွန်ကြောက်စရာကောင်းကြောင်း အောင်ပိုင်တွေ့ရသည်။

"ကဝေမ···ကဝေမ"

အောင်ပိုင်သည် ဝေဝေကို ကြည့်ပြီး စိတ်ထဲမှ ရေရွတ်တတ်သည်။

သို့သော် အောင်ပိုင်သည် ဟန်မပျက်၊ ဝေဝေကို ယခင်အတိုင်း ဆက်ဆံ၏။ အော်စရာရှိလျှင် အော်၏။ လက်သီးနှင့် ထိုးသည့်အခါ ထိုးသည်။ ခြေထောက်နှင့် ကန်သည့်အခါ ကန်သည်။ ဝေဝေကလည်း သူ့ကို ပြန်လည်ခုခံသည်။

သို့နှင့် တစ်ညနေတွင် ဝေဝေ တစ်ယောက် အိမ်မှ ရုတ်တရက်ထွက်သွားသည်။ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်။ ညဘက်တွင်လည်း ပေါ်မလာ။ နောက်တစ်နေ့တွင်လည်း ပြန်မလာ။

အောင်ပိုင်သည် အိပ်ခန်းတစ်နေရာတွင် သူဝှက်ထားသော သူ၏ ခြောက်လုံးပြူး သေနတ်ကို ရှာ၏။ လုံးဝ မတွေ့တော့။

"ဝေဝေယူသွားတာပဲ ဖြစ်ရမယ်"

(၃)

ဝေဝေတစ်ယောက် အောင်ပိုင်နှင့် ခွဲခွာသွားသည်မှာ ရက်မှ လသို့ ပြောင်းလာ၏။ ဝေဝေ မရှိတော့၍ အောင်ပိုင်သည် အခြားမိန်းမ တစ်ယောက်ကို အိမ်ပေါ်သို့ ခေါ်တင်ထားသည်။

ထိုမိန်းမကို အိမ်ပေါ် ခေါ်တင်ပြီး တစ်ရက်အကြာ၊ ညနေ မှောင်ရီဖျိုးဖျ အချိန် အောင်ပိုင်နှင့် ထိုမိန်းမ အိပ်ခန်းထဲ ရှိနေစဉ် ဆံပင်ဖားလျား မျက်လုံးနီနီနှင့် ဝေဝေ အိပ်ခန်းတံခါးဝသို့ ရုတ်တရက် ရောက်လာသည်။ အောင်ပိုင်တို့ ထိတ်လန့်သွားကြသည်။ ဝေဝေ၏ လက်ထဲတွင် အောင်ပိုင်၏ ခြောက်လုံးပြူး သေနတ်။

ဝေဝေသည် သေနတ်ကို အောင်ပိုင့်အား ချိန်ရွယ်ရင်း အိပ်ခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာသည်။ အောင်ပိုင်၏ အနီးမှ မိန်းမသည် အခန်းထဲမှ လျင်မြန်စွာ ထွက်သွားသည်။ အခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com

၌ အောင်ပိုင်နှင့် ဝေဝေ နှစ်ယောက်တည်း။

"မလုပ်နဲ့ ဝေဝေ၊ မလုပ်နဲ့"

အောင်ပိုင်၏ ကြောက်ရွံ့နေသော အသံ။

"ဟားဟားဟား"

ဝေဝေ၏ အားရပါးရ ရယ်သံ၊ ကြောက်စရာ့ ရယ်သံကြီး။

ဝေဝေသည် အောင်ပိုင့်ထံသို့ တိုးကပ်လာသည်။ အောင်ပိုင်က နောက်ဆုတ်သွားသည်။ နံရံနှင့် ထိသွားသည်။

အောင်ပိုင်နှင့် ဝေဝေ ခြေလှမ်းငါးလှမ်းခန့်သာ ကွာတော့သည်။

ချောင်ပိတ်မိနေသော အောင်ပိုင်သည် မထူးတော့ဘူးဟု ဆုံးဖြတ်ကာ ဝေဝေကို ဝင်လုံးရန် ဟန်ပြင်လိုက်သည်။ သို့သော် အောင်ပိုင် နောက်ကျသွားလေပြီ။

သေနတ်သံတစ်ချက်ထွက်လာ၏။ ကျည်ဆန်က အောင်ပိုင်၏ နလုံးသားကို ထိသွားသည်။ အောင်ပိုင် ကြမ်းပြင်ပေါ် လဲကျသွားသည်။

ဝေဝေသည် အောင်ပိုင်၏ ခန္ဓာကိုယ်ဘေးတွင် ဒူးထောက်ထိုင်လိုက်သည်။

"ဟားဟားဟား"

ဝေဝေ၏ ကြောက်စရာ ရယ်သံကြီး။

ဝေဝေ၏ မျက်နှာသည် အောင်ပိုင်၏ လည်ချောင်းသို့ ကပ်သွား၏။ ခဏအကြာ ဝေဝေသည် ကိုယ်ကို မတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ သူ၏ နှုတ်ခမ်းကို လက်ဖဝါးတစ်ဖက်ဖြင့် ပွတ်လိုက်ပြီး အခန်းထဲမှ တစ်လှမ်းချင်း ထွက်လိုက်သည်။ သူ၏ လက်တစ်ဖက်၌ ခြောက်လုံးပြူးကို ဆုပ်ကိုင်ထား၏။



အောင်ပိုင်၏ အိမ်ပေါက်ဝသို့ ဝေဝေရောက်လာသည်။ အောင်ပိုင်၏ အိမ်နီးနားချင်းအချို့ အောင်ပိုင်၏ အိမ်ရှေ့၌ ရှိနေကြသည်။

ဝေဝေသည် ခပ်တည်တည်နှင့် အိမ်ထဲမှ ထွက်လိုက်သည်။ လမ်းပေါ်သို့ ရောက်လာသော ဝေဝေကို မည်သူမျှ မဖမ်းဝံ့ကြ။ ဝေဝေ၏ လက်ထဲ၌ သေနတ်ရှိနေသောကြောင့် ဖြစ်သည်။

အမှောင်ထုက အားကောင်းလာသည်။

ဝေဝေသည် မြစ်ဆိပ်သို့ ခပ်မှန်မှန်ဆင်းသွားသည်။ လူအချို့ အိမ်ပေါ်သို့ တက်သွားကြပြီး၊ လူအချို့က ဝေဝေ့နောက်မှ ခပ်ခွာခွာလိုက်သွားကြသည်။

ဝေဝေသည် မြစ်ဆိပ်သို့ အရောက်တွင် မြစ်ထဲသို့ တစ်လှမ်းချင်း ဆင်းသွားပြီးနောက် ရေစီးသန်သော မြစ်ရေကို ဂရုမပြုဘဲ ကျွန်းဘက်ဆီသို့ လက်ပစ်ကူးသွားသည်ကို ဝေဝေ့နောက်သို့ နောက်ယောင်ခံ လိုက်သွားသူများ မြင်တွေ့လိုက်ကြရသည်။

အောင်ပိုင်၏ အိမ်ပေါ်သို့ မည်သူမျှ တက်မသွားရဲကြ။ ရဲတပ်သားအချို့ ရောက်လာကြပြီး မီးထွန်း၍ အောင်ပိုင်ရှိရာသို့ သွားကြသည်။

အောင်ပိုင် သေနေလေပြီ၊ သူ၏ ရင်ဘတ်တွင် သေနတ်ဒဏ်ရာတစ်ချက်ကို စစ်ဆေးတွေ့ရှိကြသည်။ ရဲတို့သည် အလောင်းကောင်ကို အသေးစိတ် စစ်ဆေးရာတွင် အောင်ပိုင်၏ လည်ပင်း၌ အစွယ်ရာနှစ်ခုကို အံ့သြစွာ တွေ့လိုက်ကြရသည်။

ဖြူဆွတ်နေသော အောင်ပိုင့် ခန္ဓာကိုယ်ကြီးကို ရဲတို့သည် အရပ်သားများအကူအညီဖြင့် ဆေးရုံသို့ တင်ပို့လိုက်ကြသည်။

အောင်ပိုင်၏ အိမ်မှာ အမှောင်ထုအောက်၌ ငြိမ်လျက် ကျန်ရစ်နေခဲ့၏။

ညဘက်တွင် ထိုအိမ်နားသို့ မည်သူမျှ မကပ်ရဲကြ■

* * *

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com

အောင်လရေ·· မီးတားလမ်း
ကြောင်းတွေကို သေချာလိုက်ကြည့်ပြီး
တော်ကြာ တောကို မီးကူးရင် မလောင်း
ဘူးကွ

# မင်းကြွင်းရှိ

‹ဘုံးသိန်းကျော်›

# မီးရှပ်တု



www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွာ။ ငါ သေချာကြည့်ပြီးပါပြီ။ မီးတားလမ်းကြောင်းအားလုံး စိတ်ချရပါတယ်"

"ဒါဆိုရင် ငါတို့ တောင်အောက်ကို ဆင်းပြီး အောက်ဘက်က မီးစရှို့ကြမယ်။ လာကွာ၊ တောင်အောက်ကို ဆင်းကြမယ်"

ကျော်ဒွန်းမှ အောင်လအား မေးမြန်းလိုက်ပြီး တောင်အောက်သို့ ဆင်းသွားလေ၏။ အောင်လကလည်း ကျော်ဒွန်းနောက်မှ တောင်အောက်သို့ ဆင်းလိုက်ခဲ့၏။ ကျော်ဒွန်းနှင့် အောင်လတို့မှာ ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်မြို့နယ်အတွင်းရှိ စိုင်းတင်တောင်တန်းအတွင်းရှိ "ဩရမ"ရွာလေးတွင် နေထိုင်ကြသော ခမီးလူမျိုးများဖြစ်ကြ၏။ ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားမျိုးနွယ်စုများ ရှိကြသည်။ ခမီးလူမျိုး၊ မြိုလူမျိုး၊ သက်လူမျိုး၊ နိုင်းနက်လူမျိုးနှင့် ချင်းလူမျိုးများ၊ ကမန်လူမျိုး စသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ကြလေ၏။ ထိုလူမျိုးများထဲမှ ခမီး၊ မြို၊ ချင်းလူမျိုးများမှာ တောင်တန်းများပေါ်တွင် နေထိုင်ကြသည်။ လူနည်းစုလောက်သာ တောင်တန်းများခြေရင်းတွင် နေထိုင်တတ်ကြလေ၏။

သူတို့သည် တောင်တန်းများပေါ်တွင် တောင်ယာလုပ်ခြင်း၊ သစ်တောထွက် ပစ္စည်းများအား ရှာဖွေ၍ မြို့ရွာများသို့ သွားရောက်ရောင်းချသည့် အလုပ်များကို လုပ်ကိုင်ကြ၏။ သူတို့လုပ်ကိုင်သည့် တောင်ယာအလုပ်မှာ ရွှေ့ပြောင်းတောင်ယာစနစ်ကို လုပ်ကိုင်ကြခြင်းဖြစ်သည်။ ရွှေ့ပြောင်းတောင်ယာစနစ်ဆိုသည်မှာ မိမိတို့ တောင်ယာစိုက်ပျိုး၍ အတက်အဆင်းကောင်းမည့် တောင်ကုန်းတောင်တန်းအား ရှာဖွေကြည့်ရှုရပြီး စပါးနှင့် ပြောင်း၊ ငရုတ်၊ သခွား၊ ဖရုံ စသည့် သီးနှံများ စိုက်ပျိုး၍ ကောင်းမည့် ဆင်ခြေလျှော တောင်တန်း တောင်ကုန်းများကို ပြာသို၊ တပို့တွဲလများတွင် ခုတ်ထွင်ရသည်။

တောင်ကုန်းတောင်တန်းပေါ်တွင်ရှိသော ဝါးတော၊ သစ်ပင်များအား ပင်ခြေမှ ခုတ်လှဲရ၏။ တောင်ယာခုတ်ထားသော တောင်ကုန်းအား တန်ခူးလဆန်းပိုင်းတွင် မီးရှို့ရသည်။ မီးရှို့ပြီး သုံးရက်ကျော်လျှင် မီးရှို့ထားသော တောင်ယာမှ မီးမလောင်ဘဲ ကျန်နေသော ဝါးစ သစ်စ၊ သစ်ကိုင်းများအား ကောက်ယူရှင်းလင်း၍ စပါးစိုက်မရသည့် လျှို မြောင်အတွင်း စုပုံရသည်။ ထိုကဲ့သို့ ပြုလုပ်သည်ကို (ဒေသအခေါ် ကွမ်းဆိုးခွေသည်ဟု ခေါ်သည်။) ထိုကဲ့သို့ ပြုလုပ်ရှင်းလင်းပြီး စပါးနှင့် အခြားသီးနှံများအား ဓူးထိုး၍ စိုက်ပျိုးရသည်။ ထိုကဲ့သို့ စိုက်ပျိုးပြီး သီးနှံပေါ်ချိန်တွင် သီးနှံများ ခူးဆွတ်ပြီးပါက အထက်ပါ တောင်ယာအား ထားခဲ့ပြီး နောက်တောင်ယာတစ်ခုအတွက် ရှာဖွေ၍ တောင်ယာအသစ် ထပ်မံခုတ်ရပြန်သည်။ ဤကဲ့သို့ တစ်နှစ်တစ်ခါ တောင်ယာအသစ်ရှာဖွေ ပြောင်းရွှေ့လုပ်ကိုင်သည်ကို ရွှေ့ပြောင်းတောင်ယာစနစ်ဟု ခေါ်ကြသည်။

ရွှေ့ပြောင်းတောင်ယာစနစ်လုပ်ကိုင်သည့်အတွက် တောတောင်အတွင်းတွင် ရှိသော သစ်တော၊ ဝါးတောများ ပျက်စီး ပြုန်းတီးသည့်အတွက်(ဂေဟစနစ်)ပျက်ပြီး နိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်၍ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း စသည်များဖြစ်ပေါ်ပြီးလျှင် သဘာဝ ဘေးအန္တရာယ် အမျိုးမျိုးဖြစ်ပေါ်လျက် ရှိသောကြောင့် နှစ်စဉ် နိုင်ငံအတွင်း ပြည်သူများ ဒုက္ခရောက်ကြရလေ၏။

ထို့ကြောင့်လည်း နိုင်ငံတော်မှ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်တောင်ယာစနစ် ပြုလုပ်စိုက်ပျိုးကြရန် လမ်းညွှန်ခဲ့လေ၏။ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် လှေကားထစ် တောင်ယာစနစ်ပြုလုပ်စိုက်ပျိုးနေကြပြီဖြစ်၏။ သို့သော် ပြည်နယ်အားလုံး၌မူ ၎င်းလှေကားထစ်တောင်ယာစနစ် ပြုလုပ်စိုက်ပျိုးခြင်းများ မပြုလုပ်ကြသေးပေ။

ယခုလည်း စိုင်းတင်တောင်တန်းအတွင်းရှိ ဩရမရွာသား ခမီးလူမျိုး ကျော်ဒွန်းနှင့် အောင်လတို့ နှစ်ယောက်သည် သူတို့ခုတ်ထားသော တောင်ကုန်းအား တောင်ယာစိုက်ပျိုးရန်အတွက် မီးရှို့ရန် စီစဉ်နေကြခြင်းဖြစ်လေ၏။

တောင်ယာ မီးရှို့ရသည်မှာ ဂရုစိုက်သတိထားရသည်။ မိမိတို့ ခုတ်ထားသော တောင်ကုန်းပတ်လည်တွင် မီးလောင်စေနိုင်သော ဝါးပင်၊ သစ်ပင်၊ ချုံများအား ရှင်းလင်းထားပြီး မီးတားလမ်းကြောင်း ပြုလုပ်ထားရသည်။ မီးတားလမ်းမလုပ်ဘဲ မီးရှို့မိပါက အခြားတောင်ကုန်း ဝါးတော သစ်တောများသို့ မီးကူးစက်လောင်ကျွမ်းနိုင်ပြီး မလိုအပ်သော တောမီးလောင်ကျွမ်းမှုဖြစ်၍ အဖိုးတန် သစ်တော၊ ဝါးတောများ ဆုံးရှုံးမှု ဖြစ်စေနိုင်ခြင်းကြောင့် သူတို့ခုတ်ထွင်ထားသော တောင်ယာ မီးမရှို့မီ မီးတားလမ်းကြောင်းအား သေချာမှု ရှိမရှိ ကျော်ဒွန်းမှ အောင်လအား မေးမြန်းလိုက်ခြင်းဖြစ်၏။ သေချာပြီဆိုမှ ခုတ်ထွင်ထားသော တောင်ကုန်းအောက်ခြေမှစ၍ မီးရှို့ရန် တောင်ကုန်းအောက်သို့ ဆင်းလာခဲ့ကြ၏။

"ကျော်ဒွန်း…မင်း မီးတိုက်တော့ကွာ။ ငါ စမ်းချောင်းထဲက စောင့်နေမယ်။ ဟင်းစား ငါးလေး၊ ပုစွန်လေး



www.burmeseclassic.com

www.burmeseclassic.com

ရှာလိုက်ဦးမယ်"

"အေး…အေး၊ ကောင်းတယ်။ ငါ မီးရှို့ပြီး လိုက်လာခဲ့မယ်။ မင်းသွားနှင့်"

အောင်လ၏ ပြောစကားအား ပြန်ပြောပြီး ကျော်ဒွန်းက အိတ်အတွင်းမှ မီးခြစ်ကို ထုတ်ယူပြီး မီးလောင်လွယ်သည့် ဝါးရွက်ခြောက်နှင့် သစ်ရွက်ခြောက်များ စုပုံထားသည့် မီးစာအပုံရှိရာသို့ သွားပြီး မီးခြစ်ဖြင့် မီးရှို့လိုက်လေ၏။ တန်ခူးလ၏ ပူပြင်းလှသော နေပူရှိန်ကြောင့် ကြွပ်ရှ ခြောက်သွေ့နေသော ဝါးရွက်၊ သစ်ရွက်ခြောက်များမှာ မီးခြစ်၏ မီးတောက်ကြောင့် ချက်ချင်းလောင်ကျွမ်းပြီးလျှင် ခုတ်ထားသော ဝါးတော၏ ဝါးပင်အခြောက်များသို့ ကူးစက်ကာ တစ်ခဏချင်း မီးတောက်မီးလျှံကြီးများဖြစ်ပြီး တဝုန်းဝုန်းလောင်ကျွမ်းလေတော့သည်။ မီးရှို့ပြီးသည်နှင့် ကျော်ဒွန်းသည် အောင်လရှိရာ စမ်းချောင်းသို့ လိုက်သွားလေ၏။

◆◆◆

တောင်ယာ မီးရှို့ ပြီး သုံးရက်ကျော် လေးရက်မြောက်နေ့တွင် ကျော်ဒွန်းနှင့် အောင်လတို့ နှစ်ယောက်သည် မိမိတို့ မီးရှို့ထားခဲ့ကြသော တောင်ယာတွင် မီးမလောင်ဘဲ ကျန်နေသော ဝါးစ သစ်စ သစ်ကိုင်းများအား ရှင်းလင်းရန် (ကွမ်းဆိုးခွေရန်) တောင်ယာသို့ ဓားကိုယ်စီကိုင်၍လာခဲ့ကြသည်။ မီးရှို့ထားသော တောင်ယာတွင် မီးလောင်နေဆဲ သစ်တုံးများ၊ သစ်ပင်ငုတ်များမှ မီးခိုးငွေ့များ တလူလူထွက်လျက်ရှိနေ၏။

ကျော်ဒွန်းနှင့် အောင်လတို့ နှစ်ယောက် သစ်တိုသစ်စ ဝါးတိုဝါးစများကို ကောက်ယူ၍ မီးလောင်နေဆဲဖြစ်သော သစ်တုံး သစ်ငုတ်များအပေါ် စုပုံ၍ မီးရှို့နေကြသည်။

"အောင်လရေ…ကွမ်းဆိုးတွေ သေချာခွေဟေ့။ မိုးရွာလာရင် ကွမ်းဆိုးတွေ ကျန်နေလို့ စိုက်ရပျိုးရခက်နေမယ်"

"အေးပါ၊ ကျော်ဒွန်းရယ်၊ စိတ်ချစမ်းပါ။ ဒီနှစ် စပါးလေးတောင်းလောက် စိုက်နိုင်မှ ငါတို့အတွက် ဝမ်းစာလောက်မှာမဟုတ်လား။ ဒီယာမှာ နှစ်တောင်းကျော်လောက် စိုက်နိုင်မှ၊ ငရုတ်လည်း နည်းနည်းပါးပါးညှပ်ထည့်ရမှာ။ ငရုတ်တွေ ဈေးကောင်းနေတယ်ကွ"

"မင်းပြောတဲ့ ငရုတ်တင် ဈေးကောင်းတာ မဟုတ်ပါဘူး အောင်လရယ်။ သခွားတို့၊ ဖရုံတို့လည်း ဈေးကောင်းတာပါပဲကွာ။ အပင်ဖြစ်လို့ အသီးသီးရင် ဈေးကောင်းရတဲ့ ခေတ်ပါကွာ။ အဓိက,ကတော့ အသီးအနှံဖြစ်ထွန်း အောင်မြင်ဖို့ပဲ လိုပါတယ်ကွာ"

"မင်းပြောသလိုပါပဲကွာ။ မင်းတို့ ငါတို့ဘဝက အသီးအနှံလေး ကောင်း



မှ ငွေမြင်ရတဲ့ ဘဝပါကွာ။ တခြားဝင်ငွေ ဘာမှမရှိတော့လည်း ဒီတောင်ယာ အလုပ်ကိုပဲ အားကိုးနေရတာမဟုတ်လား။ မိသားစု ထမင်းဝဝစားရရင် တော်ပါပြီကွာ"

"ဟုတ်တယ် အောင်လ။ ငါတို့ တောင်ပေါ်မှာ နေထိုင်ကြတဲ့သူတွေအဖို့ ကတော့ ဆန်နဲ့ ငပိ၊ ဆား ဒီသုံးမျိုးရှိရင် ပြည့်စုံပါပြီကွာ။ တခြား ဗာဟီရတွေ မလိုပါဘူးကွာ။ ဟင်းသီးဟင်းရွက်က တောထဲတောင်ထဲက ရတယ်။ ငါးနဲ့ ပုစွန်က စမ်းချောင်းက ရတယ်။ ဒါကြောင့် ဆန်၊ ငပိနဲ့ ဆားရှိရင် ပြီးပြီလို့ ပြောတာပေါ့ကွာ"

"မင်းပြောတဲ့ ဆန်က အခု တို့ စိုက်မယ့် တောင်ယာက ရမယ့် စပါးကို ကြိတ်ခွဲရင် ရပေမယ့်၊ ငပိနဲ့ ဆားက ငွေနဲ့ ဝယ်မှ ရမှာကွ။ ဒါကြောင့် တောင်ယာက အသီးအနှံတွေ ကောင်းမှ၊ ရောင်းချလို့ ငွေရမှ ဆားနဲ့ ငပိဝယ်လို့ ရမှာမဟုတ်လား။ ဒါကြောင့် မိုးလေဝသမှန်ပါစေ၊ အသီးအနှံတွေ အောင်မြင် ဖြစ်ထွန်းပါစေလို့ ဆုတောင်းနေမိတာပါကွာ"

ကျော်ဒွန်းနှင့် အောင်လတို့ နှစ်ယောက်သား စကားတပြောပြောနှင့် ကွမ်းဆိုးများ ကောက်၍ မီးရှို့သင့်သည်များကို မီးရှို့၊ စပါးစိုက်မရသည့် လျှိုအတွင်းသို့ ပစ်ချသည့်အခါ ပစ်ချဖြင့် တောင်ကုန်းတစ်ဝက်ကျော်ကျော် အရောက်တွင် မီးမလောင်ဘဲ ရှိနေသော တစ်လံပတ်လည်ခန့်ရှိသော ဝါးရုံငုတ် နှင့် ဝါးရွက်ခြောက်များ စုပုံနေသော နေရာတစ်ခုအား တွေ့မြင်ရ၍ ၎င်းသစ်ရွက်များအား စုပုံ၍ ဝါးငုတ်များအား ပါလာသည့်ဓားဖြင့် ခုတ်ထွင်ရှင်းလင်းပြီး တစ်နေရာတွင် စုပုံထားလိုက်ကြသည်။ ဝါးငုတ်များ ခုတ်နေသော ကျော်ဒွန်း



www.burmeseclassic.com

www.burmeseclassic.com

သည့် ဝါးငုတ်တစ်ချောင်းအား ခုတ်ယူ၍ ဝါးငုတ်ခြေရင်းရှိ ဝါးရွက်များအား လက်နှင့်စု၍ ကောက်ယူလိုက်ရာ ခုတ်ထားသော ဝါးငုတ်ခြေရင်းတွင် တွေ့မြင်လိုက်ရသည်က ညိုညစ်ညစ် အရောင်ရှိသော အရုပ်တစ်ရုပ်ဖြစ်သည်။

ကျော်ဒွန်းသည် မြင်တွေ့ရသော အရုပ်အား ကောက်ယူ၍ သေချာကြည့်လိုက်ရာ အရုပ်မှာ ငါးလက်မခန့်အမြင့်ရှိပြီး ကြေးသတ္တုဖြင့် ပြုလုပ်ထား၍ ကြေးညှိများ တက်နေသောကြောင့် ညိုပုပ်ပုပ်အရောင်ဖြစ်နေခြင်းဖြစ်၏။ အရုပ်၏ ပုံစံမှာ ဘယ်ဒူးထောက်၊ ယာဒူးထောင်အနေအထားဖြစ်ပြီး ယာဒူးပေါ်တွင် ယာလက်ကို လက်သီးဆုပ်သဏ္ဍာန်ဆုပ်လျက် ဆန့်တန့်ထားပြီး ဘယ်လက်ကို ရှေ့သို့ ဆန့်တန်းလျက် လက်ဖဝါးအား ဖြန့်၍ထောင်ထားသော အနေအထားပုံစံဖြစ်ပြီး ခေါင်းပေါ်တွင် နတ်ခေါင်းဆောင်းသဏ္ဍာန်ခေါင်းဆောင်း ဆောင်းထားသည့် ပုံစံဖြစ်လေ၏။

ကျော်ဒွန်းမှာ မည်သည့်ရုပ်တုဖြစ်သည်ကို မသိပေ။ သို့အတွက်ကြောင့် အောင်လအား မေးလိုက်လေ၏။

"ဟေ့ကောင် အောင်လ၊ ဒီမှာ ဘာအရုပ်လည်း မသိဘူးကွ။ မင်းသိမလား၊ လာကြည့်စမ်းပါဦး။ ဘုရားရုပ်တုတော့ မဟုတ်ဘူးကွ"

ကျော်ဒွန်း၏ ပြောစကားကြောင့် သစ်စဝါးစများ ကောက်ယူ စုပုံနေသော အောင်လမှာ ကျော်ဒွန်းအနီး လျှောက်လာပြီး ကျော်ဒွန်းလက်တွင်းမှ ရုပ်တုအား ယူလိုက်ပြီး သေချာစွာ ကိုင်တွယ်ကြည့်လိုက်ပြီး ပြောလိုက်သည်။

"ဟုတ်တယ် ကျော်ဒွန်း။ ဘုရားရုပ်တုမဟုတ်ဘူးကွ။ ဘီလူးရုပ်လည်း မဟုတ်ဘူး။ နတ်ရုပ်နဲ့တော့ တူတယ်ကွ။ ဘာနတ်ရုပ်လည်းတော့ ငါ မသိဘူးကွ"

"မင်းပြောသလို နတ်ရုပ်ဖြစ်မယ် ထင်တယ်ကွ။ ဒီအရုပ်က ဒီတောင်ပေါ်ကို ဘယ်လိုလုပ်ပြီး ရောက်လာတာလည်း မသိဘူးကွ။ နောက်ပြီး ဒီအရုပ်ရှိတဲ့ နေရာပတ်ဝန်းကျင်မှာလည်း မီးမလောင်ဘူး။ အခု ငါခုတ်နေတဲ့ ဝါးပင်ငုတ်နဲ့ ဝါးရွက်ခြောက်ပုံတွေ မီးမလောင်တာ ဒီအရုပ်ရှိလို့ထင်တယ် အောင်လရ"

"ဟာ···ဒါဆိုရင် ဒီအရုပ်က မီးကွင်းတဲ့ နတ်ရုပ်ဖြစ်နိုင်တယ်။ ရွာကို ပြန်ယူသွားပြီး နားလည်တဲ့ လူကြီးတွေကို ပြကြည့်ရင် သိရမှာပေါ့ကွာ"

နှစ်ယောက်သား မိမိတို့ ထင်မြင်ယူဆချက်အား ပြောဆိုလိုက်ကြရင်း ကျော်ဒွန်းက အရုပ်အား လွယ်ထားသော လွယ်အိတ်အတွင်း ထည့်လိုက်ပြီး တောင်ယာအတွင်းရှိ အမှိုက်သရိုက်များအား ရှင်းလင်းကြလေ၏။ ညနေနေစောင်း၍ နေညိုချိန်၌ နှစ်ယောက်သား အလုပ်သိမ်း၍ ရွာသို့ ပြန်ခဲ့ကြ၏။ ရွာအဝင် စမ်းချောင်း၌ ရေချိုးကြစဉ် အရုပ်အား စမ်းချောင်းမှ သဲဖြင့် ပွတ်တိုက်ဆေးလိုက်ရာ ကြေးဝါရောင် ပေါ်လာလေ၏။ အရုပ်အား အိတ်တွင်းထည့်ပြီး ရွာတွင်းသို့ ဝင်ခဲ့ကြလေသည်။ ညပိုင်းသို့ ရောက်လျှင် ကျော်ဒွန်းသည် တောင်ယာမှ ရရှိခဲ့သောအရုပ်အား ယူ၍ ရွာလယ်တွင် နေထိုင်သော ရွာ၌ အသက်အကြီးဆုံးဖြစ်သည့် ဘကြီးဦးစောဖြူအား ပြ၍ မည်သည့်ရုပ်တုဖြစ်ကြောင်း မေးမြန်းကြည့်ရာ ဦးစောဖြူမှ -

"မင်းအရုပ်က ဘာအရုပ်လဲဆိုတာ ငါလည်း မသိဘူးကွဲ့။ နတ်ရုပ်နဲ့တော့ တူတာပဲ။ ဘာနတ်ရုပ်လည်း မသိဘူး။ လက်ဝါးဖြန့်ပြီး တစ်ဖက်က လက်သီးဆုပ်ပုံစံက တစ်ခုခုကို တားမြစ်တဲ့ ပုံစံဖြစ်နေတယ်။ အင်း··· ဒီရုပ်တုက ဂုဏ်ရှိနတဲ့ ရုပ်တုတစ်ခုဆိုတာတော့ ငါပြောနိုင်တယ် ကျော်ဒွန်းရေ"

"ဘာအရုပ်ပဲဖြစ်ဖြစ် ကျွန်တော်နဲ့ ထိုက်လို့ ရတာပဲ။ ကျွန်တော် သိမ်းထားပါ့မယ်"

ကျော်ဒွန်းသည် အိမ်ပြန်ရောက်သည်နှင့် ရုပ်တုအား အိမ်ရှိ ဘုရားစင်ပေါ် တင်ထားလိုက်၏။ ကျော်ဒွန်းတို့လို တောင်ပေါ်သား တိုင်းရင်းသားများမှာ အလွန်ရိုးသားကြ၏။ ရလာသည့် အရုပ်အား ဘာအရုပ်ဖြစ်သည်၊ ဘာအကျိုးအပြစ်ပေးမည် စသည်ကို စဉ်းစားတွေးတောနေခြင်း မရှိချေ။ တောင်ယာခုတ်မည်၊ စပါးနှင့် အခြားသီးနှံစိုက်ပျိုးမည်၊ ရလာသည့် စပါးအား ဝမ်းစာထားမည်။ ဒါသည်ပင် သူတို့ဘဝ။ သူတို့မှာ ကြွားဝါရန်၊ ဂုဏ်ပြိုင်ရန်၊ အပျော်ရှာရန် မရှိချေ။ ရိုးစင်းလှသည့် သူတို့ဘဝပါပေ။

ကျော်ဒွန်းတို့သည် မီးရှို့ပြီးသည့် တောင်ယာတွင် ကွမ်းဆိုးခွေပြီးသည်နှင့် တန်ခူးလပြည့်ကျော် ၄ရက်နေ့သို့ ရောက်ခဲ့လေပြီ။ ယနေ့ ကျော်ဒွန်းတို့ အိမ်ရှိ လူများ တောင်ယာသို့ အိမ်ရှိ လူကုန် လိုက်လာကြသည်။ သင်္ကြန်လက်ဆေးမိုးအမီ တောင်ယာတွင် ကောက်ထိုးရန်အတွက်ဖြစ်သည်။ တောင်ယာလုပ်ကိုင်သည် ဆိုရာမှာလည်း *မိမိတို့တောင်ယာတွင် သင်္ကြန်* မိုးအမီ ကောက်ထိုး(စပါးစိုက်)တောင်မြေတွင် ဂူးထိုး၍ စပါးစေ့ချ စိုက်ခြင်းကို ဆိုသည်။ ပထမမိုးမီခဲ့လျှင် တောင်ယာရှိ စပါးနှင့် အခြားသီးနှံများ မြန်မြန်ပေါ်၍ ဈေးကောင်းရလေသည်။ ကျော်ဒွန်းနှင့် အိမ်သားများ မနက်ပိုင်းတစ်နက်



www.burmeseclassic.com

www.burmeseclassic.com

ကောက်ထိုး(စပါးရိတ်)ပြီး နေ့ခင်း ၁၁ နာရီအချိန် ထမင်းစားပြီး ရွာသို့ ပြန်ခဲ့ကြလေ၏။

ရွာအနီး စမ်းချောင်းအတွင်း ရေချိုးနေကြစဉ် ရွာဘက်ဆီမှ ဆူဆူညံညံ အသံများ ကြားရသောကြောင့် ရွာဆီသို့ အပြေးသွားကြရာတွင် ဝါးပေါက်သံများ ကြားကြရပြန်၏။ ရွာတွင်းသို့ ဝင်ရောက်လာရာ ကျော်ဒွန်းတို့အိမ်ဘက်မှ မီးတောက်များ လွင့်ပျံလာသည်ကို မြင်ရသောကြောင့် ခြေကုန်သုတ်၍ ပြေးလာခဲ့ကြလေသည်။ မြင်လိုက်ရသည့် မြင်ကွင်းက ကျော်ဒွန်း ရင်ဆို့ရလေပြီ။ သူ၏အိမ်မှာ မီးတောက်မီးလျှံများ ဝါးမျိုခြင်းကို ခံနေရသည့် မြင်ကွင်းကို မြင်လိုက်ရပြီး ရွာသားများမှ ရေပုံး ရေအိုးများဖြင့် ပက်ဖျန်း၍ မီးငြိမ်းသတ်နေကြလေ၏။

ကျော်ဒွန်းတို့ အိမ်သားများမှာလည်း ဝိုင်းဝန်း၍ မီးငြိမ်းသတ်ကြရာ မီးမှာ မီးညွန့်ကျိုးပြီး မီးသေသွားခဲ့လေ၏။ အိမ်မှာ မီးဖိုနှင့် အိမ်မကြီးတို့ မီးလောင်ကျွမ်းခဲ့ရပြီး ဘုရားစင်တစ်ခုသာ မီးလုံးဝ မလောင်ဘဲ အကောင်းပကတိ အတိုင်း ရှိနေသည်ကို အံ့သြစွာ မြင်တွေ့ကြရလေ၏။ ဝမ်းစာစပါးများမှာ အိမ်နောက်ဘက်၌ သီးသန့်အဆောက်အအုံနှင့် ထားသဖြင့် မီးလောင်ကျွမ်းခြင်း မခံရပေ။ မီးလောင်ပြီး နောက်နေ့၌ ရွာသားများ စုပေါင်း၍ လိုအပ်သော သစ်၊ ဝါးများ ခုတ်ယူ၍ နေ့ချင်းပြီး အိမ်ဆောက်ပေးကြသောကြောင့် ကျော်ဒွန်းတို့မိသားစု အိမ်ရရှိကြလေ၏။ တောတောင်ထဲတွင် နေထိုင်ကြသည့်အတွက် သစ်ဝါးပေါသောကြောင့် အိမ်တစ်လုံးအတွက် ပူပန်စရာမရှိချေ။ တစ်ဦးတစ်ယောက် ဒုက္ခရောက်နေလျှင် ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြ

> ကျော်ဒွန်းက ထိုင်ရာမှထပြီး ဘုရားစင်ပေါ်တွင် တင်ထားသည့် ရုပ်တုအား ယူလိုက်ပြီး ဘကြီးဦးစောဖြူလက်ထဲသို့ ပေးလိုက်လေ၏။ ရွာသားများက ဦးစောဖြူလက်တွင်းမှ ရုပ်တုအား ကြည့်ရှုကြလေ၏။ သို့သော် မည်သည့် ရုပ်တုဟူ၍ ရွာသားများ မသိပေ။ ဓိုးသားလွန်းကြသူများ မဟုတ်ပါလား။ ကျော်ဒွန်းက ရုပ်တုအား ဦးစောဖြူကို ပေးလိုက်လေ၏။

သည့် ချစ်စရာ ဓလေ့စရိုက်မှာ ခမီး တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်သည့် စိတ်ထားပင် ဖြစ်လေသည်။

အိမ်ဆောက်ပြီး၍ ညပိုင်း ကျော်ဒွန်းတို့အိမ်သစ်ပေါ်တွင် ရွာသားများ စုဝေး၍ နေကြစဉ် ဦးစောဖြူမှ-

"ကျော်ဒွန်းတို့အိမ် မီးလောင်သွားပေမယ့် ကျော်ဒွန်းတို့ ကံကောင်းတယ်လို့ ပြောရမယ်ကွဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဝမ်းစာထားတဲ့ စပါးကျီကို မီးမလောင်လို့ပဲကွ။ နောက်ပြီး အိမ်မကြီးနဲ့ မီးဖိုချောင်ကို မီးလောင်ပြီး ဘုရားစင်ကို မီးမကူး၊ မီးမလောင်တာလည်း အံ့သြစရာပဲကွဲ့။ အဲဒါ ဘာကြောင့်လဲဆိုတာ စဉ်းစားစရာပဲ"

ဦးစောဖြူ၏ ပြောစကားကို "လုဖော်" ဆိုသူ ရွာသားမှ ဝင်ပြောလာ၏။

"ဟုတ်တယ် ဘကြီးရဲ့၊ အိမ်မနဲ့ ဘုရားစင်က တစ်ဆက်တည်းရှိနေတာဘဖြစ်လို့ ဘုရားစင်ကျတော့ မီးမလောင်ဘဲ အိမ်မကြီးပဲ လောင်ရတာလဲ။ ထူးတော့ ထူးနေတာ အမှန်ပဲဗျ"

ဦးစောဖြူနှင့် ရွာသား လုဖော်၏ စကားသံအဆုံး ကျော်ဒွန်းမှ -

"ဟာ…ဟုတ်ပြီ ဘကြီးစောဖြူရေ ကျုပ် သတိရပြီဗျ။ ဟိုတစ်ခါ ဘကြီးကို လာပြတဲ့ အရုပ်ကို ကျုပ် ဘုရားစင်ပေါ်မှာ တင်ထားတာဗျ။ အဲဒီ အရုပ်ကြောင့်များ ဘုရားစင်ကို မီးမလောင်တာများလား မသိဘူး"

"ကျော်ဒွန်းပြောမှ ငါလည်း သတိရတယ်။ ဟုတ်နိုင်တယ်ကွဲ့။ အဲဒီ အရုပ်ဟာ မီးကွင်း နတ်ရုပ်များ ဖြစ်နေမလားမသိဘူး"

"ဘကြီးပြောသလို မီးကွင်းရုပ်တုဖြစ်ချင်လည်း ဖြစ်မှာပေါ့။ ဒါပေမယ့် အဲဒီအရုပ်ကို ဘကြီး စောဖြူ ယူသွားပါ နော်။ ကျွန်တော့်အိမ်မှာ မထားချင်တော့ဘူးဗျာ"

"အေးပါကွာ။ မင်းအိမ်မှာ မထားချင်ဘူးဆိုရင်လည်း ငါ့အိမ်ကို ယူသွားပြီး ငါသိမ်းထားပါ့မယ့် ကျော်ဒွန်းရယ်"

ကျော်ဒွန်းနှင့် ဦးစောဖြူတို့ နှစ်ယောက် ပြောဆိုနေကြသော စကားများကြောင့် ရွာသားများသည် နားမလည်နိုင်စွာဖြင့် ငေးမောနေကြလေ၏။ ကျော်ဒွန်းက ထိုင်ရာမှ ထပြီး ဘုရားစင်ပေါ်တွင် တင်ထားသည့် ရုပ်တုအား ယူလိုက်ပြီး ဘကြီး ဦးစောဖြူလက်ထဲသို့ ပေးလိုက်လေ၏။ ရွာသားများက ဦးစောဖြူလက်တွင်းမှ ရုပ်တုအား ကြည့်ရှုကြလေ၏။ သို့သော် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်တုဟူ၍ ရွာသားများ မသိပေ။ ရိုးသားလွန်းကြသူများ မဟုတ်ပါလား။ ကျော်ဒွန်းက ရုပ်တုအား ဦးစောဖြူကို ပေးလိုက်လေ၏။

သင်္ကြန်မိုးပြေး ရွာသွန်းပြီဖြစ်၏။ မိုးရေကြောင့် ကျော်ဒွန်းနှင့် အောင်လတို့၏ တောင်ယာမှာ ပေါင်းမြက်များနှင့် ဝါးပင်ငယ်လေးများ ပေါက်လာကြသောကြောင့် တောင်ယာတွင် ပေါင်းလိုက်ကြရလေ၏။ ပေါင်းမရှင်းပါက စိုက်ပျိုးထားသော စပါးပင်နှင့် အခြားသီးနှံပင်များအား ပေါင်းပင်၊ မြက်ပင်များ ဖုံးလွှမ်းသွားပြီး စပါးနှင့် အခြားသီးနှံများ ပျက်စီးကြရလေသောကြောင့် ပေါင်းပင်၊ မြက်ပင်များအား အချိန်မီ ရှင်းလင်းကြရခြင်းဖြစ်သည်။

ကဆုန်လဆန်း ၁၀ရက်နေ့ရောက်လာပေပြီ။ တောင်ယာတွင် စိုက်ပျိုးထားသော စပါးပင်လေးများ ခေါင်းပြူ၍ ထွက်လာပြီဖြစ်သဖြင့် ကျော်ဒွန်းနှင့် အောင်လတို့ ပျော်ရွှင်နေကြပြီဖြစ်သည်။ တောင်ယာတွင် ပေါင်းရှင်း၍ စောစောပြီးသည့်အတွက် ရွာသို့ နှစ်ယောက်သား စောစောပြန်ခဲ့ကြလေသည်။ စမ်းချောင်းတွင် ရေချိုး၍ ရွာတွင်းသို့ ဝင်သွားကြရာတွင် မြင်လိုက်ကြရသည့် မြင်ကွင်းကြောင့် အံ့ဩ ထိတ်လန့်သွားကြလေတော့သည်။ ရွာလယ်ရှိ အဘ ဦးစောဖြူ၏ နေအိမ်မှာ မီးလောင်ကျွမ်းနေပြီး မီးဖိုခန်းနှင့် အိမ်မကြီးတို့ မီးလောင်ထားပြီး မီးခိုးငွေ့များပင် မပြယ်တတ်သေးဘဲ တငွေ့ငွေ့ထွက်နေဆဲပင် ရှိသေးသည်ကို မြင်ကြရပြီး သစ်ပင်ရိပ်များတွင် ရွာသားများနှင့် အဘ ဦးစောဖြူအား မြင်လိုက်ရ၍ သူတို့ရှိရာ သစ်ပင်ရိပ်သို့ လျှောက်သွားပြီး ကျော်ဒွန်းက မေးလိုက်၏။

"ဘယ်လိုဖြစ်ရတာလဲ အဘစောဖြူရယ်။ အဘကိုယ်တိုင်ရှိတယ် မဟုတ်လား"

"ဟုတ်တယ် ကျော်ဒွန်းရေ။ ငါကိုယ်တိုင်ရှိပါတယ်ကွယ်။ အိမ်ရှေ့မှာ လှဲနေတုန်း မီးဖိုက စပြီးလောင်တာပဲကွာ။ ငါလည်း ရွာသားတွေကို အော်ဟစ် အကူအညီတောင်းလို့ ရွာသားတွေ ရောက်လာပြီး ဝိုင်းဝန်း မီးငြိမ်းသတ်ကြတာကြောင့် မီးဖိုခန်းနဲ့ အိမ်မကြီးတစ်ဝက် မီးလောင်သွားခဲ့ရတာပါပဲကွယ်"

"ဘကြီးအိမ် မီးလောင်တဲ့ပုံစံကလည်း ကျွန်တော့်အိမ် မီးလောင်တဲ့ပုံစံအတိုင်းပါပဲလား ဘကြီးရဲ့"

"အေးကွဲ့၊ ဟုတ်တယ် ကျော်ဒွန်းရဲ့၊ မင်းအိမ် မီးလောင်တဲ့ပုံစံအတိုင်းပဲ။ ဒါက ထူးဆန်းနေတယ်ကွဲ့။ ငါ့အထင်ပြောရရင် မင်းပေးလိုက်တဲ့ ဟိုရုပ်တုနဲ့များ သက်ဆိုင်နေမလားပဲကွဲ့"

"ဟုတ်တယ်နော် ဘကြီး။ ကျွန်တော်တို့ရွာမှာ မီးလောင်မှုဖြစ်တယ်ဆိုတာ တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ အခုတော့ တစ်လအတွင်း နှစ်ကြိမ် မီးလောင်မှုဖြစ်ပြီး မီးလောင်တဲ့ အိမ်နှစ်အိမ်ကလည်း ဟိုရုပ်တုရှိခဲ့၊ ထားခဲ့ဖူးတဲ့ ကျွန်တော့်အိမ်နဲ့ ဘကြီး စောဖြူရဲ့ အိမ်နှစ်ဆောင်ဖြစ်နေတာကလည်း တိုက်တိုက်ဆိုင်ဆိုင်တူနေတယ်။ ဒါက ထူးဆန်းတယ် ပြောမလား၊ အရုပ်ကြောင့်လို့ ပြောရမလား မသိတော့ဘူးဗျာ"

"မင်းပြောတာလည်း ဟုတ်တယ် ကျော်ဒွန်းရေ။ ငါတော့ မင်းပေးတဲ့ ရုပ်တုကို မသင်္ကာချင်တော့ဘူးကွာ။ အဲဒီရုပ်တုကို ဘယ်လိုလုပ်ရရင် ကောင်းမလဲလို့ စဉ်းစားနေတာကွဲ့"

"ဒီလိုလုပ်ရင် မကောင်းဘူးလား ဘကြီး။ အဲသည်ရုပ်တုကို ရွာဦး ဘုန်းကြီးကျောင်းကို သွားလှူလိုက်ရင် မကောင်းဘူးလား"

"ဘုန်းကြီးကျောင်းဆိုတော့လည်း တစ်မျိုးကောင်းတာပေါ့ကွယ်။ ဒါပေမယ့် ဖြစ်ပျက်ပုံအကျိုးအကြောင်းအစုံကိုတော့ ဆရာတော့်ကို လျှောက်ထားခဲ့ရမှာပဲပေါ့။ ဒါမှလည်း ဆရာတော်က စဉ်းစားပြီး ဆုံးဖြတ်နိုင်မှာမဟုတ်လား"

ဦးစောဖြူနှင့် ကျော်ဒွန်းတို့ နှစ်ယောက် ပြောဆိုကြပြီး ဦးစောဖြူမှ ကျော်ဒွန်းပေးထားသော ရုပ်တုအား ယူ၍ ရွာဦး ဘုန်းကြီးကျောင်းသို့ ထွက်လာခဲ့ကြလေ၏။ ဘုန်းကြီးကျောင်းသို့ ရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖြစ်ပျက်ပုံ အကြောင်းစုံအား လျှောက်ထား ပြောကြားကြပြီး ဆရာတော်အား ရုပ်တုကို ပေးအပ်လှူဒါန်းလိုက်၏။ ဆရာတော်သည် ရုပ်တုအား သေချာစွာ စစ်ဆေးကြည့်ရှုလိုက်ပြီး ပြောလိုက်လေသည်။

"အင်း…ဒီလိုပုံစံနဲ့ ရုပ်တုမျိုးကို ဘုန်းကြီး တစ်ခါမှ မမြင်ဘူးသေးဘူးကွဲ့။ ရုပ်တုက ခေါင်းမှာ ခေါင်းဆောင်းသျှောင် ဆောင်းထားပြီး ကိုယ်အထက်ပိုင်းက ကိုယ်ကျပ်အင်္ကျီပုံစံဝတ်ထားပြီး အောက်ပိုင်းက ပုဆိုးကို ခါးတောင်းကျိုက်ဝတ်ထားတယ်။ ဘာပုံစံ၊ ဘာရုပ်တုလဲဆိုတာ ဘုန်းကြီးလည်း မပြောတတ်ဘူးကွဲ့ ဒကာတို့ရဲ့။ ဒါပေမယ့် ဒကာကြီးတို့က ဘုန်းကြီးကို လာလှူတာဆိုတော့လည်း ဘုန်းကြီး လက်ခံရမှာပေါ့လေ"

ဆရာတော် ဘုန်းကြီးကလည်း ဘာရုပ်တုဖြစ်သည်ကို မသိဟု ပြောပြီး လက်ခံယူထားလိုက်သောကြောင့် ဦးစောဖြူနှင့် ကျော်ဒွန်းတို့ နှစ်ယောက် ဆရာတော့်အား ရှိခိုးဝတ်ပြုပြီး ပြန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြလေ၏။

ဦးစောဖြူနှင့် ကျော်ဒွန်းတို့ ရုပ်တုအား ရွာဦး ဘုန်းတော်ကြီးကျောင်း၌ လှူဒါန်းခဲ့ကြပြီး ၁၅ရက်ခန့်အကြာ၊ တစ်နေ့သော နံနက်ခင်း ရှစ်နာရီအချိန်ခန့်တွင် ရွာဦး ဘုန်းတော်ကြီးကျောင်းဘက်မှ ခေါင်းလောင်းထိုးသံများ ကြားကြရ၍ ရွာသားများ အပြေးအလွှား ဘုန်းကြီးကျောင်းသို့သွားကြရာတွင် ကျောင်းခြေရင်းဘက် ဝါးသုံးပြန်အကွာတွင် ရှိသော ဆွမ်းချက်ရုံလေးမှာ မီးလောင်နေသည်ကို မြင်တွေ့ကြရသောကြောင့် ရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ကြသည့်အတွက် ဆွမ်းချက်ရုံ ထက်ဝက်ခန့်သာ မီးလောင်သွားပြီး မီးငြိမ်းသွားခဲ့၏။ ဆွမ်းချက်ရုံ မီးသတ်ပြီးလျှင် ရွာသားများသည် ဆရာတော်ရှိရာ ကျောင်းပေါ်သို့ တက်သွားကြပြီး ဆရာတော်အား မေးမြန်း လျှောက်ထားကြရာ ဆရာတော်မှ မိန့်ကြားသည်မှာ…

"ဒီနေ့ ဆွမ်းချက်ရုံကို လောင်တဲ့ မီးက ထူးဆန်းတယ် ဒကာတို့။ နေ့စဉ်နေ့တိုင်း ကျောင်းက ဆွမ်းဒကာ (ကပ္ပိယ)က ဟင်းပေါင်းအိုးတည်၊ ရေနွေးအိုးတည်ပြီး မီးကို သတ်ထားနေကျပဲ။ ဒီနေ့မှ အဲဒီမီးက ဆွမ်းချက်ရုံကို လောင်တယ်ဆိုတာကတော့ ဘုန်းကြီးစိတ်ထဲ နည်းနည်းထူးဆန်းတယ်လို့ ထင်မိတယ်ကွဲ့"

ဆရာတော်၏ ပြောစကားအဆုံး၌ ဦးစောဖြူမှ -

"ဆရာတော်ကို တပည့်တော် တစ်ခုလျှောက်ပါရစေ ဘုရား။ လွန်ခဲ့တဲ့ ၁၅ရက်လောက်က တပည့်တော်နဲ့ ကျော်ဒွန်းတို့ လာလှူတဲ့ ရုပ်တုနဲ့များ သက်ဆိုင်နေလားလို့ လျှောက်ပါရစေ ဘုရား"

ဦးစောဖြူ၏ ပြောစကားဆုံးသည်နှင့် ဆရာတော်သည် သတိရသွားဟန်ဖြင့် -

"ဒကာကြီး ဦးစောဖြူ ပြောမှ ဘုန်းကြီး သတိရတယ်။ ဟုတ်မယ်၊ ဟုတ်မယ်။ အဲဒီရုပ်တုကြောင့်ပဲ ဖြစ်မယ်"

"ဆရာတော်ဘုရား…အဲဒီရုပ်တုကို ဘယ်မှာ ထားပါသလဲ ဘုရား"

"အင်း…ဟိုတစ်ခါ ဒကာကြီးတို့ လာလှူကတည်းက ဘုန်းကြီးစိတ်ထဲ မသင်္ကာလို့ အဲဒီရုပ်တုကို ကျောင်းပေါ်မှာ မထားဘဲ ကျောင်းနဲ့ ဝေးတဲ့ ဆွမ်းချက်ရုံထဲမှာ သွားထားလိုက်တယ်။ ခုတော့ ဘုန်းကြီးထင်တာ မှန်နေပြီပေါ့ ကွယ် ကိုင်း… လာကြ၊ ရုပ်တုကို သွားကြည့်ကြမယ်"

ဆရာတော်ကြီးက ပြောပြီး ကျောင်းအောက်သို့ ဆင်းသွားလေရာ ရွာသားများက ဆရာတော်ကြီးနောက်မှ လိုက်သွားကြလေသည်။ ဆရာတော်ကြီးသည် မီးမလောင်ဘဲ ကျန်နေသော ဆွမ်းချက်ရုံရှိရာသို့ သွားရောက်ပြီး အိုးများ ထားသည့် ဘီဒိုပေါ်ရှိ သင်္ကန်းစုတ်အား ယူ၍ သင်္ကန်းစုတ်အဘွင်း၌ ရုပ်တုကို ယူလိုက်ပြီး ဦးစောဖြူအား ပြောလိုက်လေသည်။

"ဒကာကြီးတို့ · · ·လာလှူတဲ့ ဒီရုပ်တုဟာ မီးကွင်းရုပ်တုလို့ ခေါ်ရင် မှန်သလိုပဲပေါ့။ ဒါပေမယ့် သူ့ရဲ့ အနီးအနား ပတ်ဝန်းကျင်တစ်လံလောက်ကိုသာ မီးကွင်းစေနိုင်ပေမယ့် သူ့ကို ထားရှိတဲ့ အဆောက်အအုံကိုတော့ မီးမကွင်းဘူးကွဲ့။ ဒါ့ကြောင့် ဒီရုပ်တုဟာ အန္တရာယ်ကြီးတဲ့ ရုပ်တုဖြစ်တယ်။ ဒါကြောင့် ဒီရုပ်တုကို ရွာနဲ့ လူနဲ့ ဝေးရာမှာသာ သွားပစ်လိုက်ကြပါလို့ ဘုန်းကြီး ပြောချင်တယ်"

ဆရာတော်၏ မိန့်ကြားသည့်စကားအဆုံး ဦးစောဖြူမှ -

"ဆရာတော် မိန့်ကြားသလိုပါပဲ ဘုရား။ ဒီရုပ်တုဟာ သူ့ကိုသာ မီးကွင်းစေတဲ့ ရုပ်တုဖြစ်တာ အမှန်ပါပဲ ဘုရား။ ပထမ ကျော်ထွန်းအိမ် မီးလောင်တယ်။ ဒါပေမယ့် ရုပ်တုရှိတဲ့ ဘုရားစင် မီးမလောင်ဘူး။ ဒုတိယ တပည့်တော်အိမ် မီးလောင်တယ်၊ ရုပ်တု တင်ထားတဲ့ ဘုရားစင် မီးမလောင်ဘူး။ အခု ကျောင်း ဆွမ်းချက်ရုံ မီးလောင်တယ်။ တစ်ရုံလုံး မလောင်ဘူး၊ ရုပ်တုရှိတဲ့ တစ်ပိုင်းကျန်နေတယ်။ ဒီရုပ်တုရခဲ့တဲ့ နေရာကလည်း တောင်ယာ မီးရှို့လို့ မီးမလောင်ဘဲ ကျန်ခဲ့တဲ့ ဝါးငုတ် ဝါးရွက်တွေကြားက ရခဲ့တာဖြစ်တယ်ဆိုတော့ ဒီရုပ်တုဟာ သူရှိနေတဲ့ အဆောက်အအုံကို မီးလောင်စေပြီး သူတစ်ကိုယ်စာ အနီးအနားမှာသာ မီးကွင်းစေတဲ့အတွက် ဒီရုပ်တုကို လူတွေမမြင်မတွေ့ရမယ့် ရေနက်တဲ့ ချောင်းထဲ၊ အိုင်ထဲကို သွားပစ်လိုက်ပါ့မယ် ဘုရား"

"အိမ်း…ကောင်းပါတယ် ဒကာကြီး စောဖြူ။ ရော့၊ အခုပဲ သွားပစ်လိုက်ပေတော့"

ဆရာတော် ကမ်းပေးလာသော ရုပ်တုအား လှမ်းယူ၍ ဦးစောဖြူသည် ချောင်းရှိရာသို့ တရွေ့ရွေ့ထွက်ခွာသွားလေတော့သည်■

* * *


မင်းခြင်းနိုင်([illegible])





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ခုနှစ်၊ ဧပြီလသည် မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော အတာနှစ်ကူးကာလပင် ဖြစ်ပေ၏။ နှစ်ဟောင်းကို စွန့်ခွာ၍ နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုကြရမည့် အချိန်အခါလည်းဖြစ်၏။ "ကူးပြောင်းခြင်း"ဟု အဓိပ္ပာယ်ရသည့် ခါသင်္ကြန် အတာနှစ်ဦးမှာ ကောင်းသော ကံကြမ္မာများကို ပိုင်ဆိုင်နိုင်ဖို့ နှစ်ကူးမှစ၍ လာဘ်လာဘတွေ ရှင်လန်းစေဖို့၊ လာဘ်ထူး လာဘ်မြတ်တွေက ဝင်လာမစဲ တသဲသဲဖြစ်စေဖို့ အစီရင်ထူးများနဲ့ တမူထူးစွာ ဖော်ပြလိုက်ပါတယ်။

**တနင်္ဂနွေသားသမီးများ**

မိမိရဲ့ အလုပ်ခန်း၊ အိပ်ခန်းတွေမှာ လာဘ်လာဘ ဖိတ်ခေါ်တဲ့ အဆောင်အဖြစ် **ပန်းဒါဝက်ဝံပုံ**ကို ချိတ်ဆွဲထားပါ။ အိတ်ကပ်ထဲမှာသော် လည်းကောင်း၊ ပိုက်ဆံအိတ်ထဲမှာသော် လည်းကောင်း၊ ခန္ဓာကိုယ်မှာသော် လည်းကောင်း ပန်းဒါဝက်ဝံရုပ်ပုံကို ဆောင်ထားနိုင်ပါသည်။ လာဘ်အထူးရှင်စေမည့် အဆောင်ကောင်းဖြစ်ပါသည်။

**တနင်္လာသားသမီးများ**

တနင်္လာသားသမီးများ ဤတစ်နှစ်တာအတွင်း လာဘ်ရှင်စေမည့်အဆောင်မှာ **ဝါးပင်များ၊ ဝါးအုပ်များ ပါသော** ပုံကို ချိတ်ဆွဲထားရန်ဖြစ်သည်။ ဉာဏ်ရှိသလို အသုံးပြု၍ အဆောင်အဖြစ်လည်း ဆောင်ထားနိုင်ပါသည်။ လာဘ်လာဘဆိုင်ရာ ဓနကံကို ဖွင့်ပေးစေသော တစ်နှစ်တာအတွက် လာဘ်ရှင် အဆောင်ကောင်းဖြစ်ပါ၏။

**အင်္ဂါသားသမီးများ**

အင်္ဂါသားသမီးများ၏ အိပ်ခန်း၊ အလုပ်ခန်း၊ အလုပ်စားပွဲ စသည့်နေရာများတွင် **သိမ်းငှက်ပန်းချီကား၊ ဓာတ်ပုံ၊ ရုပ်တု** စသည့် တစ်ခုခုကို ချိတ်ဆွဲထားပါ။ အဆောင်အဖြစ်လည်း ဆောင်ပါ။ တစ်နှစ်တာကာလအတွင်း လာဘ်ထူးဝင်စေမည့် လာဘ်ရှင် အဆောင်ကောင်းဖြစ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဗုဒ္ဓဟူးသားသမီးများအတွက် တစ်နှစ်တာအတွင်း လာဘ်ရှင်စေမည့်အဆောင်မှာ သင် ကြိုက်နှစ်သက်သော **ကား**များ၏ ပုံကို အသုံးပြုရန်ပင် ဖြစ်ပါသည်။ ရုံးခန်း၊ အလုပ်စားပွဲ၊ အိပ်ခန်းနှင့် ခန္ဓာကိုယ်တွင် ဉာဏ်ရှိသလို၊ အဆင်ပြေသလို အသုံးပြုနိုင်ပါသည်။

**ကြာသပတေးသားသမီးများ**

ကြာသပတေးများ တစ်နှစ်တာအတွင်း လာဘ်ရှင်စေမည့် ဓာတ်ပန်းချီကားမှာ သင် နှစ်သက်သော **အိမ်ပုံ**များကို ချိတ်ဆွဲ တပ်ဆင်ခြင်းပင် ဖြစ်ပါသည်။ အိမ်ပုံအသေးကို ပလတ်စတစ်လောင်း၍ အိတ်ကပ်ထဲ၊ ပိုက်ဆံအိတ်ထဲတွင် အဆောင်အဖြစ်လည်း သုံးနိုင်ပါသည်။

**သောကြာသားသမီးများ**

သောကြာသားသမီးတို့သည် မိမိတို့၏ အိပ်ခန်း၊ အလုပ်ခန်း၊ ရုံးခန်းတို့တွင် **ဇီးကွက်ပုံ**ကို တစ်နှစ်တာ လာဘ်ရှင်စေမည့် ဓာတ်ပန်းချီကားအဖြစ် အသုံးပြုနိုင်ပါသည်။ အဆောင်အဖြစ်လည်း အသုံးပြု ဆောင်ထားနိုင်ပါသည်။ တစ်နှစ်တာအတွင်း အထူးလာဘ်ရှင်စေမည့် ဓာတ်ပန်းချီ အဆောင်ဖြစ်၏။

**စနေသားသမီးများ**

စနေသားသမီးတို့၏ လာဘ်ရှင်အဆောင်ကား **လင်းပိုင်** များ၏ ပုံဖြစ်၍ အိပ်ခန်း၊ အဆောင်ခန်း၊ အလုပ်ခန်း၊ ရုံးခန်း တို့တွင် ချိတ်ဆွဲ တပ်ဆင်ရန်ဖြစ်သည်။ အဆောင်ရုပ်တုများ အဖြစ်လည်း ဆောင်ထားနိုင်ပါသည်။ တစ်နှစ်တာအတွက် ဓနကံဖွင့်၍ လာဘ်ခေါ်သော အဆောင်ပင် ဖြစ်ပါသည်။

ထိုသို့သော လာဘ်ထူးဝင်၊ လာဘ်ရှင် အဆောင်များကို အသုံးပြု၍ တစ်နှစ်တာပတ်လုံး ငွေကြေးဓန၊ လာဘ်လာဘအရာ၌ ခဲရာခဲဆစ်မရှိ အလွယ်တကူ ရှာဖွေရရှိ၍ ကံထူး၊ ကံကောင်းနိုင်ကြစေရန် ရည်ရွယ်၍ တင်ပြလိုက်ရပါတော့သည်။


* * *

သွေ့စ်တီနီးအောင်



www.burmeseclassic.com

www.burmeseclassic.com




ကျွန်မ အသက် ၅၀တင်းတင်း ပြည့်သွားပြီ။ ကျွန်မဘဝမှာ သက်တမ်း ၅၀ပဲ နေရမယ်လို့ ဗေဒင်ဆရာ တစ်ယောက်က ဟောကိန်းထုတ်ထား တယ်။ ဒါဆို ကျွန်မ သက်တမ်းပြည့် သွားပြီလား။ ကျွန်မဘဝရဲ့ နောက်ဆုံး အချိန်ကိုများ ရောက်နေခဲ့ပြီလား။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို မွေးဖွားလာကတည်းက လူ့လောကမှာ ကောင်းမှုကုသိုလ်တွေ လုပ်ဖို့ စေလွှတ်ခဲ့လေသလား ဆိုတဲ့ သံသယစိတ်တွေ ဝင်လာမိတယ်။

ခုတော့ ကျွန်မဘဝအတွက် သတ်မှတ်ထားတဲ့ အချိန်ကာလဆိုက်ရောက်လို့ လာနေပြီလေ။ ညစဉ်ညတိုင်း မက်မက်နေတဲ့ အိပ်မက်တွေကလည်း မကောင်းလှပါဘူးရှင်။ ကျွန်မ အိပ်မောကျနေချိန်ဆို အိပ်မက်ထဲမှာ အရုပ်ဆိုးဆိုး လူကြီးနှစ်ယောက် အမြဲပေါ်ပေါ်လာတယ်။ သူတို့က ကျွန်မကို သတိပေးသလိုလို ခြိမ်းခြောက်နေသလိုလို စကားတွေနဲ့ အမြဲပြောနေတယ်။

"နင့်ကို ငါတို့က လူ့လောကထဲကို လွှတ်လိုက်တာ ကောင်းမှုကုသိုလ်တွေ လုပ်ပြီး အမျှဝေနိုင်အောင် လွှတ်ထားတာ။ ခုတော့ နင်က လောကလူ့ရွာမှာ လင်နဲ့ သားနဲ့ သာယာပျော်မွေ့နေပြီပေါ့။ ငါတို့နေရာမှာ နင့်လိုပဲ လောကလူ့ရွာကို လာချင်နေတဲ့ လူတွေ အခွင့်အရေးတောင်းဆိုနေကြပြီ။ အဲဒါကြောင့် နင့်ရဲ့ သာယာပျော်မွေ့နေမှုတွေနဲ့ မိန်းမောသာယာ ပျော်ရွှင်နေတာကို လက်မခံနိုင်လို့ ငါတို့ လာခေါ်ရတာ"

"ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မကို တစ်ကြိမ်တစ်ခါတော့ အခွင့်အရေးပေးပါ။ ကျွန်မသားလေး ရှင်ပြုပြီးသွားရင် ကျွန်မ ပြန်လိုက်ခဲ့ပါ့မယ်"

"အေး၊ နင့်ကတိ နင်တည်ပါစေနော်"လို့ နှုတ်ဆက်ထွက်ခွာသွားစဉ်မှာပဲ ကျွန်မ အိပ်မက်နေရာက လန့်နိုးသွားတော့တယ်။ ကျွန်မကိုယ်မှာ ချွေးသီးချွေးပေါက်တွေနဲ့ ရွှဲနစ်သလို ဖြစ်နေတယ်။ အိပ်ရာဘေးမှာတော့ မောင်က ဘာမှအပူအပင်မရှိသလို အိပ်မောကျနေတယ်။ ရင်ထဲမှာ ဆာလောင်မွတ်သိပ်သလို ဟာတာတာဖြစ်နေတာနဲ့ ရေထသောက်ခဲ့ရတယ်။

တစ်ဖက်ခန်းထဲက ခြင်ထောင်ထဲမှာ သားကလေးလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတယ်ထင်ပါရဲ့။ ဘာလိုလိုနဲ့ သားကလေးတောင် လူပျိုပေါက်အရွယ်ဖြစ်နေပြီ၊ ဒီနှစ် ရှစ်တန်းမှာ ပညာသင်ကြားနေတယ်။ သားကလေးအသက် ၁၅နှစ်အရွယ်ဖြစ်နေတော့ ရှင်ပြုဖို့ သင့်နေပြီလေ။ မောင်ကတော့ သားလေးကို ၁၀နှစ်ကျော်ကာလကတည်းက ရှင်ပြုပေးရအောင်ဆိုပြီး တဖွဖွပြောနေပေမယ့် ကျွန်မကိုယ်တိုင်က အချိန်ဆွဲနေတာပါ။

ခုတော့ ကျွန်မကို အချိန်တန်လို့ သက်ဆိုင်ရာက နေပြီး လာခေါ်နေပြီလား မသိပါဘူး။ ကျွန်မမှာ ဒီလင်၊ ဒီသားလေးနဲ့ ဘယ်လိုခွဲခွာပြီး ထားပစ်ရက်နိုင်မှာလဲ။ သားကလေးဆို ကျွန်မအပေါ် သံယောဇဉ်တွယ်တာနေလွန်းလို့ ညအိပ်ချိန်ရောက်တိုင်း သူ့ခေါင်းလေးကို ပွတ်သပ်ချော့မြှူ သိပ်ပေးနေရတုန်းပဲ။ ကျွန်မရဲ့ အထက်ဆင် ထဘီစလေးကို ကိုင်ပြီးမှ အိပ်ပျော်တတ်တယ်။ ကျွန်မယောက်ျားကလည်း ကျွန်မတို့ သားအမိသုံးယောက် ထမင်းစားကြတဲ့ အခါတိုင်း ဇလုံထဲမှာ ထမင်းနဲ့ ဟင်းရည်ကို နယ်ဖတ်ပေးထားပြီး ဇွန်းတစ်ချောင်းတည်းနဲ့ ထမင်းလက်ဆုံစားနေကျလေ။ ကျွန်မအပေါ်မှာ တွယ်တာသံယောဇဉ်ကြီးနေကြတဲ့ ဒီမိသားစုလေးဘဝထဲက ဘယ်လိုရုန်းထွက်နိုင်ပါ့မလဲရှင်။

◆◆◆

ကျွန်မသားလေးကို ရှင်ပြုပေးပြီးသွားချိန်မှာတော့ ကျွန်မ အိပ်မက်ထဲကို ထပ်မံရောက်လာခဲ့ကြပြန်တယ်။ ထုံးစံအတိုင်း ကျွန်မကို ပြန်လိုက်ခဲ့ကြဖို့ ခေါ်နေခဲ့ပြန်တယ်။ ကျွန်မကတော့ ဘယ်လိုမှ လိုက်ဖို့ အခွင့်မသာသေးတာကြောင့် ငြင်းဆန်နေပြန်တယ်။ သူတို့တွေဟာ ကျွန်မအပေါ် မကျေမနပ်နဲ့ ဒေါကန်ပြီး ပြန်သွားကြတယ်။ သူတို့က ကျွန်မကို အခွင့်သာတာနဲ့ ပြန်ခေါ်မယ်ဆိုပြီး သတိပေးသွားကြတယ်။

ဒီလိုနဲ့ မောင် အလုပ်ပြောင်းရွှေ့သွားရာ ဒေသတွေဆီကို ကျွန်မတို့ မိသားစု လိုက်လံပြောင်းရွှေ့သွားနေကြတယ်။ မောင်က အလုပ်တာဝန်တွေနဲ့ မအားမလပ် အလုပ်ရှုပ်နေတယ်။ သားလေးကလည်း ဆယ်တန်းစာမေးပွဲဖြေဆိုဖို့ ကျူရှင်တက်ပြီး အပြင်းအထန်ကြိုးစားနေတယ်။ ကျွန်မကတော့ အားလပ်တဲ့ အချိန်တွေ အိမ်မှာ ဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီးတွေ ကပ်လှူပြီး ဘုရားရှိခိုးနေလေ့ရှိတယ်၊ တစ်ခါတစ်ရံ အချိန်ရရင်တော့ ပုတီးပတ် ကိုးပတ်ရအောင် အဓိဋ္ဌာန်ပုတီးစိပ်လို့ ကောင်းမှုကုသိုလ်ပြုနေခဲ့တယ်။

မောင် အလုပ်ကနေ စောစောပြန်လာတဲ့ နေ့တွေဆို ညနေပိုင်း အိမ်မှာ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ကာရာအိုကေသီချင်းတွေ သီဆိုနေလေ့ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင်က သီချင်းကိုပဲ နားထောင်တတ်တယ်၊ မဆိုတတ်ဘူးလေ။ ကျွန်မနဲ့ သားလေးကပဲ ဒိုင်ခံ သီဆိုနေတတ်တယ်။ ကျွန်မတို့ သားအမိက နှစ်ယောက်အတူတူတွဲပြီး "ပန်းချစ်သူ"သီချင်းကို စုံတွဲ ဆိုကြတယ်၊ ဒီသီချင်းကို မောင်က ကြိုက်နှစ်သက်လို့ အမြဲပွဲတောင်းတာနဲ့ မောင့်ကိုယ်စား သားလေးက ဆိုပေးရတယ်။ မောင်က သီချင်းဆုံးသွားရင် ဝမ်းသာအားရ လက်ခုပ်တီးပြီး ဩဘာပေးလို့ ဂုဏ်ပြုလေ့ရှိတယ်။

အခုလို ပျော်ရွှင်စရာကောင်းလှတဲ့ မိသားစုဘဝလေးကို တည်ဆောက်

www.burmeseclassic.com

ပြီး ကျွန်မတို့မိသားစု ပျော်ရွှင်ချမ်းမြေ့နေခဲ့ကြတာပေါ့။ မောင်ဟာ အရမ်းအေးဆေးပြီး သဘောကောင်းလွန်းသူဖြစ်ပါတယ်။ ကျွန်မနဲ့ သားလေးကို ရောက်လေရာအရပ်မှာ ပျော်ရွှင်အောင် စီစဉ်ပေးထားတယ်။ ကျွန်မတို့ မိသားစု အားလပ်ရက်နေ့တွေဆို ထမင်းချိုင့်၊ ရေဘူးကိုယ်စီသယ်ပြီး မန္တလေးမြို့ပေါ်က မဟာမြတ်မုနိဘုရားကြီးပေါ်မှာ အေးအေးလူလူသွားနေပြီးတော့ ပျော်ပွဲစားလို ဘုရားပေါ်မှာပဲ စားကြသောက်ကြတယ်။

ဒီလိုနဲ့ မောင် ရာထူးတက်ပြီးတော့ မန္တလေးမြို့ကနေတစ်ဆင့် တောင်ငူမြို့ကို ပြောင်းရွှေ့ကြရတယ်။ တောင်ငူ ၄မိုင် ကျောက်ထုတ်လုပ်ရေးစခန်းကို စခန်းတာဝန်ခံအဖြစ်နဲ့ ပြောင်းရွှေ့ခဲ့ရတယ်။ ကျွန်မတို့မိသားစုလည်း ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းပြီး ကားကြီးနဲ့ တောင်ငူမြို့ကို ပြောင်းလာခဲ့ကြတယ်။

သားကလေးကလည်း ဆယ်တန်းအောင်သွားပြီဆိုတော့ တောင်ငူမြို့က ဂျီတီအိုင်ကျောင်းမှာ ပညာဆက်သင်နေရတယ်။ ကျွန်မတို့ နေထိုင်ရတဲ့ တောင်ငူ ၄မိုင်စခန်းနဲ့ဆို ၈-မိုင်လောက်ဝေးတဲ့ ကံရိုးရွာနားက ဂျီတီအိုင်ကျောင်းမှာ နေ့စဉ် ကျောင်းတက်သွားနေရတယ်။ ကျွန်မက သားလေးအတွက် ဆယ်တန်းအောင်တဲ့ အထိမ်းအမှတ်နဲ့ ဖီးလ်ဆင့် ပန်းကမ္ဘာစက်ဘီးလေးတစ်စီးကို တောင်ငူမြို့ကနေ ဝယ်ပြီး လက်ဆောင်ပေးခဲ့တယ်။

သားကတော့ စက်ဘီးအသစ်ကလေးရလို့ ဝမ်းသာပျော်ရွှင်နေတယ်။ တစ်ခါတစ်ရံ စခန်းနဲ့ ၄မိုင်လောက်ဝေးတဲ့ တောင်ငူမြို့ထဲဆီကို စက်ဘီးလေးစီးပြီး ကျူရှင်သွားတက်ရတယ်။ မောင်ကတော့ ကျောက်ထုတ်စခန်းထဲမှာပဲ ကျောက်ဆိုဒ်တွေ လိုက်လံ စစ်ဆေးနေရတာနဲ့ အားလပ်တယ်ကို မရှိပါဘူး။

ကျွန်မကတော့ အချိန်အားလပ်ပြီဆိုတာနဲ့ အိမ်ရှေ့နားဆီမှာ တည်ထားတဲ့ "ရွှေဘုန်းမြင့်"စေတီလေးပေါ်ကို သွားရောက် အချိန်ဖြုန်းနေတယ်။ ဘုရားပေါ်မှာ ပန်းတွေ လဲလှယ်ပေးပြီး တံမျက်စည်းလှည်းကျင်းနေတယ်။ ရွှေဘုန်းမြင့်စေတီလေးဟာ ဟိုးယခင် စခန်းတာဝန်ခံတွေ အဆက်ဆက်ကတည်းက တည်ထားကိုးကွယ်လာခဲ့တာပေါ့။

ကျွန်မနဲ့ ဒီရွှေဘုန်းမြင့်စေတီလေးဟာ ပတ္တာန်းဆက်ရှိခဲ့လို့လား မသိပါဘူး။ ကျွန်မစိတ်တွေဟာ ဘုရားပေါ်မှာပဲ အချိန်ပြည့် ကုသိုလ်ကောင်းမှုလုပ်ချင်စိတ်တွေ ဖြစ်ပေါ်ခဲ့စားနေရတယ်။ ဘုရားပေါ်မှာ ဝေယျာဝစ္စတွေကို လုပ်ကိုင်နေရတာကိုပဲ စိတ်က ကြည်နူးသာယာနေမိတယ်။ ညဘက် ရောက်ပြီဆိုလျှင်တော့ ကျွန်မနဲ့ မောင်နှစ်ယောက်အတူတူ ဘုရားရင်ပြင်တော်ပေါ်မှာ ဘုရားရှိခိုးပြီး ပုတီးအတူတူစိပ်လေ့ရှိကြတယ်။ စေတီလေးပတ်ပတ်လည်မှာ လျှပ်စစ်မီးတွေ သွယ်တန်းထွန်းထားပေးလို့ ညမှောင်မှောင်မဲမဲကြီးမှာ စေတီလေးဟာ မီးရောင်နဲ့ ပလ္လာတင့်နေခဲ့တယ်။

အဲဒီလို ညဘက် စေတီပေါ်မှာ မောင်နဲ့ ကျွန်မ ပုတီးအတူတူစိပ်နေကြချိန်မှာ မောင်ဟာ သူ့မွေးနံထောင့် အင်္ဂါနံမှာ စိပ်ပြီး ကျွန်မကတော့ ကျွန်မမွေးနံထောင့် သောကြာနံနေရာမှာ ထိုင်ပြီး ပုတီးစိပ်လေ့ရှိကြတယ်။

အဲဒီလို ပုတီးစိပ်နေချိန်မှာ ကျွန်မ အနောက်ဘက် နေရာကနေ ခြေသံလိုလို လူဖြတ်လျှောက်နေသလိုလို အသံတွေ နားထဲမှာ ကြားလာနေရတယ်။ ညဘက်မှာ စခန်းထဲက ဝန်ထမ်းတွေ ညတာဝန်ကျ ဝင်ရောက်ဖို့ ဖြတ်လျှောက်သွားသံလို့ပဲ စိတ်မှာ ထင်မှတ်နေခဲ့တယ်။

ဒါပေမယ့် ကျွန်မတစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ ထိုင်ပြီး သောကြာနံထောင့်နေရာမှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တွေ လှူပြီး ပုတီးစိပ်နေချိန်မှာ နောက်ကနေ ခြေသံတွေဟာ နားမှာ အမြဲကြားကြားနေရတယ်။ ကျွန်မတစ်ယောက်တည်း ပုတီးစိပ်နေရတာမို့ စိတ်ထဲမှာ ကြောက်စိတ်ဝင်လာတယ်။ မောင့်ကို အင်္ဂါနံထောင့်မှာ ပုတီးစိပ်ပြီးသွားတာနဲ့ ကျွန်မရှိရာကို လာပြီး ထိုင်စောင့်ပေးဖို့ တိုးတိုးတိတ်တိတ်မှာကြားထားရတယ်။ အဲဒီလို မောင် အနားမှာ ရှိနေရင်တော့ ဘာသံမှ မကြားရတော့ပြန်ဘူး။

◆◆◆

ကျွန်မ ဒီရွှေဘုန်းမြင့်စေတီလေးပေါ်မှာ နေ့စဉ်သွားပြီးတော့ ဘုရားဝေယျာဝစ္စတွေ လုပ်နေတာကို မောင် အလုပ်ကနေ ပြန်လာတဲ့အခါတိုင်း တွေ့မြင်နေရတော့···

"သင်းရေ···ဟောဒီ စေတီလေးပေါ်က ထီးတော်ကို အသစ်လဲလှယ်ပေးကြရင် မကောင်းဘူးလားဟင်"

"ကောင်းတာပေါ့ မောင်ရယ်။ သင်းလည်း ဒီကို ပြောင်းလာပြီးကတည်းက ဟောဒီ ရွှေဘုန်းမြင့်စေတီလေးနဲ့ ပတ္တာန်းဆက်ရှိနေလို့လား မသိပါဘူး၊ ဘုရားရင်ပြင်တော်မှာပဲ ဝေယျာဝစ္စလုပ်ရင်း၊ နေချင်နေတယ်"

"ကောင်းပြီလေ။ ဒါဆို မောင် ဖြစ်အောင် စီစဉ်လိုက်မယ်နော်။ ရန်ကုန်ကို လေးလပတ် အစည်းအဝေးသွားရင် အပြန်မှာ ကြည့်မြင်တိုင် ပဒင်းဝေ့နေးက



www.burmeseclassic.com

www.burmeseclassic.com

ထီးတော်အသစ်ဝယ်လာခဲ့မယ်"

မောင်ဟာ ကျွန်မဆန္ဒတွေ ပြည့်ဝအောင် အမြဲဖြည့်ဆည်းပေးတတ်တဲ့ ပါရမီဖြည့်ဘက်တစ်ဦးလိုပါပဲ။ စေတီလေးဝန်းကျင်မှာ ရှုပ်နေတဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို သဒ္ဓါတပည့် အကျဉ်းသား ဘုတ်တွေ ခေါ်ပြီး ခုတ်ထွင်ရှင်းလင်းနိုင်းခဲ့တယ်။ စေတီလေးဘေးမှာ ချုံတွေကို ရှင်းလင်းလိုက်တဲ့ အခါမှာတော့ မသုံးတာ ကြာပြီဖြစ်တဲ့ စေတီလေးဘေးနားက ရေတွင်းပျက်ကြီးတစ်ခုပေါ်လာတယ်။ ဒီရေတွင်းကိုလည်း အသစ်ပြန်ဆဲယ်မယ်လို့ မောင်က သဒ္ဓါတပည့်တွေကို မှာကြားခိုင်းစေနေတယ်။

စေတီလေးရဲ့ ဝင်ပေါက် လေးဘက်နေရာမှာလည်း လှေကားရင်းမှာ ခြသေ့်ရုပ်ထုနှစ်ခုစီ ထုလုပ်ပေးဖို့ အကျဉ်းသား ပန်းရံပန်းပု ကျွမ်းကျင်သူကို ခိုင်းနေခဲ့တယ်။ ဒီရွှေဘုန်းမြင့်စေတီလေးဟာ စခန်းတာဝန်ခံအဆက်ဆက်မှာ မပြုမပြင်ဘဲ ထားခဲ့ကြတာ။ မောင်ရောက်လာမှပဲ ပြန်လည်မွမ်းမံပြင်ဆင်ထားလို့ ကြည်ညိုစရာ သပ္ပာယ်နေတယ်။ လေးမိုင်ရွာထဲက ကျောက်တွင်းသွားတူးနေကြတဲ့ ရွာသူရွာသားတွေဟာ အံ့သြဝမ်းသာကြပြီး စေတီလေးရှေ့က ဖြတ်သွားကြတဲ့အခါတိုင်း စေတီပေါ်မှာ ပန်းလှူ ရေချမ်းလှူနဲ့ ပျော်ရွှင်ကြည်နူးနေကြတယ်။

ကျွန်မလည်း ကိုယ့်အိမ် ဗာဟီရကိစ္စတွေနဲ့ အလုပ်ရှုပ်နေခဲ့တာ ကျွန်မအသက်ကို ဆန်းစစ်ကြည့်မိတော့မှ အသက် ၅၀ ပြည့်သွားခဲ့ပြီပဲ။ ကျွန်မချစ်တဲ့ 'ယောက်ျားနဲ့ သားလေးတို့ကို လူ့ဘဝကြီးထဲမှာ အတူတူလက်တွဲပြီး လျှောက်လှမ်းလာခဲ့ကြတဲ့ အချိန်ကာလ ၂၅နှစ်ရှိလာခဲ့ပြီ။ ကျွန်မအဖို့ ဘာကိုမှ မက်မောတွယ်တာမှု မရှိတော့ပါဘူး။ ဘာသာရေးမှာပဲ အပြီးတိုင်အောင် ဇောက်ချလုပ်ဆောင်နေခဲ့တယ်။

တစ်ခါတစ်ရံ လေးမိုင်ရွာနားက လေသာတောင် ကျောင်းဝင်းထဲသို့ လှူဖွယ်ဝတ္ထုပစ္စည်းတွေနဲ့ အတူသွားရောက်ခဲ့တယ်။ အဲဒီကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော် ဦးပဏ္ဍိတဆီ သွားရောက် ဖူးမြော်လေ့ရှိတယ်။ ကျောင်းထဲမှာတော့ တောင်ငူမြို့ပေါ်ကနေ နေ့စဉ် နေ့တိုင်း ဆရာတော်ကျောင်းကို ရောက်လာပြီးတော့ အုန်း ငှက်ပျောပွဲတွေ၊ ပန်းတွေ လာလှူနေတဲ့ ကျောင်းဒါယိကာမလေး မဘီဝါးခေါ် မသန်းသန်းလွင်နဲ့ ဆုံခဲ့ကြတယ်။ နောက်တော့လည်း ဘုန်းကြီးကျောင်းမှာ ဝင်ထွက်သွားလာကြရင်း ညီအစ်မတွေလို ရင်းနှီးခင်မင်သွားခဲ့ကြတယ်။ တစ်နေ့မှာတော့ . . .

"ဒကာမလေး . . . ခု အသက်ဘယ်လောက်ရှိသွားပြီလဲ" လို့ ကျောင်းထိုင်ဆရာတော် ဦးပဏ္ဍိတက မေးမြန်းလာတယ်။ မိမိအသက် ၅၀ပြည့်သွားပြီလို့ ဆရာတော်ကို ပြန်လျှောက်ခဲ့တယ်၊ ဆရာတော်ဟာ သိုက်ဆက်တွေကို ကူညီစောင့်ရှောက်ပေးနေတဲ့ ဆရာတော်တစ်ပါးဖြစ်တယ်။

"ဖြစ်နိုင်မယ်ဆိုရင်တော့ ဒကာမလေးကို အကြံပေးချင်ပါတယ်၊ အသက် ၅၀ ပြည့်သွားချိန်မှာ လိုရမယ်ရ သိုက်ပွဲတစ်ပွဲလောက် တင်ထားပေးစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်ဟာ ဆုတ်ကပ်ထဲ ရောက်နေတယ်။ သိုက်ထဲက လူတွေကလည်း အပြင်ကို ထွက်ချင်ကြလို့ လူစားလဲဖို့ တောင်းဆိုနေကြပြီကွဲ့"

ကျွန်မ သဘောပေါက်သွားပါတယ်။ ဆရာတော် သတိပေးစကား ပြောလာခဲ့သလို၊ ညစဉ် အိပ်မက်ထဲမှာ ကျွန်မကို လာခေါ်နေသူတွေရဲ့ အိမ်မက်ကလည်း [illegible]

ကျွန်မ အိမ်ကို ပြန်ရောက်တဲ့ အချိန်ထိ စိတ်နှလုံးတဝက်မှာ ပျောက်ကျနေခဲ့တယ်။ ကျွန်မ ယောက်ျားနဲ့ သားလေးကိုလည်း မခွဲနိုင်ခွာရက်အောင် သံယောဇဉ်တွေ တွယ်နှောင်ရစ်ပတ်နေမိတယ်။ မောင်ကလည်း ရွှေဘုန်းမြင့်စေတီပေါ်က ထီးတော်အသစ်လဲလှယ်တပ်ဆင်နိုင်ဖို့ အလုပ်တွေကို ကျုံးပြီးလုပ်နေရှာခဲ့တယ်။ သားလေးကလည်း စက်ဘီးအသစ်လေး သွားပြီးကတည်းက နေ့စဉ် တောင်ငူမြို့ပေါ်ကို ကျူရှင်တက်မယ်ဆိုပြီး ထွက်သွားနေတာ အမေ့အနားကယ်တယ် မရှိတော့ဘူး။

အဲဒီနေ့က သောကြာနေ့ဖြစ်ပါတယ်။ မနက် အိပ်ရာက မထမီ ညဘက် ညဉ့်လယ်လောက်မှာ မက်လာတဲ့ အိပ်မက်ကိုပဲ အကြိမ်ကြိမ်အဖန်ဖန်တွေးတောစဉ်းစားနေမိတယ်။ ထုံးစံအတိုင်း အိပ်မက်ထဲမှာ ရောက်လာနေကျ အမွေးစုတ်ဖွားနဲ့ ရုပ်ဆိုးဆိုး လူကြီးနှစ်ဦးရောက်လာခဲ့ပြန်တယ်။

"ဘယ်လိုလဲ၊ ဒီတစ်ခါ ငြင်းနေဦးမှာလား။ နင် ကတိတွေ ပျက်ခဲ့ပေါင်းများနေပြီ၊ ငါတို့ကလည်း နင့်ကို တစ်ပါတည်းပါအောင် ခေါ်ခဲ့ဖို့ အထက်ကနေ အမိန့်ပေးလို့ ရောက်လာခဲ့ရတာပဲ။ နင်ခုတစ်ခါတည်းလိုက်ခဲ့တော့"

"ဟုတ်ပါတယ်ရှင်။ ကျွန်မအပြစ် ကျွန်မ သိပါတယ်။ ကျွန်မမှာ နောက်ဆုံး အလှူတစ်ခုလုပ်ဖို့ ရှိနေပါတယ်။ ရွှေဘုန်းမြင့်စေတီတော်ပေါ်မှာ ထီးတော်အသစ် ကပ်လှူပူဇော်ပြီးလို့ ကျောမှ

www.burmeseclassic.com

ကာသိုလ်လုပ်ပြီး အမှုဝေပြီးချိန်မှာ ပြန်လိုက်ခဲ့ပါ့မယ်လို့ ကတိပေးပါတယ်"

"အေး၊ နင် ကတိတွေ ပျက်လို့ မရဘူး။ နင့်ကို စောင့်ကြည့်နေမယ်"

ကျွန်မ ခုလို ကတိပေးလိုက်မှပဲ ကျေနပ်သွားဟန်တူပါတယ်။ အဲဒီအချိန်မှာ ကျွန်မ အိပ်မက်ကနေ လန့်နိုးသွားပြီး ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်ဖြစ်နေခဲ့တာကို အိပ်ပျော်နေရာမှ နိုးလာတဲ့ မောင်က ကျွန်မ ပခုံးနှစ်ဖက်ကို ကိုင်ပြီး လှုပ်မေးနေတယ်။

"သင်း…ဘာဖြစ်နေတာလဲဟင်"

ဆိုပြီး ကျွန်မကို ငွတ်အတင်းမေးနေတယ်။

ကျွန်မလေ မောင့်ကို ဒီအဖြစ်အပျက်တွေအကြောင်း အမှန်အတိုင်း ဖွင့်ပြောပြချင်ပေမယ့် မောင် စိတ်မကောင်းဖြစ်သွားမှာ၊ စိုးရိမ်ကြောင့်ကြဖြစ်သွားမှာကို တွေးကြောက်နေမိတယ်။

"ဘာမှမဖြစ်ပါဘူး မောင်ရယ်။ အိပ်မပျော်ဘဲ ကယောင်ကတမ်းတွေ ယောင်ထွက်ပြောမိနေတာပါ။ ကဲ - မောင်၊ အိပ်ရအောင်နော်"

လို့ ပြောပြီး တစ်ညတာကို လူးကာလွန့်ကာနဲ့ အိပ်ပျော်တစ်ချက် မပျော်တစ်ချက်နဲ့ မိုးစင်စင်လင်းသွားတယ်။ မိုးလင်းပြီး နံနက် ၆နာရီလောက် မောင်က အလုပ်ထဲ ထွက်သွားတယ်။ သားလေးကလည်း မနက် ၇နာရီလောက်မှာ ကျောင်းသွားတက်ဖို့ ပြင်ဆင်နေတယ်။ မောင် အလုပ်ကနေ နံနက်စာစား ပြန်လာစားဖို့ ထမင်းကြော်နဲ့ ကော်ဖီပြင်ပေးထားခဲ့တယ်။

အားလုံး အဆင်သင့် လုပ်ကိုင်ပြီးစီးသွားမှ အိမ်ရှေ့မှာ ရှိတဲ့ ရွှေဘုန်းမြင့်စေတီဘက်ကို လျှောက်လာခဲ့တယ်။ ရင်ပြင်တော်ပေါ်မှာ ရှိနေတဲ့ ဘုရားပန်းအိုးတွေကို ရေအသစ်လဲလှယ်ပေးနေတယ်။ ပြီးမှ ရင်ပြင်တော်ပေါ်မှာ တံမြက်စည်းလှည်းကျင်းနေခဲ့တယ်။ ထိုစဉ်မှာပဲ မောင်ဟာ နံနက်စာစားဖို့ အိမ်ပြန်ရောက်လာတယ်။

"သင်း…စောစောစီးစီး အိပ်ရာက ထပြီး ပန်းလာလဲနေတာလား"

"ဟုတ်တယ် မောင်။ ညက အိပ်မပျော်ဘဲ အစောကြီး နိုးနေတာနဲ့ မောင်နဲ့ သားစားဖို့ ထမင်းကြော်ထားတယ်။ ကော်ဖီလည်း ဖျော်ထားတယ်"

"ဖေကြီး… ရန်ကုန်ရုံးချုပ်က အရေးကြီးလို့တဲ့၊ ဖုန်းလာနေတယ်"

မောင်နဲ့ ကျွန်မတို့နှစ်ယောက် ထမင်းကြော်စားဖို့အတွက် အိမ်ထဲ ဝင်လာနေတုန်းမှာ သားက ဖုန်းလာနေကြောင်း လှမ်းပြောလို့ မောင့်ခမျာ ဖိတ်ပူမီးတိုက် အိမ်ထဲ ပြေးဝင်သွားခဲ့တယ်။ သားလေးကတော့ ကျောင်းတက်သွားဖို့ အိမ်ထဲကနေ စက်ဘီးစီးပြီး ထွက်သွားတယ်။

"ဒီနေ့ ၉နာရီ၊ လေးလပတ် အစည်းအဝေးတက်ရမယ် ဟုတ်လား။ ဘယ်လိုလုပ် အချိန်မီမှာလဲဗျာ။ တောင်ငူနဲ့ ရန်ကုန် ၁၇၆မိုင်တောင် ဝေးတာ။ ဘယ်လိုလုပ်ပြီး မီမှာလဲ၊ ခုပဲ ၈-နာရီထိုးတော့မယ်"

မောင်နဲ့ ရုံးချုပ်က လူနဲ့ ဖုန်းအချီအချပြောနေတယ်။ ကျွန်မစိတ်တွေ အလိုလိုနေရင်း လေးလံထိုင်းမှိုင်းလာနေတယ်။ ဒီလောက် ခရီးအဝေးကြီးကို ကြိုတင် ဖုန်းဆက်အကြောင်းမကြားဘဲ အချိန်နီးမှ ကပ်ပြောတာ ရုံးချုပ်က လူတွေရဲ့ လုပ်ရပ် တမင်ညစ်ပတ်မှန်း သိသာတယ်။ မောင်ကတော့ အစည်းအဝေးကို မီချင်မှ မီမယ်။ အခု မီရာကားနဲ့ ထွက်လာမယ်လို့ တစ်ဖက်ကို ပြန်ပြောနေရင်း ကျွန်မကို ဟင်းနံဘက် အိတ်ထဲ ယူနီဖောင်းတစ်စုံနဲ့ အရပ်ဝတ်နှစ်စုံ မြန်မြန်ထည့်ခိုင်းနေတယ်။

ဒီ သောကြာနေ့မနက်စောစောကတည်းက ကျွန်မစိတ်တွေဟာ အစိုးမရနိုင်အောင် လှုပ်လှုပ်ရှားရှားဖြစ်နေတယ်။ မောင့်အတွက် လိုအပ်မယ့် ပစ္စည်းတွေကို အိတ်ထဲ စုပုံထည့်ပေးနေရတယ်။ သွားခါနီးမှာ မောင်က ဟိုမှာ သုံးစွဲဖို့ ငွေတစ်သိန်းတောင်းတာနဲ့ ထီးတော်တင်ဖို့ ရည်စူးထားတဲ့ ငွေထဲက ထုတ်ပေးလိုက်ရတယ်။ မောင်ဟာ ကျွန်မ ထည့်ပေးထားတဲ့ အိတ်ကို ကမန်းကတန်းဆွဲပြီး အိမ်ရှေ့မှာ ရပ်ထားတဲ့ ရိုမ်းဂျားကားပေါ်က တပည့်တင်စိန်ကို ကားကိုတ်ဆီ အမြန်မောင်းခိုင်းတော့တယ်။

ခါတိုင်းဆို မောင်ဟာ ခရီးထွက်သွားတိုင်း အိမ်ပေါက်ဝနေရာမှာ ရပ်ကြည့်နေတဲ့ ကျွန်မကို လက်ပြ နှုတ်ဆက်သွားလေ့ရှိတယ်။ ဒီနေ့တော့ ရန်ကုန်က အစည်းအဝေးကို မီချင်တဲ့ ဇောနဲ့ ကားပေါ် ကမန်းကတန်းတက်ပြီး ထွက်သွားနေစဉ်မှာပဲ နားထဲမှာ အကြားအာရုံတွေ၊ အကြောအချဉ်တွေ ပျက်လောက်အောင် ဆူညံမြည်ဟိန်းလာနေတယ်။ ကျွန်မနားထဲမှာ ဆင္ဒမအာရုံနဲ့ ဆိုင်တဲ့ အသံတွေ ရုတ်တရက် ကြားလာရတယ်။

"နင် - လာ၊ လိုက်ခဲ့တော့"ဆိုတဲ့ အသံကြီး ကြားလိုက်ရပြီးနောက် ကျွန်မ အရပ်ကြိုးပြတ် လဲကျသွားတယ်။ ဒီအသံဟာ မရဏဝိညာဉ်ခေါ်သံပဲ ဖြစ်ပါတယ်■

* * *

စိုးဝေ



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်ပွားဝိညာဉ်

မြယာပင်မောင်တင်ယုံ



ကျွန်ုပ် မောင်ဖိုးစီ အသက် ၂၀ ...နှ်အရောက် လွန်ခဲ့သော ၁၉၇၃ခုနှစ် ...နှ်လောက်က ဖြစ်သည်။ ထိုစဉ်က ...ကျွန်ုပ် မောင်ဖိုးစီသည် ဝန်ထမ်းတစ်ဦး ...အဖြစ် ရုံးတက်နေစဉ်ဖြစ်သည်။ တစ်နေ့ ...ဆောင်းခါနီး ညနေ ၄နာရီခန့်အချိန်တွင် ကျွန်ုပ်၏ အစ်မတော်တစ်ယောက်က ကျွန်ုပ်ထံ ဖုန်းဆက် လှမ်းအကြောင်းကြားလေတော့သည်။

"မောင်လေး...ရန်ကုန်ဆေးရုံကြီးကို အမြန်လိုက်လာပါ။ အစ်ကိုမြင့်နိုင် အတော်ဖြစ်လို့ ဆေးရုံတင်ထားရတယ်"

ကျွန်ုပ်၏ အစ်ကိုကြီး အစ်ကိုမြင့်နိုင်ဆိုသူမှာ အသက် ၁၈နှစ်အရွယ်ခန့်ကတည်းက ၁၀တန်း အောင်မြင်ခဲ့ပြီးသည်မှ ကုန်သွယ်လယ်ယာဌာနတွင် အလုပ်ဝင်ခဲ့လေသည်။ ယခု သူ့အသက် ၃၉နှစ်ရှိပြီးဖြစ်၍ လုပ်သက် ၁၉နှစ်တိုင်ခဲ့ပေပြီ။ ရာထူးအားဖြင့်လည်း ဒိုင်မှူးကြီးရာထူးဖြင့် သုံးခွမြို့ အနောက်ဘက်ကမ်း "အောင်မိတ်သာ" စပါးအဝယ်ဒိုင်တွင် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်သည်။

ကျွန်ုပ်၏ အစ်ကိုကြီး အစ်ကိုမြင့်နိုင်သည် အိုမင်းမစွမ်း မိဘနှစ်ပါးအား အိမ်ထောင်မပြု၍ လုပ်ကျွေးသမှုပြုနေသော လူပျိုကြီးတစ်ဦးဖြစ်သည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးတုတ်ခိုင်ခိုင်၊ အသားဖြူဖြူ၊ ကျန်းမာရေးလည်း အလွန်လိုက်စားသူဖြစ်ပါလျက် မြန်မာ... ကြီး အတော်နေမကောင်းဖြစ်လို့ ဆေးရုံတင်လိုက်တယ်ဟု ကြားသိရသော

www.burmeseclassic.com

အခါ ကျွန်ုပ်မှာ အလွန်အမင်း အံ့သြခြင်းကြီးစွာဖြင့် ဆေးရုံကြီးသို့ အလျင်အမြန်လိုက်သွားဖြစ်လေတော့သည်။

အစ်ကိုကြီးအား ယခုပင် ရန်ကုန်ဆေးရုံကြီး၏ မျက်နှာစာ ဗိုလ်ချုပ်လမ်းတစ်ဖက်ခြား ဦးနှောက်နှင့် အာရုံကြောဆေးရုံ၏ နောက်ကျော တောင်ကုန်းပြေပြေကလေးပေါ်ရှိ ဆေးရုံဆောင်တွင် တွေ့မြင်ရသည်။

အစ်ကိုကြီးသည် ယခုလို စပါးအဝယ်ရက်တွင် မြို့ပေါ်ရှိ အိမ်သို့ မပြန်။ နိုင်မှာပင် တစ်လကိုးသီတင် ညဥ့်အိပ်ညဥ့်နေ နေလေ့ရှိသည်။ သူ့တပည့်များက နိုင်မှာပင် ချက်ပြုတ်ကျွေးသည့်ထမင်းကို စားသည်။

ထိုနေ့ကလည်း နေ့လယ် ၁၁နာရီထိုးခန့် နံနက်စာ ထမင်းကို စားနေစဉ် ဝုန်းဆို နောက်ပြန်လဲကျသွားသည်မှစ စကားမေးမရ၊ သတိလက်လွှတ်သွားသည်မှာ ကျွန်ုပ် ဆေးရုံရောက်သည့်တိုင်ထိပင်။

အစ်ကိုကြီးအား တင်ထားသော ဆေးရုံအဆောင်သည် အလွန်ကြီးမား ကျယ်ပြန့်သော သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း နှစ်ထပ်ဆောင် ရှေးဦးအဆောက်အဦကြီးတစ်ခုဖြစ်သည်။ ထိုမျှ ကျယ်ဝန်းသော်လည်း ထိုဆေးရုံအဆောက်အဦတွင် အပေါ်ထပ်ကို မသုံး။ အပေါ်ထပ်တက် ကြီးမားကျယ်ပြန့်သည့် လှေကားကြီးထိပ်အဝင်တံခါးကို သော့ခတ် ပိတ်ထားကြောင်း တွေ့မြင်ရလေသည်။

အောက်ထပ်တွင်လည်း အဝင်မိန်းတံခါးပေါက်ကြီး၏ ညာဘက်နံဘေးကပ် တစ်ဖက်တွင်သာ အဆောက်အအုံ၏ မျက်နှာစာ သံဇကာကွက်ကာနံဘေး ခုတင် ၁၀လုံးခန့်နှင့် ထိုခုတင်တို့၏ ခြေရင်း လူသွားလမ်းကလေးတစ်ဖက်ခြား တစ်ဖက်နံရံကပ် ခုတင် ၁၀လုံးခန့်ကိုသာ တွေ့မြင်ရလေသည်။

ထို့အပြင် လူနာဆို၍လည်း ကျွန်ုပ်အစ်ကိုကြီးနှင့် ခြေချင်းဆိုင် အလယ် လူသွားလမ်းကလေးတစ်ဖက် ခုတင်တွင် အသက် ၇၀၊ ၇၀ကျော်ခန့်ရှိ ဦးဝင်းစံဆိုသော လူကြီးတစ်ဦးနှင့် ထိုဦးဝင်းစံ၏ ညာဘက်ဘေးတစ်ဖက် ခုတင်တွင် အသက် ၁၇/၁၈နှစ်ခန့်သာ ရှိဦးမည့် လွန်ခဲ့သော ၆လခန့်က ခွဲစိတ်ခံရသော မောင်ရဲဝင်းဆိုသည့် လူနာတစ်ဦးသာ ရှိလေသည်။

ကျွန်ုပ် ဆေးရုံရောက်ပြီး မရှေးမနှောင်းမှာပင် ဆရာဝန်ကြီးနှင့် လက်ထောက် ဆရာဝန်များ၊ သူနာပြုများ ရောက်လာပြီး လုံးဝ သတိပြန်လည်မရရှိသေးသော အစ်ကိုကြီးအား ဆရာဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် ကိုယ်ကိုတစောင်းကွေး ခါးရိုးဆီကို ထုတ်ကြလေတော့သည်။ ရောဂါစစ်တမ်းရာရန်ဖြစ်လေသည်။

ထို့အပြင် ၁၅မိနစ်ခြားခန့်တစ်ခါ လက်ထောက်ဆရာဝန်များ တစ်လှည့်၊ အလုပ်သင် ဆရာဝန်ကလေးများ တစ်လှည့် လာရောက်ပြီး အစ်ကိုကြီး၏ ခြေဖဝါးနှစ်ဖက်အစုံအား ဒလိမ့်တုံးသဖွယ် ကိရိယာကလေးဖြင့် အထက်အောင် ပွတ်သပ်လိမ့်ခြေ စမ်းသပ်ကြလေသည်။ အစ်ကိုကြီးသည် တစိုးတစိမျှ တုန်ခါသွားခြင်း၊ တွန့်သွားခြင်း အလျဉ်းမရှိ ပကတိအတိုင်း ငြိမ်လျက်သာပင်။ ထိုရောဂါ လာရောက်စမ်းသပ်ကြလေသော ဆရာဝန်ကလေးများက-

"လူနာအခြေအနေကတော့ မကောင်းဘူး၊ အရေးကြီး မိတ်သားချင်းများကို ခေါ်ထားကြပါ"ဟူ၍သာ ပြောပြောပြီး ပြန်လှည့်သွားတတ်ကြလေသည်။

ထိုစဉ် ကျွန်ုပ် အစ်ကိုကြီး၏ ဘယ်ဘက် ခုတင်နှစ်လုံးခြား အစွန်ဆုံးခုတင်သို့ အရေးပေါ် လူနာတစ်ဦး ရောက်လာလေတော့သည်။

ထိုလူကြီးမှာ ကော့မှူး-ကွမ်းခြံကုန်းဘက်မှ လယ်သမားဦးကြီးတစ်ဦးဖြစ်ကြောင်း သိရလေသည်။ အသားညိုညို၊ ကိုယ်လုံးတုတ်တုတ်ခိုင်ခိုင်၊ အရပ်ထောင်ထောင်မောင်းမောင်း။ ထိုဦးကြီးအဖြစ်ကလည်း သနားစရာ။ ယနေ့ညနေ လယ်တောက အပြန်ခြေချင်းဝတ်အား ပိုးထိ(မြွေကိုက်)လိုက်သောကြောင့်ဖြစ်သည်။ တစ်ခုအခက်တွေ့ရသည်မှာ ကိုက်လိုက်သောမြွေသေပါမလာခြင်းပင်။

ထို "ဦးအောင်ခ" အမည်ရှိ လယ်သမားကြီးသည် ဆေးရုံသို့ ရောက်လာသည့်အချိန်မှစ တစ်စိမျှ ဂဏှာမငြိမ်။ မျက်စိနှစ်ကွင်းဝိုင်းဝိုင်းစက်စက်ကြီးသည် ပြာဝေနေပုံဖြင့် ဟိုကြည့် ဒီကြည့် ဝေ့ရမ်းလိုက်ကြည့်နေ၏။ ညိုသောအသားတို့သည်လည်း ပြာနှမ်းနေသည်။ ထို့ထက်ထူးသည်မှာ လူနာခုတင်ပေါ်တွင် လှဲမနေ။ တစ်အောင့်အကြာ ဆောင့်ကြောင့်ထထိုင်၏။ နောက်တစ်အောင့်အကြာ ခုတင်ပေါ်မှာပင် မတ်တတ်ကုန်းထ၏။ နောက် ဆောင့်ကြောင့်ထိုင်ပြန်၏။ ထိုအခါတိုင်း သူ့ခုတင်ဘေး ဝိုင်းသားများဟူ၍ ထင်ရသူ့ လူငယ်များက သူ့အား ဝိုင်းချုပ်၊ ပါးစပ်မှလည်း "အဖေ ဘာမှမဖြစ်ရဘူး။ အဖေ ဘာမှမဖြစ်ရဘူး။ ခု ဆေးရုံရောက်နေပြီ။ အဖေ လှဲနေနော်"ဟူ၍ ဝိုင်းပြော၊ အတင်းဆွဲလှဲကြလေသည်။ ထိုလူကြီးက မရ။ ထိုင်လိုက် ထလိုက်၊ ပြူးပြူးပျာပျာ မျက်လုံးရွဲကြီးများနှင့် ဝေ့ကိုက်ကြည့်လိုက်နှင့်သာ ဖြစ်နေတော့သည်။ ထိုစဉ် သားကြီးဖြစ်ဟန်တူ



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

သော လူရွယ်က -

"အဖေ. . . ဘာလုပ်ချင်လို့လဲ၊ အဖေလုပ်ချင်တာ ပြော၊ ဖြစ်ရစေမယ်" ဟု ဆိုသောအခါ ထိုလူငယ်အား အသေအချာစိုက်ကြည့်ပြီး -

"ငါ အမဲနှပ်စားချင်တယ်"ဟူ၍ ဆိုလေသည်။ ထိုဦးအောင်ခနှင့်အတူ ရှာမှ ပါလာလေသော အခြားလူကြီး နှစ်ဦးက ငွေစက္ကူရွက်များ ထုတ်ပေးသဖြင့် ဆေးရုံကြီးရှေ့ ကုလားထမင်းဆိုင်မှ အမဲကြော်၊ အမဲနှပ်များ ပြေးဝယ်ပြီး ဝမ်းသာအားရ ကျွေးနေသည်ကို ကျွန်ုပ် တွေ့မြင်ရလေသည်။ ဦးအောင်ခသည် ထိုအသင့်ဝယ်လာသော အမဲကြော်၊ အမဲနှပ်ထုပ်ကို ဆွဲ၊ အငမ်းမရ ပလုတ်ပလောင်း တစ်တုံးပြီး တစ်တုံး အားရပါးရ ဝါးအုပ်နေလေတော့သည်။

"ငါ အိမ်သာသွားချင်တယ်"

အမဲကြော်၊ အမဲနှပ်တို့ ကုန်လေသော် အိမ်သာသွားချင်ကြောင်း၊ အဆောင်အစွန်းတစ်ဖက်ထိပ်ရှိ အဝတ်စိအင်္ဂတေကိုင် လှေကားထစ်ကလေးဖော် ငါးခန်းတွဲ အိမ်သာဆီသို့ လက်ညှိုးထိုး၊ ပါးစပ်မှလည်း ကုန်းအော်ပြောပြန်လေ၏။

"အဖေ. . . ဒီခုတင်ဘေးမှာပဲ သွား။ ဟောဒီမှာ ပလတ်စတစ်ခင်းပေးမယ်။ ကျွန်တော်တို့ကို ဘာမှအားမနာနဲ့ သွားသာ သွား။ အိမ်သာအထိတော့ မသွားရဘူး"

ထိုအခါ ခြေသလုံးအထိ စည်းနှောင်ထားသော အဝတ်စကို ဆွဲဖြေရင်း -

"ဟော့. . . ငါ အိမ်သာပဲ သွားမယ်၊ [illegible] တို့ ဘယ်သူမှ မလိုက်နဲ့၊ [illegible]"ဟူ၍ အတင်းတွန်းထိုး၊ [illegible]များကို ကန်ကျောက်နေ

တာ တွေ့မြင်ရလေသည်။ သို့သော် သားများက အတင်းဝိုင်းချုပ်၊ ဖခင်လုပ်သူအား တယုတယ ခုတင်ပေါ်မှ ချီမချ၊ အဆောင်တွင်းဝင် နံရံ နံဘေးကပ်တစ်ဖက် ခုတင်စောင်းတွင်ပင် ကျင်ကြီးစွန့်ခြင်းကိစ္စကို ပြီးစေလေသည်။

သူ စွန့်လေသော ကျင်ကြီးအနံ့သည် အလွန်မှ အနံ့ဆိုးညစ်ပောင်ပြီး ကတ္တရာစေးကဲ့သို့ ချွဲပစ်၊ အရောင်အဆင်းအားဖြင့်လည်း မည်းနက်ချိတ်နေကြောင်းလည်း တွေ့မြင်ရလေသည်။

◆◆◆

ထိုညတွင် ကျွန်ုပ်နှင့် အထက်အောက်ဖွား ကျွန်ုပ်၏အစ်ကို အစ်ကိုလေး ကိုထွန်းလှနှင့် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်သည် အစ်ကိုကြီး လူနာအား စောင့်အိပ်ကြရန် ဆေးရုံမှာ ကျန်ခဲ့လေ၏။

ည ၁၁နာရီတီးခန့်တွင် ကျွန်ုပ် အစ်ကိုကြီး၏ ခြေရင်း ခြေချင်းဆိုင်ခုတင်မှ "ဦးဝင်းစံ"ဆိုသော လူနာမှာ ရင်ဘတ်ကြီးတစ်ခုလုံး ဖာဖိုဆွဲဘိသို့ ဖောင်းလိုက် ပိန်လိုက်ဖြစ်လာရာ သူ့ခုတင်နံဘေး လူနာစောင့် ခုံတန်းကလေးပေါ်ထိုင် အသက် ၃၀ ဝန်းကျင်ခန့်ရှိ အစ်ကိုတစ်ဦးမှ ဆရာဝန်အား ပြေးအကြောင်းကြားသည်ကို တွေ့မြင်ရလေသည်။

ကျွန်ုပ်တို့ ညီအစ်ကိုသည် ထိုလူနာအဖြစ်ကို ကြည့်ရင်း အစ်ကိုလေး ကိုထွန်းလှက ကောက်ကာငင်ကာ -

"အဲဒါ အမောဖောက်တယ်လို့ ခေါ်တယ်။ မကြာခင် သူသေတော့မှာကွ"ဟု ကျွန်ုပ်အား လှမ်းပြရင်း ပြောနေလေသည်။

ထိုစဉ် ဆရာဝန်၊ သူနာပြုများ အပြေးအလွှားရောက်လာပြီး ပိတ်ဖြူလိုက်ကာပါ ဒေါက်စင်များကို ထိုဦးဝင်း

စံ၏ ခုတင်ကို ပိတ်ဆီးကာရင်း အခွဲဆုတ်စက်တပ်သူတပ်၊ အောက်ဆီဂျင်သွင်းသူသွင်း။ ဆရာဝန်ကိုင် နားကျပ်ဖြင့် စမ်းသူက စမ်း၊ အလုပ်ရှုပ်နေသည်ကို တွေ့မြင်နေရသည်။ ထိုစဉ်မှာပင် ထို ဦးဝင်းစံထံမှ "ဂီး. . . ဂီး. . ."ဆိုသော အသံကြီး ရှေ့ဆင့်နောက်ဆင့် မေးထိုး လည်ခါ ထွက်လာသံကြားရပြီးခဏ လူလည်း ဇက်ကျိုးငြိမ်ကျသွားလေတော့သည်။

ဆရာဝန်ကြီးသည် မျက်စိနှစ်ကွင်းအား အသင့်ပါလာသော လက်နှိပ်မီးဖြင့် ထိုးကြည့်၊ ရင်အစုံအားလည်း နားကျပ်ဖြင့် ထောက်စမ်းအပြီးတွင် ခေါင်းတစ်ချက်ယမ်း၊ တပ်ဆင်ထားသောပိုက်တွေအားလည်း ဖြုတ်သိမ်းနိုင်းပြီး ဖြည်းညင်းသာသာ ထွက်သွားလေတော့သည်။

လိုက်ကာတပ်ဆင် ဒေါက်စင်အကာများ ပြန်သိမ်းအပြီး ကျွန်ုပ်တို့ညီအစ်ကို လှမ်းအကြည့်မှာတော့ စောစောက လှိုင်းထသလို ခုန်နေသော ရင်အစုက ငြိမ်ကျနေသည်ကို တွေ့မြင်ရလေသည်။

ထို့ထက်ပို၍ ထူးထူးခြားခြားတွေ့မြင်ရသည်မှာ ခုတင်ပေါ်တွင် ဆန့်ဆန့်ကြီး ငြိမ်သက်နေရာမှ ဆရာဝန်၊ ဆရာမများ ထွက်ခွာအသွား မြင်ကွင်းကအဲ့ပျောက်မှာပင် ပကတိ လူကောင်းတစ်ယောက်အသွင် ကုန်းထ၊ သူ့ခုတင်စောင်းနံဘေး ခြေတွဲလောင်းချ လူနာစောင့် ဟိုအစ်ကိုကြီးနှင့် မျက်နှာချင်းဆိုင်ထိုင် စကားတွေပြောနေတာ တွေ့မြင်ရလေတော့သည်။ သူတို့ ဘာတွေပြောနေမှန်း မသိရသော်လည်း တစ်အောင့်အကြာတွင် ထိုလူနာစောင့်အစ်ကိုသည် ခြေရည်သုတ် မတ်ခွက်ကြီးဆွဲပြီး ဆေးရုံရှေ့ ဈေးဆိုင်တန်း



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ ထွက်သွားကြောင်း တွေ့မြင်ရလေသည်။

အပြန်တွင် မတ်ခွက်တွင်း နွားနို့ရည်နှင့် ကြက်ဥ၊ ပေါင်မုန့်တို့ ဝယ်လာကြောင်း တွေ့ရပြီး၊ ထိုနွားနို့တွင် ကြက်ဥတွေ ဖောက်ထည့် ဇွန်းနှင့် ခလောက်၊ နှောက်ပြီး အသင့်ပါလာသည့် ပေါင်မုန့်တွေနှင့် စောစောက အမောဖောက် လူနာ ဦးဝင်းစံ အားရပါးရသောက်စားနေသည်ကို တွေ့မြင်ရလေတော့သည်။

ထိုစဉ် သူ့ခုတင်တစ်ဖက်ဘေး "မောင်ရဲဝင်း"ကုတင်အား ဆရာဝန်၊ ဆရာမများ ဝိုင်းလာပြန်သည်။ လိုက်ကာ .ပိတ်ဖြူတပ်ဆင်ထားသည့် ဒေါက်ခုံများ ဝိုင်းကာနေသည်ကိုလည်း တွေ့မြင်ရလေသည်။

တစ်အောင့်အကြာ လိုက်ကာဒေါက်ခုံများ ဖြုတ်သိမ်းအပြီး မောင်ရဲဝင်းကို ကြည့်လိုက်သောအခါ မောင်ရဲဝင်းသည်လည်း သူ့ခုတင်ပေါ်တွင် မလှုပ်မယှက် ပကတိ ငြိမ်သက်လျက်။

ထိုစဉ် ကျွန်ုပ်၏ အစ်ကိုကြီးလူနာအား ဆရာဝန်ကြီးများ လာရောက်၊ သူတို့ သိလိုသည်များ မေးမြန်း၊ လူနာအစ်ကိုကြီးအား ခန္ဓာကိုယ်ကြီးအား ခန္ဓာကိုယ်အနံ့အမျိုးမျိုးအဖုံဖုံ စမ်းသပ်နေသည်ကို တွေ့မြင်ရပြီး ဆရာဝန်ကြီးမှ ကျန်လက်ထောက် ဆရာဝန်/ ဆရာဝန်မများအား လိုအပ်သည်များ မှာကြား၊ ဆရာဝန်/ဆရာမများကလည်း အသင့်ပါလာသော စာအုပ်စာရွက်များတွင် ရေးမှတ်နေသည်မို့ ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက် တစ်ဒင်္ဂအားဖြင့် ဘေးပတ်ဝန်းကျင်ကို မေ့လျော့နေခဲ့သည်။

ဆရာဝန်/ . ဆရာဝန်မများ၊ အစ်ကိုကြီးလူနာခုတင်ဘေးမှ ထွက်ခွာသွားအပြီး ကြည့်လိုက်သောအခါ -

"အမလေး…သားရဲ့ အမေတို့ကို ပစ်သွားရက်တော့မှာလား"ဆိုပြီး စောစောက ကုန်းအော်ဆီးငိုလိုက်တဲ့ မောင်ရဲဝင်းအမေက ခုတော့ ခုတင်ပေါ်မှာ အကျအနထိုင်၊ နံ့ဘေးကနေ ထမင်းလုတ်တွေကို တစ်လုတ်ပြီး တစ်လုတ် ခွံ့ကျွေးနေလေရဲ့၊ မအေလုပ်သူ ခွံ့ကျွေးနေတဲ့ ထမင်းလုတ်တွေကို ပလုတ်ပလောင်းထိုင်ပြီး အမြိန့်သား စားနေတာ မောင်ရဲဝင်းမှ ဟုတ်ပါ့မလား လို့တောင် ထင်စရာဖြစ်ရသည်။

အမှန်ပင် မောင်ရဲဝင်းတစ်ယောက် သူ့အမေ ခွံ့ကျွေးသမျှ ထမင်းတွေကို တစ်ပန်းကန်ပြီး တစ်ပန်းကန် ကုန်စင်အောင် စားနေတာကို တွေ့မြင်ရလေတော့သည်။ ထိုအဖြစ်ကို ကျွန်ုပ်နှင့် ကျွန်ုပ်အစ်ကို အစ်ကိုလေး ကိုထွန်းလှတို့ မျက်ဝါးထင်ထင်တွေ့မြင်၊ အံ့အံ့ဩဩဖြစ်နေသော်လည်း ကျွန်ုပ်သည် မအောင့်အီးနိုင်လောက်အောင် အပေါ့သွားချင်သည်နှင့် ရေအိမ်သို့ သုတ်ခြေတင် အပြေးသွားလေ၏။

ကျွန်ုပ် ထိုရေအိမ်အဆောင်သို့ အဝင်တွင် ငါးလုံးတွဲ အိမ်သာတစ်လုံးမှ တံခါးဖွင့် ဆင်းလာသော ဦးဝင်းစံကို တွေ့မြင်ရလေသည်။ ဦးဝင်းစံ၏ လူနာစောင့် အစ်ကိုက တံခါးဖွင့် ဆင်းလာသော ဦးဝင်းစံအား အပြင်မှ စောင့်၊ အသာအယာ လက်မောင်းတစ်ဖက်ဆွဲ အိမ်သာအတက်လှေကားထစ်မှ ချော်မကျရလေအောင် တွဲဆင်းနေသည်ကို တွေ့ရခြင်းဖြစ်သည်။

ကျွန်ုပ်သည် ထိုဦးဝင်းစံ နံ့ဘေးမှ ဖြတ်၊ တစ်ဖက်ဘေး အိမ်သာအဝင်မှာပင် -

"ဟာ…ဦးလေး၊ နေကောင်းသွားပြီလား"ဟူ၍ နှုတ်ဆက်လိုက်ရာ သူကလည်း မဆိုင်းမတွ ဝမ်းသာအားရလေသံဖြင့် "အေးကွ၊ ကောင်းသွားပြီ" ဟူ၍ ပြောသွားခဲ့သေးသည်။

ကျွန်ုပ် အပေါ့သွားနေစဉ် အဝေးမှ ည ၂နာရီတီး သံချောင်းခေါက်သံကို ကြားလိုက်ရလေသည်။

အပေါ့သွားကိစ္စအပြီး အိမ်သာမှ ထွက်လေသော် ကျွန်ုပ်အစ်ကိုကြီး လူနာဆောင်အခန်းအပြင်အဝ ဆေးရုံ အဆောက်အဦကြီး၏ အတွင်းဘက် အပေါ်ထပ် တက်/ဆင်းလှေကားကြီး ခြေရင်းဘက်ဆီမှ "ဝေါ့…ဝေါ့"ဆိုသည့် လူတစ်ယောက် ထိုးအန်သံကို စူးစူးဝါးဝါးကြားလိုက်သည်နှင့် ဘယ်လိုပါလိမ့်ဆိုသော သိချင်ဇောဖြစ်မိလေသည်။ ကျွန်ုပ်သည် လူနာအစ်ကိုကြီး ခုတင်မှ အဖြတ်၊ ထိုအသံရှိရာအရပ်သို့ အရောက်သွားလေသော် အသက်အားဖြင့် ၃ဝကျော် ၄ဝအတွင်းခန့်သာ ရှိဦးမည့် အမျိုးသားတစ်ဦးအား ဘီတပ်လက်တွန်း စတီးခုတင်ကြီးပေါ်တွင် ဝမ်းလျားမှောက်အိပ်စေ၍ ခေါင်းနှင့်မျက်နှာကို တစ်ဖက်ခေါင်းရင်း ခုတင်စွန်းထုတ် တဝေါ့ဝေါ့ထိုးအန်စေသည်။ ဘိုအမျိုးသားသည် ခုတင်အောက်ခြေရှိ အသင့်ထောင်ထားသော ပလတ်စတစ်ပုံးဝိုင်းကြီးထဲသို့ အသွင်မပြတ် ဝေါ့ခနဲ…ဝေါ့ခနဲ ထိုး…ထိုးအန်ချနေသည်ကို တွေ့မြင်ရလေသည်။ ထိုအမျိုးသား အန်လိုက်သည်မှာ အရည်များသာဖြစ်၍ ထိုအရည်များသည်လည်း အဝါ၊ အစိမ်း၊ အနီ၊ အပြာ ရောင်စုံရောပွမ်းသော အရည်များ ဖြစ်နေသည်ကိုလည်း တအံ့တဩတွေ့မြင်ရလေသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ"

"အဆိပ်သောက်တာလေ၊ အဆိပ်ကလည်း ပြင်းတယ်။ ကြွက်သတ်ဆေး အဆိပ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အို…ဖြစ်မှဖြစ်ရလေ"

ထိုအမျိုးသား၏ ခုတင်နံဘေး တစ်ဖက်တွင် အနီဝတ် သူနာပြု ဆရာမလေးတစ်ဦးမှလွဲ၍ အခြား ထိုအမျိုးသားနှင့် ပတ်သက်သောသူတစ်ဦးတစ်ယောက်မှ မတွေ့မိချေ။ အခြား လူနာစောင့်အချို့နှင့် ဆေးရုံအပြင် ဈေးတန်းမှ လူအချို့ ဆိုက်ကားသမားအချို့ကိုသာ တွေ့မြင်ရလေသည်။ ကျွန်ုပ်မောင်ဖိုးစီသည် ထိုအမျိုးသားအား ငေးဝိုက်ကြည့်ပြီး စိတ်မသက်မသာဖြစ်မိသည်နှင့် မိမိလူနာရှိရာ အစ်ကိုကြီး ကိုမြင့်နိုင် ခုတင်သို့ ပြန်လာဖြစ်သည်။

နာရီဝက်ခန့်အကြာတွင် ထိုနေရာမှ အဆိပ်သောက်လူနာ ဟိုအမျိုးသား၏ အန်သံကို လုံးဝ မကြားရတော့ချေ။ ကျန်လူများနှင့် သူနာပြု ဆရာမကလေးလည်း ထိုအနီးတွင် လုံးဝ မတွေ့မမြင်ရတော့ချေ။

ထိုနေရာသည် လူနာဆောင်အပြင်ဘက်ဖြစ်၍ တစ်ဖက်အတွင်းခန်းပေါက်ကြီးသည် ပိန်းပိတ်အောင် မှောင်မည်းနေလေသည်။ ထိုဆေးရုံအဆောက်အဦကြီးပေါ်သို့ ဆင်း/တက်ရာ လှေကားကြီးခြေရင်းဖြစ်သည်။ ထိုလှေကားခြေရင်းတွင် ဝပ် ၆၀အားရှိ မီးသီးလေးတစ်လုံးကိုသာ ထွန်းထားလေသည်။

ယခုအခါ ထိုတီးတပ် လက်တွန်းစတီးခုတင်ကြီးပေါ်တွင် အဆိပ်သောက်လူနာတစ်ဦးတည်းသာ ကျန်ရစ်ပေတော့မည်။

သို့သော်…

တစ်အောင့်အကြာတွင် ထိုအမျိုးသား လူရွယ်သည် ကုန်းကုန်း··ကုန်းကုန်းနဲ့ ထလာပြီး မြွေကိုက်လူနာ ဦးအောင်ခသားများထံမှ ဆေးလိပ်တောင်းသောက်နေကြောင်း တွေ့မြင်ရလေသည်။ ဆေးလိပ်ရသည်နှင့် သူ့ခုတင်ပြန် မီးတဖွားဖွားဖြင့် သူ့ခုတင်ပေါ် ထိုင်၊ ဆေးပေါ့လိပ်ကြီး ထိုင်သောက်နေကြောင်း တွေ့မြင်နေရလေတော့သည်။

ထိုစဉ် ဦးအောင်ခသည် တစ်ရေးမျှ လှဲအိပ်သည်မရှိ။ လူနာခုတင်ပေါ်တွင် ထိုအမဲကြော်၊ အမဲနှပ်ဝယ်ခိုင်းပြီး စားလိုက်၊ ခေါက်ဆွဲကြော်/ကြာဆံကြော် ဝယ်ခိုင်းပြီး စားလိုက်။ စားနေရင်း မျက်လုံးဝိုင်းဝိုင်းကြီးများဖြင့် တောင်ကြည့် မြောက်ကြည့် ကြည့်ရင်း "ဒီခေါက်ဆွဲကြော် မကောင်းဘူး၊ ဟိုတရုတ်တန်းက အခေါက်ကင်၊ အသားကင်မှ ငါက စားချင်တာကွ"ဟူ၍ ဆိုရင်း သူ့သားများ ဝယ်လာသည့် ခေါက်ဆွဲကြော်တွေကို ဘူးထဲကနေ နှိုက်ပြီး ဆွဲဆွဲလွှင့်ပစ်နေသည်ကိုလည်း တွေ့မြင်ရလေတော့သည်။

ထိုညက ကျွန်ုပ် မောင်ဖိုးစီနှင့် ကျွန်ုပ်၏ အစ်ကို အစ်ကိုထွန်းလှတို့ ညီအစ်ကိုနှစ်ယောက် တစ်ရေးမျှ အိပ်စက်သည် မရှိခဲ့။ ကျွန်ုပ်တို့၏ လူနာ အစ်ကိုကြီး ကိုမြင့်သည်လည်း လုံးဝ သတိမရသေး။ ကျွန်ုပ်တို့ လူနာစောင့် ညီအစ်ကိုမှာ များစွာစိုးရိမ်ပူပန်သောကရောက်နေချိန်ဟုဆိုသော် မမှားနိုင်ပေ။ အခြား အနီးလူနာများကို ကြည့်သော် အစားစားသူ စား၊ ဆေးလိပ်ကြီး တရဲရဲ ထိုင်သောက်သူသောက်၊ နွားနို့ပေါင်မုန့် တွင်တွင်ဝယ်ခိုင်းပြီး စားသူ စားနှင့် အတော်ဟန်ကျနေကြလေတော့သည်။

◆◆◆

သို့သော်…

နံနက် ၅နာရီကျော်ကျော် အရှေ့ကောင်းကင်မှ ရောင်နီပျို့ချိန်တိုင်သည်နှင့် အစ်ကိုကြီး ခုတင်ခြေရင်း ခြေချင်းဆိုင် ခုတင်မှ ဦးဝင်းစံ ကောက်ခနဲ ဆုံးပါးလေတော့သည်။ ဦးဝင်းစံ ဆုံးပါးပြီး ဦးအောင်ခလည်း ဆုံးပါးပြန်လေတော့သည်။ နောက် မောင်ရဲဝင်းနှင့် အဆိပ်သောက် အမျိုးသားတို့က ရှေ့ဆင့် နောက်ဆင့် ဆုံးပါးပြန်သည်။

တစ်ခုထူးခြားသည်မှာ ထိုကဲ့သို့ ဆုံးပါးရာတွင် မိနစ်၊ နာရီခြား ဆုံးပါးကွယ်လွန်ကြခြင်းမဟုတ်ဘဲ တစ်ဦးနှင့်တစ်ဦး စက္ကန့်ခြားရုံသာ ဟောတစ်ယောက်…ဟောတစ်ယောက် ဆိုသလို စီကာစဉ်ကာ ဆုံးပါးခဲ့ကြခြင်းဖြစ်သည်။

ထိုကဲ့သို့ တိုက်ဆိုင်သောအဖြစ်မျိုး ကျွန်ုပ် မောင်ဖိုးစီတစ်ယောက် တစ်ခါဖူးမျှ မကြုံ မတွေ့ဘူးခဲ့ချေ။ နောက်ပြီး သေလုမျောပါး လူနာတွေက အစားတွေ အငမ်းမရ ထစားခြင်းမျိုးကိုလည်း မတွေ့ မကြုံဘူးခဲ့ချေ။ ဒါ သွေးရိုးသားရိုးမဟုတ်နိုင်ဆိုသည့် အကြောင်းကလွဲ၍ အခြား မည်သို့မျှ ကောက်ချက်ချ၍ မရနိုင်ခဲ့ပေ။

*ကြည်လင်အေးမြကြပါစေ…*

* * *

မြရာပင်ဓမောင်တင်ယုံ



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# အန္တရာယ်ည

## သန်းဝင်း(အောင်မြေ)

"ပဲ···အဲ···အဲ"

"ဟာ"

ညီလေး နွားပေါက်ကလေးအသံ ကြားတယ်။ ဒုက္ခပဲဟေ့"

ထိုအချိန် ညီအစ်ကိုနှစ်ယောက် မျက်နှာချင်းဆိုင်၍ သားရေခွာနေသော၊ သေနေပြီးသော နွားမကြီးကား မိုးပေါ်သို့ ထောင်နေသော ခြေထောက်များ လှုပ်ရှားလာလေလျက် တစ်ကိုယ်လုံး သားရေကွာရုံန် ကျောနေရာ တစ်ပေ ကျော်ခန့်အကွာ အထက်ပါ နွားပေါက်ကလေးအော်သံကြောင့် သေနေရာမှ အတင်းကုန်းထခြင်း ဖြစ်လေတော့၏။

"အစ်ကိုကြီး နွားမကြီး ထလာပြီ၊ ပြေး···ဟေး"



www.burmeseclassic.com

www.burmeseclassic.com

"ညီလေး နေဦး ဟော…ဟ…အား"

♦♦♦

"ဟ - သာအေး ယောင်အော် နေပြန်ပြီလား မှန်း…၊ ဟင်…ကိုယ်တွေလည်း ပူလိုပါလား။ ဆရာဝန်ခေါ်မှ ဖြစ်မယ်ဟေ့"

"ဟုတ်ကဲ့ ဦးလေး။ ကျွန်တော် ဆရာဝန်သွားပင့်ပါ့မယ်"

"ကဲ-သွား…သွား…မြန်မြန်။ တစ်ခါတစ်ခါလည်း သတိလစ်ပြီး တောပြော တောင်ပြောနဲ့ မင်းတို့ညီအစ်ကို ဘာတွေလုပ်ခဲ့ကြသလဲကွာ။ ခက်တာပဲ။ ဒုက္ခတွေ့တော့မှ အမေကယ်ပါနဲ့။ သတိတရားလည်း ခုထိ မရကြသေးဘူး။ ခက်တာမှ အတော် ခက်တဲ့ ကောင်တွေပဲကွာ"

သို့နှင့် အစ်ကိုဖြစ်သူအတွက် ညီသာခွေး ဆရာဝန်သွား၍ပင့်ရလေတော့၏။ ဆရာဝန်ကြွလာပြီးနောက် စမ်းသပ်ပြီး ဆေးထိုးရန် တင်ပါးသို့ ပုဆိုးလှန်လိုက်သောအခါ…

"အာ…ဟ"

ဆရာဝန်မျက်လုံးပြူးသွားလေတော့၏။ ကိုသာအေး၏ ညာဘက်တင်ပါးတွင် တစ်ထွာပတ်လည်နေရာ တစ်ဝိုက် ဒဏ်ရာလတ်လတ်ဆတ်ဆတ်ကြီးအား သွေးစများနှင့် တွေ့ရသောကြောင့် ဆရာဝန် အံ့အားသင့်သွားရခြင်းပင်။

"ကိုသာခွေး…ဒီ ကိုသာအေး တင်ပါးက ဒဏ်ရာက ဘာဖြစ်တာလဲဗျ"

"အင်း…ပြောရမှာတော့ အရှည်သား ဆရာရဲ့"

"ပြောစမ်းပါဦးဗျာ။ ကြဲကြဲဖန်ဖန် တင်ပါးမှ ဒဏ်ရာရတယ်လို့"

"ကျွန်တော် အခု အသက် ၃၅ နှစ်ရှိပြီ။ ဒီလို ထူးဆန်းအံ့သြထိတ်လန့်စရာ တစ်ခါမှ မကြုံဘူးပါဘူးဗျာ။ တစ်ခါတည်း သွေးလန့်သွားတော့တာပဲ"

ဆရာဝန်ကား ကိုသာအေးအား ဆေးထိုးကိစ္စအပြီး ရေနွေးဝိုင်းသောက်ကြရင်း စကားပြန်စလေတော့၏။

"ကဲ- ကိုသာခွေး ကျွန်တော်လည်း စိတ်ဝင်စားတယ်ဗျာ။ ခင်ဗျားတို့ ညီအစ်ကိုဇာတ်လမ်း ပြောစမ်းပါဦး"

"ဒီလို ဆရာရေ…လွန်ခဲ့တဲ့ ၄ရက်၊ အင်း…မှတ်မှတ်ရရ တပို့တွဲလဆန်း ၁၄ရက် ထမနဲပွဲရက်က ဆိုပါတော့ဗျာ"

♦♦♦

ကတက်ကုန်းရွာ။

လေးမျက်နှာပြိုနယ်ထဲအပါအဝင် ရွာတစ်ရွာဖြစ်သည်။ ထိန်ငူရွာ၊ ခိုင်ပြွန်ရွာ၊ ကျီးတောကွက်၊ ဇီးဖြူကုန်းရွာ၊ ကျွဲသောင်ရွာ၊ တူးရိုးရွာ၊ ရွှေကညင်ပင်၊ ဘီသလွန် စသော ရွာများကား ပတ်လည် မလှမ်းမကမ်းရွာများ ဖြစ်သကဲ့သို့ ဝေန်မြစ်(ပသိမ်မြစ်)သေား ကမ်းအနီး တည်ဆောက်ထားသော ကိုင်း၊ လယ် နှစ်မျိုးလုပ်ကိုင်သောရွာများ ဖြစ်လေသည်။ စပါးလည်း ထွက်၏။ မြေပဲ၊ ကုလားပဲ၊ ဆေးရွက်ကြီး၊ ပြောင်းဖူးများလည်း ထွက်သောရွာများဖြစ်၍ အိမ်ကြီးအိမ်ကောင်းများ ချမ်းသာသူများလည်း ပေါများလှလေသည်။

ချမ်းသာသူ များသော်လည်း လက်လုပ်လက်စား ကျပန်းကူလီလုပ်ကိုင် စားသောက်သူများလည်း ဒုနှင့်ဒေး ပေါများလှပေ၏။ ထိုအထဲတွင် ကိုသာအေး၊ ကိုသာခွေး ညီအစ်ကိုနှစ်ယောက်ကား ကတက်ကုန်းရွာစွန်၌ အိမ်တစ်လုံးနှင့် နေထိုင်ကြသည်။ အမေ၊ အဖေ၊ ညီမသားချင်း မရှိ။ ညီအစ်ကိုနှစ်ယောက်သာ ရှိသကဲ့သို့ အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း၊ လောင်းကစားမှန်သမျှ ဝါသနာပါခြင်းများမှာ ညီအစ်ကိုနှစ်ယောက်လုံး တူညီပေ၏။ ရှာရေးရပ်ရေး ဝေယျာဝစ္စ ဆိုလျှင်လည်း အခြေခံက စ၍ လုပ်ကိုင်ပေးတတ်ခြင်း၊ အထူးသဖြင့် နာရေးကိစ္စများတွင် ထဲထဲဝင်ဝင် ကူညီလုပ်ကိုင်တတ်လေသည်။

တစ်ခါတစ်ရံ ဗွေဖောက်တတ်သည်။ မူး၍ ရမ်းတတ်သောကြောင့်လည်း သူကြီးအိမ်တွင် ထိပ်တုံးနှင့် မိတ်ဆက်ရသည်လည်း ရှိသည်။ သို့သော် ဖော်ရွေခြင်း၊ ကူညီတတ်သော စိတ်ရင်းကောင်းခြင်းများကြောင့် ရပ်ရွာက အဆက်အဆံမပြတ်ခြင်း ဖြစ်သကဲ့သို့၊ ရံခါလည်း ကူညီကြလေသည်။

တစ်နေ့ သာအေးနှင့် သာခွေးတို့ မအေး၏ အရက်ပုန်းဆိုင်မှ ချက်အရက်နှစ်ပုလင်းအား ခါးထိုး၍ တူးရိုးရွာအနီး ကိုင်းတောတွင်းတစ်နေရာတွင် ကိုင်းကွင်းမှ ရသော ကြွက်ကင်ဖြင့် အရက်သောက်နေကြလေ၏။ အကြံအစည်တစ်ခုကြောင့် ညီအစ်ကို နှစ်ယောက်တည်း သောက်ခြင်းဖြစ်လေသည်။

"ညီလေး…ဟေ့ကောင်"

"ဘာလဲ သာအေး ပြော"

"ငါ့မှာ အကြံတစ်ခုရှိတယ်ကွာ။ အဲဒါ တို့ညီအစ်ကိုနှစ်ယောက် အကောင်အထည်ဖော်ရအောင်ကွာ"

"ဘာအကြံလဲကွာ၊ ဘာလုပ်မှာလဲ"

"ဒီလိုကွ။ တို့ ငက်ထည့်မြှက် စားကျက်ကို ကျွဲသောင်းက နွားအုပ်တွေ ကျုံ့လာတယ်။ အဲဒီမယ် နွားကြီးတစ်ကောင်ကို ငါ သတိပြုမိတယ် နေ့တိုင်း လာမသိမ်းဘူး။ တစ်ခါသော



www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်လောက် စားကျက်ထဲမှာ အဲဒီ နွားသားအမိ အိပ်တာကွ။ အဲဒါ···"

"ဩော်···အဲဒီနွားမကြီးပေါ်ချင် တယ်ဆိုတဲ့ သဘောလား"

*(မှတ်ချက်။ ပေါ်သည်ဟု ဆိုသည်မှာ ထိုအရပ်ဒေသတွင် သတ်ခြင်းကို ဆိုလိုပါသည်။)*

"ဒါပေါ့ကွ။ သားရေခွာ လေးဘက်ချပြီး အဲဒီမယ် ရောင်းတဲ့ လူကို ဖောက်သည်ပေးလိုက်မယ်ကွာ။ ဘယ့်နယ့်လဲ"

"အေးလေ။ အစ်ကိုကောင်းမယ်ထင် လုပ်ပေါ့။ ဒီရက် တို့အလုပ်တွေလည်း ပါးနေတော့ ချက်ကွာ၊ ကြာတယ်။ ဒီညပဲ လုပ်ကြမယ်"

•••

အချိန်ကား ညနေ မှောင်ရီပျိုးစ အချိန်။

ကတက်ကုန်းရွာ၊ ဇီးဖြူကုန်းရွာ၊ ကျွဲသောင်ရွာ၊ တူးရိုးရွာ၊ ညှိလေးရွာ၏ အလယ်တွင် ကြီးမားကျယ်ပြန့်သော "ငှက်လည်ပြတ်တော"ဟူသော နွားစားကျက်ကြီး ရှိ၏။ နွေအခါ မြက်အလွန်ပေါများလျက်၊ မိုးတွင်းအခါ လူမထောက်မီအောင် ရေနက်ကွင်းကြီးဖြစ်သည်။ ကျွဲသောင်ရွာ၏ တောင်ဘက်အစွန်း ငှက်လည်ပြတ်တောစပ်တွင်ကား ကျွဲသောင်သင်္ချိုင်းသုသာန်ရှိလေသည်။ ထိုကျွဲသောင်သင်္ချိုင်းကား ပေါက်ပင်များသာပေါက်လျက် အောက်ခြေရှင်း၍ အပေါ်ပိုင်းကား နေပြောက်မထိုးအောင် အရွက်အခက် ပိတ်မှောင်လျက်။

ငှက်လည်ပြတ်တောသည်လည်း မည်သူမျှ ခုတ်မည့်လူမရှိသောကြောင့် ပွားချင်တိုင်း ပွား၍ ကြီးချင်တိုင်း ကြီးလျက် ထူပိန်းလျက်ရှိလေတော့၏။ သာအေးနှင့် သာခွေးတို့ကား ထိုကျွဲ



သောင်သုသာန်အစွန် လက်ပံတောတွင် ပုန်းခို၍ စာကျက်မှ ကျွဲသောင်နွားအုပ်များအပြန် စောင့်ကြည့်လျက်ရှိလေသည်။

များများစောင့်စရာမလို။ နွားနက်မသားအမိကား နောက်ဆုံးအသုတ်တွင် အေးဆေးစွာ နွားအုပ်နောက်မှ လိုက်လာလေသည်။ မကြာမီ သာအေး စောင့်ကြိုနေရာ လက်ပံပင်အနီးသို့အရောက်တွင် ကြိုတင်စီစဉ်ထားသော ကြိုးကွင်းဖြင့် နွားမ ဦးခေါင်းအား ပစ်၍ စွပ်လိုက်ပြီးနောက် နွားမကြီး တုံ့ခနဲအရပ်တွင် ညီဖြစ်သော သာခွေးက လျင်မြန်စွာ နွားမကြီး၏ နွားနဖားကြိုးအား ချုပ်ကိုင်မိလေတော့၏။ နွားနဖားကြိုးနှင့် လည်ပင်းကြိုး နှစ်စုတပ်ထားသောကြောင့် ဖမ်းရလွယ်ကူခြင်းဖြစ်သည်။ ထို့နောက်တွင်တော့ ရုန်းကန်နေသော နွားနက်မကြီးမှာ သာအေး၊ သာခွေးတို့ ညီအစ်ကို ဆွဲခေါ်ရာသို့ ရုန်းကန်လူးလှိမ့်ရှုံးလျက်ပါသွားလေတော့၏။

"ပဲ···အဲ···အဲ···ပဲ"

လသားအရွယ် နွားပေါက်ကလေးကား မိခင်ကြီးအား လူစိမ်းများ ဖမ်းဆီးသည်နှင့် လန့်လျက် ပြေးလွှားကြသော ကျွဲသောင် နွားအုပ်နှင့် ရောနှောပြေးလိုက်သွားလေသည်။ ငှက်လည်ပြတ်တောအစွန် လက်ပံပင်များ ကျိုးကြဲပေါက်ရောက်နေသော မြေကွက်သို့အရောက်···

"သာခွေး နွားမကြီးကို အဝတ်အုပ်လိုက်။ မင်း ကိုင်ထား။ ငါ့ ပုဆိန်ပေး"

"ဒုတ်···ဒုတ်···ခွပ်"

"ဘဲ···အဲ···အွတ်···ဗုန်း"

နွားမကြီးအား သာအေးက ချိုနှစ်ခုကြား ထိပ်လည်အဖုအား ပေါက်ဆိန်(ပုဆိန်)နှောင့်ဖြင့် နှစ်ချက်သုံးချက် အားကုန်ထုလိုက်ရာ နွားမကြီး ယိမ်းထိုးလျက် ဗုန်းခနဲ ပစ်လဲသွားလေတော့၏။ ထိုအချိန်တွင် အရှေ့ဘက်မှ လရောင်အနည်းငယ် လင်းလာလေပြီ။ သေနေပြီဖြစ်သော နွားမကြီးအား အလယ်တွင် ထား၍ ဓားအိမ်များဖြင့် စွပ်ထားသော ၎င်းတို့ဓားချွန်များဖြင့် လည်ပင်းမှစ၍ တစ်ကိုယ်လုံးအား ကျွမ်းကျင်စွာ သားရေခွာကြလေတော့၏။ ၁၀မိနစ်အတွင်း လက်နှစ်ဖက်၊ ခြေနှစ်ချောင်းမှ သားရေများ ခွာပြီး ဝမ်းဗိုက်မှစ၍ ဘယ်-ညာ တစ်ဖက်စီ သားရေလှီးဖြတ်ကြပြန်လေတော့၏။

•••

"အစ်ကို သာအေး"

"ဘာလဲကွ"

"မင်းဖောက်သည် ဘယ်အချိန်၊



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေရာ ချိန်းထားလဲကွ"

"တူးရိုးရွာပျက်ထိပ် ရေတွင်းဟောင်းနား သန်းခေါင်လောက် လာယူဖို့ ချိန်းထားတယ်။ သူတို့ လှည်းနဲ့ လာမယ်ထင်တယ်"

"ဒါဆိုလည်း ကောင်းတာပေါ့။ တို့ ပေါင်တစ်ချောင်းဆို လုံလောက်ပါပြီ၊ မဟုတ်ဘူးလား"

"ခေါင်းလည်း ယူထားမှပေါ့ဟ။ မင်းကလည်း နွားခေါင်းကို သူတို့ပေးလို့ ဘယ်ဖြစ်မှာလဲ။ ဘယ်သူ့နွားဆိုတာ ပေါ်သွားမှာပေါ့"

"အေး၊ ဒါလည်း ဟုတ်တယ်။ ချဉ်ထည့်စားလိုက်တာပေါ့"

စကားတပြောပြောနှင့် ပတ်ဝန်းကျင်ကိုလည်း သတိမထား၊ ကြောက်စိတ်မရှိ၊ အရက်လည်း အနည်းငယ်ထွေနေကြသော အမဲဖျက်သမားညီအစ်ကိုနှစ်ယောက်ကား နွားမကြီးမှ အမဲသား ပိဿာချိန်နှင့် ရလာမည့် ငွေများကိုသာ မြင်ယောင်လျက် ခပ်သွက်သွက် လှုပ်ရှားနေကြသည်မှာ နွားမကြီးကျောတစ်လျှောက်သာ သားရေခွာစရာ ကျန်လေတော့သည်။ ကျန်နေရာများအားလုံး ပြီးပေပြီ။ ပြီးလျှင် လည်ပင်းမှ ဖြတ်ရပေမည်။ လက်လည်း ညောင်းလာသဖြင့် သာအေးသည် ဓားကို အသာချ၍ ခါးမှ ဆေးပြင်းလိပ်အား ထုတ်လျက် မီးညှိဖွာရှိုက်လိုက်လေသည်။

"အစ်ကို… ငါ နွားခေါင်းဖြတ်လိုက်တော့မယ်"

"နေပါဦးကွာ။ သားရေကုန်အောင် ခွာဦးဟ"

ထိုအချိန်တွင် ကိုင်းတောတစ်ခွင် လေပြင်းတစ်ချက် ဝှေ့ရမ်းတိုက်ခတ်သွားလေသည်။ သာအေးတို့ကား သတိမပြုမိ။ အချိန်ကား ည ၁၀နာရီခန့် ရှိပေပြီ။ နောက် ၂နာရီခန့်တွင် အမဲသားပေးရမည့်သူအား ချိန်းဆိုထားသည်မဟုတ်ပါလား။

"ပဲ…အဲ…ပဲ…အဲအဲ"

"ဟ - ဘာလဲကွ၊ သာအေး"

"အာ…နွားပေါက်ကလေးအသံထင်တယ်၊ ဟားဟား…လာပစေ၊ အဆစ်တွယ်လိုက်မယ်"

သာအေးက ဘေးနားမှ ပုဆိန်အား ကြည့်လိုက်ပြီးနောက် နွားကလေးအော်သံကြားရာ ကိုင်းတောဆီသို့ မတ်တတ်ရပ်၍ စူးစမ်းလိုက်၏။

"ဗတ်…ဗတ်…ဒုတ်…ဒုတ်"

"ဟ…ဘာလဲ၊ အစ်ကို သာအေး…ဒီမှာ…အား"

နွားပေါက်ကလေးအသံကြားပြီး စက္ကန့်ပိုင်းအကြာ သေ၍ ကိုယ်လုံးတစ်ခုနီးနီး သားရေခွာပြီးနေသော နွားနက်မကြီးကား ရုတ်တရက် ကုန်း၍ ကုန်း၍ ထလျက် လေးဘက်ရပ်လိုက်လေ၏။ ညီအစ်ကိုနှစ်ယောက် ပါးစပ်အဟောင်းသားနှင့် ကြက်သေသေနေပြီ။ သို့သော် ကြာကြာမသေနိုင်။ သာအေးသည် လက်ပံတောဘက်သို့လည်းကောင်း၊ သာခွေးသည် တူရိုးရွာပျက် မြက်ကမ်းဘက်သို့ လည်းကောင်း ကြောက်စိတ်ကြောင့် ပြေးကြလေတော့၏။

လက်ပံတောဘက်သို့ ပြေးသော သာအေးနောက်သို့ ခြံလွှာမဲမဲကြီး ခြံထားသော နွားနက်မကြီးကား သဲကြီးမဲကြီးလိုက်လေတော့၏။ သစ်ပင်များ၊ ချုံများအား ကွေ့ပတ်ပြေးသော်လည်း မကြာခဏ ဘွားခနဲ ရင်ဆိုင်တိုးသဖြင့် အသက်လု၍ ပြေးနေရသော်လည်း ထိုလက်ပံတောထဲမှ မထွက်နိုင်သေး။

တစ်ခါတွင် နောက်မှ တောတိုးသံအကြား သာအေးသည် ရေအိုးလုံးခန့်ရှိ လက်ပံပင်သို့ ဖက်၍ တက်ရာ လူတစ်ရပ်ခန့်သို့အရောက် ဗိုက်သို့ လက်ပံဆူးစူးရာ အနည်းငယ် ညှာလိုက်သဖြင့် တစ်တောင်ခန့် လျှောကျလေတော့၏။ ထိုအချိန် ဘွားခနဲ ပေါ်လာသော နွားနက်မကြီးက ပြင်းစွာ နှာမှုတ်လျက် လက်ပံပင်သို့ ဖက်၍ တက်နေသော ကိုသာအေးတင်ပါးသို့ ပတတ်ရပ်၍ ကိုက်လိုက်လေတော့၏။

"အားဟားဟား…အမလေးဗျ"

နွားမကြီး နောက်တစ်ချက်ထပ်၍ ကိုက်ရန် ပတတ်ရပ်သောအခါတွင် ကိုသာအေး အထက်နားသို့ တက်သွားနိုင်သဖြင့် လွတ်သွားလေတော့သဖြင့် ပြင်းစွာ နှာမှုတ်လျက် ကိုင်းတောတွင်း ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။ မြစ်ကမ်းအနီးရောက်သော သာခွေးက အစ်ကို သာအေး၏ အော်သံသဲ့သဲ့ကို လက်ပံတောဆီမှ အသံကြားသဖြင့် ဖြစ်ချင်ရာဖြစ် သွားမှ ဖြစ်မည်ဟု ဆုံးဖြတ်လျက် အသံလာရာ လက်ပံတောသို့ ခပ်သွက်သွက်ပြေးလေတော့၏။

ကြာကြာ မပြေးလိုက်ရ၊ ညည်းညူသံကြားရသဖြင့် ထိုလက်ပံပင်အနီးသို့ ကပ်သွားလျက်…

"အစ်ကို သာအေး"

"အာ - သာခွေး"

"ဟာ - မြန်မြန်လာ၊ ပြေးကြရအောင်"

သွေးပူနေဆဲ ကိုသာအေးနှင့် သာခွေးတို့ နှစ်ဦး ကတက်ကုန်းကိုင်းတောစပ်သို့ ရောက်ရှိလျက် ပြေးကြသေးသည်၊ သို့သော် ကိုင်းတောအစပ်ကွင်းလယ်တွင် မားမားကြီးရပ်လျက် စောင့်ကြိုနေသော နွားနက်မကြီးအား ကိုင်းတောအတွင်းမှပင် မြင်ကြသည်



www.burmeseclassic.com

www.burmeseclassic.com

မြစ်ကမ်းစပ်သို့ ဆင်းလျက် ရေထဲဆင်း၍ ကူးကြလေသည်။ သူတို့ ဆုံးဖြတ်ချက် မှန်ပေသည်။ ကမ်းနှင့် ဝါးတစ်ရိုက်အကွာတွင်ကား နွားနက်မကြီးသည် မြစ်ကမ်းစပ်တွင် နှာမှုတ်လျက် ခွာပေါက်လျက် ကျန်ရစ်လေတော့၏။

•••

နွားမကြီး ကိုက်သော ဒဏ်ရာကား တဖြည်းဖြည်းကိုက်ခဲလာသောကြောင့် အိပ်ရာထဲမှ မထနိုင်တော့ပေ။ သာခွေးကား တစ်စုံတစ်ခုအား မကျေနပ်။ တောက်တစ်ခေါက်ခေါက်နှင့် လမ်းလျှောက်ရင်း သွားရောက်စုံစမ်းရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

မြွေရေခွံအိတ်တစ်ခုအား ခေါက်၍ ခါးထိုးပြီး ငှက်လည်ပြတ်တောစပ်သို့ ထွက်ခဲ့ရာ မိုးလင်းလျှင် ငှက်လည်ပြတ်တောစပ်သို့ ရောက်ပြီး ခပ်လှမ်းလှမ်းတွင် တုတ်တစ်ချောင်းကို ထမ်းလျက် ကျွဲသောင်ရှာ ကွက်သစ်မှ ဦးညိုမောင်အား မြင်ရသဖြင့် -

"ဗျို့ - ကိုညိုမောင်၊ စောစောစီးစီး ဘယ်လဲဗျ"

"အာ . . . ညက နွားသားအမိ မပြန်လို့ကွ၊ လာရှာတာ"

"ဩော် . . . ကျွန်တော်လည်း ဦးလေးနွား မပြန်လို့ လာရှာတာဗျ"

"တော်တော်စောစောက ငါ ရှာတာကွ။ ငှက်လည်ပြတ်တောတော့ နံ့နေပြီ။ ဟိုလက်ပံတောပဲ ကျန်တော့တယ်"

"ကဲ- လာ၊ သွားရှာကြစို့။ ကျွန်တော်လည်း လိုက်မယ်"

သာခွေးက မသိမသာ ညက နွားဖျက်သော ကွက်လပ်တက် ဦးဆောင်လျှောက်လှမ်းရာ ၂မိနစ်ခန့်အကြာတွင် ခြေထောက်လေးချောင်း မိုးပေါ်ထောင်လျက် ဘေးဘယ်ညာတွင် သားရေများ



ကျနေသော၊ သွေးများ မခြောက်သေးသော၊ သေနေပြီလည်း ဖြစ်သော နွားနက်မကြီးအား ပုံစံမပျက် မြင်တွေ့လိုက်ကြရလေတော့၏။

"ဟာ . . . အာ . . ."

"ဟာ . . . ငါ့နွားမကြီး အသတ်ခံထားရပြီပဲကွ။ ဘာဖြစ်လို့ ဒီအတိုင်းထားခဲ့တာလဲ။ အသားတွေလည်း မယူသွားရတော့ ခွာ၊ ဟော့ - သာခွေး ဘယ်လိုလဲ၊ မင်းရော ဘယ်လိုထင်လဲ၊ လုပ်စမ်းပါဟ"

"နွားသတ်သမား တစ်ခုခုအခက်အခဲကြောင့် လာမသယ်နိုင်တာ ဖြစ်မယ်။ ကျွန်တော်တို့ အမြန်သယ်ကြရအောင်"

"အေး၊ ငါ လှည်းသွားမှာမယ်။ သာခွေး ခဏစောင့်ပေးကွာ၊ ဟုတ်လား။ မင်းလည်း မထူးပါဘူး ဟင်းစားယူသွားပေါ့၊ ဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

ကိုညိုမောင် လှည်းကိစ္စ စီစဉ်တုန်း သာခွေးသည် ဟိုနားဒီနား ပြန့်ကျဲနေသော ဓားနှစ်လက်၊ ပုဆိန်တို့အား လည်းကောင်း၊ နွားမကြီးပါးစပ်မှ ကိုသာအေးပုဆိုးစုတ် အနည်းငယ်ကို လည်းကောင်း အစဖျောက်ထားရလေတော့၏။

◈◈◈

"အင်း . . . ခင်ဗျားတို့အဖြစ်က တော်တော်ထူးဆန်းတာပဲဗျာ။ ကျွန်တော့်တစ်သက် တစ်ခါမှ ဒီလောက် ထူးဆန်းတာ မကြုံဘူးပါဘူးဗျာ"

"ဒီနွားမကြီးက ညက သတ်ပြီးသားရေချွတဲ့ နေရာမှာ သွေးကွက်အတိုင်း ဘယ်မှ ရွှေ့ပုံမရဘူး။ ဒါပေမယ့် ညက အစ်ကို သာအေးကိုရော၊ ကျွန်တော့်ကိုပါ ထလိုက်တာရယ်၊ ကိုသာအေးကို ကိုက်မိတာရယ်က အမှန်ပဲဗျ။ နွားပါးစပ်က ပုဆိုးစုတ်ကို ကိုညိုမောင် မြင်မသွားလို့ တော်သေးတာ။ အင်း . . . လောကကြီးမှာ ဆန်းဆန်းပြားပြားတွေဟာ တစ်ခါတလေ ယုံနိုင်စရာမရှိပါလားဗျာ"

"အေးနော်၊ ဆန်းပါ့ဗျာ။ ကဲ- ခင်ဗျားအစ်ကိုကို ဆေးတိုက်လိုက်ဦး၊ သက်သာသွားမှာပါ။ သွားဦးမယ် ကိုသာခွေး"

"ဩော် . . . ဟုတ်ကဲ့ ဆရာ"

သာခွေးမျက်စိထဲတွင် ခြေထောက်လေးချောင်းထောင်၍ သေနေသော နွားမကြီးအလောင်းက သာခွေးအား မျက်စပစ်နေသယောင် ခံစားနေရလေတော့သတည်း။■

* * *

ဆန်းဝင်း(အောင်ခမြေ)

မှတ်ချက်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်က ဖြစ်ရပ်မှန်တစ်ခုအား ပြန်လည်တင်ပြပါသည်။

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဧပြီလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွင့်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် သီဟိုဠ် (၉)ညွှန့် သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက် ရွတ်ဆိုကာ မိမိလိုရာဆုကို တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကံ့ကော် (၉)ညွှန့် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပျဉ်းမ (၉)ညွှန့်နှင့် ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆု တောင်းပါ။

BURMESE CLASSIC .com

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကိတ်မုန့် (၁)ခု၊ ဂြိုဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ပေါင်မုန့် (၅)လုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးကို လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက် ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွှန့်ကို ဖလားတစ်[illegible] ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ [illegible]

**ဆိုးကံကြမ္မာ** - (၁)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (က)အက္ခရာပါသောထီကို ရွေးထိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး (၅)လုံးနှင့် ဆူးတံခွန် (၅)လုံးတို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | ဗုဒ္ဓဟူးနေ့ မနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၅)ပွင့်နှင့် ငြိုဟ်တံခွန် (၅)လက်တို့ကို သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၅)ညွန့်၊ တံခွန်ကုက္ကားတစ်စုံတို့ကို လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| ကျန်းမာရေးအတွက် | - | တနင်္လာနေ့ မနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၅)ညွန့် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | မွေးနေ့တွင် ရဟန်းတစ်ပါးအား ဆန် (၅)လုံး လှူဒါန်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - | ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၅)ကျပ်သား၊ တံခွန်လုံးအဝါ (၅)လုံးတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အိမ်/ကားရောင်းလိုလျှင် | - | ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၅)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြမ္မာ | - | (၅)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (ထ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## အင်္ဂါသားသမီးများအတွက်

BURMESE CLASSIC .com

| | | |
|---|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - | အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုကို တောင်းပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - | သောကြာနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း ရွက်လှ (၉)ညွန့်၊ ထီးဖြူ (၉)လက်တို့ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| ငွေကြေးအခက်အခဲအတွက် | - | တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း အုန်းညွန့် (၉)ညွန့်နှင့် ကြက်လျှာ(၉)လက်တို့ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သွားရောက်လှူဒါန်းပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - | ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ်စေ့ (၉)စေ့ကို ဆွမ်းနှင့်တကွ သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။ |
| ကျန်းမာရေးအတွက် | - | မိမိမွေးနေ့တွင် ဘုန်းကြီးတစ်ပါးကို ရေသန့်ဘူးတစ်ဘူးနှင့် ခရမ်းသီးနှပ် ဆွမ်းဟင်းတစ်ခွက်လောင်းပါ။ |
| နိုင်ငံခြားခရီးအတွက် | - | မွေးနေ့တွင် ဆန် (၉)လုံးကို ဘုန်းကြီးတစ်ပါးအား လှူဒါန်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် ,သော | - | အင်္ဂါနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း မိမိမွေးနံထောင့်တွင် သရက်ရွက် (၉)ရွက်နှင့် ထီးနီ (၉)လက်ကို လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။ |
| အိချက်လုပ်ရာင်းလိုလျှင် ခြံထောက်ေ | - | ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် ကော်ဖီတစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။ |
| ထီက် သော မွှာ | - | (၄)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ဖ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၁၈)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက်- အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခုလှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (လ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန်- စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွှန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွှန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ဘ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ထန်း (၁၀)ညွန့်လှူဒါန်းပြီး ဒိဗ္ဗပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၇)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၂၇)ပတ် စိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့်တွင် ရေသန့်ဘူး (၄)ဘူး လှူဒါန်းပြီး ဒိဗ္ဗပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇီဇဝါ (၇)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီ (၉)ကျပ်သား လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ကားရောင်းလိုသော်** - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ (၄)ညွန့်နှင့် တရော်ကင်ပွန်းကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၇)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (ည)အက္ခရာပါသောထီကို ရွေးထိုးပါ။

BURMESE CLASSIC .com

## စနေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မေမြို့ (၉)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် မီးသက်စေ့သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို (၉)ပတ် ပုတီးစိပ်ပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခု သွားရောက်လှူဒါန်းပြီး ဒိဗ္ဗပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ လိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီး** - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၉)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (စ)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com